ပန–ဆက်၊ လက္ခဏာဒိတော–အားဖြင့်၊ အာကာသဓာတု–သည်၊ ရူပ ၊ပေ၊ လက္ခဏာ–ရုပ်ကလာပ်တို့ကို ပိုင်းခြားတတ်သည်၏အဖြစ်ဟူသော လက္ခဏာ ရှိ၏၊ [ရုပ်ကလာပ်နှစ်ခု ဖြစ်နေခြင်းသည် အာကာသဓာတ်က ပိုင်းခြားထားသော ကြောင့်တည်း၊] ရူပ ၊ပေ၊ ရသာ–ရုပ်ကလာပ်တို့၏ အဆုံးအပိုင်းအခြားကို ထင်ရှားပြခြင်း ကိစ္စရှိ၏၊ [မည်မျှလောက်ပင် ရုပ်ကလာပ်အချင်းချင်း ကပ်၍, ထပ်၍, စေ့၍နေသော်လည်း တစ်ကလာပ် တစ်ကလာပ်၏ အဆုံးအပိုင်းအခြား ကား ရှိရသေး၏၊ ထို အဆုံးအပိုင်းအခြားကို အာကာသဓာတ်က ထင်ရှားပြ သည်၊] ရူပမရိယာဒပစ္စုပဋ္ဌာနာ–ရုပ်ကလာပ်တို့၏ အပိုင်းအခြားဖြစ်သော တရားဟု ယောဂီဉာဏ်တို့အား ရှေ့ရှုထင်လာ၏၊ ဝါ–တစ်နည်း၊ အသမ္ဖုဋ္ဌ ၊ပေ၊ ပစ္စုပဋ္ဌာနာ–မတွေ့ထိအပ်သည်၏အဖြစ်, အပေါက်အကြား၏အဖြစ်ဖြင့် ယောဂီတို့ ၊ပေ၊၏၊ [“အသမ္ဖုဋ္ဌံ စတူဟိ မဟာဘူတေဟိ”အရ မဟာဘုတ် လေးပါးတို့ မတွေ့ထိအပ်သောသဘောကို “အသမ္ဖုဋ္ဌဘာဝ”ဟု ဆိုသည်၊] ပရိစ္ဆိန္နရူပပဒဋ္ဌာနာ–ပိုင်းခြားအပ်သော ရုပ်ကလာပ်နှစ်မျိုးလျှင် နီးစွာသော အကြောင်းရှိ၏၊ ယာယ–ယင်းအာကာသဓာတ်သည်၊ ပရိစ္ဆိန္နေသု–ပိုင်းခြားအပ် ကုန်သော၊ ရူပေသု–ရုပ်ကလာပ်တို့၌၊ (ဣတိ ဝ ဟောတိ၌ စပ်၊) ဣဒံ–ဤရုပ် ကလာပ်သည်၊ ဣတော–ဤရုပ်ကလာပ်မှ၊ ဥဒ္ဓံ–အထက်၌၊ (ဟောတိ၊) အဓော– အောက်၌၊ (ဟောတိ၊) တိရိယံ–ဖီလာ၌၊ (ဘေးပတ်ဝန်းကျင်၌၊ ဟောတိ၊ ဣတိဝ–ဤသို့ ထင်ရှားခြင်းသည်လည်း၊ ဟောတိ၊ [အာကာသဓာတ်ကသာ

ပိုင်းခြား၍ မထားလျှင် အားလုံးရုပ်ကလာပ်တွေ တပြင်တည်း ဖြစ်သွားဖွယ် ရှိသောကြောင့် အထက်, အောက်, ဘေးဟု မရှိတော့ရာ။]

၆၃၈။ ။လ္လတော–၍ အာကာသဓာတ်မှ၊ ပရေ–နောက်၌၊ [စာအုပ်တို့၌ "ပရေသု"ဟု ရှိ၏၊ မကောင်း။] ရူပဿလဟုတာဒီနံ–ရူပဿလဟုတာ အစရှိသော ရုပ်တို့၏၊ နိဒ္ဒေသာ–နိဒ္ဒေသတို့ကို၊ စိတ္တဿလဟုတာဒိသု–စိတ္တဿလဟုတာ အစရှိသောစေတသိက်တို့၌၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာ–န်၏၊ ပန–အထူးကား၊ လက္ခဏာဒိတော–အားဖြင့်၊ ဧတ္ထ–ဤ ရူပဿလဟုတာ အစရှိသည် တို့တွင်၊ ရူပဿလဟုတာ–ရူပဿလဟုတာသည်၊ အဒန္ဓတာလက္ခဏာ–တိဇရုပ်တို့၏ မလေးလံကုန်သည်၏အဖြစ်ဟူသော လက္ခဏာရှိ၏၊ ရူပါနံ–တိဇရုပ် တို့၏၊ ဂရုဘာဝဝိနောဒနရသာ–လေးလံကုန်သည်၏အဖြစ်ကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏၊ လဟုပရိဝတ္တိတာ ပစ္စုပဋ္ဌာနာ–လျှင်မြန်သော ပြောင်းလွဲခြင်း ရှိကုန်သည်၏အဖြစ်ဖြင့် ယောဂီဉာဏ်တို့အား ရှေးရှုထင်လာ၏၊ လဟုရူပပဒဋ္ဌာနာ–လျှင်မြန်သောရုပ်လျှင် နည်းစွာသောအကြောင်းရှိ၏။

ရူပဿ မုဒုတာ–သည်၊ အထဒ္ဓတာ လက္ခဏာ–တိဇရုပ်တို့၏ မခက်ထန်ကုန်သည်၏အဖြစ်ဟူသော မှတ်ကြောင်းလက္ခဏာရှိ၏၊ ရူပါနံ–တို့၏၊ ထဒ္ဓဘာဝဝိနောဒနရသာ–ခက်ထန်ကုန်သည်အဖြစ်ကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏၊ သဗ္ဗကြိယာသု–အလုံးစုံသော ကိစ္စတို့၌၊ အဝိရောဓိတာ ပစ္စုပဋ္ဌာနာ–ဆန့်ကျင်ခြင်း မရှိသည်၏အဖြစ်ဖြင့် ယောဂီဉာဏ်တို့အား ရှေးရှုထင်လာ၏၊ မုဒုရူပပဒဋ္ဌာနာ–နူးညံ့သောရုပ်လျှင် နီးစွာသောအကြောင်းရှိ၏၊ ရူပဿကမ္မညတာ–သည်၊ သရီရ ၊ပေ၊ လက္ခဏာ–ကိုယ်အမှုကိစ္စအားလျော်စွာ အမှု၌ကောင်းသည်၏အဖြစ်ဟူသော မှတ်ကြောင်းလက္ခဏာရှိ၏၊ အကမ္မညတာဝိနောဒနရသာ–အမှု၌မကောင်းကုန်သည်၏အဖြစ်ကို ပယ်ဖျောက်ခြင်းကိစ္စရှိ၏၊ အဒုဗ္ဗလဘာဝပစ္စုပဋ္ဌာနာ–ဒုဗ္ဗလမဟုတ်ကုန်သည်၏အဖြစ်ဖြင့် ယောဂီဉာဏ်တို့ ၊ပေ၊ ၏၊ (အားရှိကုန်သည်၏အဖြစ်ဖြင့် ယောဂီတို့ ၊ပေ၊ ၏၊) ကမ္မညရူပပဒဋ္ဌာနာ–ကိုယ်အမှု၌ ကောင်းသောရုပ်လျှင် နီးစွာသောအကြောင်းရှိ၏။

ပန–ဆက်၊ တိဿော–န်သော၊ ဧတာ–ဤလဟုတာ မုဒုတာ ကမ္မညတာ တို့သည်၊ အညမညံ–အချင်းချင်းကို၊ န ဝိဇဟန္တိ–မစွန့်ကုန်၊ ဧဝံ သန္တေပိ–ဤသို့ ပင် ဖြစ်ပါသော်လည်း၊ အရောဂိနော–ရောဂါမရှိသောပုဂ္ဂိုလ်၏၊ (ကျန်းမာသော

---

ဧဝံ သန္တေ။ ။"အညမညံ န ဝိဇဟန္တိ–တစ်ပါးဖြစ်လျှင် အခြားနှစ်ပါးလည်း ဖြစ်ရကား တစ်ပါးတစ်ပါးကို မစွန့်ကြ"ဟု ဆိုသဖြင့် "ထိုရုပ်သုံးပါး၏အထူးကို သိဖို့ခဲယဉ်း၏"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် ထိုထိုဝိကာရ လွန်ကဲသောရုပ်တို့ဖြင့် အထူးကိုပြခြင်းငှာ "ဧဝံသန္တေပိ"စသည်ကို မိန့်သည်၊ ထိုဝိကာရဖြစ်ပုံကို ပါဠ်ရှိအတိုင်း သိပါ၊ [ဒန္ဓတ္တကရဓာတုက္ခောဘ စသည်တို့၏အဓိပ္ပာယ်ကို သဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ။]

ပုဂ္ဂိုလ်၏) လဟုဘာဝေါဝိယ–လျင်မြန် ပေါ့ပါးသည်၏အဖြစ်ကဲ့သို့၊ ရူပါနံ–တိဇရုပ်တို့၏၊ လဟုဘာဝေါ–လျင်မြန် ပေါ့ပါးကုန်သည်၏အဖြစ်ဟူသော၊ အဒန္ဓတာလဟု ပရိဝတ္တိပ္ပကာရော–မလေးလံကုန်သည်၏အဖြစ်, လျင်မြန်သော ပြောင်းလွဲခြင်းဟူသော အထူးအပြားရှိသော၊ ရူပ ၊ပေ၊ သမုဋ္ဌာနော–တိဇရုပ်တို့၏ လေးလံကုန်သည်အဖြစ်ကို ပြုတတ်သောဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့်ဖြစ်သော၊ ယော (ရူပဝိကာရော)–အကြင်ရုပ်၏ထူးခြားသော အမူအရာသည်၊ (အတ္ထိ၊) သော ရူပဝိကာရော–သည်၊ ရူပဿလဟုတာ–မည်၏။

သုပရိမဒ္ဒိတစမ္မဿ–ကောင်းစွာနယ်အပ်သော သားရေ၏၊ (မုဒုဘာဝေါ) ဣဝ–နူးညံ့သည်၏အဖြစ်ကဲ့သို့၊ ရူပါနံ–တို့၏၊ မုဒုဘာဝေါ–နူးညံ့ကုန်သည်၏အဖြစ်ဟူသော၊ သဗ္ဗကြိယာ ဝိသေသေသု–အလုံးစုံသော ကိစ္စအထူးတို့၌၊ သရသ ဝတ္တနဘာဝေါ–မိမိကိစ္စကို ဖြစ်စေနိုင်သည်၏အဖြစ်ဟူသော၊ ဝသ ၊ပေ၊ ပ္ပကာရော–အလို့ငှါ ဖြစ်စေနိုင်သည်၏အဖြစ်, နူးညံ့သည်၏အဖြစ်ဟူသော အထူးအပြားရှိသော၊ ရူပ ၊ပေ၊ သမုဋ္ဌာနော–တိဇရုပ်တို့၏ ခက်ထန်ကုန်သည်၏ အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့်ဖြစ်သော၊ ယော (ရူပဝိကာရော အတ္ထိ၊) သော ရူပဝိကာရော–သည်၊ ရူပဿမုဒုတာ–မည်၏။

ပန–ကား၊ သုဓန္တ သုဝဏ္ဏဿ–ကောင်းစွာ မှုတ်လွှင့်အပ်သော အညစ်အကြေးရှိသော ရွှေ၏၊ (လျော်ပြီး ဦးပြီးသော ရွှေ၏၊) (ကမ္မညဘာဝေါ) ဣဝ–လက်ဝတ်တန်ဆာ ပြုလုပ်မှု၌ ကောင်းသည်၏အဖြစ်ကဲ့သို့၊ ရူပါနံ–တို့၏၊ ကမ္မညဘာဝေါ–ထိုထိုအမှု၌ ကောင်းကုန်သည်၏အဖြစ်ဟူသော၊ သရီရ ၊ပေ၊ ပ္ပကာရော–ကိုယ်အမှုကိစ္စအား လျော်သည်၏အဖြစ်ဟူသော အထူးအပြားရှိသော၊ သရီရကိရိယာနံ–ကိုယ်ဖြင့်ပြုအပ်သော အမှုကိစ္စတို့အား၊ အနနုကူလ ၊ပေ၊ သမုဋ္ဌာနော–မလျော်သည်၏အဖြစ်ကို ပြုတတ်သောဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့်ဖြစ်သော၊ ယော (ရူပဝိကာရော အတ္ထိ၊) သော ရူပဝိကာရော–သည်၊ ရူပဿကမ္မညတာ–မည်၏၊ ဣတိဧဝံ–သို့၊ တောသံ–ဤ လဟုတာ မုဒုတာ ကမ္မညတာတို့၏၊ ဝိသေသော–ကို၊ ဝေဒိတဗ္ဗော။

---

**သုဓန္တသုဝဏ္ဏဿ။** ။အချို့စာအုပ်၌ "သုဒ္ဓန္တ"ဟု ပါဌ်ရှိ၏၊ "သုဋ္ဌု–ကောင်းစွာ+ဓမိယိတ္တ–မှုတ်အပ်ပြီ"ဟု ဝိဂ္ဂဟပြု၍ သုပုဗ္ဗ ဓမုဓာတ်, တ ပစ္စည်းဖြင့် "သုဓန္တ"ဟု ရှိသောပါဌ်က ကောင်းသည်၊ အညစ်အကြေးတွေ ထွက်သွားအောင် မီးဖြင့်မှုတ်လွှင့် အပ်ပြီးသည်ကို (အိုးကင်း၌ထည့်၍ လျော်အပ်ပြီးသည်ကို) သုဓန္တဟု ခေါ်၏၊ "လျော်ပြီး ဦးပြီးသောရွှေ"ဟု အနက်ပေးကြသည်။

ပန–ဆက်၊ တိသောပိ–န်သော၊ တော–ဤလဟုတာ မုဒုတာ ကမ္မညတာ တို့ကို၊ ကမ္မံ–ကံသည်၊ ကာတုံ–ငှာ၊ န သက္ကောတိ–နိုင်၊ အာဟာရာဒယော၀–အာဟာရအစရှိသော အကြောင်းတို့သည်သာ၊ ကရောန္တိ–ပြုနိုင်ကုန်၏၊ [ဤ လဟုတာစသောရုပ်တို့သည် ကမ္မဇရုပ် မဟုတ်၊ စိတ္တဇ, ဥတုဇ, အာဟာရဇ ရုပ်များဖြစ်ကြသည်–ဟူလို၊] တထာဟိ–ထိုစကားမှန်၏၊ ယောဂိနော–ယောဂီ ပုဂ္ဂိုလ်တို့သည်၊ (ဝဒန္တိ၌ စပ်၊) အဇ္ဇ–ယနေ့၊ အမှေဟိ–ငါတို့သည်၊ ဘောဇန သပ္ပာယံ–လျောက်ပတ်သော ဘောဇဉ်ကို၊ လဒ္ဓံ–ရအပ်ပြီ၊ (တသ္မာ–ကြောင့်၊) နော–ငါတို့၏၊ ကာယော–ကိုယ်သည်၊ လဟု–ပေါ့ပါး၏၊ မုဒု–နူးညံ့၏၊ ကမ္မညော–ကမ္မဋ္ဌာန်းအားထုတ်မှု၌ခန့်၏၊ ဣတိ–သို့၊ ဝဒန္တိ–ပြောတတ်ကြ ကုန်၏၊ အဇ္ဇ (အမှေဟိ) ဥတုသပ္ပာယံ–ကို၊ လဒ္ဓံ–ပြီ၊ [တသ္မာ နော ကာယော လဟု, မုဒု, ကမ္မညော ဣတိ ဝဒန္တိဟု လိုက်၍ပေး၊ ပေယျာလမြှုပ်ထားသည်၊] အဇ္ဇ, အမှာကံ–တို့၏၊ စိတ္တံ–သည်၊ ဧကဂ္ဂံ–တစ်ခုတည်းသော အာရုံရှိသည်၊ (တည်ကြည်သည်၊ ဟောတိ၊ တသ္မာ) နော ကာယော လဟု, မုဒု, ကမ္မညော၊ ဣတိ ဝဒန္တိ၊ ဣတိ–အပြီးတည်း။

၆၄၁။ ။ဥပစယ သန္တတိ နိဒ္ဒေသေသု–ဥပစယနိဒ္ဒေသ, သန္တတိ နိဒ္ဒေသတို့၌၊ အာယတနာနန္တိ–ကား၊ အဓေကာဒသန္နံ–အခွဲအားဖြင့် တစ်ဆယ့် တစ်ပါးကုန်သော၊ ရူပါယတနာနံ–ရုပ်အာယတနတို့၏၊ [ဓမ္မာယတန၌ စေတသိက်နှင့်နိဗ္ဗာန် ပါနေသောကြောင့် တစ်ဝက်သာရ၍ "အဓုကောဒသ–ရုပ် အာယတနဆယ်ပါး ခွဲ"ဟု ဆိုသည်၊] အာစယောတိ–ကား၊ နိဗ္ဗတ္တိ–ဖြစ်ခြင်းတည်း၊ သော ရူပဿ ဥပစယောတိ–ကား၊ ပုနပ္ပုနံ–အဖန်ဖန်၊ နိဗ္ဗတ္တ မာနာနံ–ကုန်သော၊ အာယတနာနံ–အခွဲအားဖြင့် တစ်ဆယ့်တစ်ပါးသော ရုပ် အာယတနတို့၏၊ ယော အာစယော–အကြင် ဖြစ်ခြင်းသည်၊ (အတ္ထိ၊) သော၀–ထို အထပ်ထပ်ဖြစ်ကုန်သော ရုပ် အာယတနတို့၏ ဖြစ်ခြင်းသည်ပင်၊ ရူပဿ ဥပစယောနာမ–ရူပဿ ဥပစယမည်သည်၊ ဟောတိ၊ ဝဍ္ဎိ–တိုးပွား ခြင်းတည်း၊ ဣတိ အတ္ထော။

---

**အာစယ, ဥပစယ။** ။ပါဠိတော်၌ "ယော အာယတနာနံ အာစယော၊ သော ရူပဿ ဥပစယော"ဟု အာစယနှင့် ဥပစယကို အရတူ ဟောတော်မူ၏၊ အဋ္ဌ ကထာ ဆရာကား "အာစယ"အရ တစ်ဘ၀၌ ပထမဖြစ်ခြင်းကို ယူ၍ "ဥပစယ" အရ ရထိုက်သမျှ ရုပ်မစုံမီ အထပ်ထပ်ဖြစ်ခြင်းကို ယူပါဟု သိစေလို၍ "ပုနပ္ပုနံ နိဗ္ဗတ္တမာနာနံ"ဟု အာယတနာနံ၏ဝိသေသနကို ထည့်၍ဖွင့်သည်၊ ဤစကားအရ "အာစယ"ဟူသည် အစပထမဖြစ်ခြင်း, "ဥပစယ"ဟူသည် တိုးပွားခြင်း (တိုး၍ ဖြစ်ခြင်း)ဟု မှတ်ပါ၊ ထို့ကြောင့် "အာစယော"တုန်းက "နိဗ္ဗတ္တိ"ဟုသာ ဖွင့်၍ ဥပစယ၌ ဝဍ္ဎိဟု အဓိပ္ပာယ်ဖွင့်သည်၊ ထို့ကြောင့်ပင် ဋီကာ၌လည်း "အာဒိတော+စယော အာစယော၊ ဥပရိ+စယော ဥပစယော"ဟု ဖွင့်သည်။

ယော ၊ပေ၊ သန္တတိတိ–ကား၊ ဝေ–ဤသို့၊ ဥပစိတာနံ–အထက်၌ စီအပ်ပြီးကုန်သော၊ ဝါ–တိုးပွားစေအပ်ပြီးကုန်သော၊ ရူပါနံ–ရုပ်တို့၏၊ ယာဝဓိ–အကြင်တိုးပွားခြင်းသည်၊ (တစ်ဘဝ၌ ရထိုက်သမျှ ရုပ်ကလာပ်များ ပြည့်စုံသည့်တိုင်အောင် တိုးပွားခြင်းသည်၊ အတ္ထိ၊) တတော–ထို တိုးပွားခြင်းထက်၊ ဥတ္တရိတရံ–သာ၍ လွန်စွာ၊ ပဝတ္တိကာလေ–ဖြစ်ရာအခါ၌၊ သာ–ထို တိုးပွားခြင်းသည်၊ ရူပဿ သန္တတိနာမ–ရူပဿ သန္တတိမည်သည်၊ ဟောတိ၊ ပဝတ္တိ–အဆက်ဆက်ဖြစ်ခြင်းတည်း၊ ဣတိ အတ္ထော၊ [ပဝတ္တိနေရာ၌ "ပဝဓိ–ထပ်၍ တိုးပွားခြင်းတည်း"ဟုရှိလျှင် "ဝဓိတိ အတ္ထော"ဟူသော ရှေ့အဖွင့်နှင့် သာ၍ ရှေ့နောက်လိုက်လျောစရာရှိသည်။]

ဟိ–ဥပမာဆောင်, ထင်အောင်ပြဦးအံ့၊ နဒီတီရေ–မြစ်ကမ်း၌၊ ခတကူပသ္မိံ–တူးအပ်သော တွင်း၌၊ ဥဒကုဂ္ဂမနကာလော–ရေထွက်ရာအခါကို၊ (ဝေဒိတဗ္ဗော) ဝိယ–ကဲ့သို့၊ (တထာ၊) အာစယော–အစစွာ စီခြင်းကို၊ ဝါ–အစစွာဖြစ်ခြင်းကို၊ နိဗ္ဗတ္တိ–ဖြစ်ခြင်းကို၊ (ဝေဒိတဗ္ဗာ၊) ပရိပုဏ္ဏကာလော–ရေပြည့်ရာအခါကို၊ (ဝေဒိ တဗ္ဗော၊) ဝိယ၊ (တထာ၊) ဥပစယော–အထက်၌ စီခြင်းကို၊ (တိုးပွားခြင်းကို၊) ဝဓိ–တိုးပွားခြင်းကို၊ (ဝေဒိတဗ္ဗာ၊) အဇ္ဈောတ္ထရိတ္ဝာ–ရေတွင်းကို လွှမ်းကျော်၍၊ ဂမနကာလော–သွားရာအခါကို၊ (ဝေဒိတဗ္ဗော) ဝိယ၊ (တထာ) သန္တတိ–ဆက်စပ်လျက် ကျယ်ပျံ့ခြင်းကို၊ ပဝတ္တိ–အဆက်ဆက်ဖြစ်ခြင်းကို၊ ဝေဒိတဗ္ဗာ–၏၊ [ပဝတ္တိတိ ဣတိပါသည်ကား ပိုဟန်တူသည်၊ ပဝတ္တိနေရာ၌ "ပဝဓိ"ဟုရှိလျှင် ကောင်းမည်၊ ရှေးနိဿယ၌ "သန္တတိ–သန္တတိကို၊ ပဝတ္တိတိ–ရုပ်တို့၏ အစဉ်မပြတ် ဆက်ကာဆက်ကာ ဖြစ်ခြင်းဟူ၍၊ ဝေဒိတဗ္ဗာ–၏"ဟု ပေးလေသည်။]

---

**ယော ၊ပေ၊ သန္တတိ။** ။ပါဠိတော်၌ "ယော ရူပဿ ဥပစယော, သာ ရူပဿ သန္တတိ"ဟု ဥပစယနှင့် သန္တတိကို အရတူပင် ဟောတော်မူ၏၊ သို့သော် "သန္တတိ"အရ၌ တစ်ဘဝဝယ် ရထိုက်သမျှ ပြည့်စုံအောင် တိုးပွားပြီး နောက်မှ ဆက်သွယ်၍ ဖြစ်ကြသော အာယတနတို့၏ ဖြစ်ခြင်းကို ယူပါဟု သိစေလိုသောကြောင့် "တတော ဥတ္တရိတရံ ပဝတ္တိကာလေ"ဟု အပိုထည့်စွက်၍ အဋ္ဌကထာဆရာ ဖွင့်ပြသည်၊ ဋီကာ၌လည်း ဤအဓိပ္ပာယ်ကိုပင် ယူ၍ "ပဗန္ဓော–အဆက်မပြတ် ဖွဲ့စပ်ခြင်းသည်၊ သန္တတိ"ဟု ဖွင့်သည်၊ သမ္ဗန္ဓာ–တစ်ဘဝအတွက် ပြည့်စုံပြီးသော ရှေးရုပ်အစဉ်နှင့်စပ်လျက်+တတိ–ကျယ်ပြန့်ခြင်း၊ သန္တတိ–စပ်လျက် ကျယ်ပြန့်ခြင်း။

**မှတ်ချက်။** ။ဤစကားအရ "အာစယ, ဥပစယ သန္တတိတို့သည် အာယတနတို့၏ဖြစ်ခြင်း ဥပါဒ်အားဖြင့် တူကြ၏၊ ဥပါဒ်ခြင်း၏တည်ရာ အာယတနချင်းကား မတူကြ"ဟု မှတ်ပါ၊ "အစဆုံးဖြစ်သော အာယတန, ရုပ်မစုံခင်ဖြစ်သော အာယတန, စုံပြီးနောက် ဆက်၍ ကျယ်ပြန့်သော အာယတန"ဟု ကွဲကြသည်–ဟူလို။

ဓေ-ဤ "ယော အာယတနာနံ အာစယော"အစရှိသော ပါဠိတော်နိဒ္ဒေသ စကားဖြင့်၊ ကိံ-အဘယ်အနက်သည်၊ ဝါ-ကို၊ ကထိတံ-ဟောတော်မူအပ် သည်၊ (ဟောတော်မူလိုသည်၊) ဟောတိ-ဖြစ်သနည်း?၊ ဟိ-အဖြေကား ၊ အာယတနေန-(အာယတနာနံ၌) အာယတနသဒ္ဒါဖြင့်၊ အာစယော-ဖြစ်ခြင်း ဟူသောအာစယကို၊ ကထိတော-ဟောတော်မူအပ်ပြီ၊ အာစယေန-အာစယ သဒ္ဒါဖြင့်၊ အာယတနံ-အာယတနကို၊ ကထိတံ-ပြီ၊ အာစယောဝ-အာစယ ကိုသာ၊ ကထိတော-ပြီ၊ အာယတနမေဝ-အာယတနကိုသာ၊ ကထိတံ-ပြီ။

---

**ဓေ ကိံ ကထိတံ**။ ။"ဓေတိ ယော အာယတနာနံ အာစယောတိအာဒိ နိဒ္ဒေသေန" ဟု ဋီကာဖွင့်၏၊ "ဥပစယ, သန္တတိကို အကျယ်ပြသော ပါဠိတော်နိဒ္ဒေသ စကားရပ်ကို ဓေဖြင့် ညွှန်ပြသည်"ဟူလို၊ ထိုနိဒ္ဒေသစကားတော်ဖြင့် ဘုရားရှင်သည် အဘယ်အနက်အဓိပ္ပာယ်ကို ဟောတော်မူလိုပါသနည်း?ဟု အဋ္ဌကထာဆရာက ပုစ္ဆာ ထုတ်၍ "အာယတနေနတိ"စသည်ဖြင့် အဖြေကိုပြသည်။

**အာယတနေန အာစယော**။ ။"အာယတနာနံ"ဟု အာယတနသဒ္ဒါကို မိန့် တော်မူ၏၊ ထို အာယတနသဒ္ဒါဖြင့် အာယတနရုပ်တရားတို့ကို တိုက်ရိုက်ပြသဖြင့် ထို အာယတနတို့၏ ဥပါဒ်ခြင်းဟူသော အာစယကိုလည်း ဠာန္ဓျူပစာရအားဖြင့် ပြပြီးဖြစ်တော့သည်၊ ထို့ကြောင့် "အာယတနေန အာစယော ကထိတော"ဟု မိန့်သည်၊ [ဥပစယ သန္တတိလည်း ဖြစ်ခြင်းဥပါဒ်ချည်းဖြစ်သောကြောင့် "အာစယော" အရ ဥပစယ သန္တတိကိုပါ ယူပါ။]

**အာစယေန အာယတနံ**။ ။[ဤအာစယ၌လည်း ဥပစယသန္တတိတို့ ပါဝင် သည် ဟု မှတ်ပါ၊] "အာစယ-ဖြစ်ခြင်း"ဟူရာ၌လည်း ဖြစ်တတ်သော ရုပ်အာယတနတို့ မရှိကြဘဲ "ဖြစ်ခြင်း"ဟု မရှိနိုင်၊ အာစယကို တိုက်ရိုက်ယူသဖြင့် ထို အာစယ၏ တည်ရာရုပ်အာယတနကိုလည်း ဠာန္ဓျူပစာရအားဖြင့် ယူပြီးဖြစ်တော့၏၊ ထို့ကြောင့် "အာစယေန အာယတနံ ကထိတံ"ဟု မိန့်သည်။

**အာစယောဝ ကထိတော**။ ။"အာစယော ကထိတော"ကို ဝေထည့်၍ ထပ်ဖွင့်သော ဝါကျတည်း၊ "ယော အာယတနာနံ အာစယော"၌ အာယတနာနံဝယ် အာယတနသဒ္ဒါဖြင့် အာစယကိုသာ ဟောတော်မူလိုရင်းဖြစ်၏၊ ဘာ့ကြောင့်နည်း? ... အခန်းက ဥပစယသန္တတိကို ပြရာအခန်းဖြစ်ခြင်း, ထို ဥပစယ,သန္တတိတို့ကို အာစယ ဟုလည်း ခေါ်ရခြင်းကြောင့်တည်း။

**အာယတနမေဝ ကထိတံ**။ ။"အာယတနံ ကထိတံ"ကိုပင် "အာယတန မေဝ ကထိတံ"ဟု ဝေသဒ္ဒါထည့်၍ ထပ်ဖွင့်သည်၊ ဆိုလိုရင်းကား ... "အာစယ" ဟူသည် ရုပ်အစစ်မဟုတ်၊ "ရုပ်အာယတနတို့၏ ဥပါဒ်ခြင်း"ဟူသော အမှတ်လက္ခဏာ (လက္ခဏာရုပ်)သာတည်း၊ "ယော အာယတနာနံ အာစယော"ဟူသောပါဠိတော်၌ "အာစယသဒ္ဒါဖြင့် ရုပ်အစစ်ဖြစ်သော အာယတနကိုသာ ဟောတော်မူလိုသည်"ဟု ဆိုလိုသည်၊ [လက္ခဏံ ဟိ ဥပ္ပာဒေါ, န ရူပရူပန္တိ တေနေဝ အဓိပ္ပာယေနာဟ အာယတန မေဝ ကထိတန္တိ၊-ဋီကာ။]

စေ၀ံပိ–ဤသို့ အာယတနဖြင့် အာစယကိုသာ ဟောတော်မူခြင်း, အာစယဖြင့် အာယတနကိုသာ ဟောတော်မူခြင်းဖြင့်လည်း၊ [ရှေ့ဝါကျ၏အနက်ကို ပြန်၍ "ဝေမ္ပိ"ဟု ညွှန်သောကြောင့် ရှေ့ဝါကျအနက်ကို စွဲရသည်၊] ကိံ–အဘယ် အနက်သည်၊ ဝါ–ကို၊ ကထိတံ–ဟောတော်မူအပ်သည်၊ (ဟောတော်မူလိုသည်၊) ဟောတိ–နည်း? ဣတိ–ဤကား အမေးတည်း၊ ဝေမ္ပိ–လည်း၊ (လိုက်စေသည်၊) စတုသန္တတိရူပါနံ–လေးပါးသော သန္တတိရုပ်တို့၏၊ အာစယော–အာစယကို လည်းကောင်း၊ ဥပစယော–ဥပစယကိုလည်းကောင်း၊ နိဗ္ဗတ္တိ–ဖြစ်ခြင်းကို လည်းကောင်း၊ ဝဍ္ဎိ–တိုးပွားခြင်းကိုလည်းကောင်း၊ ကထိတာ–ဟောတော်မူ အပ်ပြီ၊ ဟိ–ချဲ့၊ အတ္ထတော–လိုရင်းအနက်အားဖြင့်၊ တေ ဥဘယမ္ပိ–ဤ နှစ်ပါးစုံသော ဥပစယ သန္တတိသည်လည်း၊ ဇာတိ ရူပဿေဝ–ဇာတိရုပ်၏သာ၊ အဓိဝစနံ–အမည်တည်း၊ ပန–ထိုသို့ ဇာတိရုပ်၏သာ အမည်ဖြစ်ပါသော်လည်း၊ အာကာရနာနတ္တေန–အခြင်းအရာအားဖြင့် ထူးသည်၏အဖြစ်ကြောင့် လည်းကောင်း၊ ဝေနေယျဝသေန စ–ဝေနေယျ၏အလိုကြောင့်လည်းကောင်း၊ ဥပစယော သန္တတီတိ–ဥပစယော သန္တတိဟူ၍၊ ဥဒ္ဒေသဒေသနံ–ဥဒ္ဒေသ ဒေသနာတော်ကို၊ ကတွာ–ပြုတော်မူပြီး၍၊ ယသ္မာ–ကြောင့်၊ တေ္တ–ဤဥပစယ သန္တတိတို့၌၊ အတ္ထတော–အားဖြင့်၊ နာနတ္တံ–သည်၊ နတ္ထိ၊ တသ္မာ–ကြောင့်၊

---

**ဧဝံ ၊ပေ၊ ဟောတိ**။ ။ရှေ့၌ "ဧဝံ ကိံ ကထိတံ ဟောတိ"ဟု ဆိုအပ်ပြီး ဖြစ်သောကြောင့် ဤ၌ "ဧဝံပိ"ဟု သမ္ပိဏ္ဍနတ္ထ ပိသဒ္ဒါထည့်၍ ဆိုသည်၊ ဧဝံဖြင့် ရှေ့ဝါကျ၌ ဆိုအပ်ပြီးသော အနက်အားလုံးကို ပြန်၍ညွှန်းသည်၊ ရှေ့ဝါကျ၌ ပြအပ်သည့်အတိုင်း အာယတနဖြင့် အာစယကိုသာလည်းကောင်း, အာစယဖြင့် အာယတန ကိုသာလည်းကောင်း ဟောတော်မူခြင်းဖြင့် ဘုရားရှင်သည် ဘာကို သိစေတော်မူလို ပါသနည်း?–ဟူလို။

**စတုသန္တတိ ၊ပေ၊ ကထိတာ**။ ။တစ်ဘဝ၌ ကံကြောင့်ဖြစ်သော ရုပ်အစဉ်ကို "ကမ္မသမုဋ္ဌာနသန္တတိ"ဟု ခေါ်၏၊ ထို့အတူ စိတ် ဥတု အာဟာရကြောင့်ဖြစ်သော ရုပ်အစဉ်ကို "စိတ္တ ၊ပေ၊ အာဟာရသမုဋ္ဌာနသန္တတိ"ဟု ခေါ်သည်၊ ထိုရုပ်လေးမျိုး အစဉ်၏ အာစယနှင့်ဥပစယကို ဟောတော်မူလိုရင်းဖြစ်သည်၊ ["အာစယ"ဟူရာ၌ ဥပစယကို ဆိုလို၏၊ "ဥပစယ"ဟူရာ၌ကား သန္တတိကို ဆိုလို၏၊ "အာစယောတိ ဥပစယမာဟ၊ ဥပစယောတိစ သန္တတိံ"၊–ဋီကာ၊] ထို့ကြောင့် အာစယဟူသော ဥပစယ ကိုပင် "နိဗ္ဗတ္တိ"ဟုလည်းကောင်း, ဥပစယဟူသော သန္တတိကိုပင် "ဝဍ္ဎိ"ဟုလည်းကောင်း ထပ်ဖွင့်သည်။

**အတ္ထတော ဟိ ၊ပေ၊ အဓိဝစနံ**။ ။ထိုဥပစယသန္တတိနှစ်ပါးစုံသည် တရား ကိုယ်အနက်အားဖြင့် ဇာတိရုပ်ပင်တည်း၊ [ဤစကားကိုယူ၍ သင်္ဂြိုဟ်ရုပ်ပိုင်း ရူပသ မုဒ္ဒေသ၌ "ဇာတိရူပမေဝ ပနေတ္ထ ဥပစယသန္တတိနာမေန ပဝုစ္စတိ"ဟု ဆိုသည်၊]

**အာကာရ ၊ပေ၊ ဥဒ္ဒေသဒေသနံ**။ ။ထိုသို့ ဇာတိရုပ်တစ်ခုတည်း၏ အမည် ဖြစ်သော်လည်း ဥပစယဟု ခေါ်အပ်သော ဇာတိရုပ်က တစ်ဘဝ၌ အစဖြစ်ခြင်း ရုပ် မစုံမီ တိုး၍ဖြစ်ခြင်းဟူသော အခြင်းအရာဖြစ်၍ "သန္တတိ"ဟု ခေါ်အပ်သော ဇာတိရုပ်က

နိဒ္ဒေသေ–၌၊ ယော အာယတနာနံ အာစယော၊ သော ရူပဿ ဥပစယော၊ ယော ရူပဿ ဥပစယော၊ သာ ရူပဿ သန္တတီတိ–ယော အာယတနာနံ ၊ပေ၊ သန္တတိဟူ၍၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ။

စ–ဆက်၊ ယသ္မာ–ကြောင့်၊ တေ် ဥဘယံပိ–ဤ နှစ်ပါးစုံသော ဥပစယ, သန္တတိသည်လည်း၊ ဇာတိရူပဿေဝ–၏သာ၊ အဓိဝစနံ–တည်း၊ တသ္မာ–ကြောင့်၊ တတ္ထ–ထို ဥပစယ, သန္တတိတို့တွင်၊ ရူပဿ ဥပစယော–ရူပဿ ဥပစယသည်၊ အာစယလက္ခဏော–စီခြင်းလက္ခဏာရှိ၏၊ ဝါ–ဖြစ်ခြင်းလက္ခဏာ ရှိ၏၊ ပုဗ္ဗန္တတော–မဖြစ်မီ ရှေးအစွန်မှ၊ ရူပါနံ–ရုပ်တို့ကို၊ ဥမ္မုဇ္ဇာပနရသော–ပေါ်လာစေခြင်း ကိစ္စရှိ၏၊ နိယျာတနပစ္စုပဋ္ဌာနော–အပ်နှံတတ်သော တရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏၊ [အာဒိစယအနက်ဟော ဥပစယ၏ ပစ္စုပဋ္ဌာန်၊] ဝါ–နည်း၊ ပရိပုဏ္ဏဘာဝ ပစ္စုပဋ္ဌာနော–ပြည့်စုံသည်၏အဖြစ်ဖြင့် ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏၊ [ဥပရိအနက်ဟော ဥပစယ၏ ပစ္စုပဋ္ဌာန်ကို ပြသည်၊] ဥပစိတ ရူပပဒဋ္ဌာနော–စ၍လည်းကောင်း, အထက်၌ လည်းကောင်း စီအပ်သောရုပ်သာလျှင် နီးစွာသော အကြောင်းရှိ၏၊ ရူပဿ သန္တတိ–ရူပဿသန္တတိသည်၊ ပဝတ္တိလက္ခဏာ–အဆက်ဆက် ဖြစ်ခြင်းလက္ခဏာ ရှိ၏၊ [ဤ၌လည်း "ပဝမိ"ဟုရှိလျှင် ကောင်းမည်၊] အနုပ္ပဗန္ဓရသာ–အစဉ်မပြတ် ဖွဲ့စပ်ခြင်း ကိစ္စရှိ၏၊ အနုပစ္ဆေဒပစ္စုပဋ္ဌာနာ–အဆက်မပြတ်သော တရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏၊ အနုပ္ပဗန္ဓရူပပဒဋ္ဌာနာ–အစဉ်မပြတ် ဖွဲ့စပ်အပ်သောရုပ်လျှင် နီးစွာသောအကြောင်းရှိ၏၊ ဣတိ–သို့၊ ဝေဒိတဗ္ဗာ–၏။

၆၄၃။ ။ဇရတာနိဒ္ဒေသေ–၌၊ ဇီရဏကဝသေန–ဆွေ့မြေ့ယိုယွင်း, အိုမင်းခြင်း၏ အစွမ်းဖြင့်၊ ဇရာ–ဇရာမည်၏၊ ဣဒံ–ဤ ဇရတာနိဒ္ဒေသ၌၊ အယံ–ဤ ဇရာသဒ္ဒါသည်၊ သဘာဝနိဒ္ဒေသော–ဇရာ၏သဘောကို ညွှန်ပြကြောင်းသဒ္ဒါ တည်း၊ ဇီရဏာကာရော–ဆွေ့မြေ့ယိုယွင်း, အိုမင်းခြင်းဟူသော အခြင်းအရာ သည်၊ ဇီရဏတာ–တာမည်၏၊ ခဏ္ဍိစ္စန္တိအာဒယော–အစရှိကုန်သော၊ တယော–

---

တစ်ဘဝ၌ ရထိုက်သမျှရုပ်တွေ စုပေါင်းပြီးနောက် ဆက်သွယ်၍ဖြစ်ခြင်းဟူသော အခြင်းအရာဖြစ်၏၊ ဤသို့အခြင်းအရာ ထူးသောကြောင့်လည်းကောင်း, ထိုသို့ နှစ်မျိုးခွဲ၍ ဟောတော်မူမှသာ ဝေနေယျတို့သဘောကျ နားလည်ဖွယ်ရှိသောကြောင့် လည်းကောင်း ဓမ္မသင်္ဂဏီပါဠိတော်၏ ဥဒ္ဒေသ၌ "ဥပစယော–သန္တတိ"ခွဲ၍ အကျဉ်း သရုပ်မျှ ထုတ်ပြတော်မူသည်။

**တသ္မာ ၊ပေ၊ သန္တတီတိ။** ။ထိုသို့ခွဲ၍ ဥဒ္ဒေသ၌ ဟောတော်မူခဲ့သော်လည်း နိဒ္ဒေသကား ထိုသုံးမျိုးလုံးပင် အနက်အရတူကြောင်း ပြတော်မူလိုသောကြောင့် "ယော ၊ပေ၊ အာစယော၊ သော ၊ပေ၊ ဥပစယော၊ ယော ၊ပေ၊ ဥပစယော၊ သာ ရူပဿ သန္တတိ"ဟု အနက်တူကြောင်းကိုပြသော ယသဒ္ဒါ တသဒ္ဒါတို့ဖြင့် ဟောတော်မူသည်။

သုံးပါးသော သဒ္ဒါတို့သည်၊ ကာလာတိက္ကမေ–ကာလကို လွန်ရာအခါ၌၊ (ကာလကြာသော အခါ၌၊) ကိစ္စနိဒ္ဒေသာ–ဇရာ၏ကိစ္စကို ညွှန်ပြကြောင်း သဒ္ဒါတို့တည်း၊ ပစ္ဆိမာ–နောက်ဖြစ်ကုန်သော၊ ဒွေ–နှစ်ပါးသော သဒ္ဒါတို့သည်၊ ပကတိနိဒ္ဒေသာ–ဇရာ၏အကျိုးပေးတတ်သော ပင်ကိုသဘောကို ညွှန်ပြကြောင်း သဒ္ဒါတို့တည်း၊ ဝါ–ဇရာသည် အပြားအားဖြင့် ပြုအပ်သောအကျိုးကို ညွှန်ပြကြောင်းသဒ္ဒါတို့တည်း။

ဟိ–ချဲ့၊ အယံ–ဤဇရာကို၊ (ဒီပိတာ၌ စပ်၊) ဇရာတိ ဣမိနာပဒေန–ဇရာ ဟူသော ဤပုဒ်ဖြင့်၊ သဘာဝတော–သဘောအားဖြင့်၊ ဒီပိတာ–ပြအပ်ပြီ၊ တေန–ထို့ကြောင့်၊ အယံ–ဤ ဇရာသဒ္ဒါသည်၊ အဿာ–ထို ဇရာ၏၊ သဘာဝနိဒ္ဒေသော–သဘောကို ညွှန်ပြကြောင်းသဒ္ဒါတည်း၊ ဇီရဏတာတိ ဣမိနာ–ဟူသော ဤပုဒ်ဖြင့်၊ အာကာရတော–အခြင်းအရာအားဖြင့်၊ (ဇရာ–ကို၊ ဒီပိတာ–ပြီ၊) တေန–ကြောင့်၊ အယံ–ဤ ဇီရဏတာသဒ္ဒါသည်၊ အဿာ–ထို ဇရာ၏ အာကာရနိဒ္ဒေသော–အခြင်းအရာကို ညွှန်ပြကြောင်းသဒ္ဒါတည်း၊ ခဏ္ဍိစ္စံတိ ဣမိနာ–ဟူသော ဤပုဒ်ဖြင့်၊ ကာလာတိက္ကမေ–၌၊ ဒန္တနခါနံ–သွား, ခြေသည်း လက်သည်းတို့၏၊ ခဏ္ဍိတဘာဝကရဏကိစ္စတော–ကျိုးကုန်သည်၏အဖြစ်ကို ပြုခြင်းကိစ္စအားဖြင့်၊ (ဇရာဒီပိတာ၊) ပါလိစ္စံတိ ဣမိနာ–ဟူသော ဤပုဒ်ဖြင့်၊ ကေသလောမာနံ–ဆံ, အမွေးတို့၏၊ ပလိတဘာဝကရဏကိစ္စတော–ဖြူကုန်သည်၏အဖြစ်ကို ပြုခြင်းကိစ္စအားဖြင့်၊ (ဇရာဒီပိတာ၊) ဝလိတ္တစတာတိ ဣမိနာ–ဖြင့်၊ မံသံ–အသားကို၊ မိလာပေတွာ–ညှိုးစေ၍၊ တစေ–အရေ၌၊ ဝလိဘာဝ ကရဏ ကိစ္စတော–တွန့်သည်၏အဖြစ်ကို ပြုခြင်းကိစ္စအားဖြင့်၊ (ဇရာ–ကို၊) ဒီပိတာ–ပြီ၊ တေန–ကြောင့်၊ ခဏ္ဍိစ္စံတိအာဒယော–ခဏ္ဍိစ္စံ အစရှိကုန်သော၊ တယော–န်သော၊ ဣမေ–ဤ သဒ္ဒါတို့သည်၊ အဿာ–ထို ဇရာ၏၊

---

**ပကတိနိဒ္ဒေသာ။** ။"ဖလဝိပစ္စနပကတိယာ–အသက်၏ကုန်ခန်းခြင်း, စက္ခု စသော ဣန္ဒြေတို့၏ရင့်ကျက်ခြင်းဟူသော အကျိုးကိုဖြစ်စေခြင်း သဘောအားဖြင့်" ဟု ဋီကာဖွင့်၊ အာယုသံဟာနိ ဣန္ဒြိယပရိပါကသည် ဇရာ၏အကျိုးဖြစ်၏၊ ထို အကျိုးကို ဖြစ်စေခြင်းသည် ဇရာ၏ပင်ကိုရိုးရာ သဘောတည်း၊ ထိုသဘောအားဖြင့် ဇရာကို ညွှန်ပြသည်–ဟူလို၊ ဤနည်း၌ ပင်ကိုရိုးရာထုံးစံကို "ပကတိ"ဟု ဆိုလိုသည်။

**တစ်နည်း။** ။"ဇရာယ ပါပုဏိတဗ္ဗံ ဖလမေဝ–ဇရာကြောင့် ရောက်ထိုက်သော အကျိုးသည်ပင်၊ ပကတိ–ပကတိမည်၏"ဟု ဋီကာတစ်နည်း ဖွင့်၏၊ ဇရာကြောင့် ဇရာရှိသောပုဂ္ဂိုလ်သည် ရောက်ထိုက်သော အာယုသံဟာနိ ဣန္ဒြိယပရိပါကဟူသော အကျိုးသည်ပင် ပကတိမည်၏၊ ထိုအကျိုးဟူသော ပကတိအားဖြင့် ဇရာကို ညွှန်ပြသည်–ဟူလို၊ ဤနည်း၌ "ပ–အပြားအားဖြင့်+ကတိ–ပြုအပ်သောအကျိုး"ဟု အနက်မှတ်ပါ၊ နှစ်နည်းလုံးပင် အကျိုးဖြင့် အကြောင်းဇရာကိုညွှန်ပြသော ဖလူပစာချည်းတည်း။

ကာလာတိက္ကမေ–၌၊ ကိစ္စနိဒ္ဒေသာ–တို့တည်း၊ တေဟိ–ထိုခဏ္ဍိစ္စ အစရှိသော သဒ္ဒါတို့ဖြင့်၊ ဣမေသံ ဝိကာရာနံ–ဤ သွားကျိုးခြင်းအစရှိသော ထူးခြားသော အမူအရာတို့ကို၊ ဒဿနဝသေန–ပြခြင်း၏အစွမ်းဖြင့်၊ ပါကဋီဘူတာ–ထင်ရှား ဖြစ်၍ဖြစ်သော၊ ပါကဋ ဇရာ–ထင်ရှားသော ဇရာကို၊ ဒဿိတာ–ပြီ။

ဟိ–ဥပမာဆောင် ထင်အောင်ပြဦးအံ့၊ ဥဒကဿဝါ–ရေ၏သော်လည်း ကောင်း၊ အဂ္ဂိနောဝါ–မီး၏သော်လည်းကောင်း၊ တိဏရုက္ခာဒီနံ–မြက်, သစ်ပင် အစရှိသည်တို့၏၊ သံဘဂ္ဂ ပလိဘဂ္ဂတာယဝါ– ပြင်းစွာ ချိုးဖျက်အပ်, ထက် ဝန်းကျင် ချိုးဖျက်အပ်ကုန်သည်၏ အဖြစ်အားဖြင့်လည်းကောင်း၊ ဈာမတာယ ဝါ–မီးလောင်အပ်ကုန်သည်၏ အဖြစ်အားဖြင့်လည်းကောင်း၊ ဂတမဂ္ဂေါ–သွား အပ်သောလမ်းသည်၊ ပါကဋော–ထင်ရှားသည်၊ ဟောတိ၊ စ–ထိုသို့ပင် ထင်ရှား ပါသော်လည်း၊ သောဂတမဂ္ဂေါ–ထို သွားအပ်သောလမ်းသည်၊ တာနေဝ ဥဒကာဒီနိ–ထို ရေ အစရှိသည်တို့ပင်၊ (ထို ရေ မီးတို့သည်ပင်၊) န (ဟောန္တိ) ယထေဝ–မဟုတ်ကုန်သကဲ့သို့သာလျှင်၊ ဧဝမေဝ–ဤအတူပင်၊ ဇရာယ–ဇရာ သည်၊ ဒန္တာဒီသု–သွား အစရှိသည်တို့၌၊ ခဏ္ဍိစ္စာဒိဝသေန–ကျိုးသောသွားရှိသူ၏ အဖြစ် အစရှိသည်တို့၏အစွမ်းဖြင့်၊ ဂတမဂ္ဂေါ–သွားအပ်သော လမ်းသည်၊ ပါကဋော–ထင်ရှား၏၊ စက္ခုံ–မျက်စိကို၊ ဥမ္မီလေတွာပိ–ဖွင့်၍သော်မှလည်း၊ ဂယှတိ–ယူအပ် ယူနိုင်၏၊ (သိနိုင်, မြင်နိုင်၏၊) စ–ထိုသို့ မျက်စိကို ဖွင့်၍ ယူအပ် ယူနိုင်ပါသော်လည်း၊ ခဏ္ဍိစ္စာဒီနေဝ–ကျိုးသော သွားရှိသူ၏အဖြစ် အစရှိသည်တို့သည်ပင်၊ ဇရာ–ဇရာသည်၊ န–မဟုတ်၊ ဟိ–မှန်၊ ဇရာ–သည်၊ စက္ခုဝိညေယျာ–စက္ခုဝိညာဉ်ဖြင့် သိအပ်, သိနိုင်သည်၊ န ဟောတိ။

[ကိစ္စနိဒ္ဒေသ၏အကျယ်ကို ပြပြီး၍ ပကတိနိဒ္ဒေသ၏အကျယ်ကို ပြလိုသော ကြောင့် "အာယုနော"စသည် မိန့်၊] ပန–ကား၊ အာယုနော ।ပေ၊ ပရိပါကောတိ– ဟူကုန်သော၊ ဣမေဟိ ပဒေဟိ–ဤပုဒ်တို့ဖြင့်၊ ကာလတိက္ကမေယေဝ–ကာလကို လွန်ရာအခါ၌သာ၊ အဘိဗျတ္တာယ–အလွန်ထင်ရှားသော၊ အာယုက္ခယ ।ပေ၊ သညိတာယ–အသက်၏ကုန်ခြင်း, စက္ခုအစရှိသော ဣန္ဒြေတို့၏ ရင့်ကျက်ခြင်း ဟု အသိအမှတ်ပြုအပ်သော၊ ပကတိယာ–ပင်ကိုယ်သဘောအားဖြင့်၊ (ဇရာ– ကို၊) ဒီပိတာ–ပြီ၊ တေန–ကြောင့်၊ ပစ္ဆိမာ–န်သော၊ ဒွေ–န်သော၊ ဣမေ–ဤ သဒ္ဒါတို့သည်၊ အဿာ–ထိုဇရာ၏၊ ပကတိနိဒ္ဒေသာ–တို့တည်း။ ဣတိ, ဝေဒိတဗ္ဗာ–န်၏။

---

န စ ခဏ္ဍိစ္စာဒီနေဝ ဇရာ။ ။ခဏ္ဍိတဿ–ဘာဝေါ ခဏ္ဍိစ္စံ–ကျိုးသောသွား ရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ သွားကျိုးခြင်း၊ ပလိတဿ+ဘာဝေါ ပါလိစ္စံ–ဖြူသော ဆံစသည်ရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ ဆံစသည်တို့၏ ဖြူခြင်း၊ ဤကိစ္စတို့သည် ဇရာ ကြောင့်ဖြစ်ရကား ဇရာသည် ပြုအပ်သောကိစ္စဖြစ်၏၊ ခဏ္ဍိစ္စစသည်ကား ဇရာမဟုတ်။

တတ္ထ–ထို အာယုနော သံဟာနိ အစရှိသောပုဒ်တို့တွင်၊ ယသ္မာ, ဇရံ–အိုခြင်းသို့၊ ပတ္တဿ–ရောက်သောပုဂ္ဂိုလ်၏၊ အာယု–အသက်သည်၊ ဟာယတိ–ဆုတ်ယုတ်၏၊ တသ္မာ, ဇရာ–ကို၊ အာယုနော သံဟာနိတိ–ဟူ၍၊ ဖလူပစာရေန–အားဖြင့်၊ ဝုတ္တာ–ဟောတော်မူအပ်ပြီ၊ စ–သည်သာမကသေး၊ ဒဟရကာလေ–ငယ်ရွယ်သူ၏အခါ၌၊ သုပ္ပသန္နာနိ–အလွန် ကြည်လင်ကုန်သော၊ သုခုမံပိ–သိမ်မွေ့သည်လည်းဖြစ်သော၊ အတ္တနော–၏၊ ဝိသယံ–အာရုံကို၊ သုခေနေဝ–လွယ်ကူသဖြင့်သာ၊ ဂဏှနသမတ္ထာနိ–ယူခြင်း၌ စွမ်းနိုင်ကုန်သော၊ စက္ခာဒီနိ–စက္ခုအစရှိကုန်သော၊ ဣန္ဒြိယာနိ–ဣန္ဒြေတို့သည်၊ ဇရံ–အိုခြင်းသို့၊ ပတ္တဿ–ရောက်သော ပုဂ္ဂိုလ်၏သန္တာန်၌၊ ပရိပက္ကာနိ–ရင့်ရော်ကုန်သည်၊ အာလုဠိတာနိ–ရှုပ်ထွေးနေကုန်သည်၊ အဝိသဒါနိ–မရှင်းလင်းကုန်သည်၊ (ဟောန္တိ၊) ဩဠာရိကမ္ပိ–ထင်ရှားသည်လည်းဖြစ်သော၊ အတ္တနော–၏၊ ဝိသယံ–ကို၊ ဂဟေတုံ–ငှာ၊ အသမတ္ထာနိ–ကုန်သည်၊ ဟောန္တိ၊ တသ္မာ, ဣန္ဒြိယာနံ ပရိပါကောတိပိ–ဟူ၍လည်း၊ ဖလူပစာရေနေဝ–ဖြင့်ပင်၊ (ဇရာ–ကို၊) ဝုတ္တာ–ပြီ။

ပန–ဆက်၊ ဧဝံ–သို့၊ နိဒ္ဒိဋ္ဌာ–ညွှန်ပြအပ်သော၊ သဗ္ဗာပိ–သော၊ သာအယံ ဇရာ–သည်၊ ပါကဋဇ္ဇာ–ထင်ရှားသော ဇရာလည်းကောင်း၊ ပဋိစ္ဆန္နာ–ဖုံးကွယ်အပ်သော ဇရာလည်းကောင်း၊ ဣတိ ဒုဝိဓာ ဟောတိ၊ တတ္ထ–ထို နှစ်ပါးတို့တွင်၊ ဒန္တာဒီသု–သွား အစရှိသည်တို့၌၊ ခဏ္ဍာဘာဝါဒိ ဒဿနတော–ကျိုးကုန်သည်၏ အဖြစ် အစရှိသည်ကို မြင်ရခြင်းကြောင့်၊ ရူပဓမ္မေသု–ရုပ်တရားတို့၌၊ ဇရာ–သည်၊ ပါကဋဇရာနာမ–ထင်ရှားသော ဇရာမည်၏၊ ပန–ကား၊ အရူပဓမ္မေသု–နာမ်တရားတို့၌၊ ဇရာ–သည်၊ တာဒိသဿ–ထိုကဲ့သို့ ရှုအပ်သော၊ ဝိကာရဿ–ထူးခြားသော အမူအရာကို၊ (ဖောက်ပြန်ခြင်းကို၊) အဒဿနတော–မမြင်ရခြင်းကြောင့်၊ ပဋိစ္ဆန္နဇရာနာမ–ဖုံးကွယ်အပ်သော ဇရာမည်၏၊ ပုန–တစ်ဖန်၊ အဝီစိ–အကြားမရှိသော ဇရာလည်းကောင်း၊ သဝီစိ–အကြားရှိသော ဇရာလည်းကောင်း၊

---

**အဝီစိ သဝီစိ**။ ။ဝီစိသဒ္ဒါသည် အကြားဟူသောအနက်ကို ဟော၏၊ နတ္ထိ+ဝီစိ ယဿာတိ အဝီစိ၊ သံဝိဇ္ဇတိ+ဝီစိ ယဿာတိ သဝီစိ၊ ရှေ့ဇရာနှင့် နောက်ဇရာတို့ အကြားကို သိဖို့ရန်မလွယ်ကူသောကြောင့် "အကြားမရှိ"ဟုပင် ထင်ရသော (တစ်ဆက်တည်း ဖြစ်နေသည်ဟု ထင်ရသော)ဇရာကို အဝီစိဇရာဟု ခေါ်၏၊ ဥပမာ–ပတ္တမြားစသည်၌ရှိသော ဇရာမျိုးတည်း၊ ပတ္တမြားသည် သင်္ခါရထုံးစံအတိုင်း ဖြစ်ပျက် ရင့်ရော် နေသော် လည်း ထိုရင့်ရော်ခြင်းဇရာ နှစ်ခုအကြားကို မသိရသဖြင့် ရင့်ရော်သည်ဟု မသိရသကဲ့သို့တည်း၊ လူတို့၏ မန္ဒဒသကအရွယ်နှင့် ခိဍ္ဍဒသကအရွယ်သည်လည်းကောင်း, ပန်း သစ်သီးအရွက်နုတို့၏ အဆင်းသည်လည်းကောင်း, ရှေ့နောက် အဆင်းချင်းမတူကြသောကြောင့် ရင့်ရော်လာပုံထင်ရှားရကား သဝီစိ (သိလွယ်သော အကြားရှိသော) ဇရာမည်၏၊ [အဝိညာယမာနန္တရဇရာ အဝီစိဇရာ။–ဋီကာ။]

ဏ္ဍတိ ဝေဝိ–ဤသို့လည်း၊ (ဇရာ–သည်၊) ဒုဝိဓာ ဟောတိ၊ တတ္ထ–ထိုနှစ်ပါး တို့တွင်၊ မဏိ ၊ပေ၊ သူရိယာဒီနံ–ပတ္တမြား, ရွှေ, ငွေ, သန္တာ, လ, နေ အစရှိသည် တို့၏၊ (ဇရာ) ဝိယ–ကဲ့သို့၊ (ဇရာအဝီစိဇရာနာမဉ္စ လှမ်းစပ်၊) မန္ဒဒသကာ ဒီသု–မန္ဒဒသက အစရှိသည်တို့၌၊ ပါဏီနံ–သက်ရှိသတ္တဝါတို့၏၊ (ဇရာ) ဝိယစ–ကဲ့သို့လည်း ကောင်း၊ ပုပ္ဖ ဖလ ပလ္လဝါဒီသု–အပွင့်, အသီး, အညွန့် အစရှိသည်တို့၌၊ အပါဏီနံ–သက်မဲ့အရာဝတ္ထုတို့၏၊ (ဇရာ) ဝိယစ–ကဲ့သို့ လည်းကောင်း၊ အန္တရန္တရာ–အကြားအကြား၌၊ ဝဏ္ဏဝိသေသာဒီနံ–အဆင်း အထူး အစရှိသည်တို့၏၊ ဒုဗ္ဗိညေယျတ္တာ–မသိအပ်, မသိနိုင်ကုန်သည်၏အဖြစ် ကြောင့်၊ ဇရာ–သည်၊ အဝီစိဇရာနာမ–မည်၏၊ နိရန္တရဇရာ–ထင်ရှားလောက် အောင် အကြားမရှိသောဇရာမည်၏၊ ဣတိ အတ္ထော၊ ပန–ကား၊ တတော– ထို မဏိကနက အစရှိသည်တို့မှ၊ အညေသု–အခြားကုန်သော၊ ယထာ ဝုတ္တေသု– အကြင်အကြင် ဆိုအပ်ပြီးသော မန္ဒဒသက, ပုပ္ဖဖလပလ္လဝ အစရှိသည်တို့၌၊ အန္တရန္တ ရာ–အကြားအကြား၌၊ ဝဏ္ဏဝိသေသာဒီနံ–အဆင်းအထူး အစရှိသည် တို့၏၊ သုဝိညေယျတ္တာ–လွယ်ကူစွာ သိအပ်ကုန်သည်၏အဖြစ်ကြောင့်၊ ဇရာ–သည်၊ သဝီစိဇရာနာမ–မည်၏၊ ဣတိ ဝေဒိတဗ္ဗာ–၏။

---

**မဏိ ၊ပေ၊ သူရိယာဒီနံဝိယ။** ။အဝီစိဇရာ၏ ဥဒါဟရဏ်ပုံစံကို ပြသော စကားတည်း၊ ဝိယသဒ္ဒါလည်း ဥဒါဟရဏ်ပြ ဥပမာဇောတကတည်း၊ မန္ဒဒသကာဒီသု ၊ပေ၊ အပါဏီနံကား ဝိသဒိသူပမာတည်း၊ မန္ဒဒသက အစရှိသည်တို့၌ သက်ရှိသတ္တဝါ တို့၏ အဆင်းအထူးကိုလည်းကောင်း, ပုပ္ဖ ဖလ ပလ္လဝ စသည်တို့၌ သက်မဲ့ဝတ္ထု တို့၏ အဆင်းအထူးကိုလည်းကောင်း သိဖို့ရန် လွယ်ကူသကဲ့သို့, မဏိစသည်တို့၏ အကြားအကြား၌ အဆင်းအထူး စသည်ကို သိဖို့ရန် မလွယ်ကူ–ဟူလို၊ ထိုသို့ မလွယ်ကူသောကြောင့် မဏိစသည်တို့၌ ဇရာကို "အဝီစိဇရာ"ဟု ခေါ်ရသည်။

**တတော ၊ပေ၊ ယထာဝုတ္တေသု။** ။ရှေ့ဝါကျ၌ ပဓာနဖြစ်သော မဏိ ၊ပေ၊ သူရိယာဒီကို တတောဖြင့်စွဲ၍ အည၏ အပါဒါန်ခံပြီးလျှင်, ထိုမှတစ်ပါးသော ယထာဝုတ္တအရကို "မန္ဒဒသကာဒီသု ပုပ္ဖဖလပလ္လဝါဒီသု"ဟု ဆိုအပ်ပြီးသော ဌာန တို့ကို ယူရသည်၊ ဤသို့လျှင် မန္ဒဒသက ပုပ္ဖဖလ စသည်တို့၌ ဇရာကို "သဝီစိ ဇရာ"ဟု ဆိုသောကြောင့် ရှေ့အဝီစိဇရာအရတွင် မန္ဒဒသကစသည်တို့ မပါဝင်ရကား ထို ဥပမာကို ဝိသဒိသူပမာ အဖြစ်ဖြင့်သာပြကြောင်း သိသာနိုင်သည်။

**မန္ဒဒသကာဒီသု။** ။မန္ဒဒသက–နုံ့သော နုသော အခိုက်အတန့်ရှိသော ကလေး အရွယ် ဆယ်နှစ်အပေါင်း, ခိဍ္ဍဒသက–မြူးတူးပျော်ပါး ကစားတတ်သူ၏ အခိုက်အတန့် ရှိသော ဆယ်နှစ်အပေါင်း, ဝဏ္ဏဒသက–အဆင်းလှသူ၏ အခိုက်အတန့်ရှိသော ဆယ်နှစ် အပေါင်း, ဗလဒသက–အားကောင်းသူ၏ အခိုက်အတန့်ရှိသော ဆယ်နှစ်အပေါင်း၊ ပညာဒသက–ဉာဏ်ပညာအတိုးတက်ဆုံး အခိုက်အတန့်ရှိသော ဆယ်နှစ်အပေါင်း, ဟာနိဒသက–ပညာ, ဗလ, ဝဏ္ဏတို့ ဆုတ်ယုတ်ရာ အခိုက်အတန့်ရှိသော ဆယ်နှစ် အပေါင်း, ပဗ္ဘာရဒသက–ခါးကိုင်းသူ၏ အခိုက်အတန့်ရှိသော ဆယ်နှစ်အပေါင်း,

လက္ခဏာဒိတောပိ–အားဖြင့်လည်း၊ ရူပဿဇရတာ–သည်၊ ရူပပရိပါက လက္ခဏာ–ရုပ်တို့၏ ရင့်ကျက်ခြင်းဟူသော လက္ခဏာရှိ၏၊ ဥပနယနရသာ–မရဏာသို့ ကပ်ဆောင်ခြင်းကိစ္စရှိ၏၊ သဘာဝါနပဂမေ–ပင်ကိုသဘော၏ မကင်းခြင်းသည်၊ (သတိ)ပိ–သော်လည်း၊ နဝဘာဝါပဂမ ပစ္စုပဋ္ဌာနာ–အသစ်၏ အဖြစ်မှ ကင်းခြင်းသဘောဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏၊ ဝီဟိ ပုရာဏဘာဝေါဝိယ–ကောက်တို့၏ ဟောင်းကုန်သည်၏အဖြစ်ကဲ့သို့တည်း၊ ပရိပစ္စမာန ရူပပဒဋ္ဌာနာ–ရင့်ကျက်သောရုပ်လျှင် နီးစွာသောအကြောင်းရှိ၏၊ ဣတိ–သို့၊ ဝေဒိတဗ္ဗာ–၏။

၆၄၄။ ။အနိစ္စတာနိဒ္ဒေသေ–၌၊ (အတ္တော ဧဝံ ဝေဒိတဗ္ဗော၊) ခယ ဂမနဝသေန–ကုန်ခြင်းသို့ ရောက်ခြင်း၏အစွမ်းကြောင့်၊ ခယော–ခယမည်၏၊ [ခီယနံ ခယော၊] ဝယဂမနဝသေန–ကင်းခြင်းသို့ ရောက်ခြင်း၏အစွမ်းကြောင့်၊ ဝယော–မည်၏၊ [ဝိအယနံ ဝယော၊] ဘိဇ္ဇနဝသေန–ပျက်ခြင်း၏အစွမ်း ဖြင့်၊ ဘေဒေါ–မည်၏၊ [ဘိဇ္ဇနံ ဘေဒေါ၊] [ဘာဝသာဓနမှတစ်ပါး, အဓိကရဏ သာဓနကို ပြလို၍ "အထဝါ"စသည် မိန့်၊] အထဝါ–ကား၊ ယသ္မာ, တံ–ထို အနိစ္စတာသို့၊ ပတွာ–၍၊ ဝါ–ရောက်လသော်၊ ရူပံ–ရုပ်သည်၊ ခီယတိ–ကုန်လည်း ကုန်၏၊ ဝယတိ–ကင်းလည်းကင်း၏၊ ဘိဇ္ဇတိစ–ပျက်လည်းပျက်၏၊ တသ္မာ, တေသ္မိံ–ဤ သဘောတရား၌၊ ဝါ–ကြောင့်၊ (ရူပံ–သည်၊) ခီယတိ–ကုန်၏၊ ဣတိ–ထိုသို့ ကုန်ရာကုန်ကြောင်း၏အဖြစ်ကြောင့်၊ (သော–ထို သဘောတရား သည်၊) ခယော–မည်၏၊ တေသ္မိံ–၌၊ ဝါ–ကြောင့်၊ (ရူပံ) ဝေတိ–ကင်း၏၊ ဣတိ–ထိုသို့ ကင်းရာ, ကင်းကြောင်း၏အဖြစ်ကြောင့်၊ (သော–သည်၊) ဝယော–မည်၏၊ တေသ္မိံ–၌၊ ဝါ–ကြောင့်၊ (ရူပံ) ဘိဇ္ဇတိ–ပျက်၏၊ ဣတိ–ထိုသို့ ပျက်ရာ ပျက်ကြောင်း၏အဖြစ်ကြောင့်၊ (သော)ဘေဒေါ–မည်၏၊ ဥပသဂ္ဂဝသေန–

ဝက်ဒသက–ကိုင်းရုံမှုမက ကုန်းသူကောက်သူ၏ အခိုက်အတန့်ရှိသော ဆယ်နှစ် အပေါင်း, မောဟဒသက–ကိုးဆယ်တွင်းရောက်သဖြင့် မူးနောက်နောက် မေ့တော့တော့ ဖြစ်ကာ သူငယ်ပြန်တတ်သူ၏ အခိုက်အတန့်ရှိသော ဆယ်နှစ်အပေါင်း, သယန ဒသက–မထနိုင်တော့ဘဲ အိပ်ရာဖျာကပ်ဖြစ်ရသူ၏ အခိုက်အတန့်ရှိသော ဆယ်နှစ် အပေါင်း ဤသို့အားဖြင့် အသက်တစ်ရာကို ဆယ်ပုံခွဲခြားလျှင် အခိုက်အတန့်ဆယ်မျိုး ပြားသည်၊ အာဒိဖြင့် နောက်ကိုးပါးကို ယူပါ၊ [ဝိသုဒ္ဓိမဂ်ပါတ် စိတ္တသမ္ဘူတဇာတ်။]

**သဘာဝါ ၊ပေ၊ ဘာဝေါဝိယ။** ။ကောက်စပါးသည် ဟောင်းသွားသည့်အခါ စပါး၏သဘော မပြောင်းသော်လည်း အသစ်သဘောမှ အဟောင်းသဘောသို့ ပြောင်း သကဲ့သို့, ဇရာ၏ဖြစ်ရာ သက်ရှိ–သက်မဲ့တို့၌ မူလသဘော မပြောင်းသော်လည်း အသစ်သဘောကား ရွေ့လျော့ပြောင်းသွား၏၊ ထို့ကြောင့် "သဘာဝါနပဂမေပိ နဝဘာဝါပဂမ"ဟု ဆိုသည်။

ပရိဟူသော ဥပသာရ၏အစွမ်းဖြင့်၊ ပဒံ–ကို၊ ဝမေတ္တာ–တိုးချဲ့၍၊ ဘေဒေါဝ–ပျက်ခြင်းကိုပင်၊ (ပျက်ရာပျက်ကြောင်း သဘောကိုပင်၊) ပရိဘေဒေါ–ပရိဘေဒ ဟူ၍၊ (ဝုတ္တော–ဟောတော်မူအပ်ပြီ၊) [ရှေးနိဿယ၌ "ဝုတ္တော"ဟု ထည့်သည်။]

ဟုတ္ဝာ–ဖြစ်ပြီး၍၊ အဘာဝင္ဒေန–ထင်ရှားမရှိခြင်းဟူသော အနက်သဘော ကြောင့်၊ နိစ္စံ–မြဲသောတရားသည်၊ န–မဟုတ်၊ ဣတိ–ကြောင့်၊ အနိစ္စံ–မည်၏၊ တဿ–ထို အနိစ္စဖြစ်သောရုပ်၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ, မမြဲခြင်း လက္ခဏာသည်၊ အနိစ္စတာ–မည်၏၊ တေ့ထ–ဤသဘောတရား၌၊ (ရုပ်–သည်၊) အန္တရဓာယတိ–ကွယ်ပျောက်၏၊ ဣတိ–ထိုသို့ ကွယ်ပျောက်ရာ၏အဖြစ်ကြောင့်၊ အန္တရဓာနံ–မည်၏၊ ဟိ–မှန်၊ မရဏံ–မရဏာသို့၊ ပတ္တာ–၍၊ ဝါ–ရောက်လသော်၊ ရုပ်–သည်၊ အန္တရဓာယတိ–၏၊ အဒဿနံ–မမြင်အပ်သည်၏အဖြစ်သို့၊ ဂစ္ဆတိ–ရောက်၏၊ [အဒဿနံ၌ ဘာဝပ္ပဓာန, ဘာဝလောပ ကြံပါ၊ "မမြင်အပ်သော ရုပ်၏ ဖြစ်ကြောင်းဖြစ်ရာ ကွယ်ပျောက်ခြင်းသို့ရောက်သည်" ဟူလို၊] စ–ဆက်၊ ကေဝလံ–နာမ်ခန္ဓာနှင့် မဖက်, သက်သက်၊ ရူပမေဝ–ရုပ်သည်သာ၊ အန္တရဓာယတိ–ကွယ်ပျောက်သည်ကား၊) န–မဟုတ်သေး၊ သဗ္ဗေပိ–န်သော၊ ပဉ္စက္ခန္ဓာ–ငါးပါးသောခန္ဓာတို့သည်၊ (အန္တရဓာယန္တိ–န်၏၊) တသ္မာ, ပဉ္စန္နံပိ–န်သော၊ ခန္ဓာနံ–တို့၏၊ အနိစ္စတာယ–အနိစ္စတို့၏အဖြစ်၏၊ ဣဒမေဝလက္ခဏံ–ဤ လက္ခဏာပင်တည်း၊ ဣတိ ဝေဒိတဗ္ဗံ၊ [ထို့ကြောင့်ပင် "ခန္ဓာငါးပါးလုံး၏ မမြဲသည်၏အဖြစ် စသည်ကို လက္ခဏာ"ဟု ခေါ်သည်၊] ပန–ကား၊ [ပဒတ္ထမှ တစ်ပါး, လက္ခဏာဒျတ္ထကား၊] လက္ခဏာဒိတော–အားဖြင့်၊ ရူပဿ အနိစ္စတာ–ရူပဿ အနိစ္စတာသည်၊ ပရိဘေဒလက္ခဏာ–ပျက်ခြင်းလက္ခဏာရှိ၏၊ သံသီဒနရသာ–ဆုတ်နစ်ခြင်း ကိစ္စရှိ၏၊ ခယဝယပစ္စုပဋ္ဌာနာ–ကုန်ခြင်း, ကင်းခြင်း သဘောဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏၊ ပရိဘိဇ္ဇမာနရူပပဒဋ္ဌာနာ–ပျက်သောရုပ်လျှင် နီးစွာသောအကြောင်းရှိ၏၊ ဣတိ–သို့၊ ဝေဒိတဗ္ဗာ။

ဟေဋ္ဌာ–၌၊ ဇာတိဇရာ–ဇာတိ, ဇရာတို့ကို၊ ဂဟိတာ–ယူအပ်ကုန်ပြီ၊ ဣမသ္မိံ ဌာနေ–ဤအရာ၌၊ မရဏံ–မရဏာကို၊ ဂဟိတံ–ပြီ၊ တယော–သုံးပါးကုန်သော၊ ဣမေ ဓမ္မာ–ဤ တရားတို့သည်၊ ဣမေသံ သတ္တာနံ–ဤ သတ္တဝါတို့၏၊ ဥက္ခိတ္တာသိကပစ္စာမိတ္တသဒိသာ–မြှောက်ချီအပ်သော သန်လျက်ရှိသော ရန်သူနှင့် တူကုန်၏၊ (သန်လျက်မိုးနေသော ရန်သူနှင့်တူကုန်၏၊) ဟိ–ချဲ့၊ ပုရိသဿ–ယောကျ်ားတစ်ယောက်၏၊ တယော–သုံးယောက်ကုန်သော၊ ပစ္စာမိတ္တာ–ရန်သူတို့သည်၊ ဩကာသံ–အခွင့်ကို၊ (သတ်ဖြတ်ခွင့်ကို၊) ဂဝေသမာနာ–ရှာ ကုန်လျက်၊ ဝိစရေယျုံ ယထာ–လှည့်လည်ကုန်ရာသကဲ့သို့၊ တေသု–ထို ရန်သူ သုံးယောက်တို့တွင်၊ ဧကော–တစ်ယောက်သော ရန်သူသည်၊ (တစ်ယောက် သော ရန်သူက၊) ဧဝံ–သို့၊ ဝဒေယျ–ပြောဆိုရာ၏၊ (ကိံ၊) တေ–အဲဒီ

အကောင်ကို၊ နီဟရိတွာ–အိမ်မှ ထုတ်ဆောင်၍၊ အဋ္ဌဝိပ္ပဝေသနံ–တောအုပ်သို့ ဝင်လာစေခြင်းသည်၊ (သွင်းခဲ့ခြင်းသည်၊) မယှံဘာရော–ငါ့တာဝန်သည်၊ ဟောတု–ဖြစ်စေ၊ ဣတိ, ဝဒေယျ–၏၊ ဒုတိယော–ဒုတိယ ရန်သူသည်၊ (ဝဒေယျ၊) ကိံ အဋ္ဌဝိဂတကာလေ–တောအုပ်သို့ ရောက်ရာအခါ၌၊ ပေါထေတွာ–ပုတ်ခတ်၍၊ ပထဝိယံ–မြေ၌၊ ပါတနံ–ကျစေခြင်းသည်၊ မယှံဘာရော–ငါ့တာဝန်သည်၊ (ဟောတု၊) ဣတိ (ဝဒေယျ၊) တတိယော–တတိယ ရန်သူသည်၊ (ဝဒေယျ၊ ကိံ) ပထဝိဂတ ကာလတော–မြေသို့ ရောက်ရာအခါမှ၊ ပဋ္ဌာယ–၍၊ အသိနာ–သန်လျက်ဖြင့်၊ သီသစ္ဆေဒနံ–ဦးခေါင်းကို ဖြတ်ခြင်းသည်၊ မယှံဘာရော–(ဟောတု၊) ဣတိ (ဝဒေယျ၊) ဣမေ ဇာတိ အာဒယော–ဤ ဇာတိအစရှိသော တရားသုံးပါးတို့သည်၊ ဝေရူပါ–ဤသို့ သဘောရှိကုန်၏။

ဟိ–ချဲ့၊ ဧတ္ထ–ဤဇာတိ အစရှိသည်တို့တွင်၊ ဇာတိ–ဇာတိသည်၊ နီဟရိတွာ–အိမ်မှ ထုတ်ဆောင်၍၊ အဋ္ဌဝိပ္ပဝေသပစ္စာမိတ္တသဒိသာ–တောအုပ်သို့ သွင်းလာသော ရန်သူနှင့်တူ၏၊ (ကသ္မာ၊) တသ္မိံ တသ္မိံ ဌာနေ–ထိုထို အရပ်၌၊ နိဗ္ဗတ္တာပနတော–ဖြစ်စေနိုင်ခြင်းကြောင့်တည်း၊ ဇရာ–သည်၊ အဋ္ဌဝိဂတံ–တောအုပ်သို့ ရောက်သူကို၊ ပေါထေတွာ–ပုတ်ခတ်၍၊ ပထဝိယံ–၌၊ ပါတနပစ္စာမိတ္တသဒိသာ–ကျစေသော ရန်သူနှင့်တူ၏၊ (ကသ္မာ၊) နိဗ္ဗတ္တက္ခန္ဓာနံ–ဖြစ်သောခန္ဓာတို့၏၊ ဒုဗ္ဗလ ၊ပေ၊ ကရဏတော–အားမရှိကုန်သည်၏အဖြစ်, သူတစ်ပါး၏ စပ်ဆိုင်ကုန်သည်၏အဖြစ်, အိပ်ရာညောင်စောင်းလျှင် လည်းလျောင်းရာ ရှိကုန်သည်၏ အဖြစ်ကို ပြုခြင်းကြောင့်တည်း၊ [အိပ်ရာမှ ထူပေးရခြင်း, ထမင်းခွံ့ပေးရခြင်း စသည်တို့ကို "ပရာဓိန"ဟု ဆိုသည်၊] မရဏံ–မရဏသည်၊ ပထဝိဂတဿ–မြေသို့ ရောက်သူ၏၊ အသိနာ–ဖြင့်၊ သီသစ္ဆေဒကပစ္စာမိတ္တသဒိသံ–ဦးခေါင်းကို ဖြတ်တတ်သော ရန်သူနှင့်တူ၏၊ (ကသ္မာ၊) ဇရာပတ္တာနံ–ဇရာသို့ရောက်ကုန်သော၊ ခန္ဓာနံ–ခန္ဓာတို့၏၊ ဇီဝိတက္ခယပါပနတော–အသက်၏ကုန်ခြင်းသို့ ရောက်စေခြင်းကြောင့်တည်း၊ ဣတိ–ဤသို့ မှတ်အပ်၏။

၆၄၅။ ။ကဗဠီကာရဟာရနိဒ္ဒေသေ–၌၊ (အတ္ထော ဇဝံ ဝေဒိတဗ္ဗော၊) ယော–အကြင် အာဟာရကို၊ ကဗဠံ–အလုပ် အလွေးကို၊ ကရိယတိ–ပြုအပ်၏၊ ဣတိ–ကြောင့်၊ (သော–ထို အာဟာရသည်၊) ကဗဠီကာရော–မည်၏၊ အာဟာရိယတိ–ခံတွင်းသို့ ရှေးရှုဆောင်အပ်၏၊ (စားမျိုအပ်၏၊) ဣတိ, အာဟာရော–မည်၏၊ ကဗဠံ–အလုပ် အလွေးကို၊ ကတွာ–ပြု၍၊ အဇ္ဈောဟရိယတိ–ရှေးရှုဆောင်အပ်၏၊ (စားမျိုအပ်၏၊) ဣတိ အတ္ထော၊ ရူပံ–ဩဇာဋ္ဌမကရုပ်ကို၊ အာဟရတိ–ဆောင်တတ်၏၊ ဣတိပိ–လည်း၊ အာဟာရော–၏၊ ဇဝံ–ဤသို့လျှင်၊ ဝတ္ထုဝသေန–အာဟာရ၏တည်ရာ ဩဒနစသောဝတ္ထုနှင့် စပ်သဖြင့်၊ နာမံ–အာဟာရဟူသော အမည်ကို၊ ဥဒ္ဓရိတွာ–ထုတ်ဆောင်တော်မူပြီး၍၊

ပုန, ဝတ္ထုဝသေနေဝ–ဖြင့်ပင်၊ ဇော–ဤ အာဟာရရုပ်ကို၊ ပဘေဒတော–အပြားအားဖြင့်၊ ဒဿေတုံ–ငှာ၊ ဩဒနော ကုမ္မာသောတိအာဒိ–အစရှိသော စကားရပ်ကို၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ ဟိ–ချဲ့၊ ဩဒနာဒီနိ–ဩဒန အစရှိကုန်သော၊ ဖာဏိတပရိယန္တာနိ–ဖာဏိတအဆုံးရှိကုန်သော၊ ဒွါဒသ–တစ်ဆယ့်နှစ်ပါးသော ဝတ္ထုတို့သည်၊ ဣဓ–ဤအာဟာရရုပ်အရာ၌၊ အဓိပ္ပေတဿ–အလိုရှိအပ်သော၊ အာဟာရဿ–၏၊ ဝတ္ထုနိ–တည်ရာတို့တည်း၊ ပါဠိယံ–တော်၌၊ အနာဂတာနိ–မလာကုန်သော၊ မူလဖလာဒီနိ–အမြစ် အသီး အစရှိသည်တို့သည်၊ ယေဝါ ပနကံ–ယေဝါ ပနက အာဟာရသို့၊ ပဝိဋ္ဌာနိ–ဝင်ကုန်ပြီ၊ ["ယံဝါ ပနညမ္ပိ အတ္ထိ"စသော ပါဠိတော်စကားကို၊ "ယေဝါ ပနက"ဟု နာမည်တပ်ထားသည်။

ဣဒါနိ–၌၊ တာနိ မူလဖလာဒီနိ–ထို မူလဖလ အစရှိသည်တို့ကို၊ ကတ္တဗ္ဗတော–ခံတွင်းဖြင့် စားမှုအစရှိသည်ကို ပြုထိုက်သည်၏အဖြစ်အားဖြင့်၊ [ပိုကာ၌ "ကတ္တဗ္ဗ သဘာဝတော"ဟု ဖွင့်၏၊ ကတ္တဗ္ဗ၌ ဘာဝပ္ပစ္စယ ကြံစေလိုသည်၊] ဒဿေတုံ, ယမ္ပိ ယမ္ပိ ဇနပဒေတိ အာဒိံ–အစရှိသောစကားရပ်ကို၊ (ဘဂဝါ) အာဟ၊ တတ္ထ–ထိုယမ္ပိယမ္ပိ ဇနပဒေ အစရှိသောစကားရပ်၌၊ မုခေန–ခံတွင်းဖြင့်၊ အသိတဗ္ဗံ ဘုဉ္ဇိတဗ္ဗံ–စားထိုက်၏၊ ဣတိ–ကြောင့်၊ မုခါသိယံ–မည်၏၊ [အသိတဗ္ဗံတိ အာသိယံ၊ အသဓာတ်, ဏျပစ္စည်း, ဣလာ၊ မုခေန+အာသိယံ မုခါသိယံ၊] ဒန္တေဟိ–သွားတို့ဖြင့်၊ ဝိခါဒိတဗ္ဗံ–ခဲစားထိုက်၏၊ ဣတိ၊ ဒန္တဝိခါဒနံ–မည်၏၊ [ဝိခါဒိတဗ္ဗန္တိ ဝိခါဒနံ၊ ဒန္တေဟိ+ဝိခါဒနံ ဒန္တဝိခါဒနံ၊ "ဝိခါယိတဗ္ဗံ"ဟုလည်း ရှိ၏၊ စားခြင်းအနက်ဟော ခဓာတ်မှ ဧကို အာယ ပြု၊] ဂလေန–လည်မျိုဖြင့်၊ အဇ္ဈောဟရိတဗ္ဗံ–ရေးရှုဆောင်ထိုက်၏၊ ဝါ–

**ဇဝံ ဝတ္ထုဝသေန နာမံ။** ။အာဟာရရုပ်ဟူသည် ထမင်းစသည်တို့၌ပါသော ဩဇာတည်း၊ ထိုဩဇာကို ထမင်းကဲ့သို့အလုတ်ပြု၍ မလွေးနိုင်, မစားနိုင်၊ ဩဇာ၏ တည်ရာဝတ္ထုဖြစ်သော ထမင်းစသည်ကိုသာ အလုတ်ပြု၍ လွေးနိုင်, စားနိုင်သည်၊ ထို့ကြောင့် "ကဗဠီကာရော အာဟာရော"ဟူသောပါဠိဖြင့် ဩဇာကို တိုက်ရိုက်မပြဘဲ ဩဇာ၏တည်ရာဝတ္ထုကို ထုတ်ပြသည်ဟု ဆိုသည်၊ ဤသို့ ဝတ္ထုနှင့်စပ်သဖြင့် ဆိုထားသည်ဟု အဋ္ဌကထာ၌မိန့်သောကြောင့် "အာဟာရ"အရ ဩဇာကို ဌာနျူပစာရအားဖြင့် ကောက်ယူကြရသည်။

**မှတ်ချက်။** ။ကဗဠီကာရောဝယ် "ကရီယတေတိ ကာရော၊ ကဗဠော+ကာရော ကဗဠကာရော"ဟု ဆိုလိုလျက် ဤပစ္စည်း, တစ်နည်း–စ အနုဗန်ရှိသော ဳပစ္စည်း သက်ထားသည်၊ ထို ပစ္စည်းသည် ဤနေရာ၌ အဗ္ဘူတတဗ္ဘာဝအနက်ဟော မဟုတ်၊ တပ္ပာကဋီကရဏပုဒ်ကဲ့သို့ သွတ္ထ၌သက်သော ပစ္စည်းသာတည်း၊ သို့သော် ရှေးနိဿယ၌ အဗ္ဘူတတဗ္ဘာဝအနက်ဟု ဆိုလေသည်၊ [အဗ္ဘူတတဗ္ဘာဝ အနက် အဓိပ္ပာယ်ကို ရူပသိဒ္ဓိဘာသာဋီကာ အဗျယီဘာဝသမာသ်ခန်း၌ ရှုပါ။

စားမျိုးထိုက်၏၊ ဣတိ, ဂလဇ္ဈောကရဏီယံ–မည်၏၊ ဣဒါနိ, တံ–ထို အာဟာရကို၊ ကိစ္စဝသေန–ဖြင့်၊ ဒဿေတုံ ကုစ္ဆိဝိတ္ထမ္ဘနန္တိ–ဟူ၍၊ အာဟ၊ ဟိ–မှန်၊ မူလဖလာဒီနိ–အမြစ် အသီး အစရှိသည်မှုလည်းဖြစ်သော၊ သြဒနကုမ္မာသာဒိဝါ–ထမင်း, တစ်ဝက်ကျက်မုံ့ အစရှိသည်မှုလည်းဖြစ်သော၊ [“ကုမ္မာသ–မုယောမုံ့”ဟု ပေးရိုးရှိ၏၊] တံ–ထို အာဟာရသည်၊ အဇ္ဈောဟဋ္ဌ–ခံတွင်းသို့ ရေးရှုဆောင်အပ်ပြီးသည်၊ ဝါ–စားမျိုးအပ်ပြီးသည်၊ (သမာနံ–သော၊) ကုစ္ဆိံ–ဝမ်းကို၊ ဝိတ္ထမ္ဘေတိ–တောင့်တင်းစေနိုင်၏၊ [ထို့ကြောင့် “ထမင်းစားလိုက်ရလို့ ဝမ်းတောင့်သွားသည်”ဟု ပြောကြသည်၊] ဣဒံ–ဤဝမ်းကို တောင့်စေခြင်းသည်၊ အဿ–ထို အာဟာရ၏၊ ကိစ္စံ–ကိစ္စတည်း၊ ယာဝယ ၊ပေ၊ ယာပေန္တီတိ–ကား၊ ဟေဋ္ဌာ–၌၊ သဗ္ဗပဒေဟိ–အလုံးစုံသော သြဒနောကုမ္မာသော အစရှိသောပုဒ်တို့ဖြင့်၊ သဝတ္ထုကံ–တည်ရာဝတ္ထုနှင့် တကွဖြစ်သော၊ အာဟာရံ–အာဟာရဟူသော သြဇာကို၊ ဒဿေတွာ–ပြတော်မူပြီး၍၊ ဣဒါနိ, နိဗ္ဗဋ္ဋိတသြဇမေဝ–တည်ရာဝတ္ထုမှ နှစ်စေအပ်သော သြဇာကိုသာ၊ (အစာမှ သီးခြားထုတ်အပ်သော သြဇာကိုသာ၊) ဒဿေတုံ၊ ဣဒံ–ဤယာဝယ သြဇာယ သတ္တာ ယာပေန္တိ ဟူသော စကားကို၊ (ဘဂဝတာ) ဝုတ္တံ–ပြီ။

ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ ဧတ္ထ–ဤ ဝတ္ထုသြဇာတို့တွင်၊ ဝတ္ထုသြဇာ–သြဒနစသော ဝတ္ထု၏၊ ကိစ္စံ–ကိစ္စသည်၊ ကိံ–အဘယ်နည်း၊ သြဇာယ–သြဇာ၏၊ (ကိစ္စံ–သည်၊) ကိံ–နည်း?၊ (ဣတိ–ဤကား အမေးတည်း၊) ပရိဿယဟရဏပါလနာနိ–ဘေးရန်ကို ပယ်ရှားခြင်း, စောင့်ရှောက်ခြင်းတို့သည်၊ (ကိစ္စာနိ–အစဉ်အတိုင်းသော ကိစ္စတို့တည်း၊) ဟိ–ချဲ့၊ ဝတ္ထု–သြဒနစသောဝတ္ထုသည်၊ ပရိဿယံ–ဘေးရန်ကို၊ ဟရတိ–ပယ်ရှားနိုင်၏၊ ပါလေတုံ–စောင့်ရှောက်ခြင်းငှာ၊ န သက္ကောတိ–မစွမ်းနိုင်၊ သြဇာ–သြဇာသည်၊ ပါလေတိ–စောင့်ရှောက်နိုင်၏၊ ပရိဿယံ–ကို၊ ဟရိတုံ–ငှာ၊ န သက္ကောတိ–နိုင်၊ ဒွေပိ–နှစ်ပါးသောဝတ္ထု သြဇာတို့သည်လည်း၊ ဧကတော–တစ်ပေါင်းတည်း၊ ဟုတွာ–၍၊ ပါလေတုံ ပိ–စောင့်ရှောက်ခြင်းငှာလည်းကောင်း၊ ပရိဿယံ–ဘေးရန်ကို၊ ဟရိတုံပိ–ပယ်ရှားခြင်းလည်းကောင်း၊ သက္ကောန္တိ–ကုန်၏၊ ပန–ပရိဟာရပက္ခမှ တစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ သေ (သော) ပရိဿယောနာမ–ဤ ဘေးရန်မည်သည်၊ ကော–အဘယ်နည်း?၊ (ဣတိ–တည်း၊) ကမ္မဇတေဇော–ကံကြောင့်ဖြစ်သော တေဇောဓာတ်တည်း၊ (ဝမ်းမီးကို ဆိုသည်၊) ဟိ–ချဲ့၊ အန္တောကုစ္ဆိယံ–ဝမ်းတွင်း၌၊ သြဒနာဒိဝတ္ထုသ္မိံ–ထမင်းအစရှိသော ဝတ္ထုသည်၊ အသတိ–သော်၊ ကမ္မဇတေဇော–ကံကြောင့်ဖြစ်သော တေဇောဓာတ်သည်၊ (ဝမ်းမီးသည်၊) ဥဋ္ဌဟိတွာ–ထ၍၊ ဥဒရပဋလံ–ဝမ်းလွှာကို (ဝမ်းရေကို၊) ဂဏှာတိ–ယူ၏၊ (ပူလောင်၏၊) (အဟံ–ငါသည်၊) ဆာတော–ဆာသည်၊ အမှိ–ဖြစ်၏၊ မေ–အား၊ အာဟာရံ–အစာကို၊ ဒေထ–ပေးကြကုန်၊ ဣတိ–သို့၊ ဝဒါပေတိ–ပြောဆိုစေ၏၊

ဘုတ္တကာလေ–စားအပ်ပြီးရာအခါ၌၊ ဥဒရပဋ္ဋလံ–ကို၊ မုဉ္စိတွာ–လွှတ်၍၊ ဝတ္ထုံ–ထမင်းစသောဝတ္ထုကို၊ ဂဏှာတိ၊ အထ–ထို အခါ၌၊ သတ္တော–သတ္တဝါသည်၊ ဧကဂ္ဂေါ–တစ်ခုတည်းသော အာရုံရှိသည်၊ (တည်ကြည်သည်၊) ဟောတိ။

ဟိ–ဥပမာဆောင် ထင်အောင်ပြဦးအံ့၊ ဆာယာရက္ခသော–ဆာယာရက္ခိုသ်သည်၊ (မိမိ၏သစ်ပင်ရိပ်သို့ ဝင်လာသူကို စောင့်ရှောက်၍စားတတ်သော ဘီးလူးသည်၊) [ရက္ခိတွာ အသတိ ဘက္ခတီတိ ရက္ခသော၊ ဆာယာယ+ရက္ခသော၊] ဆာယံ–အရိပ်သို့၊ ပဝိဋ္ဌံ–ဝင်လာသူကို၊ ဂဟေတွာ–ဖမ်းယူ၍၊ ဒေဝသင်္ခလိကာယ–နတ်သံခြေကျဉ်းဖြင့်၊ ဗန္ဓိတွာ–ဖွဲ့၍၊ အတ္တနော–၏၊ ဘဝနေ–ဗိမာန်၌၊ မောဒန္တော–ဝမ်းမြောက်လျက်၊ (ဖမ်းထားအပ်သူကို ဝမ်းမြောက်စေသည် မဟုတ်၊ စားစရာရနေသည်ဖြစ်၍ မိမိကိုယ်တိုင် ဝမ်းမြောက်လျက်၊) ဆာတကာလေ–ဆာသူ၏အခါ၌၊ (ဆာရာအခါ၌၊) အာဂန္တွာ–လာ၍၊ သီသေ–ဦးခေါင်း၌၊ ဍံသတိ–ကိုက်၏၊ သော–ထို ဖမ်းထားအပ်သူသည်၊ ဍဋ္ဌတ္တာ–ကိုက်အပ်သည်၏အဖြစ်ကြောင့်၊ ဝိရဝတိ–မြည်တမ်း၏၊ တံ ရဝံ (တံ ဝိရဝံ)–ထို မြည်တမ်းသံကို၊ သုတွာ–ကြားရ၍၊ ဧတ္ထ–ဤ အရပ်၌၊ ဒုက္ခပ္ပတ္တော–ဆင်းရဲသို့ ရောက်နေသူသည်၊ အတ္ထိ–ရှိ၏၊ ကုတိ–ဤသို့ ကြံ၍၊ တတောတတော–လိုထိုအရပ်မှ၊ မနုဿာ–လူတို့သည်၊ အာဂစ္ဆန္တိ–ပြေးလာကြကုန်၏၊ သော–ထို ဆာယာရက္ခိုသ် သည်၊ အာဂတာဂတေ–လာကုန်လာကုန်သော လူတို့ကို၊ ဂဟေတွာ–ဖမ်းယူ၍၊ ခါဒိတွာ–ခဲစား၍၊ ဘဝနေ–၌၊ မောဒတိယထာ–ဝမ်းမြောက်သကဲ့သို့၊ ဧဝံ–တူ၊ ဣဒံသမ္ပဒံ–ဤ မချွတ်မယွင်း ပြီးစီးခြင်းရှိသော ဥပမေယျကို၊ ဝေဒိတဗ္ဗံ–၏။

ဟိ–ဥပမာန ဥပမေယျရှောနှော၍ ပြဦးအံ့၊ ဆာယာရက္ခသော–ဆာယာရက္ခိုသ်ကို၊ (ဝေဒိတဗ္ဗော) ဝိယ–ကဲ့သို့၊ (တထာ) ကမ္မဇတေဇော–ကို၊ (ဝေဒိတဗ္ဗော၊) ဒေဝသင်္ခလိကာယ–ဖြင့်၊ ဗန္ဓိတွာ–၍၊ ဌပိတသတ္တော–ထားအပ်သော သတ္တဝါကို၊ (ဝေဒိတဗ္ဗော) ဝိယ၊ (တထာ) ဥဒရပဋ္ဋလံ–ကို၊ (ဝေဒိတဗ္ဗံ၊) ပုန–တစ်ဖန်၊ အာဂတမနုဿာ–ရောက်လာသော လူတို့ကို၊ (ဝေဒိတဗ္ဗာ) ဝိယ၊ (တထာ၊) သြဒနာဒိဝတ္ထု–ကို၊ (ဝေဒိတဗ္ဗံ၊) သြတရိတွာ–သက်ဆင်း၍၊ (ဖမ်းထားအပ်သူတို့ လှောင်ထားရာအချုပ်တွင်းသို့ သက်ဆင်း၍၊) သီသေ–၌၊ ဍံသနံ–ကိုက်ခြင်းကို၊ (ဝေဒိတဗ္ဗံ) ဝိယ၊ (တထာ) ကမ္မဇတေဇဿ–၏၊ ဝတ္ထုတော–သြဒန စသောဝတ္ထုမှ၊ မုတ္တဿ–လွှတ်ပြီးသည်ဖြစ်၍၊ ဥဒရပဋ္ဋလဂ္ဂဟဏံ–ဝမ်းအလွှာကိုယူခြင်းကို၊ (ဝေဒိတဗ္ဗံ) ဍဋ္ဌဿ–ကိုက်အပ်သောလူ၏၊ ဝိရဝဏကာလော–မြည်တမ်းရာအခါကို၊ (ဝေဒိတဗ္ဗော) ဝိယ၊ (တထာ) အာဟာရံ–ကို၊ ဒေထ–ပေးကြကုန်၊ ဣတိ–သို့၊ ဝစနကာလော–ပြောဆိုရာအခါကို၊ (ဝေဒိတဗ္ဗော၊) တာယ သညာယ–ထို အမှတ်အသားဖြင့်၊ အာဂတာဂတေ–

လာကုန်လာကုန်သော လူတို့ကို၊ ဂဟေတွာ, ခါဒိတွာ, ဘ၀နေ–၌၊ မောဒန ကာလော–၀မ်းမြောက်ရာအခါကို၊ (ဝေဒိတဗ္ဗော) ဝိယ၊ (တထာ) ကမ္မဇတေဇေန–သည်၊ ဥဒရပဋလံ–ကို၊ မုဉ္စိတွာ–လွှတ်၍၊ ဝတ္ထုသို့–ဩဒနစသောဝတ္ထုကို၊ ဂဟိတေ–ယူအပ်ပြီးသော်၊ ဧကဂ္ဂစိတ္တတာ–တစ်ခုတည်းသော အာရုံရှိသော စိတ်ရှိသူ၏အဖြစ်ကို၊ (တည်ကြည်သော စိတ်ရှိသူ၏အဖြစ်ကို၊ ဝေဒိတဗ္ဗာ။)

တတ္ထ–ထို ဝတ္ထုတို့တွင်၊ ဩဠာရိကေ–ကြမ်းတမ်းသော၊ ဝတ္ထုသို့– ဩဒနစသော ဝတ္ထု၌၊ ဩဇာ–ဩဇာသည်၊ မန္ဒာ–ညံ့သည်၊ ဟောတိ၊ [ကလာပ်တစ်ခု၌ ဩဇာတစ်ခုစီပါရကား နည်းသည်မဟုတ်၊ ဩဇာ၏သတ္တိ ညံ့ခြင်းသာတည်း။] သုခုမေ–သိမ်မွေ့သော၊ (ဝတ္ထုသို့ဩဇာ), ဗလဝတီ– အားရှိသည်၊ (ဟောတိ၊) [အောက်အရပ်က ငကြွဲဆန်နှင့်, အညာက ငစိန်ဆန်တို့ ဩဇာချင်း အညံ့အထက် ကွာပုံမျိုးတည်း။] ဟိ–ချဲ့၊ ကုဒြူသကဘတ္တာဒီနိ– လူးထမင်း အစရှိသည်တို့ကို၊ ဘုဉ္စိတွာ–စားပြီး၍၊ မုဟုတ္တေနေဝ–တစ်မုဟုတ် ဖြင့်သာ၊ ဆာတော–ဆာသည်၊ ဟောတိ၊ သပ္ပိအာဒီနိ–ထောပတ် အစရှိသည် တို့ကို၊ ပိဝိတွာ–သောက်ပြီး၍၊ ဌိတဿ–တည်သူအား၊ ဒိဝသမ္ပိ–တစ်နေ့ပတ်လုံး လည်း၊ ဘတ္တံ–ထမင်းသည်၊ န ရုစ္စတိ–မနှစ်သက်၊ (မဆာ၊) [ထို့ကြောင့် ဝမ်းမီးညံ့သူတို့က “ထောပတ်ထမင်းကိုစားလျှင် အစာကြေခဲသည်” ဟု ပြော ကြသည်။] စ–ဆက်၊ ဧတ္ထ–ဤအာဟာရအရာ၌၊ ဥပါဒါယုပါဒါယ–ကပ်ယူ၍, ကပ်ယူ၍၊ (ထောက်စာ၍, ထောက်စာ၍၊) ဩဠာရိက သုခုမတာ–ကြမ်းတမ်း သည်၏အဖြစ်, သိမ်မွေ့သည်၏အဖြစ်ကို၊ ဝေဒိတဗ္ဗာ–၏။

ဟိ–ချဲ့၊ ကုမ္ဘီလာနံ–မိကျောင်းတို့၏၊ အာဟာရံ–အာဟာရကို၊ ဥပါဒါယ– ကပ်ယူ၍၊ (ထောက်စာ၍၊) မောရာနံ–ဥဒေါင်းတို့၏၊ အာဟာရော–သည်၊ သုခုမော–သိမ်မွေ့၏၊ ကုမ္ဘီလာ–တို့သည်၊ ပါသာဏေ–ကျောက်ခဲတို့ကို၊ ဂိလန္တိ ကိရ–မျိုကြကုန်သတတ်၊ တေစ–ထို ကျောက်ခဲတို့သည်လည်း၊ နေသံ–ထို မိကျောင်းတို့၏၊ ကုစ္ဆိပ္ပတ္တာ–ဝမ်းသို့ရောက်ကုန်သည်၊ (သမာနာ–ဖြစ်ကုန် လသော်၊) ဝိလီယန္တိ–ကြေမွကုန်၏၊ မောရာ–တို့သည်၊ သပ္ပဝိစ္ဆိကာဒိပါဏေ– မြွေ, ကင်းမြီးကောက် အစရှိသောသတ္တဝါတို့ကို၊ ခါဒန္တိ–ခဲစားကြကုန်၏၊ ပန– ဆက်၊ မောရာနံ–တို့၏၊ အာဟာရံ–ကို၊ ဥပါဒါယ–၍၊ တရစ္ဆာနံ–အောင်း တို့၏၊ အာဟာရော သုခုမော၊ တေ–ထို အောင်းတို့သည်၊ တိဝဿဆဍ္ဍိတာနိ– စွန့်ပစ်အပ်ကုန်သည်ဖြစ်၍ သုံးနှစ်ရှိကုန်သော၊ ဝိသာဏာနိစေဝ–သားချိုတို့ကို လည်းကောင်း၊ အဋ္ဌီနိစ–အရိုးတို့ကိုလည်းကောင်း၊ ခါဒန္တိကိရ–န်သတတ်၊ တာနိ စ–ထို သားချိုအရိုးတို့သည်လည်း၊ နေသံ–ထို အောင်းတို့၏၊ ခေဠေန–တံတွေး ဖြင့်၊ တေမိတမတ္တာနိ–စိုစေအပ်ကာမျှတို့သည်၊ (သမာနာနိ) ဝေ–ဖြစ်ကုန် သော်သာ၊ ကန္ဒမူလံ ဝိယ–ကြွာစွယ် ကြာရင်းကဲ့သို့၊ မုဒုကာနိ–နူးညံ့ကုန်သည်၊

ဟောန္တိ၊ [မြွေ, ကင်းမြီးကောက်တို့ထက် ဦးချို အရိုးတို့က ဩဠာရိကဖြစ်သည်ဟု ထင်ရသော်လည်း မြွေ, ကင်းမြီးကောက်တို့မှာ အဆိပ်ပါသည့်အတွက် ထို အဆိပ်ကို ကြေအောင်ချေပို့ရန် ခက်သောကြောင့် မြွေ, ကင်းမြီးကောက်တို့ ကသာ ဩဠာရိကဖြစ်၍ သားချို အရိုးတို့မှာ ကျောက်ခဲတို့ကဲ့သို့လည်း မခက်မာ, အဆိပ်လည်းမပါသောကြောင့် သုခုမဖြစ်ရသည်၊ (ဋီကာ။)

တရစ္ဆာနံ ပိ–အောင်းတို့၏လည်း၊ အာဟာရံ, ဥပါဒါယ, ဟတ္ထီနံ–ဆင်တို့၏၊ အာဟာရော, သုခုမော–၏၊ ဟိ–မှန်၊ တေ–ထို ဆင်တို့သည်၊ နာနာရုက္ခသာခါ ဒယော–အမျိုးမျိုးသောသစ်ခက် အစရှိသည်တို့ကို၊ ခါဒန္တိ၊ ဟတ္ထီနံ–တို့၏၊ အာဟာရတော–ထက်၊ ဂဝယဂေါကဏ္ဏမိဂါဒီနံ–နွားနောက်သတ္တဝါ, စိုင်သတ္တ ဝါ, သမင်သတ္တဝါ အစရှိသည်တို့၏၊ အာဟာရော, သုခုမော–၏၊ [ဂဝယ၏ အဓိပ္ပာယ်ကို ကစ္စည်းဘာသာဋီကာ "ဒေါဃေသစ"သုတ်၌လည်းကောင်း, အဘိဓာန်နိဿယသစ်၌ ဖ၆၆ ၌လည်းကောင်း ရှုပါ၊] တေ–ထို နွားနောက် အစရှိသော သတ္တဝါတို့သည်၊ နိဿာရာနိ–အနှစ်မရှိကုန်သော၊ နာနာရုက္ခ ပဏ္ဏာဒီနိ–အမျိုးမျိုးသောသစ်ရွက် အစရှိသည်တို့ကို၊ ခါဒန္တိကိရ–န်သတတ်၊ တေသံပိ–ထို နွားနောက်အစရှိသော သတ္တဝါတို့၏လည်း၊ အာဟာရတော– ထက်၊ ဂုန္နံ–တို့၏၊ အာဟာရော, သုခုမော၊ တေ–ထို နွားတို့သည်၊ အလ္လ သုက္ခတိဏာနိ–စိုသောမြက်, ခြောက်သောမြက်တို့ကို၊ ခါဒန္တိ၊ တေသံပိ–ထို နွားတို့၏လည်း၊ အာဟာရတော–ထက်၊ သသာနံ–ယုန်တို့၏၊ အာဟာရော, သုခုမော၊ သသာနံ–တို့၏၊ အာဟာရတော–ထက်၊ သကုဏာနံ–ငှက်တို့၏၊ အာဟာရော, သုခုမော၊ သကုဏာနံ အာဟာရတော, ပစ္စန္တဂါမဝါသီနံ–မြို့၏ အစွန်အဖျား ရွာ၌နေသူတို့၏၊ (ကျေးတောသားတို့၏၊) အာဟာရော, သုခုမော၊ ပစ္စန္တဂါမဝါသီနံ အာဟာရတော–ထက်၊ ဂါမဘောဇကာနံ–ရွာစားတို့၏၊ အာဟာရော, သုခုမော၊ ဂါမဘောဇကာနံ အာဟာရတော, ရာဇရာဇမဟာ မတ္တာနံ–မင်း, မင်းအမတ်ကြီးတို့၏၊ အာဟာရော, သုခုမော၊ တေသံ ပိ–ထို မင်း, မင်းအမတ်ကြီးတို့၏လည်း၊ အာဟာရတော–ထက်၊ စက္ကဝတ္တိနော– စကြာမင်း၏၊ အာဟာရော, သုခုမော၊ စက္ကဝတ္တိနော အာဟာရတော, ဘုမ္မ ဒေဝါနံ–ဘုမ္မဇိုဝ်းနတ်တို့၏၊ အာဟာရော, သုခုမော၊ ဘုမ္မဒေဝါနံ–တို့၏၊ အာဟာရတော–ထက်၊ စတုမဟာရာဇိကာနံ–စတုမဟာရာဇ်တို့၏၊ အာဟာရော သုခုမော၊ ဧဝံ–ဤသို့လျှင်၊ ပရနိမ္မိတဝသဝတ္တီနံ–ပရနိမ္မိတဝသဝတ္တိနတ်တို့၏၊ ယာဝ အာဟာရာ–အာဟာရတိုင်အောင်၊ ဝိတ္ထာရေတဗ္ဗာ–ချဲ့ထိုက်ကုန်၏၊ ပန– ဆက်၊ နေသံ–ထို ပရနိမ္မိတဝသဝတ္တိနတ်တို့၏၊ အာဟာရော–သည်၊ သုခုမော တွေဝ–ကေန် သိမ်မွေ့၏ဟူ၍သာ၊ နိဋ္ဌံ–အပြီးအဆုံးသို့၊ ပတ္တော–ရောက်ပြီ၊ [ဗြဟ္မာများကား အာဟာရကို မစားသောကြောင့် ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အာဟာရကို "နိဋ္ဌံ ပတ္တော"ဟု ဆိုသည်။]

လက္ခဏာဒီတောပိ–အားဖြင့်လည်း၊ ကဗဠီကာရော အာဟာရော–ကဗဠီကာရဟာရသည်၊ ဩဇာလက္ခဏော–ဩဇာရုပ်ဟူသော မှတ်ကြောင်းလက္ခဏာရှိ၏၊ ရူပါဟရဏရသော–ဩဇာဋ္ဌမကရုပ်ကို ဆောင်ခြင်းကိစ္စရှိ၏၊ ဥပတ္ထမ္ဘနပစ္စုပဋ္ဌာနော–ထောက်ပံ့တတ်သောတရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏၊ ကဗဠံ–အလုတ်အလွေးကို၊ ကတွာ–၍၊ အာဟာရိတဗ္ဗဝတ္ထု ပဒဋ္ဌာနော–စားမျိုထိုက်သော ဩဒနစသောဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏၊ ဣတိ–သို့၊ ဝေဒိတဗ္ဗော–၏။

၆၄၆။ ။နောပါဒါနိဒ္ဒေသေ–၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) ဥပါဒါရူပံ–ဥပါဒါရုပ်သည်၊ ဥပါဒိယတေဝ ယထာ–မှီရုံသာ မှီတတ်သကဲ့သို့၊ အညေန–အခြားရုပ်သည်၊ န ဥပါဒိယတိ ယထာ–မမှီအပ်သကဲ့သို့၊ ဧဝံ–တူ၊ ဧတံ–ဤ နောပါဒါရုပ်သည်၊ န ဥပါဒိယတေဝ–မှီရုံသာ မှီတတ်သည် မဟုတ်၊ ဣတိ–ကြောင့်၊ နောပါဒါ–မည်၏။

၆၄၇။ ။(ယံ ရူပံ–အကြင် ရုပ်ကို၊) ဖုသိတဗ္ဗံ–ထိထိုက်၏၊ ဣတိ–ကြောင့်၊ (တံ ရူပံ–သည်၊) ဖောဋ္ဌဗ္ဗံ–မည်၏၊ ဖုသိတွာ–ထိ၍၊ ဇာနိတဗ္ဗံ–သိထိုက်သော ရုပ်တည်း၊ ဣတိ အတ္ထော၊ ဖောဋ္ဌဗ္ဗဉ္စ–ထိအပ်သော ရုပ်လည်း ဟုတ်၏၊ တံ–ထို ထိအပ်သော ရုပ်ဟူသည်၊ အာယတနဉ္စ–အာယတနလည်း ဟုတ်၏၊ ဣတိ–ကြောင့်၊ ဖောဋ္ဌဗ္ဗာယတနံ–၏၊ အာပေါ စ–အာပေါလည်း ဟုတ်၏၊ တံ–ထို အာပေါဟူသည်၊ နိဿတ္တနိဇ္ဇီဝသဘာဝဋ္ဌေန–သတ္တဝါ မဟုတ်သည်၏အဖြစ်, အတ္တမှကင်းဆိတ်သည်၏အဖြစ်, သဘော၏အဖြစ် ဟူသော အနက်ကြောင့်၊ ဓာတု စ–ဓာတ်လည်း ဟုတ်၏၊ ဣတိ–ကြောင့်၊ အာပေါဓာတု–မည်၏၊ ဣဒါနိ–၌၊ ယသ္မာ, တီဏိ–န်သော၊ ရူပါနိ–ရုပ်တို့ကို၊ (ပထဝီ တေဇော ဝါယောတို့ကို၊) ဖုသိတွာ–ထိ၍၊ ဇာနိတဗ္ဗာနိ–သိထိုက်ကုန်၏၊ တသ္မာ, တာနိ–ထို သုံးပါးသော ရုပ်တို့ကို၊ ဘာဇေတွာ–ဝေဖန်တော်မူသည်၊ ဒဿေတုံ–ပြတော်မူခြင်းငှာ၊ ကတမံ ။ပေ။ ပထဝီ ဓာတူတိ အာဒိ–အစရှိသော ပါဠိရုပ်ကို၊ (ဘဂဝါ) အာဟ။

---

နော ပါဒါ။ ။သဗ္ဗဝါကျ သာဝဓာရဏံနှင့်အညီ ဝေသဒ္ဒါထည့်၍ "ဥပါဒိယတေဝ"ဟု ဖွင့်သည်၊ ထိုဧဝ၏ နိဝတ္တေတဗ္ဗတ္ထကို ပြလို၍ "န အညေန ဥပါဒိယတိ" ဟု မိန့်သည်၊ ဤစကားအရ "ဥပါဒိယတေဝါတိ ဥပါဒါ"ဟု ဝစနတ္ထပြု၍ ဥပါဒါရုပ်များကို အရကောက်ပါ၊ "ဥပါဒါရုပ်များသည် မဟာဘုတ်ကို မှီရုံသာ မှီတတ်၍ အခြားရုပ်များက မမှီအပ်"ဟူလို၊ ထို့နောက် "န+ဥပါဒါ နောပါဒါ"ဟု ပြု၊ နကိုလည်း အန် မပြုရ၊ ဘူတရုပ်လေးပါးကို အရကောက်ပါ၊ ဘူတရုပ်လေးပါးသည် မှီရုံသာ မှီတတ်သောရုပ်များ မဟုတ်ကြ၊ မဟာဘုတ်တစ်ပါးကို မဟာဘုတ်သုံးပါး-က မှီခြင်းစသည်အားဖြင့် မှီလည်းမှီတတ်, မှီလည်းမှီအပ်သောရုပ်များ ဖြစ်ကြသည်–ဟူလို။

တတ္ထ–ထို ကတမံ ၊ပေ၊ ပထဝီဓာတု အစရှိသောစကားရပ်၌၊ ပထဝီဓာတု–သည်၊ ကက္ခဠတ္တလက္ခဏာ–ခက်မာသည်၏အဖြစ်ဟူသော လက္ခဏာရှိ၏၊ ပတိဋ္ဌာနရသာ–တကွဖြစ်သော ရုပ်တရားတို့၏ တည်ရာ၏အဖြစ်ဟူသော ကိစ္စ ရှိ၏၊ သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ–တကွဖြစ်ဖက် ရုပ်တရားတို့ကို ခံစားတတ်သောတရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏၊ တေဇောဓာတု–သည်၊ ဥဏှတ္တလက္ခဏာ–အငွေ့၏အဖြစ်ဟူသော လက္ခဏာရှိ၏၊ ပရိပါစနရသာ–တကွဖြစ်ဖက် ရုပ်တရားတို့ကို ရင့်ကျက်စေခြင်း ကိစ္စရှိ၏၊ မဒ္ဒဝါနုပ္ပာဒနပစ္စုပဋ္ဌာနာ–ရုပ်တို့၏ နူးညံ့ကုန်သည်၏အဖြစ်ကို ဖြစ်စေတတ်သော တရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏၊ (အပြင်ဘက်က ပဏတိမီးသည် ချိပ်, သံ အစရှိသည်တို့ကို နူးညံ့ ပြော့ပြောင်းအောင် ဖြစ်စေသကဲ့သို့ သဟဇာတ်ရုပ်တို့ကို နူးညံ့ ပြော့ပြောင်းအောင် ဖြစ်စေတတ်သောတရားဟု ယောဂီတို့ဉာဏ်အား ထင်လာ၏၊) [မဒ္ဒဝါနုပ္ပာဒနပစ္စုပဋ္ဌာနာတိ ဗာဟိရဂ္ဂိဝိယ ဇတု လောဟာဒီနံ သဟဇာတဓမ္မာနံ မုဒုဘာဝါနုပ္ပာဒနပစ္စုပဋ္ဌာနာ၊–ယောဇနာ။]

ဝါယောဓာတု–သည်၊ ဝိတ္ထမ္ဘနလက္ခဏာ–သဟဇာတ်ရုပ်တို့ကို ထောက်ပံ့ခြင်း လက္ခဏာရှိ၏၊ (ထောက်ထားခြင်း, ပင့်မြှောက်ခြင်း လက္ခဏာရှိ၏၊) သမုဒီရဏရသာ–တကွဖြစ်ဖက်ရုပ်တို့ကို ရွေ့ရှားစေခြင်း ကိစ္စရှိ၏၊ အဘိနီဟာရပစ္စုပဋ္ဌာနာ–တကွဖြစ်ဖက်ရုပ်တို့ကို အရပ်တစ်ပါးသို့ ရွှေ့ရှုဆောင်တတ်သော တရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏၊ ပန–ကား၊ ပုရိမာ–ရှေးဖြစ်သော၊ အာပေါဓာတု–သည်၊ ပဂ္ဃရဏလက္ခဏာ–ယိုစီးခြင်း လက္ခဏာရှိ၏၊ ဗြူဟနရသာ–တကွဖြစ်ဖက် ရုပ်တရားတို့ကို တိုးပွားစေခြင်း ကိစ္စရှိ၏၊ [ညှိုးနွမ်း မသွားစေခြင်းကိုပင် "ဗြူဟန–တိုးပွားစေခြင်း"ဟု ခေါ်သည်၊ ဗြူဟနရသာတိ သဟဇာတဓမ္မာနံ မိလာတဘာဝူပဂမနံ အဒတွာ ဝဍ္ဎနကိစ္စာ–ယောဇနာ၊] သင်္ဂဟပစ္စုပဋ္ဌာနာ–တကွဖြစ်ဖက် ရုပ်တရားတို့ကို ပေါင်းစု

---

**ပုရိမာ ပန**။ ။ပါဠိတော်၌ ဖောဋ္ဌဗ္ဗာယတနကို ရှေ့ထား၍ အာပေါဓာတ်ကို နောက်ထားပါလျက် အဘယ့်ကြောင့် "ပုရိမာ"ဟု ဆိုရသနည်း?ဟု မေးဖွယ်ရှိ၏၊ အဖြေကား–ပဏ္ဏဝိသေဂ်ဟ၌ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု ဟု ခေါင်းစဉ်ရာဝယ် တေဇောဓာတ် ဝါယောဓာတ် နှစ်မျိုးတို့၏ ရှေ့၌ဖြစ်သည်ကို ရည်ရွယ်၍ "ပုရိမာ ပန"ဟု မိန့်သည်။

**တစ်နည်း**။ ။ဥဒ္ဒေသအစဉ်အားဖြင့် ဖောဋ္ဌဗ္ဗာယတနက ရှေးကျသော်လည်း ဖောဋ္ဌဗ္ဗာ ယတနနိဒ္ဒေသရောက်သောအခါ ဥဒ္ဒေသ၌ ဟောတော်မူအပ်သော အာပေါဓာတ်က ရှေ့၌ဖြစ်ရသောကြောင့် "ပုရိမာ ပန"ဟု ဆိုသည်၊ (တစ်နည်း) မဂ္ဂါဂမန–လမ်းသွားပုံနည်းအားဖြင့် "လွန်ပြီးအတိတ်ဖြစ်သော ဖောဋ္ဌဗ္ဗာယတနကို နောက်ဟုလည်းကောင်း, လာလတ္တံ့ဖြစ်သော အာပေါဓာတ်ကို ရှေ့ဟုလည်းကောင်း ဆိုသည်"ဟု ဋီကာ၌ သုံးနည်းပြ၏။

ဖွဲ့စည်းတတ်သောတရားဟု ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏၊ စ–ဆက်၊ ဧတ္တ–ဤခါတ်ကြီး လေးပါးတို့တွင်၊ ဧကေကာ–တစ်ပါးတစ်ပါးသောခါတ်သည်၊ သေသတ္တယ ပဒဋ္ဌာနာ–ကြွင်းသော ခါတ်သုံးပါးအပေါင်းလျှင် နီးစွာသော အကြောင်းရှိ၏၊ ဣတိ ဝေဒိတဗ္ဗော။

ကက္ခဠတ္တိ–ကား၊ ထဒ္ဓံ–ခက်မာသော သဘောတည်း၊ မုဒုကတ္တိ–ကား၊ အထဒ္ဓံ–မခက်မာသော သဘောတည်း၊' (နူးညံ့သောသဘောတည်း၊) သဏှတ္တိ–ကား၊ မဋ္ဌံ–ညက်ညောသော သဘောတည်း၊ ဖရုသတ္တိ–ကား၊ ခရံ–ကြမ်းတမ်းသော သဘောတည်း၊ သုခသမ္ဖဿတ္တိ–ကား၊ သုခဝေဒနာပစ္စယံ–သုခဝေဒနာ၏ အကြောင်းဖြစ်သော၊ ဣဋ္ဌဖောဋ္ဌဗ္ဗံ–ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံတည်း၊ ဒုက္ခသမ္ဖဿတ္တိ–ကား၊ ဒုက္ခဝေဒနာပစ္စယံ–ဒုက္ခဝေဒနာ၏အကြောင်းဖြစ်သော၊ အနိဋ္ဌဖောဋ္ဌဗ္ဗံ–အနိဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံတည်း။

ဂရုကတ္တိ–ကား၊ ဘာရိယံ–ထမ်းဆောင်ထိုက်သော သဘောတည်း၊ ဝါ–လေးလံသော သဘောတည်း၊ [ဘာရခါတ်, ဏျပစ္စည်း၊ ဆောင်အပ်, ဆောင်ထိုက်သော, တမင်ဆောင်မှ ပါလာရလောက်အောင် လေးလံသောရုပ်၊] လဟုကတ္တိ–ကား၊ အဘာရိယံ–မလေးလံသော၊ သလ္လဟုကံ–ပေါ့သော သဘောတည်း၊ စ–ဆက်၊ ဧတ္တ–ဤကက္ခဠံ အစရှိသောပုဒ်တို့တွင်၊ ကက္ခဠံ–ကက္ခဠံပုဒ်လည်းကောင်း၊ ။ပေ၊ လဟုကံ–လဟုကံပုဒ်လည်းကောင်း၊ ဣတိ (ဣမေဟိ) ပဒေဟိ–တို့ဖြင့်၊ ပထဝီခါတုဝေ–ပထဝီခါတ်ကိုသာ၊ ဘာဇိတာ–ဝေဖန်တော်မူအပ်ပြီ၊ ယဒါ–၌၊ အယံကာယော–ဤကိုယ်သည်၊ အာယုသဟဂတော စ–ရုပ် နာမ်နှစ်ထွေ, ဇီဝိတိန္ဒြေဟူသော အသက်နှင့်တကွဖြစ်သည်လည်းကောင်း၊ ဥသ္မာသဟဂတော စ–ကမ္မဇတေဇောဟူသော အငွေ့နှင့်တကွဖြစ်သည်လည်းကောင်း၊ ဝိညာဏသဟဂတော စ–ဝိညာဉ်နှင့်တကွဖြစ်သည်လည်းကောင်း၊ ဟောတိ၊ တဒါ–၌၊ လဟုတရော စ–သာ၍ ပေါ့ပါးသည်လည်းကောင်း၊ မုဒုတရော စ–သာ၍ နူးညံ့သည်လည်းကောင်း၊ ကမ္မညတရော စ–သာ၍ ထိုထိုအမှု၌ ကောင်းသည်လည်းကောင်း၊ ဟောတိ၊ ဣတိ–သို့၊ သုတ္တေပိ–သုတ္တန်၌လည်း၊ (သုတ်မဟာဝါ, ပါယာသိ ရာဇညသုတ်၌လည်း၊ ပိဖြင့် အဘိဓမ္မာကို ပေါင်း၊) လဟုမုဒုဘူတံ–ပေါ့ပါး, နူးညံ့သည်ဖြစ်၍ဖြစ်သော၊ ပထဝီခါတုမေဝ–ကိုသာ၊ သန္ဓာယ–၍၊ (အာယသ္မတာ ကုမာရကဿပေန–သည်၊) ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ [မုဒုကံ လဟုကံပုဒ်တို့ဖြင့် ပထဝီခါတ်ကို ဝေဖန်ကြောင်းကို ဤစကားဖြင့် သက်သေပြသည်။]

---

သုခ သမ္ဖဿံ။ ။သုခအရ သုခဝေဒနာကိုရသော်လည်း ထို အာရမဏိက ဝေဒနာ၏အမည်ကို ဖောဋ္ဌဗ္ဗာရုံ၌ တင်စား၍ ဖောဋ္ဌဗ္ဗာရုံကို ဖလူပစာရအားဖြင့် "သုခ သမ္ဖဿ–သုခဖြစ်သော အတွေ့အာရုံ"ဟု ဆိုသည်၊ (တစ်နည်း) "သုခ သမ္ဖဿ ပစ္စယံ"ဟု ဆိုလိုလျက် ပစ္စယပုဒ် အကြေ်ကြ၊ ဒုက္ခသမ္ဖဿံ၌လည်း· နည်း·တူ။

ပန–ကား၊ သုခသမ္ဖဿံ ဒုက္ခသမ္ဖဿန္တိ ပဒဒွယေန–ဟူသောပုဒ် နှစ်ပါး အပေါင်းဖြင့်၊ တိဏ္ဏံပိ–သုံးပါးလည်းဖြစ်ကုန်သော၊ မဟာဘူတာနံ–ပထဝီ တေဇော ဝါယောဟူသော ဖောဋ္ဌဗ္ဗာရုံ မဟာဘုတ်တို့ကို၊ ဘာဇိတာနံ–နံပြီ၊ ဟိ–ချဲ့၊ [“ဒုက္ခသမ္ဖဿတာစ ဝေဒိတဗ္ဗာ”တိုင်အောင် ချဲ့လိမ့်မည်၊] ပထဝီ ဓာတု–သည်၊ သုခသမ္ဖဿာပိ–ကောင်းသော အတွေ့သည်လည်း၊ ဝါ–သုခ ဝေဒနာ၏ အကြောင်းကောင်းသော အတွေ့ဖြစ်သော ပထဝီဓာတ်သည်လည်း၊ အတ္ထိ၊ ဒုက္ခသမ္ဖဿာပိ–သည်လည်း၊ အတ္ထိ၊ တေဇောဓာတု ဝါယောဓာတုယော– တို့သည်၊ တထာ–ထို့အတူတည်း၊ တတ္ထ–ထိုပထဝီတေဇော ဝါယောဓာတ် တို့တွင်၊ သုခသမ္ဖဿာ–ကောင်းသော အတွေ့ဖြစ်သော၊ ပထဝီဓာတု–သည်၊ (ကရောတိ၌ စပ်၊) မုဒုတလုဏဟတ္ထေ–နူးညံ့ပျို့နုသော လက်ရှိသော၊ ဒဟရေ– ရဟန်းငယ်သည်၊ [ဝတ်ကြီးဝတ်ငယ် ပြုပုံကိုပြသောကြောင့် ဒဟရအရ ရဟန်း ငယ်ကို ယူရသည်၊ “ဒဟရသာမဏေရာ”စသော အသုံးမျိုးတည်း၊] ပါဒေ– ခြေတို့ကို၊ သမ္ဗာဟန္တေ–ဆုတ်နယ်လသော်၊ အဿာဒေတွာ အဿာဒေတွာ– လွန်စွာ သာယာ၍, လွန်စွာ သာယာ၍၊ ဝါ–လွန်စွာ သာယာခြင်းကြောင့်, လွန်စွာ သာယာခြင်းကြောင့်၊ [အာ+သဒဓာတ်၊] တာတ–အမောင်၊ သမ္ဗာဟ– ဆုတ်နယ်ပါလော့၊ တာတ, သမ္ဗာဟ–လော့၊ ဣတိ–ဤသို့၊ ဝဒါပနာကာရံ– ပြောဆိုစေခြင်းဟူသော အခြင်းအရာကို၊ ကရောတိ–ပြု၏။

သုခသမ္ဖဿာ–သော၊ တေဇောဓာတု–သည်၊ သီတသမယေ–အအေး၏ အခါ၌၊ (အေးရာအခါ၌၊) အင်္ဂါရကပလ္လံ–မီးကျီးအိုးကင်းကို၊ အာဟရိတွာ– ဆောင်ယူ၍၊ ဂတ္တံ–ကိုယ်ကို၊ သေဒေန္တေ–ပူစေလသော်၊ [သိဒဓာတ်, ပါက အနက်ဟော၊] အဿာဒေတွာ အဿာဒေတွာ–၍၊ ဝါ–ကြောင့်၊ တာတ, သေဒေဟိ–ပူစေပါလော့၊ တာတ, သေဒေဟိ–လော့၊ ဣတိ–သို့၊ ဝဒါပနာ ကာရံ–ကို၊ ကရောတိ၊ သုခသမ္ဖဿာ–သော၊ ဝါယောဓာတု–သည်၊ ဥဏှ သမယေ–အပူ၏အခါ၌၊ (ပူရာအခါ၌၊) ဝတ္တသမ္ပန္နေ–ဝတ်အကျင့်နှင့် ပြည့်စုံ သော၊ ဒဟရေ–ရဟန်းငယ်သည်၊ ဗီဇနေန–ယပ်ဖြင့်၊ ဗီဇန္တေ–ယပ်ခတ်လသော်၊ အဿာဒေတွာ အဿာဒေတွာ, တာတ, ဗီဇ–ယပ်ခတ်ပါလော့၊ တာတ, ဗီဇ– လော့၊ ဣတိ ဝဒါပနာကာရံ ကရောတိ။

ပန–ကား၊ (တစ်နည်း) ပန–ဗျတိရိက်ကား၊ ထဒ္ဓဟတ္ထေ–ကြမ်းတမ်း သော လက်ရှိသော၊ ဒဟရေ–ရဟန်းငယ်သည်၊ ပါဒေ–တို့ကို၊ သမ္ဗာဟန္တေ– ဆုတ်နယ်လသော်၊ အဋ္ဌီနံ–အရိုးတို့၏၊ ဘိန္ဒနကာလောဝိယ–ကွဲရာအခါသည် ကဲ့သို့၊ ဟောတိ၊ သောပိ–ထို ရဟန်းငယ်သည်လည်း၊ အပေဟိ–ဖဲလော၊ ဣတိ–သို့၊ ဝတ္တဗ္ဗတံ–ပြောဆိုထိုက်သူ၏ အဖြစ်သို့၊ အာပဇ္ဇတိ–ရောက်၏၊ ဥဏှသမယေ–၌၊ အင်္ဂါရကပလ္လေ–ကို၊ အာဘတေ–ဆောင်ယူအပ်သော်၊ နံ–

ထို မီးကျီးအိုးကင်းကို၊ အပနေဟိ–ဖယ်ဆောင်လော၊ ဣတိ–သို့၊ ဝတ္တဗ္ဗံ–ပြောဆိုထိုက်သည်၊ ဟောတိ၊ သီတသမယေ–၌၊ ဗီဇနေန–ဖြင့်၊ ဗီဇန္တေ–ယပ်ခတ်လသော်၊ အပေဟိ–လော့၊ မာဗီဇ–ယပ်မခတ်ပါလင့်၊ ဣတိ–သို့၊ ဝတ္တဗ္ဗံ ဟောတိ၊ ဧဝံ–လျှင်၊ တေသံ–ဤပထဝီ တေဇော ဝါယောဓာတ်တို့၏၊ သုခသမ္ဖဿတာ–သုခသမ္ဖဿ၏ အဖြစ်ကိုလည်းကောင်း၊ ဒုက္ခသမ္ဖဿတာစ–ဒုက္ခသမ္ဖဿ၏ အဖြစ်ကိုလည်းကောင်း၊ ဝေဒိတဗ္ဗာ–၏၊ [ယောဇနာ၌ "တေသဉ္စ ပထဝီ အာဒီနံ"ဟု ရှိ၏။] ပန–ဆက်၊ ယံ ဖောဋ္ဌဗ္ဗံ အနိဒဿနံ သပ္ပဋိဃန္တိ အာဒိနာ–အစရှိသော၊ နယေန–ဖြင့်၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်သော၊ စတူဟိ စတူဟိ–န်သော၊ နယေဟိ–တို့ဖြင့်၊ ပဋိမဏ္ဍိတာ–တန်ဆာဆင်အပ်ကုန်သော၊ တေရသ–န်သော၊ ဝါရာ–ဝါရတို့ကို၊ ဟေဋ္ဌာ–၌၊ ရူပါယတနာဒီသု–ရူပါယတန အစရှိသည်တို့၌၊ ဝုတ္တနယေနေဝ–ဖြင့်သာ၊ ဝေဒိတဗ္ဗာ–ကုန်၏။

ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ တိဏ္ဏံ–န်သော၊ တောနိမဟာဘူတာနိ–ဤ ဖောဋ္ဌဗ္ဗာရုံ မဟာဘုတ်တို့သည်၊ ကေပ္ပဟာရေနေဝ–တစ်ပြိုင်နက်အားဖြင့်သာလျှင်၊ အာပါတံ–ရှေးရှုကျခြင်းသို့၊ အာဂစ္ဆန္တိ ကိံ–ရောက်ကုန်သလော၊ ဥဒါဟု–သို့မဟုတ်၊ နော (အာဂစ္ဆန္တိကိံ)–မရောက်ကုန်သလော၊ ဣတိ–ဤကား အမေးတည်း၊ (တိဏ္ဏံ တောနိ မဟာဘူတာနိ ကေပ္ပဟာရေနေဝ, အာပါတံ–သို့၊) အာဂစ္ဆန္တိ–န်၏၊ ဧဝံ–ဤသို့ တစ်ပြိုင်နက်အားဖြင့် ရှေးရှုကျခြင်းသို့၊ အာဂတာနိ–ရောက်ကုန်သော ဖောဋ္ဌဗ္ဗာရုံ မဟာဘုတ်တို့သည်၊ ကာယပသာဒံ–ကို၊ ဃဋ္ဋေန္တိ–ထိခိုက်ကုန်သလော၊ န ဃဋ္ဋေန္တိ–မထိခိုက်ကုန်သလော၊ ဣတိ–ဤကား အမေးတည်း၊ (ဧဝံ အာဂတာနိ, ကာယပသာဒံ–ကို၊) ဃဋ္ဋေန္တိ–ထိခိုက်ကုန်၏၊ ကေပ္ပဟာရေနေဝ–အားဖြင့်သာလျှင်၊ တာနိ–ထို ဖောဋ္ဌဗ္ဗာရုံ မဟာဘုတ်တို့ကို၊ အာရမဏံ–ကို၊ ကတွာ–၍၊ ကာယဝိညာဏံ–သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်သလော၊ နုပ္ပဇ္ဇတိ–လော၊ ဣတိ–ဤကား အမေးတည်း၊ (ကေပ္ပဟာရေနေဝ တာနိ အာရမဏံ, ကတွာ–၍၊ ကာယဝိညာဏံ–သည်၊) နုပ္ပဇ္ဇတိ–မဖြစ်၊ ဟိ–ချဲ့၊ အာဘုဇိတဝသေနဝါ–နှလုံးသွင်းခြင်း၏ အစွမ်းကြောင့်သော်လည်းကောင်း၊ ဥဿဒဝသေနဝါ–များပြားခြင်း၏ အစွမ်းကြောင့်သော်လည်းကောင်း၊ အာရမဏကရဏံ–အာရုံပြုခြင်းသည်၊ ဟောတိ။

အာဂစ္ဆန္တိ, ဃဋ္ဋေန္တိ, ဥပ္ပဇ္ဇတိ။ ။အာရုံပြုနိုင်လောက်ရာအရပ်သို့ ရှေးရှုကျရောက်နေခြင်းကို "အာပါတဂမန"ဟု ခေါ်သည်၊ ထိုသို့ ရှေးရှုကျရောက်ရုံမျှဖြင့် ပသာဒ၌ ထိခိုက်, မထိခိုက်မှာ မသေချာသေး၊ ထို့ကြောင့် "ရှေးရှုကျရောက်သော ဖောဋ္ဌဗ္ဗာရုံ မဟာဘုတ်တို့သည် ကာယပသာဒ၌ တစ်ပြိုင်နက် ထိခိုက်ကြသလော"ဟု ထပ်၍မေးသည်၊ တစ်ပြိုင်နက် ထိခိုက်သော်လည်း မနသိကာရ မရှိလျှင် ကာယဝိညာဉ် မဖြစ်သေး၊ ထို့ကြောင့် "ကာယဝိညာဏံ ဥပ္ပဇ္ဇတိ နုပ္ပဇ္ဇတိ"ဟု ထပ်၍မေးပြန်သည်။

တတ္ထ–ထို အာဘုဇိတ, ဥဿဒ နှစ်ပါးတို့တွင်၊ တာဝ–ဥဿဒမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေန–သော၊) အာဘုဇိတဝသေန–နှလုံးသွင်းခြင်း၏ အစွမ်းကြောင့်၊ (အာရမဏကရဏံ ဟောတိ၊) ဟိ–ချဲ့၊ ပတ္တသ္မိံ–သပိတ်ကို၊ ဩဒနေန–ဆွမ်းဖြင့်၊ ပူရေတွာ–ပြည့်စေ၍၊ အာဘတေ–ဆောင်ယူအပ်သော်၊ (တစ်နည်း–ဩဒနေန ပူရေတွာ, အာဘတေ–သော၊ ပတ္တသ္မိံ–၌၊ ဝါ–သပိတ်ထဲက)၊ ဧကံ–တစ်လုံးသော၊ သိတ္ထံ–ဆွမ်းလုံးကို၊ ဂဟေတွာ–ယူ၍၊ ထဒ္ဓံဝါ–ကြမ်းတမ်းလေသလော၊ ဝါ–မာလေသလော၊ မုဒုကံဝါ–နူးညံ့လေသလော၊ ဝါ–ပျော့လေသလော၊ ဣတိ–သို့၊ ဝီမံသန္တော–စူးစမ်းသော ပုဂ္ဂိုလ်သည်၊ (အာဘုဇတိ၌ စပ်၊) တတ္ထ–ထို ဆွမ်းလုံး၌၊ တေဇောပိ–တေဇောဓာတ်သည်လည်း၊ ကိဋ္ဌာပိ အတ္ထိ–အကယ်၍ကား ရှိပါပေ၏၊ ဝါယောပိ–သည်လည်း၊ (ကိဋ္ဌာပိ) အတ္ထိ၊ ပန–ထိုသို့ပင် ရှိပါသော်လည်း၊ ပထဝီဓာတုမေဝ–ပထဝီဓာတ်ကိုသာ၊ အာဘုဇတိ–နှလုံးသွင်း၏၊ [စမ်းကြည့်သူက "ကြမ်းသလား, နသလား"ဟု စမ်းသောကြောင့် ပထဝီဓာတ်ကို နှလုံးသွင်းသည်ဟု ဆိုသည်၊] ဥဏှောဒကေ–ပူသောရေ၌၊ (ရေနွေး၌၊) ဟတ္ထံ–လက်ကို၊ ဩတာရေတွာ–ချ၍၊ ဝီမံသန္တော–သည်၊ တတ္ထ–ထိုရေနွေး၌၊ ပထဝီပိ ကိဋ္ဌာပိ အတ္ထိ၊ ဝါယောပိ ကိဋ္ဌာပိ အတ္ထိ၊ ပန–ထိုသို့ပင် ပါရှိပါသော်လည်း၊ တေဇောဓာတုမေဝ–ကိုသာ၊ အာဘုဇတိ၊ ဥဏှသမယေ–၌၊ ဝါတပါနံ–လေသောက်ပြူတင်းကို၊ ဝိဝရိတွာ–ဖွင့်၍၊ ဝါတေန–လေသည်၊ ဝါ–ကို၊ [ကာရိက်ကံ, ဓာတ်ကတ္တား၊] သရီရံ–ကိုယ်ကို၊ ပဟာရာပေန္တော–တိုက်ခတ်စေလျက်၊ ဌိတော–တည်သောပုဂ္ဂိုလ်သည်၊ မန္ဒမန္ဒေ–ညှင်းညှင်း သာသာဖြစ်သော၊ ဝါတေ–လေသည်၊ ပဟာရန္တေ–တိုက်ခတ်လသော်၊ တတ္ထ–ထိုလေ၌၊ ပထဝီပိ ကိဋ္ဌာပိ အတ္ထိ၊ တေဇောပိ ကိဋ္ဌာပိ အတ္ထိ၊ ပန–ထိုသို့ပင် ပါရှိပါသော်လည်း၊ ဝါယောဓာတုမေဝ–ကိုသာ၊ အာဘုဇတိ၊ ဧဝံ–လျှင်၊ အာဘုဇိတဝသေန–ကြောင့်၊ [အချို့စာအုပ်၌ "အာဘုဇနဝသေန"ဟု ရှိ၏၊] အာရမဏံ–ကို၊ ကရောတိ နာမ–ပြုသည်မည်၏။

ပန–ကား၊ (ဥဿဒအစွမ်းဖြင့် အာရုံပြုပုံကား၊) ယော–အကြင် ပုဂ္ဂိုလ်သည်၊ ဥပက္ခလတိဝါ–ချော်မှုလည်း ချော်လဲ၏၊ သီသေန–ဦးခေါင်းဖြင့်၊ ရုက္ခံ–သစ်ပင်ကို၊ ပဟာရတိဝါ–တိုက်ခတ်မှုလည်း တိုက်ခတ်မိ၏၊ ဘုဉ္ဇန္တော–ထမင်းစားစဉ်၊ သက္ခရံ–ကျောက်ခဲကို၊ ဍံသတိဝါ–ကိုက်မှုလည်း ကိုက်မိ၏၊ သောပိ–ထိုပုဂ္ဂိုလ်သည်လည်း၊ (အာရမဏံ ကရောတိ၌ စပ်၊) တတ္ထ–ထို ချော်လဲရာစသည်၌၊ တေဇောပိ ကိဋ္ဌာပိ အတ္ထိ၊ ဝါယောပိ ကိဋ္ဌာပိ အတ္ထိ၊ ပန–သော်လည်း၊ ဥဿဒဝသေန–များပြားခြင်း၏ အစွမ်းကြောင့်၊ ပထဝီဓာတုမေဝ အာရမဏံ ကရောတိ၊ ["များ"ဟူရာ၌ ရုပ်အရေအတွက်များခြင်း မဟုတ်၊ မြေ, သစ်ပင်, ကျောက်ခဲတို့၌ ပထဝီဓာတ်၏ သတ္တိလွန်ကဲ များပြားခြင်းတည်း၊] အဂ္ဂိံ–မီးကို၊ အက္ကမန္တောပိ–

နင်းမိသော ပုဂ္ဂိုလ်သည်လည်း၊ တတ္ထ–ထို မိး၌၊ ပထဝီပိ ကိဉ္စာပိ အတ္ထိ၊ ဝါယောပိ ကိဉ္စာပိ အတ္ထိ၊ ပန–သော်လည်း၊ ဥဿဒဝသေန–ဖြင့်၊ တေဇောဓာတုမေဝ အာရမဏံ ကရောတိ၊ ဗလဝဝါတော–အားကြီးသော လေသည်၊ ကဏ္ဍသက္ခလိံ–နားရွက်ကို၊ ပဟရိတွာ–ပုတ်ခတ်၍၊ ဗဓိရဘာဝံ–နားထိုင်းသူ၏ အဖြစ်ကို၊ ကရောန္တော ဝိယ–ပြုသကဲ့သို့၊ ဟောတိ–၏၊ တတ္ထ–ထို အားကြီးသော လေ၌၊ ပထဝီပိ ကိဉ္စာပိ အတ္ထိ၊ တေဇောပိ ကိဉ္စာပိ အတ္ထိ၊ ပန–သော်လည်း၊ ဥဿဒဝသေန ဝါယောဓာတုမေဝ အာရမဏံ ဟောတိ။

[အာရမဏာ၏ ဥဿဒဖြစ်ပုံကို ပြပြီး၍ ပသာဒ၏ ဥဿဒဖြစ်ပုံကို ပြလိုသောကြောင့် "ယံကိဉ္စိ ဓာတုံ"စသည် မိန့်။] ယံကိဉ္စိ–အမှတ်မထား တစ်ပါးပါးသော၊ ဓာတုံ–ဓာတ်ကို၊ (ပထဝီ, တေဇော, ဝါယောဓာတ်တစ်ခုခုကို၊) အာရမဏံ–ကို၊ ကရောန္တဿ–ပြုသော ပုဂ္ဂိုလ်၏၊ ကာယဝိညာဏံ ပိ–သည်လည်း၊ ဧကပ္ပဟာရေန–အားဖြင့်၊ နုပ္ပဇ္ဇတိ–မဖြစ်၊ သူစိကလာပေန–အပ်စည်းဖြင့်၊ ဝိဒ္ဓဿ–ထိုးအပ်သော ပုဂ္ဂိုလ်၏၊ (အထိုးခံရသူ၏၊) ဧကပ္ပဟာရေန, ကာယော–ကိုယ်ကို၊ ဃဋ္ဋီယတိ–ထိခိုက်အပ်၏၊ ပန–ထိုသို့ပင် တစ်ပြိုင်နက်ထိခိုက်အပ်ပါသော်လည်း၊ ယသ္မိံ ယသ္မိံ ဌာနေ–အကြင်အကြင် အပ်၏ထိရာအရပ်၌၊ ကာယပသာဒေါ–သည်၊ ဥဿန္နော–များသည်၊ ဟောတိ၊ တတ္ထတတ္ထ–ထိုထို အပ်၏ထိရာအရပ်၌၊ ကာယဝိညာဏံ ဥပ္ပဇ္ဇတိ၊ ဟိ–မှန်၊ ယတ္ထယတ္ထ–အကြင်အကြင် အရပ်၌၊ ပဋိဃဋ္ဋန နိဃံသော–ထိခိုက်ခြင်းဟူသော ပွတ်တိုက်ခြင်းသည်၊ ဗလဝါ–အားရှိသည်၊ ဟောတိ၊ တတ္ထတတ္ထ–ထိုထိုအရပ်၌၊ ပဌမံ–ရှေးဦးစွာ၊ (ကာယဝိညာဏံ) ဥပ္ပဇ္ဇတိ၊ ကုက္ကုဋပတ္တေန–ကြက်တောင်ဖြင့်၊ ဝဏော–အနာကို၊ ဓောဝိယမာနေ–ဆေးအပ်သော်၊ အံသုအံသု–ကြက်တောင်မျှင်ကြက်တောင်မျှင်သည်၊ ကာယပသာဒံ–ကို၊ ဃဋ္ဋေတိ၊ ပန–ထိုသို့ပင် ထိခိုက်ပါသော်လည်း၊ ယတ္ထယတ္ထ–အကြင်အကြင် အရပ်၌၊ ပသာဒေါ–ကာယပသာဒသည်၊ ဥဿန္နော ဟောတိ၊ တတ္ထ တတ္ထေဝ–ထိုထို အရပ်၌သာ၊ ကာယဝိညာဏံ ဥပ္ပဇ္ဇတိ၊ ဧဝံ–လျှင်၊ ဥဿဒဝသေန–များပြားခြင်း၏အစွမ်းကြောင့်၊ အာရမဏံ ကရောတိ၊ ဥဿဒဝသေနေဝ–ကြောင့်ပင်၊ ကာယဝိညာဏံစ–သည်လည်း၊ ဥပ္ပဇ္ဇတိနာမ–ဖြစ်သည်မည်၏။

ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ ကထံ–အဘယ် အကြောင်းကြောင့်၊ စိတ္တဿ–စိတ်၏၊ အာရမဏတော–အာရုံတစ်ခုမှ၊ သင်္ကန္တိ–အာရုံတစ်ခုသို့ ပြောင်းရွှေ့ခြင်းသည်၊ ဟောတိ–နည်း၊ ဣတိ–တည်း၊ အဇ္ဈာသယတော ဝါ– အဇ္ဈာသယကြောင့်သော်လည်းကောင်း၊ ဝိသယာဓိမတ္တတော ဝါ–အာရုံ၏လွန်ကဲသည်၏ အဖြစ်ကြောင့်သော်လည်းကောင်း၊ ဒွိဟိ–နှစ်ပါးကုန်သော၊ အာကာရေဟိ–အကြောင်းတို့ကြောင့်၊ (စိတ္တဿ အာရဏတောသင်္ကန္တိ

ဟောတိ၊) ဟိ–ချဲ့၊ ဝိဟာရပူဇာဒီသု–ကျောင်းပူဇော်ပွဲ အစရှိသည်တို့၌၊ တာနိ တာနိ စေတိယာနိစေဝ–ထိုထို စေတီတော်တို့ကိုလည်းကောင်း၊ (တာယော တာယော) ပဋိမာယောစ–ထိုထို ဆင်းတုတော်တို့ကိုလည်းကောင်း၊ ဝန္ဒိသာမိ–ရှိခိုးအံ့၊ စ–သည်သာမကသေး၊ ပေါတ္ထကမ္မ စိတ္တကမ္မာနိ–လုပစ္စာ ပြုလုပ်အပ်သော ပန်းချီဆေးရေးရုပ်, ဆန်းကျယ်စွာ ပြုလုပ်အပ်သော ခြူးပန်း ခြူးနွယ်တို့ကို၊ ဩလောကေဿာမိ–ကြည့်ရှုအံ့၊ ဣတိ အဇ္ဈာသယေန–ဤသို့သော အလိုဆန္ဒဖြင့်၊ ဂတော–သွားသော ပုဂ္ဂိုလ်သည်၊ ဧကံ–တစ်မျိုးသော စေတီတော်ကို၊ ဝါ–ဆင်းတုတော်ကို၊ ဝန္ဒိတွာဝါ–ရှိခိုးပြီး၍သော်လည်းကောင်း၊ (ဧကံ–တစ်မျိုးသော အရုပ်ကို၊) ပဿိတွာဝါ–ကြည့်ရှုပြီး၍သော်လည်းကောင်း၊ ဣတရဿ–အခြားသော စေတီတော် ဆင်းတုတော်ကို၊ ဝန္ဒနတ္ထာယဝါ–ရှိခိုးခြင်းငှာသော် လည်းကောင်း၊ (ဣတရဿ–အခြားသော အရုပ်ကို၊) ဒဿနတ္ထာယဝါ–ကြည့်ရှုခြင်းငှာသော်လည်းကောင်း၊ မနံ–စိတ်ကို၊ ကတွာ–၍၊ ဝန္ဒိတုံ ပိ–ငှာလည်းကောင်း၊ ပဿိတုံပိ–ငှာလည်းကောင်း၊ ဂစ္ဆတိယေဝ–သွားသည်သာ၊ ဧဝံ–လျှင်၊ အဇ္ဈာသယတော–အလိုဆန္ဒကြောင့်၊ သင်္ကမတိနာမ–အာရုံတစ်ခုမှ အာရုံတစ်ခုသို့ ပြောင်းရွေ့သည်မည်၏။

ပန–ကား၊ (အဇ္ဈာသယအကြောင်းမှတစ်ပါး ဝိသယာဓိမတ္တအကြောင်း ကား၊) ကေလာသကူဋ ပဋိဘာဂံ–ကေလာသတောင်ထွဋ်နှင့် တူတော်မူသော၊ မဟာစေတိယံ–မဟာစေတီတော်ကို၊ ဩလောကေန္တော–ကြည့်ရှုဖူးမျှော်လျက်၊ ဋ္ဌိတော–ရပ်နေသည်၊ (သမာနော)ပိ–ဖြစ်ပါသော်လည်း၊ အပရာဘဂေ–အခြား သော အရပ်အဖို့၌၊ သဗ္ဗတူရိယေသု–အလုံးစုံသော တူရိယာတို့ကို၊ ပဂ္ဂဟိ တေသု–ချီးမြှောက်အပ်ကုန်လသော်၊ (တစ်ပြိုင်နက် ဆူညံစွာ တီးအပ်ကုန် လသော်၊) ရူပါမရဏံ–ရူပါရုံကို၊ (မဟာစေတီတော်၏ ရူပါရုံကို၊) ဝိဿဇ္ဇေတွာ–စွန့်လွှတ်၍၊ သဒ္ဒါရမဏံ–သဒ္ဒါရုံသို့၊ သင်္ကမတိ–ပြောင်းရွှေ့၏၊ မနုညဂန္ဓေသု–နှစ်လိုဖွယ်သော အနံ့ရှိကုန်သော၊ ပုပ္ဖေသုဝါ–ပန်းတို့ကိုသော်လည်းကောင်း၊ ဂန္ဓေသုဝါ–နံ့သာတို့ကိုသော်လည်းကောင်း၊ အာဘတေသု–ဆောင်အပ်ကုန် လသော်၊ (ဘုရားပူဇော်ဖို့ရန် ဆောင်ယူအပ်ကုန်လသော်၊) သဒ္ဒါရမဏံ–သဒ္ဒါရုံကို၊ (ဆိုင်းသံ ဝိုင်းသံကို၊) ဝိဿဇ္ဇေတွာ ဂန္ဓာရမဏံ သင်္ကမတိ၊ ဧဝံ–လျှင်၊ ဝိသယာဓိ မတ္တတော–အာရုံ၏လွန်ကဲသည်၏ အဖြစ်ကြောင့်၊ သင်္ကမတိ နာမ–မည်၏။

၆၅၁။ ။အာပေါဓာတုနိဒ္ဒေသေ–၌၊ အာပေါတိ–အာပေါဟူသော သဒ္ဒါသည်၊ သဘာဝနိဒ္ဒေသော–အာပေါဓာတ်၏သဘောကို ညွှန်ပြကြောင်း သဒ္ဒါတည်း၊အာပေါဝ–အာပေါဓာတ်ပင်၊ အာပေါဂတံ–အာပေါဂတမည်၏၊ [ဂတသဒ္ဒါ အနက်သီးခြား မရှိ–ဟူလို၊] သိနေဟဝသေန–စေးကပ် စိုစွတ်ခြင်း၏ အစွမ်းဖြင့်၊ သိနေဟော–သိနေဟမည်၏၊ သိနေဟောဝ–စေးကပ် စိုစွပ်ခြင်း

သဘောသည်ပင်၊ သိနေဟဂတံ–ဂတမည်၏၊ ဗန္ဓနတ္တံ ရူပဿာတိ–ကား၊ ပထဝီဓာတု အာဒိကဿ–ပထဝီဓာတ် အစရှိသော၊ ဘူတရူပဿ–ဘူတရုပ်ကို၊ ဗန္ဓနဘာဝေါ–ဖွဲ့စည်းတတ်သည်၏ အဖြစ်တည်း၊ ဟိ–ချဲ့၊ အယောပိဏ္ဍိ အာဒီနိ–သံတောခဲ အစရှိသည်တို့ကို၊ အာပေါဓာတု–အာပေါဓာတ်သည်၊ အာဗန္ဓိတွာ–ဖွဲ့စည်း၍၊ ဗဒ္ဓါနိ–တစ်လုံးတစ်ခဲ, တစ်တွဲတည်းဖြစ်၍ ကျစ်လစ်နေသည်တို့ကို၊ ကရောတိ–၏၊ တသ်္မာ–ထို အာပေါဓာတ်သည်၊ အာဗဒ္ဓတ္တာ–ဖွဲ့စည်းအပ်သည်၏ အဖြစ်ကြောင့်၊ တာနိ–ထို သံတွေခဲအစရှိသော ဝတ္ထုတို့သည်၊ ဗဒ္ဓါနိနာမ–တစ်လုံးတစ်ခဲ တစ်တွဲတည်းဖြစ်၍ ကျစ်လစ်သည်တို့မည်သည်၊ ဟောန္တိ၊ ပါသာဏ ၊ပေ၊ ဂေါသိင်္ဂါဒိသုပိ–ကျောက်တောင်, ထန်းစေ့, ဆင်စွယ်, နွားဦးချို အစရှိသည်တို့၌လည်း၊ ဧသေဝနယော–တည်း၊ ဟိ–မှန်၊ သဗ္ဗာနိ–န်သော၊ တောနိ–ဤ ကျောက်တောင် အစရှိသည်တို့ကို၊ အာပေါဓာတုဧဝ–အာပေါဓာတ် သည်ပင်၊ အာဗန္ဓိတွာ–ဖွဲ့စည်း၍၊ ဗဒ္ဓါနိ–တစ်လုံးတစ်ခဲ တစ်တွဲတည်းဖြစ်၍ ကျစ်လစ်သည်တို့ကို၊ ကရောတိ၊ အာပေါဓာတုယာ–သည်၊ အာဗဒ္ဓတ္တာဝ–ဖွဲ့စည်းအပ်သည်၏ အဖြစ်ကြောင့်ပင်၊ ဗဒ္ဓါနိ–တစ်လုံးတစ်ခဲ တစ်တွဲတည်းဖြစ်၍ ကျစ်လစ်နေကုန်သည်၊ ဟောန္တိ။

ပန–ပရိဟာရပက္ခမှတစ်ပါး ၊ပေ၊ ဆိုဦးအံ့၊ ပထဝီဓာတု–သည်၊ သေသဓာတူနံ–ကြွင်းသော ဓာတ်သုံးပါးတို့၏၊ ပတိဋ္ဌာ–တည်ရာသည်၊ ဟောတိ ကိံ–လော၊ န ဟောတိ ကိံ–မဖြစ်သလော၊ ဣတိ–ဤကား အမေးတည်း၊ (ပထဝီဓာတု သေသဓာတူနံ ပတိဋ္ဌာ) ဟောတိ–၏၊ (ဣတိ–ဤကား အဖြေတည်း၊) ဖုသိတွာ–ထိ၍၊ (ပတိဋ္ဌာ–သည်၊) ဟောတိ (ကိံ)–လော၊ ဥဒါဟု, အဖုသိတွာ–မထိမူ၍၊ (ပတိဋ္ဌာ ဟောတိ ကိံ၊) ဝါ–တစ်နည်း၊ အာပေါဓာတု–သည်၊ သေသာ–ကြွင်းသော ဓာတ်သုံးပါးတို့ကို၊ အာဗန္ဓမာနာ–ဖွဲ့စည်းလသော်၊ ဖုသိတွာ–၍၊ အာဗန္ဓတိ–ဖွဲ့စည်းသလော၊ ဥဒါဟု, အဖုသိတွာ–၍၊ အာဗန္ဓတိ–

---

**အာဗန္ဓိတွာ ဗဒ္ဓါနိ။** ။ဗဒ္ဓါနိ၌ "ဗန္ဓိုသု–တစ်လုံးတစ်ခဲ တစ်တွဲတစ်ခုတည်းဖြစ်၍ ကျစ်လစ်ကုန်ပြီ၊ ဣတိ ဗဒ္ဓါနိ"ဟု ပြု၊ ဗဓာတ်, ဒိဝါဒိ အကမ္မကရုပ်တည်း၊ အချို့စာအုပ်၌ "ထဒ္ဓါနိ"ဟု မူကွဲရှိ၏၊ တစ်လုံးတစ်စည်းတည်း ဖြစ်ရုံမျှဖြင့် "ခက်ထန်မာကျောသည်"ဟု မဆိုရ၊ ထောပတ်ခဲစသည်တို့မှာ ဗဒ္ဓဖြစ်သော်လည်း နူးညံ့လျက်ရှိသည်၊ ထို့ကြောင့် "ထဒ္ဓါနိ"ဟု မရှိသင့်။

**ပထဝီ ၊ပေ၊ အာဗန္ဓတိ။** ။"ပထဝီဓာတု ပေ၊ အဖုသိတွာဝ ပတိဋ္ဌာ ဟောတိ"ဝါကျဖြင့် "အာပေါဓာတ်၌ ဖုသိတဗ္ဗ (ထိထိုက်သော) သဘောမရှိ"ဟု ပြ၏၊ "အာပေါဓာတု ပန ၊ပေ၊ အာဗန္ဓတိ"ဟူသော ဝါကျဖြင့် "အာပေါဓာတ်၌ ဖုသနက (ထိတတ်သော) သဘောမရှိ"ဟု ပြသည်၊ [ဤသို့ ကလာပ်တစ်ခုတည်း၌ ထိ မထိကို စိစစ်၍နေခြင်းကို ဋီကာဆရာ မနှစ်သက်၊] ဘာ့ကြောင့်နည်း–ကလာပ်ကွဲရာ၌သာ တစ်ကလာပ်နှင့်တစ်ကလာပ် ထိ မထိကို စိစစ်ထိုက်သောကြောင့်တည်း။

လော၊ ဣတိ–ဤကား အမေးတည်း၊ တာဝ–ရှေးဦးစွာ၊ (အာပေါဓာတုဝါစသော ဒုတိယပြဿနာ၏ ရှေးဦးစွာ၊) ပရိဟာရော–အဖြေကို၊ ဝုစ္စတေ–ဆိုအပ်၏၊ (ဤသို့ထည့်၍ စပ်ပါ၊) ပထဝီဓာတု–သည်၊ အာပေါဓာတုယာ–၏၊ (ပတိဋ္ဌာဒ္ဒွိ စပ်၊) အဖုသိတ္တွာဝ–မထိမူ၍သာ၊ ပတိဋ္ဌာ ဟောတိ၊ တေဇောဓာတုယာစ–၏လည်းကောင်း၊ ဝါယောဓာတုယာစ–၏လည်းကောင်း၊ ဖုသိတွာ (ပတိဋ္ဌာ ဟောတိ၊) ပန–ကား၊ အာပေါဓာတု–သည်၊ ပထဝီဓာတုံပိ–ကိုလည်းကောင်း၊ တေဇော ဝါယောဓာတုယောပိ–တို့ကိုလည်းကောင်း၊ အဖုသိတ္တွာဝ–သာ၊ အာဗန္ဓတိ–ဖွဲ့စည်း၏၊ ဖုသိတွာ–၍၊ ယဒိ အာဗန္ဓေယျ–အကယ်၍ ဖွဲ့စည်းအံ့၊ (ဧဝံသတိ–ဤသို့ထိ၍ ဖွဲ့စည်းလသော်၊) ဖောဋ္ဌဗ္ဗာယတနံနာမ–မည်သည်၊ ဘဝေယျ–ဖြစ်ရာ၏။

တေဇောဓာတုဝါယောဓာတူနံပိ–တို့၏လည်း၊ သေသဓာတူသု–ကြွင်းသော ပထဝီဓာတ်, အာပေါဓာတ်တို့၌၊ သကသက ကိစ္စကရဏေ–မိမိ မိမိ၏ကိစ္စကို ပြုခြင်း၌၊ ဧသေဝနယော၊ ဟိ–ချဲ့၊ တေဇောဓာတု–သည်၊ ပထဝီဓာတုံ–ကို၊ ဖုသိတ္တွာ–၍၊ ဈာပေတိ–လောင်စေ၏၊ ဝါ–ကျက်စေ၏၊ ပန–ထိုသို့ပင် ထိ၍ လောင်စေပါသော်လည်း၊ သာ–ထိုပထဝီဓာတ်သည်၊ ဥဏှာ–ပူသည်၊ ဟုတွာ, န ဈာယတိ–လောင်သည် မဟုတ်၊ ဝါ–ကျက်သည် မဟုတ်၊ ဥဏှာ ဟုတွာ, ယဒိဈာယေယျ–အကယ်၍ လောင်အံ့၊ (ဧဝံသတိ–ဤသို့ အပူဖြစ်၍ လောင်လ သော်၊) ဥဏှတ္တလက္ခဏာနာမ–ဥဏှတ္တလက္ခဏာ ရှိသည်မည်သည်၊ ဘဝေယျ–ဖြစ်ရာ၏၊ ပန–ကား၊ အာပေါဓာတုံ–ကို၊ အဖုသိတ္တွာဝ–မထိမူ၍ သာလျှင်၊ တာပေတိ–လောင်စေ၏၊ သာပိ–ထို အာပေါဓာတ်သည်လည်း၊ တပမာနာ–လောင်လသော်၊ ဥဏှာ–ပူသည်၊ ဟုတွာ, န တပတိ–လောင်သည် မဟုတ်၊ ဥဏှာ ဟုတွာ, ယဒိတပေယျ–အံ့၊ (ဧဝံသတိ၊) ဥဏှတ္တလက္ခဏာနာမ ဘဝေယျ၊ ပန–ကား၊ ဝါယောဓာတုံ–ကို၊ ဖုသိတ္တွာဝ တာပေတိ၊ သာပိ–ထို ဝါယောဓာတ် သည်လည်း၊ တပမာနာ–ပူလောင်လသော်၊ ဥဏှာ ဟုတွာ န တပတိ၊ ဥဏှာ ဟုတွာ ယဒိတပေယျ၊ (ဧဝံသတိ၊) ဥဏှတ္တလက္ခဏာနာမ ဘဝေယျ၊ ဝါယော ဓာတု–သည်၊ ပထဝီဓာတုံ–ကို၊ ဖုသိတ္တွာ–၍၊ ဝိတ္ထမ္ဘေတိ–ထောက်ပံ့၏၊ တထာ–ထို့အတူ၊ တေဇောဓာတုံ–ကို၊ (ဖုသိတ္တွာ ဝိတ္ထမ္ဘေတိ၊) ပန–ကား၊ အာပေါဓာတုံ–ကို၊ အဖုသိတ္တွာဝ––မထိမူ၍သာ၊ ဝိတ္ထမ္ဘေတိ။

ဥစ္ဆုရသံ–ကြံရည်ကို၊ ပစိတ္တွာ–ချက်၍၊ ဖာဏိတပိဏ္ဍော–တင်လဲခဲကို၊ (ကြံသကာခဲကို၊) ကရိယာမာနေ–ပြုအပ်သော်၊ အာပေါဓာတု–သည်၊ ထဒ္ဓါ– ခက်မာသည်၊ ဟောတိ–လော၊ န ဟောတိ–လော၊ ဣတိ–ဤကား အမေးတည်း၊

---

**ဈာယတိ။** ။ဈာယတီတိ ပရိပစ္စတိ–(ကျက်၏၊) န ဥဏှာ ဟုတွာတိ တေသ–(ဤပါဠိ၏၊) ဥဏှသဘာဝါ ဟုတွာ (အပူသဘော ရှိသည်ဖြစ်၍၊) ဣတိ အယံ အတ္ထော၊ ဣတိ ကတွာ တေဇောသဘာဝတံယေဝ ပဋိက္ခိပတီတိ ဝုတ္တံ၊ ...အနုဋီကာ။

(အာပေါဓာတု ထဒ္ဓါ) န ဟောတိ–မဖြစ်၊ ဟိ–မှန်၊ သာ–ထို အာပေါဓာတ်သည်၊ ပဂ္ဃရဏလက္ခဏာ–ယိုစီးခြင်း လက္ခဏာရှိ၏၊ ပထဝီဓာတု–သည်၊ ကက္ခဋ္ဌ လက္ခဏာ–ခက်မာခြင်း လက္ခဏာရှိ၏၊ ပန–ထိုသို့ ဖြစ်ပါသော်လည်း၊ ဩမတ္တံ–ညံ့သော အတိုင်းအရှည်ရှိသော၊ အာပေါ–အာပေါဓာတ်သည်၊ [အာပေါသဒ္ဒါက နပုလ္လိင်ဖြစ်သောကြောင့် "ဩမတ္တံ"ဟု ထားသည်၊] အဓိမတ္တပထဝီဂတိတံ–လွန်ကဲသော အတိုင်းအရှည်ရှိသော ပထဝီဓာတ်၏ဖြစ်ခြင်းနှင့် တူသောဖြစ်ခြင်း ရှိသည်၊ ဓာတံ–ဖြစ်ပြီး၊ [အာပေါဓာတ်၏ သတ္တိညံ့သောကြောင့် သတ္တိလွန်ကဲသော ပထဝီဓာတ်၏အလိုသို့လိုက်၍ တင်လဲခဲဖြစ်ရသည်–ဟူလို၊] ဟိ–မှန်၊ သာ–ထို အာပေါဓာတ်သည်၊ ရသာကာရေန–အရည်ဟူသော အခြင်းအရာအားဖြင့်၊ ဋ္ဌိတဘာဝံ–တည်သည်၏အဖြစ်ကို၊ ဝိဇဟတိ–စွန့်၏၊ ["ကြံရည်ဘဝတုန်းက အရည်၏အဖြစ်ဖြင့် တည်နေသောသဘောကို စွန့်သည်"ဟူလို၊] လက္ခဏံ–ပဂ္ဃရဏလက္ခဏာကို၊ န ဝိဇဟတိ–မစွန့်၊ ဖာဏိတပိဏ္ဍော–တင်လဲခဲသည်၊ ဝိလီယမာနေပိ–ကြေမွပါသော်လည်း၊ (အရည်ဖြစ်သွားသော်လည်း၊) ပထဝီ ဓာတု–သည်၊ နဝိလီယတိ–ကြေမွသည် မဟုတ်၊ (အရည်ဖြစ်သည် မဟုတ်၊) ဟိ–မှန်၊ ပထဝီဓာတု–သည်၊ ကက္ခဋ္ဌလက္ခဏာ–၏၊ အာပေါဓာတု–သည်၊ ပဂ္ဃရဏလက္ခဏာ–၏၊ ပန–ထိုသို့ပင် ဖြစ်ပါသော်လည်း၊ ဩမတ္တာ–ညံ့သော အတိုင်းအရှည်ရှိသော၊ ပထဝီ–ပထဝီဓာတ်သည်၊ အဓိမတ္တ အာပဂတိကာ–လွန်ကဲသော အတိုင်းအရှည်ရှိသော အာပေါဓာတ်၏ဖြစ်ခြင်းနှင့် တူသောဖြစ်ခြင်းရှိသည်၊ ဟောတိ၊ သာ–ထို ပထဝီဓာတ်သည်၊ ပိဏ္ဍာကာရေန–အခဲဟူသော အခြင်းအရာအားဖြင့်၊ ဋ္ဌိတဘာဝံ ဝိဇဟတိ၊ လက္ခဏံ–ကက္ခဋ္ဌ လက္ခဏာကို၊ န ဝိဇဟတိ–မစွန့်။

ဟိ–မှန်၊ စတုန္နံ–ကုန်သော၊ မဟာဘူတာနံ–တို့၏၊ ဘာဝညထတ္တမေဝ–ပင်ကိုသဘောအားဖြင့် တစ်မျိုးတစ်ခြားတို့၏အဖြစ်သည်သာ၊ ဟောတိ၊ လက္ခဏညထတ္တံနာမ–လက္ခဏာအားဖြင့် တစ်မျိုးတစ်ခြားတို့၏ အဖြစ်မည်သည်၊ နတ္ထိ၊ တဿ–ထိုလက္ခဏာညထတ္တ၏၊ အဘာဝေါ–မရှိနိုင်ခြင်းကို၊ အဋ္ဌာန ပရိကပ္ပသုတ္တေန–အဋ္ဌာနပရိကပ္ပသုတ်ဖြင့်၊ ဒီပိတော–ရှေးဆရာတို့ ပြတော်မူအပ်ပြီ၊ ဟိ–သာစကား၊ သိယာ အာနန္ဒ ၊ပေ၊ အညထတ္တန္တိ–ဟူသော၊ ဇော် (သုတ္တံ)–၌ ပါဠိတော်ကို၊ (တိကအင်္ဂုတ္တိုရ်, အာနန္ဒဝဂ်, နိဝေသကသုတ် ပါဠိတော်ကို၊ ဘဂဝတာ–သည်၊) ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ [အာနန္ဒ–အာနန္ဒာ၊

---

**ဘာဝညထတ္တံ**။ ။ဘာဝသဒ္ဒါသည် ပရမတ္ထ–အထည်ကိုယ်သဘောကို ဟော၏၊ သတ္တိညံ့နေသော ဓာတ်တစ်မျိုး၏ သတ္တိလွန်ကဲသော ဓာတ်တစ်မျိုးနောက်သို့ လိုက်ပါရခြင်းသည် ဘာဝညထတ္တမည်၏၊ "ဘာဝတော–သဘောအားဖြင့်+အညထတ္တံ" ပင်ကိုသဘောမှ တစ်မျိုးတစ်ခြားတို့၏ အဖြစ်တည်း၊ ဘာဝညတ္တံ–အဖြစ်၊

ပထဝီဓာတုယာ–ပထဝီဓာတ်၏လည်းကောင်း၊ ပေ၊ ဝါယောဓာတုယာ–၏လည်းကောင်း၊ စတုန္နံ–န်သော၊ မဟာဘူတာနံ–တို့၏၊ အညထတ္တံ–တစ်မျိုးတစ်ဖုံ၏အဖြစ်သည်၊ သိယာ–ဖြစ်သော်လည်းဖြစ်တန်ရာ၏၊ (အမှန်အားဖြင့်ကား မဖြစ်နိုင်ပါ–ဟူလို၊) ဗုဒ္ဓေ–ဘုရား၌၊ အဝေစ္စပ္ပသာဒေန–ဉာဏ်ဖြင့်သက်ဝင်၍ ယုံကြည်ခြင်းနှင့်၊ သမန္နာဂတဿ–ပြည့်စုံသော၊ အရိယသာဝကဿ–၏၊ အညထတ္တံ–သည်၊ န တွေဝ သိယာ–မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ရာ။]

ဟိ–မှန်၊ အယံ–ဤဆိုအပ်လတ္တံ့ကား၊ ဧတ္ထ–ဤသုတ်၌၊ အတ္ထော–တည်း၊ အာနန္ဒ–န္ဒာ၊ ကက္ခဠတ္တလက္ခဏာ–ခက်မာသည်၏အဖြစ်ဟူသော လက္ခဏာရှိသော၊ ပထဝီဓာတု–သည်၊ ပရိဝတ္တိတွာ–ပြောင်းလွဲ၍၊ ပဂ္ဃရဏလက္ခဏာ–ယိုစီးခြင်း လက္ခဏာရှိသော၊ အာပေါဓာတုနာမ–အာပေါဓာတ်မည်သည်၊ ဘဝေယျ–ဖြစ်သော်လည်း ဖြစ်ရာသေး၏၊ အရိယသာဝကဿ ပန–၏ကား၊ အညထတ္တံနာမ–ဉာဏ်ဖြင့်သက်ဝင်၍ ယုံကြည်ခြင်းမှ တစ်မျိုးတစ်ခြား၏အဖြစ်မည်သည်၊ နတ္ထိ–နိုင်၊ ဣတိ (အယံ–ကား၊ အတ္ထော–တည်း၊) ဧဝံ–လျှင်၊ ဧတ္ထ–ဤသုတ်၌၊ အဋ္ဌာနပရိကပ္ပော–ဖြစ်ဖို့ရန်အကြောင်း မဟုတ်သည်ကိုကြံဆခြင်းသည်၊ အာဂတော–လာ၏။

၆၅၂။ ။ဣတော–ဤ အာပေါဓာတုနိဒ္ဒေသမှ၊ ပရေသု–ကုန်သော၊ ဥပါဒိန္နရူပါဒိ နိဒ္ဒေသေသု–ဥပါဒိန္နရူပါဒိနိဒ္ဒေသတို့၌၊ ဥပါဒိန္နပဒါဒီနံ–ဥပါဒိန္နပုဒ် အစရှိသည်တို့၏၊ [အာဒိဖြင့် အနုပါဒိန္န, ဥပါဒိန္နုပါဒါနိယ အစရှိသောပုဒ်တို့ကို ယူ၊] အတ္ထော–ကို၊ မာတိကာကထာယံ–မာတိကာအဋ္ဌကထာ၌၊ [တိက် ဒုက်အဖွင့်၌၊] ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော၊ စက္ခာယတနာဒီနိ–စက္ခာယတန အစရှိသောပုဒ်တို့ကို၊ [အာဒိဖြင့် ပါဠိတော်၌လာသော သောတာယတနံပုဒ်မှ စ၍ ဓိဝိတိန္ဒြိယံတိုင်အောင်သော ပုဒ်များကို ယူ၊] ဟေဋ္ဌာ–၌၊ ဝိတ္ထာရိတာနေဝ–ချဲ့အပ်ကုန်ပြီးသည်သာ၊ ပန–ဆက်၊ တတ္ထတတ္ထ–ထိုထိုနိဒ္ဒေသတို့၌၊ ဝိသေသမတ္တမေဝ–အထူးမျှကိုသာ၊ ဝက္ခာမ–ဆိုကုန်တော့အံ့။

ပင်ကိုက ခက်မာနေသောတင်လဲခဲသည် ပထဝီဓာတ်ညံ့သဖြင့် အာပေါဓာတ် လွန်ကဲလာသောအခါ အရည်ဖြစ်လာ၏၊ ထိုသို့ အရည်ဖြစ်လာခြင်းသည် ပထဝီဓာတ်၏ညံ့ခြင်း, အာပေါဓာတ်၏ လွန်ကဲခြင်းဟူသော ဘာဝညထတ္တတည်း။

နဂိုက အရည့်ဖြစ်နေသော ကြံရည်စသည်တို့၏ အခဲဖြစ်၍မာလာခြင်းသည် ပထဝီဓာတ်၏ သတ္တိလွန်ကဲ၍ အာပေါဓာတ်၏ သတ္တိညံ့ခြင်းဟူသော ဘာဝညထတ္တတည်း၊ ဤသို့စသည်ဖြင့် သိပါ၊ 'လက္ခဏာတစ်မျိုးမှ လက္ခဏာတစ်မျိုးသို့ ပြောင်းလွဲခြင်းသည် လက္ခဏာညထတ္တမည်၏၊ လက္ခဏာတော+အညထတ္တံ လက္ခဏာညထတ္တံ၊ ဓာတ်ကြီးလေးပါးတို့၌ ထို လက္ခဏာညထတ္တကား မဖြစ်နိုင်၊ ဘာဝညထတ္တသာ ဖြစ်နိုင်သည်၊ [ဘာဝညထတ္တန္တိ ၊ပေ၊ ဩမတ္တာဓိမတ္တတာသင်္ခါတံ ဘာဝညထတ္တံ ယေဝ ဟောတိ၊–ဋီကာ။]

တာဝ–အနုပါဒိန္နပုဒ်၏နိဒ္ဒေသ အစရှိသည်တို့မှ ရှေးဦးစွာ၊ (ဝုတ္တေ၊) ဥပါဒိန္နနိဒ္ဒေသေ–ဥပါဒိန္နပုဒ်၏နိဒ္ဒေသ၌၊ စက္ခာယတနာဒီနိ–စက္ခာယတန အစရှိသည်တို့ကို၊ ကေဝလံ ဥပါဒိန္နတ္တာ–ဧကန် ဥပါဒိန္နတို့၏အဖြစ်ကြောင့်၊ ဝုတ္တာနိ–န်ပြီ၊ ပန–ဆက်၊ ယသ္မာ, ရူပါယတနာဒီနိ–ရူပါယတန အစရှိသောရုပ်တို့သည်၊ ဥပါဒိန္နာနိပိ–ဥပါဒိန္နရုပ်တို့သည်လည်း၊ အတ္ထိ–ရှိကုန်၏၊ အနုပါဒိန္နာနိ ပိ–အနုပါဒိန္နမဟုတ်သော ရုပ်တို့သည်လည်း၊ (အတ္ထိ–န်၏၊) တသ္မာ, တာနိ–ထို ရူပါယတန အစရှိသောရုပ်တို့ကို၊ ယံဝါပနာတိ–ဟူ၍၊ သခေ်ပတော–အကျဉ်းချုပ်အားဖြင့်၊ ဒဿေတွာ–၍၊ ပုန, ကမ္မဿ ကတတ္တာ ရူပါယတနံတိ အာဒိနာ–အစရှိသော၊ နယေန–ဖြင့်၊ ဝိတ္ထာရိတာနိ–ချဲ့တော်မူအပ်ကုန်ပြီ၊ ဣမိနာ ဥပါယေန–ဤနည်းဖြင့်၊ သဗ္ဗယေဝါပနကေသု–အလုံးစုံသော ယေဝါပနကတို့၌၊ အတ္ထော ဝေဒိတဗ္ဗော၊ [“ယံ ယံဝါ ပန”ဟု အကျဉ်းပြပြီး၍ “ကမ္မဿ ကတတ္တာ” စသည်ဖြင့် အကျယ်ပြပုံကို သိပါ–ဟူလို။]

ပန–ပရိဟာရ ၊ပေ၊ ဆိုဦးအံ့၊ ကသ္မာ, ကမ္မဿ ကတတ္တာတိစ–ဟူသော ပုဒ်လည်းကောင်း၊ န ကမ္မဿ ကတတ္တာတိစ–ဟူသော ပုဒ်လည်းကောင်း၊ ဥဘိန္နံပိ–နှစ်ပုဒ်လုံးတို့၏လည်း၊ နိဒ္ဒေသေ–၌၊ ဇရတာစ–ဇရတာကိုလည်းကောင်း၊ အနိစ္စတာစ–ကိုလည်းကောင်း၊ န ဂဟိတာ–ယူတော်မမူအပ်သနည်း၊ အနုပါဒိန္နာဒီနံယေဝ–အနုပါဒိန္န အစရှိသောပုဒ်တို့၏သာ၊ နိဒ္ဒေသေသု–တို့၌၊ ဂဟိတာ–သနည်း၊ ဣတိ–ဤကား အမေးတည်း၊ တာဝ–ကမ္မဿကတတ္တာမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေ) န ကမ္မဿ ကတတ္တာတိ တွေ–ဟူသော ဤပုဒ်၌၊ ကမ္မတော–ကံမှ၊ အညပစ္စယသမုဋ္ဌာနံ–အခြားသော အကြောင်းကြောင့် ဖြစ်သော ရုပ်ကို၊ သင်္ဂဟိတံ–သိမ်းယူအပ်ပြီ၊ ကမ္မဿ ကတတ္တာတိ တွေ–ဟူသောဤပုဒ်၌၊ ကမ္မသမုဋ္ဌာနမေဝ–ကံကြောင့်ဖြစ်သော ရုပ်ကိုသာ၊ သင်္ဂဟိတံ–ပြီ၊ စ–ဆက်၊ ဒွေ–ကုန်သော၊ ဣမာနိ ရူပါနိ–ဤဇရတာ အနိစ္စတာရုပ်တို့သည်၊ ကမ္မတော–ကံကြောင့်၊ နေဝ (ဥပ္ပဇ္ဇန္တိ)–ဖြစ်ကြသည် မဟုတ်၊ အညသ္မာ–ကံမှတစ်ပါးသော၊ ရူပဇနကပစ္စယာ–ရုပ်ကို ဖြစ်စေတတ်သော အကြောင်းကြောင့်၊ န ဥပ္ပဇ္ဇန္တိ–ဖြစ်ကြသည် မဟုတ်၊ တသ္မာ, န ဂဟိတာနိ–ယူတော်မမူအပ်ကုန်၊ စ–ဆက်၊ နေသံ–ထို ဇရတာ အနိစ္စတာရုပ်တို့၏၊ သာ အနုပ္ပတ္တိ–ထို မဖြစ်ပုံသည်၊ ပရတော–နောက်၌၊ အာဝိ–ထင်ရှားစွာ၊ ဘဝိဿတိ၊ ပန–ကား၊ အနုပါဒိန္နန္တိ အာဒီသု–အနုပါဒိန္န အစရှိသောပုဒ်တို့၌၊ ကေဝလံ–ခွင့်ပြုခြင်းနှင့် မဖက် သက်သက်၊ အနုပါဒိန္နာဒိဂ္ဂဟဏေန–အနုပါဒိန္န အစရှိသော

---

အနုပါဒိန္နာဒီနံယေဝ။ ။ပါဠိတော်ကို ကြည့်ပါ၊ “ကတမံ တံရူပံ အနုပါဒိန္နံ” ပုဒ်၏ နိဒ္ဒေသ၌လည်းကောင်း, အနုပါဒိန္နုပါဒါနိယ နိဒ္ဒေသ၌လည်းကောင်း, နစိတ္တသမုဋ္ဌာန၏နိဒ္ဒေသ စသည်၌လည်းကောင်း ဇရတာ အနိစ္စတာရုပ်ကို ဟောတော်မူထား၏၊ ထို့ကြောင့် အနုပါဒိန္နာဒီနံ၌ အာဒိဖြင့် အနုပါဒိန္နုပါဒါနိယ နိဒ္ဒေသစသည်ကို ယူပါ။

သဒ္ဒါဖြင့်၊ ကမ္မာဒိသမုဋ္ဌာနတာ–ကံအစရှိသော ဖြစ်ကြောင်းရှိကုန်သည်၏ အဖြစ်ကို၊ ပဋိက္ခိတ္တာ–ပယ်မြစ်တော်မူအပ်ပြီ၊ အညပစ္စယသမုဋ္ဌာနတာ– အခြားသော အကြောင်းကြောင့် ဖြစ်ကုန်သည်၏အဖြစ်ကို၊ န အနုညာတာ– ခွင့်ပြုတော်မူအပ်သည် မဟုတ်၊ တသ္မာ, တတ္ထ–ထို အနုပါဒိန္နာဒိနိဒ္ဒေသ၌၊ ဂဟိတာနိ–ယူတော်မူအပ်ကုန်ပြီ၊ ဣတိ–သို့၊ ဝေဒိတဗ္ဗာနိ–န်၏၊ [ဤ အဋ္ဌကထာဖြေပုံကို ဋီကာဆရာ သဘောမကျ၍ တစ်မျိုးပြလိမ့်မည်။]

၆၆၆။ ။စိတ္တသမုဋ္ဌာနနိဒ္ဒေသေ–၌၊ ကာယဝိညတ္တိ ဝစီဝိညတ္တိတိ ဣဒံ ဒွယံ–ကာယဝိညတ္တိ ဝစီဝိညတ္တိဟူသော ဤ တရားနှစ်ပါးအပေါင်းကို၊ (ဝုတ္တံ၌ စပ်၊) ဝါ–သည်၊ (ပညာယတိ၌ စပ်၊) ယသ္မာ, ကေန္တစိတ္တသမုဋ္ဌာနာနိ– ကေန် စိတ်ဟူသော ဖြစ်ကြောင်းရှိကုန်သော၊ ဘူတာနိ–မဟာဘုတ်တို့ကို၊ ဥပါဒါယ–စွဲမှီ၍၊ ပညာယတိ–ထင်ရှား၏၊ တသ္မာ–ကြောင့်၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ ပန–ဆက်၊ ပရမတ္ထတော–ပရမတ္ထအားဖြင့်၊ တဿ–ထို ဝိညတ်ဒွေး၏၊ နိဿယဘူတာနေဝ–မှီရာဖြစ်၍သာလျှင် ဖြစ်ကုန်သော၊ ဘူတာနိ–မဟာဘုတ် တို့သည်၊ စိတ္တသမုဋ္ဌာနာနိ–စိတ်ကြောင့်ဖြစ်သော ရုပ်တို့တည်း၊ [မဟာဘုတ် တို့ကသာ စိတ်ကြောင့်ဖြစ်သော ပရမတ္ထအစစ်ဖြစ်သည်–ဟူလို၊] တံ နိဿိ တတ္တာ–ထို ပရမတ္ထအစစ်ဖြစ်သော မဟာဘုတ်တို့ကို မှီသည်၏အဖြစ်ကြောင့်၊ [စိတ္တသမုဋ္ဌာနာနံ နာမ ဇာတံ၌ စပ်၊] အနိစ္စဿ–အနိစ္စဖြစ်သော၊ ရူပဿ– ရုပ်၏၊ ဇရာမရဏံ–ဇရာမရဏသည်၊ အနိစ္စံနာမ–မည်သည်၊ ဟောတိ ယထာ, ဧဝံ–တူ၊ ဣဒံပိ–ဤ ဝိညတ်ဒွေးသည်လည်း၊ စိတ္တသမုဋ္ဌာနံနာမ–စိတ္တ သမုဋ္ဌာန်မည်သည်၊ ဇာတံ–ဖြစ်ရပြီ။

---

**တသ္မာ တတ္ထ ဂဟိတာနိ။** ။ရှေးနိဿယ၌ "န ဂဟိတာနိ"ဟု တွေ့ရ၏၊ သို့သော် အနုပါဒိန္နစသော နိဒ္ဒေသတို့၌ ဤဇရတာ အနိစ္စာတာရုပ်တို့ကို ယူတော်မူအပ် ကုန်ပြီ ပါဠိတော်ကြည့်ပါ၊ ထို့ကြောင့် "ဂဟိတာနိ"သာ ပါဌ်မှန်တည်း၊ သို့သော် ရှေ့ဝါကျ ၌ ပဋိက္ခိတ္တာ, န အနုညာတာကိုထောက်လျှင် "န ဂဟိတာနိ"ရှိမှ သင့်သကဲ့သို့ ထင်စရာ ရှိ၏၊ အမှန်အားဖြင့်ကား "အနုပါဒိန္နစသောသဒ္ဒါဖြင့် ကမ္မာဒိသမုဋ္ဌာနအဖြစ်ကိုလည်း ပယ်၍ အခြားသောစိတ္တသမုဋ္ဌာနစသောအဖြစ်ကိုလည်း ခွင့်မပြုသောကြောင့် ဇရတာ အနိစ္စတာရုပ်တို့ကို အနုပါဒိန္နစသောစကားရပ်၏ နိဒ္ဒေသတို့၌ ယူတော်မူအပ်ကုန် ပြီ"ဟု ဆိုလိုသည်၊ [မူလအမေးနှင့် တွဲကြည့်မှ ဂဟိတာနိမှန်ကြောင်း သိနိုင်ပါသည်။]

**ဘူတာနိ ဥပါဒါယ ပညာယတိ။** ။[ဝိညတ်ခန်းကို ပြန်ကြည့်ပါ၊ ဝါယော ဓာတ် လွန်ကဲသော မဟာဘုတ်တို့၏ ထူးခြားသောအမူအရာကို ကာယဝိညတ်, ပထဝီ ဓာတ် လွန်ကဲသော မဟာဘုတ်တို့၏ ထူးခြားသောအမူအရာကို ဝစီဝိညတ်ဟု ခေါ်ဆို အပ်၏၊ ထို့ကြောင့် "ဘူတာနိ ဥပါဒါယ ပညာယတိ"ဟု ဆိုသည်၊ ထို ဝိညတ်ဒွေး၏ ပရမတ် အစစ်မဟုတ်ကြောင်း, အနိပ္ဖန္နရုပ်ဖြစ်ကြောင်းကိုလည်း သတိပြုပါ၊ ထို့ကြောင့် "ဖြစ်၏"ဟု စကားမသုံးဘဲ "ပညာယတိ"ဟု သုံး၍ "ပရမတ္ထတော ၊ပေ၊ စိတ္တ သမုဋ္ဌာနံနာမ ဇာတံ"ဟု (ဌာနျူပစာ ကာရဏူပစာကိုပြသော နာမသဒ္ဒါဖြင့်) မိန့်သည်။

၆၆၈။ ။စိတ္တသဟဘုနိဒ္ဒေသေပိ–၌လည်း၊ ဧသေဝနယော၊ ယာဝ–လောက်၊ စိတ္တံ–စိတ်သည်၊ (အတ္ထိ၊) တာဝ–ထို စိတ်ရှိသမျှ၊ ပညာယနတော–ထင်ရှားခြင်းကြောင့်၊ ဣဒမေဝဒွယံ–ဤ ဝိညတ်ဒွေးကိုပင်၊ ဝုတ္တံ–(စိတ္တသဟဘု) ဟု ဟောတော်မူအပ်ပြီ၊ ပန–ဆက်၊ ဧတံ–ဤ ဝိညတ်ဒွေးသည်၊ စိတ္တေန–နှင့်၊ သဟ–တကွ၊ ဘူတာနိဝိယ–မဟာဘုတ်တို့ကဲ့သို့လည်းကောင်း၊ စေတနာဒယော ဝိယစ–စေတနာအစရှိသော စေတသိက်တို့ကဲ့သို့လည်းကောင်း၊ န ဥပ္ပဇ္ဇတိ–ဖြစ်သည် မဟုတ်၊ [စိတ္တဇ မဟာဘုတ်တို့သည် စိတ်နှင့်တကွဖြစ်ကြသကဲ့သို့လည်းကောင်း, စေတနာစသော စေတသိက်တို့သည် စိတ်နှင့်တကွ ဖြစ်ကြသကဲ့သို့လည်းကောင်း ဤ ဝိညတ်ဒွေးသည် စိတ်နှင့် အတူတကွ ဖြစ်ပေါ်ဥပါဒ်သည် မဟုတ်–ဟူလို။]

၆၇၀။ ။စိတ္တာနုပရိဝတ္တိတာယပိ–စိတ္တာနုပရိဝတ္တိ၏ အဖြစ်၌လည်း၊ ဧသေဝနယော၊ ဟိ–မှန်၊ ယာဝ–လောက်၊ စိတ္တံ–သည်၊ (အတ္ထိ၊) တာဝ–ထို စိတ်ရှိသမျှ၊ ပညာယနတော ဧဝ–ကြောင့်ပင်၊ ဧတံဒွယံ–ဤ ဝိညတ်ဒွေးကို၊ စိတ္တာနုပရိဝတ္တီတိ–ဟူ၍၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ။

၆၇၄။ ။သြဠာရိကန္တိ–ကား၊ ဝတ္ထာရမဏဘူတတ္တာ–ဝတ္ထုရုပ်, အာရုံရုပ်တို့၏အဖြစ်ကြောင့်၊ ဝါ–အတွက်၊ သံဃဋ္ဋနဝသေန–ထိခိုက်ခြင်း၏ အစွမ်းဖြင့်၊ ဂဟေတဗ္ဗတော–ဉာဏ်ဖြင့် ယူထိုက်သည်၏အဖြစ်ကြောင့်၊ ထူလံ–ထူလကို၊ (ဝေဒိတဗ္ဗံ၊) ဝုတ္တ ဝိပလ္လာသတော–ဆိုအပ်ပြီးသော အကြောင်း၏ ပြောင်းပြန် ဖြစ်သောအကြောင်းကြောင့်၊ သုခုမံ–သုခုမကို၊ ဝေဒိတဗ္ဗံ၊ [သဂြိုဟ်၌ ပြအပ်သော သြဠာရိကရုပ်စသည်တို့၏ အဓိပ္ပာယ်အတိုင်းပင်။]

၆၇၆။ ။ဒူရေတိ–ကား၊ ဃဋ္ဋနဝသေန–ဖြင့်၊ အဂ္ဂဟေတဗ္ဗတ္တာ–ဉာဏ်ဖြင့် မယူအပ် မယူနိုင်သည်၏အဖြစ်ကြောင့်၊ ဝါ–အတွက်၊ ဒုဝ္ဗိညေယျဘာဝေန–ခဲယဉ်းစွာ သိအပ်သည်၏အဖြစ်ကြောင့်၊ သမီပေ–အနီး၌၊ ဌိတံ–တည်သည်၊ (သမာနံ) ပိ–သော်လည်း၊ ဒူရေ–အဝေးရုပ်မည်၏၊ ပန–ကား၊ ဣတရံ–ဒူရေရုပ်မှ တစ်ပါးသော ရုပ်သည်၊ ဃဋ္ဋနဝသေန–ဖြင့်၊ ဂဟေတဗ္ဗတ္တာ–ကြောင့်၊ ဝါ–အတွက်၊ သုဝိညေယျဘာဝေန–လွယ်ကူစွာ သိအပ် သိနိုင်သည်၏ အဖြစ်ကြောင့်၊ ဒူရေ–၌၊ ဌိတံ–သည်၊ (သမာနံ)ပိ–လည်း၊ သန္တိကေ–အနီးရုပ်မည်၏၊ [ဒူရေ သန္တိကေတို့၌ သတ္တမီဝိဘတ်သည် ပဌမာအနက်၌ သက်၊ ထို့ကြောင့် "အဝေးရုပ်မည်၏"စသည်ဖြင့် ပေးရသည်။]

စက္ခာယတနာဒိနိဒ္ဒေသာ–စက္ခာယတန အစရှိသည်တို့၏ နိဒ္ဒေသတို့ကို၊ ဟေဋ္ဌာ ဝုတ္တနယေနေဝ ဝိတ္ထာရတော, ဝေဒိတဗ္ဗာ–ကုန်၏၊ ဣဒံ–ဤ ဆိုအပ်ပြီးကား၊ တာဝ–တိဝိဓသင်္ဂဟစသည်တို့၏ ရှေးဦးစွာ၊ ဒုဝိဓေန–နှစ်ပါးအပြားအားဖြင့်၊ ရူပသင်္ဂဟေ–ရုပ်တို့ကို သိမ်းယူရာအခန်း၌၊ ဝိသေသမတ္တံ–အထူး မျှတည်း၊ တိဝိဓသင်္ဂဟော–တိဝိဓသင်္ဂဟသည်၊ ဥတ္တာနတ္ထောဝ–ပေါ်လွင်သော အနက်ရှိသည်သာ။

## စတုက္ကနိဒ္ဒေသဝဏ္ဏနာ

**၉၆၆။** ။စတုဗ္ဗိဓ သင်္ဂဟာဝသာနေ–စတုဗ္ဗိဓသင်္ဂဟ၏အဆုံး၌၊ ဒိဋ္ဌာဒီနံ–ဒိဋ္ဌအစရှိသော ပုဒ်တို့တွင်၊ ပစ္ဆိမပဒဿ–နောက်ဆုံးဖြစ်သော ဝိညာတပုဒ်၏၊ ဘေဒါ ဘာဝေန–အကွဲအပြား၏ မရှိခြင်းကြောင့်၊ အာဒိတော–အစဖြစ်သော ဒိဋ္ဌပုဒ်မှ၊ ပဋ္ဌာယ–၍၊ ပုစ္ဆံ–ပုစ္ဆာကို၊ အကတွာဝ–မပြုမူ၍သာ၊ [“ကတမံ တံ ဒိဋ္ဌံ”စသည်ဖြင့် ပုစ္ဆာမထုတ်တော့ဘဲ၊] ရူပါယတနံ ၊ပေ၊ သုတံတိ အာဒိ–အစရှိသော စကားရပ်ကို၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ တတ္ထ–ထို ရူပါယတနံ ၊ပေ၊ သုတံအစရှိသော စကား.ရပ်၌၊ ရူပါယတနံ–ရူပါယတနသည်၊ စက္ခုနာ–စက္ခုပသာဒ ဖြင့်၊ ဝါ–စက္ခုဝိညာဉ်ဖြင့်၊ ဩလောကေတွာ–ကြည့်၍၊ ဒက္ခိတုံ–မြင်ခြင်းငှာ၊ သက္ကာ–တတ်ကောင်း၏၊ ဣတိ–ကြောင့်၊ ဒိဋ္ဌံနာမ–ဒိဋ္ဌမည်သည်၊ ဇာတံ–ဖြစ်ပြီ၊ သဒ္ဒါယတနံ–သည်၊ သောတေန–သောတပသာဒဖြင့်၊ ဝါ–သောတဝိညာဉ်ဖြင့်၊ သုတွာ–ကြား၍၊ ဇာနိတုံ သက္ကာ၊ ဣတိ–ကြောင့်၊ သုတံနာမ ဇာတံ၊ ဂန္ဓာယတနာဒိတ္တယံ–ဂန္ဓာယတန အစရှိသော ရုပ်သုံးပါး အပေါင်းသည်၊ ဃာန ဇိဝှါကာယေဟိ–ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒတို့ဖြင့်၊ ဝါ–ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်တို့ဖြင့်၊ ပတွာ–ရောက်၍၊ ဂဟေ တဗ္ဗတော–ယူထိုက်သည်၏ အဖြစ်ကြောင့်၊ မုနိတွာ–ဖွဲ့စပ်၍၊ ဇာနိတဗ္ဗဋ္ဌေန–သိထိုက်သည်၏ အဖြစ်ဟူသော သဘောကြောင့်၊

---

**ပစ္ဆိမပဒဿ ဘေဒါဘာဝေန။** ။ဒိဋ္ဌ သုတ မုတ ဝိညာတဟူသော ပုဒ်တို့တွင် ဝိညာတပုဒ်ကို “ပစ္ဆိမပဒ”ဟု ဆိုသည်၊ ထို နောက်ဆုံးပုဒ်၌ ဝိညာတရုပ်, အဝိညာတရုပ်ဟူ၍ အကွဲအပြား မရှိခြင်း (ရုပ်ဟူသမျှ စိတ်ဖြင့်သိထိုက်သော ဝိညာတရုပ်ချည်းသာ ဖြစ်ခြင်း)ကို “ဘေဒါဘာဝ”ဟု ဆိုသည်၊ ထိုသို့ အကွဲအပြားမရှိလျှင် ဒိဋ္ဌ သုတ မုတ ရုပ်အားလုံးလည်း ဝိညာတရုပ်တစ်မျိုးသာဖြစ်၏၊ ထို့ကြောင့် ဒိဋ္ဌစသည်တို့သည် ဝိညာတမှ မကွဲပြားရကား “ကတမံ တံ ဒိဋ္ဌံ”စသည်ဖြင့် ပုစ္ဆာမထုတ်တော့ဘဲ “ရူပါယတနံ ဒိဋ္ဌံ”စသည်ဖြင့် အဖြေဝါကျကိုသာ ဟောပြတော်မူသည်၊ ဆိုလိုရင်းကား– ဥဒ္ဒေသ၌ ပြအပ်သောပုဒ်တို့တွင် တစ်ပုဒ်နှင့်တစ်ပုဒ် အရကွဲမှ ပုစ္ဆာထုတ်ရသည်၊ အရ မကွဲလျှင် ပုစ္ဆာထုတ်ဖွယ် မလို၊ ဥပမာ–“ကတမံ တံ ရူပံ ဒိဋ္ဌံ”ဟု ပုစ္ဆာထုတ်လျှင် ထို ဒိဋ္ဌသည် ဝိညာတနှင့်အရကွဲမှ ပုစ္ဆာထုတ်၍ဖြစ်၏၊ ယခုသော်ကား ဝိညာတတွင် ဒိဋ္ဌက ပါဝင်နေသောကြောင့် အရမကွဲ၊ ထိုသို့ အရမကွဲသောကြောင့် ပုစ္ဆာမထုတ်ရ–ဟူလို။

**မုနိတွာ ဇာနိတဗ္ဗဋ္ဌေန။** ။“မု–ဗန္ဓနေ”ဟု ဓာတ်ကျမ်းရှိ၏၊ ဃာနပသာဒ စသည်နှင့် ဂန္ဓာရုံစသည်တို့သည် အချင်းချင်း ဖွဲ့စပ်ငြိကပ်ခြင်းကို “မုနိတွာ”ဟု ဆို၏၊ ထိုသို့ ဖွဲ့စပ်ငြိကပ်မှ သိအပ်သိထိုက်သောကြောင့် ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ သုံးပါးကို “မုနိတွာ ဇာနိတဗ္ဗ”ဟု ဆိုသည်၊ ဤ ဇာနိတဗ္ဗကို ထောက်၍လည်းကောင်း, ဒိဋ္ဌံစသည်၌ “ဒက္ခိတုံ သက္ကာ”စသည်ဖြင့် သက္ကာထည့်၍ ဖွင့်သောကြောင့်လည်း ကောင်း, ဒိဋ္ဌံစသည်၌ (တ) ပစ္စည်းကို အရဟ–သက္ကအနက်ဟောဟု မှတ်ယူ။

မုတံနာမ ဓာတံ၊ ဖုသိတ္တာ–ထိ၍၊ ဝိညာဏုပ္ပတ္တိကာရဏတော–ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ကြောင့်၊ မုတံနာမ–မုတမည်၏၊ ဣတိပိ–သို့လည်း၊ ဝုတ္တံ–ရှေးဆရာတို့ ဆိုအပ်ပြီ၊ [“မု–ဗန္ဓနေ” အရ ဖွဲ့ဖြင်းဟူသည် ထိရောက်ခြင်းပင်တည်း၊ ထို့ကြောင့် “ဖုသိတ္တာ”ဟု ရှေးဆရာတို့ ဖွင့်ကြသည်–ဟူလို၊] ပန–ဆက်၊ သဗ္ဗမေဝ–သာလျှင်ဖြစ်သော၊ ရုပ်–သည်၊ ဝါ–ကို၊ မနောဝိညာဏေန–သည်၊ ဓာနိတဗ္ဗံ–သိထိုက်၏၊ ဣတိ–ကြောင့်၊ မနသာ–စိတ်ဖြင့်၊ ဝိညာတံနာမ–သိအပ်သော ရုပ်မည်သည်၊ ဓာတံ–ပြီ။

## ပဉ္စကနိဒ္ဒေသဝဏ္ဏနာ

၉၆၇။ ။ပဉ္စဝိဓေသင်္ဂဟနိဒ္ဒေသေ–၌၊ ကက္ခဠတ္တံ–ကား၊ ထဒ္ဓံ–ခက်မာသော ရုပ်တည်း၊ ခရမေဝ–ခက်မာသော ရုပ်သည်ပင်၊ ခရဂတံ–မည်၏၊ ဖရုသံ–ကြမ်းတမ်းသော ရုပ်တည်း၊ ဣတိ အတ္ထော၊ ဣတရေ–ကက္ခဠ ခရဂတမှ တစ်ပါးကုန်သော၊ ဒွေပိ–ကက္ခဠတ္တံ, ကက္ခဠဘာဝေါဟူသော နှစ်ပါးသော သဒ္ဒါတို့သည်လည်း၊ ဘာဝနိဒ္ဒေသာဝ–ဘာဝအနက်ကို ညွှန်ပြကြောင်းသဒ္ဒါတို့သာတည်း၊ [“ကက္ခဠတ္တ, ကက္ခဠဘာဝ”ဟု ဘာဝအနက်ကို ညွှန်ပြကြောင်းသဒ္ဒါများဖြစ်သည်–ဟူလို၊] အချို့စာအုပ်၌ “သဘာဝနိဒ္ဒေသာ ဝေ”ဟု ရှိ၏၊ မကောင်း၊ ဘာဝပစ္စည်း, ဘာဝသဒ္ဒါတို့ဖြင့် ညွှန်ပြသောကြောင့် ဘာဝနိဒ္ဒေသာဟု ရှိခြင်းက ကောင်းသည်၊] အဇ္ဈတ္တန္တိ–ကား၊ နိယကဇ္ဈတ္တံ–မိမိကို မှီ၍ဖြစ်သော အဇ္ဈတ္တတည်း၊ ဗဟိဒ္ဓါတိ–ကား၊ ဗာဟိရံ–ဗာဟိရရုပ်တည်း၊ ဥပါဒိန္နံတိ–ကား၊ ကမ္မသမုဋ္ဌာနမေဝ–ကံကြောင့်ဖြစ်သော ရုပ်သည်သာ၊ န–ဥပါဒိန္နအမည်ရသည် မဟုတ်သေး၊ ပန–စင်စစ်ကား၊ တေံ–ဤ ဥပါဒိန္နသဒ္ဒါသည်၊ အဝိသေသေန–ကမ္မသမုဋ္ဌာန်ဟု အထူးမပြု, သာမညအားဖြင့်၊ သရီရဋ္ဌကဿ–ကိုယ်၌တည်သော ရုပ်အားလုံးကို၊ ဂဟဏံ–ယူကြောင်းသဒ္ဒါတည်း၊ ဟိ–မှန်၏၊ သရီရဋ္ဌကံ–ကိုယ်၌တည်သော ရုပ်အားလုံးသည်၊ ဥပါဒိန္နံဝါ–တဏှာ ဒိဋ္ဌိတို့ ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ယူအပ်သော ကမ္မဇရုပ်သည်မူလည်း၊

---

ဥပါဒိန္န။ ။“ဥပေတေန+အာဒိန္နံ ဥပါဒိန္နံ”ဟု ပြခဲ့သည့်အတိုင်း အခြားနေရာ၌ ကမ္မဇရုပ်ကိုသာ ဥပါဒိန္နဟု ယူရိုးရှိ၏၊ သို့သော် ဤနေရာ၌ကား ခန္ဓာကိုယ်၌တည်သော ရုပ်အားလုံးကိုပင် ငါ၏ဥစ္စာဟု ယူအပ်, စွဲလမ်းအပ် သုံးသပ်အပ်သောကြောင့် ဥပါဒိန္နအမည်ရသည်။

မူကွဲ။ ။အချို့စာအုပ်၌ “ကမ္မသမုဋ္ဌာနမေဝ”ဟု န မပါသော မူကွဲရှိ၏၊ သို့သော် “အဝိသေသေန ပန”ဟူသော စာသွားကို ထောက်လျှင်လည်းကောင်း, သရီရဋ္ဌကံ ဟိစသော ဒုဋီကရဏဝါကျကို ထောက်လျှင်လည်းကောင်း ထို မူကွဲသည် မူရင်းပါဠ် ဟုတ်ဟန်မတူ။

ဟောတု–ဖြစ်စေ၊ အနုပါဒိန္နံဝါ–ကမ္မဇရုပ် မဟုတ်သည်မူလည်း၊ (ဟောတု) အာဒိန္နဂဟိတပရာမဋ္ဌဝသေန–ငါ့ဥစ္စာဟု စွဲလမ်းအပ်, မှားသောအားဖြင့် သုံးသပ်အပ်သည်၏အဖြစ်ကြောင့်၊ သဗ္ဗံ–အလုံးစုံသော ရုပ်သည်၊ ဥပါဒိန္နမေဝနာမ–ဥပါဒိန္နမည်သည်သာတည်း။

**၉၆၉။** ။တေဇောဂတန္တိ–ကား၊ သဗ္ဗတေဇေသု–အလုံးစုံသော တေဇောတို့၌၊ ဂတံ–ပါဝင်သော၊ ဥဏှတ္တလက္ခဏံ–အငွေ့၏ အဖြစ်ဟူသော လက္ခဏာတည်း၊ [“တေဇောဂတံ–တေဇောတို့၌ပါဝင်သော သဘောလက္ခဏာသည်”ဟု ပါဠိတော်၌ ပေး၊] ဝါ–တစ်နည်း၊ တေဇောဧဝ–တေဇောသည်ပင်၊ တေဇောဘာဝံ–တေဇော၏ ဖြစ်ကြောင်းဖြစ်ရာ သဘောလက္ခဏာသို့၊ ဂတံ–ရောက်သည်တည်း၊ ဣတိ–ကြောင့်၊ တေဇောဂတံ–မည်၏၊ [ဤအလို “တေဇောဂတံ–တေဇော၏ အဖြစ်သို့ရောက်သော သဘောသည်”ဟု ပေးပါ၊] ဥသ္မာတိ–ကား၊ ဥသ္မာကာရော–အငွေ့ဟူသော အခြင်းအရာတည်း၊ [“ဥသ္မာ–အငွေ့သည်” ဟု ပေး၊] ဥသ္မာဂတန္တိ–ကား၊ ဥသ္မာဘာဝံ–အငွေ့၏ဖြစ်ကြောင်းဖြစ်ရာ သဘောလက္ခဏာသို့၊ ဂတံ–ရောက်သည်တည်း၊ [“ဥသ္မာဂတံ–အငွေ့၏ အဖြစ်သို့ရောက်သော သဘောသည်”ဟု ပေး၊] ဧတံ–ဤ ဥသ္မာဂတံဟူသော အမည်သည်၊ ဥသ္မာကာရဿေဝ–အငွေ့ဟူသော အခြင်းအရာ၏ပင်၊ နာမံ–တည်း၊ ဥသုမန္တိ–ကား၊ ဗလဝဥသ္မာ–အားရှိသော အငွေ့တည်း၊ ဥသုမမေဝ–အားရှိသော အငွေ့ သည်ပင်၊ ဥသုမဘာဝံ–အငွေ့၏ ဖြစ်ကြောင်းဖြစ်ရာ သဘောလက္ခဏာသို့၊ ဂတံ–တည်း၊ ဣတိ–ကြောင့်၊ ဥသုမဂတံ–မည်၏။

**၉၇၀။** ။ဝါယနကဝသေန–အရပ်တစ်ပါးသို့ သွားတတ်သည်၏ အစွမ်းကြောင့်၊ ဝါယော–ဝါယောမည်၏၊ [ဝါဓာတ်, ဂတိအနက်ဟော, ဏ ပစ္စည်း၊ အာကို အာယပြု၊] ဝါယောဝ–အရပ်တစ်ပါးသို့ သွားတတ်သော သဘောသည် ပင်၊ ဝါယောဘာဝံ–ဝါယော၏ ဖြစ်ကြောင်းဖြစ်ရာ သဘော လက္ခဏာသို့၊ ဂတတ္တာ–ရောက်သည်၏ အဖြစ်ကြောင့်၊ ဝါယောဂတံ–မည်၏၊ [“ဝါယောဂတံ–ဝါယော၏ အဖြစ်သို့ရောက်သော သဘောသည်” ဟု ပေး၊] ထမ္ဘိတတ္တန္တိ–ကား၊ ဝါတပုဏ္ဏာနံ–လေဖြင့် ပြည့်ကုန်သော၊ ဥပ္ပလနာလတစာဒီနံ–ကြာရိုး၏အခွံ အစရှိသည်တို့၏၊ ထမ္ဘိတဘာဝေါဝိယ–တောင့်မာကုန်သည်၏အဖြစ်ကဲ့သို့၊ ရူပဿ–ရုပ်၏၊ ထမ္ဘိတဘာဝေါ–တောင့်မာသည်၏ အဖြစ်တည်း။

---

**ဥပ္ပလနာလတစာဒီနံ။** ။ကြာရိုး၏အပေါ်ခွံကို ကြာရိုးအဖျားဘက်သို့ မကွဲအောင် ခွါယူ၍ အဖျားကို ချည်ထားသောအခါ အိတ်ကလေးဖြစ်နေ၏၊ ထို ကြာရိုး အိတ်ကို ကြာရိုးတံ အရင်းကနေ၍ မှုတ်လိုက်လျှင် တောင့်၍တက်လာ၏၊ ထိုကဲ့သို့ တောင့်မာပုံကို ရည်ရည်၍ “ဥပ္ပလနာလတစာဒီနံဝိယ ဝါတပုဏ္ဏာနံ ထမ္ဘိတဘာဝေါ”ဟု ဆိုသည်၊ အာဒိဖြင့် လေပြည့်သောအခါ တောင့်လာသော ဖားဖိုစသည်ကို ယူပါ။

## ဆက္ကာဒိနိဒ္ဒေသဝဏ္ဏနာ

၉၇၂-၄။ ။တိက္ကံ-န်သော၊ ဆဗ္ဗိဓာဒိသင်္ဂဟာနံ-ဆဗ္ဗိဓ အစရှိသော သင်္ဂဟာတို့၏၊ ဩသာနပဒဿ-အဆုံးဖြစ်သောပုဒ်၏၊ (ဆဗ္ဗိဓသင်္ဂဟ၌ မနော ဝိညေယျံပုဒ်, သတ္တဝိဓသင်္ဂဟ အဋ္ဌဝိဓသင်္ဂဟတို့၌ မနောဝိညာဏဓာတုဝိညေယျံ ပုဒ်၏၊) ဘေဒါဘာဝတော-အကွဲအပြား၏ မရှိခြင်းကြောင့်၊ အာဒိတော- အစပုဒ်မှ၊ ပဋ္ဌာယ-၍၊ 'အပုဗ္ဗိတွာဝ-ပုဗ္ဗာ မထုတ်မူ၍သာ၊ နိဒ္ဒေသော- အကျယ် ညွှန်ပြခြင်းကို၊ (အဖြေကို၊) ကတော-ပြုတော်မူအပ်ပြီ၊ [“ရူပါယတနံ စက္ခုဝိညေယျံ စသည်ကိုပင် နိဒ္ဒေသ”ဟု ဆိုသည်၊] တတ္ထ-ထို နိဒ္ဒေသ၌၊ (ယံ-အကြင် ရူပါယတနသည်၊ ဝါ-ကို၊) စက္ခုဝိညာဏေန-စက္ခုဝိညာဉ်သည်၊ ဇာနိတုံ-သိခြင်းငှာ၊ သက္ကာ-တတ်ကောင်း၏၊ ဣတိ-ကြောင့်၊ (တံ-ထို ရူပါယတနသည်၊) စက္ခုဝိညေယျံ-မည်၏၊ ပေ၊ (ယံ-အကြင် ရုပ်အားလုံးသည်၊ ဝါ-ကို၊) မနောဝိညာဏေန-မနောဝိညာဉ်သည်၊ ဇာနိတုံ သက္ကာ၊ ဣတိ- ကြောင့်၊ (တံ-ထိုရုပ်အားလုံးသည်၊) မနောဝိညေယျံ-မည်၏၊ (ယံ-အကြင် ရူပါယတနအစရှိသော ရုပ်ငါးပါးအပေါင်းသည်၊ ဝါ-ကို၊) တိဝိဓာယ-သုံးပါး အပြားရှိသော၊ မနောဓာတုယာ-သည်၊ ဇာနိတုံ သက္ကာ၊ ဣတိ-ကြောင့်၊ (တံ- ထို ရူပါယတနအစရှိသော ရုပ်ငါးပါးအပေါင်းသည်၊) မနောဓာတုဝိညေ ယျံ-မည်၏၊ သဗ္ဗံ ရူပန္တိ ဧတ္ထ-ဟူသော ဤ ပါဠ်၌၊ ယသ္မာ, မနောဝိညာဏ ဓာတုယာ-သည်၊ အဇာနိတဗ္ဗံနာမ-မသိထိုက်သည်မည်သော၊ ဧကရူပမ္ပိ- တစ်ခုသော ရုပ်သည်လည်း၊ နတ္ထိ-မရှိ၊ တသ္မာ-ကြောင့်၊ သဗ္ဗံ ရူပံတိ-ဟူ၍၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ ဟိ-သင့်၏၊ (သဗ္ဗံ ရူပံ မနောဝိညေယျံ ရူပံဟု ဟောတော်မူခြင်းသည် သင့်၏၊) သမ္မာသမ္ဗုဒ္ဓေန-မြတ်စွာဘုရားသည်၊ အဘိ ဓမ္မံ-သို့၊ ပတွာ-ဒေသနာ အစဉ်အားဖြင့်ရောက်၍၊ နယံ-နည်းကို၊ ကာတုံ- ငှာ၊ ယုတ္တဋ္ဌာနေ-သင့်လျော်သော အရာ၌၊ နယော-နည်းသည်၊ ဝါ-ကို၊ အကတောနာမ-ပြုတော်မမူအပ်သည်မည်သည်၊ နတ္ထိ-မရှိ၊ ဣဒံစ-ဤဌာန သည်လည်း၊ မနောဝိညာဏဓာတုယာ-သည်၊ အဇာနိတဗ္ဗဿ-မသိထိုက်သော၊ ဧကရူပဿာပိ-တစ်ခုသော ရုပ်၏လည်း၊ အဘာဝေန-မရှိခြင်းကြောင့်၊ နယံ-ကို၊ ကာတုံ-ငှာ၊ ယုတ္တဋ္ဌာနံနာမ-သင့်လျော်သော ဌာနမည်၏၊ တသ္မာ- ကြောင့်၊ နယံ-ကို၊ ကရောန္တော-ပြုတော်မူလိုသည်၊ (ဟုတွာ၊) သဗ္ဗံ ရူပံတိ- ဟူ၍၊ အာဟ-ဟောတော်မူပြီ။

---

နယံ ကာတုံ။ ။ရှေ့၌ ဟောအပ်ပြီးသော တရားတို့ကို နောက်နောက် ပုဒ်ဖြင့် သိမ်းယူခြင်းသည်လည်းကောင်း, အကွဲအပြားရှိသော တရားတို့ကို ခွဲခြား၍ ဟောတော်မူခြင်းသည်လည်းကောင်း နယကရဏမည်၏၊ “အဘိဓမ္မာ၌ ဟောနည်း ပြုခြင်း”ဟူလို၊ [ဝုတ္တသဿပိ ၊ပေ၊ နယော-ဋီကာ။]

၉၇၄။ ။သုခသမ္ပယုတ္တာတိ–ကား၊ သုခဝေဒနာပဋိလာဘပစ္စယော–သုခဝေဒနာကို ရခြင်း၏အကြောင်းဖြစ်သော၊ (ဖောဋ္ဌဗ္ဗော အတ္ထိဋ္ဌ စပ်၊) ဒုက္ခ သမ္ပယုတ္တာတိ–ကား၊ ဒုက္ခဝေဒနာပဋိလာဘပစ္စယော–သော၊ (ဖောဋ္ဌဗ္ဗော အတ္ထိဋ္ဌ စပ်၊) ဣစ္စာပိ–ဤ အဋ္ဌကထာသင်္ဂဟ၌လည်း၊ ဝါ–သုခသမ္ပယုတ္တ အစရှိသော စကားရပ်၌လည်း၊ ဖောဋ္ဌဗ္ဗာရမဏဿ–ဖောဋ္ဌဗ္ဗာရုံ၏၊ သုခဒုက္ခဿ–ကောင်းသော ဖောဋ္ဌဗ္ဗ, မကောင်းသော ဖောဋ္ဌဗ္ဗ၏၊ ဝါ–ဣဋ္ဌ အနိဋ္ဌ ဖောဋ္ဌဗ္ဗ၏၊ သဗ္ဘာဝတော–ထင်ရှားရှိသည်၏ အဖြစ်ကြောင့်၊ အယံ နယော–ကို၊ ဒိန္နော–ပေး တော်မူအပ်ပြီ၊ [ဤ၌ကား ခွဲခြား၍ ဟောတော်မူခြင်းကိုပင် နည်းပေးခြင်းဟု ဆိုသည်။]

## နဝကာဒိနိဒ္ဒေသဝဏ္ဏနာ

၉၇၅။ ။ပန–ကား၊ နဝကေ–နဝက၌၊ ဣန္ဒြိယရူပဿနာမ–ဣန္ဒြိယ ရုပ်မည်သည်၏၊ အတ္ထိတာယ–ရှိသည်၏အဖြစ်ကြောင့်၊ နယော–ကို၊ ဒိန္နော–ပြီ၊ တဿေဝ–ထို ဣန္ဒြိယရုပ်၏ပင်၊ သပ္ပဋိဃအပ္ပဋိဃတာယ–သပ္ပဋိဃရုပ် အပ္ပဋိဃရုပ်၏ အဖြစ်ဖြင့်၊ ဒသကေ–ဒသက၌၊ နယော ဒိန္နော၊ [“ကတမံ တံ ရူပံ န ဣန္ဒြိယံ သပ္ပဋိဃံ”စသည်ဖြင့် ခွဲခြား၍ ဟောတော်မူခြင်းကို နယဒါနဟု ဆိုသည်၊] ဧကာဒသကေ–၌၊ အဓေကာဒသ အာယတနာနိ–အခွဲအားဖြင့် တစ်ဆယ့်တစ်ပါးသော အာယတနတို့ကို၊ ဝိဘတ္တာနိ–ကုန်ပြီ၊ တေသံ–ထို အခွဲအားဖြင့် တစ်ဆယ့်တစ်ပါးသော အာယတနတို့၏၊ နိဒ္ဒေသဝါရာ–တို့ကို၊ ဟေဋ္ဌာ ဝုတ္တနယေန ဝိတ္ထာရိတော, ဝေဒိတဗ္ဗာ၊ သဗ္ဗတ္ထ–အလုံးစုံသော ဝါရတို့၌၊ သေသံ–ကြွင်းသော ပုဒ်အပေါင်းသည်၊ ဥတ္တာနတ္ထမေဝ။

## ပကိဏ္ဏကကထာ

ပန–ဆက်၊ ဣမေသု ရူပေသု–ဤ ရုပ်တို့၌၊ အသမ္မောဟတ္တံ–မတွေဝေခြင်း အကျိုးငှာ၊ သမောဓာနံ–အပေါင်းလည်းကောင်း၊ သမုဋ္ဌာနံ–ဖြစ်ကြောင်းလည်း ကောင်း၊ ပရိနိပ္ဖန္နံစ–ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတို့သည် ထက်ဝန်းကျင် ပြီးစေအပ်သော၊ သင်္ခတံစ–သင်္ခတရုပ်လည်းကောင်း၊ ဣတိ ဣဒံ ပကိဏ္ဏကံ–ဤ ရောပြွမ်းသော အဆုံးအဖြတ် စကားရပ်ကို၊ ဝေဒိတဗ္ဗံ–၏၊ တတ္ထ–ထို ပကိဏ္ဏကတွင်၊ သမောဓာနန္တိ (ပဒဿ)–သမောဓာနံဟူသော ပုဒ်၏၊ (ဝိတ္ထာရံ–ကို၊) ဟိ (ဥဒ္ဒရိတွာ ဒဿေမိ၊) သဗ္ဗမေဝ–သာလျှင်ဖြစ်သော၊ ဣဒံရူပံ–ဤ ရုပ်သည်၊ သမောဓာနတော–အပေါင်းအားဖြင့်၊ စက္ခာယတနံ–စက္ခာယတနလည်းကောင်း၊ ပေ၊ အာပေါဓာတု–အာပေါဓာတ်လည်းကောင်း၊ ဣတိ–သို့၊ ပဉ္စဝီသတိသင်္ချံ–နှစ်ဆယ့်ငါးပါး အရေအတွက်ရှိသည်၊ ဟောတိ၊

**ပဉ္စဝီသတိ။** ။ပါဠိတော်ဒုကနိဒ္ဒေသ၌ ဥပါဒါရုပ်နှင့် နောဥပါဒါရုပ်တို့ကို ပေါင်း၍ ရုပ်နှစ်ဆယ့်ငါးပါးဟု ပြထား၏၊ နှစ်ဆယ့်ငါးပါးသာ ရှိရခြင်းမှာလည်း ဖောဋ္ဌဗ္ဗာရုံက ဘူတရုပ်သုံးပါး အပေါင်းဖြစ်သောကြောင့်တည်း၊ ထို့ကြောင့် ဘူတရုပ်

တံ–ထို နှစ်ဆယ့်ငါးသော ရုပ်ကို၊ ဝတ္ထုရူပေန–ဝတ္ထုရုပ်နှင့်၊ သဒ္ဓိံ ဆဗ္ဗီသတိ သင်္ချံ–နှစ်ဆယ့်ခြောက်ပါး အရေအတွက်ရှိ၏ဟူ၍၊ ဝေဒိတဗ္ဗံ၊ ဣတော–ဤ နှစ်ဆယ့်ငါးသော ရုပ်မှ၊ ဝါ–ဤ နှစ်ဆယ့်ခြောက်ပါးသော ရုပ်မှ၊ အညံ–အခြားသော၊ ရူပံနာမ–ရုပ်မည်သည်၊ နတ္ထိ။

ပန–ဝါဒန္တရကား၊ ကေစိ–အချို့ဆရာတို့သည်၊ မိဒ္ဓရူပံနာမ–မိဒ္ဓရုပ် မည်သည်၊ အတ္ထိ–ရှိသေး၏၊ ဣတိ–သို့၊ ဝဒန္တိ၊ တေ–ထိုကေစိဆရာတို့ကို၊ (ပဋ္ဌိ သေခေတဗ္ဗာ၌ စပ်၊) အဒ္ဓါ ၊ပေ၊ တဝါတိအာဒီနိ–အဒ္ဓါ ၊ပေ၊ တဝ အစရှိသော ပါဠိရပ်တို့ကို၊ (သုတ္တနိပါတ်, မဟာဝဂ်, သဘိယသုတ်ကို) ဝတွာ–ဆို၍၊ မိဒ္ဓ ရူပံနာမ–မည်သည်၊ နတ္ထိ၊ ဣတိ–ဤသို့ဆို၍၊ ပဋ္ဌိသေခေတဗ္ဗာ–တားမြစ်ထိုက် ကုန်၏၊ [မုနိ–မြတ်စွာဘုရား၊ (တွံ–ရှင်တော်မြတ်ဘုရားသည်၊) အဒ္ဓါ–မချွတ် ကေန်၊ သမ္ဗုဒ္ဓေါ–ကိုယ်တော်တိုင် အလုံးစုံသောတရားတို့ကို သိမြင်တော်မူသည်၊ အသိ–ဖြစ်တော်မူ၏၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ ဝါ–မှာ၊ နီဝရဏာ–နီဝရဏ တို့သည်၊ နတ္ထိ–မရှိပါကုန်၊] အပရေ–အခြားသော ဆရာတို့သည်၊ (ဝဒန္တိ၌ စပ်၊) ဗလရူပေန–ဗလရုပ်နှင့်၊ သဒ္ဓိံ, သတ္တဝီသတိ–နှစ်ဆယ့်ခုနစ်ပါးသော၊ (ရူပါနိ ဟောန္တိ၊) သမ္ဘဝရူပေန–သုက်ဖြစ်သော ရုပ်နှင့်၊ သဒ္ဓိံ, အဋ္ဌဝီသတိ

---

သုံးပါးအတိုင်း ရေတွက်လျှင် နှစ်ဆယ့်ခုနစ်ပါးဖြစ်၏၊ ဤ ရူပကဏ္ဍပါဠိတော်၌ ဟဒယဝတ္ထုရုပ်ကို တိုက်ရိုက် ဟောတော်မမူသောကြောင့် ဟဒယဝတ္ထုကို ချန်ထားသည်၊ ဟဒယဝတ္ထုကိုပါယူလျှင် သင်္ဂြိုဟ်လာသည့်အတိုင်း ရုပ်နှစ်ဆယ့်ရှစ်ပါး ဖြစ်တော့၏။

**ဟဒယဝတ္ထု။** ။ဤ ရူပကဏ္ဍပါဠိတော်၌ မနောဓာတ်, မနောဝိညာဏဓာတ် တို့၏မှီရာကို တိုက်ရိုက် ပြတော်မမူပါသော်လည်း "ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာစ, မနောဝိညာဏဓာတုယာစ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"ဟု ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူသောကြောင့် မနောဓာတ်, မနောဝိညာဏဓာတ်နှင့် သမ္ပယုတ်စေတသိက် တို့၏မှီရာ ရုပ်တစ်မျိုးကား ရှိရပေမည်။

**တည်ရာဌာန။** ။"ထိုရုပ်သည် မည်သည့်နာမည်ဖြင့် မည်သည့်အရပ်၌ရှိ၏" ဟူသော အယူအဆဝယ် "ပါဠိကျမ်းဆရာတို့က ဟဒယဝတ္ထုအမည်ဖြင့် ရင်ချိုင့်အတွင်း မှာ တည်ရှိသည်"ဟု ယူကြ၏၊ ထို့ကြောင့် သာသနာတော်ဝယ် "ဟဒယ"ဟူရာ၌ ဆရာဝန်များ စမ်းလေ့ရှိသည့်နှလုံးသား မဟုတ်သေး၊ ရင်ချိုင့်အတွင်းရှိ "ဟဒယ" တစ်မျိုးတည်းဟု မှတ်ပါ၊ [ဟဒယ–စိတ်၏+ဝတ္ထု–တည်ရာ၊] လောကဓာတ်ဆရာတို့ ကမူ "ဦးနှောက်၌ စိတ်ဖြစ်သည်"ဟု ယူကြသတတ်၊ သို့သော် ပါဠိတော်အလိုအားဖြင့် စိတ်သည် ပဋိသန္ဓေတည်စ ပထမဆုံးခဏာ၌ပင်ဖြစ်၍ ထိုစိတ်၏ မှီရာဝတ္ထုလည်း ထို ခဏာ၌ ပါရှိရမြဲဖြစ်၏၊ ထိုခဏာ၌ စက္ခုပသာဒ စသည်နှင့်တကွ ဦးခေါင်းဆိုင်ရာ ရုပ်ကား မပါရှိသေး၊ ထို့ကြောင့် ခန္ဓာကိုယ်၏ အရင်းအစ ပထမဆုံးဖြစ်ချိန်၌ ပါရှိ သော ဝတ္ထုရုပ်တစ်မျိုးသာ ရင်ချိုင့်ဖြစ်လောက်သော နေရာ၌ တည်ရှိသင့်ပါသည်။

(ရူပါနိ ဟောန္တိ) ဓာတိရူပေန သဒ္ဓိံ ကေ့နတိံသတိ (ရူပါနိ ဟောန္တိ၊) ရောဂ ရူပေန သဒ္ဓိံ, သမတ္တိံ သတိ–အတိအကျ သုံးဆယ်သော၊ ရူပါနိ (ဟောန္တိ၊) ဣတိ ဝဒန္တိ၊ တေပိ–ထို အပရေဆရာတို့ကိုလည်း၊ တေသံ–ထိုရုပ်တို့၏၊ ဝိသုံ–သီးခြား၊ အဘာဝံ–မရှိခြင်းကို၊ ဒဿေတွာ–ပြ၍၊ ပဋိက္ခိပိတဗ္ဗာ–ပယ်မြစ်ထိုက်ကုန်၏။

ဟိ–မှန်၊ (တစ်နည်း) ဟိ–ချဲ့၊ ဝါယောဓာတုယာ–ဝါယောဓာတ်ကို၊ (ဂဟိ တာယ–ယူအပ်ပြီးသော်၊ (တစ်နည်း၊ ဂဟိတာယ–သော၊ ဝါယောဓာတုယာ–ဖြင့်၊) ဗလရူပံ–ဗလရုပ်ကို၊ ဂဟိတမေဝ–ယူအပ်ပြီးသည်သာ၊ အညံ–ဝါယော ဓာတ်မှတစ်ပါး အခြားသော၊ ဗလရူပံနာမ–ဗလရုပ်မည်သည်၊ နတ္ထိ၊ အာပေါ ဓာတုယာ–ကို၊ (ဂဟိတာယ–သော်၊) သမ္ဘဝရူပံ–သုက်ဟူသော ရုပ်ကို၊(ဂဟိတ မေဝ၊ အညံ–အာပေါဓာတ်မှတစ်ပါး အခြားသော၊ သမ္ဘဝရူပံနာမ နတ္ထိ၊) (ဂဟိတာဟိ–န်သော၊) ဥပစယ သန္တတီဟိ–ဥပစယ သန္တတိရုပ်တို့ဖြင့်၊ ဇာတိ ရူပံ–ဇာတိရုပ်ကို၊ (ဂဟိတမေဝ–သာ၊) အညံ–ဥပစယ သန္တတိမှတစ်ပါး အခြားသော၊ ဇာတိရူပံနာမ နတ္ထိ၊ [စာအုပ်တို့၌ စာကျဟန်တူ၏၊ ထို့ကြောင့် ထည့်၍ ပေးပါသည်။] ဂဟိတာဟိ–န်သော၊ ဇရတာ အနိစ္စတာဟိ–တို့ဖြင့်၊ ရောဂရူပံ ဂဟိတမေဝ၊ အညံ–ဇရတာ အနိစ္စတာရုပ်တို့မှတစ်ပါး အခြားသော၊ ရောဂရူပံနာမ နတ္ထိ၊ ကဏ္ဍုရောဂါဒိ–နားနာ အစရှိသော၊ ယောပိအာဗာဓော–အကြင် အနာသည်လည်း၊ (အတ္ထိ၊) သောပိ–ထို အနာသည်လည်း၊ ဝိသမပစ္စယ သမုဋ္ဌိတဓာတုမတ္တမေဝ–မညီမညွတ်သော အကြောင်းတို့ကြောင့်ဖြစ်သော ဓာတ်ကြီးလေးပါးမျှသာတည်း၊ တတ္တ–ထို နားနာ အစရှိသည်၌၊ အညော–ဖောက်ပြန်သော ဓာတ်ကြီးလေးပါးမှတစ်ပါး အခြားသော၊ ရောဂေါနာမ–ရောဂါရုပ်မည်သည်၊ န အတ္ထိ–မရှိ၊ ဣတိ–ကြောင့်၊ သမောဓာနတော–အပေါင်းအားဖြင့်၊ ဆဗ္ဗီသတိမေဝ–နှစ်ဆယ့်ခြောက်ပါးသာလျှင်ဖြစ်သော၊ ရူပါနိ၊ (ဟောန္တိ။)

[သမောဓာန၏အကျယ်ကို ပြပြီး၍ သမုဋ္ဌာန၏အကျယ်ကို ပြလိုသော ကြောင့် "သမုဋ္ဌာနန္တိ"စသည် မိန့်။] သမုဋ္ဌာနန္တိ–ကား၊ ကတိရူပါနိ–အဘယ်မျှ လောက်သော ရုပ်တို့သည်၊ ကတိသမုဋ္ဌာနာနိ–အဘယ်မျှလောက်သော ဖြစ်ကြောင်း ရှိကုန်သနည်း?၊ (ဣတိ–ဤကား အမေးတည်း၊) ဒသ–ဆယ်ပါး သော ရုပ်တို့သည်၊ ဧကသမုဋ္ဌာနာနိ–တစ်ပါးသော ဖြစ်ကြောင်းရှိကုန်၏၊ ဧကံ–တစ်ပါးသော ရုပ်သည်၊ ဒွိသမုဋ္ဌာနံ–နှစ်ပါးသော ဖြစ်ကြောင်းရှိ၏၊ တီဏိ–သုံးပါးသော ရုပ်တို့သည်၊ တိသမုဋ္ဌာနာနိ–သုံးပါးသော ဖြစ်ကြောင်းရှိ ကုန်၏၊ နဝ–ကိုးပါးသော ရုပ်တို့သည်၊ စတုသမုဋ္ဌာနာနိ–လေးပါးသော ဖြစ်ကြောင်းရှိကုန်၏၊ ဒွေ–နှစ်ပါးသော ရုပ်တို့သည်၊ ကေနစိ–တစ်စုံတစ်ခုသော အကြောင်းကြောင့်၊ န သမုဋ္ဌဟန္တိ–မဖြစ်ကုန်၊ (ဣတိ–ဤကား အဖြေတည်း။)

တတ္ထ–ထိုရုပ်တို့တွင်၊ စက္ခုပသာဒေါ–စက္ခုပသာဒလည်းကောင်း၊ ပေ၊ ဓိဝိတိန္ဒြိယံ–လည်းကောင်း၊ ဣတိ–သို့၊ အဋ္ဌ–န်သော၊ ဣမာနိ–ဤ ရုပ်တို့သည်၊ ကေန္တ ကမ္မတော၀–ကေန် ကံကြောင့်သာလျှင်၊ သမုဋ္ဌဟန္တိ၊ ကာယ ၊ပေ၊ ဒွယံ–ကာယဝိညတ်, ဝစီဝိညတ်နှစ်ပါးအပေါင်းသည်၊ ကေန္တေ န–စင်စစ်အား ဖြင့်၊ စိတ္တတော သမုဋ္ဌာတိ၊ ဣတိ–လျှင်၊ ဒသ–ဆယ်ပါးသော ရုပ်တို့သည်၊ ကေ သမုဋ္ဌာနာနိနာမ–တစ်ပါးသော ဖြစ်ကြောင်းရှိသော ရုပ်တို့မည်၏၊ [ဤစကားဖြင့် "ဒသ ကေသမုဋ္ဌာနာနိ"၏ အကျယ်ကို ပြသည်၊] နောက်၌လည်း ဤသို့ အကျယ်ပြပုံကို သတိပြုပါ၊] သဒ္ဒေါ–သဒ္ဒရုပ်သည်၊ ဥတုတောစ–ဥတုကြောင့်လည်းကောင်း၊ စိတ္တတောစ–ကြောင့်လည်းကောင်း၊ သမုဋ္ဌာတိ၊ ဣတိ–လျှင်၊ ကော–တစ်ပါးသော ရုပ်သည်၊ ဒွိသမုဋ္ဌာနောနာမ–မည်၏၊ တတ္ထ–ထို အသံတို့တွင်၊ အဝိညာဏကသဒ္ဒေါ–အသက်ဝိညာဉ်မရှိသော အရာဝတ္ထုတို့၏ အသံသည်၊ ဥတုတော–ဥတုကြောင့်၊ သမုဋ္ဌာတိ၊ သဝိညာဏက သဒ္ဒေါ–အသက်ဝိညာဉ်နှင့် တကွဖြစ်သော သတ္တဝါ၏အသံသည်၊ စိတ္တတော (သမုဋ္ဌာတိ၊) [အချုပ်မှာ စိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒ နှစ်မျိုးပင်တည်း။]

ပန–ကား၊ (ကော် ဒွိသမုဋ္ဌာနံ၏ အကျယ်မှတစ်ပါး တီဏိ တိသမုဋ္ဌာနာနိ၏ အကျယ်ကား၊) လဟုတာဒိတ္တယံ–လဟုတာ အစရှိသော ရုပ်သုံးပါးအပေါင်းသည်၊ ဥတုစိတ္တာဟာရေဟိ–တို့ကြောင့်၊ သမုဋ္ဌာတိ၊ ဣတိ–လျှင်၊ တီဏိ–သုံးပါးသော ရုပ်တို့သည်၊ တိသမုဋ္ဌာနာနိနာမ၊ [နဝ စတုသမုဋ္ဌာနာနိ၏ အကျယ်ကို ပြလို၍ "အဝသေသာနိ"စသည် မိန့်၊] အဝသေသာနိ–ဆိုအပ်ပြီးသောရုပ်တို့မှ ကြွင်းကုန်သော၊ နဝ–န်သော၊ ရူပါနိ–တို့သည်၊ တေဟိ–ထိုစိတ် ဥတု အာဟာရတို့လည်းကောင်း၊ ကမ္မေနစ–ကံလည်းကောင်း၊ ဣတိ–သို့၊ စတူဟိ–လေးပါးသော အကြောင်းတို့ကြောင့်၊ သမုဋ္ဌဟန္တိ၊ ဣတိ–လျှင်၊ နဝ–ကိုးပါးသော ရုပ်တို့သည်၊ စတုသမုဋ္ဌာနာနိနာမ–လေးပါးသော ဖြစ်ကြောင်း ရှိသော ရုပ်တို့မည်၏၊ ပန–ကား၊ (နဝ စတုသမုဋ္ဌာနာနိ၏ အကျယ်မှတစ်ပါး ဒွေ နကေနစိ သမုဋ္ဌဟန္တိ၏အကျယ်ကား၊) ဇရတာ–ဇရတာသည်လည်းကောင်း၊ အနိစ္စတာ–သည်လည်းကောင်း၊ တေသု–ဤ ကံ စိတ် ဥတု အာဟာရတို့တွင်၊ ကေနစိပိ–တစ်ပါးသော အကြောင်းကြောင့် လည်း၊ န သမုဋ္ဌဟန္တိ–မဖြစ်ကုန်၊ ဣတိ–ကြောင့်၊ ဒွေ–နှစ်ပါးသော ရုပ်တို့သည်၊ ကေနစိ–တစ်စုံတစ်ခုသော အကြောင်းကြောင့်၊ န သမုဋ္ဌဟန္တိနာမ–မဖြစ်သော ရုပ်တို့မည်၏။

---

**အဝိညာဏကသဒ္ဒေါ**။ ။"နတ္ထိ+ဝိညာဏံ ယေသံတိ အဝိညာဏကာနိ၊ အသက်ဝိညာဉ် မရှိသောဝတ္ထုတို့၊ အဝိညာဏကာနံ+သဒ္ဒေါ၊ အဝိညာဏကသဒ္ဒေါ–အသက်ဝိညာဉ် မရှိသောဝတ္ထုတို့၏ အသံ၊ လေသံ, မိုးသံ, ရေသံ, ဝမ်းထဲ၌ ရုတ်ရုတ် ရုတ်ရုတ်မည်သော လေသံ"စသည်တည်း၊ သဟ+ဝိညာဏေန ယော ဝတ္တတီတိ သဝိညာဏ ကော–အသက်ဝိညာဉ်ရှိသော သတ္တဝါ၊ သဝိညာဏကဿ+ သဒ္ဒေါ သဝိညာဏကသဒ္ဒေါ–အသက်ဝိညာဉ်နှင့် တကွဖြစ်သော သတ္တဝါ၏အသံ။

ကသ္မာ–ကြောင့်၊ (ဒွေ ကေနစိ နသမုဋ္ဌဟန္တိ–န်သနည်း?၊) (ဒွိန္နံ–နှစ်ပါးသော ရုပ်တို့၏၊) အဇာယနတော–မဖြစ်ခြင်းကြောင့်၊ (ကေနစိ န သမုဋ္ဌဟန္တိ၊) ဟိ–မှန်၊ တောနိ–ဤဇရတာ အနိစ္စတာရုပ်တို့သည်၊ န ဇာယန္တိ–မဖြစ်တတ်ကုန်၊ (မဥပါဒ်တတ်ကုန်၊) ကသ္မာ–နည်း?၊ ဇာတဿ–ဖြစ်ပြီးသော ရုပ်၏၊ ပါက ဘေဒတ္တာ–ရင့်ခြင်း ပျက်ခြင်း၏အဖြစ်ကြောင့်တည်း၊ ဟိ–ချဲ့၊ ["ဇာတဿ ပါကဘေဒတ္တာ"တိုင်အောင် ချဲ့လိမ့်မည်၊] ဥပ္ပန္နံ–ဖြစ်ပြီးသော၊ ရူပံ–ရုပ်သည်၊ ဇီရတိ–ဆွေ့မြေ့ရ၏၊ (ဇရတာ ဖြစ်ရ၏၊) ဘိဇ္ဇတိ–ပျက်စီးရ၏၊ (အနိစ္စတာ ဖြစ်ရ၏၊) [ပန အနက်မရှိ၊] ဣတိဧတံ–ဤ အနက်အဓိပ္ပာယ်ကို၊ အဝဿံ–မချွတ်ကေန်၊ သမ္ပဋိစ္ဆိတဗ္ဗံ–လက်ခံထိုက်၏၊ [ဖြစ်လျှင် ရင့်ရ ပျက်ရသည်မှာ ထုံးစံဓမ္မတာဖြစ်သောကြောင့် မည်သူမဆို လက်ခံထိုက်သည်–ဟူလို၊] ဟိ–မှန်၊ ဥပ္ပန္နံ–ဖြစ်ပြီးသော၊ ရူပံ–ရုပ်ကိုလည်းကောင်း၊ အရူပံဝါ–နာမ်ကိုလည်းကောင်း၊ အက္ခယံနာမ–ကုန်ခန်းခြင်းမရှိသော တရားမည်သည်ကို၊ န ဒိဿတိ–မတွေ့ မြင်အပ်၊ ပန–စင်စစ်ကား၊ ယာဝ–လောက်၊ န ဘိဇ္ဇတိ–မပျက်သေး၊ တာဝ–ထို မပျက်သေးသမျှ၊ အဿ–ထိုရုပ်နာမ်တရား၏၊ ပရိပါကော–ရင့်ခြင်းသည် (ဟောတိ၊) ဣတိ–ကြောင့်၊ ဇာတဿ ပါကဘေဒတ္တာတိ ဧတံ–ဟူသော ဤ အကြောင်းသည်၊ သိဒ္ဓံ–ထင်ရှား၏၊ စ–ဆက်၊ တာနိ–ထို ဇရတာ အနိစ္စတာ ရုပ်တို့သည်၊ ယဒိ ဇာယေယျုံ–အကယ်၍ ဖြစ်ကုန်သေးအံ့၊ (ဧဝံ သန္တေသု–ဤသို့ ဖြစ်ကုန်သေးလသော်၊) တေသံပိ–ထို ဇရတာ အနိစ္စတာ ရုပ်တို့၏လည်း၊ ပါကဘေဒါ–ရင့်ခြင်း ပျက်ခြင်းတို့သည်၊ ဘဝေယျုံ–ဖြစ်ကုန်ပြန်ရာ၏၊ စ–စင်စစ်ကား၊ ပါကော–ရင့်ခြင်းဇရတာသည်၊ န ပစ္စတိ–ထပ်၍ မရင့်နိုင်၊ ဘေဒေါပိ–ပျက်ခြင်း အနိစ္စတာသည်လည်း၊ န ဘိဇ္ဇတိ–ထပ်၍ မပျက်နိုင်၊ ဇာတဿ–ဖြစ်ပြီးသော ရုပ်၏၊ ဣတိ (တသ္မာ) ပါကဘေဒတ္တာ–ဤသို့ ရင့်ခြင်း ပျက်ခြင်းသဘောသည်၏ အဖြစ်ကြောင့်၊ ဧတံ ဒွယံ–ဤ ဇရတာ အနိစ္စတာ ရုပ်နှစ်ပါးအပေါင်းသည်၊ န ဇာယတိ–မဖြစ်။

တတ္ထ–ထို နစပါကော ပစ္စတိ ဘေဒေါပိ ဘိဇ္ဇတိဟူသော စကားရပ်၌ (ဌတွာ ဓောဒကဿ ဤဒိသီ ဓောဒနာ), သိယာ–ဖြစ်ရာ၏၊ (ကီဒိသီ ဓောဒနာ, သိယာ–နည်း၊) ကမ္မဿ ကတတ္တာတိအာဒိ နိဒ္ဒေသေသု–ကမ္မဿကတတ္တာ အစရှိသော နိဒ္ဒေသတို့၌၊ ရူပဿ ဥပစယော ရူပဿ သန္တတိတိ–ဟူသော၊

န ဟိ တောနိ ဇာယန္တိ။ ။နိပ္ဖန္နရုပ်တို့၏ ရင့်ခြင်းသဘောသည် ဇရတာ, ကုန်ခန်းပျက်စီးခြင်း သဘောသည် အနိစ္စတာမည်၏၊ ထို့ကြောင့် ဤ ဇရတာ အနိစ္စတာ တို့သည် နိပ္ဖန္နရုပ်တို့၏ ရင့်ခြင်း ပျက်ခြင်းဟူသော သဘောမျှသာတည်း၊ ထိုသဘော ရှိသော ပရမတ္ထ အထည်ကိုယ်များ မဟုတ်ကြ၊ ထို့ကြောင့် ထို ဇရတာ အနိစ္စတာတို့ အတွက် ဖြစ်ပေါ် ဥပါဒ်ခြင်းဟူသော သဘောမရှိနိုင်–ဟူလို၊ [န ဟိ တောနိ ဇာယန္တီတိ ၊ပေ၊ သန္တာယ ဝုတ္တံ၊–ဋီကာ။]

ဝစနေန–ဖြင့်၊ ဇာတိ–ဇာတိသည်၊ ဇာယတိ–ဖြစ်၏၊ ဣတိ–ဤ အနက်

အဓိပ္ပာယ်သည်၊ ဝါ–ကို၊ သမ္ပဋိစ္ဆိတံ–လက်ခံအပ်ပြီးသည်၊ ဟောတိ ယထာ–ကဲ့သို့၊ ဧဝံ–တူ၊ ပါကောပိ–ရင့်ခြင်း ဇရတာသည်လည်း၊ ပစ္စတု–ထပ်၍ ရင့်ပါစေတော့လော၊ ဘေဒေါပိ–ပျက်ခြင်း အနိစ္စတာသည်လည်း၊ ဘိဇ္ဇတု–ထပ်၍ ပျက်ပါစေတော့လော၊ ဣတိ (ဤဒိသီ စောဒနာ သိယာ။)

တတ္ထ–ထို ကမ္မသကတတ္တာ, ရူပဿဥပစယော ရူပဿသန္တတိဟူသော စကားရပ်၌၊ ဇာတိ–ဇာတိသည်၊ ဇာယတိ–ဖြစ်၏၊ ဣတိ–ဤ အနက်အဓိပ္ပာယ်ကို၊ သမ္ပဋိစ္ဆိတံ–လက်ခံအပ်ပြီးသည်၊ န–မဟုတ်၊ ပန–စင်စစ်ကား၊ ယေဓမ္မာ–အကြင် ရုပ်တရားတို့သည်၊ ကမ္မာဒိဟိ–ကံအစရှိသော အကြောင်းတို့ကြောင့်၊ နိဗ္ဗတ္တန္တိ–ဖြစ်ကုန်၏၊ တေသံ–ထို ရုပ်တရားတို့၏၊ အဘိနိဗ္ဗတ္တိဘာဝတော–ဖြစ်ခြင်းသဘော၏ အဖြစ်ကြောင့်၊ ဇာတိယာ–၏၊ တပ္ပစ္စယဘာဝဝေါဟာရော–ထို ကံအစရှိသော အကြောင်းရှိသည်၏အဖြစ်အားဖြင့် ခေါ်ဝေါ်ပြောဆိုခြင်းကို၊ အနုမတော–ခွင့်ပြုအပ်ပြီ၊ ပန–စင်စစ်ကား၊ ပရမတ္ထတော–ပရမတ္ထအားဖြင့်၊ ဝါ–အစစ်အမှန်အနက်အားဖြင့်၊ ဇာတိ–ဇာတိသည်၊ န ဇာယတိ–မဖြစ်ပါ၊ ဟိ–မှန်၊ ဇာယမာနဿ–ဖြစ်ဆဲရုပ်တရား၏၊ အဘိနိဗ္ဗတ္တိမတ္တံ–ဖြစ်ခြင်းသဘောမျှသည်၊ ဇာတိ–ဇာတိတည်း၊ ဣတိ–ဤသို့ မှတ်အပ်၏။

တတ္ထ–ထို "န စ ပါကော ပစ္စတိ, ဘေဒေါပိ န ဘိဇ္ဇတိ"ဟူသော စကားရပ်၌၊ (ဌတွာ စောဒကဿ ဤဒိသီ စောဒနာ) သိယာ၊ (ကီဒိသီ စောဒနာ သိယာ၊) ဇာတိ–ဇာတိသည်၊ (ဝေါဟာရံ လဘတိ၌ စပ်၊) ယေသံ ဓမ္မာနံ–

---

ယထာ ၊ပေ၊ ဘိဇ္ဇတု။ ။"ကမ္မဿ ကတတ္တာ ရူပဿဥပစယော ရူပဿ သန္တတိ–ကံကို ပြုခဲ့သောကြောင့် ဥပစယ, သန္တတိရုပ်ဖြစ်၏"ဟု ဆိုသောကြောင့် "ဥပစယ သန္တတိဟူသော ဇာတိရုပ်သည်ဖြစ်၏၊ ဝါ–ဥပါဒ်၏"ဟူသော အဓိပ္ပာယ်ကို လက်ခံပြီး ဖြစ်သကဲ့သို့, ထို့အတူ "ရင့်ခြင်း ဇရတာသည်သည်လည်း ထပ်၍ ရင့်ပါစေတော့လော, ပျက်ခြင်း အနိစ္စတာသည်လည်း ထပ်၍ ပျက်ပါစေတော့လော"ဟု စောဒနာသည်။

န တတ္ထ ၊ပေ၊ ဇာယတိ။ ။"ဇာတိရုပ်သည် ဖြစ်၏"ဟူသော အဓိပ္ပာယ်ကို လက်ခံထားပြီး မဟုတ်ပါ၊ အမှန်အားဖြင့်ကား ကံ အစရှိသော အကြောင်းတို့ကြောင့် ဆိုင်ရာရုပ်များဖြစ်ရာဝယ် ဇာတိဟူသော ဖြစ်ခြင်းသဘော ပါနေသောကြောင့် ဇာတိလည်း ထို ကံအစရှိသော အကြောင်းရှိ၏ဟူသော အခေါ်အဝေါ်ကိုသာ ခွင့်ပြုထားပါသည်၊ "အစစ်အမှန်အားဖြင့် ဇာတိမှာ ဇာတိတစ်မျိုး မရှိပါ"ဟူလို၊ "နိပ္ဖန္နရုပ်တရားတို့မှာ ကံစသော အကြောင်းအမျိုးမျိုး ရှိသကဲ့သို့ ထို နိပ္ဖန္နရုပ်တို့၏ ဇာတိမှာလည်း ထို ကံစသော အကြောင်းအမျိုးမျိုး ရှိသည်"ဟု ခေါ်ဝေါ်ပြောဆိုနိုင်ခြင်းကို "တပ္ပစ္စယဘာဝ ဝေါဟာရ"ဟု ဆိုသည်၊ ထို တပ္ပစ္စယဘာဝ ဝေါဟာရ၏ဝစနတ္ထကို ဋီကာ၌ ကြည့်ပါ၊ [ဤ အဓိပ္ပာယ်ကို ရည်ရွယ်၍ "ပါဌေ ကုတောစိ ဇာတတ္တံ, ဇာတိယာ ပရိယာယတော" ဟု ရှေးဆရာတို့ဆိုကြောင်းကို ဋီကာကျော်ရုပ်ပိုင်း ရူပသမုဋ္ဌာန်ခန်း၌ မိန့်သည်။]

အကြောင်း တရားတို့၏၊ အဘိနိဗ္ဗတ္တိ–ဖြစ်ခြင်းသည်၊ (ဟောတိ၊) တပ္ပစ္စယဘာဝ ဝေါဟာရံ–ထို တရားတို့၏ အကြောင်းရှိသည်၏ အဖြစ်အားဖြင့် ခေါ်ဝေါ်ပြောဆိုခြင်းကိုလည်းကောင်း၊ အဘိနိဗ္ဗတ္တိဝေါဟာရံစ–ဖြစ်ခြင်းဟူသော ခေါ်ဝေါ်ပြောဆိုခြင်းကိုလည်းကောင်း၊ လဘတိယထေဝ–ရသကဲ့သို့၊ တထာ–တူ၊ ပါကဘေဒါပိ–ရင့်ခြင်းဇရတာ, ပျက်ခြင်း အနိစ္စတာတို့သည်လည်း၊ ယေသံဓမ္မာနံ–တို့၏၊ ပါကဘေဒါ–ရင့်ခြင်း, ပျက်ခြင်းတို့သည်၊ (ဟောန္တိ၊) တပ္ပစ္စယဘာဝ ဝေါဟာရံ–ထို တရားတို့၏ အကြောင်းရှိသည်၏ အဖြစ်အားဖြင့် ခေါ်ဝေါ်ပြောဆိုခြင်းကိုလည်းကောင်း၊ အဘိနိဗ္ဗတ္တိဝေါဟာရံစ–ဖြစ်ခြင်းဟူသော ခေါ်ဝေါ်ပြောဆိုခြင်းကိုလည်းကောင်း၊ လဘန္တု–ရပါရစေကုန်တော့လော၊ ဧဝံ–ဤသို့ရလသော်၊ ဣဒံ ဒွယံပိ–ဤ ဇရတာ အနိစ္စတာရုပ်နှစ်ပါး အပေါင်းသည်လည်း၊ ကမ္မာဒိသမုဋ္ဌာနမေဝ–ကံအစရှိသော ဖြစ်ကြောင်းရှိသည်သာတည်း၊ ဣတိ–သို့၊ ဝတ္တဗ္ဗံ–ဆိုထိုက်သည်၊ ဘဝိဿတိ–လတ္တံ့၊ ဣတိ (ဤဒိသီ စောဒနာ သိယာ။)

ပါကဘေဒါ–ရင့်ခြင်းဇရတာ, ပျက်ခြင်းအနိစ္စတာတို့သည်၊ တံဝေါဟာရံ–ထို တပ္ပစ္စယဘာဝဝေါဟာရ အဘိနိဗ္ဗတ္တိဝေါဟာရကို၊ န လဘန္တိ–မရနိုင်ကုန်၊ ကသ္မာ–နည်း၊ ဇနကပစ္စယာနုဘာဝက္ခဏေ–ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရားတို့၏ အာနုဘော်ရှိရာခဏ၌၊ အဘာဝတော–မရှိခြင်းကြောင့်တည်း၊ ဟိ–ချဲ့၊ ဇနကပစ္စယာနံ–ရုပ်ကို ဖြစ်စေတတ်သော ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတို့၏၊ ဥပ္ပါဒေတဗ္ဗဓမ္မဿ–ဖြစ်စေထိုက်သော တရား၏၊ ဥပ္ပာဒက္ခဏေယေဝ–ခဏ၌သာ၊ အနုဘာဝေါ–အာနုဘော်သည်၊

တတ္ထ သိယာ ။ပေ၊ ဘဝိဿတိ။ ။"တတ္ထ ဇရတာ အနိစ္စတာ ဒွယံ န ပစ္စတိ န ဘိဇ္ဇတိစာတိ အဓိကာရေ"ဟု ယောဇနာစွဲ၏၊ ထိုပါဠ်အတိုင်း အဋ္ဌကထာ၌ ရှေ့က မရှိခဲ့သေး၊ "န စ ပါကော ပစ္စတိ, ဘေဒေါပိ န ဘိဇ္ဇတိ"ဟုသာ ရှိခဲ့၏၊ ထို့ကြောင့် ထို အဋ္ဌကထာပါဠ်ရှိသည့်အတိုင်း "တတ္ထ"ကို စွဲရသည်၊ "န စ ပါကော ပစ္စတိ–ရင့်ခြင်းဇရတာသည် မရင့်၊ ဘေဒေါပိ န ဘိဇ္ဇတိ–ပျက်ခြင်း အနိစ္စတာလည်း မပျက်"ဟု ဆိုအပ်ပြီးသော စကားရပ်၌ စောဒကပုဂ္ဂိုလ်၏ စောဒနာပုံကား ...

ဇာတိသည် ကမ္မသမုဋ္ဌာန်ရုပ်တို့၏ ဇာတိဖြစ်လျှင် ထို ကံဟူသော အကြောင်းရှိသည်၏ အဖြစ်ဟူသော ဝေါဟာရ, စိတ္တသမုဋ္ဌာန်စသော ရုပ်တို့၏ ဇာတိဖြစ်လျှင် ထို စိတ်စသော အကြောင်းရှိသည်၏ အဖြစ်ဟူသော ဝေါဟာရကိုလည်းကောင်း, ဇာတိ၏ ဖြစ်ခြင်းဟူသော ဝေါဟာရကိုလည်းကောင်း ရသကဲ့သို့, ထို့အတူ ရင့်ခြင်းဇရတာ, ပျက်ခြင်းအနိစ္စတာတို့လည်း ဆိုင်ရာရုပ်တို့၏ အကြောင်းရှိသည်၏ အဖြစ်ဟူသော ဝေါဟာရကိုလည်းကောင်း, ဖြစ်ခြင်းဟူသော ဝေါဟာရကိုလည်းကောင်း ရကြပါစေ၊ ဤသို့ရလျှင် ဤ ဇရတာ အနိစ္စတာနှစ်ပါးလည်း ကမ္မသမုဋ္ဌာန်ရုပ်, စိတ္တသမုဋ္ဌာန်ရုပ် စသည်ဖြင့် ပြောဆိုခွင့် ရပါလိမ့်မည်၊–ဤကား စောဒနာပုံတည်း၊ ..."န ပါကဘေဒါ ။ပေ၊ အဘာဝတော" ဤတိုင်အောင် အကျဉ်းအဖြေကို ပြ၍ "ဇနကပစ္စယာနံ ဟိ" စသည်ဖြင့် အကျယ်ကို ပြသည်။

ဝါ–သတ္တိသည်၊ (ဟောတိ၊) တဘော–ထို ဥပါဒ်ခဏမှ၊ ဥဒ္ဓံ ရဲ့–အထက်၌၊ (ဌီခဏ, ဘင်ခဏ၌၊ အာနုဘာဝေါ–သည်၊) န–မရှိ၊ စ–ဆက်၊ တေဟိ–ထို ကံအစရှိသော အကြောင်းတရားတို့သည်၊ အဘိနိဗ္ဗတ္တိတ မမ္မက္ခဏာသိ–ဖြစ်စေအပ်ဆဲသော တရားတို့၏ဥပါဒ်ခဏ၌၊ ဇာတိ–ဇာတိသည်၊ ပညာယ မာနာ–ထင်ရှားသည်၊ (ဟုတ္ဝာ–၍၊ ဝါ–ကြောင့်၊) တပ္ပစ္စယဘာဝဝေါဟာရံ–ထို တရားတို့၏ အကြောင်းရှိသည်၏အဖြစ်အားဖြင့် ခေါ်ဝေါ်ပြောဆိုခြင်းကို လည်းကောင်း၊ အဘိနိဗ္ဗတ္တိဝေါဟာရံစ–ဖြစ်ခြင်းဟူသော ခေါ်ဝေါ်ပြောဆိုခြင်း ကိုလည်းကောင်း၊ လဘတိ၊ (ကသ္မာ၊) တသ္မိံ ခဏေ–ထို အာနုဘော်(သတ္တိ)၏ ရှိရာ ဥပါဒ်ခဏ၌၊ သဗ္ဘာဝတော–ထင်ရှားရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဣတရ ဒွယံ–ဇာတိမှတစ်ပါးသော ဇရတာ အနိစ္စတာ ရုပ်နှစ်ပါးအပေါင်းသည်၊ (တပ္ပစ္စယဘာဝ ဝေါဟာရံ–ကိုလည်းကောင်း၊ အဘိနိဗ္ဗတ္တိဝေါဟာရံစ–ကို လည်းကောင်း၊ န (လဘတိ)–မရ၊ (ကသ္မာ) တသ္မိံ ခဏေ–ထို အာနုဘော် (သတ္တိ)၏ရှိရာ ဥပါဒ်ခဏ၌၊ (ဣတရ ဒွယဿ–၏၊) အဘာဝတော–မရှိ ခြင်းကြောင့်တည်း၊ ဣတိ–ကြောင့်၊ တေံ–ဤ ဇရတာ အနိစ္စတာ ရုပ်နှစ်ပါး အပေါင်းသည်၊ ဇာယတိ–ဖြစ်၏၊ ဣတိ–ဤသို့၊ နေဝဝတ္တဗ္ဗံ–မဆိုထိုက် သည်သာ၊ [မည့်သည့်နည်းနှင့်မျှ မပြောဆိုထိုက်–ဟူလို။]

ဇရာမရဏံ ၊ပေ၊ ပဋိစ္စသမုပ္ပန္နန္တိ–ဇရာမရဏံ ၊ပေ၊ ပဋိစ္စသမုပ္ပန္နံဟူ၍၊ အာဂ တတ္တာ–ကြောင့်၊ (နိဒါနဝဂ္ဂသံယုတ်, အာဟာရဝဂ်, ပစ္စယသုတ်၌ လာသည်၏ အဖြစ်ကြောင့်၊) ဣဒံပိ ဒွယံ–ဤ ဇရတာ အနိစ္စတာ နှစ်ပါးအပေါင်းသည်လည်း၊

---

**အဘိနိဗ္ဗတ္တိတမမ္မက္ခဏာသိ**။ ။ထို အကျယ်စကားရပ်ဝယ် အဘိနိဗ္ဗတ္တိတ မမ္မက္ခဏာသိ၌ တပစ္စည်းဖြင့် ဆိုထားသော်လည်း ထို တပစ္စည်းကို ပစ္စုပ္ပန်အနက်၌ သက်စေ၍ "အဘိနိဗ္ဗတ္တိယမာနမမ္မက္ခဏာသိ"ဟု အဓိပ္ပာယ်မှတ်ရမည်ဟု ဋီကာဖွင့်သည်။

**ဆိုလိုရင်းကား**။ ။"ရုပ်ကိုဖြစ်စေတတ်သော ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတရားတို့သည် မိမိတို့ဖြစ်စေရမည့် ရုပ်တရားတို့ ဥပါဒ်သည့်တိုင်ရုံသာ သတ္တိပါရှိ၏၊ ထို သတ္တိကို အာနုဘော်ဟု ခေါ်သည်၊ ဇာတိသည် ထို သတ္တိမကုန်မီ ထင်ရှားလာသောကြောင့် ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇဟူသော အခေါ်အဝေါ်ကို လည်းကောင်း, ဖြစ်၏ဟူသော အခေါ်အဝေါ်ကိုလည်းကောင်း ရ၏၊ ဇရတာ အနိစ္စတာ တို့ကား ထို သတ္တိကုန်ရာ ဌီခဏ ဘင်ခဏကျမှ ထင်ရှားကြသောကြောင့် ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇဟူသော အခေါ်အဝေါ်ကို, ဖြစ်၏ဟူသော အခေါ်အဝေါ်ကို မရကြတော့"ဟု ဆိုလိုသည်။

**ဇရာ မရဏံ ၊ပေ၊ တိ စေ**။ ။"ဇရာ မရဏသည် အနိစ္စ, သင်္ခတ, (အကြောင်းတရားတို့ကို စွဲ၍ဖြစ်သော) ပဋိစ္စသမုပ္ပန္န"ဟု သုတ္တန်ပါဠိတော်တို့၌ လာသောကြောင့် ထို ပါဠိတော်ဝယ် "ပဋိစ္စသမုပ္ပန္န–အကြောင်းကို စွဲ၍ဖြစ်၏"ဟူသော စကားကိုယူ၍ "ဇရာ မရဏ နှစ်ပါးသည်ဖြစ်၏၊ ဥပါဒ်၏"ဟု အဓိပ္ပာယ် မမှတ် သင့်ပါလော–ဟု စောဒနာသည်။

ဓာယတိ–ဖြစ်သည် မဟုတ်လော၊ ဣတိ စေ–ဤသို့ စောဒနာအံ့၊ [ဘိက္ခဝေ, ဇရာမရဏံ–ဇရာမရဏသည်၊ ဝါ–ကို၊ အနိစ္စံ–မမြဲ၊ သင်္ခတံ–အကြောင်းတရားတို့သည် ကောင်းစွာ ပြုစီမံအပ်၏၊ ပဋိစ္စသမုပ္ပန္နံ–အကြောင်းကို စွဲ၍ဖြစ်၏။]

(ဣဒမ္ပိ ဒွယံ) န (ဓာယတိ)–မဖြစ်ပါ၊ (ကသ္မာ–နည်း?၊) ပရိယာယဒေသိတတ္တာ–ပရိယာယ်အားဖြင့် ဟောတော်မူအပ်၏ အဖြစ်ကြောင့်တည်း၊ ဟိ–ချဲ့၊ တတ္ထ–ထို သုတ္တန်ပါဠိတော်၌၊ ပဋိစ္စသမုပ္ပန္နာနံ–အကြောင်းကို စွဲ၍ ဖြစ်ကုန်သော၊ ဓမ္မာနံ–တရားတို့၏၊ ဇရာမရဏတ္တာ–ဇရာမရဏ၏ အဖြစ်ကြောင့်၊ ပရိယာယေန–ပရိယာယ်အားဖြင့်၊ တံ–ထို ဇရတာ အနိစ္စတာနှစ်ပါးအပေါင်းကို၊ ပဋိစ္စသမုပ္ပန္နန္တိ–ဟူ၍၊ ဝုတ္တံ–ပြီ။

ယဒိ ဧဝံ–ယင်းသို့ဖြစ်လျှင်၊ (ပရိယာယ်အားဖြင့် ပဋိစ္စသမုပ္ပန္နဟု ဟောထားအပ်သည်ဖြစ်လျှင်၊) တေပိတယံ–ဤ ဓာတိ ဇရတာ အနိစ္စတာ သုံးပါးအပေါင်းသည်လည်း၊ အဓာတတ္တာ–မဖြစ်သည်၏ အဖြစ်ကြောင့်၊ သသဝိသာဏံ ဝိယ–ယုန့်ချိုကဲ့သို့၊ နတ္ထိ–မရှိသည် မဟုတ်ပါလော၊ ဝါ–သို့မဟုတ်၊ (ရှိလျှင်–ဟူလို၊) နိဗ္ဗာနံ ဝိယ–နိဗ္ဗာန်ကဲ့သို့၊ နိစ္စံ–မြဲသည် မဟုတ်ပါလော၊ ဣတိစေ–ဤသို့ စောဒနာအံ့။

န–မစောဒနာသင့်၊ (ကသ္မာ–နည်း?၊) နိဿယပဋိဗဒ္ဓဝုတ္တိတော–မှီရာဖြစ်သော တရားတို့၌စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဟိ–ချဲ့၊ (တစ်နည်း) ဟိယသ္မာ၊ ပထဝီအာဒီနံ–ပထဝီဓာတ် အစရှိကုန်သော၊ နိဿယာနံ–မှီရာရုပ်တို့၏၊ ဘာဝေ–ဖြစ်ခြင်းသည်၊ (သတိ–ရှိလသော်၊) ဓာတိအာဒိတ္တယံ–ဓာတိအစရှိသော ရုပ်သုံးပါးအပေါင်းသည်၊ ပညာယတိ–ထင်ရှား၏၊ တသ္မာ–ကြောင့်၊ (ထိုသို့ ပထဝီဓာတ်အစရှိသော မှီရာရုပ်တို့၏

---

**န ပရိယာယဒေသိတတ္တာ။** ။ကံစသောအကြောင်းကို စွဲ၍ဖြစ်ကြသော ရုပ်တရားတို့၏ ပဋိစ္စသမုပ္ပန္နအမည်ကို ထို ရုပ်တို့၏ ဝိကာရဖြစ်သော ဇရာမရဏအပေါ်၌ တင်စား၍ ဠာနူပစာရအားဖြင့် ဟောတော်မူအပ်သောကြောင့် ဇရာမရဏကို ပရိယာယ်အားဖြင့်သာ ပဋိစ္စသမုပ္ပန္နဟု ဆိုရသည်၊ အစစ်အမှန်အားဖြင့်ကား ပဋိစ္စသမုပ္ပန္နတရားမဟုတ်ပါ–ဟူလို၊ [ဤ၌ ဠာနူပစာရကို "ပရိယာယ"ဟု ဆိုသည်။]

**ယဒိ ဧဝံ ၊ပေ၊ စေ။** ။ရှေ့၌ ဓာတိသည်လည်း အစစ်အမှန်အားဖြင့် ထင်ရှားရှိသည်မဟုတ်၊ အဘိနိဗ္ဗတ္တိယမာနဓမ္မ၏ ဥပါဒ်ခဏ၌ ထင်ရှားသောကြောင့် "ဓာတိဖြစ်သည်"ဟု ဆိုရကြောင်းကို ပြခဲ့၏၊ ဤ၌ ဇရတာ အနိစ္စတာနှစ်ပါးလည်း အစစ်အမှန်အားဖြင့် ပဋိစ္စသမုပ္ပန္နမဟုတ်ဟု ဆိုပြန်၏၊ သို့ဖြစ်လျှင် "ဓာတိ ဇရတာ အနိစ္စတာ သုံးပါးလုံးပင် အစစ်အမှန်အားဖြင့် မဖြစ်ကြသောကြောင့် ယုန့်ချိုဟုခေါ်ရာ၌ တကယ်မရှိ, အမည်ပညတ်သာ ရှိသကဲ့သို့, ဤ တရားသုံးပါးလည်း တကယ် မရှိသော အဘာဝပညတ်တရားလော၊ ဖြစ်ခြင်းမရှိပါဘဲ ကေန် ရှိနေပြန်လျှင်လည်း နိဗ္ဗာန်ကဲ့သို့ နိစ္စတရားလော"ဟု စောဒနာသည်။

ဖြစ်ခြင်းရှိလသော် ဇာတိအစရှိသော ရုပ်သုံးပါးအပေါင်း၏ ထင်ရှားသည်၏ အဖြစ်ကြောင့်၊) နတ္ထိ–ယုန်ချိုကဲ့သို့ မရှိသည်ကား၊ န–မဟုတ်၊ [ဤစကားဖြင့် "သသဝိသာဏံဝိယ နတ္ထိ"ကို ဖြေသည်၊] စ–သည်သာမကသေး၊ တေသံ–ထို ပထဝီဓာတ်အစရှိသော မှီရာရုပ်တို့၏၊ အဘာဝေ–မဖြစ်ခြင်းသည်၊ (သတိ–သော်၊ ဇာတိအာဒိတ္တယံ–သည်၊) န ပညာယတိ–မထင်ရှား၊ တသ္မာ–ကြောင့်၊ (ထိုသို့ ပထဝီဓာတ်အစရှိသော မှီရာရုပ်တို့မဖြစ်လျှင် ဇာတိအစရှိသော ရုပ်သုံးပါးအပေါင်း၏ မထင်ရှားသည်၏အဖြစ်ကြောင့်၊) နိစ္စံ–နိဗ္ဗာန်ကဲ့သို့ မြဲသည်၊ န–မဟုတ်၊ [ဤစကားဖြင့် "နိဗ္ဗာနံ ဝိယ ဝါ နိစ္စံ"ကို ဖြေသည်၊] စ–ဆက်၊ ဧတံပိ အဘိနိ ဝေသံ–ဤ မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကို လည်း၊ (သသဝိသာဏကဲ့သို့ အဘာဝပညတ်ဟု နှလုံးသွင်းခြင်း, နိဗ္ဗာန်ကဲ့သို့ နိစ္စဟု နှလုံးသွင်းခြင်းကိုလည်း၊) ပဋိသေဓေတုံ ဧဝ–တားမြစ်ခြင်း အကျိုးငှာ သာလျှင်၊ ဇရာမရဏံ ၊ပေ၊ ပဋိစ္စ သမုပ္ပန္နန္တိ–ဇရာမရဏံ ၊ပေ၊ ပဋိစ္စသမုပ္ပန္နံ ဟူသော၊ ဣဒံ (သုတ္တံ)–ဤ ပါဠိကို၊ (ဘဂဝတာ)ဝုတ္တံ–ပြီ၊ ဝေမာဒီဟိ–ဤသို့ အစရှိကုန်သော၊ နယေဟိ–တို့ဖြင့်၊ ဒွေ–န်သော၊ တာနိ ရူပါနိ–ထို ဇရတာ အနိစ္စတာရုပ်တို့သည်၊ ကေဟိစိ–တစ်စုံတစ်ခုသော အကြောင်းတို့ ကြောင့်၊ န သမုဋ္ဌဟန္တိ–မဖြစ်ကုန်၊ ဣတိ–သို့၊ ဝေဒိတဗ္ဗံ–၏။

[“သမောဓာနံ, သမုဋ္ဌာနံ, ပရိနိပ္ဖန္နဥ္စ သင်္ခတံ”ဟူသော သုံးချက်တို့တွင် “သမုဋ္ဌာန”၏အကျယ်ကို ပြပြီး၍ ယခုတစ်ဖန် တစ်နည်း ပြပြန်လိုသောကြောင့် “အပိစ”စသည် မိန့်၊] အပိစ–သည်သာမကသေး၊ သမုဋ္ဌာနံတိဧတ္ထ–ဟူ သော ဤ ပါဌ်၌၊ အယံ–ဤ ဆိုအပ်လတ္တံ့ကား၊ အညောပိ–ဆိုအပ်ပြီးသော အနက်မှ တစ်ပါးလည်းဖြစ်သော၊ အတ္ထော–တည်း၊ တဿ–ထို အနက်၏၊ အယံ–ဤ ဆိုအပ်လတ္တံ့ကား၊ မာတိကာ–မာတိကာတည်း၊ ကမ္မဇံ–ကမ္မဇရုပ်လည်းကောင်း၊ ကမ္မပစ္စယံ–ကမ္မပစ္စယရုပ်လည်းကောင်း၊ ကမ္မပစ္စဥတုသမုဋ္ဌာနံ–ကမ္မပစ္စယဥတု သမုဋ္ဌာန်ရုပ်လည်းကောင်း၊ ပေ၊ စိတ္တသမုဋ္ဌာနံ–စိတ္တသမုဋ္ဌာန်ရုပ်လည်းကောင်း၊ စိတ္တပစ္စယံ–စိတ္တပစ္စယရုပ်လည်းကောင်း၊ စိတ္တပစ္စယဥတုသမုဋ္ဌာနံ–စိတ္တပစ္စယ ဥတုသမုဋ္ဌာန်ရုပ်လည်းကောင်း၊ ဣတိ (အယံ)–ဤ ဆိုအပ်ပြီးကား၊ (မာတိကာ–တည်း၊) [ရုပ်ဖြစ်ခြင်း၏ အကြောင်းတစ်ပါးလျှင် “ကမ္မဇ, ကမ္မပစ္စယ, ကမ္မပစ္စယဥတုသမုဋ္ဌာန”ဤသို့ စသောအားဖြင့် သုံးမျိုးစီပြားပုံကို သတိပြုခဲ့ပါ။]

တတ္ထ–ထို ရုပ်တို့တွင်၊ စက္ခုပသာဒါဒိ–စက္ခုပသာဒ အစရှိသော၊ အဋ္ဌဝီသံ–ရှစ်ပါးအပြားရှိသော၊ ရူပံ–ရုပ်သည်၊ ဟဒယဝတ္ထုနာ–ဟဒယဝတ္ထုနှင့် (ပါဠိ တော်၌ တိုက်ရိုက်မပါသော ဟဒယဝတ္ထုနှင့်၊) သဒ္ဓိံ–တကွ၊ ကမ္မဇံနာမ–ကံ ကြောင့်ဖြစ်သော ရုပ်မည်၏၊ ကေသ မဿု ဟတ္ထိဒန္တာ–ဆံ, မုတ်ဆိတ်, ဆင်စွယ် တို့လည်းကောင်း၊ အဿဝါလာ–မြင်းမြီးတို့လည်းကောင်း၊ စမရဝါလာ–စမရီ

သားမြီးတို့လည်းကောင်း၊ ဣတိဝေမာဒိ–ဤသို့ အစရှိသောရုပ်သည်၊ ကမ္မပစ္စယံနာမ–ကံဟူသော အကြောင်းရှိသော ရုပ်မည်၏၊ စက္ကရတနံ–စကြာရတနာလည်းကောင်း၊ ဒေဝတာနံ–နတ်တို့၏၊ ဥယျာနဝိမာနာဒီနိ–ဥယျာဉ် ဗိမာန် အစရှိသည်တို့လည်းကောင်း၊ ဣတိဝေမာဒိ–ဤသို့ အစရှိသောရုပ်သည်၊ ကမ္မပစ္စယဥတုသမုဋ္ဌာနံနာမ–ကံဟူသော အကြောင်းရှိသော ဥတုဟူသော ဖြစ်ကြောင်းရှိသော ရုပ်မည်၏။

အာဟာရတော–အာဟာရကြောင့်၊ သမုဋ္ဌိတံ–ဖြစ်သော၊ သုဒ္ဓဋ္ဌကံ–သုဒ္ဓဋ္ဌက ကလာပ်ရုပ်သည်၊ အာဟာသမုဋ္ဌာနံနာမ–အာဟာရဟူသောဖြစ်ကြောင်းရှိသော ရုပ်မည်၏၊ ကဗဠီကာရော–အလုတ်အလွေးပြုအပ်သော၊ အာဟာရော–သည်၊

---

**ကမ္မပစ္စယံ။** ။"ကမ္မသမုဋ္ဌာန"ဟု ခေါ်ရာ၌ ကံကြောင့်ဖြစ်သောရုပ်ကို ရ၏၊ **"ကမ္မပစ္စယ"**ဟု ခေါ်ရာ၌ကား ကံကိုအကြောင်းခံ၍ ခန္ဓာကိုယ်၌ ဥတုကြောင့်ဖြစ်ရသော (ဥတုသမုဋ္ဌာန်)ရုပ်ကို ရ၏၊ ထို့ကြောင့် ဆံပင်ကောင်းခြင်း, မကောင်းခြင်း, အဆင်းလှခြင်း, မလှခြင်း, ပုံသဏ္ဌာန်ချောခြင်း, မချောခြင်းတို့၌ ဆိုင်ရာဥတုကြောင့်ဖြစ်သော ဥတုသမုဋ္ဌာနရုပ်တို့၏ အစဉ်များဖြစ်ကြသော်လည်း ထို ဥတုသမုဋ္ဌာန်ရုပ်ဖြစ်ရခြင်း၏အကြောင်းရင်းမှာ ရှေးကံသာ ပဓာနဖြစ်သောကြောင့် ရှေးကံကောင်းခဲ့သူမှာ ထို ဥတုသမုဋ္ဌာန်ရုပ်များ၏ စီစဉ်နေပုံကောင်းသဖြင့် ဆံပင်ကောင်းသူ, အဆင်းလှသူ, ရုပ်ချောဖြူစင်သူ ဖြစ်ရ၏၊ ရှေးကံမကောင်းခဲ့သူမှာ အဆင်းမလှသူ စသည်ဖြစ်ရလေသည်၊ [ကမ္မသမုဋ္ဌာနသမ္ဗန္ဓံ ဥတုသမုဋ္ဌာနံ ၊ပေ၊ ကမ္မပစ္စယန္တိ ဝုတ္တံ၊–ဋီကာ။]

**မှတ်ချက်။** ။အဆင်းလှခြင်းစသည်တို့၌ စိတ်ချမ်းသာခြင်း, အစာအာဟာရကောင်းခြင်း, ဥတုရေမြေကောင်းခြင်းဟူသော အကြောင်းတို့ပါဝင်၏၊ ထို့ကြောင့် ဋီကာဝယ် "ကမ္မသမုဋ္ဌာနသမ္ဗန္ဓံ ဥတုသမုဋ္ဌာနံ"အရ၌ ကံကိုအရင်းခံ၍ ခန္ဓာကိုယ်တွင်ဖြစ်သော စတုဇဥတုကြောင့်ဖြစ်သော ရုပ်ကို "ကမ္မသမုဋ္ဌာနသမ္ဗန္ဓံ ဥတုသမုဋ္ဌာနံ"ဟု ဆိုသည်၊ [ကမ္မံ+ပစ္စယော ယဿာတိ ကမ္မပစ္စယံ–ကံဟူသော အကြောင်းရင်းရှိသော ဥတုသမုဋ္ဌာန်ရုပ်။]

**ကမ္မပစ္စယ ဥတုသမုဋ္ဌာနံ။** ။ဤ၌ကား ကံကိုအရင်းခံ၍ ခန္ဓာကိုယ်၏ပြင်ပ၌ ဖြစ်ကြသော ဥတုသမုဋ္ဌာန်ရုပ်များတည်း၊ ထို့ကြောင့် စကြာရတနာစသော ရတနာ ခုနစ်ပါး, နတ်ဗိမာန် ဥယျာဉ် ရေကန်စသော အသုံးအဆောင်များနှင့် လူစသောသတ္တဝါတို့၏ အိမ်ရာစသည်များကို ယူပါ၊ [ကမ္မဝိပါကာနုဘာဝနသ ၊ပေ၊ ဝဇနတ္ထော၊–ဋီ။] ဤပုဒ်၏ဝစနတ္ထကို ဋီကာ၌ပြထား၏။

**မှတ်ချက်။** ။ဤ စကားအရ သတ္တဝါတို့သဏ္ဌာန်၌ ကောင်းသောကံ၏အကျိုးပေးခွင့်ကြုံလာသောအခါ အိပ်ရာနေရာ အဝတ်တန်ဆာစသော အသုံးအဆောင်များနှင့် အစားအသောက်စသော ဥတုဇရုပ်များတိုးတက်ကောင်းမွန်လာကြခြင်းသည် ကမ္မပစ္စယ ဥတုသမုဋ္ဌာန် (ကံလျှင် အရင်းခံအကြောင်းရှိသော ဥတုကြောင့်ဖြစ်သော)ရုပ်များ၏ ကောင်းမွန်ခြင်းဟုလည်းကောင်း၊ ထိုကဲ့သို့ ကံကောင်းအခွင့်သာအောင် ဉာဏ်ကောင်း ဝီရိယကောင်းတို့က (ရေလာ မြောင်းဆယ်သဘောကဲ့သို့) ကူညီပေးရကြောင်းကိုလည်းကောင်း ကောင်းကောင်းကြီး နားလည်သင့်ပါသည်။

အာဟာရသမုဋ္ဌာနဿစ–အာဟာရသမုဋ္ဌာန်ရုပ် အစဉ်၏လည်းကောင်း၊ ဥပါဒိန္နဿစ–ဥပါဒိန္နရုပ်အစဉ်၏လည်းကောင်း၊ (ကမ္မဇရုပ်အစဉ်၏လည်းကောင်း၊) ဒွိန္နံ–နှစ်မျိုးလုံးလည်းဖြစ်ကုန်သော၊ ရူပသန္တတီနံ–ရုပ်အစဉ်တို့၏၊ ပစ္စယော–အကြောင်းသည်၊ ဟောတိ၊ အာဟာရသမုဋ္ဌာနဿ–အာဟာရသမုဋ္ဌာန်ရုပ်အစဉ်အား၊ ဝါ–ကို၊ ဇနကော–ဖြစ်စေတတ်သော အကြောင်းသည်၊ ဟုတ္វာ, ပစ္စယော–ကျေးဇူးပြုသည်၊ ဟောတိ၊ ကမ္မဇဿ–ကမ္မဇရုပ်အစဉ်အား၊ ဝါ–ကို၊ အနုပါလကော–စောင့်ရှောက်တတ်သည်၊ ဟုတ္វာ (ပစ္စယော ဟောတိ၊) ဣတိ–လျှင်၊ အာဟာရာနုပါလိတံ–အာဟာရသည် အစဉ်မပြတ် စောင့်ရှောက်အပ်သော၊ ဣဒံ ကမ္မဇရူပံ–ဤ ကမ္မဇရုပ်သည်၊ အာဟာရပစ္စယံနာမ–အာဟာရဟူသော အကြောင်းရှိသော ရုပ်မည်၏။ [ခန္ဓာကိုယ်၌ဖြစ်သော ကမ္မဇရုပ်စု၏ မပျက်စီးခြင်းကား အစာအာဟာရက အမြဲ ထောက်ပံ့ထားသောကြောင့် ဖြစ်သည်–ဟူလို၊ ထို့ကြောင့် ဤ ကမ္မဇရုပ်တွေ မပျက်စီးရအောင် အစာအဟာရကို နေ့စဉ်မှီဝဲ၍ နေကြရသည်။] ဝိသဘာဂါဟာရံ–သဘောမတူသော အာဟာရကို၊ သေဝိတွာ–မှီဝဲ၍၊ အာတပေ–နေပူ၌၊ ဝသန္တဿ–နေသော ပုဂ္ဂိုလ်၏ကိုယ်၌၊ တိလကကာဠ ကုဋ္ဌာဒီနိ–ညှင်းပြောက်, အမဲကွက် (မှဲ့), နူနာကွက်အစရှိသော ရောဂါတို့သည်၊ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏၊ ဣဒံ–ဤ ညှင်းပြောက်အစရှိသော ရောဂါသည်၊ အာဟာရ ပစ္စယဥတုသမုဋ္ဌာနံနာမ–အာဟာရလျှင် အကြောင်းရင်းရှိသော ဥတုကြောင့်ဖြစ်သော ရုပ်မည်၏။

ဥတုတော–ကြောင့်၊ သမုဋ္ဌိတံ–သော၊ သုဒ္ဓဋ္ဌကံ–သည်၊ ဥတုသမုဋ္ဌာနံနာမ–ဥတုဟူသော ဖြစ်ကြောင်းရှိသော ရုပ်မည်၏၊ တသ္မိံ–ထို သုဒ္ဓဋ္ဌကကလာပ်၌၊ ဥတု–ဥတုသည်၊ အညံ–အခြားသော၊ အဋ္ဌကံ–အဋ္ဌကကလာပ်ကို၊ သမုဋ္ဌာပေတိ–ဖြစ်စေပြန်၏၊ ဣဒံ–ဤ ဒုတိယ အဋ္ဌကကလာပ်ရုပ်သည်၊ ဥတုပစ္စယံနာမ–ပဌမဥတုလျှင်အကြောင်းရှိသော ဒုတိယဥတုကြောင့်ဖြစ်သော ရုပ်မည်၏၊ တသ္မိံပိ–ထို ဒုတိယအဋ္ဌကကလာပ်၌လည်း၊ ဥတု–သည်၊ အညံ–သော၊ အဋ္ဌကံ–ကို၊ သမုဋ္ဌာပေတိ–ဖြစ်စေပြန်၏၊ ဣဒံ–ဤ တတိယအဋ္ဌကကလာပ်သည်၊

**ဥတုပစ္စယံ**။ ။တသ္မိံ ဥတု အညံ အဋ္ဌကံ သမုဋ္ဌာပေတိ–ပဌမသုဒ္ဓဋ္ဌကကလာပ်၌ပါသောဥတုက အခြားသော ဒုတိယသုဒ္ဓဋ္ဌကကလာပ်ကို ဖြစ်စေရာ၌ "ဥတုသမုဋ္ဌာန–ဥတုကြောင့်ဖြစ်သောရုပ်"ဟု အမည်မတပ်ဘဲ အဘယ်ကြောင့် "ဥတုပစ္စယ–ဥတုဟူသော အကြောင်းရှိသောရုပ်"ဟု အမည်တပ်ရသနည်း?ဟု မေးဖွယ်ရှိ၏၊ အဖြေကား–"တသ္မိံ ဥတု"ဟုဆိုအပ်သော ဒုတိယဥတုကို ရည်ရွယ်၍ "ဥတုပစ္စယ" ဟု ဆိုလိုသည် မဟုတ်၊ ပဌမဥတုကို အကြောင်းခံ၍ ဖြစ်ခဲ့သောကြောင့် ထို ပဌမ ဥတုကို ရည်ရွယ်၍ "ဥတုပစ္စယ"ဟု ဆိုပါသည်၊ [ဒုတိယဿ သုဒ္ဓဋ္ဌကဿ ၊ပေ၊ သော ဧဝ ပုရိမော ဥတု ပစ္စယော၊–ဋီကာ။]

ဥတုပစ္စယ ဥတုသမုဋ္ဌာနံနာမ–ဥတုပစ္စယ ဥတုသမုဋ္ဌာန်ရုပ်မည်၏၊ ဇဝံ–လျှင်၊ တိသောယေဝ–သုံးဆက်သာလျှင် ဖြစ်ကုန်သော၊ သန္တတိယော–အစဉ်တို့ကို၊ ဃဋ္ဋေတုံ–ဆက်စပ်ခြင်းငှာ၊ သက္ကောတိ၊ တတော–ထို သုံးခုသော အစဉ်မှ၊ ပရံ–နောက်၌ကား၊ (ဃဋ္ဋေတုံ၊) န (သက္ကောတိ။)

ကမ္မမတ္တံ–ဤ အနက်အဓိပ္ပာယ်ကို၊ (ဥတုသမုဋ္ဌာန ဥတုပစ္စယ, ဥတုပစ္စယ ဥတုသမုဋ္ဌာနဟူသော အနက်အဓိပ္ပာယ်ကို၊ အနုပါဒိန္နကေနာပိ–အနုပါဒိန္နက ရုပ်အားဖြင့်လည်း၊ ဒီပေတုံ–ပြခြင်းငှာ၊ ဝဋ္ဋတိ–သင့်၏၊ ဥတုသမုဋ္ဌာနော နာမ–ဥတုသမုဋ္ဌာန်မည်သည်၊ ဝလာဟကော–တိမ်တိုက်တည်း၊ ဥတုပစ္စယာ နာမ–ဥတုပစ္စယတို့မည်သည်၊ ဝုဋ္ဌိဓာရာ–မိုးရေအယဉ်တို့တည်း၊ ပန–ကား၊ ဒေဝေ–မိုးသည်၊ ဝုဋ္ဌေ–ရွာပြီးလသော်၊ ဗီဇာနိ–မျိုးစေ့တို့သည်၊ ဝိရူဟန္တိ–စည်ပင်ပေါက်ရောက်ကုန်၏၊ ပထဝီ–မြေသည်၊ ဂန္ဓံ–မြေနံ့ကို၊ မုဉ္စတိ–လွှတ်၏၊ ပဗ္ဗတာ–တောင်တို့သည်၊ နီလာ–ညိုညို မှိုင်းမှိုင်းတို့သည်၊ ခါယန္တိ–ထင်ရှားကုန်၏၊

**ဥတုပစ္စယ ဥတုသမုဋ္ဌာန။** ။ဤ၌ "ဥတုပစ္စယ"ဝယ် ဥတုဟူသည် ပထမဥတုတည်း၊ ဥတုသမုဋ္ဌာန၌ဥတုကား တတိယသုဒ္ဓဋ္ဌကကလာပ်ကို ဖြစ်စေသော (ဒုတိယသုဒ္ဓဋ္ဌကကလာပ်တွင် ပါဝင်သော)ဥတုတည်း၊ "ပထမဥတုလျှင် အကြောင်းရင်းရှိသော ဒုတိယဥတုဟူသော ဖြစ်ကြောင်းရှိသောရုပ်ကို ဥတုပစ္စယ ဥတုသမုဋ္ဌာနရုပ်ဟု ခေါ်ပါ"ဟူလို၊ [တတိယံ ပန ၊ပေ၊ ဥတုပစ္စယ ဥတုသမုဋ္ဌာနန္တိ ဝုတ္တံ–ဋီကာ။]

**တိသော သန္တတိယော။** ။ဥတုတစ်ခုမှ ရုပ်ကလာပ်အစဉ်အဆက် သုံးဆက်ဆက်ရာ၌ ထိုသုံးဆက်ပေါင်း မည်မျှကြာအောင် ဆက်ပါသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား–အအေးဖြစ်စေ, အပူဖြစ်စေ ထို မူလဥတု၏ အအေးသတ္တိ, အပူသတ္တိများသလောက် ထို သုံးဆက်ပေါင်းများစွာ ဆက်နိုင်ပါသည်၊ ဥပမာ–သိပ်အေးသော သီတဥတုနှင့် သာမန်လောက်အေးသော သီတဥတုသည် အဆက်ဆက် ဆက်ပုံချင်း မတူ၊ သိပ်အေးလျှင် အဆက်များ၍ သိပ်မအေးလျှင် အဆက်နည်းဖွယ် ရှိသကဲ့သို့တည်း၊ ထို သီတဥတု အဆက်ဆက် ဆက်နေစဉ် မီးလှုံမှုစသည်ပြုသောအခါ သီတဥတုသမုဋ္ဌာန်ရုပ်အဆက်ပြတ်၍, ဥဏှဥတုသမုဋ္ဌာန်ရုပ်အဆက်များ ပေါ်လာနိုင်ပုံကိုလည်း သိပါ၊ [တဒေတံ သီတုဏှာနံ ၊ပေ၊ ဝေဒိတဗ္ဗံ၊–ဋီကာ၊] ဤပြခဲ့သော ဥတုဇရုပ်တို့သည် ဗဟိဒ္ဓဥတုအကူအညီရ၍ အဇ္ဈတ္တဥတု အဆက်ဆက်က ရုပ်အဆက်ဆက်ကို ဖြစ်စေပုံတည်း။

**အနုပါဒိန္နကေနာပိ။** ။ဥတုကြောင့် ရုပ်အစဉ်အဆက်ဖြစ်ပုံကို ဥပါဒိန္နက (ခန္ဓာကိုယ်၌ဖြစ်သော)ရုပ်အားဖြင့် ပြပြီး၍ အနုပါဒိန္နကသက်မဲ့ဝတ္ထုရုပ်အားဖြင့် ပြလိုသောကြောင့် "ကမ္မမတ္တံ အနုပါဒိန္နကေနာပိ"စသည်ကို မိန့်သည်၊ ဤ အနုပါဒိန္နကအားဖြင့် ပြရာ၌ ပထမဥတုက သန္တတိတ္တယဆက်ပုံမျိုးအားဖြင့် မမှတ်ရ၊ အခြားနည်းအားဖြင့် မှတ်ရမည်ဟု သိစေလို၍"ဥတုသမုဋ္ဌာနော နာမ"စသည်ကို မိန့်ပြန်သည်၊ ဤစကားကို ထောက်၍ မိုးရွာရာ၌ နတ်တို့အလိုကြောင့် ရွာသည်ဟုချည်း မမှတ်ရ၊ သမုဒ္ဒရာမှ ရေခိုးရေငွေ့တို့၏ မိုးတိမ်ဖြစ်ခြင်းစသည်ကြောင့် မိုးရွာရသည်ဟုလည်း မှတ်ပါ။

သမုဒ္ဒေါ–သမုဒြာသည်၊ ဝဍ္ဎတိ–တိုးပွား၏၊ တေ–ဤ မျိုးစေ့တို့၏ပေါက်ခြင်း အစရှိသော အလုံးစုံသည်၊ ဥတုပစ္စယ ဥတုသမုဋ္ဌာနံနာမ–ဥတုပစ္စယ ဥတု သမုဋ္ဌာနရုပ်မည်၏၊ (ပထမဥတုလျှင် အကြောင်းရှိသော နောက်နောက်ဥတု ဟူသော ဖြစ်ကြောင်းရှိသော ရုပ်မည်၏။)

စိတ္တတော–စိတ်ကြောင့်၊ သမုဋ္ဌိတံ–ဖြစ်သော၊ သုဒ္ဓဋ္ဌကံ–သုဒ္ဓဋ္ဌကကလာပ် ရုပ်သည်၊ စိတ္တသမုဋ္ဌာနံနာမ–စိတ်ဟူသော ဖြစ်ကြောင်းရှိသော ရုပ်မည်၏၊ ပစ္ဆာ ဇာတာ–နောက်နောက်၌ ဖြစ်ကုန်သော၊ စိတ္တစေတသိကာ–န်သော၊ ဓမ္မာ– တရားတို့သည်၊ ပုရေဇာတဿ–ရှေးရှေး၌ ဖြစ်သော၊ ဣမဿကာယဿ–ဤ ရူပကာယအား၊ ပစ္ဆာဇာတပစ္စယေန–ပစ္ဆာဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယော– ကျေးဇူးပြုသည်၊ (ဟောတိ–၏၊) ဣတိ ဣဒံ–ဤ ပုရေဇာတရုပ်သည်၊ စိတ္တ ပစ္စယံနာမ–စိတ်ဟူသော အကြောင်းရှိသော ရုပ်မည်၏၊ အန္တလိက္ခေ–မိုးနှင့် မြေကြီး၏အကြားတွင် တွေ့မြင်အပ်သော၊ အာကာသေ–ကောင်းကင်၌၊ ဟတ္ထိ မ္ပိ–ဆင်ကိုလည်း၊ ဒဿေတိ–ပြနိုင်၏၊ အဿံပိ–မြင်းကိုလည်း၊ ဒဿေတိ– ၏၊ ရထံပိ–ရထားကိုလည်း၊ ဒဿေတိ–၏၊ ဝိဝိဓံ–အထူးထူး အပြားပြားသော၊ သေနာဗျူဟံပိ–စစ်တပ်၏စုဝေးပုံကိုလည်း၊ ဒဿေတိ–၏၊ ဣတိ ဣဒံ–ဤဆင် စသောရုပ် အပေါင်းသည်၊ စိတ္တပစ္စယ ဥတုသမုဋ္ဌာနံနာမ–မည်၏၊ (စိတ်လျှင် အကြောင်းရင်းရှိသော ဥတုဟူသော ဖြစ်ကြောင်းရှိသော ရုပ်မည်၏၊) ["တန်ခိုး ရှင်၏စိတ်လျှင် အကြောင်းရင်းခံ၍ဖြစ်သော ဥတုသမုဋ္ဌာန်ရုပ်များ"ဟူလို။]

ပရိနိပ္ဖန္နန္တိ–ကား၊ ပန္နရသ–ကုန်သော၊ ရူပါနိ–ရုပ်တို့သည်၊ ပရိနိပ္ဖန္နာနိ နာမ–ပရိနိပ္ဖန္နရုပ်တို့မည်၏၊ (ကံစသော အကြောင်းတရားတို့သည် ထက်ဝန်း ကျင်ပြီးစေအပ်သော ရုပ်တို့မည်၏၊) ဒသ–ဆယ်ပါးသော ရုပ်တို့သည်၊ (ကာယ ဝိညတ်စသော ရုပ်တို့သည်၊) အပရိနိပ္ဖန္နာနိနာမ–အပရိနိပ္ဖန္နရုပ်တို့မည်၏၊ (ကံ စသော အကြောင်းတရားတို့သည် ထက်ဝန်းကျင် မပြီးစေအပ်သော ရုပ်တို့ မည်၏၊) အပရိနိပ္ဖန္နာ–အပရိနိပ္ဖန္နရုပ်တို့သည်၊ ယဒိ (ဟောန္တိ)–အံ့၊ (ဧဝံ

---

**အန္တလိက္ခေ။** ။"အန္တ ရ+ဣက္ခ"ဟု ခွဲ၊ အန္တရေ–မိုးနှင့် မြေကြီးအကြား၌+ ဣက္ချတေ–တွေ့မြင်အပ်၏၊ ဣတိ (ရ်ကို လ်ပြု၍) အန္တလိက္ခံ–မည်၏၊ ဣက္ခဓာတ်, ကံဟော ဃဥ်ပစ္စည်းဟု ထောမနိဓိ ဆို၏၊ (တစ်နည်း) အန္တော+ရိက္ခာနိ ယဿာတိ အန္တလိက္ခံ–အတွင်း၌ နက္ခတ်တို့ရှိသော ကောင်းကင်။

**ပရိနိပ္ဖန္နန္တိ။** ။ရှေ့၌ "သမောဓာနံ သမုဋ္ဌာနံ ပရိနိပ္ဖန္နဉ္စ သင်္ခတံ"ဟု ခေါင်း စဉ်၍ ပြခဲ့ရာတွင် သမုဋ္ဌာန်နှင့်စပ်လျက် အကျယ်ပြပြီး၍ "ပရိနိပ္ဖန္နံစ သင်္ခတံ"အတွက် အကျယ်ပြလိုသောကြောင့် "ပရိနိပ္ဖန္နန္တိ"စသည်ကို မိန့်သည်၊ သင်္ဂြိုဟ်၌ "နိပ္ဖန္န"ရုပ်ကိုပင် ဤ၌ "ပရိနိပ္ဖန္န"ဟု ခေါ်ထားသည်၊ "ပန္နရသ ရူပ"ဟူသည် နိပ္ဖန္နရုပ်ဆယ့်ရှစ်ပါးတွင် ဟဒယဝတ္ထုရုပ်ကို ချန်၍ ဓာတ်ကြီးသုံးပါးကိုလည်း ဖောဋ္ဌဗ္ဗာရုံအဖြစ်ဖြင့် တစ်ပါးတည်း ရေတွက်အပ်သော ရုပ်များတည်း၊ [ဤတွက်နည်းအတိုင်း ရှေ့၌လည်း ပြခဲ့ပြီ။]

ဟောန္တု[သု–ကုန်လသော်) အသင်္ခတာနာမ–အသင်္ခတတရားတို့မည်သည်၊ ဘဝေယျုံ–ဖြစ်ကုန်ရာ၏၊ ပန–စင်စစ်ကား၊ တေသံယေဝရူပါနံ–ထိုပရိနိပ္ဖန္န ရုပ်တို့၏ပင်၊ ကာယဝိကာရော–ကိုယ်၏ထူးခြားသော အမူအရာသည်၊ ကာယ ဝိညတ္တိနာမ–ကာယဝိညတ်မည်၏၊ ဝစီဝိကာရော–နှုတ်၏ထူးခြားသော အမူ အရာသည်၊ ဝစီဝိညတ္တိနာမ–ဝစီဝိညတ်မည်၏၊ ဆိဒ္ဒံ–ရုပ်ကလာပ်နှစ်ခုတို့၏ အပေါက်ဖြစ်သော၊ ဝိဝရံ–အကြားသည်၊ အာကာသဓာတုနာမ–အာကာသ ဓာတ်မည်၏၊ လဟုဘာဝေါ–ပေါ့ပါးကုန်သည်၏အဖြစ်သည်၊ လဟုတာနာမ– လဟုတာမည်၏၊ မုဒုဘာဝေါ–နူးညံ့ကုန်သည်၏အဖြစ်သည်၊ မုဒုတာနာမ– မည်၏၊ ကမ္မညဘာဝေါ–အမှုဥ္စခံ့ကုန်သည်၏အဖြစ်သည်၊ ကမ္မညတာနာမ– မည်၏၊ နိဗ္ဗတ္တိ–အစဥ္စလည်းကောင်း, ရုပ်မစုံမီ တိုးတက်၍လည်းကောင်း ဖြစ်ခြင်းသည်၊ ဥပစယောနာမ–ဥပစယမည်၏၊ ပဝတ္တိ–ဆက်ကာဆက်ကာ ဖြစ်ခြင်းသည်၊ သန္တတိနာမ–သန္တတိမည်၏၊ ဇီရဏာကာရော–ရင့်ရော်ခြင်း ဟူသော အခြင်းအရာသည်၊ ဇရတာနာမ–ဇရတာမည်၏၊ ဟုတွာ–ဖြစ်ပြီး၍၊ အဘာဝါကာရော–ထင်ရှားမရှိခြင်းဟူသော အခြင်းအရာသည်၊ အနိစ္စတာနာမ– အနိစ္စတာမည်၏ . . .[ကာယဝိညတ်စသည်တို့က ပရမတ္ထအစစ်မဟုတ်သောကြောင့် နာမသဒ္ဒါထည့်၍ ဆိုထားသည်၊] ဣတိ–ဤသို့လျှင်၊ သဗ္ဗံ–အလုံးစုံသော ရုပ်ဟူသမျှသည်၊ ပရိနိပ္ဖန္နံ–ကံစသော အကြောင်းတရားတို့သည် ထက်ဝန်းကျင် ပြီးစေအပ်သော၊ သင်္ခတမေဝ–သင်္ခတရုပ်ချည်းသာ၊ ဟောတိ–၏၊ ဣတိ– အပြီးတည်း၊ . . .အဋ္ဌသာလိနိယာ–အဋ္ဌသာလိနီမည်သော၊ ဓမ္မသင်္ဂဟအဋ္ဌကထာ ယ–ဓမ္မသင်္ဂဏီအဋ္ဌကထာ၏၊ ရူပကဏ္ဍဝဏ္ဏနာ–သည်၊ နိဋ္ဌိတာ။

---

**ယဒိ ၊ပေ၊ ဘဝေယျုံ။** ။သဂြိုဟ်ဥ္စ ပြအပ်သော အနိပ္ဖန္နရုပ် ဆယ်ပါးကိုပင် ဤဥ္စ "ပရိနိပ္ဖန္နရုပ်"ဟု ခေါ်ထားသောကြောင့် "အနိပ္ဖန္န–အကြောင်းတရားတို့က ဖြစ်စေအပ်သော ရုပ်မဟုတ်"လျှင် "အကြောင်းတရားတို့က မပြုအပ်ရာရောက်သော ကြောင့် (နိဗ္ဗာန်ကဲ့သို့) အသင်္ခတရုပ်များ ဖြစ်ကြစရာရှိသည်"ဟု စောဒနာဖွယ်ကို ပြသည်။

**တေသံယေဝ ပန ၊ပေ၊ သင်္ခတမေဝ။** ။စင်စစ်ကား အပရိနိပ္ဖန္နရုပ် မဟုတ် ကြပါ၊ နိပ္ဖန္နရုပ်တို့၏ ဝိကာရလက္ခဏာနှင့် ပရိစ္ဆေဒဖြစ်သောကြောင့် ပရိနိပ္ဖန္နရုပ်တို့၏ အမည်ကို တင်စား၍'ပရိနိပ္ဖန္န(နိပ္ဖန္န)ရုပ်များ ဖြစ်ကြရကား, ပရိနိပ္ဖန္န (နိပ္ဖန္န)ဖြစ်လျှင် ကံစသောအကြောင်းတို့ ပြုပြင်ရပါဝင်သောကြောင့် သင်္ခတရုပ်လည်း အမည်ရနိုင်ပါ သည်–ဟူလို၊ [ဤ "ပရိနိပ္ဖန္န"ဟု အမည်မှည့်ရခြင်းသည် အသင်္ခတအဖြစ်ကို တားမြစ် ခြင်း အကျိုးငှာသာတည်း၊ အမှန်အားဖြင့် သဂြိုဟ်ဥ္စလာသည့်အတိုင်း အပရိနိပ္ဖန္န (အနိပ္ဖန္န)အမည်သာ မူရင်းဖြစ်သည်–ဟု မှတ်ပါ။]

**ရူပကဏ္ဍအဖွင့် ပြီး၏။**

## ၃–နိက္ခေပကဏ္ဍအဖွင့်

### တိကနိက္ခေပကထာ

**၉၈၅။** ။ဧတ္တာဝတာ–ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်၊ (“ကတမေ ဓမ္မာ ကုသလာ”မှ စ၍ “ဇဝံ ကောဒသဝိဓေန ရူပသင်္ဂဟော” တိုင်အောင်သော စကားအစဉ်ဖြင့်၊) ကုသလတ္တိကော–ကုသလတိက်သည်၊ ဝါ–ကို၊ သဗ္ဗသော–န်သော၊ ကုသလာဒိဓမ္မာနံ–ကုသိုလ် အစရှိသောတရားတို့၏၊ ပဒဘာဇနနယေန–ပုဒ်တို့ကိုဝေဖန်ကြောင်း နည်းအားဖြင့်၊ ဝိတ္ထာရိတော–ချဲ့အပ်ပြီးသည်၊ ဟောတိ–၏။

ပန–ဆက်၊ ယသ္မာ, ကုသလတ္တိကဿ–ကုသလတိက်၏၊ ယွာယံ (ယော+အယံ)ဝိဘဇနနယော–အကြင် ဝေဖန်ကြောင်းနည်းကို၊ ဝုတ္တော–ဟောတော်မူအပ်ပြီ၊ သေသတိကဒုကာနံပိ–ကုသလတိက်မှ ကြွင်းသောတိက်ဒုက်တို့၏လည်း၊ သောဝ–ဤနည်းသည်ပင်၊ ဝိဘဇနနယော–ဝေဖန်ကြောင်း နည်းသည်၊ ဟောတိ၊ [အချို့စာအုပ်တို့၌ “ဝုတ္တော ဟောတိ”ဟု ဝုတ္တောပါသည်ကားမကောင်း၊] ဟိ–ချဲ့၊ ဧတ္ထ–ဤ ကုသလတိုက်၌၊ (ဝိဘဇနနယော၊ ဟောတိ) ယထာ–ကဲ့သို့၊ ဇဝံ–တူ၊ ကတမေ ဓမ္မာ ၊ပေ၊ သမ္ပယုတ္တာတိအာဒိနာ–ကတမေ ဓမ္မာ ၊ပေ၊ သမ္ပယုတ္တာ အစရှိသော၊ အနုက္ကမေန–အားဖြင့်၊ [“ထပေတွာ ဝေဒနက္ခန္ဓံ”နှစ်ပုဒ်သာ ပိုသည်၊ ကြွင်းပုဒ်တို့မှာ ပထမ မဟာကုသိုလ်စိတ် ပါဠိတော်အတိုင်းပင်တည်း။] သဗ္ဗတ္တိကဒုကေသု–အလုံးစုံသော တိက်ဒုက်တို့၌၊ ပဏ္ဍိတေဟိ–ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့သည်၊ ဝိဘဇနနယံ–ဝေဖန်ကြောင်း နည်းကို၊ သလ္လက္ခေတုံ–မှတ်သားခြင်းငှာ၊ သက္ကာ–တတ်ကောင်း၏၊ တသ္မာ–

---

**သဗ္ဗသော။** ။ကုသိုလ်, အကုသိုလ်, အဗျာကတ သုံးပါးစုံ၍ အားလုံးကုန်ခြင်းကို “သဗ္ဗသော”ဟု ဆိုလိုသည် မဟုတ်၊ စိတ် စေတသိက်အပြား, ရုပ်အပြား, အသင်္ခတအားဖြင့် အားလုံးစုံ၍ကုန်ခြင်း “သဗ္ဗသော”ဟု ဆိုလိုသည်၊ ဤသို့ယူမှသာ ပဒဘာဇနီ၌ “ဖဿော ဖုသနာ”စသည်ဖြင့် အကျယ် ဝေဖန်ခြင်းနှင့်လျော်သည်။

**ပဒဘာဇန နယေန။** ။ဖဿအတွက် “ဖဿော ဖုသနာ သံဖုသနာ”စသည်ဖြင့်လည်းကောင်း, စိတ်အတွက် “စိတ္တံ မနော မာနသံ”စသည်ဖြင့်လည်းကောင်း, ရုပ်တို့ကို သရုပ်ပြရာ၌ အစအဆုံးပြအပ်သော စက္ခာယတနအတွက် “ယံ စက္ခု စတုန္နံ မဟာဘူတာနံ”စသည်ဖြင့် အကျယ် ဝေဖန်နည်းကိုလည်းကောင်း “ပဒဘာဇနနယ”ဟု ဆိုသည်၊ [အသင်္ခတဓာတ်အတွက်ကား “ဘေဒါဘာဝေန နိဗ္ဗာနံ”နှင့်အညီ အကွဲအပြား မရှိခြင်းကြောင့် “အသင်္ခတာ စ ဓာတု”ဟု ဟောတော်မူခြင်းသည်ပင် ပဒဘာဇနီ ဖွင့်ပြီးဖြစ်တော့၏။]

**ယထာ ဟိ ၊ပေ၊ သလ္လက္ခေတုံ, တသ္မာ။** ။“တသ္မာရှေ့, ဟိတ်ကိုတွေ့, ပြား၍ရှိမှ ခံ”နှင့်အညီ “ကသ္မာ–ကြောင့်၊ သေသတိက ဒုကာနံပိ ဇသောဝ ဝိဘဇန နယော ဟောတိ–နည်း”ဟု ပုစ္ဆာဝါကျ အပို ထည့်ပြီးလျှင် “ဟိ ယသ္မာ–ကြောင့်၊

ထို့ကြောင့်၊ တံ ဝိတ္ထာရဒေသနံ–ထို အကျယ်ဖြစ်သော ဒေသနာတော်ကို၊ နိက္ခိပိတ္ဝာ–မဟောဘဲချထား၍၊ ဝါ–အတွင်းသွင်းထား၍၊ အညေန–ဝိတ္ထာရဒေသနာတော်နည်းမှ တစ်ပါးသော၊ နာတိသင်္ခေပ နာတိဝိတ္ထာရနယေန–နာတိသင်္ခေပ နာတိဝိတ္ထာရ ဒေသနာတော်နည်းအားဖြင့်၊ သဗ္ဗတ္တိကဒုကမဓမ္မဝိဘာဂ–အလုံးစုံသော တိက်ဒုက်တို့၏တရားတို့ကို အကျယ်ဝေဖန်ခြင်းကို၊ ဒဿေတုံ–ငှာ၊ ကတမေ ဓမ္မာ ကုသလာတိ–အစရှိသော၊ နိက္ခေပကဏ္ဍံ–ကို၊ (ဘဂဝတာ၊) အာရဒ္ဓံ–အားထုတ်တော်မူအပ်ပြီ။

ဟိ–မှန်၊ (ဝိတ္ထာရဒေသနံ နိက္ခိပိတွာဟူသောစကားသည် မှန်၏၊) စိတ္တုပ္ပာဒကဏ္ဍံ–စိတ္တုပ္ပာဒကဏ္ဍသည်၊ ဝိတ္ထာရဒေသနာ–ဝိတ္ထာရဒေသနာတော်တည်း၊ အဋ္ဌကထာကဏ္ဍံ–သည်၊ သင်္ခေပဒေသနာ–သင်္ခေပဒေသနာတော်တည်း၊ ဣဒံ ပန နိက္ခေပကဏ္ဍံ–ဤနိက္ခေပကဏ္ဍသည်ကား၊ စိတ္တုပ္ပာဒကဏ္ဍံ–ကို၊ ဥပါဒါယ–ကပ်ယူ၍၊ (ဝါ–ထောက်စာ၍၊) သင်္ခေပေါ–အကျဉ်းတည်း၊ အဋ္ဌကထာကဏ္ဍံ–ကို၊ ဥပါဒါယ–၍၊ ဝိတ္ထာရော–အကျယ်တည်း၊ ဣတိ–ကြောင့်၊ နာတိသင်္ခေပ ဝိတ္ထာရဓာတုကံ–အလွန် မချုံးချဉ်းအပ်သည်၏အဖြစ်, အလွန် မကျယ်သည်၏အဖြစ်ဟူသော သဘောရှိသည်၊ ဟောတိ၊ တယိဒံ ဝိတ္ထာရဒေသနံ–ထို အကျယ်ဖြစ်သော ဒေသနာတော်ကို၊ နိက္ခိပိတွာ–၍၊ ဒေသိတတ္တာပိ–ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဟေဋ္ဌာ–၌၊ (အောက်နိဒါနကထာ၌၊) ဝုတ္တကာရဏဝသေနာပိ–ဆိုအပ်ပြီးသော အကြောင်း၏အစွမ်းကြောင့်လည်းကောင်း၊

ဌေတ္ဝာ–၍ ကုသလတိက်၌၊ သောဝ–၍ နည်းသည်ပင်၊ ဝိဘဇန နယော ဟောတိ ယထာ–ကဲ့သို့၊ စေ–တူ၊ ပေ၊ သလ္လက္ခေတုံ–ငှာ၊ သက္ကာ–၏၊ တသ္မာ သေသတိက ဒုကာနံပိ သောဝ–၍ နည်းသည်ပင်၊ ဝိဘဇနနယော ဟောတိ–၏"ဟု ရှေ့ပြန်လှည့်ပြီးမှ "တသ္မာ–ထိုသို့ သေသတိက ဒုကတို့၏ ဤနည်းသည်ပင် ဝိဘဇနနည်းဖြစ်သည်၏ အဖြစ်ကြောင့်"ဟု ဤသို့လည်း အနက်ပေးပါ။

**နိက္ခိတ္ဝာ။** ။"ဝိတ္ထာရဒေသနာကို နိက္ခိပန ပြု၍"ဟူရာ၌ ဝိတ္ထာရဒေသနာကို မဟောဘဲထားခြင်းကို "နိက္ခိပိတွာ"ဟု ဆို၏၊ တစ်နည်း–ဝိတ္ထာရဒေသနာကို နာတိသင်္ခေပ နာတိဝိတ္ထာရဖြစ်သော နိက္ခေပကဏ္ဍအတွင်း၌ သွင်းထားခြင်းကို "နိက္ခိပိတွာ"ဟု ဆိုသည်၊ [နိက္ခိပိတွာတိ ၊ပေ၊ ကတွာဝါ၊–ဋီကာ။]

**နိက္ခေပကဏ္ဍ။** ။"ဝိတ္ထာရဒေသနံ နိက္ခိပိတွာ"ကို ထောက်၍ "ဝိတ္ထာရဒေသနာ နိက္ခိပိယတေ ဧတ္ထာတိ နိက္ခေပေါ၊ ဧတ္ထ–ဤ ကဏ္ဍ၌၊ ဝိတ္ထာရဒေသနာ–ကို၊ နိက္ခိပိယတေ–မဟောဘဲ ချထားအပ်၏၊ ဝါ–အတွင်း၌ သွင်းထားအပ်၏၊ ဣတိ နိက္ခေပေါ၊ (ကဏ္ဍော၊) ဟေဋ္ဌာ ဝုတ္တကာရဏဝသေနာပိ"ကို ထောက်၍ "မူလာဒီဟိ နိက္ခိပိယတေ ဧတ္ထာတိ နိက္ခေပေါ၊ (ကဏ္ဍော)–မူလ အစရှိသည်တို့ဖြင့် သွင်းချ၍ ဟောအပ်ရာ၏အဖြစ်ကြောင့် နိက္ခေပကဏ္ဍမည်၏"ဟု ပြုပါ။

နိက္ခေပကဏ္ဍံနာမ–နိက္ခေပကဏ္ဍမည်၏၊ ဣတိ ဝေဒိတဗ္ဗံ၊ ဟိ–မှန်၊ မူလတော၊ ၊ပေ၊ ပဝုတ္တိတိ–မူလတော ၊ပေ၊ ပဝုတ္တိဟူသော၊ တော်–ဤ ဂါထာခကားကို၊ (မယာ) ဝုတ္တံ–ဆိုအပ်ပြီ၊ ဝါ–ဆိုခဲ့ပြီ၊ [အောက်နိဒါနကထာ၌ ဆိုခဲ့ပြီ။]

ဟိ–ချဲ့၊ (မူလတောစသည်ကို "ဣဒံ ၊ပေ၊ နိက္ခိပိတွာ ဒေသိတံနာမာတိ ဝေဒိတဗ္ဗံ"တိုင်အောင် ချဲ့လိမ့်မည်၊) ဣဒံ–ဤ နိက္ခေပကဏ္ဍကို၊ တီဏိ ကုသလ မူလာနီတိအာဒိနာ–အစရှိသော၊ နယေန–နည်းဖြင့်၊ မူလတော–မူလအားဖြင့်၊ နိက္ခိပိတွာ–သွင်းချ၍၊ ဒေသိတံ–ဟောတော်မူအပ်ပြီ၊ တံသမ္ပယုတ္တော ဝေဒနက္ခန္ဓောတိ–အစရှိသော၊ (နယေန–ဖြင့်၊) ခန္ဓတော–ခန္ဓာအားဖြင့်၊ (နိက္ခိပိတွာ ဒေသိတံ၊) တံသမုဋ္ဌာနံ ကာယကမ္မန္တိ–အစရှိသော၊ (နယေန) ဒွါရတော–ဒွါရ အားဖြင့်၊ (နိက္ခိပိတွာ ဒေသိတံ၊) ဟိ–မှန်၊ ကာယဒွါရပဝတ္တံ–ကာယဒွါရ၌ ဖြစ်သော၊ ကမ္မံ–ကံကို၊ ကာယကမ္မန္တိ–ကာယကံဟူ၍၊ ဝုစ္စတိ၊ သုခဘူမိယံ ကာမာဝစရေတိ–အစရှိသော၊ (နယေန) ဘူမိတော–ဘုံအားဖြင့်၊ နိက္ခိပိတွာ ဒေသိတံ၊ ပန–ဆက်၊ တတ္ထ တတ္ထ–ထိုထိုနိဒ္ဒေသ၌၊ အတ္ထ ဓမ္မ နာမ လိင်္ဂါနံ–အတ္ထ ဓမ္မ နာမ လိင်တို့၏၊ ဝသေန–စပ်သဖြင့်၊ ဒေသိတတ္တာ–ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်၊ အတ္ထာဒီနိ–အတ္ထ အစရှိသည်တို့ကို၊ နိက္ခိပိတွာ–သွင်းချ၍၊ ဒေသိတံနာမ–ဟောအပ်သည်မည်၏၊ ဣတိ ဝေဒိတဗ္ဗံ။

တတ္ထ (တေသု ကုသလပဒါနိ နိဒ္ဒေသေသု)–ထို ကုသလပဒ အစရှိသော နိဒ္ဒေသတို့တွင်၊ တာဝ–အကုသလပဒနိဒ္ဒေသ, အဗျာကတပဒနိဒ္ဒေသတို့မှ ရှေးဦးစွာ၊ (ဝုတ္တေ) ကုသလပဒနိဒ္ဒေသေ–၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) တီဏီတိ–တီဏိဟူသော သဒ္ဒါသည်၊ ဂဏနပရိစ္ဆေဒေါ–ဂဏန်းအားဖြင့် ပိုင်းခြားကြောင်းသဒ္ဒါတည်း၊ ["သုံးဟူသောဂဏန်းအားဖြင့် ကုသလမူလတို့ကို ပိုင်းခြားကြောင်း သဒ္ဒါဖြစ်သည်"ဟူလို၊] ကုသလာနီစ–ကုသိုလ်တို့လည်း ဟုတ်၏၊ တာနိ–ထို ကုသိုလ်တို့ဟူသည်၊ မူလာနိစ–မူလတို့လည်း ဟုတ်၏၊ (ဣတိ–ဤနှစ်ပါးသော သတ္တိကြောင့်၊ ကုသလမူလာနိ–ကုသလမူလတို့ မည်၏၊) ဝါ–တစ်နည်း၊ ကုသလာနံ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–စိတ်, စေတသိက်

---

**အတ္ထ ၊ပေ၊ လိင်္ဂါနံ။** ။အတ္ထ၏စပ်သဖြင့် ဟောတော်မူပုံစသည်ကို ထိုထို နိဒ္ဒေသ၌ တွေ့ရလတ္တံ့၊ အတ္ထဓမ္မပုဒ်တို့၏အနက်ကို နောက်၌ "ဓမ္မောတိ ဘာဝေါ, အတ္ထောတိ ဓမ္မကိစ္စံ"ဟု ဋီကာဖွင့်လတ္တံ့။

**ကုသလာနံဝါ ၊ပေ၊ မူလာနိ။** ။ဤ ဒုတိယနည်း၌ "ကုသလာနံ+မူလာနိ" ဟု ဆဋ္ဌီတပ္ပုရိသ်ပြု၊ အလောဘစသော တရားသုံးပါးသည် ကုသိုလ်ပစ္စယုပ္ပန်တရားတို့၏ ဟေတုပစ္စည်း စသည်ဖြစ်သောကြောင့် မူလအမည်ရကြ၏၊ "ဟေတုပစ္စယ ၊ပေ၊ နိဗ္ဗတ္တကဋ္ဌေန"ကား မူလအမည်ရခြင်း၏ အကြောင်းပြတည်း၊ ထို၌ "ဟေတု ပစ္စယဋ္ဌ, ပဘာဝဇနကဋ္ဌ, သမုဋ္ဌာန နိဗ္ဗတ္တကဋ္ဌ"ဟု သုံးမျိုးခွဲပါ။

တရားတို့၏၊ ဟေတုပစ္စယ ပဘာဝဇနက သမုဋ္ဌာန နိဗ္ဗတ္တကဋ္ဌေန–ဟေတုပစ္စည်း၏အဖြစ်ဟူသောအနက်, ဖြစ်စေတတ်သော အစအမွန်၏အဖြစ်ဟူသော အနက်, ပြီးစီးစေတတ်သော ဖြစ်ပေါ်ကြောင်း၏အဖြစ်ဟူသော အနက်ကြောင့်၊ (တစ်နည်း–အကြောင်းဟူသော အနက်, ပစ္စည်းဟူသော အနက်, အစအမွန်ဟူသော အနက်, ဖြစ်စေတတ်သည်၏ အဖြစ်ဟူသော အနက်, ဖြစ်ပေါ်လာစေတတ်၏ အဖြစ်ဟူသောအနက်, ပြီးစီးစေတတ်၏အဖြစ်ဟူသော အနက်ကြောင့်၊) မူလာနိ–မူလတို့မည်၏၊ ဣတိ–ကြောင့်၊ ကုသလမူလာနိ–တို့မည်၏၊ [အချို့ စာအုပ်များ၌ သမုဋ္ဌာနနေရာဝယ် "သမုဋ္ဌာပက"ဟု ရှိသည်ကား မကောင်း။]

ဝေ–သို့၊ အတ္ထဝသေန–ကိစ္စ၏အစွမ်းဖြင့်၊ [ဟေတုပစ္စယဋ္ဌ စသည်ကိုပင် "အတ္ထ"ဟု ဆိုသည်၊ ထို အတ္ထဟူသည် အလောဘစသော ဓမ္မတို့၏ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ခြင်းစသော ကိစ္စပင်တည်း၊] ဒဿေတွာ–ပြတော်မူပြီး၍၊ ဣဒါနိ–၌၊ နာမဝသေန–နာမည်နှင့်စပ်သဖြင့်၊ ဒဿေတုံ–ငှာ၊ အလောဘော အဒေါသော အမောဟောတိ–ဟူ၍၊ (ဘဂဝါ) အာဟ။

---

**ဟေတုပစ္စယဋ္ဌ။** ။အလောဘ စသောတရားတို့က ယှဉ်ဖက်ကုသိုလ်တရားတို့အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ခြင်းသည် "ဟေတုပစ္စယဋ္ဌ"မည်၏၊ ဟေတုပစ္စည်းဟူသည်လည်း ရေသောက်မြစ်ကဲ့သို့ သမ္ပယုတ်တရားတို့၏ ဆိုင်ရာအာရုံကို ယူရာ၌ ခိုင်မြဲစေခြင်းသတ္တိတည်း၊ [မူလဝသေန ပစ္စယဘာဝေါ ဟေတုပစ္စယဋ္ဌော၊–ဋီကာ။]

**ပဘာဝဇနကဋ္ဌ။** ။အလောဘ စသည်တို့သည် ယှဉ်ဖက်ကုသိုလ်တရားတို့၏ စ၍ဖြစ်ရာ အမွန်အစဖြစ်သောကြောင့် ပဘာဝလည်းမည်၏၊ ထို ပဘာဝကိုပင် ဥပတ္ထမ္ဘက (ထောက်ပံ့ရုံသာ) မဟုတ်, ဖြစ်စေတတ်သောကြောင့် "ဇနက"ဟု ဝိသေသနပြုသည်၊ "ဇနကပဘာဝ–ဖြစ်စေတတ်သော အစအမွန်"ဟူလို၊ [ပဘာဝတိ ဧတသ္မာတိ ပဘာဝေါ၊ သော ဧဝ ဇနကောတိ ဝိသေသိတော၊–ဋီကာ။]

**သမုဋ္ဌာနနိဗ္ဗတ္တကဋ္ဌ။** ။အလောဘစသည်တို့သည် ယှဉ်ဖက်ကုသိုလ် တရားတို့၏ ထူထောင် ထကြွကြောင်း၏အဖြစ်ကြောင့် "သမုဋ္ဌာန"လည်းမည်၏၊ ထိုသမုဋ္ဌာန်ကိုပင် ဥပါဒ်မှစ၍ ဘင်တိုင်အောင် အပြီးအစီး ဖြစ်စေနိုင်သောကြောင့် "နိဗ္ဗတ္တက"ဟု ဝိသေသနပြုသည်၊ [သမုဋ္ဌာတိ ဧတေနာတိ သမုဋ္ဌာနံ၊ တဿ ဝိသေသနံ နိဗ္ဗတ္တကန္တိ၊–ဋီကာ။]

**တစ်နည်း။** ။ဟေတု+ပစ္စယစသော သဒ္ဒါခြောက်မျိုးစလုံးသည် အကြောင်းဟူသော အနက်ကိုဟောသော ပရိယာယ်သဒ္ဒါမျိုးတည်း၊ [သဗ္ဗာနိဝါ ဧတာနိ ပရိယာယ ဝစနာနိ၊] ဟိနောတိ (ဖလံ) ဧတသ္မာ ပဝတ္တတီတိ ဟေတု၊ (ဟိဓာတ် တုပစ္စည်း၊) ပတိစ္စ ဖလံ ဧတသ္မာ ဧတီတိ ပစ္စယော၊ [ပတိ+ဣဓာတ်, အ၊] ဇနေတီတိ (အကျိုးတရားတို့ကို ဖြစ်စေတတ်သောကြောင့်) ဇနကော၊ နိဗ္ဗတ္တေတီတိ (အကျိုးတရားတို့ကို ဖြစ်စေတတ်သောကြောင့်) နိဗ္ဗတ္တကောတိ သေသာနံ ဝစနတ္ထော၊ အနု။

ဝတ္ထာဝတာ–ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်၊ (တိဇာိ ကုသလမူလာနိ အလောဘော အဒေါသော အမောဟောဟူသော စကားအစဉ်ဖြင့်၊) ယသ္မာ, မူလေန–မူလမှ၊ မုတ္တံ–လွတ်သော၊ (မူလနှင့်မယှဉ်သော၊) ကုသလံ နာမ နတ္ထိ၊ တသ္မာ, စတုဘူမကကုသလံ–ဘုံလေးပါး၌ဖြစ်သော ကုသိုလ်ကို၊ တိဟိ–နံသော၊ မူလေဟိ–တို့ဖြင့်၊ ပရိယာဒိယိတွာ–ပိုင်းခြားကာ ယူတော်မူ၍၊ ဝါ–ကုန်ခန်းစေတော်မူ၍၊ ဓမ္မရာဇာ–သည်၊ ဒဿေသိ–ပြတော်မူပြီ။

တံသမ္ပယုတ္တောတိ–ကား၊ တေဟိ အလောဘာဒီဟိ–ထိုအလောဘ အစရှိသောမူလတို့နှင့်၊ သမ္ပယုတ္တော–ယှဉ်သော၊ (ဝေဒနက္ခန္ဓောစသည်၌ စပ်၊) တတ္ထ–ထို အလောဘ အစရှိသည်တို့တွင်၊ အလောဘေန–အလောဘနှင့်၊ သမ္ပယုတ္တေ–ယှဉ်သော၊ သင်္ခါရက္ခန္ဓေ–သင်္ခါရက္ခန္ဓာ၌၊ အဒေါသာ မောဟာပိ–တို့သည်လည်း၊ အလောဘေန–နှင့်၊ သမ္ပယုတ္တ သင်္ခါရက္ခန္ဓဂဟဏံယေဝ–ယှဉ်သောသင်္ခါရက္ခန္ဓာ၌ သွင်းယူအပ်ကုန်သည်၏ အဖြစ်သို့သာ၊ ဂစ္ဆန္တိ–၏၊ သေသဒွယဝသေန–ကြွင်းသော အဒေါသ အမောဟ နှစ်ပါးအပေါင်း၏ အစွမ်းဖြင့်၊ သမ္ပယောဇေပိ–ယှဉ်ရာ၌လည်း၊ သောဝနယော–ပင်တည်း၊ ဣတိ–လျှင်၊ စတုဘူမကကုသလံ–ကို၊ ပုန–တစ်ဖန်၊ (ပဌမဝါကျဖြင့် သိမ်းယူပြီး အပေါ်ဝယ်ထပ်၍၊) တံသမ္ပယုတ္တက စတုက္ခန္ဓဝသေန–ထို အလောဘ အစရှိသည်တို့နှင့်ယှဉ်သော နာမ်ခန္ဓာလေးပါးတို့၏အစွမ်းဖြင့်၊ ပရိယာဒိယိတွာ ဓမ္မရာဇာ ဒဿေသိ၊ [ဤ စကားဖြင့် "တံသမ္ပယုတ္တော ဝေဒနက္ခန္ဓော ।ပေ၊ ဝိညာဏက္ခန္ဓော"ဟူသော ပါဠိတော်ဖြင့် သိမ်းယူပုံကို ပြသည်။]

တံ သမုဋ္ဌာနန္တိ–ကား၊ တေဟိ အလောဘာဒီဟိ–တို့ကြောင့်၊ သမုဋ္ဌိတံ–ဖြစ်သော၊ (ကာယကမ္မံ စသည်တို့၌ စပ်၊) ဣမိနာပိ နယေန–ဤ တတိယနည်းဖြင့်လည်း၊ တဒေဝ စတုဘူမကကုသလံ–ထို ဘုံလေးပါး၌ဖြစ်သော ကုသိုလ်

---

**တတ္ထ ।ပေ၊ သောဝနယော။** ။မဟာကုသိုလ်ပဌမစိတ်ဝယ် စေတသိက်အဋ္ဌတိံသယှဉ်ရာ၌ အလောဘသမ္ပယုတ္တ သင်္ခါရက္ခန္ဓာကို ယူသောအခါ ဖဿ သညာ သင်္ခါတို့ကဲ့သို့ အဒေါသ အမောဟတို့လည်း အလောဘနှင့်ယှဉ်သော သင်္ခါရက္ခန္ဓာ၌ ပါဝင်ကြသည်၊ ထို့အတူ အဒေါသသမ္ပယုတ္တ သင်္ခါရက္ခန္ဓာ၌လည်း အလောဘ အမောဟတို့ ပါဝင်ကြ၏၊ အမောဟသမ္ပယုတ္တ သင်္ခါရက္ခန္ဓာ၌လည်း အလောဘ အဒေါသတို့ပါဝင် ကြသည်–ဟူလို၊ ["သေသဒွယဝသေန သမ္ပယောဇေပိ သောဝနယော"ဟူရာဝယ် အချို့ စာအုပ်များ၌ "သေသပဒဒွယဝသေန သေသသမ္ပယောဇေပိ သောဝနယော"ဟု မူကွဲရှိ၏၊ သဒ္ဒါအနက်ကွဲသော်လည်း အဓိပ္ပာယ်အတူပင်။

**တံ သမုဋ္ဌာနန္တိ ।ပေ၊ သမုဋ္ဌိတံ။** ။"အလောဘော နိဒါနံ ကမ္မာနံ သမုဒယာယ–ကံတို့၏ကြွင်းသော အကြောင်းများနှင့် ပေါင်းမိလသော် ဖြစ်ဖို့ရန် အလောဘသည် အကြောင်းဖြစ်၏"ဟု အင်္ဂုတ္တုရ်, တိကနိပါတ်, ဒေဝဒူတဝဂ်, နိဒါနသုတ်၌

ကိုပင်၊ တိဏ္ဏံ-န်သော၊ ကမ္မဒ္ဒါရာနံ-တို့၏၊ ဝသေန-ဖြင့်၊ ပရိယာဒိယိတွာ ဓမ္မရာဇာ ဒဿေသိ၊ [ဤစကားဖြင့် "တံသမုဋ္ဌာနံ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မံ"ဟူသောပါဠိတော်ဖြင့် သိမ်းယူပုံကို ပြသည်၊] ဧဝံ-လျှင်၊ တာဝ-အကုသိုလ်မှဲ ရှေးဦးစွာ၊ (ဝုတ္တံ-သော၊) ကုသလံ-ကို၊ တီသု-ကုန်သော၊ ဌာနေသု-ဌာန တို့၌၊ ပရိယာဒိယိတွာ-၍၊ ဒဿိတံ-ပြတော်မူအပ်ပြီ။

**ဓု၈၆။** ။အကုသလေပိ-၌လည်း၊ ဧသေဝနယော၊ ဟိ-မှန်၊ [အချို့စာအုပ် တို့၌ "စ"ဟု ရှိ၏၊ မကောင်း။] ဒွါဒသန္နံ-န်သော၊ အကုသလစိတ္တာနံ-တို့တွင်၊ ကေမွိ-တစ်ခုသော စိတ်သည်လည်း၊ မူလေန-မူလမှ၊ မုတ္တံနာမ-လွတ်သော စိတ်မည်သည်၊ နတ္ထိ၊ ဣတိ-ကြောင့်၊ မူလေန-ဖြင့်၊ ပရိယာဒိ ယိတွာ ဓမ္မရာဇာ ဒဿေသိ၊ တံ သမ္ပယုတ္တ စတုက္ခန္ဓတောစ-ထို မူလတို့နှင့် ယှဉ်သော နာမ်ခန္ဓာလေးပါးမှလည်း၊ ဥဒ္ဓံ-အထက်၌၊ အကုသလံနာမ နတ္ထိ၊ ဣတိ-ကြောင့်၊ တာနေဝ ဒွါဒသ အကုသလစိတ္တာနိ-ထို တစ်ဆယ့်နှစ်ပါးသော အကုသိုလ်စိတ်တို့ကိုပင်၊ စတုက္ခန္ဓဝသေန-နာမ်ခန္ဓာလေးပါး၏ အစွမ်းဖြင့်၊ ပေ၊ ဒဿေသိ၊ ပန-ကား၊ ကာယကမ္မာဒိဝသေန-ကာယကံ အစရှိသည်တို့၏ အစွမ်းဖြင့်၊ နေသံ-ထို အကုသိုလ်စိတ်တို့၏၊ ပဝတ္တိ သဗ္ဘာဝတော-ဖြစ်ခြင်း၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်၊ ကမ္မဒ္ဒါရဝသေန-ကမ္မဒွါ၏ အစွမ်းဖြင့်၊ ပရိယာဒိယိတွာ ဓမ္မရာဇာ ဒဿေသိ။

ပန-ဆက်၊ ဧတ္ထ-ဤ အကုသလပဒနိဒ္ဒေသ၌၊ တဒေကဋ္ဌာစ ကိလေသာတိ အာဒိ-အစရှိသော၊ ယံ-အကြင် စကားကို၊ (ဘဂဝတာ)ဝုတ္တံ-ပြီ၊ [ဤ၌ အာဒိ သဒ္ဒါလိုမည် မထင်၊ ပါဠိတော်၌ ကြည့်ပါ၊ သို့မဟုတ် "တဒေကဋ္ဌာစာတိ အာဒိ ဝုတ္တံ"ဟုသော်လည်း ရှိရမည်၊] တတ္ထ-ထို တဒေကဋ္ဌာစ ကိလေသာ ဟူသော စကားရပ်၌၊ (ဝစတ္တော ဧဝံ ဝေဒိတဗ္ဗော၊) ကေသို့ စိတ္တေ-တစ်ခု တည်းသော စိတ်၌၊ ဝါ-တစ်နည်း၊ (ကေသို့)ပုဂ္ဂလေ-တစ်ဦးတည်းသော ပုဂ္ဂိုလ်၌၊ ဌိတံ-တည်သော အကုသိုလ်တည်း၊ ဣတိ-ကြောင့်၊ ကေ့ဋ္ဌံ-ကေဋ္ဌ မည်၏၊ တတ္ထ-ထို နှစ်ပါးသော ကေဋ္ဌတို့တွင်၊ ကေသို့ စိတ္တေ-၌၊ ဌိတံ-

---

ယောတော်မူသောကြောင့် "တာနိ+သမုဋ္ဌာနံ တေသာတိ တံသမုဋ္ဌာနံ-ထိုကုသိုလ်မူလတို့ဟူသော ဖြစ်ကြောင်းရှိသော ကံ"ဟု သဒ္ဒတ္ထဖြစ်၏၊ "ထို ကုသိုလ်မူလ ဟူသော ဖြစ်ကြောင်းရှိသော ကံ"ဟူသည် ထို ကုသိုလ်မူလတို့ကြောင့်ဖြစ်သော ကံပင်တည်း၊ ထို့ကြောင့် "တေဟိ ၊ပေ၊ သမုဋ္ဌိတံ"ကို အဓိပ္ပာယ်ဖွင့်ဟု မှတ်ပါ၊ [တာနိ ကုသလမူလာနိ၊ ပေ၊ သမုဋ္ဌိတံတိ အာဟ၊-ဋီကာ။]

**တီသု ဌာနေသု။** ။"ဧဝံ ၊ပေ၊ ဒဿိတံ"ကား နိဂုံးဝါကျတည်း၊ "မူလေဟိ ပရိယာဒိယိတွာ"စသည်ကို ကြည့်၍ (၁) မူလတို့ဖြင့်သိမ်းယူရာဌာန၊ (၂) သမ္ပယုတ္တ ခန္ဓာတို့၏အစွမ်းဖြင့် သိမ်းယူရာဌာန၊ (၃) ကမ္မဒွါရတို့၏အစွမ်းဖြင့် သိမ်းယူရာ ဌာနဟု သုံးဌာနကို သိပါ၊ ပါဠိတော်၌လည်း သုံးဝါကျပြထား၏၊ ရှုပါလေ။

တည်သော အကုသိုလ်သည်၊ သဟဇေကင့်နာမ–သဟဇေကဋ္ဌ မည်သည်၊ ယောတိ၊ ကေသိဉ္စိ ပုဂ္ဂလေ–၌၊ ဋ္ဌိတံ–တည်သော အကုသိုလ်သည်၊ ပဟာနေကင့် နာမ–မည်၏၊ တတ္ထတတ္ထ–ထိုထို၌ာနဍ္ဍ၌၊ (သံကိလိဋ္ဌတိက်စသော နောက်၌ လာမည့် ထိုထို၌ာနဍ္ဍ၌၊) နိဒ္ဒိဋ္ဌေန–ညွှန်ပြအပ်သော၊ တေန လောဘာဒိနာ– ထို လောဘ အစရှိသည်နှင့်၊ ဝါ–တစ်နည်း၊ အညေန–လောဘစသည်မှ တစ်ပါးသော၊ တေန–ထို သံယောဇဉ်စသော တရားနှင့်၊ သဟ–တကွ၊ ကေသိဉ္စိ–တစ်ခုတည်းသော စိတ်၌၊ ဝါ–တစ်ဦး တည်းသော ပုဂ္ဂိုလ်၌၊ ဋ္ဌိတံ– တည်သော အကုသိုလ် တည်း၊ ဣတိ–ကြောင့်၊ တဒေကင့်–တဒေကဋ္ဌမည်၏။

**သဟဇေကဋ္ဌံ**။ ။သဟ–အတူတကွ–ဇာယတိ–တစ်ခုတည်းသော စိတ်၌ ဖြစ်တတ်၏၊ ဣတိ သဟဇံ၊ (အကုသလံ၊) "သဟဇံ"အရ အကုသိုလ်ကို ရသော်လည်း ဘာဝပဓာနကြံ၍ "တစ်ခုတည်းသောစိတ်၌ ဖြစ်သည်၏အဖြစ်"ဟု (ဖြစ်ခြင်း) ကြိယာကို အရကောက်စေလိုသောကြောင့် ဋီကာ၌ "သဟဇဘာဝေန"ဟု ဖွင့်သည်၊ သဟဇေန–အတူတကွ ဖြစ်သည်၏အဖြစ်ဖြင့်၊ ဧကင့်–တစ်ခုတည်းသော စိတ်၌ တည်သော အကုသိုလ်တည်း၊ သဟဇေကင့်–သိုလ်၊ လောဘမူပထမစိတ်၌ "လောဘ မောဟ"ဟူသော မူလနှစ်ပါးရှိ၏၊ ထို မူလနှစ်ပါးနှင့်အတူတကွ လောဘမူပထမစိတ်၌ တည်ကြယှဉ်ကြသော အကုသိုလ်စိတ် စေတသိက်များကို "သဟဇေကဋ္ဌ"ဟု ခေါ်သည်။

**ပဟာနေကဋ္ဌံ**။ ။ပုဂ္ဂိုလ်တစ်ယောက်၏သန္တာန်၌ ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်လိုက်သောအခါ အပါယဂမနီယဖြစ်သော လောဘ ဒေါသ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပကိလေသာတို့ကိုလည်း ပယ်အပ်ပြီးဖြစ်ကုန်တော့၏၊ (ကိလေသာ အမည်မရသော ဣဿာ မစ္ဆရိယ သံယောဇဉ်များကိုလည်း ပယ်ပြီးဖြစ်ကြောင်းကို သံယောဇဉ် အခန်း၌ ပြဦးလတ္တံ့၊) ထိုသို့ အတူတကွ ပယ်လိုက်သည်၏အဖြစ်ဖြင့် တစ်ယောက် တည်းသောပုဂ္ဂိုလ်၌ တည်သောအကုသိုလ်သည် ပဟာနေကဋ္ဌမည်၏၊ [ပဟာတဗ္ဗံတိ ပဟာနံ၊ ယုပစ္စည်း၏ အရပာအနက်ကိုပြသော ဋီကာဝိဂ္ဂဟ၊ ဘာဝပ္ပဓာန လည်း ကြံ၊ ပဟာနေန–အတူတကွ ပယ်ထိုက်သည်၏အဖြစ်ဖြင့်၊ ဧကင့်–တစ်ယောက် တည်းသော ပုဂ္ဂိုလ်၌ တည်သော အကုသိုလ်တည်း၊ ပဟာနေကင့်–သိုလ်။]

**တဒေကဋ္ဌာ**။ ။ပါဠိတော်၌ ကိလေသာပုဒ်ကို ငဲ့၍ "တဒေကဋ္ဌာ"ဟု ပုလ္လိင် ဗဟုဝုစ်ရှိ၏၊ အဋ္ဌကထာ၌ "ဧကဋ္ဌံ"ဟု နပုလ္လိင် ဧကဝုစ်ရှိ၏၊ အကုသလံပုဒ်ကို ငဲ့သည်၊ အဋ္ဌကထာ၌ "ကေသိဉ္စိ စိတ္တေ+ဋ္ဌိတံ"သည် သဟဇေကဋ္ဌကိုငဲ့သော ဝိဂ္ဂဟ တည်း၊ "ကေသိဉ္စိ ပုဂ္ဂလေ+ဋ္ဌိတံ"ကား ပဟာနေကဋ္ဌကိုငဲ့သော ဝိဂ္ဂဟတည်း။

**မှတ်ချက်**။ ။အဋ္ဌကထာဝယ် တနည်း ဧကဋ္ဌကို သမာသ်တွဲရာ၌ "တေန လောဘာဒိနာ"ဟုလည်းကောင်း၊ "အညေန"ဟုလည်းကောင်း တ၏စွဲနက်ကို နှစ်မျိုးပြ၏၊ ထိုတွင် "လောဘော ဒေါသော မောဟော, တဒေကဋ္ဌာစ ကိလေသာ"ဟူသော ပါဠိတော်ကို ကြည့်၍ "တေန လောဘာဒိနာ"ဟု ပထမပြသည်၊ "ဣမာနိ တီဏိ သံယောဇနာနိ တဒေကဋ္ဌာစ ကိလေသာ"ဟူသော ပါဠိတော်ကို ကြည့်၍ "အညေနဝါ တတ္ထတတ္ထ နိဒ္ဒိဋ္ဌေန"ဟု ဒုတိယပြသည်၊ "တေန++သဟ+ဧကင့် တဒေကင့်"သာ လိုရင်းဟု မှတ်ပါ။

တတ္ထ–ထို သဟဓေကဋ္ဌ, ပဟာနေကဋ္ဌတို့တွင်၊ [နောက်၌ "သဟဓေကဋ္ဌ အာဂတံ ၊ပေ၊ ပဟာနေကဋ္ဌ အာဂတံ"ဟု နိဒ္ဒေါရဏီယအဖြစ်ဖြင့် အစိတ်အစိတ် လာလတ္တံ့။] ကတမေ ဓမ္မာ ၊ပေ၊ တဒေကဋ္ဌာစ ကိလေသာတိ–ကတမေ ဓမ္မာ ၊ပေ၊ တဒေကဋ္ဌာစ ကိလေသာဟူ၍၊ သံကိလိဋ္ဌတ္တိကေ–သံကိလိဋ္ဌတိက်လည်း ကောင်း၊ (ဣတိ၌ စပ်ပါ၊) ကတမေ ဓမ္မာ ဟီနာ၊ ပေ၊ တဒေကဋ္ဌာစ ကိလေသာ တိ–ဟူ၍၊ ဟီနတ္တိကေ–လည်းကောင်း၊ ကတမေ ဓမ္မာ အကုသလာ ၊ပေ၊ တဒေကဋ္ဌာစ ကိလေသာတိ–ဟူ၍၊ ဣမသ္မိံ ကုသလတ္တိကေ–ဤ ကုသလတိက် လည်းကောင်း၊ ကတမေ ဓမ္မာ သံကိလိဋ္ဌာ ၊ပေ၊ တဒေကဋ္ဌာစ ကိလေသာတိ– ဟူ၍၊ ကိလေသဂေါစ္ဆကေ–ကလည်းကောင်း၊ ကတမေ ဓမ္မာ သရဏာ ၊ပေ၊ တဒေကဋ္ဌာစ ကိလေသာတိ–ဟူ၍၊ သရဏဒုကေ–သရဏဒုက်လည်းကောင်း၊ ဣတိ–ဤသို့၊ ဧတ္တကေသု–ဤမျှအတိုင်း အရှည်ရှိကုန်သော၊ ဣမေသု ဌာနေ သု–ဤ ဌာနတို့၌၊ သဟဓေကဋ္ဌ–သဟဓေကဋ္ဌသည်၊ အာဂတံ–လာ၏၊ ["တဒေကဋ္ဌာ–ထို လောဘ ဒေါသ မောဟတို့နှင့်တကွ တစ်ခုတည်းသော စိတ်၌တည်ကုန်သော၊ ကိလေသာစ–တို့လည်းကောင်း"ဟု အနက်ပေးပါ။]

ပန–ကား၊ ("ဣမေသု ပန"မှ "ပန"ကို ပေးသည်၊) ဒဿနေနပဟာ တဗ္ဗတ္တိကေ–တိက်၌၊ ဣမာနိ တီဏိ သံယောဇနာနိ တဒေကဋ္ဌာစ ကိလေသာ တိ–ဟူ၍လည်းကောင်း၊ (အာဂတံ၌ စပ်၊) ["တဒေကဋ္ဌာ–ထို သံယောဇဉ်တို့နှင့် တကွ တစ်ဦးတည်းသော ပုဂ္ဂိုလ်၌တည်ကုန်သော၊ ကိလေသာစ–တို့လည်း ကောင်း"ဟု ပေးပါ၊] ဒဿနေနပဟာတဗ္ဗဟေတုကတ္တိကေပိ–တိက်၌လည်း၊ ဣမာနိ တီဏိ သံယောဇနာနိ တဒေကဋ္ဌာစ ကိလေသာတိ–ဟူ၍လည်းကောင်း၊ [အနက်မှာ ရှေးအတိုင်း ပေး။] ပုန–တစ်ဖန်၊ တတ္ထေဝ–ထို ဒဿနေန ပဟာ တဗ္ဗ ဟေတုကတိက်၌ပင်၊ တီဏိ သံယောဇနာနိ ၊ပေ၊ ဣမေ ဓမ္မာ ဒဿ နေန ပဟာတဗ္ဗဟေတုကာတိ–ဟူ၍လည်းကောင်း၊ ["တဒေကဋ္ဌော–ထို သံယောဇဉ် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသတို့နှင့်တကွ တစ်ဦး တည်းသော ပုဂ္ဂိုလ်၌တည်သော၊ လောဘော–လောဘလည်းကောင်း၊ ပေ၊ တဒေကဋ္ဌာ–ထို သံယောဇဉ် ဒိဋ္ဌိ ဝိစိကိစ္ဆာ ပရာမာသ လောဘ ဒေါသ မောဟတို့နှင့်တကွ တစ်ဦးတည်းသော ပုဂ္ဂိုလ်၌တည်ကုန်သော၊ ကိလေသာစ– တို့လည်းကောင်း" ဟု ပေး။] သမ္မပ္ပဓာနဝိဘင်္ဂေ–သမ္မပ္ပဓာနဝိဘင်း၌၊ တတ္ထ ကတမေ အနုပ္ပန္နာ ပါပကာ ၊ပေ၊ တဒေကဋ္ဌာစ ကိလေသာတိ–ဟူ၍လည်း ကောင်း၊ ["တဒေကဋ္ဌာ–ထို လောဘ ဒေါသ မောဟတို့နှင့်တကွ တစ်ဦးတည်း သောပုဂ္ဂိုလ်၌ တည်ကုန် သော၊ ကိလေသာစ–တို့လည်းကောင်း"ဟု ပေး။] ဧတ္တကေသု–န်သော၊ ဣမေသု ဌာနေသု–တို့၌၊ ပဟာနေကဋ္ဌ–သည်၊ အာဂတံ– ၏၊ ဣတိ–သို့၊ ဝေဒိတဗ္ဗံ၊ ["ဣမေသု ပန"ဟု ဤ၌ ပနသဒ္ဒါပါသောကြောင့် "ဒဿနေန ပဟာတဗ္ဗတ္တိကေ ပန"ဟု ပနသဒ္ဒါပါသည်ကား ပိုဟန်တူသည်၊ ဤ နေရာကသာ ပဓာနဖြစ်သောကြောင့် ဤ နေရာ၌သာ "ပန"ရှိသင့်သည်။]

**၉၈၇။** ။အဗျာကတပဒနိဒ္ဒေသော–သည်၊ ဥတ္တာနတ္ထောယေဝ–သည်သာ၊ ဣတိ–အပြီးတည်း၊ ဣမသ္မိံ တိကေ–ဤ ကုသလတိက်၌၊ တီဏိ–န် သော၊ လက္ခဏာနိ–အနိစ္စတာစသော လက္ခဏာတို့ကိုလည်းကောင်း၊ တိဿော–န် သော၊ ပညတ္တိယော–နာမပညတ်, ကသိဏပညတ်, သတ္တပညတ်တို့ကိုလည်းကောင်း၊ ကသိဏုဂ္ဃါဋိမာကာသံ–ကသိုဏ်ကိုးပါးတို့တွင် တစ်ပါးပါးကို ခွာခြင်းကြောင့်ရအပ်သော ကောင်းကင်ပညတ်ကိုလည်းကောင်း၊ [ပထမာရုပ္ပဝိညာဉ်၏ အာရုံဖြစ်သော ကောင်းကင်ပညတ်ကို ဆိုသည်၊] အဇဋာကာသံ–အရှုပ်အထွေးမရှိသော ကောင်းကင်ကိုလည်းကောင်း၊ [အိုးပေါက်, တံခါးပေါက် စသည်တို့နှင့် တကွ ဟာလာဟင်းလင်း အထက်အောက်ကောင်းကင်ကို ဆိုသည်၊] အာကိဉ္စညာယတနဿ–အာကိဉ္စညာယတနစျာန်၏၊ အာရမဏံ–အာရုံဖြစ်သော နတ္ထိဘော ပညတ်ကိုလည်းကောင်း၊ နိရောဓသမာပတ္တိစ–နိရောဓသမာပတ်ကိုလည်းကောင်း၊ နလဗ္ဘတိ–မရအပ်၊ ဣတိ–သို့၊ ဝုတ္တံ–ရှေးအဋ္ဌကထာ၌ ဆိုအပ်ပြီ။

**၉၈၈။** ။ဝေဒနာတ္တိကနိဒ္ဒေသေ–၌၊ သုခဘူမိယန္တိ ဧတ္ထ–ဤပါဌ်၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ဘမ္မကဏှာ ဘူမိယောဝ–နီသောမြေ, နက်သော မြေတို့ကိုပင်၊ တမ္ဗဘူမိ ကဏှဘူမိတိ–တမ္ဗဘူမိ ကဏှဘူမိဟူ၍၊ ဝုစ္စန္တိ ယထာ–ကုန်သကဲ့သို့၊ ဧဝံ–တူ၊ သုခံပိ–သုခဝေဒနာသည်လည်း၊ သုခဘူမိနာမ–

**တီဏိ လက္ခဏာနိ။** ။အနိစ္စတာ ဒုက္ခတာ အနတ္တတာ (ရုပ်နာမ်ခန္ဓာတို့၏ မမြဲကုန်သည်၏အဖြစ်=မမြဲခြင်း)စသော သုံးပါးကိုဆိုသည်၊ ဥပစယ သန္တတိ–စသော လက္ခဏာရုပ်တို့ကား ဤတိက်၌ ရကောင်းကုန်သည်သာတည်း၊ [အောက်ကဏ္ဍ၌ အဗျာကတာမေ့အရ ဝိညတ်လက္ခဏာရုပ်များကို ဟောခဲ့ပြီ။]

**တိဿော ပညတ္တိယော။** ။(၁) ဆံပင်, မွေးညှင်း, အိုး, အဝတ်အစရှိသော နာမပညတ်, (၂) ထိုထို စျာန်၏အာရုံဖြစ်သော ပထဝီကသိုဏ်းစသော ကသိဏ ပညတ်, (၃) ရုပ်, ဝေဒနာစသည်ကိုစွဲ၍ သတ္တဝါဟုပညတ်အပ်သော သတ္တပညတ်တည်း၊ [ပရမတ္ထရုပ်တရားကို စွဲ၍ ကျောင်း, ညောင်စောင်းစသော ဥပါဒါပညတ်များလည်း (သတ္တပညတ်နှင့် ဥပါဒါပညတ်ချင်း သဘောတူဖြစ်၍) သတ္တပညတ်တွင် ပါဝင်ပြီ၊ ဤ လက္ခဏာစသည်တို့ကို ဟောတော်မမူအပ်ကုန်၊ ဘာ့ကြောင့်နည်း ... ပရမတ္ထ သဘာဝဓမ္မများ မဟုတ်ကြသောကြောင့်တည်း၊ ကုသလတိက်သည် နိပ္ပဒေသတိက် ဖြစ်သောကြောင့် "ကုသလတိက်ဖြင့် မသိမ်းယူနိုင်သော သဘာဝဓမ္မ ကျန်နေသေး၏"ဟု မဆိုထိုက်၊–ဋီကာ။]

**န လဗ္ဘတိ။** ။နိရောဓသမ္မာပတ္တိကို ငဲ့၍ "န လဗ္ဘတိ"ဟု ထားဟန်တူသည်၊ "နှစ်သုံး လေးပါး, ကံကတ္တားနှင့်, ထားသည့်အရာ, ကြိယာမှာ, မှန်စွာ နောက်ဖျား, ကံကတ္တားနှင့်, တူပြားလိင်ဝုစ် အညီတည်း"ဟူသော နိယာမ်နှင့် ညီ၏၊ သို့သော် "သာရိပုတ္တောစ မောဂ္ဂလ္လာနောစ ဓမ္မံ ဒေသေန္တိ"ကဲ့သို့ အစိတ်စိတ်ကို ငဲ့၍ "န လဗ္ဘန္တိ"ဟု ဗဟုဝုစ်လည်း ရှိနိုင်သည်ဟု မှတ်ပါ။

သုခဘူမိမည်၏၊ ["သုခမေဝ+ဘူမိ သုခဘူမိ"ဟု ပြု၊] ဥစ္ဆုသာလိနံ–ကြံပင် သလေးပင်တို့၏၊ ဥပ္ပဇ္ဇနဋ္ဌာနံ–ဖြစ်ရာဌာန လယ်ယာတို့ကို၊ ဥစ္ဆုဘူသာလိဘူမိတိ–ဟူ၍၊ ဝုစ္စန္တိ ယထာ–န်သကဲ့သို့၊ ဧဝံ–တူ၊ သုခဿ–သုခဝေဒနာ၏၊ ဥပ္ပဇ္ဇနဋ္ဌာနံ–ဖြစ်ရာဌာနဖြစ်သော၊ စိတ္တံပိ–စိတ်သည်လည်း၊ သုခဘူမိနာမ–မည်၏၊ တံ–ထိုစိတ်ကို၊ ဣဓ–ဤ သုခဘူမိယံဟူသော ပါဠိ၌၊ အဓိပ္ပေတံ–အလိုရှိအပ်၏။

ပန–ဆက်၊ ယသ္မာ, သာ–ထို သုခဘူမိသည်၊ ကာမာဝစရေဝါ–ကာမာဝစရ စိတ္တုပ္ပာဒ်၌လည်းကောင်း၊ ရူပါဝစရာဒီသုဝါ–ရူပါဝစရစိတ္တုပ္ပာဒ် အစရှိသော စိတ္တုပ္ပာဒ်တို့၌လည်းကောင်း၊ ဟောတိ၊ [အာဒိဖြင့် ပါဠိတော်၌လာသော အပရိယာပန္နကိုသာ ယူ၊] တသ္မာ, အဿာ–ထို သုခဘူမိ၏၊ တံ ပဘေဒံ–ထို အပြားကို၊ ဒဿေတုံ–ငှာ၊ ကာမာဝစရေတိအာဒိ–အစရှိသော စကားရပ်ကို၊ ဝုတ္တံ–ပြီ။

သုခဝေဒနံထပေတွာတိ–ကား၊ သုခဘူမိယံ–သုခဝေဒနာ၏ ဖြစ်ရာစိတ်၌၊ ယာသာ သုခဝေဒနာ–သည်၊ (အတ္ထိ၊) တံ–ထို သုခဝေဒနာကို၊ ထပေတွာ–၍၊ တံ သမ္ပယုတ္တောတိ–ကား၊ ထပိတာယ–ချန်ထားအပ်သော၊ တာယ သုခဝေဒနာယ–နှင့်၊ သမ္ပယုတ္တော–သော၊ (သညက္ခန္ဓောစသည်၌ စပ်၊) သေသပဒဒွယေပိ–ကြွင်းသော ပုဒ်နှစ်ပါးအပေါင်း၌လည်း၊ (ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ, အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာဟူသော ပုဒ်နှစ်ပါး အပေါင်း၌လည်း၊) ဣမိနာဝ နယေန–ဖြင့်၊ အတ္တော–ကို၊ ဝေဒိတဗ္ဗော။

---

**စိတ္တံပိ သုခဘူမိနာမ။** ။ဘဝတိ ဧတ္ထာတိ ဘူမိ, သုခဿ+ဘူမိ သုခဘူမိ၊ စိတ်သည် သုခဝေဒနာ၏ သဟဇာတနိဿယပစ္စည်းအဖြစ်ဖြင့် ဖြစ်ရာမှီရာဖြစ်သောကြောင့် သုခဘူမိမည်၏၊ [တမ္ဗဘူမိ ကဏှာဘူမိ၌ "တမ္ဗာစ+သာ+ဘူမိစာတိ တမ္ဗဘူမိ" စသည်ဖြင့် ကမ္မဓာရဲပြုရသည်၊] ပါဠိတော်ဝယ် "သုခဘူမိယံ"အရ၌ကား ပြခဲ့သော တပ္ပုရိသ်ဝစနတ္ထ ပြု၍ သုခဝေဒနာ၏ဖြစ်ရာစိတ်ကို (တစ်နည်း အနုဋီကာ အလို စိတ္တုပ္ပာဒ်ကို) အရကောက်ရသောကြောင့် "တံ ဣဓ အဓိပ္ပေတံ"ဟု မိန့်သည်။

**ယသ္မာ ပန ။ပေ၊ အာဒိဝုတ္တံ။** ။ပါဠိတော်၌ "သုခဘူမိယံ ကာမာဝစရေ ရူပါဝစရေ အပရိယာပန္နေ"ဟု ဟောတော်မူ၏၊ ဆိုလိုရင်းကား သုခဝေဒနာဖြစ်ရာ ယှဉ်ရာဖြစ်၍ သုခဘူမိ မည်သောစိတ်သည် ကာမာဝစရ၌လည်းရှိ၏၊ ရူပါဝစရ လောကုတ္တရာတို့၌လည်း ရှိ၏၊ ထို့ကြောင့် ထို ရှိသမျှအပြားကို ပြလို၍ "ကာမာဝစရေဝါ"စသည်ကို မိန့်တော်မူသည်–ဟူလို။

**အရတူလော, အရကွဲလော။** ။ကာမာဝစရ စသောအမည်သည် ကာမာဝစရစိတ် စေတသိက် (စိတ္တုပ္ပာဒ်၏) အမည်တည်း၊ "သုခဘူမိ"ဟူသော အမည်ကား အဋ္ဌကထာအတိုင်းဆိုလျှင် စိတ်၏အမည်သာတည်း၊ ထို့ကြောင့် သုခဘူမိယံနှင့် ကာမာဝစရေစသည်တို့မှာ အဋ္ဌကထာ အလိုအားဖြင့် အရမတူဟု မှတ်ပါ၊ [အနုဋီကာ၌ စိတ္တံအရ "စိတ္တံ ဥပ္ပန္နံ ဟောတိ"၌ကဲ့သို့ စိတ်နှင့်တကွ စေတသိက်အားလုံးကို အရကောက်၍ သုခဘူမိယံနှင့် ကာမာဝစရေစသည်ကို အရတူဟုလည်း ကြံ၏။]

ဣမသ္မိံ တိကေ–ဤ ဝေဒနာ့တိက်၌၊ တိဿော–န်သော၊ ဝေဒနာ–တို့လည်းကောင်း၊ သဗ္ဗံ–သော၊ ရူပံ–ရုပ်လည်းကောင်း၊ နိဗ္ဗာနံ–လည်းကောင်း၊ ဣတိ–သို့၊ ဣဒံပိ–ဤ တရားအပေါင်းကိုလည်း၊ န လဗ္ဘတိ–မရအပ်၊ [ပိဖြင့် ရှေ့တိက်၌ မရအပ်သော "တိဏ္ဏံလက္ခဏာနံ"စသည်ကို ပေါင်းသည်၊] ဟိ–မှန်၊ အယံတိကော–သည်၊ ကုသလတ္တိကေ–၌၊ အလဗ္ဘမာနေဟိစ–မရအပ်သော တရားတို့မှလည်းကောင်း၊ (တိဏ္ဏံလက္ခဏာနံ စသည်ကို ဆိုသည်၊) တီဟိ–န်သော၊ ဣမေဟိ ကောဋ္ဌာသေဟိစ–ဤ အဖို့အစုတို့မှလည်းကောင်း၊ (ဝေဒနာ, ရုပ်, နိဗ္ဗာန်ကို ဆိုသည်၊) မုတ္တကောနာမ–လွတ်သော တိက်မည်၏၊ ပန–ဆက်၊ ဣတော–ဤ ဝေဒနာ့တိက်မှ၊ ပရေသု–ကုန်သော၊ တိကဒုကေသု–တို့၌၊ ပါဠိတောစ–ပါဠိအားဖြင့်လည်းကောင်၊ အတ္ထတောစ–အနက်အားဖြင့်လည်းကောင်း၊ ယံ–အကြင် အဆုံးအဖြတ် စကားရပ်သည်၊ ဝတ္တဗ္ဗံ–ဆိုထိုက်သည်၊ သိယာ–ဖြစ်၏၊ တံ–ထို အဆုံးအဖြတ် စကားရပ်ကို၊ သဗ္ဗံ–အလုံးစုံကို၊ ပဒါနုက္ကမေန–ပုဒ်အစဉ်အားဖြင့်၊ မာတိကာကထာယဉ္စေဝ–မာတိကာအဋ္ဌကထာ၌လည်းကောင်း၊ ကုသလာဒီနံ–ကုသလပုဒ် အစရှိသည်တို့၏၊ နိဒ္ဒေသေစ–နိဒ္ဒေသ၌လည်းကောင်း၊ ဝုတ္တမေဝ–ဆိုအပ်ပြီးသည်သာ၊ ပန–ဆက်၊ ယတ္ထ–အကြင် ဌာန၌၊ ယံ ဝိသေသ မတ္တံ–အကြင် အထူးမျှသည်၊ (အတ္ထိ၊) (တတ္ထ–ထို ဌာန၌၊) တဒေဝ–ထို အထူးမျှကိုသာ၊ ဝက္ခာမ–ဆိုကုန်တော့အံ့။

၉၃။ ။တတ္ထ–ထို ဝေဒနာ့တိက်မှ နောက်ဖြစ်သော တိက်ဒုက်တို့တွင်၊ ["ဣတော ပရေသု·တိကဒုကေသု"ကို ပြန်စွဲသည်၊] တာဝ–ဥပါဒိန္နတိက် စသည်တို့မှ ရှေးဦးစွာ၊ (ဝုတ္တေ–သော၊) ဝိပါကတ္တိကေ–၌၊ ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) [နာမ်တရားတို့ကဲ့သို့ ကမ္မသမုဋ္ဌာန်ရုပ်တရားတို့လည်း ရှိပါကုန်သည် မဟုတ်လော၊ ထိုသို့ ရှိပါလျက် ရုပ်တရားတို့ကို ဝိပါကဟု ဟောတော်မမူဘဲ အဘယ့်ကြောင့် နာမ်တရားတို့ကိုသာ "ဝိပါက"ဟု ဟောတော်မူအပ်ပါကုန်သနည်းဟု မေးဖွယ်ရှိသော့ကြောင့် "ကိဉ္စာပိ"စသည်ကို မိန့်၊] အရူပဓမ္မာ ဝိယ–

**ပါဠိတော အတ္ထတော။** ။အခြားနေရာ၌ ပါဠိတော်ကို ပါဠိဟုလည်းကောင်း၊, အဋ္ဌကထာကို အတ္ထဟုလည်းကောင်း ဆိုရသော်လည်း ဤနေရာ၌ကား ထို အနက် မဖြစ်နိုင်၊ ဘာ့ကြောင့်နည်း? ...အဋ္ဌကထာဖွင့်ကို ပြနေရာဝယ် "ပါဠိတော်အားဖြင့် ဆိုထိုက်သောပုဒ်"ဟု မရှိနိုင်သောကြောင့်တည်း၊ ထို့ကြောင့် ဋီကာ၌ ဝေဒနာ့တိက်မှ နောက်အစဖြစ်သော ဝိပါကတိက်အဖွင့်ဝယ် "ဝိသိဋ္ဌာနံ ပါကာတိ ဝိပါကာ"ဟူသော ဝစနတ္ထပြစကားမျိုးကို ပါဠိတောဟုလည်းကောင်း၊, "ဝိပက္ကဘာဝမာပန္နာနံ အရူပဓမ္မာနမေတံ အဓိဝစနံ"ဟူသော အဘိဓေယျ (ဟောနက်ပြ)စကားမျိုးကို "အတ္ထတော"ဟုလည်းကောင်း, တစ်နည်း–တိက်တို့၏နာမည်, ဒုက်တို့၏နာမည် စသည်ပိုင်းခြားပြမှုကို "ပါဠိတော"ဟုလည်းကောင်း, ထို နာမည်၏ အနက်အဓိပ္ပာယ်ပြဖြစ်သော "ကုစ္ဆိတာနံ သလနံ"စသော စကားမျိုးကို "အတ္ထတော"ဟုလည်းကောင်း ဖွင့်သည်။

နာမ်ဝိပါက်တရားတို့ကဲ့သို့၊ ကမ္မသမုဋ္ဌာနာ–ကံဟူသော ဖြစ်ကြောင်းရှိကုန်သော၊ ရူပဓမ္မာပိ–ကမ္မဇရုပ်တရားတို့သည်လည်း၊ ကိဉ္စာပိ အတ္ထိ၊ ပန–ထိုသို့ပင် ရှိပါကုန်သော်လည်း၊ တေ–ထို ကမ္မသမုဋ္ဌာန်ရုပ်တရားတို့သည်၊ အနာရမ္မဏတ္တာ–အာရုံမရှိကုန်သည်၏ အဖြစ်ကြောင့်၊ (အာရုံကို မယူတတ်ကုန်သည်၏ အဖြစ်ကြောင့်၊) ကမ္မသရိက္ခကာ–ကံနှင့်အလားတူကုန်သည်၊ န ဟောန္တိ၊ ဣတိ–ကြောင့်၊ သာရမဏာ–အာရုံနှင့် တကွဖြစ်ကုန်သော၊ (အာရုံကို ယူတတ်ကုန်သော၊) အရူပဓမ္မာဝ–နာမ်ဝိပါက်တရားတို့ကိုသာ၊ ကမ္မသရိက္ခကတ္တာ–ကံနှင့်အလားတူကုန်သည်၏ အဖြစ်ကြောင့်၊ (သာရမဏချင်း တူကုန်သည်၏ အဖြစ်ကြောင့်၊ ဝိပါကာတိ–ဝိပါကတို့ဟူ၍၊ ဝုတ္တာ–ဆိုအပ်ကုန်ပြီ၊ (ကိမိဝ) ဗီဇသရိက္ခကံ–မျိုးစေ့နှင့်တူသော၊ ဖလံ–အသီးကို၊ သာလိဖလန္တိ–သာလိဖလဟူ၍၊ ဝါ–သာလိပါကဟူ၍၊ ဝုစ္စတိဝိယ–ဆိုအပ်သကဲ့သို့တည်း၊ ဟိ–ချဲ့၊ (ယောဇနာ၌ ဒဋ္ဌိကရဏာဟု ဆို၏၊) သာလိဗီဇသ္မိံ–သလေးမျိုးစေ့ကို၊ ဝပိတေ–စိုက်ပျိုးအပ်ပြီးသော်၊ အင်္ကုရပတ္တာဒိသု–အညွန့်, အရွက်အစရှိသော အကျိုးတို့သည်၊ နိက္ခန္တေသုပိ–ထွက်ပါကုန်သော်လည်း၊ သာလိဖလန္တိ–သာလိဖလဟူ၍၊ ဝါ–သလေးသီးဟူ၍၊ န ဝုစ္စတိ–မဆိုအပ်၊ [သာလိဖလန္တိ သာလိပါက မာဟ၊–ဋီကာ၊ ဝိပါက၏ ဥပမာနဖြစ်သောကြောင့် သာလိဖလကို "သာလိပါက"ဟု ဖွင့်သည်၊ နုသော သလေးသီး မဟုတ်၊ "မျိုးစေ့နှင့်တူအောင် မှည့်ရင့်သော သလေးသီး"ဟူလို၊ အဓိပ္ပာယ်အကျယ်ကို ဤ၌ ဆိုသည့်အတိုင်း ဝိပါကတိက်အဖွင့်၌ ပြခဲ့ပြီ။]

ပန–အနွယကား၊ ယဒါ–၌၊ သာလိသီသံ–သလေးဦးသည်၊ ဝါ–သလေးနှံသည်၊ ပက္ကံ–မှည့်သည်၊ ပရိဏာတံ–ရင့်သည်၊ ဟောတိ–၏၊ ["ပက္ကံ–ကျက်သည်"ဟု ပေးမည်စိုး၍၊ "ပရိဏာတံ"ဟု ထပ်ဖွင့်သည်။] တဒါ–၌၊ (မှည့်ရင့်ရာ ထို အခါ၌၊) ဗီဇသရိက္ခကော–မျိုးစေ့နှင့်တူသော၊ သာလိဝေ–သလေးသီးကိုသာ၊ သာလိဖလန္တိ –သာလိဖလဟူ၍၊ ဝါ–မှည့်ရင့်သော သလေးဟူ၍၊ ဝုစ္စတိ၊ ပန–ဆက်၊ အင်္ကုရပတ္တာဒီနိ–အညွန့်, အရွက် အစရှိသည်တို့သည်၊ ဗီဇဇာတာနိ–မျိုးစေ့ကြောင့် ဖြစ်ကုန်သည်၊ (ဟုတ္ဝာ၊) ဗီဇတော–မျိုးစေ့မှ၊ နိဗ္ဗတ္တာနိ–ဖြစ်ကုန်၏၊ ဣတိ–သို့၊ ဝုစ္စန္တိ (ယထာ၊) ဝေမေဝ–ပင်၊ ရူပမ္ပိ–ရုပ်သည်လည်း၊ ဝါ–ကိုလည်း၊ ကမ္မဇန္တိဝါ–ကမ္မဇဟူ၍လည်းကောင်း၊ ဥပါဒိန္နန္တိဝါ–ဟူ၍လည်းကောင်း၊ ဝတ္တုံ ဝဋ္ဋတိ၊ [ရုပ်ကို "ကမ္မဇ" "ဥပါဒိန္န"ဟုသာ ဆိုနိုင်သည်၊ "ဝိပါက"ဟု မဆိုနိုင်–ဟူလို။]

၉၉၄။ ။ဥပါဒိန္နတ္တိကေ–၌၊ (ဥပါဒိန္နုပါဒါနိယတိက်ကို ဆိုသည်၊ ဝိနိစ္ဆယော ဇဝံ ဝေဒိတဗ္ဗော၊) [ပုထုဇဉ်တို့က ရဟန္တာပုဂ္ဂိုလ်၏ခန္ဓာကို ငါ၏ ဦးကြီး ငါ၏ဘထွေးစသည်ဖြင့် ပြောဆို၍ ထို ခန္ဓာတွင်ပါဝင်သော မဂ်ဖိုလ်, ထို မဂ်ဖိုလ်၏ အာရုံဖြစ်သော နိဗ္ဗာန်တရားတို့ကိုလည်း အာရုံဖြစ်နိုင်သည်

မဟုတ်လောဟု စောဒနာဖွယ်ရှိသောကြောင့် "ကိဥ္စာပိ"စသည်ကို မိန့်။] ခီဏာသဝဿ–ရဟန္တာပုဂ္ဂိုလ်၏၊ ခန္ဓာ–တို့သည်၊ (ပစ္စယာ ဟောန္တိ၌ စပ်၊) အမှာက်–ငါတို့၏၊ မာတုလတ္ထေရော–ဦးကြီးဖြစ်သော ထေရ်တည်း၊ အမှာကံ, စူဠပိတုတ္ထေရော–ဘထွေးဖြစ်သော ထေရ်တည်း၊ ဣတိ–ဤသို့၊ ဝဒန္တာနံ–ပြောဆိုကြကုန်သော၊ ပရေသံ–တစ်ပါးသော ပုဂ္ဂိုလ်တို့၏၊ ဥပါဒါနဿ–ဥပါဒါန်၏၊ ပစ္စယာ–အကြောင်းတို့သည်၊ ကိဥ္စာပိ ဟောန္တိ၊ ပန–ထိုသို့ပင် ဖြစ်ပါကုန်သော်လည်း၊ မဂ္ဂဖလနိဗ္ဗာနာနိ–မဂ်ဖိုလ် နိဗ္ဗာန်တို့သည်၊ အဂ္ဂဟိတာနိ–တဏှာဒိဋ္ဌိတို့ဖြင့် မယူအပ်ကုန်သည်၊ အပရာမဋ္ဌာနိ–တဏှာဒိဋ္ဌိတို့သည် မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သည်၊ (ဟုတ္ဝာ၊) အနုပါဒိန္နာနေဝ–အနုပါဒိန္နတို့သာတည်း၊ ဟိ–မှန်၊ တာနိ–ထို မဂ်ဖိုလ် နိဗ္ဗာန်တို့သည်၊ ဒိဝသံ–တစ်နေ့ပတ်လုံး၊ သန္တတ္တော–ပြင်းစွာ ပူအပ်သော၊ (နေပူခံရသော၊) အယောဂုဠော–သံတွေခဲသည်၊ မက္ခိကာနံ–ယင်တို့၏၊ အဘိနိသီဒနဿ–ဖိ၍ နားနေခြင်း၏၊ ပစ္စယော–သည်၊ န ဟောတိ ယထာ–ကဲ့သို့၊ ဧဝမေဝ–ပင်၊ တေဇုဿဒတ္တာ–ထက်သော တန်ခိုးရှိကုန်သည်၏အဖြစ်ကြောင့်၊ (မဂ်ဖိုလ်နိဗ္ဗာန်တို့က ထက်သော တန်ခိုးရှိကုန်သည်၏အဖြစ်ကြောင့်၊) တဏှာမာနဒိဋ္ဌိဝသေန–တဏှာမာနဒိဋ္ဌိတို့၏အစွမ်းဖြင့်၊ ဂဟဏဿ–ယူခြင်း၏၊ ပစ္စယာ–တို့သည်၊ န ဟောန္တိ၊ [မာနပါနေသည်ကား ဥပါဒါန် မဟုတ်သောကြောင့် ပိုဟန်တူသည်။] တေန–ကြောင့်၊ ဣမေဓမ္မာ အနုပါဒိန္န အနုပါဒါနိယာတိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ ["အပရိယာပန္နာ မဂ္ဂါစ မဂ္ဂ ဖလာနိစ အသင်္ခတာစ ဓာတု ဣမေ ဓမ္မာ အနုပါဒိန္န အနုပါဒါနိယာ"ဟု ဟောတော်မူအပ်သည်–ဟူလို။]

**၉၉၈။** ။အသံကိလိဋ္ဌ အသံကိလေသိကေသုပိ–အသံကိလိဋ္ဌ အသံကိလေသိကတရားတို့၌လည်း၊ ဧသေဝနယော–တည်း။

**၁၀၀၀။** ။ဝိတက္ကတ္တိကေ–၌၊ ဝိတက္က သဟဇာတေန–ဝိတက်နှင့်တကွဖြစ်သော၊ ဝိစာရေန–နှင့်၊ သဒ္ဓိံ, ကုသလတ္တိကေ–၌၊ အလဗ္ဘမာနာဝ–မရအပ်သော တရားတို့ကိုပင်၊ န လဗ္ဘန္တိ–မရအပ်ကုန်။

---

**အဂ္ဂဟိတာနိ။** ။အဆက်ဆက်အားဖြင့် ဖြစ်သောခန္ဓာကိုယ်ပင် ကေတ္တနည်းအားဖြင့် တစ်ခုတည်းဟု ထင်၍ "ငါတို့၏ဦးကြီး, ဦးလေး, ငါတို့၏ဘထွေး"ဟု ပြောဆိုနေရာ၌ ပုဂ္ဂိုလ်ဟူသောပညတ်ကို နာမည်တပ်သော်လည်း ထို ပညတ်၏တည်ရာကိုယ်ခန္ဓာကိုသာ အာရုံပြု၏၊ ထို့ကြောင့် "ခီဏာသဝဿ ခန္ဓာ ၊ပေ၊ ပစ္စယာ ဟောန္တိ"ဟု ဆိုသည်၊ ထိုသို့စွဲလမ်းမှု ဥပါဒါန်တရားက ခန္ဓာကိုယ်ကို အာရုံပြုရာ၌ မဂ်ခန္ဓာ ဖိုလ်ခန္ဓာနှင့်ခန္ဓဝိမုတ်နိဗ္ဗာန်ကို အာရုံမပြုနိုင်ပုံကို ဥပမာဖြင့် ထင်ရှားပြလို၍ "တာနိ ဟိ"စသည်ကို မိန့်။

**ဧသေဝနယော။** ။ဥပါဒါန်တရားတို့သည် အာရုံမပြုနိုင်သော လောကုတ္တရာတရားတို့ကို "အနုပါဒါနိယ"ဟု ခေါ်ရသကဲ့သို့ ထို့အတူ ကိလေသာတရားတို့ အာရုံမပြုနိုင်သော ထို လောကုတ္တရာတရားတို့ကိုပင် "အသံကိလေသိက"ဟု ခေါ်ရသောကြောင့် "အသံကိလိဋ္ဌ ၊ပေ၊ ဧသေဝနယော"ဟု မိန့်သည်။

၁၀၀၃။ ။ပီတိသဟဂတတ္တိကေ–၌၊ ပီတိအာဒယော–ပီတိအစရှိသော တရားတို့သည်၊ [အာဒိဖြင့် သုခဥ်ပေက္ခာတို့ကိုယူ၊] အတ္တနာ–နှင့်၊ သဟဇာတ ဓမ္မာနံ–တကွဖြစ်သော တရားတို့အား၊ ပီတိသဟဂတာဒိဘာဝံ–ပီတိသဟဂတ အစရှိသည်တို့၏အဖြစ်ကို၊ (ပီတိသဟဂတ, သုခသဟဂတ, ဥပေက္ခာသဟဂတ ဟူသော အမည်ကို၊) ဒတွာ–ပေးပြီး၍၊ သယံ–မိမိတို့ကိုယ်တိုင်၊ ပိဋ္ဌိဝဋ္ဋကာ– ကျောဘက်သို့ လည်ကုန်သည်၊ (ပြန်လှည့်ကုန်သည်၊) ဇာတာ–ဖြစ်ကုန်ပြီ၊ ဟိ– ဆက်၊ [ရှေးနိဿယ၌ "မှန်၏"ဟု ပေးသည်၊ ဝေဒနာတိက်ဝယ် ဤ နေရာ မျိုး၌ "ဟိ" မပါခဲ့၊ မပါလျှင် သာ၍ကောင်းသည်၊] ဣမသ္မိံ တိကေ–ဤပီတိ တိက်၌၊ ဒွေ–န်သော၊ ဒေါမနဿသဟဂတစိတ္တုပ္ပာဒါ–ဒေါမနဿသဟဂုတ် စိတ္တုပ္ပာဒ်တို့လည်းကောင်း၊ ဒုက္ခသဟဂတံ–သော၊ ကာယဝိညာဏံ–လည်း ကောင်း၊ ဥပေက္ခာဝေဒနာ–လည်းကောင်း၊ ရူပံ–လည်းကောင်း၊ နိဗ္ဗာနံ–လည်း ကောင်း၊ ဣတိ–သို့၊ ဣဒံပိ–ဤ တရားငါးပါးအပေါင်းကိုလည်း၊ န လဗ္ဘတိ၊ [ပိဖြင့် ကုသလတိက်၌ မရအပ်သော "တိဏ္ဏ လက္ခဏာနိ"စသည်ကို ပေါင်း၊] ဟိ–မှန်၊ အယံတိကော–သည်၊ ကုသလတ္တိကေ–၌၊ အလဗ္ဘမာနေဟိစ–မရ အပ်သော တရားတို့မှလည်းကောင်း၊ ပဉ္စဟိ–န်သော၊ ဣမေဟိ ကောဋ္ဌာသေဟိ စ–ဤ အဖို့အစုတို့မှလည်းကောင်း၊ မုတ္တကောနာမ–လွတ်သောတိက်မည်၏။

၁၀၀၆။ ။ဒဿနေနပဟာတဗ္ဗတ္တိကေ–၌၊ (ဝိနိစ္ဆယော ဇဝံ ဝေဒိ တဗ္ဗော၊) သံယောဇနာနိတိ–ကား၊ ဗန္ဓနာနိ–နှောင်ဖွဲ့ကြောင်း တရားတို့သည်၊ ("တိဏ္ဏိ–သုံးပါးတို့တည်း"၌ စပ်၊) သက္ကာယဒိဋ္ဌိတိစ–ကား၊ ဝိဇ္ဇမာနဋ္ဌေန– ထင်ရှားရှိသည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ သတိ–(ပရမတ္ထအားဖြင့်) ထင်ရှား ရှိသော၊ ခန္ဓပဉ္စကသင်္ခါတေ–ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော၊ ကာယေ–ကာယ၌၊ (ပဝတ္တာ–အာရုံပြုသော အံားဖြင့်ဖြစ်သော၊ ဒိဋ္ဌိ–ဒိဋ္ဌိတည်း

---

**သက္ကာယဒိဋ္ဌိ**။ ။"သန္တ–ကာယ"ဟု ခွဲ၊ သတိသည် ကာယေ၏ ဝိသေသန သတ္တမျန္တ ပုဒ်တည်း၊ "သတိ+ကာယေ"ဟု လဟုကနည်းအားဖြင့် ဝိဂ္ဂြိုဟ်ပြထား သည်၊ "သန္တော+ကာယော သက္ကာယော"ဟု ဂရုကဝိဂ္ဂဟ ပြုစေလိုသည်၊ "သန္တော– သူတော်ကောင်း"စသောအနက်ကို ယူမည်စိုး၍ "ဝိဇ္ဇမာနဋ္ဌေန"ဟု မိန့်သည်၊ အသ (ဘုဝိ)ဟူသော ဓာတ်, အန္တပစ္စည်းဖြစ်၍ "သန္တော–ထင်ရှားရှိသော"ဟု ပေးပါ– ဟူလို၊ ကာယသဒ္ဒါသည် သမူဟ(အပေါင်း)အနက်ကိုဟောသော ရုဠှီသဒ္ဒါတည်း၊ "အပေါင်း"ဟူရာ၌ အရာအားလျော်စွာ "ဒိဋ္ဌိ၏ဇွဲလမ်းရာ ခန္ဓာငါးပါးအပေါင်းကိုယူ" ဟု သိစေလို၍ "ခန္ဓပဉ္စကသင်္ခါတေ"ဟု ဝိသေသနပြုသည်၊ ထို့နောက် "သက္ကာယေ+ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ"ဟု တွဲပါ၊ သက္ကာယေ–ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါး အပေါင်း၌+ဒိဋ္ဌိ–ဒိဋ္ဌိတည်း၊ သက္ကာယဒိဋ္ဌိ–ဋ္ဌိ၊ ["သက္ကာယေ+ပဝတ္တာ+ဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိ"ဟု ပဝတ္တာဟူသော အလယ်ပုဒ်ကြေသော တပ္ပုရိသ်သမာသ်ဟုလည်း ဆိုကြ၏၊ မိမိကား "ရူပေ+သညာ ရူပသညာ"ကဲ့သို့ ပဝတ္တမထည့်ဘဲ ပြုလိုပါသည်။]

သက္ကာယဒိဋ္ဌိ–ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း၌ဖြစ်သော ဒိဋ္ဌိ၊) ဝါ–တစ်နည်း၊ သယံ–မိမိဟု ဆိုအပ်သော ဒိဋ္ဌိကိုယ်တိုင်၊ သတိ–ထင်ရှားရှိသော၊ တသ္မိံ ကာယေ–ထို ခန္ဓာငါးပါး အပေါင်း၌၊ (ပဝတ္တာ–သော၊) ဒိဋ္ဌိ–တည်း၊ ဣတိ–ကြောင့်၊ သက္ကာယဒိဋ္ဌိ–မည်၏၊ [သက္ကာယဒိဋ္ဌိ–ခန္ဓာငါးပါးအပေါင်း၌ဖြစ်သော ထင်ရှားရှိသော ဒိဋ္ဌိ၊ ရှေးနိဿယ၌ "ပဝတ္တာ" ဟု ထည့်သောကြောင့် ဤ၌လည်း ထည့်လိုက်သည်။]

ပန–ကား၊ သီလေန–ခွေးစသည်တို့၏ အလေ့ဖြင့်၊ သုဇ္ဈိတုံ–စင်ကြယ်ခြင်းငှာ၊ သက္ကာ–တတ်ကောင်း၏၊ ဝတေန–ခွေးစသည်တို့၏ အကျင့်ဖြင့်၊ သုဇ္ဈိတုံ သက္ကာ၊ သီလဝတေဟိ–ခွေးစသည်တို့၏ အလေ့အကျင့်တို့ဖြင့်၊ သုဇ္ဈိတုံ သက္ကာ၊

---

**သန္တောဟု ဝိသေသနပြုရပုံ။** ။"ခန္ဓာငါးပါးကို နိစ္စ သုခ အတ္တဟု ယူရာ၌ ခန္ဓာငါးပါး၏ ရုပ္ပနစသောသဘောသာ ထင်ရှား၏၊ နိစ္စစသော အခြင်းအရာကား ထင်ရှားမရှိ"ဟု ပြခြင်းအကျိုးငှာ "သန္တော–ထင်ရှားရှိသော+ကာယော"ဟု ဝိသေသန ပြုရသည်၊ ထို့ကြောင့် အကြင် ဥပါဒါနက္ခန္ဓာ၌ နိစ္စစသော အခြင်းအရာအားဖြင့် စွဲလမ်းမှုဖြစ်၏၊ ထို ဥပါဒါနက္ခန္ဓာ (လောကီခန္ဓာ)ကိုသာ "ကာယော"အရ ယူရသည်၊ လောကုတ္တရာခန္ဓာ၌ နိစ္စစသော အခြင်းအရာအားဖြင့် စွဲလမ်းမှု မရှိနိုင်ရကား၊ "သန္တော" ဟု ဝိသေသနပြုဖွယ် မလို၊ [တတ္ထ နိစ္စာဒိ အာကာရဿ ၊ပေ၊ န ဣဒံ ဝိသေသနံ အရဟန္တိ၊–ဋီကာ။]

**သယံဝါ သတီ ၊ပေ၊ သက္ကာယဒိဋ္ဌိ။** ။ဤ ဒုတိယနည်း၌ကား "သတီ" သည် ဒိဋ္ဌိ၏ဝိသေသနတည်း၊ "ကာယေ+ဒိဋ္ဌိ ကာယဒိဋ္ဌိ"ဟု ပထမတွဲပြီးမှ "သတီ+ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိ"ဟု တွဲစေလိုသည်၊ "မိမိသည် ယူအပ် စွဲလမ်းအပ်သော အတ္တ–အတ္တနိယ (အတ္တ၏ဥစ္စာ)သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ မိမိဟူသော ဒိဋ္ဌိသည်သာ ထင်ရှားရှိသည်"ဟူလို။

**မှတ်ချက်။** ။ဤဒုတိယနည်းသည် "ဤနည်းလည်း ဖြစ်သင့်၏"ဟု နှလုံးသွင်း၍ အဋ္ဌကထာဆိုအပ်သော နည်းဖြစ်သည်၊ စင်စစ်မှာ–ပထမနည်းသာ လိုရင်းဖြစ်၏၊ ချဲ့ဦးအံ့၊ ဤဒုတိယနည်း၌ ဒိဋ္ဌိကိုသာ "သတီ"ဟု ဝိသေသနပြုထား၏၊ ကာယကို ဝိသေသန မပြု၊ ထိုသို့ မပြုသောကြောင့် ကာယသဒ္ဒါသည် (ကာယပဿဒ္ဓိစသော ပါဠိ၌) လောကီခန္ဓာ ငါးပါးအပေါင်းကိုလည်း ဟောနိုင်, လောကုတ္တရာခန္ဓာ ငါးပါး အပေါင်းကိုလည်း ဟောနိုင်ရကား ဝိသေသနမပါသော ကာယသဒ္ဒါသက်သက်ဖြင့် လောကုတ္တရာခန္ဓာအပေါင်းကို မပယ်နိုင်ရကား ဤဒုတိယနည်းသည် အပြစ်မလွတ်ချေ၊ ထို့ကြောင့် "ဤဒုတိယနည်းသည် ဖြစ်သင့်သည်ဟု နှလုံးသွင်း၍ အဋ္ဌကထာပြအပ်သော နည်းတည်း"ဟု မှတ်ပါ၊ [အယံ ပနတ္ထော ၊ပေ၊ လောကုတ္တရ ခန္ဓဝါစကောတိ၊ ဋီကာ။]

**သီလေန ၊ပေ၊ သမာဒါနံ။** ။ခွေးနွားစသည်တို့၏ အလေ့အကျင့်ကို "သီလဝတ"ဟု ခေါ်၏၊ [အကျယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ သမုစ္စည်းပိုင်း၌ ပြထားပြီ၊] ထို အလေ့အကျင့်သည် ငါးပါးသီလကဲ့သို့ မလွန်ကျူးထိုက်မှုကို အကြောင်းပြု၍ "သီလ" ဟု အမည်ရ၏၊ ထို အကျင့်သို့ ကပ်ရောက်ခြင်းအားဖြင့် အမြဲ မပြတ်ကျင့်အပ်မှုကို

က္ကတိ–သို့၊ ဂဟိတသမာဒါနံ–ယူအပ်သော ဆောက်တည်ကြောင်း အကျင့်သည်၊ သီလဗ္ဗတပရာမာသောနာမ–မည်၏။

၁၀၀၇။ ။ဣတိ–ဣသေဒ္ဒါသည်၊ ဒေသာပဒေသေ–အရပ်ဒေသကို ညွှန်ပြခြင်းအနက်၌၊ (ပဝတ္တော–သော၊) နိပါတော–တည်း၊ သွာယံ–ထို ဣတိ သဒ္ဒါကို၊ ကတ္ထစိ–အချို့ပါဠိရပ်၌၊ လောကံ–လောကကို၊ ဥပါဒါယ–စိတ်ဖြင့်

---

အကြောင်းပြု၍ "ဝတ"ဟု အမည်ရ၏၊ ထို အလေ့ ထို အကျင့်သည် ကိလေသာမှ လည်းကောင်း, သံသရာမှလည်းကောင်း စင်ကြယ်ကြောင်း မဟုတ်၊ သို့သော် ထို သီလဗ္ဗတပရာမာသ အယူရှိသူတို့က "ထို အလေ့အကျင့်ကို ကိလေသာမှလည်းကောင်း, သံသရာမှလည်းကောင်း စင်ကြယ်ကြောင်းဖြစ်၏"ဟု အယူရှိကြသည်၊ [အနုဋီကာ၌ အခြား နည်းများကိုလည်း ပြထားသေး၏။]

**ဂဟိတသမာဒါနံ။** ။"ဂဟိတ–ယူအပ်"ဟူသည် မိမိစိတ်၌ ဖြစ်စေအပ်တည်း၊ ထိုသို့ ယူအပ်သော မိစ္ဆာအယူသည်ပင် ထိုသီလဝတတို့ကို စိတ်၌ မြဲစွာယူကြောင်း ဆောက်တည်ကြောင်းဖြစ်သောကြောင့် သမာဒါနလည်းမည်၏၊ [ဂဟိတ သမာဒါနန္တိ ဥပ္ပာဒိတပရာမာသော ဝ ၊ပေ၊ ဝုတ္တော၊–ဋီကာ၊ ပရာမာသောဝ၌ ဝေဖြင့် မိစ္ဆာအယူကိုသာ "သမာဒါန"ဟု ခေါ်သည်၊ ရွတ်ဆိုသောအားဖြင့် ဆောက်တည်ခြင်းကို "သမာဒါန" မခေါ်ဟု ကန့်သည်။]

**ဒေသာပဒေသေ။** ။ပါဠိတော်၌ "ဣအေဿုတဝါ ပုထုဇ္ဇနော ၊ပေ၊ အတ္တ တော သမနုပဿတိ"ဟု ရှိ၏၊ ထို့ကြောင့် အတ္တစွဲလန်းသော ပုထုဇဉ်၏ နေရာ ဒေသတစ်ခုခုကို "ဣဓ"ဟု ညွှန်ပြရကား "ဣတိ ဒေသာပဒေသေ"ဟု ဆိုသည်၊ [ဒေသ–ထို ပုထုဇဉ်၏ နေရာအရပ်ကို+အပဒေသ–ညွှန်ပြခြင်း အနက်။]

**နိပါတော။** ။ရူပသိဒ္ဓိ စသောသဒ္ဒါကျမ်း၌ တွာဒိပစ္စယန္တပုဒ်တို့ကို "နိပါတ ပစ္စယန္တ"ဟု ဆို၏၊ နာမ်ပဒမာလာစဉ်၍ မရသောကြောင့် "ဣဓ"ဟူသော ဓ ပစ္စယန္တ ပုဒ်လည်း နိပါတ်တွင်ပါဝင်၏၊ ထို့ကြောင့် "နိပါတော"ဟု ဆိုသည်၊ [ရှေး နိဿယ၌ကား "ဣသေဒ္ဒါ ဓပစ္စည်းဖြင့် ပြီးသောနာမ်ပုဒ်တည်း"ဟု ကစ္စည်းကျမ်းကို မှီ၍ ဆိုသွားလေသည်။]

**သွာယံ။** ။အလုံးစုံသော ပါဠိရပ်ဝယ် ဣသေဒ္ဒါသည် ဒေသာပဒေသအနက် တစ်ခုကိုသာဟောလျှင် "ဒေသာပဒေသေ နိပါတော"ဟု အထူးမဆိုသော်လည်း ထို အနက်ကိုသာ ဟောသောကြောင့် ယုံမှားဖွယ် မရှိပါ၊ အဘယ့်ကြောင့် "ဒေသာပဒေသေ" ဟု အထူးဆိုနေရပါသနည်း?–ဟု မေးဖွယ်ရှိသောကြောင့် "သွာယံ"စသည်ကို မိန့်သည်၊ ဤ အနက်သာမက ဣသေဒ္ဒါက အနက်များကို ဟောနိုင်သောကြောင့် "ဒေသာ ပဒေသေ" အထူးထုတ်ပြ၍ ဆိုရပါသည်–ဟူလို။

**လောကံဥပါဒါယ။** ။"ဣဓ ဘိက္ခဝေ တထာဂတော လောကေ ဥပ္ပဇ္ဇတိ"၌ ဣဓ၏ဖွဲ့နက်ကို "လောကေ"ဟု တိုက်ရိုက်ပြတော်မူ၏၊ ထို့ကြောင့် "ဣသေဒ္ဒါကို လောကကို အစွဲပြု၍ ဆိုအပ်၏"ဟု ဆိုသည်၊ "လောက"အရလည်း ဘုရားအလောင်း ဖွားတော်မူရာအခါ၌ မြေတုန်လှုပ်သော ဇာတိခေတ်လောကကို (စကြဝဠာတစ်သောင်း ကို) ယူပါ၊

မှတ်ယူ၍၊ ဝါ–စွဲ၍၊ ဝုစ္စတိ–ဟောတော်မူအပ်၏၊ ယထာဟ–အဘယ်ကဲ့သို့ ဟောတော်မူသနည်း၊ ဣဓ ၊ပေ၊ ဥပ္ပဇ္ဇတီတိ–ဟူ၍၊ အာဟ–ပြီ၊ [ဣဓ လောကေ–၌၊ တထာဂတော–သည်၊ ဥပ္ပဇ္ဇတိ–ပွင့်တော်မူ၏၊–သီလက္ခန် သာမညဖလသုတ် ပဏီတတရသာမညဖလ။] ကတ္ထစိ–၌၊ သာသနံ–သာသနာ တော်ကို၊ (ဥပါဒါယ ဝုစ္စတိ၊) ယထာဟ, ဣဓေဝ ၊ပေ၊ သမဏောတိ–ဟူ၍၊ (အာဟ–ပြီ၊) [ဘိက္ခဝေ–တို့၊ ဣဓေဝ–ဤ သာသနာတော်၌သာ၊ သမဏော– ပထမဖြစ်သော သောတာပန်ရဟန်းကို၊ (လဗ္ဘတိ–ရအပ် ရနိုင်၏၊) ဣဓ (ဧဝ)– ၌သာ၊ ဒုတိယော–ဒုတိယဖြစ်သော၊ သမဏော–သကဒါဂါမ်ရဟန်းကို၊ (လဗ္ဘတိ။)

ကတ္ထစိ–၌၊ ဩကာသံ–အရပ်ကို၊ (ဥပါဒါယ ဝုစ္စတိ–ဆိုအပ်၏၊) ယထာဟ– အဘယ်ကဲ့သို့ ဆိုသနည်း?၊ ဣဓေဝ ၊ပေ၊ မာရိသာတိ–ဟူ၍၊ အာဟ–လျှောက် ပြီ၊ (သိကြားက ဘုရားကိုလျှောက်ပြီ၊) မာရိသ–ဒုက္ခကင်းကွာ, စိတ်ချမ်းသာ သော မြတ်စွာဘုရား၊ မေ–တပည့်တော်သည်၊ ဣဓေဝ–ဤ ဣန္ဒသာလလိုဏ်ဂူဝ ၌ပင်၊ တိဋ္ဌမာနဿ–တည်သည်ဖြစ်၍၊ ဒေဝဘူတဿ–နတ်သိကြားဖြစ်၍ ဖြစ်သည်၊ သတော–ဖြစ်စဉ်၊ မေ–တပည့်တော်သည်၊ ပုန–တစ်ဖန်၊ အာယုစ– နတ်သက်အသစ်ကိုလည်း၊ လဒ္ဓေါ–ရအပ်ပါပြီ၊ (“စ”ဖြင့် သောတာပတ္တိ မဂ်တရား ရခြင်းကိုဆည်း၊) ဧဝံ–ဤသို့ နတ်သက်အသစ်ကို ရအပ်ပြီဟူ၍၊ ဇာနာဟိ–သိတော်မူပါ။]

---

**ကတ္ထစိ သာသနံ။** ။“ပထမော သမဏော”စသော သဒ္ဒါတစ်ပါးကို (သဒ္ဒန္တ ရိုက်ကို) ထောက်၍, ပထမသမဏဖြစ်သော သောတာပန်စသည်ကို ရနိုင်ရာ ဤ သာသနာတော်ကို ဣဓ၏ စွဲနက်အဖြစ်ဖြင့် ဆိုရသည်၊ [သမဏောတိ သောတာ ပန္နော ဒုတိယော သမဏောတိ သကဒါဂါမီ၊–မူလပံ, သီဟနာဒဝဂ်နှင့် စတုက္ကင်္ဂုတ္တရ, ပဥ္စမပံ, ကမ္မဝဂ်, သမဏသုတ်။]

**ကတ္ထစိ ဩကာသံ။** ။“ဣဓေဝ တိဋ္ဌမာနဿ”ဟူသော သဒ္ဒန္တရိုက်ကို ထောက်၍ ရပ်တည်ရာအရပ်ဩကာသကို ဣဓ၏ စွဲနက်အဖြစ်ဖြင့် ယူရသည်၊– သုတ်မဟာဝဂ္ဂ, သက္ကပဉှသုတ်၊ [ဒေဝဘူတဿ မေ သတောတိ ဒေဝဘာဝေန ဒေဝေါ ဟုတွာဝါ ဘူတဿ၊ မေတိ အနာဒရယောဂေ သာမိဝစနံ၊ ပုန မေတိ ကတ္တုတ္ထေ၊–သာမညဖလသုတ် ဋီကာသစ်။]

**အာယုလဒ္ဓေါ။** ။လဒ္ဓေါကိုထောက်၍ ဤ အာယုသဒ္ဒါကို ပုလ္လိင်လည်းရှိ၏ဟု မှတ်ပါ၊ သဒ္ဒါကျမ်းတို့၌ကား “အာယု စက္ခု”စသည်ဖြင့် နပုလ္လိင်ဟု ဆိုထားသည်။

**ဆက်ဦးအံ့။** ။ဤ ဂါထာသည် ဣန္ဒသာလဂုအရပ်၌ သိကြားမင်းသည် ဘုရားရှင်အား ပြဿနာကို မေးလျှောက်စဉ် ဥပေက္ခာပြဿနာ အဖြေ၏အဆုံး၌ သောတာပန်ဖြစ်၏၊ ထို သိကြားမင်းဘဝမှလည်း စုတေ၍ ထို နေရာ၌ပင် သိကြားမင်း အသစ် ထပ်၍ ဖြစ်ပြန်၏၊ ဤ အကြောင်းတို့ကို ဘုရားရှင်အား သိကြားမင်းက လျှောက်ကြောင်း ဖြစ်သောဂါထာတည်း။

ကတ္တစိ–၌၊ ပဒပူရဏမတ္တမေဝ–ပုဒ်တို့၏ ပြည့်ကြောင်းမျှသာတည်း၊ ယထာဟ၊ ဣစ္စာဟံ ၊ပေ၊ ပဝါရိတော–ဟူ၍၊ (အာဟ–ပြီ၊) [ဘိက္ခဝေ, အဟံ–ငါဘုရားသည်၊ ဘုတ္တာဝီ–ဆွမ်းဘုဉ်းပေးတော်မူပြီးသည်၊ ပဝါရိတော–ပယ်မြစ်စေတော်မူအပ်ပြီးသည်၊ အသံ–ဖြစ်တော်မူ၏၊ မူလပဏ္ဏာသ, မူလပရိယာယဝဂ်, ဓမ္မဒါယာဒသုတ်၊] ပန–အတ္ထုဒ္ဓါရ သာမညမှတစ်ပါး အတ္ထုဒ္ဓေသ ဝိသေသကို ဆိုဦးအံ့၊ ဣစ–ဤ ဣမ အသုတဝါ ပုထုဇ္ဇနောဟူသော ပါဠိ၌ရပ်၌၊ လောကံ–ကို၊ ဥပါဒါယ ဝုတ္တော–ပြီ၊ ဣတိ–သို့၊ ဝေဒိတဗ္ဗော။

ပန–ကား၊ အသုတဝါ ပုထုဇ္ဇနောတိ ဧတ္ထ–ဟူသော ဤပါဠ်၌၊ အာဂမာဓိဂမာဘာဝါ–အာဂမာဓိဂမ၏ မရှိခြင်းကြောင့်၊ အသုတဝါ ဣတိ–ဟူ၍၊ ဉေယျော–သိထိုက်၏၊ ဟိ–ချဲ့၊ ယဿ–အကြင် ပုဂ္ဂိုလ်၏၊ ခန္ဓ၊ ပေ၊ သတိပဋ္ဌာနာဒီသု–ခန္ဓာ ဓာတ် အာယတန ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန် အစရှိသော တရားတို့၌၊ ဥဂ္ဂဟပရိပုစ္ဆာဝိနိစ္ဆယ ရဟိတတ္တာ–သင်ယူခြင်း, အဖန်ဖန်မေးမြန်းခြင်း, ဆုံးဖြတ်ကြောင်းဉာဏ်မှ ကင်းသည်၏အဖြစ်ကြောင့်၊ ဒိဋ္ဌိပဋိသေဓကော–

---

**ပဒပူရဏ မတ္တမေဝ**။ ။ပဒါနံ–တစ်ဝါကျတည်း၌ တည်ရှိသော ရှေ့ပုဒ် နောက်ပုဒ်တို့၏၊ ပူရဏံ–ပြည့်ကြောင်းတည်း၊ ပဒပူရဏံ–ကြောင်း၊ ဤ၌ ဣမ သဒ္ဒါသည် ဩကာသ စသောအနက်၊ တစ်စုံတစ်ရာကိုမျှ မဟောနိုင်ရကား ပဒ ပူရဏမျှသာ အကျိုးရှိ၏၊ မတ္တသဒ္ဒါဖြင့် ဩကာသ စသောအနက်ကို ကန့်၍ သန္နိဋ္ဌာနာဝဓာရဏဖြစ်သော ဧဝဖြင့် ထို ပဒပူရဏအဖြစ်ကို ခိုင်မြဲစေသည်။

**ဥဂ္ဂဟ ပရိပုစ္ဆာ ဝိနိစ္ဆယ**။ ။ဝါစုဂ္ဂတကရဏံ ဥဂ္ဂဟော–ဆရာ့အထံ၌ ရနေအောင် ရွတ်ဆိုသင်ယူခြင်းသည် ဥဂ္ဂဟမည်၏၊ [စာအုပ်မရှိသော ရှေးခေတ်၌ ဆရာက စ၍ ရွတ်ပြသောအားဖြင့် ပို့ချအပ်သည်ကို နှုတ်တက်ရအောင် သင်ယူရ၏၊] အတ္ထပရိပုစ္ဆနံ ပရိပုစ္ဆာ–နှုတ်တက် သင်ယူပြီးအပ်သော ပါဠိ၏အနက်အဓိပ္ပာယ်ကို အဖန်ဖန် အထပ်ထပ်မေးခြင်းသည် ပရိပုစ္ဆာမည်၏၊ ခက်ခဲသောအရာ၌ တပည့်က စောဒနာခြင်း, ဆရာက ဖြေဆိုခြင်းအားဖြင့် ဆုံးဖြတ်နိုင်သောဉာဏ်သည် ဝိနိစ္ဆယမည်၏။

**ဒိဋ္ဌိပဋိသေဓကော**။ ။ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန် စသည်တို့၌ ဥဂ္ဂဟပရိပုစ္ဆာ ဝိနိစ္ဆယဉာဏ်ကို ရနေမှသာ "ဤလောက၌ ခန္ဓာငါးပါးသာ ရှိ၏, ပုဂ္ဂိုလ်, သတ္တဝါ, ငါသူတစ်ပါးမရှိ"စသည်ဖြင့် အမှန်သိ၍ အတ္တဒိဋ္ဌိကို တားမြစ်နိုင်၏၊ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်စပ်ပုံကို နားလည်မှသာ ဖန်ဆင်းနိုင်သော ဗြဟ္မာ ထာဝရဘုရား မရှိ, အတ္တလည်း မရှိဟု သိသဖြင့် မိစ္ဆာဒိဋ္ဌိကို တားမြစ်နိုင်သည်။

**မှတ်ချက်**။ ။ယခုအခါ တစ်ချို့က ခန္ဓာငါးပါး, အာယတနတစ်ဆယ့်နှစ်ပါး ကို သရုပ်ရေတွက်တတ်လျှင်လည်းကောင်း, "ရုပ်နှစ်ဆယ့်ရှစ်ပါးသည် ရူပက္ခန္ဓာ မည်၏"ဟု အရကောက်တတ်လျှင်လည်းကောင်း ကလျာဏပုထုဇ္ဇဉ်ဖြစ်ပြီဟု မှတ်ထင် ကြ ပြောဟောကြ၏၊ ထိုမျှလောက်တတ်မှုဖြင့် ပရိပုစ္ဆာလည်း မရှိ, ဝိနိစ္ဆယလည်း မရှိပါဘဲ မိစ္ဆာအယူကို မတားမြစ်နိုင်သေးရကား ကလျာဏပုထုဇ္ဇဉ်ဖြစ်ဖို့ရန် အခြေခံ မျှသာ ရှိသေး၏–ဟု မှတ်ပါ။

မိစ္ဆာအယူကို တားမြစ်နိုင်သော၊ အာဂမော–အာဂမသည်၊ ဝါ–ပါဠိတော်သည်၊ နေဝ အတ္ထိ–မရှိသည်သာ၊ ပဋိပတ္တိယာ–အကျင့်ဖြင့်၊ အဓိဂန္တဗ္ဗဿ–ရထိုက်သော တရားထူး၏၊ ဝါ–ကို၊ အနာဓိဂတတ္တာ–မရအပ်သည်၏ အဖြစ်ကြောင့်၊ အဓိဂမော–ထိုးထွင်း၍ သိအပ်သော လောကုတ္တရာတရားသည်၊ နေဝအတ္ထိ–သည်သာ၊ သော–ထို ပုဂ္ဂိုလ်ကို၊ အာဂမာဓိဂမာဘာဝါ–ကြောင့်၊ အဿုတဝါ ဣတိ–ဟူ၍၊ ဉေယျော–သိထိုက်၏။

ဿွာယံ–ထို သုတမရှိသော ပုဂ္ဂိုလ်သည်၊ (ပုထုဇ္ဇနော၌ စပ်၊) ပုထူနံ–များစွာသော ကိလေသာအစရှိသည်တို့ကို၊ ဇနနာဒီဟိ–ဖြစ်စေခြင်း အစရှိကုန်သော၊ ကာရဏေဟိ–အကြောင်းတို့ကြောင့်၊ (ပုထုဇ္ဇနော–ပုထုဇ္ဇနမည်၏၊ ဝါ–တစ်နည်း၊ ပုထုဇ္ဇနန္တောဂဓတ္တာ–များစွာသော လူတို့၏အတွင်း၌ ဖြစ်ကုန်သည်၏အဖြစ်ကြောင့်၊ (ပုထုဇ္ဇနော–မည်၏၊) ဝါ–တစ်နည်း၊ အယံဇနော–ဤ လူအပေါင်းသည်၊ ပုထု (ပုထ)–အရိယာတို့မှ အသီးအခြားတည်း၊ ဣတိ–ကြောင့်၊ (ပုထုဇ္ဇနော–မည်၏၊) ["ပုထုဝါယံ"နေရာ၌ "ပုထုဂါယံ"ဟုလည်း ဆရာအချို့ ပြင်တော်မူကြ၏၊ အကျယ်၌ ရှင်းပြအံ့။]

ဟိ–ချဲ့၊ သော–ထို သုတမရှိသော ပုဂ္ဂိုလ်သည်၊ ပုထူနံ–များစွာကုန်သော၊ နာနပ္ပကာရာနံ–အထူးထူးသော အပြားရှိကုန်သော၊ (ပုထူနံကို ထပ်ဖွင့်သည်၊) ကိလေသာဒီနံ–ကိလေသာ အစရှိသည်တို့ကို၊ ဇနနာဒီဟိ–ဖြစ်စေခြင်း အစရှိကုန်သော၊ ကာရဏေဟိ–တို့ကြောင့်၊ ပုထုဇ္ဇနော–မည်၏၊ ယထာဟ–နည်း၊

---

**အာဂမော**။ ။"အာဂစ္ဆန္တိ အတ္တတ္တ ပရမတ္ထာဒယော ဧတ္ထ ဓောနာတိ အာဂမော"ဟု ပြု၍ မိမိစီးပွား သူတစ်ပါးစီးပွား စသည်တို့၏ လာရာလာကြောင်း ဖြစ်သောကြောင့် ပိဋကပါဠိတော်ကို "အာဂမ"ဟု ခေါ်သည်။

**အဓိဂမော**။ ။"ပဋိပတ္တိယာ အဓိဂန္တဗ္ဗဿ"ကို ကြည့်၍ "အဓိဂန္တဗ္ဗော–ပဋိပတ်အကျင့်ဖြင့် ရောက်သင့်ရောက်ထိုက် (ရသင့်ရထိုက်)၏၊ ဣတိ အဓိဂမော"ဟု ပြုပါ၊ သီလသမာဓိ ဝိပဿနာကို ကျင့်၍ သိထိုက်ရထိုက်သော မဂ်ဖိုလ်နိဗ္ဗာန်ကို "အဓိဂမ"ဟု ခေါ်သည်၊ ထိုသို့ အာဂမာဓိဂမနှစ်မျိုးလုံး မရှိသူကို "အဿုတဝါ–သုတမရှိသူ"ဟု ခေါ်သည်၊ သူယိတ္တာတိ သုတံ–ကြားနာအပ်, ကြားနာ၍ ကျင့်သောကြောင့် သိအပ်သောအာဂမ အဓိဂမကို "သုတ"ဟု ခေါ်၏၊ သုတံ ယဿ အတ္ထီတိ သုတဝါ၊ န+သုတဝါ အဿုတဝါ။

**ပုထုနံ**။ ။ပုထူနံဟုရှိရာ၌ အဘိဓာန် (၇၀၀)၌ ပြန့်ကျယ်ခြင်းအနက်ကို ဟောသောနာမ်ပုဒ် ပုထုသဒ္ဒါတည်း၊ "ပုထတိ မဟန္တဘာဝေန ပတ္ထရတီတိ ပုထု" ဟု ဓာတွတ္ထသင်္ဂဟ၌ ဝိဂ္ဂဟပြု၏၊ ဝိတ္ထာရအနက်ဟော ပုထဓာတ်, ဥပစ္စည်း၊ ထို့ကြောင့် "ပုထူနံ"ဟု ပါဠိ၌ ရှိနိုင်ပြန်သည်၊ ["ပုထုဇ္ဇန"ဟု ဇ္ဇသံယုဂ် ရှိခြင်းကား သက္ကတသို့လိုက်၍ ရှိခြင်းတည်း။]

ပုထုကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ ၊ပေ၊ ပဋိကုဇ္ဇိတာတိ ပုထုဇ္ဇနာတိ–
ဟူ၍၊ (အာဟ–အရှင်သာရိပုတ္တရာ ဟောတော်မူပြီ၊) ပုထု–န်သော၊ ကိလေသေ–
တို့ကို၊ ဇနေန္တိ–ဖြစ်စေတတ်ကုန်၏၊ ဣတိ–ကြောင့်၊ ပုထုဇ္ဇနာ–တို့မည်၏၊
ပုထု ၊ပေ၊ ဒိဋ္ဌိကာ–မဂ်ဖြင့် မပယ်သဲတ်အပ်သေးသော များသောသက္ကာယဒိဋ္ဌိ
ရှိသူတို့တည်း၊ ဣတိ, ပုထုဇ္ဇနာ–တို့မည်၏၊ ပုထုသတ္ထာရာနံ–များစွာသော

---

**ပုထုဇ္ဇနော။** ။သက္ကတ၌ "ပြိထက်"ဟု အဗျယ (နိပါတ်)ပုဒ် ရှိ၏၊ ထို
နိပါတ်သည် ပါဠိ၌ (ပုထု)နိပါတ် ဖြစ်လာ၏၊ [ဝဇ္ဇနေ တု ဝိနာ နာနာ, အန္တရေန
ရိတေ ပုထု–(၁၁၃၇) အဗျယဝဂ်, အဘိဓာန်၊] သက္ကတ၌ နောက်ပုဒ်နှင့်တွဲသော
အခါ က် သည် (ဂ်)ဖြစ်၍ "ပြိထဂ်ဇန"ဟု ဖြစ်၏၊ ပါဠိ၌ ဂ်အစား ဒွေဘော်လာ၍
"ပုထုဇ္ဇန" ဟု ဖြစ်၏၊ နိပါတ်ပုဒ်မှာ ဝိဘတ်ကြေမြဲဖြစ်၍ ဝိဘတ်အမျိုးမျိုး, ဝုစ်
အမျိုးမျိုးဖြင့် "ပုထု"ဟုချည်း ရှိ၏။

**ယထာဟ။** ။"သော ဟိ ၊ပေ၊ ပုထုဇ္ဇနော"ဖြင့် ဂါထာပုဗ္ဗမှ၏အကျယ်ကို
ပြ၏၊ "ပုထု ကိလေသေ ဇနေန္တိ"စသည်ကား မဟာနိဒ္ဒေသ, အဋ္ဌကဝဂ်, တိဿ
မေတ္တေယျသုတ်နှင့် ပုရာဘေဒသုတ်ပါဠိတော်တည်း၊ ဤ ပါဠိတော်ဖြင့် "ဇနနာဒိဟိ"၌
အာဒိဖြင့် ယူအပ်သော အနက်အကျယ်ကိုလည်းကောင်း, ထို စကား၏ သာဓကကို
လည်းကောင်း ပြ၏၊ ထို့ကြောင့် "ပုထုကိလေသေ ဇနေန္တိ"စသောစကားကို ဝိတ္ထာရနှင့်
သာဓကနှစ်မျိုးရသောကြောင့် အမ္ဗသေစန ဂရုသိနှာနနည်းဟု မှတ်ပါ၊ [အာဒိသဒ္ဒေန
သင်္ဂဟိတ မတ္ထံ တဒတ္ထဿစ သာဓကံ အမ္ဗသေစန ဂရုသိနှာနနယေန နိဒ္ဒေသပါဠိယာ
ဒဿေန္တော ယထာဟာတိ အာဒိမာဟ၊–ဗြဟ္မဇာလသုတ်ဖွင့် သီလက္ခန်ဋီကာသစ်။]

**ပုထုကိလေသေ ဇနေန္တိ။** ။"ကိလေသေ"သည် ပုထုနိပါတ်၏ အဘိဓေယျ
အနက်ပြတည်း၊ ပုထုနှင့်ကိလေသာသည် သမာသ်မဟုတ်၊ ပုထုနိပါတ်နောင်-ဒုတိယာ
ယောဝိဝိဘတ် ကြေ၊ "ပုထုကိလေသေ ဇနေန္တိ"ဖြင့် ဝိဂြိုဟ်ပြုဖို့ရန် ပြသည်၊ ဇနေန္တီ
တိ ဇနာ–ဖြစ်စေတတ်သော ပုဂ္ဂိုလ်များ၊ ပုထု–များစွာသော ကိလေသာတို့ကို+ဇနာ–
ဖြစ်စေတတ်သော ပုဂ္ဂိုလ်တို့တည်း၊ ပုထုဇ္ဇနာ–တို့၊ ပုထုဇဉ်တို့သည်မည်သည့် ကိလေသာ
ကိုမျှ မပယ်နိုင်သေးသောကြောင့် ကိလေသာအားလုံးကို ဖြစ်စေနိုင်ကြသော ပုဂ္ဂိုလ်များ
ဖြစ်ကြသည်–ဟူလို။

**ပုထု ၊ပေ၊ ဒိဋ္ဌိကာ။** ။ဝိဂြိုဟ်ပြုဖို့ ပြသောဝါကျပင်တည်း၊ ထို့ကြောင့်
"တာ+ဇနေန္တိ, တာဟိ ဇနိတာတိဝါ ပုထုဇ္ဇနာ"ဟု နိဒ္ဒေသအဋ္ဌကထာနှင့် ဋီကာတို့ ဖွင့်
ကြသည်၊ ဆိုလိုရင်းကား–"ဇနေန္တီတိ ဇနာ၊ ပုထု–များစွာသော သက္ကာယဒိဋ္ဌိ နှစ်ဆယ်
တို့ကို+ဇနာ–ဖြစ်စေတတ်သော ပုဂ္ဂိုလ်တို့တည်း၊ ပုထုဇ္ဇနာ–တို့"ဟုလည်းကောင်း
"ဇနီယန္တေတိ ဇနာ၊ ပုထု–များစွာသော သက္ကာယဒိဋ္ဌိတို့သည်၊ [ပုထုနောင် ဟိဝိဘတ်
ကြေ၊] ဇနာ–ဖြစ်စေအပ်သော ပုဂ္ဂိုလ်တို့တည်း၊ ပုထုဇ္ဇနာ–တို့"ဟူသတည်း။]

**တစ်နည်း။** ။"အဝိဃာတမေဝ ဝါ ဇနသဒ္ဒေါ ဝဒတိ"ဟု မူလဋီကာ ဖွင့်၏၊
ဆိုလိုရင်းကား–"ဇနိတာတိ ဇနာ–ဖြစ်စေအပ်သော တရားတို့"ဟု သဒ္ဒတ္ထဖြစ်သော်
လည်း ဖြစ်ခြင်းမျှကို မယူရ၊ "မပယ်သတ်အပ်"ဟူသော အဓိပ္ပာယ်တိုင်အောင် ယူပါ၊

ဆရာတို့၏၊ မုခံ–မျက်နှာကို၊ ဥလ္လောကိကာ–ကြည့်တတ်ကြကုန်၏၊ ဣတိ ပုထုဇ္ဇနာ၊ ပုထုသဗ္ဗဂတိဟိ–များစွာသော အလုံးစုံသောဂတိတို့မှ၊ အဝုဋ္ဌိတာ–မထသေးကုန်၊ (မလွတ်မြောက်သေးကုန်၊) ဣတိ ပုထုဇ္ဇနာ၊ ပုထုနာနာဘိသင်္ခါရေ–များစွာကုန်သော အမျိုးမျိုးသော အဘိသင်္ခါရတို့ကို၊ အဘိသင်္ခရောန္တိ–

---

ထို့နောက် "ပုထု+ဇနာ ယေသံတိ ပုထုဇ္ဇနာ–ဖြစ်စေအပ် မပယ်သတ်အပ်သေးသော များစွာသော သက္ကာယဒိဋ္ဌိ ရှိသူတို့"ဟု ပြ၊ ["ဣမဿုပ္ပာဒါ . ဣဒံ ဥပ္ပဇ္ဇတီတိ ဥပ္ပာဒေါတိ န ဇနနမတ္တံ အဓိပ္ပေတံ၊ အထခေါ် အနိရောဓောပီတိ အဝိဃာတံ ဇနသဒ္ဒေါ ဝဒတီတိ အာဟ–ဤ အကြောင်းတရား၏ ဖြစ်ခြင်းကြောင့် ဤ အကျိုးတရားသည် ဖြစ်၏"ဟူရာ၌ ဥပ္ပာဒအရ ဖြစ်ခြင်းအနက်မျှကို အလိုမရှိအပ်၊ စင်စစ်မှာ–မချုပ်ခြင်းအနက်ကိုလည်း အလိုရှိအပ်၏၊ "မချုပ်"ဟူသည်လည်း မပယ်သတ်အပ်သေးခြင်းတည်း၊ ထို့ကြောင့် "အဝိဃာတံ ဇနသဒ္ဒေါ ဝဒတိ"ဟု ဆိုသည်၊ တတ္ထာယံ ဇနသဒ္ဒေ နယော၊ ဇနိတာတိ ဇနာ, အဝိဟတာတိ အတ္ထော၊–အနုဋီကာ။]

**ပုထု ၊ပေ၊ မုခုလ္လောကိကာ။** ။ပုထုဇဉ်တို့သည် မိမိတို့ကိုယ်တိုင်က ဆရာ၏ အကြောင်းကို ကောင်းကောင်း မဆုံးဖြတ်နိုင်ရကား (အချို့မှာ ဘုရားတည်းဟူသော ဆရာနှင့် တွေ့ရသည့်တိုင်အောင် တိတ္ထိဆရာတို့ကို ပြောင်း၍ ကိုးကွယ်တတ်သေးရကား) ဆရာများစွာတို့၏ မျက်နှာကို ဖူးမျှော်တတ်ကြ၏၊ ဤ စကားသည် ဆရာများခြင်း၏ အဓိပ္ပာယ်ကို ဖော်ပြသောစကားတည်း၊ ထို့ကြောင့် "ဇနေန္တိ–မိမိ ဖြစ်စေတတ်ဟော ပြောတတ်ကုန်၏၊ ဣတိ ဇနာ"ဟု ပြ၍ ဆရာတို့ကို အရကောက်ပါ၊ ပုထု+ဇနာ ဧတေသံတိ ပုထုဇ္ဇနာ။

**မှတ်ချက်။** ။ယောဇနာ၌ "ဥလ္လောကနံ ပေက္ခနံ (ကြည့်ရှုခြင်း၊) ဥလ္လောကံ–ခြင်း၊ မုခဿ+ဥလ္လောကံ မုခုလ္လောကံ၊ တံ ဧတေသံတိ မုခုလ္လောကိကာ"ဟု အဿတ္ထိ အနက်၌ ဣကပစ္စည်းဟု ဆို၏၊ ကေဂုံတွာရ, အစ္ဆာရာသံဃာတဝဂ် အဋ္ဌကထာ၌ကား "မုခုလ္လောကကာ"ဟု တွေ့ရ၏၊ "ဥ+လောက–ဒဿနေ"ဓာတ်နောင် ဏွုပစ္စည်းဖြင့် ပြီးနိုင်သောကြောင့် သာ၍ သန့်ရှင်း၏၊ [ဥလ္လောကေန္တီတိ ဥလ္လောကကာ၊ မုခံ+ဥလ္လောကကာ မုခုလ္လောကကာ။]

**ပုထု ၊ပေ၊ အဝုဋ္ဌိတာ။** ။ဤ စကားသည် "များစွာသော ဂတိတို့မှ+မထနိုင်ကြသေး"ဟု ဆိုသဖြင့် "များစွာသောဂတိ ရှိကြ၏"ဟူသောအနက်ကို ပြ၏၊ ထို့ကြောင့် "ဇနေတဗ္ဗာ–ဖြစ်စေထိုက်သော ဂတိတို့တည်း၊ ဣတိ ဇနာ၊ (တစ်နည်း) ဇာယန္တိ ဧတ္ထာတိ ဇနာ–ဖြစ်ရာဂတို့"ဟု ဝစနတ္ထပြ၍ "ပုထု–များစွာကုန်သော+ဇနာ–ဖြစ်စေထိုက်သော ဂတိတို့သည်၊ ဝါ–ဖြစ်ရာဂတိတို့သည်၊ ဧတေသံတိ ပုထုဇ္ဇနာ"ဟု ပြုပါ။

**ပုထု ၊ပေ၊ အဘိသင်္ခရောန္တိ။** ။"များစွာသော အဘိသင်္ခါရတို့ကို ပြုတတ်ကြ၏"ဟု ဆိုသဖြင့် "များစွာသော အဘိသင်္ခါရရှိကြ၏"ဟူသောအနက်ကို ပြ၏၊ "ဇာယန္တိ ဧတေဟီတိ ဇနာ–သတ္တဝါတို့၏ဖြစ်ကြောင်း ပုညာဘိသင်္ခါရ စသောတရားတို့"ဟု ပြ၍ "ပုထု+ဇနာ (ဖြစ်ကြောင်း အဘိသင်္ခါရတို့သည်) ဧတေသံတိ ပုထုဇ္ဇနာ"ဟု ပြုပါ၊ (တစ်နည်း) "ဓာတူနံ အနေကတ္ထတ္တာ"နှင့်အညီ, ဇနဓာတ်သည်ပင် ဤနေရာ၌

ပြုစီမံတတ်ကုန်၏၊ ဣတိ ပုထုဇ္ဇနာ၊ ပုထုနာနာသြဃေဟိ–များစွာသော အမျိုးမျိုးသော သြဃတို့သည်၊ ဝုယှန္တိ–မျောအပ်ကုန်၏၊ ဣတိ ပုထုဇ္ဇနာ၊ ပုထုနာနာသန္တာပေဟိ–များစွာကုန်သော အမျိုးမျိုးသော ပူလောင်တတ်သော ရာဂမီး အစရှိသည်တို့သည်၊ သန္တပ္ပန္တိ–ပြင်းစွာ ပူလောင်အပ်ကုန်၏၊ ဣတိ ပုထုဇ္ဇနာ၊ ("ပုထု၊ ပေ၊ ဟိ–တို့ဖြင့်၊ သန္တပ္ပန္တိ–ပြင်းစွာ ပူလောင်ကြရကုန်၏" ဟုလည်း ပေး၊) ပုထုနာနာပရိဠာဟေဟိ–များစွာကုန်သော အမျိုးမျိုးသော ကိလေသာအပူတို့သည်၊ ပရိဍယှန္တိ–ထက်ဝန်းကျင် လောင်အပ်ကုန်၏၊ ဣတိ, ပုထုဇ္ဇနာ–တို့မည်၏။

ပုထု–များစွာကုန်သော ကာမဂုဏ်တို့၌၊ ပဉ္စသု–န်သော၊ ကာမဂုဏေသု–တို့၌၊ ရတ္တာ–ဆိုးရည်စွဲသကဲ့သို့ တပ်စွဲနေကုန်ပြီ၊ ဂိဒ္ဓါ–လွန်စွာ မက်မောကုန်ပြီ၊

---

အဘိသင်္ခရဏအနက်ကိုလည်းကောင်း, နောက်၌ ဝဟန သန္တပ္ပနစသော အနက်များကို လည်းကောင်း ဟော၏၊ ထို့ကြောင့် "ဇနေန္တီတိ ဇနာ"ဟု ပြု၍ "ပုထု–များစွာသော အဘိသင်္ခါရတို့ကို+ဇနာ–ပြုစီမံတတ်သူတို့တည်း၊ ဣတိ ပုထုဇ္ဇနာ–တို့"ဟု ပြုပါ။

**ပုထု ပေ၊ ဝုယှန္တိ။** ။"များစွာသော သြဃတို့သည် မျောအပ်သူတို့"ဟု ဆိုသဖြင့် "များစွာ သြဃရှိသူတို့"ဟူသောအနက်ကို ပြ၏၊ ထို့ကြောင့် "ဇာယန္တိ ဧတေဟီတိ ဇနာ–သတ္တဝါတို့၏ ဖြစ်ကြောင်းသြဃတို့"ဟု ပြု၍ "ပုထု–ဇနာ ဧတေသံတိ ပုထုဇ္ဇနာ"ဟု ပြုပါ၊ (တစ်နည်း) ဇနဓာတ်၏ ဝဟနအနက်ကို ယူ၍ "ပုထု–များစွာသော သြဃတို့သည်+ဇနာ–မျောအပ်သော သတ္တဝါတို့တည်း၊ ပုထုဇ္ဇနာ–တို့"ဟုလည်း ပြုပါ။

**ပုထု ပေ၊ သန္တပ္ပန္တိ။** ။ပြင်းစွာ ပူလောင်တတ်သောကြောင့် ရာဂမီးစသည်ကို "သန္တာပ"ဟု ခေါ်၏၊ ဇာယန္တိ ဧတေဟီတိ ဇနာ၊ ပုထု+ဇနာ (ဖြစ်ကြောင်းရာဂစသောအပူတို့သည်၊) ဧတေသံတိ ပုထုဇ္ဇနာ၊ "ပရိဍယှန္တိ"ဟူသော နောက်ဝါကျ၌လည်း နည်းတူ၊ ကိလေသာအားလုံးကို "ပရိဠာဟ"ဟု ခေါ်သည်၊ ဤ နှစ်ဝါကျတို့၌လည်း "ဇာယန္တိ ဧတေဟီတိ ဇနာ"ဟု ပြု၍၊ "ပုထု+ဇနာ (ရာဂစသော မီးတို့သည်, ရာဂစသော ကိလေသာအပူတို့သည်၊) ဧတေသံတိ ပုထုဇ္ဇနာ–တို့"ဟု ပြုပါ၊ ["ပုထု–များစွာသော ရာဂစသော မီးတို့သည်၊ ဇနာ–ပူလောင်အပ်သူတို့တည်း၊ ပုထုဇ္ဇနာ–တို့"ဟုလည်း တစ်နည်းပြုပါ။]

**ပုထု ပေ၊ ရတ္တာ, ဂိဒ္ဓါ။** ။ပုထုကို "ပဉ္စသု ကာမဂုဏေသု"ဟု ဖွင့်၏၊ ပုထု နောင် သုဝိဘတ်အကြေ ကြေပါ၊ "ကာမဂုဏ်တို့၌တပ်မက်တတ်"ဟု ဆိုသဖြင့် "ကာမဂုဏ်တို့၌ဖြစ်သော ရာဂဂေဓ စသည်ရှိသူများ"ဟု အဓိပ္ပာယ်ရ၏၊ ထို့ကြောင့် "ဇာယ . တီတိ ဇနော–ဖြစ်တတ်သော ရာဂဂေဓစသည်"ဟု ပြု၍ "ပုထု+ဇနော ဧတေသန္တိ ပုထုဇ္ဇနာ–များစွာသော+ဖြစ်တတ်သော ရာဂဂေဓာတ် စသည်ရှိသူတို့"ဟု ပြုပါ၊ (တစ်နည်း) "ဇာယန္တီတိ ဇနာ–ဖြစ်တတ် တပ်မက်တတ်သူတို့၊ "ပုထူသု+ဇနာ ပုထုဇ္ဇနာ"ဟု ဋီကာပြု၏၊ ရတ္တာ, ဂိဒ္ဓါစသော သဒ္ဒါတို့သည် တဏှာရာဂ ကာမစ္ဆန္ဒ ရှိသူကိုချည်း ဟောသောကြောင့် ပရိယာယ် သဒ္ဒါများတည်း၊ သို့သော် သဒ္ဒါနက်အားဖြင့် ကွား ထူးကြ၏၊ ထို့ကြောင့် အဝတ်ဖြူကို ဆိုးရည်ဖြင့် ဆိုးသောအခါ နဂိုဖြူသော

ဂဓိတာ–ကြံစည်တတ်သောရာဂဖြင့် တောင့်တစွဲလမ်းကြကုန်ပြီ [ဂဓိတာ–အဖြည်ခက်အောင်ထုံးဖွဲ့အပ်သကဲ့သို့ ဖြစ်ကုန်ပြီ၊] မုစ္ဆိတာ–မိန်းမောတွေဝေသကဲ့သို့ ဖြစ်ကုန်ပြီ၊ အဇ္ဈောသန္နာ–လွှမ်းမိုးသက်ရောက်အပ်ကုန်ပြီ၊ (တစ်နည်း) အဇ္ဈောသိတာ (အဇ္ဈောသာနာ)–မျိုမြို၍ ပြီးဆုံးကုန်ပြီ၊ လဂ္ဂါ–ကပ်ငြိကုန်ပြီ၊

---

အဆင်းမှ ပြောင်းလွဲ၍ ဆိုးရည်စွဲနေသကဲ့သို့ ဆန္ဒရာဂဖြင့်ကာမဂုဏ်တို့၌ ဆိုးထားသူ တပ်စွဲနေသူတို့ကို "ရတ္တာ"ဟု ခေါ်ရသည်၊ ရဉ္ဇဓာတ်, တပစ္စည်း၊ ရဉ္ဇ်သု–တပ်စွဲကုန်ပြီ၊ "ဣတိ ရတ္တာ၊ ဂိဓဓာတ်, တပစ္စည်း၊ ဂိဓဓာတ်သည် အလွန် လိုချင်ခြင်းအနက်ကို ဟော၏၊ ထို့ကြောင့် ဂိဇ္ဈိံသု–အလွန် လိုချင်ကုန်ပြီ၊ ဣတိ ဂိဒ္ဓါ"ဟု ပြု၊ [ရတ္တာ ဂိဒ္ဓါတိအာဒိ ပရိယာယဝစနံ၊ အပိစ (သို့သော်လည်း) ရတ္တာတိ ဝတ္ထုဝိယ ရင်္ဂဇာတေန စိတ္တဿ ဝိပရိဏာမကရေန ဆန္ဒရာဂေနရတ္တာ၊ ဂိဒ္ဓါတိ အဘိကခ်သဘာဝေန အဘိဂိဇ္ဈနေန ဂိဒ္ဓါ၊–သီလက္ခန် ဋီကာသစ်။]

**ဂဓိတာ။** ။မဟာနိဒ္ဒေသေ, ဂုဟဋ္ဌသုတ်အဋ္ဌကထာ၌ "ဂဓိတာတိ သင်္ဂမှရာဂေန ပစ္စယာသိသမာနာ ဟုတွာ ဂဓိတာ"ဟု ဖွင့်၏၊ ဤအလို ဂဓဓာတ် မရှိသော ကြောင့် ဂါဓာတ်၏ ဣစ္ဆာအနက်ကို ဖွင့်သည်ဟု ကြံဖွယ်ရှိ၏၊ ဂါ၌ ရသပြု၊ မူလ ပဏ္ဏာသ, မူလပရိယာယဝဂ်, (၁) သုတ်ဋီကာ၌ကား "ဂဓိတာတိ ဂန္ထိတာဝိယ (ထုံးဖွဲ့အပ်သကဲ့သို့) ဒုမ္မောစနီယဘာဝေန (အဖြည်ခက်ကုန်သည်၏ အဖြစ်ဖြင့်၊) တတ္ထ ပဋိဗဒ္ဓါ"ဟု ဖွင့်၏၊ နောက်ဆရာတို့ကား "ဂထိတာ"ဟု ပြင်ကြ၏၊ သို့သော် "ဂထ"ဓာတ်ကို မတွေ့ရ။

**မုစ္ဆိတာ။** ။မုစ္ဆဓာတ်သည် တွေဝေခြင်း အနက်ဟောတည်း၊ ကိလေသာဝိသန ဝသေန (ကိလေသာပျံ့ဝင်ခြင်း၏ အစွမ်းကြောင့်) ဝိသညီဘူတာဝိယ အနညကိစ္စမောဟံ သမာပန္နာ–သညာကင်းသကဲ့သို့ ဖြစ်ကုန်လျက် ကာမဂုဏ်ကိစ္စမှတစ်ပါး အခြားကိစ္စ တို့၌ စိတ်မဝင်စားနိုင်လောက်အောင် တွေဝေခြင်းသို့ ရောက်ကုန်ပြီ၊ သီလက္ခန် ဋီကာသစ်၊ ပဏ္ဏာသဋီကာ၌လည်း အလားတူဖွင့်၏၊ သို့သော် ပါဠ်ပျက်နေဟန်တူသည်။

**အဇ္ဈောသန္နာ။** ။"ကာမနန္ဒိယာ–ကာမတို့၌ နှစ်သက်သော တဏှာသည်၊ အဓိ+ဩသန္နာ–လွှမ်းမိုး သက်ရောက်အပ်ကုန်ပြီ၊ အဇ္ဈောတ္ထဋ္ဌာ–လွှမ်းမိုးအပ်ကုန်ပြီ" ဟု မဟာနိဒ္ဒေသ အဋ္ဌကထာဖွင့်၏၊ ဤအလို အဇ္ဈောသန္နာကို ပါဠ်မှန်ဟု ယူသင့်၏၊ သန္နာ၌ သဒဓာတ်, တပစ္စည်း၊ ပဏ္ဏာသဋီကာ၌ကား "အနညသာဓာရဏေဝိယ+ ကတွာ–သူတစ်ပါးတို့နှင့် မဆက်ဆံကုန် (မဆိုင်ကုန်)သကဲ့သို့ ပြု၍၊ ဂိလိတွာ–မျိုချ၍၊ ပရိနိဋ္ဌာပေတွာ–ထက်ဝန်းကျင် ပြီးဆုံးစေ၍၊ ဋ္ဌိတာ"ဟု ဖွင့်၏၊ ဤအလို အဓိ+အဝ+ သာဓာတ်, (ပြီးဆုံးခြင်းအနက်ဟော၊) အာနပစ္စည်းဖြင့် "အဇ္ဈောသာနာ"ဟု ရရှိပေလိမ့်မည်၊ [စာအုပ်တို့၌ "အဇ္ဈောသိတာ"ဟု တွေ့ရ၏၊ "အဓိ+အဝ+(အဝကို ဩပြု၊) သာဓာတ် (တ)ပစ္စည်း"ဟု ကြံပါ။]

**လဂ္ဂါ။** ။လဂဓာတ်, တပစ္စည်း၊ လဂဓာတ်သည် သင်္ဂ (ကပ်ငြိခြင်း)အနက်ကို ဟော၏၊ ထို့ကြောင့် ဗြဟ္မဇာလသုတ် သီလက္ခန်ဋီကာသစ်၌ "ဝင်္ကကဏ္ဍကေဝိယ အာသတ္တာ–ကောက်သောဆူး၌ ကပ်ငြိဝင်ကုန်သကဲ့သို့ ကာမဂုဏ်တို့၌ ကပ်ငြိကုန်ပြီ"

လဂိတာ–ကပ်ငြိခြင်းသို့ ရောက်ကုန်ပြီ၊ (တစ်နည်း) လဂ္ဂိတာ–လွန်စွာ ဖြစ်သော ကပ်ငြိခြင်းရှိကုန်ပြီ၊ ပလိဗုဒ္ဓါ–ဆက်စပ်နေကုန်ပြီ၊ (တစ်နည်း) နှိပ်စက်အပ်ကုန်ပြီ၊ [ပဉ္စဟိ ကာမဂုဏေဟိပဟု ပြင်၊] ဣတိ–ကြောင့်၊ ပုထုဇ္ဇနာ–တို့မည်၏။

ပုထု–များစွာသော နီဝရဏတို့သည်၊ ပဉ္စဟိ–ငါးပါးကုန်သော၊ နီဝရဏေဟိ–နီဝရဏတို့သည်၊ အာဝုတာ–အစစွာ ပိတ်ဆို့အပ်ကုန်ပြီ၊ နိဝုတာ–တားမြစ်အပ်ကုန်ပြီ၊ ဩဝုတာ–မွေးရှက်အပ်ကုန်ပြီ၊ [စာအုပ်တို့၌ "ဩဖုဋ္ဌာ"ဟု တွေ့ရ၏၊]

ဟုလည်းကောင်း, "မဟာပလိပေဝါပတနေန နာသိကဂ္ဂပလိပန္န ပုရိသောဝိယ ဥဒ္ဓရိတု မသတ္တာ့ ဏေယျာဘာဝေန နိမုဂ္ဂါ–ကြီးစွာသောညွံ၌ကျခြင်းကြောင့် နှာသီးဖျားတိုင်အောင် နစ်မြုပ်နေသော ယောကျ်ားကဲ့သို့ ထုတ်ဆယ်ခြင်းငှာ မတတ်ကောင်းသည်၏ အဖြစ်ဖြင့် ကာမဂုဏ်တို့၌ နစ်မြုပ်ကုန်ပြီ"ဟုလည်းကောင်း ဖွင့်သည်။

**လဂ္ဂိတာ။** ။လဂဓာတ်, တပစ္စည်း၊ မက္ကဋ္ဌာလေပေနဝိယ မက္ကဋ္ဌော–မျောက်သည် မျောက်နဲ့စေးအားဖြင့် ထိုအရပ်၌ ကပ်ငြိနေသကဲ့သို့ "ပဉ္စန္နံ ဣန္ဒြိယာနံ ဝသေန အာသိဂီတာ–ကာမဂုဏ်တို့၌ငါးပါးသော ဣန္ဒြေတို့၏အစွမ်းဖြင့် ကပ်ငြိနေကုန်ပြီ" ဟူသော မူလဋီကာဖွင့်ကိုထောက်၍ "လဂိတာ"ဟုသာ ရှိသင့်၏၊ "လဂ္ဂိတာ"ဟု မရှိသင့်၊ (တစ်နည်း) လဂ္ဂပုဒ်နောင် သဉ္ဇာတ အသတ္ထိအနက်၌ ဣတပစ္စည်းသက်၍ "လဂ္ဂိတာ–လွန်စွာဖြစ်သော ကပ်ငြိခြင်းရှိကုန်ပြီ"ဟုသော်လည်း ကြံပါ။

**ပလိဗုဒ္ဓါ။** ။စုရာဒိ ဗုဒ္ဓဓာတ်သည် ဗန္ဓနအနက်ကို ဟော၏၊ ထို ဗုဒ္ဓဓာတ်ကို ရည်ရွယ်၍ "သမ္ဗုဒ္ဓါ–ဆက်စပ်နေကုန်ပြီ"ဟုလည်းကောင်း, ဗုဓိဓာတ်သည် "ဟိံသန" အနက်ကို ဟော၏၊ ထိုဗုဓိဓာတ်ကို ရည်ရွယ်၍ "ဥပဒ္ဒုတာ"ဟုလည်းကောင်း ဋီကာတို့ ဖွင့်ကြသည်။

**ပုထု ပဉ္စဟိ ၊ပေ၊ ပဋိကုဇ္ဇိတာ။** ။ပုထုကို "ပဉ္စဟိ နီဝရဏေဟိ"ဟု သရုပ်ပြသည်၊ ပုထုနောင် ဟိဝိဘတ်ကြေ၊ ဓာယန္တိ ဧတေဟီတိ ဇနာ–ဖြစ်ကြောင်းနီဝရဏတို့၊ ပုထု+ဇနာ ဧတေသန္တိ ပုထုဇ္ဇနာ–များစွာကုန်သော နီဝရဏရှိသော ပုဂ္ဂိုလ်တို့၊ (တစ်နည်း) ဇနီယန္တေတိ ဇနာ၊ ပုထူဟိ–များစွာသော နီဝရဏတို့သည်၊ ဇနာ–ဖြစ်စေအပ်, ပိတ်ဖုံးအပ်သော ပုဂ္ဂိုလ်တို့တည်း၊ ပုထုဇ္ဇနာ–တို့။

**အာဝုတာ နိဝုတာ။** ။အာဝုတာ စသည်တို့လည်း ပရိယာယ်သဒ္ဒါများပင်တည်း၊ သို့သော် သဒ္ဒတ္ထအားဖြင့်ကား ကွဲပြားသေး၏၊ ထို့ကြောင့် အာဝုတာကို "အာဝရိတာ–ပိတ်ဆို့အပ်ကုန်ပြီ၊"ဟု ဖွင့်၏၊ အာပုဗ္ဗ, "ဝု–သံဝရဏေ"ဟူသော ဓာတ်, တပစ္စည်း၊ တကို ဋပြု၊ နိဝုတာတိ နိဝါရိတာ (တားမြစ်အပ်ကုန်ပြီ။)

**ဩဝုတာ။** ။"ဩဝုတာတိ အဝတ္ထရိတွာ ဆာဒိတာ"ဟု မဟာနိဒ္ဒေသဂုဟဋ္ဌကသုတ် အဋ္ဌကထာဖွင့်သည်၊ ဤ၌ ဝုဓာတ်ကို "ဆာဒိတာ"ဟု ဖွင့်သောကြောင့် "ဩဝုတာ"ဟု ရှိသင့်၏၊ စာအုပ်တို့၌ "ဩဖုဋ္ဌာ"ဟု တွေ့ရသည်၊ ဓာတွတ္ထသင်္ဂဟ၌ "ဖုဍ–အာဝရဏေ"ဟု ရှိသောကြောင့် "ဩဖုဍ္ဍာ"ရှိလျှင် တော်သေး၏၊ သီလက္ခန်ဋီကာသစ်၌ကား "ပလိဂုဏ္ဌိတာ–ထက်ဝန်းကျင် ရစ်ပတ်အပ်ကုန်ပြီ၊ ပရိယောနဒ္ဓါဝါ–(တစ်နည်း) မွေးယှက်အပ်ကုန်ပြီ၊"ဟု (ပဏ္ဍာသဋီကာအတိုင်း)ဖွင့်၏၊ ထိုအဖွင့်နှင့် လျော်သော "ဩနဒ္ဓါ"ပါဌ်လည်း သီလက္ခန်–တေဝိဇ္ဇသုတ်၌ မူကွဲရှိသည်။

ပိဟိတာ–ပိတ်အပ်ကုန်ပြီ၊ ပဋိစ္ဆန္နာ–ဖုံးလွှမ်းအပ်ကုန်ပြီ၊ ပဋိကုဇ္ဇိတာ–မှောက် အပ်ကုန်ပြီ၊ ဣတိ, ပုထုဇ္ဇနာ–တို့မည်၏။

ဝါ–တစ်နည်း၊ (အချို့ စာအုပ်များ၌ ဝါသဒ္ဒါမပါ၊) ပုထူနံ–များစွာကုန်သော၊ ဂဏာနပထံ–ဂဏန်းလမ်းကို၊ (တစ်မှစ၍ အသင်္ချေယျတိုင်အောင် ဂဏန်လမ်းကို၊) အတီတာနံ–လွန်ကုန်သော၊ အရိယဓမ္မပရမ္မုခါနံ–အရိယာတရားတို့မှ မျက်နှာလွှဲဖြစ်ကုန်သော၊ နိစဓမ္မသမာစာရာနံ–နိမ့်ကျသော တရားဟူသော အကျင့်ရှိကုန်သော၊ ဇနာနံ–သတ္တဝါတို့၏၊ အန္တောဂဓတ္တာပိ–အတွင်း၌ ဖြစ်ကုန် သည်၏အဖြစ်ကြောင့်လည်း၊ ပုထုဇ္ဇနော–မည်၏၊ အယံ–ဤ လူအပေါင်းသည်၊ ပုထုဝ (ပုထဝေဝ)–အသီးအခြားသာတည်း၊ သီလသုတာဒိ ဂုဏ ယုတ္တေဟိ–သီလ သုတအစရှိသော ဂုဏ်တို့နှင့်ယှဉ်ကုန်သော၊ အရိယေဟိ–အရိယာဖြစ်ကုန် သော၊ ဇနေဟိ–လူတို့နှင့်၊ ဝါ–တို့မှ၊ ဝိသံယောဝ–အသီးအခြားသာလျှင်၊ သင်္ချံ–ရေတွက်အပ်သည်၏အဖြစ်သို့၊ ဂတော–ရောက်သော၊ ဝိသံသဋ္ဌော–မရောနှော သော၊ ဇနော–လူအပေါင်းတည်း၊ ဣတိပိ–ကြောင့်လည်း၊ ပုထုဇ္ဇနော–မည်၏၊ [ဣတိပိ–ဟု ပိ ပါသောကြောင့် ရှေ့၌ဝါသဒ္ဒါ မလိုဟု မှတ်ပါ။]

---

**ပိဟိတာ ၊ပေ၊ ပဋိကုဇ္ဇိတာ။** ။"ပိဟိတာတိ ပိဒဟိတာ–ပိတ်အပ်ကုန်ပြီ၊ [အပိပုဗ္ဗ ဓာဓာတ်, ဓကို ဟ, အာကို ဣပြု၊] ပဋိစ္ဆန္နာတိ ဆာဒိတာ–ဖုံးအပ်ကုန်ပြီ၊ ပဋိကုဇ္ဇိတာတိ ဟေဋ္ဌာမုခဇာတာ–အောက်၌ဖြစ်သော မျက်နှာရှိကုန်ပြီ၊ တစ်နည်း မှောက်အပ်ကုန်ပြီ"ဟု သီလက္ခန်ဋီကာသစ် ဖွင့်သည်၊ [ပဋိကုဇ္ဇိတာတိ ပုထုဇ္ဇနာတိ ဟု သာဓကအဆုံး၌ "ဣတိ"သဒ္ဒါ ပါစေ။]

**ပုထူနံ ၊ပေ၊ ဂဓတ္တာပိ။** ။ဂါထာရှေ့ နှစ်ပါဒ၏အကျယ်ကို ပြပြီး၍, တတိယပါဒ၏ အကျယ်ကို ပြလိုသောကြောင့် "ပုထူနံ"စသည်ကို မိန့်သည်၊ ဤ အဖွင့်ကို ကြည့်၍ "ဓာယတီတိ ဇနော၊ ပုထုသု နိစဓမ္မသမာစာရေသု–များစွာသော ယုတ်နိမ့်သော တရားအကျင့် ရှိသူတို့၌+ဇနော–ဖြစ်သူ (ပါဝင်သူ)တည်း၊ ပုထုဇ္ဇနော–သူ"ဟုလည်းကောင်း, "ပုထူနံ–တို့၏+အဗ္ဘန္တရေ–အတွင်း၌+ဇနော–ဖြစ်သူတည်း၊ ဝါ–ပါဝင်သူတည်း၊ ပုထုဇ္ဇနော"ဟုလည်းကောင်း, "ပုထု (ဗဟုကော)–များစွာသော+ ဇနော–သတ္တဝါတည်း၊ ပုထုဇ္ဇ နော"ဟုလည်းကောင်း ဋီကာသစ်၌ ဝိဂ္ဂြိုဟ်ပြုထားသည်။

**ပုထုဝါယံ ၊ပေ၊ ဇနေဟိ။** ။ဤကား ဂါထာ၏စတုတ္ထပါဒ၏ အဖွင့်တည်း၊ ပုထုဝကို (တစ်နည်း) ပုထဝေကို "ဝိသုံယေဝ သင်္ချံဂတော"ဟု ဖွင့်၍, ထိုကိုပင် "ဝိသံသဋ္ဌော"ဟု အဖြောင့်ဖွင့်သည်၊ ဝိဂ္ဂြိုဟ်ကိုကား "ပုထုဧဝ (ပုထဝေဝ)–အရိယာတို့မှ တစ်သီး တစ်ခြားသာလျှင်ဖြစ်သော+ဇနော–လူအပေါင်းတည်း၊ ပုထုဇ္ဇနော" ဟု ဋီကာသစ်ပြုထားသည်။

**မှတ်ချက်။** ။"ပုထုဝါယံ"ကို "ပုထဂါယံ"ဟု ပြင်ကြ၏၊ ပြခဲ့သော သက္ကတ ပုဒ်ရင်းလိုက်၍ ပြင်ခြင်းဖြစ်သည်၊ ထို့သို့ပြင်လိုလျှင် အဋ္ဌကထာ စာအုပ်များဝယ် "ပုထုဂါယံ"ဟု ဂါထာ၌လည်းကောင်း, "ပုထဝေဝါယံ"ဟု အကျယ်၌လည်းကောင်း

ဇဝံ–ဤသို့၊ အသုတဝါပုထုဇ္ဇနောတိ–ဟူကုန်သော၊ ဒွိဟိ–န်သော၊ ဧတေဟိ ပဒေဟိ–တို့ဖြင့်၊ ဒုဝေ ပုထုဇ္ဇနာ၊ ပေ၊ ကလျာဏောကော ပုထုဇ္ဇနောတိ–ဟူ၍၊ ဒွေ–န်သော၊ ယေတေပုထုဇ္ဇနာ–အကြင် ပုထုဇဉ်တို့ကို၊ ဝုတ္တာ–ဟော တော်မူအပ်ကုန်ပြီ၊ တေသု–ထို နှစ်မျိုးသော ပုထုဇဉ်တို့တွင်၊ အန္ဓပုထုဇ္ဇနော–အန္ဓပုထုဇဉ်သည်၊ ဝါ–ကို၊ ဝုတ္တော–ဟော့တော်မူအပ်သည်၊ ဟောတိ၊ ဣတိ ဝေဒိတဗ္ဗော၊ [အာဒိစ္စဗန္ဓုနာ–နေမင်း၏ဆွေတော်မျိုးတော် ဖြစ်တော်မူသော၊ ဗုဒ္ဓေန–မြတ်စွာဘုရားသည်၊ အန္ဓော–ပညာမျက်စိအားဖြင့်ကန်းသော၊ ဧကော–တစ်မျိုးသော၊ ပုထုဇ္ဇနော–ပုထုဇဉ်လည်းကောင်း၊ ကလျာဏော–ပညာမျက်စိ အားဖြင့်ကောင်းသော၊ ဧကော–သော၊ ပုထုဇ္ဇနော–လည်းကောင်း၊ (ဣတိ–သို့၊) ဒုဝေ–နှစ်မျိုးကုန်သော၊ ပုထုဇ္ဇနာ–တို့ကို၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်ပြီ။

အရိယာနံ အဒဿာဝီတိအာဒီသု–အစရှိသော ပါဠိရပ်တို့၌၊ (ဝိနိစ္ဆယော, ဇဝံ ဝေဒိတဗ္ဗော၊) ကိလေသေဟိ–တို့မှ၊ အာရကတ္တာ–ဝေးကွာကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အနယေ–ကြီးပွားကြောင်း မဟုတ်သော အကျင့်၌၊

ရှိရပေလိမ့်မည်၊ ဒုတိယနည်း၌ ဝါသဒ္ဒါ မပါသောကြောင့် ဤ တတိယနည်း၌ ဝါသဒ္ဒါ မလို၊ ထိုသို့ရှိလျှင် "ဂေါ သရေ ပုထဿာဂမော"သုတ်ဖြင့် ဂ အက္ခရာလာ၍ "ပုထဂ္ဂဝ"ဟုလည်းကောင်း, "ပုထဿု ဇ္ဇူနေ"သုတ်ဖြင့် အကို ဥပြု၍ "ပုထုဇ္ဇနော"ဟုလည်းကောင်း ပြီးနိုင်သောကြောင့် ကောင်း၏။

**အဿုတဝါ ၊ပေ၊ ပဒေဟိ။** ။"အန္ဓပုထုဇ္ဇနော ဝုတ္တော ဟောတိ"၌ စပ်၊ "အဿုတဝါ–ကြားနာမှတ်သားအပ်သော သုတမရှိ"ဟု ဆိုသောကြောင့် "ခန္ဓာ အာယတန စသည်တို့ကိုသိသော အသိဉာဏ်စက္ခု မရှိ"ဟု ဆိုရာရောက်၏၊ ဘာ့ကြောင့် နည်း–ခန္ဓာ အာယတနစသည်တို့ကို ကြားနာရမှ ထို ကြားနာရမှုကို အခြေခံ၍ ခန္ဓာ စသည်တို့ကို သိသောဉာဏ်, "ရုပ်နာမ်ခန္ဓာသာရှိ၏၊ အတ္တမရှိ"ဟု သိသောဉာဏ်ကို ရနိုင်သောကြောင့်တည်း၊ အခြေခံဖြစ်သော ကြားနာရမှုမျှ မရှိလျှင် ထို ဉာဏ်စက္ခုရဖို့ မှာ သာ၍ ဝေးနေရကား အဿုတဝါပုဒ်ဖြင့် အန္ဓပုထုဇဉ်ဖြစ်ကြောင်းကို ဟောတော် မူအပ်ပြီးဖြစ်တော့သည်၊ [ခန္ဓာယတနာဒီနံ့ သဝနာဓိနတ္တာ ပညာစက္ခုပဋိလာဘဿ, တေသံ သဝနာဘာဝဒီပကံ အဿုတဝါတိ ဣဒံ ပဒံ အန္ဓတံ ဝဒတိ၊–အနု။]

**အာဒိစ္စဗန္ဓုနာ။** ။အာဒိစ္စဿ–ဗန္ဓု အာဒိစ္စဗန္ဓု၊ ထေရဂါထာ, ကေနိပါတ, အဘယတ္ထေရဂါထာ၌ကား "အာဒိစ္စဝံသေ သမ္ဘူတတ္တာ အာဒိစ္စော+ဗန္ဓုဧတဿာတိ အာဒိစ္စဗန္ဓု (ဘဂဝါ)"ဟု အဋ္ဌကထာ ဖွင့်၏၊ ထိုအလို "နေမင်းဟူသော ဆွေတော် မျိုးတော်ရှိသော ဘုရား"ဟု ပေးပါ၊ ထို အဋ္ဌကထာ၌ အခြားနည်းလည်း ဖွင့်သေး၏။

**အာရကတ္တာ။** ။ကိလေသေတိ–တို့မှ၊ အာရကာ–ဝေးကွာသော ပုဂ္ဂိုလ်တို့ တည်း၊ အရိယာ–တို့၊ "သဗ္ဗတ္ထ နိရုတ္တိနယေန ပဒသိဒ္ဓိ ဝေဒိတဗ္ဗာ"ဟု ဋီကာမိန့်သော ကြောင့် "အာရကာ"ပုဒ်မှ အာကို အ, ရ၏ အကို ဣ, ကကို ယပြုခြင်းဟူသော ဝဏ္ဏဝိကာရ နိရုတ္တိနည်းအားဖြင့် "အရိယာ"ဟု ပြီးရသည်။

န ဏ္ဍရိယနတော–မဖြစ်တတ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဏ္ဍရိယနဋ္ဌ ဘာဝပ္ပစာန ကြံ၊] အယေ–ကြီးပွားကြောင်းအကျင့်၌၊ ဏ္ဍရိယန တော–ဖြစ်တတ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သဒေဝကေန– နတ်နှင့်တကွဖြစ်သော၊ လောကေန–သတ္တလောကသည်၊ အရဏီယတောစ– ဆည်းကပ်ထိုက်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဗုဒ္ဓါစ–တို့ကို လည်းကောင်း၊ ပစ္စေကဗုဒ္ဓါစ–တို့ကိုလည်းကောင်း၊ ဗုဒ္ဓသာဝကာစ–မြတ်စွာ ဘုရား၏ သာဝကတို့ကိုလည်းကောင်း၊ အရိယာနာမ–အရိယာတို့မည်၏ ဟူ၍၊ ဝုစ္စန္တိ–ဆိုအပ်ကုန်၏။

ဝါ–တစ်နည်း၊ ဣဓ–ဤ အရိယာနံ အဒဿာဝီဟူသော ပါဌ်၌၊ ဗုဒ္ဓါဧဝ– ဘုရားရှင်တို့သည်သာ၊ အရိယာ–အရိယာတို့မည်၏၊ [ဧဝဖြင့် ပစ္စေကဗုဒ္ဓါ, ဗုဒ္ဓသာဝကတို့ကို ကန့်၊] ယထာဟ, သဒေဝကေ ၊ပေ၊ အရိယောတိ ဝုစ္စတီတိ– ဟူ၍၊ (အာဟ၊) [ဘိက္ခဝေ–တို့၊ သဒေဝကေ–နတ်နှင့်တကွဖြစ်သော၊ ပေ၊ လောကေ–၌၊ တထာဂတော–ကို၊ အရိယောတိ–အရိယဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏၊

**အနယေ န ဣရိယနတော။** ။အယဓာတ်သည် ဂတိအနက်ကို ဟော၏၊ ဧတေန–ဤ နည်းလမ်းဖြင့်၊ အယတိ–ဖြစ်တတ် ကြီးပွားတတ်၏၊ ဣတိ အယော၊ န+အယော အနယော–ကြီးပွားကြောင်းမဟုတ်သော (ကြီးပွားခြင်း၏ဆန့်ကျင်ဘက်ဖြစ် သော) အကျင့်၊ ဣရိယဓာတ်လည်း ဓိဝုတ္တိ (အသက်၏ဖြစ်ခြင်း) အနက်ဟောတည်း၊ ဣရိယန္တီတိ ဣရိယာ၊ အနယေ–ကြီးပွားကြောင်းမဟုတ်သော အကျင့်၌+နဣရိယာ– မဖြစ်တတ်သော ပုဂ္ဂိုလ်တို့တည်း၊ အရိယာ–တို့၊ "အနယ+နဣရိယ"ဟု ဆိုလိုလျက် န+ယ+န+ဣတို့ကို ဝဏ္ဏနာသ နိရုတ္တိနည်းအားဖြင့် ချေ၍ "အရိယ"ဟု ပြီးသည်။

**အယေ ၊ပေ၊ အရဏီယတော။** ။ဣရိယန္တီတိ ဣရိယာ၊ အယေ–ကြီးပွား ကြောင်း အကျင့်၌+ဣရိယာ–ဖြစ်တတ်သော ပုဂ္ဂိုလ်တို့တည်း၊ အရိယာ–တို့၊ ယ– ဣ တို့ကိုချေ၍ "အရိယ"ဟု ပြီးသည်၊ ... "အရဏီယတော"ဖြင့် "အရဏီယာတိ အရိယာ (အရိယန္တေတိ အရိယာ)–ဆည်းကပ်အပ် ဆည်းကပ်ထိုက်သော ပုဂ္ဂိုလ်တို့"ဟု ပြုဖို့ရန် ပြသည်၊ "အရ–ဂတိမှိ"ဟူသောဓာတ်နောင် ဏျပစ္စည်း, ဣ အာဂုံ။

**ဗုဒ္ဓါစ ၊ပေ၊ ဝုစ္စန္တိ။** ။ဤပြခဲ့သော ဝစနတ္ထများနှင့်အညီ ပုထုဇဉ်သူတော် ကောင်းလည်း အရိယာအမည်ရသင့်ပါ၏၊ သို့သော် အရိယဟူသောအမည်၏ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ အရိယာဖြစ်ပြီးသော ဗုဒ္ဓသာဝကတို့၌သာ ထင်ရှားသောအထင်ရှဋ္ဌိအမည် ဖြစ်ကြောင်း သိစေလို၍ "ဗုဒ္ဓါစ ၊ပေ၊ ဝုစ္စန္တိ"ဟု ဝုစ္စန္တိကြိယာဖြင့် မိန့်သည်၊ [ယဒိပိ အရိယသဒ္ဒေါ ဝိသုဒ္ဓါသယပယောဂေသု (စင်ကြယ်သော အာသယပယောဂရှိကုန်သော) ပုထုဇ္ဇနေသုပိ ဝတ္တတိ၊ ဣဓ ပန အရိယ မဂ္ဂါဓိဂမေန သဗ္ဗလောကုတ္တမဘာဝေနေဝ (အလုံးစုံသော သတ္တဝါတို့ထက် မြတ်ကုန်သည်၏ အဖြစ်ဖြင့်သာလျှင်၊) အရိယဘာဝေါ အဓိပ္ပေတောတိ ဒဿေန္တော အာဟ–ဗုဒ္ဓါစာတိ အာဒိ၊–ယောဇနာ။]

**ဗုဒ္ဓါဧဝအရိယာ။** ။ဤနည်း၌ကား အရိယာအရဝယ် ဗုဒ္ဓ ပစ္စေကဗုဒ္ဓသာဝက အားလုံးကို ရနိုင်သော်လည်း ဥက္ကဋ္ဌနိဒ္ဒေသနည်းအားဖြင့် အမြတ်ဆုံးအရိယဖြစ်တော် မူသော ဗုဒ္ဓကိုသာ "အရိယ"ဟု ယူရသည်။

မဟာဝဂ္ဂသံယုတ်, ကောဋ္ဌိဂါမဝဂ်, လောကသုတ်၊] ပန–ကား၊ သပ္ပုရိသာတိ ဧတ္ထ–ဟူသောဤပါဠိ၌၊ ပစ္စေကဗုဒ္ဓါ–တို့ကိုလည်းကောင်း၊ တထာဂတသာဝကာစ–တို့ကိုလည်းကောင်း၊ သပ္ပုရိသာတိ–တို့ဟူ၍၊ ဝေဒိတဗ္ဗာ–န်၏၊ ဟိ–မှန်၊ တေ–ထိုပစ္စေက ဗုဒ္ဓါ တထာဂတသာဝကတို့သည်၊ လောကုတ္တရ ဂုဏယောဂေန–လောကုတ္တရာ ဂုဏ်နှင့်ယှဉ်ခြင်းကြောင့်၊ သောဘနာ–တင့်တယ်ကုန်သော၊ ပုရိသာ–ယောကျ်ားတို့တည်း၊ ဣတိ–ကြောင့်၊ သပ္ပုရိသာ–တို့မည်၏၊ ဝါ–တစ်နည်း၊ သဗ္ဗေဝ–အလုံးစုံသာလျှင်ဖြစ်ကုန်သော၊ ဧတေ–ဤဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ဗုဒ္ဓသာဝကတို့ကို၊ ဒွေဓာပိ–အားဖြင့်လည်း၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်ပြီ၊ ဟိ–မှန်၊ ဗုဒ္ဓါပိ–တို့သည်လည်း၊ အရိယာစ–အရိယာတို့လည်းမည်၏၊ သပ္ပုရိသာစ–သပ္ပုရိသ တို့လည်းမည်၏၊ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကာပိ–ပစ္စေက ဗုဒ္ဓါ, ဗုဒ္ဓသာဝကတို့ သည်လည်း၊ (အရိယာစ–တို့လည်းမည်၏၊ သပ္ပုရိသာစ–တို့လည်းမည်၏။)

ယထာဟ–နည်း၊ ယော ၊ပေ၊ ဝဒန္တီ တိ–ဟူ၍၊ (အာဟ–ပြီ၊) [ယောမိရော–အကြင် ပညာရှိသည်၊ ဝေ–စင်စစ်၊ ကတညူ–သူတစ်ပါးတို့ ပြုအပ်ပြီးသော ကျေးဇူးကို သိလေ့ရှိသည်လည်းကောင်း၊ ကတဝေဒီ–သူတစ်ပါးတို့ ပြုအပ်ပြီး သောကျေးဇူးကို ထင်ရှားစေလေ့ရှိသည်လည်းကောင်း၊ ဝါ–သူတစ်ပါးတို့ ပြုအပ် ပြီးသောကျေးဇူးကို ထင်ရှားအောင် ဆပ်လေ့ရှိသည်လည်းကောင်း၊ ကလျာဏ မိတ္တော–ကောင်းသော မိတ်ဆွေရှိသည်လည်းကောင်း၊ ဒဠ္ဟဘတ္တိ(စ)–ခိုင်မြဲသော ဆည်းကပ်ခြင်းရှိသည်လည်းကောင်း၊ ဟောတိ၊ ဒုက္ခိသဿ(ဒုက္ခိတဿ)–ဒုက္ခ ရှိသူ၏၊ ဝါ–ဒုက္ခရောက်နေသူ၏၊ ကိစ္စံ–ကိစ္စကို၊ သက္ကစ္စ–ကောင်းစွာ ပြု၍၊ ဝါ–လေးလေးစားစား၊ ကရောတိ–ပြု၏၊ တထာဝိဓံ–ထိုသို့ သဘောရှိသော ပညာရှိကို၊ သပ္ပုရိသံ–တင့်တယ်သော ယောကျ်ားဟူ၍၊ ဝါ–သူတော်ကောင်းဟူ၍၊

---

**သပ္ပုရိသာ။** ။အရိယအရ၌ ဗုဒ္ဓကိုယူပြီးဖြစ်သောကြောင့် သပ္ပုရိသအရ၌ ပါဠိရိသေသနည်းအားဖြင့် ပစ္စေကဗုဒ္ဓါနှင့် တထာဂတသာဝကတို့ကိုသာ ယူရတော့ သည်၊ [သဗ္ဗေဝဝါ စသောနည်း၌ကား ရနိုင်သမျှကို နှစ်ပုဒ်လုံးဖြင့် ယူသည်။]

**ကတညူကတဝေဒီ။** ။[“ယော ဝေ ကတညူ”စသောဂါထာ၌ ရှေ့သုံးပါဒ သည် ဣန္ဒဝဇိရ, စတုတ္ထပါဒသည် ဥပေန္ဒဝဇိရတည်း၊ ထို့ကြောင့် “ကတဝေဒီ”ဟုလည်း ကောင်း, “ဒဠ္ဟဘတ္တိဟောတိ”ဟုလည်းကောင်း, “ဒုက္ခိသဿ သက္ကစ္စ”ဟုလည်းကောင်း ရှိသင့်သည်၊] အခြားနေရာ၌ သူတစ်ပါးတို့က မိမိအပေါ်၌ ပြုအပ်ဖူးသော ကျေးဇူးကို သိသူကို ကတညူဟုလည်းကောင်း, ထို ကျေးဇူးကို ပြန်၍ သိစေသောအားဖြင့် ထင်ရှားစွာပြုတတ် ကျေးဇူးဆပ်တတ်သူကို ကတဝေဒီဟုလည်းကောင်း ခေါ်ရသည်၊ ကတံ+ဇာနာတီတိ ကတညူ၊ ကတံ+ဝေဒေတိ (သိစေတတ်, သိအောင်ပြုသောအားဖြင့် ကျေးဇူးဆပ်တတ်၏၊) ဣတိ ကတဝေဒီ၊ [ဝေဒီ၌ ဝိဒဓာတ်သည် သိခြင်းအနက်ကို ဟော၏၊ ကာရိတ်အကြေ ကြံ၍ သိစေသောအားဖြင့် ထင်စွာပြုတတ် (ကျေးဇူးဆပ်) ဟူသော အနက်တိုင်အောင် ယူပါ။]

ဝဒန္တိ–ပြောဆိုကြကုန်၏၊ [စတ္တာလီသနိပါတ်, သရဘင်္ဂဇာတ်၊] ဟိ–မှန်၊ ကလျာ ဏမိတ္တော ဒဠှဘတ္တိစ ဟောတိတိ–ဟူသော၊ ဇွော္တာဝတာ–ဤမျှအတိုင်းအရှည် ရှိသော ဂုဏ်ဖြင့်၊ ဗုဒ္ဓသာဝကာ–ကို၊ ဝုတ္တော–ဟောတော်မူအပ်ပြီ၊ ကတညုတာ ဒီပိ–ကတညုတာ အစရှိသောဂုဏ်တို့ဖြင့်၊ ပစ္စေကဗုဒ္ဓါ–တို့ကိုလည်းကောင်း၊ ဗုဒ္ဓါ–တို့ကိုလည်းကောင်း၊ (ဝုတ္တာ–နိပြီ၊) ဣတိ–ဤသို့ မှတ်အပ်၏။

ဣဒါနိ–ယခုအခါ၌၊ (အရိယ, သပ္ပုရိသတို့ကို ဖွင့်ပြပြီးရာ ယခုအခါ၌၊) ယော–အကြင်အသုတဝါပုထုဇဉ်သည်၊ တေသံ အရိယာနံ–ထိုအရိယာပုဂ္ဂိုလ် တို့ကို၊ အဒဿနသီလော–ဖူးမြင်ခြင်းအလေ့ မရှိ၊ ဒဿနေစ–ဖူးမြင်ခြင်း၌ လည်း၊ န သာဓုကာရီ–ကောင်းစွာ ပြုလေ့မရှိ၊ သော–ထိုအသုတဝါပုထုဇဉ်ကို၊ အရိယာနံ အဒဿာဝီတိ–ဟူ၍၊ ဝေဒိတဗ္ဗော–၏။

သော–ထိုအရိယာနံ အဒဿာဝီပုဂ္ဂိုလ်သည်၊ စက္ခုနာ–စက္ခုဖြင့်၊ အဒဿာဝီ– ဖူးမြင်လေ့မရှိသော ပုဂ္ဂိုလ်လည်းကောင်း၊ ဉာဏေန–ဉာဏ်ဖြင့်၊ အဒဿာဝီ– ပုဂ္ဂိုလ်လည်းကောင်း၊ ဣတိ–သို့၊ ဒုဝိဓော–နှစ်ပါးအပြားရှိ၏၊ တေသု–ထို နှစ်ပါးသော ပုဂ္ဂိုလ်တို့တွင်၊ ဉာဏေန–ဖြင့်၊ အဒဿာဝီ–ဖူးမြင်လေ့မရှိသော ပုဂ္ဂိုလ်ကို၊ ဝါ–ဖူးမြင်ခြင်း၌ ကောင်းစွာ ပြုခြင်းမရှိသော ပုဂ္ဂိုလ်ကို၊ ဣဓ– ဤ အရိယာနံ အဒဿာဝီဟူသော ပါဠ်၌၊ အဓိပ္ပေတော–အလိုရှိအပ်၏၊ ဟိ–မှန်၊ မံသစက္ခုနာ–မံသစက္ခုဖြင့်သော်လည်းကောင်း၊ ဒိဗ္ဗစက္ခုနာဝါ–ဒိဗ္ဗ စက္ခုဖြင့်သော်လည်းကောင်း၊ အရိယာ–အရိယာပုဂ္ဂိုလ်တို့သည်၊ ဒိဋ္ဌာ–မြင်အပ် ကုန်သည်၊ (သမာနာ) ပိ–ကုန်သော်လည်း၊ အဒိဋ္ဌာ ဝါ–မြင်အပ်သည် မမည် ကုန်သည်သာလျှင်၊ ဟောန္တိ၊ (ကသ္မာ–နည်း၊) တေသံ စက္ခူနံ–ထို မံသစက္ခု ဒိဗ္ဗစက္ခုတို့၏၊ ဝဏ္ဏမတ္တဂ္ဂဟဏတော–အဆင်းမျှကိုသာ ယူနိုင်ခြင်းကြောင့်

**အဒဿနသီလော ၊ပေ၊ ကာရီ**။ ။အာဝိပစ္စည်း၏ တဿီလ, တဒ္ဓမ္မ, တဿာဓုကာရီတာ သုံးနက်တို့တွင် တဒ္ဓမ္မအနက်သည် အများဆိုင် ထုံးစံမျှတာ ဖြစ်သောကြောင့် ထို အနက်ကိုမပြဘဲ တစ်ယောက်တည်းနှင့်သာဆိုင်သော တဿီလ တဿာဓုကာရီတာအနက်ကို ဖွင့်ပြသည်။

**န အရိယဘာဝကေါစရတော**။ ။"အရိယာနံ–တို့၏+ဘာဝေါ–ဖြစ်ကြောင်း ဖြစ်ရာ"ဟူသည် မဂ်ဖိုလ်တရားတည်း၊ မဂ်ဖိုလ်ရမှ အရိယာဖြစ်နိုင်သည်–ဟူလို၊ အရိယ ဘာဝေါ+ဂေါစရော ယေသံတိ အရိယဘာဝဂေါစရာ၊ န+အရိယဘာဝဂေါစရာ အနရိယဘာဝဂေါစရတာ–အရိယာတို့၏ ဖြစ်ကြောင်းဖြစ်ရာ မဂ်ဖိုလ်ဟူသော အာရုံ မရှိသော (မဂ်ဖိုလ်ကို အာရုံမပြုနိုင်သော) မံသစက္ခု ဒိဗ္ဗစက္ခုတို့၊ ဤသို့ ဝိဂြိုဟ် ပြုရသောကြောင့် "န အရိယဘာဝဂေါစရတော"ဟု ဝါကျမရှိသင့်၊ "အနရိယဘာဝ ဂေါစရတော"ဟု သမာသ်သာ ရှိသင့်သည်၊ သို့မဟုတ် "န အရိယ"ဟု သမာသ် ရှိသော်လည်း နကို အန်မပြုဘဲ ထားသည်ဟုသော်လည်း ကြံပါ။

လည်းကောင်း၊ န အရိယဘာဝင်္ဂါစရတော-အရိယာတို့၏ ဖြစ်ကြောင်းဖြစ်ရာ မဂ်ဖိုလ်ဟူသောအာရုံ မရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း၊ ["တေသံ စက္ခုနံ့"နေရာ၌ "တေသံ စက္ခုနာ"ဟုလည်း မူကွဲရှိ၏၊ "တေသံ-ထို ပုထုဇဉ်တို့၏၊ စက္ခုနာ မံသစက္ခု, ဒိဗ္ဗစက္ခုဖြင့်"ဟု ပေး၊] သောဏာသိင်္ဂါလာဒယောပိ-အိမ်ခွေး တောခွေးအစရှိသော သတ္တဝါတို့သည်သော်မှလည်း၊ စက္ခုနာ-မံသစက္ခုဖြင့်၊ အရိယေ-တို့ကို၊ ပဿန္တိ-မြင်ကြကုန်၏၊ စ-ထိုသို့ပင် မြင်ကြပါကုန်သော်လည်း၊ တေ-ထို အိမ်ခွေး တောခွေးအစရှိသော သတ္တဝါတို့သည်၊ အရိယာနံ-တို့ကို၊ ဒဿာဝိနော-မြင်လေ့ရှိကုန်သည်၊ န-မဖြစ်ကုန်။

တတြ-ထို အရိယာနံ ဒဿာဝီ မဖြစ်ရာ၌၊ ဣဒံ-ဤ ဆိုအပ်လတ္တံ့ကား၊ ဝတ္ထု-ဝတ္ထုတည်း၊ စိတ္တလပဗ္ဗတဝါသိနော-စိတ္တလတောင်၌ နေလေ့ရှိသော၊ ခီဏာသဝတ္ထေရဿ-ရဟန္တာဖြစ်သော ထေရ်၏၊ ဥပဋ္ဌာကော-အလုပ်အကျွေးဖြစ်သော၊ ဝုမ္ပဗ္ဗဇိတော-တောထွက်ရဟန်းကြီးသည်၊ ကေဒိဝသံ-၌၊ ထေရေန-ရဟန္တာထေရ်နှင့်၊ သဒ္ဓိံ-အတူ၊ ပိဏ္ဍာယ-ငှာ၊ စရိတွာ-၍၊ ပတ္တစီဝရံ-ကို၊ ဂဟေတွာ-ယူ၍၊ [သပိတ်နှင့် နှစ်ထပ်သင်္ကန်းကိုယူ၍၊] ပိဋ္ဌိတော-နောက်မှ၊ အာဂစ္ဆန္တော-လိုက်လာလသော်၊ ထေရံ-ကို၊ ပုစ္ဆိကိရ-မေးသတတ်၊ (ကိံ၊) ဘန္တေ-အရှင်ဘုရား၊ အရိယာနာမ-အရိယာတို့မည်သည်ကို၊ ကီဒိသာ-အဘယ် ကဲ့သို့ ရှုအပ်ပါကုန်သနည်း၊ ဣတိ-သို့၊ (ပုစ္ဆိကိရ၊) ထေရော-ရဟန္တာထေရ်သည်၊ အာဟ-မိန့်တော်မူပြီ၊ (ကိံ၊) ဣဓ-ဤ လောက၌၊ ဧကစ္စော-အချို့သော၊ မဟလ္လကော-သက်ကြီးအိုသည်၊ အရိယာနံ-တို့၏၊ ပတ္တစီဝရံ-ကို၊ ဂဟေတွာ, ဝတ္တပဋိပတ္တိံ-ဝတ်အကျင့်ကို၊ ကတွာ-၍၊ သဟ-အတူတကွ၊ စရန္တောပိ-လှည့်လည်ရပါသော်လည်း၊ အရိယေ-တို့ကို၊ နေဝဇာနာတိ-မသိ၊ အာဝုသော-ငါ့ရှင်၊ အရိယာ-အရိယာတို့ကို၊ ဧဝံ ဒုဇ္ဇာနာ-ဤသို့ ခဲယဉ်းစွာ သိအပ်ကုန်၏၊ ဝါ-ဤမျှလောက် သိနိုင်ခဲကုန်၏၊ ဣတိ, (အာဟ-ပြီ၊) [ဣတိ-ဤကား၊ ဝတ္ထု-ဝတ္ထုတည်း၊ ဒုပုဗ္ဗ, ဉာဓာတ် ကိယာဒိ-နာပစ္စည်း, ခပစ္စည်း၊ ဒုက္ခေန+ဉာယန္တေတိ ဒုဇ္ဇာနာ။]

ဧဝံ-သို့၊ ဝုတ္တေပိ-မိန့်တော်မူအပ်ပါသော်လည်း၊ သော-ထို တောထွက် ရဟန်းကြီးသည်၊ နေဝအညာသိကိရ-မသိရှာသတတ်၊ တသ္မာ-ကြောင့်၊ စက္ခုနာ-မံသစက္ခု ဒိဗ္ဗစက္ခုဖြင့်၊ ဒဿနံ-မြင်ခြင်းသည်၊ နဒဿနံ-မြင်ခြင်းမဟုတ်၊ ဉာဏဒဿနမေဝ-ဉာဏ်ဖြင့် မြင်ခြင်းသည်သာ၊ ဒဿနံ-မြင်ခြင်းတည်း၊ ယထာဟ-နည်း၊ ကိံ ဘန္တေ ၊ပေ၊ ပဿတီတိ-ဟူ၍၊ (အာဟ-ပြီ၊) [ဝက္ကလိ-ဝက္ကလိ၊ တေ-သင့်အား၊ ဝါ-သည်၊ ဒိဋ္ဌေန-မြင်အပ်သော၊ ဣမိနာ ပူတိကာယေန-ဤပုပ်သော ကိုယ်ဖြင့်၊ ကိံ-အဘယ် အကျိုးရှိအံ့နည်း?၊ ဝက္ကလိ-ဝက္ကလိ၊ ယော-အကြင် ပုဂ္ဂိုလ်သည်၊ ဓမ္မံ-သစ္စာလေးပါးတရားကို၊ ပဿတိ-

မြင်၏၊ သော–ပုဂ္ဂိုလ်သည်၊ မံ–ငါဘုရားကို၊ ပဿတိ–မြင်သူမည်၏၊ [ခန္ဓဝဂ္ဂသံယုတ်, ထေရဝဂ်, ဝက္ကလိသုတ်၊ တရား ရစေတော်မူလိုသောကြောင့် မြတ်စွာဘုရား၏ကိုယ်တော်ကို ဖူးမြင်နေခြင်း၌ အပြစ်တင်တော်မူသည်၊ ထိုမျှလောက် တရားရဖွယ်မရှိသူကား ဘုရား၏ရုပ်ပုံတော်ကို ဖူးမြင်နေရခြင်းသည်ပင် မွန်မြတ်လှပေပြီ။]

တသ္မာ–ကြောင့်၊ စက္ခုနာ–မံသစက္ခု ဒိဗ္ဗစက္ခုဖြင့်၊ ပဿန္တောပိ–ကြည့်ရှုနေပါသော်လည်း၊ ဉာဏေန–ဖြင့်၊ အရိယေဟိ–တို့သည်၊ ဒိဋ္ဌ–မြင်အပ်သော၊ အနိစ္စာဒိလက္ခဏံ–အနိစ္စအစရှိသော လက္ခဏာကို၊ အပဿန္တော–မမြင်သော ပုဂ္ဂိုလ်ကိုလည်းကောင်း၊ အရိယာဓိဂတံ–အရိယာတို့သိအပ် ရအပ်ပြီးသော၊ ဓမ္မံ–သစ္စာလေးပါတရားကို၊ အနဓိဂစ္ဆန္တော–မသိသော ပုဂ္ဂိုလ်ကိုလည်းကောင်း၊ ဝါ–မရသော ပုဂ္ဂိုလ်ကိုလည်းကောင်း၊ အရိယကရဓမ္မာနံ–အရိယာ၏အဖြစ်ကို ပြုတတ်သော တရားတို့၏လည်းကောင်း၊ ဝါ–တို့ကိုလည်းကောင်း၊ အရိယဘာဝဿစ–အရိယာ၏ဖြစ်ကြောင်းဖြစ်ရာ မဂ်ဖိုလ်၏လည်းကောင်း၊ ဝါ–ကိုလည်းကောင်း၊ အဒိဋ္ဌတ္တာ–မမြင်အပ်သည်၏အဖြစ်ကြောင့်၊ အရိယာနံ အဒဿာဝီတိ–ဟူ၍၊ ဝေဒိတဗ္ဗော–၏။

အရိယဓမ္မဿ အကောဝိဒေါတိ–ကား၊ သတိပဋ္ဌာနာဒိဘေဒေ–သတိပဋ္ဌာန်အစရှိသော အထူးအပြားရှိသော၊ အရိယဓမ္မေ–အရိယာတို့၏တရား၌၊ အကုသလော–မကျွမ်းကျင်သော၊ ["ဆဋ္ဌီဝိဘတ်သည် သတ္တမီအနက်၌ သက်သည်"ဟု သိစေလို၍ "အရိယဓမ္မေ"ဟု ဖွင့်သည်။] ပန–ဆက်၊ အရိယဓမ္မေ အဝိနီတောတိ ဧတ္ထ–ဟူသော ဤပါဌ်၌၊ [ဝိနယောနာမ–ဝိနယမည်သည်၊ ဒုဝိဓော–နှစ်ပါး အပြားရှိ၏၊ ဧတ္ထ–ဤ နှစ်ပါးအပြားရှိသော ဝိနည်းတွင်၊ ဧကမေကော–တစ်ပါးတစ်ပါးသော ဝိနည်းသည်၊ ပဉ္စဓာ–ငါးပါးအပြားအားဖြင့်၊ (ဘိဇ္ဇတိ–ပြား၏၊) တသ္မာ–ထို နှစ်ပါးအပြားရှိသော ဝိနည်း၏၊ အဘာဝတော–မရှိခြင်းကြောင့်၊ အယံ–ဤ အဿုတဝါပုထုဇဉ်ကို၊ အဝိနီတောတိ–အဝိနီတဟူ၍၊ ဝုစ္စတိ–၏။] ဟိ–ချဲ့၊ (တစ်နည်း) ဟိ–ဥဒ္ဒေသမှတစ်ပါး နိဒ္ဒေသကို ဆိုဦးအံ့၊ အယံ ဝိနယော–ဤ ဝိနည်းသည်၊ သံဝရဝိနယော–သံဝရဝိနည်းလည်းကောင်း၊ ပဟာန ဝိနယော–ပဟာနဝိနည်းလည်းကောင်း၊ ဣတိ–သို့၊ ဒုဝိဓော–၏၊ စ–ဆက်၊ ဒုဝိဓေပိ–နှစ်ပါးအပြားရှိသည်လည်းဖြစ်သော၊ ဧတ္ထဝိနယ–ဤဝိနည်းတွင်၊ ဧကမေကော–သော၊ ဝိနယော–သည်၊ ပဉ္စဓာ–အားဖြင့်၊ ဘိဇ္ဇတိ–၏၊ ဟိ–ထပ်၍ ချဲ့ဦးအံ့၊ (တနည်း) ဟိ–နိဒ္ဒေသမှတစ်ပါး ပဋိနိဒ္ဒေသကို ဆိုဦးအံ့၊ သံဝရဝိနယောပိ–သံဝရဝိနည်းသည်လည်း၊ ဝါ–စောင့်စည်းကြောင်း ဆုံးမကြောင်းဖြစ်သော တရားသည်လည်း၊ သီလသံဝရော–သီလသံဝရလည်းကောင်း၊ သတိသံဝရော–လည်းကောင်း၊ ဉာဏသံဝရော–လည်းကောင်း၊ ခန္တိသံဝရော–လည်းကောင်း၊ ဝီရိယသံဝရော–လည်းကောင်း၊ ဣတိ–ဤသို့၊ ပဉ္စဝိဓော–

၏၊ ပဟာနဝိနယောပိ–သည်လည်း၊ ဝါ–ပယ်ရှားကြောင်း ဆုံးမကြောင်း ဖြစ်သော တရားသည်လည်း၊ တဒင်္ဂပဟာနံ–တဒင်္ဂပဟာန်လည်းကောင်း၊ ဝိက္ခမ္ဘန ပဟာနံ–လည်းကောင်း၊ သမုစ္ဆေဒပဟာနံ–လည်းကောင်း၊ ပဋိပ္ပဿဒ္ဓိပဟာနံ–လည်းကောင်း၊ နိဿရဏပဟာနံ–လည်းကောင်း၊ ဣတိ, ပဉ္စဝိဓော–၏။

တတ္ထ–ထို သံဝရဝိနယ ငါးပါးတို့တွင်၊ ဣမိနာ ပါတိမောက္ခသံဝရေန–ဤ စောင့်စည်းကြောင်းဖြစ်သော ပါတိမောက္ခသီလနှင့်၊ ဥပေတော–ပြည့်စုံသည်၊ သမုပေတော–ကောင်းစွာ ပြည့်စုံသည်၊ သမန္နာဂတော–ပြည့်စုံသည်၊ ဟောတိ၊ ဣတိ–သို့၊ (အာဂတော–သော၊ အဘိဓမ္မာ–ဈာနဝိဘင်း, သုတ္တန္တဘာဇနီယ၌ လာသော၊) အယံ–ဤ သံဝရသည်၊ သီလသံဝရော–မည်၏၊ ဝါ–စောင်းစည်းကြောင်း သီလမည်၏၊ စက္ခုန္ဒြိယံ–ကို၊ ရက္ခတိ–၏၊ စက္ခုန္ဒြိယေ–၌၊ သံဝရံ–စောင့်စည်းခြင်းသို့၊ အာပဇ္ဇတိ–ရောက်၏၊ ဣတိ–သို့၊ (အာဂတော–သော၊ ဒီဃနိကာယ် သုတ်သီလက္ခန် သာမညဖလသုတ်, ဣန္ဒြိယသံဝရ၌လာသော၊) အယံ–သည်၊ သတိသံဝရော–မည်၏၊ ဝါ–စောင်းစည်းကြောင်း သတိမည်၏။

[အဇိတ–အဇိတ၊ လောကသ္မိံ–လောက၌၊ ယာနိ သောတာနိ–အကြင် တဏှာဒိဋ္ဌိ, ကြွင်းသော ကိလေသာ, ဒုစ္စရိတ, အဝိဇ္ဇာဟူသော အယဉ်တို့သည်၊ (သဝန္တိ–တသွင်သွင်စီးနေကြကုန်၏၊) သတိ–သတိသည်၊ တေသံ–ထိုတဏှာဒိဋ္ဌိ, ကြွင်းသော ကိလေသာ, ဒုစ္စရိတ, အဝိဇ္ဇာဟူသော အယဉ်တို့ကို၊ နိဝါရဏံ–တားမြစ်ကြောင်းတရားတည်း၊ (တမေဝသတိံ–ထို သတိကိုပင်၊) သောတာနံ–တို့ကို၊ သံဝရံ–စောင့်စည်းကြောင်းတရားဟူ၍၊ ဗြူမိ–ဟောတော်မူ၏၊ တေ–

ယာနိ သောတာနိ။ ။သဝန္တိ–ငါးပါးအာရုံ ကာမဂုဏ်တို့၌ တသွင်သွင်စီးနေတတ်ကုန်၏၊ ဣတိ သောတာနိ–မြစ်ရေအယဉ်ကဲ့သို့ သတ္တဝါတို့သန္တာန်၌ အစဉ်မပြတ် ဖြစ်နေတတ်ကုန်သော တဏှာဒိဋ္ဌိ, ကြွင်းသောကိလေသာ, ဒုစ္စရိတ, အဝိဇ္ဇာတို့တည်း၊ [တဏှာဒိဋ္ဌိ အဝိဇ္ဇာတို့မှ ကြွင်းသော ကိလေသာတို့ကို ကိလေသာအရ ယူရသည်။]

**သတိ တေသံ နိဝါရဏံ။** ။ဝိပဿနာယုတ္တာ ကုသလာနံ ဓမ္မာနံ ဂတိယော သမန္နေသမာနာသတိ တေသံ သောတာနံ နိဝါရဏံ ၊ပေ၊ တမေဝါဟံ သတိံ သောတာနံ သံဝရံ ဗြူမိတိ အဓိပ္ပာယော ၊ပေ၊ ရူပါဒီသု ပန အနိစ္စတာဒိပတိ ဝေခဏာဝိကာယ မဂ္ဂပညာယ တေ သောတာ သဗ္ဗသော ပိဓိယျန္တီတိ၊–သုတ္တနိပါတ်, ပါရာယနဝဂ္ဂ, အဇိတ သုတ္တဋ္ဌကထာ။

**ပညာယေတေ ပိဓိယျရေ။** ။“သတိ တေသံ နိဝါရဏံ”ဟု ဆိုသောကြောင့် သတိသံဝရ၏ ဥဒါဟရဏ်ဟု ထင်ရသော်လည်း “ပညာယေတေ ပိဓိယျရေ”ဟု ဆိုသောကြောင့် ဉာဏသံဝရ၏ ဥဒါဟရဏ်ဖြစ်ကြောင်း သိသာသည်၊ ထို ဉာဏ်ပညာဟူသည်လည်း ထို တဏှာဒိဋ္ဌိစသော သောတတို့ကို မစီးသွားနိုင်အောင် အကြွင်းမဲ့ ပိတ်ဆို့တတ်, တားဆီးတတ်သော မဂ်ဉာဏ်တည်း၊ [သောတာနံ သံဝရော ပိဒဟနံ သမုစ္ဆေဒဉာဏန္တိ ဝိညာယတိ။]

၍ တဏှာဒိဋ္ဌိစသော အယဉ်တို့ကို၊ ပညာယ–မဂ်ပညာဖြင့်၊ ပိဓိယျရေ–မိမိ သန္တာန်တွင် မစီးဝင်အောင် ပိတ်ဆို့အပ်ကုန်၏၊ ဣတိ–သို့၊ ဘဂဝါ–သည်၊ (အဝေါစ–ဟောတော်မူပြီ၊) ဣတိ–သို့၊ (အာဂတော–လာသော၊) [ခုဒ္ဒကနိကာယ် သုတ္တနိပါတ်, ပါရာယနဝဂ် အဇိတမာဏဝပုစ္ဆာ၌လာသော၊] အယံ–ဤသံဝရ သည်၊ ဉာဏသံဝရောနာမ–မည်၏၊ ဝါ–စောင့်စည်းကြောင်း ဉာဏ်မည်၏။

သီတသ္သ–အအေးကို၊·ခမော–သည်းခံနိုင်သည်၊ ဟောတိ–၏၊ ဥဏှသ္သ– အပူကို၊ (ခမော ဟောတိ၊) ဣတိ–သို့၊ (အာဂတော–သော၊) [မူလပဏ္ဏာသ, မူလပရိယာယဝဂ်, သဗ္ဗာသဝသုတ်၌လာသော၊] အယံ–ဤ သံဝရသည်၊ ခန္တီ သံဝရော–မည်၏၊ ဝါ–စောင့်စည်းကြောင်းဖြစ်သော ခန္တီမည်၏၊ ဥပ္ပန္နံ–ဖြစ် ပေါ်လာသော၊ ကာမဝိတက္ကံ–ကာမဝိတက်ကို၊ နာဓိဝါသေတိ–မိမိအထက်၌ သက်ဝင်၍ မနေစေ၊ ဝါ- လက်ခံ၍မထား၊ ဣတိ–သို့၊ (အာဂတော–သော၊) [သဗ္ဗာသဝသုတ်၌လာသော၊] အယံ–ဤ သံဝရသည်၊ ဝီရိယသံဝရော–မည်၏၊ ဝါ–စောင့်စည်းကြောင်း ဝီရိယမည်၏၊ ["ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော"ဟူသော သမ္မပ္ပဓာန်ဝီရိယတည်း။]

စ–ဆက်၊ သဗ္ဗောပိ–သော၊ အယံသံဝရော–ကို၊ ယထာသကံ–အကြင် အကြင် မိမိဥစ္စာဖြစ်ကုန်သော၊ သံဝရိတဗ္ဗာနံ–စောင့်စည်းထိုက်သည်လည်း ဖြစ်ကုန်သော၊ ဝိနေတဗ္ဗာနဥ္စ–ပယ်ဖျောက်ထိုက်သည်လည်း ဖြစ်ကုန်သော၊ ဝါ–ဆုံးမထိုက်သည်လည်း ဖြစ်ကုန်သော၊ ကာယဒုစ္စရိတာဒီနံ–ကာယဒုစရိုက်

---

**ခန္တီသံဝရော။** ။အအေးကို သည်းခံနိုင်, အပူကို သည်းခံနိုင်သော ခန္တီတရား ဟူသည် "အဓိဝါသနာ"ဟု ခေါ်အပ်သော တရားတည်း၊ အဓိ–မိမိအပေါ်၌+ဝါသနာ– တည်နေစေတတ်သော တရား၊ အအေး အပူတွေ့လျှင် ထို အအေး အပူကို "အေးချိန်မို့ အေးတာပေါ့, ပူချိန်မို့ ပူတာပေါ့"ဟု သဘောထား၍ သည်းခံနေခြင်းကို "အဓိ+ဝါသနာ" ဟု ဆိုသည်၊ အာဒိဖြင့် ဒံ့သ မကသစသည်နှင့် ဒုရုတ္တ (မကောင်းပြောသမျှ) ခံနိုင် ခြင်းစသည်ကို ယူပါ၊ [တရားကိုယ် ကောက်ပုံကို ဋီကာ၌ ရှုပါ၊] ထိုသို့ သည်းခံနေ ခြင်းသည်ပင် ဒေါသမှ စောင့်စည်းနိုင်သောကြောင့် "သံဝရ"လည်း မည်၏။

**ကာယဒုစ္စရိတာဒီနံ။** ။ကာယဒုစ္စရိတာဒီနန္တိ ဒုဿီလျ သင်္ခါတာနံ ကာယဝစီ ဒုစ္စရိတာနံ မုဋ္ဌဿစ္စသင်္ခါတာနံ အဘိဇ္ဈာဒေါမနဿာနံ ပါပကာနံ အက္ခန္တိ အညာဏ ကောသဇ္ဇာနဥ္စ–ဋီကာ၊ ထိုတွင် ဒုဿီလျသင်္ခါတာနံ ကာယဒုစ္စရိတာနံဟူသော ဤ စကားဖြင့် သီလသံဝရဖြင့် စောင့်စည်းထိုက် ပယ်ရှားထိုက်သော တရားတို့ကို ပြ၏၊ မုဋ္ဌဿစ္စသင်္ခါတာနံ အဘိဇ္ဈာဒေါနဿာနံ ပါပကာနံ–ဟူသော ဤစကားဖြင့် သတိသံဝရဖြင့် စောင့်စည်းထိုက် ပယ်ရှားထိုက်သော တရားတို့ကို ပြ၏၊ အက္ခန္တိဖြင့် ခန္တီသံဝရဖြင့် စောင့်စည်းထိုက် ပယ်ရှားထိုက်သော တရားတို့ကို ပြ၏၊ အညာဏဖြင့် ဉာဏသံဝရဖြင့် စောင့်စည်းထိုက် ပယ်ရှားထိုက်သော တရားတို့ကို ပြ၏၊ ကောသဇ္ဇဖြင့် ဝီရိယသံဝရဖြင့် စောင့်စည်းထိုက် ပယ်ရှားထိုက်သော တရားတို့ကို ပြသည်။

အစရှိသည်တို့ကို၊ သံဝရဏတော–စောင့်စည်းတတ်သည်၏ အဖြစ်ကြောင့်၊ သံဝရော–သံဝရဟူ၍လည်းကောင်း၊ ဝိနယနတော–ပယ်ဖျောက်တတ်သည်၏ အဖြစ်ကြောင့်၊ ဝါ–ဆုံးမတတ်သည်၏ အဖြစ်ကြောင့်၊ ဝိနယောတိ–ဝိနယဟူ၍ လည်းကောင်း၊ ဝုစ္စတိ၊ ဧဝံ–ဤသို့လျှင်၊ တာဝ–ပဟာနဝိနယမှ ရှေးဦးစွာ၊ သံဝရဝိနယော–သည်၊ ပဉ္စဓာ–အားဖြင့်၊ ဘိဇ္ဇတိ၊ ဣတိ, ဝေဒိတဗ္ဗော။

တထာ–ထိုမှတစ်ပါး၊ [ယံကို နောက်၌လာမည့် ပဟာနံနှင့်တွဲ၊] နာမရူပ ပရိစ္ဆေဒါဒီသု–နာမရူပပရိစ္ဆေဒဉာဏ် အစရှိကုန်သော၊ ဝိပဿနာဉာဏေသု–ဝိပဿနာဉာဏ်တို့တွင်၊ (ဧကေန ဧကေန ဝိပဿနာဉာဏေန၌ စပ်၊) ပဋိပက္ခဘာဝ တော–ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်၊ (ဉာဏ်တို့က ပယ်တတ်သော ပဟာ ယကတရား, သက္ကာယဒိဋ္ဌိစသည်တို့က ပယ်ထိုက်သော ပဟာတဗ္ဗတရားဖြစ်၍ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၊) ဒီပါလောကေန–မီးရောင်ဖြင့်၊ တမဿ– အမိုက်မှောင်ကို၊ (ပဟာနံ) ဣဝ–ပယ်ခြင်းကဲ့သို့၊ (တထာ–တူ၊) ဧကေန ဧကေန ဝိပဿနာဉာဏေန–ထိုထို ဝိပဿနာဉာဏ်ဖြင့်၊ တဿတဿ အနတ္ထဿ– ထိုထို အကျိုးမဲ့ကို၊ (ထိုထို သက္ကာယဒိဋ္ဌိ စသည်ကို၊) ယံပဟာနံ–အကြင် ပယ်ခြင်းသည်၊ (အတ္ထိ၊) [“ဧတံ တဒင်္ဂပဟာနံ နာမ”ဟု လာမည့်နိယမနှင့် တွဲ။]

သေယျထိဒံ–အဘယ် ပယ်ခြင်းနည်း၊ နာမရူပဝဝတ္ထာနေန–နာရူပဝဝတ္ထာန ဉာဏ်ဖြင့်၊ (နာမ်ရုပ်တို့ကို ပိုင်းခြားတတ်သော ဉာဏ်ဖြင့်၊) သက္ကာယဒိဋ္ဌိယာ– သက္ကာယဒိဋ္ဌိကိုလည်းကောင်း၊ (ပဟာနံ၌ စပ်၊) ပစ္စယပရိဂ္ဂဟေန–ပစ္စယပရိဂ္ဂဟ ဉာဏ်ဖြင့်၊ (နာမ်ရုပ်တို့၏အကြောင်းကို ပိုင်းခြား၍ယူတတ်သော ဉာဏ်ဖြင့်၊) အဟေတုဝိသမဟေတုဒိဋ္ဌီနံ–အဟေတုကဒိဋ္ဌိ, ဝိသမဟေတုဒိဋ္ဌိတို့ကိုလည်း ကောင်း၊ [ဤ ဒိဋ္ဌိများကို သဂြိုဟ်ဘာသာဋီကာ ကမ္မဋ္ဌာန်းပိုင်း၌ ပြထားပြီ၊] တဿေဝ–ထို ပစ္စယပရိဂ္ဂဟဉာဏ်၏ပင်၊ အပရာဘာဂေန–နောက်အဖို့ဖြစ်သော၊ ကင်္ခါဝိတရဏေန–ကင်္ခါဝိတရဏဉာဏ်ဖြင့်၊ (ယုံမှားသံသယကို လွန်မြောက် ကြောင်း ဉာဏ်ဖြင့်၊) ကထံကထိဘာဝဿ–သို့လော သို့လော တွေးတောယုံမှား ခြင်းရှိသူ၏ အဖြစ်ကိုလည်းကောင်း၊ (တွေးတောယုံမှားသူ၏ ဖြစ်ကြောင်းဖြစ်ရာ ယုံမှား သံသယကိုလည်းကောင်း၊) ကလာပသမ္မသနေန–ကလာပသမ္မသန ဉာဏ်ဖြင့်၊ (ရုပ်နာမ်ခန္ဓာတို့ကို အပေါင်းအားဖြင့် သုံးသပ်ကြောင်း ဉာဏ်ဖြင့်၊) အဟံ–ငါတည်း၊ မမ–ငါ့ဟာတည်း၊ ဣတိ ဂါဟဿ–ဤသို့ ယူကြောင်း ဖြစ်သော တဏှာမာနကိုလည်းကောင်း။

---

**မှတ်ချက်။** ။မုဋ္ဌဿစ္စသင်္ခါတာနံ နေရာဝယ် “မုဋ္ဌဿစ္စသင်္ခါတဿ ပမာ ဒဿ”ဟု မူကွဲရှိ၏၊ အနုဋီကာ၌ “သတိပဋိပက္ခတ္တာ အဘိဇ္ဈာဒေါမနဿာနံ မုဋ္ဌဿစ္စန္တိ ဝုတ္တာ”ဟု ဆိုသောကြောင့် မုဋ္ဌဿစ္စသင်္ခါတာနံဟု ရှိသောပါဌ်သာ ရှေးမူ ဖြစ်ဟန် တူသည်၊ အက္ခန္တိ အညာဏဟု ရှိနေရာ၌လည်း “အညာဏ အက္ခန္တိ”ဟုရှိလျှင် အဋ္ဌ ကထာနှင့် ရှေ့နောက်အစဉ် တည့်မည်။

မဂ္ဂါမဂ္ဂဝဝတ္ထာနေန–မဂ္ဂါမဂ္ဂဝဝတ္ထာနဉာဏ်ဖြင့်၊ (ဝိပဿနာ၏ လမ်းမှန် လမ်းမမှန်ကို ပိုင်းခြားတတ်သော ဉာဏ်ဖြင့်၊) အမဂ္ဂေ–လမ်းမှန် မဟုတ်သော ဝိပဿနုပက္ကိလေသ၌၊ မဂ္ဂသညာယ–လမ်းမှန်ဟူသော အမှတ်သညာကို လည်းကောင်း၊ ဥဒယဒဿနေန–ဥဒယဒဿနဉာဏ်ဖြင့်၊ (ရုပ်နာမ်တို့၏ အဖြစ်ကို ရှုတတ်သော ဉာဏ်ဖြင့်၊) ဥစ္ဆေဒဒိဋ္ဌာယ–ဥစ္ဆေဒဒိဋ္ဌိကိုလည်းကောင်း၊ ဝယဒဿနေန–ဝယဒဿနဉာဏ်ဖြင့်၊ (အပျက်ကို ရှုတတ်သော ဉာဏ်ဖြင့်၊) သဿတဒိဋ္ဌိယာ–သဿတဒိဋ္ဌိကိုလည်းကောင်း၊ ဘယဒဿနေန–ဘယဒဿန ဉာဏ်ဖြင့်၊ (ဘေးဟုရှုတတ်သော ဉာဏ်ဖြင့်၊) သဘယေ–ဘေးနှင့်တကွဖြစ်သော သင်္ခါရတရားအစု၌၊ အဘယသညာယ–ဘေးမရှိဟု မှတ်ထင်တတ်သော သညာ ကိုလည်းကောင်း၊ အာဒီနဝဒဿနေန–အာဒီနဝဒဿနဉာဏ်ဖြင့်၊ (ရုပ်နာမ် တို့၏ အပြစ်ကို ရှုတတ်သော ဉာဏ်ဖြင့်၊) အဿာဒသညာယ–သာယာဖွယ်ဟု မှတ်ထင်တတ်သော သညာကိုလည်းကောင်း၊ နိဗ္ဗိဒါနုပဿနာယ–နိဗ္ဗိဒါနုပဿ နာဉာဏ်ဖြင့်၊ (ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုတတ်သော ဉာဏ်ဖြင့်၊) အဘိရတိသညာ ယ–အလွန် မွေ့လျော်ဖွယ်ဟု မှတ်ထင်တတ်သော သညာကိုလည်းကောင်း။

မုစ္စိတုကမျတာဉာဏေန–မုစ္စိတုကမျတာဉာဏ်ဖြင့်၊ (သင်္ခါရတို့မှ လွတ်ခြင်း ငှာ အလိုရှိသူ၏ အဖြစ်ဟူသော ဉာဏ်ဖြင့်၊) အမုစ္စိတုကာမတာယ–မလွတ် လိုသည်၏ အဖြစ်ကိုလည်းကောင်း၊ ဥပေက္ခာဉာဏေန–ဥပေက္ခာဉာဏ်ဖြင့်၊ (သင်္ခါရတို့ကို အသင့်အားဖြင့် ရှုတတ်သော ဉာဏ်ဖြင့်၊) အနုပေက္ခာယ– အသင့်အားဖြင့် မရှုခြင်းကိုလည်းကောင်း၊ [သင်္ခါရအာရုံတို့မှ မပြန်လည်လိုခြင်း, လျစ်လျူမရှုလိုခြင်း, တွယ်တာနေခြင်းသဘောကို "အနုပေက္ခာ" ဟု ဆိုသည်။] အနုလောမေန–အနုလောမဉာဏ်ဖြင့်၊ ဓမ္မဋ္ဌိတိယံ–ဓမ္မဋ္ဌိတိမည်သော ပဋိစ္စ သမုပ္ပာဒ်၌လည်းကောင်း၊ နိဗ္ဗာနေစ–၌လည်းကောင်း၊ ပဋိလောမဘာဝဿ–

---

**မဂ္ဂါမဂ္ဂဝဝတ္ထာနေန**။ ။သြဘာသစသော ဝိပဿနုပက္ကိလေသတို့သည် မဂ် ဖိုလ်ရခြင်း၏ လမ်းကြောင်း မဟုတ်, ဥဒယဗ္ဗယာနုပဿနာ၏ အစွမ်းဖြင့် ဝိပဿနာ လမ်းသို့ သွားနေသော ဝိပဿနာဉာဏ်သည်သာ မဂ်ဖိုလ်ရခြင်း၏ လမ်းကြောင်း အမှန်တည်း–ဟု ပိုင်းခြားတတ်သော ဉာဏ်ကို မဂ္ဂါမဂ္ဂဝဝတ္ထာနဟု ဆိုသည်၊ [သြဘာ သာဒယော ဓမ္မာ န မဂ္ဂေါ, ဥပက္ကိလေသ ဝိနိမုတ္တံ ပန ဝီထိပဋိပန္နံ ဝိပဿနာဉာဏံ မဂ္ဂေါတိ မဂ္ဂဉ္စ အမဂ္ဂဉ္စ ဝဝတ္ထပေတိ၊–ဝိသုဒ္ဓိမဂ်, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။]

**ဓမ္မဋ္ဌိတိ ။ပေ။ ပဋိလောမ ဘာဝဿ**။ ။တိဋ္ဌန္တိ ဧတာယာတိ ဋ္ဌိတိ၊ ဓမ္မာနံ+ ဋ္ဌိတိ ဓမ္မဋ္ဌိတိ–သင်္ခါရစသော အကျိုးတရားတို့၏ တည်ကြောင်းဖြစ်သော အဝိဇ္ဇာစသော ပဋိစ္စသမုပ္ပာဒ်တည်း၊ "ထို ပဋိစ္စသမုပ္ပာဒ်၌ ဆန့်ကျင်ဘက်ဖြစ်ခြင်း" ဟူသည် သဿတ ဥစ္ဆေဒအယူတည်း၊ (တစ်နည်း) ထို ပဋိစ္စသမုပ္ပာဒ်တရားစုကို ဖုံးလွှမ်းတတ်သော မောဟတည်း၊ နိဗ္ဗာန်၌ ဆန့်ကျင်ဘက်ဖြစ်ခြင်းဟူသည် သင်္ခါရတို့၌ မွေ့လျော်နေခြင်း တည်း၊ (တစ်နည်း) နိဗ္ဗာန်ကို ဖုံးလွှမ်းတတ်သော မောဟတည်း၊–(ဋီကာ။)

ဆန့်ကျင်ဘက်၏ အဖြစ်ကိုလည်းကောင်း၊ ဂေါတြဘုနာ–ဂေါတြဘုဖြင့်၊ သင်္ခါရနိမိတ္တဂ္ဂါဟဿ–သင်္ခါရနိမိတ်ကို ယူကြောင်းကိလေသာကိုလည်းကောင်း၊ ဝါ–သင်္ခါရနိမိတ်ကို ယူခြင်းကိုလည်းကောင်း၊ ယံ ပဟာနံ–ပယ်ခြင်းတည်း၊ တေ–ဤ ပယ်ခြင်းသည်၊ တဒင်္ဂပဟာနံနာမ–တဒင်္ဂပဟာန်မည်၏၊ [တေန တေန အင်္ဂေန–ထိုထို ကုသိုလ် အစိတ်အပိုင်းဖြင့်+တဿ တဿ အင်္ဂဿ–ထိုထို အကုသိုလ် အစိတ်အပိုင်းကို+ပဟာနံ–တည်း၊ တဒင်္ဂပဟာနံ–ခြင်း။]

ပန–ကား၊ ဥပစာရပ္ပနာဘေဒေန–ဥပစာရအပ္ပနာအားဖြင့်ပြားသော၊ သမာဓိနာ–သမာဓိဖြင့်၊ ပဝတ္တိဘာဝ နိဝါရဏတော–နီဝရဏတရားတို့၏ဖြစ်ခြင်းရှိသည်၏အဖြစ်ကို တားမြစ်နိုင်ခြင်းကြောင့်၊ ဃဋပ္ပဟာရေန–အိုးဖြင့် ပုတ်ခတ်ခြင်းဖြင့်၊ ဥဒကပိဋ္ဌေ–ရေအပြင်၌၊ သေဝါလဿ–မှော်ကို၊ ပဟာနံ ဣဝ–သို့၊ (တထာ–တူ) တေသံ တေသံ နီဝရဏာဒိဓမ္မာနံ–ထိုထို နီဝရဏာအစရှိသော တရားတို့ကို၊ ယံ ပဟာနံ–သည်၊ (အတ္ထိ၊) တေ–ဤ ပယ်ခြင်းသည်၊ ဝိက္ခမ္ဘန ပဟာနံနာမ–မည်၏၊ (ပယ်ခွာခြင်းဟူသော ပယ်ခြင်းမည်၏၊) [ဝိက္ခမ္ဘနံဧဝ (ဝိက္ခမ္ဘနသင်္ခါတံ ဝါ)+ပဟာနံ ဝိက္ခမ္ဘနပဟာနံ။]

စတုန္နံ–ကုန်သော၊ အရိယမဂ္ဂါနံ–တို့၏၊ ဝါ–တို့ကို၊ ဘာဝိတတ္တာ–မိမိ သန္တာန်၌ ဖြစ်စေအပ်ကုန်သည်၏အဖြစ်ကြောင့်၊ ဝါ–ပွားစေအပ်ကုန်သည်၏ အဖြစ်ကြောင့်၊ တံတံ မဂ္ဂဝတော–ထိုထို မဂ်ရှိသောပုဂ္ဂိုလ်၏၊ အတ္တနော–မိမိ၏၊ သန္တာနေ–၌၊ ဒိဋ္ဌိဂတာနံ ပဟာယာနာတိအာဒိနာ–အစရှိသော၊ နယေန–

**သင်္ခါရ ။ပေ။ ဂေါဟဿ။** ။သင်္ခါရအာရုံကို ယူကြောင်းကိလေသာကို "သင်္ခါရ နိမိတ္တဂ္ဂါဟ"ဟု ဆို၏၊ ဂေါတြဘုသည် နိဗ္ဗာန်ကိုအာရုံပြု၍ တေဘူမက ရုပ်နာမ် သင်္ခါရကို အာရုံပြုရကား သင်္ခါရအာရုံကို ယူကြောင်းဖြစ်သော ကိလေသာစာတ်ကို ပယ်နိုင်သည်၊ (တစ်နည်း) သင်္ခါရအာရုံကို ယူခြင်းကို သင်္ခါရနိမိတ္တဂ္ဂါဟ ဟု ခေါ်သည်။

**ဃဋပ္ပဟာရေန ။ပေ။ ပဟာနံနာမ။** ။ရေအပြင်ဝယ် မှော်အထု ရှိနေရာ၌ ခဲတစ်လုံးချလျှင် ခဲကျခိုက်မှာ ထိုနေရာ၌ မှော်ကင်းသွားသော်လည်း ခဲက ရေထဲ ရောက်လျှင် ချက်ခြင်း မှော်ပြန်ရောက်သကဲ့သို့ တဒင်္ဂပဟာန်ဖြစ်သော ကာမကုသိုလ်ဖြင့် အကုသိုလ်ကို ပယ်ရာ၌ ကုသိုလ်ချုပ်လျှင် အကုသိုလ်ပြန်၍ ဖြစ်နိုင်၏၊ ထို့ကြောင့် တဒင်္ဂပဟာန်သည် မှော်အထု၌ ခဲကျသည်နှင့်တူစွာ တခဏမျှသာ ပယ်နိုင်၏၊ ထို မှော်အထုကို ရေခပ်လိုသူက ရေအိုးဖြင့် အတော်ဝေးအောင် ပယ်ရှားလိုက်သောအခါ အတော်ကြာအောင် မှော်တွေ ဝေးနေသကဲ့သို့ ဥပစာရသမာဓိ အပ္ပနာ သမာဓိဖြင့် နီဝရဏကိလေသာတို့ကို ပယ်ရာ၌ အတော်ကြာအောင် ပယ်ခွာနိုင်၏၊ ထို ပယ်ခွာခြင်းကိုပင် ဝိက္ခမ္ဘနပဟာန်ဟု ခေါ်သည်။

**သမုဒယ ပက္ခိကဿ။** ။"သမုဒယပက္ခေ+ဘဝေါ"အရ သမုဒယတဏှာ၏ ဘက်သားဖြစ်သော ကိလေသာအပေါင်းဟူသည် တဏှာကို ထိုထိုမဂ်ဖြင့် ပယ်ရာဝယ် အတူတကွ ပယ်အပ်သော ဒိဋ္ဌိ ဝိစိကိစ္ဆာ အပါယဂမနီယ ဒေါသစသော ကိလေသာများတည်း၊ [သမုဒယပက္ခိကဿ ။ပေ။ ဒိဋ္ဌိအာဒယော ဝုစ္စန္တိ၊–ဋီကာ။

ဖြင့်၊ ဝုတ္တသ–ဟောတော်မူအပ်သော၊ သမုဒယပက္ခိကဿ–သမုဒယအဖို့၌ ပါဝင်သော၊ ကိလေသဂဏဿ–ဒိဋ္ဌိ ဝိစိကိစ္ဆာစသော ကိလေသာအပေါင်းကို၊ ဝါ–၏၊ အစ္စန္တ အပ္ပဝတ္တိဘာဝေန–စင်စစ်ဖြစ်ခြင်း မရှိသည်၏အဖြစ်ဖြင့်၊ ယံ ပဟာနံ–သည်၊ (အတ္ထိ၊) ဣဒံ–ဤ ပယ်ခြင်းသည်၊ သမုစ္ဆေဒပဟာနံနာမ–မည်၏၊ (အကြွင်းမဲ့ ဖြတ်ခြင်းဟူသော ပယ်ခြင်းမည်၏၊) [သမုစ္ဆိန္ဒနံ သမုစ္ဆေဒေါ၊ သမုစ္ဆေဒေါဝ+ပဟာနံ သမုစ္ဆေဒပဟာနံ၊ "သမုစ္ဆေဒသင်္ခါတံ+ပဟာနံ သမုစ္ဆေဒပဟာနံ"ဟုလည်း ပြု။]

ပန–ကား၊ ဖလက္ခဏေ–ဖိုလ်ခဏ၌၊ ကိလေသာနံ–တို့၏၊ ယံ ပဋိပ္ပဿဒ္ဓတ္တံ–အကြင် တစ်ဖန် ငြိမ်းအေးကုန်သည်၏အဖြစ်သည်၊ (အတ္ထိ၊) တေံ–ဤ တစ်ဖန် ငြိမ်းအေးကုန်သည်၏အဖြစ်သည်၊ ပဋိပ္ပဿဒ္ဓိ ပဟာနံနာမ–မည်၏၊ (တစ်ဖန် ငြိမ်းစေခြင်းဟူသော ပယ်ခြင်းမည်၏၊ ဝါ–ပယ်တတ်သော တရားမည်၏၊) [ပဋိပ္ပဿမ္ဘနံ ပဋိပ္ပဿဒ္ဓိ၊ ပဋိပ္ပဿဒ္ဓိဝ+ပဟာနံ ပဋိပ္ပဿဒ္ဓိ ပဟာနံ၊ "ပဋိပ္ပဿဒ္ဓိ သင်္ခါတံ+ပဟာနံ"ဟုလည်း ပြု။]

သဗ္ဗသင်္ခတ နိဿဋ္ဌတ္တာ–အလုံးစုံသောသင်္ခါရတို့မှ လွတ်မြောက်သည်၏ အဖြစ်ကြောင့်၊ ပဟီန သဗ္ဗသင်္ခတံ–ပယ်အပ်ပြီးသော အလုံးစုံသောသင်္ခတ တရားရှိသော၊ ဝါ–အလုံးစုံသော သင်္ခတတရားတို့ကိုပယ်ပြီးသော၊ ယံ နိဗ္ဗာနံ–သည်၊ (အတ္ထိ၊) တေံ–ဤ နိဗ္ဗာန်သည်၊ နိဿရဏပဟာနံနာမ–မည်၏၊ (လွတ်မြောက်ခြင်းဟူသော ပယ်ခြင်းမည်၏၊ ဝါ–လွတ်မြောက်တတ် ပယ်တတ်သော တရားမည်၏၊ [နိဿရီယတေ–လွတ်မြောက်ခြင်း၊ နိဿရဏံ–ခြင်း၊ နိဿရဏံ ဝ+ပဟာနံ နိဿရဏပဟာနံ၊ "နိဿရဏသင်္ခါတံ+ပဟာနံ"ဟုလည်း ပြု။]

စ–ဆက်၊ သဗ္ဗမ္ပိ–အလုံးစုံလည်းဖြစ်သော၊ တေံ ပဟာနံ–ဤ ပဟာန်ကို၊ (ဝုစ္စတိ၌ ပဓာနစပ်၊) ဝါ–သည်၊ (ပဟာနံ, ဝိနယောတို့၌ အပဓာနစပ်၊) ယသ္မာ–ကြောင့်၊ စာဂဋ္ဌေန–စွန့်လွှတ်တတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ ပဟာနံ–ပဟာနမည်၏၊ ဝိနယနဋ္ဌေန–ကိုယ် နှုတ် စိတ်တို့၏ ဖေါက်ဖေါက်

---

**အစ္စန္တ အပ္ပဝတ္တိဘာဝေန။** ။နတ္ထိ+ပဝတ္တိ ယဿာတိ အပ္ပဝတ္တိ (ကိလေသဂဏော၊) အစ္စန္တံ+အပ္ပဝတ္တိ အစ္စန္တ အပ္ပဝတ္တိ၊ တဒင်္ဂဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်ရာ၌ နောက်တစ်ဖန် ထပ်၍ ဖြစ်သေး၏၊ အစ္စန္တ အပ္ပဝတ္တိဖြစ်အောင် မပယ်နိုင်၊ မဂ်ဖြင့် ပယ်ရာ၌ကား နောက်ထပ် မဖြစ်တော့၊ ထို့ကြောင့် အစ္စန္တသဒ္ဒါထည့်၍ "အစ္စန္တ အပ္ပဝတ္တိ"ဟု ဆိုရသည်၊ အစ္စန္တ အပ္ပဝတ္တိနော+ဘာဝေါ အစ္စန္တ အပ္ပဝတ္တိဘာဝေါ၊ စာအုပ်တို့၌ "အစ္စန္တံ အပ္ပဝတ္တိဘာဝေန"ဟု ရှိ၏၊ [ယောဇနာ၌ ဝိဂ္ဂြိုဟ်တစ်မျိုး ပြုလေ၏။]

**စာဂဋ္ဌေန ၊ပေ၊ ဝုစ္စတိ။** ။"ဟာ–စာဂေ"ဟူသော ဓာတ်နက်အရ "စာဂဋ္ဌေန ပဟာနံ"ဟု ဖွင့်သည်၊ ပဟီယတေ–အကျိုးမဲ့ အကုသိုလ်တရားတို့ကို ပယ်ခြင်း၊ ပဟာနံ–ခြင်း၊ (တစ်နည်း) "ပဇဟတီတိ ပဟာနံ"ဟု ကတ္တုသာဓ်လည်း ပြု၊ ပဟာနမေဝ+ဝိနယော၊ ပဟာနသင်္ခါတော ဝါ ဝိနယော ပဟာနဝိနယော။

ပြန်ပြန်ဖြစ်ခြင်းကို ပယ်ရှားတတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ ဝိန ယော–မည်၏၊ တသ္မာ–ကြောင့်၊ ပဟာနဝိနယောတိ–ပဟာနဝိနယဟူ၍၊ ဝုစ္စတိ၊ ဝါ–တစ်နည်း၊ တံတံ ပဟာနဝတော–ထိုထို ပဟာန်ရှိသော ပုဂ္ဂိုလ်၏ (သန္တာန်၌၊) တဿ တဿ ဝိနယဿ–တဒင်္ဂပဟာန်စသော ထိုထို ဝိနည်း၏၊ သမ္ဘဝတောပိ–ဖြစ်သင့်ခြင်းကြောင့်လည်း၊ တေံ–ဤ ပဟာန်ကို၊ ပဟာနဝိန ယောတိ–ဟူ၍၊ ဝုစ္စတိ၊ ဧဝံ–သို့လျှင်၊ ပဟာနဝိနယောပိ–သည်လည်း၊ ပဉ္စဓာ–အားဖြင့်၊ ဘိဇ္ဇတိ–၏၊ ဣတိ ဝေဒိတဗ္ဗော။

ဧဝံ–ဤသို့လျှင်၊ သင်္ခေပတော–အကျဉ်းချုပ်အားဖြင့်၊ ဒုဝိဓော–နှစ်ပါးအပြား ရှိသည်လည်းဖြစ်သော၊ ဘေဒတော–အပြားအားဖြင့်၊ ဒသဝိဓော–ဆယ်ပါး အပြားရှိသည်လည်းဖြစ်သော၊ အယံ ဝိနယော–ဤ ဝိနည်းသည်၊ ယသ္မာ–ကြောင့်၊ [ဤ ယသ္မာပုဒ် မပါမှ စာသွားကောင်းသည်၊] အသုတဝတော–သုတမရှိသော၊ တေဿ ပုတုဇ္ဇနဿ–ဤ ပုထုဇဉ်၏(သန္တာန်၌၊) ဘိန္နသံဝ ရတ္တာ–ပျက်သော သံဝရရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ပဟာတဗ္ဗဿ–ပယ်ထိုက်သော တရား၏၊ ဝါ–ကို၊ အပ္ပဟီနတ္တာစ–မပယ်အပ်သေးသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အသုတဝတော–သော၊ တေဿ ပုတုဇ္ဇနဿ–၏ (သန္တာန်၌၊) နတ္ထိ၊ [“တေဿ ၊ပေ၊ ပုထုဇ္ဇနဿ”ကို ရှေ့လည်းငဲ့ နောက် လည်းငဲ့သော ကာကောလောကနနည်းဟု မှတ်ပါ၊] တဿ–ထို နှစ်ပါးအပြား ရှိသော ဝိနည်းဆယ်ပါးအပြားရှိသော ဝိနည်း၏၊ တသ္မာ အဘာဝတော– ထိုသို့ မရှိခြင်းကြောင့်၊ (ပုထုဇဉ်သန္တာန်၌ မရှိခြင်းကြောင့်၊) အယံ–ဤ အသုတဝါ ပုထုဇဉ်ကို၊ အဝိနီတောတိ–ဟူ၍၊ ဝုစ္စတိ၊ သပ္ပုရိသာနံ အဒဿာဝီ ၊ပေ၊ အဝိနီတောတိ ဧတ္ထာပိ–ဟူသော ဤပါဠိရပ်တို့၌လည်း၊ သေ (သော)– ဤ ဆိုအပ်ပြီးသော အစီအရင်သည်၊ နယော–သိကြောင်း အစီအရင်တည်း၊ ဟိ–မှန်၊ ဧတံ–ဤအရိယ, အရိယဓမ္မ, အရိယဝိနယနှင့် သပ္ပုရိသ, သပ္ပုရိသ ဓမ္မ, သပ္ပုရိသဝိနယဟူသော စကားအစုံသည်၊ အတ္ထတော–အနက် အဓိပ္ပာယ် အားဖြင့်၊ နိန္နာနာကရဏံ–အသီးအခြား ပြုကြောင်းဖြစ်သော အထူးမရှိ။

---

**တံ တံ ၊ပေ၊ ဝုစ္စတိ။** ။ပဟာနဝတောကို ကြည့်၍ “ပဇဟတီတိ ပဟာ နော–ပယ်တတ်သော ပုဂ္ဂိုလ်” [ယောဇနာ၌ “ပဟာနိ အဿ အတ္ထိ”ဟု အဿတ္ထိ ပြု၍ ဝိနယကို အရကောက်လေ၏၊ စဉ်းစားပါ၊] ပဟာနဿ–ပယ်တတ်သော ပုဂ္ဂိုလ်၏၊ ဝိနယော–တည်း၊ ပဟာနဝိနယော။

**ဧဝမယံ ၊ပေ၊ ဝုစ္စတိ။** ။အရိယဓမ္မေ အဝိနီတော၏ နိဂုံးတည်း၊ အယံ ဝိန ယောကို နတ္ထိ၌ စပ်၊ ဘိန္နသံဝရတ္တာ အပ္ပဟီနတ္တာဟူသော ဟိတ်တို့ကိုကား အဝိနီ တောတိ ဝုစ္စတိ၌ ပဓာန, နတ္ထိ၌ အပဓာနအဖြစ်ဖြင့် စပ်၊ ဝိနီယိတ္ထ–ဆုံးမအပ်ပြီ၊ ဣတိ ဝိနီတော၊ န+ဝိနီတော အဝိနီတော–ဆုံးမအပ်ပြီးသူ မဟုတ်, သင်ပြအပ်ပြီးသူ မဟုတ်။

ယထာဟ–အဘယ်ကဲ့သို့ မိန့်ဆိုသနည်း၊ ယေဝ တေ အရိယာ ၊ပေ၊ တဒေ့ဝါတိ–ဟူ၍၊ (အာဟ–မိန့်ဆိုပြီ၊) ယေဝ–အကြင်သို့ သဘောရှိသည်သာလျှင် ဖြစ်ကုန်သော၊ တေ–ထို ပုဂ္ဂိုလ်တို့သည်၊ အရိယာ–အရိယာတို့သည်၊ (ဟောန္တိ၊) တေဝ–ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်ကုန်သော၊ တေ–ထို အရိယာတို့သည်၊ သပ္ပုရိသာ–သူတော်ကောင်းတို့သည်၊ (ဟောန္တိ) ယေဝ–ဖြစ်ကုန်သော၊ တေ–တို့သည်၊ သပ္ပုရိသာ–သူတော်ကောင်းတို့သည်၊ (ဟောန္တိ) တေဝ–န်သော၊ တေ–ထို သူတော်ကောင်းတို့သည်၊ အရိယာ–အရိယတို့သည်၊ (ဟောန္တိ၊) ယောဧဝ–အကြင်သို့ သဘောရှိသည်သာလျှင်ဖြစ်သော၊ သော–ထို တရားသည်၊ အရိယာ နံ–တို့၏၊ ဓမ္မော–သည်၊ (ဟောတိ၊) သောဧဝ–သာလျှင်ဖြစ်သော၊ သော–ထို အရိယာတို့၏တရားသည်၊ သပ္ပုရိသာနံ–သူတော်ကောင်းတို့၏၊ ဓမ္မော (ဟောတိ၊) ယောဧဝ–သာလျှင်ဖြစ်သော၊ သော–ထို တရားသည်၊ သပ္ပုရိသာနံ–တို့၏၊ ဓမ္မော (ဟောတိ၊) သောဧဝ–သာလျှင်ဖြစ်သော၊ သော–ထို သူတော်ကောင်းတို့၏ တရားသည်၊ အရိယာနံ–တို့၏၊ ဓမ္မော (ဟောတိ၊) ယေဝ–န်သော၊ တေ–ထို ဝိနည်းတို့သည်၊ အရိယဝိနယာ–အရိယာတို့၏ဝိနည်းတို့သည်၊ (ဟောန္တိ၊) တေဝ–န်သော၊ တေ–ထို ဝိနည်းတို့သည်၊ သပ္ပုရိသဝိနယာ–သူတော်ကောင်းတို့၏ ဝိနည်းတို့သည်၊ (ဟောန္တိ၊) ယေဝ–န်သော၊ တေ–ထို ဝိနည်းတို့သည်၊ သပ္ပုရိသဝိနယာ–တို့သည်၊ (ဟောန္တိ၊) တေဝ–န်သော၊ တေ–ထို သူတော်ကောင်းတို့၏ ဝိနည်းတို့သည်၊ အရိယဝိနယာ–တို့သည်၊ (ဟောန္တိ၊) အရိယေတိဝါ–အရိယာဟူသည်လည်းဖြစ် သော၊ သပ္ပုရိသေတိဝါ–သပ္ပုရိသဟူသည်လည်းဖြစ်သော၊ ပေ၊ သပ္ပုရိသ ဝိနယေတိဝါ–သပ္ပုရိသဝိနယဟူသည် လည်းဖြစ်သော၊ သေ (သော)–ဤ အရိယ, အရိယဓမ္မ, အရိယဝိနယသည်၊ သေ (သော)–ထို သပ္ပုရိသ, သပ္ပုရိသဓမ္မ, သပ္ပုရိသဝိနယတည်း၊ (တစ်နည်း) သေ (သော)–ဤ သပ္ပုရိသ,သပ္ပုရိသဓမ္မ,သပ္ပုရိသဝိနယသည်၊ သေ (သော)–

---

**ယေဝ တေ စသည်**။ ။[ဤ ပါဠိစိရင်းကို ရှာ၍မတွေ့၊ "နဟေဝံ ဝတ္တဗ္ဗေ" ကဲ့သို့ တတိယ သံဂါယနာခေတ်မှဖြစ်သော ပါဠိနှင့်တူသည်၊] "ယေ+တေ"ဟု သဗ္ဗနာမ် နှစ်ပုဒ်ရှိရာ၌ နောက်ပုဒ်အတွက် အနက်သီးခြားမရှိသောကြောင့် တစ်ခါတည်း ပေါင်း၍ အနက်ပေးကြသည်၊ "အရိယဓမ္မေ အကောဝိဒေါ" စသော စကားအတိုင်း "အရိယဓမ္မေတိဝါ"စသည်ဖြစ်၍ ဓမ္မေ၌ သို့ဝိဘတ်ထားသည်၊ "သေ သေ ၊ပေ၊ တဇ္ဇာတေ" တို့ကား ပထမာဧကဝုစ်ကို ပြုထားသော ပထမန္တပုဒ်များတည်း၊ "သေ+သေ" ၌ ဧသေဖြင့် အရိယ, အရိဓမ္မ, အရိယဝိနယတို့ကို ညွှန်ပြလျှင် သေဖြင့် သပ္ပုရိသ, သပ္ပုရိသဓမ္မ, သပ္ပုရိသဝိနယတို့ကို ညွှန်ပြ၏၊ တစ်နည်း–ဧသေဖြင့် သပ္ပုရိသ, သပ္ပုရိသဓမ္မ, သပ္ပုရိသဝိနယတို့ကို ညွှန်ပြလျှင် သေဖြင့် အရိယ, အရိယဓမ္မ, အရိယဝိနယတို့ကို ညွှန်ပြ၏၊ ထိုသို့ ညွှန်ပြသဖြင့် အရိယနှင့် သပ္ပုရိသသည် လည်းကောင်း, အရိယဓမ္မနှင့် သပ္ပုရိသဓမ္မသည်လည်းကောင်း, အရိယဝိနယနှင့် သပ္ပုရိသဝိနယသည်လည်းကောင်း နှစ်မျိုးမပြား, တစ်မျိုးတည်းသာဟု ဆိုလိုသည်။

ထိုအရိယ, အရိယဓမ္မ, အရိယဝိနယတည်း၊ ကော–တူ၏၊ ကေဋ္ဌ–တူသော သဘောရှိ၏၊ သမေ–တူ၏၊ သမဘာဂေ–တူသော အဖို့ရှိ၏၊ တဇ္ဇာတေ–ထို သဘောရှိ၏၊ တညေဝ–ထို တစ်မျိုးတည်းပင်တည်း၊ [ရှေးနိဿယ၌ တညေဝ သော သောစေ–ထို အရိယာသည်ပင်လျှင် ထို သပ္ပုရိသ, ထို သပ္ပုရိသသည်ပင် လျှင် ထို အရိယ, ထို အရိယဓမ္မသည်ပင်လျှင် ထို သပ္ပုရိသဓမ္မ, ထို သပ္ပုရိသ ဓမ္မသည်ပင်လျှင် ထို အရိယဓမ္မ, ထို အရိယ ဝိနယသည်ပင်လျှင် ထို သပ္ပုရိသ ဝိနယ, ထို သပ္ပုရိသဝိနယသည်ပင်လျှင် ထို အရိယဝိနယမည်၏ဟု ပေးလေ၏၊ ထို ပေးသည့်အတိုင်းဆိုလျှင် "တံ တညေဝ"ဟု ရှေးပါဌ် ရှိဟန်တူသည်။]

ရူပံ အတ္တတော သမနုပဿတီတိ–ကား၊ ဣဓ–ဤ လောက၌၊ ဧကစ္စော– အချို့သော အသုတဝါပုထုဇဉ်သည်၊ ရူပံ–ရုပ်ကို၊ အတ္တတော–အတ္တ၏အဖြစ် ဖြင့်၊ ဝါ–အတ္တဟူ၍၊ သမနုပဿတိ–အဖန်ဖန်ရှု၏၊ ယံ–အကြင် တရားသည်၊ ရူပံ–ရုပ်တည်း၊ သော–ထို ရုပ်တရားသည်၊ အဟံ–ငါတည်း၊ [အတ္တကိုပင် ငါဟု ဆိုသည်၊] ယော–အကြင် အရာသည်၊ အဟံ–ငါတည်း၊ တံ–ထို အရာ သည်၊ ရူပံ–ရုပ်တည်း၊ ဣတိ–သို့၊ ရူပဉ္စ–ရူပက္ခန္ဓာကိုလည်းကောင်း၊ အတ္တာနဉ္စ– အတ္တကိုလည်းကောင်း၊ အဒွယံ–နှစ်ပါးအပေါင်း မဟုတ်သည်ကို၊ သမနုပဿ တိ၊ သေယျထာပိနာမ–ဥပမာမည်သည်ကား၊ ဈာယတော–တောက်ပသော၊ တေလပ္ပဒီပဿ–ဆီမီး၏၊ ယာ အစ္စိ–အကြင် မီးလျှံသည်၊ (အတ္ထိ၊) သော– ထို မီးလျှံသည်၊ ဝဏ္ဏော–အဆင်းအရောင်တည်း၊ ယောဝဏ္ဏော–အကြင် အဆင်းအရောင်သည်၊ (အတ္ထိ၊) သာ–ထိုအဆင်းအရောင်သည်၊ အစ္စိ–မီးလျှံ တည်း၊ ဣတိ–သို့၊ အစ္စိဉ္စ–မီးလျှံကိုလည်းကောင်း၊ ဝဏ္ဏဉ္စ–အဆင်းအရောင် ကိုလည်းကောင်း၊ အဒွယံ–နှစ်ပါးအပေါင်း မဟုတ်သည်ကို၊ သမနုပဿတိ (သေယျထာ ပိ)–အဖန်ဖန် ရှုသကဲ့သို့တည်း၊ ဧဝမေဝ–ဤ အတူပင်၊ ဣဓ– ၌၊ ဧကစ္စော–အချို့သော အသုတဝါပုထုဇဉ်သည်၊ ရူပံ–ကို၊ အတ္တတော– ဖြင့်၊ ဝါ–ဟူ၍၊ သမနုပဿတိ–၏၊ ဣတိ ဧဝံ–သို့၊ ရူပံ–ကို၊ အတ္တာတိ– ဟူ၍၊ ဒိဋ္ဌိပဿနာယ–ရှုတတ်သော ဒိဋ္ဌိဖြင့်၊ ပဿတိ–ရှု၏။

---

**ရူပံ အတ္တတော။** ။အတ္တသည် ကာရက (ပြုလုပ်ဖွယ်ကိစ္စကို ပြုလုပ်တတ်), ဝေဒက (အာရုံကို ခံစားတတ်), သာမီ (ခန္ဓာအိမ်၏ အရှင်သခင်), နိဝါသီ (ခန္ဓာ အိမ် အဟောင်းပျက်သော်လည်း ခန္ဓာအိမ်အသစ်၌ ဆက်လက်၍ တည်သော အားဖြင့် အမြဲနေသူ), သယံဝသီ (ခန္ဓာအိမ်နှင့်ဆိုင်သော မြင်, ကြား, နံ, အရသာ သိ, အတွေ့အထိ အသိကိစ္စဟူသမျှကို မိမိအလိုသို့ လိုက်စေတတ်)၏၊ ဤသို့ ဒိဋ္ဌိ ဖြင့် မှတ်ထင်အပ်သော, တကယ် ထင်ရှားလည်းမရှိသော အရာဝတ္ထုကို "အတ္တ"ဟု ခေါ်၏၊ [အကျယ်ကို အဘိဓာန်နိဿယ (၉၃) ဂါထာနှင့် သဂြိုဟ်ဘာသာဋီကာတို့၌ ရှုပါ၊] ခန္ဓာငါးပါးတွင် ရုပ်ကို အတ္တဟု ယူပုံကို ယက္ခသံယုတ် ဣန္ဒကသုတ်၌ ရှုပါ၊ ဝိညာဉ်ကို အတ္တဟု ယူပုံကို မူလပဏ္ဏာသ မဟာတဏှာသင်္ခယသုတ်၌ ရှုပါ။

ရူပံဝန္တံ ဝါ အတ္တာနန္တိ–ကား၊ အရူပံ–နာမ်ကို၊ အတ္တာတိ–ဟူ၍၊ ဂဟေတွာ–ယူ၍၊ ဆာယာဝန္တံ–အရိပ်ရှိသော၊ ရုက္ခံဝိယ–သစ်ပင်ကိုကဲ့သို့၊ တံ–ထိုအတ္တကို၊ ရူပဝန္တံ–ရုပ်ရှိ၏ဟူ၍၊ သမနုပဿတိ၊ အတ္တနိဝါ ရူပန္တိ–ကား၊ အရူပမေဝ–နာမ်ကိုပင်၊ အတ္တာတိ–ဟူ၍၊ ဂဟေတွာ–၍၊ ပုပ္ဖမ္ဟိ–ပန်း၌၊ ဂန္ဓံဝိယ–အနံ့ကိုကဲ့သို့၊ အတ္တနိ–အတ္တ၌၊ ရူပံ–ကို၊ သမနုပဿတိ၊ ရူပသ္မိံ ဝါ အတ္တာနန္တိ–ကား၊ အရူပမေဝ–ကိုပင်၊ အတ္တာတိ ဂဟေတွာ, ကရဏ္ဍကေ–ပတ္တမြား ကြုတ်၌၊ မဏိံဝိယ–ပတ္တမြားကိုကဲ့သို့၊ ရူပသ္မိံ–၌၊ အတ္တာ–ကို၊ သမနုပဿတိ၊ ဝေဒနာဒီသုပိ–တို့၌လည်း၊ ဧသေဝနယော–တည်း။

တတ္ထ–ထို ရူပံ အတ္တတော သမနုပဿတိ အစရှိသောပါဠိ၌ရုပ်၌၊ ရူပံ ၊ပေ၊ သမနုပဿတီတိ–ဟူသော ပါဌ်ဖြင့်၊ သုဒ္ဓရူပမေဝ–နာမ်နှင့်မဖက်, ရုပ်သက်သက် ကိုသာ၊ အတ္တာတိ–အတ္တဟူ၍၊ ကထိတံ–ဟောတော်မူအပ်ပြီ၊ ရူပဝန္တံ ဝါ အတ္တာနံ ၊ပေ၊ သမနုပဿတီတိ–ဟူကုန်သော၊ သတ္တသု–ကုန်သော၊ ဌာနေသု–တို့၌၊ အရူပံ–နာမ်ကို၊ အတ္တာတိ–ဟူ၍၊ ကထိတံ–ပြီ၊ ဝေဒနာဝန္တံ ဝါ အတ္တာနံ ၊ပေ၊ ဝေဒနာယဝါ အတ္တာနန္တိ–ဟူ၍၊ ဧဝံ–သို့၊ စတူသု–န်သော၊ ခန္ဓေသု–နာမ်ခန္ဓာတို့၌၊ တိဏ္ဏံတိဏ္ဏံ–သုံးဌာန သုံးဌာနတို့၏၊ ဝသေန–အပြားအားဖြင့်၊ ဒွါဒသသု–ကုန်သော၊ ဌာနေသု–တို့၌၊ ရူပါရူပမိဿကော–ရုပ်နာမ် ရောနှောသော၊ အတ္တာ–အတ္တကို၊ ကထိတော–ပြီ၊ တတ္ထ–ထို နှစ်ဆယ်သော ဌာနတို့တွင်၊ ရူပံ အတ္တတော သမနုပဿတိ ၊ပေ၊ ဝိညာဏံ အတ္တတော သမနုပဿတီတိ–ဟူကုန်သော၊ ပဉ္စသု–န်သော၊ ဌာနေသု–တို့၌၊ ဥစ္ဆေဒဒိဋ္ဌိ–ကို၊ ကထိတာ–ဟောတော်မူပြီ၊ အဝသေသေသု–ကြွင်းသော ဌာနတို့၌၊ သဿတဒိဋ္ဌိ–ကို၊ (ကထိတာ၊) ဧဝံ–သို့၊ ဧတ္ထ–၌၊ သက္ကာယဒိဋ္ဌိ နှစ်ဆယ်တို့တွင်၊ ပန္နရသ–တစ်ဆယ့်ငါးပါးသော ဒိဋ္ဌိတို့သည်၊ ဝိဘဝဒိဋ္ဌိယော–ဘဝဒိဋ္ဌိတို့သည်၊ (ဟောန္တိ၊) ပဉ္စ–ငါးပါးသော ဒိဋ္ဌိတို့သည်၊ ဝိဘဝဒိဋ္ဌိယော–ဝိဘဝဒိဋ္ဌိတို့သည်၊ ဟောန္တိ၊ သဗ္ဗာပိ–န်သော၊ တာ–ထို သက္ကာယဒိဋ္ဌိနှစ်ဆယ်တို့သည်၊ မဂ္ဂါဝရဏာ–မဂ်ကို တားမြစ်နိုင်ကုန်၏၊ [အနတ္တာနုပဿနာဖြင့် အနတ္တဟု ရှုနိုင်မှ

---

**ဥစ္ဆေဒ သဿတဒိဋ္ဌိ**။ ။“အတ္တသည် သေလျှင်ပြတ်၏”ဟူသော အယူသည် ဥစ္ဆေဒဒိဋ္ဌိတည်း၊ အတ္တသည် မပြတ်မစဲ အမြဲတည်ရှိ၏ဟူသော အယူသည် သဿတဒိဋ္ဌိတည်း၊ ရုပ်ကိုလည်းကောင်း, ဝေဒနာစသော နာမ်ခန္ဓာကိုလည်းကောင်း အတ္တဟု ယူရာ၌ ထို ရုပ်စသည်တို့၏ပျက်စီးမှုသည် ထင်ရှားသောကြောင့် ဥစ္ဆေဒဒိဋ္ဌိလည်း ဖြစ်၏၊ ရုပ်ရှိသော အတ္တစသည် ယူရာ၌ “ရုပ်စသည် ပျက်သော်လည်း အတ္တကား မပျက်”ဟု ယူသောကြောင့် သဿတဒိဋ္ဌိလည်း ဖြစ်၏၊ သဿတဒိဋ္ဌိကို “ဘဝဒိဋ္ဌိ”ဟု ခေါ်၏၊ ဘဝတိ–မပျက် မစဲ အမြဲဖြစ်၏၊ ဣတိ ဘဝေါ၊ ဘဝေါ ဣတိ+ဒိဋ္ဌိ ဘဝဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကို “ဝိဘဝဒိဋ္ဌိ”ဟု ခေါ်၏၊ န ဘဝတိ–အမြဲဖြစ်၍ မနေ၊ ဝါ–ပျက်၏၊ ဣတိ+ဝိဘဝေါ၊ ဝိဘဝေါ+ဣတိ+ဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ။

မင်္ဂကိုရသောကြောင့် သက္ကာယဒိဋ္ဌိဖြင့် အတ္တဟု ရှုနေလေသမျှ မင်္ဂကိုမရနိုင်ကြ၊ ထို့ကြောင့် ဤသက္ကာယဒိဋ္ဌိကို "မဂ္ဂါဝရဏ"ဟု ဆိုသည်။] န သဂ္ဂါဝရဏာ-နတ်ပြည်ကို မတားမြစ်နိုင်ကုန်၊ ပဋ္ဌမမဂ္ဂဝဇ္ဈာ-ပထမ သောတာပတ္တိမင်္ဂသည် သတ်ထိုက်သော တရားတို့တည်း၊ ဣတိ-သို့၊ ဝေဒိတဗ္ဗာ-န်၏။

၁၀၀၈။ ။သတ္တရိကန်တီတိ-ကား၊ သတ္ထု-မြတ်စွာဘုရား၏၊ သရီရေဝါ-ကိုယ်တော်၌သော်လည်းကောင်း၊ ဂုဏေဝါ-ဂုဏ်တော်၌သော်လည်းကောင်း၊ ဥဘယတ္ထဝါ-ကိုယ်တော်နှင့်ဂုဏ် နှစ်ပါးစုံ၌သော်လည်းကောင်း၊ ကင်္ခတိ-၏၊ သရီရေ-ကိုယ်တော်၌၊ ကင်္ခမာနော-ယုံမှားလသော်၊ ဝါ-ယုံမှားသော ပုဂ္ဂိုလ်သည်၊ ဒွတ္တိံသ ဝရလက္ခဏပဋိမဏ္ဍိတံနာမ-သုံးဆယ်နှစ်ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သည်မည်သော၊ သရီရံ-ကိုယ်တော်သည်၊ အတ္ထိနုခေါ-ရှိလေသလော၊ နတ္ထိ (နုခေါ)-မရှိလေသလော၊ ဣတိ-သို့၊ ကင်္ခတိ-ယုံမှား၏၊ [ဘုရားလက်ထက်တော်၌ ဘုရားရှင်ကို တိုက်ရိုက်ဖူးမြင်ရစေကာမူ တချို့ လက္ခဏာတော်ကို မသိသောကြောင့် (လျှာတော် အင်္ဂါဇာတ်တော်များကို မမြင်ရသောကြောင့်၊) ယုံမှားတတ်ကြ၏၊ ဘုရားရှင်ကို တိုက်ရိုက် မဖူးမြင်ကြရသူတို့၏ ယုံမှားခြင်းမှာ အံ့ဩဖို့ရာမဟုတ်။] ဂုဏေ-ဂုဏ်တော်၌၊ ကင်္ခမာနော-သော်၊ ဝါ-သည်၊ အတီတ ။ပေ။ သမတ္ထံ-အတိတ် အနာဂတ် ပစ္စုပ္ပန်တရားတို့ကို သိခြင်း၌ စွမ်းနိုင်သော၊ သဗ္ဗညုတညာဏံ-သဗ္ဗညုတာဉာဏ်တော်သည်၊ အတ္ထိနုခေါ-သလော၊ နတ္ထိ (နုခေါ၊) ဣတိ, ကင်္ခတိ။

ဥဘယတ္ထ-ကိုယ်တော်နှင့်ဂုဏ် နှစ်ပါးစုံ၌၊ ကင်္ခမာနော-သော်၊ ဝါ-သည်၊ အသီတိ ။ပေ။ တာယ-ရှစ်ဆယ်သော လက္ခဏာတော်ငယ်, တစ်လံမျှလောက်သော ရောင်ခြည်တော်တို့ဖြင့် အဖန်ဖန်တပ်စွဲဖွယ်ကောင်းသော၊ သရီရနိပ္ဖတ္တိယာ-ကိုယ်တော်၏ပြီးစီးခြင်းနှင့်၊ (ကိုယ်တော်၏ပြည့်စုံခြင်းနှင့်၊) သမန္နာဂတော-သော၊ (ကိုယ်တော်၌ ယုံမှားပုံ) သဗ္ဗဉေယျဓာနုနုသမတ္ထံ-အလုံးစုံသော ဉေယျတရားတို့ကို သိခြင်း၌စွမ်းနိုင်သော၊ သဗ္ဗညုတညာဏံ-သဗ္ဗညုတဉာဏ်တော်ကို၊ ပဋိဝိဇ္ဈိတွာ-ထိုးထွင်းကာသိ၍၊ ဋ္ဌိတော-တည်သော၊ (ဂုဏ်တော်၌ ယုံမှားပုံ) လောကုတာရကော-သတ္တလောကကို ကယ်တင်တော်မူတတ်သော၊ [လောကံ တာရေတီတိ လောကတာရကော၊-ယောဇနာ၊] ဗုဒ္ဓေါနာမ-ဘုရားမည်သည်၊ အတ္ထိနုခေါ နတ္ထိ(နုခေါ၊) ဣတိ ကင်္ခတိ၊ ဟိ-မှန်၊ အယံ-ဤပုဂ္ဂိုလ်သည်၊ (အသီတိ အနုဗျဉ္ဇနစသည်၌ ယုံမှားသောပုဂ္ဂိုလ်သည်၊) အသဿ-ထိုမြတ်စွာဘုရား၏၊ အတ္တဘာဝေ-အတ္တဘောတော်၌လည်းကောင်း၊ ဂုဏေဝါ-ဂုဏ်တော်၌လည်းကောင်း၊ ကင်္ခနတော-ယုံမှားခြင်းကြောင့်၊ ဥဘယတ္ထ-ကိုယ်တော်နှင့်ဂုဏ် နှစ်ပါးစုံ၌၊ ကင်္ခတိနာမ-ယုံမှားသူမည်၏။

ဝိစိကိစ္ဆာတီတိ–ကား၊ အာရမဏံ–ကိုယ်တော် ဂုဏ်တော်ဟူသော အာရုံကို၊ နိစ္ဆေတုံ–ဆုံးဖြတ်ခြင်းငှာ၊ အသက္ကောန္တော–မစွမ်းနိုင်သည်၊ (ဟုတွာ) ကိစ္ဆတိ ကိလမတိ–ပင်ပန်း၏၊ နာဓိမုစ္စတီတိ–ကား၊ တတ္ထေဝ–ထို အာရုံ၌ပင်၊ အဓိ မောက္ခံ–ဆုံးဖြတ်ခြင်းကို၊ န လဘတိ–မရ၊ ["နာဓိမုစ္စတိ–ခွဲခွဲမြဲမြဲ မသက်ဝင်နိုင်၊ ဝါ–မဆုံးဖြတ်နိုင်"ဟူလို၊] န သမ္ပသီဒတီတိ–ကား၊ စိတ္တံ–ကို၊ အနာ ဝိလံ–နောက်ကျုသည်၏အဖြစ် မရှိသည်ကို၊ (အာဝိလဠ္ဌ ဘာဝပ္ပဓာန ကြံ၊) ကတွာ–၍၊ ပသီဒိတုံ–ကြည်လင်ခြင်းငှာ၊ န သက္ကောတိ၊ ဂုဏေသု–တို့၌၊ နပ္ပသီဒတိ–မကြည်လင်၊ ဝါ–မယုံကြည်။

ပန–ကား၊ ဓမ္မေ ကင်္ခတီတိအာဒီသု–အစရှိသော ပါဠိရပ်တို့၌၊ (ဝိနိစ္ဆယော ဇဝံ ဝေဒိတဗ္ဗော၊) ကိလေသေ–တို့ကို၊ ပဇဟန္တာ–ပယ်နိုင်ကုန်သော၊ စတ္တာရော– လေးပါးကုန်သော၊ အရိယမဂ္ဂါ–အရိယာမဂ်တို့သည်၊ (အတ္ထိနုခေါ–ရှိကုန်လေ သလော၊ နတ္ထိနုခေါ–မရှိကုန်လေသလော၊) ပဋိပ္ပဿဒ္ဓကိလေသာနိ–ငြိမ်းစေ အပ်ပြီးသော ကိလေသာရှိကုန်သော၊ ဝါ–ကိလေသာတို့ကို ငြိမ်းစေပြီးကုန် သော၊ စတ္တာရိ–ကုန်သော၊ သာမညဖလာနိ–သမဏ၏ဖြစ်ကြောင်းဖြစ်ရာ ဖိုလ် တို့သည်၊ (အတ္ထိနုခေါ, နတ္ထိနုခေါ၊) မဂ္ဂဖလာနံ–တို့၏၊ အာရမဏပစ္စယဘူတံ– အာရမဏပစ္စည်းဖြစ်၍ဖြစ်သော၊ အမတံ–မသေကြောင်းဖြစ်သော၊ ဝါ–အမြိုက် ဖြစ်သော၊ မဟာနိဗ္ဗာနံနာမ–မြတ်သော နိဗ္ဗာန်မည်သည်၊ အတ္ထိနုခေါ, နတ္ထိ နုခေါ၊ ဣတိ–သို့၊ ကင်္ခန္တောပိ–ယုံမှားသော ပုဂ္ဂိုလ်သည်လည်းကောင်း၊ အယံ ဓမ္မော–သည်၊ နိယျာနိကောနုခေါ–ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်လေသလော၊ အနိယျာနိကော(နုခေါ)–ဝဋ်ဆင်းရဲမှ မထွက်မြောက်တတ်လေသလော၊ ဣတိ– သို့၊ ကင်္ခန္တောပိ–သည်လည်းကောင်း၊ ဓမ္မေ–၌၊ ကင်္ခတိနာမ–မည်၏။

စတ္တာရော–န်သော၊ မဂ္ဂဋ္ဌကာ–မဂ္ဂဋ္ဌပုဂ္ဂိုလ်တို့လည်းကောင်း၊ ဝါ–မဂ်၌ တည်သော ပုဂ္ဂိုလ်တို့လည်းကောင်း၊ စတ္တာရော–န်သော၊ ဖလဋ္ဌကာ–ဖလဋ္ဌ ပုဂ္ဂိုလ်တို့လည်းကောင်း၊ဝါ–ဖိုလ်၌တည်သော ပုဂ္ဂိုလ်တို့လည်းကောင်း၊ ဣတိ– သို့၊ ဣဒံ သံဃရတနံ–ဤ သံဃရတနာသည်၊ အတ္ထိနုခေါ, နတ္ထိ (နုခေါ၊) ဣတိ–သို့၊ ကင်္ခန္တောပိ–သည်လည်းကောင်း၊ အယံ သံဃော–သည်၊ သုပ္ပဋိပန္နော နုခေါ–ကောင်းစွာ ကျင့်လေသလော၊ ဒုပ္ပဋိပန္နော (နုခေါ)–မကောင်းသဖြင့်

---

**ဝိစိကိစ္ဆတိ။** ။"နိစ္ဆေတုံ အသက္ကောန္တော"ဖြင့် "ရူးစမ်းဆင်ခြင်လသော် ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်"ဟု ပြ၏၊ "ဝိစိနန္တော ကိစ္ဆတိ"ဟူသော စကားနှင့်သဘော တူပင်၊ ဝိစိနန္တောသည် ဝိစိ၏အဖွင့်တည်း၊ ဝိစိနန္တောဟု ဆိုလိုလျက် နန္တောကို ချေ ထားသည်၊ [ကိတဓာတ်၏ ယုံမှားသံသယအနက်ကို ယူ၍ ယုံမှားသံသယ ဖြစ်နေ ခြင်းကိုပင် "ပင်ပန်း"ဟု ဆိုလိုဟန်တူသည်၊ သို့မဟုတ် "ဓာတူနံ အနေကတ္ထတာ"အရ "ကိတဓာတ်သည် ကိလမန အနက်ဟော"ဟု ကြံပါ။]

ကျင့်လေသလော၊ ဣတိ–သို့၊ ကင်္ခေါပိ–သည်လည်းကောင်း၊ တေသွံ သံဃ ရတနေ–၌၊ ဒိန္နဿ–လှူအပ်သော အလှူ၏၊ ဝါ–လှူကြောင်းဒါနစေတနာ၏၊ ဝိပါကဖလံ–အကျိုးရင်း အကျိုးဆက်သည်၊ အတ္ထိနုခေါ နတ္ထိ (နုခေါ၊) ဣတိ–သို့၊ ကင်္ခေါပိ–သည်လည်းကောင်း၊ သံဃေ–၌၊ ကင်္ခတိနာမ–မည်၏၊ ပန–ကား၊ တိဿော–ကုန်သော၊ သိက္ခာ–သိက္ခာတို့သည်၊ (အဓိသီလ, အဓိစိတ္တ, အဓိပညာသိက္ခာတို့သည်၊) အတ္ထိနုခေါ–လော၊ နတ္ထိ(နုခေါ)–လော၊ ဣတိ–သို့၊ ကင်္ခေါပိ–ယုံမှားသော ပုဂ္ဂိုလ်သည်လည်းကောင်း၊ တိဿော–န်သော၊ သိက္ခာ–တို့ကို၊ သိက္ခိတပစ္စယေန–ကျင့်အပ်သည်၏အဖြစ်ဟူသော အကြောင်း ကြောင့်၊ (သိက္ခိတ၌ ဘာဝပ္ပစ္စာန ကြံ၊) ဝါ–ကျင့်ခြင်းဟူသော အကြောင်း ကြောင့်၊ အာနိသံသော–အကျိုးသည်၊ အတ္ထိနုခေါ, နတ္ထိ(နုခေါ၊) ဣတိ–သို့၊ ကင်္ခေါပိ–သည်လည်းကောင်း၊ သိက္ခာယ–၌၊ ကင်္ခတိနာမ–မည်၏။

အတီတာနိ–အတိတ်ဖြစ်ကုန်သော၊ ခန္ဓဓာတာယတနာနိ–ခန္ဓာ ဓာတ် အာယတနတို့ကို၊ ပုဗ္ဗန္တော–ပုဗ္ဗန္တဟူ၍၊ ဝုစ္စတိ–၏၊ [အန္တသဒ္ဒါ အဖို့အစုအနက် ဟော၊ ပုဗ္ဗေ–ရှေး အတိတ်ဘဝ၌၊ ပဝတ္တော–သော၊ အန္တော–ခန္ဓာ အာယတန ဓာတ် အဖို့အစုတည်း၊ ပုဗ္ဗန္တော၊] အနာဂတာနိ–အနာဂတ်ဖြစ်ကုန်သော၊ (ခန္ဓဓာတာယတနာနိ–တို့ကို၊) အပရန္တောတိ–အပရန္တဟူ၍၊ (ဝုစ္စတိ၊) တတ္ထ–ထိုပုဗ္ဗန္တ အပရန္တတို့တွင်၊ အတီတေသု–အတိတ်ဖြစ်ကုန်သော၊ ခန္ဓာဒိသု–ခန္ဓာအစရှိသည်တို့၌၊ အတီတာနိနုခေါ–လွန်ပြီး ဖြစ်ကုန်လေသလော၊ (အတိတ် ကာလတုန်းက ဤ ခန္ဓာ ဓာတ် အာယတနမျိုး ဖြစ်ခဲ့ကုန်လေသလော–ဟူလို၊) န (အတီတာနိ)နုခေါ–လွန်ပြီး မဟုတ်ကုန်လေသလော၊ ဣတိ–သို့၊ ကင်္ခေါ–သည်၊ ပုဗ္ဗန္တေ–အတိတ်ဖြစ်သော ခန္ဓာ ဓာတ် အာယတနအဖို့၌၊ ကင်္ခတိနာမ–မည်၏၊ အနာဂတေသု–န်သော၊ (ခန္ဓာဒိသု–တို့၌၊) အနာဂတာနိနုခေါ–လာလတ္တံ့ဖြစ်ကုန်လေသလော၊ န (အနာဂတာနိ)နုခေါ–လာလတ္တံ့ မဟုတ်ကုန်လေသလော၊ ဣတိ–သို့၊ ကင်္ခေါ–သည်၊ အပရန္တေ–အနာဂတ် ဖြစ်သော ခန္ဓာ ဓာတ် အာယတနအဖို့၌၊ ကင်္ခတိနာမ–မည်၏၊ ဥဘယတ္ထ–ပုဗ္ဗန္တ အပရန္တ နှစ်ပါးစုံ၌၊ ကင်္ခေါ–သည်၊ ပုဗ္ဗန္တာပရန္တေ–အတိတ်ဖြစ်သော ခန္ဓာ ဓာတ် အာယတနအဖို့, အနာဂတ်ဖြစ်သော ခန္ဓာ ဓာတ် အာယတန အဖို့၌၊ ကင်္ခတိနာမ–မည်၏။

---

**ပုဗ္ဗန္တေ ၊ပေ၊ ကင်္ခတိနာမ။** ။ဗုဒ္ဓဘာသာ မဟုတ်သူတို့သည် အတိတ်ဘဝက မိမိဖြစ်ခဲ့သည်ကို ယုံမှားသံသယ ဖြစ်နေ၏၊ အနာဂတ်ဘဝ၌ မိမိ ဖြစ်ရဦးမည် ကိုလည်း ယုံမှားသံသယ ဖြစ်နေ၏၊ ဗုဒ္ဓဘာသာဝင်တို့ကား ဘုရားအလောင်း၏ ပါရမီဖြည့်စဉ်ကို ယုံကြည်ပြီးဖြစ်ရကား မိမိ၏ဖြစ်ပြီး, ဖြစ်လတ္တံ့ ခန္ဓာစသည်တို့၌ ယုံမှားသံသယ မဖြစ်ကြချေ၊ မိမိ၏ဖြစ်ပြီး ဖြစ်လတ္တံ့ကို မယုံမှားလျှင် ထို ခန္ဓာ ဓာတ် အာယတနတို့၏ ဖြစ်ပြီး, ဖြစ်လတ္တံ့ကို ယုံမှားခြင်းမရှိရာ ရောက်သည်။

ဒွါဒသပဒါနိ–တစ်ဆယ့်နှစ်ပါးသော အဖို့အစုရှိသော၊ ပစ္စယဝင္ဋံ–အဆက်ဆက်လည်တတ်သော အကြောင်းတရားသည်၊ [ဝဋ္ဋတီတိ ဝဋ္ဋံ၊] ပစ္စယောယေဝ+ဝဋ္ဋံ ပစ္စယဝဋ္ဋံ၊] အတ္တိနုခေါ၊ နတ္ထိ(နုခေါ၊) ဣတိ–သို့၊ ကင်္ခေ့ာ–သည်၊ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသု–ဣဒပ္ပစ္စယတာအကြောင်း, ပဋိစ္စသမုပ္ပန္နအကျိုးဖြစ်ကုန်သော၊ ဓမ္မေသု–တို့၌၊ ကင်္ခါနာမ–မည်၏၊ တတြ–ထို ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသု ဟူသောပါဌ်၌၊ အယံ–ကား၊ ဝစနတ္ထော–တည်း၊ ဣမေသံ ဇရာမရဏာဒီနံ–ဤ ဇရာမရဏအစရှိသော အကျိုးတရားတို့၏၊ ပစ္စယာ–အကြောင်းဖြစ်သော ဇာတိအစရှိသော တရားတို့တည်း၊ ဣဒပ္ပစ္စယာ–ဤ အကျိုးတရားတို့၏ အကြောင်းဖြစ်သောတရားတို့၊ ဣဒပ္ပစ္စယာနံ–ဤ ဇရာမရဏအစရှိသော အကျိုးတရားတို့၏ အကြောင်းဖြစ်သော ဇာတိ အစရှိသော တရားတို့၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတည်း၊ ဣဒပ္ပစ္စယတာ–ဤ ဇရာမရဏအစရှိသော အကျိုးတရားတို့၏ အကြောင်းဖြစ်သော ဇာတိအစရှိသော တရားတို့၏ဖြစ်ကြောင်းဖြစ်ရာ၊ ဝါ–တစ်နည်း၊ ဣဒပ္ပစ္စယာဧဝ–ဤ ဇရာမရဏအစရှိသော အကျိုးတရားတို့၏ အကြောင်းဖြစ်သော ဇာတိအစရှိသော တရားတို့သည်ပင်၊ ဣဒပ္ပစ္စယတာ–ဣဒပ္ပစ္စယတာမည်၏၊ တေ–ဤ ဣဒပ္ပစ္စယတာ ဟူသော အမည်သည်၊ ဇာတိအာဒီနံ–ဇာတိအစရှိသော အကြောင်းတရားတို့၏၊

---

**ဣမေသံ ။ပေ၊ ဣဒပ္ပစ္စယာ။** ။"ဣမေသံ+ပစ္စယာ ဣဒပ္ပစ္စယာ"၌ ဣမေသံဟု ဝိဂ္ဂဟပြုရသော်လည်း ထို ဣမေသံ၌ ဣမသည် ဣဒံပုဒ်မှဖြစ်လာသော ဣမတည်း၊ [သက္ကတနှင့် သဒ္ဒနီတိတို့၌ ဣမပုဒ်ရင်း မဟုတ်, ဣဒံပုဒ်ရင်းဟု ဆို၏၊] ထို့ကြောင့် ပတိပြုအပ်သောအခါ "ဣဒံ"ဟု ပြု၊ နိဂ္ဂဟိတ်ချေ၊ ပ ဒွေဘော်လာ၍ "ဣဒပ္ပစ္စယာ"ဟု ပြီးရသည်၊ "ဣမေသံ"ဖြင့် အကျိုးတရားကို ပြ၏၊ ထိုသို့ ပြရာဝယ် အချို့နေရာ၌ ရှေ့ဘက်က သန်္ဓါရစသော အကျိုးကို ပြ၏၊ ဤ နေရာ၌ကား အဆုံးက "ဇရာမရဏ"ဟူသောအကျိုးကို ပြသည်၊ အာဒိဖြင့် ရှေးရှေး အကျိုးတရားများကို (သန်္ခါရတိုင်အောင်) ယူပါ။

**ဣဒ ။ပေ၊ အဓိဝစနံ။** ။ပထမနည်း၌ တာပစ္စည်းအနက်ရှိ၏၊ "ဘာဝေါ"ဟု ဖွင့်၏၊ ဒုတိယနည်း၌ကား တာပစ္စည်း သွတ္တဟု ကြံပါ၊ တာပစ္စည်း၏ ဘာဝအနက် ကြံရာ၌ ဇာတိအရ ဇာတိတရားကို ယူ၍, ထို ဇာတိ၏ ဖြစ်ခြင်းသဘောကို တာပစ္စည်းအရ ယူပါ၊ (တစ်နည်း:) ဇာတိစသည်တို့က ဇရာမရဏစသည်ကို ဖြစ်စေနိုင်သော သတ္တိကို ယူပါ၊ ပစ္စယာအရ "အကြောင်း"ရသောကြောင့် အာဒိဖြင့် ရှေ့အကြောင်းများဖြစ်သော ဘဝစသည်ကို ယူ၍ ဘဝ (ကမ္မဘဝ)၏ဇာတိကို ဖြစ်စေခြင်းသဘောကို (ဖြစ်စေနိုင်သော သတ္တိကို) တာပစ္စည်းအရ ယူပါ၊ ထိုသို့ တာပစ္စည်းအတွက် အနက်ရှိအောင် သဘောကို (တစ်နည်း:) သတ္တိကို ယူရသော်လည်း ထိုသဘော ထို သတ္တိသည် ဇာတိတရားပင်ဖြစ်ရကား ဣဒပ္ပစ္စယတာအရ ဇာတိစသည်ကိုပင် ကောက်ယူရသောကြောင့် "ဇာတိ ။ပေ၊ အဓိဝစနံ"ဟု ဒုတိယနည်းနှင့် သဘောတူကောက်ပြသည်၊ [ဣဒပ္ပစ္စယာနံ ဘာဝေါတိ ။ပေ၊ ဣဒပ္ပစ္စယတာတိ၊–ဋီကာ။]

အဓိဝစနံ–တည်း၊ ဇာတိအာဒီသု–ဇာတိအစရှိသော အကြောင်းတရားတို့တွင်၊ တံတံ–ထိုထို အကြောင်းတရားသို့၊ ဝါ–ကို၊ ပဋိစ္စ–ရှေ့ရှုရောက်၍၊ ဝါ–စွဲမှီ၍၊ အာဂမ္မ–ရှေ့ရှုရောက်၍၊ သမုပ္ပန္နာ–ဖြစ်သော အကျိုးတရားတို့တည်း၊ ဣတိ–ကြောင့်၊ ပဋိစ္စသမုပ္ပန္နာ–တို့မည်၏၊ ဣဒံ ဝုတ္တံ ဟောတိ၊ (ကိံ ဝုတ္တံ ဟောတိ၊) ဣဒပ္ပစ္စယတာယ စ–ဤ ဇရာမရဏအစရှိသော အကျိုးတရားတို့၏အကြောင်း ဖြစ်သော တရားဒွဲလည်းကောင်း၊ (တာပစ္စည်း အနက်မရှိသောနည်းကို ပေးသည်၊) ပဋိစ္စသမုပ္ပန္နေသု–အကြောင်းတရားကို စွဲမှီ၍ဖြစ်ကုန်သော၊ ဓမ္မေသု စ–ဇရာမရဏအစရှိသော အကျိုးတရားတို့ဒွဲလည်းကောင်း၊ ကခ်တိ–၏၊ ဣတိ (ဝုတ္တံ ဟောတိ၊) ["ဣဒပ္ပစ္စယတာစ+ပဋိစ္စသမုပ္ပန္နာစ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နာ"ဟု ဒွန်တွဲစေလို၍ "ဣဒပ္ပစ္စယတာယစ ပဋိစ္စသမုပ္ပန္နေသုစ ဓမ္မေသု" ဟု ဖွင့်သည်၊ ဣဒပ္ပစ္စယတာယဖြင့် ဇာတိအစရှိသော အကြောင်းတရားကို ပြ၍, ပဋိစ္စသမုပ္ပန္နေသုဖြင့် ဇရာမရဏစသော အကျိုးကိုပြသည်၊ ဤသို့ အရကွဲသောကြောင့် ဒွန်သမာသ်တွဲရသည်။] ‸

၁၀၀၉။ ။သီလေနာတိ–ကား၊ ဂေါသီလာဒိနာ–နွားတို့၏အလေ့ အစရှိသည်ဖြင့်၊ ဝတေနာတိ–ကား၊ ဂေါဝတာဒိနာဝ–နွားတို့၏အကျင့် အစရှိသည်ဖြင့်ပင်၊ သီလဗ္ဗတေနာတိ–ကား၊ တဒုဘယေန–ထိုနှစ်ပါးစုံသော အလေ့အကျင့်ဖြင့်၊ (သုဒ္ဓိ စပ်၊) သုဒ္ဓီတိ–ကား၊ ကိလေသသုဒ္ဓိ–ကိလေသာမှ စင်ကြယ်ခြင်းသည်၊ ဝါ–တစ်နည်း၊ ပရမတ္ထသုဒ္ဓိဘူတံ–ပမတ္ထသုဒ္ဓိ ဖြစ်၍ဖြစ်သော၊ နိဗ္ဗာနမေဝ–နိဗ္ဗာန်ပင်တည်း၊ ["သုဒ္ဓိ–ကိလေသာမှ စင်ကြယ်ခြင်းသည်၊ ဝါ–အမြတ်ဆုံး စင်ကြယ်ခြင်းဟူသော နိဗ္ဗာန်သည်"ဟု ပါဠိတော်ဒွဲ ပေး၊ တချို့က "သုဒ္ဓိ–သံသရာမှ စင်ကြယ်ခြင်းသည်"ဟုလည်း ပေး၏။]

တဒေကဋ္ဌာတိ–ကား၊ ဣဓ–ဤ ဒသကနေန မဟာတဗ္ဗတိက်ဒွဲ၊ ပဟာနေကဋ္ဌံ–ပဟာနေကဋ္ဌသည်၊ ခုရံ–ပဓာနတည်း၊ [ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်လိုက်လျှင် စိတ်တစ်ခုတည်းဒွဲ အတူဖြစ်ဘက်မဟုတ်သော်လည်း အပါယဂမနီယဖြစ်သော ဒေါသ မာနစသည်တို့ကိုပါ ပယ်ပုံကိုပြသောကြောင့် "ဤ ဒသကနေနပဟာတဗ္ဗတိက်ဒွဲ ပဟာနေကဋ္ဌသည်ပဓာနဖြစ်၏"ဟူလို၊] စ–ဆက်၊ ဣမိဿာပါဠိယာ–ဤ ပါဠိတော်ဒွဲ၊ (ဤ ဒသကနေနပဟာတဗ္ဗတိက် ပါဠိတော်ဒွဲ၊) ဒိဋ္ဌိကိလေသော–ဒိဋ္ဌိကိလေသာလည်းကောင်း၊ ဝိစိကိစ္ဆာကိလေသော–လည်းကောင်း၊ ဣတိ–သို့၊ ဒွေယေဝ–နှစ်ပါးသော ကိလေသာတို့သည်သာ၊ အာဂတာ–တိုက်ရိုက်လာ ကုန်ပြီ၊ [ပါဠိတော်ဒွဲ သံယောဇဉ် သုံးမျိုးပြသော်လည်း သီလဗ္ဗတပရာမာသ လည်း ဒိဋ္ဌိကိလေသာပင်တည်း၊] လောဘော–လောဘလည်းကောင်း၊ ပေ၊ အနောတ္တပ္ပံ–လည်းကောင်း၊ ဣတိ–သို့၊ အဋ္ဌ–န်သော၊ ဣမေပန–ဤ ကိလေသာ တို့သည်ကား၊ အနာဂတာ–တိုက်ရိုက်မလာကုန်၊ ပန–ထိုသို့ပင် တိုက်ရိုက်မလာ ပါကုန်သော်လည်း၊ အာဟရိတွာ–ဆောင်ယူ၍၊ (အာစရိယေန–စာချဆရာ သည်၊) ဒီပေတဗ္ဗာ–ပြထိုက်ကုန်၏။

ဟိ–ချဲ့၊ ဧတ္ထ–ဤ ကိလေသာတို့တွင်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာသု–ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာတို့ကို၊ ပဟီယမာနာသု–ပယ်အပ်ကုန်လသော်၊ အပါယဂမနီယော– အပါယ်သို့ ရောက်စေနိုင်သော၊ လောဘော–လည်းကောင်း၊ ပေ၊ အနောတ္တပ္ပံ– လည်းကောင်း၊ ဣတိ–သို့၊ သဗ္ဗေပိ–န်သော၊ ဣမေ–ဤ ကိလေသာတို့ကို၊ ပဟာနေကဋ္ဌာ–ပယ်ထိုက်သည်၏အဖြစ်ဖြင့် တစ်ဦးတည်သောပုဂ္ဂိုလ်၌ တည်ကုန်သည်၊ ဟုတွာ–၍၊ ပဟီယန္တိ–ပယ်အပ်ကုန်၏၊ ["သောတာပန်ပုဂ္ဂိုလ်၌ အတူတကွတည်ကြသော ကိလေသာများဖြစ်သောကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်အပ်ရာဝယ် ဤ အပါယဂမနီယဖြစ်သော ကိလေသာတို့လည်း ပါသွားကြသည်" ဟူလို။]

[ပဟာနေကဋ္ဌကိလေသာတို့ကို ဆောင်ပြပြီးလျှင် သဟဇေကဋ္ဌကိလေသာတို့ကိုလည်း ဆောင်ယူ၍ပြလိုသောကြောင့် "သဟဇေကဋ္ဌံ ပန" စသည် မိန့်။] ပန–ကား၊ သဟဇေကဋ္ဌံ–သဟဇေကဋ္ဌကိလေသာကို၊ (အတူတကွဖြစ်ဖက်၏ အဖြစ်ဖြင့် တစ်ခုတည်းသောစိတ်၌တည်သော ကိလေသာကို၊) အာဟရိတွာ ဒီပေတဗ္ဗံ၊ ဟိ–ချဲ့၊ သောတာပတ္တိမဂ္ဂေန–သည်၊ စတ္တာရိ–န်သော၊ ဒိဋ္ဌိသဟဂတာနိ–ဒိဋ္ဌိသဟဂုတ်စိတ်တို့လည်းကောင်း၊ ဝိကိစ္ဆာသဟဂတဉ္စ–လည်းကောင်း၊ ဣတိ–ဤသို့၊ ပဉ္စ–ကုန်သော၊ စိတ္တာနိ–တို့ကို၊ ပဟီယန္တိ–ပယ်အပ်ကုန်၏၊ တတ္ထ–ထိုငါးပါးသောစိတ်တို့တွင်၊ ဒွီသု–န်သော၊ အသင်္ခါရိကဒိဋ္ဌိစိတ္တေသု– အသင်္ခါရိက ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တို့ကို၊ ပဟီယန္တေသု–န်လသော်၊ တေဟိ– ထိုအသင်္ခါရိက ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တို့နှင့်၊ သဟဇာတော–တကွဖြစ်သော၊ လောဘော–လည်းကောင်း၊ ပေ၊ အနောတ္တပ္ပံ–လည်းကောင်း၊ ဣတိ–သို့၊ ဣမေ ကိလေသာ–တို့ကို၊ သဟဇေကဋ္ဌဝသေန–သဟဇေကဋ္ဌ၏အဖြစ်ဖြင့်၊ ပဟီယန္တိ– ကုန်၏၊ သေသဒိဋ္ဌိ ကိလေသောစ–ကြွင်းသောဒိဋ္ဌိ ကိလေသာကိုလည်းကောင်း၊ ဝိစိကိစ္ဆာကိလေသောစ–ကိုလည်းကောင်း၊ ပဟာနေကဋ္ဌဝသေန–ပဟာနေကဋ္ဌ ၏အဖြစ်ဖြင့်၊ ပဟီယန္တိ–ကုန်၏၊ ဒိဋ္ဌိဂတသမ္ပယုတ္တ သသင်္ခါရိကစိတ္တေသုပိ– တို့ကိုလည်း၊ ပဟီယန္တေသု–န်လသော်၊ တေဟိ–ထို ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါ ရိကစိတ်တို့နှင့်၊ သဟဇာတော–သော၊ လောဘော–လည်းကောင်း၊ ပေ၊ အနော တ္တပ္ပံ–လည်းကောင်း၊ ဣတိ–သို့၊ ဣမေ ကိလေသာ–တို့ကို၊ သဟဇေကဋ္ဌဝသေ န–ဖြင့်၊ ပဟီယန္တိ၊ သေသဒိဋ္ဌိ ကိလေသောစ–ကိုလည်းကောင်း၊ ဝိစိကိစ္ဆာ ကိလေသောစ–ကိုလည်းကောင်း၊ ပဟာနေကဋ္ဌဝသေန–ဖြင့်၊ ပဟီယန္တိ၊ ဧဝံ– သို့လျှင်၊ ပဟာနေကဋ္ဌသိမ္ဗယေဝ–ပဟာနေကဋ္ဌတစ်ခုတည်း၌ပင်၊ သဟဇေကဋ္ဌံ– ကို၊ လဗ္ဘတိ–ရအပ်၏၊ ဣတိ–သို့၊ ဣဒံ သဟဇေကဋ္ဌံ–ကို၊ အာဟရိတွာ– ၍၊ ဒီပယိံ သု–န်ပြီ။

---

သေသဒိဋ္ဌိ ၊ပေ၊ ပဟီယန္တိ။ ။ဒိဋ္ဌိဂတသမ္ပယုတ်အသင်္ခါရိကစိတ်ဝယ် ယှဉ်သောဒိဋ္ဌိသည် သဟဇေကဋ္ဌအဖြစ်ဖြင့် ပယ်ရာ၌ပါသွား၏၊ သသင်္ခါရိကစိတ်ယှဉ်သော ဒိဋ္ဌိကျန်နေသေး၏၊ ထို့ကြောင့် "သေသဒိဋ္ဌိကိလေသော" ဟု ဆိုသည်၊ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ယှဉ်သော ဒိဋ္ဌိမှတစ်ပါး သသင်္ခါရိကစိတ်၌ယှဉ်သော ဒိဋ္ဌိ–ဟူလို။

တံသမ္ပယုတ္တောတိ–ကား၊ တဒေကဋ္ဌေဟိ–တဒေကဋ္ဌဖြစ်ကုန်သော၊ (ထိုဒိဋ္ဌိ ဝိစိကိစ္ဆာကိလေသာတို့နှင့်တကွ တစ်ခုတည်းသောစိတ်၌တည်ကုန်, တစ်ဦးတည်းသော ပုဂ္ဂိုလ်၌တည်ကုန်သော၊) အဋ္ဌဟိ–န်သော၊ တေဟိကိလေသေဟိ–တို့နှင့်၊ သမ္ပယုတ္တော–ယှဉ်သော၊ (ဝေဒနက္ခန္ဓော စသည်၌ စပ်၊) ဝါ–တစ်နည်း၊ ဝိနိဗ္ဘောဂံ–အသီးအသီခွဲခြားမှုကို၊ (ကိလေသာရှစ်ပါး အသီးအသီးခွဲခြားမှုကို၊) ကတွာ, တေန လောဘေန–ထို လောဘနှင့်၊ တေန ဒေါသေန–နှင့်၊ ဣတိ ဧဝံ–သို့၊ ဧကေကေန–တစ်ပါးတစ်ပါးသော ကိလေသာနှင့်၊ သမ္ပယုတ္တတာ–ယှဉ်သည်၏အဖြစ်ကို၊ ဒီပေတဗ္ဗာ–၏၊ [“တံ သမ္ပယုတ္တော–ထိုလောဘနှင့်ယှဉ်သော၊ တံ သမ္ပယုတ္တော–ထိုဒေါသနှင့်ယှဉ်သော”ဤသို့ အသီးအသီးလည်း ပြနိုင်ပါသည်–ဟူလို၊] တတ္ထ–ထို လောဘစသည်တို့တွင်၊ လောဘော–ကို၊ ဂဟိတော–တိုက်ရိုက်ယူအပ်သော်၊ (တံ သမ္ပယုတ္တော၌ တံ၏ဖွဲ့နက်အဖြစ်ဖြင့် တိုက်ရိုက်ယူအပ်သော်၊) မောဟော–လည်းကောင်း၊ ပေ၊ အနောတ္တပ္ပံ–လည်းကောင်း၊ ဣတိ–သို့၊ သန်ိရက္ခန္ဓေ–၌၊ အယံ ကိလေသဂဏော–ဤ ကိလေသာအပေါင်းသည်၊ လောဘသမ္ပယုတ္တောနာမ–လောဘသမ္ပယုတ္တ ကိလေသာအပေါင်းမည်၏၊ ဒေါသော–ကို၊ ဂဟိတော–သော၊ မောဟော–လည်းကောင်း၊ ပေ၊ အနောတ္တပ္ပံ–လည်းကောင်း၊ ဣတိ–သို့၊ အယံ ကိလေသဂဏော–သည်၊ ဒေါသသမ္ပယုတ္တောနာမ–မည်၏၊ မောဟေ, ဂဟိတေ၊ လောဘော–လည်းကောင်း၊ ပေ၊ အနောတ္တပ္ပံ–လည်းကောင်း၊ ဣတိ–သို့၊ အယံ ကိလေသဂဏော မောဟသမ္ပယုတ္တောနာမ၊ မာနေ, ဂဟိတေ၊ တေန–ထို မာနနှင့်၊ သဟုပ္ပန္နော–တကွဖြစ်သော၊ လောဘော–လည်းကောင်း၊ ပေ၊ အနောတ္တပ္ပံ–လည်းကောင်း၊ ဣတိ–သို့၊ အယံ ကိလေသဂဏော–သည်၊ မာနသမ္ပယုတ္တောနာမ–မည်၏၊ ဣမိနာ ဥပါယေန–ဤနည်းဖြင့်၊ တေန ထိနေန–ထို ထိနနှင့်၊ ပေ၊ တေန အနောတ္တပ္ပေန–နှင့်၊ သမ္ပယုတ္တော–ယှဉ်သော ကိလေသာအပေါင်းသည်၊ တံ သမ္ပယုတ္တော–တံ သမ္ပယုတ္တမည်၏၊ ဣတိ–သို့၊ ယောဇနာ–အနက်ကို ယှဉ်စေခြင်းကို၊ ကာတဗ္ဗာ၊ [ဤ အဋ္ဌကထာဆရာအလို တံ သမ္ပယုတ္တောဝယ် တံသဒ္ဒါဖြင့် လွန်လေပြီးသော သံယောဇဉ် တဒေကဋ္ဌကိလေသာနှစ်မျိုးတွင် တဒေကဋ္ဌကိလေသာကိုသာ စွဲသည်၊ ဋီကာ၌ နှစ်မျိုးလုံးစွဲပုံကို ပြလတ္တံ့၊] တံ သမုဋ္ဌာနန္တိ–ကား၊ တေန လောဘေန–ကြောင့်၊ ပေ၊ တေန အနောတ္တပ္ပေန–ကြောင့်၊ သမုဋ္ဌိတံ–ဖြစ်သော၊ (ကာယကမ္မံ စသည်၌ စပ်၊) ဣတိအတ္ထော–နက်၊ [ဤ၌လည်း တံသဒ္ဒါဖြင့် ကိလေသာကို စွဲသည်၊ သံယောဇဉ်ကို မစွဲ၊ ဋီကာ၌ နှစ်မျိုးလုံးစွဲ၍ ပြလတ္တံ့။]

ဣမေ ၊ပေ၊ ပဟာတဗ္ဗာတိ ဧတ္ထ–ဟူသော ဤပါဠ်၌၊ ဒဿနံနာမ–မည်သည်၊ သောတာပတ္တိမဂ္ဂေါ–သောတာပတ္တိမဂ်တည်း၊ တေန–ထိုသောတာပတ္တိမဂ်သည်၊ ပဟာတဗ္ဗာ–ပယ်ထိုက်သော တရားတို့တည်း၊ ဣတိ အတ္ထော၊ ပန–ပရိဟာရ ၊ပေ၊ အံ့၊ ကသ္မာ–ကြောင့်၊ သောတာပတ္တိမဂ္ဂေါ–သည်၊ ဒဿနံ

နာမ–ဒဿနမည်သည်၊ ဓာတော–နည်း၊ ဣတိ–ဤကား အမေးတည်း၊ (သောတာပတ္တိမဂ္ဂဿ–၏၊) ပဌမံ–သောတာပတ္တိဖိုလ်မှ ရှေးဦးစွာ၊ နိဗ္ဗာန ဒဿနတော–နိဗ္ဗာန်ကို မြင်ခြင်းကြောင့်၊ (သောတာပတ္တိမဂ္ဂေါ–သည်၊ ဒဿနံ နာမ–မည်သည်၊ ဓာတော–ဖြစ်ပြီ၊ ဣတိ–ဤကား အဖြေတည်း၊) ဂေါတြဘု–သည်၊ ပဌမတရံ–သောတာပတ္တိမဂ်၏ ရှေးဦးစွာ၊ (နိဗ္ဗာန်–ကို၊) ပဿတိနနု–မြင်သည် မဟုတ်လော၊ ဣတိ–ဤကား စောဒနာတည်း၊ (ဂေါတြဘု–သည်၊ ပဌမတရံ–စွာ၊ နိဗ္ဗာန်–ကို၊) နော နပဿတိ–မမြင်မဟုတ်, မြင်သည်သာ၊ ဒိသွာပိ–မြင်၍လည်း၊ ဝါ–မြင်ပါသော်လည်း၊ ကတ္တဗ္ဗကိစ္စံ–ပြုထိုက်သော ကိစ္စကို၊ န ကရောတိ–မပြုနိုင်၊ ["ကတ္တဗ္ဗကိစ္စံ ပန"ဟု ပနပါသည်ကား အပို၊] (ကသ္မာ၊) သံယောဇနာနံ–တို့ကို၊ အပ္ပဟာနတော–မပယ်နိုင်ခြင်းကြောင့် တည်း၊ တသ္မာ–ကြောင့်၊ (ဂေါတြဘု–သည်၊ နိဗ္ဗာနံ–ကို၊) ပဿတီတိ–မြင်၏ ဟူ၍၊ န ဝတ္တဗ္ဗော–မဆိုထိုက်၊ စ–ဆက်၊ ယတ္ထကတ္ထစိ–အမှတ်မထား တစ်ပါးပါးသော အရပ်၌၊ ရာဇာနံ–မင်းကို၊ ဒိသွာပိ–မြင်လိုက်၍လည်း၊ ဝါ–မြင်လိုက်ပါသော်လည်း၊ ပဏ္ဏာကာရံ–လက်ဆောင်ပဏ္ဏာကို၊ ဒတွာ–ဆက်သ၍၊ ကိစ္စနိပ္ဖတ္တိယာ–ကိစ္စ၏ ပြီးစီးခြင်းအားဖြင့်၊ အဒိဋ္ဌတ္တာ–မမြင်အပ်သည်၏အဖြစ်ကြောင့်၊ အဇ္ဇာပိ–ယနေ့တိုင်အောင်လည်း၊ ရာဇာနံ–ကို၊ န ပဿာမိ–မတွေ့ ရသေးပါ၊ ဣတိ–သို့၊ ဝဒန္တော–ပြောသော၊ ဇနပဒပုရိသော–ဇနပုဒ်နယ်သားယောကျ်ားသည်၊ ဧတ္ထ–ဤ၌မြင်လျက် မမြင်ဟုဆိုရာ၌၊ နိဒဿနံ–ညွှန်ပြကြောင်း ဥဒါဟရဏ်တည်း၊ [ဒဿနံနာမ သောတာပတ္တိမဂ္ဂေါမှ စ၍ နိဒဿနံတိုင်အောင် အဓိပ္ပာယ်များကို ဒဿနေနပဟာတဗ္ဗတိက်၌လည်း ဖွင့်ခဲ့ပြီ၊ ထို့ကြောင့် ဤပါဌ်ကို နောက်ဆရာတို့ ထည့်ပါဌ်ဟု ထင်သည်။]

**၁၀၁၁။** ။[ဒဿနေန ပဟာတဗ္ဗပုဒ်၏ ပဒဘာဇနီကို ဖွင့်ပြပြီး၍ ဘာဝနာယ ပဟာတဗ္ဗပုဒ်၏ ပဒဘာဇနီ၌ ပုဒ်ထူးတို့ကို ဖွင့်ပြလိုသောကြောင့် **"အဝသေသော လောဘော"**စသည်ကို မိန့်သည်၊] အဝသေသော လောဘော တိ–ကား၊ ဒဿနေန–သောတာပတ္တိမဂ်သည်၊ ပဟီနာဝသေသော–ပယ်အပ်ပြီးသော ကိလေသာတို့မှကြွင်းသော၊ လောဘော–လောဘတည်း၊ ဒေါသမောဟေသုပိ–တို့၌လည်း၊ ဧသေဝနယော–တည်း၊ ဟိ–မှန်၊ ဒဿနေန–သည်၊ အပါယ ဂမနီယာဝ–အပါယ်သို့ ရောက်စေတတ်သော ကိလေသာတို့ကိုသာ၊ ပဟီနာ–ပယ်အပ်ကုန်ပြီ၊ ပန–ထိုမှတစ်ပါး၊ တေဟိ–ထို အပါယဂမနီယဖြစ်သော ကိလေသာတို့မှ၊ အညေ–အခြား ကိလေသာတို့ကို၊ ဒဿေတုံ–ငှာ၊ ဣဒံ–ဤ အဝသေသော လောဘောအစရှိသော စကားရပ်ကို၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ [ဤစာသွားအတိုင်း "တေဟိ ပန"ဟု ပန ပါနေသည်ကား မကောင်း၊ "တေဟိ ပန အညေ အပ္ပဟီနာ, တေ ဒဿေတုံ ဣဒံ ဝုတ္တံ"ဟု ရှိနေလျှင်သာ

"တေဟိ ပန"ဟု ပန ပါသင့်သည်၊] တဒေကဋ္ဌာတိ–ကား၊ ပါဠိယံ–ပါဠိတော်၌၊ အာဂတေဟိ–တိုက်ရိုက်လာကုန်သော၊ တီဟိ–န်သော၊ တေဟိ ကိလေသေဟိ–ထိုကိလေသာတို့နှင့်၊ (လောဘ ဒေါသ မောဟ ကိလေသာတို့နှင့်) သမ္ပယောဂတောပိ–ယှဉ်ဘက်အားဖြင့်လည်းကောင်း၊ ပဟာနတောပိ–ပယ်ဘက်အားဖြင့်လည်းကောင်း၊ ဧကဋ္ဌာ–တစ်ခုတည်းသော စိတ်, တစ်ဦးတည်းသော ပုဂ္ဂိုလ်၌တည်ကုန်သော၊ ပဉ္စ–န်သော၊ ကိလေသာ–တို့လည်းကောင်း၊ နေဝ ဒဿနေန နဘာဝနာယာတိ ဣဒံ–ဟူသော ဤစကားရပ်ကို၊ သံယောဇနာဒီနံ–သံယောဇဉ် အစရှိသည်တို့၏၊ (အာဒိဖြင့် တဒေကဋ္ဌကိလေသာတို့ကို ယူ၊) (ပဟာတဗ္ဗတာ) ဝိယ–ပယ်ထိုက်ကုန်သည်၏ အဖြစ်ကဲ့သို့၊ ဣမေသံ ဓမ္မာနံ–ဤ နေဝဒဿနေန နဘာဝနာယတရားတို့၏၊ (ကုသိုလ် အဗျာကတ တရားတို့၏၊) တေဟိ မဂ္ဂေဟိ–ထို မဂ်တို့သည်၊ အပ္ပဟာတဗ္ဗတံ–မပယ်ထိုက်ကုန်သည်၏အဖြစ်ကို၊ သန္ဓာယ, ဝုတ္တံ–ပြီ။

ပန–ဆက်၊ သောတာပတ္တိမဂ္ဂဉာဏေန–သောတာပတ္တိမဂ်ဉာဏ်ဖြင့်၊ အဘိသင်္ခါရဝိညာဏဿ–ပြုစီမံတတ်သော ကုသိုလ်ကံ, အကုသိုလ်ကံနှင့်ယှဉ်သော ဝိညာဉ်၏၊ နိရောဓေန–ချုပ်ခြင်းကြောင့်၊ သတ္တဘဝေ–ခုနစ်ဘဝတို့ကို၊ ထပေတွာ–ချန်ထား၍၊ အနမတဂ္ဂေ–မသိအပ်သော အစရှိသော၊ သံသာရဝဋ္ဋေ–သံသရာဝဋ်၌၊ နာမဉ္စ–နာမ်သည်လည်းကောင်း၊ ရူပဉ္စ–ရုပ်သည်လည်းကောင်း၊

---

**ပါဠိယံ ၊ပေ၊ ကိလေသာ။** ။ဤဘာဝနာယပဟာတဗ္ဗ၏ပါဠိတော်၌ လောဘ ဒေါသ မောဟ ဤ ကိလေသာသုံးပါးသည် တိုက်ရိုက်လာ၏၊ ထို့ကြောင့် ကြွင်းသော မာန,ထိန,ဥဒ္ဓစ္စ,အဟိရိက,အနောတ္တပ္ပ ကိလေသာငါးပါးကို တဒေကဋ္ဌာဟု ဆိုသည်၊ ဒိဋ္ဌိဝိစိကိစ္ဆာကိုကား ဒဿနေနပဟာတဗ္ဗအရ၌ ပယ်ခဲ့ပြီ၊ သမ္ပယောဂတောပိ ဧကဋ္ဌာဖြင့် သဟဇေကဋ္ဌကို ပြ၏၊ ပဟာနတောပိ ဧကဋ္ဌာဖြင့် ပဟာနေကဋ္ဌကို ပြသည်။

**ယံ ပန ၊ပေ၊ ဝေဒိတဗ္ဗံ။** ။ကုသိုလ် အဗျာကတတို့ကို အပဟာတဗ္ဗဟု ဆိုလျှင် သောတာပတ္တိမဂ္ဂဉာဏေန ၊ပေ၊ ဧတ္ထေ တေ နိရုဇ္ဈန္တိ–အစရှိသောပါဠိတော်ဖြင့် "ကုသိုလ်အစရှိသည်ကို ပယ်ပုံကို ခွင့်ပြုထားသောကြောင့် ထိုပါဠိတော်နှင့်ဆန့်ကျင်သည် မဟုတ်ပါလော"ဟု စောဒနာဖွယ်ရှိရကား "ယံ ပန"စသည်ကို မိန့်သည်၊ ထိုပါဠိတော်သည် တိုက်ရိုက်အားဖြင့် အနက်အဓိပ္ပာယ်ယူရသော မုချ နီတတ္ထပါဠိတော် မဟုတ်၊ ဆောင်ယူ၍ သိအပ်သော ပရိယာယ နေယျတ္ထပါဠိတော်ဖြစ်သောကြောင့် ထိုပါဠိတော်နှင့် မဆန့်ကျင်ပါ–ဟူလို၊ ထိုပါဠိတော်သည် အကြောင်းဖြစ်သော အဝိဇ္ဇာ တဏှာကိလေသာကို ပယ်လိုက်လျှင် ခုနစ်ဘဝမှအထက် နာမ်ရုပ်တရားတို့ကို ပယ်ပြီးသားဖြစ်သောကြောင့် အကြောင်းကိလေသာ ပယ်ခြင်းကိုပင် အကျိုးနာမ်ရုပ်တို့ကို ပယ်သည်ဟု ကာရဏူပစာရအားဖြင့် ဆိုသည်၊ [ဤသို့ ဥပစာတင်ရခြင်းကို ပရိယာယဟု ဆို၏။]

**နာမဉ္စ ရူပဉ္စ။** ။"အဘိသင်္ခါရ ဝိညာဏဿ"အရ ကုသိုလ်ကံ အကုသိုလ်ကံနှင့်ယှဉ်သော ဝိညာဉ်ကို ယူပြီးဖြစ်၍ နာမဉ္စ ရူပဉ္စအရ၌ ခုနစ်ဘဝမှ အထက်ဖြစ်လတ္တံ့သော ဝိပါက်နာမ်နှင့် ကမ္မဇရုပ်များကို ယူရသည်၊ [ကြိယာကား ခုနစ်ဘဝမှ အထက်၌

ယေ–အကြင်တရားတို့သည်၊ ဥပ္ပဇ္ဇေယျုံ–ဖြစ်ကုန်ရာ၏၊ (ခုနစ်ဘဝမှအထက် ဖြစ်ကုန်ရာ၏၊) တေ္တ–ဤ သောတာပတ္တိမဂ်ကြောင့်၊ [ရှေးနိဿယ၌ "တေ္တ–ဤ ခုနစ်ဘဝ၌"ဟု ပေး၏၊] ဧတေ–ဤနာမ်ရုပ်တရားတို့သည်၊ နိရုဇ္ဈန္တိ–ချုပ်ကုန်၏၊ ["စူဠနိဒ္ဒေသ,ပါရာယနဝဂ်–အဇိတမာနဝ ပုစ္ဆာနိဒ္ဒေသ"] ဣတိ အာဒိနာ–ဤသို့အစရှိသော၊ နယေန–ဖြင့်၊ ကုသလာဒီနံပိ–ကုသိုလ်အစရှိသည်တို့ကိုလည်း၊ ယံ ပဟာနံ–အကြင် ပယ်ခြင်းကို၊ အနုညာတံ–ခွင့်ပြုတော်မူအပ်ပြီ၊ တံ–ထို ပယ်ခြင်းကို၊ (သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗ၌ စပ်၊) တေသံ မဂ္ဂါနံ–ထို မဂ်တို့၏၊ ဝါ–တို့ကို၊ အဘာဝိတတ္တာ–မပွားစေအပ်ကုန်သည်၏ အဖြစ်ကြောင့်၊ ယေ–အကြင် နာမ်ရုပ်တရားတို့သည်၊ ဥပ္ပဇ္ဇေယျုံ–နံရာ၏၊ တေ–ထို နာမ်ရုပ်တရားတို့ကို၊ (ပဟီနာ၌ စပ်၊) ဥပနိဿယပစ္စယာနံ–ဥပနိဿယပစ္စည်း ဖြစ်ကုန်သော၊ (နာမ်ရုပ်ဖြစ်ဖို့ရန် အားကြီးသောမှီရာအကြောင်း ဖြစ်ကုန်သော၊) ကိလေသာနံ–အဝိဇ္ဇာ တဏှာအစရှိသော ကိလေသာတို့၏၊ ဝါ–တို့ကို၊ ပဟီနတ္တာ–ပယ်အပ်ကုန်ပြီး၏အဖြစ်ကြောင့်၊ ပဟီနာ–ပယ်အပ်ကုန်ပြီ၊ ဣတိ ဣမံ ပရိယာယံ–ဤ ပရိယာယ်ကို၊ သန္ဓာယ, ဝုတ္တံ–ပြီ၊ ဣတိ–သို့၊ ဝေဒိတဗ္ဗံ။

၁၀၁၃။ ။ဒဿနေနပဟာတဗ္ဗ ဟေတုကတ္တိကေ–၌၊ ဣမေ ဓမ္မာ ဒဿနေနပဟာတဗ္ဗ ဟေတုကာတိ–ဟူ၍၊ နိဋ္ဌာပေတွာ–ပြီးဆုံးစေပြီး၍၊ (နိဂုံးအုပ်ပြီး၍၊) ပုန–တစ်ဖန်၊ တီဏိ သံယောဇနာနီတိအာဒိ–အစရှိသော စကားရပ်ကို၊ (ဝုတ္တံ၌ စပ်၊) ပဟာတဗ္ဗေ–ပယ်ထိုက်သော တရားတို့ကို၊ ဒဿေတွာ–ပြတော်မူပြီး၍ တဒေကဋ္ဌဘာဝနေ–တဒေကဋ္ဌ၏အဖြစ်ဖြင့်၊ ဟေတုစေဝ–ဟိတ်တရားတို့ကိုလည်းကောင်း၊ သဟေတုကေစ–သဟေတုကတရားတို့ကို လည်းကောင်း၊ ဒဿေတုံ–ငှာ၊ ဝုတ္တံ–ပြီ၊ [ပါဠိတော်၌ "ဣမေ ဓမ္မာ ဒဿနေန ပဟာတဗ္ဗဟေတုကာ"မှ ဟေတုဟူသော ပုဒ်တစ်စိတ်ကိုယူ၍ "ဟေတူစေဝ"ဟု ဆိုထားသည်၊] တတ္ထ–ထို ပဟာတဗ္ဗဟေတု သဟေတုကတရားတို့တွင်၊ ရှေ့ကို ကြည့်၍ စွဲသည်၊) (တစ်နည်း၊) တတ္ထ–ထို ဟေတု သဟေတုကတရားတို့တွင်

ဖြစ်လတ္တံ့မဟုတ်၊] ထို ပါဠိတော်စကား၌ ကုသိုလ်ဝိပါက်များပါနေရကား "ကုသလာဒီနံပိ ပဟာနံ အနုညာတံ"ဟု အဋ္ဌကထာဆရာဆိုသည်၊ "သောတာပတ္တိမဂ်သာ မဖြစ်လို့ရှိလျှင် အဘိသင်္ခါရဝိညာဉ်နှင့် နာမ်ရုပ်တို့သည် ခုနစ်ဘဝမှ အထက်၌ဖြစ်စရာ ရှိ၏"ဟုဆိုသဖြင့် "သောတာပတ္တိမဂ်က ထို အဘိသင်္ခါရဝိညာဉ်တွင်ပါသော ကုသိုလ် ကိုလည်းကောင်း, ဝိပါက်ဖြစ်သော နာမ် ရုပ်ကိုလည်းကောင်း ပယ်နိုင်၏ဟု ဟောတော် မူရာရောက်သည်"ဟူလို၊ အကုသိုလ်ပယ်နိုင်ပုံကိုကား အထူးပြောဖွယ် မလို။

**ဒဿနေန ။ပေ။ ဝုတ္တံ။** ။ပါဠိတော်ကို ကြည့်ပါ၊ "ဣမေ ဓမ္မာ ဒဿနေန ပဟာတဗ္ဗ ဟေတုကာ"ဟု ထုံးစံအတိုင်း နိဂုံးအုပ်ပြီးမှ "တီဏိ သံယောဇနာနိ"စသည် ဖြင့် ထပ်၍ ဟောတော်မူပုံကို တွေ့ရလိမ့်မည်၊ ထို "တီဏိ သံယောဇနာနိ"စသောစကား ကို အဘယ်အကျိုးငှာ ထပ်၍ ဟောတော်မူအပ်ပါသနည်း–ဟု မေးဖွယ်ရှိသောကြောင့်

(နောက်ကိုကြည့်၍ ယောဇနာ၌ စွဲသည်၊) ဒသ္သနေန–သောတာပတ္တိမဂ်သည်၊ ပဟာတဗ္ဗေသု–ပယ်ထိုက်ကုန်သော၊ ဟေတူသု–ဟိတ်တို့တွင်၊ လောဘသဟဂတော–လောဘနှင့်တကွဖြစ်သော၊ မောဟော–သည်၊ လောဘေန–လောဘအားဖြင့်၊ သဟေတုကော–ဟိတ်နှင့်တကွဖြစ်သည်၊ ဟောတိ၊ ဒေါသသဟဂတော–သော၊ မောဟော–သည်၊ ဒေါသေန–ဒေါသအားဖြင့်၊ (သဟေတုကော ဟောတိ၊) လောဘ ဒေါသာစ–တို့သည်လည်း၊ မောဟေန–အားဖြင့်၊ (သဟေတုကာ, ဟောန္တိ၊) ဣတိ–သို့၊ ပဟာတဗ္ဗဟေတုကပဒေ–ပဟာတဗ္ဗဟေတုကပုဒ်၌၊ တေ–ထို လောဘ ဒေါသ မောဟတို့သည်၊ သင်္ဂဟံ–သိမ်းယူအပ်ကုန်သည်၏အဖြစ်သို့၊ ကိဉ္စာပိ ဂစ္ဆန္တိ–အကယ်၍ကား ရောက်ပါပေကုန်၏၊ ပန–ထိုသို့ပင် ရောက်ပါကုန်သော်လည်း၊ ဝိစိကိစ္ဆာသဟဂတော–ဝိစိကိစ္ဆာသဟဂုတ်ဖြစ်သော၊ မောဟော–သည်၊ အညဿ–မိမိမှတစ်ပါးသော၊ သမ္ပယုတ္တဲဟေတုနော–သမ္ပယုတ်ဟိတ်၏၊ အဘာဝေန–မရှိခြင်းကြောင့်၊ ဟေတုယေဝ–ဟိတ်သာလျှင် ဟုတ်၏၊ န သဟေတုကော–သဟေတုက မဟုတ်၊ ဣတိ–ကြောင့်၊ တဿ–ထို ဝိစိကိစ္ဆာသဟဂုတ် မောဟကို၊ ပဟာနံ–ပယ်ခြင်းကို၊ ဒဿေတုံ–ငှာ၊ ပုန, ဣမေ ဓမ္မာ ဒဿနေန ပဟာတဗ္ဗဟေတူတိ–ဟူ၍၊ ဝုတ္တံ–ပြီ။

၁၀၁၈။ ။ဒုတိယပဒေ–ဒုတိယပုဒ်၌၊ ဥဒ္ဓစ္စသဟဂတဿ–ဥဒ္ဓစ္စသဟဂုတ်ဖြစ်သော၊ မောဟဿ–ကို၊ ပဟာနံ–ပယ်ခြင်းကို၊ ဒဿေတုံ, ဣမေ ၊ပေ၊ ဟေတူတိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ ဟိ–မှန်၊ သော–ထို ဥဒ္ဓစ္စသဟဂုတ် မောဟသည်၊ အတ္တနာ–နှင့်၊ သမ္ပယုတ္တဓမ္မေ–သမ္ပယုတ်တရားတို့ကို၊ သဟေတုကေ–ဟိတ်နှင့်တကွဖြစ်သည်တို့ကို၊ ကတွာ၊ ပိဋ္ဌိဝဋ္ဋကော–နောက်သို့လည်သည်၊ ဇာတော–ဖြစ်ပြီ၊ ဝိစိကိစ္ဆာသဟဂတောဝိယ–ဝိစိကိစ္ဆာသဟဂုတ် မောဟကဲ့သို့၊ အညသမ္ပယုတ္တဟေတုနော–အခြားသော သမ္ပယုတ်ဟိတ်၏၊ အဘာဝါ–မရှိခြင်းကြောင့်၊ ပဟာတဗ္ဗ ဟေတုကပဒံ–ပဟာတဗ္ဗဟေတုကပုဒ်သို့၊ န ဘဇတိ–မကပ်ဝင်၊ တတိယပဒေ–၌၊ အဝသေသာ အကုသလာတိ–ဟူ၍၊ ပုန, အကုသလဂ္ဂဟဏံ–အကုသလသဒ္ဒါကို ယူခြင်းကို၊ ဝိစိကိစ္ဆုဒ္ဓစ္စသဟဂတာနံ–ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်ဖြစ်ကုန်သော၊ မောဟာနံ–တို့ကို၊ သင်္ဂဟတ္ထံ–

---

"ပုန ၊ပေ၊ ဒဿေတုံ ဝုတ္တံ"ဟု မိန့်သည်၊ "တီဏိ ၊ပေ၊ ဣမေဓမ္မာ ဒဿနေနပဟာတဗ္ဗာ"တိုင်အောင်သောစကားဖြင့် ပဟာတဗ္ဗတရားတို့ကို ပြခြင်းငှာလည်းကောင်း၊ "တဒေကဋ္ဌာ ၊ပေ၊ ပဟာတဗ္ဗဟေတူ"တိုင်အောင်သောစကားဖြင့် တဒေကဋ္ဌအဖြစ်ဖြင့် ပယ်ထိုက်သောဟိတ်တို့ကို ပြခြင်းငှာလည်းကောင်း၊ "တဒေကဋ္ဌာစ ကိလေသာ ၊ပေ၊ ပဟာတဗ္ဗဟေတုကာ"တိုင်အောင်သောပါဠ်ဖြင့် တဒေကဋ္ဌအဖြစ်ဖြင့် ပယ်ထိုက်သော သဟေတုကတရားတို့ကို ပြခြင်းငှာလည်းကောင်း ဤသို့ ပဟာတဗ္ဗ, ဟေတု, သဟေတုက သုံးချက်တို့ကို ခွဲခြား၍ ပြတော်မူခြင်းငှာ ထပ်၍ မိန့်တော်မူအပ်ပါသည်–ဟူလို။

သိမ်းယူခြင်းအကျိုးငှာ၊ ကတံ–ပြီ၊ ဟိ–မှန်၊ ဝေ–ထို ဝိစိကိစ္ဆာသဟဂုတ်၊ ဥဒ္ဓစ္စသဟဂုတ်မောဟတို့သည်၊ သမ္ပယုတ္တဟေတုနော–၏၊ အဘာဝါ–ကြောင့်၊ ပဟာတဗ္ဗဟေတုကာနာမ–ပယ်ထိုက်သော ဟိတ်ရှိသောတရားတို့မည်သည်၊ န ဟောန္တိ–မဖြစ်ကုန်။

**၁၀၂၄။** ။ပရိတ္တာရမဏတ္တိကေ–၌၊ အာရဗ္ဘာတိ–ကား၊ အာရမဏံ–အာရုံကို၊ ကတွာ–၍၊ ဟိ–မှန်၊ သယံ–မိမိဟူသော အာရမဏိကတရားတို့ ကိုယ်တိုင်၊ ပရိတ္တာဝါ–ကာမတရားတို့သည်မူလည်း၊ ဟောန္တု–ဖြစ်ပစေကုန်၊ မဟဂ္ဂတာဝါ–မဟဂ္ဂုတ်တရားတို့သည်မူလည်း၊ (ဟောန္တု၊) [အပ္ပမာဏတရားက ပရိတ္တတရားကို အာရုံမပြုနိုင်သောကြောင့် "အပ္ပမာဏာဝါ"ဟု မထည့်တော့၊] ပရိတ္တဓမ္မေ–ကာမတရားတို့ကို၊ အာရမဏံ, ကတွာ၊ ဥပ္ပန္နာ–ဖြစ်သောတရားတို့သည်၊ ပရိတ္တာရမဏာ–ပရိတ္တာရမဏတို့မည်၏၊ မဟဂ္ဂတေ–မဟဂ္ဂုတ်တရားတို့ကို၊ အာရမဏံ, ကတွာ၊ ဥပ္ပန္နာ–တို့သည်၊ မဟဂ္ဂတာရမဏာ–တို့မည်၏၊ အပ္ပမာဏေ–တို့ကို၊ အာရမဏံ, ကတွာ၊ ဥပ္ပန္နာ–တို့သည်၊ အပ္ပမာဏာရမဏာ–တို့မည်၏၊ ပန–ဆက်၊ ဝေ–ထို အပ္ပမာဏာရမဏတရားတို့သည်၊ ပရိတ္တာပိ–ကာမတရား တို့သည်လည်း၊ ဟောန္တိ–ရှိကုန်၏၊ မဟဂ္ဂတာပိ–တို့သည်လည်း၊ (ဟောန္တိ၊) အပ္ပမာဏာပိ–အပ္ပမာဏတရားတို့သည်လည်း၊ (ဟောန္တိ–ရှိကုန်၏။)

**၁၀၂၅။** ။မိစ္ဆတ္တတ္တိကေ–၌၊ အာနန္တရိကာနီတိ–ကား၊ အနန္တရာယေန–အန္တရာယ်မရှိသဖြင့်၊ ဖလဒါယကာနိ–အကျိုးကိုပေးတတ်ကုန်သော၊ (ပဉ္စကမ္မာနိ၌ စပ်၊) ဧတံ–ဤ အာနန္တရိကာနိဟူသော အမည်သည်၊ မာတုဃာတကကမ္မာဒီနံ–မာတုဃာတကကံ အစရှိသောကံတို့၏၊ အဓိဝစနံ–အမည်တည်း၊

**ဝေ ပန ၊ပေ၊ အပ္ပမာဏာပိ။** ။မဟာကုသိုလ် ကြိယာ ဉာဏသမ္ပယုတ်စိတ်, ဝုဋ္ဌောစိတ်တို့သည် မိမိတို့က ပရိတ္တဖြစ်လျက် အပ္ပမာဏ (မဂ်ဖိုလ်နိဗ္ဗာန်)ကို အာရုံပြုနိုင်ကြ၏၊ အဘိညာဉ်တို့သည်၊ (စေတောပရိယ, ပုဗ္ဗေနိဝါသ, အနာဂတံသ ဉာဏ်နှင့်ယှဉ်ခိုက်) မိမိတို့က မဟဂ္ဂုတ်ဖြစ်လျက် အပ္ပမာဏကို အာရုံပြုနိုင်ကြ၏၊ မဂ်ဖိုလ်တို့ကား မိမိတို့က အပ္ပမာဏဖြစ်၍ အပ္ပမာဏ (နိဗ္ဗာန်)ကို အာရုံပြုသည်။

**အာနန္တရိကာနိ။** ။"အနန္တရာယေန ဖလဒါယကာနိ"သည် "အာနန္တရိကာနိ"၏ သဒ္ဒတ္ထမဟုတ်၊ အာနန္တရိယကံတို့၏သဘောကို (အန္တရာယ် မရှိသောအားဖြင့် အကျိုးပေးနိုင်သော သဘောကို)ပြသော သဘာဝတ္ထတည်း၊ ဝစနတ္ထကိုကား "အနန္တရေ+ နိယုတ္တာနိ ၊ပေ၊ အာနန္တရိကာနိ"ဟု ဋီကာပြထားသည့်အတိုင်း "အနန္တရေ–စုတိ၏ အခြားမဲ့အကျိုး၌+နိယုတ္တာနိ အာနန္တရိကာနိ"ဟု ပြုပါ၊ ထို ဝိဂြိုဟ်များကို မာတိကာ အဖွင့်၌ ပြခဲ့ပြီ၊ (တစ်နည်း) အဋ္ဌကထာ၌ "အနန္တရာယေန ဖလဒါယကာနိ"ကိုပင် ဝိဂြိုဟ်ပြုဟု ယူပြီးလျှင် "နတ္ထိ အန္တရာယော ဧတေသံတိ အနန္တရာယာနိ"ဟု ပြု၍ နိရုတ္တိနည်းအားဖြင့် အကို အာ, ရ၏ အာကို ဣ, ယကို ကပြု၍ အာနန္တရိကာနိ ပြီးသည်ဟု ဋီကာတစ်နည်းဖွင့်၏။

(အာဒိဖြင့် ပိတုဃာတက,အရဟန္တဃာတက,လောဟိတုပ္ပာဒက,သံဃဘေဒက တိုကို ယူ၊) ဟိ–ချဲ့၊ တေသု–ထို အာနန္တရိယကံတို့တွင်၊ ကေသို့ပိ–တစ်ပါးသော်မှလည်းဖြစ်သော၊ ကမ္မေ–ကို၊ ကတေ–ပြုအပ်ပြီးသော်၊ (ပိဖြင့် "အနေကသို့ အာယူဟိတေ ဝတ္တဗ္ဗမေဝ နတ္ထိ"ဟု သမ္ပိဏ္ဍနာ ပြု၊) တံ–ထို တစ်ပါးသော ကံကို၊ ပဋိဗာဟိတွာ–တားမြစ်၍၊ အညံ–အခြားသော၊ ကမ္မံ–ကံသည်၊ အတ္တနော–၏၊ [အချို့စာအုပ်၌ အတ္တနော အတ္တနောဟု ဝိစ္ဆာရှိသည်ကား မကောင်း၊] ဝိပါကဿ–အကျိုး၏၊ ဩကာသံ–အခွင့်ကို၊ ကာတုံ–ငှာ၊ န သက္ကောတိ–မစွမ်းနိုင်၊ ဟိ–မှန်၊ သိနေရုပ္ပမာဏေပိ–မြင့်မိုရ်တောင်မျှ ပမာဏရှိသည်လည်းဖြစ်ကုန်သော၊ သုဝဏ္ဏထူပေ–ရွှေစေတီတော်တို့ကို၊ ကတွာ–၍၊ ဝါ–တစ်နည်း၊ စက္ကဝါဠမတ္တံ–စကြဝဠာအတိုင်းအရှည်ရှိသော၊ ရတနမယပါကာရံ–ရတနာ အတိပြီးသော တံတိုင်းရှိသော၊ ဝိဟာရံ–ကျောင်းတိုက်ကို၊ ကာရေတွာ–ပြုစေပြီး၍၊ တံ–ထို ကျောင်းတိုက်ကို၊ ပူရေတွာ–ပြည့်စေ၍၊ နိသိန္နဿ–သီတင်းသုံးတော်မူသော၊ ဗုဒ္ဓပ္ပမုခဿ–ဘုရားအမှူးရှိသော၊ သံဃဿ–သံဃာတော်အား၊ ယာဝဇီဝံ–အသက်အပိုင်းအခြားအတိုင်း၊ (အသက်ထက်ဆုံး၊) စတ္တာရော ပစ္စယေ–လေးပါးသော ပစ္စည်းတို့ကို၊ ဒဒတောပိ–ပေးလှူပါသော်လည်း၊ တံ ကမ္မံ–ထို ကုသိုလ်ကံသည်၊ တေသံ ကမ္မာနံ–ဤ အာနန္တရိယကံတို့၏၊ ဝိပါကံ–အကျိုးကို၊ ပဋိဗာဟေတုံ–ငှာ၊ န သက္ကောတိဝေ–မစွမ်းနိုင်သည်သာ။

ယာစ မိစ္ဆာဒိဋ္ဌိ နိယတာတိ–ကား၊ အဟေတု ၊ပေ၊ ဝါဒေသု–အဟေတုက ဝါဒဒိဋ္ဌိ အကြိယဝါဒဒိဋ္ဌိ နတ္ထိကဝါဒဒိဋ္ဌိတို့တွင်၊ (အဟေတုကဟု ပြောဆိုကြောင်းအယူ, အကြိယဟု ပြောဆိုကြောင်းအယူ, နတ္ထိဟု ပြောဆိုကြောင်းအယူတို့တွင်၊) အညတရာ–တစ်ပါးပါးသော၊ (ယာမိစ္ဆာဒိဋ္ဌိ အတ္ထိ၌ စပ်၊) ဟိ–မှန်၊ တံ–ထို မိစ္ဆာအယူကို၊ ဂဟေတွာ–ယူ၍၊ ဌိတံ–တည်သော၊ [နိယတ ဖြစ်လောက်အောင် ယူပြီးဖြစ်သည်ကို "ဌိတံ"ဟု ဆိုသည်၊] ပုဂ္ဂလံ–ပုဂ္ဂိုလ်ကို၊ ဗုဒ္ဓသတံပိ–ဘုရားအရာသည်သော်မှလည်းကောင်း၊ ဗုဒ္ဓသဟဿံပိ–ဘုရားအထောင်သည်သော်မှလည်းကောင်း၊ ဗောဓေတုံ–သိစေခြင်းငှာ၊ (အဟေတုကမဟုတ် စသည်ဖြင့် သိစေခြင်းငှာ၊) န သက္ကောတိ–မစွမ်းနိုင်၊ [ဤ နိယတမိစ္ဆာဒိဋ္ဌိ သုံးမျိုးအကြောင်းကို သဂြိုဟ်ဘာသာဋီကာ ဝီထိမုတ်ပိုင်း မနောကံအခန်း၌ ပြထားပြီ။]

**၁၀၃၈**။ ။မဂ္ဂါရမဏတ္တိကေ–၌၊ အရိယမဂ္ဂံ အာရဗ္ဘာတိ–ကား၊ လောကုတ္တရမဂ္ဂံ–လောကုတ္တရာမဂ်ကို၊ အာရမဏံ–ကို၊ ကတွာ–၍၊ ပန–ဆက်၊ တေ–ထို မဂ္ဂါရမဏတရားတို့သည်၊ ပရိတ္တာပိ–ကာမတရားတို့သည်လည်း၊ ဟောန္တိ–ရှိကုန်၏၊ မဟဂ္ဂတာပိ–မဟဂ္ဂုတ်တရားတို့သည်းလည်း၊ (ဟောန္တိ၊) [ပရိတ္တာပိ ဖြင့် ဝုဋ္ဌော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ကို ပြ၏၊ မဟဂ္ဂတာပိဖြင့် စေတောပရိယစသော အဘိညာဉ်ကိုပြသည်။]

**၁၀၃၉။** ။မဂ္ဂဟေတုကနိဒ္ဒေသေ–၌၊ ပဌမနယေ–၌၊ ပစ္စယဋ္ဌေန–မဂ္ဂပစ္စည်းဟူသော အနက်သဘောဖြစ်သော၊ ဟေတုနာ–အကြောင်းအားဖြင့်၊ မဂ္ဂသမ္ပယုတ္တာနံ–မဂ္ဂသမ္ပယုတ်ဖြစ်ကုန်သော၊ ခန္ဓာနံ–တို့၏၊ သဟေတုကဘာဝေါ–သဟေတုက တို့၏အဖြစ်ကို၊ (ဘဂဝတာ)ဒဿိတော–ပြတော်မူအပ်ပြီ၊ ဒုတိယနယေ–၌၊ မဂ္ဂဘူတေန–မဂ်ဖြစ်၍ဖြစ်သော၊ သမ္မာဒိဋ္ဌိသင်္ခါတေန–သမ္မာဒိဋ္ဌိဟုဆိုအပ်သော၊ ဟေတုနာ–ဟိတ်အားဖြင့်၊ သေသမဂ္ဂင်္ဂါနံ–သမ္မာဒိဋ္ဌိမှ ကြွင်းသော မဂ္ဂင်တို့၏၊ (ပဌမနည်း၌ ချန်ထားအပ်ခဲ့သော သမ္မာဒိဋ္ဌိမှကြွင်းသော မဂ္ဂင်တို့၏၊) ["သေသ မဂ္ဂါနံ"ဟုလည်း ရှိ၏၊ သဘောတူပင်၊] သဟေတုကဘာဝေါ–ကို၊ (ဘဂဝတာ) ဒဿိတော၊ တတိယနယေ–၌၊ မဂ္ဂေ–မဂ်၌၊ ဥပ္ပန္န ဟေတူဟိ–ဖြစ်သော ဟိတ်တို့ဖြင့်၊ (အလောဘ အဒေါ အမောဟဟိတ်တို့ဖြင့်၊) သမ္မာဒိဋ္ဌိယာ–သမ္မာဒိဋ္ဌိ၏၊ (ရှေ့နှစ်နည်းလုံး၌ ချန်ထားအပ်ခဲ့သော သမ္မာဒိဋ္ဌိ၏၊) သဟေတုဘာဝေါ–ကို၊ (ဘဂဝတာ) ဒဿိတော–ပြီ၊ ဣတိ, ဝေဒိတဗ္ဗော။

---

**ပဌမနယေ။** ။ပါဠိတော်၌ "အရိယမဂ္ဂသမင်္ဂိဿ မဂ္ဂင်္ဂါနိ ထပေတွာ တံသမ္ပယုတ္တော"စသည်ကို ပဌမနည်းဟု ဆိုသည်၊ ဤနည်း၌ မဂ္ဂင်ရှစ်ပါးကို မဂ္ဂပစ္စည်း ထိုက်သောကြောင့် "မဂ္ဂဟေတု–မဂ္ဂပစ္စည်းဟူသော အကြောင်း"ဟု ဆိုသည်၊ ထို့ကြောင့် "ပစ္စယဋ္ဌေန ဟေတုနာ"ဟု မိန့်သည်၊ ဤပုဒ်ကို သဟေတုကဘာဝေါ၌ ဝိသေသန စပ်၊ [ဤ ပဌမနည်း၌ အရကောက်ပုံကို မာတိကာအဖွင့်၌ ပြခဲ့ပြီ။]

**သေသ မဂ္ဂင်္ဂါနံ။** ။ဋီကာ၌ "ပုဗ္ဗေ ထပိတာနံ"ဟု ထည့်၍ အဋ္ဌကထာ၏ အလိုကို ပြ၏၊ "သေသ မဂ္ဂင်္ဂါနံ"အရ ရှေ့ပဌမနည်း၌ "မဂ္ဂင်္ဂါနိ ထပေတွာ–မဂ္ဂင်ရှစ်ပါးကို ချန်ထား၍ ကျန်တရားများသည် မဂ္ဂဟေတုကမည်၏"ဟု ပါဠိတော်၌ ဟောတော်မူ၏၊ ထို ချန်ထားအပ်သော မဂ္ဂင်တို့ကို ဒုတိယနည်း၌ (သမ္မာဒိဋ္ဌိမှတစ်ပါး) သွင်းယူသည်၊ "သေသ မဂ္ဂင်္ဂါနံ"ဟု ဆိုသောကြောင့် မဂ္ဂင်မှတစ်ပါးသော ဖဿစသော သမ္ပယုတ်တရားတို့ကို ဤ ဒုတိယနည်းအလို "မဂ္ဂဟေတုက"မမည်ဟု မမှတ်ရ၊ ထို ဖဿစသောတရားတို့မှာ ပဌမနည်း၌လည်း ပါပြီးဖြစ်သောကြောင့် အထူးမဆိုဘဲ ထားသည်၊ [သေသ မဂ္ဂင်္ဂါနံ ပုဗ္ဗေ ထပိတာနံတိ အဓိပ္ပာယော၊ ဖဿာဒီနံပိ ၊ပေ၊ သိဒ္ဓါ၊–ဋီကာ၊] အရကောက်ကို မာတိကာအဖွင့်၌ ပြခဲ့ပြီ။

**သမ္မာဒိဋ္ဌိယာ။** ။"တတိယ နယော ၊ပေ၊ သမ္မာဒိဋ္ဌိယာ သဟေတုကဘာဝေါ ဒဿိတာ"ဟု ဆိုသောကြောင့် သမ္မာဒိဋ္ဌိတစ်ပါးသာ တတိယနည်း၌ ရ၏–ဟု ထင်မှားဖွယ်ရှိ၏၊ ထိုသို့ ထင်မှားမည်စိုးသောကြောင့် ဋီကာ၌ "သမ္မာဒိဋ္ဌိယာ ဒုတိယနယေပိ ထပိတာယ"ဟု ဝိသေသနပြုသည်၊ "ပဌမနည်း၌သာမက ဒုတိယနည်း၌လည်း ချန်ထားအပ်ခဲ့သော သမ္မာဒိဋ္ဌိ"ဟူလို၊ ဤစကားဖြင့် တတိယနည်း၌ မဂ္ဂင်ရှစ်ပါးလုံးပင် ရ၏ဟု ပြသည်၊ ဖဿစသော တရားတို့ကို တတိယနည်း၌ မရ–ဟု မဆိုလိုကြောင်းကိုလည်း "ဖဿာဒီနံ ဟိ"စသော ရှေ့စကားကို နည်းမှီ၍ သိသာပါသည်၊ [အရကောက်ပုံကို မာတိကာအဖွင့်၌ ပြခဲ့ပြီ။]

၁၀၄၀။ ။အဓိပတိ ကရိတွာတိ–ကား အာရမဏာဓိပတိ–ကို၊ ကတွာ–၍၊ (ဥပ္ပန္နန္တိ ဥ စပ်၊) စ–ဆက်၊ တေ–ထို မဂ္ဂါရမဏာဓိပတိရှိသော တရားတို့သည်၊ ပရိတ္တဓမ္မာ၀–ကာမတရားတို့သည်သာ၊ ဟောန္တိ၊ [မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်ရှစ်ပါးကို ဆိုသည်၊] ဟိ–ချဲ့၊ အရိယသာဝကာနံ–အရိယာသာဝကတို့၏၊ အတ္တနော–မိမိ၏၊ မဂ္ဂ–မဂ်ကို၊ ဂရုံ–အလေးအမြတ်ကို၊ ကတွာ,ပစ္စဝေက္ခဏကာလေ–ဆင်ခြင်ရာအခါ၌၊ အာရမဏာဓိပတိ–အာရမဏာ ဓိပတိကို၊ လဗ္ဘတိ–၏၊ ပန–ကား စေတောပရိယဉာဏေန–စေတောပရိယဉာဏ် ဖြင့်၊ (ပရစိတ္တဝိဇာနနဉာဏ်ဖြင့်၊) အရိယသာဝကော–သည်၊ ပရဿ–သူတစ်ပါး ၏၊ မဂ္ဂ–ကို၊ ပစ္စဝေက္ခမာနော–ဆင်ခြင်လသော်၊ [ပစ္စဝေက္ခမာနော၏အဓိပ္ပာယ် ကို ဋီကာ၌ ပြထားပြီ၊] ဂရုံ–ကို၊ ကရောန္တောပိ–ပြုပါသော်လည်း၊ (သူတစ်ပါးမဂ် ကို ပြုပါသော်လည်း၊) အတ္တနော–၏၊ ပဋိဝိဒ္ဓမဂ္ဂဝိယ–ထိုးထွင်း၍ သိအပ်သော မဂ်ကိုကဲ့သို့၊ (ထိုးထွင်း၍သိအပ်သော မဂ်လောက်၊) ဂရုံ–ကို၊ န ကရောတိ– မပြု၊ ယမကပါဋိဟာရိယံ–ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာကို၊ ကရောန္တံ– ပြုတော်မူသော၊ တထာဂတံ–မြတ်စွာဘုရားကို၊ ဒိသွာ–ဖူးမြင်ရ၍၊ တဿ– ထိုမြတ်စွာဘုရား၏၊ မဂ္ဂံ–အရဟတ္တမဂ်ကို၊ ဂရုံ–ကို၊ ကရောတိ–ပြုသလော၊ န ကရောတိ–မပြုသလော၊ ဣတိ–ဤကား အမေးတည်း၊ (ဂရုံ)ကရောတိ– ပြုပါ၏၊ ပန–ထိုသို့ပင် အလေးအမြတ်ပြုပါသော်လည်း၊ အတ္တနော–၏၊ မဂ္ဂံ ဝိယ–မဂ်ကိုကဲ့သို့၊ ဝါ–မဂ်လောက်၊ န ကရောတိ–မပြုပါ၊ အရဟာ–ရဟန္တာ ပုဂ္ဂိုလ်သည်၊ မဂ္ဂံ–မဂ်ကိုလည်းကောင်း၊ ဖလံ–ကိုလည်းကောင်း၊ နိဗ္ဗာနံ–ကို လည်းကောင်း၊ ထပေတွာ–ချန်ထား၍၊ ကိဉ္စိ–တစ်စုံတစ်ခုသော၊ ဓမ္မံ–ကို၊ ဂရုံ–ကို၊ နကရောတိ–မပြု၊ ဣတိ ဧတ္တောပိ–ဤ ရှေးအဋ္ဌကထာ စကား၌လည်း၊ ဝါ–ပယ်ရှားကြောင်း ပါဠိတော်၌လည်း၊ အယမေဝအတ္ထော–ဤအနက်ပင် တည်း၊ [မိမိ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်ရွယ်၍ "မဂ္ဂံ ဖလံ နိဗ္ဗာနံ"ဟု ဆိုသည်။]

ဝီမံသာဓိပတေယျံတိ ဣဒံ–ဟူသော ဤစကားကို၊ သာဓာတာဓိပတိ– ကို၊ ဒဿေတုံ, (ဘဂဝတာ)ဝုတ္တံ–ပြီ၊ ဟိ–ချဲ့၊ ဆန္ဒံ–ဆန္ဒကို၊ ဇေဋ္ဌကံ–အကြီး အကဲကို၊ ကတွာ–၍၊ မဂ္ဂံ–မဂ်ကို၊ ဘာဝေန္တဿ–ဖြစ်စေသောပုဂ္ဂိုလ်၏၊ ဆန္ဒော– သည်၊ အဓိပတိနာမ–သည်၊ ဟောတိ၊ မဂ္ဂေါ–သည်၊ န (ဟောတိ၊) သေသာ ဓမ္မာပိ–ဆန္ဒမှကြွင်းသော တရားတို့သည်လည်း၊ ဆန္ဒာဓိပတိနောနာမ–ဆန္ဒ ဟူသော အဓိပတိရှိသောတရားတို့မည်သည်၊ (ဟောန္တိ၊) မဂ္ဂါဓိပတိနော– မဂ်ဟူသော အဓိပတိရှိသောတရားတို့သည်၊ န (ဟောန္တိ၊) စိတ္တေပိ–၌လည်း၊ ဧသေဝနယော၊ ["စိတ္တံ ဇေကဋ္ဌံ ကတွာ"စသည်ဖြင့် ဆန္ဒနေရာ၌ စိတ္တကို သွင်းပါ–ဟူလို၊ ဤတရားနှစ်ပါးသည် မဂ္ဂင်ရှစ်ပါးတွင် မပါဝင်သောကြောင့် မဂ္ဂါဓိပတိ မဖြစ်နိုင်၊] ပန–ကား ဝီမံသံ–ဝီမံသကို၊ ဇေကဋ္ဌံ ကတွာ မဂ္ဂံ

ဘာဝေန္တသ, ဝီမံသာ–ဝီမံသသည်၊ အဓိပတိစေဝ–အဓိပတိသည်လည်း၊ ဟောတိ၊ မဂ္ဂေါစ–မဂ်သည်လည်း၊ (ဟောတိ၊) က္ကတိ–ကြောင့်၊ သေသဓမ္မော–ဝီမံသမှကြွင်းသော သမ္ပယုတ်တရားတို့သည်၊ မဂ္ဂါဓိပတိနောနာမ–မဂ်ဟူသော အဓိပတိရှိသော တရားတို့မည်သည်၊ ဟောန္တိ၊ ဝီရိယေပိ–၌လည်း၊ ဧသေဝ နယော၊ ["ဝီမံသံဇေကင္ဒ"စသောနေရာဝယ် ဝီရိယကို သွင်းရုံသာ၊ ဤနှစ်ပါးသာ မဂ္ဂင်ရှစ်ပါးတွင် ပါဝင်သောကြောင့် မဂ္ဂါဓိပတိ ဖြစ်နိုင်သည်။]

**၁၀၄၁။** ။ဥပ္ပန္နတ္တိကနိဒ္ဒေသေ–၌၊ ဇာတာတိ–ကား၊ နိဗ္ဗတ္တာ–ဖြစ်ကုန်သော၊ ပဋိလဒ္ဓတ္တဘာဝါ–ရအပ်သော မိမိသဘောရှိကုန်သော၊ ဝါ–မိမိသဘောကို ရကုန်သော၊ (ယေဓမ္မာ၌ စပ်၊) ဘူတာဒိအာဒိနိ–ဘူတာအစရှိသော သဒ္ဒါတို့သည်၊ တေသံယေဝ–ထိုဇာတတို့၏ပင်၊ ဝေဝစနာနိ–ဝေဝုစ် ပရိယာယ်တို့တည်း၊ ဟိ–မှန်၊ ဇာတာဝေ–ပေါက်ဖွားသော တရားတို့သည်ပင်၊ ဘာဝပ္ပတ္တိယာ–အထည်ကိုယ်သဘောသို့ ရောက်ခြင်းအားဖြင့်၊ ဘူတာ–ဖြစ်သောရားတို့မည်၏၊ ပစ္စယသံယောဂေ–ကံစသော အကြောင်းတို့နှင့် ပေါင်းမိခြင်းသည်၊ (သတိ–သော်၊) ဇာတတ္တာ–ပေါက်ဖွားကုန်သည်၏အဖြစ်ကြောင့်၊ သဉ္ဇာတာ–သဉ္ဇာတတို့မည်၏၊ [သံကို "သံယောဂေ"ဟု ဖွင့်သည်၊ ကံစသော အကြောင်းနှင့် ပေါင်းမိလျှင် ရုပ်တရားများပေါက်ဖွားကြ၏၊ အဝိဇ္ဇာတဏှာစသော အကြောင်းနှင့် ပေါင်းမိလျှင် နာမ်တရားများ ပေါက်ဖွားကြ၏။] နိဗ္ဗတ္တိလက္ခဏပ္ပတ္တတ္တာ–နိဗ္ဗတ္တိလက္ခဏာသို့ ရောက်ကုန်သည်၏အဖြစ်ကြောင့်၊ နိဗ္ဗတ္တာ–ဖြစ်ကုန်သော၊ [ဇာတ၌ ပြခဲ့သည့်အတိုင်း မိမိသဘော ထင်ရှားပေါ်လာခြင်းကို "နိဗ္ဗတ္တိလက္ခဏာ"ဟု ဆိုသည်၊ "သက္ကော ဟုတွာ နိဗ္ဗတ္တိ"၌ သကြားအတ္တဘော ထင်ရှားပေါ်လာခြင်းကို နိဗ္ဗတ္တိဟု ဆိုသကဲ့သို့တည်း။] ပန–ဆက်၊ ဥပသဂ္ဂေန–အဘိဥပသာရပုဒ်ဖြင့်၊ ပဒံ–ပုဒ်ကို၊ ဝဍ္ဎေတွာ–တိုးပွားစေ၍၊ အဘိနိဗ္ဗတ္တာတိ–ဟူ၍၊ ဝုတ္တာ–နိပြီ၊ ပါကဋီဘူတာ–ထင်ရှားဖြစ်၍ဖြစ်ကုန်၏၊ က္ကတိ–ကြောင့်၊ ပါတုဘူတာ–တို့ မည်၏၊ [ပါတု+ဟုတွာ+ဘူတာ ပါတုဘူတာ။]

ပုဗ္ဗန္တတော–ရှေးအတိတ်တရား၏ ဘင်အစွန်းမှ၊ ဥဒ္ဓံ–အထက်ဖြစ်သော ခဏတ္တယ၌၊ ပန္နာ–ဖြစ်သော တရားတို့တည်း၊ (မာတိကာ၌ "ပန္နာဂတာ ပဝတ္တာ"ဟု ဖွင့်ခဲ့သည်။] က္ကတိ–ကြောင့်၊ ဥပ္ပန္နာ–တို့မည်၏၊ [ဥကို "ပုဗ္ဗန္တတော

---

**ပဋိလဒ္ဓတ္တဘာဝါ။** ။အတ္တနော–မိမိ၏+ဘာဝေါ–သဘောတည်း၊ အတ္တဘာဝေါ–ဘော၊ ပဋိလဒ္ဓေါ+အတ္တဘာဝေါ ယေဟိ–(အကြင် ,ဥပ္ပန္နတားတို့သည်) က္ကတိ ပဋိလဒ္ဓတ္တဘာဝါ၊ လူတစ်ယောက်မွေးဖွားရာ၌ ထိုကလေးတည်းဟူသော အထည်ကို ရခြင်းဖြစ်ကဲ့သို့ ပရမတ္ထသဘာဝတို့ ဇာတဖြစ်ရာ၌လည်း ထိုသဘော တရားကို ရခြင်းပင်တည်း၊ ထိုကြောင့် ဇာတာကို "နိဗ္ဗတ္တာ"ဟု သဒ္ဒတ္ထဖွင့်၍ "ပဋိလဒ္ဓတ္တဘာဝါ"ဟု သဘာဝတ္ထကို ဖွင့်သည်။

ဥဒ္ဓံ (အတိတ်ဖြစ်သော ရှေ့အစွန်းမှ အထက်၌)”ဟု ဖွင့်သည်၊ ထို အထက် ဟူသည် ပစ္စုပ္ပန်ဖြစ်သော ဥပါဒ် ဌီ ဘင် ခဏတည်း။] ဥပသဂ္ဂေန–သံ ဥပသာရ ဖြင့်၊ ပဒံ,ဝဍ္ဎေတွာ,သမုပ္ပန္နာတိ–ဟူ၍၊ ဝုတ္တာ–နိုပြီ၊ နိဗ္ဗတ္တဋ္ဌေနေဝ–ဖြစ်ခြင်း ဟူသော သဘောအားဖြင့်ပင်၊ (ရှေး၌ “နိဗ္ဗတ္တာ”ဟု ပါပြီးဖြစ်သောကြောင့် ဧဝ ထည့်သည်၊) ဥဒ္ဓံ–အတိတ်အစွန်းမှ အထက်ဖြစ်သော နောက်ကာလ၌၊ ဌိတာ–တည်သော တရားတို့တည်း၊ ဣတိ–ထို့ကြောင့်၊ ဥဋ္ဌိတာ–တို့မည်၏၊ ပစ္စယသံယောဂေ–ကံစသောအကြောင်းတို့နှင့် ပေါင်းယှဉ်မိခြင်းသည်၊ (သတိ၊) ဥဋ္ဌိတာ–အထက်ဖြစ်သော ခဏတ္တယ၌တည်သော တရားတို့တည်း၊ ဣတိ, သမုဋ္ဌိတာ–တို့မည်၏၊ ပုန–တစ်ဖန်၊ ဥပ္ပန္နာတိဝစနေ–ဥပ္ပန္နာဟု ဟောတော်မူခြင်း၌၊ ကာရဏံ–ကို၊ ဟေဋ္ဌာ–၌၊ ဝုတ္တနယေနေဝ–ဖြင့်သာ၊ ဝေဒိတဗ္ဗံ–၏၊ ဥပ္ပန္နံသေန သင်္ဂဟိတာတိ–ကား၊ ဥပ္ပန္နကောဋ္ဌာသေန–ဥပ္ပန္နအဖို့အစုဖြင့်၊ ဂဏနံ–ရေတွက်အပ်သည်၏အဖြစ်သို့၊ ဂတာ–ရောက်ကုန်သော၊ ရူပါ ၊ပေ၊ ဝိညာဏံတိ ဣဒံ–ဟူသော ဤစကားသည်၊ တေသံ–ထို ဥပ္ပန္နတရားတို့၏၊ သဘာဝဒဿနံ–သဘောကို ပြကြောင်းစကားတည်း၊ . . . . .ဒုတိယပဒနိဒ္ဒေ သော–အနုပ္ပန္နာဓမ္မာဟူသော ဒုတိယပုဒ်၏နိဒ္ဒေသကို၊ ဝုတ္တပဋိသေဓနယေန–ဟောတော်မူအပ်ပြီးသော ဇာတာဘူတာစသည်တို့ကို တားမြစ်ခြင်းဟူသော

---

**ဥပ္ပန္နာ ၊ပေ၊ သင်္ဂဟိတာ။** ။“မနော မနိန္ဒြိယံ”စသည်၌ မနောကို ရှေ့၌ ပါပြီးဖြစ်လျက် ထပ်၍ဟောတော်မူရာဝယ် မနိန္ဒြိယံအရ မနကိုပင်ရ၏ဟု ပြသကဲ့သို့ ဥပ္ပန္နံ သေနသင်္ဂဟိတာအရ ဥပ္ပန္နတရားကိုပင်ရ၏ဟု သိစေလို၍ “ဥပ္ပန္နာ” ဟု ဝိသေသနပြုရသည်၊ ဥပ္ပန္နံသ၌ အံသသဒ္ဒါ ကောဋ္ဌာသအနက်ဟောဟု သိစေလို၍ “ဥပ္ပန္နကောဋ္ဌာသေန”ဟုလည်းကောင်း, သင်္ဂဟိတာအရ “ဂဏနသင်္ဂဟ”ကို ယူပါ၊ ပေါင်းခြင်းဟူသော သမောဓာနသင်္ဂဟစသည်ကို မယူပါနှင့်ဟု သိစေလို၍ “ဂဏနံ ဂတာ”ဟု လည်းကောင်း ဖွင့်သည်။

**ဝုတ္တပဋိသေဓ နယေန။** ။“ဇာတာ ဘူတာ”စသည်ဖြင့် ဟောတော်မူအပ် ပြီးသော တရားတို့ကို “အဇာတာ အဘူတာ”စသည်ဖြင့် တားမြစ်ခြင်းဟူသော နည်းအားဖြင့် “အနုပ္ပန္နာဟူသော ဒုတိယပဒနိဒ္ဒေသကို သိရမည်”ဟု ဆိုသောကြောင့် ဥပ္ပန္နာဓမ္မာအရ၌ ကောက်ခဲ့သောပစ္စုပ္ပန်တရားများကို “န+ဥပ္ပန္နာ”ဟု တားမြစ်၍ အနုပ္ပန္နာအရ အတိတ် အနာဂတ် တရားအာလုံးကို ကောက်ရမည်ကဲ့သို့ ထင်ရ၏၊ ထိုသို့ မကောက်ရကြောင်း (အတိတ်တရားစုကို ချန်ထားရကြောင်း)ကို မာတိကာ အဖွင့် ဋီကာ၌ ပြခဲ့ပြီ။

**မှတ်ချက်။** ။အနုပ္ပန္နာအရ အနာဂတ်တရားတို့ကို ကောက်ရာ၌ မာတိကာ အကောက်များဝယ် ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်များကို ချန်၍ ကောက်ကြ၏၊ ထို တရားများကို “ဥပ္ပါဒိနောဓမ္မာ”အရ၌ ကောက်လတ္တံ့ဖြစ်သောကြောင့် ပါရိသေသနည်း အားဖြင့် ချန်၍ ကောက်ခြင်းဖြစ်သည်၊ ထိုသို့ ကောက်ခြင်းသည် “မေတ္တေယျ ဗောဓိသတ္တဿ မဂ္ဂေ အနုပ္ပန္နောနာမ၊ ဖလံ ဥပ္ပါဒိနော ဓမ္မာယေဝ နာမ ဇာတံ”ဟူသော နောက်နား၌ လာမည့် အဋ္ဌကထာစကားနှင့် အညီတည်း။

နည်းအားဖြင့်၊ ဝေဒိတဗ္ဗာ–၏၊ တတိယပဒနိဒ္ဒေသော–ဥပ္ပာဒိနောဓမ္မာဟူသော တတိယပုဒ်၏နိဒ္ဒေသသည်၊ ဥတ္တာနတ္တောယေဝ–သည်သာ၊ ပန–ဆက်၊ အယံ တိကော–ဤ ဥပ္ပန္နတိက်ကို၊ ဒွိန္နံ–ကုန်သော၊ အဒ္ဓါနံ–ပစ္စုပ္ပန်, အနာဂတ် ကာလတို့၏၊ ဝသေန–အပြားအားဖြင့်၊ ပူရေတွာ–ပြည့်စေ၍၊ ဒဿိတော–ပြတော်မူအပ်ပြီ။

ဟိ–ချဲ့၊ လဒ္ဓေကာသဿ–ရအပ်သော အကျိုးပေးခွင့်ရှိသော၊ ဝါ–အကျိုးပေးခွင့်ကိုရသော၊ ကမ္မဿ–ကံ၏၊ ဝိပါကော–အကျိုးသည်၊ ခဏပ္ပတ္တောစ–ဥပါဒ် ဌီ ဘင်ဟူသော ခဏသို့ရောက်သော အကျိုးလည်းကောင်း၊ (ပေးဆဲအကျိုးလည်းကောင်း၊) အပ္ပတ္တောစ–ခဏသို့မရောက်သော အကျိုးလည်းကောင်း၊ (မပေးရသေးသော အကျိုးလည်းကောင်း၊ က္ကတိ–သို့၊) ဒုဝိဓော–နှစ်ပါးအပြားရှိ၏၊ တတ္ထ–ထို နှစ်ပါးတို့တွင်၊ ခဏပ္ပတ္တော–ဥပါဒ် ဌီ ဘင်ဟူသော ခဏသို့ရောက်သော အကျိုးသည်၊ ဥပ္ပန္နော နာမ–ဥပ္ပန္နမည်၏၊ အပ္ပတ္တော–ခဏသို့မရောက်သော အကျိုးသည်၊ စိတ္တာနန္တရေ ဝါ–စိတ်၏အခြားမဲ့၌မူလည်း၊ ဥပ္ပဇ္ဇတု–ဖြစ်ပစေ၊ ကပ္ပသဟဿာတိက္ကမေ ဝါ–ကမ္ဘာအထောင် လွန်ရာအခါ၌မူလည်း၊ (ဥပ္ပဇ္ဇတု၊) ဓုဝပစ္စယဋ္ဌေ–မြဲသော အကြောင်းရှိသည်၏အဖြစ်ကြောင့်၊ နုတ္ထိနာမ–မရှိသည်မည်သည်၊ န ဟောတိ–မဟုတ်၊ ဥပ္ပာဒိနောဓမ္မာနာမ–ဖြစ်ခြင်းရှိသော တရားတို့မည်သည်၊ ဇာတာ။

**စိတ္တာနန္တရေဝါ ၊ပေ၊ တိက္ကမေဝါ။** ။စိတ္တာနန္တရေဝါဖြင့် မဂ်စိတ်ဟူသော ကံ၏အခြားမဲ့၌ ဖြစ်လတ္တံ့သောဖိုလ်ကို ရည်ရွယ်၏၊ ကပ္ပသဟဿာတိက္ကမေဝါဖြင့် ကမ္ဘာများစွာ အသက်ရှည်သော ဗြဟ္မာများ၏သန္တာန်ဝယ် ပြုအပ်သော ကံ၏နောက်ဘဝ ဝိပါက်ကို ရည်ရွယ်၏၊ [လဒ္ဓေါကာသဿ ၊ပေ၊ အနေကသဟဿာယုကာနံ သတ္တာနံ၊–ဋီကာတစ်နည်း–ဗြဟ္မာ သတ္တဝါသာမက သတ္တဝါအားလုံး၏သန္တာန်၌ ကမ္ဘာ ထောင်ပေါင်းများစွာကြာမှ အကျိုးပေးခွင့်ရမည့် ကံ၏အကျိုးကို ရည်ရွယ်၍ "ကပ္ပသဟဿာတိက္ကမေဝါ"ဟု ဆိုသည်၊ [ကပ္ပသဟဿာတိက္ကမေဝါ ၊ပေ၊ သန္တာယ ဝုတ္တံ၊–ဋီကာ။]

**နတ္ထိ နာမ ၊ပေ၊ ဇာတာ။** ။"နတ္ထိ နာမ နဟောတိ"ကို "အနုပ္ပန္နော နာမ နဟောတီတိ အဓိပ္ပာယော"ဟု ဋီကာဖွင့်၏၊ "မရှိသည်မည်သည် မဟုတ်"ဟူသော အဋ္ဌကထာစကား၌ "ဥပ္ပန္နမဟုတ်သည် မည်သောတရား မဟုတ်"ဟု အဓိပ္ပာယ်မှတ်ပါ၊ "ဥပ္ပန္နတရား ဥပ္ပာဒီမည်သော တရားများဖြစ်ကြသည်"ဟူလို၊ ဤအဓိပ္ပာယ်ကိုထောက်၍ "ဥပ္ပဇ္ဇိဿန္တီတိ ဥပ္ပာဒိနော"ဟု ဝိဂ္ဂဟ မပြုရ၊ "ဥပ္ပဇ္ဇနံ–အတိတ်ဖြစ်သော ဘင်အစွန်းမှ အထက်ဖြစ်သော နောက်ကာလ ခဏတ္တယ၌ဖြစ်ခြင်း၊ ဥပ္ပာဒေါ–ခြင်း၊ ဥပ္ပာဒေါ ယေသံ အတ္ထီတိ ဥပ္ပာဒိနော"ဟု ဝစနတ္ထပြု၍ ဤပစ္စည်းဖြင့် အဿတ္ထိတဒ္ဓိတ်ရုပ် ပြီးစေ၊ "ဥပ္ပာဒိနော–အတိတ် ဘင်အစွန်းမှ အထက်ဖြစ်သော ပစ္စုပ္ပန်ကာလ၌ ဖြစ်ခြင်းရှိကုန်သော"ဟု မာတိကာ၌ အနက်ပေးပါ၊ ဤသို့ ပစ္စုပ္ပန်ဟော ဥပ္ပာဒီသဒ္ဒါ၏ အနာဂတ်ဝိပါက်တို့၌ တင်စားထားကြောင်းကို သိစေလို၍ "ဥပ္ပာဒိနော နာမ"ဟု နာမသဒ္ဒါထည့်၍ ဆိုသည်၊ [အဿတ္ထိပစ္စည်းများ၏ ပစ္စုပ္ပန်ဟောပုံကိုကား သဒ္ဒါကျမ်းတို့၌ ရှုပါ။]

ဟိ–ထင်ရှားအောင် ပြဦးအံ့၊ ပေါဋ္ဌပါဒ–ပေါဋ္ဌပါဒ၊ အရူပီ–ရုပ်မရှိသော၊ သညာမယော–သညာဖြစ်သော၊ (မယပစ္စည်း အနက်မရှိ၊) ဝါ–သညာ အတိပြီးသော၊ (ပကတိအနက်၌ မယပစ္စည်း သက်၊) ဿွာယံ (သော+အယံ) အတ္တာ–ထိုအတ္တသည်၊ တိဋ္ဌတေဝ–တည်ရှိမြဲ တည်ရှိသည်သာ၊ အထ–တည်ရှိရာ ထိုအခါ၌၊ ဣမဿ ပုရိသဿ–ဤအရူပဘုံသားသတ္တဝါ၏၊ အညာစ–ဘဝင်သညာမှ အခြားလည်းဖြစ်ကုန်သော၊ သညာ–ကာမာဝစရသညာတို့သည်၊ ဥပ္ပဇ္ဇန္တိ–နုံ၏၊ အညာစ–နုံသော၊ သညာ–တို့သည်၊ နိရုဇ္ဈန္တိ–ချုပ်ကုန်၏၊ ဣတိ ဧတ္ထ–ဤပါဠိရပ်၌၊ အရူပေ–အရူပဘုံ၌၊ ကာမာဝစရသညာ ပဝတ္တိကာလေ–ကာမာဝစရသညာ၏ဖြစ်ရာအခါ၌၊ မူလဘဝင်္ဂသညာ–မူလဖြစ်သော ဘဝင်သညာသည်၊ နိရုဒ္ဓါ–ချုပ်နေသည်၊ ကိဉ္စာပိ ဟောတိ–အကယ်၍ကား ဖြစ်ပါပေ၏၊ ပန–ထိုသို့ပင် ဖြစ်ပါသော်လည်း၊ ကာမာဝစရသညာယ–၏၊ နိရုဒ္ဓကာလေ–ချုပ်ပြီးရာအခါ၌၊ အဝဿံ–မချွတ်ကေန်၊ သာ–ထိုဘဝင်သညာသည်၊ ဥပ္ပဇ္ဇိဿတိ–ဖြစ်လတ္တံ့၊ ဣတိ–ကြောင့်၊ 'အရူပီသညီတော–အရူပီဟုဆိုအပ်သော၊ [အရူပီအတ္တာကို ထောက်၍ "အရူပီသညီတော"ဟု ရှိရမည်၊] အတ္တာ–အတ္တသည်၊ နတ္ထိတိ–မရှိဟူ၍၊ သမ္ဗျ–ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့၊ အဂန္တွာ–မရောက်မူ၍၊ တိဋ္ဌတေဝနာမာတိ–တိဋ္ဌတေဝနာမဟူ၍၊ ဝါ–တည်ရှိမြဲ တည်ရှိ၏ဟူ၍၊ ဓာတောယထာ–ဖြစ်ရကဲ့သို့၊ ဧဝမေဝ–ပင်၊ လဒ္ဓေါကာသဿ–သော၊ ကမ္မဿ–၏၊ ဝိပါကော–သည်၊ ခဏပ္ပတ္တောာစ–လည်းကောင်း၊ အပ္ပတ္တောာစ–လည်းကောင်း၊ (ဣတိ)ဒုဝိဓော–၏၊ တတ္ထ–တွင်၊ ပေ၊ ဥပ္ပာဒိနော ဓမ္မာနာမ–ဖြစ်ခြင်းရှိသောတရားတို့မည်သည်၊ ဓာတာ–ဖြစ်ကုန်ပြီ။

---

**ယထာဟိ ၊ပေ၊ နာမာတိဓာတာ။** ။မချွတ်ကေန် ဖြစ်လတ္တံ့ကိုပင် ဖြစ်ဆဲပစ္စုပ္ပန်အနေအားဖြင့် သုံးစွဲနိုင်ပုံ၌ ပါဠိတော် ဥဒါဟရဏ်ကို ပြလို၍ "ယထာဟိ" စသည်ကို မိန့်သည်၊ [သညာကို အတ္တဟု အယူရှိသူတို့၏ဝါဒဖြင့် ပေါဋ္ဌပါဒပရိဗ္ဗိုဇ်အား ဟောတော်မူအပ်သော သီလက္ခန်ပေါဋ္ဌပါဒသုတ် ပါဠိတော်တည်း၊] ထိုပါဠိတော်ဝယ် အရူပဘုံ၌ဖြစ်သော ဘဝင်သညာကို "တိဋ္ဌတေဝ အရူပီ အတ္တာ သညာမယော"ဟု မိန့်တော်မူ၍ ဓောစိတ်နှင့်ယှဉ်သော သညာကို "အညာသညာ ဥပ္ပဇ္ဇန္တိ ၊ပေ၊ နိရုဇ္ဈန္တိ" ဟု မိန့်တော်မူသည်၊ ကာမာဝစရ ဓောသညာ၏ဖြစ်ခိုက် ချုပ်ခိုက်၌ ဘဝင်သညာ မရှိပါသော်လည်း ထိုဘဝင်သညာသည် "တိဋ္ဌတေဝ–တည်မြဲ တည်နေ၏, ရှိမြဲရှိနေ၏" ဟု ဟောတော်မူရာ၌ ဘဝင်သညာသည် ထိုအခိုက်၌ တည်နေ ရှိနေသည် မဟုတ်ပါသော်လည်း "နတ္ထိ–မရှိ"ဟု မခေါ်ရဘဲ ကာမာဝစရ ဓောသညာချုပ်သောအခါ ကေန် ဖြစ်လတ္တံ့ဖြစ်သောကြောင့် (ထိုဖြစ်လတ္တံ့အတွက်) "တည်နေ ရှိနေသည်" ဟု ပစ္စုပ္ပန်အသုံးအနှုန်းဖြင့် "တိဋ္ဌတေဝ"ဟု သုံးနှုန်းရသကဲ့သို့, ထို့အတူ ဤ၌လည်း အနာဂတ်ကာလ၌ ဖြစ်လတ္တံ့ဝိပါက်တို့သည် ကေန်မူချ ဖြစ်လတ္တံ့ဖြစ်သည့်အတွက် ပစ္စုပ္ပန်အသုံးအနှုန်းဖြင့် ဥပ္ပာဒိနောဓမ္မာ အမည်ရကြသည်–ဟူလို။

ပန–ဆက်၊ အာယူဟိတံ–အားထုတ်အပ်ပြီး သော၊ ကုသလာကုသလကမ္မံ–ကုသိုလ်ကံ, အကုသိုလ်ကံသည်၊ သဗ္ဗံ–အလုံးစုံသည်၊ (လဒ္ဒေါကာသကံ, အလဒ္ဒေါကာသကံအားလုံးသည်၊) ဝိပါကံ–အကျိုးကို၊ ယဒိဒဒေယျ–အကယ်၍ပေးအံ့၊ (ဧဝံသတိ၊) အညဿ–အခြားသောကံ၏၊ ဝါ–အခြားသောစိတ်၏၊ ဩကာသော–အခွင့်သည်၊ န ဘဝေယျ–မဖြစ်တော့ရာ။

ပန–ဆက်၊ တံ–ထို အားထုတ်အပ်ပြီးသော ကံသည်၊ ဓုဝဝိပါကံ–မြဲသောအကျိုးရှိသော ကံလည်းကောင်း၊ အဓုဝဝိပါကံစ–မမြဲသော အကျိုးရှိသောကံလည်းကောင်း၊ (ဣတိ–သို့၊) ဒုဝိဓံ–သည်၊ ဟောတိ၊ တတ္ထ–ထို နှစ်ပါးတို့တွင်၊ ပဉ္စ–န်သော၊ အာနန္တရိယကမ္မာနိ–အာနန္တရိယကံတို့လည်းကောင်း၊ အဋ္ဌ–န်သော၊ သမာပတ္တိယော–သမာပတ်တို့လည်းကောင်း၊ စတ္တာရော–န်သော၊ အရိယမဂ္ဂါ–တို့လည်းကောင်း၊ ဣတိ ဧတံ–ဤ ကံသည်၊ ဓုဝဝိပါကံနာမ–မြဲသော အကျိုးရှိသော ကံမည်၏၊

ပန–ဆက်၊ တံ–ထို ဓုဝဝိပါကကံသည်၊ ခဏပ္ပတ္တမ္ပိ–ခဏတ္တယသို့ရောက်ပြီးသော ကံသည်လည်း၊ ဝါ–ဖြစ်ပြီးသောကံသည်လည်း၊ အတ္ထိ၊ အပ္ပတ္တမ္ပိ–ခဏတ္တယသို့ မရောက်သေးသောကံသည်လည်း၊ ဝါ–မဖြစ်သေးသောကံသည်လည်း၊ အတ္ထိ၊ တတ္ထ–ထို နှစ်မျိုးတို့တွင်၊ ခဏပ္ပတ္တံ–ခဏတ္တယသို့ရောက်ပြီးသော ကံသည်၊ ဉပ္ပန္နံနာမ–မည်၏၊ အပ္ပတ္တံ–ခဏတ္တယသို့ မရောက်သေးသောကံသည်၊

---

**ယဒိပန ၊ပေ၊ န ဘဝေယျ။** ။"လဒ္ဒေါကာသဿ ကမ္မဿ"ဟု ဆရာဆို၏၊ "လဒ္ဒေါကာသ မဟုတ်သောကံများသည် အကျိုးပေးလျှင် အဘယ်အပြစ်ရှိရာသနည်း" ဟု မေးဖွယ်ရှိသောကြောင့် "ယဒိပန"စသည်ကို မိန့်၊ လဒ္ဒေါကာသဖြစ်စေ, အလဒ္ဒေါ ကာသဖြစ်စေ အားထုတ်အပ်ပြီးသောကံအားလုံးအကျိုးပေးလျှင် အခြားကံ (အခြား စိတ်များ) အခွင့်မရခြင်းဟူသော အပြစ်ဖြစ်စရာရှိသည်–ဟူလို၊ ["အညဿ ဩကာ သော"၏ အဓိပ္ပာယ်ကို ဋီကာ၌ သုံးမျိုးပြထား၏ ရှုပါ။]

**တံ ပန၊ပေ၊ ဓုဝဝိပါကံနာမ။** ။အာယူဟိတကံ၏ ဓုဝဝိပါကကိုသာ နိဒဿနနည်းအားဖြင့် တိုက်ရိုက်ပြထား၏၊ ထိုသို့ပြသဖြင့် အခွင့်ရသော အဓုဝဝိပါကံ၏ ဝိပါက်ကိုလည်း နိဒဿေတဗ္ဗအဖြစ်ဖြင့် ယူရသည်၊ ထို ကံနှစ်မျိုးလုံး၏ ဝိပါက်သည် ဉပ္ပာဒိနော ဓမ္မာ၌ ဉပ္ပာဒီအမည်ရကြသည်–ဟူလို၊ [ဣဒံ ပန ဓုဝဝိပါကဿ ဝိပါကေန ၊ပေ၊ ဒဋ္ဌဗ္ဗံ၊–ဋီကာ၊ ဓုဝဝိပါကဿ ဝိပါကေန နိဒဿနဘူတေနာတိ အဓိပ္ပာယော၊–အနု။]

**ပဉ္စ ၊ပေ၊ ပတ္တိယော။** ။အာနန္တရိယကံကို နိဒဿနနည်းအားဖြင့် ပြထား၏၊ နိယတမိစ္ဆာဒိဋ္ဌိလည်း ဓုဝဝိပါကဖြစ်သောကြောင့် ယူရမည်ဟု အနုဋီကာဆို၏၊ သမာပတ်ရှစ်ပါးတွင် အထက်အထက်သမာပတ်က အောက်အောက်သမာပတ်ကို အကျိုးမပေးအောင် တတ်နိုင်သော်လည်း ထို အထက်အထက်သမာပတ် မရှိလျှင်လည်းကောင်း, အရဟတ္တမဂ်ကို မရလျှင်လည်းကောင်း မုချ အကျိုးပေးသောကြောင့် ဓုဝဝိပါက၌ သမာပတ်ရှစ်ပါးနှင့် အောက်မဂ်တို့ကိုလည်း သွင်းယူနိုင်သည်။

အနုပ္ပန္နနာမ–မည်၏၊ (ဖြစ်ပြီး ဖြစ်ဆဲမဟုတ်, ဖြစ်လတ္တံ့မည်၏၊) တဿ–ထိုကံ၏၊ ဝိပါကော–အကျိုးသည်၊ စိတ္တာနန္တရေဝ–စိတ်၏အခြားမဲ့၌မူလည်း၊ ဥပ္ပဇ္ဇတု–ဖြစ်ပစေ၊ ကပ္ပသဟဿာတိက္ကမေဝ–ကမ္ဘာအထောင် လွန်ရာအခါ၌မူလည်း၊ (ဥပ္ပဇ္ဇတု၊) ဓုဝပစ္စယဋ္ဌေန–မြဲသော အကြောင်းရှိသည်၏အဖြစ်ကြောင့်၊ အနုပ္ပန္နနာမ–မည်သည်၊ န ဟောတိ–မဖြစ်၊ ဥပ္ပာဒိနောဓမ္မာနာမ–ဥပ္ပာဒိနော ဓမ္မတို့မည်သည်၊ ဇာတာ–ဖြစ်ကုန်ပြီ၊ မေတ္တေယျ ဗောဓိသတ္တဿ–မေတ္တေယျ ဘုရားအလောင်း၏၊ မဂ္ဂေါ–မဂ်သည်၊ အနုပ္ပန္နောနာမ–အနုပ္ပန္နမည်၏၊ (ဥပ္ပန္န မဟုတ်သော ဖြစ်လတ္တံ့တရားမည်၏၊) ဖလံ–သည်၊ ဥပ္ပာဒိနော ဓမ္မာယေဝနာမ–ဥပ္ပာဒိနောဓမ္မတို့မည်သည်သာလျှင်၊ ဇာတံ–ပြီ။

၁၀၄၄။ ။အတီတတ္တိကနိဒ္ဒေသေ–၌၊ အတီတာတိ–ကား၊ ခဏတ္တယံ–ခဏတ္တယကို၊ အတိက္ကန္တာ–လွန်ကုန်ပြီ၊ နိရုဒ္ဓါတိ–ကား၊ နိရောဓပ္ပတ္တာ–ချုပ်ခြင်းသို့ ရောက်ကုန်ပြီ၊ [“နိရုဇ္ဈိံသူတိ နိရုဒ္ဓါ”ဟု ပြု၊] ဝိဂတာတိ–ကား၊ ဝိဘဝံ–မဖြစ်ခြင်းသို့၊ ဝါ–ပျက်စီးခြင်းသို့၊ ဂတာ–ရောက်ကုန်ပြီ၊ ဝါ–တစ်နည်း၊ ဝိဂစ္ဆိတာ–ကင်းကုန်ပြီ၊ [ရှေးနည်း၌ ဝိသည် ဝိဘဝအနက်ဟော၊ နောက်နည်း၌ ဝိယောဂ အနက်ဟော၊] ဝိပရိဏတာတိ–ကား၊ ပကတိဝိဇဟနေန–ပင်ကိုသဘောကို စွန့်ခြင်းအားဖြင့်၊ ဝိပရိဏာမံ–ဖောက်ပြန်ခြင်းသို့၊ ဂတာ–ရောက်ကုန်ပြီ၊ နိရောဓသင်္ခါတံ–နိရောဓဟုဆိုအပ်သော၊ အတ္ထံ–ချုပ်ခြင်းသို့၊ ဂတာ–န်ပြီ၊ ဣတိ–ကြောင့်၊ အတ္ထင်္ဂတာ–အတ္ထင်္ဂတတို့မည်၏၊ [အတ္ထသဒ္ဒါ၏ပယော ဇန စသောအနက်ကို ယူမည်စိုး၍ “နိရောဓသင်္ခါတံ”ဟု ဝိသေသနပြုသည်၊] အဗ္ဘတ္ထင်္ဂတာတိ–ဟူ၍၊ ဥပသဂ္ဂေန–အဘိဥပသာရဖြင့်၊ ပဒံ–အတ္ထင်္ဂတပုဒ်ကို၊ ဝဍ္ဎိတံ–တိုးပွားစေအပ်ပြီ၊ ဥပဇ္ဇိတွာ ဝိဂတာတိ–ကား၊ နိဗ္ဗတ္တိတွာ–ခဏတ္တယ အားဖြင့် ဖြစ်ပြီး၍၊ ဝိဂစ္ဆိတာ–ကင်းကုန်ပြီ၊ [ဥပ္ပဇ္ဇိတွာအရ ဥပါဒ်ခဏကို ယူမည်စိုး၍ “နိဗ္ဗတ္တိတွာ”ဟု ဖွင့်သည်၊] ပုန–တစ်ဖန်၊ အတီတဝစနေ–အတီတ သဒ္ဒါကို ဟောတော်မူခြင်း၌၊ ကာရဏံ–ကို၊ ဟေဋ္ဌာ–၌၊ ဝုတ္တမေဝ–သည်သာ၊ [“မနော မနိန္ဒြိယံ”တုန်းက ဆိုခဲ့ပြီ။] ပရတော–နောက်၌၊ အနာဂတာဒီသုပိ–

မေတ္တေယျ ၊ပေ၊ ဇာတံ။ ။“တံ ပန ဒုဝိဓံ”စသောစကားသည် အာယူဟိတ (အားထုတ်အပ် ပြုလုပ်အပ်ပြီ) ကံ၏အကျိုးကို ပြသောစကားတည်း၊ ထို “အာယူဟိတ” ဟူရာ၌ ယခုအချိန်၌ အားထုတ်အပ်ပြီးဖြစ်မှသာ “အာယူဟိတ”ခေါ်ရသည် မဟုတ်၊ နောက်အခါ၌ ဖြစ်လတ္တံ့ဖြစ်စေကာမူ အကျိုးဥပ္ပာဒိ မဖြစ်မီကံကိုလည်း အာယူဟိတ (အနုပ္ပန္န)ဟု ခေါ်နိုင်ကြောင်းကို ပြလို၍ “မေတ္တေယျ”စသည်ကို မိန့်သည်၊ “မဂ္ဂေါ အနုပ္ပန္နောနာမ”၌ အနုပ္ပန္နဟူသည် “အနုပ္ပန္နာဓမ္မာ”အရ ဖြစ်လတ္တံ့သော အနုပ္ပန္န တရားတည်း၊ ထို အနုပ္ပန္နမဂ်သည်ပင် ဖိုလ်တရား၏ ဥပ္ပာဒိအမည်ရပုံကို ထောက်၍ အာယူဟိတကမ္မ–အားထုတ်အပ်ပြီးသော (ဖြစ်လတ္တံ့သော)ကံ ဖြစ်သည်–ဟူလို။

အနာဂတာ အစရှိသောပုဒ်တို့၌လည်း၊ သေသဝနယော–တည်း၊ ["အနဂတာ အနာဂတံသေန သင်္ဂဟိတာ"စသည်၌ ဟောအပ်ပြီးသောနဂတ်ပုဒ်ကို ထပ်၍ ဟောတော်မူခြင်း စသည်၌လည်း ဤနည်းအတိုင်း ["ကာရဏံ ဟေဋ္ဌ ဝုတ္တ မေဝ"ပင်–ဟူလို၊] အတီတံသေန သင်္ဂဟိတာတိ–ကား၊ အတီတကောဋ္ဌာသေန– အတိတ်အဖို့အစုဖြင့်၊ ဂဏနံ–ရေတွက်အပ်သည်၏အဖြစ်သို့၊ ဂတာ–နိ်ပြီ၊ တေ– ထို အတိတ်တရားတို့ဟူသည်၊ ကတမေ–အဘယ်တို့နည်း?၊ ဣတိ–ဤကား အမေးတည်း၊ (တေ–ထိုအတိတ်တရားတို့ဟူ၍) ရူပါ–ရုပ်တို့သည်လည်းကောင်း၊ ဝေဒနာ–သည်လည်းကောင်း၊ သညာ–သည်လည်းကောင်း၊ သင်္ခါရာ–တို့သည် လည်းကောင်း၊ ဝိညာဏံ–သည်လည်းကောင်းတည်း၊ ပရတော–၌၊ အနာဂတာ ဒီသုပိ–အနာဂတ်တရား အစရှိသည်တို့၌လည်း၊ သေသဝနယော–တည်း။

၁၀၄၇။ ။အတီတာရမဏတ္တိကနိဒ္ဒေသေ–၌၊ အတီတေ ဓမ္မေ အာရဗ္ဘာ တိ အာဒီသု–အစရှိသောပါဠိရပ်တို့၌၊ ပရိတ္တမဟဂ္ဂတာဝ–ကာမ, မဟဂ္ဂုတ်သာ လျှင် ဖြစ်ကုန်သော၊ (ဝေဖြင့် အပ္ပမာဏကို ကန့်၊) ဓမ္မာ–တို့ကို၊ ဝေဒိတဗ္ဗာ– န်၏၊ ဟိ–မှန်၊ တေ–ထိုကာမ မဟဂ္ဂုတ်တရားတို့သည်၊ အတီတာဒီနိ– အတိတ် အစရှိသောတရားတို့ကို၊ အာရဗ္ဘ–အာရုံပြု၍၊ ဥပ္ပဇ္ဇန္တိ–န်၏၊ [အပ္ပ မာဏဖြစ်သော နိဗ္ဗာန်အာရုံကား ကာလဝိမုတ်တရားတည်း၊ ထို့ကြောင့် ဤ အတိက်၌ မပါဝင်၊ ပညတ်တို့မှာ ကာလဝိမုတ်ဖြစ်သော်လည်း ပရမတ္ထဓမ္မတို့ကို ပြရာဖြစ်သောကြောင့် လျှဉ်းပါးဖွယ်မရှိ။]

၁၀၅၀။ ။အဇ္ဈတ္တတ္တိကနိဒ္ဒေသေ–၌၊ တေသံတေသံတိ ပဒဒွယေန– တေသံ တေသံဟူသောပုဒ် နှစ်ပါးအပေါင်းဖြင့်၊ (ဝိစ္ဆာပုဒ်ဖြင့်၊) သဗ္ဗသတ္တေ– အလုံးစုံသော သတ္တဝါတို့ကို၊ ပရိယာဒိယတိ–ထက်ဝန်းကျင်ယူတော်မူ၏၊ (သိမ်း ကျုံးတော်မူ၏၊) အဇ္ဈတ္တံ ပစ္စတ္တံတိ–ဟူသော၊ ဥဘယံ–သဒ္ဒါနှစ်ပါး အပေါင်း သည်၊ နိယကဇ္ဈတ္တာဓိဝစနံ–နိယကဇ္ဈတ္တကို ဟောသောသဒ္ဒါတည်း၊ ["အတ္တာနံ+ အဓိကိစ္စ+ပဝတ္တာ+အဇ္ဈတ္တံ၊ အတ္တာနံ+ပဋိစ္စ+ပဝတ္တာ+ပစ္စတ္တံ"ဟု ဗဟုဝုစ်အဖျယ် သောသမာသ်ပြု၊ နိယကဇ္ဈတ္တ၏အဓိပ္ပာယ်ကို မာတိကာအဖွင့် အဇ္ဈတ္တာဓမ္မာပုဒ်၌ ပြခဲ့ပြီ၊] နိယကာတိ–ကား၊ အတ္တနိ–မိမိ၌၊ ဇာတာ–ဖြစ် သော တရားတို့တည်း၊ ပါဋိပုဂ္ဂလိကာတိ–ကား၊ ပါဋိယေက္ကသ ပါဋိယေက္ကသ–အသီးအသီးသော၊

---

နိယကာ။ ။နိယံ ပုတ္တံ၌ "နိဿာယ+ဇာတော နိဇော–မိမိကို မှီ၍ဖြစ်သော သား" ဇကို ယပြု၍ "နိယော"ဟု ဖြစ်ရပုံကို ဒေါ်သေဿစသုတ်၌ ဥဒါဟရဏ်ကို ကြည့်ပါ၊ ထို့အတူ ဤ၌လည်း နိဿာယ+ဇာတာ နိဇာ၊ ဇကို ယပြု၍ နိယာဟု ဖြစ်ပြီးနောက် သွတ္တနိအနက်၌ ကပစ္စည်းသက်၍ "နိယကာ"ဟု ရှိရသည်၊ ထို့ကြောင့် "နိယကာတိ အတ္တနိ ဇာတာ"ဟု ပါဠိမှန်ရှိစေ၊ "မိမိကို မှီ၍ဖြစ်သောတရားများ" ဟူသည်နှင့် "မိမိ၌ ဖြစ်သောတရားများ"ဟူသည် အဓိပ္ပာယ်အတူပင်တည်း၊ [အချို့ စာအုပ်များ၌ "နိယကာတိ အတ္တနော ဇာတာ"ဟု ရှိသည်မှာ မကောင်းပါ။]

(တစ်ယောက်စီတစ်ယောက်စီသော၊) ပုဂ္ဂလဿ–၏၊ သန္တကာ–ဥစ္စာတို့တည်း၊ [ပဋိသဒ္ဒါသည် ဝိသုံအနက်ဟော၊ "ဝိသုံ+ပုဂ္ဂလာ ပဋိပုဂ္ဂလာ–အသီးအသီးသော ပုဂ္ဂိုလ်တို့၊ ပဋိပုဂ္ဂလာနံ+သန္တကာ ပါဋိပုဂ္ဂလိကာ"ဟု ပြု၊] ဥပါဒိန္နာတိ–ကား၊ သရီရဋ္ဌကာ–ကိုယ်၌တည်သော တရားတို့တည်း၊ ဟိ–မှန်၊ တေ–ထိုကိုယ်၌ တည်သော တရားတို့ကို၊ ဝါ–တို့သည်၊ ကမ္မနိဗ္ဗတ္တာ–ကံကြောင့်ဖြစ်ကုန်သည်၊ ဟောန္တု ဝါ–ဖြစ်မူလည်း ဖြစ်ပစေကုန်၊ မာ (ဟောန္တု)ဝါ–မဖြစ်မူလည်း မဖြစ်ပစေကုန်၊ ပန–စင်စစ်ကား၊ အာဒိန္နဂဟိတပရာမဋ္ဌဝသေန–မြဲစွာယူအပ်, မှတ်ယူအပ်, မှားသောအားဖြင့် သုံးသပ်အပ်သည့်၏အစွမ်းကြောင့်၊ ဣဓ–ဤ အဇ္ဈတ္တတိကနိဒ္ဒေသ၌၊ ဥပါဒိန္နာတိ–ဟူ၍၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်ပြီ။

၁၀၅၁။ ။ပရသတ္တာနံတိ–ကား၊ အတ္တာနံ–ကို၊ ထပေတွာ–ထား၍၊ အဝသေသသတ္တာနံ–ကြွင်းသော သတ္တဝါတို့၏၊ (အဇ္ဈတ္တံစသည်၌ စပ်၊) ပရပုဂ္ဂလာနံတိ–ဟူသောပုဒ်သည်၊ တဿေဝ–ထို ပရသတ္တာနံဟူသော ပုဒ်၏ ပင်၊ ဝေဝစနံ–တည်း၊ သေသံ–ကြွင်းသော ပုဒ်အပေါင်းသည်၊ ဟေဋ္ဌာ–အောက်၌၊ (အဇ္ဈတ္တာရမ္မဏပုဒ်၏နိဒ္ဒေသ၌၊) ဝုတ္တသဒိသမေဝ–ဆိုအပ်ပြီးသော ပုဒ်အပေါင်းနှင့်တူသည်သာ၊ တဒုဘယန္တိ–ကား၊ တံ ဥဘယံ–ထို နှစ်ပါးစုံသော အဇ္ဈတ္တ ဗဟိဒ္ဓတရားအပေါင်းတည်း။

၁၀၅၃။ ။အဇ္ဈတ္တာရမ္မဏတ္တိကဿ–၏၊ ပဌမပဒေ–ပထမပုဒ်၌၊ ပရိတ္တ မဟဂ္ဂတာ–ကာမ မဟဂ္ဂုတ်ဖြစ်ကုန်သော၊ ဓမ္မာ–တို့ကို၊ ဝေဒိတဗ္ဗာ–န်၏၊ ဒုတိယေ–ဒုတိယပုဒ်၌၊ အပ္ပမာဏာပိ–အပ္ပမာဏတရားတို့ကိုလည်း၊ ဝေဒိ တဗ္ဗာ–န်၏၊ [ပိဖြင့် ပရိတ္တ မဟဂ္ဂုတ်တရားတို့ကို ပေါင်း၊] တတိယေ–၌၊ ပရိတ္တမဟဂ္ဂတာဝ–ကာမ မဟဂ္ဂတတရားတို့ကိုသာ၊ (ဝေဒိတဗ္ဗာ၊) ပန–ဆက်၊ အပ္ပမာဏာ–အပ္ပမာဏတရားတို့သည်၊ (လောကုတ္တရာတရားတို့သည်၊) ကာလေန–တစ်ရံတစ်ခါ၌၊ ဗဟိဒ္ဓါ–ဗဟိဒ္ဓတရားကို၊ ကာလေန–၌၊ အဇ္ဈတ္တံ–အဇ္ဈတ္တတရားကို၊ အာရမ္မဏံ–ကို၊ န ကရောန္တိ၊ (အမြဲပင် ဗဟိဒ္ဓဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြုကြသည်၊ ထို့ကြောင့် "အဇ္ဈတ္တဗဟိဒ္ဓါရမဏာ"ဟူသော တတိယပုဒ်အရ၌ မကောက်ရ–ဟူလို၊)...သနိဒဿနတ္တိကနိဒ္ဒေသော–သနိ ဒဿနတိက်၏နိဒ္ဒေသသည်၊ ဥတ္တာနတ္ထောယေဝ–သာ၊ ဣတိ–တိကနိက္ခေပ ကထာ အပြီးတည်း။

---

ဥပါဒိန္နာ။ ။ဤပုဒ်၏အဓိပ္ပာယ်ကို ဋီကာ၌ ပြထားပြီ၊ ဆိုလိုရင်းကား– ဥပါဒိန္န ပါဒါနိယတိက် စသည်၌ ကမ္မနိဗ္ဗတ္တတရားတို့ကိုသာ "ဥပါဒိန္န"ဟု ဆိုရ သော်လည်း ဤနေရာ၌ တဏှာဖြင့်စွဲယူအပ်, ဒိဋ္ဌိဖြင့် မှားမှားယွင်းယွင်း သုံးသပ် အပ်သော မိမိသန္တာန်၌ ဖြစ်သမျှတရားတို့ကို ဥပါဒိန္နဟု ဟောတော်မူသည်–ဟူလို။

## ဒုကနိက္ခေပကထာ

**၁၀၆၂။** ။ဒုကေသု–ဒုက်တို့၌၊ အဒေါသနိဒ္ဒေသေ–၌၊ မေတ္တာယန ဝသေန–မေတ္တာ၏ကပ်ရောက်ခြင်း၏ အစွမ်းဖြင့်၊ မေတ္တိ–မေတ္တိမည်၏၊ မေတ္တာကာရော–မေတ္တာ၏ချစ်ခြင်းဟူသော အခြင်းအရာသည်၊ မေတ္တာယနာ–မေတ္တာယနာမည်၏၊ [မေတ္တာယ+အယနာ–ဖြစ်ခြင်း၊] မေတ္တာယ–မေတ္တာဖြင့်၊ အယိတဿ–ဖြစ်သော၊ မေတ္တာသမင်္ဂိနော–မေတ္တာနှင့်ပြည့်စုံသော၊ စိတ္တဿ–၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတည်း၊ မေတ္တာယိတတ္တံ–မေတ္တာဖြင့် ဖြစ်သော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာ၊ ["မေတ္တာဖြင့်ဖြစ်သော စိတ်"ဟူသည် မေတ္တာနှင့်ယှဉ်သော စိတ်တည်း၊ ထို့ကြောင့် "မေတ္တာသမင်္ဂိနော စိတ္တဿ"ဟု အဓိပ္ပာယ်ဖွင့်သည်။]

အနုဒယတိ–စောင့်ရှောက်တတ်၏၊ ဣတိ–ကြောင့်၊ အနုဒ္ဒါ–အနုဒ္ဒါမည်၏၊ ရက္ခတိ–စောင့်ရှောက်တတ်၏၊ ဣတိ အတ္ထော၊ အနုဒ္ဒါကာရော–စောင့်ရှောက်ခြင်းဟူသော အခြင်းအရာသည်၊ အနုဒ္ဒါယနာ–နာမည်၏၊ [ဋီကာ၌ "အနုဒ္ဒယနာ

---

**မေတ္တာယနဝသေန။** ။မေတ္တာယ–မေတ္တာ၏+အယနံ–(မိမိသန္တာန်၌) ကပ်ရောက်ခြင်း၊ မေတ္တာယနံ–ခြင်း၊ မိမိသန္တာန်၌ မေတ္တာကိုရခြင်း (မေတ္တာကို ဖြစ်စေခြင်း) ကို "မေတ္တာ၏ကပ်ရောက်ခြင်း"ဟု ဆိုသည်၊ [မေတ္တာယ+အယနံ ဥပဂမနံ မေတ္တာယနံ၊ တဒ္ဓ အတ္တနော သန္တာနေ မေတ္တာယ လာဘော ဥပ္ပာဒနံ၊ သတ္တာနံ အနုပဂမော–မေတ္တာကို မိမိသန္တာန်၌ ရနေခြင်း ဖြစ်စေခြင်းကို "မေတ္တာဖြန့်သည်"ဟု ခေါ်၏၊ ထိုသို့ ဖြန့်သည့်အတွက် သတ္တဝါတို့သန္တာန်၌ မေတ္တာစေတသိက် ကပ်ရောက်သွားသည် မဟုတ်ပါ၊–အနု၊] ထိုသို့ မေတ္တာဖြစ်သောအခါ ထိုမေတ္တာသည် သတ္တဝါကို အာရုံပြုရကား သတ္တဝါတို့အပေါ်၌ ဖြန့်သကဲ့သို့ဖြစ်သောကြောင့် "မေတ္တာဖရဏဝသေန"ဟု ဋီကာဖွင့်သည်၊ ["မေတ္တာ+အယန"မှ ရှေ့အာကို ချေ၍ နောက်အသို့ကပ်လျှင် "မေတ္တာယန" ဟု ဖြစ်သင့်လျက် ဒီဃပြု၍ "မေတ္တာယန" ရှိရသည်ဟုလည်း ဋီကာဖွင့်၏။]

**တစ်နည်း။** ။"မေတ္တာမေဒနံ–မေတ္တာ၏ချစ်ခြင်းသည်၊ မေတ္တာယနံ–မည်၏" ဟု ဋီကာ တစ်နည်းဖွင့်သေး၏၊ [မေဒနံ၌ မိဒဓာတ်သည် သိနေဟအနက်ကို ဟော၏၊ ထို့ကြောင့် "သိနိဟဝသေန"ဟု အယနံ၏သရူပကျွာဝိသေသနကို ဋီကာ မိန့်သည်၊ ဤအလို "မေတ္တာယ–၏+အယနံ (ချစ်သောအားဖြင့်) ဖြစ်ခြင်းတည်း၊ မေတ္တာယနံ–ခြင်း" ဤ၌လည်း ဒီဃပြုရသည်။

**မေတ္တိ။** ။မေဒနံ–စိုစိုဖတ်ဖတ် စေးကပ်ခြင်း၊ ဝါ–ချစ်ခင်ခြင်း၊ မေတ္တိ–ခြင်း၊ ["မိဒါဒီဟိတ္တိတိယော"သုတ်ဖြင့် တိရင်၊ ထိုသုတ်၌ "မိဒတိ သိနိယှတီတိ မေတ္တာ"ဟု ကတ္တုသာဓ်ပြု၏၊ သင့်သည်ပင်၊ ဤ၌ကား "မေတ္တာယနဝသေန"ဟူသော ဘာဝသာဓနအဖွင့်ကို ကြည့်၍ ဘာဝသာဓနပြုသည်။]

**အနုဒယတိ။** ။"ဒယ–ရက္ခဏေ"ဟု ဓာတ်ကျမ်းရှိသောကြောင့် ဒယတိကို "ရက္ခတိ"ဟု ဓာတ်နက်ဖွင့်သည်၊ အနုအနက် မရှိ၊ အနုဒ္ဒါ၌ကား ဒါဓာတ်သည် ရက္ခဏ အနက်ဟောတည်း။

ကာရော"ဟု ရှိ၏၊ အနုဒ္ဒါယိတာသ–စောင့်ရှောက်ခြင်းဖြင့် ဖြစ်သောစိတ်၏၊ ဘာဝေါ–ဖြစ်ကြောင်း ဖြစ်ရာတည်း၊ အနုဒ္ဒါယိတတ္တံ–ရာ၊ ["အနုဒ္ဒါယ အယိ တာသ အနုဒ္ဒါသမင်္ဂီနော စိတ္တဿ"ဟု ရေးနည်းမှီး၍ ဖွင့်ပါ၊] ဟိတာသ–(သူတစ်ပါး၏)စီးပွားကို၊ သေနဝသေန–ရှာမှီးခြင်း၏အစွမ်းဖြင့်၊ ဟိတေသိတာ–ဟိတေသိတာမည်၏၊ ["ဟိတံ+သေတိ သီလေနာတိ ဟိတေသီ၊ ဟိတေသိ နော+ဘာဝေါ ဟိတေသိတာ"ဟု ပြု၊] အနုကမ္ပနဝသေန–လျော့စွာတုန်လှုပ်ခြင်း၏အစွမ်းဖြင့်၊ (ချီးမြှောက်ခြင်း၏အစွမ်းဖြင့်၊) အနုကမ္ပာ–အနုကမ္ပာမည်၏၊ ["ကမ္ပနံ+ကမ္ပာ၊ ကမ္ပတီတိဝါ ကမ္ပာ၊ အနုရူပံ+ကမ္ပာ အနုကမ္ပာ"ဟု ပြု၊] သဗ္ဗေဟိ–န်သော၊ ဣမေဟိ ပဒေဟိ–ဤ ပုဒ်တို့ဖြင့်၊ (မေတ္တိအစ အနုကမ္ပာအဆုံး ရှိသောပုဒ်တို့ဖြင့်၊) ဥပစာရပ္ပနာပတ္တာ–ဥပစာရအခိုက်အတန့် အပ္ပနာအခိုက် အတန့်သို့ရောက်သော၊ မေတ္တာဝ–မေတ္တာကိုသာ၊ ဝုတ္တာ–ဟောတော်မူအပ်ပြီ၊ [ဧဝဖြင့် မေတ္တာ သဘောမပါသော အဒေါသကို ကန့်၊] သေသပဒေဟိ–ကြွင်းသော အဒေါသော အဒုဿနာ အစရှိသောပုဒ်တို့ဖြင့်၊ လောကိယ လောကုတ္တရော–လောကီ လောကုတ္တရာဖြစ်သော၊ အဒေါသော–ကို၊ ကထိတော–ဟောတော်မူအပ်ပြီ။

၁၀၆၃။ ။အမောဟနိဒ္ဒေသေ–၌၊ ဒုက္ခေဉာဏန္တိ–ကား၊ ဒုက္ခသစ္စေ–ဒုက္ခသစ္စာ၌၊ ပညာ–ပညာတည်း၊ ဒုက္ခသမုဒယေတိအာဒီသုပိ–အစရှိသော ပုဒ်တို့၌လည်း၊ သေဝနယော–၊ စ–ဆက်၊ ဧတ္ထ–ဤ "ဒုက္ခေဉာဏံ"အစရှိသည် တို့တွင်၊ ဒုက္ခေ–ဒုက္ခသစ္စာ၌၊ ဉာဏံ–သည်၊ သဝန ၊ပေ၊ ပစ္စဝေက္ခနာသု–ကြားနာခြင်း, သုံးသပ်ခြင်း, ထိုးထွင်း၍သိခြင်း, ဆင်ခြင်ခြင်းတို့၌၊ ဝတ္တတိ–ဖြစ်၏၊ [သဝနစသည်တို့၏ အဓိပ္ပာယ်ကို ဋီကာ၌ တိုက်ရိုက် ပြထားပြီ၊] ဒုက္ခသမုဒယေ–ကြွင်းသောအကြောင်းနှင့် ပေါင်းမိလသော် ဒုက္ခ၏ဖြစ်ကြောင်း သမုဒယသစ္စာ၌၊ (ဉာဏံ–သည်၊) တထာ–ထို့အတူတည်း၊ [ကြားနာခြင်း, သုံးသပ်ခြင်း, ထိုးထွင်း၍သိခြင်း, ဆင်ခြင်ခြင်းတို့၌ ဖြစ်သည်–ဟူလို၊] ပန–ကား၊ နိရောဓေ–နိရောဓသစ္စာ၌၊ (ဉာဏံ–သည်၊) သဝနပဋိဝေဓ ပစ္စဝေက္ခနာသု ဧဝ–တို့၌သာ၊ (ဝတ္တတိ၊) [ဝိပဿနာဉာဏ်ဖြင့် သုံးသပ်၍ ရကောင်းသော တဘာ့မက တရားမဟုတ်သောကြောင့် သမ္မသနဉာဏ် မရ၊] ပဋိပဒါယ–ဒုက္ခ နိရောဓဂါမိနိပဋိပဒါ၌၊ (ဉာဏံ–သည်၊) တထာ–တည်း၊ ["ကြားနာခြင်း, ထိုးထွင်း၍သိခြင်း, ဆင်ခြင်ခြင်းတို့၌သာ ဖြစ်သည်"ဟူလို၊] ပုဗ္ဗန္တေတိ–ကား၊ အတီတကောဋ္ဌာသေ–အတိတ်အဖို့အစုဖြစ်သော တရား၌၊ (ခန္ဓာ အာယတန ဓာတ်၌၊) အပရန္တေတိ–ကား၊ အနာဂတကောဋ္ဌာသေ–အနာဂတ် အဖို့အစုဖြစ်သော တရား၌၊ ပုဗ္ဗန္တာပရန္တေတိ–ကား၊ တဒုဘယေ–ထို နှစ်ပါးစုံသော အတိတ်, အနာဂတ်အဖို့အစုဖြစ်သော တရား၌၊ ဣဒပ္ပစ္စယတာ ၊ပေ၊ ဉာဏံတိ–ကား၊ အယံ–ဤ အဝိဇ္ဇာအစရှိသော တရားသည်၊ ပစ္စယော–အကြောင်းတည်း၊

ဣဒံ–ဤ သင်္ခါရစသော တရားသည်၊ ပစ္စယုပ္ပန္နံ–အကြောင်းကြောင့်ဖြစ်သော အကျိုးတည်း၊ ဣမံ–ဤ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကို၊ ပဋိစ္စ–စွဲ၍၊ ဣဒံ–ဤ သင်္ခါရအစရှိသော အကျိုးတရားသည်၊ နိဗ္ဗတ္တံ–ဖြစ်ပြီ၊ ဣတိ ဓဝံ–သို့၊ ပစ္စယေသုစ–အကြောင်းတရားတို့၌လည်းကောင်း၊ (ဣဒပ္ပစ္စယတာ၏ အဖွင့်၊) ပစ္စယုပ္ပန္နဓမ္မေသုစ–အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့၌ လည်းကောင်း၊ (ပဋိစ္စသမုပ္ပန္နေသု၏ အဖွင့်၊) ဉာဏံ–တည်း၊ [ထို ပုဒ်တို့၏ အနက်အဓိပ္ပာယ်ကို ဒသသနတိက် ဝိစိကိစ္ဆာနိဒ္ဒေသ၌ ပြခဲ့ပြီ။]

၁၀၆၅။ ။လောဘနိဒ္ဒေသေပိ–၌လည်း၊ ယေဘုယျာ–၌၊ (အကုသလနိဒ္ဒေသ ၌၊) အနာဂတာနံ–မလာကုန်သော၊ ပဒါနံ–တို့၏၊ အယံ–ဤ ဆိုအပ်လတ္တံ့ကား၊ အတ္ထော–တည်း၊ ရဇ္ဇနဝသေန–တပ်စွဲခြင်း၏အစွမ်းကြောင့်၊ ရာဂေါ–ရာဂ မည်၏၊ ဗလဝရဇ္ဇနဋ္ဌေန–အားကြီးသော တပ်စွဲခြင်းဟူသောအနက်ကြောင့်၊ သာရာဂေါ–သာရာဂမည်၏၊ ["သံ+ရာဂေါ"ဟု ပုဒ်ဖြတ်၍ သံ၏ ဘုသအနက် ကို "ဗလဝ"ဟု ဖွင့်သည်၊] ဝိသယေသု–အာရုံတို့၌၊ သတ္တာနံ–တို့ကို၊ အနု အနု နယနတော–အဖန်ဖန် ဆောက်တတ်သည်၏အဖြစ်ကြောင့်၊ အနုနယော– အနုနယမည်၏၊ [အနုနယတီတိ အနုနယော၊] အနုရုဇ္ဈတိ–လိုလားတတ်၏၊ (ချစ်ခင်တတ်၏၊) ဣတိ–ထို့ကြောင့်၊ အနုရောဓော–မည်၏၊ ကာမေတိ–လိုလား တတ်၏၊ ဣတိ အတ္ထော၊ [အနုပုဗ္ဗ ရုဓဓာတ်၏ ဣစ္ဆာအနက်ကို ဖွင့်သည်၊] တောယ–ဤ တဏှာဖြင့်၊ ယတ္ထ ကတ္ထစိ–အမှတ်မထား တစ်ပါးပါးသော၊ ဘဝေ–ဘဝ၌၊ သတ္တာ–တို့သည်၊ နန္ဒန္တိ–နှစ်သက်ကြကုန်၏၊ ဝါ–တစ်နည်း၊ သယံ–မိမိဟူသော တဏှာကိုယ်တိုင်၊ နန္ဒတိ–နှစ်သက်တတ်၏၊ ဣတိ– ကြောင့်၊ (သာ–ထို တဏှာသည်၊) နန္ဒီ–နန္ဒီမည်၏၊ [နန္ဒဓာတ် အပစ္စည်း၊ ဣတ္ထိဇောတက ဤ ပစ္စည်း၊] နန္ဒီစ–နှစ်သက်ကြောင်းလည်း ဟုတ်၏၊ ဝါ– နှစ်သက်တတ်သည်လည်း ဟုတ်၏၊ သာ–ထို နှစ်သက်ကြောင်း တရားဟူသည်၊ ဝါ–ထို နှစ်သက်တတ်သော တရားဟူသည်၊ ရဇ္ဇနဋ္ဌေန–တပ်စွဲခြင်းဟူသော အနက်ကြောင့်၊ ရာဂေါစ–ရာဂလည်း ဟုတ်၏၊ ဣတိ–ဤနှစ်ပါးသော သတ္တိ ကြောင့်၊ နန္ဒီရာဂေါ–နန္ဒီရာဂမည်၏၊ တတ္ထ–ထို နန္ဒီ, နန္ဒီရာဂ နှစ်မျိုးတို့တွင်၊ ဧကသ္မိံ အာရမဏေ–တစ်ခုသော အာရုံ၌၊ သကိံ–တစ်ကြိမ်၊ ဥပ္ပန္နာ–ဖြစ်သော၊ တဏှာ–တဏှာသည်၊ နန္ဒီ–မည်၏၊ ပုနပ္ပုနံ–အဖန်ဖန် အထပ်ထပ်၊ ဥပ္ပဇ္ဇမာနာ– ဖြစ်လသော်၊ ဝါ–ဖြစ်သော တဏှာကို၊ နန္ဒီရာဂေါတိ–ဟူ၍၊ ဝုစ္စတိ၊ စိတ္တဿ သာရာဂေါတိ–ကား၊ ယော–အကြင် လောဘကို၊ ဟေဋ္ဌာ–၌၊ (ရာဂေါ သာရာဂေါပုဒ်အဖွင့်၌၊ ဗလဝရဇ္ဇနဋ္ဌေန သာရာဂေါတိ–ဗလဝ ၊ပေ၊ ဂေါဟူ၍၊ (မယာ) ဝုတ္တော–ဆိုအပ်ပြီ၊ (ဆိုခဲ့ပြီ၊) သော–ထို လောဘသည်၊ သတ္တဿ– သတ္တဝါ၏၊ န (သာရာဂေါ)–သာရာဂ မဟုတ်၊ စိတ္တဿေဝ–စိတ်၏သာ၊ သာရာဂေါ–သာရာဂတည်း၊ ဣတိ အတ္ထော။

ဧတာယ–ဤ တဏှာဖြင့်၊ အာရမဏာနိ–အာရုံတို့ကို၊ ဣစ္ဆန္တိ–အလိုရှိကြကုန်၏၊ ဣတိ–ထိုသို့ အလိုရှိကြောင်း၏အဖြစ်ကြောင့်၊ (သာ–ထို တဏှာသည်၊) ဣစ္ဆာ–ဣစ္ဆာမည်၏၊ ဧတာယ–ဤ တဏှာဖြင့်၊ ပါဏိနော–သတ္တဝါတို့သည်၊ ဗဟလကိလေသဘာဝေန–ထူကဲသော ကိလေသာ၏အဖြစ်ဖြင့်၊ မုစ္ဆန္တိ–တွေဝေကြကုန်၏၊ ဣတိ–ထိုသို့ တွေဝေကြောင်း၏အဖြစ်ကြောင့်၊ (သာ–ထို တဏှာသည်၊) မုစ္ဆာ–မည်၏၊ ဂိလိတွာ–မျို၍၊ ပရိနိဋ္ဌာပေတွာ–ပြီးဆုံးစေ၍၊ ဂဟဏ ဝသေန–အာရုံကို ယူခြင်း၏အစွမ်းဖြင့်၊ အဇ္ဈောသာနံ–န မည်၏၊ [တဏှာကို အရကောက်ဖို့ရာ "အဇ္ဈောသာနာ" ဟုရှိလျှင် ကောင်းမည်ထင်၏၊ ဂိလိတွာ စသည်ဖွင့်ပုံကို ပုထုဇ္ဇနော အဇ္ဈွင့်၌ ပြခဲ့ပြီ၊] ဣမိနာ–ဤ လောဘဖြင့်၊ သတ္တာ–တို့သည်၊ ဂိဇ္ဈန္တိ–လွန်စွာ မက်မောကုန်၏၊ ဂေဓံ–လွန်စွာ မက်မောခြင်းသို့၊ အာပဇ္ဇန္တိ–ရောက်ကုန်၏၊ ဣတိ–ထိုသို့ လွန်စွာ မက်မောကြောင်း၏အဖြစ်ကြောင့်၊ (သော–ထို လောဘသည်၊) ဂေဓော–မည်၏၊ ["ဂိဓု–အတိကာမေ" ဟူသော ဓာတ်, ဏပစ္စည်း၊] ဝါ–တစ်နည်း၊ ဗဟလဋ္ဌေန–ထူထဲသည်၏အဖြစ်ဟူသော အနက်ကြောင့်၊ ဂေဓော–မည်၏၊ ဟိ–မှန်၊ ဂေဓံဝါ ပန ဝနသဏ္ဍန္တိ– ဟူသော ဤပါဠိ၌၊ ဗဟလဋ္ဌေနေဝ–ထူကဲသည်၏အဖြစ်ဟူသော အနက်ကြောင့်ပင်၊ (ဂေဓန္တိ–ဂေဓဟူ၍၊) ဝုတ္တံ–ဆိုအပ်ပြီ၊ ["ဂေဓံ–ထူထပ်သော၊ ဝနသဏ္ဍံ– တောအုပ်သို့" ဟု ပေး။]

အနန္တရပဒံ–အခြားမဲ့ဖြစ်သော ပလိဂေဓောဟူသောပုဒ်ကို၊ ဥပသဂ္ဂဝသေန– ပရိ ဥပသာရပုဒ်၏အစွမ်းဖြင့်၊ ဝဍ္ဎိတံ–တိုးပွားစေအပ်ပြီ၊ ဝါ–တစ်နည်း၊ သဗ္ဗတော ဘာဂေန–အလုံးစုံ ထက်ဝန်းကျင်အဖို့အားဖြင့်၊ ဂေဓော–မက်မောတတ်သော သဘောတည်း၊ ဣတိ–ကြောင့်၊ ပလိဂေဓော–မည်၏၊ [ပရိဟု ဆိုလိုလျက် ရကို လပြုထား၏၊ ပရိ၏ သမန္တတောအနက်ကို "သဗ္ဗတော ဘာဂေန" ဟု ဖွင့်သည်၊] ဧတေန–ဤ လောဘဖြင့်၊ သဇ္ဇန္တိ–ကပ်ငြိတတ်ကုန်၏၊ ဝါ–ကပ်ငြိနေအောင် ဖွဲ့တတ်ကုန်၏၊ ဣတိ–ထို့ကြောင့်၊ (သော–ထို လောဘသည်၊) သင်္ဂေါ– မည်၏၊ ဝါ–တစ်နည်း၊ လဂနဋ္ဌေန–ငြိကပ်တတ်သည်၏အဖြစ်ဟူသော အနက် ကြောင့်၊ သင်္ဂေါ–မည်၏၊ ဩသီဒနဋ္ဌေန–နှစ်မြုပ်တတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ ပင်္ကော–မည်၏၊ အာကဍ္ဎနဝသေန–ဆွဲငင်ခြင်း၏အစွမ်းကြောင့်၊ ဧဇာ–မည်၏၊ ဟိ–မှန်၊ ဧဇာ–တဏှာသည်၊ တဿတဿေဝ ဘဝဿ– ထိုထို ဘဝ၏ပင်၊ အဘိနိဗ္ဗတ္တိယာ–ဖြစ်ခြင်းငှာ၊ ဣမံ ပုရိသံ–ဤ ယောကျ်ားကို၊ ပရိကဍ္ဎတိ–ဆွဲငင်၏၊ ဣတိ–သို့၊ ဝုတ္တံ–ရှေး အဋ္ဌကထာတို့၌ ဆိုအပ်ပြီ။

ဝဉ္စနဋ္ဌေန–လှည့်ပတ်တတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ မာယာ– မည်၏၊ ["မာယာ–လှည့်ပတ်တတ်သော သဘောတရားသည်" ဟု ပေး၊] ဝဋ္ဋသ္မိံ–ဝဋ်ဆင်းရဲ၌၊ သတ္တာနံ–တို့ကို၊ ဇနနဋ္ဌေန–ဖြစ်စေတတ်သည်၏အဖြစ်

ဟူသော အနက်ကြောင့်၊ ဇနိကာ–မည်၏၊ [“ဇနေတီတိ ဇနိကာ”ဟု ပြု၊] ဟိ–မှန်၊ တဏှာ–တဏှာသည်၊ ပုရိသံ–သတ္တဝါကို၊ ဇနေတိ–ဖြစ်စေတတ်၏၊ အဿ–ထို သတ္တဝါ၏၊ စိတ္တံ–သည်၊ ဝိဓာဝတိ–ဘဝတစ်ပါး၌ ပြေးသွား၏၊ ဝါ–ဘဝတစ်ပါး၌ ဖြစ်၏၊ [ဝိဓာဝတိ နိဗ္ဗတ္တတိ၊–ဋီကာ၊] ဣတိ–သို့၊ ဝုတ္တံ–ပြီ၊ [ဒေဝတာ–သံယုတ်,ဇရာဝဂ်,ကဝိသုတ်၌ ဟောတော်မူအပ်ပြီ၊] ဝဋ္ဋသ္မိံ–၌၊ သတ္တေ–တို့ကို၊ ဒုက္ခေန–ဒုက္ခနှင့်၊ သံယောဇယမာနာ–ယှဉ်စေလျက်၊ ဇနေတိ–၏၊ ဣတိ–ကြောင့်၊ သဋ္ဌနနီ–မည်၏၊ [သံကို “သံယောဇယမာနာ”ဟု ဖွင့်သည်၊] ဃဋ္ဋနဋ္ဌေန–ချုပ်စပ်တတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ သိဗ္ဗိနီ–မည်၏၊ ဟိ–မှန်၊ (တစ်နည်း) ဟိ (ယသ္မာ),အယံ–ဤ တဏှာကို၊ (ဝုတ္တာ၌ စပ်၊) ဝါ–သည်၊ တုန္နကာရော–အပ်ချုပ်သမားသည်၊ ပိလောတိကာယ–အဝတ် ပိုင်းတစ်ခုဖြင့်၊ ပိလောတိကံ–အဝတ်ပိုင်းတစ်ခုကို၊ (သိဗ္ဗတိ) ဝိယ–ချုပ်စပ်သကဲ့သို့၊ (တထာ–တူ၊) ဝဋ္ဋသ္မိံ–၌၊ သတ္တေ–တို့ကို၊ စုတိ ပဋိသန္ဓိဝသေန–စုတိ ပဋိသန္ဓေ၏အစွမ်းဖြင့်၊ သိဗ္ဗတိ–ချုပ်တတ်၏၊ ဃဋ္ဋေတိ–စပ်တတ်၏၊ တသ္မာ ဃဋ္ဋေနဋ္ဌေန–ထိုသို့ ချုပ်စပ်တတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ သိဗ္ဗိနီတိ–ဟူ၍၊ ဝုတ္တာ–ဟောတော်မူအပ်ပြီ၊ [သိဗ္ဗတီတိ သိဗ္ဗိ, ဏီပစ္စည်း၊ ဣနီ ထပ်သက်၊] အဿာ–ထို တဏှာ၏၊ အနေကပ္ပကာရံ–တစ်ပါးမက, များသော အပြားရှိသော၊ ဝိသယဇာလံ–အာရုံတည်းဟူသော ပိုက်ကွန်သည်၊ (အတ္ထိ၊ ဣတိ–ကြောင့်၊ သာ–ထို တဏှာသည်၊ ဇာလိနီ–မည်၏၊) ဝါ–တစ်နည်း၊ အဿာ–၏၊ တဏှာဝိပ္ဖန္ဒိတနိဝေသသင်္ခါတံ–တဏှာ၏အထူးထူး အပြားပြား တုန်လှုပ်ခြင်း, အာရုံတို့၌ စွဲမြဲစွာ သက်ဝင်ခြင်းဟု ဆိုအပ်သော၊ ဇာလံ–ပိုက်ကွန်သည်၊ အတ္ထိ၊ ဣတိ–ကြောင့်၊ (သာ–သည်၊) ဇာလိနီ–မည်၏၊ [“ဇာလံ+အဿာ အတ္ထီတိ ဇာလီ”ဟု ဖြစ်ပြီးနောက် ဣနီပစ္စည်း သက်။]

အာကမ္ပနဋ္ဌေန–ဆွဲငင်တတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ သီဃသောတာ–လျင်မြန်သော ရေအယဉ်ရှိသော၊ သရိတာဝိယ–မြစ်နှင့်တူ၏၊ ဣတိ–ကြောင့်၊ သရိတာ–တာမည်၏၊ ဝါ–တစ်နည်း၊ အလ္လဋ္ဌေန–စိုစွတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ သရိတာ–မည်၏၊ ဟိ–သာကေကား၊ ဧန္တုနော–သတ္တဝါ၏၊ သရိတာနိ–စိုစွတ်သည်လည်းဖြစ်ကုန်သော၊ သိနေဟိတာနိစ–စေးကပ်သည်လည်းဖြစ်ကုန်သော၊ ဝါ–ညက်ညောသည်လည်းဖြစ်ကုန်သော၊ သောမနဿာနိ–သောမနဿသဟဂုတ် စိတ်တို့သည်၊ ဘဝန္တိ၊ ဣတိ ဧတံ–ဤ စကားကို၊ ဝုတ္တံ–ပြီ၊ [ဓမ္မပဒ, တဏှာဝဂ်, သူကရပေါတိကာဝတ္ထု၌ ဟောတော်မူအပ်ပြီ၊] ဟိ–မှန်၊ အလ္လာနိစေဝ–စိုစွတ်သည်လည်းဖြစ်ကုန်သော၊ သိနိဒ္ဓါနိစ–ညက်ညောသည်လည်းဖြစ်ကုန်သော၊ (သောမနဿာနိ ဘဝန္တိ၊) ဣတိ အယံ–ကား၊ ဧတ္ထ–ဤ ပါဠိရပ်၌၊ အတ္ထော–တည်း။

ဝိသတာ–ပြန့်ကျယ်၏၊ ဣတိ–ကြောင့်၊ ဝိသတ္တိကာ–မည်၏၊ ဝိသဋ္ဌာ–ပြန့်နှံ့၏၊ ဣတိ, ဝိသတ္တိကာ–၏၊ ဝိသာလာ–ပြန့်ကျယ်၏၊ ဣတိ, ဝိသတ္တိကာ–မည်၏၊ [ဝိသာလာပုဒ်မှ နိရုတ္တိနည်းအားဖြင့် "ဝိသတ္တာ"ဟု ပြီးစေပြီးနောက် သွတ္တဒ္ဓဳ ဏိကပစ္စည်း သက်ပါ၊] ဝိသက္ကတိ–အာရုံတို့၌ အထူးထူး အပြားပြား သွားတတ်၏၊ ဣတိ,ဝိသတ္တိကာ–မည်၏၊ [ဝိသက္ကိကာမှ က္ကကို တ္တပြု ဝိသတ္တိကာဟု ပြီးသည်၊] ဝိသံဝါဒိကာ–ချွတ်ယွင်းစေတတ်၏၊ ဣတိ, ဝိသတ္တိကာ–မည်၏၊ [ဤ ဝိသံဝါဒိကာမှ ဝိသတ္တိကာကိုလည်း နိရုတ္တိနည်းအားဖြင့် ပြီးစေ။]

ဝိသံဟရတိ–အထူးထူး အပြားပြားသော အခြင်းအရာတို့ဖြင့် နေက္ခမ္မသို့ ရှေးရှုဖြစ်ခြင်းမှ စိတ်ကိုရုပ်သိမ်းထားတတ်၏၊ ဝါ–ချုံ့ထားတတ်၏၊ ဣတိ–ကြောင့်၊ ဝိသတ္တိကာ–မည်၏၊ [ဝိကို "ဝိဝိဓေဟိ အာကာရေဟိ"ဟုလည်းကောင်း၊ သံဟရတိကို "သင်္ခိပတိ"ဟုလည်းကောင်း ဋီကာ၌ ဖွင့်သည်၊] တစ်နည်း ဝိသံ–ဒုက္ခကို၊ ဂရတိ–ဆောင်ထားတတ်၏၊ ဣတိ, ဝိသတ္တိကာ–မည်၏၊ [ဝိသံကို "ဒုက္ခံ"ဟုလည်းကောင်း, ဟရတိကို "ဝဟတိ"ဟုလည်းကောင်း ဋီကာ၌ ဖွင့်သည်၊] ဝိသမူလာ–ဒုက္ခ၏ အကြောင်းရင်းဖြစ်သော သဘောတည်း၊ ဣတိ, ဝိသတ္တိကာ–မည်၏၊ [တဏှာကြောင့် ကံပြု၏၊ ထိုကံက ဒုက္ခကို ဖြစ်စေ၏၊ ထို့ကြောင့် တဏှာသည် ဒုက္ခ၏အကြောင်းရင်းလည်း ဖြစ်သည်၊] (တစ်နည်း) ဝိသမူလာ–ဒုက္ခဝေဒနာဟူသော အကြောင်းရင်းရှိသော တရားတည်း၊ ဣတိ, ဝိသတ္တိကာ–မည်၏၊ [ဒုက္ခဖြစ်လျှင် သုခကို တောင့်တသော တဏှာလည်းဖြစ်တတ်၏၊ ထို့ကြောင့် "ဒုက္ခဝေဒနာဟူသော အကြောင်းရင်းရှိသည်"ဟု ဆိုသည်၊] ဝိသဖလာ–ဒုက္ခဟူသော အကျိုးရှိသော

---

**ဝိသတာ, ဝိသဋ္ဌာ။** ။"ဝိသတာ"ဟု ဆိုလိုလျက် တ တစ်လုံးလာ၍ "ဝိသတ္တာ"ဟု ဖြစ်၏၊ ထို့နောက် "ဝိသတ္တာယေဝ ဝိသတ္တိကာ"ဟု သွတ္တတဒ္ဓိတ် ဆင့်ပါ၊ ဝိသတာ၌ ဝိပုဗ္ဗ သရဓာတ်သည် ဂတိအနက်ကို ဟော၏၊ ဝိ အတွက် ဝိတ္ထတအနက်ကို ဟောရသည်၊ ဝိသဋ္ဌာ၌လည်း တကို ဋပြုထားခြင်းသာ ထူးသည်။

**ဝိသံဝါဒိကာ။** ။အနိစ္စအစရှိသော ခန္ဓာငါးပါးကို နိစ္စအစရှိသည်ဟု ယူသော အားဖြင့် မိမိကိန်းရာ သတ္တဝါကို အလွဲအမှား ပြောဆိုစေတတ်သည်၊ ဝါ–ချွတ်ယွင်း စေတတ်သည်၊ ဆက်ဦးအံ့–အနိစ္စအစရှိသည်ကို နိစ္စဟုယူတတ်သော တရားသည် တဏှာမဟုတ်, ဒိဋ္ဌိတည်း၊ ထို့ကြောင့် တကယ် ချွတ်ယွင်းစေတတ်သော တရားကား ဒိဋ္ဌိသာဖြစ်သည်၊ ဒိဋ္ဌိနှင့်တဏှာသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၌ မကွဲမကွာဖြစ်သော ကြောင့် ဒိဋ္ဌိ၏ဝိသံဝါဒိကာအမည်ကို တဏှာ၌ တင်စား၍ ကာရဏူပစာရအားဖြင့် တဏှာကိုလည်း "ဝိသံဝါဒိကာ"ဟု ဆိုသည်၊ [အနိစ္စာဒိသဘာဝေသု ရူပါဒိကေသု နိစ္စာဒိတော ဂဟဏံ အဘိနိဝေသော ဝိသေသတော တဏှာဝသေန ဟောတိ၊ တဏှာ ရဟိတာယ ဒိဋ္ဌိယာ အဘာဝါတိ ဉပစာရဝသေန နိမိတ္တဿ (အကြောင်းတဏှာ၏) ကတ္တုဘာဝမာဟ "နိစ္စာဒိတော ဂဏှန္တီ ဝိသံဝဒိကာ ဟောတီ"တိ၊–အနု။]

တရားတည်း၊ ဣတိ,ဝိသတ္တိကာ–မည်၏၊ [တဏှာသည် ဒုက္ခ၏အကြောင်း သမုဒယဖြစ်ရကား ဒုက္ခဟူသော အကျိုးရှိသည်၊] ဝိသပရိဘောဂါ–ရူပါရုံ အစရှိသောဒုက္ခကို သုံးဆောင်ခြင်းရှိသော သဘောတည်း၊ ဣတိ, ဝိသတ္တိကာ–မည်၏၊ ["တဏှာယ ၊ပေ၊ ဝိသပရိဘောဂါတိ ဝုတ္တာ"ဟူသော ဋီကာကို ကြည့်၍ ဝိသပရိဘောဂါကို "ဝိသံ+ပရိဘောဂေါ ယဿာ"ဟု ဗဟုဗ္ဗိဟိသမာသ် တွဲပါ၊] ဝါပန–သည်သာမကသေး၊ ဝိသတာ–ဝိသတာမည်သော၊ သာ တဏှာ–ထို တဏှာသည်၊ ရူပေ–ရူပါရုံ၌လည်းကောင်း၊ ပေ၊ ဓမ္မေ–ဓမ္မာရုံ၌ လည်းကောင်း၊ ကုလေ–အမျိုး၌လည်းကောင်း၊ ဂဏေ–ဂိုဏ်း၌လည်းကောင်း၊ ဝိတ္ထတာ–ပြန့်ကျယ်၏၊ ဣတိ, ဝိသတ္တိကာ–မည်၏။

အနယဗျသနပါပနဋ္ဌေန–ကြီးပွားခြင်းမရှိသော ပျက်စီးခြင်းသို့ရောက်စေတတ်သည်၏အဖြစ်ကြောင့်၊ ကုမ္မာနုဗန္ဓသုတ္တကံဝိယ–လိပ်၏နောက်သို့လိုက်သော ကြိုးငယ်နှင့်တူ၏၊ ဣတိ, သုတ္တံ–သုတ္တမည်၏၊ ဟိ–သာဓကကား၊ သုတ္တကန္တိ၊ ပေ၊ အဓိဝစနန္တိ–ဟူသော၊ ဇော် (သုတ္တံ)–ဤပါဠိကို၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ [ဘိက္ခဝေ–တို့၊ သုတ္တကန္တိ–သုတ္တကံဟူသော၊ ဇော်–ဤ အမည်သည်၊ နန္ဒိရာဂဿ–နှစ်သက်တတ်, တပ်မက်တတ်သော လောဘ၏၊ အဓိဝစနံ–အမည်တည်း၊ လာဘာသက္ကာရသံယုတ်, ကုမ္မသုတ်၊] ရူပါဒီသု–ရူပါရုံအစရှိသော တရားတို့၌၊ ဝိတ္ထတဋ္ဌေန–ပြန့်ကျယ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ ဝိသတာ–မည်၏၊ [ရှေ့၌ "ဝိသတာ"ဟု ပါပြီးဖြစ်လျက် ထပ်၍ ဟောတော်မူရခြင်း၏အကြောင်းကို ဋီကာ၌ ပြထား၏၊] တဿတဿ–ထိုထို အာရုံကို၊ ပဋိလာဘတ္ထာယ–ရခြင်းအကျိုးငှာ၊ သတ္တေ–တို့ကို၊ အာယူဟာပေတိ–အားထုတ်စေတတ်၏၊ ဣတိ, အာယူဟိနီ–မည်၏၊ ဥက္ကဏ္ဌိတုံ–ပျင်းရိခြင်းငှာ၊ အပ္ပဒါနတော–မပေး ခြင်းကြောင့်၊ သဟာယဋ္ဌေန–အဖေါ်နှင့် တူသည်၏အဖြစ်ဟူသော အနက်ကြောင့်၊ ဒုတိယာ–ဒုတိယာမည်၏၊ ဟိ–မှန်၊ အယံ–ဤ တဏှာသည်၊ သတ္တာနံ–တို့အား၊ ဝဋ္ဋသ္မိံ–ဝဋ်ဆင်းရဲ၌၊ ဥက္ကဏ္ဌိတုံ–ပျင်းရိခြင်းငှာ၊ ဝါ–ပျင်းရိခွင့်ကို၊ န ဒေတိ–မပေး၊ ဂတဂတဋ္ဌာနေ–ရောက်အပ် ရောက်အပ်သော အရပ်၌၊ ပိယ သဟာယောဝိယ–ချစ်အပ်သော သဟာယ်ချင်းကဲ့သို့၊ အဘိရမာပေတိ–အလွန် မွေ့လျော်စေ၏၊ တေနေဝ–ထို့ကြောင့်ပင်၊ တဏှာ ၊ပေ၊ နာတိဝတ္တတီတိ–ဟူ၍၊ ဝုတ္တံ–ပြီ။

[တဏှာဒုတိယော–တဏှာဟူသော အဖေါ်ရှိသော၊ ပုရိသော–သတ္တဝါသည်၊ ဒီဃံ–ရှည်စွာသော၊ အဒ္ဓါနံ–သံသရာအခွင့်ကို၊ သံသရံ (သံသရန္တော)–

**ဣတ္ထဘာဝညထာဘာဝံ**။ ။အယံ+ပကာရော ဣတ္ထံ၊ ဣတ္ထံ+ဘာဝေါ ဣတ္ထဘာဝေါ–ဤသို့ပြားသော လူ့ခန္ဓာတို့၏ဖြစ်ကြောင်းဖြစ်ရာ လူ့အဖြစ် (လူ့ဘဝ)+အညထာ+ဘာဝေါ အညထာဘာဝေါ–တစ်ပါးသော အပြားဟူသော နတ်ခန္ဓာစသည်၏ ဖြစ်ကြောင်းဖြစ်ရာ နတ်အဖြစ်, (နတ်ဘဝ)စသည်၊ [ဣတ္ထဘာဝညထာဘာဝန္တိ–

တပြောင်းပြန်ပြန် ကျင်လည်လျက်၊ ဣတ္ထဘာဝညထာဘာဝံ–ဤသို့ပြားသော ခန္ဓာငါးပါး၏ ဖြစ်ကြောင်းဖြစ်ရာ ဤ လူ့ဘဝ, တစ်ပါးသော အပြား၏ ဖြစ်ကြောင်းဖြစ်ရာ နတ်အစရှိသော ဘဝဟူသော၊ သံသာရံ–သံသာရာကို၊ ဝါ–ခန္ဓာ, အာယတနဓာတ်တို့၏ အဆက်မပြတ်ဖြစ်ခြင်းကို နာတိ ဝတ္တတိ–မလွန်မြောက်နိုင်၊–[အင်္ဂုတ္တုရ်–စတုက္ကနိပါတ်, တဏှုပ္ပာဒသုတ်။]

ပဏိဒဟနကဝသေန–ရှေးရှုထားတတ်သည်၏အစွမ်းကြောင့်၊ ဝါ–တောင့်တတတ်သည်၏အစွမ်းကြောင့်၊ ပဏိဓိ–မည်၏၊ ဘဝနေတ္တိတိ–ကား၊ ဘဝရဇ္ဇု–ဘဝ၏ကြိုးတဲည်း၊ [ဘဝသို့ ဆောင်တတ်သောကြောင့် တဏှာသည် ကြိုးနှင့်တူသည်–ဟူလို၊] ဟိ–မှန်၊ ရဇ္ဇုယာ–ကြိုးဖြင့်၊ ဂီဝါယ–လည်ပင်း၌၊ ဗဒ္ဓါ–ဖွဲ့အပ်ကုန်သော၊ ဂေါဏာ–တို့ကို၊ ဣစ္ဆိတိစ္ဆိတဋ္ဌာနံ–အလိုရှိအပ်, အလိုရှိအပ်သော အရပ်သို့၊ နိယျန္တိ ဝိယ–ဆောင်အပ်, ဆောင်နိုင်ကုန်သကဲ့သို့၊ (တထာ–တူ) ဧတာယ–ဤတဏှာဖြင့်၊ သတ္တာ–တို့ကို၊ ဣစ္ဆိတိစ္ဆိတဋ္ဌာနံ–သို့၊ နိယျန္တိ–န်၏၊ [ဤစကားအရ "နိယျန္တိ ဧတာယာတိ နေတ္တိ၊ ဘဝဿ နေတ္တိ, ဘဝနေတ္တိ"ဟု ပြု၊ ဘဝသို့ ဆောင်ကြောင်းဖြစ်သော တဏှာတည်းဟူသော ကြိုး။] တံတံ အာရမဏံ–ထိုထိုအာရုံကို၊ ဝနတိ ဘဇတိ–ကပ်တတ်၏၊ အလ္လီယတိ–ငြိကပ်တတ်၏၊ ဣတိ–ကြောင့်၊ ဝနံ–မည်၏၊ [ဝနဓာတ်၏ သမ္ဘတ္တိအနက်ကို ယူ၍ "ဘဇတိ"ဟု ဖွင့်သည်၊ ဘဇတိအရ ရိုသေ ဆည်းကပ်ခြင်းအနက်ကို ယူမည်စိုး၍ "အလ္လီယတိ"ဟု ထပ်ဖွင့်သည်၊ တဏှာက, သို့မဟုတ် တဏှာကို အကြောင်းပြု၍ သတ္တဝါက ရူပါရုံစသည်သို့ ကပ်၍ကပ်၍ နေတတ်သည်၊] ဝါ–တစ်နည်း၊ ဝနတိ ယာစတိ–တောင့်တတတ်၏၊ ဣတိ, ဝနံ–မည်၏၊ [ယာစနအနက်ကို ဟောရာ၌ ဝနုဓာတ်, တနာဒိဂိုဏ်းဖြစ်၍ "ဝနောတိ"ဟု ရှိလျှင် ကောင်းမည်ထင်သည်၊] ဝနထောတိ–ဝနထောဟူသောပုဒ်ကို၊ ဗျဥ္ဇနေန–ထဟူသော သဒ္ဒါဖြင့်၊ ပဒံ–ပုဒ်ကို၊ ဝမိုတံ–တိုးပွားစေအပ်ပြီ၊ [သမထောကဲ့သို့ ရုပ်ပြီးစေ၊] ဝါ–တစ်နည်း၊ အနတ္ထဒုက္ခာနံ–အကျိုးမဲ့ဒုက္ခတို့ကို၊ သမုဋ္ဌာပန ဋ္ဌေန–ထကြွစေတတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်လည်းကောင်း၊ ဝါ–

မနုဿဘာဝ ဒေဝါဒိဘာဝဘူတံ၊–ဋီကာ၊] ဆိုလိုရင်းကား–"လူ့ဘဝ နတ်ဘဝ စသည် ရှိသော သံသရာ"ဟူလို၊ ဤသံသရာကို ကျင်လည်ရာ၌ သတ္တဝါတို့သည် ရောက်ရာ ဘဝကို ဘဝနိကန္တိကတဏှာဖြင့် ရှေးဦးစွာ နှစ်သက်ကြ၏၊ ဤ နှစ်သက်သော တဏှာသည် ထို သတ္တဝါ၏အဖော်ပင်တည်း၊ ထို့နောက်လည်း အကြောင်းအားလျော်စွာ မကြာမကြာ တဏှာဖြစ်၏၊ ထို တဏှာဖြစ်တိုင်း ထိုအာရုံကို နှစ်သက်၍နေရကား သတ္တဝါတို့သည် သံသရာထဲ၌ မည်မျှလောက်ပင် ကြာစေကာမူ မပျင်းရိကြတော့၊ ထို့ကြောင့် "တဏှာဒုတိယော ၊ပေ၊ နာတိ ဝတ္တတိ"ဟု ဆိုသည်။

**အနတ္ထ ၊ပေ၊ ဝနံ။** ။သစ်ပင်ချုံနွယ်တို့ဖြင့် ရှုပ်ထွေး၍နေသော တောရှုပ်ကြီးသည် ရောက်လာသူတို့အား အကျိုးမဲ့ကိုလည်းကောင်း, စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုကိုလည်းကောင်း ဖြစ်စေနိုင်၏၊ ပြင်းထန်သော တဏှာလည်း ထို့အတူပင်

ထူထောင်တတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်လည်းကောင်း၊ ဂဟာနဋ္ဌေန စ–ရှုပ်ထွေးထူထပ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်လည်းကောင်း၊ ဝနံ ဝိယ–တောနှင့်တူ၏၊ ဣတိ, ဝနံ–မည်၏၊ ဇေတံ–ဤဝနဟူသော အမည်သည်၊ ဗလဝတဏှာယ–အားကြီးသော တဏှာ၏၊ နာမံ–တည်း၊ ပန–ကား၊ ဂဟာနတရဋ္ဌေန–သာ၍ ရှုပ်ထွေးသည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ တတော–ထိုအားကြီးသော တဏှာထက်၊ ဗလဝတရံ–သာ၍ အားကြီးသော တဏှာသည်၊ ဝနထောနာမ–မည်၏၊ တေန–ထို့ကြောင့်၊ ဝနံ ။ပေ၊ ဘိက္ခဝေါတိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ–ပြီ။

[ဘိက္ခဝေါ–ရဟန်းတို့၊ တုမှေ–သင်တို့သည်၊ ဝနံ–ကိလေသာဟူ, ထူထပ်သော တောကို၊ ဆိန္ဒထ–ဖြတ်လိုက်ကြကုန်လော၊ ရုက္ခံ–သစ်ပင်ကို၊ မာ ဆိန္ဒထ–မဖြစ်ကြကုန်လင့်၊ ဝနတော–ကိလေသာဟူ, ထူထပ်သော တောမှ၊ ဘယံ–ဇာတိဇရာ, အစဖြာ၍, များစွာထောင်သောင်း, ဘေးအပေါင်းသည်၊ ဇာယတေ–ဖြစ်၏၊ ဝနဉ္စ–ကိလေသာဟူ, ထူထပ်သော တောကိုလည်းကောင်း၊ ဝနထဉ္စ–ဆက်ကာဆက်ကာ, ဖြစ်ပွားလာသော ကိလေသာတောကိုလည်းကောင်း၊ ဆေတွာ–ဖြတ်ပြီး၍၊ နိဗ္ဗနာ–ကိလေသာတော မရှိကြကုန်သည်၊ ဟောထ–ဖြစ်ကြကုန်လော။]

သန္ထဝနဝသေန–ပေါင်းသင်း ဆက်ဆံခြင်း၏ အစွမ်းကြောင့်၊ သန္ထဝေါ–မည်၏၊ သံသဂ္ဂေါ–ရောနှောပေါင်းသင်း, ဆက်ဆံခြင်းတည်း၊ ဣတိ အတ္ထော၊ [သံပုဗ္ဗ, ထဝ–အဘိတ္ထဝေဓာတ်၊ သံ(သမ္မာ)–ကောင်းစွာ+ထဝနံ–ချီးမွမ်းခြင်း၊ သန္ထဝေါ–ခြင်း၊ မိတ်ဆွေဖွဲ့ခြင်းဟူသည် အချင်းချင်းချီးမွမ်း၍ အကောင်းထင်နေခြင်းတည်း၊] သော–ထိုရောနှောပေါင်းသင်း ဆက်ဆံခြင်းသည်၊ တဏှာသန္ထဝေါ–တဏှာအားဖြင့် ရောနှောပေါင်းသင်းဆက်ဆံခြင်းလည်းကောင်း၊ မိတ္တသန္ထဝေါစ–မိတ်ဆွေအဖြစ်ဖြင့် ရောနှောပေါင်းသင်းဆက်ဆံခြင်းလည်းကောင်း၊

---

ဖြစ်စေနိုင်သည်၊ ထို့ကြောင့် "ဝနံ ဝိယာတိ ဝနံ"ဟု ပြု၍ တောရုပ်နှင့်တူပုံကို "အနတ္ထ ။ပေ၊ ဂဟာန ဋ္ဌေန"ဟု မိန့်သည်၊ [ပထမနည်း၌ ဝနနှင့် ဝနထသည် အနက်တူ၏၊ "အနတ္ထဒုက္ခာနံ ဝါ"စသော ဒုတိယနည်း၌ကား အနက်အရ မတူကြ၊ ဗလဝ တဏှာဟော, ဗလဝတရတဏှာဟောအဖြစ်ဖြင့် ကွဲပြားကြသည်။]

**ဝနံ ။ပေ၊ ဟောထ**။ ။တုတ္တ ။ပေ၊ ကိလေသဝနံ သန္ဓာယေတံ. ဝုတ္တံ ။ပေ၊ ဇေ ဇာတိ အာဒိဘယမ္ဗိ ကိလေသဝနတော ဇာယတီတိ အတ္ထော ။ပေ၊ ပုဗ္ဗုပ္ပတ္တိကာ ဝနံ နာမ၊ အပရုပ္ပတ္တိကာ ဝနထောနာမ၊ နိဗ္ဗနာ ဟောထာတိ–နိက္ကိလေသာ ဟောထ၊–ဓမ္မပဒ, မဂ္ဂဝဂ်,အဋ္ဌမဝတ္ထု အဋ္ဌကထာ၊ ဤ၌ "ဝနံ"ကို "ကိလေသဝနံ"ဟု ဖွင့်၍ နိဗ္ဗနာကို "နိက္ကိလေသာ"ဟု ဖွင့်၏၊ "နိဗ္ဗာနာ"ဟု ဗွာ၌ ဒီဃ မရှိစေရ၊ "နိဗ္ဗနာ" ဟုသာ ရှိစေရမည်၊ ["နိဗ္ဗာနာ"ဟု ဆိုလျှင် "ဝါန (တဏှာ) မရှိကြကုန်သည်"ဟုသာ အနက်ပေးနိုင်၏၊ ထိုသို့ပေးလျှင် "နိက္ကိလေသာ"အဖွင့်နှင့် မညီ။]

(ဣတိ–သို့၊) ဒုဝိဓော–၏၊ တေသု–ထို နှစ်ပါးတို့တွင်၊ ဣမ–ဤ လောဘနိဒ္ဒေသ၌၊ တဏှာသင်္ခ ဝေါ–ကို၊ အဓိပ္ပေတော၊ သိနေဟဝသေန–စိုစိုစွတ်စွတ် စေးကပ်ခြင်း၏စွမ်းကြောင့်၊ ဝါ–ချစ်ခြင်း၏အစွမ်းကြောင့်၊ သိနေဟော–မည်၏၊ အာလယကရဏဝသေန–ငြိတွယ်မှုကို ပြုခြင်း၏အစွမ်းဖြင့်၊ ,အပေက္ခတိ–ရှုငဲ့တတ်၏၊ ဣတိ, အပေက္ခာ–မည်၏၊ စ–သာမကကား၊ ဣမာနိ ၊ပေ၊ ကရောဟီတိ–ဟူသော၊ တေံ(သုတ္တံ)–ကို၊ (ဒေဝိယာ)ပိ–မိဖုရားသည်လည်း၊ ဝုတ္တံ–ပြောဆိုအပ်ပြီ၊ [“ဘဂဝတာ”ဟု ယောဇနာထည့်သည်ကို စဉ်းစားပါ၊] ဒေဝ–အရှင်မင်းမြတ်၊ ဣမာနိ–ဤ မြို့တော်တို့သည်၊ တေ–အရှင်မြတ်၏၊ ကုသာဝတီ ရာဇဓာနီ ပမုခါနိ–ကုသဝတီမင်းနေပြည် အမှူးရှိကုန်သော၊ စတုရာသီတိ နဂရသဟဿာနိ–ရှစ်သောင်းလေးထောင်သော မြို့တော်ပါတည်း၊ ဒေဝ–မင်းမြတ်၊ ဧတ္ထ–ဤ ရှစ်သောင်းလေးထောင်သော မြို့တော်တို့သည်၊ ဆန္ဒံ–ဆန္ဒကို၊ ဇနေဟိ–ဖြစ်စေပါလော၊ ဝိဇိတေ–နိုင်ငံတော်၌၊ အပေက္ခံ–ရှုငဲ့ခြင်းကို၊ ကရောဟိ–ပြုတော်မူပါလော၊–ဒီဃနိကာယ်, မဟာဝဂ္ဂ, မဟာသုဒဿနသုတ်၊] ဟိ–မှန်၊ အာလယံ–တွယ်တာမှုကို၊ ကရောဟိ၊ ဣတိ အယံ–ကား၊ ဧတ္ထ–ဤ အပေက္ခံကရောဟိဟူသော ပါဠိရပ်၌၊ အတ္ထော–တည်း။

ပါဋိယေက္ကေ ပါဋိယေက္ကေ–အသီးအသီး တစ်ခုစီတစ်ခုစီသော၊ အာရမဏေ–၌၊ ဗန္ဓတိ–နှောင်ဖွဲ့တတ်၏၊ ဣတိ, ပဋိဗန္ဓု–မည်၏၊ [ပဋိဗန္ဓု–အသီးအသီး နှောင်ဖွဲ့တတ်သော တရား၊] ဝါ–တစ်နည်း၊ ဉာတကဋ္ဌေန–ဆွေမျိုး၏အဖြစ်ဟူသော အနက်ကြောင့်၊ ပါဋိယေက္ကော–အသီးအခြားတစ်ယောက်သော၊ ဗန္ဓု–ဆွေမျိုးတည်း၊ ဣတိပိ–ကြောင့်လည်း၊ ပဋိဗန္ဓု–မည်၏၊ [ပဋိဗန္ဓု–အသီးအခြားတစ်ယောက်တည်းသော ဆွေမျိုး၊] ဟိ–မှန်၊ နိစ္စသန္နိဿိတဋ္ဌေန–အမြဲမှီခိုအပ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ သတ္တာနံ–တို့၏၊ တဏှာသမော–တဏှာနှင့်တူသော၊ ဗန္ဓုနာမ–ဆွေမျိုးမည်သည်၊ နတ္ထိ–မရှိ။

အာရမဏာနံ–တို့သို့၊ အသနတော–ပြန့်နှံ့တတ်သည်၏အဖြစ်ကြောင့်၊ ဝါ–စားသောက်တတ်သည်၏အဖြစ်ကြောင့်၊ အာသာ–အာသာမည်၏၊ အဇ္ဈောတ္ထရဏတော စေဝ–လွှမ်းမိုးတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ တိတ္တိံ–တင်းတိမ်ရောင့်ရဲခြင်းသို့၊ အနုဂန္တွာဝ–မကပ်ရောက်မူ၍သာလျှင်၊ ပရိဘုဉ္ဇနတော စ–သုံးဆောင်တတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ (အာသာ–မည်၏၊) ဣတိ အတ္ထော၊ [အသဓာတ်၏ဗျာသနအနက်ကို ရည်ရွယ်၍ “အဇ္ဈောတ္ထရဏတော စေဝ”ဟုလည်းကောင်း, အဒနအနက်ကို ရည်ရွယ်၍ “ပရိဘုဉ္ဇနတောစ” ဟုလည်းကောင်း ဖွင့်သည်၊] အာသိသနဝသေန–လိုချင်တောင့်တခြင်း၏အစွမ်းကြောင့်၊ အာသိသနာ–မည်၏၊ [သက္ကတ၌ “အာပုဗ္ဗသိံသဓာတ်”ဟု ရှိ၏၊ ပါဠိ၌ သိသဓာတ်ဟု ရှိသည်၊] အာသိသိတဿ–လိုချင်တောင့်တတတ်သော စိတ်၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတည်း၊ အာသိသိတတ္တံ–ရာ၊ ဣဒါနိ–

၌၊ တသော–ထို အာသိသနတဏှာ၏၊ ပဝတ္တိဋ္ဌာန်–ဖြစ်ရာဌာနကို၊ ဒဿေတုံ–ငှာ၊ ရူပါသာဒီအာဒိ–ကို၊ (ဘဂဝတာ)ဝုတ္တံ–ပြီ၊ တတ္ထ–ထို ရူပါသာအစရှိသော စကားရပ်၌၊ အာသီသနဝသေန–လိုချင်တောင့်တခြင်း၏ အစွမ်းကြောင့်၊ အာသာ–မည်၏၊ ဣတိ–ဤသို့၊ အာသာယ–အာသာသဒ္ဒါ၏၊ အတ္ထံ–ကို၊ ဂဟေတွာ–ယူ၍၊ ရူပေ–ရူပါရုံ၌၊ အာသာ–လိုချင်တောင့်တတတ်သော တဏှာ တည်း၊ ရူပါသာ–ရူပါရုံ၌ လိုချင်တောင့်တတတ်သော တဏှာ၊ ဣတိ ဧဝံ–သို့၊ နဝပိ–န်သော၊ ပဒါနိ–တို့ကို၊ ဝေဒိတဗ္ဗာနိ–န်၏၊ စ–ဆက်၊ ဧတ္ထ–ဤ ကိုပါးသော ပုဒ်တို့တွင်၊ ပုရိမာနိ–န်သော၊ ပဉ္စ–ငါးပုဒ်တို့ကို၊ ပဉ္စကာမဂုဏဝသေန–ရူပ,သဒ္ဒစသော ငါးပါးသော ကာမဂုဏ်တို့၏အစွမ်းဖြင့်၊ ဝုတ္တာနိ–န်–ပြီ၊ ဆဋ္ဌံ–ခြောက်ခုမြောက်ပုဒ်ကို၊ (လာဘာသာဟူသော ပုဒ်ကို၊) ပရိက္ခာရလောဘဝသေန–ပရိက္ခရာတို့ကို လိုချင်ခြင်း၏အစွမ်းဖြင့်၊ (ဝုတ္တံ၊) တံ–ထို ခြောက်ခုမြောက်ပုဒ်ကို၊ ဝိသေသတော–အထူးအားဖြင့်၊ ပဗ္ဗဇိတာနံ–ရဟန်းတို့၏ အတွက်၊ (ဝုတ္တံ၊) တတော–ထိုဆဋ္ဌပုဒ်မှ၊ ပရာနိ–န်သော၊ တီဏိ–သုံးပုဒ်တို့ကို၊ (နေသာသာ ပုတ္တာသာ ဇီဝိတာသာဟူသော ပုဒ်တို့ကို၊) အတိတ္တိယဝတ္ထုဝသေန–တင်းတိမ်ခြင်းကို မဖြစ်စေနိုင်သော ဝတ္ထု၏အစွမ်းဖြင့်၊ ဂဟဋ္ဌာနံ–အိမ်၌တည်သူ လူဝတ်ကြောင်တို့၏အတွက်၊ (ဝုတ္တာနိ၊) ဟိ–မှန်၊ တေသံ–ထို လူဝတ်ကြောင်တို့၏၊ ဓနပုတ္တဇီဝိတေဟိ–ဥစ္စာ သားသမီး အသက်တို့ထက်၊ အညံ–အခြားသော၊ ပိယတရံ–သာ၍ ချစ်အပ်သော အရာဝတ္ထုသည်၊ န အတ္ထိ–မရှိတော့။

ဓော–ဤဥစ္စာသည်၊ မယှံ–ငါ၏၊ (သန္တကံ–ဥစ္စာတည်း၊) ဓော–သည်၊ မယှံ–၏၊ (သန္တကံ–တည်း၊) ဣတိဝါ–ဤသို့သော်လည်းကောင်း၊ အသုကေန–ထိုမည်သူသည်၊ မေ–ငါအား၊ ဣဒံ–ဤဥစ္စာကို၊ ဒိန္နံ–ပေးအပ်ပြီ၊ ဣဒံ–ကို၊ ဒိန္နံ–ပြီ၊ ဣတိဝါ–သော်လည်းကောင်း၊ ဧဝံ–သို့၊ သတ္တေ–တို့ကို၊ ဗျာပေတိ–

---

**အတိတ္တိယဝတ္ထု။** ။တိပိဓာတ်သည် ပီဏန (နှစ်သက်ခြင်း) အနက်ကို ဟော၏၊ တိပစ္စည်းသက်၍ "တိတ္တိ–အားရနှစ်သက်ခြင်း"ဟု ဖြစ်၏၊ တိတ္တိံ+ဇနေတီတိ တိတ္တိယံ–အာရနှစ်သက်ခြင်း (တင်းတိမ်ကျေနပ်ခြင်း)ကို ဖြစ်စေတတ်သော ဝတ္ထု၊ (ဇနေတိအနက်၌ ဣယသက်၊) န+တိတ္တိယံ အတိတ္တိယံ (ဝတ္ထု။)

**ဗျာ။** ။ဗျာဓာတ်သည် ပြောဆိုခြင်းအနက်ကို ဟော၏၊ ကာရိတ်ကြေသောကြောင့် ပြောဆိုစေတတ်သော တဏှာကို ရ၏၊ ယခုအခါ၌ "ဓော မယှံ=ဓော မယှံ"ဟု ကိုယ့်ဥစ္စာလေးကို ထပ်ကာထပ်ကာ ပြောနေခြင်းသည်လည်းကောင်း, "ဣဒံ ဒိန္နံ ဣဒံ ဒိန္နံ"ဟု သူများက ပေးအပ်သည်ကို ထပ်ကာထပ်ကာ ပြောနေခြင်းသည်လည်းကောင်း, သာယာသော တဏှာက ပြောစေခြင်းပင်တည်း၊ ရှေးနိဿယ၌ "ဣဒံ ဒိန္နံ ဣဒံ နဒိန္နံ" ဟု အနက်ပေး၏၊ "နဒိန္နံ"သည် တဏှာကြိုက် မဟုတ်၍ တဏှာက ပြောစေလိမ့်မည် မဟုတ်၊ ဒေါသကသာ ပြောစေပေလိမ့်မည်၊ ထို့ကြောင့် "နဒိန္နံ"ဟု မရှိရ၊ ထပ်ကာ ထပ်ကာ ပြောစေပုံကို ပြသောကြောင့် "ဓော မယှံ ဓော မယှံ"ဟု ရှိစေရမည်။

ပြောဆိုစေတတ်၏၊ ဣတိ,ဧပ္ပာ–ဧပ္ပာမည်၏၊ ပရတော–နောက်၌၊ ဒွေ–နှစ်ခုသော၊ ပဒါနိ–တို့ကို၊ (ပဧပ္ပာ, အဘိဧပ္ပာဟူသော ပုဒ်တို့ကို၊) ဥပသဂ္ဂေန–ပ ဥပသာရ,အဘိ ဥပသာရပုဒ်ဖြင့်၊ ဝဍ္ဎိတာနိ–တိုးပွားစေအပ်ကုန်ပြီ၊ တတော–ထိုနှစ်ပုဒ်တို့မှ၊ ပရံ–နောက်၌၊ အညေန–အနက်ကွဲပြားခြင်းဟူသော အခြင်းအရာမှ တစ်ပါးသော၊ အာကာရေန–အခြင်းအရာအားဖြင့်၊ (ဧပ္ပာနှင့်ဧပ္ပနာ ဧပ္ပိတတ္တံ တို့၏အနက်အရ မကွဲမပြားခြင်းဟူသော အခြင်းအရာအားဖြင့်၊) ဝိဘတ္တိံ–ဝေဖန်ခြင်းငှာ၊ အာရဒ္ဓတ္တာ–အားထုတ်တော်မူအပ်သည်၏အဖြစ်ကြောင့်၊ ပုန–ဖန်၊ ဧပ္ပာတိ–ဧပ္ပာဟူ၍၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ ဧပ္ပနာကာရော–ပြောဆိုခြင်းဟူသော အခြင်းအရာသည်၊ ဧပ္ပနာ–မည်၏၊ ဧပ္ပိတဿ–ပြောဆိုတတ်သော ပုဂ္ဂိုလ်၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ တဏှာတည်း၊ ဧပ္ပိတတ္တံ–တဏှာ။

ပုနပ္ပုနံ–အဖန်ဖန်၊ ဝိသယေ–အာရုံ၌၊ လုပတိ အာကဍ္ဍတိ–ဆွဲငင်တတ်၏၊ ဣတိ,လောလုပေါ–မည်၏၊ လောလုပဿ–အာရုံ၌ အဖန်ဖန်ဆွဲငင်တတ်သော ပုဂ္ဂိုလ်၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတဏှာသည်၊ လောလုပ္ပံ–လောလုပ္ပ မည်၏၊ လောလုပ္ပာကာရော–အာရုံ၌ အဖန်ဖန်ဆွဲငင်တတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ အခြင်းအရာသည်၊ ဝါ–အာရုံ၌ အဖန်ဖန်ဆွဲခြင်းဟူသော အခြင်းအရာသည်၊ လောလုပ္ပာယနာ–လောလုပ္ပာယနာမည်၏၊ လောလုပ္ပသမင်္ဂီ နော–လောလုပ္ပတဏှာနှင့် ပြည့်စုံသောပုဂ္ဂိုလ်၏၊ (အာရုံ၌ အဖန်ဖန်ဆွဲငင်တတ်သော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာ တဏှာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏၊) ဘာဝေါ–သည်၊ လောလုပ္ပာယိတတ္တံ–မည်၏၊ [လောလုပ္ပေန+အယိတော လောလုပ္ပာယိတော၊ လောလုပ္ပာယိတဿ+ဘာဝေါ လောလုပ္ပာယိတတ္တံ။]

ပုစ္ဆဉ္ဇိကတာတိ–ကား၊ ယာယတဏှာယ–အကြင် တဏှာဖြင့်၊ လာဘဋ္ဌာနေသု–လာဘ်၏တည်ရာ အရပ်တို့၌၊ (ရပေါက်ရလမ်းရှိရာ အရပ်တို့၌၊) ပုစ္ဆံ–အမြီးကို၊ စာလယမာနာ–လှုပ်စေကုန်သော၊ (ပုစ္ဆံ စာလယမာနာ–အမြီးနန့်ကုန်သော၊) သုနခါဝိယ–ခွေးတို့ကဲ့သို့၊ ကမ္ပမာနာ–လှုပ်ရှားကုန်လျက်၊ ဝိစရန္တိ–

---

**လောလုပေါ။** ။လုပဓာတ်၏ အာကဍ္ဍနအနက်ကို ဓာတ်ကျမ်းတို့၌ မတွေ့ရ၊ "ဓာတွနံ အနေကတ္ထတ္တာ"ဟု ကြံပါ၊ သက္ကတ၌ကား လုဘဓာတ်, အစ်ပစ္စည်း, လုလု ဟု ဒွေဘော်ပြု၍ လု၏ ဥကို ဩပြု, "လောလုဘ"ဟု ဖြစ်ပြီးမှ ဘကို ရံခါ ပပြု၍ "လောလုပေါ"ဟု ရုပ်ပြီးပုံကို ပြ၏၊ "ပုနပ္ပုနံ"ကား "လုလု"ဟူသော သဒ္ဒါနှစ်ခုအတွက် ရအပ်သော အနက်တည်း။

**ပုစ္ဆဉ္ဇိကတာ။** ။အဥ္ဇဓာတ်သည် မက္ခန ဗျတ္တိစသော အနက်တို့၌ ဖြစ်၏၊ ဤ၌ "ဗျတ္တိ–ထင်ရှားပြခြင်း"အနက် ဖြစ်သင့်၏၊ ခွေးက အမြီးကိုလှုပ်ပြခြင်း (အမြီးနန့်ခြင်း)သည် မိမိ၏လိုချင်သော အရာရှိကြောင်းကို ထင်ရှားပြခြင်းပင်တည်း၊ ထို့ကြောင့် "စာလယမာနာ သုနခါဝိယ"ဟု ဆိုသည်၊ အဥ္ဇနံ+အဉ္ဇော (ထင်ရှားပြခြင်း၊ ဝါ–

လှည့်လည်ကြကုန်၏၊ တံ–ထို ပုစ္ဆိဒ္ဓိကတာဟူသော အမည်သည်၊ တဿာ ကမ္မနတဏှာယ–ထို လှုပ်ရှားကြောင်းတဏှာ၏၊ နာမံ–အမည်တည်း၊ သာဓူ–ကောင်းကုန်သော၊ မနာပမနာပေ–အလွန် မြတ်နိုးဖွယ် ကောင်းကုန်သော၊ ဝိသယေ–အာရုံတို့ကို၊ ကာမေတိ–အလိုတတ်၏၊ ဣတိ၊ သာဓုကာမော–မည်၏၊ [သာဓူကို "မနာပမနာပေ ဝိသယေ"ဟု သရုပ်ပြသည်၊] တဿ–ထို အကောင်းတို့ကို အလိုရှိသောပုဂ္ဂိုလ်၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ တဏှာသည်၊ သာဓု ကမျတာ–မည်၏။

မာတာမာတုစ္ဆာတိအာဒိကေ–အမိ,အမိကြီး,မိထွေးအစရှိသော၊ အယုတ္တဋ္ဌာနေ–ရာဂဖြစ်ခြင်းငှာ မသင့်သောအရာ၌၊ (ဥပ္ပန္နော–သော၊) ရာဂေါ–ရာဂတည်း၊ ဣတိ–ကြောင့်၊ အဓမ္မရာဂေါ–မည်၏၊ [အဓမ္မော+ရာဂေါ အဓမ္မရာဂေါ၊ (တစ်နည်း) အဓမ္မေန+ဥပ္ပန္နော+ရာဂေါ အဓမ္မရာဂေါ၊] ယုတ္တဋ္ဌာနေပိ–ဖြစ်သင့်ရာဌာန၌လည်း၊ ဗလဝါ–အားကြီးသည်၊ ဟုတွာ, ဥပ္ပန္နလောဘော–ဖြစ်သော လောဘသည်၊ ဝိသမလောဘော–မည်၏၊ ဝါ–တစ်နည်း၊ ရာဂေါ–သည်၊ ဝိသမံ–ဝိသမချည်းတည်း၊ ဣတိ အာဒိဝစနတော–ဤသို့ အစရှိသည်ကို ဟောတော်မူခြင်းကြောင့်၊ (ဝိဘင်းပါဠိ, ခုဒ္ဒကဝတ္ထု ဝိဘင်္ဂ, တိကနိဒ္ဒေသ၌ ဟောတော်မူခြင်းကြောင့်၊) ယုတ္တဋ္ဌာနေဝါ–ဖြစ်သင့်ရာဌာန၌သော်လည်းကောင်း၊ အယုတ္တဋ္ဌာနေဝါ–မဖြစ်သင့်ရာဌာန၌သော်လည်းကောင်း၊ ဥပ္ပန္နော–သော၊ ဆန္ဒရာဂေါ–နှစ်သက်တတ် မက်မောတတ်သော အားကြီးသော ရာဂသည်၊ (ပြင်းပြသော ရာဂသည်၊) အဓမ္မဋ္ဌေန–မတရား သည်၏အဖြစ်ကြောင့်၊ အဓမ္မရာဂေါ–မည်၏၊ ဝိသမဋ္ဌေန–မညီညွတ်သည်၏အဖြစ်ကြောင့်၊ ဝိသမလောဘော–မည်၏၊ ဣတိ, ဝေဒိတဗ္ဗော၊ [ဝိသမော–မမျှတသော+လောဘော ဝိသမလောဘော၊ ဝိသမေန+ဥပ္ပန္နော လောဘော ဝါ ဝိသမလောဘော။]

အာရမဏာနံ–တို့ကို၊ နိကာမနဝသေန–လိုလားနှစ်သက်ခြင်း၏အစွမ်းကြောင့်၊ နိကန္တိ–မည်၏၊ နိကာမနာကာရော–လိုလား နှစ်သက်ခြင်းဟူသော အခြင်းအရာသည်၊ နိကာမနာ–မည်၏၊ [စုရာဒိဂိုဏ်းဖြစ်၍ "ကာမန"ဟု ဝုဒ္ဓိ ရောက်နိုင်သည်၊ စုရာဒိ ဏေပစ္စည်း အကြေကြံ၊] ပတ္ထနာဝသေန–တောင့်တ

---

လှုပ်ပြခြင်း၊) ပုစ္ဆသ+အဋ္ဌော ပုစ္ဆဋ္ဌော–အမြီးကို လှုပ်ပြခြင်း၊ ဝါ–အမြီးနှန့်ခြင်း၊ ပုစ္ဆဋ္ဌော+ယေသံ အတ္ထိတိ ပုစ္ဆိဒ္ဓိကာ (အမြီးနှန့်ခြင်းရှိသော ခွေးတို့၊) ပုစ္ဆိဒ္ဓိကာဝိယာတိ ပုစ္ဆိဒ္ဓိကာ၊ ပုစ္ဆိဒ္ဓိကာနံ+ဘာဝေါ ပုစ္ဆိဒ္ဓိကတာ–အမြီးနှန့်သောခွေးနှင့် တူသူတို့၏ဖြစ်ကြောင်းဖြစ်ရာ၊ (တဏှာ၊) (တစ်နည်း:) "ပုစ္ဆိဉ္စကတာ"ဟု ပါဌ်ရှိစေ၊ ဣဉ္စယန္တီတိ ဣဉ္စကာ၊ ပုစ္ဆံ+ဣဉ္စကာ ပုစ္ဆိဉ္စကာ–အမြီးကိုလှုပ်စေတတ် (အမြီးနှန့်တတ်)သော ခွေးတို့၊ ပုစ္ဆိဉ္စ ကာနံ+ဘာဝေါ ပုစ္ဆိဉ္စကတာ၊ ဤသို့ ပါဌ်ရှိလျှင် "စာလယမာနာ သုနခါ ဝိယ" ဟူသောအဖွင့်နှင့် သာ၍ သင့်လျော်၏။

ခြင်း၏ အစွမ်းကြောင့်၊ ပတ္ထနာ–မည်၏၊ ပိဟာယနဝသေန–ချစ်မြတ်နိုးခြင်း၏ ဖြစ်ခြင်း၏အစွမ်းကြောင့်၊ ပိဟနာ–မည်၏၊ သုဋ္ဌု–လွန်စွာ၊ ပတ္ထနာ–တောင့်တခြင်းသည်၊ သမ္ပတ္ထနာ–မည်၏၊ ပဉ္စသု–န်သော၊ ကာမဂုဏေသု–တို့၌၊ တဏှာ–တပ်မက်တတ်သော တဏှာသည်၊ ကာမတဏှာ–မည်၏၊ ရူပါရူပဘဝေ–ရူပဘဝ,အရူပဘဝ၌၊ တဏှာ–သည်၊ ဘဝတဏှာ–ဘဝတဏှာမည်၏၊ ဥစ္ဆေဒသင်္ခါတေ–ဥစ္ဆေဒဟု ဆိုအပ်သော၊ ဝိဘဝေ–ဝိဘဝ၌၊ တဏှာ–သည်၊ ဝိဘဝတဏှာ–မည်၏၊ ဝါ–တစ်နည်း၊ သုဒ္ဓေ–အရူပဘဝမဖက် သက်သက်သော၊ ရူပဘဝသ္မိံ ယေဝ–၌သာ၊ တဏှာ–သည်၊ ရူပတဏှာ–မည်၏၊ အရူပဘဝေ–၌၊ တဏှာ–သည်၊ အရူပတဏှာ–မည်၏၊ ဥစ္ဆေဒဒိဋ္ဌိသဟဂတော–ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော၊ ရာဂေါ–သည်၊ ဒိဋ္ဌိရာဂေါ–မည်၏၊ နိရောဓေ–ဘဝ၏ချုပ်ခြင်း၌၊ တဏှာ–သည်၊ နိရောဓတဏှာ–မည်၏၊ ["ဥစ္ဆေဒ ၊ပေ၊ ဒိဋ္ဌိရာဂေါ"သည် နိရောဓတဏှာ၏သရုပ်ပြတည်း၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သောရာဂကို "နိရောဓတဏှာ"ဟု မှတ်ပါ၊] ရူပေ–ရူပါရုံ၌၊ တဏှာ–တဏှာတည်း၊ ရူပတဏှာ–ရူပါရုံ၌တဏှာ၊ သဒ္ဒေ–၌၊ ပေ၊ သဒ္ဒတဏှာ ဂန္ဓတဏှာဒီသုပိ–ဂန္ဓတဏှာ အစရှိသော ပုဒ်တို့၌လည်း၊ ဧသေဝနယော–တည်း၊ ဩဃာဒယော–ဩဃအစရှိသော သဒ္ဒါတို့သည်၊ ဝုတ္တတ္ထာဝ–ဆိုအပ်ပြီးသော အနက်ရှိကုန်သည်သာ။

ကုသလဓမ္မေ–ကုသိုလ်တရားတို့ကို၊ အာဝရတိ–ပိတ်ဆို့တတ်၏၊ ဣတိ, အာဝရဏံ–မည်၏၊ ဆာဒနဝသေန–ကုသိုလ်တရားတို့ကို ဖုံးလွှမ်းခြင်း၏အစွမ်းကြောင့်၊ ဆာဒန်–မည်၏၊ သတ္တေ–တို့ကို၊ ဝဋ္ဋသ္မိံ–ဝဋ်ဆင်းရဲ၌၊ ဗန္ဓတိ–ဖွဲ့ချည်ထားတတ်၏၊ ဣတိ,ဗန္ဓနံ–မည်၏၊ စိတ္တံ–ကို၊ ဝါ–သို့၊ ဥပဂန္တွာ–ကပ်ရောက်၍၊ ကိလိဿတိ–နှိပ်စက်တတ်၏၊ သံကိလိဋ္ဌံ–လွန်စွာ နှိပ်စက်အပ်သည်ကို၊ ကရောတိ–၏၊ ဣတိ,ဥပက္ကိလေသော–မည်၏၊ ထာမဂတဋ္ဌေန–အားအစွမ်းသို့ ရောက်သည်၏အဖြစ်ကြောင့်၊ အနုအနု–အဖန်ဖန်၊ သေတိ–ကိန်းတတ်၏၊ ဣတိ, အနုသယော–မည်၏၊ [အချို့စာအုပ်၌ "အနု+သေတိ"ဟု အနုတစ်ပုဒ်သာရှိ၏၊ ထာမဂတဖြစ်ပုံကို သဂြိုဟ်ဘာသာဋီကာ သမုစ္စည်းပိုင်း၌ ပြခဲ့ပြီ။]

ဥပ္ပဇ္ဇမာနာ–ဖြစ်လသော်၊ ဝါ–ဖြစ်သောတဏှာသည်၊ စိတ္တံ–ကုသိုလ်စိတ်ကို၊ ပရိယုဋ္ဌာတိ–လုယူတတ်၏၊ ဣတိ, ပရိယုဋ္ဌာနံ–မည်၏၊ ဥပ္ပဇ္ဇိတုံ–ဖြစ်ခြင်းငှာ၊ အပ္ပဒါနေန–မပေးခြင်းအားဖြင့်၊ ကုသလစာရံ–ကုသိုလ်၏ဖြစ်ခြင်းကို၊ ဂဏှာတိ–လုယူတတ်၏၊ ဣတိ အတ္ထော၊ [ဖြစ်ခွင့် မပေးခြင်းကိုပင် "လုယူ"ဟု

**ဥပက္ကိလေသော**။ ။"ဥပ"ကို "ဥပဂန္တွာ"ဟု ဖွင့်သည်၊ ကိလိသဓာတ်သည် ဒိဝါဒိဂိုဏ်းဖြစ်မူ ဥပတာပ–ပူလောင်ခြင်း, မလိန–ညစ်နွမ်းခြင်းဟူသော အကမ္မက အနက်ကို ဟော၏၊ ဘူဝါဒိ ကိယာဒိဖြစ်မူ ဗာဓန–နှိပ်စက် တားမြစ်ခြင်းအနက်ကို ဟော၏၊ ဤ၌ ကရောတိဟု သကမ္မကဓာတ်ဖြင့် ဖွင့်သောကြောင့် ဘူဝါဒိသာဖြစ်ထိုက်၏၊ ထို့ကြောင့် နှိပ်စက်ခြင်းအနက်ဟော "ကိလိဿတိ"ဟုသာ ရှိသင့်သည်။

ဆိုသည်၊] ဟိ–မှန်၊ စောရာ–ခိုးသူတို့သည်၊ မဂ္ဂေ–လမ်း၌၊ ပရိယုဋ္ဌိံသု–လု ယက်ကြကုန်ပြီ၊ ဓုတ္တာ–သေသောက်ကြူးတို့သည်၊ မဂ္ဂေ–၌၊ ပရိယုဋ္ဌိံသု– န်ပြီ၊ က္လတိ အာဒီသု–ဤသို့အစရှိသော စကားရပ်တို့၌၊ မဂ္ဂံ–လမ်းကို၊ ဝါ– လမ်း၌သွားသူ လူအပေါင်းကို၊ ဂဏှိံသု–လုယက်ကြကုန်ပြီ၊ က္လတိ အတ္ထော– ဤအနက်ကို၊ (ဝိဒိတောယထာ–သိအပ်သကဲ့သို့၊) ဧဝံ–တူ၊ က္လဓာပိ–ဤပရိ ယုဋ္ဌာနံဟူသော ပုဒ်၌လည်း။ ဝါ–ဤ လောဘနိဒ္ဒေသ၌လည်း၊ ဂဟဏဋ္ဌေန– လုယူခြင်းအနက်အားဖြင့်၊ ပရိယုဋ္ဌာနံ–ပရိယုဋ္ဌာနကို၊ ဝေဒိတဗ္ဗံ၊ ပလိဝေဌ္ဌန ဋ္ဌေန–ရစ်ပတ်တတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ လတာဝိယ–နွယ် နှင့်တူ၏၊ က္လတိ, လတာ–မည်၏၊ လတာ–တဏှာတည်းဟူသော နွယ်သည်၊ ဥဗ္ဘိဇ္ဇ–ခြောက်ဒွါရတို့မှ ဖေါက်ထွက်၍၊ တိဋ္ဌတိ–ရူပစသော အာရုံတို့၌ တည် တတ်၏၊ က္လတိ–သို့၊ အာဂတဋ္ဌာနေပိ–လာသော ပါဠိရပ်၌လည်း၊ အယံ တဏှာ–ကို၊ လတာတိ–ဟူ၍၊ ဝုတ္တာ–ဟောတော်မူအပ်ပြီ၊ ဝိဝိဓာနိ–အထူးထူး အပြားပြားများကုန်သော၊ ဝတ္ထူနိ–ဝတ္ထုတို့ကို၊ က္လစ္ဆတိ–အလိုရှိတတ်၏၊ က္လတိ–ကြောင့်၊ ဝေဝိစ္ဆ–မည်၏။

ဝဋ္ဋဒုက္ခဿ–ဝဋ်ဒုက္ခ၏၊ မူလံ–အခြေအမြစ်တည်း၊ က္လတိ, ဒုက္ခမူလံ– မည်၏၊ တဿေဝ ဒုက္ခဿ–ထို ဝဋ်ဒုက္ခ၏ပင်၊ နိဒါနံ–အကြောင်းရင်းတည်း၊ ဒုက္ခနိဒါနံ–ရင်း၊ (ဒုက္ခနိဒါနံ–ဝဋ်ဒုက္ခ၏ အကြောင်းရင်းဖြစ်သော သဘော တရား၊) တံဒုက္ခံ–ထို ဝဋ်ဒုက္ခသည်၊ က္လတော–ဤ တဏှာလောဘမှ၊ ပဘဝတိ– စ၍ဖြစ်၏၊ က္လတိ, ဒုက္ခပ္ပဘဝေါ–မည်၏၊ (ဒုက္ခပ္ပဘဝေါ–ဒုက္ခ၏စ၍ဖြစ်ရာ သဘောတရား၊) ဗန္ဓနဋ္ဌေန–နှောင်ဖွဲ့တတ်သည်၏အဖြစ်ဟူသော အနက် ကြောင့်၊ ပါသောဝိယ–ကျော့ကွင်းနှင့်တူ၏၊ က္လတိ, ပါသော–မည်၏၊ မာရဿ– မာရ်နတ်၏၊ ပါသော–ကျော့ကွင်းနှင့်တူသော တရားတည်း၊ မာရပါသော– တရား၊ ဒုရုဂ္ဂိလနဋ္ဌေန–ခဲယဉ်းစွာ အန်ထုတ်အပ်သည်၏အဖြစ်ကြောင့်၊ ဗဠိသံ ဝိယ–ငါးမြှားချိတ်နှင့်တူ၏၊ က္လတိ, ဗဠိသံ–မည်၏၊ မာရဿ–၏၊ ဗဠိသံ– ငါးမြှားချိတ်နှင့်တူသော တရားတည်း၊ မာရဗဠိသံ–တရား၊ တဏှာဘိဘူတာ– တဏှာသည် လွှမ်းမိုးနှိပ်စက်အပ်သော သတ္တဝါတို့သည်၊ မာရဿ–၏၊ ဝိသယံ–

**ဝေဝိစ္ဆ**။ ။ဝိ+က္လစ္ဆာဟု ခွဲ၊ က္လစ္ဆန+က္လစ္ဆာ၊ က္လစ္ဆတီတိ ဝါ က္လစ္ဆာ၊ ဝိဝိဓာ– အားဖြင့်+က္လစ္ဆာ ဝိဝိစ္ဆာ၊ ဝိဝိစ္ဆာယေဝ ဝေဝိစ္ဆံ၊ သွတ္တ၌ ဏပစ္စည်းသက်၊ "ဝိဝိဓာနိ ဝတ္ထူနိ က္လစ္ဆတိ"ကား အဓိပ္ပာယတ္ထကိုသာ ဖွင့်ပြခြင်းတည်း၊ "ဝေဝိစ္ဆ"ဟု နပုံလိင်လည်း မကောင်းလှ၊ ဝေဝိစ္ဆာဟု က္လတ္ထိလိင်ရှိလျှင် ကောင်းမည်ထင်သည်။

**ဒုရုဂ္ဂိလနဋ္ဌေန**။ ။ဂိလန–မျိုခြင်း၊ ဥ+ဂ္ဂိလန–အန်ထုတ်ခြင်း၊ ဥဂ္ဂိလီယတေတိ ဥဂ္ဂိလနံ၊ ဒုက္ခေန+ဥဂ္ဂိလနံ ဒုရုဂ္ဂိလနံ၊ ဒုရုဂ္ဂိလနံ+အတ္ထော ဒုရုဂ္ဂိလနဋ္ဌော၊ အာခေါင်၌ ငြိနေသော ငါးမြှားချိတ်ကို အန်ထုတ်ဖို့ ခဲယဉ်းခြင်း အနက်သဘော။

နိုင်ငံကို၊ နာတိက္ကမန္တိ–မလွန်နိုင်ကုန်၊ တေသံ–ထို သတ္တဝါတို့၏၊ ဥပရိ–အပေါ်၌၊ မာရော–သည်၊ ဝသံ–မိမိအလိုကို၊ ဝတ္တေတိ–ဖြစ်စေတတ်၏၊ ဣတိ ဣမိနာ ပရိယာယေန–ဤ ပရိယာယ်အားဖြင့်၊ မာရဿ–၏၊ ဝိသယော–နိုင်ငံတည်း၊ ဣတိ, မာရဝိသယော–မည်၏။

သန္ဒနဋ္ဌေန–စီးသွားတတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ တဏှာဝ–သည်ပင်၊ နဒီ–မြစ်တည်း၊ (ရူပက အလင်္ကာ၊) ဝါ–မြစ်နှင့်တူသော တရားတည်း၊ (ဥပမာ အလင်္ကာ၊) တဏှာနဒီ–တဏှာသည်ပင် မြစ်၊ ဝါ–မြစ်နှင့်တူသော တဏှာ၊ အဇ္ဈောတ္ထရဏဋ္ဌေန–လွှမ်းမိုးတတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ တဏှာဝ–သည်ပင်၊ ဇာလံ–ပိုက်ကွန်တည်း၊ ဝါ–ပိုက်ကွန်နှင့်တူသောတဏှာ၊ ဂဒ္ဒုလဗဒ္ဓါ–တောက်ဖြင့်ဖွဲ့အပ်ကုန်သော၊ သုနခါ–တို့ကို၊ ယထိစ္ဆကံ–အကြင်အကြင် အလိုရှိအပ်သောအရပ်သို့၊ နီယန္တိယထာ–ဆောင်အပ်ကုန်သကဲ့သို့၊ [ခွေးလည်ပတ်ကြိုးနှင့်ဆက်၍ ဖွဲ့ချည်ထားအပ်သောဝါးလုံးကလေးကို “ဂဒ္ဒုလ–တောက်”ဟု ခေါ်သည်၊ ခွေးပြေးသောအခါ ဟိုခိုက်မိဒီခိုက်မိနှင့် “တောက်,တောက်”ဟု မြည်သောကြောင့် “တောက်”ဟု ခေါ်ကြဟန်တူသည်၊] ဧဝံ–တူ၊ တဏှာဗဒ္ဓါ–တဏှာဖြင့်ဖွဲ့အပ်ကုန်သော၊ သတ္တာပိ–တို့ကိုလည်း၊ (နီယန္တိ–ထိုထိုဘဝသို့ ဆောင်အပ်ကုန်၏၊) ဣတိ–သို့၊ ဒဠှဗန္ဓနဋ္ဌေန–ခိုင်မြဲစွာ ဖွဲ့ကြောင်း၏အဖြစ်ဟူသော အနက်ကြောင့်၊ ဂဒ္ဒုလံဝိယ–တောက်နှင့်တူ၏၊ ဣတိ,ဂဒ္ဒုလံ–မည်၏၊ တဏှာဝ–သည်ပင်၊ ဂဒ္ဒုလံ–တောက်နှင့်တူသော တရားတည်း၊ တဏှာဂဒ္ဒုလံ–တရား၊ ဒုပ္ပူရဏဋ္ဌေန–မပြည့်စေအပ်မပြည့်စေနိုင်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ တဏှာဝ–တဏှာသည်ပင်၊ သမုဒ္ဒေါ–သမုဒ္ဒရာတည်း၊ တဏှာသမုဒ္ဒေါ–တဏှာသည်ပင် သမုဒ္ဒရာ။

၁၀၆၆။ ။ဒေါသနိဒ္ဒေသေ–၌၊ အနတ္ထံ မေ အစရိတိ–ကား၊ (အယံ–ဤ အကောင်သည်၊) မေ–ငါ၏၊ အဝုဍ္ဎိ–ကြီးပွားခြင်း၏ဆန့်ကျင်ဘက်ဖြစ်သော အနှောက်အရှက်ကို၊ (မကြီးပွားကြောင်း အလုပ်ကို၊) အကာသိ–ရှေးကလည်း ပြုခဲ့ပြီ၊ ဣမိနာဥပါယေန–ကပ်၍သိကြောင်းဖြစ်သော ဤနည်းဖြင့်၊ သဗ္ဗပဒေသု–

---

**ဣမိနာ ပရိယာယေန**။ ။မာရ်နတ်၏နယ်ပယ်အစစ်မှာ တေဘူမကဝဋ္ဋတရားတည်း၊ ထို ဝဋ္ဋတရားကို တဏှာက တွယ်တာနေသောကြောင့် အာရုံ၏အမည်ကို အာရမဏိက တဏှာအပေါ်၌ တင်းစား၍ ကာရဏူပစာရအားဖြင့် တဏှာကိုလည်း “မာရ ဝိသယ”ဟု ခေါ်ရ၏၊ ဤသို့ နည်းဥပစာတင်ရသည်ကိုပင် “ပရိယာယ”ဟု ဆိုသည်။

**အနတ္ထံ မေ အစရိ**။ ။အတ္တသဒ္ဒါ၏ ပယောဇနစသောအနက်ကို တားမြစ်လို၍ “အဝုဍ္ဎိ”ဟု ဖွင့်သည်၊ “အဝုဍ္ဎိ–ကြီးပွားခြင်း၏ ဆန့်ကျင်ဘက်”ဟူသည် ကိုယ်အားဖြင့် ဖြစ်စေ, နှုတ်အားဖြင့်ဖြစ်စေ အနှောက်အရှက်ပြုခြင်းတည်း၊ အစရိကိုလည်း “အကာသိ” ဟု ဖွင့်၏၊ ပဋိပတ်အကျင့် မဟုတ်, “ပြုလုပ်မှု အကျင့်”ဟူလို။

တို့၌၊ အတ္တော–ကို၊ ဝေဒိတဗ္ဗော၊ အဋ္ဌာနေဝ ပန အာဃာတောတိ–ကား၊ အကာရဏေ–ဒေါသဖြစ်ခြင်း၏အကြောင်း မဟုတ်သောအရာ၌၊ ကောပေါ–စိတ်ကိုဖျက်ဆီးတတ်သော ဒေါသသည်၊ (စိတ်ဆိုးခြင်းသည်၊) ("ဇာယတိ–၏"၌ စပ်၊) ဟိ–ချဲ့၊ (အဋ္ဌာနကောပကို ချဲ့ဦးအံ့၊) ဧကစ္စော–ဒေါသစရိုက်ရှိသော အချို့ပုဂ္ဂိုလ်သည်၊ ဒေဝေါ–မိုးသည်၊ အတိဝဿတိ–အလွန်ရွာ၏၊ (ရွာလွန်း၏၊) ကုပ္ပတိ–ဤသို့တွေး၍၊ ကုပ္ပတိ–အမျက်ထွက်၏၊ ဝါ–စိတ်ဆိုး၏၊ (ဒေဝေါ၊) န ဝဿတိ–မရွာ၊ ကုပ္ပတိ–ဤသို့တွေး၍၊ ကုပ္ပတိ၊ သူရိယော–နေသည်၊ တပ္ပတိ–ပူလွန်း၏၊ ကုပ္ပတိ–ဤသို့တွေး၍၊ ကုပ္ပတိ၊ (သူရိယော) န တပ္ပတိ–မပူ၊ ကုပ္ပတိ,ကုပ္ပတိ၊ ဝါတေ–လေသည်၊ ဝါယန္တေပိ–တိုက်ပြန်သော်လည်း၊ ကုပ္ပတိ၊ (ဝါတေ) အဝါယန္တေပိ–မတိုက်ပြန်သော်လည်း၊ ကုပ္ပတိ၊ သမ္မဇ္ဇိတုံ–တံမြက်လှည်းခြင်းငှာ၊ အသက္ကောန္တော (ဟုတွာ၊) ဗောဓိပဏ္ဏာနံ–ဗောဓိရွက်တို့အား၊ ကုပ္ပတိ၊ စီဝရံ–ကို၊ ပါရုပိတုံ–ရုံခြင်းငှာ၊ အသက္ကောန္တော (ဟုတွာ၊) ဝါတဿ–လေအား၊ ကုပ္ပတိ၊ ဥပက္ခလိတွာ–တိုက်မိ၍ ချော်လဲလသော်၊ ခါဏုကဿ–သစ်ငုတ်အား၊ ကုပ္ပတိ၊ ဣဒံ–ဤ အမျက်ထွက်ခြင်းကို၊ သန္ဓာယ–၍၊ အဋ္ဌာနေ ပေ၊ ဇာယတိတိ–ဟူ၍၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ [မူလဋီကာ၌ အဋ္ဌာနကောပ ကိုးမျိုး ပြထားသေး၏၊ နှစ်ရပ်ပေါင်းလျှင် အဋ္ဌာနကောပဆယ်မျိုးဟု မှတ်ပါ။]

တတ္ထ–ထို အာဃာတဆယ်မျိုးတွင်၊ ဟေဋ္ဌာ–၌၊ နဝသု–န်သော၊ ဌာနေသု–ဌာနတို့၌၊ (အနတ္ထံ မေ အစရီစသော ဌာနတို့၌၊) သတ္တေ–တို့ကို၊ အာရဗ္ဘ–၍၊ ဥပ္ပန္နတ္တာ–ဖြစ်သည်၏အဖြစ်ကြောင့်၊ ကမ္မပထဘေဒေါ–အပါယ်ရောက်ကြောင်း မကောင်းသော ကံအထူးသည်၊ ဟောတိ၊ ["ဗျာပါဒကမ္မပထမြောက်၍ အပါယ် ရောက်နိုင်သည်"ဟူလို၊] ပန–ကား၊ အဋ္ဌာနာဃာတော–အဋ္ဌာနအာဃာတသည်၊ (အဋ္ဌာနကောပသည်၊) သင်္ခါရေသု–မိုးစသော ရုပ်သင်္ခါရတို့၌၊ ဥပ္ပန္နော–ဖြစ်သည်၊ (ဟုတွာ–၍၊) ဝါ–ကြောင့်) ကမ္မပထဘေဒံ–ကမ္မပထအထူးအပြားကို၊ န ကရောတိ၊ ["သတ္တဝါကို အာရုံမပြုသည့်အတွက် ဗျာပါဒကမ္မပထ မမြောက်" ဟူလို၊ "အဋ္ဌာန အာဃာတဖြစ်စေကာမူ သတ္တဝါကို အာရုံပြုလျှင် ကမ္မပထ မြောက်သေး၏"ဟု ဋီကာ၌ ပြ၏၊ ဋီကာကြည့်ပါ၊]စိတ္တံ–ကို၊ အာဃာတေန္တော–ညှင်းပန်းနှိပ်စက်လျက်၊ ဥပ္ပန္နော–၏၊ ကုပ္ပတိ–ကြောင့်၊ စိတ္တဿအာဃာတော–

---

**အဋ္ဌာနကောပ။** ။ဌာနသဒ္ဒါသည် ကာရဏအနက်ဟောတည်း၊ စိတ်ဆိုးခြင်း၏အကြောင်း မဟုတ်ရာ၌ စိတ်ဆိုးခြင်းကို "အဋ္ဌာနေ+ကောပေါ"အရ "အဋ္ဌာနကောပ"ဟု ခေါ်သည်၊ မိုးသည် သူ့အကြောင်းအားလျော်စွာ ရွာခြင်း–မရွာခြင်း, ရွာလွန်းခြင်း, မရွာလွန်းခြင်း ဖြစ်ပေလိမ့်မည်၊ ဒေါသကြီးသူ မဟုတ်လျှင် ထို မိုး အတွက် အမျက်ထွက်လိမ့်မည် မဟုတ်ပါ၊ ဒေါသစရိုက်ရှိသူကား မိုးနှင့်ဖက်၍ အမျက်ထွက်နေတတ်လေသည်။

မည်၏၊ ["စိတ္တသ—၏၊ ဝါ—ကို၊ အာဃာတော—ညှင်းပန်းနှိပ်စက်ကြောင်း ဒေါသသည်"ဟု ပေး၊] တဘော—ထို အာဃာတထက်၊ ဗလဝတရော—သာ၍ အားကြီးသော ဒေါသသည်၊ ပဋိဃာတော—မည်၏။] ပဋိ—အဖန်ဖန်+ဃာတော—စိတ်ကို ညှင်းပန်းနှိပ်စက်တတ်သော ဒေါသ။] ပဋိဟညနဝသေန—အဖန်ဖန် ညှဉ်းဆဲခြင်း၏ အစွမ်းကြောင့်၊ ပဋိဃံ—မည်၏၊ ပဋိဝိရုဇ္ဈတိ—ဆန့်ကျင်တတ်၏၊ ဝါ—မုန်းတတ်၏၊ ဣတိ, ပဋိဝိရောဓော—မည်၏၊ ကုပ္ပနဝသေန—စိတ်ပျက်ခြင်း၏ အစွမ်းကြောင့်၊ ကောပေါ—မည်၏၊ ပကောပေါ သမ္ပကောပေါတိ—ဟူ၍၊ ပဒံ—ကို၊ ဥပသဂ္ဂေန—ဖြင့်၊ ဝဍ္ဎိတံ—ပြီ။

ဒုဿနဝသေန—စိတ်ကို ဖျက်စီးခြင်း၏အစွမ်းကြောင့်၊ ဒေါသော—မည်၏၊ ပဒေါသော သမ္ပဒေါသောတိ—ဟူ၍၊ ပဒံ—ကို၊ ဥပသဂ္ဂေန—ဖြင့်၊ ဝဍ္ဎိတံ—ပြီ၊ စိတ္တဿ ဗျာပတ္တိတိ—ကား၊ စိတ္တဿ—၏၊ ဝိပန္နတာ—ဖေါက်ပြန်သည်၏အဖြစ် တည်း၊ ဝိပရိဝတ္တနာကာရော—ဖေါက်ဖေါက်ပြန်ပြန် ဖြစ်ခြင်းဟူသော အခြင်း အရာတည်း၊ မနံ—စိတ်ကို၊ ပဒူသယမာနော—ဖျက်ဆီးလျက်၊ ဥပ္ပဇ္ဇတိ—ဖြစ် တတ်၏၊ ဣတိ, မနောပဒေါသော—မည်၏၊ ကုဇ္ဈနဝသေန—အမျက်ထွက် ခြင်း၏အစွမ်းကြောင့်၊ (စိတ်ဆိုးခြင်း၏အစွမ်းကြောင့်၊) ကောဓော—မည်၏၊ ကုဇ္ဈနာကာရော—အမျက်ထွက်ခြင်းဟူသော အခြင်းအရာသည်၊ (စိတ်ဆိုးခြင်း ဟူသော အခြင်းအရာသည်၊) ကုဇ္ဈနာ—မည်၏၊ ကုဇ္ဈိတဿ—အမျက်ထွက်တတ် သော စိတ်၏၊ ဘာဝေါ—တည်း၊ ကုဇ္ဈိတတ္တံ—ရာ။

ဣဒါနိ—၌၊ (ကုဇ္ဈိတတ္တံတိုင်အောင် ဖွင့်ပြပြီးရာ ယခုအခါ၌) အကုသလ နိဒ္ဒေသေ—၌၊ (အကုသလနိဒ္ဒေသတုန်းက၊) ဝုတ္တနယံ—ဟောတော်မူအပ်ပြီးသော နည်းကို၊ ဒဿေတုံ—ငှာ၊ ဒေါသော ဒုဿနာတိအာဒိ—အစရှိသော စကားရပ်ကို၊ (ဘဂဝတာ၊) ဝုတ္တံ၊ တသ္မာ—ကြောင့်၊ ယော ဧဝ ရူပေါစိတ္တဿ အာဃာတော ၊ပေ၊ ကုဇ္ဈိတတ္တံတိ—ဟူ၍၊ ဣဓ—ဤ နိက္ခေပကဏ္ဍ၌၊ ဝုတ္တော(စ)—ဟောတော်မူအပ် သည်လည်းဖြစ်သော၊ ဒေါသော ဒုဿနာတိအာဒိနာ—အစရှိသော၊ နယေန—ဖြင့်၊ ဟေဋ္ဌာ—၌၊ ဝုတ္တော(စ)—ဟောတော်မူအပ်သည်လည်းဖြစ်သော၊ အယံ—ဤ သဘော တရားကို၊ ဒေါသောတိ—ဟူ၍၊ ဝုစ္စတိ—ဆိုအပ်၏၊ ဣတိ ဧဝံ—သို့၊ ဧတ္ထ—

**အမျက်ထွက်ခြင်း။** ။သစ်ပင်တို့၌ အတွင်းခေါက အပြစ်တစ်စုံတစ်ရာ ရှိလျှင် အပြင်ဘက်၌ အမျက်ဟုဆိုအပ်သော အရာဝတ္ထုသည် ပေါ်ထွက်လာ၏၊ ထို့အတူ အတွင်း၌ ဒေါသဖြစ်လျှင် အပြင်ဘက်၌ ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်၏၊ ထိုသို့ဖြစ်ခြင်းကို သစ်ပင် ၌ အမျက်ထွက်ခြင်းနှင့်တူသောကြောင့် "အမျက်ထွက်"ဟု တင်စား၍ ခေါ်ကြသည်။

**တသ္မာ ၊ပေ၊ ကာတဗ္ဗာ။** ။တသ္မာကို ယောဇနာ ကာတဗ္ဗာ၌ စပ်၊ တသ္မာ—ထိုသို့ အကုသလနိဒ္ဒေသ၌ ဟောတော်မူအပ်ခဲ့ပြီးသော နည်းကို ပြတော်မူခြင်းငှာ ဒေါသော ဒုဿနာ စသောစကားကို မိန့်တော်မူအပ်သည်၏အဖြစ်ကြောင့်၊ အယံ ဝုစ္စတိ ဒေါသော၌ အယံအတွက် ယောဝေရူပေါစသော ရှေ့ကပုဒ်များကိုဖေါ်၍ အနက်

ဤ ဒေါသနိဒ္ဒေသ၏နိဂုံး၌၊ ယောဇနာ-ပုဒ်တို့ကို ယှဉ်စေခြင်းကို၊ ကာတဗ္ဗာ၊ ဟိ-လဒ္ဓဂုဏ်ကို ဆိုဦးအံ့၊ ဧဝံ-ဤသို့ ယောဇနာခြင်းသည်၊ သတိ-သော်၊ ပုန ရုတ္တိဒေါသော-သည်၊ ဝါ-ကို၊ ပဋိသေဓိတော-တားမြစ်အပ်ပြီးသည်၊ ဟောတိ-ဖြစ်တော့၏၊ မောဟနိဒ္ဒေသော-ကို၊ အမောဟနိဒ္ဒေသေ-၌၊ ဝုတ္တပဋိပက္ခနယေ န-ဟောတော်မူအပ်ပြီးသော စကားရပ်၏ဆန့်ကျင်ဘက်နည်းအားဖြင့်၊ ဝေဒိတဗ္ဗော၊ ပန-ဆက်၊ သဗ္ဗာကာရေန-အလုံးစုံသော အခြင်းအရာအားဖြင့်၊ ဧသ (ဧသော)-ဤ မောဟနိဒ္ဒေသသည်၊ ဝိဘင်္ဂဋ္ဌကထာယံ-ဝိဘင်္ဂအဋ္ဌကထာ၌၊ (သစ္စဝိဘင်း, သုတ္တန္တဘာဇနီယအဖွင့်၌၊) အာဝိ-ထင်ရှားစွာ၊ ဘဝိဿတိ-လတ္တံ့။

၁၀၇၉။ တေဟိ ။ပေ၊ သဟေတုကာတိ-ကား၊ တေဟိ ဟေတုဓမ္မေဟိ-ထိုဟိတ်တရားတို့ဖြင့်၊ (သဟေတုကာ၌ ဝိသေသနစပ်၊) ဝါ-တို့မှ၊ (အညေ၌ အပဓာန စပ်၊) အညေ-အခြားကုန်သော၊ ယေ ဟေတုဓမ္မာဝါ-အကြင် ဟိတ်တရားတို့သည်လည်းကောင်း၊ ယေ နဟေတုဓမ္မာဝါ-အကြင် ဟိတ်မဟုတ်သော တရားတို့သည်လည်းကောင်း၊ (သန္တိ၊) တေ-ထို တရားတို့သည်၊ သဟေတုကာ-သဟေတုကတို့မည်၏၊ အဟေတုကပဒေပိ-အဟေတုကပုဒ်၌လည်း၊ ဧသေဝ နယော-တည်း။

---

ယှဉ်စေပုံကို သိပါ-ဟူလို၊ ဣဓ ဝုတ္တော, ဟေဋ္ဌာဝုတ္တောတို့ကို အယံ၏ ဝိသေသနဟု မှတ်ပါ၊ "ယော ဝေရူပေါ ။ပေ၊ ကုဏ္ဍိတတ္တံ"သည် ဤ၌ ဟောတော်မူပုံကိုပြသော စကားတည်း၊ ဒေါသော ဒုဿနာ-စသည်ကား အောက်အကုသလနိဒ္ဒေသ၌ ဟောတော်မူအပ်ခဲ့ပုံကို ပြသောစကားတည်း၊ [ရှေးနိဿယ၌ "ဝေရူပေါ-သော၊ ယောဓမ္မာ-ကို၊ ဝုတ္တော-ပြီ"ဟု အနက်ပေး၏၊ ယောဝေရူပေါသည် အဋ္ဌကထာစကား မဟုတ်၊ ပါဠိတော်၌ပါသော စကားတည်း၊ ဝေမတ္တ၌ "ဇွော"ကို "ယောဝေရူပေါတိ အာဒိ ဝစနံ"ဟု ယောဇနာဖွင့်သည်၊ ထိုအနက်အဖွင့်ကိုလည်း စဉ်းစားပါ။]

**ဧဝံ ဟိ ။ပေ၊ ဟောတိ။** ။ထိုသို့ ယောဇနာရခြင်း၏လဒ္ဓဂုဏ်ပြ ဝါကျတည်း၊ ဤသို့ ယောဇနာခြင်းကြောင့် ဒေါသောနှစ်ပုဒ် ထပ်နေခြင်း, ပဋိရောဓောနှစ်ပုဒ် ထပ်နေခြင်း၌ ပုနရုတ္တိဒေါသကို သုမ်သင်ပြီးဖြစ်သည်၊ ထို ပုဒ်များကို နှစ်ခါထပ်၍ ဟောတော်မူသော်လည်း အကုသလနိဒ္ဒေသတုန်းက နည်းကိုပြခြင်းဖြစ်သောကြောင့် ပုနရုတ္တိဒေါသ မရောက်ပါ-ဟူလို၊ [နှစ်ခါထပ်ပုံကို ပါဠိတော်ကြည့်ပါ။]

**ယေ အညေ ။ပေ၊ န ဟေတုဓမ္မာဝါ။** ။ပါဠိတော်၌ "တေဟိ ဓမ္မေဟိ ယေ ဓမ္မာ သဟေတုကာ"သည် "ကတမေ ဓမ္မာ သဟေတုကာစေဝ နဟေတူ"ဟူသော ပုစ္ဆာ၏အဖြေတည်း၊ "တေဟိ ဓမ္မေဟိ"ဖြင့် ဆိုအပ်ပြီးသော ဟိတ်ခြောက်ပါးကိုပြ၏၊ ထို့ကြောင့် "တေဟိ ဟေတုဓမ္မေဟိ"ဟု ဖွင့်သည်၊ ယေဓမ္မာကို "ယေ အညေ ဟေတု ဓမ္မာဝါ န ဟေတု ဓမ္မာဝါ"ဟု ဖွင့်သည်၊ လောဘမူစိတ် စေတသိက်တို့တွင် "တေဟိ ဟေတု ဓမ္မေဟိ"အရ လောဘကိုယူလျှင် "အညေ ဟေတု ဓမ္မာ"အရ မောဟမူဟိတ်ကို ယူရ၏၊ "အညေန ဟေတုဓမ္မာ"အရ၌ကား ထိုဟိတ်နှစ်ပါးမှ တစ်ခြားသော လောဘမူ စိတ် စေတသိက်ကို ယူရသည်၊ ဤသို့စသည်ဖြင့် စိတ္တုပ္ပာဒ်တိုင်း၌ သိပါ။

စ–ဆက်၊ ဋ္ဌေ–ဤ ဟေတု, သဟေတုကတို့တွင်၊ ဟေတု–ဟိတ်သည်၊ ဟေတုယေဝစ–ဟိတ်မည်သည်သာလျှင်လည်း၊ ဟောတိ၊ [စဖြင့် သဟေတုက အမည်ကို ဆည်းသည်၊ ဧဝဖြင့် ဟိတ်မမည်ခြင်းကို ကန့်သည်။] တိဏ္ဏံဝါ– သုံးပါးသော ဟိတ်တို့၏ သော်လည်းကောင်း၊ ဒွိန္နံဝါ–နှစ်ပါးသော ဟိတ်တို့၏ သော်လည်းကောင်း၊ ဧကတော–တစ်ပေါင်းတည်း၊ ဥပ္ပတ္တိယံ–ဖြစ်ရာအခါ၌၊ (စိတ်တစ်ခုတည်းဝယ် ယှဉ်ရာအခါ၌၊) သဟေတုကောစ–သဟေတုက မည် သည်လည်း၊ (ဟောတိ၊) ပန–ကား၊ ဝိစိကိစ္ဆုဒ္ဓစ္စသဟဂတော–ဝိစိကိစ္ဆာဥဒ္ဓစ္စနှင့် တကွဖြစ်သော၊ မောဟော–သည်၊ ဟေတု–ဟိတ်သည်၊ (ဟုတွာ) အဟေတု ကော–သမ္ပယုတ် ဟိတ်မရှိသည်၊ (ဟောတိ၊) ဟေတုသမ္ပယုတ္တ ဒုကနိဒ္ဒေသေပိ– ၌လည်း၊ ဧသေဝနယော။

၁၀၉၁။ ။သင်္ခတဒုကနိဒ္ဒေသေ–၌၊ ပုရိမဒုကေ–ရှေ့သပစ္စယဒုက်၌၊ ဝုတ္တံ–ဟောတော်မူအပ်ပြီးသော၊ အသင်္ခတဓာတုံ–အသင်္ခတဓာတ်ကို၊ သန္ဓာယ– ရည်ရွယ်တော်မူ၍၊ ယောဝေ သော ဓမ္မောတိ–ဟူ၍၊ ဧကဝစနနိဒ္ဒေသော– ဧကဝုစ်ဝိဘတ်ဖြင့် ညွှန်ပြခြင်းကို၊ ကတော–ပြုတော်မူအပ်ပြီ၊ ပန–ကား၊ ပုရိမဒုကေ–ရှေ့သပ္ပစ္စယဒုက်၌၊ ဗဟုဝစနဝသေန–ဗဟုဝုစ်၏အစွမ်းဖြင့်၊ ပုစ္ဆာ ယ–ပုစ္ဆာ၏၊ ဝါ–ကို၊ ဥဒ္ဓဋ္ဌတ္တာ–ထုတ်တော်မူအပ်ပြီး၏အဖြစ်ကြောင့်၊ ဣမေ ဓမ္မာ အပ္ပစ္စယာတိ–ဟူ၍၊ ပုစ္ဆာနုသန္ဓိဝသေန–ပုစ္ဆာအားလျော်စွာ ဆက်စပ်ခြင်း၏ အစွမ်းဖြင့်၊ ဗဟုဝစနံ–ကို၊ ကတံ–ပြုတော်မူအပ်ပြီ၊ ဣမေ ဓမ္မာ သနိဒဿနာတိ အာဒီသုပိ–အစရှိသော ပုဒ်တို့၌လည်း၊ ဧသေဝနယော။

---

**ပုရိမဒုကေ ပန**။ ။ရှေ့သပ္ပစ္စယဒုက်၌ ဟောတော်မူအပ်ပြီးသော အသင်္ခတ ဓာတ် (နိဗ္ဗာန်)တစ်ပါးတည်းကို ရည်ရွယ်၍ "ယော ဝေ သော ဓမ္မော"ဟု ဤ သင်္ခတ ဒုက်၌ ဧကဝုစ်ဖြင့် ညွှန်ပြမှုကိုပြုတော်မူအပ်ပါလျှင် ရှေ့သပ္ပစ္စယဒုက်၌ နိဗ္ဗာန်တစ်ပါး တည်းကို အဘယ့်ကြောင့် "ဣမေ ဓမ္မာ အပစ္စယာ"ဟု ဗဟုဝုစ်ဖြင့် နိဂုံးအုပ်တော်မူ အပ်ပါသနည်း–ဟု မေးဖွယ်ရှိရကား "ပုရိမဒုကေပနေ ၊ပေ၊ ဗဟုဝစနံ ကတံ"ဟု မိန့်သည်၊ "ပုရိမဒုကေ"ကို "ဗဟုဝစနံ ကတံ"၌ စပ်၊ ပုစ္ဆာတုန်းက "ကတမေ ဓမ္မာ အပ္ပစ္စယာ"ဟု ဗဟုဝုစ်ဖြင့် မေးခဲ့သောကြောင့် ထို ပုစ္ဆာနှင့်ဆက်သွယ်ခြင်းဖြင့် (ထို ပုစ္ဆာနှင့် လိုက်လျောအောင်) "ဣမေဓမ္မာ အပစ္စယာ"ဟု ဗဟုဝုစ်ကို ပြုတော်မူအပ်ပါ သည်–ဟူလို၊ [ရှေ့ပုစ္ဆာနှင့်လျော်စွာ ဆက်စပ်အပ်သော နောက်စကားကို အနုသန္ဓိ (အနုသန္ဓေ)ဟု ခေါ်သည်။

**ထပ်၍မေးဖွယ်**။ ။သို့ဖြစ်လျှင် အဘယ်ကြောင့် "အပ္ပစ္စယာ ဓမ္မာ"ဟု မာတိကာ ၌လည်းကောင်း, ဤ ဥဒ္ဒေသ၌လည်းကောင်း ဟောတော်မူအပ်ပါသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား–မာတိကာ၌ "ကုသလာ ဓမ္မာ"မှ၍ ဗဟုဝုစ်ဒေသနာချည်း လာခဲ့သောကြောင့် ထိုဒေသနာတော်အယဉ်၌ ကျရောက်ရကား "အပ္ပစ္စယာ ဓမ္မာ" စသည်ဖြင့် ဗဟုဝုစ်ဟောတော်မူရ၏၊ မာတိကာ၌ ဟောခဲ့ပြီးဖြစ်သောကြောင့် ဤ၌ လည်း "ကတမေ ဓမ္မာ အပ္ပစ္စယာ"စသည်ဖြင့် ပုစ္ဆာထုတ်ရပါသည်။

၁၁၀၀။ ။ကေနစိဝိညေယျဒုကနိဒ္ဒေသေ–၌၊ စက္ခုဝိညေယျာတိ–ကား၊ (ယေဓမ္မာ–အကြင် ရူပါရုံတရားတို့ကို၊) စက္ခုဝိညာဏေန–သည်၊ ဝိဇာနိတဗ္ဗာ–သိထိုက်ကုန်၏၊ သေသပဒေသုပိ–တို့၌လည်း၊ သေဝနယော၊ စ–ဆက်၊ ဧတ္ထ–ဤ ကေနစိ ဝိညေယျဒုကနိဒ္ဒေသ၌၊ (အယံ ဒုကော န ဟောတိ၌ လည်းကောင်း, အယမေကော ဒုကောတိ ဝေဒိတဗ္ဗော၌လည်းကောင်း စပ်ပါ၊) ကေနစိ ဝိညေယျာတိ ၊ပေ၊ ဒုကော ဟောတီတိ–ဟူ၍၊ ဟေဋ္ဌာ–အောက် မာတိကာအဖွင့်၌၊ ဝုတ္တတ္တာ–ဆိုအပ်ပြီး၏အဖြစ်ကြောင့်၊ (အနက်ကို မာတိကာ အဖွင့်၌ ပေးခဲ့ပြီ၊) ယေတေဓမ္မာ–အကြင် ရူပါရုံတရားတို့ကို၊ စက္ခုဝိညေယျာ–စက္ခု ဝိညာဉ်သည် သိထိုက်ကုန်၏၊ တေဓမ္မာ–ထို ရူပါရုံတရားတို့ကို၊ န သောတဝိညေယျာ–သောတဝိညာဉ်သည် မသိထိုက်ကုန်၊ ဣတိ–ဤသို့သော၊ အယံ–ဤ ဝါကျနှစ်ခုအပေါင်းသည်၊ ဒုကော–သည်၊ န ဟောတိ–မဖြစ်သေး၊ [အနက်အရမှာ ရူပါရုံတစ်ခုသာရသောကြောင့် အတ္ထနာနတ္တ မဖြစ်သည့်အတွက် ဒုက်မဖြစ်နိုင်သေး။]

ပန–အနွယကား၊ ရူပံ–ရူပါရုံကို၊ စက္ခုဝိညေယျံ–စက္ခုဝိညာဉ်သည် သိထိုက်၏၊ သဒ္ဒေါ–ကို၊ န စက္ခုဝိညေယျော–ထိုက်၊ ဣတိ–ဤသို့သော၊ ဣမံ အတ္ထံ–ဤ အနက်ကို၊ ဂဟေတွာ–ယူ၍၊ ယေ တေ ဓမ္မာ–အကြင် ရူပါရုံတရားတို့ကို၊ စက္ခုဝိညေယျာ–န်၏၊ တေ ဓမ္မာ–ထို ရူပါရုံတရားတို့ကို၊ န သောတဝိညေယျာ–ကုန်၊ [ဤနှစ်ဝါကျမှ တစ်ပုဒ်သာရှိသေး၏။] ဝါပန–ထိုမှတစ်ပါး၊ ယေ တေ ဓမ္မာ–အကြင် သဒ္ဒါရုံတရားတို့ကို၊ သောတဝိညေယျာ–န်၏၊ တေ ဓမ္မာ–တို့ကို၊ န စက္ခုဝိညေယျာ–ကုန်၊ [ဤနှစ်ဝါကျလည်း သဒ္ဒါရုံကိုချည်း အရ ကောက်ရသောကြောင့် တစ်ပုဒ်သာ၊] ဣတိ–ဤသို့သော၊ အယံ–ဤစကား အပေါင်းကို၊ (ဝါကျအားဖြင့် လေးဝါကျရှိနေသော ဤနှစ်ပုဒ်အပေါင်းကို၊) ဧကော ဒုကောတိ–တစ်ဒုက်ဟူ၍၊ ဝေဒိတဗ္ဗော–၏၊ ဧဝံ–သို့လျှင်၊ ဧကေက ဣန္ဒြိယမူလကေ–စက္ခုန္ဒြေစသော တစ်ပါးတစ်ပါးသောဣန္ဒြေလျှင် မူလရှိကုန် သော၊ စတ္တာရော စတ္တာရော–လေးပုက်, လေးဒုက်တို့ကို၊ ကတွာ, ဝီသတိ–သော၊ ဒုကာ–တို့ကို၊ ဝိဘတ္တာ–ဝေဖန်တော်မူအပ်ကုန်ပြီ၊ ဣတိ, ဝေဒိတဗ္ဗာ၊ [ဒုက်နှစ်ဆယ်ကို ပါဠိတော်၌ ကြည့်ပါ။]

ပန–ပရိဟာရ ၊ပေ၊ အံ့၊ မနောဝိညာဏေန–မနောဝိညာဉ်ဟူသော၊ ကေန စိ–အချို့သော တရားသည်၊ ဝိညေယျာ–သိထိုက်သော တရားတို့သည် လည်းကောင်း၊ ကေနစိ–သည်၊ န ဝိညေယျာ–မသိထိုက်သော တရားတို့သည် လည်းကောင်း၊ နတ္ထိ ကိံ–မရှိကုန်သလော၊ တေန–ထိုသို့ မရှိခြင်းကြောင့်၊

---

ကိံ ပန ၊ပေ၊ န ဝုတ္တာ။ ။စက္ခုဝိညာဏ ဝိညေယျတရားကို "စက္ခုဝိညေ ယျ"ဟုလည်းကောင်း, ထို့အတူ သောတဝိညာဏာဒိ ဝိညေယျတရားကို သောတ

ဝ္ထေ–ဤ မနောဝိညေယျအရာ၌၊ ဒုကာ–ဒုက်တို့ကို၊ န ဝုတ္တာကိံ–ဟောတော်မမူ အပ်ကုန်သလော၊ ဣတိ–ဤကား အမေးတည်း၊ နော နတ္ထိ–မရှိကုန်မဟုတ်, ရှိကုန်သည်သာ၊ ပန–ထိုသို့ပင် ရှိပါကုန်သော်လည်း၊ ဝဝတ္ထာနာဘာဝတော–ပိုင်းခြားသတ်မှတ်အပ်သော တရား၏ မရှိခြင်းကြောင့်၊ န ဝုတ္တာ–ဟောတော်မမူအပ်ကုန်၊ ဟိ–ချဲ့၊ စက္ခုဝိညာဏေန–သည်၊ အဝိညေယျာဝေ–မသိထိုက်သော တရားတို့သာတည်း၊ [ရူပါရုံမှတစ်ပါး, အခြားတရားကို ဆိုသည်။] ဣတိ–သို့၊ ဝဝတ္ထာနံ–ပိုင်းခြားသတ်မှတ်ခြင်းသည်၊ အတ္ထိယထာ–ရှိသကဲ့သို့၊ ဧဝံ–တူ၊ မနောဝိညာဏေနာပိ–သည်လည်း၊ (အဝိညေယျာဝေ–မသိထိုက်သော တရားတို့သာတည်း၊) ဣတိ–သို့၊ ဝဝတ္ထာနာဘာဝတော–ပိုင်းခြားသတ်မှတ်အပ်သော တရား၏ မရှိခြင်းကြောင့်၊ (မနောဝိညာဉ်သည် မသိထိုက်သောတရားဟု မရှိခြင်းကြောင့်၊) ဝ္ထေ–ဤ မနောဝိညေယျအရာ၌၊ ဒုကာ–ဒုက်တို့ကို၊ န ဝုတ္တာ–ဟောတော်မမူအပ်ကုန်။

ပန–ထိုသို့ပင် ဟောတော်မမူအပ်ပါကုန်သော်လည်း၊ မနောဝိညာဏေန–မနောဝိညာဉ်ဟူသော၊ ကေနစိ–အချို့သော တရားသည်၊ ဝိညေယျာစေဝ–သိထိုက်သော တရားတို့သည်လည်းကောင်း၊ အဝိညေယျာစ–မသိထိုက်သော တရားတို့သည်လည်းကောင်း၊ (သံဝိဇ္ဇန္တိ၊) ဣတိအယံ အတ္ထော–သည်၊ အတ္ထိ၊ တသ္မာ–ကြောင့်၊ သော–ထို မနောဝိညေယျဒုက်ကို၊ အဝုတ္တော–ပါဠိတော်၌ တိုက်ရိုက်မဟောအပ်သည်၊ (သမာနော)ပိ–သော်လည်း၊ ယထာလာဘ ဝသေန–အကြင်အကြင်ရထိုက်သော အနက်၏ အစွမ်းကြောင့်၊ ဝေဒိတဗ္ဗော–၏၊ ဟိ–

ဝိညေယျစသည်ဟုလည်းကောင်း ဟောတော်မူအပ်၏၊ ထို့ကြောင့် မနောဝိညေယျတရားသည်လည်း မနောဝိညေယျအမည် ဖြစ်ထိုက်၏ဟု နှလုံးပိုက်၍ "ကိံ ပန ၊ပေ၊ ဝဝတ္ထာနာ ဘာဝတော"ဟု မိန့်သည်၊ မနောဝိညာဉ်ဟူသော အချို့သည် သိထိုက်သောတရား, အချို့သည် မသိထိုက်သော တရားများမရှိ မဟုတ်, ရှိကြပါ၏၊ သို့သော် စက္ခုဝိညေယျဟုဆိုလျှင် ရူပါရုံသာ စက္ခုဝိညေယျဖြစ်၏၊ အခြားအာရုံကား "စက္ခုဝိညေယျ မဖြစ်"ဟု သတ်မှတ်၍ ရနိုင်သကဲ့သို့ ဤအာရုံသာ "မနောဝိညေယျ ဖြစ်၏"ဟု သတ်မှတ်၍ မရ၊ (အာရုံတိုင်းပင် မနောဝိညေယျဖြစ်နေ)သောကြောင့် မနောဝိညေယျဒုက်ကို ဟောတော်မမူဘဲ ချန်ထားသည်–ဟူလို၊ [ဣဒမေဝ မနောဝိညေယျန္တိ (ဤ တရားသာ မနောဝိညာဉ်ဟူ၍) နိယမာဘာဝေါ ဝဝတ္ထာနာဘာဝေါ၊–ဋီကာ။]

**မနောဝိညာဏေန ပန။** ။"မည့်သည့်တရားကိုသာ အချို့သော မနောဝိညာဉ်သည် သိအပ်၏"ဟု အတိအကျ သတ်မှတ်အပ်သော တရားမရှိ၍ မဟောအပ်ပါသော်လည်း မနောဝိညာဉ်အချို့ သိထိုက်သောတရား, ထို တချို့သည်ပင် မသိထိုက်သော တရားဟု ခွဲခြား၍ရသဖြင့် ဒုကဖြစ်နိုင်သောကြောင့် ယထာလာဘ (ရသင့်သောအနက်ကို ယူခြင်း)အားဖြင့် မနောဝိညေယျဒုက်ကို သိထိုက်သေး၏၊ ရထိုက်ပုံကို အကျယ်ပြလို၍ "မနောဝိညာဏာန္တိ ဟိ"စသည်ကို မိန့်သည်၊ [အာရမဏသင်္ဂဟ၏ အကျယ်ကို အစဉ်လိုက်၍ ဤ အဓိပ္ပာယ်များကို သိနိုင်ပါသည်။]

ချဲ့၊ မနောဝိညာဏာနိ–မနောဝိညာဉ်ဟူ၍၊ သင်္ချဲ–ရေတွက်အပ်သည်၏အဖြစ်သို့၊ ဂတေဟိ–ရောက်ကုန်သော၊ ကာမာဝစရဓမ္မေဟိ–ကာမာဝစရတရားတို့သည်၊ တာဝ–ရူပါဝစရစသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာ–န်သော၊) ကာမာဝစရဓမ္မာ ဝေ–ကာမာဝစရတရားတို့ကိုပင်၊ ကေဟိစိ–အချို့သော ကာမာဝစရမနော ဝိညာဉ်တို့သည်၊ ဝိညေယျာ–သိထိုက်ကုန်၏၊ ကေဟိစ–တို့သည်၊ အဝိညေ ယျာ–မသိထိုက်ကုန်၊ ကေဟိစိ ဝိညေယျ, ကေဟိစိ အဝိညေယျ၏အဓိပ္ပာယ်ကို ဋီကာဥ္ တိုက်ရိုက်ပြထားပြီ၊] တေဟိယေဝ–ထိုကာမာဝစရတရားတို့သည်ပင်၊ ရူပါဝစရာဒိ ဓမ္မာပိ–ရူပါဝစရအစရှိသော တရားတို့ကိုလည်း၊ ကေဟိစိ– အချို့သော ကာမာဝစရ မနောဝိညာဉ်တို့သည်၊ ဝိညေယျာ–န်၏၊ ကေဟိစိ– တို့သည်၊ အဝိညေယျာ–မသိထိုက်ကုန်။

---

**ကာမာဝစရ ၊ပေ၊ ဓမ္မာ။** ။ကာမာဝစရဓမ္မေဟိဖြင့် ပါဠိတော်၌ ကေနစိအရ ကာမာဝစရ မနောဝိညာဉ်ကို ယူရသောနည်းကို ပြ၏၊ ကာမာဝစရဓမ္မာဖြင့် ဝိညေယျာ, အဝိညေယျာတို့အရလည်း ကာမာဝစရတရားများကိုပင် ရသင့်သလို ယူရသောနည်းကို ပြ၏၊ [အဋ္ဌကထာဆရာသည် ဒုက်တစ်ခု၌ ကေနစိဟူသော ကတ္တားပုဒ်က အရမကွဲ ပြားဘဲ ဝိညေယျာ,အဝိညေယျာတို့ အရဖြစ်သောကံပုဒ်က အရကွဲပြားသည်ဟု အယူ ရှိသည်ကို သတိပြု၍ အနက်ပေးပုံကို သိပါ။]

**အနက်ပေးပုံ။** ။ကေနစိ–(ကာမာဝစရတရားကို ကေန် အာရုံပြုသော) ကာမ ဝိပါက် ပဉ္စဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်တို့တွင် တစ်ပါးပါးသည်၊ ဝိညေယျာ–သိထိုက် ကုန်သော ကာမာဝစရတရားတို့သည်၊ သံဝိဇ္ဇန္တိ–ရှိကုန်၏၊ ကေနစိ–သည်၊ (ရှေ့က ကတ္တားပင်တည်း၊) အဝိညေယျာ–မသိထိုက်သော ကာမာဝစရတရားတို့သည်၊ သံဝိဇ္ဇန္တိ– န်၏၊ [ဤနည်း၌ ဝိညေယျအရ ရူပါရုံ ကာမာဝစရတရားကိုယူလျှင် ကေနစိအရ စက္ခုဒွါရိက ဝီထိစိတ်ကို ယူပါ၊ ထို ဝီထိစိတ်သည်ပင် သဒ္ဒါရုံစသော ကာမာဝစရ တရားတို့ကို မသိနိုင်သောကြောင့် ထို အာရုံတို့ကို အဝိညေယျာအရ ယူပါ။]

**တေဟိယေဝ ၊ပေ၊ အဝိညေယျာ။** ။တေဟိယေဝဖြင့် ကာမာဝစရဓမ္မေဟိ ဟူသောကတ္တားကို ပြန်ညွှန်းသည်၊ ရူပါဝစရာဒိဓမ္မာပိဖြင့် ဝိညေယျအရ ကံကို ပြောင်း လွဲသည်၊ ပိဖြင့် ဝိညေယျ အဝိညေယျချင်းတူသောကြောင့် ရှေ့အနက်ကို ပေါင်းသည်၊ ရူပါဝစရာဒိ၌ အာဒိဖြင့် အရူပအာရုံ, လောကုတ္တရာအာရုံ, ပညတ်အာရုံများကို အနု ဋီကာ ယူသည်။

**အနက်ပေးပုံ။** ။ကေနစိ–ရူပါဝစရစသည်ကို အာရုံပြုသော အချို့သော ကာမာဝစရတရားသည်၊ ဝိညေယျာ–သိထိုက်ကုန်သော ရူပါဝစရစသော တရားတို့ သည်၊ သံဝိဇ္ဇန္တိ–န်၏၊ ကေနစိ–သည်၊ အဝိညေယျာ, သံဝိဇ္ဇန္တိ၊ [ရူပစိတ်ကို ဆင်ခြင် သော ပစ္စဝေက္ခဏာဉာဏ်သည် ရူပစိတ်သာ ဝိညေယျဖြစ်၍ အရူပ လောကုတ္တရာ ပညတ်တို့ကား အဝိညေယျဖြစ်၏၊ ဤသို့စသည်ဖြင့် သိပါ၊ ဤ ဝါကျကို ဋီကာ၌ "ရူပါဝစရာ ဒယော ကာမာဝစရဝိပါကာဒီဟိ အဝိညေယျာ"ဟု အဝိညေယျာအတွက် ဖွင့်၏၊ ထိုအဖွင့်ကို အနုဋီကာလည်းဖွင့်၏၊ ဋီကာနိဿယ ကြည့်ပါ။]

မနောဝိညာဏန္တိ –မနောဝိညာဉ်ဟူ၍၊ သန်ျ–ရေတွက်အပ်သည်၏အဖြစ်သို့၊ ဂတေဟိ–ရောက်ကုန်သော၊) ရူပါဝစရေဟိပိ–ရူပါဝစရတရားတို့သည်လည်း၊ ကာမာဝစရာ–ကာမာဝစရအာရုံတို့ကို၊ ကေဟိစိ–တချို့သော ရူပါဝစရတရားတို့သည်၊ ဝိညေယျာ–န်၏၊ ကေဟိစိ–တို့သည်၊ အဝိညေယျာ–ကုန်၊ တေ ဟေဝ–ထိုရူပါဝစရတရားတို့သည်ပင်၊ ရူပါဝစရာဒယောပိ–ရူပါဝစရအစရှိသော အာရုံတို့ကိုလည်း၊ ကေဟိစိ–အချို့သော ရူပါဝစရတရားတို့သည်၊ ဝိညေယျာ၊ ကေဟိစိ–တို့သည်၊ အဝိညေယျာ။

ပန–ကား၊ (မနောဝိညာဏန္တိ သန်ျ ဂတေဟိ၊) အရူပါဝစရေဟိ–အရူပါဝစရတရားတို့သည်၊ ကာမာဝစရာ–ကာမာဝစရအာရုံတို့ကိုလည်းကောင်း၊ ရူပါဝစရာ–တို့ကိုလည်းကောင်း၊ အပရိယာပန္နာစ–အပရိယာပန္နဖြစ်သော လောကုတ္တရာ နိဗ္ဗာန်အာရုံတို့ကိုလည်းကောင်း၊ နေဝဝိညေယျာ–မသိအပ်မသိနိုင်ကုန်သည်သာ၊ ပန–ကား၊ အရူပါဝစရာ–အရူပါဝစရအာရုံတို့ကို၊ ကေဟိစိ–အချို့သော အရူပါဝစရတရားတို့သည်၊ ဝိညေယျာ–ကုန်၏၊ ကေဟိစိ, အဝိညေယျာ–ကုန်၊ စ–ဆက်၊ တေပိ–ထိုအရူပါဝစရတရားတို့ကိုလည်း၊ ကေစိဒေဝ–အချို့သော အရူပါဝစရတရားတို့ကိုသာ၊ ဝိညေယျာ–န်၏၊ ကေစိ–အချို့သော အရူပါဝစရတရားတို့ကို၊ အဝိညေယျာ–ကုန်။

---

**ရူပါဝစရေဟိပိ ။ပေ။ အဝိညေယျာ။** ။ကာမာဝစရမ္မေဟိ စသည်ဖြင့် ကာမာဝစရ မနောဝိညာဉ်ဟူသော ကတ္တားကို ပြပြီး၍, ကေနစိအရ ရူပါဝစရမနောဝိညာဉ်ဟူသောကတ္တားကို ပြလိုသောကြောင့် "ရူပါဝစရေဟိပိ"စသည်ကို မိန့်သည်၊ [ဤ၌ "မနောဝိညာဏန္တိ သန်ျ ဂတေဟိ"ပုဒ်ကို လိုက်ပါစေ၊] ကေနစိအရ အဘိညာဉ်ကိစ္စတပ်သော ရူပါဝစရကိုယူလျှင် ကာမာဝစရတရားတို့ကို သိနိုင်ကုန်၏၊ ကေနစိအရ အဘိညာဉ်ကိစ္စမတပ်သော ရူပါဝစရကိုယူလျှင် ကာမာဝစရတရားတို့ကို မသိနိုင်ကုန်၊ ရူပါဝစရမနောဝိညာဉ်က ရူပါဝစရ အရူပါဝစရ, လောကုတ္တရာအာရုံကို သိရာ၌လည်း အဘိညာဉ်ကိစ္စတပ်သော ရူပါဝစရကသာ သိနိုင်၏၊ အဘိညာဉ်ကိစ္စမတပ်သော ရူပါဝစရကမသိနိုင်၊ ကသိုဏ်းပညတ်စသည်တို့ကိုကား သိနိုင်၏။

**အရူပါဝစရေဟိ ။ပေ။ အဝိညေယျာ။** ။ရူပါဝစရ မနောဝိညာဉ်ဟူသော ကတ္တားကို ပြပြီး၍, အရူပါဝစရ မနောဝိညာဉ်ဟူသောကတ္တားကို ပြလိုသောကြောင့် "အရူပါ ဝစရေဟိ ပန"စသည်ကို မိန့်သည်၊ ထို အရူပတရားတို့ကား ကာမ ရူပ အပရိယာပန္နတရားတို့ကို မသိနိုင်ကြ၊ ထို့ကြောင့် "ဝိညေယျ, အဝိညေယျ"ဟု ဒွက်မဖြစ်နိုင်၊ ဝိညာဏဉ္စာယတနစိတ်သုံးခု, နေဝသညာနာသညာယတန စိတ်သုံးခုဟူသော အရူပါဝစရ မနောဝိညာဉ်တို့သည် ပဌမာရုပ္ပနှင့် တတိယာရုပ္ပဟူသော အရူပါဝစရအချို့တို့ကို သိနိုင်ကြကုန်၏၊ ထို့ကြောင့် "အရူပါဝစရာ ပန ကေဟိစိ ဝိညေယျာ"ဟု ဆိုသည်၊ ထို အရူပါဝစရအချို့တို့ကား အရူပါဝစရတရားတို့ကို မသိကြ၊ ကောင်းကင်ပညတ်, နတ္ထိဘောပညတ်တို့ကိုသာ သိကြသည်၊ ဤအဓိပ္ပာယ်ကိုပင် "တေပိစ ကေစိ ဒေဝ ဝိညေယျာ, ကေစိ အဝိညေယျာ"ဟု ဆိုသည်။

(မနောဝိညာဏဓာတ္တိ သင်္ချံ ဂတေဟိ) အပရိယာပန္နေဟိ–အပရိယာပန္နတရားတို့သည်၊ ကာမာဝစရာဒယော–ကာမာဝစရအစရှိသော အာရုံတို့ကို၊ နေဝ ဝိညေယျာ–မသိအပ် မသိနိုင်ကုန်သည်သာ၊ [ဝိညေယျမပါသောကြောင့် ဒုက် မဖြစ်နိုင်–ဟူလို၊] ပန–ကား၊ အပရိယာပန္နာ–အပရိယာပန္နတရားတို့ကို၊ နိဗ္ဗာနေန–သည်၊ အဝိညေယျတ္တာ–မသိအပ် မသိနိုင်သည်၏အဖြစ်ကြောင့်၊ ကေဟိစိ–အချို့သော အပရိယာပန္နတရားတို့သည်၊ (မဂ်ဖိုလ်တို့သည်၊) ဝိညေယျာ–န်၏၊ ကေဟိစိ–အချို့သော အပရိယာပန္နတရားတို့သည်၊ အဝိညေယျာ–မသိအပ် မသိနိုင်ကုန်၊ စ–ဆက်၊ တေပိ–ထို အပရိယာပန္နတရားတို့ကိုလည်း၊ မဂ္ဂဖလာနံ–မဂ်ဖိုလ်တို့၏၊ (ဝါ–တို့က၊) အဝိညေယျတ္တာ–မသိအပ် မသိနိုင်ကုန်သည်၏အဖြစ်ကြောင့်၊ ကေစိဒေဝ–အချို့သော အပရိယာပန္န နိဗ္ဗာန်တရားတို့ကိုသာ၊ ဝိညေယျာ–န်၏၊ ကေစိ–အချို့သော လောကုတ္တရာ မဂ်ဖိုလ်တရားတို့ကို၊ အဝိညေယျာ–န်၊ ဣတိ–ဤသို့ မှတ်အပ်၏။

၁၁၀၂။ ။အာသဝနိဒ္ဒေသေ–၌၊ ပဉ္စ ကာမဂုဏိကော–ငါးပါးသော ကာမဂုဏ်တို့၌ဖြစ်သော၊ ရာဂေါ–ရာဂသည်၊ ကာမာသဝေါနာမ–ကာမာသဝ မည်၏၊ ရူပါရူပဘဝေသု–ရူပဘဝ အရူပဘဝတို့၌၊ ဆန္ဒရာဂေါ–နှစ်သက်တတ်,

---

**အပရိယာပန္နေဟိ**။ ။အရူပါဝစရ မနောဝိညာဉ်ဟူသော ကတ္တားကို ပြပြီး၍, အပရိယာပန္နကတ္တားကို ပြလိုသောကြောင့် "အပရိယာပန္နေဟိ"စသည်ကို မိန့်သည်၊ ဤ၌လည်း မနောဝိညာဏဓာတ္တိ သင်္ချံ ဂတေဟိတို့ကို လိုက်ပါစေ၊ သို့သော် "နိဗ္ဗာနေန" တိုင်အောင်ကား မလိုက်ရ၊] ဤ အပရိယာပန္နအရ၌ နိဗ္ဗာန်ကိုလည်း ကတ္တားအဖြစ်ဖြင့် ယူထားသည်၊ ထိုသို့ ယူရခြင်း၏အကြောင်းကို ဋီကာ၌ ပြထားပြီ၊ ဤ အပရိယာပန္န လောကုတ္တရာတရားတို့သည် ကာမမဟဂ္ဂုတ်ပညတ်တို့ကို အာရုံမပြုနိုင်သောကြောင့် ထိုအာရုံတို့၌ ဝိညေယျ အဝိညေယျဟု ခွဲစရာမရှိ၊ အဝိညေယျ တစ်မျိုးသာရှိ၏၊ ထို့ကြောင့် "ကာမာဝစရာဒယော နေဝဝိညေယျာ"ဟု ဆိုသည်၊ အပရိယာပန္နအမည်ရသော လောကုတ္တရာ စိတ် စေတသိက် နိဗ္ဗာန်တို့တွင်ကား မဂ်ဖိုလ်တို့က သိနိုင်သောကြောင့် "ကေဟိစိ ဝိညေယျာ"ဟု ဆို၍, နိဗ္ဗာန်က မသိတတ်သောကြောင့် "ကေဟိစိ အဝိညေယျာ"ဟု ဆိုသည်။

**တေပိ စ ။ပေ၊ အဝိညေယျာတိ**။ ။ကံအဖြစ်ဖြင့်ယူအပ်သော အပရိယာပန္နတရားတို့ကို ဝိညေယျ–အဝိညေယျ ခွဲပြလိုသောကြောင့် "တေပိစ"စသည်ကို မိန့်သည်၊ မဂ်ဖိုလ်တို့သည် (ကံဖြစ်ခိုက်) အခြားသော မဂ်ဖိုလ်တို့နှင့် နိဗ္ဗာန်သည် မသိအပ်သောကြောင့် ကေစိ အဝိညေယျတို့တည်း၊ ထို့ကြောင့် "မဂ္ဂဖလာနံ အဝိညေယျတ္တာ"သာ ပါဠ်မှန်ဟု မှတ်ပါ၊ နိဗ္ဗာန်ကား ဝိညေယျတည်း။

**ပဉ္စ ကာမဂုဏိကော**။ ။"ရူပ သဒ္ဒစသော ကာမဂုဏ်အာရုံတို့၌ဖြစ်သော ရာဂသည် ကာမာသဝမည်၏"ဟု ဆိုရာ၌ လွန်ကဲသောရာဂကို ဥက္ကဋ္ဌနည်းအားဖြင့် ဆိုခြင်းတည်း၊ ကာမဂုဏ်အာရုံသာမက နာမည်ပညတ်မျှကို သာယာသောရာဂလည်း

တပ်မက်တတ်သော ရာဂသည်လည်းကောင်း၊ ရူပနိကန္တိ-ရူပရှာန် အရူပ ရှာန်ကို နှစ်သက်တတ်သော ရာဂသည်လည်းကောင်း၊ သဿတဒိဋ္ဌိသဟဂ တော-သဿတဒိဋ္ဌိနှင့်တကွဖြစ်သော၊ ရာဂေါ-ရာဂသည်လည်းကောင်း၊ ဘဝ ဝသေန-ဘဝ၏အစွမ်းဖြင့်၊ ပတ္ထနာ-တောင့်တခြင်းသည်လည်းကောင်း၊ ဘဝါ သဝေါနာမ-မည်၏၊ ဒွါသဋ္ဌိဒိဋ္ဌိယော-ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့သည်၊ ဒိဋ္ဌာသဝေါနာမ-မည်၏၊ အဋ္ဌသု-နှစ်သော၊ ဌာနေသု-တို့၌၊ ("ဒုက္ခေ, ဒုက္ခ သမုဒယေ"စသည်ဖြင့် ပါဠိတော်၌လာသော ရှစ်ဌာနတို့၌၊) အညာဏံ-ဉာဏ်၏ ဆန့်ကျင်ဘက်မောဟသည်၊ အဝိဇ္ဇာသဝေါနာမ-မည်၏။

ပန-ဆက်၊ တတ္ထတတ္ထ-ထိုထိုပါဠိတော်၌၊ အာဂတေသု-လာကုန်သော၊ အာသဝေသု-အာသဝတို့၌၊ အသမ္မောဟတ္ထံ-မတွေဝေခြင်းအကျိုးငှာ၊ ဧကေ ဝိဓာဒိဘေဒေါ-ကေဝိအစရှိသော အပြားကို၊ ဝေဒိတဗ္ဗော၊ ဟိ-ချဲ့၊ အတ္ထတော-အာသဝသဒ္ဒါ၏အနက်အားဖြင့်၊ တေ-ဤအာသဝတို့သည်၊ စိရပါရိဝါသိယ ဋ္ဌေန-ကြာမြင့်စွာ ထုံအပ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ အာသဝါ-အာသဝတို့မည်၏၊ ဣတိ ဧဝံ-သို့၊ ဧကဝိဓာဝ-တစ်ပါးသာအဖို့ ရှိကုန်သည်၊ ဟောန္တိ၊ [စိရပါရိဝါသိယဋ္ဌအားဖြင့် အာသဝတစ်မျိုးသာရှိသည်-ဟူလို၊] ပန- ကား၊ ဝိနယေ-ဝိနည်းပါဠိတော်၌၊ (ပဌမပါရာဇိက, သုဒိန္နဘဏ္ဍဝတ္ထု၌၊) ဒိဋ္ဌဓမ္မိကာနံ-မျက်မှောက်ဘဝ၌ဖြစ်ကုန်သော၊ အာသဝါနံ-ဘေးရန် ဒုက္ခတို့ကို၊ သံဝရာယ-စောင့်ရှောက်ခြင်းငှာလည်းကောင်း၊ သမ္ပရာယိကာနံ-တစ်မလွန်

---

ကာမာသဝပင်တည်း၊ မှန်၏-ဘဝါသဝအမည် မရသော ရာဂဟူသမျှသည် ကာမာ သဝချည်း ဖြစ်သည်၊ [ပဉ္စကာမဂုဏိကော ရာဂေါတိ ဉက္ကဋ္ဌဝသေန ဝုတ္တံ ၊ပေ၊ ယုတ္တံ သိယာ၊-ဋီကာ၊ ဉက္ကဋ္ဌ (အလွန်)ကို ပိုင်းခြား၍ ဆိုသည်၊ ဩမကဖြစ်သော ရာဂကလေး များလည်း ကာမာသဝ၌ ပါဝင်နိုင်၏-ဟူလို၊ မဓု၌ကား "ဉက္ကဋ္ဌဝသေနာတိ ပဓာန ဝသေန-ပါကဋ္ဌဝသေနဝါ"ဟု ဖွင့်၏၊ စဉ်းစားပါ။]

**သဿတဒိဋ္ဌိ ၊ပေ၊ ရာဂေါ။** ။"သဿတဒိဋ္ဌိ"ဟူသည် ဘဝဒိဋ္ဌိ (အတ္တသည် မပျက်မစဲ အမြဲဖြစ်၏ဟု ယူမှားသော အတ္တဒိဋ္ဌိ)တည်း၊ ထိုဘဝဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂကို (ဘဝဟူသော နာမည်ချင်းတူသောကြောင့်) ဘဝါသဝဟု အဋ္ဌကထာဆရာ ဆိုသည်၊ သို့သော်-"ဘဝါသဝေါ စတူသု ဒိဋ္ဌိဂတဝိပ္ပယုတ္တ လောဘသဟဂတေသု စိတ္တုပ္ပါဒေသု ဉပ္ပဇ္ဇတိ"ဟု အဋ္ဌကထာကဏ္ဍ ပါဠိတော်၌ ဟောတော်မူသောကြောင့် သဿတဒိဋ္ဌိနှင့်တကွဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်ရာဂကို ဘဝါသဝ၌ သွင်းခြင်းသည် ပါဠိတော်နှင့်ဆန့်ကျင်၏၊ ထို့ကြောင့် ထို ဒိဋ္ဌိသဟဂတရာဂသည် ကာမာသဝသာ ဖြစ်သင့်၏-ဟု ဋီကာ ဆိုသည်၊ [သဿတဒိဋ္ဌိ ၊ပေ၊ ဘဝိတုံ ယုတ္တော၊-ဋီကာ။]

**အာသဝါနံ။** ။"အာသဝါနံ သံဝရာယ ပဋိဃာတာယ"တို့အရ စောင့်ရှောက် ပိတ်ဆို့ရ, ပယ်ဖျောက်ရမည့် အာသဝတို့ဟူသည် ဤဘဝ နောက်ဘဝတို့၌ ရောက်ရ မည့် ဒုက္ခတို့တည်း၊ ထို ဒုက္ခတို့သည် ကာမာသဝစသော အာသဝတို့ကြောင့်ဖြစ်ရကား

ဘဝဍ္ဍဖြစ်ကုန်သော၊ အာသဝါနံ–တို့ကို၊ ပဋိဃာတာယ–ပယ်ဖျောက်ခြင်းငှာ လည်းကောင်း၊ (သိက္ခာပဒံ, ပညပေဿာမိ–၌ စပ်၊) ဣတိ–သို့၊ ဒုဝိဓေန–နှစ်ပါးအပြားအားဖြင့်၊ အာဂတာ–လာကုန်ပြီ၊ [ဒိဋ္ဌဓမ္မိကအာသဝ, သမ္ပရာယိက အာသဝအားဖြင့် အာသဝနှစ်မျိုးပြားသည်–ဟူလို။]

သုတ္တန္တေ–သုတ္တန်ပါဠိတော်၌၊ ဝါ–တွင်၊ တာဝ–နိဗ္ဗေဓိက ဒေသနာတော် စသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေ)သဠာယတနေ–သဠာယတနသံယုတ်၌၊ (သဠာယတနဝဂ္ဂသံယုတ်, ဇမ္ဗုခါဒကသံယုတ်, အာသဝပဉှာသုတ်၌၊) အာဝုသော–အရှင်ဘုရား၊ (အရှင်သာရိပုတ္တရာကိုခေါ်သော အာလုပ်တည်း၊) အာသဝါ–အာသဝတို့သည်၊ ကာမာသဝေါ–လည်းကောင်း၊ ဘဝါသဝေါ–လည်းကောင်း၊ အဝိဇ္ဇာသဝေါ–လည်းကောင်း၊ ဣတိ–သို့၊ ဣမေ တယော–ဤ သုံးပါးတို့ပါ တည်း၊ ဣတိ–သို့၊ တိဝိဓေန–အားဖြင့်၊ အာဂတာ–န်ပြီ၊ နိဗ္ဗေဓိကပရိယာယေ–နိဗ္ဗေဓိက ဒေသနာတော်၌၊ (ဆက္ကအင်္ဂုတ္တိုရ်, မဟာဝဂ်, နိဗ္ဗေဓိကသုတ်၌၊) ဘိက္ခဝေ–တို့၊ နိရယဂမနီယာ–ငရဲသို့ ရောက်ကြောင်းဖြစ်ကုန်သော၊ အာသဝါ–တို့သည်၊ အတ္ထိ–ရှိကုန်၏၊ တိရစ္ဆာနယောနိဂမနီယာ–တိရစ္ဆာနယောနိသို့ ရောက်ကြောင်းဖြစ်ကုန်သော၊ အာသဝါ အတ္ထိ၊ ပေတ္တိဝိသယဂမနီယာ–ပြိတ္တာ တို့၏ဖြစ်ရာအရပ်သို့ ရောက်ကြောင်းဖြစ်ကုန်သော၊ အာသဝါ, အတ္ထိ၊ မနုဿ လောကဂမနီယာ–လူ့လောကသို့ ရောက်ကြောင်းဖြစ်ကုန်သော၊ အာသဝါ, အတ္ထိ၊ ဒေဝလောကဂမနီယာ–နတ်ဗြဟ္မာလောကသို့ ရောက်ကြောင်းဖြစ်ကုန် သော၊ အာသဝါ, အတ္ထိ၊ ဣတိ–သို့၊ ပဉ္စဝိဓေန, အာဂတာ–ကုန်ပြီ။

ဆက္ကနိပါတေ–၌၊ ဝါ–တွင်၊ အာဟုနေယျသုတ္တေ–၌၊ သံဝရာ–စောင့်ရှောက် ကြောင်းဖြစ်သော သတိသည်၊ ပဟာတဗ္ဗာ–ပယ်ထိုက်ကုန်သော၊ အာသဝါ–

---

အကြောင်းအာသဝ၏အမည်ကို အကျိုးဒုက္ခ၌ တင်စား၍ ကာရဏူပစာရအားဖြင့် ဒုက္ခကိုပင် "အာသဝါနံ"ဟု ဟောတော်မူသည်၊ [ဒိဋ္ဌ ၊ပေ၊ ဒွိစာ ဝုတ္တာ၊–ဋီကာ၊] "အာသဝန္တိ တေန တေန ပစ္စယေန ပဝတ္တန္တီတိ အာသဝါ"ဟု ပြုလျှင် ဥပစာရ မကြံ ရတော့၊ မုချသဒ္ဒါပင် ဖြစ်သည်။

**ဒဿနာ ပဟာတဗ္ဗာစသည်။** ။ဒဿနာ ပဟာတဗ္ဗာတိ ဒဿနေန ပဟာ တဗ္ဗာ၊ သေနယော သဗ္ဗတ္ထ၊ သံဝရာ ပဟာတဗ္ဗာ ၊ပေ၊ သတိသံဝရောဧဝ သံဝရော၊ ပဋိသေဝနာ ပဟာတဗ္ဗာ ၊ပေ၊ ဣမိနာ ဉာဏသံဝရသင်္ခါတေန ပစ္စဝေက္ခဏာ ပဋိ သေဝနေန ပဟာတဗ္ဗော၊ အဓိဝါသနာ ပဟာတဗ္ဗာ ၊ပေ၊ ဣမာယ ခန္တိသံဝရသင်္ခါ တာယ အဓိဝါသနာယ ပဟာတဗ္ဗော၊ ပရိဝဇ္ဇနာ ပဟာတဗ္ဗာ ၊ပေ၊ ဣမိနာ သီလသံဝရ သင်္ခါတေန ပရိဝဇ္ဇနေန ပဟာတဗ္ဗာ၊ ဝိနောဒနာ ပဟာတဗ္ဗာ ၊ပေ၊ တသ္မိံ တသ္မိံ ဝိတက္ကေ အာဒီနဝပစ္စဝေက္ခဏာသဟိတေန ဝီရိယသံဝရသင်္ခါတေန ဝိနောဒနေန ပဟာတဗ္ဗာ၊ ဘာဝနာ ပဟာတဗ္ဗာ ၊ပေ၊ ဣမာယ မဂ္ဂတ္တယသမ္ပယုတ္တာယ ဗောဇ္ဈင်္ဂ ဘာဝနာယ ပဟာတဗ္ဗာ၊–မူလပံ, သဗ္ဗာသဝ သုတ္တဋ္ဌကထာ။

အာသဝတို့သည်၊ အတ္ထိ–နှ်၏၊ ပဋိသေဝနာ–ပစ္စည်းလေးပါးတို့ကို မှီဝဲကြောင်းဖြစ်သော ပစ္စဝေက္ခဏာဉာဏ်သည်၊ ပေ၊ အဓိဝါသနာ–မိမိထက်၌ ဝင်သက်တည်နေစေတတ်သော ခန္တိတရားသည်၊ ပေ၊ ပရိဝဇ္ဇနာ–ရှောင်ကြဉ်ကြောင်းဖြစ်သော သီလသံဝရသည်၊ ပေ၊ ဝိနောဒနာ–အကုသလဝိတက်တို့ကို ပယ်ဖျောက်ကြောင်းဖြစ်သော ဝီရိယသည်၊ ပေ၊ ဘာဝနာ–အထက်မဂ်သုံးပါးနှင့်ယှဉ်သော ဗောဇ္ဈင်္ဂဘာဝနာသည်၊ ပဟာတဗ္ဗာ–ကုန်သော၊ အာသဝါ–တို့သည်၊ အတ္ထိ–ကုန်၏၊ ဣတိ–သို့၊ ဆဗ္ဗိဓေန အာဂတာ၊ သဗ္ဗာသဝပရိယာယေ–သဗ္ဗာသဝဒေသနာတော်၌၊ (မူလပဏ္ဏာသ, မူလပရိယာယဝဂ်, သဗ္ဗာသဝသုတ်၌၊) ဒဿနာ–သိမြင်တတ်သော သောတာပတ္တိမဂ်သည်၊ ပဟာတဗ္ဗေဟိ–ပယ်ထိုက်သော အာသဝတို့နှင့်၊ သဒ္ဓိံ သတ္တဝိဓေန အာဂတာ၊ [ထို ခြောက်ပါးတွင် "ဒဿနာ ပဟာတဗ္ဗာ"ကို ထည့်၍ ခုနစ်ပါးပြားသည်–ဟူလို။]

ပန–ကား၊ ဣဓ–ဤ အာသဝနိဒ္ဒေသ၌၊ တေ–ဤ အာသဝတို့သည်၊ ကာမာသဝါဒိ ဘေဒတော–ကာမာသဝ အစရှိသည်တို့၏အပြားအားဖြင့်၊ စတုဗ္ဗိဓေန–လေးပါးအပြားအားဖြင့်၊ အာဂတာ–နှ်၏၊ တတြ–ထို အာသဝတို့၌၊ အယံ–ကား၊ ဝစနတ္ထော–တည်း၊ ပဉ္စကာမဂုဏသင်္ခါတေ–ငါးပါးသော ကာမဂုဏ်ဟု ဆိုအပ်သော၊ ကာမေ–ကာမ၌၊ (ပဝတ္တော၊) အာသဝေါ–အာသဝ တည်း၊ ကာမာသဝေါ–ကာမ၌ဖြစ်သော အာသဝ၊ ရူပါရူပသင်္ခါတေ–ရူပ အရူပ ဟု ဆိုအပ်သော၊ ကမ္မတောစ–ကံအားဖြင့်လည်းကောင်း၊ [ကမ္မဘဝကို ရည်ရွယ်သည်၊] ဥပပတ္တိတောစ–ကံကြောင့်ဖြစ်ရသော ပဋိသန္ဓေအားဖြင့် လည်းကောင်း၊ [ဥပပတ္တိဘဝကို ရည်ရွယ်သည်၊] ဒုဝိဓေပိ–နှစ်ပါးအပြားရှိသည် လည်းဖြစ်သော၊ ဘဝေ–ကမ္မဘဝ, ဥပပတ္တိဘဝ၌၊ (ပဝတ္တော) အာသဝေါ–တည်း၊ ဘဝါသဝေါ–ကမ္မဘဝ, ဥပပတ္တိဘဝ၌ဖြစ်သော အာသဝ၊ ဒိဋ္ဌိဧဝ–ဒိဋ္ဌိသည်ပင်၊ အာသဝေါ–တည်း၊ ဒိဋ္ဌာသဝေါ–ဒိဋ္ဌိသည်ပင် အာသဝ၊ [ဒိဋ္ဌိဧဝ၌ ဧဝဖြင့် "ဒိဋ္ဌိယံ+အာသဝေါ"ဟူသော သတ္တမီတပ္ပုရိသ်သမာသ်ကို ကန့်သည်၊ ကမ္မဓာရည်းသမာသ် ပြုပါ–ဟူလို၊] အဝိဇ္ဇာဧဝ–သည်ပင်၊ အာသဝေါ–တည်း၊ အဝိဇ္ဇာ သဝေါ–အဝိဇ္ဇာသည်ပင် အာသဝ၊ [ဤ၌လည်း ကမ္မဓာရည်းပင်တည်း။]

၁၁၀၃။ ။ကာမေသုတိ–ကား၊ ပဉ္စကာမဂုဏေသု–ငါးပါးသော ကာမဂုဏ်တို့၌၊ ကာမစ္ဆန္ဒော–ကား၊ ကာမသင်္ခါတော–ကာမဟု ဆိုအပ်သည်သာလျှင်ဖြစ်သော၊ ဝါ–လိုလားတတ်သောတဏှာဟု ဆိုအပ်သည်သာလျှင်ဖြစ်သော၊ ဆန္ဒော–ဆန္ဒတည်း၊ ကတ္တုကမျတာဆန္ဒော–ကတ္တုကမျတာဆန္ဒသည်၊ န–မဟုတ်၊ ဓမ္မစ္ဆန္ဒော–ကုသိုလ်တရားတို့ကို လိုလားတတ်သော ဆန္ဒသည်၊ န–မဟုတ်၊ ကာမနဋ္ဌေန–လိုလားခြင်း၏ အစွမ်းကြောင့်လည်းကောင်း၊ ရဇ္ဇနဋ္ဌေနစ–တပ်စွဲခြင်း၏ အစွမ်းကြောင့်လည်းကောင်း၊ ကာမောယေဝ–သည်ပင်၊

ရာဂေါ–ရာဂတည်း၊ ကာမရာဂေါ–ကာမသည်ပင် ရာဂ၊ ကာမနဝသေန–ကြောင့်လည်းကောင်း၊ နန္ဒနဝသေနစ–နှစ်သက်ခြင်း၏ အစွမ်းကြောင့်လည်းကောင်း၊ ကာမောဝ–သည်ပင်၊ နန္ဒီ–နှစ်သက်တတ်သော တရားတည်း၊ ဣတိ–ကြောင့်၊ ကာမနန္ဒီ–မည်၏၊ သဗ္ဗတ္ထ–အလုံးစုံသော ကာမတဏှာ အစရှိသော ပုဒ်တို့၌၊ ဧဝံ–ဤအတူ၊ ကာမတ္ထံ–ကာမသဒ္ဒါ၏အနက်ကို၊ (ကာမနဝသေနဟူသော အနက်ကို၊) ဝိဒိတွာ–သိပြီး၍၊ တဏှာယနဋ္ဌေန–တပ်မက်တတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်၊ ကာမတဏှာ–မည်၏၊ သိနေဟနဋ္ဌေန–ချစ်တတ်, စေးကပ်တတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်၊ ကာမသိနေဟော–မည်၏၊ ပရိဋ္ဌယှနဋ္ဌေန–ထက်ဝန်းကျင် ပူလောင်တတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်၊ ကာမပရိဋ္ဌာဟော–မည်၏၊ မုစ္ဆနဋ္ဌေန–တွေဝေတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ ကာမမုစ္ဆာ–မည်၏၊ ဂိလိတွာ–မျို၍၊ ပရိနိဋ္ဌာပနဋ္ဌေန–ထက်ဝန်းကျင် ပြီးဆုံးစေတတ်၏ အဖြစ်ဟူသောအနက်ကြောင့်၊ ကာမဇ္ဈောသာနံ–မည်၏၊ ဣတိ ဝေဒိတဗ္ဗံ၊ အယံ ဝုစ္စတီတိ–ကား၊ အဠဟိ–န်သော၊ ပဒေဟိ–တို့ဖြင့်၊ ဝိဘတ္တော–ဝေဖန်အပ်သော၊ အယံ–ဤသဘောတရားကို၊ ကာမာသဝေါနာမ–ကာမသဝမည်၏ဟူ၍၊ ဝုစ္စတိ။

၁၁၀၄။ ။ဘဝေသု ဘဝစ္ဆန္ဒောတိ–ကား၊ ရူပါရူပဘဝေသု–ရူပဘဝ အရူပဘဝတို့၌၊ ဘဝပတ္တနာဝသေနေဝ–ဘဝကို တောင့်တခြင်း၏ အစွမ်းဖြင့်ပင်၊ ပဝတ္တော–သော၊ ဆန္ဒော–ဆန္ဒသည်၊ ဘဝစ္ဆန္ဒော–မည်၏၊ သေသပဒါနိပိ–ကြွင်းသော ဘဝရာဂေါ, ဘဝနန္ဒီအစရှိသော ပုဒ်တို့ကိုလည်း၊ ဣမိနာဝနယေန–ဤနည်းဖြင့်သာ၊ ဝေဒိတဗ္ဗာနိ–န်၏။

၁၁၀၅။ ။သဿတော လောကောတိဝါတိအာဒီဟိ–အစရှိကုန်သော၊ ဒသတိ–န် သော၊ အာကာရေဟိ–အခြင်းအရာတို့ဖြင့်၊ (ယူပုံအခြင်းအရာတို့ဖြင့်၊) ဒိဋ္ဌိပ္ပ ဘေဒေါဝ–ဒိဋ္ဌိအပြားကိုသာ၊ (ဘဂဝတာ) ဝုတ္တော–ပြီ၊ တတ္ထ–ထိုဆယ်ပါးသော အခြင်းအရာတို့တွင်၊ သဿတော လောကောတိဒ္ဓေ–ဟူသော ဤပါဌ်၌၊ ခန္ဓပဉ္စကံ–ခန္ဓာငါးပါးအပေါင်းကို၊ လောကောတိ–လောကဟူ၍၊ ဂဟေတွာ–ယူပြီး၍၊ (မိစ္ဆာအယူဖြင့် ယူပြီး၍၊) အယံလောကော–ဤ လောကသည်၊ နိစ္စော–မြဲ၏၊ ဓုဝေါ–ခိုင်ခန့်၏၊ သဗ္ဗကာလိကော–အခါခပ်သိမ်းရှိ၏၊ ဣတိ–သို့၊ ဂဏှန္တဿ–ယူသောပုဂ္ဂိုလ်၏၊ သဿတန္တိ–အခါခပ်သိမ်း ထင်ရှားရှိ၏ဟူ၍၊ ဂဟဏာကာရပ္ပဝတ္တာ–ယူပုံ အခြင်းအရာအားဖြင့်ဖြစ်သော၊ ဒိဋ္ဌိ–ဒိဋ္ဌိတည်း၊ အသဿတောတိ–ကား၊ တမေဝလောကံ–ထိုခန္ဓာငါးပါးအပေါင်းဟူသော လောကကိုပင်၊ ဥစ္ဆိဇ္ဇတိ–ပြတ်၏၊ ဝိနဿတိ–ပျက်စီး၏၊ (သေလျှင်ပြတ်၏,ပျက်စီး၏ နောက်ထပ် မဖြစ်တော့၊) ဣတိ–သို့၊ ဂဏှန္တဿ–ယူသော ပုဂ္ဂိုလ်၏၊ ဥစ္ဆေဒဂဟဏာကာရပ္ပဝတ္တာ–ပြတ်၏ဟု ယူပုံအခြင်းအရာအားဖြင့် ဖြစ်သော၊ ဒိဋ္ဌိ–ဒိဋ္ဌိတည်း၊ အန္တဝါတိ–ကား၊ ပရိတ္တကသိဏလာဘိနော–

ကျဉ်းငယ်သော ကသိုဏ်းဝန်း၌ ဈာန်ကိုရခြင်းရှိသည်ဖြစ်၍၊ သုပ္ပမတ္တေဝါ–မန်း (စကော) အတိုင်းအရှည် ရှိသည်မူလည်းဖြစ်သော၊ သရာဝမတ္တေဝါ–ခွက်ငယ်အတိုင်း အရှည်ရှိသည်မူလည်းဖြစ်သော၊ ကသိဏေ–ကျဉ်းငယ်သော ကသိုဏ်းဝန်း၌၊ [ကသိုဏ်းဝန်းဟုဆိုသော်လည်း ထို ကသိုဏ်းဝန်းနှင့်အလားတူသော ပဋိဘာဂနိမိတ်၌–ဟူလို၊] သမာပန္နဿ–သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏၊ အန္တော သမာပတ္တိယံ–သမာပတ်အတွင်း၌၊ ပဝတ္တိတ ရူပါရူပဓမ္မေ–ဖြစ်စေအပ်သော ရုပ်နာမ်တရားတို့ကို၊ လောကောတိစ–လောကဟူ၍လည်းကောင်း၊ ကသိဏပရိစ္ဆေဒန္တေ န–ကသိုဏ်းအပိုင်းအခြား၏အဆုံးအားဖြင့်၊ အန္တဝါတိစ–အဆုံးအပိုင်းအခြား ရှိ၏ဟူ၍လည်းကောင်း၊ ဂဏှန္တဿ–ယူသော ပုဂ္ဂိုလ်၏၊ လောကော–သည်၊ အန္တဝါ–အဆုံး အပိုင်းအခြားရှိ၏၊ ဣတိ–သို့၊ ဂဟဏာကာရပ္ပဝတ္တာ–သော၊ ဒိဋ္ဌိ–တည်း၊ သာ–ထို အန္တဝါဒိဋ္ဌိသည်၊ သဿတဒိဋ္ဌိပိ–သဿတဒိဋ္ဌိသည်လည်း၊ ဟောတိ–ဖြစ်နိုင်၏၊ ဥစ္ဆေဒဒိဋ္ဌိပိ–သည်လည်း၊ (ဟောတိ၊) [လောကဟု ယူမှတ်အပ်သော ရုပ်နာမ်တရားတို့ကို မြဲ၏ဟု ယူလျှင် သဿတဒိဋ္ဌိဖြစ်၏၊ ပြတ်စဲ၏ဟုယူလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။]

ပန–ကား၊ ဝိပုလကသိဏလာဘိနော–ပြန့်ပြောကျယ်ဝန်းသော ကသိုဏ်း၌ ဈာန်ကို ရခြင်းရှိသည်ဖြစ်၍၊ တသ္မိံ ကသိဏေ–ထို ဝိပုလကသိုဏ်း၌၊ သမာပန္နဿ–သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏၊ အန္တော သမာပတ္တိယံ–၌၊ ပဝတ္တိတ ရူပါရူပဓမ္မေ–တို့ကို၊ လောကောတိစ–ဟူ၍လည်းကောင်း၊ ကသိဏ ပရိစ္ဆေဒန္တေ န–ကသိုဏ်းအပိုင်းအခြား၏ အဆုံးအားဖြင့်၊ အနန္တောတိစ–အဆုံးအပိုင်းအခြား မရှိဟူ၍လည်းကောင်း၊ ဂဏှန္တဿ–ယူသောပုဂ္ဂိုလ်၏၊ လောကော–သည်၊ အန္တဝါ–အဆုံး အပိုင်းအခြားမရှိ၊ ဣတိ–သို့၊ ဂဟဏာကာရပ္ပဝတ္တာ–သော၊ ဒိဋ္ဌိ–တည်း၊ သာ–ထို အနန္တ ဝါဒိဋ္ဌိသည်၊ သဿတဒိဋ္ဌိပိ–သည်လည်း၊ ဟောတိ၊ ဥစ္ဆေဒ ဒိဋ္ဌိပိ (ဟောတိ။)

တံ ဇီဝံ တံ သရီရန္တိ–ကား၊ ဘေဒနဓမ္မဿ–ပျက်ခြင်းသဘောရှိသော၊ သရီရဿေဝ–ခန္ဓာငါးပါးအပေါင်းဟူသော ကိုယ်၏သာလျှင်၊ ဝါ–ကိုသာလျှင်၊ ဇီဝန္တိ–အသက်ကောင်ဟူ၍၊ ဂဟိတတ္တာ–ယူအပ်သည်၏အဖြစ်ကြောင့်၊ သရီရေ–ကိုယ်သည်၊ ဥစ္ဆိဇ္ဇမာနေ–ပြတ်လသော်၊ ဇီဝမ္ပိ–အသက်ကောင်သည်လည်း၊ ဥစ္ဆိဇ္ဇတိ–ပြတ်၏၊ ဣတိ–သို့၊ ဥစ္ဆေဒဂ္ဂဟဏာကာရပ္ပဝတ္တာ–ဥစ္ဆေဒဟု ယူပုံ

အန္တဝါ။ ။ကသိုဏ်းဝန်းက ကျဉ်းနေသောကြောင့် ထို ကသိုဏ်း၏ပတ်ဝန်းကျင်၌ အပိုင်းအခြား အဆုံးရှိသလို ပဋိဘာဂနိမိတ် ထင်လာသောအခါ ထို ပဋိဘာဂနိမိတ်လည်း အဆုံးအပိုင်းအခြားရှိနေ၏၊ ထို ပဋိဘာဂနိမိတ်ကို အာရုံပြု၍ သမာပတ်ဝင်စားသောအခါ ထို သမာပတ်အတွင်း၌ဖြစ်သော ရုပ်တရား နာမ်တရားဟူသော လောကလည်း အဆုံးအပိုင်းအခြားရှိ၏ဟုပင် ယူသည်၊ [အန္တော ယဿ အတ္ထီတိ အန္တဝါ (လောကော။)]

အခြင်းအရာအားဖြင့်ဖြစ်သော၊ ဒိဋ္ဌိ–တည်း၊ ဒုတိယပဒေ–ဒုတိယပုဒ်၌၊ (အညံ ဇီဝံ အညံ သရီရံဟူသော ဒုတိယပုဒ်၌၊) သရီရတော–မှ၊ အညသ–အခြားသော၊ ဇီဝဿ–အသက်ကောင်၏၊ ဝါ–ကို၊ ဂဟိတတ္တာ–ကြောင့်၊ သရီရေ–ကိုယ်သည်၊ ဥစ္ဆိဇ္ဇမာနေပိ–ပြတ်ပါသော်လည်း၊ ဇီဝံ–အသက်ကောင်သည်၊ န ဥစ္ဆိဇ္ဇတိ–မပြတ်၊ (မြဲ၏၊) ဣတိ–သို့၊ သဿတဂ္ဂဟဏာကာရပ္ပဝတ္တာ–သဿတဟု ယူပုံအခြင်းအရာအားဖြင့်ဖြစ်သော၊ ဒိဋ္ဌိ–တည်း။

ဟောတိ တထာဂတော ပရံ မရဏာတိအာဒီသု–အစရှိသော ပါဠိရပ်တို့၌၊ သတ္တော–သတ္တဝါသည်၊ တထာဂတောနာမ–တထာဂတမည်၏၊ စ–ဆက်၊ သော–ထို သတ္တဝါသည်၊ မရဏာ–သေရာအခါမှ၊ ပရံ–နောက်၌၊ ဟောတိ–ရှိ၏၊ ဣတိ–သို့၊ ဂဏှတော–ယူသော ပုဂ္ဂိုလ်၏၊ ပဌမာ–ရှေးဦးစွာသော အယူသည်၊ သဿတဒိဋ္ဌိ–သဿတဒိဋ္ဌိတည်း၊ (သော–ထို သတ္တဝါသည်၊ မရဏာ–မှ၊ ပရံ–၌၊) န ဟောတိ–မရှိတော့၊ ဣတိ, ဂဏှတော–၏၊ ဒုတိယာ–နှစ်ခုမြောက် အယူသည်၊ ဥစ္ဆေဒဒိဋ္ဌိ–တည်း၊ (သော မရဏာ ပရံ) ဟောတိစ–အချို့လည်း ရှိသေး၏၊ န ဟောတိစ–အချို့လည်း မရှိတော့၊ ဣတိ, ဂဏှတော၊ တတိယာ–သုံးခုမြောက် အယူသည်၊ ဧကစ္စသဿတဒိဋ္ဌိ–တည်း၊ (သော မရဏာ ပရံ) နေဝ ဟောတိ–ရှိသည်လည်း မဟုတ်၊ န နဟောတိ–မရှိသည် လည်း မဟုတ်၊ ဣတိ, ဂဏှတော, စတုတ္ထာ–လေးခုမြောက်အယူသည်၊ အမရာဝိက္ခေပဒိဋ္ဌိ–တည်း။

---

**သရီရတော အညဿ**။ ၊ ။ဇီဝဟူသောအယူသည် အတ္တဟူသောအယူနှင့် သဘောတူ၏၊ "သရီရ"ဟူသည် ဥပါဒါနက္ခန္ဓာငါးပါးအပေါင်းဟူသော ကိုယ်တည်း၊ [အနုဋီကာ၌ကား "ရူပက္ခန္ဓာကိုသာ သရီရ"ဟု ယူ၏၊] "သရီရမှတစ်ပါးသော ဇီဝ"ဟူရာ၌ "ခန္ဓာငါးပါးမှ အလွတ်ဖြစ်သော ဇီဝ (အသက်ကောင်) ရှိသေး၏"ဟု ယူပါသလော, အဘယ်သို့ ယူသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား–"အညံ ဇီဝံ"၌ ဇီဝဟူသော အယူသည် ဥပါဒါနက္ခန္ဓာငါးပါးအပေါင်း၌ ဖြစ်စေကာမူ ရူပက္ခန္ဓာ၌ဖြစ်စေ အခြား နာမ်ခန္ဓာ၌ဖြစ်စေ စွဲစွဲမြဲမြဲ မယူဘဲ ထို ခန္ဓာငါးပါးမှ တစ်မျိုးတစ်ခြားဟု (မိစ္ဆာအယူရှိသူ့ကိုယ်တိုင်) ကြံဆအပ်သော အသက်ဇီဝကို "အညံ ဇီဝံ–ခန္ဓာငါးပါးဟူသော သရီရမှ တစ်မျိုးတစ်ခြားဇီဝ"ဟု ဆိုထားသည်၊ [အညံ ဇီဝန္တိ ၊ပေ၊ ဂဏှာတိ၊–ဋီကာ၊ ဤဋီကာ၌ "ယဒိ ပဝတ္တတိ"ဟု ဆိုသောကြောင့် "ခန္ဓာငါးပါး၌ မဖြစ်သော (ခန္ဓာငါးပါးမှ အလွတ်သက်သက်ဟူသော) ဇီဝအယူလည်းရှိသေး၏"ဟု အဓိပ္ပာယ်ရ၏။]

**အမရာဝိက္ခေပဒိဋ္ဌိ**။ ၊ ။အမရာ–မသေသကဲ့သို့ မပြီးမပြတ်နိုင်သော (တစ်နည်း) အမရာမည်သောငါးသည် ဖမ်း၍ မမိနိုင်သကဲ့သို့, မေးသောပုဂ္ဂိုလ်က သူ၏အယူကို ဖမ်း၍ မမိနိုင်သောကြောင့် အမရာမည်သော ငါးနှင့်တူသော+ဝိက္ခေပ–မေးသူ၏ စကားကို အမျိုးမျိုးအဖုံဖုံ ပယ်ရှားကြောင်းဖြစ်သော၊ ဒိဋ္ဌိ–မိစ္ဆာအယူ၊ [အကျယ်ကို သီလက္ခန် ဗြဟ္မဇာလသုတ်အဖွင့်၌ ရှုပါ။]

ဣမေ ဓမ္မာ အာသဝါတိ–ကား၊ ကာမာသဝဥ္စ–ကာမာသဝကိုလည်းကောင်း၊ ဘဝါသဝဥ္စ–ကိုလည်းကောင်း၊ ရာဂဝသေန–ရာဂ၏အစွမ်းဖြင့်၊ [ကာမာသဝ ဘဝါသဝနှစ်ခုလုံး၏တရားကိုယ်မှာ ကာမရာဂ ဘဝရာဂဟူသော ရာဂချည်း ရသောကြောင့်–ဟူလို၊] ဧကတော–တစ်ပေါင်းတည်း၊ ကတွာ–ပြု၍၊ သင်္ခေပတော–အကျဉ်းအားဖြင့်၊ တယော–န်သော၊ ဝိတ္ထာရတော–အကျယ်အားဖြင့်၊ စတ္တာရော–န်သော၊ ဣမေ ဓမ္မာ–တို့သည်၊ အာသဝါနာမ–တို့မည်၏။

[ဣမေ ဓမ္မာ အာသဝါဟူသော နိဂုံးကို ဖွင့်ပြပြီးပါသော်လည်း ကာမာသဝနှင့်စပ်၍ မေးဖွယ်ရှိသောကြောင့် "ယော ပန"စသည်ကို မိန့်သည်၊] ပန–ဆက်၊ ဗြဟ္မာနံ–တို့၏၊ ဝိမာနကပ္ပရုက္ခအာဘရဏေသု–ဗိမာန်, ပဒေသာပင်, တန်ဆာတို့၌၊ ယော ဆန္ဒရာဂေါ–သည်၊ ဥပ္ပဇ္ဇတိ–၏၊ သော–ထို ဆန္ဒရာဂသည်၊ ကာမာသဝေါ–ကာမာသဝသည်၊ ဟောတိ–ဖြစ်သလော၊ န ဟောတိ–မဖြစ်သလော၊ ဣတိ–ဤကား အမေးတည်း၊ (သော–ထို ဆန္ဒရာဂသည်၊ ကာမာသဝေါ–သည်၊) န ဟောတိ–မဖြစ်၊ ကသ္မာ–ကြောင့်၊ (သော–သည်၊ ကာမာသဝေါ–သည်၊ န ဟောတိ–နည်း၊) ပဉ္စကာမဂုဏိကဿ–ငါးပါးသော ကာမဂုဏ်၌ဖြစ်သော၊ ရာဂဿ–၏၊ ဝါ–ကို၊ ဣမေဝ–ဤ လူ့ဘုံ၌ပင်၊ (လူ့ဘုံတုန်းကပင်၊) ပဟီနတ္တာ–ပယ်အပ်ပြီး၏အဖြစ်ကြောင့်၊ (သော–ထို ဆန္ဒရာဂသည်၊ ကာမာသဝေါ–ကာမာသဝသည်၊ န ဟောတိ၊) ပန–ထိုသို့ပင် ကာမာသဝ မဟုတ်ပါသော်လည်း၊ (သော–ထို ဗြဟ္မာတို့၏ဗိမာန် စသည်တို့၌ ဖြစ်သော ဆန္ဒရာဂသည်၊) ဟေတုဂေါစ္ဆကံ–ဟေတုဂေါစ္ဆကသို့၊ ပတွာ–ရောက်၍၊ ဝါ–ရောက်လသော်၊ လောဘောဟေတုနာမ–လောဘဟိတ်မည်သည်၊ ဟောတိ၊ ဂန္ထဂေါစ္ဆကံ ပတွာ, အဘိဇ္ဈာကာယဂန္ထောနာမ–အဘိဇ္ဈာကာယဂန္ထ မည်သည်၊ ဟောတိ၊ ကိလေသဂေါစ္ဆကံ ပတွာ, လောဘောကိလေသောနာမ–လောဘကိလေသာမည်သည်၊ ဟောတိ။

ပန–ကား၊ ဒိဋ္ဌိသဟဇာတော–ဒိဋ္ဌိနှင့်တကွဖြစ်သော၊ ရာဂေါ–သည်၊ ကာမာသဝေါ–သည်၊ ဟောတိ–လော၊ န ဟောတိ–လော၊ ဣတိ–ဤကား အမေးတည်း၊ (ဒိဋ္ဌိသဟဇာတော,ရာဂေါ–သည်၊ ကာမာသဝေါ–သည်၊) န ဟောတိ–

---

ပဉ္စ ၊ပေ၊ ပဟီနတ္တာ။ ။ရှေ့၌ "ပဉ္စကာမဂုဏိကော ရာဂေါ ကာမာသဝေါ နာမ"ဟု ဆိုခဲ့ပြီ၊ ထို စကားနှင့်လိုက်လျောအောင် ဤ၌လည်း "ပဉ္စကာမဂုဏိက ရာဂဿ ဣမေဝ ပဟီနတ္တာ"ဟု အကြောင်းပြ၍ ဗြဟ္မာတို့၏ဝိမာန စသည်တို့၌ဖြစ်သော ဆန္ဒရာဂကို ရူပါရုံ၌တပ်မက်သော ရာဂဖြစ်စေကာမူ ကာမဂုဏိကရာဂ မဟုတ်နိုင် ရကား ကာမာသဝအမည်မရ–ဟု ပယ်ပြီးလျှင် ကာမာသဝအမည်မရသော်လည်း ထို ဗြဟ္မာတို့၏ ဝိမာနစသည်၌ ဆန္ဒရာဂမှာ လောဘဟိတ်စသော အခြားနာမည်များရ ကြောင်းကို ပြလို၍ "ဟေတုဂေါစ္ဆကံ ပန ၊ပေ၊ ကိလေသောနာမ ဟောတိ"ဟု မိန့်သည်။

မဖြစ်၊ ဒိဋ္ဌိရာဂေါ်နာမ–ဒိဋ္ဌိရာဂမည်သည်၊ ဟောတိ၊ ဟိ–သာစကကား၊ ဒိဋ္ဌိရာဂရတ္တော ၊ပေ၊ မဟာနိသံသန္တိ–ဟူသော၊ တေ (သုတ္တံ)–ကို၊ (ဓမ္မသေနာပတိနာ) ဝုတ္တံ–ပြီ၊ [ဒိဋ္ဌိရာဂရတ္တော–ဒိဋ္ဌိရာဂဖြင့် တပ်စွဲသော၊ ပုရိသပုဂ္ဂလေ–ယောကျ်ားပုဂ္ဂိုလ်၌၊ ဝါ–အား၊ ဒိန္နံ–ပေးလှူကြောင်း ဒါနစေတနာသည်၊ မဟပ္ဖလံ–များသော အကျိုးရှိသည်၊ န ဟောတိ–မဖြစ်၊ မဟာနိသံသံ–များသော အာနိသင်ရှိသည်၊ န ဟောတိ၊...ပဋိသမ္ဘိဒါမဂ်–ဒိဋ္ဌိကထာ, အဿာဒဒိဋ္ဌိနိဒ္ဒေသ။]

ပန–ဆက်၊ ဣမေအာသဝေ–ဤ အာသဝေါတရားတို့ကို၊ ကိလေသပဋ္ပဋိပါဋိယာပိ–ကိလေသာအစဉ်အားဖြင့်လည်း၊ အာဟရိတုံ–ဆောင်ပြခြင်းငှာ၊ ဝဋ္ဋတိ–သင့်၏၊ မဂ္ဂပဋိပါဋိယာပိ–မဂ်အစဉ်အားဖြင့်လည်း၊ (အာဟရိတုံ ဝဋ္ဋတိ၊) ကိလေသပဋိပါဋိယာ–အားဖြင့်၊ ကာမာသဝေါ–ကို၊ အနာဂါမိမဂ္ဂေန–သည်၊ ပဟီယတိ–ပယ်အပ်၏၊ ဘဝါသဝေါ–ကို၊ အရဟတ္တမဂ္ဂေန (ပဟီယတိ၊) ဒိဋ္ဌာသဝေါ–ကို၊ သောတာပတ္တိမဂ္ဂေန (ပဟီယတိ၊) အဝိဇ္ဇာသဝေါ–ကို၊ အရဟတ္တမဂ္ဂေန (ပဟီယတိ၊) မဂ္ဂပဋိပါဋိယာပိ–အားဖြင့်လည်း၊ သောတာပတ္တိမဂ္ဂေန–သည်၊ ဒိဋ္ဌာသဝေါ–ကို၊ ပဟီယတိ၊ [သကဒါဂါမိမဂ် ပယ်နိုင်သော အာသဝမရှိ၍ ခုန်ကျော်ပြီးလျှင်၊] အနာဂါမိမဂ္ဂေန–သည်၊ ကာမာသဝေါ–ကို၊ (ပဟီယတိ၊) အရဟတ္တမဂ္ဂေန–သည်၊ ဘဝါသဝေါ–ကိုလည်းကောင်း၊ အဝိဇ္ဇာသဝေါ စ–ကိုလည်းကောင်း၊ (ပဟီယတိ၊) ဣတိ–ဤသို့ မှတ်အပ်၏။

၁၁၂၁။ ။သံယောဇနေသု–တို့တွင်၊ မာနနိဒ္ဒေသေ–မာနသံယောဇနနိဒ္ဒေသ၌၊ သေယျောဟ မသ္မီတိမာနောတိ–ကား၊ ဥတ္တမဋ္ဌေန–မြတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ (သေယျော၏အဖွင့်၊) အဟံ–ငါသည်၊ သေယျော–သူတစ်ပါးထက်မြတ်သူသည်၊ (အသ္မိ–ဖြစ်၏၊) ဣတိ ဧဝံ–သို့၊ ဥပ္ပန္နမာနော–ဖြစ်သော မာနသည်၊ (ဟောတိ၊) သဒိသော ၊ပေ၊ မာနောတိ–ကား၊ သမသမဋ္ဌေန–တန်းတူညီမျှ၏အဖြစ်ဟူသော အနက်ကြောင့်၊ အဟံ–သည်၊ သဒိသော–သူတစ်ပါးနှင့် တန်းတူသူသည်၊ (အသ္မိ၊) ဣတိ ဧဝံ–သို့၊ ဥပ္ပန္နမာနော–သည်၊ (ဟောတိ၊) ဟီနောဟမသ္မီတိ မာနောတိ–ကား၊ လာမကဋ္ဌေန–ယုတ်ညံ့သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ အဟံ–သည်၊ ဟီနော–သူတစ်ပါးအောက် ယုတ်ညံ့သူသည်၊ (အသ္မိ၊) ဣတိ ဧဝံ–သို့၊ ဥပ္ပန္နမာနော–

ဣမေ ပန ၊ပေ၊ ပဋိပါဋိယာ။ ။အာသဝေါတရားတို့ကို ဟောတော်မူရခြင်းသည် ထို အာသဝေါတရားတို့က ပယ်ထိုက်သော ကိလေသာဖြစ်ကြောင်းကို ပြရခြင်းအကျိုးရှိ၏၊ ထို့ကြောင့် ထို အာသဝေါတို့ကို ဆောင်ယူ၍ပြရာ၌ ကိလေသာအစဉ်အားဖြင့်လည်း မဂ်ကပယ်ပုံကို ပြသင့်၏၊ ပယ်တတ်သော မဂ်အစဉ်အားဖြင့်လည်း ထို အာသဝကိလေသာတို့ကို ပြသင့်သည်၊ [နောက်သံယောဇဉ် စသည်တို့ကို ကိလေသာအစဉ် မဂ်အစဉ်အားဖြင့် ပြရာ၌လည်း နည်းတူ။]

သည်၊ (ဟောတိ၊) ဇဝံ–ဤသို့လျှင်၊ သေယျမာနော–သေယျမာန်လည်းကောင်း၊ (မြတ်သူဟူ၍ ဖြစ်သောမာန်လည်းကောင်း၊) သဒိသမာနော–လည်းကောင်း၊ (တန်းတူသူဟူ၍ ဖြစ်သောမာန်လည်းကောင်း၊) ဟီနမာနော–လည်းကောင်း၊ (ယုတ်ညံ့သူဟူ၍ ဖြစ်သောမာန်လည်းကောင်း၊) ဣတိ–သို့၊ တယော–နံသော၊ ဣမေမာနာ–ဤ မာနတို့သည်၊ တိဏ္ဏံ–သုံးယောက်ကုန်သော၊ ဇနာနံ–လူတို့၏ (သန္တာနိ၌၊) ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏။

ဟိ–ချဲ့၊ သေယျဿာပိ–မြတ်သူ၏လည်း၊ အဟံ–သည်၊ သေယျော–မြတ်သူသည်၊ (အသ္မိ၊) သဒိသော–တန်းတူသူသည်၊ (အသ္မိ၊) ဟီနော–ယုတ်ညံ့သူသည်၊ (အသ္မိ၊) ဣတိ–သို့၊ တယော–နံသော၊ မာနာ–တို့သည်၊ ဥပ္ပဇ္ဇန္တိ၊ သဒိသဿာပိ–တန်းတူသူ၏လည်း၊ (အဟံ သေယျော အသ္မိ၊ သဒိသော အသ္မိ၊ ဟီနော အသ္မိ၊ ဣတိ တယော မာနာ ဥပ္ပဇ္ဇန္တိ၊) ဟီနဿာပိ–ယုတ်ညံ့သူ၏လည်း၊ (အဟံ သေယျော အသ္မိ၊ သဒိသော အသ္မိ၊ ဟီနော အသ္မိ၊ ဣတိ တယော မာနာ ဥပ္ပဇ္ဇန္တိ၊) တတ္ထ–ထို သုံးမျိုးသော မာန်တို့တွင်၊ ဝါ–ထို သုံးမျိုးသော လူတို့တွင်၊ သေယျဿ–သေယျပုဂ္ဂိုလ်၏သာ၊ သေယျမာနောဝ–သေယျမာန်သည်သာ၊ ယာထာဝမာနော–ဟုတ်မှန်သော မာန်တည်း၊ ဣတရေ–သေယျမာန်မှ တစ်ပါးကုန်သော၊ ဒွေ–နှစ်ပါးသော သဒိသမာန်, ဟီနမာန်တို့သည်၊ အယာထာဝမာနာ–မဟုတ်မှန်သော မာန်တို့တည်း၊ သဒိသဿ–သဒိသပုဂ္ဂိုလ်၏၊ သဒိသမာနောဝ–သည်သာ၊ ယာထာဝမာနော၊ ဣတရေ ဒွေ အယာထာဝမာနာ၊ ဟီနဿ–ဟီနပုဂ္ဂိုလ်၏၊ ဟီနမာနောဝ–သည်သာ၊ ယာထာဝမာနော၊ ဣတရေ–ဟီနမာန်မှ တစ်ပါးကုန်သော၊ ဒွေ–နှစ်ပါးသော သေယျမာန်, သဒိသမာန်တို့သည်၊ အယာထာဝမာနာ–တို့တည်း။

ဣမိနာ–ဤသေယျောဟမသ္မိ အစရှိသောစကားဖြင့်၊ ကိံ–အဘယ်အနက်ကို၊ ကထိတံ–ဟောတော်မူအပ်သနည်း၊ (ဟောတော်မူလိုသနည်း၊) ဧကဿ–တစ်ယောက်သော ပုဂ္ဂိုလ်၏ (သန္တာန်၌၊) (တစ်နည်း) ဧကဿ–တစ်ယောက် တစ်ယောက်သော ပုဂ္ဂိုလ်၏ (သန္တာန်၌၊) (ဝိစ္ဆာလောပ၊) တယော–သုံးပါးကုန်သော၊

---

**တယော မာနာ။** ။သေယျပုဂ္ဂိုလ် အစစ်ဖြစ်ပါလျက် သူ့ကိုယ်သူ သူများနှင့် တန်းတူသူဟုလည်း ထင်နိုင်၏၊ အစွမ်းသတ္တိမရှိသောကြောင့် သူ့ကိုယ်သူ သူများအောက် ယုတ်ညံ့သူဟုလည်း ထင်နိုင်၏၊ ထို့ကြောင့် သေယျပုဂ္ဂိုလ်မှာ မာန်သုံးမျိုး ဖြစ်နိုင်သည်၊ သဒိသပုဂ္ဂိုလ်မှာလည်း သူ့ကိုယ်သူ အထင်ကြီး၍ ငါမြတ်သူဟုလည်း ထင်နိုင်၏၊ သူ့ကိုယ်သူ အထင်သေး၍ ငါဟာ အောက်တန်းကျသူဟုလည်း ထင်နိုင်၏၊ ဟီနပုဂ္ဂိုလ်မှာလည်း သူ့ကိုသူ အထင်ကြီး၍ ငါမြတ်သူဟုလည်း ထင်နိုင်၏၊ သူများနှင့် တန်းတူသူဟုလည်း ထင်နိုင်၏၊ ထို့ကြောင့် "ဣမေ တယော မာနာ တိဏ္ဏံ ဇနာနံ ဥပ္ပဇ္ဇန္တိ–မာန်သုံးမျိုးတို့သည် လူသုံးမျိုးတို့သန္တာန်၌ ဖြစ်ကုန်၏"ဟု ဆိုရသည်။

(တစ်နည်း) တယော–သုံးပါး သုံးပါကုန်သော၊ မာနာ–တို့သည်၊ ဥပ္ပဇ္ဇန္တိ–န်၏၊ ဣတိ–ဤအနက်ကို၊ ကထိတံ–ဟောတော်မူအပ်ပြီ၊ ပန–ဆက်၊ ခုဒ္ဒကဝတ္ထုကေ–ခုဒ္ဒကဝတ္ထုပါဠိတော်၌၊ ပဌမကမာနဘာဇနီယေ–ရှေးဦးစွာဖြစ်သောမာနကို ဝေဖန်ရာနိဒ္ဒေသ၌၊ ဧကော–တစ်ပါးသော၊ မာနော–သည်၊ တိဏ္ဏံ–သုံးယောက်ကုန်သော၊ ဇနာနံ–လူတို့၏(သန္တာန်၌၊) ဥပ္ပဇ္ဇတိ–၏၊ ဣတိ–သို့၊ ကထိတော–ပြီ၊ [“ကေသ တယောမာနာ ဥပ္ပဇ္ဇန္တိ”ဟုလည်းကောင်း, “ဧကော မာနော တိဏ္ဏံ ဇနာနံ ဥပ္ပဇ္ဇန္တိ”ဟုလည်းကောင်း စကားအသုံးကွဲသော်လည်း အဓိပ္ပာယ်တူပင်–ဟူလို။]

မာနကရဏဝသေန–မှတ်ထင်မှုကို ပြုခြင်း၏အစွမ်းကြောင့်၊ မာနော–မည်၏၊ [မိမိကိုယ်ကို သေယျဟုထင်ထင်, သဒိသဟုထင်ထင်, ဟီနဟုထင်ထင် ထိုမှတ်ထင်မှုဟူသမျှကို “မညတိ–မှတ်ထင်တတ်၏”ဟူသော ဝိဂြိုဟ်အရ “မာန”ဟု ခေါ်သည်။] မညနာ မညိတတ္တန္တိ–ဟူသောသဒ္ဒါတို့သည်၊ အာကာရဘာဝနိဒ္ဒေသော–အာကာရကို ညွှန်ပြကြောင်းဘာဝအနက်ကို ညွှန်ပြကြောင်းသဒ္ဒါတို့တည်း၊ [မညနာသည် အခြင်းအရာကိုညွှန်ပြသော အာကာရနိဒ္ဒေသ, မညတတ္တံသည် ဘောအနက်ကိုညွှန်ပြသော ဘာဝနိဒ္ဒေသတည်း။] ဥဿိတဋ္ဌေန–အထက်၌ စိုက်ထောင်တတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်၊ (တက်ကြွတတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်၊) ဥန္နတိ–ဥန္နတိမည်၏၊ ယဿ–အကြင် ပုဂ္ဂိုလ်၏(သန္တာန်၌၊) ဥပ္ပဇ္ဇတိ၊ တံပုဂ္ဂလံ–ကို၊ ဥန္နာမေတိ–အထက်သို့ ညွတ်စေတတ်၏၊ (တက်ကြွစေတတ်၏။) ဥက္ခိပိတွာ–မြှောက်ပင့်၍၊ ထပေတိ–ထားတတ်၏၊ ဣတိ–ထို့ကြောင့်၊ ဥန္နာမော–မည်၏၊ [ဥန္နာမေတိကို ကြည့်၍ “ဥန္နာမော”ဟု ရှိစေ၊ ဥပုဗ္ဗ နမုဓာတ်, ကာရိတ်ကြေ, ဏပစ္စည်း။] သမုဿိတဋ္ဌေန–အလွန်စိုက်ထောင်တတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်၊ (အလွန် တက်ကြွတတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်၊] ဓဇော–အလံနှင့်တူ၏၊ ဥက္ခိပနဋ္ဌေန–မြှောက်ပင့်တတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်၊ စိတ္တံ–ကို၊ သမ္ပဂ္ဂဏှာတိ–ချီမြှောက်တတ်၏၊ ဣတိ–ကြောင့်၊ သမ္ပဂ္ဂါဟော–မည်၏။

ဗဟူသု–များစွာကုန်သော၊ ဓဇေသု–အလံတို့တွင်၊ အစ္စုဂ္ဂတဓဇော–အလွန်မြင့်တက်သော အလံကို၊ ကေတု–ကေတုဟူ၍၊ ဝုစ္စတိ–၏၊ မာနောပိ–သည်လည်း၊ ပုနပ္ပုနံ–အဖန်ဖန်၊ ဥပ္ပဇ္ဇမာနော–ဖြစ်လတ်သော်၊ အပရာပရေ–အခြားအခြားသော မာနတို့ကို၊ ဥပါဒါယ–ကပ်ယူ၍၊ (ထောက်စာ၍၊) အစ္စုဂ္ဂတဋ္ဌေန–အလွန် မြင့်တက်သည်၏ အဖြစ်ဟူသောအနက်ကြောင့်၊ ကေတုဝိယ–အမြင့်ဆုံး အလံနှင့်တူ၏၊ ဣတိ–ကြောင့်၊ ကေတု–မည်၏၊ [ကေတုဝိယာတိ ကေတု၊] ကေတုံ–အမြင့်ဆုံး အလံကဲ့သို့ အလွန် မြင့်တက်ခြင်းကို၊ ဣစ္ဆတိ–လိုလားတတ်၏၊ ဣတိ–ကြောင့်၊ ကေတုကမျံ–မည်၏၊ [စိတ်ကိုရသည်၊

ကေတုံ ကာမေတီတိ ကေတုကာမော၊ (ပုဂ္ဂိုလ်၊) ကေတုကာမဿ+ဘာဝေါ ကေတုကမျံ၊ ဤသို့ ဝိဂ္ဂဟာအကျယ် ပြုသင့်၏။] တဿ–ထို အမြင့်ဆုံးအလံကဲ့သို့ အလွန်မြင့်တက်ခြင်းကို လိုလားသောစိတ်၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ တည်း၊ ကေတုကမျတာ–ရာ၊ ပန–ဆက်၊ သာ–ထိုကေတုကမျတာသည်၊ စိတ္တဿ–၏၊ ကေတုကမျတာ–ကေတုကမျတာတည်း၊ အတ္တနော–အတ္တ၏၊ (ကေတုကမျတာ–ကေတုကမျတာသည်၊) န–မဟုတ်၊ တေန–ကြောင့်၊ ကေတုကမျတာ စိတ္တဿာတိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ ဟိ–မှန်၊ မာနသမ္ပယုတ္တံ–မာနနှင့်ယှဉ်သော၊ စိတ္တံ–သည်၊ ကေတုံ–အမြင့်ဆုံးအလံကဲ့သို့ အလွန်မြင့်တက်ခြင်းကို၊ ဣစ္ဆတိ–လိုလား၏၊ တဿစ–ထို အမြင့်ဆုံးအလံကဲ့သို့ အလွန်မြင့်တက်ခြင်းကို လိုလားသောစိတ်၏လည်း၊ ဘာဝေါ–ဖြစ်ကြောင်း ဖြစ်ရာသည်၊ ကေတုကမျတာ–မည်၏၊ ကေတုသင်္ခါတော–အမြင့်ဆုံးအလံကဲ့သို့ အလွန်မြင့်တက်ခြင်းဟု ဆိုအပ်သော၊ မာနော–တည်း၊ ဣတိ–မှတ်အပ်၏။

**၁၁၂၆။** ။ဣဿာနိဒ္ဒေသေ–၌၊ ယာ ၊ပေ၊ ဣဿာတိ–ကား၊ ပရေသံ–သူတစ်ပါးတို့၏၊ ဧဝေသုလာဘာဒီသု–ဤလာဘ် အစရှိသည်တို့၌၊ (ဣဿာ၌ စပ်၊) ဣမေသံ–ဤ သူတို့အား၊ ဣမိနာ–ဤ လာဘ်ဖြင့်၊ [ဤ သက္ကာရဖြင့်, စသည်အားလုံးကို တစ်ခုစီစွဲပါ၊] ကိံ–အဘယ်အကျိုးရှိအံ့နည်း၊ ဣတိ–သို့၊ ပရသမ္ပတ္တိ ခိယန လက္ခဏာ–သူတစ်ပါးစည်းစိမ်ကို ရှုပ်ချခြင်းလက္ခဏာရှိသော၊ ယာ ဣဿာ–အကြင် ငြူစူခြင်းသည်၊ (အတ္ထိ၊) တတ္ထ–ထိုလာဘ စသည်တို့တွင်၊ လာဘောတိ–ကား၊ စီဝရာဒီနံ–သင်္ကန်း အစရှိကုန်သော၊ စတုန္နံ–န်သော၊ ပစ္စယာနံ–တို့ကို၊ ပဋိလာဘော–ရခြင်းတည်း၊ [အခြားနေရာ၌ လာဘောအရ လေးပါးသော လာဘ်ကိုသာဖွင့်၏၊ ဤ၌ကား ထို လာဘ်ကို ရခြင်းတိုင်အောင် ယူရသည်၊] ဟိ–မှန်၊ ဣဿုကီ–ငြူစူခြင်းရှိသော၊ ပုဂ္ဂလော–သည်၊ ပရဿ–သူတစ်ပါး၏၊ တံလာဘံ–ထို ပစ္စည်းကိုရခြင်းကို၊ ခိယတိ–ရှုပ်ချ၏၊ ဣမဿ–ဤသူအား၊ ဣမိနာ–ဤရခြင်းဖြင့်၊ ကိံ–နည်း၊ ဣတိ–သို့၊ န ဣစ္ဆတိ–လာဘ်ရခြင်းကို အလိုမရှိ၊ သက္ကာရောတိ–ကား၊ သုကတာနံ–ကောင်းစွာ ပြုအပ်ကုန်သော၊ သုန္ဒရာနံ–ကောင်းကုန်သော၊ တေသံယေဝ ပစ္စယာနံ–ထို ပစ္စည်းတို့ကိုပင်လျှင်၊ ပဋိလာဘော–ရခြင်းတည်း။

---

**ဣဿုကီ။** ။[န ဣစ္ဆတိနေရာဝယ် “ဣဿတိ”ဟုရှိလျှင် စာသွားဖြောင့်သည်၊ ဣဿာ+အဿ အတ္ထီတိ ဣဿုကီဟု ပြု၊ “ဒီဃန္တုဒေယျပိ ပစ္စယာ”ဟူသော မောဂ္ဂလ္လာန်ဏာဒိ (၁၂၀)သုတ်ဖြင့် ဥကီပစ္စည်း သက်။

**သက္ကာရော။** ။အခြားနေရာ၌ သမ္မာ+ကာရော သက္ကာရော–ကောင်းစွာ ပြုအပ် အထူးတလည်ပြုအပ်သော ပစ္စည်းလေးပါးတို့ကို “သက္ကာရ”ဟု ဆိုသည်၊ ဤ၌ ကောင်းစွာပြုအပ် အထူးတလည်ပြုအပ်သော ထို ပစ္စည်းလေးပါးကို ရခြင်း တိုင်အောင် ယူစေလို၍ “ပဋိလာဘော”ဟု ဖွင့်သည်၊ ဌာနပစ္စည်း၏အမည်ကို ဌာနီ ရခြင်း၌တင်စားသော ဌာနျူပစာတည်း၊ လာဘောတုန်းကလည်း နည်းတူ။

ဂရုကာရောတိ–ကား၊ ဂရုကြိယာ–အလေးပြုခြင်းတည်း၊ ဘာရိယကရဏံ–လေးလံသည်၏အဖြစ်ကို ပြုခြင်းတည်း၊ [ပေါ့ပေါ့ဆဆမပြုဘဲ ထမ်းဆောင်အပ်သော တာဝန်တစ်ခုအနေအားဖြင့် ပြုခြင်းကို "ဘာရိယကရဏ"ဟု ခေါ်၏။] မာနနန္တိ–ကား၊ မနေန–စိတ်ဖြင့်၊ ပိယကရဏံ–ချစ်မြတ်နိုးမှုကို ပြုခြင်းတည်း၊ ["မာနိယတေ–မြတ်နိုးခြင်း၊ မာနနံ–ခြင်း"ဟု ပြု။] ဝန္ဒနန္တိ–ကား၊ ပဉ္စပ္ပတိဋ္ဌိတေန–ငါးပါးသောအင်္ဂါတို့ဖြင့် ရှေးရှုတည်ခြင်းဖြင့်၊ ဝန္ဒနံ–ရှိခိုးခြင်းတည်း၊ ပူဇာနာတိ–ကား၊ ဂန္ဓမာလာဒီဟိ–နံ့သာ, ပန်း အစရှိသည်တို့ဖြင့်၊ ပူဇနာ–ပူဇော်ခြင်းတည်း၊ ဣဿာယနဝသေန–ဣဿာဖြစ်ခြင်း၏ အစွမ်းဖြင့်၊ ဣဿာ–မည်၏၊ ဣဿာကာရော–ဣဿာ၏ဖြစ်ပုံ အခြင်းအရာသည်၊ ဣဿာယနာ–မည်၏၊ [ဣဿာ+အယနာ ဣဿာယနာ၊] ဣဿာယိတဘာဝေါ–ဣဿာဖြင့် ဖြစ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာတည်း၊ ဣဿာယိတတ္တံ–မည်၏၊ ဥသူယာဒီနိ–ဥသူယအစရှိသော သဒ္ဒါတို့သည်၊ ဣဿာဒိ ဝေဝစနာနိ–ဣဿာ အစရှိသောသဒ္ဒါတို့၏ ဝေဝစ်ပရိယာယ်တို့တည်း၊ [ဣဿာ နှင့်ဥသူယာ, ဣဿာယနာနှင့်ဥသူယနာ, ဣဿာယိတတ္တံနှင့် ဥသူယိတတ္တံတို့ ပရိယာယ်ဖြစ်ကြသည်၊ "ဥသူယ–ဒေါသာဝိကရဏေ" ဟု ဓာတ်ကျမ်းရှိ၏၊ ထို့ကြောင့် စိတ်ဖြင့်ငြူစူခြင်း ဣဿာသည် နှုတ်ဖြင့် ပြောသောအခါ ဥသူယဖြစ်၏။]

ပန–ဆက်၊ ဣမိဿာ ဣဿာယ–ဤဣဿာ၏၊ ခိယနလက္ခဏံ–ပရလာဘစသည်တို့၌ ရှုတ်ချခြင်းလက္ခဏာကို၊ အာဂါရိကေနာပိ–အိမ်၌တည်သူ လူဝတ်ကြောင်အားဖြင့်လည်းကောင်း၊ အနာဂါရိကေနာပိ–အိမ်ယာမရှိသော ရသေ့ရဟန်းအားဖြင့်လည်းကောင်း၊ ဒီပေတဗ္ဗံ–ပြထိုက်၏၊ ဟိ–ချဲ့၊ အာဂါရိကော–အိမ်၌တည်သူ လူဝတ်ကြောင်သည်၊ ဧကစ္စော–အချို့သည်၊ ကသိဝါဏိဇ္ဇာဒိသု–လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း အစရှိသည်တို့တွင်၊ အညတရေန–တစ်ပါးပါးသော၊ အာဇီဝေန–အသက်မွေးဝမ်းကြောင်းဖြင့်၊ အတ္တနော–၏၊ ပုရိသကာရံ–ယောကျ်ားတို့ပြုအပ်သော လုလ္လကို၊ နိဿာယ–မှီ၍၊ ဘဒ္ဒကံ–ကောင်းသော၊ ယာနံဝါ–လှည်း, လှေစသော ယာဉ်ကိုသော်လည်းကောင်း၊ ဝါဟနံဝါ–ဆောင်တတ်သော ဆင် မြင်းစသည်ကိုသော်လည်းကောင်း၊ ရတနံဝါ–ရတနာကိုသော်လည်းကောင်း၊ လဘတိ–ရ၏၊ အပရော–အခြားသူသည်၊ တဿ–ထို ယောကျ်ား၏၊ အလာဘတ္ထိကော–လာဘ်ရခြင်းဖြင့် အလိုမရှိသည်၊

**ပဉ္စပ္ပတိဋ္ဌိတေန**။ ။ပဉ္စဟိ–လက် ခြေ နဖူး, တတောင်ဒူးဟူသော ငါးပါးသော အင်္ဂါတို့ဖြင့်+အဘိမုခံ+ဌိတေန–ရှိခိုးအပ်သော ပုဂ္ဂိုလ်ဘက်သို့ ရှေးရှု+တည်းခြင်းအားဖြင့်၊)–သီလက္ခန်ဋီကာသစ်, သာမညဖလသုတ်၊ ဤ အဖွင့်ကိုကြည့်၍ "ပဉ္စဟိ+ပတိဋ္ဌိတော ပဉ္စပ္ပတိဋ္ဌိတော–ငါးပါးသော ကိုယ်အင်္ဂါတို့ဖြင့် ရှေးရှုတည်ခြင်း"ဟု ပြုပါ၊ [ပတိသဒ္ဒါသည် အဘိမုခအနက်ဟော။]

(ဟုတွာ၊) တေန လာဘေန–ဖြင့်၊ န တုဿတိ–မနှစ်သက်၊ ကဒါ–အဘယ်အခါ၌၊ သော–ဤ သူသည်၊ ဣမာယ သမ္မတ္တိယာ–ဤ ပြည့်စုံခြင်းမှ၊ ပရိဟာယိတွာ–ဆုတ်ယုတ်၍၊ ကပဏော–အထီးကျန်မွဲ ဆင်းရဲသည်၊ ဟုတွာ, စရိဿတိနုခေါ–လှည့်လည်ရပါလတ့်နည်း၊ ဣတိ–သို့၊ စိန္တေတွာ–ကြံ၍၊ ဧကေန–တစ်ခုသော၊ ကာရဏေန–အကြောင်းကြောင့်၊ တသ္မိံ–ထို ပုဂ္ဂိုလ်သည်၊ တာယသမ္မတ္တိယာ–ထို ပြည့်စုံခြင်းမှ၊ (ထို စည်းစိမ်မှ၊) ပရိဟီနေ–ဆုတ်ယုတ်လတ်သော်၊ အတ္တမနော–မိမိစိတ်ရှိသည်၊ (နှစ်သက် ဝမ်းမြောက်သည်၊) ဟောတိ–၏။

အနာကာရိကောပိ–အိမ်ရာမရှိသော ရသေ့ရဟန်းသည်လည်း၊ ကော–အချို့သည်၊ ဣဿာမနကော–ဣဿာနှင့်ယှဉ်သော စိတ်ရှိသည်၊ (ဟုတွာ၊) အညံ–အခြားသော ပုဂ္ဂိုလ်ကို၊ အတ္တနော–၏၊ သုတ, ပရိယတ္တိအာဒီနိ–ကြားနာအပ်သော အတတ်, သင်ယူအပ်သော ပရိယတ် အစရှိသည်တို့ကို၊ နိဿာယ–မှီ၍၊ ဥပ္ပန္နလာဘာဒိသမ္မတ္တိံ–ဖြစ်သောလာဘ် အစရှိသည်တို့၏ ပြည့်စုံခြင်းကို၊ ဒိသွာ–မြင်ရ၍၊ ကဒါ–၌၊ ဧကော–ဤ ပုဂ္ဂိုလ်သည်၊ ဣမေဟိ လာဘာဒီဟိ–ဤလာဘ် အစရှိသည်တို့မှ၊ ပရိဟာယိဿတိနုခေါ–ဆုတ်ယုတ်ပါလတ့်နည်း၊ ဣတိ စိန္တေတွာ, ယဒါ–၌၊ တံ–ထို ပုဂ္ဂိုလ်ကို၊ ဧကေန–သော၊ ကာရဏေန–ကြောင့်၊ ပရိဟီနံ–ယုတ်လျော့သည်ကို၊ ပဿတိ–မြင်ရ၏၊ တဒါ–၌၊ အတ္တမနော ဟောတိ၊ ဧဝံ–ဤသို့လျှင်၊ ဣဿာ–သည်၊ ပရသမ္မတ္တိ ခီယနလက္ခဏာ–သူတစ်ပါးစည်းစိမ်ကို ရှုတ်ချခြင်းလက္ခဏာရှိ၏၊ ဣတိ ဝေဒိတဗ္ဗာ–၏။

၁၁၂၇။ ။မစ္ဆရိယနိဒ္ဒေသေ–၌၊ ဝတ္ထုတော–ဝတ္ထုအားဖြင့်၊ (မစ္ဆရိယ၏ တည်ရာ အာရုံအားဖြင့်၊) မစ္ဆရိယဒဿနတ္ထံ–မစ္ဆရိယကို ပြခြင်းအကျိုးငှာ၊ (အာရမဏိကဖြစ်သော မစ္ဆရိယကို ပြခြင်းအကျိုးငှာ၊) ပဉ္စ ။ပေ၊ မစ္ဆရိယန္တိအာဒိ–အစရှိသော စကားရပ်ကို၊ (ဘဂဝတာ)ဝုတ္တံ၊ တတ္ထ–ထိုပဉ္စမစ္ဆရိယာနိ အာဝါသမစ္ဆရိယံအစရှိသော စကားရပ်၌၊ အာဝါသေ–နေရာ၌၊ (ကျောင်းစသည်၌၊) မစ္ဆရိယံ–ဝန်တိုသူ၏အဖြစ်သည်၊ အာဝါသမစ္ဆရိယံ–မည်၏၊ [မစ္ဆရသဝန်တိုသူ၏+ဘာဝေါ မစ္ဆရိယံ၊] သေသပဒေသုပိ–ကြွင်းသော ပုဒ်တို့၌လည်း၊ (အာဝါသမစ္ဆရိယပုဒ်မှကြွင်းသော လာဘမစ္ဆရိယအစရှိသော ပုဒ်တို့၌လည်း၊) ဧသေဝနယော၊ အာဝါသောနာမ–အာဝါသမည်သည်၊ သကလာရာမောပိ–အလုံးစုံသော ကျောင်းတိုက်သည်လည်းကောင်း၊ ပရိဝေဏံပိ–ပရိဝုဏ်သည်လည်းကောင်း၊ [ကျောင်းတိုက်ကြီးအတွင်းဝယ် အသီးအသီးသော အကာအရံရှိသောကျောင်းကို "ပရိဝုဏ်"ဟု ခေါ်သည်၊] ဧကောဝရကောပိ–တိုက်ခန်းတစ်ခုသည်လည်းကောင်း၊ (ကျောင်းတစ်ကျောင်းဝယ် အခန်းတစ်ခုသည်လည်းကောင်း၊) ရတ္တိဋ္ဌာန ဒိဝါဋ္ဌာနာဒီနိပိ–ညဥ့်နေရာအရပ်, နေ့နေရာအရပ်

အစရှိသည်တို့သည်လည်းကောင်းတည်း၊ တေသု–ထို အာဝါသငါး၌၊ ဝသန္တာ–နေသောပုဂ္ဂိုလ်တို့သည်၊ သုခံ–ချမ်းသာစွာ၊ ဝသန္တိ–နေကြကုန်၏၊ ပစ္စယေ–ပစ္စည်းလေးပါးတို့ကို၊ လဘန္တိ–ရကြကုန်၏၊ ဧကော–တစ်ပါးသော၊ ဘိက္ခု–သည်၊ ဝတ္တသမ္ပန္နသောဝ–ဝတ်အကျင့်နှင့် ပြည့်စုံသည်သာလျှင်ဖြစ်သော၊ ပေသလဿ–သီလကို ချစ်မြတ်နိုးသော၊ ဘိက္ခုနော–၏၊ တတ္ထ–ထို ကျောင်းသို့၊ အာဂမနံ–လာခြင်းကို၊ န ဣစ္ဆတိ–မလိုလား၊ အာဂတော–လာသည်၊ (သမာနော)ပိ–ဖြစ်ပါသော် လည်း၊ ခိပ္ပံ–လျင်စွာ၊ ဂစ္ဆတု–ပြန်သွားပါစေသတည်း၊ ဣတိ, စိန္တေသိ–ပြီ၊ ဣဒံ–ဤ မစ္ဆရိယသည်၊ အာဝါသမစ္ဆရိယနာမ–မည်၏၊ (ကျောင်း၌ ဝန်တိုခြင်းမည်၏၊) ပန–ဆက်၊ ဘဏ္ဍနကာရကာဒီနံ–ငြင်းခုန်မှုကို ပြုတတ်သူအစရှိသူတို့၏၊ တတ္ထ–ထို ကျောင်း၌၊ ဝါသံ–နေခြင်းကို၊ အနိစ္ဆတော–အလိုမရှိသော ပုဂ္ဂိုလ်၏၊ အာဝါသမစ္ဆရိယံနာမ–အာဝါသမစ္ဆရိယမည်သည်၊ န ဟောတိ–မဟုတ်။

ဥပဋ္ဌာကကုလံပိ–အလုပ်အကျွေးအမျိုးသည်လည်းကောင်း၊ ဉာတိလုလံပိ–ဆွေမျိုးသည်လည်းကောင်း၊ ကုလန္တိ–ကုလမည်၏၊ (တစ်နည်း) ကုလန္တိ–ကား၊ ဥပဋ္ဌာကကုလံပိ–သည်လည်းကောင်း၊ ဉာတိကုလံပိ–သည်လည်းကောင်းတည်း၊ တတ္ထ–ထို အမျိုးတို့၌၊ အညဿ–အခြားပုဂ္ဂိုလ်၏၊ ဥပသင်္ကမနံ–ချဉ်းကပ်ခြင်းကို၊ အနိစ္ဆတော–အလိုမရှိသောပိုဂ္ဂိုလ်၏၊ ကုလမစ္ဆရိယံ–အမျိုး၌ ဝန်တိုခြင်းသည်၊ ဟောတိ၊ ပန–ဆက်၊ ပါပပုဂ္ဂလဿ–ယုတ်မာသောပုဂ္ဂိုလ်၏၊ ဥပသင်္ကမနံ–ကို၊ အနိစ္ဆန္တောပိ–အလိုမရှိပါသော်လည်း၊ မစ္ဆရီနာမ–ဝန်တိုခြင်းရှိသူမည်သည်၊ န ဟောတိ၊ ဟိ–မှန်၊ သော–ထိုယုတ်မာသော ပုဂ္ဂိုလ်သည်၊ တေသံ–ထိုအမျိုးတို့၏၊ ပသာဒဘေဒါယ–ကြည်ညိုခြင်း၏ ပျက်စီးခြင်းငှာ၊ ပဋိပဇ္ဇတိ–ကျင့်တတ်၏၊ (ထို့ကြောင့် ထိုပုဂ္ဂိုလ်မျိုး၏ မိမိဥပဋ္ဌာက, ဉာတိတို့၌ မချဉ်းကပ်စေလိုခြင်းသည် မစ္ဆရိယ မဖြစ်ပါ–ဟူလို၊) ပန–ကား၊ ပသာဒံ–ကြည်ညိုခြင်းကို၊ ရက္ခိတုံ–စောင့်ရှောက်ခြင်းငှာ၊ သမတ္ထဿေဝ–စွမ်းနိုင်သည်သာလျှင်ဖြစ်သော၊ ဘိက္ခုနော–၏၊ တတ္ထ–ထိုအမျိုးသို့၊ ဥပသင်္ကမနံ–ကို၊ အနိစ္ဆန္တော–အလိုမရှိသူသည်၊ မစ္ဆရီနာမ–ဝန်တိုခြင်းရှိသူမည်သည်၊ ဟောတိ။

လာဘောတိ–ကား၊ စတုပစ္စယလာဘောဝ–လေးပါးသောပစ္စည်းတို့ကို ရခြင်းပင်တည်း၊ [ဣသာတုန်းက စတုပစ္စယလာဘနှင့်တူသောကြောင့် "လာဘောဝ" ဟု သန္နိဋ္ဌာနာဝဓာရဏ ထည့်သည်၊] တံ–ထို .လာဘ်ကို၊ အညသ္မိံ–မိမိမှ တစ်ပါးသော၊ သီလဝန္တေယေဝ–သီလရှိသော ပုဂ္ဂိုလ်သည်ပင်၊ လဘန္တေ–ရလသော်၊ မာလဘတု–မရပါစေသတည်း၊ ဣတိ–သို့၊ စိန္တေန္တဿ–ကြံစည်သော ပုဂ္ဂိုလ်၏၊ လာဘမစ္ဆရိယံ–လာဘမစ္ဆရိယသည်၊ ဟောတိ၊ ပန–ဆက်၊ ယော–အကြင် ပုဂ္ဂိုလ်သည်၊ သဒ္ဓါဒေယျံ–သဒ္ဓါဖြင့် ပေးလှူအပ်သောပစ္စည်းကို၊ ဝိနိပါတေတိ–ဖောက်ဖောက်ပြန်ပြန် ကျစေ၏၊ (ဖရိုဖရဲဖြစ်စေ၏၊) အပရိဘောဂ

ဒုပ္ပရိဘောဂါဒိဝသေန–မသုံးစွဲခြင်း, မကောင်းသဖြင့်သုံးစွဲခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်၊ ဝိနာသေတိ–ပျက်းစီး၏၊ (ဖျက်စီး၏၊) ပူတိဘာဝံ–ပုပ်ဆွေးသည်၏ အဖြစ်သို့၊ ဂစ္ဆန္တံပိ–ရောက်သော ပစ္စည်းကိုလည်း၊ အညဿ–အခြားပုဂ္ဂိုလ်အား၊ န ဒေတိ–မပေး၊ တံ–ထိုမပေးရက် မသုံးရက်သော ပုဂ္ဂိုလ်ကို၊ ဒိသွာ–မြင်၍၊ ဣမံ–ဤ ပစ္စည်းကို၊ ဧသ–ဤ ပုဂ္ဂိုလ်သည်၊ သစေ န လဘေယျ–အကယ်၍ မရပါမူကား၊ အညော–ဤပုဂ္ဂိုလ်မှ တစ်ပါးသော၊ သီလဝါ–သီလရှိသော ပုဂ္ဂိုလ်သည်၊ (သစေ) လဘေယျ–အကယ်၍ ရပါမူကား၊ (ဧဝံသတိ၊) ပရိဘောဂံ–သုံးဆောင်အပ်သည်၏အဖြစ်သို့၊ ဂစ္ဆေယျ–ရောက်ရာ၏၊ ဣတိ–သို့၊ စိန္တေန္တဿ–ကြံစည်သော ပုဂ္ဂိုလ်၏၊ မစ္ဆရိယံနာမ–မစ္ဆရိယမည်သည်သည်၊ နတ္ထိ။

သရီရဝဏ္ဏောပိ–ကိုယ်အဆင်းသည်လည်းကောင်း၊ ဂုဏဝဏ္ဏောပိ–ဂုဏ် ကျေးဇူးသည်လည်းကောင်း၊ ဝဏ္ဏောနာမ–မည်၏၊ တတ္ထ–ထို သရီရဝဏ္ဏ, ဂုဏဝဏ္ဏနှစ်မျိုးတို့တွင်၊ သရီရဝဏ္ဏေ–ကိုယ်အဆင်း၌၊ မစ္ဆရီ–ဝန်တိုခြင်း ရှိသော၊ ပုဂ္ဂလော–သည်၊ (ဟောတိ၌ စပ်၊) ပရော–တစ်ပါးသော ပုဂ္ဂိုလ်သည်၊ ပါသာဒိကော–ကြည်ညိုခြင်းကို ဖြစ်စေတတ်၏၊ ရူပဝါ–ရုပ်ရှိ၏၊ (ရုပ်ချော၏၊) ဣတိ–သို့၊ ဝုတ္တေ–ပြောဆိုအပ်သော၊ တံ–ထို ဂုဏ်ကို၊ ကထေတုကာမော–ပြောဆိုခြင်းငှာ အလိုရှိသည်၊ န ဟောတိ၊ ဂုဏဝဏ္ဏမစ္ဆရီ–ဂုဏ်ကျေးဇူး၌ ဝန်တိုခြင်းရှိသော ပုဂ္ဂိုလ်သည်၊ သီလေန–သီလအားဖြင့်လည်းကောင်း၊ ဓုတင်္ဂေန–ဓုတင်အားဖြင့်လည်းကောင်း၊ ပဋိပဒါယ–ပဋိပတ်အကျင့်အားဖြင့် လည်းကောင်း၊ အာစာရေန–မျိုးရိုး အကျင့်အားဖြင့်လည်းကောင်း၊ ဝဏ္ဏံ– ဂုဏ်ကျေးဇူးကို၊ ကထေတုကာမော–သည်၊ န ဟောတိ။

ဓမ္မောတိ–ကား၊ ပရိယတ္တိဓမ္မောစ–ပရိယတ္တိဓမ္မသည်လည်းကောင်း၊ ပဋိဝေဓ ဓမ္မောစ–ပဋိဝေဓဓမ္မသည်လည်းကောင်း၊ တတ္ထ–ထို ပရိယတ္တိဓမ္မ, ပဋိဝေဓဓမ္မ တို့တွင်၊ အရိယသာဝကာ–အရိယသာဝကတို့သည်၊ ပဋိဝေဓဓမ္မံ–ထိုးထွင်း၍ သိအပ်ပြီးသော မဂ်ဖိုလ် နိဗ္ဗာန်တရားတို့ကို၊ န မစ္ဆရာယန္တိ–ဝန်မတိုကြကုန်၊ အတ္တနာ–သည်၊ ပဋိဝိဒ္ဓဓမ္မေ–ထိုးထွင်း၍ သိအပ်ပြီးသော မဂ်ဖိုလ် နိဗ္ဗာန်တရား၌၊ [ပဋိဝေဓံ၌ စပ်၊ ရှေးနိဿယ၌ "တို့ကို" ဟု ပေး၏၊ ရှေး၌ "ပဋိဝေဓဓမ္မံ" ဟု ကေဝုစ်ရှိခဲ့သည်၊] သဒေဝကဿ–နတ်နှင့်တကွဖြစ်သော၊ လောကဿ–

---

သဒ္ဓါ ၊ပေ၊ ဝိနာသေတိ။ ။သဒ္ဓါယ+ဒေယျော သဒ္ဓါဒေယျော၊ ကံ ကံ၏ အကျိုးကိုယုံ ကြည်သောသဒ္ဓါတရားဖြင့် ပေးလှူအပ်သောပစ္စည်း၊ ထို ပစ္စည်းကို လုံးလုံးမသုံးစွဲဘဲ ပုပ်သည့်တိုင်အောင် ဆွေးသည့်တိုင်အောင် ထားခြင်း, လူတို့ကို ပေးကမ်းခြင်း, ဝိနည်းနှင့်မလျော်ရာဝယ် သုံးစွဲခြင်းအစရှိသောအားဖြင့် ပျက်စီးစေခြင်း ကို "ဝိနိပါတ"ဟု ခေါ်သည်၊ အပရိဘောဂ ၊ပေ၊ ဝိနာသေတိကား "သဒ္ဓါဒေယျံ ဝိနိပါတေတိ"၏ အဓိပ္ပာယ်ဖွင့်တည်း၊ ဝိနည်း၌ ထိုကဲ့သို့သောပုဂ္ဂိုလ်သည် သဒ္ဓါဒေယျ ဝိနိပါတဒုက္ကဋ် အာပတ်သင့်၏။ ။

သတ္တဝါအပေါင်း၏၊ ပဋိဝေဓံ–ထိုးထွင်း၍ သိခြင်းကို၊ ဣစ္ဆန္တိ–အလိုရှိကြကုန်၏၊ ပန–ထိုသို့ပင် သူတစ်ပါးကို သိစေလိုကြပါသော်လည်း၊ တံ ပဋိဝေဓံ–ထို မိမိရအပ်ပြီးသော ပဋိဝေဓတရားကို၊ ပရေ–တစ်ပါးသော ပုဂ္ဂိုလ်တို့သည်၊ န ဇာနန္တု–မသိပါစေကုန်သတည်း၊ ဣတိ–သို့၊ ဣစ္ဆန္တိ–အလိုရှိကြကုန်၏၊ [မိမိ၏အရိယာဖြစ်ကြောင်းကို အခြားသောသူတို့ မသိစေလိုကြ–ဟူလို၊] ပန–ကား၊ တန္တိဓမ္မေယေဝ–ပါဠိဓမ္မ၌သာ၊ ဓမ္မမစ္ဆရိယံနာမ–ဓမ္မမစ္ဆရိယမည်သည်၊ ဟောတိ၊ [နိဒ္ဒေသနည်းအားဖြင့် "တန္တိဓမ္မ"ကိုသာ ညွှန်ပြသော်လည်း အဋ္ဌကထာ, ဋီကာ, နိဿယအဓိပ္ပာယ်အားလုံး၌ပင် ဓမ္မမစ္ဆရိယဖြစ်နိုင်သည်၊] တေန–ထို ဓမ္မမစ္ဆရိယနှင့်၊ သမန္နာဂတော–သော၊ ပုဂ္ဂလော–သည်၊ ဂုဠှံ–လျှို့ဝှက်အပ်သော၊ ယံဂန္ထံဝါ–အကြင်ပါဠိ ကျမ်းဂန်ကိုသော်လည်းကောင်း၊ [ဂန္ထောတိ ပါဠိ၊] ယံ ကထာမဂ္ဂံဝါ–အကြင် အဋ္ဌကထာအစဉ်ကိုသော်လည်းကောင်း၊ ဇာနာတိ–တတ်သိ၏၊ [ကထာမဂ္ဂေါတိ အဋ္ဌကထာ ပဗန္ဓော–ဋီ၊] တံ–ထို ပါဠိကျမ်းဂန်ကို၊ ဝါ–ထို အဋ္ဌကထာအစဉ်ကို၊ အညံ–အခြားပုဂ္ဂိုလ်ကို၊ ဇာနာပေတုကာမော–သိစေခြင်းငှာ အလိုရှိသည်၊ န ဟောတိ၊ ပန–ဆက်၊ ယော–အကြင် ပုဂ္ဂိုလ်သည်၊ ပုဂ္ဂလံ–ကို၊ ဥပပရိက္ခိတွာ–နှိုင်းချိန်၍၊ ဓမ္မနုဂ္ဂဟေန–ဓမ္မကို ချီးမြှောက်ခြင်းအားဖြင့်သော်လည်းကောင်း၊ ဓမ္မံ–ကို၊ ဥပပရိက္ခိတွာ–၍၊ ပုဂ္ဂလာနုဂ္ဂဟေနဝါ–ပုဂ္ဂိုလ်ကို ချီးမြှောက်ခြင်းအားဖြင့်သော်လည်းကောင်း၊ န ဒေတိ၊ အယံ–ဤ ပုဂ္ဂိုလ်သည်၊ ဓမ္မမစ္ဆရီနာမ န ဟောတိ။

တတ္ထ–ထို ဓမ္မာနုဂ္ဂဟ ပုဂ္ဂလာနုဂ္ဂဟနှစ်မျိုးတို့တွင်၊ ["ဓမ္မာနုဂ္ဂဟေန န ဒေတိ နာမ"စသည်၌ စပ်၊] (တစ်နည်း) တတ္ထ–ထို ပုဂ္ဂိုလ်တို့တွင်၊ [ကေစ္စော ပုဂ္ဂလော စသည်၌ စပ်၊] ကေစ္စော–သော၊ ပုဂ္ဂလော–သည်၊ လောလော–လျှပ်ပေါ်လော်လီသည်၊ ဟောတိ၊ ကာလေန–တစ်ရံတစ်ခါ၌၊ သမဏော–သည်၊ ဟောတိ–ဖြစ်၏၊ ကာလေန–၌၊ ဗြာဟ္မဏော–ပုဏ္ဏားသည်၊ (ဟောတိ၊) ကာလေန–၌၊ နိဂဏ္ဌော–နိဂဏ္ဌသည်၊ (ဟောတိ၊) [ကေစ္စော ပုဂ္ဂလော လောလော ဟောတိကို "ကာလေန သမဏော ဟောတိ"စသည်ဖြင့် ဖွင့်သည်၊] ဟိ–ဆက်၊ [ယောဇနာ၌ ဟိကို ဝိသေသတ္ထဟု ဖွင့်၏၊] ယောဘိက္ခု–သည်၊ (န ဒေတိ၌ စပ်၊) အယံပုဂ္ဂလော–ဤ လျှပ်ပေါ်လော်လီသော ပုဂ္ဂိုလ်သည်၊ ("အာလုဋိဿတိ"၌ စပ်၊) ပဝေဏိအာဂတံ–အစဉ်အဆက်အားဖြင့်လာသော၊ တန္တိံ–ပါဠိကိုလည်းကောင်း၊ သဏှံ–သိမ်မွေ့သော၊ သုခုမံ–နူးညံ့သော၊ ဓမ္မန္တရံ–တရားတစ်မျိုးကိုလည်းကောင်း၊ ဘိန္ဒိတွာ–ဖျက်ဆီး၍၊ အာလုဋိဿတိ–မွှေနှောက်ချောက်ချားလတံ့၊ ဣတိ–ဤသို့ကြံ၍၊ န ဒေတိ၊ အယံ–ဤ ပုဂ္ဂိုလ်သည်၊ ပုဂ္ဂလံ–ကို၊ ဥပပရိက္ခိတွာ–၍၊ ဓမ္မာနုဂ္ဂဟေန–အားဖြင့်၊ န ဒေတိနာမ–မပေးသူမည်၏။

ပန–ကား၊ ယော–အကြင် ပုဂ္ဂိုလ်သည်၊ (နဒေတိ၌ စပ်၊) အယံဓမ္မော–ဤ တရားတော်သည်၊ သဏှော–သိမ်မွေ့၏၊ သုခုမော–နူးညံ့၏၊ အယံ ပုဂ္ဂလော–

သည်၊ (ဣမံ ဓမ္မံ–ကို၊) သစေ ဂဏှိသတိ–အကယ်၍ သင်ယူလတ့်အံ့၊ (ဓေံ သတိ–ဤသို့ သင်ယူလသော်၊) အညံ–အရဟတ္တဖိုလ်ကို၊ ဗျာကရိတွာ–ဖြေဆို၍၊ အတ္တာနံ–မိမိကို၊ အံာဝိကတွာ–ထင်စွာပြု၍၊ (ထင်ရှားအောင်လုပ်၍၊) နသိသတိ–ပျက်းစီးရာတော့လတ့်၊ [ဥတ္တရိမနုဿဓမ္မကိုပြော၍ ပါရာဇိက ကျရှာတော့လတ့်၊] ဣတိ–ဤသို့ ကြံ၍၊ န ဒေတိ၊ အယံ–ဤ ပုဂ္ဂိုလ်သည်၊ ဓမ္မံ–ကို၊ ဥပပရိက္ခိတွာ–၍၊ ပုဂ္ဂလာနုဂ္ဂဟေန–အားဖြင့်၊ န ဒေတိနာမ၊ ပန်–ကား၊ ယော–အကြင် ပုဂ္ဂိုလ်သည်၊ အယံ–ဤ ပုဂ္ဂိုလ်သည်၊ ဣမံ ဓမ္မံ–ကို၊ သစေ ဂဏှိသတိ–အံ့၊ (ဓေံသတိ၊) အမှာကံ–ငါတို့၏၊ သမယံ–အယူကို၊ ဘိန္ဒိတုံ–ဖျက်ဆီးခြင်းငှာ၊ သမတ္ထော–စွမ်းနိုင်သူသည်၊ ဘဝိဿတိ၊ ဣတိ–ဤသို့ ကြံ၍၊ န ဒေတိ၊ အယံ–ဤ ပုဂ္ဂိုလ်သည်၊ ဓမ္မမစ္ဆရိနာမ–တရား၌ ဝန်တိုခြင်းရှိသူမည်သည်၊ ဟောတိ။

ပဉ္စသု–န်သော၊ ဣမေသု မစ္ဆရိယေသု–တို့တွင်၊ တာဝ–ကုလမစ္ဆရိယ စသည်တို့မှ ရှေးဦးစွာ၊ (နိန္ဒိဋ္ဌေန–သော၊) အာဝါသမစ္ဆရိယေန–ကြောင့်၊ ယက္ခောဝါ–ဘီးလူးစသည်သော်လည်းကောင်း၊ ပေတောဝါ–ပြိတ္တာသည်သော် လည်းကောင်း၊ ဟုတွာ, တဿေဝ အာဝါသဿ–ထို ကျောင်း၏ပင်၊ သင်္ကာရံ–အမှိုက်ကို၊ သီသေန–ဦးခေါင်းဖြင့်၊ ဥပက္ခိတွာ–ချီမြှောက်၍၊ (ရွက်၍၊) ဝိစရတိ–လှည့်လည်ရတတ်၏၊ ကုလမစ္ဆရိယေန–ကြောင့်၊ တသ္မိံ ကုသလေ–ထို အမျိုးသည်၊ အညေသံ–အခြားသော ပုဂ္ဂိုလ်တို့အား၊ ဒါနမာနနာဒီနိ–ပေးလှူခြင်း, မြတ်နိုးခြင်း အစရှိသည်တို့ကို၊ ကရောန္တေ–ပြုလသော်၊ ဒိသွာ–မြင်၍၊ [“တသ္မိံ ကုသလေ, ကရောန္တေ”နေရာဝယ် “တံကုလံ, ကရောန္တံ”ဟုရှိလျှင် ကောင်းမည်၊] မမ–ငါ၏၊ ဣဒံကုလံ–ဤ အမျိုးသည်၊ ဘိန္နံဝတ–ပျက်စီးချေပေါ့တကား၊ ဣတိ–သို့၊ စိန္တယတော–ကြံစည်သော ပုဂ္ဂိုလ်၏၊ လောဟိတမ္ပိ–သွေးသော်မှလည်း၊ မုခတော–ခံတွင်းမှ၊ ဥဂ္ဂစ္ဆတိ–အန်ထွက်တတ်၏၊ ကုစ္ဆိ ဝိရေစနမ္ပိ–ဝမ်း၏ လျှောသက်ခြင်းသည်သော်လည်း၊ ဟောတိ–ဖြစ်တတ်၏၊ အန္တာနိပိ–အူတို့ သော်မှလည်း၊ ခဏ္ဍာခဏ္ဍာနိ–အပိုင်းအပိုင်းတို့သည်၊ ဟုတွာ, နိက္ခမန္တိ–ထွက်တတ်ကုန်၏၊ လာဘမစ္ဆရိယေန–ကြောင့်၊ သံဃဿဝါ–၏ သော်လည်းကောင်း၊ ဂဏဿဝါ–၏သော်လည်းကောင်း၊ သန္တကေ–ဥစ္စာ ဖြစ်သော၊ လာဘေ–လာဘ်၌၊ မစ္ဆာရာယိတွာ–ဝန်တို၍၊ (အခြားသံဃာ, အခြား ပုဂ္ဂိုလ်သုံးသွားစွဲမည်ကို ဝန်တို၍၊) ပုဂ္ဂလိကပရိဘောဂံဝိယ–ပုဂ္ဂလိကပစ္စည်းကို သုံးဆောင်ခြင်းကိုကဲ့သို့၊ ပရိဘုဉ္ဇိတွာ–သုံးဆောင်၍၊ (ကိုယ်တစ်ယောက်တည်း သုံးဆောင်၍၊) ယက္ခောဝါ–သည်သော်လည်းကောင်း၊ ပေတောဝါ–သည်သော် လည်းကောင်း၊ မဟာအဇဂရောဝါ–စပါးကြီး မြွေကြီးသည်သော်လည်းကောင်း၊ ဟုတွာ၊ နိဗ္ဗတ္တတိ–ဖြစ်ရတတ်၏။

သရီရဝဏ္ဏ ဂုဏဝဏ္ဏမစ္ဆရေန–ကိုယ်အဆင်း, ဂုဏ်ကျေးဇူး၌ ဝန်တိုခြင်း ကြောင့်လည်းကောင်း၊ ပရိယတ္တိဓမ္မ မစ္ဆရိယေနစ–ပရိယတ်တရား၌ ဝန်တိုခြင်း

ကြောင့်လည်းကောင်း၊ အတ္တနောဝ–မိမိ၏သာလျှင်၊ ဝဏ္ဏံ–အဆင်းကို၊ ဝါ–ဂုဏ်ကျေးဇူးကို၊ ဝဏ္ဏေတိ–ချီးမွမ်း၏၊ ပရေသံ–သူတစ်ပါးတို့၏၊ ဝဏ္ဏေ–အဆင်း၌၊ ဝါ–ဂုဏ်ကျေးဇူး၌၊ (ဒေါသံ ဝဒန္တော၌ စပ်၊) သော–ဤအဆင်းသည်၊ ကိံဝဏ္ဏော–အဘယ်အဆင်းတဲ့နည်း၊ (တစ်နည်း) သော–ဤဂုဏ်ကျေးဇူးသည်၊ ကိံ ဝဏ္ဏော–အဘယ်ကျေးဇူးတဲ့နည်း၊ ဣတိ–သို့၊ တံတံ ဒေါသံ–ထိုထိုအပြစ်ကို၊ ဝဒန္တော–ပြောဆိုသည်၊ (ဟုတွာစ–ဖြစ်၍လည်းကောင်း၊ ဝါ–ဖြစ်ခြင်းကြောင့်လည်းကောင်း၊) ပရိယတ္တိဓမ္မံ–ပရိယတ်တရားကို၊ ကဿစိ–တစ်စုံတစ်ယောက်အား၊ ကိဉ္စိ–တစ်စုံတစ်ခုသောတရားကို၊ အဒေန္တော–မပေးသည်၊ (ဟုတွာ)စ–၍လည်းကောင်း၊ ဝါ–ကြောင့်လည်းကောင်း၊ ဒုဗ္ဗဏ္ဏောစေဝ–မကောင်းသော အဆင်းရှိသည်လည်းကောင်း၊ ဝါ–မကောင်းသော ဂုဏ်သတင်းရှိသည်လည်းကောင်း၊ ဧဠမူဂေါစ–အရိယိုသော ခံတွင်းရှိသည်လည်းကောင်း၊ (သွားရည်တမျှားမျှားကျသော ခံတွင်းရှိသည်လည်းကောင်း၊) ဟောတိ–၏။

အပိစ–သည်သာ မကသေး၊ အာဝါသမစ္ဆရိယေန–ကြောင့်၊ လောဟဂေဟေ–သံအိမ်၌၊ ပစ္စတိ–ကျက်ရ၏၊ ကုလမစ္ဆရိယေန–ကြောင့်၊ အပ္ပလာဘော–နည်းသော လာဘ်ရှိသည်၊ ဟောတိ–ဖြစ်ရ၏၊ လာဘမစ္ဆရိယေန–ကြောင့်၊ ဂူထနိရယေ–ဘင်ပုပ်ငရဲ၌၊ နိဗ္ဗတ္တတိ–ဖြစ်ရ၏၊ ဝဏ္ဏမစ္ဆရိယေန–ကြောင့်၊ ဘဝေဘဝေ–ဘဝတိုင်းဘဝတိုင်း၌၊ နိဗ္ဗတ္တဿ–ဖြစ်ရသူ၏၊ ["ဘဝေ နိဗ္ဗတ္တဿ" ဟုရှိလျှင် ကောင်းမည်ထင်သည်၊ "သံသရာဘဝ၌ဖြစ်ရသူမှာ"ဟု ဆိုလိုသည်၊] ဝဏ္ဏောနာမ–အဆင်းမည်သည်၊ ဝါ–ဂုဏ်သတင်းမည်သည်၊ န ဟောတိ–မရှိ၊ ဓမ္မမစ္ဆရိယေန–ကြောင့်၊ ကုက္ကုဠနိရယေ–ပြာပူငရဲ၌၊ နိဗ္ဗတ္တတိ–ဖြစ်ရ၏၊ ဣတိ–ဤသို့ မှတ်အပ်၏။

မစ္ဆရာယနဝသေန–ဝန်တိုမှုဖြစ်ခြင်း၏အစွမ်းကြောင့်၊ မစ္ဆေရံ–မစ္ဆေရမည်၏၊ မစ္ဆရာယနာကာရော–ဝန်တိုမှုဖြစ်ခြင်းဟူသော အခြင်းအရာသည်၊ မစ္ဆရာယနာ–မည်၏၊ မစ္ဆေရေန–ဝန်တိုခြင်းဖြင့်၊ အယိတဿ–ဖြစ်သောပုဂ္ဂိုလ်၏၊ မစ္ဆေရသမင်္ဂိနော–ဝန်တိုခြင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏၊ [မစ္ဆေရေန အယိတဿကို အဓိပ္ပာယ်ဖွင့်သည်၊] ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတည်း၊ မစ္ဆရာယိတတ္တံ–

---

ကိံဝဏ္ဏော ။ပေ၊ ဟောတိ။ ။ယောဇနာ၌ "သော ဧနော ကိံဝဏ္ဏောတိ ဝတွာ"ဟု ဆို၍ "ကော ဝဏ္ဏော ယဿာတိ ကိံဝဏ္ဏော"ဟု ဗဟုဗ္ဗီဟိ ပြုလေသည်၊ ထိုအလို "သော–ဤသူသည်၊ ကိံဝဏ္ဏော–အဘယ်အဆင်းရှိသူနည်း"ဟု ပေး၊ ပရေသံဝဏ္ဏေကို ကြည့်၍ "သော–ဤအဆင်းသည်၊ ကိံဝဏ္ဏော–အဘယ်အဆင်းတဲ့နည်း၊ (သရီရဝဏ္ဏအတွက်၊) သော–ဤဂုဏ်ကျေးဇူးသည်၊ ကိံဝဏ္ဏော–အဘယ်ဂုဏ်ကျေးဇူးတဲ့နည်း၊ (ဂုဏဝဏ္ဏအတွက်၊) ဤသို့ နှစ်နက်ပေးမှ အဋ္ဌကထာဆရာ၏ အဘော်ကျမည် ထင်သည်၊ ဒုဗ္ဗဏ္ဏောစေဝကား သရီရဝဏ္ဏ ဂုဏဝဏ္ဏမစ္ဆရိယ၏ အကျိုးတည်း၊ "ဧဠမူဂေါစ"ကား ပရိယတ္တိဓမ္မမစ္ဆရိယ၏ အကျိုးတည်း။

ဝန်တိုခြင်းဖြင့်ဖြစ်သော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာ၊ သမ္ပတ္တိယော–စည်းစိမ်တို့သည်၊] မယှမေဝ–ငါ၏ (ဥစ္စာသည်သာ၊) ဟောန္တု–ဖြစ်စေကုန်သတည်း၊ အညဿ–အခြားသူ၏ (ဥစ္စာသည်၊) မာဟောန္တု–မဖြစ်ပါစေကုန်လင့်၊ ဣတိ–သို့၊ သဗ္ဗာပိ–န်သော၊ အတ္တနော–၏၊ သမ္ပတ္တိယာ–တို့ကို၊ ဗျာပေတုံ–အခြားသူ၌ နှံ့စေခြင်းငှာ၊ နက္ခမတိ–အလိုမရှိ၊ ဣတိ–ကြောင့်၊ ဝိဝိစ္ဆော–ဝိဝိစ္ဆမည်၏၊ ဝိဝိစ္ဆဿ–အခြားသူ၌ နှံ့စေခြင်းငှာ အလိုမရှိသူ၏၊ ဘာဝေါ–တည်း၊ ဝေဝိစ္ဆံ–အခြားသူ၌ နှံ့စေခြင်းငှာ အလိုမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ၊ ဇတံ–ဤဝေဝိစ္ဆဟူသော အမည်သည်၊ မုဒုမစ္ဆရိယဿ–နုံးညံ့သော မစ္ဆရိယမည်၏၊ နာမံ–တည်း။

အနာဒရော–ပေးကမ်းမှု၌ လေးစားခြင်းမရှိသူကို၊ ကဒရိယော–ကဒရိယဟူ၍၊ ဝုစ္စတိ–၏၊ တဿ–ထို ပေးကမ်းမှု လေးစားခြင်းမရှိသူ၏၊ ဘာဝေါ–တည်း၊ ကဒရိယံ–ရာ၊ ဇတံ–ဤ ကဒရိယဟူသော အမည်သည်၊ ထဒ္ဓမစ္ဆရိယဿ–ကြမ်းတမ်းသော မစ္ဆရိယ၏၊ နာမံ–တည်း၊ ဟိ–မှန်၊ တေန–ထို ကဒရိယမစ္ဆရိယနှင့်၊ သမန္နာဂတော–သော၊ ပုဂ္ဂလော–သည်၊ ပရမ္ပိ–သူတစ်ပါးကိုလည်း၊

---

**ဝေဝိစ္ဆံ**။ ။ဝိစ္ဆာဒ္ဓ ဝိသဒ္ဒါသည် ဗျာပန (ပြန့်နှံ့စေခြင်း) အနက်ဟောတည်း၊ ဗျာပေတုံ–ဣစ္ဆာ ဝိစ္ဆာ=ပြန့်နှံ့စေခြင်းငှာအလို၊ ဝါ–ပြန့်နှံ့စေလိုခြင်း၊ ရှေ့ဝိသဒ္ဒါသည် အဘာဝ (မရှိခြင်း) ပဋိသေဓအနက်ကို ဟော၏၊ နတ္ထိ+ဝိစ္ဆာ ယဿာတိ ဝိဝိစ္ဆော၊ ပြန့်နှံ့စေခြင်းငှာ အလိုမရှိသူ၊ ဤသို့ပြုမှ ရိုးရာကျ၏၊ "ဗျာပေတုံ န ဣစ္ဆတီတိ"ကား ဝိဂြိုဟ်ပြသာတည်း၊ မှန်၏၊ ဆန္ဒီအဿတ္ထိ–ဗဟုဗ္ဗီဟိဝိဂ္ဂဟများသည် ကတ္တုသာဓနနှင့် သဘောတူ၏၊ တဿီလတ္ထပစ္စည်းတို့ ကတ္တုသာဓနဟောပုံကို သတိပြုပါ၊ ရှေးနိဿယတို့၌ "ဗျာပိတုံ+ဣစ္ဆတိ တိ ဝိစ္ဆော၊ န+ဝိစ္ဆော ဝိဝိစ္ဆော"ဟု ပြု၏၊] ဝိဝိစ္ဆဿ+ဘာဝေါ ဝေဝိစ္ဆံ၌ကား ဘောအနက်ဟော ဏပစ္စည်းသက်။

**ကဒရိယော** ၊ပေ၊ **အနာဒရော**။ ။အနာဒရောကို "မစ္ဆရိယေန ဒါနေ အာဒရရဟိတော=မစ္ဆရိယကြောင့် ပေးကမ်းခြင်း၌ လေးစားခြင်းမှကင်းသူ"ဟု ဋီကာဖွင့်၏၊ "နတ္ထိ+အာဒရော ယဿာတိ အနာဒရော"ဟု ပြုပါ၊ ထိုအနာဒရပုဂ္ဂိုလ်ကို "ကဒရိယ" ဟု ခေါ်ရာ၌ကား ဝိဂြိုဟ်ဝါကျ ကြံဖွယ်မလို၊ အထင်ရှဋ္ဌိသဒ္ဒါဟု သိစေလို၍ ဝုစ္စတိ ဟု ဖွင့်သည်၊ [သက္ကတ၌ "ကဒရ်ယျ"ဟု ရှိ၏၊ "အရ်ယျ"သည် ပါဠိ၌ "အဗ္ဗော+ယဿ အတ္ထီတိ အတ္ထိယော=ဥစ္စာရှိသူ, ဥစ္စာရှင်"ဟု ဖြစ်၏၊ ကုစ္ဆိတော+အတ္ထိယော ကဒတ္ထိယော–(ပေးကမ်းမှု မရှိသည့်အတွက်) စက်ဆုပ်ဖွယ်ကောင်းသော ဥစ္စာရှင်၊ ထို"ကဒရ်ယျ–ကဒတ္ထိယ"မှ ပါဠိ၌ "ကဒရိယ"ဖြစ်လာသည်ဟု ကြံသင့်၏၊] ရှေးနိဿယ၌ "ကုစ္ဆိတော+အရိယော–သတ္တဝါတည်း၊ ကဒရိယော"ဟု ပြုလေသည်။

**ထဒ္ဓ မစ္ဆရိယ**။ ။မိမိဥစ္စာကို သူတစ်ပါး၌ မပျံ့နှံ့စေလို (မပေးလို)သော မစ္ဆရိယသည် အလွန်ဆိုးဝါးသော မစ္ဆရိယမဟုတ်သောကြောင့် မုဒုမစ္ဆရိယမည်၏၊ ဤကဒရိယမစ္ဆရိယကား သူတစ်ပါးပေးနေသည်ကိုပင် တားမြစ်လောက်အောင် ကြမ်းတမ်းသောကြောင့် ထဒ္ဓမစ္ဆရိယဖြစ်သည်။

ပရေသံ–သူတစ်ပါးတို့အား၊ ဒဒမာနံ–ပေးနေသည်ကို၊ နိဝါရေတိ–တားမြစ်တတ်သေး၏၊ (ပိတ်ပင်တတ်သေး၏၊) စ–သာဓကကား၊ ကဒရိယော ၊ပေ၊ ဘောဇနံ တိ–ဟူသော၊ တေ–ဤဂါထာစကားကို၊ (ဘဂဝတာ)ပိ–သည်လည်း၊ ဝုတ္တံ–ပြီ။

[ကဒရိယော–မပေးရက်သဖြင့် စက်ဆုပ်ဖွယ် ဥစ္စာရှင်ဖြစ်သော၊ (ရှေးနိဿယ၌ "စက်ဆုပ်ဖွယ် သတ္တဝါဖြစ်သော"ဟု ပေး၏၊) ပါပသင်္ကပ္ပေါ–ယုတ်မာသော အကြံအစည်ရှိသော၊ မိစ္ဆာဒိဋ္ဌိ–မှားသော အယူရှိသော၊ [မိစ္ဆာ+ဒိဋ္ဌိ ယဿာတိ မိစ္ဆာဒိဋ္ဌိ၊ ဂါထာဖြစ်၍ "မိစ္ဆာဒိဋ္ဌိကော"ဟု မရှိဘဲ မိစ္ဆာဒိဋ္ဌိဟု ရှိရသည်၊] အနာဒရော–ပေးကမ်းမှု၌ လေးစားခြင်းမရှိသော၊ (ပုဂ္ဂလော–သည်၊) ယာစ မာနာနံ–တောင်းလာသူတို့အား၊ (ဂါထာဖြစ်၍ ဆန္ဒာနုရက္ခဏာ နိဂ္ဂဟိတ်ချေထားသည်၊] ဘောဇနံ–အစားအသောက်ကို၊ ဒဒမာနံ–ပေးသူကို၊ နိဝါရေတိ–တားမြစ်တတ်သေး၏၊ (ပိတ်ပင်တတ်သေး၏၊) သဂါထာဝဂ္ဂ–ကောသလသံယုတ်–တတိယဝဂ်, ပုဂ္ဂလသုတ်။]

ယာစကေ–တောင်းလာသူတို့ကို၊ ဒိသွာ–မြင်၍၊ ဝါ–မြင်လသော်၊ ကဋုက ဘာဝေန–ခါးစပ်သည်၏အဖြစ်ကြောင့်၊ စိတ္တံ–ကို၊ အဥ္စတိ သင်္ကောစေတိ–တွန့်စေ၏၊ ဣတိ, ကဋုကဉ္စကော–မည်၏၊ တဿ–ထိုခါးစပ်သည့်အတွက် စိတ်ကို တွန့်စေသောပုဂ္ဂိုလ်၏၊ ဘာဝေါ–တည်း၊ ကဋုကဉ္စုကတာ–ရာ၊ အပရော နယော–တစ်နည်းကား၊ ကဋ္ဆုဂ္ဂါဟော–ဖွန်းဖျားဖြင့် ထမင်းရူးခြင်းကို၊ (ထမင်းရူးယူကြောင်း ဖွန်းဖျားကို၊) ကဋုကဉ္စုကတာ–ဟူ၍၊ ဝုစ္စတိ၊ ဟိ–ချဲ့၊

---

**ကဋုကဉ္စုကတာ။** ။အဥ္စဓာတ်သည် ဂတိအနက်ကို ဟော၏၊ ကာရိတ်ပစ္စည်း အကြေ၊ "သွားစေ"ဟူသည် တွန့်သွားစေခြင်းတည်း၊ ထို့ကြောင့် "သင်္ကောစေတိ"ဟု အဓိပ္ပာယတ္ထ ဖွင့်သည်၊ စိတ္တံ–ကို၊ အဥ္စေတိ–တွန့်သွားစေတတ်၏၊ ဣတိ အဥ္စကော၊ ဏျုပစ္စည်း "အဥ္စကော"ဟု ရှိသင့်၏၊ သို့သော် စာအုပ်တို့၌ "အဥ္စုကော"ဟု ရှိသော ကြောင့် ဏုကပစ္စည်းဟု ကြံပါ၊ ကဋုကေန–ခါးစပ်သည်၏အဖြစ်ကြောင့်၊ (ဘာဝပ္ပ ဓာန၊) အဥ္စကော–စိတ်ကို တွန့်သွားစေတတ်သော ပုဂ္ဂိုလ်တည်း၊ ကဋုကဉ္စုကော၊ တဿ+ဘာဝေါ ကဋုကဉ္စုကတာ၊ ငရုတ်သီးပါသော အစာကိုစားရာ၌ ငရုတ်သီး၏ ခါးစပ်ခြင်းကြောင့် နောက်တွန့်သွားသကဲ့သို့, ထို့အတူ ယာစကတို့ကို မြင်သော အခါ ခါးစပ်သကဲ့သို့ ထင်ရသောကြောင့် စိတ်ကို တွန့်သွားစေတတ်သည်၊ ကိုသို့ တွန့်သွားစေခြင်း၏ ဖြစ်ကြောင်းတရားဟူသည် ဤမစ္ဆရိယပင်တည်း၊ [ရှေးနိဿယ၌ "ကဋုကဘာဝေန–အမှိုက်ဝင်သကဲ့သို့ မျက်စိစပ်သည်အဖြစ်ဖြင့်"ဟု ပေးလေသည်။

**အပရောနယော။** ။ဤနည်း၌ကား ပုဒ်ပြီးပုံကို အထူးမစိစစ်ဘဲ ကဋုကဉ္စုက သဒ္ဒါ၏ ကဋ္ဆုဂ္ဂါဟအနက်ကိုဟောသော အနိပ္ဖန္နပါဋိပဒိကပုဒ်ဖြစ်ကြောင်းကို ပြလို၍ "ဝုစ္စတိ"ကြိယာဖြင့် မိန့်သည်၊ ဋီကာ၌ "ကဋ္ဆုဂ္ဂါဟော ဝိယာတိ ကဋ္ဆုဂ္ဂါဟော"ဟု ဥပမာတဒ္ဓိတ် ဖွင့်၏၊ ထို့ကြောင့် "သမတိတ္တိက ပုဏ္ဏာယ"စသော အကျယ်ဝါကျ၌

သမတိတ္တိက ပုဏ္ဏာယ–နခမ်းအရစ်နှင့် အညီအမျှပြည့်သော၊ ဥက္ခလိယာ–ထမင်းအိုး၌၊ ဘတ္တံ–ထမင်းကို၊ ဂဏှန္တော–ချီးယူသူသည်၊ သဗ္ဗတောဘာဂေန–အလုံးစုံသော အဖို့အားဖြင့်၊ (ပတ်ဝန်းကျင်အားလုံး၌၊) သင်္ကုစိတေန–ကောင်းစွာကုပ်သော၊ (ကုပ်သည့်အတွက် အဖျားတွန့်သော၊) [“သင်္ကုစိတေန–တွန့်သော”ဟုလည်း မှုကွဲရှိ၏။] အဂ္ဂကဋ္ဌစ္ဆုနာ–အဖျားဖြစ်သော ဇွန်းဖြင့်၊ ဂဏှာတိ–ချီးယူအံ့၊ (ဧဝံသတိ–သော၊) ပူရေတွာ–ဇွန်းတစ်ခုလုံးကို ပြည့်စေ၍၊ ဂဟေတုံ–ချီးယူခြင်းငှာ၊ န သက္ကောတိ (ယထာ)–မစွမ်းနိုင်သကဲ့သို့၊ ဧဝံ–တူ၊ မစ္ဆရိပုဂ္ဂလဿ–ဝန်တိုခြင်းရှိသော ပုဂ္ဂိုလ်၏၊ စိတ္တံ–သည်၊ သင်္ကုစတိ–ထက်ဝန်းကျင် တွန့်နေ၏၊ တသ္မိံ–ထို စိတ်သည်၊ သင်္ကုစိတေ–ထက်ဝန်းကျင် တွန့်လသော်၊ ကာယောပိ–ကိုယ်သည်လည်း၊ တထေဝ–ထို စိတ်အတူသာလျှင်၊ သင်္ကုစတိ–တွန့်၏၊ ပဋိကုဋ္ဋတိ–ဆုတ်၏၊ ပတိနိဝတ္တတိ–နစ်၏၊ န သမ္ပသာရယတိ–ကောင်းစွာမပြန့်၊ ဣတိ–ကြောင့်၊ မစ္ဆေရံ–မစ္ဆေရကို၊ ကဋ္ဌုကဉ္စုကတာ တိ–ဟူ၍၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ။

---

န သက္ကောတိတိုင်အောင် ဥပမာနဝါကျ၊ ဧဝံစသည်ကို ဥပမေယျဝါကျဟု ခွဲပါ၊ ဇွန်းကကုပ်နေ (တွန့်နေ)သောကြောင့် ထို ဇွန်း၏အဖျားဖြင့် ထမင်းကို ကော်ခတ်ယူသော အခါ ဇွန်းပြည့်အောင် မယူနိုင်သကဲ့သို့, ထို့အတူ မစ္ဆရိယရှိသော ပုဂ္ဂိုလ်သည်း အာဝါသစသည်တို့၌ သိမ်းပိုက်ထားသောကြောင့် ပြန့်ပြန့်ပြူးပြူးမရှိဘဲ တွန့်နေသလို ဖြစ်သည်ဟု ဆိုလိုသည်။

**သဗ္ဗတော ၊ပေ၊ န သက္ကောတိ။** ။“သဗ္ဗတော ဘာဂေန သင်္ကုဋ္ဌိတေန” ဟူသည် ဇွန်းအဖျားဝယ် ကုပ်နေ (တွန့်နေ)သော ဇွန်းတည်း၊ “ယောက်မ”ဟုလည်း ပေးကြ၏၊ သီဟိုဠ်မူ၌ “အဂ္ဂဂ္ဂကဋ္ဌစ္ဆုနာ–အဖျားအဖျားဖြစ်သော ဇွန်းဖြင့်”ဟု ဝိစ္ဆာ ရှိ၏၊ ထိုဇွန်းဖြင့် အထပ်ထပ်ခပ်ယူသည်ဟု ဆိုလိုဟန်တူ၏၊ အထပ်ထပ်ကော်ခပ်၍ ယူသော်လည်း ထိုဇွန်း (ယောက်မ)ကို ပြည့်အောင်ယူ၍ မရနိုင်–ဟူလို၊ [ယထာဟိ ကဋ္ဌစ္ဆုဂ္ဂါဟော ယထာဝုတ္တော ဘတ္တေ န သမ္ပသာရယတိ၊ ဧဝံ မစ္ဆရိယမ္ပိ အာဝါသာ ဒီသုတိ၊–ဋီကာ၊] ဤဥပမာ၌ မစ္ဆရိပုဂ္ဂိုလ်၏ စိတ်တွန့်နေပုံသည် အဂ္ဂကဋ္ဌစ္ဆု၏ တွန့်နေပုံနှင့်တူ၏၊ စိတ်၏တွန့်ခြင်းကြောင့် တစ်ကိုယ်လုံး ပေးကမ်း စွန့်ကြဲရာ၌ တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေခြင်း မပြန့်နှံ့ခြင်းသည် အဂ္ဂကဋ္ဌစ္ဆု၏ မပြန့်ခြင်းနှင့်တူ၏၊ ထိုသို့ ဖြစ်ရခြင်းသည် မစ္ဆရိယကြောင့်ဖြစ်ရကား မစ္ဆရိယကို “ကဋ္ဌုကဉ္စုကဿ+ဘာဝေါ ကဋ္ဌုကဉ္စုကတာ”ဟု ဆိုသည်။

**ပါဠိတော်အနက်ပေးပုံ။** ။“ယာ ကဋ္ဌုကဉ္စုကတာ–အကြင် တောင်းရမ်းသူ တို့ကိုမြင်လျှင် ခါးစပ်သည်၏အဖြစ်ကြောင့် စိတ်ကို တွန့်စေတတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (တစ်နည်း) ယာ ကဋ္ဌုကဉ္စုကတာ–အကြင် ဇွန်းအဖျားဖြင့် ထမင်းကို ချီးယူခြင်းကဲ့သို့ မပြန့်နှံ့သောစိတ် ကိုယ်တို့၏ဖြစ်ကြောင်းဖြစ်ရာ သဘော တရားသည်”ဟု ပါဠိတော်၌ အနက်ပေးပါ။

အဂ္ဂဟိတတ္တံ စိတ္တသာတိ–ကား၊ ပရေသံ–သူတစ်ပါးတို့အား၊ ဥပကာရ ကရဏေ–လျော်သောကျေးဇူးကို ပြုခြင်း၌၊ ဒါနာဒိနာ–ပေးခြင်း အစရှိသော၊ အာကာရေန–အခြင်းအရာအားဖြင့်၊ ယထာ–အကြင် အခြင်းအရာအားဖြင့် ပိတ်ချုပ်အပ်သော်၊ န သမ္ပသာရယတိ–မပြန့်နှံ့၊ စေ–ဤသို့ မပြန့်နှံ့လောက် အောင်သော အခြင်းအရာအားဖြင့်၊ စိတ္တဿ–၏၊ ဝါ–ကို၊ အာဝရိတ္တာ–ပိတ်ချုပ်၍၊ ဂဟိတဘာဝေါ–ယူအပ်သည်၏အဖြစ်သည်၊ (အတ္ထိ၊) ပန–ဆက်၊ ယသ္မာ–ကြောင့်၊ မစ္ဆရီ–ဝန်တိုခြင်းရှိသော၊ ပုဂ္ဂလော–သည်၊ အတ္တနော–၏၊ သန္တကံ–ဥစ္စာကို၊ ပရေသံ–တို့အား၊ အဒါတုကာမော–ပေးခြင်းငှာ အလိုမရှိသည်၊ ဟောတိ၊ ပရသန္တကံ–သူတစ်ပါးဥစ္စာကို၊ ဂဏှိတုကာမော–ယူခြင်းငှာ အလို ရှိသည်၊ ဟောတိ၊ တသ္မာ–ကြောင့်၊ ဣဒံ အစ္ဆရိယံ–ဤအံ့ဩဖွယ်ကောင်းသော ပစ္စည်း သည်၊ (အာဝါသစသည်သည်၊) မယှမေဝ–ငါ၏ဥစ္စာသည်သာ၊ ဟောတု–ဖြစ်ပါစေသတည်း၊ အညဿ–အခြားသူ၏ဥစ္စာသည်၊ မာ (ဟောတု)–မဖြစ် ပါစေသတည်း၊ ဣတိ–သို့၊ ပဝတ္တိဝသေန–ဖြစ်ခြင်း၏အစွမ်းကြောင့်၊ အဿ– ထိုမစ္ဆရိယ၏၊ အတ္တ ၊ပေ၊ လက္ခဏတာ–မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်းလက္ခဏာ ရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ အတ္တသမ္ပတ္တိဂ္ဂဟဏ လက္ခဏတာဝါ– မိမိစည်းစိမ်ကို ယူခြင်းလက္ခဏာရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ ဝေဒိတဗ္ဗာ– ၏၊ ဣမသ္မိံ ဂေါစ္ဆကေ–၌၊ သေသံ–ကြွင်းသော ပုဒ်အပေါင်းသည်၊ ဥတ္တာ နတ္ထမေဝ–သာ။

---

**အဂ္ဂဟိတတ္တံ**။ ။"အာ+ဂဟိတ"ဟု ခွဲ၊ အာ ဥပသာရသည် အာဝရဏအနက် ဟောတည်း၊ ထို့ကြောင့် "အာဝရိတ္တာ+ဂဟိတဘာဝေါ"ဟု ဖွင့်သည်၊ သူတစ်ပါးတို့ အား လျော်သောကျေးဇူးကို ပြုရာ၌ စွန့်ကြဲပေးကမ်းခြင်းစသော အခြင်းအရာအားဖြင့် မပြန့်နှံ့လောက်အောင် (ဒါနစသည် မပြုဖြစ်အောင်) စိတ်ကို ပိတ်ချုပ်၍ ယူထားနိုင် သော သဘောတရား။

**ပရသန္တကံ ဂဏှိတုကာမော**။ ။ဤစကားသည် "မစ္ဆရိယက ပရသန္တကကို လိုချင်သောသဘောရှိသည်"ဟု ပြလိုသောစကား မဟုတ်၊ မစ္ဆရိယဖြစ်ရာ၌ သူတစ်ပါး စည်းစိမ်ကို လိုချင်သောလောဘက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုတတ် ကြောင်း ပြလို၍ ဆိုအပ်သောစကားဖြစ်သည်။

**အတ္တသမ္ပတ္တိနိဂူဟန**။ ။သူတစ်ပါးတို့နှင့်ဆက်ဆံသည်ဖြစ်စေ၊ မဆက်ဆံ သည်ဖြစ်စေ "အာဝါသ"စသည်ကို သူတစ်ပါး၏ဥစ္စာ မဖြစ်စေလိုခြင်းသည် အတ္တ သမ္ပတ္တိ (မိမိ၏ပစ္စည်း, မိမိရယူရန် ရှိသောပစ္စည်း)ကို+လျှို့ဝှက် ဝန်တိုခြင်း၏လက္ခဏာ တည်း၊ [အာဝါသာဒိ ၊ပေ၊ မာ အညဿာတိ ပဝတ္တိဝသေန အတ္တသမ္ပတ္တိ နိဂူဟန လက္ခဏတာစ ယောဇေတဗ္ဗာ–ဋီကာ။]

**အတ္တသမ္ပတ္တိဂဟဏော**။ ။သူတစ်ပါးတို့နှင့်ဆက်ဆံသည်ဖြစ်စေ၊ မဆက်ဆံ သည်ဖြစ်စေ "အာဝါသ"စသည်ကို မိမိ၏ဥစ္စာချည်းသာ ဖြစ်စေလိုခြင်းသည် အတ္တ သမ္ပတ္တိ–မိမိစည်းစိမ်ကို+ဂဟဏ–ယူ ငင်သိမ်းပိုက်ခြင်းလက္ခဏာတည်း၊ [အာဝါသာဒိ

ပန–ဆက်၊ ဣမာနိ သံယောဇနာနိ–တို့ကို၊ ကိလေသပဝတ္တိဒီပနိယာပိ–ကိလေသာအစဉ်အားဖြင့်လည်း၊ အာဟရိတုံ–ဆောင်ပြခြင်းငှာ၊ ဝဋ္ဋတိ–သင့်၏၊ မဂ္ဂပဝတ္တိဒီပနိယာပိ–အားဖြင့်လည်း၊ (အာဟရိတုံ ဝဋ္ဋတိ၊ ကိလေသပဝတ္တိဒီပနိယာ–အားဖြင့်၊ ကာမရာဂပဋိဃသံယောဇနာနိ–တို့ကို၊ အနာဂါမိမဂ္ဂေန–သည်၊ ပဟီယန္တိ–ပယ်အပ်ကုန်၏၊ မာနသံယောဇနံ–ကို၊ အရဟတ္တမဂ္ဂေန–သည်၊ (ပဟီယတိ၊) ဒိဋ္ဌိဝိစိကိစ္ဆာသီလဗ္ဗတပရာမာသာ–တို့ကို၊ သောတာပတ္တိ မဂ္ဂေန–(ပဟီယန္တိ၊) ဘဝရာဂသံယောဇနံ–ကို၊ အရဟတ္တမဂ္ဂေန (ပဟီယတိ၊) ဣဿာမစ္ဆရိယာနိ–တို့ကို၊ သောတာပတ္တိမဂ္ဂေန (ပဟီယန္တိ၊) အဝိဇ္ဇာ–အဝိဇ္ဇာသံယောဇဉ်ကို၊ အရဟတ္တမဂ္ဂေန (ပဟီယတိ၊) မဂ္ဂပဝတ္တိဒီပနိယာ–အားဖြင့်၊ ဒိဋ္ဌိ ၊ပေ၊ မစ္ဆရိယာနိ–တို့ကို၊ သောတာပတ္တိမဂ္ဂေန (ပဟီယန္တိ၊) ကာမရာဂပဋိဃာ–တို့ကို၊ အနာဂါမိမဂ္ဂေန (ပဟီယန္တိ၊) မာနဘဝရာဂအဝိဇ္ဇာ–မာနသံယောဇဉ်, ဘဝရာဂသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်တို့ကို၊ အရဟတ္တမဂ္ဂေန (ပဟီယန္တိ၊) ဣတိ–ဤသို့ မှတ်အပ်၏။

**၁၁၄၀။** ။ဂန္ထဂေါစ္ဆကေ–၌၊ (အတ္ထော ဖဝံ ဝေဒိတဗ္ဗော၊) နာမကာယံ–ကို၊ ဂန္ထေတိ–ထုံးဖွဲ့တတ်၏၊ စုတိပဋိသန္ဓိဝသေန–စုတိပဋိသန္ဓေ၏အစွမ်းဖြင့်၊ ဝဋ္ဋသ္မိံ–ဝဋ်ဆင်းရဲ၌၊ ဃဋ္ဋေတိ–ဆက်စပ်တတ်၏၊ [ဂန္ထတိကို အဓိပ္ပာယ်

---

၊ပေ၊ မယှမေဝ ဟောတူတိ ပဝတ္တိဝသေန အတ္တသမ္ဘတ္တိဂ္ဂဟဏလက္ခဏတာ၊–ဋီကာ၊] အဋ္ဌကထာ၌ "မယှမေဝ ဟောတု, မာ အညဿ"ဟု အာကာရနှစ်မျိုးကို အတ္တသမ္ဘတ္တိနိဂ္ဂဟန, အတ္တသမ္ဘတ္တိဂ္ဂဟဏနှစ်မျိုးနှင့် အစဉ်အတိုင်းမတွဲဘဲ ရသင့်သလို ရှေ့နောက်ပြောင်းလွှဲ၍ တွဲပါ၊ ယထာလာဘ ယောဇနာနည်း ဖြစ်ပါသည်–ဟူလို။

**ဣမာနိ ၊ပေ၊ အာဟရိတုံ။** ။သံယောဇဉ်ဟူသည်လည်း ကိလေသာဆယ်ပါးနှင့် သဘောတူပင်တည်း၊ ထို့ကြောင့် ကိလေသာအစဉ်အားဖြင့် ပယ်သောအခါ ကာမရာဂသံယောဇဉ်ဟူသော လောဘ, ပဋိဃသံယောဇဉ်ဟူသော ဒေါသကို အနာဂါမိမဂ်သည် ပယ်အပ်၏–ဟု ဆို၏၊ [ဘဝရာဂမဟုတ်သော လောဘဟူသမျှကို ကာမရာဂဟုဆိုသော မူလဋီကာအလို အရဟတ္တမဂ်ကျမှ ပယ်နိုင်လိမ့်မည်။]

**ဣဿာ မစ္ဆရိယ။** ။ဣဿာ, မစ္ဆရိယသံယောဇဉ်တို့သည် အလွန်ကြမ်းသော ကိလေသာများဖြစ်ကြ၏၊ ထို့ကြောင့် သောတာပတ္တိမဂ်ကပင် ပယ်ရသည်၊ မှန်၏–သူများဂုဏ်သိရ် သူ့စည်းစိမ်ဟူသည် သူ၏ ကံ, ဉာဏ်, ဝီရိယကြောင့် ဖြစ်ပေါ်လာရကား မိမိမှာ နေသာပါ၏၊ သို့ပါလျက် ထိုစည်းစိမ်ကို မနာလိုနေသော ဣဿာသည် အလွန်ကြမ်း၏၊ မိမိစည်းစိမ်ကို နှမြောဝန်တိုနေသော မစ္ဆရိယလည်း ထို့အတူပင်၊ ထို့ကြောင့် "တချို့သည် တရားအားထုတ်၍ အတော်ပေါက်ပြီဟု ဆိုရလောက်မှ ဘုန်းကြီးများကို ဆွမ်းမလောင်းချင်"ဟု ကြားရသည်မှာ တကယ် တရားအစစ်ပေါက်ခြင်း ဟုတ်နိုင်ပါမည်လော၊ တတိယပါဋိဒေသနီယ သိက္ခာပုဒ်၌လာသော သောတာပန်သမီးခင်ပွန်းနှစ်ယောက်မှာ သံဃာတော်များအား ဆွမ်းလောင်းလွန်း၍ ရဟန်းတော်များကိုပင် ဆွမ်းမခံရဟု တားမြစ်တော်မူရပါသေးသည်။

ဖွင့်သည်။] ဣတိ–ကြောင့်၊ ကာယဂန္ထော–မည်၏၊ သဗ္ဗညုဘာသိတမ္ပိ–သဗ္ဗညုဘုရားရှင်သည် ဟောတော်မူအပ်သော တရားကိုသော်မှလည်း၊ ပဋိက္ခိပိတွာ–ပယ်မြစ်၍၊ [အဘိနိဝိသတိ၌ စပ်၊ ပိသဒ္ဒါ သမ္ဘာဝနာဇောတက၊ သဗ္ဗညုဘာသိတကိုတောင်မှ ပယ်သေး၏၊ အခြားသူတို့ ဟောအပ်သောတရားကို ပယ်ခြင်းငှာ ပြောဖွယ်ရာမရှိဟု ဂရဟာကို ဆည်း။] လောကော–လောကသည်၊ သဿတော–အခါခပ်သိမ်းထင်ရှား ရှိ၏၊ (မြဲ၏၊) ဣဒမေဝ–ဤသဿတော လောကောဟူသော စကားသည်သာ၊ သစ္စံ–မှန်၏၊ အညံ–အခြားသော စကားသည်၊ မောဃံ–အနက်မမှီး အချီးနှီးသာတည်း၊ ဣတိ–သို့၊ ဣမိနာ အာကာရေန–ဤ အခြင်းအရာအားဖြင့်၊ အဘိနိဝိသတိ–စွဲစွဲမြဲမြဲ နှလုံးသွင်း၏၊ ဣတိ–ကြောင့်၊ ဣဒံ သစ္စာဘိနိဝေသော–မည်၏။

ပန–ဆက်၊ ယသ္မာ–ကြောင့်၊ အဘိဇ္ဈာကာမရာဂါနံ–အဘိဇ္ဈာကာယဂန္ထ, ကာမရာဂတို့၏၊ ဝိသေသော–သည်၊ အတ္ထိ၊ တသ္မာ–ကြောင့်၊ အဘိဇ္ဈာကာယဂန္ထဿ–၏၊ ပဒဘာဇနေ–၌၊ ယော ၊ပေ၊ ကာမရာဂေါတိ–ဟူ၍၊ အဝတွာ–ဟောတော်မမူဘဲ၊ (ကာမရာဂတုန်းကကဲ့သို့ ဟောတော်မမူဘဲ၊) ယောရာဂေါ သာရာဂေါတိအာဒိ–အစရှိသော စကားရပ်ကို၊ (ဘဂဝတာ) ဝုတ္တံ၊ [ကာမရာဂနှင့် မတူသောကြောင့် တစ်မျိုးဟောတော်မူသည်–ဟူလို။] ဣမိနာ–ဤယောရာဂေါ သာရာဂေါအစရှိသော စကားရပ်ဖြင့်၊ ဟေဋ္ဌာ–၌၊ ဗြဟ္မာနံ ၊ပေ၊ ဟောတီတိ–ဟူသော၊ ယံ–အကြင်စကားကို၊ (မယာ)ဝုတ္တံ–ပြီ၊ တံ–ထိုစကားကို၊ သုဝုတ္တံ–ကောင်းစွာ ဆိုအပ်ပြီ၊ ဣတိ ဝေဒိတဗ္ဗံ၊ ပရတော–နောက်၌၊ ကိလေသဂေါစ္ဆကေ ပိ–၌နည်း၊ ဧသေဝနယော–တည်း၊ ထပေတွာ သီလဗ္ဗတပရာမာသန္တိ ဣဓ–ဟူသော ဤပါဠိ၌၊ ယသ္မာ, သံလဗ္ဗတပရာမာသော–သည်၊ ဣဒမေဝ သစ္စန္တိ အာဒိနာ–အစရှိသော၊ အာကာရေန–အားဖြင့်၊ နာဘိနိဝိသတိ–စွဲစွဲမြဲမြဲ နှလုံး မသွင်း၊ ပန–အန္ဓယကား၊ သီလေန သုဒ္ဓိတိအာဒိနာဝေ–အစရှိသော အခြင်းအရာ အားဖြင့်သာလျှင်၊ အဘိဝိနိသတိ–၏၊ တသ္မာ–ကြောင့်၊ မိစ္ဆာဒိဋ္ဌိဘူတံ–မစ္ဆာ ဒိဋ္ဌိဖြစ်၍ဖြစ်သည်၊ (သမာနံ)ပိ–သော်လည်း၊ တံ–ထို သီလဗ္ဗတပရာမာသကို၊

---

**ထပေတွာ သီလဗ္ဗတပရာမာသန္တိ ဣဓ ၊ပေ၊ အာဟ။** ။စာအုပ်တို့၌ "ထပေတွာ သီလဗ္ဗတပရာမာသန္တိ ဣဒံ"ဟု ကံပုဒ်အဖြစ်ဖြင့် တွေ့ရ၏၊ နောက်၌ "ထပေတွာတိ အာဟ"ဟု ဤထပေတွာကိုပင် အာကာရအဖြစ်ဖြင့် ဆိုပြန်၏၊ ကံ အာကာရ တို့သည် သဒ္ဒါအားဖြင့် မတူရ၊ အနက်အဓိပ္ပာယ်အရသာ တူရသည်၊ ဤ၌ သဒ္ဒါ အားဖြင့်လည်း အလုံးစုံမတူ၊ အနက်အဓိပ္ပာယ်အားဖြင့်လည်း အလုံးစုံမတူသောကြောင့် "ဣဒံ"ဟု မရှိသင့်၊ "ဣဓ"ဟု အာဓာရသာ ရှိသင့်၏၊ [ထပေတွာ သီလဗ္ဗတပရာမာသံ တိ ဣဓသည် အပေါင်းအာဓာရ, ထပေတွာကား အစိတ်အာဓေရ်ဟု စပ်ပါ၊ ထပေ တွာ သီလဗ္ဗတပရာမာသံဟူသော ဤပါဠ်၌ (ဤပါဠ်တည်းက) ထပေတွာ–ဟူလို။]

ပဋိက္ခိပန္တော–ပယ်မြစ်တော်မူလိုသည်၊ (ဟုတွာ–၍၊ ဝါ–ကြောင့်၊ ထပေတွာ တိ–ဟူ၍၊ (ဘဂဝါ) အာဟ–ပြီ။

၁၁၆၂။ ။နိဝရဏဂေါစ္ဆသ–၏၊ ထိနမိဒ္ဓနိဒ္ဒေသေ–၌၊ စိတ္တဿ အကလ္လတာတိ–ကား၊ စိတ္တဿ–၏၊ ဂိလာနဘာဝေါ–မကျန်းမာသည်၏ အဖြစ်သည်၊ (အတ္ထိ၊) ဟိ–မှန်၊ ဂိလာနော–မကျန်းမာသူကို၊ အကလ္လကောတိ–အကလ္လကဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏၊ ဝိနယေပိ–ဝိနည်းပါဠိတော်၌လည်း၊ နာဟံ ဘန္တေ အကလ္လကောတိ–တပည့်တော်မကျန်းမာသူ မဟုတ်ပါဘုရား ဟူ၍၊ ဝုတ္တံ–လျှောက်အပ်ပြီ၊ အကမ္မညတာတိ–ကား၊ စိတ္တဂေလညသင်္ခါ တော၀–စိတ်၏ မကျန်းမာသည်၏အဖြစ်ဟု ဆိုအပ်သည်သာလျှင်ဖြစ်သော၊ အကမ္မညတာ ကာရော–ထိုထိုအမှု၌ မကောင်းသည်၏အဖြစ်ဟူသော အခြင်း အရာသည်၊ (အတ္ထိ။)

ဩလီယနာတိ–ကား၊ ဩလီယနာကာရော–တွဲရရွဲဆွဲခြင်းဟူသော အခြင်း အရာသည်၊ (အတ္ထိ၊) ဟိ–ချဲ့၊ ဣရိယာပထိကစိတ္တံ–ဣရိယာပုထ်ကို ထောက်ပံ့ တတ်သော စိတ်သည်၊ ဣရိယပထံ–ကို၊ သန္ဓာရေတုံ–ကောင်းစွာ ဆောင်ထား ခြင်းငှာ၊ (ထောက်ပံ့ခြင်းငှာ၊) အသက္ကောန္တံ–မစွမ်းနိုင်လသော်၊ (ထိနမိဒ္ဓနှင့် ယှဉ်နေခြင်းကြောင့် မစွမ်းနိုင်လသော်၊) ရုက္ခေ–သစ်ပင်၌၊ ဝဂ္ဂုလိ–လင်းနို့ သည်၊ (ဩလီယတိ) ဝိယ–တွဲရရွဲ ဆွဲသကဲ့သို့လည်းကောင်း၊ ခိလေ– တံသင်း၌၊ (နံရံဝယ်ရိုက်ထားအပ်သော သံငုတ်စသည်၌၊) လဂ္ဂိတဖာဏိတ ဝါရကော–ဆွဲချိတ်အပ်သော တင်လဲအိုးသည်၊ (ဩလီယတိ) ဝိယစ–ကဲ့သို့ လည်းကောင်း၊ (တထာ) ဩလီယတိ–တွဲရရွဲဆွဲ၏၊ တဿ–ထို စိတ်၏၊ တံ အာကာရံ–ထို အခြင်းအရာကို၊ (တွဲရရွဲ ဆွဲသကဲ့သို့ ဖြစ်ပုံအခြင်းအရာကို၊)

---

**အကမ္မညတာကာရော။** ။ကမ္မနိ+သာဓု ကမ္မညံ၊ န+ကမ္မံ အကမ္မညံ၊ ထိန မိဒ္ဓနှင့် ယှဉ်နေသောကြောင့် ထိုထိုအမှုကိစ္စ၌ မကောင်းမွန်၊ မခံ့ငြားသော စိတ်၊ အကမ္မညဿ+ဘာဝေါ အကမ္မညတာ၊ အကမ္မညတာဝ+အာကာရော အကမ္မညတာ ကာရော၊ "အာကာရော"ဟု အပိုထည့်၍ ဖွင့်သဖြင့် တာပစ္စည်း (ဘာဝပစ္စည်း)၏ ဓာတ် ဂုဏ် ကြိယာစသော အနက်ငါးမျိုးတို့တွင် ကြိယာအနက်ဟောဟု ပြသည်။

**ဣရိယာပထိကစိတ္တံ။** ။ဣရိယာပထံ+သန္ဓာရေတီတိ ဣရိယာပထိကံ၊ ဣရိ ယာပုတ်ကို ဆောင်ထားတတ်သော စိတ်ဟူသည် "အပ္ပနာဇဝန, ဆဗ္ဗိညာဏ, ယာပထ လည်း, ဖွဲ့တည်းခိုင်စေ၊ တစ်ထွေဝုဋ္ဌော, ကာဓောဘိညာ, ဒွတ္တိံသာကား, နှစ်ဖြာဝိညတ်, ကိုလည်းတတ်၏"ဟူသော စိတ်ငါးဆယ့်ရှစ်ပါးပင်တည်း၊ "ငါးဆယ့်ရှစ်ပါးလုံးပင် ဩလီယနဖြစ်၏"ဟုကား မယူရ၊ အပ္ပနာဇောတို့သည် မည်သည့်အခါမျှ ဩလီ ယန ဖြစ်ကြသည် မဟုတ်၊ ထို့ကြောင့် "ဣရိယာပထိကစိတ္တံ ဩလီယတိ"အရ ထိနမိဒ္ဓနှင့် ယှဉ်သော စိတ်များကိုသာ ယူပါ၊ [တတ္ထ ပန ဗလဝထိနမိဒ္ဓသဟဂတံ စိတ္တံ ဣရိယာ ပထံ သန္ဓာရေတုံ အသက္ကောန္တံ တိ ဝုတ္တံ၊–ဋီကာ။]

သန္တာယ–ရည်ရွယ်တော်မူ၍၊ ဩလီယနာတိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ ဒုတိယပဒံ–သံလီယနာဟူသော ဒုတိယပုဒ်ကို၊ ဥပသဂ္ဂဝသေန–သံ ဥပသာရ ပုဒ်၏အစွမ်းဖြင့်၊ ဝမိုတံ–တိုးပွား စေအပ်ပြီ၊ [ဩလီနာယကို သံဥပသာရပုဒ်ဖြင့် တိုးချဲ့လျှင် "သမောလီယနာ"ဟု ဖြစ်သင့်၏။]

လီနံတိ–ကား၊ အဝိပ္ဖာရိကတာယ–ပြန့်နှံ့ခြင်းမရှိသည်၏ အဖြစ်ကြောင့်၊ ပဋိကုဋိတံ–တွန့်ဆုတ်ခြင်း သဘောတရားတည်း၊ ဣတရေ–လီနံသဒ္ဒါမှတစ်ပါး ကုန်သော၊ ဒွေ–နှစ်ပါးကုန်သော လီယနာ လီယိတတ္တံဟူသော သဒ္ဒါတို့သည်၊ အာကာရဘာဝနိဒ္ဒေသာ–အာကာရကို ညွှန်ပြကြောင်း, ဘာဝကို ညွှန်ပြကြောင်း သဒ္ဒါတို့တည်း၊ ထိနန္တိ–ကား၊ သပ္ပိပိဏ္ဍော–ထောပတ်စိုင်သည်၊ (ထောပတ်ခဲ သည်၊) အဝိပ္ဖာရိကော ဝိယ–ပြန့်နှံ့ခြင်း မရှိသကဲ့သို့၊ (တထာ) အဝိပ္ဖာရိက တာယ–ထိုထိုအာရုံ၌ ပြန့်နှံ့ခြင်း မရှိသည်၏အဖြစ်ဖြင့်၊ ဃတဘာဝေန– တခဲနဲ၏အဖြစ်ဖြင့်၊ [အဝိပ္ဖာရိကတာယကို ထပ်ဖွင့်သည်၊] ဌိတံ–တည်သော သဘောတရားတည်း၊ [ထိနံ၌ ထာဓာတ်, ဌာနအနက်ဟော၊ "ထာတိ တိဋ္ဌတီတိ ထိနံ" ထာ၏အာကို ဣပြု၊] ထိယနာတိ–ထိယနာဟူသော သဒ္ဒါသည်၊ အာကာရနိဒ္ဒေသော–အာကာရကို ညွှန်ပြကြောင်းသဒ္ဒါတည်း၊ (မပြန့်ကြဲပုံ အခြင်းအရာကို ညွှန်ပြကြောင်းသဒ္ဒါတည်း၊) ထိယိတဘာဝေါ–တခဲနက် အားဖြင့်ဖြစ်သော တည်တံ့သော စိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ထိယိတတ္တံ– မည်၏၊ ["ထိနေန+အယိတံ ထိယိတံ၊ "ထိနယိတ"ဟု ဆိုလိုလျက် နကို ချေ၊ ထိယိတဿ+ဘာဝေါ ထိယိတတ္တံ"ဟု ပြု၊] အဝိပ္ဖာရဝသေနေဝ–ပြန့်နှံ့ ခြင်း မရှိသည်၏အစွမ်းကြောင့်သာလျှင်၊ ထဒ္ဓတာ–ထန့်သည်၏အဖြစ်တည်း၊ (တခဲနက်၏အဖြစ်တည်း၊) ဣတိ အတ္ထော။

၁၁၆၃။ ။ကာယဿာတိ–ကား၊ ခန္ဓတ္တယသင်္ခါတဿ–စေတသိက် ခန္ဓာသုံးပါးအပေါင်းဟု ဆိုအပ်သော၊ နာမကာယဿ–နာမကာယ၏၊ အကလ္လ တာ အကမ္မညတာတိ–ဟူသော ပုဒ်နှစ်ပါးအပေါင်းသည်၊ ဟေဋ္ဌာ–၌၊ (ထိန နိဒ္ဒေသ၌) ဝုတ္တနယမေဝ–ဆိုအပ်ပြီးသော နည်းရှိသည်သာ၊ မေဃော–မိုးတိမ် သည်၊ အာကာသံ–ကို၊ (ဩနယှတိ) ဝိယ–ဖုံးလွှမ်းတတ်သကဲ့သို့၊ (တထာ) ကာယံ–နာမကာယကို၊ ဩနယှတိ–ဖုံးလွှမ်းတတ်၏၊ ဣတိ, ဩနာဟော– မည်၏၊ [အဝပုဗ္ဗ, နဟ–ဗန္ဓနေဟူသော ဓာတ်တည်း၊ ဖွဲ့ခြင်းကိုပင် "ဆာဒေတိ အဝတ္ထရတိ" ဟု ဋီကာဖွင့်သည်၊] သဗ္ဗတောဘာဂေန–အလုံးစုံသော အဖို့အား ဖြင့်၊ ဩနာ ဟော–ဖုံးလွှမ်းတတ်သော သဘောတရားသည်၊ ပရိယောနာဟော– မည်၏၊ အဗ္ဘန္တရေ–အတွင်း၌၊ (စိတ်၌၊) သံမောရုန္ဓတိ–ထက်ဝန်းကျင် ပိတ်ချုပ် ထားတတ်၏၊ ဣတိ–ကြောင့်၊ အန္တောသမောရောဓော–မည်၏၊ [စိတ်ကို အခြား အာရုံ၌ ပြန့်၍မသွားစေဘဲ ငိုက်၍နေသောအားဖြင့် နာမကာယကို ပိတ်ချုပ်ထား တတ်သည်–ဟူလို၊] ဟိ–ဥပမာဆောင်, ထင်အောင်ပြအံ့၊ နဂရေ–ပိတ်ဆို့၍၊

ဂဟိတော–ရန်သူတို့က ယူထားအပ်ပြီးသော်၊ မနုဿာ–မြို့နေသူ လူတို့သည်၊ ဗဟိ–မြို့ပြင်ဘက်သို့၊ နိက္ခမိတုံ–ထွက်ခြင်းငှာ၊ န လဘန္တိ ယထာ–န်သကဲ့သို့၊ ဧဝံပိ–တူလည်း၊ မိဒ္ဓေန–သည်၊ ဩမောရုဒ္ဓါ–ထက်ဝန်းကျင် ပိတ်ချုပ်အပ်ကုန်သော၊ ဓမ္မာ–စေတသိက်ခန္ဓာတရားတို့သည်၊ ဝိပ္ဖာရဝသေန–အာရုံတစ်ပါးသို့ ပြန့်နှံ့ခြင်း၏အစွမ်းဖြင့်၊ နိက္ခမိတုံ–ထွက်ခြင်းငှာ၊ (ထွက်ခွင့်ကို၊) န လဘန္တိ–န်၊ တသ္မာ, အန္တောသမောဓာရောတိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ–ပြီ။

မေဓတိ–ညှင်းဆဲတတ်၏၊ ဣတိ, မိဒ္ဓံ–မိဒ္ဓမည်၏၊ အကမ္မညဘာဝေန–ထိုထိုအမှု၌ မကောင်းသည်၏အဖြစ်ဖြင့်၊ ဝိဟိံသတိ–ညှင်းဆဲတတ်၏၊ ဣတိ–အတ္ထော၊ [ထိုထိုအမှု၌ မကောင်းအောင် လုပ်သောအားဖြင့် နာမကာယကို ညှင်းဆဲတတ်သည်–ဟူလို၊] တေန–ထို သဘောတရားဖြင့်၊ (သတ္တာ–တို့သည်၊) သုပန္တိ–အိပ်ချင်တတ်ကုန်၏၊ (ငိုက်မျည်းတတ်ကုန်၏၊) ဣတိ–ကြောင့်၊ သောပ္ပံ–မည်၏၊ [အိပ်ပျော်နေသောအခါ၌ မိဒ္ဓမဖြစ်၊ အိပ်ချင်၍ ငိုက်သောအခါ၌သာ မိဒ္ဓဖြစ်သည်၊] အက္ခိဒလာဒီနံ–အထက်အောက် မျက်လွှာအစရှိသည်တို့၏၊ (မျက်တောင် အစရှိသည်တို့၏၊) ပစလာဘာဝံ–တလှုပ်လှုပ်တို့၏အဖြစ်ကို၊ ကရောတိ–ပြုတတ်၏၊ ဣတိ–ကြောင့်၊ ပစလာယိကာ–မည်၏၊ သုပနာ သုပိတတ္တန္တိ–ဟူသော သဒ္ဒါတို့သည်၊ အာကာရဘာဝနိဒ္ဒေသာ–တို့တည်း၊ [ယံ ပန နေသံဟု ပါဠ်ရှိစေ၊] ပန–ဆက်၊ နေသံ–ထို သုပနာ, သုပိတတ္တံပုဒ်တို့၏၊ ပုရတော–ရှေ့၌၊ ယံ သောပ္ပပဒံ–သည်၊ (အတ္ထိ၊) တဿ–ထို သောပ္ပပုဒ်ကို၊ ပုန, ဝစန–ဟောတော်မူခြင်း၌၊ ကာရဏံ–ကို၊ ဝုတ္တမေဝ–ဆိုအပ်ပြီးသည်သာ၊ [လောကနိဒ္ဒေသ၌ ဧပ္ပာနှစ်ထပ်ပါရာဝယ် အကြောင်းပြခဲ့သည်–ဟူလို။]

ဣဒံ ဝုစ္စတိ ထိနမိဒ္ဓနီဝရဏန္တိ–ကား၊ ဣဒံ ထိနဉ္စ–ကိုလည်းကောင်း၊ (ဣဒံ) မိဒ္ဓဉ္စ–ကိုလည်းကောင်း၊ ဧကတော–တပေါင်းတည်း၊ ကတွာ, အာဝရဏဋ္ဌေန–ကုသိုလ်တရားတို့ကို တားမြစ်တတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ ထိနမိဒ္ဓနီဝရဏန္တိ–ဟူ၍၊ ဝုစ္စတိ–ဟောတော်မူအပ်၏၊ ယံ–အကြင် ထိနမိဒ္ဓသည်၊ ယေဘုယျေန–အားဖြင့်၊ သေက္ခပုထုဇ္ဇနာနံ–သေက္ခပုဂ္ဂိုလ်, ပုထုဇဉ်ပုဂ္ဂိုလ်တို့၏၊ နိဒ္ဒါယ–အိပ်ခြင်း၏၊ ပုဗ္ဗဘာဂ အပရဘာဂေသု–ရှေ့အဖို့ နောက်အဖို့တို့၌၊ ဉပ္ပဇ္ဇတိ၊ (ရှေ့အဖို့၌ အိပ်ချင်သော အခါဖြစ်၏၊ နောက်အဖို့၌ အိပ်ရေးမဝသော အခါဖြစ်၏၊) တံ–ထို ထိနမိဒ္ဓကို၊ အရဟတ္တမဂ္ဂေန–သည်၊ သမုစ္ဆိဇ္ဇတိ–အကြွင်းမဲ့ ဖြတ်အပ်၏၊ [အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ဖြတ်လျှင် အဘယ်ကြောင့် ရဟန္တာများအိပ်ချင်နေကြသနည်းဟု မေးဖွယ်ရှိရကား "ခီဏာသဝါနံ ပန"စသည် မိန့်၊] ပန–ထိုသို့ပင် ထိနမိဒ္ဓကို အကြွင်းမဲ့ဖြတ်အပ်ပြီး ဖြစ်ပါသော်လည်း၊ ခီဏာသဝါနံ–တို့၏၊ ကရဇကာယဿ–ကရဇကာယ၏၊ ဒုဗ္ဗလဘာဝေန–အားမရှိသည်၏အဖြစ်ကြောင့်၊ (ပင်ပန်းသောအခါ၌ အားမရှိသည်၏အဖြစ်ကြောင့်၊) ဘဝင်္ဂေါတရဏံ–ဘဝင်သို့ သက်ရောက်ခြင်းသည်၊ ဟောတိ၊

တသ္မိံ–ထို ဘဝင်သည်၊ အသမ္ဘိသေ–ဝီထိစိတ်တို့နှင့် မရောသည်ဖြစ်၍၊ ဝတ္တမာနေ–ဖြစ်လသော်၊ တေ–ထို ရဟန္တာပုဂ္ဂိုလ်တို့သည်၊ သုပန္တိ–အိပ်ချင်တော်မူကြကုန်၏၊ သာ–ထိုအိပ်ချင်ခြင်းသည်၊ နေသံ–ထို ရဟန္တာပုဂ္ဂိုလ်တို့၏၊ နိဒ္ဒါနာမ–နိဒ္ဒါမည်သည်၊ (ဝီထိစိတ်အစဉ်ကို ဖြတ်ခြင်းမည်သည်၊) ဟောတိ၊ တေန–ကြောင့်၊ ဘဂဝါ–သည်၊ အဘိဇာနာမိ ၊ပေ၊ ဩက္ကမိတာတိ–ဟူ၍၊ အာဟ–ပြီ၊ [အဂ္ဂိဝေဿန–အဂ္ဂိဝေဿန၊ အဟံ–ငါဘုရားသည်၊ ဂိမှာနံ–နွေလတို့၏၊ ပစ္ဆိမေ–နောက်ဆုံးဖြစ်သော၊ မာသေ–လ၌၊ စတုဂ္ဂုဏံ–လေးထပ်ရှိသော၊ သံဃာဋိံ–ကို၊ ပညပေတွာ–ခင်းတော်မူ၍၊ [နဂိုက နှစ်ထပ်သင်္ကန်းကြီးကို နှစ်ထပ်ခေါက်လိုက်သောအခါ လေးထပ်ဖြစ်သွားသောကြောင့် "စတုဂ္ဂုဏံ" ဟု မိန့်သည်၊] ဒက္ခိဏေနပဿေန–လက်ျာနံပါးတော်ဖြင့်၊ သတော–အမှတ်ရတော်မူသည်၊ သမ္ပဇာနော–ကောင်းစွာ အပြားအားဖြင့် သိတော်မူသည်၊ (ဟုတွာ) နိဒ္ဒံ–အိပ်ပျော်ခြင်းသို့၊ ဩက္ကမိတာ–သက်ရောက်တော်မူဖူးသည်၊ (ဟုတွာ၊) အဘိဇာနာမိ–သိတော်မူ၏၊ [မူလပံ, မဟာယမကဝဂ်, မဟာသစ္စကသုတ်။]

ပန–ဆက်၊ ဧဝရူပေါ–ဤသို့သဘောရှိသော၊ ကရဇကာယဿ–၏၊ အယံ ဒုဗ္ဗလဘာဝေါ–ဤအားမရှိသည်၏အဖြစ်ကို၊ န မဂ္ဂါဝဇ္ဈော–မဂ်သည် မပယ်အပ်, မပယ်နိုင်၊ ဥပါဒိန္နကေပိ–ဥပါဒိန္နက ခန္ဓာကိုယ်၌လည်းကောင်း၊ (ငါ၏ကိုယ်"ဟု ယူအပ်သော သက်ရှိခန္ဓာကိုယ်၌လည်းကောင်း၊) အနုပါဒိန္နကေပိ–အနုပါဒိန္နဝတ္ထု၌လည်းကောင်း၊ (ဥပါဒိန္နမဟုတ်သော သစ်ပင်စသော သက်မဲ့ဝတ္ထု၌လည်းကောင်း၊) လဗ္ဘတိ–ရအပ် ရနိုင်၏၊ ဥပါဒိန္နကေ–ဥပါဒိန္နက ခန္ဓာကိုယ်၌၊ လဗ္ဘမာနော–ရအပ်သော်၊ (ဧဝရူပေ ကာလေ လဗ္ဘတိ၌ စပ်၊) ယဒါ–၌၊ ခီဏာသဝေါ–ရဟန္တာပုဂ္ဂိုလ်သည်၊ ဒီဃမဂ္ဂံ–ရှည်သောခရီးကို၊ ဂတော–ကြွတော်မူပြီးသည်၊ ဟောတိ၊ ဝါပန–သည်သာမကသေး၊ အညတရံ–အမှတ်မထား တစ်ပါးပါးသော၊ ကမ္မံ–အလုပ်ကို၊ ကတွာ–ပြုလုပ်၍၊ (ပြုလုပ်ခြင်းကြောင့်၊) ကိလန္တော–ပင်ပန်းတော်မူသည်၊ (ဟောတိ၊) ဧဝရူပေ–သော၊ ကာလေ–အခါ၊ လဗ္ဘတိ–ရအပ် ရနိုင်၏၊ အနုပါဒိန္နကေ–အနုပါဒိန္နကဝတ္ထု၌၊ လဗ္ဘမာနော–သော်၊ ပဏ္ဏပုပ္ဖေသု–အရွက် အပွင့်တို့၌၊ လဗ္ဘတိ–၏၊ ဟိ–ချဲ့၊ ကေစာနံ–အချို့ကုန်သော၊ ရုက္ခာနံ–ကုက္ကိုပင်စသော သစ်ပင်တို့၏၊ ပဏ္ဏာနိ–အရွက်တို့သည်၊ သူရိယာတပေန–နေရောင်ကြောင့်၊ ပသာရယန္တိ–ပြန့်ကုန်၏၊ ရတ္တိံ–၌၊ ပဋိကုဋန္တိ–တွန့်ကုန်၏၊ [ပပုဗ္ဗ–သရဓာတ် စုရာဒိဏာယပစ္စည်း, ဝိတ္ထာရအနက်ဟော၊ ပသာရယန္တိဟု ပါဌ်မှန်ရှိစေ၊] ပဒုမပုပ္ဖာဒီနိ–ပဒုမ္မာကြာပန်းအစရှိသောပန်းတို့သည်၊ သူရိယတပေန–ကြောင့်၊ ပုပ္ဖန္တိ–ပွင့်ကုန်၏၊ ရတ္တိံ–၌၊ ပုန–တစ်ဖန်၊ ပဋိကုဋန္တိ–တွန့်ကုန်၏၊ (ငုံကုန်၏၊) ဣဒံ ပန မိဒ္ဓံ–

ဤမိဒ္ဓသည်ကား၊ အကုသလတ္တာ–အကုသိုလ်၏အဖြစ်ကြောင့်၊ ခီဏာသဝါနံ–ရဟန္တာပုဂ္ဂိုလ်တို့၏(သန္တာန်၌၊) န ဟောတိ–မဖြစ်၊ ဣတိ–ဤသို့ မှတ်အပ်၏။

တတ္ထ–ထိုအကုသလတ္တာ ခီဏာသဝါနံ န ဟောတိဟူသော စကားရပ်၌၊ ["တတ္ထ မိဒ္ဓါဓိကာရေ"ဟု ယောဇနာစွဲသည်၊] (ဠတ္တာ–၍၊ စောဒကဿ–၏၊ ဤဒိသီ–သော၊ စောဒနာ–စောဒနာစကားသည်၊) သိယာ–ဖြစ်ရာ၏၊ (ကီဒိသီ–သော၊ စောဒနာ–သည်၊ သိယာ–ဖြစ်ရာသနည်း၊) မိဒ္ဓံ–သည်၊ အကုသလံ–သည်၊ န–မဟုတ်၊ ကသ္မာ–နည်း၊ ရူပတ္တာ–ရုပ်၏အဖြစ်ကြောင့် တည်း၊ ဟိ–မှန်၊ ရူပံ–သည်၊ အဗျာကတံ–အဗျာကတတည်း၊ ဣဒဥ္စ–ဤမိဒ္ဓ သည်လည်း၊ ရူပံ–ရုပ်တည်း၊ တေနေဝ–ထို့ကြောင့်ပင်၊ ဧတ္ထ–ဤမိဒ္ဓနိဒ္ဒေသ၌၊ ကာယဿ အကလ္လတာ အကမ္မညတာတိ–ဟူ၍၊ ကာယဂ္ဂဟဏံ–ကာယသဒ္ဒါကို၊ ကတံ–ပြုတော်မူအပ်ပြီ၊ ဣတိ (ဤဒိသီ–ဤကဲ့သို့ ရှုအပ်သော၊ စောဒနာ–သည်၊ သိယာ–၏၊) ကာယဿာတိ–ဟူ၍၊ ဝုတ္တမတ္တေန–ဆိုအပ်သော စကား မျှကြောင့်၊ တေံ–ဤ မိဒ္ဓသည်၊ ရူပံ–သည်၊ ယဒိ (ဟောတိ)–အံ့၊ (ဧဝံ သတိ၊) ကာယပဿဒ္ဓါဒယောပိ–ကာယပဿဒ္ဓိ အစရှိသည်လည်းဖြစ်ကုန်သော၊ [အာဒိဖြင့် ကာယလဟုတာ ကာယမုဒုတာ စသည်တို့ကို ယူ] ဓမ္မာ–တို့သည်၊ ရူပမေဝ–ရုပ်ချည်းသာ၊ ဘဝေယျုံ–ဖြစ်ကုန်ရာ၏၊ သုခဉ္စ ၊ပေ၊ သဠိကရောတီတိ–ဟူသော ဤပါဠိ၌၊ သုခ ၊ပေ၊ သဠိကရဏာနိပိ–သုခဝေဒနာကို ခံစားခြင်း, ပရမတ္ထသစ္စာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းတို့သည်လည်း၊ ရူပကာယေနေဝ–ရူပကာယဖြင့်သာ၊ သိယုံ–ဖြစ်ကုန်ရာ၏၊ တသ္မာ–ကြောင့်၊ (ထိုသို့ ကာယသဒ္ဒါက ရုပ်အဖြစ်ကို မပြီးစေနိုင်သည်၏ အဖြစ်ကြောင့်၊) [ကာယဿာတိ ဝစနသ ရူပတ္တာ သာဓကေတ္တာ၊] တေံမိဒ္ဓံ–ဤ မိဒ္ဓသည်၊ ရူပံ–ရုပ်တည်း၊ ဣတိ–သို့၊ န ဝတ္တဗ္ဗံ–မဆိုထိုက်၊ ဣတိ–ဤကား အဖြေတည်း။

ဟိ–မှန်၊ ဧတ္ထ–ဤကာယဿ အကလ္လတာဟူသော ပါဠိတော်ပါဌ်၌၊ နာမကာယော–နာမကာယသည်၊ ကာယောနာမ–ကာယမည်သည်၊ (ဟောတိ၊) နာမကာယော – သည်၊ (ကာယောနာမ–သည်၊) ယဒိ (ဟောတိ၊) အထ–

---

သုခပဋိသံ ပေ၊ သိယုံ။ ။"ကာယဿ အကလ္လတာ"စသည်၌ ကာယသဒ္ဒါကို ဟောတော်မူကာမျှဖြင့် ဤမိဒ္ဓကို ရုပ်ဟုဆိုလျှင် "သုခဉ္စ ကာယေန ပဋိသံဝေဒေတိ" စသည်၌ သုခဝေဒနာကို ရုပ်တည်းဟူသာ ကိုယ်ကြီးဖြင့်ခံစားခြင်း, နိဗ္ဗာန်ကို ရုပ်တည်းဟူသောကိုယ်ဖြင့် မျက်မှောက်ပြုခြင်းများ ဖြစ်ကုန်စရာရှိ၏၊ ထိုသို့ ဖြစ်ခြင်းကြောင့် သုခကို ခံစားသောတရား, နိဗ္ဗာန်ကို မျက်မှောက်ပြုသော တရားသည် ရုပ်တရားပင် ဖြစ်စရာရှိသည်–ဟူလို၊ [အမှန်ကား ရုပ်ဖြင့် မခံစားနိုင်၊ နာမ်ဖြင့်သာ ခံစားနိုင်၏၊ ရုပ်ဖြင့်မျက်မှောက် မပြုနိုင်၊ မဂ်, ဖိုလ်, ပစ္စဝေက္ခဏာဉာဏ် အဘိညာဉ်တို့ဖြင့်သာ မျက်မှောက်ပြုနိုင်သည်။]

ထိုသို့ဖြစ်လျှင်၊ ကသ္မာ, သောပ္ပံ ပစလာယိကာတိ–ဟူ၍၊ ဝုတ္တံ–ဟောတော်မူအပ်သနည်း၊ ဟိ–မှန်၊ နာမကာယော–သည်၊ န သုပတိ–မအိပ်ငိုက်၊ နစ ပစလာယတိ–မျက်တောက် တလှုပ်လှုပ်ကိုလည်း မပြုတတ်၊ ဣတိ–ဤကား စောဒနာတည်း၊ လိင်္ဂါဒီနံ–လိင်္ဂအစရှိသည်တို့သည်၊ (လိင်္ဂ, နိမိတ္တ, ကုတ္တ, အာကပ္ပတို့သည်၊) ဣန္ဒြိယဿ–ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ၏၊ (ဖလာနိ–အကျိုးတို့သည်၊ ဟောန္တိ) ဝိယ–နှ်သကဲ့သို့၊ (တထာ) တဿ–ထို မိဒ္ဓ၏၊ ဖလတ္တာ–အကျိုး၏အဖြစ်ကြောင့်၊ (သောပ္ပံ ပစလာယိကာတိ–ဟူ၍၊ ဝုတ္တံ–ပြီ၊) ဟိ–ချဲ့၊ ဣတ္ထိလိင်္ဂ–မိန်းမတို့၏ ပုံသဏ္ဌာန်လည်းကောင်း၊ ဣတ္ထိနိမိတ္တံ–မိန်းမတို့၏ အမှတ်အသားလည်းကောင်း၊ ဣတ္ထိကုတ္တံ–မိန်းမတို့ပြုအပ်သော အပြုအမူလည်းကောင်း၊ ဣတ္ထာကပ္ပော–မိန်းမတို့၏ သွားခြင်းစသော အသွင်အပြင်လည်းကောင်း၊ ဣတိ–သို့၊ ဣမာနိ လိင်္ဂါဒီနိ–ဤလိင်္ဂ အစရှိသည်တို့ကို၊ ဣတ္ထိန္ဒြိယဿ–၏၊ ဖလတ္တာ–ကြောင့်၊ ဝုတ္တာနိယတာ–(ဣန္ဒြိယနိဒ္ဒေသ၌) ဟောတော်မူအပ်ကုန်သကဲ့သို့၊ ဧဝံ–တူ၊ နာမကာယဂေလညသဒ်ါတဿ–နာမကာယ၏မကျန်းမမာသည်၏အဖြစ်ဟု ဆိုအပ်သော၊ ဣမဿာပိ မိဒ္ဓဿ–၏လည်း၊ ဖလတ္တာ–ကြောင့်၊ သောပ္ပာဒီနိ–တို့ကို၊ ဝုတ္တာနိ–နှ်ပြီ၊ ဟိ–မှန်၊ မိဒ္ဓေ–သည်၊ သတိ–သော်၊ တာနိ–ထိုအိပ်ငိုက်ခြင်းစသော အကျိုးတို့သည်၊ ဟောန္တိ၊ ဣတိ–ကြောင့်၊ ဖလူပစာရေန–အားဖြင့်၊ (သောပ္ပစသော အကျိုး၏ အမည်ကို အကြောင်းမိဒ္ဓ၌ တင်စားသောအားဖြင့်၊) မိဒ္ဓံ–သည်၊ အရူပံ–သည်၊ သမာနံပိ–သော်လည်း၊ ဝါ–သော၊ (မိဒ္ဓံ–ကို၊) သောပ္ပံ ၊ပေ၊ သုပိတတ္တံ တိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ အက္ခိ ၊ပေ၊ ပစာလာယိကာတိ–ဟူသော၊ ဝစနတ္တေနာပိ–အားဖြင့်လည်း၊ အယံ အတ္တော–“ဖလူပစာရအားဖြင့် ဆိုအပ်ပြီ”ဟူသော ဤ အနက်ကို၊ သာဓိတောဣတိ–ဤကား အဖြေတည်း၊ [ပစာလာယိကာကို ဝိဂြိုဟ် ပြုရာ၌ “ပစာလာယံ–မျက်လွှာတို့၏ တလှုပ်လှုပ်ဖြစ်ခြင်းကို၊ ကရောတိ–ပြုတတ်၏”ဟု ပြုရ၏၊ ထို့ကြောင့် မိဒ္ဓသည်၊ ပစာလာယိက မဟုတ်၊ မိဒ္ဓ ပြုအပ်သော အကျိုးသည်သာ ပစလာယိကဖြစ်၏၊ ထိုအကျိုးဖြင့် အကြောင်း မိဒ္ဓကို ဖလူပစာရအားဖြင့် ဟောတော်မူအပ်သည်–ဟူလို။]

---

**နဟိ နာမကာယော သုပတိ**။ ။အိပ်ပျော်နေသောအခါ ဘဝင်အစဉ်ဟူသော နာမကာယသာ ဖြစ်၏၊ ထို့ကြောင့် နာမကာယသည် အိပ်၏၊ သို့ပါလျှက် အဘယ် ကို ရည်ရွယ်၍ “နာဟိ နာမကာယော သုပတိ”ဟု စောဒကပုဂ္ဂိုလ် ဆိုပါသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား–ထိနမိဒ္ဓကြောင့်ဖြစ်သော စိတ္တဇရုပ်တို့ကြောင့် ရူပကာယ (ခန္ဓာကိုယ်) တစ်ခုလုံး လေးလံသောအခါ ကိုယ်လက်အင်္ဂါများ ထိုထိုအမူကို ပြုလုပ်ခြင်းမှ ဆုတ်နစ်၍ အိပ်ငိုက်လာ၏၊ ထို အိပ်ငိုက်ခြင်းကို ရည်ရွယ်၍ “န ဟိ နာမကာယော သုပတိ=နာမကာယသည် မအိပ်ငိုက်”ဟု ဆိုသည်၊ “ရူပကာယသာ အိပ်ငိုက်သည်”ဟူလို။

စ–သည်သာမကသေး၊ ဩနာဟာဒီဟိပိ–ဩနာဟအစရှိသော ပါဠိတော်တို့ဖြင့်လည်း၊ (ဩနာဟော, ပရိယောနာဟော, အန္တောသမောရောဓော ဟူသော ပါဠိတော်တို့ဖြင့်လည်း၊) အဿ–ဤ မိဒ္ဓ၏၊ အရူပဘာဝေါ–နာမ်၏အဖြစ်ကို၊ (ဘဂဝတာ) ဒီပိတောယေဝ–ပြတော်မူအပ်ပြီးသည်သာ၊ ဟိ–မှန်၊ (တစ်နည်း) ဟိယသ္မာ–ကြောင့်၊ ရူပံ–သည်၊ နာမကာယဿ–ကို၊ ဩနာဟော–ဖုံးလွှမ်းတတ်သည်လည်းကောင်း၊ ပရိယောနာဟော–ထက်ဝန်းကျင် ဖုံးလွှမ်းတတ်သည်လည်းကောင်း၊ အန္တောသမောရောဓော–အတွင်း၌ ပိတ်ချုပ်ထားတတ်သည်လည်းကောင်း၊ န ဟောတိ–မဖြစ်၊ တ္တတိ–ကြောင့်၊ (ဩနာဟာဒီဟိပိ–တို့ဖြင့်လည်း၊ အဿ–၏၊ အရူပဘာဝေါ–ကို၊ ဘဂဝတာ, ဒီပိတောယေဝ–သည်သာ။)

နနုစ–စောဒနာပါဦးအံ့၊ (ကိံ–အဘယ်သို့ စောဒနာပါအံ့နည်း၊) တ္တမိနာဝကာရဏေန–ဩနာဟအစရှိသော ဤအကြောင်းကြောင့်ပင်၊ [ဩနာဟာဒိနာ တ္တမိနာဝကာရဏေန၊–ယောဇနာ၊] တေ–ဤမိဒ္ဓသည်၊ ရူပံ–တည်း၊ ဟိ–မှန်၊ အရူပံ–နာမ်သည်၊ ကဿစိ–တစ်စုံတစ်ခုသော ဝတ္ထုကို၊ ဩနာဟော–ဖုံး လွှမ်း တတ်သည်၊ န ဟောတိ၊ ပရိယောနာဟော–သည်၊ န (ဟောတိ၊) အန္တောသမောရောဓော–သည်၊ န (ဟောတိ၊) တ္တတိ–ဤသို့ (စောဒနာပါ၏၊) ယဒိဧဝံ–ယင်းသို့ဖြစ်လျှင် (ရုပ်၏ဩနာဟ အစရှိသည်၏အဖြစ်ပြီးစီးလျှင်၊) ["တ္တမိနာဝကာရဏေန–ကြောင့်ပင်၊ တေ–ဤမိဒ္ဓသည်၊ ရူပံ–သည်၊ ယဒိ ဟောတိ–အံ့၊ ဧဝံ သတိ–သော်" ဤသို့လည်း ပေးရိုးပေးစဉ်အတိုင်း ပေးနိုင်၏၊] (အရူပဿ–နာမ်၏၊) အာဝရဏမ္ပိ–တားမြစ်ခြင်းသည်လည်း၊ န ဘဝေယျ–မဖြစ် တော့ရာ၊ တသ္မာ–ကြောင့်၊ (ဩနာဟာဒိတာ ဝေဒိတဗ္ဗာ၌ စပ်၊) ကာမစ္ဆန္ဒာဒယော–အစရှိကုန်သော၊ အရူပဓမ္မာ–တို့သည်၊ အဝရဏဋ္ဌေန–တားမြစ်တတ်သည်၏ အဖြစ်ကြောင့်၊ နီဝရဏာ–တို့သည်၊ (ဟောန္တိ)ယထာ–န်သကဲ့သို့၊ ဧဝံ–တူ၊ တ္တမဿာပိ–ဤမိဒ္ဓ၏လည်း၊ (နီဝရဏာတွင်ပါဝင်သော ဤမိဒ္ဓ၏လည်း၊) ဩနာဟာဒိ အတ္ထေန–ဩနာဟ အစရှိသောအနက်ကြောင့်၊ ဩနာဟာဒိတာ–ဩနာဟ အစရှိသည်၏အဖြစ်ကို၊ (ဩနာဟ အစရှိသောအမည်ကို၊) ဝေဒိတဗ္ဗာ–၏။

**ယဒိ ဧဝံ ၊ပေ၊ န ဘဝေယျ။** ။ယဒိ ရူပဿ ဩနယာဟာဒိတာ သိဒ္ဓါ၊ [ယဒိ ဧဝံ၏ မူလဋီကာစွဲနက်၊ ရှေးဝါကျစကားကို အားလုံးလိုက်စေ၍ "ယဒိ ဟောတိ၊ ဧဝံသတိ"ဟု စွဲရမည်ဖြစ်သော်လည်း ထိုအနက်ကို အကျဉ်းချုပ်၍ စွဲနက်ကို ပြသည်၊] အရူပဿ နသိယာ၊ အာဝရဏံပိ နဘဝေယျ၏အဖွင့်၊) ဤအဖွင့်အတိုင်း "အရူပဿ အာဝရဏံပိ န ဘဝေယျ"ဟု ပေးရသည်၊ တံတား (ရေကာတာရိုး)ကို ဖွဲ့ဆည်းခြင်းစသည်တို့၌ ရေကာတာဝယ်ပါဝင်သော ရုပ်တရားတို့၏ တားဆည်းပုံကို မြင်ရသောကြောင့် နာမ်တရားမှာ အာဝရဏ (တားဆည်းခြင်း)လည်း မဖြစ်နိုင်ရာ ရောက်သည်–ဟူလို၊ [သေတုဗန္ဓာဒိသု ၊ပေ၊ န ဘဝေယျာတိ အတ္တော၊–ဋီကာ။]

အပိစ–သည်သာမကသေး၊ ပဋ္ဌနီဝရဏော၊ ပေ၊ ဒုဗ္ဗလီကရဏောတိ–ဟူ၍၊ ဝစနတောပိ–ဟောတော်မူခြင်းကြောင့်လည်း၊ တော်–ဤမိဒ္ဓသည်၊ အရူပံ–နာမ်တည်း၊ [ပဋ္ဌနီဝရဏ၌ မိဒ္ဓလည်းပါဝင်ရကား ဤမိဒ္ဓသည် နာမ်တရားဖြစ်၏–ဟူလို၊] ဟိ–မှန်၊ ရူပံသည်၊ စိတ္တုပက္ကိလေသော–စိတ်ကို ညစ်နွမ်းစေတတ်သည်၊ န ဟောတိ၊ ပညာယ–၏၊ ဒုဗ္ဗလီကရဏံ–အားမရှိသည်၏အဖြစ်ကို ပြုတတ်သောတရားသည်၊ န. ဟောတိ၊ ဣတိ–ဤကား အဖြေတည်း။

ကသ္မာ–ကြောင့်၊ (ရူပံ–သည်၊ စိတ္တုပက္ကိလေသော–သည်လည်းကောင်း၊ ပညာယ–၏၊ ဒုဗ္ဗလီကရဏံ–သည်လည်းကောင်း၊) န ဟောတိ–မဖြစ်ဘဲရှိအံ့နည်း၊ သန္တိ ဘိက္ခဝေ ၊ပေ၊ ဥပက္ကိလေသောတိ–ဟူ၍၊ ဝုတ္တံနနု–ဟောတော်မူအပ်သည် မဟုတ်လော၊ [ဘိက္ခဝေ–တို့၏၊ ဧဝေ–အချို့ကုန်သော၊ (ယေ) သမဏဗြာဟ္မဏာ–အကြင် ရဟန်းပုဏ္ဏားတို့သည်၊ သုရံ–သေရည်ကို၊ ပိဝန္တိ–သောက်ကြကုန်၏၊ မေရယံ–အရက်ကို၊ (ပိဝန္တိ၊) သုရာမေရယပါနာ–သေရည်အရက်ကို သောက်ခြင်းမှ၊ အပ္ပဋိဝိရတာ–မရှောင်ကြဉ်ကြကုန်၊ (တေ သမဏဗြာဟ္မဏာ–တို့သည်၊) သန္တိ–န်၏၊ ဘိက္ခဝေ–တို့ကို၊ အယံ–ဤသေရည်အရက်သောက်ခြင်းသည်၊ မဠမော–ရှေးဦးစွာသော၊ သမဏဗြာဟ္မဏာနံ–တို့၏၊ ဥပက္ကိလေသော–ညစ်နွမ်းကြောင်းတည်း၊ [အင်္ဂုတ္တုရ်–စတုက္ကနိပါတ်၊ ရောဟိတဿဝဂ်, ဥပက္ကိလေသသုတ်။]

[စိတ္တုပက္ကိလေသ၏သာဓကကို ပြပြီး၍, ပညာယဒုဗ္ဗလီကရဏ၏သာဓကကို ပြလိုသောကြောင့် "အပရမ္ပိ"စသည်ကို မိန့်၊] အပရမ္ပိ–အခြားသော သုတ်ကိုလည်း၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ (ကိံ၊) ဆခေါ မေ ဂဟပတိပုတ္တ၊ ပေ၊ ဘဝတီ တိ–ဟူ၍၊ (ဝုတ္တံ–ပြီ၊) [ဂဟပတိပုတ္တ–သူကြွယ်သား၊ သုရာမေရယမဇ္ဇပမာဒဿာနာနုယောဂေ–ယဇ်မူကြောင်း မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေရည် အရက်သောက်မှုကို အဖန်ဖန်အားထုတ်ခြင်း၌၊ အာဒီနဝါ–အပြစ်တို့သည်၊ ဣမေဆ–ဤ ခြောက်ပါးတို့တည်း၊ (ကတမေ–အဘယ်ခြောက်ပါးတို့နည်း၊) သန္ဒိဋ္ဌိကာ–မျက်မှောက်ဘဝ၌ဖြစ်သော၊ ဓနဟာနိ–ဥစ္စာ၏ဆုံးရှုံးခြင်းသည်၊ (ဟောတိ၊) (သုရာ–သေရည်သည်၊) ကလဟပ္ပဝမုနီ–ခိုက်ရန်ကို တိုးပွားစေတတ်သည်၊ (ဟောတိ၊) ရောဂါနံ–ရောဂါတို့၏၊ အာယတနံ–တည်ရာအကြောင်းသည်၊ (ဟောတိ၊) အကိတ္တိသဉ္ဇနနီ–ကျော်စောမှုကို ဖြစ်စေတတ်သည်၊ (ဟောတိ၊) ကောပီနနိဒံသနီ–အင်္ဂါဇာတ်ကို ဖော်ပြတတ်သည်၊ (ဟောတိ၊) ပညာယ–၏၊ ဒုဗ္ဗလီကရဏန္တေဝ–အားမရှိအောင် ပြုခြင်းသာလျှင် ဖြစ်သော၊ ဆဋ္ဌံ–ခြောက်ခုမြောက်ဖြစ်သော၊ ပဒံ–အကြောင်းသည်၊ ဘဝတိ၊– ဒီဃနိကာယ် သင်္ဂါလသုတ်။]

စ–ဆက်၊ ပစ္စက္ခတောပိ–မျက်မှောက်အားဖြင့်လည်း၊ တော်–ဤ စေတသော ဥပက္ကိလေသ, ပညာယ ဒုဗ္ဗလီကရဏ ဖြစ်ခြင်းဟူသောအနက်သည်၊ သိဒ္ဓမေဝ–

ပြီးသည်သာ၊ [ပိဖြင့် ဘုရားဟောတရားတော်ကို ပေါင်း၊] ယသ္မာ–ကြောင့်၊ မဇ္ဈေ–သေရည် အရက်သည်၊ ဥဒရဂတေ–ဝမ်းတွင်းသို့ ရောက်လသော်၊ စိတ္တံ–သည်၊ သံကိလိဿတိ–ညစ်နွမ်း၏၊ ပညာ–သည်၊ ဒုဗ္ဗလာ–အားမရှိသည်၊ ဟောတိ၊ တသ္မာ, မဇ္ဇံဝိယ–သေရည် အရက်ကဲ့သို့၊ မိဒ္ဓမ္ပိ–သည်လည်း၊ စိတ္တ သံကိလေသောစေဝ–စိတ်ကို ညစ်နွမ်းစေတတ်သည်လည်းကောင်း၊ ပညာယ–၏၊ ဒုဗ္ဗလီကရဏဉ္စ–အားမရှိသည်၏အဖြစ်ကို ပြုတတ်သည်လည်းကောင်း၊ သိယာ–ဖြစ်ရာသည် မဟုတ်လော၊ ဣတိ–ဤကား စောဒနာတည်း၊ န–မဖြစ်သင့်၊ (ကသ္မာ–နည်း၊) ပစ္စယနိဒ္ဒေသတော–အကြောင်း၌ အကျိုးကို ညွှန်ပြကြောင်းတည်း။

ဟိ–ချဲ့၊ [ယောဇနာ၌ "ဒဠှ"ဟု ဆို၏၊] မဇ္ဇံ–သည်၊ သံကိလေသော– ညစ်နွမ်းကြောင်းသည်၊ ယဒိဘဝေယျ၊ (ဝေသတိ၊) သော–ထိုသေရည်အရက် သည်၊ (နိဒ္ဒေသံ အာဂစ္ဆေယျဥ္၌ စပ်၊) ကာမေပဥ္စ၊ ပေ၊ ဥပက္ကိလေသောတိဝါ– ဟူ၍လည်းကောင်း၊ ဝေမေဝ၊ ပေ၊ ဥပက္ကိလေသောတိဝါ–ဟူ၍လည်းကောင်း၊ ကတမေ၊ ပေ၊ ဥပက္ကိလေသောတိဝါ–ဟူ၍လည်းကောင်း၊ ဝေမာဒိသု–အစရှိကုန် သော၊ ဥပက္ကိလေသနိဒ္ဒေသေသု–ဥပက္ကိလေသ၏နိဒ္ဒေသတို့၌၊ နိဒ္ဒေသံ–အကျယ် ညွှန်ပြအပ်သည်၏အဖြစ်သို့၊ အာဂစ္ဆေယျ–ရောက်ရာ၏၊ [စေတသော–စိတ်၏၊ ဥပက္ကိလေသ–ညစ်နွမ်းကြောင်းဖြစ်ကုန်သော၊ ပဥ္စ–ကုန်သော၊ ကာမေ နီဝရဏေ– တို့ကို၊ ပဟာယ–ပယ်စွန့်၍၊–(မဇ္ဈိမနိကာယ်, မူလပံ, ဩပမ္မဝဂ်, စူဠဟတ္ထိပဒေါ ပမသုတ်၊) ဘိက္ခဝေ–တို့၏၊ ဝေမေဝခေါ–ဤ့အတူပင်၊ စိတ္တဿ–၏၊ ဥပက္ကိ လေသာ–ညစ်နွမ်းကြောင်းတို့သည်၊ ကာမေပဥ္စ–တို့တည်း၊ ယေဟိ ဥပက္ကိလေ သေဟိ–ယင်း ညစ်နွမ်းကြောင်းတို့သည်၊ ဥပက္ကိလိဋ္ဌံ–ညစ်နွမ်းစေအပ်သော၊

**မဇ္ဈေ ၊ပေ၊ ဟောတိ။** ။စိတ္တ သံကိလိဿတိအရ "စိတ်ညစ်"ဟူရာ၌ စိတ် မချမ်းမသာဖြစ်သော စိတ်ညစ်ခြင်း မဟုတ်၊ တဏှာရာဂ လောဘစသည် ထကြွ၍ စိတ်ယုတ်မာ ဖြစ်ခြင်းတည်း၊ ပညာ ဒုဗ္ဗလာဟူရာ၌လည်း ကုသိုလ်ရေးဆိုင်ရာ ပညာအစစ်အမှန်ကို ဆိုလိုသည်၊ အရက်သောက်ပြီးသောအခါ ထိုအစစ်အမှန်ပညာ မျိုးကား မဖြစ်နိုင်၊ လောကီရေးရာကြံစည်သော ပညာအတု၏ သွက်လက်မှုကို အကြောင်းပြု၍ "ပညာဒုဗ္ဗလာ ဟောတိ"ဟူသော ဤစကားကို မပယ်ရှားသင့်။

**ပစ္စယနိဒ္ဒေသတော။** ။"ပစ္စယေ ဖလနိဒ္ဒေသတော"ဟု နောက်အကျယ်၌ ဋီကာဖွင့်၏၊ ဆိုလိုရင်းကား–သေရည် အရက်သောက်မှုသည် အကြောင်း၊ ဥပက္ကိလေသ ပညာယ ဒုဗ္ဗလီကရဏဖြစ်ရခြင်းသည် အကျိုး၊ ဤသို့ အကြောင်းအပေါ်၌ အကျိုးကို ညွှန်ပြသော ဖလူပစာရစကားဖြစ်သောကြောင့်, န–မဇ္ဇကဲ့သို့ မိဒ္ဓသည် စိတ္တသံကိလေသ ပညာယ ဒုဗ္ဗလီကရဏ မဖြစ်သင့်၊ [ယောဇနာ၌ "ပစ္စယနိဒ္ဒေသတောတိ ဥပက္ကိလေသ ပညာယ ဒုဗ္ဗလီကရဏာနံ(တို့၏) ပစ္စယဘာဝနိဒ္ဒေသတော (မဇ္ဇက အကြောင်းဖြစ်ပုံကို ညွှန်ပြခြင်းကြောင့်) မဇ္ဇံ သံကိလေသော န ဟောတိ"ဟု ဖွင့်၏၊ စောဒကပုဂ္ဂိုလ်က မဇ္ဇကို ဥပမာပြု၍ မိဒ္ဓကို စောဒနာသောကြောင့် မိဒ္ဓတိုင်အောင်ဖြေမှ ပြည့်စုံသည်။]

စိတ္တံ–သည်၊ မုဒုစေဝ–နူးညံ့သည်လည်း၊ န ဟောတိ–မဖြစ်နိုင်၊ ကမ္မနိယံစ–အမှု၌ကောင်းသည်လည်း၊ န (ဟောတိ)–နိုင်၊ ပဘဿရံစ–ပြိုးပြိုးပြက်ထွက်သော အရောင်ရှိသည်လည်း၊ န (ဟောတိ)–နိုင်၊ ပဘင်္ဂုစ–အပြားအားဖြင့် ပျက်စီးတတ်သည်လည်း၊ ဝါ–အပြားအားဖြင့် ပျက်စီးခြင်းသဘောရှိသည်လည်း၊ (ဟောတိ၊) [ရှေးနိဿယ၌ "န ပဘင်္ဂုစ"ဟူသော ပါဠိတော်ကိုတွေ့၍၊ "ပဘင်္ဂုစ–ထက်ဝန်းကျင်မှ တောက်ပခြင်းသို့ ရောက်သည်လည်း၊ န ဟောတိ"ဟု ပေးလေသည်၊ ပါဠိတော်ရင်း၌ "န"မပါ။] အာသဝါနံ–တို့၏၊ ခယာယစ–ကုန်ခြင်းငှာလည်း၊ န သမ္မာသမာဓိယတိ–ကောင်းစွာ မတည်ကြည်၊ ကတမေပဉ္စ–တို့နည်း၊ ဘိက္ခဝေ, ကာမစ္ဆန္ဒော–သည်၊ စိတ္တဿ–၏၊ ဥပက္ကိလေသော–ညစ်နွမ်းကြောင်းသည်၊ (ဟောတိ၊)–(ဗောဇ္ဈင်္ဂသံယုတ်, နီဝရဏဝဂ်, ဥပက္ကိလေသသုတ်၊) ဘိက္ခဝေ, စိတ္တဿ–၏၊ ဥပက္ကိလေသာ–တို့သည်၊ ကတမေ–တို့နည်း၊ အဘိဇ္ဈာ–အဘိဇ္ဈာဟူသော၊ ဝိသမလောဘော–ဝိသမလောဘသည်၊ စိတ္တဿ–၏၊ ဥပက္ကိလေသော–ညစ်နွမ်းကြောင်းတည်း၊ မူလပံ,.မူလပရိယာယဝဂ်, ဝတ္ထသုတ်။]

ပန–စင်စစ်ကား၊ ယသ္မာ, တသ္မိံ–ထိုသေရည် အရက်ကို၊ ပီတေ–သောက်အပ်ပြီးသော်၊ ယေ (ဥပက္ကိလေသာ)–အကြင် ဥပက္ကိလေသတို့သည်၊ စိတ္တသံကိလေသာစေဝ–စိတ်ကို ညစ်နွမ်းစေတတ်ကုန်သည်လည်းကောင်း၊ ပညာယ–၏၊ ဒုဗ္ဗလီကရဏာစ–အားမရှိသည်၏အဖြစ်ကို ပြုတတ်ကုန်သည်လည်းကောင်း၊ ဟောန္တိ၊ (တေ)ဥပက္ကိလေသာ–တို့သည်၊ ဥပ္ပဇ္ဇန္တိ၊ တသ္မာ, တံ–ထိုမဇ္ဇကို၊ တေသံ–ထို စိတ္တသံကိလေသ ပညာယဒုဗ္ဗလီကရဏတို့၏၊ ပစ္စယတ္တာ–အကြောင်း၏အဖြစ်ကြောင့်၊ ဝါ–အကြောင်းဖြစ်သည့်အတွက်၊ ပစ္စယနိဒ္ဒေသတော–အကြောင်း၌အကျိုးကို ညွှန်ပြခြင်းကြောင့်၊ ဧဝံ–ဤသို့ စေတသော ဥပက္ကိလေသ ပညာယဒုဗ္ဗလီကရဏဟူ၍၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ [မဇ္ဇံဝိယ မိဒ္ဓံပိဟူသော စောဒကပုဂ္ဂိုလ်၏စကားနှစ်ရပ်တို့တွင် မဇ္ဇ၏အတွက် ရှင်းလင်းချက်ကိုပြပြီး၍ မိဒ္ဓအတွက် ရှင်းလင်းချက်ကို ပြလိုသောကြောင့် "မိဒ္ဓံပန"စသည် မိန့်။] ပန–ကား၊ မိဒ္ဓံ–သည်၊ သယမေဝ–ကိုယ်တိုင်ပင်၊ စိတ္တဿ–၏၊ သံကိလေသောစေဝ–ညစ်နွမ်းကြောင်းသည်လည်းကောင်း၊ ပညာယ–၏၊ ဒုဗ္ဗလီကရဏဉ္စ–အားမရှိသည်၏အဖြစ်ကို ပြုတတ်သည်လည်းကောင်း၊ ဟောတိ၊ ဣတိ–ကြောင့်၊ မိဒ္ဓံ–သည်၊ အရူပမေဝ–နာမ်သာတည်း၊ ["နာမ်ဖြစ်သောကြောင့် ကာမစ္ဆန္ဒစသည်ကဲ့သို့ ဥပက္ကိလေသတရား၌ ဟောတော်မူသည်"ဟူလို။]

---

ပဘင်္ဂုစ။ ။ရှေးစာအုပ်တို့၌ "နစ ပဘင်္ဂု"ဟုရှိ၏၊ မဟာဝဂ္ဂသံယုတ်, နီဝရဏဝဂ်, ဥပက္ကိလေသသုတ်အဋ္ဌကထာ၌ "ပဘင်္ဂုစာတိ အာရမဏေ စုဏ္ဏဝိစုဏ္ဏ ဘာဝူပဂမနေန (အာရုံဝယ် စုစုဝေးဝေး မတည်နိုင်ဘဲ မှုန့်မှုန့်ညက်ညက်အဖြစ်သို့ ကပ်ရောက်ခြင်းအားဖြင့်၊) ဘဇ္ဇနသဘာဝံ (ပျက်စီးခြင်းသဘောရှိ၏)"ဟု ဖွင့်သည်၊ ထို့ကြောင့် (န)' မလို, "ပဘင်္ဂုစ"ဟုသာ ရှိပါစေ၊ [ပ+ဘဉ္ဇဓာတ်, ဏုပစ္စည်း, တဿီလအနက်ဟော။]

ဘိယျော–အလွန်၊ (ဝတ္တဗ္ဗံ–ဆိုဖွယ်သည်၊) ကိဥ္စ–အဘယ်နည်း၊ [ဤကိစ္စ ဘိယျောပုဒ်ကို စိတ္တုပ္ပါဒကဏ္ဍ ရူပါဝစရကုသလ တတိယဈာနနိဒ္ဒေသ၌ အနက်ပေးပုံ ဖွင့်ခဲ့ပြီ၊] သမ္ပယောဂဝစနတော–ယှဥ်ခြင်းကို ဟောတော်မူခြင်း ကြောင့်၊ (မိဒ္ဓံ–သည်၊ အရူပမေဝ–သာတည်း၊) ဟိ–မှန်၊ ထိနမိဒ္ဓနီဝရဏံ ၊ပေ၊ နီဝရဏသမ္ပယုတ္တဥ္စာတိ–ဟူ၍၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ [ထိနမိဒ္ဓနီဝရ ဏံ–သည်၊ အဝိဇ္ဇာနီဝရဏေန–အဝိဇ္ဇာနီဝရဏအားဖြင့်၊ နီဝရဏစေဝ–နီဝရဏ မည်သည်လည်းကောင်း၊ နီဝရဏသမ္ပယုတ္တဥ္စ–နီဝရဏနှင့်ယှဉ်သည်လည်း ကောင်း၊ ဟောတိ၊ နိက္ခေပကဏ္ဍ နီဝရဏဂေါစ္ဆကနိဒ္ဒေသ၊] တသ္မာ သမ္ပယောဂ ဝစနတော–ထိုသို့ယှဥ်ခြင်းကို ဟောတော်မူခြင်းကြောင့်၊ ဣဒံ–ဤ မိဒ္ဓသည်၊ န ရူပံ–ရုပ်မဟုတ်၊ ဟိ–မှန်၊ ရူပံ–သည်၊ သမ္ပယုတ္တသချံ–သမ္ပယုတ္တဟူသော အရေအတွက်ကို၊ န လဘတိ–မရ၊ ဣတိ–ဤကား အဖြေတည်း။

(စောဒကဿ–၏၊ ဧဝံ–ဤသို့သော၊ မတိ–အလိုတည်း၊) အထာပိသိယာ– အကယ်၍မူလည်းဖြစ်အံ့၊ (ကိံ–အဘယ်သို့ ဖြစ်ရာသနည်း၊) ယထာလာဘ ဝသေန–အကြင်အကြင် ရထိုက်သောအနက်၏အစွမ်းဖြင့်၊ ဧတံ–ဤ ထိနမိဒ္ဓ နီဝရဏံ အစရှိသောစကားကို၊ (ဘဂဝတာ)ဝုတ္တံ–ပြီ၊ ဟိ–ချဲ့၊ သိပ္ပိက, သမ္ဗု ကမ္ပိ–ခရု, ယောက်သွားကိုလည်းကောင်း၊ သက္ခရကထလမ္ပိ–ကျောက်စရစ်, အိုးခြမ်းကိုလည်းကောင်း၊ မစ္ဆဂုမ္ဗမ္ပိ–ငါးအပေါင်းကိုလည်းကောင်း၊ စရန္တံ မ္ပိ–လှည့်လည်နေသည်ကိုလည်းကောင်း၊ တိဋ္ဌန္တံ မ္ပိ–ရပ်တည်နေသည်ကို လည်းကောင်း၊ [ပဿေယျ–မြင်ရာ၏၊ ...သီလက္ခန်, သာမညဖလသုတ်၊] ဣတိဧဝံ–သို့၊ ဧကတော–တပေါင်းတည်း၊ ကတွာ–၍၊ ယထာလာဘဝသေန– ဖြင့်၊ ဝုတ္တံယထာ–ဟောတော်မူအပ်သကဲ့သို့၊ [ဟိ–မှန်၊ သက္ခရကထလံ– သည်၊ တိဋ္ဌတိယေဝ–တည်ရုံသာ တည်နိုင်၏၊ န စရတိ–မလှည့်လည်နိုင်၊ ဣတရဒွယံ–ဤ သက္ခရကထလမှ တစ်ပါးသော သိပ္ပိက, သမ္ဗုက, မစ္ဆဂုမ္ဗ နှစ်ပါးအပေါင်းသည်၊ တိဋ္ဌတိပိ–တည်လည်း တည်နိုင်၏၊ စရတိပိ–လှည့် လည်လည်း လှည့်လည်နိုင်၏၊] ဧဝံ–တူ၊ ဣဓာပိ–ဤ ထိနမိဒ္ဓနီဝရဏံ အစရှိသော ပါဠိ၌ရပ်၌လည်း၊ မိဒ္ဓံ – သည်၊ နီဝရဏမေဝ – နီဝရဏသာတည်း၊

---

**သိပ္ပိက သမ္ဗုကံပိ**။ ။သပ္ပတိ (အပဒါပိ သမာနာ) ဂစ္ဆတီတိ သိပ္ပိ–ခြေမရှိ သော်လည်း သွားတတ်သောကြောင့် ခရုသည် (တစ်နည်း:) ကနုကမာသည် သိပ္ပိ မည်၏၊ သပ္ပဓာတ်, သ၏အကို ဣပြု၍ "ကိကံဏိကာဒယော"ဟူသော ဏွာဒိမောဂ္ဂ လာန် (၂၂)သုတ်ဖြင့် ကိကပစ္စည်းသက်၊ သမ္ဗုကသဒ္ဒါကား ယောက်သွား အနက် ဟောတည်း၊ သမ္ဘတိ ဥဒကံ မဇ္ဈေတီတိ သမ္ဗုကော–ရေကို တန်ဆာဆင်တတ်သော သတ္တဝါ, (ဥက, တစ်နည်း–ကပစ္စည်းဟု ဆို၏၊) သိပ္ပိကာစ+သမ္ဗုကောစ သိပ္ပိက သမ္ဗုကံ၊ "ကသမ္ဗုကဇာတော"ဟု ရှိရာ၌ကား ကသမ္ဗုကသဒ္ဒါသည် ကစဝရ၏ပရိ ယာယ် (အမျိုက်) အနက်ဟောတည်း။

န သမ္ပယုတ္တံ–သမ္ပယုတ္တမဟုတ်၊ ထိနံ့–သည်၊ နီဝရဏမ္ပိ–နီဝရဏလည်း ဟုတ်၏၊ သမ္ပယုတ္တမ္ပိ–သမ္ပယုတ်လည်း ဟုတ်၏၊ ဣတိ–ကြောင့်၊ သဗ္ဗံ–အလုံးစုံကို၊ (ထိနမိဒ္ဓနှစ်ပါးလုံးကို၊) ကေဘော, ကတ္ဘာ၊ ယထာလာဘဝသေန–ဖြင့်၊ နီဝရဏဉ္စေဝ နီဝရဏသမ္ပယုတ္တဉ္စာတိ–ဟူ၍၊ ဝုတ္တံ–ပြီ။

ပန–ဆက်၊ မိဒ္ဓံ–သည်၊ သက္ခရကထလံ–သည်၊ တိဋ္ဌတေဝယထာ–တည်ရှိသော တည်နိုင်သကဲ့သို့၊ န စရတိယထာ–မလှည့်လည်နိုင်သကဲ့သို့၊ ဧဝံ–တူ၊ နီဝရဏမေဝ–နီဝရဏသာဖြစ်၏၊ န သမ္ပယုတ္တံ–သမ္ပယုတ်မဖြစ်၊ တသ္မာ–ကြောင့်၊ မိဒ္ဓံ–ည်၊ ရူပမေဝ–ရုပ်သာတည်း၊ ဣတိ–ဤသို့သော၊ (မတိ–အလိုသည်၊ အထာပိသိယာ–အံ့၊ ဧဝံသတိ–သော်၊) န–မဖြစ်သင့်၊ (ကသ္မာ–နည်း၊ မိဒ္ဓဿ–၏၊) ရူပဘာဝါသိဒ္ဓိတော–ရုပ်အဖြစ်၏ မပြီးစီးခြင်းကြောင့်တည်း၊ (ရုပ်အဖြစ်က အပြီးအစီးသေချာပြီး မဟုတ်သောကြောင့်တည်း၊) ဟိ–မှန်၏၊ သက္ခရကထလံ–သည်၊ န စရတိ–မလှည့်လည်နိုင်၊ ဣတိ–ဤအနက်အဓိပ္ပာယ်သည်၊ သုတ္တေန–ပါဠိတော်နှင့်၊ ဝိနာပိ–ကင်း၍လည်း၊ သိဒ္ဓံ–ပြီးသည်၊ ဝါ–ထင်ရှားသည်၊ ဟောတိ၊ တသ္မာ–ကြောင့်၊ တတ္ထ–ထို သိပ္ပိကသမ္ဗုကမ္ပိအစရှိသော ပါဠိရပ်၌၊ ယထာလာဘဝသေန–ဖြင့်၊ အတ္ထော–သည်၊ ဟောတု–ဖြစ်ပါစေ၊ မိဒ္ဓံပန–သည်ကား၊ ရူပံ–တည်း၊ ဣတိဧတံ–ဤ အနက်သည်၊ အသိဒ္ဓံ–ပြီးပြီး မဟုတ်၊ (ထင်ရှားပြီးမဟုတ်၊) တဿ–ထို မိဒ္ဓ၏၊ ဣမိနာ သုတ္တေန–ဤ ထိနမိဒ္ဓ နီဝရဏံအစရှိသော ပါဠိရပ်ဖြင့်၊ ရူပဘာဝေါ–ရုပ်၏ အဖြစ်သည်၊ ဝါ–ကို၊ သာဓေတုံ–ပြီးစေခြင်းငှာ၊ န သက္ကာ–မတတ်ကောင်း၊ မိဒ္ဓဿ–၏၊ ဣတိ (တသ္မာ) ရူပဘာဝါသိဒ္ဓိတော–ထိုသို့ ရုပ်အဖြစ်၏မပြီးစီးခြင်းကြောင့်၊ ဣဒံ–ဤပါဠိကို၊ ယထာလာဘဝသေန–ဖြင့်၊ န ဝုတ္တံ–ဟောတော်မမူအပ်သည် မဟုတ်၊ ဣတိ–ကြောင့်၊ မိဒ္ဓံ–သည်၊ အရူပမေဝ–နာမ်သာတည်း။

ဘိယျော–အလွန်၊ (ဝတ္တဗ္ဗံ–ဆိုဖွယ်သည်၊) ကိဉ္စ–အဘယ်နည်း၊ စတ္တတ္တာတိ အာဒိဝစနတော–စတ္တတ္တာ အစရှိသောစကားကို ဟောတော်မူခြင်းကြောင့်၊ (စတ္တတ္တာ အစရှိသောစကား၏ ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်၊) မိဒ္ဓံ–သည်၊ အရူပမေဝ–နာမ်သာတည်း၊ ဟိ–ချဲ့၊ ဝိဘင်္ဂေပိ–ဈာနဝိဘင်းပါဠိတော်၌၊ ဝိဂတ ၊ပေ၊ ထိနမိဒ္ဓေါတိစ–ဟူ၍လည်းကောင်း၊ ဣဒံ ၊ပေ၊ ပရိသောဓေတီတိစ–ပရိသောဓေတိဟူ၍လည်းကောင်း၊ ဧဝံ–သို့၊ စတ္တတ္တာတိအာဒိ–အစရှိသောစကားကို၊ (ဘဂဝတာ)ဝုတ္တံ–ပြီ၊ စ–ဆက်၊ ရူပံ–ကို၊ ဧဝံ–ဤသို့ စတ္တတ္တာအစရှိသည် ဖြင့်၊ န ဝုစ္စတိ–ဟောတော်မမူအပ်၊ တသ္မာပိ–ကြောင့်လည်း၊ မိဒ္ဓံ–သည်၊ အရူပမေဝ–တည်း၊ ဣတိ–ဤကား အဖြေတည်း၊ (ဝိဂတထိနမိဒ္ဓေါတိ–ကား၊ တဿထိနမိဒ္ဓဿ–၏၊ ဝါ–ကို၊ စတ္တတ္တာ–စွန့်အပ်ပြီး၏ အဖြစ်ကြောင့်၊ ဝန္တတ္တာ–ထွေးအန်အပ်ပြီး၏ အဖြစ်ကြောင့်၊ မုတ္တတ္တာ–လွှတ်အပ်ပြီး၏

အဖြစ်ကြောင့်၊ ပဟီနတ္တာ–ပယ်အပ်ပြီး၏ အဖြစ်ကြောင့်၊ ပဋိနိသဋ္ဌတ္တာ–တစ်ဖန် စွန့်လွှတ်အပ်ပြီး၏အဖြစ်ကြောင့်၊ (ဝိဂတ ထိနမိဒ္ဓေါ–ကင်းသော ထိနမိဒ္ဓရှိ၏၊) တေန–ထို့ကြောင့်၊ ဝိဂတ ထိနမိဒ္ဓေါတိ–ဟူ၍၊ ဝုစ္စတိ–၏၊ ဣဒံစိတ္တံ–ကို၊ ဣမမှာ ထိနမိဒ္ဓါ–ဤ ထိနမိဒ္ဓမှ၊ သောဓေတိ–သုတ်သင်၏၊ ဝိသောဓေတိ–အထူးသဖြင့်သုတ်သင်၏၊ ပရိသောဓေတိ–ထက်ဝန်းကျင် သုတ်သင်၏၊ မောစေတိ–လွှတ်စေ၏၊ ဝိမောစေတိ–အထူးသဖြင့် လွှတ်စေ၏၊ ပရိမောစေတိ–ထက်ဝန်းကျင် လွှတ်စေ၏၊ တေန–ကြောင့်၊ ထိနမိဒ္ဓါ စိတ္တံ ပရိသောဓေတီတိ–ဟူ၍၊ ဝုစ္စတိ–၏၊ [ဈာနဝိဘင်းပါဠိတော်, သုတ္တန္တဘာဇနီယ။]

(မိဒ္ဓံ–သည်၊ အရူပံ–သည်၊) န–မဟုတ်၊ (ကသ္မာ–နည်း၊ စတ္တတ္တာဒိ အာဒိ ဝစနသာ–အစရှိသော စကား၏၊) စိတ္တဇဿ–စိတ္တဇဖြစ်သော ထိနမိဒ္ဓ၏၊ အသမ္ဘဝ ဝစနတော–ဈာန်ခဏ၌ မဖြစ်သင့်ခြင်းကို ဟောတော်မူကြောင်းစကား၏အဖြစ်ကြောင့်တည်း၊ ဟိ–ချဲ့၊ (တစ်နည်း) ဟိ (ယသ္မာ၊) မိဒ္ဓံ–သည်၊ စိတ္တဇံ–စိတ္တဇမိဒ္ဓလည်းကောင်း၊ ဥတုဇံ–လည်းကောင်း၊ အာဟာရဇ္ဇံ–လည်းကောင်း၊ (ဣတိ–သို့၊) တိဝိဓံ–သုံးပါးအပြား ရှိ၏၊ တသ္မာ, တုတ္ထ–ထိုသုံးပါးတို့တွင်၊ ယံ–အကြင် မိဒ္ဓသည်၊ စိတ္တဇံ–စိတ်ကြောင့်ဖြစ်၏၊ တဿ–ထိုစိတ္တဇမိဒ္ဓ၏၊ ဝိဘင်္ဂေ–ဈာနဝိဘင်းပါဠိတော်၌၊ ဈာနစိတ္တေဟိ–ဈာန်စိတ်တို့ကြောင့်၊ အသမ္ဘဝေါ–မဖြစ်သင့်ခြင်းကို၊ ဝုတ္တော–ဟောတော်မူအပ်ပြီ၊ အရူပဘာဝေါ–နာမ်၏ အဖြစ်ကို၊ န သာဓိတော–ပြီးစေတော်မူအပ်သည် မဟုတ်၊ ဣတိ–ကြောင့်၊ မိဒ္ဓံ–သည်၊ ရူပမေဝ–ရုပ်သာတည်း၊ ဣတိ–ဤကား စောဒနာတည်း၊ ရူပဘာဝါသိဒ္ဓိတော–ရုပ်အဖြစ်၏ မပြီးစီးခြင်းကြောင့်ပင်၊ (မိဒ္ဓံ–သည်၊ ရူပံ–သည်၊) န–မဟုတ်၊ ဟိ–ချဲ့၊ မိဒ္ဓဿ–၏၊ ရူပဘာဝေ–ရုပ်၏အဖြစ်သည်၊ သိဒ္ဓေ–ပြီးစီးလသော်၊ (အပြီးအစီး ထင်ရှားပြီးဖြစ်လသော်၊) တတ္ထ–ထိုဈာနဝိဘင်းပါဠိတော်၌၊ စိတ္တဇဿ–စိတ္တဇမိဒ္ဓ၏၊ အသမ္ဘဝေါ–မဖြစ်ခြင်းကို၊ ဝုတ္တော–

---

**စိတ္တဇဿာသမ္ဘဝ ဝစနတော။** ။ဝစနတောကို “ဝစနဘာဝတော”ဟု ဋီကာဖွင့်၏၊ ဘာဝပ္ပစ္စယ ဘာဝလောပ ကြံစေလိုသည်၊ ထို ဝစနအရကိုလည်း စတ္တတ္တာစသောစကားကို ယူစေလိုသောကြောင့် “စတ္တတ္တာတိ အာဒိဝစနဿ”ဟု ဋီကာထည့်၍ဖွင့်သည်၊ စောဒကအလိုအားဖြင့် စိတ္တဇမိဒ္ဓ, ဥတုဇမိဒ္ဓ, အာဟာရဇမိဒ္ဓဟု သုံးမျိုးရှိရာ စိတ္တဇမိဒ္ဓ၏ဈာန်ခဏ၌ မဖြစ်ခြင်းကို ဆိုသောစကားဖြစ်ခြင်းကြောင့်၊ ထိုစကားအတွက် မိဒ္ဓကို ရုပ်မဟုတ်ဟု မဆိုနိုင်ပါ–ဟူလို၊ တစ်နည်း–“ဝစနတော”အရ တိုက်ရိုက်ဟောတော်မူခြင်းကို မယူဘဲ ထိုစကားဖြင့် ထင်ရှားပြခြင်းဟူသော ပကာသနအနက်ကို ယူ၍ စတ္တတ္တာစသောစကားဖြင့် ဈာန်ခဏ၌ စိတ္တဇမိဒ္ဓ၏မဖြစ်ခြင်းကို ထင်ရှားပြသောကြောင့် ထိုစကားအတွက် မိဒ္ဓကို ရုပ်မဟုတ်ဟု မဆိုနိုင်ပါ–ဟူလို၊ စတ္တတ္တာတိ အာဒိဝစနဿ ။ပေ၊ အသမ္ဘဝ ဝစနဘာဝတောတိ အတ္ထော၊ စတ္တတ္တာတိ အာဒိဝစနေနဝါ ။ပေ၊ အတ္ထော၊–ဋီကာ။]

ပြီ၊ ဣတိဇတံ–ဤအနက်အဓိပ္ပာယ်သည်၊ ဝါ–ကို၊ လဒ္ဓံ–ရခြင်းငှာ၊ သက္ကာ–တတ်ကောင်းပါ၏၊ စ–စင်စစ်ကား၊ သောဝေ–ထို မိဒ္ဓ၏ရုပ်အဖြစ်သည်ပင်၊ န သိဇ္ဈတိ–မပြီးစီး၊ ဣတိ–ကြောင့်၊ မိဒ္ဓံ–သည်၊ အရူပမေဝ–နာမ်သာတည်း။

ဘိယျော (ဝတ္တဗ္ဗံ–သည်၊) ကိဥ္စ–နည်း၊ မဟာနဝစနတော–ပယ်ခြင်းကို ဟောတော်မူခြင်းကြောင့်၊ (မိဒ္ဓံ–သည်၊ အရူပမေဝ၊) ဟိ–ချဲ့၊ ဘဂဝတာ–သည်၊ ဘိက္ခဝေ, ဆ–န်သော၊ ဓမ္မေ–တရားတို့ကို၊ ပဟာယ–ပယ်စွန့်၍၊ ပဌမဈာနံ–သို့၊ ဥပသမ္ပဇ္ဇ–ရောက်၍၊ (တစ်နည်း) ပဌမဈာနံ–ကို၊ ဥပသမ္ပဇ္ဇ–ပြီးစေ၍၊ ဝိဟရိတုံ–နေခြင်းငှာ၊ ဘဗ္ဗော–ထိုက်၏၊ ကတမေ ဆ–အဘယ် ခြောက်ပါးတို့ကိုနည်း၊ ကာမစ္ဆန္ဒံ–ကာမစ္ဆန္ဒကိုလည်းကောင်း ၊ပေ၊ ဝိစိကိစ္ဆံ–ကိုလည်းကောင်း၊ (ပဟာယ–၍၊ ပဌမဈာနံ ဥပသမ္ပဇ္ဇ ဝိဟရိတုံ ဘဗ္ဗော၊) ပန–နီဝရဏငါးပါးမှ တခြားကား၊ ကာမေသု–ကာမဂုဏ်တို့၌၊ အဿ–ထို ပုဂ္ဂိုလ်သည်၊ အာဒီနဝေါ–အပြစ်သည်၊ ဝါ–ကို၊ သမ္မာ–မဖေါက်မပြန်, ဟုတ် မှန်စွာ၊ ပညာယ–ဖြင့်၊ သုဒိဋ္ဌော–ကောင်းစွာ မြင်အပ်ပြီးသည်၊ ဟောတိ၊ ဣတိစ–ဤသို့လည်းကောင်း၊ (အင်္ဂုတ္တိုရ်, ဆက္ကနိပါတ်, ဒေဝတာဝဂ်, ပဌမ ကဈာနသုတ်၊) ပဉ္စ–ကုန်သော၊ ဣမေ နီဝရဏေ–တို့ကို၊ ပဟာယ–၍၊ ဗလ ဝတိယာ–အားရှိသော၊ ပညာယ–ဖြင့်၊ အတ္တတ္ထံဝါ–မိမိ စီးပွားကိုလည်းကောင်း၊ ပရတ္ထံဝါ–သူတစ်ပါး စီးပွားကိုလည်းကောင်း၊ ဥဿတိ–သိနိုင်လတံ့၊ ဣတိ စ–ဤသို့လည်းကောင်း၊ (အင်္ဂုတ္တိုရ်, ပဉ္စကနိပါတ်, နီဝရဏဝဂ်, အာဝရဏ သုတ်၊) (ဣတိ) အာဒီသု–အစရှိသော ပါဠိရပ်တို့၌၊ မိဒ္ဓဿာပိ–ကိုလည်း၊ (ပိဖြင့် ကာမစ္ဆန္ဒနီဝရဏစသည်ကို ပေါင်း၊) ပဟာနံ–ပယ်ခြင်းကို၊ ဝုတ္တံ–ပြီ၊ ရူပံစ–ရုပ်ကိုကား၊ န ပဟာတဗ္ဗံ–ပယ်ထိုက်သော တရားမဟုတ်၊ ယထာဟ–အဘယ်ကဲ့သို့ ဟောတော်မူသနည်း၊ ရူပက္ခန္ဓော–ကို၊ အဘိညေယျော–ထူးသောဉာဏ်ဖြင့် သိထိုက်၏၊ ပရိညေယျော–ပိုင်းခြား၍ သိထိုက်၏၊ န ပဟာတဗ္ဗော–မပယ်ထိုက်၊ န ဘာဝေတဗ္ဗော–မိမိသန္တာန်၌ မဖြစ်စေထိုက်၊ န သစ္ဆိကာတဗ္ဗော–မျက်မှောက် မပြုထိုက်၊ ဣတိ–သို့၊ (အာဟ–ပြီ၊) (ဓမ္မ ဟဒယဝိဘင်း, အဘိညေယျာဒိဝါရ။)

ဣမဿာပိ–ဤ မိဒ္ဓ၏လည်း၊ ဝါ–ကိုလည်း၊ ပဟာနဝစနတော–ပယ် အပ်သည်၏အဖြစ်ကို ဟောတော်မူခြင်းကြောင့်၊ (ပယ်ခြင်းကို ဟောတော်မူ ခြင်းကြောင့်၊) မိဒ္ဓံ အရူပမေဝ၊ ဣတိ–ဤကား အဖြေတည်း၊ (ဣမဿာပိ–

---

သုဒိဋ္ဌော ဟောတိ။ ။"ကာမေသု အာဒီနဝေါ သုဒိဋ္ဌော"ပါဠ်ဖြင့် ကာမ၏ အာဒီနဝကိုမသိသော မောဟပယ်ပုံကို ပြ၏၊ နီဝရဏငါးပါးနှင့် ဤအညာဏကို ပေါင်း၍ "ဆ ဓမ္မေ ပဟာယ"အရ ဆဓမ္မဖြစ်သည်၊ [ကာမေသု ခေါ် ပန ၊ပေ၊ ပဟာန မာဟ။]

ဤ မိဒ္ဓ၏လည်း၊ ပဟာနဝသေန–ပယ်ခြင်းကို ဟောတော်မူကြောင်းစကား တည်း၊ ဝိဇ္ဇမာနေပိ–ထင်ရှား ရှိပါသော်လည်း၊) ရူပဿာပိ–၏လည်း၊ ဝါ–ကိုလည်း၊ ပဟာနဝစနတော–ကြောင့်၊ (မိဒ္ဓံ–သည်၊ အရူပံ–သည်၊) န–မဟုတ်၊ ဟိ–မှန်၊ ဘိက္ခဝေ၊ ရူပံ–သည်၊ တုမှာကံ–သင်တို့၏ (ဥစ္စာသည်၊) န–မဟုတ်၊ တံ–ထိုရုပ်ကို၊ ပဇဟထ–ပယ်စွန့်လိုက်ကြကုန်လော၊ ဣတိဧတ္ထ–ဤ ပါဠိရုပ်၌၊ (ခန္ဓဝဂ္ဂသံယုတ်, န တုမှာကသုတ်၌၊) ရူပဿာပိ–ကိုလည်း၊ ပဟာနံ–ကို၊ ဝုတ္တမေဝ–ဟောတော်မူအပ်ပြီးသည်သာ၊ တသ္မာ–ကြောင့်၊ ဧတံ–ဤပဟာနံဟု ဟောတော်မူခြင်းသည်၊ အကာရဏံ–အကြောင်းမဟုတ်၊ ဣတိ–ဤကား စောဒနာတည်း၊ (ဧတံ–ဤပဟာနံဟု ဟောတော်မူခြင်းသည်၊ အကာရဏံ–အကြောင်းမဟုတ်သည်၊) န–မဟုတ်၊ (ကာရဏမေဝ–အကြောင်း ဟုတ်သည်သာ၊ ကသ္မာ–နည်း၊ သုတ္တေ–ရူပံ ဘိက္ခဝေ န တုမှာကံ အစရှိ သောသုတ်၌၊) အညထာ–ဆန္ဒရာဂကို ပယ်ခြင်းဟူသော တစ်ပါးသောအပြား အားဖြင့်၊ ဝုတ္တတ္တာ–ဟောတော်မူအပ်ပြီးသည်၏ အဖြစ်ကြောင့်တည်း၊ ဟိ–မှန်၊ တသ္မိံ သုတ္တေ–ထို ရူပံ ဘိက္ခဝေ န တုမှာကံ အစရှိသောသုတ်၌၊ ယော ဘိက္ခဝေ ရူပေ ဆန္ဒရာဂဝိနယော, တံ တတ္ထ ပဟာနန္တိ–ဟူ၍၊ ဧဝံ–သို့၊ ဆန္ဒရာဂ ပဟာနဝသေန–ဆန္ဒရာဂကို ပယ်ခြင်း၏အစွမ်းဖြင့်၊ ရူပဿ–ကို၊ ပဟာနံ–ပယ်ခြင်းကို၊ ဝုတ္တံ–ပြီ၊ ဆ ဓမ္မေ ။ပေ။ ပဟာယာတိ–ဟူ၍၊ ဝုတ္တံ ယထာ–ကဲ့သို့၊ ဧဝံ–တူ၊ ပဟာတဗ္ဗမေဝ–ပယ်ထိုက်သော တရားကိုသာ၊ ဝုတ္တံ–ဟောတော်မူအပ်သည်၊ န–မဟုတ်၊ ဣတိ–သို့၊ အညထာ–ဆန္ဒရာဂကို ပယ်ခြင်း ဟူသော တစ်ပါးသောအပြားအားဖြင့်၊ ဝုတ္တတ္တာ–ကြောင့်၊ မိဒ္ဓံ–သည်၊ န ရူပံ–ရုပ်မဟုတ်၊ ["ဣတိ (တသ္မာ) ဝုတ္တတ္တာ"ဟုလည်း ဣတိနှင့် ဝုတ္တတ္တာကို တွဲ၍ပေးနိုင်၏။]

---

**တံ တတ္ထ ပဟာနံ။** ။ရှေ့၌ "ယော ဆန္ဒရာဂဝိနယော"ဟု ရှိသောကြောင့် "သော တတ္ထ ပဟာနံ"ဟု ရှိသင့်သော်လည်း "ပဟာနံ"ဟု နောက်ပုဒ်ကိုလိုက်၍ "တံ"ဟု နပုလ္လိင်ထား၏၊ ["သမာသ်၌ တ, ရှေ့လိုက်ရ, ဝါကျ နောက်လိုက်မြဲ"နှင့် ညီ၏၊] တစ်နည်း–ဝိနယောဟူသော ပုလ္လိင်ကိုပြင်၍ "တံ ဝိနယံ"ဟုသော်လည်း စွဲပါ၊ [တံ တတ္ထ ။ပေ။ ဝိနယနန္တိ ဝါ အတ္ထော၊–ဋီကာ။]

**န ယထာ ။ပေ။ ဝုတ္တန္တိ။** ။ဤဝါကျ၌ ဆိုလိုရင်းကား "ဆ ဓမ္မနှင့် ပဉ္စ နီဝရဏတို့ကို ပဟာတဗ္ဗအစစ်ဖြစ်သောကြောင့် ပဟာတဗ္ဗတရားတို့"ဟူ၍သာ ဟော တော်မူအပ်ကုန်သကဲ့သို့, ထို့အတူ ရုပ်တရားတို့ကို ဧကန္တ ပဟာတဗ္ဗအနေအားဖြင့် ပဟာတဗ္ဗဟု ဟောတော်မမူအပ်ပါ–ဟု ဆိုလိုသည်၊ "ဣတိ အညထာ ဝုတ္တာ"၌ "ယော ဘိက္ခဝေ ရူပေ ဆန္ဒရာဂဝိနယော တံ တတ္ထ ပဟာနံကို "အညထာ ဝုတ္တ"ဟု ဆိုသည်၊ ရုပ်ကို ပယ်ခြင်းမှ တစ်ပါး, ဆန္ဒရာဂကို ပယ်ခြင်းဟူသော တစ်ပါးသော အပြားကို "အညထာ"ဟု မှတ်ပါ။

တသ္မာ–ကြောင့်၊ (ထိုသို့ မိဒ္ဓ၏ ရုပ်မဟုတ်သည်၏ အဖြစ်ကြောင့်၊) သောဏ္ဏမေ ၊ပေ၊ ဥပက္ကိလေသေတိအာဒီနိ–အစရှိကုန်သော၊ ယာနိ တောနိ သုတ္တာနိ–တို့သည်၊ (သန္တိ၊) ဧတေဟိစေဝ–ဤ သုတ်တို့ဖြင့်လည်းကောင်း၊ အညေဟိ–ဤသုတ်တို့မှ တစ်ပါးကုန်သော၊ သုတ္တေဟိစ–တို့ဖြင့်လည်းကောင်း၊ မိဒ္ဓံ–သည်၊ အရူပမေဝ–နာမ်သာတည်း၊ ဣတိ–သို့၊ ဝေဒိတဗ္ဗံ၊ တထာဟိ–ထိုစကားကို ချဲ့ဦးအံ့၊ ဘိက္ခဝေ–တို့၊ အာဝရဏာ–စိတ်ကို ပိတ်ဆို့တတ်ကုန်သော၊ နီဝရဏာ–စိတ်ကို တားမြစ်တတ်ကုန်သော၊ စေတသော–ဂို၊ အဇ္ဈာရုဠှာ–လွှမ်းမိုး၍ တက်ရောက်တတ်ကုန်သော၊ ပညာယ–၏၊ ဒုဗ္ဗလီကရဏာ–အားမရှိသည်၏ အဖြစ်ကို ပြုတတ်ကုန်သော တရားတို့သည်၊ ဣမေ ပဉ္စ–တို့တည်း၊ ကတမေ ပဉ္စ–တို့နည်း၊ ဘိက္ခဝေ, ကာမစ္ဆန္ဒော–သည်၊ အာဝရဏော–၏၊ နီဝရဏော–၏ ၊ပေ၊ ဘိက္ခဝေ, ထိနမိဒ္ဓံ–သည်၊ အာဝရဏံ–၏၊ နီဝရဏံ–၏၊ နီဝရဏော–၏၊ စေတသော–ကို၊ အဇ္ဈာရုဠှံ–၏၊ ပညာယ–၏၊ ဒုဗ္ဗလီကရဏံ–အားမရှိသည်၏ အဖြစ်ကို ပြုတတ်၏၊ ဣတိစ–ဤသို့လည်းကောင်း၊ (မဟာဝဂ္ဂသံယုတ်, နီဝရဏဝဂ်, နီဝရဏသုတ်။)

ဘိက္ခဝေ, ထိနမိဒ္ဓနီဝရဏံ–သည်၊ အန္ဓကရဏံ–(ဉာဏ်မျက်စိကို) ကန်းအောင် ပြုတတ်၏၊ အစက္ခုကရဏံ–ဉာဏ်စက္ခုကို မပြုတတ်၊ အညာဏကရဏံ–မသိအောင် ပြုတတ်၏၊ (သိအောင် မပြုတတ်၊) ပညာနိရောဓိကံ–ပညာကို ချုပ်စေတတ်၏၊ ဝိဃာတပက္ခိကံ–သံသရာဆင်းရဲကို ဖြစ်စေတတ်၏၊ (သံသရာဆင်းရဲအဖို့၌ ပါဝင်၏၊) အနိဗ္ဗာနသံဝတ္တနိကံ–နိဗ္ဗာန်ကို မဖြစ်စေတတ်၊ ဣတိစ–သို့လည်းကောင်း၊ (မဟာဝဂ္ဂသံယုတ်, နီဝရဏဝဂ်, နီဝရဏသုတ်။)

ဗြာဟ္မဏာ–ပဏ္ဍားး၊ ဧဝမေဝခေါ–ဤအတူပင်၊ ယသ္မိံ သမယေ–၌၊ ထိနမိဒ္ဓပရိယုဋ္ဌိတေန–ထိနမိဒ္ဓသည် တိုက်ခိုက်လုယူအပ်သော၊ ထိနမိဒ္ဓပရေတေန–ထိနမိဒ္ဓသည် အလွန်သက်ရောက်အပ်သော၊ (ထိနမိဒ္ဓသည် လွှမ်းမိုးအပ်သော၊) စေတသာ–စိတ်ဖြင့်၊ ဝိဟရတိ–နေ၏၊ ဣတိစ–သို့လည်းကောင်း၊ (မဟာဝဂ္ဂသံယုတ်, သာကစ္ဆဝဂ်, သိင်္ဂါရဝသုတ်။)

---

**တထာဟိ ၊ပေ၊ ကရဏာ။** ။"အညေဟိ သုတ္တေဟိ"အရ အခြားပါဠိတော်များကို ပြလို၍ "တထာဟိ"စသည်ကို မိန့်သည်၊ အကုသလပ္ပဝတ္တိံ အာဝရန္တီတိ အာဝရဏာ၊ နိဝါရေန္တီတိ နီဝရဏာ၊ စိတ္တံ အဘိဘဝန္တာ (အဓိ၏အနက် ဖွင့်) အာရောဟန္တီတိ စေတသော အဇ္ဈာရုဟာ၊ ဋီကာ။

**အန္ဓ ၊ပေ၊ ဝိဃာတပက္ခိကံ။** ။အန္ဓကရဏံ ၊ပေ၊ ပညာနိရောဓိကံ လေးပုဒ်တွင် နောက်နောက်ပုဒ်သည် ရှေးရှေးပုဒ်၏ အနက် ဖွင့်တည်း၊ လေးပုဒ်လုံး ပရိယာယ် ဝေဝုစ်ချည်း ဖြစ်သည်၊ ဝိဃာတ (ပင်ပန်းခြင်း)ဟူသည် သံသရာဆင်းရဲတည်း၊ နီဝရဏတို့က ထိုဒုက္ခကို ဖြစ်စေတတ်သည်ကိုပင် "ဝိဃာတပက္ခ–ဆင်းရဲပင်ပန်းခြင်းဘက်၌+ဣက–ပါဝင်သည်"ဟု ဆိုသည်။

ဘိက္ခဝေ, အယောနိသော–မသင့်သော အကြောင်းအားဖြင့်၊ မနသိကရော တော–နှလုံးသွင်းသော ပုဂ္ဂိုလ်၏၊ အနုပ္ပန္နော–မဖြစ်သေးသော၊ ကာမစ္ဆန္ဒော စေဝ–ကာမစ္ဆန္ဒသည်လည်း၊ ဥပ္ပဇ္ဇတိ ၊ပေ၊ အနုပ္ပန္နံ–သော၊ ထိနမိဒ္ဓံစေဝ– သည်လည်း၊ ဥပ္ပဇ္ဇတိ၊ ဣတိစ–သို့လည်းကောင်း၊ (ဟာဟာဝဂ္ဂသံယုတ်, နီဝရဏဝဂ်, အယောနိသော မနသိကာရသုတ်။)

ဘိက္ခဝေ, ပဉ္စ–န်သော၊ ယဒိဒံ (ယေ+ဣမေ) နီဝရဏာ–အကြင်နီဝရဏ တို့သည်၊ (သန္တိ၊) အယံ–ဤ နီဝရဏငါးပါးသည်၊ ကေဝလော–သက်သက် သော၊ (ကုသိုလ် အဖျာကတနှင့်မရောသော၊) အကုသလာရာသိဟိ–အကုသိုလ် အစုသာတည်း၊ ဣတိစ–သို့လည်းကောင်း၊ (မဟာဝဂ္ဂသံယုတ်, အမ္ဗပါလိဝဂ်, သကုဏဂ္ဃိသုတ်၊) ဝေမာဒီနိ–ဤသို့ အစရှိကုန်သော၊ အနေကာနိ–များစွာကုန် သော၊ တေသံ–ဤ မိဒ္ဓ၏၊ အရူပဘာဝဒေါတကာနေဝ–နာမ်၏အဖြစ်ကို ထွန်းပြတတ်သည်သာလျှင် ဖြစ်ကုန်သော၊ သုတ္တာနိစ–တို့ကိုလည်း၊ ဝုတ္တာနိ– ဟောတော်မူအပ်ကုန်ပြီ။

[သုတ္တန်သာကေများစွာကို ပြပြီး၍, အဘိဓမ္မာသာကေကို ပြလိုသောကြောင့် "ယသ္မာစ"စသည် မိန့်၊] စ–သည်သာ မကသေး၊ ယသ္မာ–ကြောင့်၊ တေ– ဤ မိဒ္ဓသည်၊ အရူပံ–တည်း၊ တသ္မာ–ကြောင့်၊ အာရုပ္ပေပိ–အရူပဘုံ၌လည်း၊ ဥပ္ပဇ္ဇတိ–၏၊ ဟိ–သာကေကား၊ မဟာပကာရဏေ–ကျမ်းကြီးဖြစ်သော၊ ပဋ္ဌာနေ–ပဋ္ဌာန်းပါဠိတော်၌၊ နီဝရဏံ ၊ပေ၊ န ပုရေဇာတ ပစ္စယာတိ–ဟူသော၊ တေသံ–ဤ ပါဠိတော်၏၊ ဝိဘင်္ဂေ–အကျယ်ဝေဖန်ရာ၌၊ အာရုပ္ပေ ၊ပေ၊ အဝိဇ္ဇာ နီဝရဏံတိ–ဟူသော၊ တေ–ဤပါဠိတော်ကို၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ (ဣတိ– ဤသို့ အစရှိသော၊) သဗ္ဗံ–အလုံးစုံသော စကားကို၊ ဝိတ္ထာရေတဗ္ဗံ–ချဲ့ထိုက် ၏၊ တသ္မာ, တွေ–ဤ ထိနမိဒ္ဓနီဝရဏနိဒ္ဒေသ၌၊ မိဒ္ဓံ–သည်၊ အရူပမေဝ– သာတည်း၊ ဣတိ–သို့၊ သန္နိဋ္ဌာနံ–ဆုံးဖြတ်ခြင်းသို့၊ ဂန္တဗ္ဗံ–ရောက်ထိုက်၏၊ (တစ်နည်း:) သန္နိဋ္ဌာနံ–အဆုံးအဖြတ်ကို၊ ဂန္တဗ္ဗံ–သိထိုက်၏၊ [ရှေးနိဿယ၌ "အဝဂန္တဗ္ဗံ"ဟု ရှိ၏၊] (ဣတိ–အပြီးတည်း။)

၁၁၆၆။ ။ကုက္ကုစ္စနိဒ္ဒေသေ–၌၊ အကပ္ပိယေ ကပ္ပိယသညိတာတိ အာဒီ နိ–အစရှိသော စကားတို့ကို၊ မူလတော–ကုက္ကုစ္စဖြစ်ခြင်း၏ အကြောင်းရင်းအား ဖြင့်၊ ကုက္ကုစ္စဒဿနတ္ထံ–ကုက္ကုစ္စကို ပြခြင်းအကျိုးငှာ၊ ဝုတ္တာနိ–ဟောတော်မူ အပ်ကုန်ပြီ၊ ဟိ–ချဲ့၊ ဝေ သညိတာယ–ဤသို့ အမှတ်ရှိသည်၏အဖြစ်ကြောင့်၊ ဝီတိက္ကမေ–လွန်ကျူးခြင်းကို၊ ကတေ–ပြုအပ်ပြီးသော်၊ ဝတ္ထုဇ္ဈာစာရေ–ဝတ္ထုကို လွမ်း၍ကျင့်ခြင်း၌၊ နိဋ္ဌိတေ–ပြီးပြီးလသော်၊ (ကတေ ဝီတိက္ကမေကို ထပ်ဖွင့် သည်၊) ပုန–တစ်ဖန်၊ သဉ္ဇာတသတိနောပိ–အလွန်ဖြစ်သော အမှတ်ရခြင်း ရှိသည် ဖြစ်၍လည်း၊ မယာ–ငါသည်၊ ဒုဋ္ဌု–မကောင်း.သဖြင့်၊ (မကောင်းမှုကို၊)

ကတံ–ပြုအပ်ပြီ၊ (ပြုမိလေစွ၊) ဣတိ ဧဝံ–သို့၊ အနုတပ္ပမာနဿ–အဖန်ဖန် ပူပန်သော ပုဂ္ဂိုလ်၏၊ ပစ္ဆာနုတာပဝသေန–နောင်တတစ်ဖန် ပူပန်ခြင်း၏ အစွမ်းဖြင့်၊ တေံ–ဤ ကုက္ကုစ္စသည်၊ ဥပ္ပဇ္ဇတိ၊ တေန–ကြောင့်၊ တံ–ထို ကုက္ကုစ္စကို၊ မူလဋော–အားဖြင့်၊ ဒဿေတုံ, အကပ္ပိယေ ကပ္ပိယသညိတာတိ အာဒိ–အစရှိသောစကားကို၊ (ဘဂဝတာ) ဝုတ္တံ–ပြီ။

တတ္ထ–ထို အကပ္ပိယေ ကပ္ပိယသညိတာ အစရှိသောစကားရပ်၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) အကပ္ပိယဘောဇနံ–မအပ်သော ဘောဇဉ်ကို၊ (ဂဏဘောဇန သိက္ခာပုဒ်၌လာသော ဂဏဘောဇဉ်စသည်ကို၊) ကပ္ပိယသညီ–အပ်၏ဟု အမှတ်ရှိသည်၊ ဟုတွာ, ပရိဘုဉ္ဇတိ–သုံးဆောင်၏၊ [ဤသုံးဆောင်ရုံမျှဖြင့် ကုက္ကုစ္စ မဖြစ်သေး၊] အကပ္ပိယမံသံ–မအပ်သော အသားကို၊ ကပ္ပိယမံသသညီ–အပ်သောအသားဟု အမှတ်ရှိသည်၊ ဟုတွာ၊ အစ္ဆမံသံ–အကပ္ပိယဖြစ်သော ဝံသတ္တဝါ၏အသားကို၊ သူကရမံသန္တိ–ဝက်သားဟူ၍၊ ခါဒတိ–ခဲစား၏၊ ဝါ–သို့မဟုတ်၊ ဒီပိမံသံ–သစ်၏အသားကို၊ မိဂမံသန္တိ–သမင်သားဟူ၍၊ ခါဒတိ၊ ကာလေ–ရဟန်းတို့၏စားသောက်ချိန် အခါသည်၊ (မွန်းမတက်မီ အခါသည်၊) ဝီတိဝတ္တေ–လွန်ပြီးလသော်၊ ကာလသညာယ–စားသောက်ချိန် အခါဟူသော အမှတ်ဖြင့်၊ (မွန်းမတည့်သေးဟူသော အမှတ်ဖြင့်၊ ဘုဉ္ဇတိ–စား၏၊) ပဝါရေတွာ–ပဝါရိတ်သင့်ပြီး၍၊ အပ္ပဝါရိတသညာယ–ပဝါရိတ် မသင့်ဟူသော အမှတ်ဖြင့်၊ (ဘုဉ္ဇတိ၊) ပတ္တသ္မိံ–သပိတ်၌၊ ရဇေ–မြူမှုံသည်၊ ပတိတေ–ကျပြီးလသော်၊ ပဋိဂ္ဂဟိတသညာယ–အကပ်ခံအပ်ပြီးဟူသော အမှတ် ဖြင့်၊ ဘုဉ္ဇတိ၊ ဧဝံ–သို့၊ အကပ္ပိယေ–မအပ်သော အရာ၌၊ ကပ္ပိယသညာယ–အပ်၏ဟူသော အမှတ်ကြောင့်၊ ဝီတိက္ကတိ–လွန်ကျူးမှုကို၊ ကရောတိနာမ–ပြုသည်မည်၏၊ [စားသည်ကိုပင် လွန်ကျူးမှုကိုပြုသည်ဟု ခေါ်သည်၊] ပန–ကား၊ သူကရမံသံ–ကို၊ အစ္ဆမံသ သညာယ–ဝံ၏အသားဟူသော အမှတ်ဖြင့်၊ ခါဒမာနော–ခဲစားသော ပုဂ္ဂိုလ်သည်လည်းကောင်း၊ ကာလေ–ရဟန်းတို့၏ စားသောက်ချိန် အခါ၌၊ ဝိကာလသညာယ–နေလွဲအခါဟူသော အမှတ်ဖြင့်၊ ဘုဉ္ဇမာနော–စားသော ပုဂ္ဂိုလ်သည်လည်းကောင်း၊ ကပ္ပိယေ–အပ်သော အရာ၌၊

---

**ဧဝံ ၊ပေ၊ ဥပ္ပဇ္ဇတိ။** ။အကပ္ပိယ၌ ကပ္ပိယဟု မှတ်ထင်ခြင်းသည် ထင်မှတ်နေသော သညာမျှသာတည်း၊ ကုက္ကုစ္စ မဟုတ်သေး၊ ထိုသို့ ယုံမှားသည့်အတွက် မည်သည့်အမှုကိုမျှ မပြုလျှင် မည်သည့်အပြစ်မျှ မဖြစ်သေး၊ ထိုသို့ ယုံမှားသံသယ ရှိပါလျက် လွန်ကျူးမိလျှင် အကုသိုလ်ဖြစ်လေပြီ၊ ဤအကုသိုလ်အဖြစ်သည် ကုက္ကုစ္စ မဟုတ်သေး၊ ဆိုင်ရာအကုသိုလ်သာ ဖြစ်သေး၏၊ ထိုသို့ ကျူးလွန်ပြီးနောက် ထို အမှုကို အမှတ်ရ၍, "ငါပြုမိတာ မှားပေါ့"ဟု နောင်တတစ်ဖန် ပူပန်မှုသာလျှင် ကုက္ကုစ္စဖြစ်သည်၊ ထို့ကြောင့် "အကပ္ပိယေ ကပ္ပိယသညိတာ"စသည်ကို ကုက္ကုစ္စ၏ အရင်းမူလဟု ဆိုသည်။

အကပ္ပိယသညိတာယ–မအပ်ဟု အမှတ်ရှိသည်၏အဖြစ်ကြောင့်၊ ဝီတိက္ကမံ–ကို၊ ကရောတိနာမ–မည်၏။ [ရှေ့၌ ကပ္ပိယသညာယဟု ရှိခဲ့၏၊ ထို့ကြောင့် ဤ၌လည်း "အကပ္ပိယသညာယ"ဟုရှိလျှင် ရှေ့နောက်ညီသည်။]

ပန–ကား၊ အနဝဇ္ဇံ–အပြစ်မရှိသော၊ ကိဉ္စိဒေဝ–တစ်စုံတစ်ခုသော အမှုကို ပင်၊ ဝဇ္ဇသညိတာယ–အပြစ်ရှိ၏ဟု အမှတ်ရှိသည်၏အဖြစ်ကြောင့်၊ ဝဇ္ဇံ–အပြစ်ကို၊ အနဝဇ္ဇသညိတာယ–အပြစ်မရှိဟု အမှတ်ရှိသည်၏အဖြစ်ကြောင့် လည်းကောင်း၊ ကရောန္တော–ပြုသောပုဂ္ဂိုလ်သည်၊ အနဝဇ္ဇေ–အပြစ်မဟုတ်သော အမှု၌၊ ဝဇ္ဇသညာယ–အပြစ်ဟု မှတ်ထင်ခြင်းကြောင့်လည်းကောင်း၊ ဝီတိက္ကမံ–ကို၊ ကရောတိနာမ–မည်၏။ ပန–ဆက်၊ (တစ်နည်း) ပန–ဝီတိက္ကမံဖြစ်ပုံမှ တစ်ပါး၊ ကုက္ကုစ္စဖြစ်ပုံကား၊ယသ္မာ, ဇေ–ဤ ကုက္ကုစ္စသည်၊ (ဥပ္ပဇ္ဇတိ၌ စပ်၊) မေ–ငါသည်၊ ကလျာဏံ–ကောင်းမှုကို၊ အကတံဝတ–မပြုအပ်မိလေစွ၊ ကုသလံ–ကုသိုလ်ကို၊ အကတံဝတ၊ ဘီရုတ္တာဏံ–သေခါနီးဝယ် ကြောက်ခြင်းမှ စောင့်ရှောက်တတ်သော ကောင်းမှုကို၊ အကတံဝတ၊ ပါပံ–မကောင်းမှုကို၊ ကတံဝတ–ပြုအပ်မိ လေစွ၊ လုဒ္ဒံ–ကြမ်းတမ်းသော မကောင်းမှုကို၊ ကတံဝတ၊ ကိဗ္ဗိသံ–မကောင်းကျိုးကို ပြုတတ်သော အမှုကို၊ ကတံဝတ၊ ဣတိဇေ–သို့၊ အနဝဇ္ဇေ–အပြစ်မဟုတ်သည်၌၊ ဝဇ္ဇသညိတာယပိ–အပြစ်ဟု အမှတ်ရှိသည်၏ အဖြစ်ကြောင့်လည်း၊ ဝီတိက္ကမေ–လွန်ကျူးမှုကို၊ ကတေ–ပြုအပ်ပြီးသော်၊ ဥပ္ပဇ္ဇတိ၊ တသ္မာ–ကြောင့်၊ အဿ–ထို ကုက္ကုစ္စ၏၊ အညမ္ပိ–အကပ္ပိယေ ကပ္ပိယသညိတာစသည်မှ တစ်ပါးလည်းဖြစ်သော၊ ဝတ္ထုံ–တည်ရာအကြောင်းကို၊ အနုဇာနန္တော–ခွင့်ပြုတော်မူလိုသည်၊ (ဟုတွာ၊) ယံ ဝေရူပံတိအာဒိ–ကို၊ (ဘဂဝါ) အာဟ–ပြီ။ [ဝေရူပံဖြင့် "အလားတူ အကြောင်းဝတ္ထုများကို ခွင့်ပြုတော်မူသည်"ဟူ လို။]

တတ္ထ–ထို ယံ ဝေရူပံ အစရှိသောစကားရပ်၌၊ ကုက္ကုစ္စပဒံ–ကုက္ကုစ္စပုဒ်သည်၊ ဝုတ္တတ္ထမေဝ–ဆိုအပ်ပြီးသော အနက်ရှိသည်သာ၊ [စိတ္တုပ္ပာဒကဏ္ဍ, အကုသိုလ် ဒေါသမူစိတ်၏ ယေဝါပနကတရားတို့ကို ဖွင့်ဆိုရာ၌ "ကုစ္ဆိတံ

ဘီရုတ္တာဏံ။ ။ဘီရုဉ္စ ဘီတတ် ကြုပစ္စည်းဟု ထောမနိဓိဆို၏၊ ကြောက်လေ့ရှိသူကိုလည်းကောင်း, ကြောက်ခြင်းကိုလည်းကောင်း ဟော၏၊ ထို့ကြောင့် တတိယ ပါရာဇိကအဋ္ဌကထာ၌ ကြောက်ခြင်းကြီးယာကို ယူဖို့ရန် "ဘယသင်္ခါတာ ဘီရု"ဟု လည်းကောင်း, "တာယနံ ရက္ခဏံ ကမ္မံ–စောင့်ရှောက်တတ်သော အကုသိုလ်ကံ"ဟု လည်းကောင်း ဖွင့်သည်၊ "ဘီရုတော–တာဏံ ဘီရုတ္တာဏံ"ဟု ပြု၊ ယောဇနာ၌ကား "ဘီရူနံ ပုဂ္ဂလာနံ–ကြောက်တတ်သော ပုဂ္ဂိုလ်တို့ကို"ဟု ဖွင့်လေ၏၊ [တာဏံ၌ "တြာ"ဟု သက္ကတရှိသောကြောင့် ပျောက်သော ရ်အစား ဒွေဘော်လာ၍ နကိုလည်း ဏပြုရသည်၊ ကိဗ္ဗိသံပုဒ်ကို ပါရာဇိကဏ်ဘာသာဋီကာ, တတိယ ပါရာဇိကသိက္ခာပုဒ် အဖွင့်၌ ရေးခဲ့ပြီ။]

ကတံ ကုကတံ” စသည်ဖြင့် ဖွင့်ခဲ့ပြီ–ဟူလို၊] ကုက္ကုစ္စာယနာကာရော– ကုက္ကုစ္စကို ဖြစ်စေခြင်းဟူသော အခြင်းအရာသည်၊ ဝါ–ကုက္ကုစ္စကို ပြုခြင်းဟူသော အခြင်းအရာသည်၊ ဝါ–ကုက္ကုစ္စ၏ ဖြစ်ခြင်းဟူသော အခြင်းအရာသည်၊ ကုက္ကုစ္စာယနာ–မည်၏၊ ကုက္ကုစ္စေန–ကုက္ကုစ္စဖြင့်၊ အယိတဿ–ဖြစ်သော ပုဂ္ဂိုလ်၏၊ ဘာဝေါ–ရာတည်း၊ ကုက္ကုစ္စာယိတတ္တံ–ရာ၊ စေတသော ဝိပ္ပဋိသာရော တိ ဧတ္ထ–၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ကတာကတဿ–ပြုအပ်ပြီးသော မကောင်းမှု, မပြုအပ်သေးသော ကောင်းမှုသို့၊ ဝါ–တစ်နည်း၊ သာဝဇ္ဇာနဝဇ္ဇဿ– အပြစ်ရှိသော မကောင်းမှု, အပြစ်မရှိသော ကောင်းမှုသို့၊ အဘိမုခဂမနံ– ရှေးရှုဖြစ်ခြင်းသည်၊ ပဋိသာရောနာမ–၏၊ [စာအုပ်တို့၌ “ဝိပ္ပဋိသာရောနာမ” ဟု ရှိ၏၊] ပန–ဆက်၊ ယသ္မာ–ကြောင့်၊ သော–ဤပြုအပ်ပြီးသော မကောင်းမှု, မပြုအပ်သေးသော ကောင်းမှုသို့ ရှေးရှုဖြစ်ခြင်းသည်၊ (“ပဋိသာရော, ဝိပ္ပဋိသာရော”တို့၌ စပ်၊) ကတံ–ပြုအပ်ပြီးသော၊ ပါပံဝါ–မကောင်းမှုကိုမူလည်း၊ အကတံ–မပြုအပ်သည်ကို၊ န ကရောတိ–မပြုနိုင်၊ (မတတ်နိုင်၊) အကတံ– မပြုအပ်သေးသော၊ (မပြုအပ်ခဲ့သော၊) ကလျာဏံဝါ–ကောင်းမှုကိုလည်း၊ ကတံ–ပြုအပ်ပြီးကို၊ န ကရောတိ–နိုင်၊ တသ္မာ, ဝိရူပေါ–ဖောက်ပြန်သော၊ ဝါ–တစ်နည်း၊ ကုစ္ဆိတော–စက်ဆုပ်အပ်သော၊ ပဋိသာရော–ရှေးရှုဖြစ်ခြင်းတည်း၊ ဝါ–အောက်မေ့ ခြင်းတည်း၊ ဣတိ–ထို့ကြောင့်၊ ဝိပ္ပဋိသာရော–မည်၏၊ ပန–ဆက်၊ သော–ထို ဝိပ္ပဋိသာရသည်၊ စေတသော–၏၊ (ဝိပ္ပဋိသာရော–တည်း၊) သတ္တဿ–သတ္တဝါ၏၊ (ဝိပ္ပဋိသာရော–သည်၊) န–မဟုတ်၊ ဣတိ

---

**ကုက္ကုစ္စာယနာကာရော။** ။ကုက္ကုစ္စာယနကို ဘာဝသာဓနပြုဖို့ရန် အဖွင့်တည်း၊ “ကုက္ကုစ္စဿ+အာယနံ (အယနာ) ကုက္ကုစ္စာယနာ”ဟု ပြု၊ ကုက္ကုစ္စ+ အာယန+အာကာရ”ဟု ခွဲ၊ အာယန၌ အယဓာတ်, ကာရိတ်ကြေ၊ ကုက္ကုစ္စကို ဖြစ်စေခြင်းဟူသော အခြင်းအရာ၊ ထို့ကြောင့် ဋီကာ၌ “ကုက္ကုစ္စ ဘာဝနာကာရော”ဟု ဖွင့်၏၊ (တစ်နည်း) ကရဓာတ်၏အနက်၌ အာယပစ္စည်းသက်၍ “ကုက္ကုစ္စကို ပြုခြင်းဟူသော အခြင်းအရာ”ဟု ပေး၊ [ကုက္ကုစ္စ ကရဏာကာရော၊–ဋီကာ] (တစ်နည်း) “ကုက္ကုစ္စ+အယန”ဟု ခွဲ၊ “အယ–ဂတိမှိ”ဟူသောဓာတ်၊ “ကုက္ကုစ္စ၏ ဖြစ်ခြင်းဟူသောအခြင်းအရာ”ဟု ပေး၊ “ကုက္ကုစ္စသို့+ရောက်ခြင်းဟူသော အခြင်း အရာ”ဟု ရေးနိသဿယပေး၏၊ [ကုက္ကုစ္စဂမနာကာရော ဝါ၊–ဋီကာ။]

**ဝိပ္ပဋိသာရော။** ။“[ဝိပဋိ+သာရော၊] ပဋိကို “အဘိမုခံ”ဟုလည်းကောင်း, သာရောကို “ဂမနံ”ဟုလည်းကောင်း ဖွင့်၏၊ ကတာကတဿကို “သာဝဇ္ဇာနဝဇ္ဇဿ” ဟု ထပ်ဖွင့်သည်၊ အဘိမုခဂန၏ ကံပုဒ်ကိုထည့်၍ ဖွင့်ခြင်းတည်း၊ ဝိ၏အဖွင့် မပါ သေး၊ ထို့ကြောင့် “ကတာကတဿ ၊ပေ၊ ပဋိသာရောနာမ”ဟု ရှိပါစေ၊ ထို့နောက် ဝိ၏ “ဝိရူပ, ကုစ္ဆိတ”နှစ်နက်ကို ပြလို၍ “ယသ္မာ ၊ပေ၊ ဝိပ္ပဋိသာရော” မိန့်သည်၊ “ဝိပ္ပဋိသာရော–ပြုအပ်ပြီးသော မကောင်းမှု, မပြုအပ်မိသော ကောင်းမှုကိုရှေးရှု၍ ဖောက်ပြန်သော (စက်ဆုပ်ဖွယ်သော) ဖြစ်ခြင်းသဘော”ဟု သဒ္ဒတ္ထမှတ်ပါ။

(ဣမသ္မ အတ္ထသ္မ)–ကို၊ ဉာပနတ္ထံ–သိစေခြင်းအကျိုးငှာ၊ စေတသော ဝိပ္ပဋိသာရောတိ–ဟူ၍၊ (ဘာဂဝတာ) ဝုတ္တံ၊ အယံ–ဤစေတသော ဝိပ္ပဋိသာရော ဟူသော သဒ္ဒါသည်၊ အဿ–ထို ကုက္ကုစ္စ၏၊ သဘာဝနိဒ္ဒေသော–သဘောကို ညွှန်ပြကြောင်းသဒ္ဒါတည်း။

ပန–ကား၊ ဥပ္ပန္နမာနံ–ဖြစ်လသော်၊ ဝါ–သော၊ ကုက္ကုစ္စံ–သည်၊ အာရဂ္ဂံ–ပွတ်ဆောက်ဖျားသည်၊ (ပွတ်ခံသော ဆောက်၏အဖျားသည်၊) ကံသပတ္တံ–ကြေးကွက်ကို၊ (ဝိလိခတိ) ဣဝ–ရေးခြစ်သကဲ့သို့၊ (တထာ–တူ၊) မနံ–စိတ်ကို၊ ဝိလိခမာနမေဝ–ရေးခြစ်သည်သာလျှင်၊ (ဟုတွာ၊) ဥပ္ပဇ္ဇတိ၊ တသ္မာ, မနောဝိလေခေါတိ–ဟူ၍၊ (ဘာဂဝတာ) ဝုတ္တံ၊ အယံ–ဤ မနောဝိလေခေါဟူသော သဒ္ဒါသည်၊ အဿ–ထိုကုက္ကုစ္စ၏၊ ကိစ္စနိဒ္ဒေသော–ကိစ္စကို ညွှန်ပြကြောင်း သဒ္ဒါတည်း၊ (စိတ်ကို ရေးခြစ်ခြင်းသည် ကုက္ကုစ္စ၏ကိစ္စဖြစ်၏၊ ထို ကိစ္စကို ညွှန်ပြကြောင်း သဒ္ဒါဖြစ်သည်၊) ပန–ဆက်၊ ဝိနယေ–ဝိနည်းပါဠိတော်၌၊ အထခေါ–၌၊ အာယသ္မာ သာရိပုတ္တော–သည်၊ ဘဂဝတာ–သည်၊ အနုဝသိတ္တာ အနုဝသိတ္တာ–နေ့စဉ်နေ၍, နေ့စဉ်နေ၍၊ [တစ်ပုဒ်တည်းရှိလျှင် ကောင်း၏၊] အာဝသထပိဏ္ဍံ–ဧည့်သည်တို့တည်းခိုရာ ဇရပ်စသည်၌ ဝတ်တည်ထား အပ်သော ဆွမ်းကို၊ ပရိဘုဥ္ဇိတုံ–ဘုဉ်းပေးခြင်းငှာ၊ ပဋိက္ခိတ္တံ–ပယ်မြစ်တော်မူ အပ်ပြီ၊ ဣတိ–သို့၊ ကုက္ကုစ္စာယန္တော–ကုက္ကုစ္စကို ပြုတော်မူသည်၊ (ဟုတွာ၊) န ပဋိဂ္ဂဟေသိ–မခံယူ၊ ဣတိ–သို့၊ ယံ ကုက္ကုစ္စံ–သည်၊ အာဂတံ–ပြီ၊ တံ–ထို ဝိနယကုက္ကုစ္စသည်၊ နီဝရဏံ–နီဝရဏကုက္ကုစ္စသည်၊ န–မဟုတ်၊ (ကသ္မာ–နည်း၊) ဟိ (ယသ္မာ), အရဟတော–ရဟန္တာပုဂ္ဂိုလ်၏ (သန္တာန်၌၊) မယာ–သည်၊ ဒုဋ္ဌု–မကောင်းသဖြင့်၊ ကတံ–ဤ အမှုကို၊ ကတံ–ပြုအပ်ပြီ၊ ဣတိဧဝံ–သို့၊ အနုတာပေါ–နောင်တတစ်ဖန် ပူပန်ခြင်းသည်၊ န အတ္ထိ–မရှိ၊ (တသ္မာ, တံ–ထို ဝိနယကုက္ကုစ္စသည်၊ နီဝရဏံ–သည်၊ န–မဟုတ်၊) ပန–အနွယကား၊ နီဝရဏပဋိရူပကံ–ကုက္ကုစ္စနီဝရဏ၏ အတုဖြစ်သော၊ တံ–ဤ ကုက္ကုစ္စသည်၊ ကပ္ပတိ–အပ်လေသလော၊ န ကပ္ပတိ–မအပ်လေသလော၊ ဣတိ–သို့၊ ဝီမံသန သင်္ခါတံ–စဉ်းစားတတ်သော စိတ္တုပ္ပာဒ်ဟု ဆိုအပ်သော၊ ဝိနယကုက္ကုစ္စံနာမ–ဝိနယကုက္ကုစ္စမည်၏၊ (ဝိနည်း၌လာသော ကုက္ကုစ္စမည်၏။)

---

**ဝိနယကုက္ကုစ္စံ**။ ။ဝိနယေ+အာဂတံ+ကုက္ကုစ္စံ ဝိနယကုက္ကုစ္စံ၊ ["ကုက္ကုစ္စံ အာဂတံ"ကို ကြည့်၍ "အာဂတ"ပုဒ် အကြေကြံသည်၊ ယောဇနာ၌ ဥပ္ပန္နပုဒ် အကြေကြံ၏၊] ဝိနည်း၌လာသော ထို ကုက္ကုစ္စကား အရှင်သာရိပုတ္တရာ၌သော်မှ ဖြစ်နိုင်သေး ရကား အကုသိုလ် ကုက္ကုစ္စစေတသိက် မဟုတ်၊ "အပ်လေသလော, မအပ်လေသ လော"ဟု တွေးတောသောအခြင်းအရာ စိတ္တုပ္ပာဒ်သာတည်း၊ [ကပ္ပတိ န ကပ္ပတီတိ ပဝတ္တာ စိတ္တုပ္ပာဒေါဝ ဝိနယကုက္ကုစ္စံ–ဋီကာ။]

**၁၁၇၆။** ။ကတမေ ။ပေ၊ သမ္ပယုတ္တာစာတိ ပဒဿ–ဟူသော ပုဒ်၏၊ နိဒ္ဒေသေ–၌၊ ယသ္မာ, ထိနမိဒ္ဓ–သည်၊ အညမညံ–အချင်းချင်း၊ န ဝိဇဟတိ–မစွန့်၊ တသ္မာ, ထိနမိဒ္ဓနီဝရဏံ ။ပေ၊ နီဝရဏာသမ္ပယုတ္တဉ္စာတိ–ဟူ၍၊ အဘိန္ဒိတွာ–မခွဲခြားမူ၍၊ (ဘဂဝတာ) ဝုတ္တံ၊ ပန–ကား၊ [အဖို့တစ်ပါးဟုလည်း ပေးကြ၏၊] ယသ္မာ–ကြောင့်၊ ဥဒ္ဓစ္စေ–သည်၊ သတိပိ–ရှိပါသော်လည်း၊ (ယှဉ်ပါသော်လည်း၊) ကုက္ကုစ္စဿ–၏၊ အဘာဝေါ–မရှိခြင်းကြောင့်၊ (မယှဉ်ခြင်းကြောင့်၊) ကုက္ကုစ္စေန–နှင့်၊ ဝိနာပိ–ကင်း၍လည်း၊ [ပိဖြင့် သဟကိုဆည်း၊] ဥဒ္ဓစ္စံ–သည်၊ ဥပ္ပဇ္ဇတိ၊ တသ္မာ, တံ–ထို ဥဒ္ဓစ္စ ကုက္ကုစ္စကို၊ ဘိန္ဒိတွာ–ခွဲခြား၍၊ (ဘဂဝတာ) ဝုတ္တံ၊ စ ပန–ထပ်၍ ဆက်ဦးအံ့၊ ယံ–အကြင် တရားသည်၊ ယေန–အကြင် တရားနှင့်၊ သမ္ပယောဂံ–ယှဉ်ခြင်းသို့၊ န ဂစ္ဆတိ–မရောက်၊ တံ–ထို တရားကို၊ (တေန–ထို တရားနှင့်၊) န ယောဇိတံ–မယှဉ်စေအပ်၊ ဣတိ–သို့၊ ဝေဒိတဗ္ဗံ။

ပန–ဆက်၊ ဣမေ နီဝရဏေ–တို့ကို၊ ကိလေသပ္ပဋိပါဋိယာပိ–အားဖြင့်လည်း၊ အာဟရိတုံ ဝဋ္ဋတိ၊ မဂ္ဂပ္ပဋိပါဋိယာပိ (အာဟရိတုံ ဝဋ္ဋတိ၊) ကိလေသပ္ပဋိပါဋိယာ–အားဖြင့်၊ ကာမစ္ဆန္ဒဗျာပါဒါ–ကာမစ္ဆန္ဒဗျာပါဒတို့ကို၊ အနာဂါမိမဂ္ဂေန–သည်၊ ပဟီယန္တိ၊ [“ကာမစ္ဆန္ဒကို အနာဂါမိမဂ်ဖြင့် ပယ်အပ်၏”ဟူသော ဤစကားကို ဋီကာမနှစ်သက်၊ “အရဟတ္တမဂ်ဖြင့်သာ ပယ်၏”ဟု ဆိုလိမ့်မည်၊] ထိနမိဒ္ဓုဒ္ဓစ္စာနိ–ထိန မိဒ္ဓ ဥဒ္ဓစ္စတို့ကို၊ အရဟတ္တမဂ္ဂေန (ပဟီယန္တိ၊) ကုက္ကုစ္စ ဝိစိကိစ္ဆာ–တို့ကို၊ သောတာပတ္တိမဂ္ဂေန (ပဟီယန္တိ၊) အဝိဇ္ဇာ–ကို၊ အရဟတ္တမဂ္ဂေန

---

**အဘိန္ဒိတွာ။** ။ထိနသည် စိတ်၏အကလ္လတာ ဖြစ်၍, မိဒ္ဓက စေတသိက်အပေါင်း၏အကလ္လတာဖြစ်သောကြောင့် ထိနဖြစ်လျှင် မိဒ္ဓလည်း ဖြစ်ရ၏, အချင်းချင်း ခွဲ၍ မဖြစ်ကြ၊ ထို့ကြောင့် ဤ နိက္ခေပကဏ္ဍ–နီဝရဏနိဒ္ဒေသ၌ “ထိန မိဒ္ဓ နီဝရဏံ” စသည်ဖြင့် ထိနနှင့်မိဒ္ဓကို တစ်ပါးစီမခွဲဘဲ နှစ်ပါးတွဲ၍ ဟောတော်မူသည်။

**ယသ္မာ ပန ။ပေ၊ ဘိန္ဒိတွာ ဝုတ္တံ။** ။ထိန မိဒ္ဓသည် နီဝရဏတစ်ပါးတည်းဖြစ်သကဲ့သို့, ဥဒ္ဓစ္စနှင့်ကုက္ကုစ္စလည်း နီဝရဏတစ်ပါးတည်းဖြစ်ပါလျက်, အဘယ်ကြောင့် ဤ ပါဠိတော်၌ “ဥဒ္ဓစ္စနီဝရဏံ အဝိဇ္ဇာနီဝရဏေန ကုက္ကုစ္စနီဝရဏံ အဝိဇ္ဇာနီဝရဏေန”ဟု ခွဲ၍ ဟောတော်မူပါသနည်း–ဟု မေးဖွယ်ရှိသောကြောင့် “ယသ္မာ ပန“စသည် မိန့်၊ သဗ္ဗာကုသလသာဓာရဏဖြစ်သော ဥဒ္ဓစ္စဖြစ်တိုင်း၌ ကုက္ကုစ္စသည် မဖြစ်၊ နောင်တတစ်ဖန်ပူပန်ရာ (ဒေါသမူဒွေး)၌သာ အတူတွဲ၍ ဖြစ်ကြ၏၊ ဤသို့ အမြဲတွဲ၍ မဖြစ်သောကြောင့် ခွဲ၍ ဟောတော်မူရသည်။

**ယဉ္စ ပန ။ပေ၊ န ယောဇိတံ။** ။ဥဒ္ဓစ္စ ကုက္ကုစ္စကိုသာခွဲ၍ ဟောတော်မူသည် မဟုတ်သေး၊ ဤ နီဝရဏ နီဝရဏသမ္ပယုတ္တနိဒ္ဒေသ၌ အကြင် တရားနှစ်မျိုးသည် အမြဲအားဖြင့် မယှဉ်ကြ၊ ဥပမာ–ကာမစ္ဆန္ဒနှင့်ဗျာပါဒသည် အမြဲအားဖြင့် မယှဉ်ကြ၊ ထို တရားနှစ်မျိုးကိုလည်း ပါဠိတော်၌ ယှဉ်တွဲ၍ ဟောတော်မမူ။

(ပဟီယတိ၊) မဂ္ဂပ္ပဋိပါဋိယာ–အားဖြင့်၊ သောတာပတ္တိမဂ္ဂေန–သည်၊ ကုက္ကုစ္စ ဝိစိကိစ္ဆာ–တို့ကို၊ ပဟီယန္တိ၊ အနာဂါမိမဂ္ဂေန–သည်၊ ကာမစ္ဆန္ဒဗျာပါဒါ–တို့ကို၊ (ပဟီယန္တိ၊) အရဟတ္တမဂ္ဂေန–သည်၊ ထိနမိဒ္ဓုဒ္ဓစ္စာဝိဇ္ဇာ–တို့ကို၊ (ပဟီယန္တိ၊) က္လတိ–အပြီးတည်း။

၁၁၈၂။ ။ပရာမာသဂေါစ္ဆကေ–၌၊ တေဓမ္မေ ထပေတွာတိ–ဟူ၍၊ ပုစ္ဆာသဘာဂေန–ပုစ္ဆာနှင့် သဘောတူသောအားဖြင့်၊ ဗဟုဝစနံ–ဗဟုဝုစ်ကို၊ ကတံ–ပြုတော်မူအပ်ပြီ၊ [ဒိဋ္ဌိတစ်ပါးတည်းကိုပင် "ကတမေ ဓမ္မာ ပရာမာသာ" တုန်းက ဗဟုဝုစ်ပုစ္ဆာဖြင့် အသုံးပြုခဲ့သောကြောင့် ဤ၌ ထပေတဗ္ဗတရားက ဒိဋ္ဌိတစ်ပါးတည်းဖြစ်သော်လည်း ပုစ္ဆာနှင့် သဘောတူလိုက်လျောအောင် "တေ ဓမ္မေ"ဟု ဗဟုဝုစ်ဖြင့် သုံးစွဲထားသည်။]

၁၂၁၉။ ။ဥပါဒါနနိဒ္ဒေသေ–၌၊ ဝတ္ထုနွါတံ–ဝတ္ထုဟု ဆိုအပ်သော၊ ကာမံ–ကာမကို၊ ဥပါဒိယတိ–စွဲစွဲမြဲမြဲယူတတ်၏၊ (စွဲလမ်းတတ်၏၊) က္လတိ–ကြောင့်၊ ကာမုပါဒါနံ–မည်၏၊ [ဤနည်း၌ "ကာမီယတေတိ ကာမော"ဟု ဝိဂြိုဟ်ပြု၍ "ကာမ"အရ ဝတ္ထုကာမကို ကောက်ယူရသည်၊] ကာမောစ–အလိုရှိတတ်သော ကာမလည်းဟုတ်၏၊ သော–ထို အလိုရှိတတ်သော ကာမဟူသည်၊ ဥပါဒါနဉ္စ–စွဲစွဲမြဲမြဲ ယူတတ်သောတရားလည်း ဟုတ်၏၊ (စွဲလမ်းတတ်သော တရားလည်းဟုတ်၏၊) က္လတိပိ–ကြောင့်လည်း၊ ကာမုပါဒါနံ–မည်၏၊ [ဤနည်း၌ "ကာမေတီတိ ကာမော"ဟု ဝိဂြိုဟ်ပြု၍ ကာမအရ ကိလေသာကာမကို ကောက်ယူရသည်၊] ဒဠှဂ္ဂဟဏံ–စွဲစွဲမြဲမြဲယူခြင်းသည်၊ (စွဲလမ်းခြင်းသည်၊) ဥပါဒါနန္တိ–ဥပါဒါနမည်၏၊ ဟိ–မှန်၊ ဥပါယာသ ဥပကဋ္ဌာဒီသု–ဥပါယာသ ဥပကဋ္ဌအစရှိသောပုဒ်တို့၌၊ (ဥပသဒ္ဒေါ–ဥပသဒ္ဒါသည်၊ ဒဠှတ္တောဝိယ–ဒဠှာနက်ရှိသကဲ့သို့၊ (တထာ–တူ၊) ဧတ္ထ–ဤ ဥပါဒါနံဟူသော ပါဌ်၌၊ ဥပသဒ္ဒေါ–သည်၊ ဒဠှတ္တော–အဋ္ဌအနက်ရှိသည်၊ ဟောတိ၊ [ဥပါယာသ–ခိုင်မြဲသော ပြင်းထန်သော ပင်ပန်းခြင်း၊ ဥပကဋ္ဌ–ခိုင်မြဲသော, ကပ်၍နေသော အနီး၊ ဝါ–နီးကပ်။]

တထာ–ထိုမှတစ်ပါး၊ ဒိဋ္ဌိစ–ဒိဋ္ဌိလည်း ဟုတ်၏၊ သာ–ထို ဒိဋ္ဌိဟူသည်၊ ဥပါဒါနဉ္စ–စွဲစွဲမြဲမြဲယူတတ်သော တရားလည်းဟုတ်၏၊ (စွဲလမ်းတတ်သော တရားလည်း ဟုတ်၏၊) က္လတိ–ကြောင့်၊ ဒိဋ္ဌုပါဒါနံ–မည်၏၊ ဝါ–တစ်နည်း၊ ဒိဋ္ဌိံ–ရှေးရှေးဒိဋ္ဌိကို၊ ဥပါဒိယတိ–စွဲလမ်းတတ်၏၊ က္လတိ–ကြောင့်၊ ဒိဋ္ဌုပါဒါနံ–မည်၏၊ ဟိ–မှန်၊ သဿတော အတ္တာစ လောကောစာတိအာဒီသု–အစရှိသော

ပုရိမဒိဋ္ဌိံ ၊ပေ၊ ဥပါဒိယတိ။ ။ရှေ့ဒိဋ္ဌိသည် သဿတဟု ယူ၏၊ ထိုသို့ ယူသော ရှေ့ဒိဋ္ဌိတရားကိုပင် နောက်ဒိဋ္ဌိက သဿတ ယူပြန်၏၊ [ပုရိမဒိဋ္ဌိံ သဿတတော တိ ဂဏှန္တီ ဥပါဒိယယတိ၊–ဋီကာ၊] တစ်နည်း–ရှေ့ဒိဋ္ဌိက သဿတအခြင်းအရာကို ယူထားသည့်အတိုင်း နောက်ဒိဋ္ဌိကလည်း ထိုအခြင်းအရာအားဖြင့် ယူပြန်လျှင် ရှေ့ဒိဋ္ဌိကို

ပါဠိရှိရပ်တို့၌၊ ပုရိမဒိဋ္ဌိ–ရှေ့ဒိဋ္ဌိကို၊ ဥတ္တရဒိဋ္ဌိ–နောက်ဒိဋ္ဌိသည်၊ ဥပါဒိယတိ–စွဲမြဲစွာ ယူတတ်၏၊ တထာ–ထိုမှတစ်ပါး၊ သီလဗ္ဗတံ–နွားတို့၏အလေ့အကျင့် အစရှိသည်ကို၊ ဥပါဒိယတိ–၏၊ ဣတိ, သီလဗ္ဗတုပါဒါနံ–မည်၏၊ သီလဗ္ဗတဥ္စ–နွားတို့၏အလေ့အကျင့်လည်း ဟုတ်၏၊ တံ–ထိုနွားတို့၏အလေ့အကျင့်ဟူသည်၊ ဥပါဒါနဥ္စ–စွဲလမ်းတတ်သော တရားလည်းဟုတ်၏၊ ဣတိပိ–ကြောင့်လည်း၊ ဥပါဒါနဥ္စ–စွဲလမ်းတတ်သော.တရာလည်းဟုတ်၏၊ ဣတိပိ–ကြောင့်လည်း၊ သီလဗ္ဗတုပါဒါနံ–မည်၏၊ ဟိ–မှန်၊ ဂေါသီလ ဂေါဝတာဒီနိ–နွားတို့၏အလေ့, နွားတို့၏အကျင့် အစရှိသည်တို့သည်၊ ဝါ–နွားတို့၏အလေ့, နွားတို့၏အကျင့် စသည်ကို ကိလေသာမှ စင်ကြယ်ခြင်းကြောင့်ဟု ယူတတ်သောမိစ္ဆာအယူတို့သည်၊ (ဥပါဒါနာနိ၌ စပ်၊) ဧဝံ–ဤသို့ နွားတို့၏အလေ့, နွားတို့၏အကျင့် စသည်ဖြင့်၊ သုဒ္ဓိ–ကိလေသာမှ စင်ကြယ်ခြင်းသည်၊ ဝါ–သံသရာမှ စင်ကြယ်ခြင်းသည်၊ (ဟောတိ၊) ဣတိ–သို့၊ အဘိနိဝေသတော–စွဲစွဲမြဲမြဲ နှလုံးသွင်းတတ်သည်၏အဖြစ်ကြောင့်၊ ဝါ–စွဲမြဲစွဲ နှလုံးသွင်းခြင်းကြောင့်၊ သယမေဝ–မိမိ ဟူသော ဂေါသီလ ဂေါဝတကိုယ်တိုင်ပင်၊ ဥပါဒါနာနိ–ဥပါဒါန်တို့မည်၏။

တထာ–ထိုမှတစ်ပါး၊ ဧတေန–ဤအယူဖြင့်၊ ဝဒန္တိ–ပြောဆိုတတ်ကုန်၏၊ ဣတိ–ထိုသို့ ပြောဆိုခြင်း၏အဖြစ်ကြောင့်၊ (သော–ထိုအယူသည်၊) ဝါဒေါ–မည်၏၊ ဧတေန–ဤအယူဖြင့်၊ ဥပါဒိယန္တိ–စွဲမြဲစွာ ယူတတ်ကုန်၏၊ ဣတိ–ထိုသို့ မြဲစွာယူခြင်း၏အဖြစ်ကြောင့်၊ (ထံ–ထို အယူသည်၊) ဥပါဒါနံ–မည်၏၊ ကိံ–အဘယ်ကို၊ ဝဒန္တိ–ပြောဆိုမှုလည်း ပြောဆိုကြကုန်သနည်း၊ ဥပါဒိယန္တိ ဝါ–စွဲလမ်းမှုလည်း စွဲလမ်းကြကုန်သနည်း၊ (ဣတိ–ဤကား အမေးတည်း၊) အတ္တာနံ–ကို၊ (ဝဒန္တိ–ပြောဆိုမှုလည်း ပြောဆိုကြကုန်၏၊ ဥပါဒိယန္တိ–

နောက်ဒိဋ္ဌိက မြဲစွာ ပြုရာရောက်သောကြောင့် "ပုရိမဒိဋ္ဌိံ ဥတ္တရဒိဋ္ဌိ ဥပါဒိယတိ"ဟု ဆိုသည်၊ ဤနည်း၌ မြဲစွာပြုခြင်း (ခိုင်မြဲစေခြင်း)ကို "ဥပါဒိယတိ"ဟု ယူပါ၊ [ပုရိမ ဒိဋ္ဌိ အာကာရေနဝါ ၊ပေ၊ ဝုတ္တံ၊–ဋီကာ။]

**. ဂေါသီလ ဂေါဝတာဒီနီဟိ။** ။"သီလဗ္ဗတဥ္စ+တံ+ဥပါဒါနဥ္စ"ဟု ဝိဂ္ဂဟပြုရာ၌ သီလဗ္ဗတဟူသည် ဒိဋ္ဌိမဟုတ်သေး၊ နွားတို့၏အလေ့အကျင့်သာ ရသေး၏၊ အဘယ်နည်းဖြင့် ဥပါဒါန (ဒိဋ္ဌိ)နှင့် အရတူကမ္မဓာရဲ ဖြစ်နိုင်သနည်းဟု မေးဖွယ်ရှိသောကြောင့် "ဂေါသီလ"စသည်ကို မိန့်သည်၊ ဆိုလိုရင်းကား–သီလဗ္ဗတအရ နွားတို့၏ အလေ့အကျင့်သာမက, ထို အလေ့အကျင့်ကိုပင် "ကိလေသသုဒ္ဓိ"ဟု စွဲမြဲစွာ နှလုံးသွင်းသော ဒိဋ္ဌိတိုင်အောင် ကာရဏူပစာရအားဖြင့် ယူရသောကြောင့် ထို ဂေါသီလ ဂေါဝတတို့ကိုယ်တိုင်ပင် ဥပါဒါနမည်နိုင်ရကား အရတူကမ္မဓာရဲ တွဲနိုင်ပါသည်–ဟူလို၊ အဘိ နိဝေသတောကို "အဘိနိဝေသဘာဝတော"ဟု ဘာဝပ္ပစ္စာန ဘာဝလောပ ကြံဖို့ရန်လည်းကောင်း, "အဘိနိဝိသနတော"ဟု အဘိနိဝေသန၌ ဏပစ္စည်းကို ဘာဝသာဓန ကြံဖို့ရန်လည်းကောင်း ဋီကာဖွင့်သည်၊ ဤနောက်နည်း၌ "နိဝိသ"ဟု မရှိရ၊ "နိဝေသ"ဟု ရှိရပေလိမ့်မည်။

စွဲလမ်းမှုလည်း စွဲလမ်းကြကုန်၏၊ ဣတိ–ဤကား အဖြေတည်း။) အတ္တနော– အတ္တကို၊ ဝါဒုပါဒါနံ–ပြောဆိုကြောင်း စွဲလမ်းကြောင်းအယူတည်း၊ အတ္တဝါဒုပါဒါနံ–အတ္တကိုပြောဆိုကြောင်း စွဲလမ်းကြောင်းအယူ၊ ဝါ–တစ်နည်း၊ ဧတေန–ဤအယူဖြင့်၊ အတ္တဝါဒမတ္တမေဝ–အတ္တဟု ပြောဆိုကြောင်းစကားမျှကိုသာ၊ အတ္တာတိ–အတ္တဟူ၍၊ ဥပါဒိယန္တိ–စွဲလမ်းတတ်ကုန်၏၊ ဣတိ–ကြောင့်၊ (ထိုသို့ အတ္တဝါဒမျှကိုသာ အတ္တဟုစွဲလမ်းကြောင်း၏အဖြစ်ကြောင့်၊ တံ–ထို အယူသည်၊) အတ္တဝါဒုပါဒါနံ–မည်၏။

၁၂၂၀။ ။ယော ကာမေသု ကာမစ္ဆန္ဒောတိ ဧတ္ထာပိ–ဟူသော ဤပါဠိ၌လည်း၊ ဝတ္ထုကာမာဝ–ဝတ္ထုကာမတို့ကိုသာ၊ အနဝသေသတော–အကြွင်းမရှိသောအားဖြင့်၊ ကာမာတိ–ကာမတို့ဟူ၍၊ အဓိပ္ပေတာ–အလိုရှိအပ်ကုန်၏၊ တသ္မာ, ဝတ္ထုကာမေသု–တို့၌၊ ကာမစ္ဆန္ဒော–လိုလားတတ်, နှစ်သက်တတ်သော လောဘသည်၊ ဣဓ–ဤ ဥပါဒါနနိဒ္ဒေသ၌၊ ကာမုပါဒါနံ–မည်၏၊ ဣတိ–ကြောင့်၊ အနာဂါမိနောပိ–အနာဂါမ်ပုဂ္ဂိုလ်၏ (သန္တာန်၌)လည်း၊ တံ–ထိုကာမုပါဒါန်သည်၊ သိဒ္ဓံ–ပြီးစီးသည်၊ ဟောတိ၊ [ဤ ကာမုပါဒါန်သည် အနာဂါမ်မှာလည်း ဖြစ်သည်–ဟူလို၊] ပန–ဆက်၊ အဿ–ထို အနာဂါမ်ပုဂ္ဂိုလ်၏(သန္တာန်၌၊) ပဉ္စကာမဂုဏဝတ္ထုကော–ငါးပါးသော ကာမဂုဏ်ဟူသော တည်ရာရှိသော၊ ကာမရာဂေါဝ–ကာမရာဂသည်သာ၊ နတ္ထိ၊ ဣတိ–ဤသို့ မှတ်အပ်၏၊ [ဧဝ ဖြင့် "သာမညဖြစ်သော ကာမုပါဒါန်တော့ ရှိပါသည်"ဟု ခွင့်ပြုသည်။

၁၂၂၁။ ။ဒိဋ္ဌုပါဒါနနိဒ္ဒေသေ–၌၊ နတ္ထိ ဒိန္နန္တိ–ကား၊ ဒိန္နံနာမ–ပေးလှူကြောင်း ဒါနစေတနာမည်သည်၊ အတ္ထိ–ရှိ၏၊ (ရှိမှန်းသိ၏–ဟူလို၊) ကဿစိ–တစ်စုံတစ်ယောက်အား၊ ကိဉ္စိ–တစ်စုံတစ်ခုသော ဝတ္ထုကို၊ ဒါတုံ–

**အတ္တဝါဒ မတ္တမေဝ ဝါ။** ။ရှေးနည်း၌ အယူရှိသောပုဂ္ဂိုလ်သည် အတ္တအတ္တဟု ပြောဆိုနေသည်၊ စိတ်ထဲ၌လည်း အတ္တအတ္တဟု စွဲလမ်းနေ၏၊ ထိုသို့ အတ္တဟု ပြောဆိုကြောင်း စွဲလမ်းကြောင်းမိစ္ဆာအယူကို "အတ္တဝါဒုပါဒါန်"ဟု ခေါ်သည်၊ ဤနည်း၌ကား–အတ္တသည် မရှိ, အတ္တဟု ပြောဆိုကြောင်း စကားသာ ရှိ၏၊ ထိုသို့ ပြောဆိုအပ်သော စကားမျှကိုသာ အတ္တဟု စွဲလမ်းနေသော အယူကို "အတ္တဝါဒုပါဒါန်" ဟု ခေါ်သည်–ဟု ဆိုသည်၊ [အတဿ အဘာဝါ ၊ပေ၊ ဂဏှန္တီတိ အတ္ထော–ဋီကာ၊ ဋီကာ၌ အခြားတစ်နည်းလည်း ဖွင့်သေး၏၊] အတ္တဝါဒ မတ္တ၌ ဝါဒအရ စကားကို ယူပါ၊ မတ္တဖြင့် ထို စကား၏အနက်ဖြစ်သော အတ္တမရှိဟု ကန့်၊ ဧဝကား ထို အတ္တ၏မရှိခြင်းကို ခိုင်မြဲစေသော သန္နိဋ္ဌာနာဝဓာရဏတည်း။

**အတ္တဝါဒုပါဒါနံ။** ။အဋ္ဌကထာ ပထမနည်းအလို "အတ္တဟု ပြောဆိုကြောင်း စွဲလမ်းကြောင်းအယူ"ဟု ပေးပါ၊ ဒုတိယနည်းအလို "အတ္တဟု ပြောဆိုကြောင်းစကားမျှကိုသာ စွဲလမ်းကြောင်း အယူ"ဟု ပေးပါ၊ ဋီကာ၌ နောက်ထပ်ဖွင့်သော အဖွင့်အလို "အတ္တဟု ပြောဆိုကြောင်းစကား၏ တည်ရာမျှဖြစ်သောအတ္တကို စွဲလမ်းကြောင်းအယူ"ဟု အနက်ပေးပါ။

ငှာ၊ သက္ကာ–တတ်ကောင်း၏၊ ဣတိ–သို့၊ ဇာနာတိ–သိပါ၏၊ ပန–ထိုသို့ပင် ဒါနရှိနိုင်မှန်းသိပါသော်လည်း၊ ဒိန္နသာ–ပေးလှူကြောင်း ဒါနစေတနာ၏၊ ဖလဝိပါကော–အကျိုးရင်း အကျိုးဆက်သည်၊ နတ္ထိ၊ [နောက်၌ "ကောစိ ဖလံ ဝိပါကော"ဝယ် ကောစိကို ထောက်၍ "ဖလဝိပါကော"ဟု သမာသ် ရှိပါစေ၊] ဣတိ–သို့၊ ဂဏှာတိ–ယူ၏၊ နတ္ထိ ယိဋ္ဌံတိ (ဧတ္ထ)–၌၊ မဟာယာဂေါ–ကြီးကျယ်သော ယဇ်ကို၊ ဝါ–ကြီးကျယ်သော ယဇ်ပူဇော်ခြင်းကို၊ ယိဋ္ဌံ–ယိဋ္ဌ ဟူ၍၊ ဝုစ္စတိ–၏၊ တံ–ထိုကြီးကျယ်သော ယဇ်ကို၊ ယဇိတုံ–ပူဇော်ခြင်းငှာ၊ သက္ကာ–တတ်ကောင်း၏၊ ဣတိ, ဇာနာတိ၊ ပန–ထိုသို့ပင် သိပါသော်လည်း၊ ယိဋ္ဌသ–ကြီးကျယ်သော ပူဇော်ကြောင်းယဇ်၏၊ ဖလဝိပါကော–သည်၊ နတ္ထိ၊ ဣတိ ဂဏှာတိ၊ နတ္ထိ ဟုတံတိ (ဧတ္ထ)–၌၊ အာဟုနပါဟုနမင်္ဂလကြိယာ–ပင့်ဖိတ်၍ပေးလှူခြင်း, ဧည့်သည်တို့အား ဧည့်ဝတ်ပြုခြင်း, မင်္ဂလာအကျိုးငှာ ပေးလှူမှုကို ပြုခြင်းသည်၊ (ဟုတန္တိ–ဟုတမည်၏၊) တံ–ထိုဟုတကို၊ ကာတုံ–ငှာ၊ သက္ကာ–၏၊ ဣတိ, ဇာနာတိ၊ ပန–ထိုသို့ပင် သိပါသော်လည်း၊ တသ–ထိုဟုတ၏၊ ဖလဝိပါကော–သည်၊ နတ္ထိ၊ ဣတိ, ဂဏှာတိ၊ နတ္ထိ သုကတ ဒုက္ကဋာနန္တိ ဧတ္ထ–၌၊ ဒသ–ကုန်သော၊ ကုသလကမ္မပထာ–ကုသလမ္မပထ တို့သည်၊ သုကတကမ္မာနိနာမ–ကောင်းစွာပြုအပ်သော ကံတို့မည်၏၊ ဒသ–န်သော၊ အကုသလကမ္မပထာ–တို့သည်၊ ဒုက္ကဋကမ္မာနိနာမ–မကောင်းသဖြင့် ပြုအပ်သော ကံတို့၏၊ တေသံ–ထို ကံတို့၏၊ အတ္ထိဘာဝံ–ရှိကုန်သည်၏ အဖြစ်ကို၊ ဇာနာတိ–သိပါ၏၊ ပန–ထိုသို့ပင် သိပါသော်လည်း၊ ဖလဝိပါကော နတ္ထိ၊ ဣတိ ဂဏှာတိ။

နတ္ထိ အယံ– လောကောတိ–ကား၊ ပရလောကေ–တစ်ပါးသော လောက၌၊ ဌိတော–တည်ယူသည်၊ ဣမံ လောကံ–ဤ လောကကို၊ နတ္ထီတိ–မရှိဟူ၍၊

---

**အာဟုန ၊ပေ၊ ကရိယာ။** ။အာကို "အာမန္တေတွာ"ဟုလည်းကောင်း, ဟုကို "ဟဝနံ"ဟုလည်းကောင်း ဋီကာဖွင့်၏၊ ထို့ကြောင့် ပင့်ဖိတ်၍ ထမင်းကျွေးမှုစသည်ကို "အာဟုန"ဟု ခေါ်သည်၊ "ဟဝနံ ဟုနံ၊ အာမန္တေတွာ+ဟုနံ အာဟုနံ"ဟု ပြု၊ ပါဟုနံကို ပါဟုနာနံ အတိထိနံ အတိထိ ကိရိယာ"ဟု ဋီကာဖွင့်၏၊ ထိုအတိုင်း ဆိုလျှင် "ဧည့်သည်တို့အား ဧည့်ဝတ်စောင်ဝတ်ကို ပြုခြင်းည် ပါဟုနမည်၏"ဟု မှတ်ပါ၊ လက်ထပ်မင်္ဂလာအကျိုးငှာ စွန့်ကြဲပေးကမ်းခြင်းသည် "မင်္ဂလကြိယာမည်၏" ဟု ဋီကာဖွင့်၏၊ ဟုတသည် ဒါနအနက်ကို ဟော၏၊ [ဟု–ဒါနာဒနဟဗျပ္ပဒါနေသု–ဓာတ်ကျမ်း၊] ထို ဒါနအရ ပြခဲ့သောပေးခြင်းသုံးမျိုးကို ယူပါ–ဟု ဆိုလိုသည်။

**နတ္ထိ အယံလောကောတိ ၊ပေ၊ ဂဏှာတိ။** ။ဤ လောက, တစ်ပါးသော လောကဟူရာ၌ အမြဲမှချ ယူရသောလောကဟူ၍ မရှိ၊ နတ်လောကစသော တစ်ပါးသော လောကကိုထောက်လျှင် လူ့လောကသည် ဤ လောကဖြစ်၏၊ တစ်ပါးသော လူ့လောကကို ထောက်လျှင် နတ်လောကသည် လူ့လောကဖြစ်ပြန်၏၊ ထို့ကြောင့်

ဂဏှာတိ-ယူ၏၊ နတ္ထိ ပရောလောကောတိ-ကား၊ဣဓလောကေ-ဤလောက၌၊ ဌိတော-တည်သူသည်၊ ပရလောက-တစ်ပါးသော လောကကို၊ နတ္ထိတိ-မရှိဟူ၍၊ ဂဏှာတိ၊ နတ္ထိမာတာ နတ္ထိပိတာတိ-ကား၊ မာတာပိတူနံ-အမိအဘတို့၏၊ အတ္ထိဘာဝံ-ရှိကုန်သည်၏အဖြစ်ကို၊ ဇာနာတိ-သိပါ၏၊ တေသု-ထို မိဘတို့၌၊ ကတပစ္စယေန-ပြုအပ်သော ကောင်းမှု, မကောင်းမှုဟူသော အကြောင်းကြောင့်၊ ကောစိ-တစ်စုံတစ်ခုသော၊ ဖလဝိပါကော-အကျိုးရင်း အကျိုးဆက်သည်၊ နတ္ထိ၊ ဣတိ ဂဏှာတိ၊ နတ္ထိ သတ္တာ ဩပပါတိကာတိ-ကား၊ စဝနက ဥပပဇ္ဇနကာ-စုတေတတ်, ပဋိသန္ဓေနေတတ်ကုန်သော၊ သတ္တာ-တို့သည်၊ နတ္ထိ-မရှိကုန်၊ ဣတိ ဂဏှာတိ။

သမဂ္ဂတာ သမ္မာပဋိပန္နာတိ-ကား၊ အနုလောမပဋိပဒံ-နိဗ္ဗာန်အားလျော်သော သီလအစရှိသော အကျင့်ကို၊ ပဋိပန္နာ-ကျင့်ကြကုန်သော၊ ဓမ္မိကသမဏဗြာဟ္မဏာ-တရားစောင့်သော ရဟန်း ပုဏ္ဏားတို့သည်၊ လောကသ္မိံ-လောက၌၊ နတ္ထိ-မရှိကုန်၊ ဣတိ, ဂဏှာတိ၊ ["သမဂ္ဂတာ (သမံ+ဂတာ)-ပဋိပတ်ကျင့်စဉ်အားဖြင့် အညီအမျှ သွားကြကုန်သော၊ သမ္မာပဋိပန္နာ-ကောင်းစွာ

ဤလောကဟူသောအမည်, တစ်ပါးသော လောကဟူသောအမည်သည် အချင်းချင်းထောက်၍ရအပ်သော နာမည်တည်း၊ [ဣမံ လောကံ အပေက္ခိတွာ ပရလောကော, ပရဉ္စ အပေက္ခိတွာ အယံ လောကော ဟောတိ၊-ဋီကာ။]

**ဣဓလောကေ ။ပေ။ ဌိတော။** ။ဣဓလောကေ ဌိတော, ပရလောကေ ဌိတောဟူရာ၌လည်း တကယ့် ကိုယ်ခန္ဓာအားဖြင့် တည်နေ-ဖြစ်နေခိုက်ကို ဆိုလိုသည်မဟုတ်၊ စိတ်ကူးအားဖြင့် တည်နေသူကို ဆိုလိုသည်၊ ထို့ကြောင့် "စိတ္တေန ပရလောကေ ဌိတော"ဟု ဋီကာဆိုသည်၊ ["သတ္တဝါတို့သည် ရောက်ရာဘဝ၌ သေလျှင်ပြတ်၏"ဟု ဥစ္ဆေဒဒိဋ္ဌိရှိသူတွက် ပြအပ်သောအယူဖြစ်သောကြောင့် သတ္တဝါတစ်ယောက်လျှင် လောကနှစ်မျိုးဟူ၍ မရှိရကား ဤဘဝ၌သေလျှင် သွားရောက်ရမည့် ဂန္တဗ္ဗဋ္ဌာန ပရလောကလည်း မရှိ၊ ပရလောက၌ သေ၍ လာဖို့ရာ အာဂန္တဗ္ဗဋ္ဌာန-ဤ လောကလည်း မရှိဟု ဆိုလိုသည်။

**ဩပပါတိကာ။** ။"ဥပပါတ+ဏိက"ဟု ပုဒ်ခွဲ၊ "ဥပပါတ-ကျရောက်ခြင်း"ဟူသည် အသစ်ဖြစ်ခြင်းတည်း၊ "အသစ်ဖြစ်"ဟူရာ၌ အဟောင်းပျက်ပြီးမှ အသစ်ဖြစ်ရရှိးတည်း၊ ထို့ကြောင့် "ဥပပါတ"အရ စဝန-အဟောင်းဘဝ၌ စုတေပျက်စီးရခြင်း, ဥပပဇ္ဇန-အသစ်ဖြစ်ရခြင်း နှစ်မျိုးလုံးပါဝင်သည်၊ ထို့ကြောင့် ဋီကာ၌ "ပုရိမဘဝတော ပစ္ဆိမဘဝေ ဥပပတနံ ဥပပါတော၊ သော ယေသံ သီလံ၊ တေ ဩပပါတိကာ"ဟု မိန့်သည်၊ "ဥပပါတော+သီလံ ယေသန္တိ ဩပပါတိကာ"ဟု ပြု၊ ယေသံ-အကြင် သတ္တဝါတို့သည်၊ ဥပပါတော-အဟောင်းဘဝမှ စုတေ၍ အသစ်ဘဝ၌ ဖြစ်ခြင်းဟူသော၊ သီလံ-အလေ့သည်၊ အတ္ထိ၊ ဣတိ ဩပပါတိကာ၊ ထိုထိုဖြစ်ရာဘဝ၌သေလျှင် ပြတ်သောကြောင့် အဟောင်းဘဝမှ စုတေ၍ အသစ်ဘဝ၌ ဖြစ်ရသော သတ္တဝါမည်သည် မရှိ-ဟူလို။

ကျင့်ကြကုန်သော"ဟု ပါဠိတော်၌ ပေး၊ သမဂ္ဂတာကို "သမ္မာ ပဋိပန္နာ"ဟု ထပ်ဖွင့်သည်။] ယေ ဣမဥ္စလောကံ ၊ပေ၊ ပဝေဒေန္တီတိ–ကား၊ ဣမဥ္စလောကံ–ဤ လောကကိုလည်းကောင်း၊ ပရဥ္စလောကံ–တစ်ပါးသော လောကကို လည်းကောင်း၊ အတ္တနာဝ–ကိုယ်တိုင်သာလျှင်၊ အဘိဝိသိဋ္ဌေန–သာလွန်ထူးကဲသော၊ ဉာဏေန–သဗ္ဗညုတဉာဏ်ဖြင့်၊ ဉတွာ–သိပြီး၍၊ ပဝေဒနသမတ္ထော–သူတစ်ပါး ကိုသိစေခြင်း၌ စွမ်းနိုင်သော၊ သဗ္ဗညူ–အလုံးစုံသော တရားတို့ကို အကုန်အစင် သိမြင်နိုင်သော၊ ဗုဒ္ဓေါနာမ–ဘုရားမည်သည်၊ နတ္ထိ၊ ဣတိ–သို့၊ ဂဏှာတိ–၏။

ပန–ဆက်၊ ဣမာနိ ဥပါဒါနာနိ–ဤ ဥပါဒါန်တို့ကို၊ ကိလေသပစ္စယပါဋိယာပိ–အားဖြင့်လည်း၊ အာဟရိတုံ ဝဋ္ဋတိ၊ မဂ္ဂပစ္စယပါဋိယာပိ (အာဟရိတုံ ဝဋ္ဋတိ၊) ကိလေသပစ္စယပါဋိယာ–အားဖြင့်၊ ကာမုပါဒါနံ–ကို၊စတူဟိ–န်သော၊ မဂ္ဂေဟိ–တို့သည်၊ ပဟီယတိ–၏၊ သေသာနိ–ကြွင်းကုန်သော၊ တီဏိ–သုံးပါးသော ဥပါဒါန်တို့ကို၊ သောတာပတ္တိမဂ္ဂေန (ပဟီယန္တိ၊) မဂ္ဂပစ္စယပါဋိယာ–အားဖြင့်၊ သောတာပတ္တိမဂ္ဂေန–သည်၊ ဒိဋ္ဌုပါဒါနာဒီနိ–ဒိဋ္ဌုပါဒါန် အစရှိသည်တို့ကို၊ ပဟီယန္တိ၊ စတူဟိ မဂ္ဂေဟိ–တို့သည်၊ ကာမုပါဒါနံ–ကို၊ (ပဟီယတိ၊) ဣတိ–ဤကား အပြီးတည်း။

၁၂၃။ ။ကိလေသဂေါစ္ဆကေ–၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) ကိလေသာဧဝ–ကိလေသာတို့သည်ပင်၊ ကိလေသဝတ္ထူနိ–ကိလေသာဝတ္ထု တို့မည်၏၊ ဝါ–တစ်နည်း၊ ဧတ္တ–ဤ ကိလေသာတို့၌၊ အခီဏာသဝါ–ခီဏာသဝ မဟုတ်ကုန်သော၊ သတ္တာ–တို့သည်၊ ဝသန္တိ–နေကြကုန်၏၊ (ကသ္မာ–နည်း၊) လောဘာဒိသု–လောဘအစရှိသော ကိလေသာတို့၌၊ ပတိဋ္ဌိတတ္တာ–တည်ကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ–ကြောင့်၊ ဝတ္ထူနိ–တို့မည်၏၊ ကိလေသာစ–ကိလေသာတို့လည်း ဟုတ်၏၊ တေ–ထို ကိလေသာတို့ဟူသည်၊

**ကိလေသဝတ္ထူနိ**။ ။"ကိလေသာဧဝ ကိလေသဝတ္ထူနိ"ဟူသော ပထမနည်းဖြင့် "ကိလေသာဧဝ+ဝတ္ထူနိ ကိလေသဝတ္ထူနိ"ဟု အဝဓာရဏ ကမ္မဒါရဲသမာသ်ကို ပြ၏၊ ဥပမာ–စက္ခုဒွါရံကို"စက္ခုမေဝ စက္ခုဒွါရံ"ဟု ဖွင့်ရာ၌ အဝဓာရဏ ကမ္မဓာရဲ သမာသ် ပြသကဲ့သို့တည်း၊ ဝတ္ထူနိကိုလည်း "ဝသန္တိ ဧတ္ထာတိ ဝတ္ထူနိ"ဟု ရှေးရှေး ကိလေသာတို့သည် နောက်နောက် ကိလေသာတို့၏ တည်ရာဖြစ်သောကြောင့် ဝတ္ထု အမည်လည်း ရကြသည်၊ ကိလေသာဧဝ–ရှေးရှေး ကိလေသာတို့သည်ပင်၊ ဝတ္ထူနိ–နောက်နောက် ကိလေသာတို့၏ တည်ရာတို့တည်း၊ ကိလေသဝတ္ထူနိ–တို့။

**ဝသန္တိ ဝါ**။ ။ဝသန္တိ ဝါ စသော ဒုတိယနည်း၌ "ဝသန္တိ ဧတ္ထာတိ ဝတ္ထူနိ" ခီဏာသဝမဟုတ်သေးသော ပုထုဇဉ်သေက္ခတို့၏ တည်ရာဖြစ်သောကြောင့် လောဘ စသည်တို့ပင် "ဝတ္ထု"ဟု ခေါ်သည်၊ "ကိလေသာစ+တေ+ဝတ္ထူနိစာတိ ကိလေသဝတ္ထူနိ"ဟု တဲ့။

တပ္ပတိဋ္ဌာနံ–ထို ကိလေသာဟူသော တည်ရာရှိကုန်သော၊ သတ္တာနံ–ပုထုဇဉ် သေက္ခသတ္တဝါတို့၏၊ ဝတ္ထုနိစ–တည်ရာတို့လည်း ဟုတ်၏၊ ကုတော်–ထို နှစ်ပါးသော သတ္တိကြောင့်၊ ကိလေသဝတ္ထုနိ–တို့မည်၏၊ စ–သည်သာ မက သေး၊ ယသ္မာ–ကြောင့်၊ ဧတ္ထ–ဤ ကိလေသာတို့၌၊ (ဝသန္တိ၌ စပ်၊) အနန္တရ ပစ္စယာဒိဘာဝေန–အနန္တရပစ္စည်း အစရှိသည်တို့၏အဖြစ်ကြောင့်၊ (အဖြစ် ဟူသောသတ္တိကြောင့်၊) ဥပ္ပန္နမာနာ–ဖြစ်ကုန်သော၊ ကိလေသာပိ–ပစ္စယုပ္ပန် ကိလေသာတို့သည်လည်း၊ ဝသန္တိဝေနာမ–နေကုန်သည်တို့ပင်မည်၏၊ တသ္မာ–ကြောင့်၊ ကိလေသာနံ–နောက်နောက် ကိလေသာတို့၏၊ ဝတ္ထုနိ–တည်ရာ ဖြစ်သော ရှေးရှေး ကိလေသာတို့တည်း၊ ကုတော်ပိ–ကြောင့်လည်း၊ ကိလေသ ဝတ္ထုနိ–တို့မည်၏။

၁၂၃၆။ ။ပန–ဆက်၊ တတ္ထ ၊ပေ၊ သာရာဂေါတိ–ဟူ၍၊ အယံ လောဘော–ကို၊ (နိဒ္ဒိဋ္ဌော၌ စပ်၊) ဟေတုဂေါစ္ဆကေ–ဟေတုဂေါစ္ဆက၌လည်း ကောင်း၊ (ကုတော်၌ စပ်၊) ဂန္ထဂေါစ္ဆကေ–လည်းကောင်း၊ ကုမသ္မိံ ကိလေသဂေါစ္ဆ ကေ–လည်းကောင်း၊ ကုတော်–သို့၊ တိသု–နံသော၊ ဌာနေသု–တို့၌၊ အတိရေကပဒ သတေန–တစ်ရာထက်ပိုလွန်သော ပုဒ်အပေါင်းဖြင့်၊ နိဒ္ဒိဋ္ဌော–ညွှန်ပြတော်မူအပ် ပြီ၊ [အတိရေကပဒသတကို ဤပါဠိတော်၌ ကြည့်ပါ၊] အာသဝ ၊ပေ၊ ဥပါ ဒါနဂေါစ္ဆကေသု–အာသဝဂေါစ္ဆက ၊ပေ၊ ဥပါဒါနဂေါစ္ဆကတို့၌၊ အဋ္ဌဟိ အဋ္ဌဟိ– ရှစ်ပါး ရှစ်ပါးကုန်သော၊ ပဒေဟိ–ပုဒ်တို့ဖြင့်၊ နိဒ္ဒိဋ္ဌော–ညွှန်ပြတော်မူအပ်ပြီ၊ သွာယံ–ထိုလောဘကို၊ အတိရေကပဒသတေန–ဖြင့်၊ နိဒ္ဒိဋ္ဌဋ္ဌာနေပိ–ညွှန်ပြ အပ်ရာဌာန၌လည်းကောင်း၊ အဋ္ဌဟိ အဋ္ဌဟိ–နံသော၊ ပဒေဟိ–တို့ဖြင့်၊ နိဒ္ဒိဋ္ဌ ဋ္ဌာနေပိ–၌လည်းကောင်း၊ နိပ္ပဒေသတောဝ–အကြွင်း မရှိသောအားဖြင့်သာ၊ ဂဟိတော–ယူအပ်ပြီ၊ ကုတော်, ဝေဒိတဗ္ဗော–၏၊ [တစ်ရာကျော်ပုဒ်တို့ဖြင့် ညွှန်ပြ အပ်သော အရာ၌လည်းကောင်း, ရှစ်ပုဒ်တို့ဖြင့် ညွှန်ပြအပ်သောအရာ၌လည်း ကောင်း ဤလောဘကို အကြွင်းအကျန်မရှိ, ကုန်အောင်ညွှန်ပြသည်–ဟူလို။]

တေသု–ထို တဏှာလောဘတို့တွင်၊ ဟေတု ၊ပေ၊ ဂေါစ္ဆကေသု–ဟေတု ဂေါစ္ဆက ၊ပေ၊ ကိလေသာဂေါစ္ဆကတို့၌၊ စတုမဂ္ဂဝဇ္ဈာ–မဂ်လေးပါးသည် သတ် ထိုက်ကုန်သော၊ တဏှာ–တို့သည်၊ ဧကေနေဝ–တစ်ပါးသာလျှင်ဖြစ်သော၊

ယသ္မာစေတ္ထ။ ။ဤ တတိယနည်း၌ "ဧတ္ထ ဝသန္တိ"ကို ကြည့်၍ "ဝသန္တိ ဧတ္ထာတိ ဝတ္ထုနိ"ဟုပင် ပြုရမည်၊ "ဧတ္ထ–ဤရှေးရှေး ကိလေသာတို့၌၊ ဝသန္တိ– နောက်နောက်ကိလေသာတို့ နေကြရကုန်၏၊ ကုတော်, ဝတ္ထုနိ–တို့မည်၏၊ ကိလေသာနံ– နောက်နောက် ကိလေသာတို့၏၊ ဝတ္ထုနိ–တည်ရာဖြစ်သော ရှေးရှေး ကိလေသာ တို့တည်း၊ ကိလေသဝတ္ထုနိ–တို့"ဟု တပ္ပုရိသ်သမာသ်ပြု၊ ရှေးရှေး ကိလေသာတို့သည် အနန္တရသတ္တိဖြင့် ကျေးဇူးပြုရကား အနန္တရာဒိ ပစ္စယုပ္ပန်ဖြစ်သော နောက်နောက် ကိလေသာတို့၏ တည်ရာဝတ္ထုများ ဖြစ်ကြသည်–ဟူလို။

ကောဋ္ဌာသေန–အဖို့အစုဖြင့်၊ ဠိတာ–တည်ကုန်၏၊ ["ယောတုဂေါစ္ဆကဌ် လောဘ ဟူသော အဖို့အစုနာမည်ဖြင့် တည်၏၊ ဂန္ထဂေါစ္ဆကဌ် အဘိဇ္ဈာကာယဂန္ထ ဟူသော အဖို့အစုနာမည်ဖြင့် တည်၏"စသည်ဖြင့် သိပါ၊] အာသဝ ၊ပေ၊ ယောဂေသု–အာသဝဂေါစ္ဆက ၊ပေ၊ ယောဂဂေါစ္ဆကတို့၌၊ စတုမဂ္ဂ ဝဇ္ဈာပိ– မဂ်လေးပါးသည် သတ်ထိုက်သော တဏှာတို့သည်လည်း၊ ဒွေ–နှစ်သော၊ ကောဋ္ဌာသာ–အဖို့အစုတို့သည်၊ ဟုတွာ, ဠိတာ–နှ်၏၊ ကထံ–အဘယ်သို့ တည်ကုန်သနည်း၊ အာသဝေသု–တို့၌၊ ကာမာသဝေါဘဝါသဝေါတိ–ကာမာ သဝေါ, ဘဝါသဝေါဟူ၍လည်းကောင်း၊ သံယောဇနေသု–တို့၌၊ ကာမရာဂ သံယောဇနံ ဘဝရာဂသံယောဇနန္တိ–ဟူ၍လည်းကောင်း၊ ဩဃေသု–တို့၌၊ ကာမောဃော ဘဝေါဃောတိ–ဟူ၍လည်းကောင်း၊ ယောဂေသု–တို့၌၊ ကာမ ယောဂေါ ဘဝယောဂေါတိ–ဟူ၍လည်းကောင်း၊ (ဒွေ–နှ်သော၊ ကောဋ္ဌာသာ– တို့သည်၊ ဟုတွာ, ဠိတာ–နှ်၏၊) [ကထံအမေးကို ပြန်အုပ်သည်။]

ပန–ဆက်၊ ဣမာနိ ကိလေသဝတ္ထူနိ–တို့ကို၊ ၊ပေ၊ မောဟမာနာ– မောဟ, မာနတို့ကို၊ အရဟတ္တမဂ္ဂေန–သည်၊ (ပဟီယန္တိ၊) ၊ပေ၊ အရဟတ္တ မဂ္ဂေန–သည်၊ သေသာ–ကြွင်းကုန်သော၊ သတ္တ–ခုနစ်ပါးသော ကိလေသာ တို့ကို၊ (ပဟီယန္တိ၊) ဣတိ–ဤကား အပြီးတည်း။

၁၂၈၇။ ။ကာမာစရနိဒ္ဒေသေ–၌၊ ဟေဋ္ဌတောတိ–ကား၊ ဟေဋ္ဌာဘာဂေ န–အောက်အဖို့အားဖြင့်၊ အဝီစိနိရယန္တိ–ကား၊ အဂ္ဂိဇာလာနံဝါ–မီးလျှံတို့၏ လည်းကောင်း၊ သတ္တာနံဝါ–တို့၏လည်းကောင်း၊ ဒုက္ခဝေဒနာယဝါ–၏ လည်းကောင်း၊ ဝီစိ(အန္တရံ)–အကြားသည်၊ ဆိဒ္ဒံ–အပေါက်သည်၊ ဧတ္ထ–ဤ ငရဲ၌၊ နတ္ထိ၊ ဣတိ, အဝီစိ–မည်၏၊ ဧတ္ထ–ဤ ငရဲ၌၊ သုခသင်္ခါတော–သုခ ဟု ဆိုအပ်သော၊ အယော–ချမ်းသာသည်၊ နတ္ထိ၊ ဣတိ, နိရယော–မည်၏၊

**မောဟမာနာ အရဟတ္တမဂ္ဂေန**။ ။"မောဟ, မာနတို့ကို အရဟတ္တမဂ်ဖြင့် ပယ်အပ်၏"ဟု ဆိုရာ၌ အဆုံးသတ်ပယ်ခြင်းကို ရည်ရွယ်၍ ဆိုသည်၊ အပါယဂမနီယ ဖြစ်သော မောဟ မာနစသည်တို့ကိုကား သောတာပတ္တိမဂ် စသည်တို့ဖြင့် အဆင့်ဆင့် ပယ်အပ်ကုန်ပြီ၊ ထို့နောက်မှ အနည်းငယ်ကျန်သေးသော မောဟ မာနတို့ကို အရဟတ္တ မဂ်က ပယ်ရသည်၊ [အရဟတ္တမဂ္ဂေနာတိ ဝစနေန စတူဟိ မဂ္ဂေဟိ ပဟာတဗ္ဗတာ ဝုတ္တာတိ ဒဋ္ဌဗ္ဗာ၊ န ဟိ ပုရိမေဟိ အတနုကတာ မောဟာဒယော အရဟတ္တမဂ္ဂေန ပဟီယန္တီတိ–ဋီကာ။]

**အဝီစိနိရယော**။ ။ဝီစိကို "အန္တရံ ဆိဒ္ဒံ"ဟု ဖွင့်သည်၊ အဘယ်တို့၏အကြား ပါနည်းဟု မေးဖွယ်ရှိသောကြောင့် "အဂ္ဂိဇာလာနံ ဝါ"စသောသမ္ဗန်ကို အပိုထည့်၍ ဖွင့်သည်၊ "နတ္ထိ ဝီစိ ဧတ္ထာတိ အဝီစိ"သာ လိုရင်းတည်း၊ နိရယော၌ "အယိတဗ္ဗော အဿာဒိတဗ္ဗောတိ အယော"ဟု ဝိဂြိုဟ်ပြု၍, သုခကို အရကောက်ပြီးလျှင် "နတ္ထိ အယော ဧတ္ထာတိ နိရယော"ဟု ပထမနည်းအလို ဝိဂြိုဟ်ပြုပါ၊ နိရတိအတ္ထေနဖြင့်

နိရတိအတ္ထေနပိ–မွေ့လျော်ဖွယ်မရှိဟူသော အနက်ကြောင့်လည်းကောင်း၊ နိရဿာဒတ္ထေနပိ–သာယာဖွယ်မရှိဟူသော အနက်ကြောင့်လည်းကောင်း၊ နိရယော–မည်၏၊ ပရိယန္တံ ကရိတ္វာတိ–ကား၊ အဝီစိသင်္ခါတံ–သော၊ တံနိရယံ–ထိုငရဲကို၊ အန္တံ–အဆုံးအပိုင်းခြားကို၊ ကတွာ–၍၊ [ပရိယန္တံကို အန္တံဟု ဖွင့်သည်၊ ပရိအနက် မရှိ၊] ဥပရိတောတိ–ကား၊ ဥပရိဘာဂေန–အထက်အဖို့အားဖြင့်။

ပရနိမ္မိတဝသဝတ္တိဒေဝေတိ–ကား၊ ပရနိမ္မိတေသု–သူတစ်ပါးတို့ ဖန်ဆင်းအပ်ကုန်သော၊ ကာမေသု–ကာမတို့၌၊ ဝသံ–မိမိအလိုသို့၊ ဝတ္တနတော–လိုက်စေနိုင်ကုန်သည်၏အဖြစ်ကြောင့်၊ (လိုက်စေခြင်းကြောင့်၊) ဧဝံ–ဤသို့ပရနိမ္မိတဝသဝတ္တိဟူ၍၊ လဒ္ဓဝေါဟာရေ–ရအပ်သော အမည်ရှိကုန်သော၊ (ခေါ်ဝေါ်ကြောင်းအမည်ကို ရအပ်ကုန်သော၊) ဒေဝေ–နတ်တို့ကို၊ အန္တောကရိတွာတိ–ကား၊ အန္တော–အတွင်း၌၊ ပက္ခိပိတွာ–ထည့်သွင်း၍၊ ယံ ဧတသ္မိံ အန္တရေတိ–ကား၊ ဧတသ္မိံ ဩကာသေ–ဤအရပ်၌၊ ယေ–အကြင်ခန္ဓာ ဓာတ် အာယတနတို့သည်၊ (သန္တိ–န်၏၊) [အန္တရသဒ္ဒါ၏ ဩကာသအနက်ကိုလည်းကောင်း, ယံ၏ဝစန ဝိပလ္လာသ၏အဖြစ်ကို၊ (တစ်နည်း) ယံ နိပါတ်ပုဒ်၏အဖြစ်ကိုလည်းကောင်း ဖွင့်သည်၊] ဧတ္ထာဝစရာတိ ဣမိနာ–ဟူသောဤပါဌ်ဖြင့်၊ ယသ္မာ–ကြောင့်၊ ဧတသ္မိံ အန္တရေ–ဤအရပ်၌၊ အညေပိ–ကာမာဝစရတရားမှ တစ်ပါးလည်းဖြစ်သော မဟဂ္ဂုတ် လောကုတ္တရာတရားတို့သည်၊ စရန္တိ–ဖြစ်ကုန်၏၊ (ကသ္မာ) ကဒါစိ–တစ်ရံတစ်ခါ၌၊ ကတ္ထစိ–အချို့သော သုဂတိကာမဘုံ၌၊ သမ္ဘဝတော–(အခြားတရားတို့၏) ဖြစ်သင့်ခြင်းကြောင့်တည်း၊ တသ္မာ–ကြောင့်၊ တေသံ–ထို အခြားတရားတို့ကို၊ အသင်္ဂဟနတ္ထံ–မသိမ်းယူခြင်းအကျိုးငှာ၊ (ကာမာဝစရအရာ၌ မပါဝင်စေခြင်းအကျိုးငှာ၊) အဝစရာတိ–ဟူ၍၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ [အဝသဒ္ဒါနှင့်တကွ “အဝစရာ”ဟု ဟောတော်မူအပ်ပြီ။]

---

အယသဒ္ဒါ၏ ရတိအနက်ကိုလည်းကောင်း, နိရဿာဒတ္ထေနဖြင့် အယသဒ္ဒါ၏ အဿာဒအနက်ကိုလည်းကောင်း ပြ၏၊ “အယိတဗ္ဗော ရမိတဗ္ဗောတိ အယော၊ အယိတဗ္ဗော အဿဒိတဗ္ဗောတိ အယော”ဟု ပြု၍ ပထမနည်းအတိုင်း သတ္တမီဗဟုဗ္ဗီဟိ တွဲပါ၊ [ရတိကို ပီတိဟုလည်းကောင်း, ဗလဝနိကန္တိဟုလည်းကောင်း ဋီကာ၌ နှစ်နည်းဖွင့်သည်။]

**ဣမိနာ ၊ပေ၊ ဝုတ္တံ**။ ။”ဣမိနာကို အသင်္ဂဟနတ္ထံ၌ စပ်”ဟု ယောဇနာဆို၏၊ အဝစရာတိ၌ စပ်ဖို့ရန် “ဧတ္ထာဝစရာတိ ဧတ္ထ”ဟုရှိလျှင်လည်း ကောင်း၏၊ ကာမာဝစရဟု သတ်မှတ်၍ထားအပ်သော အရပ်၌ ဈာနလာဘီပုဂ္ဂိုလ်တို့၏ ဈာန်ဝင်စားသောအခါ, ယောဂီတို့ အရိယာဖြစ်သောအခါ, ဖလသမာပတ်ဝင်စားသော အခါတို့၌ မဟဂ္ဂုတ်လောကုတ္တရာဖြစ်သော အခြားခန္ဓာ ဓာတ် အာယတနတို့လည်း ဖြစ်ကြသေး၏၊ ထိုသို့ဖြစ်သော်လည်း ထို တရားတို့သည် ကာမာဝစရတွင် မသက်ဝင်နိုင်–မပါဝင်နိုင်၊ ထို့ကြောင့် ထို တရားတို့ကို မသိမ်းယူနိုင်ခြင်းငှာ ဩဂါဠ္ဍအနက်ဟော အဝသဒ္ဒါနှင့်တကွ “အဝစရာ”ဟု မိန့်ဆိုအပ်သည်–ဟူလို။

တေန–ထိုအဝစရာဟူသော ပါဌ်ဖြင့်၊ ယေ–အကြင်ခန္ဓာ ဓာတ် အာယတန တို့သည်၊ ဧတသ္မိံ အန္တ ရေ–ဤအရပ်၌၊ ဩဂါဠှာ–သက်ဝင်ကုန်သည်၊ (ပါဝင်ကုန်သည်၊) ဟုတွာ, စရန္တိ –ဖြစ်ကြကုန်၏၊ (ကသ္မာ–နည်း၊ သဗ္ဗတ္ထ–အလုံးစုံသော ကာမာဝစရဘုံ၌လည်းကောင်း၊ သဒါစ–အခါခပ်သိမ်းလည်းကောင်း၊ သမ္ဘဝတော–ဖြစ်သင့်ခြင်းကြောင့်တည်း၊ အဝီစိနိရယဿ–အဝီစိငရဲ၏၊ ယောဠှာ–၌၊ ဘူတုပါဒါယ ပဝတ္တိဘာ့ဝေ–ဘူတရုပ် ဥပါဒါရုပ်တို့၏ ဖြစ်ခြင်းရှိကုန်သည်၏အဖြစ်ကြောင့်၊ အဓောဘာဂေ–အဝီစိ၏အောက်အဖို့၌၊ (အဝသဒ္ဒါ၏အနက်၊) စရန္တိ –ကုန်၏၊ တေသံ–ထိုဩဂါဠှဖြစ်၍ ဖြစ်သောတရား, အဓောဘာဂ၌ဖြစ်သော တရားတို့ကို၊ သင်္ဂဟော–သိမ်းယူခြင်းသည်၊ ဝါ–ကို၊ ကတော–ပြုအပ်သည်၊ ဟောတိ၊ ဟိ–မှန်၊ တေ–ထို ကာမာဝစရတရားတို့သည်၊ အဝဂါဠှာဝ–ကာမဘုံ၌ သက်ဝင်ကုန်သည်သာလျှင်၊ (ဟုတွာ၊) စရန္တိ –ကုန်၏၊ အဓောဘာဂေ(စ)–အဝီစိငရဲ၏ အောက်အဖို့၌လည်း၊ စရန္တိ၊ ဣတိ–ကြောင့်၊ အဝစရာ–တို့မည်၏။

ပန–ကား၊ တွေ့ ပရိယာပန္နာတိ ဣမိနာ–ဖြင့်၊ (ပရိဂ္ဂဟော ကတော၌ စပ်၊) ယသ္မာ, တွေ့ဝစရာ–ဤကာမာဝစရဘုံ၌ သက်ဝင်၍ဖြစ်ကုန်သော၊ တေ–ဤကာမာဝစရတရားတို့သည်၊ အညတ္ထာပိ–အခြားသော ရူပဘုံ အရူပဘုံ၌လည်း၊ အဝစရန္တိ–သက်ဝင်၍ ဖြစ်ကုန်သေး၏၊ ပန–ထိုသို့ပင် အခြားဘုံ၌ သက်ဝင်၍ ဖြစ်ကြပါကုန်သော်လည်း၊ တတ္ထ–ထိုအခြားဘုံ၌၊ ပရိယာပန္နာ–

---

**တေန ၊ပေ၊ ကတော ဟောတိ။** ။တေနကို သင်္ဂဟော၌ စပ်၊ ထိုအဝစရာဟူသောပါဌ်ဖြင့် ထိုတရားတို့ကို သိမ်းယူထားသည်–ဟူလို၊ ထိုတရားတို့ဟူသည် ဩဂါဠှအနက်ဟော အဝသဒ္ဒါဖြင့် သိမ်းယူအပ်သော ကာမာဝစရဘုံ၌ပင် စာရင်းဝင်သော ကာမာဝစရတရားများသည်လည်းကောင်း, အဓောဘာဂအနက်ဟော အဝသဒ္ဒါနှင့်တကွသော အဝစရသဒ္ဒါဖြင့် သိမ်းယူအပ်သော အဝီစိအောက်၌ရှိသော ဘူတရုပ် ဥပါဒါရုပ်များသည်လည်းကောင်းတည်း၊ ဤစကားအရ အဝစရ၌ အဝသဒ္ဒါသည် ဩဂါဠှအနက်, အဓောဘာဂအနက်နှစ်မျိုးကို ဟောသည်ဟု မှတ်ပါ၊ [အဝသဒ္ဒေါ အဝဂါဟတ္တော ၊ပေ၊ အတ္တော ဝုတ္တော၊–ဋီကာ၊] အဝဂါဟအနက်ဟူသည် ဩဂါဠှအနက်ပင်တည်း။

**တွေ့ ပရိယာပန္နာ။** ။"အကျုံးဝင်"ဟူသည် ပါဝင်ခြင်း စာရင်းဝင်ခြင်းတည်း၊ ထို့ကြောင့် လောဘဓော မဟာကုသိုလ်ဓောစသော ကာမာဝစရတရားတို့သည် ရူပ အရူပဘုံ၌ ဗြဟ္မာတို့သန္တာန်ဝယ် သက်ဝင်၍ ဖြစ်ကြပါသော်လည်း ထိုဘုံတို့၌ မပါဝင်ကြ စာရင်းမဝင်ကြဘဲ ကာမာဝစရဘုံ၌သာ ပါဝင်ကြ စာရင်းဝင်ကြသည်–ဟူလို၊ ["အဝစရ"အရ သက်ဝင်၍ ဖြစ်ခြင်းဟူသည် ထိုထိုဘုံတို့၌ သက်ရောက်၍ ဖြစ်ခြင်းတည်း၊ "ပရိယာပန္န"အရ အကျုံးဝင်ခြင်းဟူသည်ကား စာရင်းသွင်းသောအခါ ပါဝင်ခြင်းမျိုးတည်း၊ (ပရိ–ထက်ဝန်းကျင်–အာပန္န–ရောက်သော, ပါဝင်သောတရား၊) ဤသို့ ခွဲခြား၍ "အညတ္ထာပိ အစဝရန္တိ, အဝစရန္တာ"တို့၌ အဝစရန္တာ၏အဓိပ္ပာယ်ကို

အကျုံးဝင်ကုန်သည်၊ (စာရင်းဝင်ကုန်သည်၊) န ဟောန္တိ-န်၊ တသ္မာ-ကြောင့်၊ အညတ္ထာပိ-အခြားဘုံ၌လည်း၊ အဝစရန္တာနံ-သက်ဝင်၍ ဖြစ်ကုန်သော၊ တေသံ-ထိုကာမာဝစရတရားတို့ကို၊ ပရိဂ္ဂဟော-သိမ်းဆည်းခြင်းသည်၊ ဝါ-ကို၊ ကတော-သည်၊ ဟောတိ၊ ဣဒါနိ-၌၊ တေ္တ-ဤကာမာဝစရဘုံ၌၊ တေ ပရိယာပန္နဓမ္မေ-ထို အကျုံးဝင်သော တရားတို့ကို၊ ရာသိသုညတပစ္စယ ဘာဝ တောစေဝ-ရာသီ၏အဖြစ်, အတ္တမှ ကင်းဆိတ်သည်၏အဖြစ်, အကြောင်း၏ အဖြစ်အားဖြင့်လည်းကောင်း၊ သဘာဝတောစ-သဘောအားဖြင့်လည်းကောင်း၊ ဒဿေန္တော-ပြတော်မူလိုသည်၊ (ဟုတွာ၊) ခန္ဓာဒိအာဒိ-ကို၊ (ဘဂဝါ) အာဟ-ပြီ၊ [ရာသီအားဖြင့် ခန္ဓာကိုလည်းကောင်း, သုညတဖြင့် ဓာတုကိုလည်းကောင်း, ပစ္စယဖြင့် အာယတနဟူသော အကြောင်းကိုလည်းကောင်း, သဘာဝဖြင့် ပါဠိတော်လာ ရူပံ, ဝေဒနာစသော သဘောကိုလည်းကောင်း ပြသည်။]

**၁၂၈၉။** ။ရူပါဝစရနိဒ္ဒေသေ-၌၊ ဗြဟ္မလောကန္တိ-ကား၊ ပဌမဇ္ဈာန ဘူမိသင်္ခါတံ-ပဌမဈာန်ဘုံဟုဆိုအပ်သော၊ ဗြဟ္မဋ္ဌာနံ-ဗြဟ္မာတို့၏ တည်ရာဘုံ ဋ္ဌာနကို၊ (ပရိယန္တံ ကရိတွာ၌ စပ်၊) တေ္တ-ဤ ရူပါဝစရနိဒ္ဒေသ၌၊ သေသံ-ကြွင်းသော ပုဒ်အပေါင်းကို၊ ကာမာဝစရနိဒ္ဒေသေ-၌၊ ဝုတ္တနယေနေဝ-ဖြင့်သာ၊ ဝေဒိတဗ္ဗံ၊ သမာပန္နဿ ဥပ္ပန္နဿ ဒိဋ္ဌဓမ္မသုခဝိဟာရိဿ-အစရှိသော ပုဒ်တို့တွင်၊ ပဌမ ပဒေန-သမာပန္နဿဟူသော ပဌမပုဒ်ဖြင့်၊ ကုသလဇ္ဈာနံ-ကုသိုလ်ဈာန်ကို၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ ဒုတိယေန-ဥပပန္နဿဟူသော ဒုတိယပုဒ်ဖြင့်၊ ဝိပါကဇ္ဈာနံ ဝုတ္တံ၊ တတိယေန-ဒိဋ္ဌဓမ္မသုခဝိဟာရိဿဟူသော တတိယပုဒ်ဖြင့်၊ ကိရိယဇ္ဈာနံ ဝုတ္တံ-ပြီ၊ ဣတိ ဝေဒိတဗ္ဗံ။

---

မှတ်ပါ၊ ဥပမာ-ယခုအခါ နိုင်ငံခြားရောက်ရှိနေကြသော မြန်မာလူမျိုးတို့သည် ထို နိုင်ငံခြား၌ ဖြစ်ကြ နေထိုင်ကြခြင်းမျိုးကို အဝစရဟုခေါ်၍, စာရင်းသွင်းသောအခါ မြန်မာနိုင်ငံ၌ စာရင်းသွင်းရခြင်းမျိုးကို "ပရိယာပန္န"ဟု ခေါ်သကဲ့သို့တည်း။

**ပဌမပဒေန ။ပေ။ ဝုတ္တံ။** ။"သမာပတ်ဝင်စားသောအခါ ကုသိုလ်ဈာန်ဖြစ်သောကြောင့် သမာပန္နဿဖြင့် ကုသိုလ်ဈာန်ကို ဟောတော်မူသည်၊ ပဋိသန္ဓေနေသော အခါ ဝိပါက်ဈာန်ဖြစ်သောကြောင့် ဥပပန္နဿဖြင့် ဝိပါက်ဈာန်ကို ဟောတော်မူသည်၊ ရဟန္တာများ ဈာန်ဝင်စားရာ၌ ဒိဋ္ဌဓမ္မသုခကို ခံစားခြင်းအကျိုးငှာ ဝင်စားတော်မူသော ကြောင့် ဒိဋ္ဌဓမ္မသုခဝိဟာရိဿဖြင့် ကြိယာဈာန်ကို ဟောတော်မူသည်"ဟု ဆိုသည်။

**မှန်၏၊—** သမာပန္န၌ "ကောင်းစွာရောက်"ဟု သဒ္ဒတ္ထဖြစ်၏၊ ထို ကောင်းစွာ ရောက်ခြင်းဟူသည် ဈာန်သို့ စိတ်အားဖြင့် ရောက်နေခြင်းတည်း၊ ထိုသို့ ရောက်နေခြင်းကို "ဈာန်ဝင်စား"ဟု ခေါ်ဝေါ်ရသည်၊ ဥပပန္နသဒ္ဒါသည် ဥပပတ္တိသဒ္ဒါကဲ့သို့ "ဘဝသစ်၌ ကပ်၍ဖြစ်"ဟု သဒ္ဒတ္ထဖြစ်၏၊ ထိုဖြစ်ခြင်းကား ပဋိသန္ဓေနေခြင်းပင်တည်း၊ ရဟန္တာတို့၏ ဈာန်ဝင်စားခြင်း၌ အလွန်ချမ်းသာ၏၊ ထို့ကြောင့် ဒိဋ္ဌဓမ္မသုခဟု ခေါ်သည်။

၁၂၉၁။ ။အရူပါဝစရနိဒ္ဒေသေ–၌၊ အာကာသာနဉ္စာယတနုပဂေတိ–သည်ကား၊ အာကာသာနဉ္စာယတနသခါတံ–သော၊ ဘဝံ–ဘဝသို့၊ ဥပဂတေ–ကပ်ရောက်ကုန်သော၊ (ဒေဝေ၌ စပ်၊) ဒုတိယပဒေပိ–နေဝသညာနာသညာတနုပဂေဟူသော ဒုတိယပုဒ်၌လည်း၊ ဧသေဝနယော၊ သေသံ–ကြွင်းသော ပုဒ်အပေါင်းကို၊ ဟေဋ္ဌာ–၌၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။

၁၃၀၁။ ။သရဏဒုကနိဒ္ဒေသေ–၌၊ တီသု, အကုသလမူလေသု–အကုသိုလ်မူလတို့တွင်၊ ယွာယံ (ယော+အယံ)မောဟော–အကြင်မောဟသည်၊ (အတ္ထိ၊) သော–ထိုမောဟသည်၊ လောဘသမ္ပယုတ္တော–လောဘသမ္ပယုတ်သည်၊ (လောဘမှူ၌ယှဉ်သည်၊) စေ ဟောတိ–အံ့၊ (ဧဝံ သတိ)လောဘေန–လောဘဖြင့်၊ သရဏော–မြူနှင့်တကွဖြစ်၏၊ ဒေါသသမ္ပယုတ္တော–ဒေါသသမ္ပယုတ်သည်၊ (ဒေါသမှုဒွေး၌ယှဉ်သည်၊) စေဟောတိ–အံ့၊ (ဧဝံ သတိ) ဒေါသေန–အားဖြင့်၊ သရဏော–၏၊ ပန–ကား၊ ဝိစိကိစ္ဆုဒ္ဓစ္စသမ္ပယုတ္တော–ဝိစိကိစ္ဆာသမ္ပယုတ် ဥဒ္ဓစ္စသမ္ပယုတ်ဖြစ်သော၊ မောဟော–သည်၊ (မောဟမှုဒွေး၌ မောဟသည်၊) ဒိဋ္ဌိသမ္ပယုတ္တေနစေဝ–ဒိဋ္ဌိသမ္ပယုတ်လည်းဖြစ်သော၊ ရူပရာဂ အရူပရာဂသခါတေနစ–ရူပရာဂ အရူပရာဂဟု ဆိုအပ်သည်လည်းဖြစ်သော၊ ရာဂရဏေန–ရာဂဟူသော မြူအားဖြင့်၊ ပဟာနေကဋ္ဌဘာဝတော–ပဟာနေကဋ္ဌ၏အဖြစ်အားဖြင့်၊ သရဏော သရဏော–မြူနှင့်တကွဖြစ်၏၊ ဣတိ, ဝေဒိတဗ္ဗော။

---

**သမ္ပယုတ္တော စေ။** ။စာအုပ်တို့၌ "လောဘသမ္ပယုတ္တောစ"ဟုလည်းကောင်း, "ဒေါသသမ္ပယုတ္တောစ"ဟုလည်းကောင်း တွေ့ရ၏၊ စာသွားမကောင်းပါ၊ "စေ"ဟု ရှိမှသာ "လောဘနှင့် ယှဉ်သည်ဖြစ်အံ့၊ ထိုသို့ဖြစ်လျှင် လောဘတည်းဟူသော မြူအားဖြင့် မြူနှင့်တကွဖြစ်၏"ဟု အဓိပ္ပာယ်ရသောကြောင့် စာသွားကောင်းပါသည်၊ ဒေါသသမ္ပယုတ္တော စေ၌လည်း နည်းတူ။

**ဝိစိကိစ္ဆုဒ္ဓစ္စ ။ပေ၊ သရဏော။** ။မောဟမှုဒွေး၌ မောဟသည် ယှဉ်ဘက်ရာဂ ဒေါသမြူမရှိရကား အဘယ်နည်းဖြင့် သရဏမည်ပါသနည်းဟု မေးဖွယ်ရှိသောကြောင့် "ဝိစိကိစ္ဆုဒ္ဓစ္စ"စသည် မိန့်၊ ဒိဋ္ဌသမ္ပယုတ်ရာဂကို သောတာပတ္တိမဂ်က ပယ်၏၊ ထိုသို့ ပယ်သောအခါ ဝိစိကိစ္ဆာသဟဂုတ်မောဟလည်း ပယ်ဘက်အဖြစ်ဖြင့် ပါသွားရကား ပဟာနေကဋ္ဌအားဖြင့် ရာဂနှင့်သရဏဖြစ်၏၊ ရူပရာဂ အရူပရာဂကို အရဟတ္တမဂ်ဖြင့် ပယ်သောအခါ ဥဒ္ဓစ္စသမ္ပယုတ်မောဟလည်း ပယ်ဘက်အဖြစ်ဖြင့် ပါသွား၏၊ ထို့ကြောင့် သဟဇေကဋ္ဌအားဖြင့် အတူတကွယှဉ်ဘက် ရဏ (မြူ) မရှိသော်လည်း ပဟာနေကဋ္ဌအားဖြင့် အတူတကွ ပယ်ဘက်ဖြစ်သော ရဏရှိသောကြောင့် ဝိစိကိစ္ဆုဒ္ဓစ္စသမ္ပယုတ်မောဟလည်း သရဏမည်ရသည်–ဟူလို၊ [ဝိစိကိစ္ဆာ သဟဂတော မောဟ ရဏော ပဟာနေကဋ္ဌေန ဒိဋ္ဌိမ္ပယုတ္တေန ရာဂရဏေန သရဏော၊ ဥဒ္ဓစ္စ သဟဂတော ရူပရာဂ အရူပရာဂသခါတေန၊–ဋီကာ။]

## သုတ္တန္တိကဒုက နိက္ခေပကထာ

၁၃၀၃။ ။သုတ္တန္တိကဒုကေ–၌၊ မာတိကာကထာယံ–မာတိကာ အဋ္ဌကထာ၌၊ အတ္ထတော–အားဖြင့်၊ ဝိဝေစိတတ္တာ–အသီးအသီး ခွဲခြားအပ်ကုန်ပြီး၏ အဖြစ်ကြောင့်လည်းကောင်း၊ [ဥတ္တာနတ္ထာနိဧဝ၌ စပ်၊ ဝိဝေစိတတ္တာတိ ဝိသုံကတတ္တာ၊–ဋီကာ၊] နေသံ–ထို ဒုက်တို့၏၊ ယာနိ နိဒ္ဒေသပဒါနိ–အကြင် နိဒ္ဒေသပုဒ်တို့သည်၊ (သန္တိ၊) တေသမ္ပိ–ထို နိဒ္ဒေသပုဒ်တို့၏လည်း၊ ဟေဋ္ဌာ–၌၊ ဝုတ္တနယေနေဝ–ဖြင့်ပင်၊ သုဝိညေယျတ္တာစ–လွယ်ကူစွာ သိအပ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ယေဘုယျေန–အားဖြင့်၊ ဥတ္တာနတ္ထာနိဧဝ–ပေါ်လွင်သော အနက်ရှိကုန်သည်သာ၊ ပန–ဆက်၊ ဧတ္ထ–ဤ သုတ္တန္တိကဒုက်၌၊ ဣဒံ–ဤ ဆိုအပ်လတ္တံ့ကား၊ ဝိသေသမတ္တံ–အထူးမျှသာတည်း၊ တာဝ–ဗာလဒုက်စသည်တို့မှ ရှေးဦးစွာ၊ (ဝုတ္တေ–ဟောတော်မူအပ်သော၊) ဝိဇ္ဇူပမဒုကေ–၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော၊) စက္ခုမာ–ပသာဒစက္ခုရှိသော၊ ပုရိသော–သည်၊ မေဃန္ဓကာရေ–မိုးမှောင်မိုက်ရာအခါ၌၊ (မိုးအုံ့နေသောကြောင့် မှောင်နေရာအခါ၌၊) ရတ္တိံ–ညဉ့်အခါ၌၊ မဂ္ဂံ–ခရီးကို၊ ပဋိပဇ္ဇိကိရ–သွားသတတ်၊ တဿ–ထို ယောကျ်ားအား၊ (န ပညာယတိ၌ စပ်၊) အန္ဓကာရတာယ–မှောင်မိုက်နေသည်၏ အဖြစ်ကြောင့်၊ မဂ္ဂေါ–လမ်းသည်၊ န ပညာယတိ–မထင်ရှား၊ ဝိဇ္ဇု–လျှပ်စစ် သည်၊ နိစ္ဆရိတွာ–ထွက်၍၊ (ပျက်၍၊) အန္ဓကာရံ–အမိုက်မှောင်ကို၊ ဝိဒ္ဓံသေတိ–ဖျက်ပြီ၊ အထ–ထို အခါ၌၊ အဿ–ထို ယောကျ်ားအား၊ အန္ဓကာရဝိဂမာ–အမှောင်၏ကင်းခြင်းကြောင့်၊ မဂ္ဂေါ–လမ်းသည်၊ ပါကဋော–ထင်ရှားသည်၊ အဟောသိ–ဖြစ်ပြီ၊ သော–ထို ယောကျ်ားသည်၊ ဒုတိယမ္ပိ–နှစ်ကြိမ်မြောက်လည်း၊ ဂမနံ–သွားခြင်းကို၊ အဘိနီဟရိ–ရှေးရှုဆောင်ပြီ၊ (အားထုတ်ပြီ၊) ဒုတိယမ္ပိ, အန္ဓကာရော–သည်၊ ဩတ္ထရိ–လွှမ်းမိုးပြီ၊ မဂ္ဂေါ–သည်၊ န ပညာယတိ–မထင်ရှား၊ ဝိဇ္ဇု–သည်၊ နိစ္ဆရိတွာ–၍၊ တံ–ထို အမှောင်ကို၊ ဝိဒ္ဓံသေတိ–ပြီ၊ အန္ဓ ကာရေ–သည်၊ ဝိဂတေ–ကင်းလသော်၊ မဂ္ဂေါ ပါကဋော အဟောသိ၊ တတိယမ္ပိ ၊ပေ၊ ဝိဒ္ဓံသေသိ။

တတ္ထ–ထို ဥပမာစကားရပ်၌၊ စက္ခုမတော–ပသာဒစက္ခုရှိသော၊ ပုရိသဿ–၏၊ အန္ဓကာရေ–၌၊ မဂ္ဂပဋိပဇ္ဇနံ–ခရီးသွားခြင်းကို၊ (ဝေဒိတဗ္ဗံ) ဝိယ–ကဲ့သို့၊ (တထာ–တူ၊) အရိယသာဝကဿ–၏၊ သောတာပတ္တိမဂ္ဂတ္ထာယ–သောတာပတ္တိမဂ်အကျိုးငှာ၊ ဝိပဿနာရမ္ဘော–ဝိပဿနာအားထုတ်ခြင်းကို၊ (ဝေဒိတဗ္ဗော၊) အန္ဓကာရေ–၌၊ မဂ္ဂဿ–လမ်း၏၊ အပညာယနကာလော–မထင်ရှားရာအခါကို၊ (ဝေဒိတဗ္ဗော) ဝိယ၊ (တထာ၊) သစ္စစ္ဆာဒကတမံ–သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်မှောင်ကို၊ (ဝေဒိတဗ္ဗံ၊) ဝိဇ္ဇုယာ–သည်၊ နိစ္ဆရိတွာ–၍၊ အန္ဓကာရဿ–၏၊ ဝါ–ကို၊ ဝိဒ္ဓံသိတကာလော–

ဖျက်ဆီးအပ်ရာအခါကို၊ (ဝေဒိတဗ္ဗော)ဝိယ၊ (တထာ၊) သောတာပတ္တိမဂ္ဂေါ ဘာသေန–သောတာပတ္တိမဂ်၏အရောင်သည်၊ (ဝိနောဒိတဥ္စ စပ်၊) ဥပ္ပန္နံတွာ–ဖြစ်၍၊ သစ္စန္ဓာဒကတမသ–၏၊ ဝါ–ကို၊ ဝိနောဒိတကာလော–ပယ်ဖျောက်အပ်ရာအခါကို၊ (ဝေဒိတဗ္ဗော၊) အန္ဓကာရေ–သည်၊ ဝိဂတေ–သော်၊ မဂ္ဂဿ–လမ်း၏၊ ပါကဋကာလော–ထင်ရှားရာအခါကို၊ (ဝေဒိတဗ္ဗော)ဝိယ၊ (တထာ) သောတာပတ္တိမဂ္ဂဿ–အား၊ စတုန္နံ–န်သော၊ သစ္စာနံ–တို့၏၊ ပါကဋကာလော–ကို၊ (ဝေဒိတဗ္ဗော၊) ပန–ဆက်၊ မဂ္ဂဿ–မဂ်အား၊ ပါကဋံ–ထင်ရှားသော သစ္စာသည်၊ မဂ္ဂသမင်္ဂိပုဂ္ဂလဿ–မဂ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား၊ ပါကဋမေဝ–ထင်ရှားသည်သာ။

ဒုတိယဂမနာဘိနီဟာရော–နှစ်ကြိမ်မြောက်သွားခြင်းကို ရှေ့ရှုဆောင်ခြင်းကို၊ (ဝေဒိတဗ္ဗော)ဝိယ–ကဲ့သို့၊ (တထာ၊) သကဒါဂါမိမဂ္ဂတ္ထာယ–သကဒါဂါမိမဂ်အကျိုးငှာ၊ ဝိပဿနာရမ္ဘော–ဝိပဿနာ အားထုတ်ခြင်းကို၊ (ဝေဒိတဗ္ဗော၊) အန္ဓကာရေ–၌၊ မဂ္ဂဿ–လမ်း၏၊ အပညာယနကာလော–မထင်ရှားရာအခါကို၊ (ဝေဒိတဗ္ဗော) ဝိယ၊ (တထာ၊) သစ္စန္ဓာဒကတမံ–သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်မှောင်ကို၊ (ဝေဒိတဗ္ဗံ၊) ဒုတိယံ–နှစ်ကြိမ်မြောက်၊ ဝိဇ္ဇုယာ–သည်၊ နိစ္ဆရိတွာ–၍၊ အန္ဓကာရဿ–၏၊ ဝါ–ကို၊ ဝိဒ္ဓံသိတကာရော–ဖျက်ဆီးအပ်ရာအခါကို၊ (ဝေဒိတဗ္ဗော)ဝိယ၊ (တထာ၊) သကဒါဂါမိမဂ္ဂေါဘာသေန–သကဒါဂါမိ၏အရောင်သည်၊ ဥပ္ပန္နံတွာ–ဖြစ်၍၊ သစ္စန္ဓာဒကတမဿ–၏၊ ဝါ–ကို၊ ဝိနောဒိတကာလော–ကို၊ (ဝေဒိတဗ္ဗော၊) အန္ဓကာရေ–သည်၊ ဝိဂတေ–သော်၊ ။ပေ၊ စတုန္နံ, သစ္စာနံ–တို့၏၊ ပါကဋကာရော–ကို၊ (ဝေဒိတဗ္ဗော၊) ပန–ဆက်၊ မဂ္ဂဿ–မဂ်အား၊ ပါကဋံ–ထင်ရှားသော သစ္စာသည်၊ မဂ္ဂသမင်္ဂိပုဂ္ဂလဿ–အား၊ ပါကဋမေဝ–သည်သာ၊ တတိယဂမနာဘိနီဟာရော ။ပေ၊ ပါကဋမေဝ။

[ဝိဇ္ဇူပမာပုဒ်၏အဖွင့်ကို ပြပြီး၍, ဝဇိရူပမာပုဒ်၏အဖွင့်ကို ပြလိုသောကြောင့် "ဝဇိရဿ ပန" စသည် မိန့်၊ ပန–ကား၊ ဝဇိရဿ–ဝဇိရစိန်သည်၊ အဘေဇ္ဇော နာမ–မဖောက်ခွဲအပ် မဖောက်ခွဲနိုင်သည်မည်သော၊ ပါသာဏော ဝါ–ကျောက်သည်လည်းကောင်း၊ မဏိ ဝါ–ပတ္တမြားသည်လည်းကောင်း၊ နတ္ထိ၊ ယတ္ထ–အကြင်အရပ်၌၊ ပတတိ–ကျ၏၊ တံ–ထို ကျရာအရပ်သည်၊ ဝိနိဝိဒ္ဓမေဝ–ထုတ်ချင်း ထွင်းအပ်သည်သာလျှင်၊ ဟောတိ၊ ဝဇိရံ–ဝဇိရစိန်သည်၊ (ဝရဇိန်က၊) ခေပေန္တံ–ကုန်စေလသော်၊ အသေသေတွာ–မကြွင်းကျန်စေမူ၍၊ ခေပေတိ–ကုန်စေ၏၊ ဝဇိရေန–သည်၊ ဂတမဂ္ဂေါ နာမ–သွားအပ်သော လမ်းမည်သည်၊ ပုန–တစ်ဖန်၊ ပါကတိကော–ပင်ကိုသဘောရှိသည်၊ န ဟောတိ (ယထာ)–ကဲ့သို့၊ ဧဝမေဝ–ပင်၊ အရဟတ္တမဂ္ဂဿ–၏၊ ဝါ–သည်၊ အဝဇ္ဈကိလေသော နာမ–မသတ်အပ် မသတ်နိုင်သော ကိလေသာမည်သည်၊ နတ္ထိ၊ သဗ္ဗကိလေသ–

အလုံးစုံသော ကိလေသာတို့ကို၊ ဝိနိဝိဇ္ဈတိ–ထုတ်ချင်း ထွင်းဖောက်နိုင်၏၊ ဝဇိရံဝိယ–ဝဇိရစိန်ကဲ့သို့၊ အရဟတ္တမဂ္ဂေါတိ–သည်လည်း၊ ကိလေသေ–တို့ကို၊ ခေပေန္တော–ကုန်စေလသော်၊ အသေသေတွာ–၍၊ ပုန–တစ်ဖန်၊ ခေပေတိ–၏၊ ဝဇိရေန–သည်၊ ဂတမဂ္ဂေသု–သွားအပ်သောလမ်း၏၊ ပုန–တစ်ဖန်၊ ပါကတိကတ္တာဘာဝေါဝိယ–ပင်ကိုသဘောရှိသည်၏အဖြစ်၏ မရှိခြင်းကဲ့သို့၊ အရဟတ္တမဂ္ဂေန–သည်၊ ပဟီနကိလေသာနံ–ပယ်အပ်ပြီးသော ကိလေသာတို့၏၊ ပုန, ပစ္စုဒါဝတ္တနံနာမ–ပြန်လည်ခြင်းမည်သည်၊ နတ္ထိ–မရှိတော့၊ ဣတိ–ဤကား အပြီးတည်း။

၁၃၀၇။ ။ဗာလဒုကနိဒ္ဒေသေ–၌၊ ဗာလေသု–ဗာလတရားတို့တွင်၊ အဟိရိကာနောတ္တပ္ပါနိ–အဟိရိက အနောတ္တပ္ပတရားတို့သည်၊ ပါကဋ္ဌာနိ–ထင်ရှားကုန်သည်၊ (ဟောန္တိ၊) သေသာနံ–မိမိတို့မှ ကြွင်းကုန်သော၊ ဗာလ ဓမ္မာ နံ–ဗာလအကုသိုလ်တရားတို့၏၊ မူလာနိစ–အကြောင်းရင်းတို့သည်လည်း၊ (ဟောန္တိ၊) (ကသ္မာ–ကြောင့်၊ မူလာနိ–တို့သည်၊ ဟောန္တိ–န်သနည်း၊) ဟိ (ယသ္မာ)–ကြောင့်၊ အဟိရိကောစ–မကောင်းမှုမှ ရှက်ခြင်း မရှိသူသည်လည်း ကောင်း၊ အနောတ္တပ္ပီစ–မကောင်းမှုမှ လန့်ခြင်း မရှိသူသည်လည်းကောင်း၊ ကိဉ္စိ–တစ်စုံတစ်ခုသော၊ အကုသလံ–ကို၊ န ကရောတိနာမ–မပြုသည်မည်သည်၊ န–မရှိ၊ (ကရောတိဝေ–ပြုသည်သာ၊) ဣတိ–ထို့ကြောင့်၊ (သေသာနံ ဗာလဓမ္မာနံ မူလာနိ ဟောန္တိ၊ ဣတိ–ထိုသို့ မူလတို့၏ဖြစ်ခြင်းကြောင့်၊) ဒွေ–န်သော၊ ဧတာနိ–ဤ အဟိရိက အနောတ္တပ္ပတို့ကို၊ ပဌမံယေဝ–အခြားသော အကုသိုလ်တို့၏ရှေးဦးစွာသာလျှင်၊ ဝိသုံ–သီးခြား၊ ဝုတ္တာနိ–ဟောတော်မူအပ်ကုန်ပြီ၊ [ပါဠိတော်ကြည့်ပါ၊] သုက္ကပက္ခေပိ–ပဏ္ဍိတာဓမ္မာဟူသော သုက္ကပက္ခ၌လည်း၊ အယမေဝနယော–ဤ နည်းပင်တည်း၊ ကဏှဒုကေ–၌၊ တထာ–ထို့ အတူတည်း။

၁၃၁၁။ ။တပနီယဒုကနိဒ္ဒေသေ–၌၊ ကတတ္တာစ–ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အကတတ္တာစ–မပြုအပ်သည်၏အဖြစ်ကြောင့် လည်းကောင်း၊ တပနံ–နောင်တတစ်ဖန်ပူပန်ခြင်းကို၊ ဝေဒိတဗ္ဗံ၊ ဟိ–ချဲ့၊ ကာယဒုစ္စရိတာဒီနိ–ကာယဒုစရိုက်အစရှိသော မကောင်းမှုတို့သည်၊ ကတတ္တာ–ပြုအပ်ကုန်ပြီး၏အဖြစ်ကြောင့်၊ တပန္တိ–မိမိကိန်းရာသတ္တဝါကို လောင်မြိုက် တတ်ကုန်၏၊ ကာယသုစရိတာဒီနိ–ကာယသုစရိုက် အစရှိသောကောင်းမှုတို့ သည်၊ အကတတ္တာ–မပြုခဲ့မိကုန်သည်၏အဖြစ်ကြောင့်၊ (တပန္တိ၊) [“ကာယ ဒုစ္စရိတာဒီနိ တပန္တိ”စသည်ဖြင့် ဓမ္မကို ကတ္တားအဖြစ်ဖြင့် ဆိုထားသော်လည်း စင်စစ် ပူလောင်တတ်သူမှာ ဓမ္မမဟုတ်၊ ဓမ္မ၏တည်ရာပုဂ္ဂိုလ်ဖြစ်ကြောင်းကို အကျယ်ပြလို၍ “တထာဟိ”စသည် မိန့်၊] တထာဟိ–ထိုစကားကို ချဲ့ဦးအံ့၊ ပုဂ္ဂလော–သည်၊ မေ–ငါသည်၊ ကာယဒုစ္စရိတံ–ကာယဒုစရိုက်ကို၊ ကတံ–

ပြုအပ်ပြီ၊ ဣတိ–ဤသို့တွေး၍၊ တပ္ပတိ–ပူပန်ရ၏၊ မေ–သည်၊ ကာယသုစရိတံ–ကို၊ အကတံ–မပြုအပ်မိ၊ ဣတိ–ဤသို့တွေး၍၊ တပ္ပတိ၊ မေ–သည်၊ ဝစီဒုစ္စရိတံ–ကို၊ ကတံ–ပြီ၊ ဣတိ တပ္ပတိ ၊ပေ၊ မေ–သည်၊ မနောသုစရိတံ–ကို၊ အကတံ–မပြုအပ်မိ၊ ဣတိ တပ္ပတိ၊ အတပနီယေပိ–အတပနီယပုဒ်၌လည်း၊ သေဝနယော၊ ဟိ–မှန်၊ ကလျာဏကာရီ–ကောင်းမှုကို ပြုလေ့ရှိသော၊ ပုဂ္ဂလော–သည်၊ မေ–ငါသည်၊ ကာယသုစရိတံ–ကာယသုစရိုက်ကို၊ ကတံ–အပ်ပြီ၊ ဣတိ–ဤသို့ တွေး၍၊ န တပ္ပတိ–မပူပန်ရ၊ မေ–သည်၊ ကာယဒုစ္စရိတံ–ကို၊ အကတံ–မပြုအပ်မိ၊ ဣတိ န တပ္ပတိ ၊ပေ၊ မေ–သည်၊ မနောဒုစ္စရိတံ–ကို၊ အကတံ–မပြုအပ်မိ၊ ဣတိ န တပ္ပတိ၊ ဣတိ–အပြီးတည်း။

၁၃၁၃။ ။အဓိဝစနဒုကနိဒ္ဒေသေ–၌၊ (အတ္ထော ဇဝံ ဝေဒိတဗ္ဗော၊) ယာ တောသံ တောသံ ဓမ္မာနန္တိ–ဟူသော သဒ္ဒါသည်၊ သဗ္ဗဓမ္မဂ္ဂဟဏံ–အလုံးစုံသော ဓမ္မတို့ကို ယူကြောင်းသဒ္ဒါတည်း၊ [ဓမ္မအားလုံးကို တောသံ တောသံဓမ္မာနံဟူသော ဝိစ္ဆာနှစ်ပုဒ်ဖြင့် သိမ်းယူသည်–ဟူလို၊] သင်္ခါယတိ–ကောင်းစွာ ပြောဆိုအပ်၏၊ ဣတိ–ကြောင့်၊ သင်္ခါတံ–သင်္ခါမည်၏၊ သံကထီယတိ–ကောင်းစွာ ပြောဆိုအပ်၏၊ ဣတိ အတ္ထော–အနက်၊ [သံပုဗ္ဗ+ခါဓာတ်၏ ကထနအနက်ကို ဖွင့်သည်၊] ကိန္တိ–အဘယ်သို့လျှင်၊ သံကထီယတိ–နည်း၊ အဟန္တိ–အဟံဟူသည်၊ ဝါ–ငါဟူ၍၊ (သံကထီယတိ–၏၊) မမန္တိ–မမံဟူ၍၊ ဝါ–ငါ၏ဥစ္စာဟူ၍၊ (သံကထီယတိ၊) ပရောတိ–ပရောဟူ၍၊ ဝါ–သူတစ်ပါးဟူ၍၊ (သံကထီယတိ၊) ပရဿာတိ–ပရဿဟူ၍၊ ဝါ–သူတစ်ပါး၏ဥစ္စာဟူ၍၊ (သံကထီယတိ၊) သတ္တောတိ–သတ္တောဟူ၍၊ ဝါ–သတ္တဝါဟူ၍၊ (သံကထီယတိ၊) ဘာဝေါတိ–ဘာဝေါဟူ၍၊ ဝါ–အထည်ကိုယ်ဟူ၍၊ ဝါ–ဓာတ်သဘောဟူ၍၊ (သံကထီယတိ၊) ပေါသောတိ–ပေါသောဟူ၍၊ ဝါ–ယောကျ်ားဟူ၍၊ (သံကထီယတိ၊) ပုဂ္ဂလောတိ–ပုဂ္ဂလောဟူ၍၊ ဝါ–ပုဂ္ဂိုလ်ဟူ၍၊ (သံကထီယတိ၊) နရောတိ–နရောဟူ၍၊ ဝါ–လူဟူ၍၊ (သံကထီယတိ၊) မာဏဝေါတိ–မာဏဝေါဟူ၍၊ ဝါ–လုလင်ဟူ၍၊ (သံကထီယတိ၊) တိဿောတိ–တိဿဟူ၍၊ (သံကထီယတိ၊) ဒတ္တောတိ–ဒတ္တဟူ၍၊ (သံကထီယတိ၊) မဉ္စော–ညောင်စောင်း၊ ပီဌံ–အင်းပျဉ်၊

---

**အဟံတိ စသည်။** ။အဟံတိ၌ ဣတိသဒ္ဒါသည် သဒ္ဒပဒတ္ထကဓောတက နိပါတ်ဖြစ်သောကြောင့် "အဟံ"အရ ငါဟုခေါ်အပ်သော ခန္ဓာငါးပါးမရဘဲ "အဟံ" သဒ္ဒါ, မြန်မာလို "ငါ"ဟူသော သဒ္ဒါသာရ၏၊ မမန္တိစသည်၌လည်း နည်းတူ။

**ဒတ္တောတိ မဉ္စော။** ။ဒတ္တောတိုင်အောင် သတ္တဝါနှင့်စပ်သော ဥပါဒါ နာမည် ပညတ်ကို ပြပြီး၍, အခြားသော ဥပါဒါပညတ်ကို ပြပြန်လိုသောကြောင့် "မဉ္စော" စသည်ကို မိန့်သည်၊ [ရုပ်ကလာပ်အပေါင်းကို စွဲ၍ ပညတ်အပ်သော နာမည်ဖြစ်သော ကြောင့် "မဉ္စ"စသည်ကို ဥပါဒါပညတ်တစ်မျိုးဟု ဆိုသည်၊ အဟံ စသည်တို့လည်း ခန္ဓာငါးပါးကို စွဲ၍ ပညတ်အပ်သော ဥပါဒါပညတ်များပင်တည်း။]

ဘိသိ–ဘုံလျှို၊ ဗိမ္ဗောဟန်–ခေါင်းအုံး၊ ဝိဟာရော–ကျောင်း၊ ပရိဝေဏံ–ပရိဝုဏ်၊ ဒွါရံ–တံခါး၊ ဝါတပါနံ–လေသောက်ပြူတင်း၊ ဣတိ ဧဝံ–သို့၊ အနေကေဟိ–များစွာကုန်သော၊ အာကာရေဟိ–အခြင်းအရာတို့ဖြင့်၊ သံကထိယတိ–ကောင်းစွာ ပြောဆိုအပ်၏၊ ဣတိ–ကြောင့်၊ သင်္ခါ–သင်္ခါမည်၏။

သမညာယတိ–အထူးအားဖြင့် သိအပ်၏၊ ဝါ–အမှတ်ပြု၍ သိအပ်၏၊ ဣတိ–ကြောင့်၊ သမညာ–သမညာမည်၏၊ ကိန္တိ–သို့လျှင်၊ သမညာယတိ–နည်း၊ အဟန္တိ–ဟူ၍ ။ပေ။ ဝါတပါနန္တိ–ဟူ၍၊ သမညာယတိ–အထူးအားဖြင့် သိအပ်၏ ဝါ–အမှတ်ပြု၍ သိအပ်၏၊ ဣတိ, သမညာ၊ ပညာပီယတိ–အပြားအားဖြင့် သိစေအပ်၏၊ (တစ်နည်း:) ပညာပီယတိ–ထားအပ်, ပညတ်အပ်၏၊ ဣတိ–ကြောင့်၊ ပညတ္တိ–မည်၏၊ [ဤနေရာ၌ "ကိန္တိ ပညပီယတိ၊ အဟန္တိ ။ပေ။ ဝါတပါနန္တိ ပညပီယတီတိ ပညတ္တိ"ဟု ရှိသင့်သော်လည်း ပေယျာလမြှုပ်ထားသည်ဟု မှတ်ပါ။] ဝေါဟရီယတိ–ခေါ်ဝေါ်ပြောဆိုအပ်၏၊ ဣတိ–ကြောင့်၊ ဝေါဟာရော–မည်၏၊ ကိန္တိ–သို့လျှင်၊ ဝေါဟရီယတိ–နည်း၊ အဟန္တိ–ဟူ၍ ။ပေ။ ဝါတပါနန္တိ–ဟူ၍၊ ဝေါဟရီယတိ–၏၊ ဣတိ–ကြောင့်၊ ဝေါဟာရော–မည်၏။

---

**သမညာ။** ။"ဝိသေသေန+အဓိဝစနံ ဉာယတိ"ဟူသော ဋီကာကိုထောက်၍ သမညာ၌ ("သံ+အညာ"ဝယ် "သံသည် ဝိသေသအနက်ဟော"ဟု သိရ၏၊ "သညာဂဟဏေန ဉာယတိ"ဟူသော ဋီကာနောက်နည်းကို ထောက်၍ သံသဒ္ဒါသည် သညာအနက်ဟောဟု သိရ၏၊ "အညာယတီတိ အညာ၊ ဝိသေသေန+အညာ သမညာ၊ သညာယ+အညာ သမညာ"ဟု ပြု၊ [ဝိသေသေန ဉာယတီတိ သမညာတိ သံသဒ္ဒေသ ဝိသေသတ္ထတံ အာဟ၊–အနု၊] ဤသို့ မယူဘဲ ဝိသေသနစသည်ကို အဓိပ္ပာယ်ဖွင့်ဟု ယူ၍ "သမံ–အညီအမျှ၊ (အများသဘောတူ)+ဉာယတီတိ သမညာ" ဟုလည်း ပြုသင့်မည် ထင်သည်။

**ဉာယတိအရ သိအပ်ပုံ။** ။"သဒ္ဓံ ပဌမစိတ္တေန, တီတံ ဒုတိယ စေတသာ၊ နာမံ တတိယစိတ္တေန, အတ္ထံ စတုတ္ထစေတသာ"အရ တတိယ မနောဒွါရဝီထိဖြင့် သိအပ်သည်ကို "ဝိသေသေန ဉာယတိ သမညာယတိ"ဟု ဆိုသည်၊ မုန်၏–ဝဒန္တ ပုဂ္ဂိုလ်က ရွတ်ဆိုသောအခါ တတိယ မနောဒွါရဝီထိဖြင့် ထိုနာမည်ပညတ်ကို မသိဘဲ, စတုတ္ထဝီထိက အနက်ဒြဗ် အတ္ထပညတ်ကို မသိနိုင်၊ [န ဟိ တသ္မိံ အဝိညာ တေ ။ပေ။ သမညာတိ ဝုတ္တံ၊–ဋီကာ။

**ပညတ္တိ။** ။"ပညာပီယတိ"ကို ထောက်၍ "ပ ပုဗ္ဗ ဉာဓာတ်, ဏာပေပစ္စည်း တိပစ္စည်း"ဟု သိပါ၊ တစ်နည်း–ပပုဗ္ဗ ဉပ (နိက္ခိပနေ) ဓာတ်ဖြင့်ပြီးသော ပညတ္တိပုဒ်ဖြင့် "ပညပီယတီတိ ပညတ္တိ"ဟုလည်း ရှိ၏၊ ဤအလို "ပညပီယတိ–ထားအပ်၏၊ ဝါ–ပညတ်အပ်၏"ဟု ပေး၊ ဋီကာ၌ ဤနောက်နည်းကိုသာ ဖွင့်သည်၊ ရှေ့နည်းကို မာတိကာတုန်းက ဖွင့်ခဲ့သည်၊ ယောဇနာ၌ကား "ပပုဗ္ဗ ဉာဓာတ်"ဟု ဆိုသွား၏၊ ပ+ဉာဓာတ် တိပစ္စည်းသက်ရုံဖြင့် "ပညတ္တိ"ဟု မပြီးနိုင်ပါ။

[ပါဠိတော်ဝယ်"သင်္ခါသမညာ ပညတ္တိ ဝေါဟာရော"ပုဒ်တို့ကို ဖွင့်ပြပြီး၍ "နာမံ နာမကမ္မံ"စသောပုဒ်တို့ကို ဖွင့်ပြလိုသောကြောင့် "နာမန္တိ"စသည်ကို မိန့်သည်၊] နာမန္တိ (ဧတ္ထ)–ဟူသော ဤပါဠ်၌၊ (လဗ္ဘမာနံ–သော၊) နာမံ–နာမ်သည်၊ (နာမည်သည်၊) သာမညနာမံ–သာမညနာမ်လည်းကောင်း၊ ဂုဏနာမံ–လည်းကောင်း၊ ကိတ္တိမနာမံ–လည်းကောင်း၊ ဩပပါတိကနာမံ–လည်းကောင်း၊ ဣတိ–သို့၊ စတုဗ္ဗိဓံ–လေးပါးအပြားရှိ၏၊ တတ္ထ–ထို လေးပါးတို့တွင်၊ ပဌမကပ္ပိကေသု–ပထမကမ္ဘာဝယ် ဖြစ်ကြသူတို့တွင် (ကမ္ဘာဦးဝယ် ဖြစ်ကြသူတို့တွင်၊) မဟာဇနေန–များစွာသော လူအပေါင်းသည်၊ သမ္မန္နိတွာ–၍၊ ထပိတတ္တာ–ထားအပ်သည်၏အဖြစ်ကြောင့်၊ ရညော–၏၊ မဟာသမ္မတောတိနာမံ–မဟာသမ္မတဟူသော အမည်သည်၊ သာမညနာမံ နာမ–သာမညနာမ်မည်၏၊ ယံ–ယင်း သာမညနာမ်ကို၊ သန္ဓာယ–ရည်ရွယ်တော်မူ၍၊ မဟာဇနေ ၊ပေ၊ ဥပနိဗ္ဗတ္တန္တိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ [ဝါသေဋ္ဌ–ဝါသေဋ္ဌ၊ မဟာဇန သမ္မတော–များစွာသောလူအပေါင်းသည် သမုတ်အပ်ပြီ၊ ဣတိ–ကြောင့်၊ မဟာသမ္မတောတွေဝ–တဟူ၍သာ၊ ပဌမံ–ရှေးဦးစွာသော၊ အက္ခရံ–အက္ခရာသည်၊ (စကားလုံးသည်၊) ဥပနိဗ္ဗတ္တံ–ဖြစ်ပြီ၊–ဒီဃနိကာယ်, ပါထိကဝဂ်, အဂ္ဂညသုတ်။]

ဓမ္မကထိကော–တရားစကား၌ ယှဉ်သူ၊ ဝါ–တရားဟောပုဂ္ဂိုလ်၊ ပံသုကူလိကော–ပံသုကူစုတင်ကို ဆောင်ခြင်းအလေ့ရှိသူ၊ ဝိနယဓရော–ဝိနည်းမိုရ် ပုဂ္ဂိုလ်၊ တေပိဋကော–သုံးပုံသော ပိဋကရှိသူ၊ ဝါ–ပိဋကသုံးပုံကို ဆောင်နိုင်သူ၊ သဒ္ဓေါ–သဒ္ဓါရှိသူ၊ ပသန္နော–ရတနာသုံးပါး၌ ကြည်ညိုသူ၊ ဣတိဧဝရူပံ–ဤသို့ သဘောရှိသော၊ ဂုဏတော–ဂုဏ်ကြောင့်၊ အာဂတနာမံ–လာသော နာမည်သည်၊ ဂုဏနာမံနာမ–ဂုဏနာမ်မည်၏၊ [ဂုဏတော+အာဂတံ နာမံ ဂုဏနာမံ၊] ဘဂဝါ–ဘုန်းခြောက်ပါးရှိတော်မူသေ ာမြတ်စွာဘုရား၊ အရဟံ–ဝါသနာနှင့်တကွ ကိလေသာတို့မှ ဝေးကွာတော်မူသောမြတ်စွာဘုရား၊ သမ္မာသမ္ဗုဒ္ဓေါ–မဖောက်မပြန်, ကိုယ်တော်တိုင်, အလုံးစုံသောတရားတို့ကို သိတော်မူသောမြတ်စွာဘုရား၊ ဣတိ အာဒီနိပိ–ဤသို့ အစရှိသည်လည်းဖြစ်ကုန်သော၊ တထာဂတဿ–၏၊ အနေကာနိ–ကုန်သော၊ နာမသတာနိ–နာမည်အရာတို့သည်၊ ဂုဏနာမာနေဝ–ဂုဏနာမ်တို့ချည်းသာတည်း၊ တေန–ကြောင့်၊ အသင်္ချေယျာနိ ၊ပေ၊ နာမသဟဿတောတိ–ဟူ၍၊ ဝုတ္တံ–ရှေ့ဆရာတို့ဆိုအပ်ပြီ၊ [မဟေသိနော–မြတ်စွာဘုရား၏၊ သဂုဏေန–မိမိ၏ဂုဏ်တော်အားဖြင့်၊ (အာဂတာနိ–လာကုန်သော၊) နာမာနိ–အမည်တော်တို့သည်၊ အသင်္ချေယျာနိ–မရေတွက်အပ်,

---

**သာမညနာမံ။** ။သမ္မနီယတေ–ကောင်းစွာသိအပ် သမုတ်အပ်၏၊ ဣတိ သာမညံ၊ သံပုဗ္ဗ မနဓာတ် ဏျပစ္စည်း၊ သံ၌ နိဂ္ဂဟိတ်ချေ, ဒီဃပြု၊ လူအများတို့ သမုတ်အပ်သောကြောင့် မဟာသမ္မတဟူသောနာမည်သည် သာမညနာမ်မည်၏၊ ထို "သာမညနာမ်ကို ပြုရာ သာဓကကို ပြလိုသောကြောင့် "ယံ သန္ဓာယ"စသည် မိန့်။

မရေတွက်နိုင်ကုန်သည်၊ (ဟောန္တိ၊) ဂုဏေန–အားဖြင့်၊ နာမသဟာဿတော အပိ–နာမည် ထောင်ပေါင်းများစွာဖြင့်လည်း၊ နာမံ–အမည်တော်ကို၊ ဥဒ္ဒေယျုံ– ထုတ်ဆောင်အပ်, ထုတ်ဆောင်နိုင်၏။]

ပန–ကား၊ [ဂုဏနာမ်မှတစ်ပါး, ကိတ္တိမနာမ်ကား၊] ဇာတဿ–မွေးဖွားပြီး သော၊ ကုမာရဿ–သတိုးသား၏၊ နာမဂ္ဂဟဏဒိဝသေ–နာမည်ယူရာနေ့၌၊ (နာမည်မှည့်ရာနေ့ ကင်ပွန်းတပ်ရာနေ့၌၊) ဒက္ခိဏေယျာနံ–အလှူခံပုဂ္ဂိုလ် တို့အား၊ သက္ကာရံ–ကောင်းစွာပြုအပ်သော ပူဇော်ဖွယ်ကို၊ ကတွာ–ပြုပြီး၍၊ သမီပေ–၌၊ ဌိတာ–န်သော၊ ဉာတကာ–ဆွေမျိုးတို့သည်၊ ကပ္ပေတွာ–ကြံဆ၍၊ ပကပ္ပေတွာ–အပြားအားဖြင့် ကြံဆ၍၊ အယံ–ဤ သတိုးသားသည်၊ အသုကော နာမ–ထို သူမည်၏၊ ဣတိ–သို့၊ ယံ နာမံ–အကြင် နာမည်ကို၊ ကရောန္တိ– န်၏၊ ဣဒံ–ဤနာမည်သည်၊ ကိတ္တိမနာမံ နာမ–ကိတ္တိမနာမ်မည်၏၊ [ကိတ္တနံ ကိတ္တိ–ကောင်းစွာ ပြောဆိုခြင်း၊ တိပစ္စည်း တတစ်လုံးကို ချေ၊ ကိတ္တိယာ+နိဗ္ဗတ္တံ ကိတ္တိမံ–ကောင်းစွာ ပြောဆိုခြင်းဖြင့် ဖြစ်စေအပ်သောနာမည်။]

ပန–ကား၊ [ကိတ္တိမနာမ်မှတစ်ပါး, ဩပပါတိကနာမ်ကား၊] ယာပုရိမ ပညတ္တိ–အကြင် ရှေးကာလ၌ ဖြစ်သောပညတ်သည်၊ ပစ္ဆိမပညတ္တိယံ–နောက် ကာလ၌ ဖြစ်သောပညတ်၌၊ ပတတိ–ကျရောက်၏၊ ပုရိမဝေါဟာရေ–ရှေး ကာလ၌ ဖြစ်သောအခေါ်အဝေါ်သည်၊ ပစ္ဆိမဝေါဟာရေ–နောက်ကာလ၌ ဖြစ်သော အခေါ်အဝေါ်၌၊ ပတတိ၊ [ပညတ္တိကို ဝေါဟာရဟု ပရိယာယ်လဲ၍ သုံးခြင်းသာတည်း၊] သေယျထိဒံ–အဘယ်သို့ ကျရောက်သနည်း၊ ပုရိမကပ္ပေပိ– ဂျေး ကမ္ဘာ၌လည်း၊ စန္ဒော–လသည်၊ စန္ဒောယေဝနာမ–စန္ဒမည်သည်သာ တည်း၊ ဧတရဟိပိ–ယခုအခါ၌လည်း၊ စန္ဒောဝ–စန္ဒမည်သည်သာတည်း၊ အတီ တေ–လွန်လေပြီးသော ကမ္ဘာ၌၊ သူရိယော–နေသည်၊ (သူရိယောယေဝနာမ၊ ဧတရဟိပိ သူရိယောဝ၊) သမုဒ္ဒေါ–သမုဒ္ဒရာသည်၊ (သမုဒ္ဒေါယေဝနာမ၊ ဧတ ရဟိပိ သမုဒ္ဒေါဝ၊) ပထဝီ–မြေကြီးသည်၊ (ပထဝီယေဝနာမ၊ ဧတရဟိပိ ပထဝီဝ၊) ပဗ္ဗတော–တောင်သည်၊ ပဗ္ဗတောယေဝနာမ–ပဗ္ဗတမည်သည်သာ တည်း၊ ဧတရဟိပိ–၌လည်း၊ ပဗ္ဗတောယေဝ–ပဗ္ဗတမည်သည်သာတည်း၊ ဣတိ–ဤသည်တည်း၊ [သေယျထိဒံကို ပြန်အုပ်သည်၊] ဣဒံ–ဤအမည်သည်၊ ဩပပါတိကနာမံနာမ–ဩပပါတိကနာမ်မည်၏၊ စတုဗ္ဗိဓံပိ–သော၊ ဣဒံနာမံ–

**ဥဒ္ဒေယျုံ ၊ပေ၊ သဟာဿတော။** ။ဥပုဗ္ဗ ဓာတ်, ဏျကို ဓာတွန်နှင့်တကွ ယေျပြု၊ ဓာ ဓာတ်သည် ဓာရဏ အနက်ဟောတည်း၊ [ဥဒ္ဒေယျန္တိ ဥဒ္ဓရိတဗ္ဗံ–ဋီကာ၊] နာမသဟာဿတော အပိ၌ အပိသည် သမ္ဘာဝနာ ဇောတက၊ သဟာဿတောလည်း တစ်ထောင်အတိကျ မဟုတ်၊ အနေကသချော်တည်း၊ ထို့ကြောင့် "အနေကေဟိပိ နာမ သဟဿေဟီတိ အတ္ထော"ဟု ဋီကာဖွင့်သည်။

ဤ သာမညစသော နာမ်သည်၊ ဧကံနာမမေဝ–တစ်ခုသော နာမသည်သာ၊ ဟောတိ၊ [သာမညနာမ်စသော နာမည်လေးပါးလုံးပင် "နာမ နာမကမ္မ" စသည်ဝယ် နာမတစ်မျိုးသာ ဖြစ်သည်–ဟူလို။]

[နာမ်ကို ဖွင့်ပြပြီး၍ နာမကမ္မစသည်ကို ဖွင့်ပြလိုသောကြောင့် "နာမကမ္မန္တိ" စသည် မိန့်၊] နာမကမ္မန္တိ–ကား၊ နာမကရဏ–ပြုအပ်သော နာမည်သည်၊ ဝါ–ပြုကြောင်းဖြစ်သော နာမည်သည်၊ ဝါ–နာမည်ကို ပြုလုပ်ထားခြင်းသည်၊ (အတ္ထိ၊) [ပါဠိတော်၌ "ယံ နာမကမ္မံ"ကို ဤ အနက်သုံးမျိုးလုံး ပေးပါ၊] နာမဓေယျန္တိ–ကား၊ နာမထပနံ–ထားအပ်သော နာမည်သည်၊ ဝါ–ထားကြောင်း ဖြစ်သော နာမည်သည်၊ ဝါ–နာမည်ကို ပညတ်ထားခြင်းသည်၊ (အတ္ထိ၊) နိရုတ္တိတိ–ကား၊ နာမနိရုတ္တိ–အနက်ကိုထုတ်ဖော်၍ ဟောတတ်သောနာမည် သည်၊ (အတ္ထိ၊) ဗျဉ္ဇနန္တိ–ကား၊ နာမဗျဉ္ဇနံ–အနက်ကို ထင်ရှားပြတတ်သော

---

**ဩပပါတိကံ**။ ။ဥပပတနံ–ရှေးနာမည်၏နောက်၌ ကျရောက်ခြင်း၊ ဥပပါတော–ခြင်း၊ ဥပပါတော+သီလံ ယဿာတိ ဩပပါတိကံ၊ [သယမေဝ (မည်သူမျှ မမှည့်ရဘဲ အလိုအလျောက်သာလျှင်) ဥပပတနသီလံ နာမံ ဩပပါတိကာ နာမန္တိ ဝုစ္စတိ၊–ဋီကာ။]

**နာမ ကမ္မံ, နာမဓေယျံ**။ ။ကမ္မံကို ကရဏံဟုလည်းကောင်း, ဓေယျံကို ထပနံ ဟုလည်းကောင်း အဋ္ဌကထာ ဖွင့်၏၊ ထိုကရဏ ထပနသဒ္ဒါတို့ကိုကား ဋီကာ၌ သုံးနက်ဖွင့်၏၊ "ကရီယတေတိ ကမ္မံ၊ နာမမေဝ+ကမ္မ နာမကမ္မံ–ပြုအပ် မှည့်အပ်သော နာမည်၊ ဓေယျံ၌ ဓာတ်သည် ထပနအနက်ဟောတည်း၊ ဏျပစ္စည်း၊ ဓီယတိ ထပီ ယတိ–ထားအပ်၏၊ ဣတိ ဓေယျံ၊ နာမမေဝ+ဓေယျံ နာမဓေယျံ– ပညတ်ထားအပ်သော နာမည်တည်း။

**တစ်နည်း**။ ။ကရီယတိ အနေနာတိ ကမ္မံ၊ ဓီယတိ အနေနာတိ ဓေယျံ၊ (ကရဏ သာဓ်၊) "နာမမေဝ ကမ္မံ"စသည် ဆက်၊ "ဤအနက်သည် ဤအမည် ရှိ၏"ဟု ကမ္မ–ပြုလုပ်ကြောင်း ပြောဆိုကြောင်း အမည်တည်း၊ ဓေယျ–ပညတ်ထားကြောင်း အမည်တည်း၊ [အထဝါ ကရဏဌတ္တာ ၊ပေ၊ ကရဏံ ထပနဥ္စနာမ ဟောတိ၊–ဋီကာ။]

**တစ်နည်း**။ ။ကရဏံ ကမ္မံ, ဓာနံ(ထပနံ) ဓေယျံ၊ (ဘာဝသာဓ်၊) နာမဿ– နာမည်ကို+ကမ္မံ–ပြုလုပ်ပြောဆိုခြင်း၊ ဓာနံ=ထပနံ–ပညတ်ထားခြင်း၊ နာမကမ္မံ, နာမ ဓေယျံ–ခြင်း၊ သူတစ်ပါးတို့သိအောင် ပြုလုပ်ပြောဆိုခြင်း, ပညတ်ထားခြင်းမျှဖြစ်သော ကြောင့် နာမည်သည်ပင် ကမ္မဟုလည်းကောင်း, ဓေယျဟုလည်းကောင်း အမည်ရ ပြန်သည်၊ [အထ ဘာဝတ္ထာ ဉာပနမတ္တမေဝ ကရဏံ ထပနန္တိ ဝုတ္တံ၊–ဋီကာ။]

**နာမနိရုတ္တိ နာမဗျဉ္ဇနံ**။ ။နာမနိရုတ္တိ, နာမဗျဉ္ဇနံပုဒ်တို့ဖြင့် နာမကိုသာ အရကောက်ရသည်၊ [နာမနိရုတ္တိ နာမဗျဉ္ဇနန္တိ နာမမိစ္စေဝ ဝုတ္တံ ဟောတိ၊] မှန်၏– "နာမ"ဟု ခေါ်ရသော သဒ္ဒါသည် ထိုထိုအနက်ကို ထုတ်ဖော်၍ ဟောပြတတ်သော ကြောင့် နိရုတ္တိလည်းမည်၏၊ ထိုထိုအနက်ကို ထင်ရှားပြတတ်သောကြောင့် ဗျဉ္ဇန လည်းမည်၏၊ [နာမဘူတံ ဝစနမေဝ တံတံ အတ္ထံ နိဒ္ဒါရေတွာ သဟေတုက် ကတွာ

နာမည်သည်၊ (အတ္ထိ၊) ပန–ဆက်၊ ယသ္မာ, တော–ဤအမည်သည်၊ အတ္တံ–အနက်ကို၊ ဗျဉ္ဇေတိ–ထင်ရှားပြတတ်၏၊ တသ္မာ, ဝေါ–ဤသို့ ဗျဉ္ဇနံဟူ၍၊ (ဘဂဝတာ) ဝုတ္တံ၊ အဘိလာပေါတိ–ကား၊ နာမဘိလာပေါ–အနက်သို့ ရှေးရှုရွတ်ဆိုအပ်သော နာမည်ပင်တည်း၊ [အဘိလပ္ပတီတိ အဘိလာပေါ၊ နာမမေဝ+အဘိလာပေါ နာမာဘိလာပေါ။]

သဗ္ဗေဝဓမ္မာ အဓိဝစနပထာတိ–ကား၊ အဓိဝစနသဿ–သဒ္ဒါကို စွဲမှီရည်စူး၍ ဖြစ်သော နာမည်ပညတ်၏၊ နော ပထဓမ္မောနာမ–အကြောင်းမဟုတ်သော တရားမည်သည်၊ နတ္ထိ၊ (နာမည်၏အကြောင်းမဟုတ်သော, နာမည်မှည့်၍ မဖြစ်သော တရားမည်သည် မရှိ၊) ဧကဓမ္မော–တစ်ခုသောတရားသည်၊ သဗ္ဗဓမ္မေသု–အလုံးစုံသော တရားတို့၌၊ နိပတတိ–ကျ၏၊ သဗ္ဗဓမ္မာ–အလုံးစုံသော တရားတို့သည်၊ ဧကဓမ္မသ္မိံ–တစ်ခုသော တရား၌၊ နိပတန္တိ–န်၏၊ [ဤအကျဉ်းကို ချဲ့လို၍ "ကထံ"စသည် မိန့်၊] ကထံ–အဘယ်သို့ ကျနိုင်သနည်း၊ ဟိ–အဖြေကား၊ (တစ်နည်း) ဟိ–ချဲ့၊ အယံ နာမပညတ္တိ–ဤ နာမပညတ် ဟူသည်၊ ဧကဓမ္မော–တစ်ခုသောတရားတည်း၊ သော–ထို တစ်ခုသောတရားသည်၊ သဗ္ဗေသု–န်သော၊ စတုဘူမကဓမ္မေသု–ဘုံလေးပါး၌ ဖြစ်သောတရားတို့၌၊ နိပတတိ၊ [နာမည်ပတ်က ဘုံလေးပါး၌ ဖြစ်သောတရားတို့ကို ဝါစကအဖြစ်ဖြင့် ဟောနိုင်သည်ကို "နိပတတိ–ကျရောက်၏"ဟု ဆိုသည်၊] သတ္တောပိ–သတ္တဝါပညတ်သည်လည်းကောင်း၊ သင်္ခါရောပိ–ရုပ်နာမ် သင်္ခါရသည်လည်းကောင်း၊ နာမတော–နာမည်မှ၊ မုတ္တကောနာမ–လွတ်သည်မည်သည်၊ နတ္ထိ–မရှိ။

အဋ္ဌဝိပဗ္ဗတာဒီသု–တော တောင် အစရှိသော အရပ်တို့၌၊ ရုက္ခောပိ–သစ်ပင်သည်လည်း၊ (ရှိရှိသမျှ သစ်ပင်သည်လည်း၊) ဇာနပဒါနံ–ဇနပုဒ်နေသူ လူတို့၏၊ ဘာရော–တာဝန်တည်း၊ (နာမည်မှည့်ဖို့ တာဝန်တည်း၊) ဟိ–မှန်၊ တေ–ထိုဇနပုဒ်နေသူ လူတို့သည်၊ (ကထေန္တိ၌ စပ်၊) အယံ–ဤသစ်ပင်သည်၊ ကိံ ရုက္ခောနာမ–အဘယ်သစ်ပင် မည်သနည်း၊ ဣတိ–သို့၊ ပုဋ္ဌာ–မေးအပ်ကုန်သည်၊ (သမာနာ–န်လသော်၊ မြို့သူမြို့သားတို့က မေးအပ်ကုန်လသော်၊ အယံ–ဤသစ်ပင်သည်၊) ခဒိရော–ရှားပင်တည်း၊ (အယံ–သည်၊) ပလာသော–ပေါက်ပင်တည်း၊ ဣတိ–သို့၊ အတ္တနာ–သည်၊ ဇာနနကနာမံ–သိအပ်သော အမည်ကို၊ ကထေန္တိ–ပြောဆိုကြကုန်၏၊ ယဿ–အကြင်သစ်ပင်၏၊ နာမံ–အမည်ကို၊ န ဇာနန္တိ၊ တံပိ–ထို သစ်ပင်ကိုလည်း၊ အနာမကောနာမာတိ–

ဝဒတိ ဗျဉ္ဇယတီစာတိ အာဟ နာမမိစ္စေဝ ဝုတ္တံ ဟောတီတိ၊–အနု၊] နိရုတ္တိ၌ "နိ+ဥတ္တိ"ဟု ခွဲ၍ နိကို နိဒ္ဒါရေတွာဟုလည်းကောင်း, ဥတ္တိကို ဝဒတိဟုလည်းကောင်း ဖွင့်သည်၊ ဥစ္စတီတိ ဥတ္တိ၊ နီဟရိတွာ+ဥတ္တိ နိရုတ္တိ"ဟု ပြုစေလိုသည်၊ ရှေးက "ဥစ္စတေတိ ဥတ္တိ၊ နီဟရိတွာ+ဥတ္တိ နိရုတ္တိ–ထုတ်ဖော်၍ ရွတ်ဆိုအပ်သောကြောင့် နိရုတ္တိ မည်၏"ဟု ကမ္မသာဓ်ပြုလုပ်ကြ၏၊ ဤ၌ကား ကတ္တုသာဓ်တည်း။

အမည်မရှိသော သစ်ပင်ဟူ၍၊ ဝဒန္တိ–ပြောဆိုကြကုန်၏၊ တံပိ–ထိုအနာမက ဟူသော နာမည်သည်လည်း၊ တဿ–ထိုသစ်ပင်၏၊ နာမဓေယျမေဝ–ထား အပ်သော အမည်တစ်မျိုးသည်သာ၊ ဟုတွာ တိဋ္ဌတိ၊ [ထို သစ်ပင်နာမည်မှာ "အနာမက"တဲ့–ဟူလို၊] သမုဒ္ဒေ–၌၊ မစ္ဆကစ္ဆပါဒီသုပိ–ငါး လိပ် အစရှိသော သတ္တဝါတို့၌လည်း၊ ဧသေဝနယော၊ ဣတရေ–အဓိဝစနဒုက်မှ တစ်ပါးကုန် သော၊ ဒွေ–န်သော၊ ဒုကာ–နိရုတ္တိဒုက်, ပညတ္တိဒုက်တို့သည်၊ ဣမိနာ–အဓိ ဝစနဒုက်နှင့်၊ သမာနတ္ထာဧဝ–တူသောအနက် ရှိကုန်သည်သာ။

၁၃၁၆။ ။နာမရူပဒုကေ–၌၊ နာမကရဏဋ္ဌေနစ–နာမည်ကို ပြုတတ် သည်၏အဖြစ်ဟူသော အနက်သဘောကြောင့်လည်းကောင်း၊ နာမနဋ္ဌေနစ– အာရုံသို့ ညွတ်တတ်သည်၏အဖြစ်ဟူသော အနက်သဘာကြောင့်လည်းကောင်း၊ နာမနဋ္ဌေနစ–မိမိသို့ အာရုံ, အနဝဇ္ဇဓမ္မတို့ကို ညွတ်စေတတ်သည်၏အဖြစ် ဟူသော အနက်သဘောကြောင့်လည်းကောင်း၊ နာမံ–နာမမည်၏၊ [ရှေးနိဿယ တို့၌ "နာမနဋ္ဌေနစ–မိမိသို့ အာရမဏိကတရားတို့ကို ညွတ်စေတတ်သော အနက်ကြောင့်လည်းကောင်း"ဟု ပေး၏၊ နောက်လာလတံ့ အကျယ်ကိုကြည့်၍ စဉ်စားပါ၊] တတ္ထ–ထိုသုံးမျိုးသော အနက်တို့တွင်၊ [ယောဇနာ၌ "တတ္ထ– ထို သုံးမျိုးသောနာမ်တွင်"ဟု ပေး၏၊] တာဝ–နိဗ္ဗာန်မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာ– န်သော၊) စတ္တာရော–န်သော၊ ခန္ဓာ–နာမ်ခန္ဓာတို့သည်၊ နာမကရဏဋ္ဌေန– ကြောင့်၊ နာမံ–မည်၏။

ဟိ–ဥပမာဆောင်, ထင်အောင်ပြအံ့၊ [ဥပမာဆိုသော်လည်း ဝိသဒိသူပမာ တည်း၊] မဟာဇနသမ္မတတ္တာ–များစွာသော လူအပေါင်းသည် သမုတ်အပ် သည်၏ အဖြစ်ကြောင့်၊ မဟာသမ္မတဿ–မဟာသမ္မတမင်း၏၊ မဟာသမ္မတော တိနာမံ–မဟာသမ္မတဟူသော အမည်သည်၊ အဟောသိ ယထာ–ဖြစ်သကဲ့သို့

---

**နာမံ**။ ။နာမကရဏဋ္ဌေနဖြင့် "နာမံ–မိမိ၏နာမည်ကို+ကရောတိ–မိမိ ကိုယ်တိုင် ပြုတတ်၏၊ ဣတိ နာမံ"ဟု ပြ၏၊ နာမကရဏဟု ဆိုလိုလျှက် ကရဏ ပုဒ်ကို ချေထားသည်ဟု ကြံပါ၊ ဤဝိဂြိုဟ်အရ နာမ်ခန္ဓာလေးပါးနှင့် နိဗ္ဗာန်ရ၏၊ နမနဋ္ဌေနဖြင့် "အာရမဏာဘိမုခံ–အာရုံသို့ ရှေးရှု+နမတိ–ညွတ်တတ်၏၊ ဣတိ နာမံ"ဟု ပြ၏၊ [နောက်အကျယ်၌ "အာရမဏာဘိမုခါ နမန္တိ"ဟု လာလိမ့်မည်၊] ဤဝိဂြိုဟ်အရ အာရုံသို့ မညွတ်တတ်သော နိဗ္ဗာန်ကို မရ၊ နာမ်ခန္ဓာလေးပါးသာ ရ၏၊ နာမနဋ္ဌေနဖြင့် "နာမေန္တိ–မိမိသို့ အာရုံ အနဝဇ္ဇဓမ္မတို့ကို ညွတ်လာစေတတ်၏၊ ဣတိ နာမံ"ဟု ပြ၏၊ ဤနည်း၌ ကာရိတ်ပစ္စည်း ကြေ၊ နာမက္ခန္ဓာလေးပါးနှင့်နိဗ္ဗာန် တရားရ၏၊ မှန်၏–နောက်အကျယ် ပြလတံ့အတိုင်း နာမ်ခန္ဓာလေးပါးသည် အာရုံ နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် အာရုံတို့ကို (တစ်ခုပြီးတစ်ခု) မိမိသို့ ညွတ်လာစေ တတ်၏၊ နိဗ္ဗာန်လည်း မိမိက အာရမဏာဓိပတိ ဖြစ်သောကြောင့် မဂ်ဖိုလ် ပစ္စ ဝေက္ခဏာဉာဏ် အဘိညာဉ်စသော အနဝဇ္ဇတရားတို့ကို မိမိသို့ ညွတ်လာစေတတ်၏။

လည်းကောင်း၊ [ဤစကားဖြင့် သာမညနာမ်ကို ပြသည်၊] ဝါ–တစ်နည်း၊ မာတာပိတရော–တို့သည်၊ အယံ–ဤသတို့သားသည်၊ တိဿောနာမ–တိဿ မည်သည်၊ ဟောတု–ဖြစ်စေ၊ (အယံ–သည်၊) ဖုဿောနာမ–သည်၊ ဟောတု၊ ဣတိ ဧဝံ–သို့၊ ပုတ္တဿ–၏၊ ကိတ္တိမနာမံ–ကိတ္တိမနာမ်ကို၊ ကရောန္တိ ယထာ–သကဲ့သို့လည်းကောင်း၊ ဝါ–တစ်နည်း၊ ဓမ္မကထိကော–ဓမ္မကထိကပုဂ္ဂိုလ်၊ (တရားစကား၌ ယှဉ်သောပုဂ္ဂိုလ်၊) ဝိနယဓရော–ဝိနည်းမိုရ်ပုဂ္ဂိုလ်၊ ဣတိ–သို့၊ ဂုဏတော–ကြောင့်၊ နာမံ–အမည်သည်၊ အာဂစ္ဆတိ ယထာ–လာသကဲ့သို့ လည်းကောင်း၊ ဧဝံ–တူ၊ ဝေဒနာဒီနံ–ဝေဒနာအစရှိသောတရားတို့၏၊ (နာမံ–သည်၊) န (အာဂစ္ဆတိ)–လာသည် မဟုတ်၊ ဟိ–ချဲ့၊ ဝေဒနာဒယော–ဝေဒနာ အစရှိသော တရားတို့သည်၊ မဟာပထဝီအာဒယောဝိယ–မြေကြီးအစရှိသည်တို့ ကဲ့သို့၊ အတ္တနော–၏၊ နာမံ–အမည်ကို၊ ကရောန္တာဝ–ပြုကုန်လျက်သာလျှင်၊ ဥပ္ပဇ္ဇန္တိ၊ တေသု–ထို ဝေဒနာအစရှိသောတရားတို့သည်၊ ဥပ္ပန္နေသု–န်လသော်၊ တေသံ–ထို ဝေဒနာအစရှိသောတရားတို့၏၊ နာမံ–သည်၊ ဥပ္ပန္နမေဝ–ဖြစ် တော့သည်သာ၊ ဟောတိ၊ ဟိ–မှန်၊ ဥပ္ပန္နံ–ဖြစ်ပေါ်လာသော၊ ဝေဒနံ–ကို၊ တွံ–သည်သည်၊ ဝေဒနာနာမ–ဝေဒနာမည်သည်၊ ဟောဟိ–လော၊ ဣတိ–သို့၊ ကောစိ–တစ်စုံတစ်ယောက်သည်၊ နဘဏတိ–မပြောဆို၊ (မမှည့်၊) တဿာ–ထိုဝေဒနာ၏၊ နာမဂ္ဂဟဏကိစ္စံစ–နာမည်ယူဖွယ် ကိစ္စသည်လည်း၊ န အတ္ထိ။

ပထဝိယာ–မြေကြီးသည်၊ ဥပ္ပန္နာယ–ဖြစ်လသော်၊ တွံ–သည်၊ ပထဝီနာမ– မည်သည်၊ ဟောဟိ၊ ဣတိ–သို့၊ နာမဂ္ဂဟဏကိစ္စံ, နတ္ထိယထာ–ကဲ့သို့ လည်းကောင်း၊ စက္ကဝါဠ ၊ပေ၊ နက္ခတ္တေသု–စကြာဝဠာ, မြင့်မိုရ်တောင်, လ, နေ, နက္ခတ်တို့သည်၊ ဥပ္ပန္နေသု–န်လသော်၊ တွံ, စက္ကဝါဠံနာမ–စကြာဝဠာ မည်သည်၊ ဟောဟိ ၊ပေ၊ တွံ, နက္ခတ္တံနာမ ဟောဟိ၊ ဣတိ–သို့၊ နာမဂ္ဂဟဏ ကိစ္စံ, နတ္ထိယထာ–ကဲ့သို့လည်းကောင်း၊ နာမံ–ပထဝီ စက္ကဝါဠစသော နာမည် သည်၊ ဥပ္ပန္နမေဝ–ဖြစ်တော့သည်သာ၊ ဟောတိယထာ–ကဲ့သို့၊ ဩပပါတိက ပညတ္တိယံ–ဩပပါတိကပညတ်၌၊ (ရှေ့ပညတ်၏နောက်၌ ကျခြင်းအလေ့ ရှိသော နာမပညတ်၌၊) နိပတတိယထာ–ကျသကဲ့သို့၊ ဧဝံ–တူ၊ ဝေဒနာယ– သည်၊ ဥပ္ပန္နာယ–သော်၊ တွံ ဝေဒနံနာမ ဟောဟိ၊ ဣတိ နာမဂ္ဂဟဏကိစ္စံ နတ္ထိ၊ တာယ–ထိုဝေဒနာသည်၊ ဥပ္ပန္နာယ–သော်၊ ဝေဒနာတိနာမ–ဝေဒနာ ဟူသောအမည်သည်၊ ဥပ္ပန္နမေဝ ဟောတိ၊ ဩပပါတိကပညတ္တိယံ–၌၊ နိပတတိ၊ သညာဒီသုပိ–သညာအစရှိသော တရားတို့၌လည်း၊ ဧသေဝနယော၊ ဟိ–မှန်၊ အတီတေပိ–အတိတ်ကာလ၌လည်း၊ ဝေဒနာ–သည်၊ ဝေဒနာယေဝ– ဝေဒနာမည်သည်သာ၊ သညာ–သည်၊ (သညာယေဝ၊) သင်္ခါရာ–တို့သည်၊ (သင်္ခါရာယေဝ၊) ဝိညာဏံ–သည်၊ ဝိညာဏမေဝ–သည်သာ၊ အနာဂတေပိ– အနာဂတ်ကာလ၌လည်းကောင်း၊ ပစ္စုပ္ပန္နေပိ–၌လည်းကောင်း၊ (ဝေဒနာ

ဝေဒနာယေဝ ။ပေ၊ ဝိညာဏံ ဝိညာဏံယေဝ၊) ပန–ကား၊ နိဗ္ဗာနံ–သည်၊ သဒါပိ–အခါခပ်သိမ်းလည်း၊ နိဗ္ဗာနမေဝ–နိဗ္ဗာန်မည်သည်သာ၊ ဣတိ–သို့၊ နာမကရဏဋ္ဌေန–နာမည်ကို ပြုတတ်သည်၏အဖြစ်ဟူသော အနက်သဘောကြောင့်၊ နာမံ–မည်၏။

စ–ကား၊ နာမနဋ္ဌေနာပိ–အာရုံသို့ ညွတ်တတ်သည်၏ အဖြစ်ဟူသော အနက်သဘောကြောင့်လည်း၊ ဧတ္ထ–ဤ နာမ်တရားတို့တွင်၊ စတ္တာရော–န်သော၊ ခန္ဓာ–တို့သည်၊ နာမံ–မည်၏၊ ဟိ–မှန်၊ တေ–ထို နာမ်ခန္ဓာတို့သည်၊ အာရမ္မဏာဘိမုခါ–အာရုံသို့ ရှေ့ရှုကုန်သည်၊ (ဟုတွာ) နမန္တိ–ညွတ်တတ်ကုန်၏၊ နာမနဋ္ဌေန–မိမိသို့ အာရုံ အနဝဇ္ဇဓမ္မတို့ကို ညွတ်စေတတ်၏အဖြစ်ဟူသော အနက်သဘောကြောင့်၊ သဗ္ဗမ္ပိ–အလုံးစုံသော နာမ်တရားသည်လည်း၊ နာမံ–မည်၏၊ [နိဗ္ဗာန်လည်းရသောကြောင့် "သဗ္ဗမ္ပိ"ဟု ဆိုသည်၊] ဟိ–မှန်၊ စတ္တာရော–န်သော၊ ခန္ဓာ–နာမ်ခန္ဓာတို့သည်၊ အာရမ္မဏေ–တို့ကို၊ အညမညံ (အညံအညံ)–အခြားတစ်ပါး အခြားတစ်ပါးကို၊ နာမေန္တိ–ညွတ်စေကုန်၏၊ နိဗ္ဗာနံ–သည်၊ အာရမ္မဏာဓိပတိပစ္စယတာယ–အာရမ္မဏာဓိပတိပစ္စည်း၏ အဖြစ်ကြောင့်၊ အတ္တနိ–မိမိ၌၊ ဝါ–သို့၊ အနဝဇ္ဇဓမ္မေ–အပြစ်မရှိသောတရားတို့ကို၊ နာမေတိ–ညွတ်စေတတ်၏။

---

**အာရမ္မဏေ အညံအညံ**။ ။ရှေးနိဿယဝယ် "အာရမ္မဏေ–အာရုံ၌၊ အညမညံ–အချင်းချင်း"ဟု ပေး၏၊ "၌"ဟုပေးလျှင် နာမေန္တိ၌ ကာရိတ်ပစ္စည်း၏ကံ မရှိတော့၊ ထို့ကြောင့် အာရမ္မဏေကို လိင်္ဂဝိပလ္လာသကြံ၍ "အာရုံတို့ကို"ဟု ပေးသည်၊ အညမညံပုဒ်၌လည်း အချင်းချင်းဟူသော အနက်မဖြစ်နိုင်၊ နာမ်ခန္ဓာလေးပါးနှင့်အာရုံတို့သည် အချင်းချင်း အပြန်အလှန် မညွတ်စေနိုင်ကြ၊ ထို့ကြောင့် "အညမညံ–လက်ရှိအာရုံမှ တစ်ပါးသောအာရုံ, လက်ရှိအာရုံမှ တစ်ပါးသောအာရုံကို (အာရုံတစ်ပါးပြီး အာရုံတစ်ပါးကို, အာရုံတစ်ပါးပြီး အာရုံတစ်ပါးကို) မိမိဟူသော နာမ်ခန္ဓာသို့ ညွတ်စေသည်"ဟု ဆိုလိုသည်၊ ဘာ့ကြောင့်နည်း–နာမ်ခန္ဓာလေးပါးသည် အာရုံနှင့်ကင်း၍ မဖြစ်နိုင်သောကြောင့်တည်း၊ ["နာမေန္တိ–အာရမ္မဏိကတရားတို့ကို မိမိသို့ ညွတ်စေတတ်ကုန်၏"ဟူသော ရှေးအနက်ကိုလည်း စဉ်းစားပါ၊ နာမ်ခန္ဓာလေးပါးတို့သည် သူတို့ကိုယ်တိုင် အာရမ္မဏိကဖြစ်သောကြောင့် အခြား အာရမ္မဏိကတို့ကို မညွတ်စေပါ။]

**အာရမ္မဏာဓိပတိ ပစ္စယတာယ**။ ။ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်များသည် မိမိကို အာရုံပြုသော လောဘမူစိတ်ကို မိမိသို့ ညွတ်လာစေနိုင်လောက်အောင် ဖွဲ့ဆောင်နိုင်သော အာရမ္မဏာဓိပတိသတ္တိ ရှိကြ၏၊ သို့သော် နိဗ္ဗာန်ကဲ့သို့ လွန်ကဲသော သတ္တိ မရှိ၊ ထို့ကြောင့် နိဗ္ဗာန်ကိုသာ (မိမိသို့ အနဝဇ္ဇတရားတို့ကို ညွတ်စေနိုင်သော သတ္တိ လွန်လွန်ကဲကဲ ရှိသည့်အတွက်) "နာမေတီတိ နာမံ"အရ နာမဟု ခေါ်ရသည်၊ ဘုရားရှင်၏ အခြားကိစ္စများပြီးသောအခါ နိဗ္ဗာန်ကို အာရုံပြုတော်မူကာ ဖလသမာပတ် ဝင်စားတော်မူမြဲ ဖြစ်ခြင်းမှာလည်း နိဗ္ဗာန်၏ အာရမ္မဏာဓိပတိသတ္တိကြောင့်ပင်တည်း၊ [အာရမ္မဏာဓိပတိပစ္စယတာယာတိ ။ပေ၊ နိဗ္ဗာနမေဝ နာမေန္တိ ဝုတ္တံ၊–ဋီကာ။]

၁၃၁၈။ ။အဝိဇ္ဇာ ဘဝတဏှာ–အဝိဇ္ဇာ ဘဝတဏှာတို့ကို၊ ဝဋ္ဋမူလ သမုဒါစာရဒဿနတ္ထံ–လွန်စွာ အထက်အထက်၌ဖြစ်တတ်သော ဝဋ်၏အခြေ အမြစ်ကို ပြခြင်းအကျိုးငှာ၊ (တစ်နည်း) ဝဋ္ဋမူလသမုဒါစာရဒဿနတ္ထံ– ဝဋ်မြစ်တို့၏ လွန်စွာ အထက်အထက်၌ဖြစ်ပုံကို ပြခြင်းအကျိုးငှာ၊ ဂဟိတာ– ယူတော်မူအပ်ကုန်ပြီ၊ [အဝိဇ္ဇာ ဘဝတဏှာဟူသောဒုက်ကို ဟောတော်မူအပ် ပြီ–ဟူလို။]

၁၃၂၀။ ။ဘဝိဿတိ အတ္တာစ လောကောစာတိ–ကား၊ ခန္ဓပဉ္စက်– ခန္ဓာငါးပါးအပေါင်းကို၊ (ဂဟေတွာ၌ စပ်၊) အတ္တာတိစ–အတ္တာတိစ–အတ္တ ဟူ၍လည်းကောင်း၊ လောကောတိစ–လောကဟူ၍လည်းကောင်း၊ ဂဟေတွာ– ယူ၍၊ တံ–ထိုအတ္တ လောကဟူသော ခန္ဓပဉ္စကသည်၊ ဘဝိဿတိ–ဖြစ်လတ့်၊ ဣတိ–သို့၊ ဂဟဏာကာရေန–ယူခြင်းဟူသော အခြင်းအရာအားဖြင့်၊ နိဝိဋ္ဌာ– စွဲမြဲတည်နေသော ဒိဋ္ဌိသည်၊ သဿတဒိဋ္ဌိ–သဿတဒိဋ္ဌိတည်း၊ ဒုတိယာ– နှစ်ခုမြောက်သောဒိဋ္ဌိသည်၊ န ဘဝိဿတီတိ အာကာရေန–မဖြစ်လတ့်ဟူသော အခြင်းအရာအားဖြင့်၊ နိဝိဋ္ဌာ–စွဲမြဲတည်နေသော၊ ဥစ္ဆေဒဒိဋ္ဌိ–တည်း။

၁၃၂၆။ ။ပုဗ္ဗန္တံ အာရဗ္ဘာတိ–ကား၊ အတီတကောဋ္ဌာသံ–အတိတ်အဖို့ အစုကို၊ [ပုဗ္ဗကို အတီတဟုလည်းကောင်း, အန္တကို ကောဋ္ဌာသဟုလည်းကောင်း ဖွင့်သည်၊] အာရမဏံ–ကို၊ ကရိတွာ–ပြု၍၊ (ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၌ စပ်၊) ဣမိနာ– ဤပုဗ္ဗန္တ အာရဗ္ဘအစရှိသော ပါဠ်ဖြင့်၊ ဗြဟ္မဇာလေ–ဗြဟ္မဇာလသုတ်၌၊ အာဂ တာ–လာကုန်သော၊ အဋ္ဌာရသ–တစ်ဆယ့်ရှစ်ပါးကုန်သော၊ ပုဗ္ဗန္တာနုဒိဋ္ဌိယော– ပုဗ္ဗန္တာနုဒိဋ္ဌိတို့ကို၊ ဂဟိတာ–ယူအပ်ကုန်ပြီ၊ အပရန္တံ အာရဗ္ဘာတိ–ကား၊ အနာ ဂတကောဋ္ဌာသံ–အနာဂတ် အဖို့အစုကို၊ အာရမဏံ, ကရိတွာ၊ (ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ၌ စပ်၊) ဣမိနာ–ဤအပရန္တံ အာရဗ္ဘအစရှိသော ပါဠ်ဖြင့်၊ တတ္ထေဝ–ထို ဗြဟ္မဇာလသုတ်၌ပင်၊ အာဂတာ–န်သော၊ စတုစတ္တာလီသ–လေးဆယ့်လေးပါး သော၊ အပရန္တာနုဒိဋ္ဌိယော–အပရန္တာနုဒိဋ္ဌိတို့ကို၊ ဂဟိတာ–န်ပြီ။

---

**အဝိဇ္ဇာ ၊ပေ၊ ဂဟိတာ။** ။နာမရူပဒုက်၏အခြားမဲ့၌ အဝိဇ္ဇာ ဘဝတဏှာ ဒုက်ကို ဟောတော်မူ၏၊ “ထိုအဝိဇ္ဇာနှင့် ဘဝတဏှာကို အဘယ်အကျိုးငှာ ယူအပ် သနည်း” ဟု မေးဖွယ်ရှိ၏၊ “အဝိဇ္ဇာ ၊ပေ၊ ဂဟိတာ”ဟု မိန့်သည်၊ အဝိဇ္ဇာသည် ဝဋ်ဒုက္ခ၏အပြစ်ကို ဖုံးထား၏၊ ထိုဖုံးထားမှုကြောင့် အပြစ်မမြင်နိုင်တော့ဘဲ တဏှာ သည် ဝဋ်တရားကိုပင် သာယာနှစ်သက်၏၊ ထို့ကြောင့် “သတ္တဝါတို့၏ ဝဋ်ဒုက္ခကို ခံစားဖို့ရာ အမြစ်ဟူသည် အဝိဇ္ဇာနှင့် ဘဝတဏှာတည်း”ဟု ပြခြင်းအကျိုးငှာ ဤ တရားနှစ်ပါးကို ဒုက်အဖြစ်ဖြင့် ယူတော်မူအပ်သည်၊ [သမုဒါစရတိ–သံ (သုဋ္ဌု) ဥဒ္ဓံ အာစရတိ–လွန်စွာ အထက်၌ဖြစ်လာတတ်၏၊ ဣတိ သမုဒါစာရော၊ ဝဋ္ဋမူလမေ+ သမုဒါစာရော၊ ဝဋ္ဋမူလ သမုဒါစာရော၊ (တစ်နည်း) သမုဒါစရဏံ+သမုဒါစာရော၊ ဝဋ္ဋမူလာနံ+ သမုဒါစာရော ဝဋ္ဋမူလ သမုဒါစာရော။]

**၁၃၃၂။** ။ဒေါဝစနဿတာတာနိဒ္ဒေသေ–၌၊ သဟဓမ္မိကေ ဝုစ္စမာနေတိ (ဧတ္ထ)–ဟူသော ဤပါဠိ၌၊ ဘဂဝတာ–သည်၊ ပညတ္တံ–ပညတ်တော်မူအပ်သော၊ ယံ သိက္ခာပဒံ–အကြင် သိက္ခာပုဒ်သည်၊ (အတ္ထိ၊) (တံ–ထို သိက္ခာပုဒ်သည်၊) သဟဓမ္မိကံနာမ–သဟဓမ္မိကမည်၏၊ တသ္မိံ–ထိုသိက္ခာပုဒ်ကို၊ (ဝုစ္စမာနေ၌ စပ်၊) ဝတ္ထုံ–ဝတ္ထုကို၊ ဒဿေတွာ–ပြ၍၊ အာပတ္တိံ–သို့၊ အာရောပေတွာ–တင်၍၊ တွံ–သင်သည်၊ ဣမံနာမ အာပတ္တိံ–ဤမည်သော အာပတ်ကို၊ အာပန္နော–ရောက်ပြီ၊ ဣဃံ–တိုက်တွန်းပါ၏၊ ဒေသေဟိ–ဒေသနာပြောပါလော၊ ဝုဋ္ဌာဟိ–အာပတ်မှ ထပါလော၊ ပဋိကရောဟိ–ကုစားပါလော၊ ဣတိ–သို့၊ ဝုစ္စမာနေ–ပြောဆိုအပ်သော်၊ ဒေါဝစဿာယန္တိ အာဒီသု–အစရှိသော ပုဒ်တို့၌၊ ဧဝံ–သို့၊ စောဒိယမာနဿ–စောဒနာအပ်သော်၊ ဝါ–အပ်သော၊ ပဋိစောဒနာယဝါ–တစ်ဖန်ပြန်၍ စောဒနာခြင်းအားဖြင့်သော်လည်းကောင်း၊ အပ္ပဒက္ခိဏဂ္ဂါဟိတာယဝါ–မြတ်မြတ်နိုးနိုးယူခြင်း မရှိသူ၏အဖြစ်အားဖြင့်သော်လည်းကောင်း၊ ဒုဗ္ဗစဿ–ခဲယဉ်းသော စကားရှိသူ၏၊ (အပြောအဆိုခက်သူ၏၊) ကမ္မံ–အလုပ်တည်း၊ ဒေါဝစဿာယံ–ခဲယဉ်းသော စကားရှိသူ၏ အလုပ်၊ တဒေဝ–ထိုခဲယဉ်းသော စကားရှိသူ၏အလုပ်ကိုပင်၊ ဒေါဝစဿန္တိပိ–ဟူ၍လည်း၊ ဝုစ္စတိ၊ တဿ–ထိုခဲယဉ်းသော စကားရှိသူ၏အလုပ်၏၊ ဘာဝေါ–တည်း၊ ဒေါဝစဿိတံ–ခဲယဉ်းသော စကားရှိသူ၏အလုပ်၏ဖြစ်ကြောင်းဖြစ်ရာ၊ ဣတ ရံ–ဒေါဝစဿိယံပုဒ်မှ တစ်ပါးသော ဒေါဝစဿတာပုဒ်သည်၊ တဿေဝ–ထို ဒေါဝစဿိယံပုဒ်၏ပင်၊ ဝေဝစနံ–ဝေဝုစ်ပရိယာယ်တည်း။

---

**သဟဓမ္မိကံ။** ။သဟ+သက္ခိတဗ္ဗော+ဓမ္မော သဟဓမ္မော–အတူတကွ ကျင့်ထိုက်သော အဓိသီလသိက္ခာစသည်၊ သဟဓမ္မေ–ဘဝံ သဟဓမ္မိကံ–အတူတကွ ကျင့်ထိုက်သော အဓိသီလသိက္ခာစသည်၌ ဖြစ်သောသိက္ခာပုဒ်၊ ဤသို့သော ဝစနတ္ထကို ပြလို၍ "သဟဓမ္မိကံ နာမ ။ပေ၊ သိက္ခာပဒံ"ဟု မိန့်သည်၊ [သဟ သိက္ခိတဗ္ဗော ။ပေ၊ သဟဓမ္မိကံ၊–ဋီကာ၊] ဒုဗ္ဗစသိက္ခာပုဒ် အဋ္ဌကထာ၌ကား တစ်မျိုး ဖွင့်ထားသေး၏။

**ဒေါဝစနဿာယံ။** ။ဒေါဝစနဿတာ နိဒ္ဒေသ၌ "ဒေါဝစဿာယံ"ပုဒ်၏ ပြီးပုံကို ပြလို၍ "ဒုဗ္ဗစဿ ကမ္မံ"စသည်ကို မိန့်သည်၊ "ဒုဗ္ဗစဿ+ကမ္မံ ဒေါဝစဿံ"ဟု ကမ္မအနက်၌ ဏျပစ္စည်း (ဿ်) လာ၊ ပြီးစေပြီးနောက်, သွတ္တ၌ အာယပစ္စည်းသက်၍ "ဒေါဝစဿာယံ"ဟု ဖြစ်သည်၊ [ကမ္မတ္တေ ဝတ္တမာနတော ဒေါဝစဿသဒ္ဒတော အာယသဒ္ဒံ အနညတ္ထံ ကတွာ ။ပေ၊ ဝုတ္တံ၊–ဋီကာ၊ ဤ၌ အနညတ္ထံ ကတွာဖြင့် "အခြားသောအနက် မရှိ–သွတ္တပြု၍"ဟု ဆိုလိုသည်။

**ဒေါဝစဿိတံ။** ။ကမ္မအနက်၌ "ဒေါဝစဿံ"ဟု ပြီးပြီးနောက် ဘာဝအနက်၌ ဏျပစ္စည်း ထပ်သက်၍ ဿ၏(အ)ကို ဣပြုလျှင် "ဒေါဝစဿိယံ"ဟု ပြီးကြောင်းကို သိစေလို၍ "တဒေဝ ဒေါဝစဿန္တိ ဝုစ္စတိ၊ တဿ+ဘာဝေါ ဒေါဝစဿာယံ" ဟုဖွင့်သည်၊ ဤအဖွင့်ကို ထောက်၍ "ဒေါဝစဿာယံ"အရ၌ ကမ္မ (ဆရာ မိဘစသူတို့၏စကားကို နားမထောင်ခြင်း=ဥတိုက်ခြင်းအလုပ်)ရ၏၊ တရားကိုယ်မှာ ထိုအလုပ်ကို

ဝိပ္ပဋိကူလဂါဟိတာတိ–ကား၊ ဝိလောမဂါဟိတာ–ဆန့်ကျင်ဘက်ကို ယူလေ့ရှိသူ၏အဖြစ်တည်း၊ အဿ–ထိုပုဂ္ဂိုလ်၏၊ ဝိလောမဂဟဏသင်္ခါတေန–ဆန့်ကျင်ဘက်ကို ယူခြင်းဟု ဆိုအပ်သော၊ ဝိပစ္စနီကေန–ဆန့်ကျင်ဘက်ကို ယူခြင်းအားဖြင့်၊ သာတံ–သာယာခြင်းသည်၊ (အတ္ထိ) ဣတိ–ကြောင့်၊ ဝိပစ္စနီကသာတော–မည်၏၊ တော်–ဤဝိပစ္စနီကသာတဟူသော အမည်သည်၊ ပဋ္ဌာဏိကဂ္ဂဟဏံ–ဆန့်ကျင်ဘက်စို့နှင့်တူသော ဆန့်ကျင်ဘက်စကားကို ယူခြင်းကို၊ ဂဟေတွာ–ယူပြီး၍၊ ကေပဒေနေဝ–တစ်ပုဒ်တည်းဖြင့်ပင်၊ (တစ်ခွန်းတည်းသော စကားဖြင့်ပင်၊) တံ–ထိုသူ့ကို၊ နိဿဒ္ဒံ–အသံမရှိသည်ကို၊ အကာသိ–ပြုလိုက်ပြီ၊ ဣတိ–ဤသို့ပြော၍၊ သုခံ–ချမ်းသာခြင်းကို၊ ပဋိလဘန္တဿ–ရသော ပုဂ္ဂိုလ်၏၊ အဓိဝစနံ–အမည်တည်း၊ တဿ–ထိုဆန့်ကျင်ဘက် ယူခြင်းအားဖြင့် သာယာခြင်းရှိသော ပုဂ္ဂိုလ်၏၊ ဘာဝေါ–တည်း၊ ဝိပစ္စနီကသာတတာ–ဆန့်ကျင်ဘက် ယူခြင်းဖြင့် သာယာခြင်းရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာ။

ဩဝါဒံ–အဆုံးအမကို၊ အနာဒိယနဝသေန–မနာယူခြင်း၏ အစွမ်းဖြင့်၊ အနာဒရဿ–လေးစားခြင်းမရှိသော ပုဂ္ဂိုလ်၏၊ ဘာဝေါ–တည်း၊ အနာဒရိယံ–ရာ၊ ဣတရံ–အနာဒရိယပုဒ်မှ တစ်ပါးသောအနာဒတာရပုဒ်သည်၊ တဿေဝ–ထို အနာဒရိယပုဒ်၏ပင်၊ ဝေဝစနံ–တည်း၊ ဝါ–တစ်နည်း၊ အနာဒိယနာကာရော–အဆုံးအမကို မနာယူခြင်းဟူသော အခြင်းအရာသည်၊ အနာဒရတာ–မည်၏၊ [အနာဒိယနာကာရောသည် သဒ္ဒတ္ထ မဟုတ်၊ အဓိပ္ပာယတ္ထတည်း၊ "နတ္ထိ+အာဒရော ယဿာတိ အနာဒရော၊ အနာဒရဿ+ဘာဝေါ အနာဒရတာ"ဟု ပြုပါ။] ဂရုဝါသံ–အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်တို့၌ ဂရုစိုက်သော အားဖြင့် နေခြင်းကို၊ အဝသနဝသေန–မနေခြင်း၏အစွမ်းဖြင့်၊ ဥပ္ပန္နော–သော၊ အဂါရဝဘာဝေါ–ရှိသေလေးစားခြင်း မရှိသူ၏အဖြစ်သည်၊ အဂါရဝတာ–၏။

---

လုပ်သော အခြင်းအရာအားဖြင့်ဖြစ်သော နာမ်ခန္ဓာလေးပါးတည်း၊ "ဒေါဝစဿိတံ" အရ၌ကား ထို အလုပ်၏ဖြစ်ကြောင်း သင်္ခါရက္ခန္ဓာစေတနာတည်း၊ ဤသို့ နောက်၌ နှစ်မျိုး အရကောက်ပြုလိမ့်မည်။

**ပဋ္ဌာဏိကဂ္ဂဟဏံ။** ။ပဋိ+အာဏိ–ဆန့်ကျင်ဘက်ဖြစ်သော စို့၊ စူးဝင်နေသောစို့ကို ရိုက်ထုတ်ကြောင်းဖြစ်သော အခြားစို့ကို "ဆန့်ကျင်ဘက်စို့"ဟု ခေါ်၏၊ ပဋ္ဌာဏိ ဝိယာတိ ပဋ္ဌာဏိကံ–ဆန့်ကျင်ဘက်စို့ကဲ့သို့ သူတစ်ပါးစကားကို ပယ်ရှားကြောင်းဖြစ်သော စကား၊ ပဋ္ဌာဏိကဿ+ဂဟဏံ ပဋ္ဌာဏိကဂ္ဂဟဏံ။

**ဂရုဝါသံ ။ပေ။ အဂါရဝတာ။** ။ဂုဏေဟိ ဂရူသု ဂါရဝေန ဝသနံ ဂရုဝါသော–ဋီကာ၊ ဂုဏ်အားဖြင့် အလေးပြုထိုက်သော ပုဂ္ဂိုလ်တို့အပေါ်၌ အလေးဂရုပြုခြင်း မရှိသော နေခြင်း၊ ဂရုမစိုက်ဘဲ နေခြင်း၊ နတ္ထိ+ဂါရဝေါ ယဿာတိ အဂါရဝေါ၊ အဂါရဝဿ+ဘာဝေါ အဂါရဝတာ။

သဇ္ဈေကဝါသံ–အကြီးအကဲနှင့် တကွဖြစ်သော နေခြင်းကို၊ အဝသနဝသေ န–ဖြင့်၊ ဥပ္ပန္နော–သော၊ အပ္ပဋိဿဝဘာဝေါ–ရှေ့ရှုနားထောင်ခြင်း မရှိသူ၏ အဖြစ်သည်၊ အပ္ပဋိဿဝတာ–မည်၏၊ အယံ ဝုစ္စတိတိ–ကား၊ ဝေရူပါ– ဤသို့ သဘောရှိသော၊ အယံ–ဤ သဘောတရားကို၊ ဒေါဝစနဿတာနာမ– ဒေါဝစနဿတာမည်၏ဟူ၍၊ ဝုစ္စတိ၊ ပန–ဆက်၊ အတ္ထတော–တရားကိုယ် အနက်အားဖြင့်၊ သော–ဤ၊ ဒေါဝစနဿတာသည်၊ တေနာကာရေန–ထို ခဲယဉ်းသော စကားရှိသူ၏အမူ၏အဖြစ်ဟူသော အခြင်းအရာအားဖြင့်၊ ပဝတ္တာ– န်သော၊ စတ္တာရော–န်သော၊ ခန္ဓာ–ခန္ဓာတို့တည်း၊ ဝါ–တစ်နည်း၊ သင်္ခါ ရက္ခန္ဓောယေဝ–သင်္ခါရက္ခန္ဓာသာတည်း၊ ဣတိ–အပြီးတည်း၊ [သင်္ခါရက္ခန္ဓာတွင် စေတနာသည် ပဓာနတည်း၊ ထိုပဓာနဖြစ်သော စေတနာကို ကောက်ရမည် ဖြစ်သောကြောင့် "သင်္ခါရက္ခန္ဓောယေဝ"ဟု ဆိုသည်၊] ပါပမိတ္တတာဒီသုပိ– ပါပမိတ္တတာ အစရှိသောပုဒ်တို့၌လည်း၊ ဧသေဝနယော၊ ဟိ–မှန်၊ ဒေါဝစဿ တာ ပါပမိတ္တတာဒယော–ဒေါဝစဿတာ ပါပမိတ္တတာ အစရှိသည်တို့သည်၊ ဝိသုံ–သီးခြား၊ စေတသိကဓမ္မာနာမ–စေတသိက်တရားတို့မည်သည်၊ နတ္ထိ– မရှိကုန်၊ [ဖဿဝေဒနာစသည်တို့ကဲ့သို့ ဒေါစဿတာစေတသိက် ပါပမိတ္တတာ စေတသိက်ဟူ၍ မရှိ၊ ထို့ကြောင့် ထိုပုဒ်တို့၏အရကို နာမ်ခန္ဓာ၄လုံးပါး (တစ်နည်း) သင်္ခါရက္ခန္ဓာကို ကောက်ရသည်–ဟူလို။]

၁၃၃၃။ ။တေသံ–ဤပုဂ္ဂိုလ်တို့၏၊ သဒ္ဓါ–သဒ္ဓါသည်၊ နတ္ထိ–မရှိ၊ ဣတိ–ကြောင့်၊ (တေ–ထိုပုဂ္ဂိုလ်တို့သည်၊) အဿဒ္ဓါ–အဿဒ္ဓါတို့မည်၏၊ ဗုဒ္ဓါ ဒီနိ–ဘုရား အစရှိကုန်သော၊ ဝတ္ထူနိ–ဝတ္ထုတို့ကို၊ န သဒ္ဒဟန္တိ–မယုံကြည်ကုန်၊ ဣတိ အတ္ထော–နက်၊ ဒုဿီလာတိ (ဧတ္ထ)–၌၊ သီလဿ–သီလ၏၊ ဒုဋ္ဌနာမံ– မကောင်းမည်သည်၊ (တစ်နည်း) ဒုန္နာမံ–ဒုသဒ္ဒါနှင့်ယှဉ်သော နာမည်သည်၊

**အဇ္ဈေက ၊ပေ၊ အပ္ပဋိဿဝတာ။** ။ဇ္ဈေကေန+သဟ+ယောတိ သဇ္ဈေ ကော၊ သဇ္ဈေကောစ+သော+ဝါသောစာတိ သဇ္ဈေကဝါသော၊ အကြီးအကဲနှင့် တကွဖြစ်သော နေခြင်း၊ မိမိအပေါ်၌ အကြီးအကဲရှိသည်ဖြစ်၍ နေခြင်း၊ ဋီကာ၌ "ဇ္ဈေကေသု ပဋိသုဏိတဗ္ဗေသု ဝသနံ သဇ္ဈေကဝါသော"ဟု ဖွင့်သည်မှာ အဓိပ္ပာယ်ဖွင့်တည်း၊ ပဋိဿဝနံ ပဋိဿဝေါ–ရှေးရှုနားထောင်ခြင်း၊ နတ္ထိ ပဋိဿဝေါ ယဿာတိ အပ္ပဋိဿဝေါ၊ အပ္ပဋိဿဝဿ+ဘာဝေါ အပ္ပဋိဿဝတာ၊ [ဂရုဝါသံ သဇ္ဈေကဝါသံတို့၌ ရှေးနိဿယအတိုင်း "နေခြင်းကို"ဟု ပေးလိုက်သည်၊ သို့သော် အဝသနေ၌ ဝသဓာတ်က အကမ္မကဖြစ်သောကြောင့် ကံအနက်မပေးဘဲ "နေခြင်းဖြင့်" ဟု ကြိယာဝိသေသန အနက်ပေးရလျှင် ကောင်းမည်ထင်သည်။]

**ဒုဿီလာ။** ။"မကောင်းသော သီလရှိကုန်၏"ဟု အနက်ယူမည်စိုး၍ "သီလဿ ဒုန္နာမံ နတ္ထိ၊ နိဿီလာတိ အတ္ထော"ဟု ဖွင့်သည်၊ ဒုသဒ္ဒါကို အဘာဝ အနက်ဟောဟု ယူ၍ "နတ္ထိ သီလံ ယေသံတိ ဒုဿီလာ"ဟု ပြု၊ ["ဒုန္နာမံ"ဟု ဋီကာ၌

နတ္ထိ–မရှိ၊ နိဿီလာ–သီလ မရှိကုန်၊ ဣတိ–ဤကား၊ အတ္ထော–အနက်တည်း၊ အပ္ပဿုတာတိ–ကား၊ သုတရဟိတာ–သုတမှ ကင်းကုန်၏၊ တေသံ–ဤ ပုဂ္ဂိုလ်တို့၏၊ ပဉ္စ–န်သော၊ မစ္ဆရိယာနိ–တို့သည်၊ အတ္ထိ–န်၏၊ ဣတိ–ကြောင့်၊ (တေ၊) မစ္ဆရိနော–မစ္ဆရီတို့မည်၏၊ ဒုပ္ပညာတိ–ကား၊ နိပ္ပညာ–ပညာ မရှိကုန်၊ [ဒုသဒ္ဒါ အဘာဝ အနက်ဟော။]

သေဝနကဝသေန–မှီဝဲခြင်း၏အစွမ်းကြောင့်၊ သေဝနာ–မည်၏၊ ဗလဝ သေဝနာ–အားကြီးသော မှီဝဲခြင်းသည်၊ နိသေဝနာ–မည်၏၊ သဗ္ဗတော ဘာဂေန–အလုံးစုံသောအဖို့အားဖြင့်၊ သေဝနာ–မှီဝဲခြင်းသည်၊ သံသေဝနာ–မည်၏၊ ဝါ–တစ်နည်း၊ ဥပသဂ္ဂဝသေန–နိ ဥပသာရ, သံ ဥပသာရတို့၏အစွမ်းဖြင့်၊ ပဒံ–ပုဒ်ကို၊ ဝမိတံ–တိုးပွားစေအပ်ပြီ၊ တီဟိပိ–(သေဝနာ, နိသေဝနာ, သံသေဝနာ) သုံးပုဒ်တို့ဖြင့်လည်း၊ သေဝနာဝ–မှီဝဲခြင်းကိုသာ၊ ကထိတာ–ဟောတော်မူ အပ်ပြီ၊ ဘဇနာတိ–ကား၊ ဥပသင်္ကမနာ–ချဉ်းကပ်ခြင်းတည်း၊ သံဘဇနာတိ–ကား၊ သဗ္ဗတောဘာဂေန–အားဖြင့်၊ ဘဇနာ–ဆည်းကပ်ခြင်း တည်း၊ ဝါ–တစ်နည်း၊ ဥပသဂ္ဂဝသေန–သံ ဥပသာရ၏အစွမ်းဖြင့်၊ ပဒံ ဝမိတံ၊ ဘတ္တီတိ–ကား၊ ဒဠှဘတ္တိ–ခိုင်မြဲသော ဆည်းကပ်ခြင်းသည်၊ သံ ဘတ္တီတိ–ကား၊ သဗ္ဗ တော ဘာဂေန–အားဖြင့်၊ ဘတ္တိ–ဆည်းကပ်ခြင်းတည်း၊ [ကိုယ် နှုတ် စိတ်တို့ဖြင့် မျက်မှောက်, မျက်ကွယ်ဆည်းကပ်ခြင်းကို "သဗ္ဗတော ဘာဂေန"ဟု ဆိုသည်၊] ဝါ–တစ်နည်း၊ ဥပသဂ္ဂဝသေန–သံ ဥပသာရ၏အစွမ်း ဖြင့်၊ ပဒံ ဝမိတံ၊ ဒွီဟိ ပိ–ဘတ္တိ သံဘတ္တိနှစ်ပုဒ်တို့ဖြင့်လည်း၊ ဒဠှဘတ္တိဧဝ– ခိုင်မြဲသောဆည်းကပ်ခြင်းကိုသာ၊ ကထိတာ–ဟောတော်မူအပ်ပြီ၊ တံ သမ္ပဝင်္က တာတိ–ကား၊ တေသု ပုဂ္ဂလေသု–ထိုပါပမိတ္တ အစရှိသောပုဂ္ဂိုလ်တို့၌၊ ကာယေန စေဝ–ကိုယ်အားဖြင့်လည်းကောင်း၊ စိတ္တေန စ–စိတ်အားဖြင့်လည်းကောင်း၊ သမ္ပဝင်္ကဘာဝေါ–ညွတ်ကိုင်းသည်၏အဖြစ်တည်း၊ တန္နိန္နတာ–ထို ပုဂ္ဂိုလ်တို့၌

ရှိ၏၊ အဋ္ဌကထာစာအုပ်များ၌ "ဒဠှနာမံ"ဟု တွေ့ရ၏၊ မဓုဝ၌ "ဒဠှနာမံ"ဟု အဋ္ဌ ကထာပါဌ်ကို ပြ၏၊ ဆိုလိုရင်းကား ဒုသဒ္ဒါနှင့်ယှဉ်သော မကောင်းသီလဟူ၍ မရှိ၊ ထိုကြောင့် "နိဿီလာ"ဟု အနက်မှတ်ပါ–ဟူလို။]

**အပ္ပဿုတာ။** ။သိတရဟိတာဟု ဖွင့်သောကြောင့် (အပ္ပဟရိတေ၌ကဲ့သို့) အပ္ပသဒ္ဒါသည် အဘာဝအနက်ဟောဟု သိစေ၏၊ အပ္ပဿုတာ–သုတ မရှိကြကုန်၊ "ကြားနာအပ်သော အာဂမ အဓိဂမ မရှိကြကုန်"ဟူလို။

**ဘဇနာ။** ။"ဘဇ–သေဝါယံ"ဟု ဓာတ်ကျမ်းရှိရကား သေဝနာနှင့် ဘဇနာ သည် အဘယ်သို့ ထူးသနည်းဟု မေးဖွယ်ရှိ၍ ထိုအထူးကို ပြလိုသောကြောင့် "ဥပ သင်္ကမနာ"ဟု ဖွင့်သည်၊ "အနားသို့ မကပ်သော်လည်း ထိုသူ့ကို အတုလိုက်၍ ကျင့်ခြင်းကို သေဝနာဟု ခေါ်၍, အနားသို့ ချဉ်းကပ်ခြင်းကို ဘဇနာဟု ခေါ်သည်" ဟူလို၊ [အနုပသင်္ကမန္တ သဿာပိ ၊ပေ၊ အာဟ၊–ဋီကာ။]

ညွတ်သည်၏အဖြစ်တည်း၊ တပ္ပောဏတာ–ထို ပုဂ္ဂိုလ်တို့၌ ကိုင်းသည်၏အဖြစ်တည်း၊ တပ္ပဗ္ဘာရတာ–ထိုပုဂ္ဂိုလ်တို့၌ ရှိုင်းသည်၏အဖြစ်တည်း၊ ဣတိ အတ္ထော။

**၁၃၃၄**။ ။သောဝစဿတာ ဒုကနိဒ္ဒေသောပိ–သောဝစဿတာ ဒုက်၏ နိဒ္ဒေသကိုလည်း၊ ဝုတ္တပဋိပက္ခနယေန–ဆိုအပ်ပြီးသော ဒေါဝစဿတာ နိဒ္ဒေသ၏ဆန့်ကျင်ဘက် နည်းအားဖြင့်၊ ဝေဒိတဗ္ဗော။

**၁၃၃၆**။ ။[အာပတ္တိ ကုသလတာနိဒ္ဒေသကို ပြလို၍ "ပဉ္စပိ အာပတ္တိက္ခန္ဓာ"စသည်ကို မိန့်၊] ပဉ္စပိ အာပတ္တိခန္ဓာတိ–ကား၊ မာတိကာနိဒ္ဒေသေန–ဒွေမာတိကာ၌ ညွှန်ပြအပ်သော အာပတ်အစုအားဖြင့်၊ ပါရာဇိကံ–ပါရာဇိက အားဖြင့်လည်းကောင်း ၊ပေ၊ ဒုက္ကဋံ–လည်းကောင်း၊ ဣတိ–သို့၊ ဣမာ ပဉ္စ–ဤငါးပါးတို့သည်၊ အာပတ္တိယော–တို့တည်း၊ သတ္တပိ အာပတ္တိက္ခန္ဓာတိ–ကား၊ ဝိနယနိဒ္ဒေသေန–ဥဘတောဝိဘင်း, ခန္ဓကဟူသောဝိနည်း၌ ညွှန်ပြအပ်သော အာပတ်အစုအားဖြင့်၊ ပါရာဇိကံ–လည်းကောင်း ၊ပေ၊ ဒုဗ္ဘာသိတံ–လည်းကောင်း၊ ဣတိ–သို့၊ ဣမာသတ္တ–တို့သည်၊ အာပတ္တိယော–တို့တည်း။

တတ္ထ–ထိုအာပတ်တို့၌၊ ဝတ္ထုနာ–အာပတ်သင့်ခြင်း၏အကြောင်းဝတ္ထုနှင့်၊ သဟ–တကွ၊ တာသံ အာပတ္တီနံ–တို့၏၊ ပရိစ္ဆေဒ ဇာနနကပညာ–အပိုင်း အခြားကို သိတတ်သောပညာသည်၊ အာပတ္တိကုသလတာနာမ–မည်၏၊ ပန–ကား၊ ကမ္မဝါစာယ–ကံကိုဆိုကြောင်း စကားရပ်နှင့်၊ သဟ, အာပတ္တိဝုဋ္ဌာန

---

**မာတိကာ နိဒ္ဒေသေန**။ ။ရှေးနိဿယ၌ "အာဂတာ"ဟု ကြိယာထည့်၍ "မာတိကာနိဒ္ဒေသေ"ဟု အာဓာရထားလေသည်၊ အမှန်အားဖြင့်ကား "ပဉ္စပိ အာပတ္တိက္ခန္ဓာ အာပတ္တိယော"၏ အဖွင့်ဖြစ်သောကြောင့် "အာဂတာ"ထည့်ဖွယ် မလို၊ မာတိကာနိဒ္ဒေသေနကိုလည်း ပဉ္စ၌ သရူပကျွာ ဝိသေသနစပ်၊ ဝိနယနိဒ္ဒေသေန၌ လည်း နည်းတူ၊ ဝိနယအရ ဒွေမာတိကာမှကြွင်းသော ဥဘတောဝိဘင်း, မဟာဝါ စူဠဝါခန္ဓဟူသောဝိနည်းကို ဋီကာ၌ယူသည်၊ ဆိုလိုရင်းကား–ဒွေမာတိကာ၌ အာပတ် ငါးဖုံသာလာ၏၊ မဟာဝဂ္ဂ စူဠဝဂ္ဂခန္ဓကတို့၌ကား ထုလ္လစ္စည်းနှင့် ဒုဗ္ဘာသိတထည့်၍ အာပတ်ခုနစ်ဖုံရှိသည်–ဟူလို။

**သဟဝတ္ထုနာ**။ ။ဤပုဒ်၏စပ်ပုဒ်ကို ဋီကာ၌ နှစ်နည်းပြ၏၊ ပထမနည်း ဝယ် "ပရိစ္ဆေဒ ဇာနနကပညာ"၌ စပ်၊ မလွန်ကျူးမီ ရှေ့အဖို့ နောက်အဖို့တို့၌ အာပတ်မသင့်ရကား "လွန်ကျူးအပ်သော ဝတ္ထုနှင့်တကွ အာပတ်အပိုင်းအခြားကို သိသော ပညာ"ဟူလို၊ ဒုတိယနည်းဝယ် "အာပတ္တီနံ"၌ စပ်၊ "ဝတ္ထုဟူသော အကြောင်းနှင့်တကွ အကျိုးအာပတ်တို့ကို"ဟူလို။

**သဟကမ္မဝါစာယ**။ ။သဟကမ္မဝါစာယ၌လည်း နည်းတူပင် နှစ်ဌာန၌ စပ်ရ၏၊ ကမ္မဝါစာယအရ၌ကား ကံကို ပြောဆိုကြောင်းဖြစ်သော (အဟံ ဘန္တေ ဣတ္ထန္နာမံ အပတ္တိံ အာပဇ္ဇိံ စသော) ဒေသနာကြား စကားကိုလည်းကောင်း, ဥတ် ကမ္မဝါစာဟူသော ကမ္မဝါစာတွင် ပါဝင်သော အဗ္ဘာနကမ္မဝါစာ, တိဏဝတ္ထာရက ကမ္မဝါစာကိုလည်းကောင်း ယူရမည်ဟု ဋီကာဆိုသည်၊ "ကမ္မဿ+ဝါစာ ကမ္မဝါစာ–

ပရိစ္ဆေဒဇာနနကပညာ–အာပတ်ထခြင်း၏ အပိုင်းအခြားကို သိတတ်သောပညာသည်၊ အာပတ္တိဝုဋ္ဌာန ကုသလတာနာမ–မည်၏၊

၁၃၃၈။ ။သမာပဇ္ဇိတဗ္ဗတော–ကောင်းစွာ ရောက်ထိုက်သည်၏ အဖြစ်ကြောင့်၊ ဝါ–ဝင်စားထိုက်သည်၏ အဖြစ်ကြောင့်၊ သမာပတ္တိ–သမာပတ်မည်၏၊ ပန–ကား၊ ပရိကမ္မေန–ပရိကမ်နှင့်၊ သဟ–တကွ၊ [ဤ၌ ပရိကမ္မေနသဟကို အပ္ပနာ၌သာ စပ်ရသည်၊ ပရိစ္ဆေဒ ဇာနနကပညာတိုင်အောင် မစပ်ရ၊] အပ္ပနာ ပရိစ္ဆေဒဇာနနကပညာ–အပ္ပနာအပိုင်းအခြားကို သိတတ်သောပညာသည်၊ သမာပတ္တိကုသလတနာမ–မည်၏၊ စန္ဒေ–လသည်၊ (တွေ့ကဲ့ဌာန်–ဤမျှ အတိုင်း အရှည်ရှိသောအရပ်သို့၊ ဂတေ–ရောက်လသော်၊ ဝုဋ္ဌဟိဿာမိ–ထအံ့၊ (ဣတိဝါ) ဝါ–ဤသို့ကြံ၍ လည်းကောင်း၊ သူရိယေ–သည်၊ (တွေ့ကဲ့ဌာန် ဂတေ ဝုဋ္ဌ ဟိဿာမိ၊ ဣတိ)ဝါ–လည်းကောင်း၊ နက္ခတ္တေ–သည်၊ တွေ့ကဲ့ဌာန် ဂတေ ဝုဋ္ဌဟိဿာမိ၊ ဣတိဝါ–လည်းကောင်း၊ အဝိရဇ္ဈိတွာ–မချွတ်ယွင်းမူ၍၊ (ကြံသည့် အတိုင်း မချွတ်ယွင်းမူ၍၊) တသ္မိံ ယေဝ သမယေ–ထို အခါ၌သာလျှင်၊ ဝုဋ္ဌာ နကပညာယ–ထကြောင်းဖြစ်သော ပရိကမ်ပညာ၏၊ [ဝုဋ္ဌာနသာ ကာရဏ ဘူတာယ ပရိကမ္မပညာယ၊–ဋီကာ၊] အတ္ထိတာယ–ရှိသည်၏ အဖြစ်ကြောင့်၊ သမာပတ္တိ ဝုဋ္ဌာန ကုသလတာနာမ–မည်၏။

၁၃၄၀။ ။အဋ္ဌာရသန္နံ–န်သော၊ ဓာတူနံ–တို့ကို၊ ဥဂ္ဂဟ ၊ပေ၊ ပညာ–ဓာတုပါဠိကို သင်ယူတတ်သော ပညာ, ဓာတုပါဠိကို နှလုံးသွင်းတတ်သော ပညာ, ဓာတုပါဠိ၏ အနက်အဓိပ္ပာယ်ကို ကြားနာတတ်သော ပညာ, ဓာတုပါဠိနှင့် ဓာတုပါဠိ၏ အနက်အဓိပ္ပာယ်ကို ဆောင်ထားတတ်သော ပညာ, ဓာတ်တို့၏ အပိုင်းအခြားကို သိတတ်သောပညာသည်၊ ဓာတုကုသလတာနာမ–မည်၏၊ တာသံယေဝ–ထိုဓာတ်တို့ကိုပင်၊ ဥဂ္ဂဟ ၊ပေ၊ ပညာ–သင်ယူခြင်းကို

ကံကိုဆိုကြောင်းစကား"၊ [သမုစ္စယက္ခန္ဓကဥ္စလာသော အဋ္ဌာနကမ္မဝါစာသည် သံဃာ၏ အာပတ်မှ ထမြောက်ကြောင်းဖြစ်၏၊ သမထက္ခန္ဓကဥ္စလာသော တိဏဝတ္ထာရက ကမ္မဝါစာသည် ထိုကံတွင်ပါဝင်သော ရဟန်းအားလုံး၏ အာပတ်မှ ထမြောက်ကြောင်း ဖြစ်၏၊ ဒေသနာကြားစကားသည် ဆိုင်ရာအာပတ်မှ ထမြောက်ကြောင်းဖြစ်၏။

ဥဂ္ဂဟ ၊ပေ၊ ပညာ။ ။ဥဂ္ဂဟစသည်ကို ပညာ၌ စပ်၊ ဓာတ်တို့ကိုပြသော ပါဠိတို့ကို သင်ယူတတ်သောပညာသည် ဥဂ္ဂဟပညာမည်၏၊ ထိုဓာတုပါဠိကို နှလုံး သွင်းတတ်သော ပညာသည် မနသိကာရပညာမည်၏၊ ဓာတုပါဠိ၏အနက်အဓိပ္ပာယ် ကို ကြားနာတတ်သောပညာသည် သဝနပညာမည်၏၊ ဓာတုပါဠိဖြစ်သော ကျမ်းဂန် အားဖြင့်လည်းကောင်း, အနက်အဓိပ္ပာယ်ဖြစ်သော အဋ္ဌကထာအားဖြင့်လည်းကောင်း ဆောင်ထားတတ်သောပညာသည် ဓာရဏပညာမည်၏၊ "ဤသဘောတရားသည် စက္ခုဓာတ်မည်၏၊"စသည်ဖြင့် ဓာတ်တို့၏ သဘာဝအားဖြင့်လည်းကောင်း, "ဓာတ် သည် တစ်ဆယ့်ရှစ်ပါးသာရှိ၏"ဟု အရေအတွက်အားဖြင့်လည်းကောင်း အပိုင်း အခြားကို သိတတ်သောပညာသည် ပရိစ္ဆေဒဇာနနကပညာမည်၏။

သိတတ်သောပညာသည်, နှလုံးသွင်းခြင်းကို သိတတ်သောပညာ၊ (တစ်နည်း) ဥဂ္ဂဟ ။ပေ။ပညာ–သင်ယူခြင်း နှလုံးသွင်းခြင်းကို ဖြစ်စေတတ်သောပညာသည်၊ မနသိကာရကုသလတာနာမ–မည်၏။

၁၃၄၂။ ။ဒွါဒသန္နံ–န်သော၊ အာယတနာနံ–တို့ကို၊ ဥဂ္ဂဟ ။ပေ။ ပညာ–အာယတနာပါဠိကို သင်ယူတတ်သော ပညာ, အာယတနပါဠိကို နှလုံးသွင်းတတ်သော ပညာ, အာယတနပါဠိ၏အနက်အဓိပ္ပာယ်ကို ကြားနာတတ်သော ပညာ, အာယတနပါဠိနှင့် အာယတနပါဠိ၏အနက်အဓိပ္ပာယ်ကို ဆောင်တတ်သော ပညာ, အာယတနတို့၏အပိုင်းအခြားကို သိတတ်သော ပညာသည်၊ အာယတန ကုသလတာနာမ–မည်၏။

ဝါ–တစ်နည်း၊ တိသုပိ–သုံးပါးလည်းဖြစ်ကုန်သော၊ တောသု ကုသလတာ သု–ဤဓာတုကုသလတာ, မနသိကာရကုသလတာ, အာယတနကုသလတာ တို့၌၊ ဥဂ္ဂဟော–သင်ယူခြင်းလည်းကောင်း၊ မနသိကာရော–နှလုံးသွင်းခြင်း လည်းကောင်း၊ သဝနံ–ကြားနာခြင်းလည်းကောင်း၊ သမ္မသနံ–သုံးသပ်ခြင်း လည်းကောင်း၊ ပဋိဝေဓော–ထိုးထွင်း၍ သိခြင်းလည်းကောင်း၊ ပစ္စဝေက္ခဏာ– ဆင်ခြင်ခြင်းလည်းကောင်း၊ ဣတိ–ဤသို့သော၊ သဗ္ဗံ–အလုံးစုံသည်၊ ဝဋ္ဋတိ– သင့်၏၊ တတ္ထ–ထိုဥဂ္ဂဟစသည်တို့တွင်၊ သဝနဥဂ္ဂဟ ပစ္စဝေက္ခဏာ–သဝန ဥဂ္ဂဟ ပစ္စဝေက္ခဏာတို့သည်၊ လောကိယာ–လောကီ ပညာတို့တည်း၊ ပဋိဝေ ဓော–ထိုးထွင်း၍ သိတတ်သော ပညာသည်၊ လောကုတ္တရော–လောကုတ္တရာ ပညာတည်း၊ သမ္မသန မနသိကာရော–သုံးသပ်တတ်သော ပညာ, နှလုံးသွင်း တတ်သော ပညာတို့သည်၊ လောကိယလောကုတ္တရမိဿကာ–လောကီ လောကုတ္တရာရောသော ပညာတို့တည်း၊ အဝိဇ္ဇာပစ္စယာသင်္ခါရာတိ အာဒိနိ– အဝိဇ္ဇာပစ္စယာသင်္ခါရာ အစရှိသောပုဒ်တို့သည်၊ ပဋိစ္စသမုပ္ပါဒဝိဘင်္ဂေ–၌၊ အာဝိ–ထင်ရှားစွာ၊ ဘဝိဿန္တိ–ဖြစ်ကုန်လတ့်၊ ပန–ဆက်၊ ဣမိနာပစ္စယေန– ဤအဝိဇ္ဇာအစရှိသော အကြောင်းကြောင့်၊ ဣဒံ–ဤသင်္ခါရအစရှိသော အကျိုး သည်၊ ဟောတိ၊ ဣတိ–သို့၊ ဇာနနကပညာ–သိတတ်သော ပညာသည်၊ ပဋိစ္စသမုပ္ပာဒကုသလတာနာမ–မည်၏။

---

**တာသံယေဝ ။ပေ။ မနသိကာရ**။ ။ဓာတ်နှင့်စပ်၍ သိခြင်းဟူသမျှကို ဓာတု ကုသလတာဖြင့် ယူထား၏၊ ဤမနသိကာရကုသလတာကား ထိုဓာတုကုသလတာ၏ တစ်စိတ်တစ်ဒေသသာဖြစ်၏၊ ထို့ကြောင့် ဥဂ္ဂဟ, မနသိကာရနှစ်မျိုးကို သိသော ပညာကို "မနသိကာရကုသလတာ"ဟု ဆိုသည်၊ ဋီကာ၌ အခြားနည်းများကိုလည်း ပြသေး၏။

**သမ္မသန ။ပေ။ မိဿကာ**။ ။သမ္မသနသည် အနိစ္စအစရှိသောအားဖြင့် သုံး သပ်တတ်သော ပညာဖြစ်၍ လောကီ နှင့်သာဆိုင်သော်လည်း မဂ္ဂသမ္မသနသည် နိစ္စ သညာစသည်ကို ပယ်စွန့်နိုင်ခြင်းကြောင့် မဂ္ဂသမ္မယုတ္တလည်းဖြစ်နိုင်၏၊ ထို့ကြောင့် "လောကိယလောကုတ္တရမိဿကာ"ဟု ဆိုသည်၊ မနသိကာရလည်း ထို့အတူပင်တည်း၊ [သမ္မသနံ ပညာ ။ပေ။ သာဓေတိ၊–ဋီကာ။]

**၁၃၄၄။** ။ဌာနာဌာနကုသလတာနိဒ္ဒေသေ-၌၊ ဟေတူ, ပစ္စယာတိ-ဟူသော၊ ဧတံ ဥဘယံပိ-ဤနှစ်ပုဒ် အပေါင်းသည်လည်း၊ အညမညဝေဝစနံ-အချင်းချင်း ဝေဝုစ်ပရိယာယ် စကားလှယ်တည်း၊ [အခြားနေရာ၌ ဇနက အကြောင်းကို ဟေတု, ဥပတ္ထမ္ဘကအကြောင်းကို ပစ္စယဟု ခွဲ၍ရသကဲ့သို့, ဤ၌ ခွဲမရပါ-ဟူလို၊] ဟိ-မှန်၊ စက္ခုပသာဒေါ-စက္ခုပသာဒသည်၊ ရူပံ-ရူပါရုံကို၊ အာရမဏံ ကတွာ-အာရုံပြု၍၊ ဥပ္ပဇ္ဇမာနကဿ-ဖြစ်သော စက္ခုဝိညာဏဿ-၏၊ ဟေတုစေဝ-အကြောင်းလည်းဟုတ်၏၊ ပစ္စယောစ-ပစ္စည်းလည်းဟုတ်၏၊ ဘထာ-တူ၊ သောတပသာဒါဒယော-သောတပသာဒ အစရှိသောတရားတို့သည်၊ သောတဝိညာဏာဒီနံ-သောတဝိညာဉ် အစရှိသောတရားတို့၏၊ (ဟေတုစေဝ-အကြောင်းတို့လည်းဟုတ်၏၊ ပစ္စယောစ-ပစ္စည်းတို့လည်းဟုတ်၏၊) စ-ဆက်၊ (တစ်နည်း) စ-ဥပါဒိန္နကမှတစ်ပါး, အနုပါဒိန္နကကို ပြဦးအံ့၊ အမ္ဗဗီဇာဒီနိ-သရက်စေ့အစရှိသည်တို့သည်၊ အမ္ဗဖလာဒီနံ-သရက်သီး အစရှိသည်တို့၏၊ (ဟေတုစေဝ ပစ္စယောစ) ဒုတိယနယေ-အဋ္ဌာနကုသလတာဟူသော ဒုတိယနည်း၌၊ ယေယေဓမ္မာတိ-ဟူသောသဒ္ဒါသည်၊ ဝိသဘာဂပစ္စယာဓမ္မာနံ-သဘောမတူသော အကြောင်းတရားတို့ကို၊ နိဒဿနံ-ညွှန်ပြကြောင်းသဒ္ဒါတည်း၊ ယေသံ ယေသန္တိ-ဟူသောသဒ္ဒါသည်၊ ဝိသဘာဂ ၊ပေ၊ နိဒဿနံ-သဘောမတူသော အကြောင်းတို့ကြောင့် ကောင်းစွာဖြစ်သော အကျိုးတရားတို့ကို ညွှန်ပြကြောင်းသဒ္ဒါတည်း။

---

**ဝိသဘာဂပစ္စယ။** ။စက္ခုပသာဒသည် သောတဝိညာဉ်စသည်နှင့် သဘောမတူ, သောတဝိညာဉ်စသည်ကား မလျော်, သောတဝိညာဉ်စသည်ကို မဖြစ်စေတတ်၊ ထို့ကြောင့် စက္ခုပသာဒသည် သောတဝိညာဉ်စသည်တို့၏ ဝိသဘာဂအကြောင်း ဖြစ်၏၊ ဤသို့စသည်ဖြင့် သောတပသာဒစသည်၏ စက္ခုဝိညာဉ်စသည်တို့အတွက် ဝိသဘာဂပစ္စယဖြစ်ပုံကို သိပါ၊ [ဤနည်း၌ "ဝိသဘာဂါစ+တေ+ပစ္စယာစာတိ ဝိသဘာဂပစ္စယော"ဟု ပြု၊] ထို ဝိသဘာဂဖြစ်သော စက္ခုစသောအကြောင်းကြောင့် မဖြစ်ကုန်သော သောဝိညာဉ်စသည်တို့ကို ဝိသဘာဂပစ္စယသမုပ္ပန္နဓမ္မဟု ဆိုသည်၊ [သောတဝိညာဒီနံ ၊ပေ၊ သမုပ္ပန္နဓမ္မာတိ၊-ဋီကာ။]

**တစ်နည်း။** ။သောတဝိညာဉ်နှင့် သဘောမတူသော စက္ခုဝိညာဉ်ကို "ဝိသဘာဂ"ဟု ခေါ်၏၊ ထိုဝိသဘာဂပြစ်သော စက္ခုဝိညာဉ်၏အကြောင်းဖြစ်သော စက္ခုပသာဒကို "ဝိသဘာဂပစ္စယ"ဟု ခေါ်၏၊ ဤသို့စသည်ဖြင့် စက္ခုဝိညာဉ်နှင့် သဘောမတူသော သောတဝိညာဉ်ကို ဝိသဘာဂခေါ်ပုံ, ထိုသောတဝိညာဉ်၏ အကြောင်းဖြစ်သော သောတပသာဒကို "ဝိသဘာဂပစ္စယ"ခေါ်ပုံစသည်ကို သိပါ၊ ဤနည်း၌ "ဝိသဘာဂါနံ+ပစ္စယော ဝိသဘာဂပစ္စယော"ဟု ပြု၊ စက္ခုပသာဒနှင့် သဘောတမတူသော သောတပသာဒဟူသော အကြောင်းကြောင့်ဖြစ်သော သောတဝိညာဉ်ကို "ဝိသဘာဂပစ္စယသမုပ္ပန္န"ဟု ခေါ်သည်၊ [သောတဝိညာဏေန ဝါ ၊ပေ၊ သမုပ္ပန္နော၊-ဋီကာ။]

နဟေတု န ပစ္စယာတိ–ကား၊ စက္ခုပသာဒေါ–သည်၊ သဒ္ဒ–သဒ္ဒါရုံကို၊ အာရမ္မဏံ ကတွာ, ဥပ္ပဇ္ဇနကဿ–သော၊ သောတဝိညာဏဿ–၏၊ နဟောတု–အကြောင်း မဟုတ်၊ န ပစ္စယော–ပစ္စည်း မဟုတ်၊ တထာ–တူ၊ သောတပသာဒါဒယော–တို့သည်၊ အဝသေသဝိညာဏာဒီနံ–သောတဝိညာဉ်မှ ကြွင်းသော စက္ခုဝိညာဉ်အစရှိသည်တို့၏၊ (န ဟေတု, န ပစ္စယာ၊) အမ္ဗာဒယော–သရက်စေ့အစရှိသည်တို့သည်လည်း၊ တာလာဒီနံ–ထန်းပင်အစရှိသည်တို့၏၊ ဥပ္ပတ္တိယာ–ဖြစ်ခြင်း၏၊ (နဟေတု–အကြောင်း မဟုတ်ကုန်၊ န ပစ္စယာ–ပစ္စည်းမဟုတ်ကုန်၊) ဣတိ ဧဝံ အတ္ထော ဝေဒိတဗ္ဗော၊ [“အမ္ဗဗီဇာဒယော စ တာလဖလာဒီနံ”ဟုရှိလျှင် ရှေ့နောက်ညီ၏။]

**၁၁၄၆။** ။အဇ္ဈဝမဒ္ဒဝနိဒ္ဒေသေ–၌၊ နီစစိတ္တတာတိပဒမတ္တမေဝ–နီစစိတ္တတာဟူသော ပုဒ်မျှသည်သာ၊ ဝိသေသော–ထူး၏၊ တဿ–ထိုနီစစိတ္တတာပုဒ်၏၊ အတ္ထော–ကို၊ (ဧဝံ ဝေဒိတဗ္ဗော၊) မာနာဘာဝေန–မာန၏မရှိခြင်းကြောင့်၊ အဿ–ထိုပုဒ်၏၊ နီစံ–နိမ့်ကျသော၊ (နိမ့်ချအပ်သော၊) စိတ္တံ–သည်၊ (အတ္ထိ၊) ဣတိ–ကြောင့်၊ (သော–ထို ပုဂ္ဂိုလ်သည်၊) နီစစိတ္တော–မည်၏၊ နီစစိတ္တဿ နိမ့်ကျသော စိတ်ရှိသူ၏၊ (နိမ့်ချအပ်သော စိတ်ရှိသူ၏၊) ဘာဝေါ–တည်း၊ နီစစိတ္တတာ–ရာ၊ သေသံ–ကြွင်းသောပုဒ်အပေါင်းသည်၊ စိတ္တုဇုကတာ စိတ္တမုဒုတာနံ–စိတ္တုဇုကတာ စိတ္တမုဒုတာပုဒ်တို့၏၊ ပဒဘာဇနီယေ–၌၊ အာဂတမေဝ–လာသည်သာ။

**၁၁၄၈။** ။ခန္တိနိဒ္ဒေသေ–၌၊ ခမနကဝသေန–သည်းခံခြင်း၏အစွမ်းကြောင့်၊ ခန္တိ–မည်၏၊ ခမနာကာရော–သည်းခံခြင်းဟူသော အခြင်းအရာသည်၊ ခမနတာ–မည်၏၊ တောယ–ဤသဘောတရားဖြင့်၊ အဓိဝါသေန္တိ–မိမိ၏ အထက်၌ ဝင်သက်၍ နေစေကြကုန်၏၊ အတ္တနော–၏၊ ဥပရိ–အပေါ်၌၊ အရောပေတွာ–တင်၍၊ ဝါသေန္တိ–နေစေကြကုန်၏၊ န ပဋိဗာဟန္တိ–မတားမြစ်ကြကုန်၊ ပစ္စနီကတာယ–ဆန့်ကျင်ဘက်၏အဖြစ်ဖြင့်၊ န တိဋ္ဌန္တိ–မတည်ကုန်၊

---

**ဝိသေသော။** ။စိတ္တဇုကတာ, စိတ္တမုဒုတာ၏ ပဒဘာဇနီ၌ “နီစစိတ္တတာ” မပါခဲ့သောကြောင့် ထိုတစ်ပုဒ်သာထူးသည်ဟု ဆိုသည်၊ မှန်၏–ဤအဇ္ဈဝနိဒ္ဒေသ၌ ပါသော “အဇ္ဇဝေါ အဇ္ဇဝတာ”သည် စိတ္တုဇုကတာ၏ ပဒဘာဇနီ၌ပါသော “ဥဇုတာ ဥဇုကတာ”နှင့် အနက်တူ၏၊ ဤမဒ္ဒဝနိဒ္ဒေသ၌ပါသော “မုဒုတာ မဒ္ဒဝတာ” သည် ထို၌ပါသော မုဒုတာ မဒ္ဒဝတာ အတိုင်းပင်တည်း။

**အဓိဝါသနတာ။** ။အဓိကို ဥပရိဟု ဖွင့်၏၊ ဝါသေန္တိကို “နပဋိ ၊ပေ၊ တိဋ္ဌန္တိ”ဟု အဓိပ္ပာယ်ဖွင့်သည်၊ သူတစ်ပါးက မကောင်းသဖြင့်ပြုအပ်သော ကာယကံအမှု မကောင်းသဖြင့်ပြောအပ်သော ဝစီကံမှုတို့ကို တားလည်းမတား, ဆန့်ကျင်ဘက်လည်း ပြန်၍မပြုဘဲ, ထိုပြုသမျှကို မိမိအပေါ်၌ တက်ရောက်နေစေခြင်း (သည်းသည်းခံ၍

ဣတိ–ထို့ကြောင့်၊ (သာ–ထိုသဘောတရားသည်၊) အဓိဝါသနတာ–မည်၏၊ အစက္ခုကာဘာဝေါ–မကြမ်းတမ်းသူ၏အဖြစ်သည်၊ အစက္ခုက္ကံ–မည်၏၊ ["စဏ္ဍော ယေဝ–စက္ခိုကော"ဟု ပြု၊] အနသုရောပေါတိ (ဧတ္ထ)–ဟူသော ဤပါဠိ၌၊ သမ္မာ–စွာ၊ နရောပိတတ္တာ–မတက်ရောက်စေအပ်သည်၏ အဖြစ်ကြောင့်၊ (မတင်အပ်သည်၏ အဖြစ်ကြောင့်၊) ဒုရုတ္တဝစနံ–မကောင်းသဖြင့် ပြောဆိုအပ်သော စကားကို၊ အသုရောပေါ–အသုရောပဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏၊ တပ္ပဋိပက္ခတော–ထိုအသုရောပ၏ ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်၊ အနသုရောပေါ–မည်၏၊ သုရုတ္တဝါစာ–ကောင်းစွာ ပြောဆိုအပ်သော စကားတည်း၊ ဣတိ အတ္ထော၊ ဧဝံ–ဤသို့လျှင်၊ ဧတ္ထ–ဤ၌ခန္တီ နိဒ္ဒေသ၌၊ ဖလူပစာရေန–ဖလူပစာရအားဖြင့်၊ ကာရဏံ–အကြောင်းကို၊ နိဒ္ဒိဋ္ဌံ–ညွှန်ပြအပ်ပြီ။

အတ္တမနတာ စိတ္တဿာတိ–ကား၊ သောမနဿဝသေန–သောမနဿ၏ အစွမ်းဖြင့်၊ စိတ္တဿ–စိတ်၏၊ သကမနတာ–မိမိစိတ်၏အဖြစ်တည်း၊ အတ္တနော–၏၊ စိတ္တဿဘာဝေါ ယေဝ–စိတ်၏ သဘောသည်သာလျှင်တည်း၊ (စိတ်တိုင်းကျ သဘောသာလျှင်တည်း၊) ဗျာပန္နစိတ္တတာ–ဖောက်ပြန်ခြင်းသို့ ရောက်သော စိတ်၏အဖြစ်သည်၊ န–မဟုတ်၊ ဣတိ အတ္ထော။

---

နေခြင်း)ကို "အဓိဝါသနခန္တီ"ဟု ခေါ်သည်၊ [အဓိဝါသေန္တိ ဧတာယာတိ အဓိဝါသနာ၊ အဓိဝါသနာယေဝ အဓိဝါသနတာ၊ ယောဇနာ၌ "အဓိဝါသေန္တိ ဧတာယာတိ အဓိ ဝါသနာ၊ ပုဂ္ဂလာ"ဟု တွေ့ရ၏၊ ပါဌ်ပျက်ဟန်တူသည်။]

**အနသုရောပေါ။** ။ရောပေါ၌ ရုဟဓာတ်, ဏာပေပစ္စည်း, ဏပစ္စည်း၊ ရောပီယတေ–တက်ရောက်စေအပ် (တင်အပ်)၏၊ ဣတိ ရောပေါ၊ သမ္မာ+ရောပေါ သုရောပေါ၊ ကောင်းစွာတင်အပ် (ကောင်းစွာ ပြောအပ်)သော စကား၊ န+သုရောပေါ အသုရောပေါ–ကောင်းစွာ တင်အပ်သည်မဟုတ်သော (မကောင်းသဖြင့် ပြောအပ်သော) စကား၊ န+အသုရောပေါ အနသုရောပေါ–မကောင်းသော စကား၏ဆန့်ကျင်ဘက် ဖြစ်သော ကောင်းသောစကား၊ ဤအနက်ကို ပြလို၍ "အသုရောပေါ ဝုစ္စတိ"စသည်ကို မိန့်သည်၊ ဤသဒ္ဒါနည်းအရ စကားဟူသော ဝါစာရသော်လည်း အကျိုးဝါစာ၏ အမည်ကို အကြောင်းခန္တီ၌ တင်စားထားသော ဖလူပစာရဟု ပြလို၍ "ဧဝမေတ္ထ ။ပေ။ နိဒ္ဒိဋ္ဌံ"ဟု မိန့်သည်။

**အတ္တမနတာ။** ။အတ္တမနတာကို "သကမနတာ"ဟု ဖွင့်၏၊ ထိုသကမနတာ၏ သရုပ်အရကောက်ကို "သောမနဿဝသေန"ဟူသော သရူပကဏ္ဍာဝိသေသနဖြင့် ပြ၏၊ ဝစနတ္ထကို "အတ္တနော+မနတာ အတ္တမနတာ"ဟု စိတ္တုပ္ပာဒကဏ္ဍ–ပီတိပဒ နိဒ္ဒေသ၌ ဖွင့်ပြထားသည်၊ မနတာ၌ တာပစ္စည်း၏အနက်ကိုလည်း "သကမနဿ+ ဘာဝေါ"ဟု ထို၌ ပြထားပြီ၊ "အတ္တနော+မနော အတ္တမနော၊ အတ္တမနဿ+ဘာဝေါ အတ္တမနတာ"ဟု ပြုစေလိုသည်၊ ဆိုလိုရင်းကား–သောမနဿဖြစ်သော စိတ်သည် မိမိဟူသော ပုဂ္ဂိုလ်၏ သဘောကျဖြစ်သော စိတ်တည်း၊ ဒေါမနဿစိတ်ကား မိမိ

**၁၃၄၉။** ။သောရစ္စနိဒ္ဒေသေ–၌၊ ကာယိကော အဝီတိက္ကမောတိ–ကား၊ တိဝိဓံ–သုံးပါးအပြားရှိသော၊ ကာယသုစရိတံ–ကာယသုစရိုက်တည်း၊ ဝါစသိကော အဝီတိက္ကမောတိ–ကား၊ စတုဗ္ဗိဓံ–သော၊ ဝစီသုစရိတံ–တည်း၊ ကာယိက ဝါစာသိကောတိ ဣမိနာ–ဟူသောပါဌ်ဖြင့်၊ ကာယဝစီဒွါရသမုဋ္ဌိတံ–ကာယဒွါရ ဝစီဒွါရ၌ဖြစ်သော၊ အာဇီဝဋ္ဌမကသီလံ–အာဇီဝဋ္ဌမကသီလကို၊ ပရိယာဒိယတိ–ထက်ဝန်းကျင်ယူတော်မူ၏၊ (ကုန်အောင်ယူတော်မူ၏၊) ဣဒံ ဝုစ္စတိ သောရစ္စန္တိ–ကား၊ ဣဒံ–ဤမကျူးလွန်ခြင်းကို၊ ပါပတော–မှ၊ သုဋ္ဌု–ကောင်းစွာ၊ ဩရတတ္တာ–ရှောင်ကြဉ်သည်၏အဖြစ်ကြောင့်၊ သောရစ္စံနာမ–သောရစ္စမည်၏ ဟူ၍၊ ဝုစ္စတိ–၏၊ သဗ္ဗောပိ သီလသံဝရောတိ ဣဒံ–ဟူသော ဤစကားကို၊ (ဝုတ္တံ၌ စပ်၊) ယသ္မာ, ကေဝလံ–မနောဒွါရမဖက် သက်သက်၊ ကာယဝါစာ ဟေဝ–ကာယဒွါရ, ဝစီဒွါရတို့ဖြင့်သာ၊ အနာစာရံ–မလျောက်ပတ်သော အကျင့်ကို၊ အာစရတိ–ကျင့်တတ်သည်ကား၊ န–မဟုတ်သေး၊ မနသာပိ–မနောဒွါရ ဖြင့်လည်း၊ (အနာစာရံ–ကို၊) အာစရတိဝေ–ကျင့်တတ်သည်သာ၊ တသ္မာ, မာနသိကသီလံ–မာနသိကသီလကို၊ ပရိယာဒါယ–ထက်ဝန်းကျင်ယူတော်မူ၍၊ (ကုန်အောင်ယူတော်မူ၍၊) ဒဿေတုံ–ပြတော်မူခြင်းငှာ၊ ဝုတ္တံ–ပြီ။]

---

သဘောကျမဟုတ်သော ဖောက်ပြန်သော စိတ်တည်း၊ ထို့ကြောင့် "အတ္တနော စိတ္တ ၊ပေ၊ အတ္တော"ဟု အဓိပ္ပာယတ္ထကို ဖွင့်ပြသည်၊ ["အတ္တမန"အရ ပုဂ္ဂိုလ်ကို အရ ကောက်ရာ၌ "အတ္တ မန–ပီတိ သုခတို့ယှက်အပ်သော စိတ်ရှိသူ"ဟု ဖွင့်သောနည်းလည်း ရှိသေး၏၊ ပါရာဇိကဏ်, အဋ္ဌမ သံဃာဒိသေသ်အဖွင့်မှာ ရှုပါ။]

**အာဇီဝဋ္ဌမကသီလံ။** ။မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းသည် (ကာယဒုစရိုက်သုံးပါး မှလည်းကောင်း, ဝစီဒုစရိုက်လေးပါးမှလည်းကောင်း ရှောင်ကြဉ်ခြင်းကို ထောက်၍) ရှစ်ခုမြောက်သီလဖြစ်၏၊ ထိုအာဇီဝလျှင် ရှစ်ခုမြောက်ရှိသော သီလကို "အာဇီဝဋ္ဌမက သီလ"ဟု ခေါ်သည်၊ အာဇီဝေါ+အဋ္ဌမော+ယဿာတိ အာဇီဝမဋ္ဌကံ၊ (သမာသန္တ ကပစ္စည်း၊) အာဇီဝဋ္ဌမကံစ+တံ+သီလံစာတိ အာဇီဝဋ္ဌမကသီလံ။

**သောရစ္စံ။** ။သုဋ္ဌု ဩရတတ္တာကို ကြည့်၍ "ဩရမတီတိ ဩရတော၊ သုဋ္ဌု+ဩရတော သောရတော–မကောင်းမှုမှ ကောင်းစွာရှောင်ကြဉ်သူ၊ သောရတဿ+ ဘာဝေါ သောရစ္စံ"ဟု ပြု၊ မာတိကာအဖွင့်၌ကား "သူရတဿ+ဘာဝေါ သောရစ္စံ" ဟု ပြုခဲ့သည်။

**မနသာပိ။** ။မလျောက်ပတ်သောအကျင့်ကို ကျင့်သောရဟန်းသည် ကိုယ် နှုတ်တို့ဖြင့်သာ ကျင့်သည်မဟုတ်သေး၊ စိတ်ဖြင့်လည်း (ကိုယ်နှုတ်တို့ဖြင့် ပြုထိုက် သောအမှုကို မပြုဘဲနေခြင်း, မသာယာထိုက်သော ရွှေ ငွေစသည်တို့ကို သာယာခြင်း အားဖြင့်) ကျင့်သည်သာ၊ မာနသိက အနာစာရကြောင့် သီလပျက်သည်၊ ထို့ကြောင့် မပျက်သော မာနသိကသီလကို ကုန်အောင်ယူခြင်းငှာ ဤ"သဗ္ဗောပိ သီလသံဝရော" ဟူသောစကားကို ဟောတော်မူသည်။

၁၃၅၀။ ။သာခလျနိဒ္ဒေသေ-၌၊ အဏ္ဍကာတိ-ကား၊ သဒေါသေ-အပြစ်အနာရှိသော၊ ရက္ခေ-သစ်ပင်၌၊ အဏ္ဍကာတိ-ဥနှင့်တူသော အဖုတို့သည်၊ ဥဋ္ဌဟန္တိ ယထာ-ပေါ်ထွက်လာကုန်သကဲ့သို့၊ ဧဝံ-တူ၊ သဒေါသတာယ-အပြစ်နှင့် တကွဖြစ်သည်၏အဖြစ်ကြောင့်၊ ခုံသနဝမ္ဘနာဒိဝစနေဟိ-ဆဲရေးခြင်း ရှုတ်ချခြင်း အစရှိသောစကားတို့ဖြင့်၊ အဏ္ဍကာ-အမှုန်ခဲ, အဖုနှင့်တူသော စကားသည်၊ ဇာတာ-ဖြစ်ပြီ၊ [အဏ္ဍကာအရ ဝါစာရသောကြောင့် "ခုံသနဝမ္ဘနာဒိ ဝစနေဟိ"သည် အဏ္ဍကာ၏သရုပ်ပြဖြစ်သော သရူပကျွာဝိသေသန တည်း၊] ကက္ကသာတိ-ကား၊ ပူတိကာ-ပုပ်သည်ဖြစ်၍ ကြမ်းတမ်းသောစကား တည်း၊ ယထာနာမ-ဥပမာမည်သည်ကား၊ သာ-ထိုပုပ်သည်ဖြစ်၍ ကြမ်းတမ်း သော စကားသည်၊ ပူတိရုက္ခော-ပုပ်ဆွေးသော သစ်ပင်သည်၊ ကက္ကသော-ကြမ်းတမ်းသော အတွေ့ရှိသည်၊ ပဂ္ဃရိတစုဏ္ဏော-ယိုစီးသော အမှုန်အဖွဲ့ရှိသည်၊ ဟောတိ ယထာ-ဖြစ်သကဲ့သို့၊ ဧဝံ-တူ၊ ကက္ကသာ-ကြမ်းတမ်းသော အတွေ့ ရှိသည်၊ ဟောတိ၊ သောတံ-နားကို၊ ဃံသယမာနာ ဝိယ-ပွတ်တိုက်သကဲ့သို့၊ ပဝိသတိ-ဝင်၏၊ တေန-ကြောင့်၊ ကက္ကသာတိ-ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ၊ [ကြားရသော သောတဒွါရိကစိတ်အစဉ်၌ ဒေါသ ဒေါမနဿဖြစ်စေသည်ကိုပင် "သောတံ ဃံသယ မာနာဝိယ ပဝိသတိ"ဟု ဥပရိကျွာစကားကို ဆိုသည်။]

ပရကဋုကာတိ-ကား၊ ပရေသံ-တို့၏၊ ကဋုကာ-ခါးစပ်သောအရသာ နှင့်တူသည်၊ အမနာပါ-စိတ်ကို မတိုးပွားစေတတ်သည်၊ ဒေါသဇနနီ-ဒေါသကို ဖြစ်စေတတ်သည်၊ (ဟောတိ၊) ပရာဘိသဇ္ဇနီတိ-ကား၊ ကုဋိလ ကဏ္ဋကသာခါ-ကောက်သော ဆူးခက်သည်၊ စမ္မေသု-အရေတို့၌၊ ဝိဇ္ဈိတွာ

**အဏ္ဍကာ။** ။အဏ္ဍာနိဝိယာတိ အဏ္ဍကာ၊ အဏ္ဍသဒ္ဒါသည် "အု"ဟူသော အနက်ကို ဟော၏၊ အကာဖြစ်၍ အနှစ်မရှိသောသစ်ပင်၏ ဆွေးသောအခါ ထွက် လာသော အမှုန်ခဲ, အဖု (အမျက်)တို့ကိုလည်း ထိုအုကလေးများနှင့်တူသောကြောင့် "အဏ္ဍက"ဟု ခေါ်ရသည်၊ ထို့အတူ ဆဲရေးခြင်း သူ့တစ်ပါးကို ရှုတ်ချ၍ ပြောဆို ခြင်းစသည်တို့ဖြင့် အပြစ်ရှိသောစကားကိုလည်း "အဏ္ဍကာ"ဟု ခေါ်ရသည်၊ ထို့ကြောင့် ဒေါသဖြစ်၍ ဆဲဆိုသောအခါ "အမျက်ထွက်သည်"ဟု ခေါ်စမှတ် ပြုကြသည်၊ ["အဏ္ဍကာနိ ဝိယာတိ အဏ္ဍကာ"ဟု ပြု။]

**ကက္ကသာ။** ။သက္ကတ၌ "ကက္ကံ အဿတ္ထီတိ ကက္ကသာ"ဟု ရှိ၏၊ ကြမ်း တန်းခြင်းအနက်သော ကက္ကသဒ္ဒါနောင် အဿတ္ထိအနက်၌ သပစ္စည်းသက်၊ ကက္ကသော ကို "ပဂ္ဃရိတစုဏ္ဏော" အဓိပ္ပာယ်ဖွင့်သည်၊ "သစ်ပင်သည် အမှုန်အဖွဲ့တွေ ထွက်နေ သောကြောင့် ကြမ်းတမ်းနေသည်"ဟူလို၊ ["ကက-လက်၌+ကသတိ-ခြစ်တတ်၏၊ က္ကတိ, ကက္ကသော"ဟု ထောမနိဓိ၌ တစ်နည်းပြုသေး၏၊ "ကြမ်းတမ်းသည့်အတွက် ကိုင်သောလက်ကို ခြစ်တတ်သော အရာဝတ္ထုကဲ့သို့ ကြမ်းတမ်းသော စကားလည်း နားကို ပွတ်တိုက်သကဲ့သို့ ဝင်သွားသည်"ဟူလို။]

ဝိစ္ဆိုတ္ဝာ–ထိုးဆွ၍ ထိုးဆွ၍၊ အဘိသဇ္ဇတိ) ဝိယ–လွန်စွာ ငြိကပ်သကဲ့သို့၊ (တထာ–တူ၊) ဝိစ္ဆိတ္ဝာ ဝိစ္ဆိတ္ဝာ–ထိုးဆွ၍ ထိုးဆွ၍၊ ပရေသံ–သူတစ်ပါးတို့၏ (စိတ်၌၊) အဘိသဇ္ဇနီ–လွန်စွာ ငြိကပ်ခြင်းရှိသည်၊ ဂန္တုကာမာနမ္ပိ–သွားလိုသူတို့ အားလည်း၊ (သူ့စကားကို မကြားချင်၍ သွားလိုသူတို့အားလည်း၊) ဂန္တုံ–သွားခြင်းငှာ၊ ဝါ–သွားခွင့်ကို၊ အဒတ္ဝာ–မပေးမူ၍၊ လဂနကာရီ–ဆွဲချိတ်မှုကို ပြုလေ့ရှိသည်၊) ဟောတိ၊) [စာအုပ်တို့၌ “လဂ္ဂနကာရီ”ဟု (ဂ္ဂ) ဒွေဘော်ဖြင့် တွေ့ရ၏၊ ဓာတ်ကျမ်းတို့၌ လဂဓာတ်သာရှိသောကြောင့် “လဂနကာရီ”ဟု ရှိလျှင် ကောင်း၏၊ အဘိသဇ္ဇနီ၏ အဖွင့်တည်း။]

ကောဓသာမန္တာတိ–ကား၊ ကောဓဿ–ဒေါသ၏၊ အာသန္နာ–အနီးဖြစ်သော စကားသည်၊ (ဟောတိ၊) အသမာဓိ သံဝတ္တနိကာတိ–ကား၊ အပ္ပနာသမာဓိဿ ဝါ–အပ္ပနာသမာဓိကိုသော်လည်းကောင်း၊ ဥပစာရသမာဓိဿဝါ–ကိုသော် လည်းကောင်း၊ အသံဝတ္တနိကာ–မဖြစ်စေတတ်သည်၊ (ဟောတိ၊) ဣတိ–ဤသို့လျှင်၊ သဗ္ဗာနေဝ–အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ဧတာနိ–ဤကဏ္ဍာကာ စသော ပုဒ်တို့သည်၊ သဒေါသဝါစာယ–အပြစ်နှင့်တကွဖြစ်သော စကား၏၊ ဝေဝစနာနိ–ဝေဝုစ်ပရိယာယ် စကားလုယ်တို့တည်း။

တထာရူပိံ ဝါစံ ပဟာယာတိဣဒံ–ဟူသော ဤစကားကို၊ (ဝုတ္တံ၌ စပ်၊) ဖရုသဝါစံ–ဖရုသဝါစာကို၊ အပ္ပဇဟိတ္ဝာ–မစွန့်မူ၍၊ ဌိတဿ–တည်သော ပုဂ္ဂိုလ်၏၊ အန္တရန္တရေ–အကြားအကြား၌၊ ပဝတ္တာပိ–ဖြစ်သည်လည်းဖြစ်သော၊ သဏှဝါစာ–သိမ်မွေ့သော စကားသည်၊ အသဏှာဝါစာဝေနာမ–သိမ်မွေ့သော စကား မမည်တော့သည်သာလျှင်၊ (ဟောတိ၊) ဣတိ (ဣမဿ အတ္ထဿ)–ကို၊ ဒီပနတ္ထံ–ပြတော်မူခြင်းအကျိုးငှာ၊ (ဘဂဝတာ) ဝုတ္တံ–ပြီ။

နေဠာတိ (ဧတ္ထ)–၌၊ ဒေါသော–အပြစ်ကို၊ ဧဠံ–ဧဠဟူ၍၊ ဝုစ္စတိ၊ အဿာ–ထိုစကား၏၊ ဧဠံ–အပြစ်သည်၊ န–မရှိ၊ ဣတိ–ကြောင့်၊ (သာ–ထို စကားသည်၊ နေဠာ–မည်၏၊ နိဒ္ဒေါသာ–အပြစ်မရှိသော စကားတည်း၊ ဣတိ အတ္ထော၊ နေဠဂေါ်သေတပစ္ဆာဒေါတိဧတ္ထ–ဟူသောဤပါဠိ၌၊ ဝုတ္တသီလံ ဝိယ–

နေလာ။ ။(“ဧဠဂဠ–အရိအရွဲယိုသောခံတွင်းရှိသူ”ဟူရာ၌ အရိအရွဲအပြစ်ကို “ဧဠ”ဟု ဆိုရသကဲ့သို့) “ဧဠသဒ္ဒါသည် အပြစ်ဟူသောအနက်ကို ဟောသော အနိပ္ဖန္နပါဋိပဒိကတည်း၊”ဟု သိစေလို၍ “ဧဠံ ဝုစ္စတိ ဒေါသော”ဟု ဝုစ္စတိသဒ္ဒါဖြင့် ဖွင့်သည်၊ [သီလက္ခန်ဋီကာသစ် ဗြဟ္မဇာလသုတ်အဖွင့်၌ကား “ဣလတိ စိတ္တံ ပုဂ္ဂလော ဝါ ကမ္ပတိ ဧတေနာတိ ဧလံ”ဟု နိပ္ဖန္နပါဋိပဒိကပုဒ်အဖြစ်ဖြင့် ဝိဂြိုဟ် ပြုထားလေ၏။] ဒေါသအရ “အပြစ်”ဟူသည် ဝါစာနှင့်ဆိုင်သော မှသားစသော အပြစ်များတည်း၊ ထိုအပြစ်မျိုး မရှိသောကြောင့် “န+အဿာ ဧဠံတိ”ဟူသော ဝစနတ္ထအရ “နေဠာ”ဟု ဆိုရသည်။

ဟောတော်မူအပ်သော သီလကဲ့သို့တည်း၊ [နေဋ္ဌဂေ်ါ–အပြစ်မရှိသော သီလတည်းဟူသော အင်္ဂါရှိသော၊ သေတပစ္ဆာဒေါ–ဖြူစင်သန့်ရှင်းသော ရထားအခင်းရှိသော၊ (ရထော–သည်၊ ဝဋ္ဋတိ–လည်၍လာ၏၊)] ကဏ္ဍာသုခါတိ–ကား၊ ဗျဉ္ဇနမဓုရတာယ–သဒ္ဒါစကားလုံး၏ ချိုမြိန်သည်၏အဖြစ်ကြောင့်၊ ကဏ္ဍာနံ–နားတို့၏၊ သုခါ–ချမ်းသာကြောင်းတည်း၊ သူစိဝိဇ္ဈနံ ဝိယ–အပ်ဖြင့် ထိုးဆွခြင်းသည်ကဲ့သို့၊ ကဏ္ဍာသူလံ–နား၏တံကျင်ကို၊ န ဇနေတိ–မဖြစ်စေတတ်၊ အတ္ထမဓုရတာယ–အနက်အဓိပ္ပာယ်၏ ချိုမြိန်သည်၏အဖြစ်ကြောင့်၊ သရီရေ–ကိုယ်၌၊ ကောပံ–အမျက်ဒေါသကို၊ အဇနေတွာ–မဖြစ်စေမူ၍၊ ပေမံ–ချစ်ခြင်းကို၊ ဇနေတိ–ဖြစ်စေတတ်၏၊ ဣတိ, ပေမနိယာ–ပေမနိယာမည်၏၊ ဟဒယံ–စိတ်နှလုံးကို၊ ဂစ္ဆတိ–သွားတတ်၏၊ အပ္ပဋိဟညမာနာ–မထိခိုက်တတ်သည်၊ (ဟုတွာ) သုခေန–ချမ်းသာသဖြင့်၊ စိတ္တံ–သို့၊ ပဝိသတိ–ဝင်သွားတတ်၏၊ ဣတိ, ဟဒယင်္ဂမာ–မည်၏၊ [ဟိုထိ ဒီခိုက်မဖြစ်ဘဲ စိတ်နှလုံးသို့ ဖြောင့်ဖြောင့်ဝင်သွားသည်–ဟူလို။]

ဂုဏပရိပုဏ္ဏတာယ–ဂုဏ်ဖြင့် ပြည့်သည်၏အဖြစ်ကြောင့်၊ ပုရေ–မြို့၌၊ [ရှေးနိဿယဝယ် “ပုရေ–ဂုဏ်ဖြင့် ပြည့်သည်၌”ဟု ပေး၏၊] ဘဝါ–ဖြစ်သော

---

**နေဋ္ဌဂေ်ါ ၊ပေ၊ ဝုတ္တသီလံ ဝိယ။** ။“နေဋ္ဌဂေ်ါ သေတပစ္ဆာဒေါ”ကား ဥဒါန်း အပရလကုဏ္ဍကဘဒ္ဒိယထေရသုတ်ဂါထာတည်း၊ ထိုဂါထာ၌ အပြစ်ကင်းသော သီလကို “နေလံ”ဟု ဘုရားမိန့်တော်မူသည်၊ “ဝုတ္တသီလံဝိယ”နေရာဝယ် “ဝုတ္တနေလံ ဝိယ”ဟု တစ်ချို့စာအုပ်၌ ရှိ၏၊ ဝါစာ၏အနက်ကို ဥပမာပြသောကြောင့် “ဝုတ္တသီလံ ဝိယ”ဟု ရှိသောပါဌ်က ကောင်းသည်၊ ဤ၌ ဝါစာကို “နေလာ”ဟု ဟောတော်မူခြင်းသည် ထို၌ သီလကို နေလံဟု ဟောတော်မူခြင်းနှင့်တူ၏–ဟူလို၊ [သုပရိသုဒ္ဓသီလင်္ဂေါတိ အတ္ထော၊ သေတော+ပစ္ဆာဒေါ ဧတဿာတိ သေတပစ္ဆာဒေါ၊ ပစ္ဆာဒေါတိ ရထဿ ဥပရိ အတ္ထရိတဗ္ဗကမ္ဗလာဒိ၊ ဒုတိယပါဒ၌ရှိသော “ရထော”၌ စပ်၊ ထိုအဋ္ဌကထာ။]

**ပေမနိယာ။** ။ပီဓာတ် မာန်ပစ္စည်းဖြင့် ကိတ်ပုဒ်ဖြင့်ပြီးသော ပေမသဒ္ဒါသည် ချစ်ခြင်းဟူသောအနက်ကို ဟော၏၊ “ပေမံ ဇနေတီတိ ပေမနိယာ”ဟု ပြုသောအခါ ဇနေတိတဒ္ဓိတ်ပုဒ်ဖြစ်၍ ဣယပစ္စည်း သက်ရ၏၊ နကား အာဂုံတည်း၊ တစ်ချို့စာအုပ်၌ “ပေမနိယာ”ဟု အနီယပစ္စည်းကို တွေ့ရ၏၊ ဓာတ်နောင် မဟုတ်သောကြောင့် အနီယပစ္စည်း မသက်နိုင်၊ ကမနီယာစသည်၌သာ ဓာတ်နောင်ဖြစ်၍ အနီယသက် ရသည်။

**ပုရေဘဝါ။** ။ဂုဏပရိပုဏ္ဏတာယဟူသော ဟိတ်ကိုထောက်၍ ပုရေကို “ဂုဏ ပါရိပူရေ”ဟု သီလက္ခန္ဓဋီကာသစ် ဖွင့်၏၊ သို့သော် ဒီဃဖြင့်ရှိသော “ပူရ” သဒ္ဒါသည်သာ “ပြည့်ခြင်း”အနက်ကို ဟော၏၊ ဤ၌ “ပူရေ”ဟု မရှိ, “ပုရေ”ဟု ရှိသောကြောင့် ထိုအဖွင့်ကို စဉ်းစားသင့်၏၊ “ပုရေ–မြို့၌”ဟုသာ အနက်ဖြစ်သင့်သည်၊ မြို့၌ဖြစ်သောစကားသည် ယဉ်ကျေးမှုတည်းဟူသော လောကီဂုဏ်နှင့် ပြည့်စုံသောကြောင့် ပေါရီမည်ရသည်–ဟူလို။

စကားတည်း၊ ဣတိ–ကြောင့်၊ ပေါရီ–မည်၏၊ [ပေါရီ–မြို့၌ဖြစ်သော စကား၊] ပုရေ–မြို့၌၊ သံဝဍ္ဍနာရီဝိယ–ကြီးပွားရသော သတို့သမီးကဲ့သို့၊ သုကုမာရာ–အလွန် နုနယ်သောစကားတည်း၊ ဣတိပိ–ကြောင့်လည်း၊ ပေါရီ–မည်၏၊ သော–ဤစကားသည်၊ ပုရဿ–မြို့သူမြို့သား၏၊ (သန္တကာ–ဥစ္စာတည်း၊) ဣတိပိ, ပေါရီ–မည်၏၊ နဂရဝါသီနံ–မြို့၌နေသူလူတို့၏၊ (မြို့သူမြို့သားတို့၏၊) ကထာ–စကားတည်း၊ ဣတိ အတ္ထော၊ ဟိ–မှန်၊ (တစ်နည်း၊) ဟိ–ချဲ့၊ နဂရဝါသိနော–မြို့၌နေသူ လူတို့သည်၊ (မြို့သူမြို့သားတို့သည်၊) ယုတ္တကထာ–သင့်တော်လျောက်ပတ်သော စကားရှိကုန်သည်၊ ဟောန္တိ၊ ပိတိမတ္တံ–အဘလောက်ရှိသူကို၊ ပိတာတိ–အဘဟူ၍၊ (ဝဒန္တိ–ခေါ်ဝေါ် ပြောဆိုကြကုန်၏၊) ဘာတိမတ္တံ–အစ်ကိုလောက်ရှိသူကို၊ ဘာတာတိ–အစ်ကိုဟူ၍၊ ဝဒန္တိ–န်၏၊ ဧဝရူပီ–ဤသို့ သဘောရှိသော၊ ကထာ–စကားသည်၊ ဗဟုနော–များစွာသော၊ ဇနဿ–လူအပေါင်း၏၊ ဝါ–သည်၊ ကန္တာ–နှစ်သက်အပ်သည်၊ ဟောတိ၊ ဣတိ–ကြောင့်၊ ဗဟုဇနကန္တာ–မည်၏၊ ကန္တဘာဝေနေဝ–နှစ်သက်အပ်သည်၏ဖြစ်ကြောင့်ပင်၊ ဗဟုနော–သော၊ ဇနဿ–၏၊ မနာပါ–စိတ်ကို တိုးပွားစေတတ်သည်၊ စိတ္တဝိမိကရာ–စိတ်၏တိုးပွားခြင်းကို ပြုတတ်သည်၊ (ဟောတိ၊) ဣတိ, ဗဟုဇနမနာပါ–မည်၏။

ယာ တတ္ထာတိ–ကား၊ တသ္မိံ ပုဂ္ဂလေ–ထိုပုဂ္ဂိုလ်၌၊ ယာ (သဏှဝါစတာ–အကြင်သိမ်မွေ့သော စကားရှိသူ၏အဖြစ်သည်, စသည်၌ စပ်၊) သဏှဝါစတာတိ–ကား၊ မဋ္ဌဝါစတာ–ညက်ညောသော စကားရှိသူ၏အဖြစ်သည်၊ သခိလဝါစတာတိ–ကား၊ မုဒုဝါစတာ–နူးညံ့သော စကားရှိသူ၏အဖြစ်သည်၊ အဖရုသဝါစတာတိ–ကား၊ အကက္ခဠဝါစတာ–မကြမ်းတမ်းသော စကားရှိသူ၏အဖြစ်သည်၊ (အတ္ထိ။)

---

ပုရေသံဝဍ္ဎနာရီဝိယ။ ။ပုရေ+သံဝဍ္ဎာ ပေါရီ–မြို့၌ ကြီးပွားရသော မြို့သူ၊ [ဏာပစ္စည်း, ဣတ္ထိဇောတက ဤပစ္စည်း၊] ပေါရီဝိယာတိ ပေါရီ–မြို့သူကဲ့သို့ နူးညံ့သော သိမ်မွေ့သောစကား။

ပုရဿ သော။ ။ပုရဿ၌ ပုရဖြင့် ပုရ၌နေသော မြို့သူမြို့သားကို ဌာနူပစာရအားဖြင့် ယူ၊ သဟာစရဏနည်း, အဘေဒေါပစာဟူသော်လည်း ကြံပါ၊ ထိုကြောင့် ပုရဿကို "နဂရဝါသီနံ"ဟု ဖွင့်သည်။

မနာပါ။ ။"မန်+အာပါ"ဟု ခွဲ၊ အာပဓာတ် အပမာတ်, ကာရိတ်ကြေ, ဏပစ္စည်း၊ "မန်+အာပယတိ ဝဍ္ဎေတိ–တိုးပွားစေတတ်၏၊ ဣတိ မနာပါ"ဟု ပြု၊ ထိုကြောင့် "စိတ္တဝိမိကရာ"ဟု ဖွင့်သည်၊ [သီလက္ခန်ဋီကာများ၊] အခြားနေရာ၌ "မနေန အပီယတေတိ မနာပါ–စိတ်ဖြင့်ရောက်အပ်သော စကား"ဟုလည်း ဖွင့်၏၊ "မြတ်နိုးအပ်"ဟူသောအနက်ကား ဝေါဟာရတ္ထတည်း၊ [ဗဟုဇနဿ–များစွာသော လူအပေါင်း၏+မနာပါ–စိတ်ကို တိုးပွားစေတတ်သော စကားတည်း၊ ဗဟုဇနမနပါ–ကား။]

၁၃၅၁။ ။ပဋိသန္ထာရနိဒ္ဒေသေ–၌၊ အာမိသ ပဋိသန္ထာရောတိ–ကား၊ အာမိသ အလာဘေန–အာမိသကို မရခြင်းကြောင့်၊ အတ္တနော–မိမိနှင့်၊ သဟ–တကွ၊ ပရေသံ–သူတစ်ပါးတို့၏၊ ဆိဒ္ဒံ–အပေါက်သည်၊ ယထာ–အကြင် အခြင်းအရာအားဖြင့် ပိတ်ဆို့ဖာထေးအပ်သော်၊ ပိဟိတံ–ပိတ်ဆို့အပ်ပြီးသည်၊ ပဋိစ္ဆန္နံ–ဖုံးအပ် ဖာထေးအပ်ပြီးသည်၊ ဟောတိ၊ ဧဝံ–ဤအခြင်းအရာအားဖြင့်၊ အာမိသေန–အာမိသဖြင့်၊ ပဋိသန္ထရဏံ–ပိတ်ဆို့ခြင်း ဖာထေးခြင်းတည်း၊ ဓမ္မပဋိသန္ထာရောတိ–ကား၊ ဓမ္မဿ–တရားကို၊ အပ္ပဋိလာဘေန–မရခြင်းကြောင့်၊ အတ္တနော ၊ပေ၊ ပဋိစ္ဆန္နံ ဟောတိ၊ ဧဝံ–ဤအခြင်းအရာအားဖြင့်၊ ဓမ္မေန–တရားဖြင့်၊ ပဋိသန္ထရဏံ–ပိတ်ဆို့ ဖာထေးခြင်းတည်း၊ ပဋိသန္ထာရကော ဟောတီတိ–ကား၊ ဟိ–မှန်၊ [“အာမိသ အလာဘေန, ဓမ္မဿ အပ္ပဋိလာဘေန” စသောစကားကို ပြန်၍ညွှန်းသည်၊ ထိုစကားသည် မှန်၏–ဟူလို၊] လောက သန္နိဝါသဿ–လောကဝယ် စုဝေးတည်ရှိခြင်းရှိသော လူအပေါင်း၏၊ ဆိဒ္ဒါနိ–အပေါက်တို့သည်၊ ဒွေ ယေဝ–ဆိုအပ်ပြီးသော နှစ်ပါးတို့သာတည်း၊ တေသံ–ထို အပေါက်တို့ကို၊ ပဋိသန္ထာရကော–ပိတ်ဆို့တတ် ဖာထေးတတ်သည်၊ ဟောတိ၊ အာမိသပဋိသန္ထာရေန ဝါ ဓမ္မပဋိသန္ထာရေန ဝါတိ–ကား၊ ဒုဝိဓေန–သော၊ ဣမိနာ ပဋိသန္ထာရေန–ဤ အာမိသပဋိသန္ထာရ, ဓမ္မပဋိသန္ထာရဖြင့်၊ ပဋိသန္ထာရကော–ပိတ်ဆို့ ဖာထေးတတ်သည်၊ ဟောတိ၊ ပဋိသန္ထရတိ–ပိတ်ဆို့ ဖာထေးတတ်၏၊ နိရန္တရံ–အကြားမရှိအောင်၊ ကရောတိ–ပြုတတ်၏။

တတ္ထ–ထို ပဋိသန္ထာရနိဒ္ဒေသ၌၊ [တတ္ထာတိ ပဋိသန္ထာရနိဒ္ဒေသေ၊–ယောဇနာ၊] အယံ–ကား၊ အာဒိတော–မှ၊ ပဋ္ဌာယ–၍၊ ကထာ–ပြောရိုး ဆိုစဉ်စကားတည်း၊ ဟိ–ပါဒကမှတစ်ပါး,ပါဒကဝန္တ ကို ဆိုဦးအံ့၊ (တစ်နည်း) ဟိ–ချဲ့၊ ပဋိသန္ထာရကေန–ပိတ်ဆို့ ဖာထေးတတ်သော၊ ဘိက္ခုနော–သည်၊ အာဂန္တုကံ–ကို၊ အာဂစ္ဆန္တံ–လာသည်ကို၊ ဒိသွာန–မြင်၍ပင်၊ (မြင်လျှင်မြင်ခြင်းပင်၊) ပစ္စု ဂန္တွာ–ခရီးဦးကြိုဆို၍၊ ပတ္တစီဝရံ–ကို၊ ဂဟေတဗ္ဗံ–လှမ်းယူရာ၏၊ အာသနံ–

ပဋိသန္ထာရော။ ။ပဋိ+သံပုဗ္ဗ ထရ(အစ္ဆာဒနေ–ဖုံးအုပ်ခြင်း)ဓာတ်, ဏာပစ္စည်း၊ ပေးနိုင်သူက အာမိသကို မပေးလျှင်လည်းကောင်း, ဟောပြောပို့ချနိုင်သူက ဓမ္မကို မပို့ချ မဟောပြောလျှင်လည်းကောင်း မကျေမနပ်ဖြစ်၏၊ ထိုမကျေမနပ်မှုကြောင့် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်မှုအစေးမကပ်ဘဲ နှစ်ယောက်အကြား၌ အပေါက် အကြားဖြစ်စရာရှိ၏၊ ထို အပေါက်အကြားကို အာမိသပေးခြင်း, ဓမ္မကို ဟောပြော ပို့ချခြင်းအားဖြင့် ပိတ်ခြင်း ဖာထေးခြင်းကို “ပဋိသန္ထာရ”ဟု ခေါ်သည်၊ ရှေးက “ဧစေ့စပ်ခြင်း”ဟု သုံးစွဲ၏၊ [ပဋိသန္ထရဏံ–ခြင်း၊ ပဋိသန္ထာရော–ခြင်း၊ “ပဋိသန္ထာရော”ဟု “ရေ”ဓာတ်ဖြင့် မူကွဲရှိသေး၏၊ ရေဓာတ်က “ဓာရဏာ, ဌိတိ, အဝဓံသန”အနက်တို့ကို ဟောသော ကြောင့် ပိတ်ဆို့ ဖာထေးခြင်းအနက်ကို မပြနိုင်။]

နေရာကို၊ ဒါတဗ္ဗံ–ပေးရာ၏၊ တာလဝဏ္ဍေန–ထန်းရွက်ယပ်ဝန်းဖြင့်၊ ဗီဇိတဗ္ဗံ–ယပ်ခပ်ပေးရာ၏၊ ပါဒါ–ခြေတို့ကို၊ ဓောဝိတွာ–ဆေး၍၊ ပက္ခေတဗ္ဗာ–ဆီဖြင့်သုတ်လိမ်းပေးထိုက်ကုန်၏၊ [အာဂန္တုကပုဂ္ဂိုလ်က ကြီးနေလျှင်သာ ဤအလုပ်များကို လုပ်ပေးထိုက်သည်၊] သပ္ပိဖာဏိတေ–ထောပတ် တင်လဲသည်၊ သတိ–ရှိလသော်၊ ဘေသဇ္ဇံ–ဆေးကို၊ ဒါတဗ္ဗံ–ပေးထိုက်၏၊ ပါနီယေန–သောက်ရေဖြင့်၊ ပုစ္ဆိတဗ္ဗော–(အလိုရှိသလားဟု) မေးထိုက်၏၊ အာဝါသော–နေရာအာဝါသကို၊ ပဋိဇဂ္ဂိတဗ္ဗော–သုတ်သင် ရှင်လင်းထိုက်၏၊ ဧဝံ–ဤသို့ပြုလသော်၊ (ခရီးဦးကြိုမှု အစရှိသည်ကိုပြုလသော်၊) ဧကဒေသေန–တစ်စိတ် တစ်ဖို့အားဖြင့်၊ (တစ်ချို့တစ်ဝက်အားဖြင့်၊) အာမိသပဋိသန္ထာရော–အာမိသ ပဋိသန္ထာရသည်၊ ဝါ–ကို၊ ကတော နာမ–ပြုအပ်သည်မည်သည်၊ ဟောတိ။

ပန–ဆက်၊ သာယံ–ညချမ်းအခါ၌၊ နဝကတရေပိ–သီတင်းငယ် အာဂန္တုကသည်ပင်သော်လည်း၊ ("သီတင်းငယ် အာဂန္တုကပင်ဖြစ်သော်လည်း"ဟု ဆိုလိုသည်၊ သီတင်းကြီးဖြစ်လျှင် ကေန်ပင် မိမိကသွားရမည်သာ၊) အတ္တနော–အား၊ ဥပဋ္ဌာန်–ဆည်းကပ်ရာ အရပ်သို့၊ အနာဂတေယေဝ–မလာသေးမီပင်၊ တဿ–ထို သီတင်းငယ် အာဂန္တုက၏၊ သန္တိကံ–အထံသို့၊ ဂန္တွာ–သွား၍၊ နိသီဒိတွာ–ထိုင်၍၊ အဝိသယေ–အရာမဟုတ်သည်၌၊ အပုစ္ဆိတွာ–မမေးမူ၍၊ တဿ–ထိုသီတင်းငယ် အာဂန္တုက၏၊ ဝိသယေ–ဖြေစွမ်းနိုင်လောက်သော အရာ၌၊ ပဉှော–ပြဿနာကို၊ ပုစ္ဆိတဗ္ဗော–မေးထိုက်၏၊ တုမှေ–သင်တို့သည်၊ ကတရ ဘာဏကာ–အဘယ်ဘာဏကတို့နည်း၊ ဣတိ–သို့၊ အပုစ္ဆိတွာ–တိုက်ရိုက်မမေးမူ၍၊ တုမှာကံ–သင်တို့၏၊ အာစရိယုပဇ္ဈာယာ–ဆရာဥပဇ္ဈာယ်တို့သည်၊ ကတရံ ကန္ထံ–အဘယ်ကျမ်းစာကို၊ ဝဠဉ္ဇေန္တိ–သုံးစွဲကြကုန်သနည်း၊ ဣတိ–ဤသို့၊ ပုစ္ဆိတွာ–၍၊ [သူ၏မည်သည့်ကျမ်းစာ ဆောင်သူဖြစ်ကြောင်းကို သူ့ဆရာ၏အသုံးများပုံထောက်၍ သိနိုင်သောကြောင့် သွယ်ဝိုက်သောအားဖြင့် မေးပြီး၍–ဟူလို၊) ပဟောနကဋ္ဌာနေ–ဖြေစွမ်းနိုင်လောက်သောအရာ၌၊ ပဉှော ပုစ္ဆိတဗ္ဗော၊ ကထေတုံ–ဖြေဆိုခြင်းငှာ၊ သစေ သက္ကောတိ–အံ့၊ ဣစ္စေတံ–ဤသို့ စွမ်းနိုင်ခြင်းသည်၊ ကုသလံ–ကောင်း၏၊ နောစေ သက္ကောတိ–အကယ်၍ မစွမ်းနိုင်အံ့၊ (ဧဝံ သတိ၊) သယံ–မိမိက၊ ကထေတွာ–ဖြေဆို၍၊ ဒါတဗ္ဗံ–ပေးရာ၏၊ ဧဝံ–ဤသို့ ပြုလသော်၊ ("တဿ သန္တိကံ ဂန္တွာ"စသည်ကို ညွှန်းသည်၊) ဧကဒေသေန–ဖြင့်၊ ဓမ္မပဋိသန္ထာရော ကတော နာမ ဟောတိ။

အတ္တနော–၏၊ သန္တိကေ–အထံ၌၊ သစေ ဝသတိ–အကယ်၍နေအံ့၊ (ဧဝံ သတိ၊) တံ–ထို အာဂန္တုကရဟန်းကို၊ အာဒါယ–ခေါ်ယူ၍၊ နိဗဒ္ဓံ–မပြတ်၊ ပိဏ္ဍာယ–ဆွမ်းအလို့ငှာ၊ စရိတဗ္ဗံ–လှည့်လည်ရာ၏၊ ဂန္တုကာမော–အရပ်တစ်ပါးသို့ သွားလိုသည်၊ သစေ ဟောတိ၊ (ဧဝံ သတိ၊) ပုနဒိဝသေ–နောက်တစ်နေ့၌၊

ဂမနသဘာဂေန–သွားမည့်ခရီးအား သဘောတူသော အရပ်ဖြင့်၊ (သွားမည့် ခရီးက အရှေ့အရပ်ဖြစ်လျှင် အရှေ့အရပ်သို့ ဆွမ်းခံသွားသောအားဖြင့်၊) [ဂမနသဘာဂေနာတိ ဂမနမဂ္ဂဿ အနုစ္ဆဝိက ဒိသာဘာဂေန၊–ဋီကာ၊] တံ– ထို အာဂန္တုကရဟန်းကို၊ အာဒါယ–ခေါ်ယူ၍၊ ကေသိဉ္စိ ဂါမေ–တစ်ခုသော ရွာ၌၊ ပိဏ္ဍာယ–ငှာ၊ စရိတွာ–လှည့်လှည်၍၊ ဥယျောဇေတဗ္ဗော–လွှတ်လိုက် ထိုက်၏၊ အညသ္မိံ–အခြားသော၊ (အာဂန္တုကရဟန်း သွားမည့်အရပ်မှ အခြား သော၊) ဒိသာဘာဂေ–အရပ်အဖို့၌၊ ဘိက္ခူ–တို့သည်၊ ဝါ–တို့ကို၊ နိမန္တိ တာ– ပင့်ဖိတ်အပ်ကုန်သည်၊ သစေ ဟောန္တိ၊ (ဇေ သတိ၊) တံ ဘိက္ခုံ–ထို အာဂန္တု က ရဟန်းကို၊ ဣစ္ဆမာနံ–လိုက်လိုလသော်၊ အာဒါယ–ခေါ်ယူ၍၊ ဂန္တဗ္ဗံ– သွားရာ၌၊ သော ဒိသာ–ဤအရပ်သည်၊ မယံ–တပည့်တော်၏၊ သဘာဂါ– သဘောတူသော အရပ်သည်၊ (မိမိ သွားရမည့်လမ်းနှင့် သဘောတူသော အရပ်သည်၊) န–မဟုတ်ပါ၊ ဣတိ–ဤသို့ လျှောက်၍၊ ဂန္တုံ–လိုက်ခြင်းငှာ၊ (ဆွမ်းစားပင့်ရာသို့ လိုက်ခြင်းငှာ၊) အနိစ္ဆန္တေ–အလိုမရှိလသော်၊ သေသဘိက္ခူ– မိမိနှင့်အာဂန္တုကမှ ကြွင်းသောရဟန်းတို့ကို၊ ပေသေတွာ–စေလွှတ်၍၊ တံ– ထို အာဂန္တုကရဟန်းကို၊ အာဒါယ–၍၊ ပိဏ္ဍာယ စရိတဗ္ဗံ၊ (သူသွားမည့်အရပ်နှင့် လျော်သော အရပ်၌ ဆွမ်းခံလှည့်လည်ရမည်၊) အတ္တနာ–မိမိသည်၊ လဒ္ဓါမိသံ– ရအပ်သော အာမိသကို၊ တဿ–ထို အာဂန္တုကရဟန်းအား၊ ဒါတဗ္ဗံ–ပေး ရာ၏၊ ဧဝံ–ဤသို့ပြုလသော်၊ အာမိသပဋိသန္ထာရော–သည်၊ ဝါ–ကို၊ ကတော နာမ–အပြည့်အစုံ ပြုအပ်ပြီးမည်တော့သည်၊ ဟောတိ၊ [ရှေ့၌ တစ်ချို့တစ်ဝက် သာ ပြုခဲ့ရသေး၏၊ "ဤတိုင်အောင်ပြုမှ အာမိသပဋိသန္ထာရကို အပြည့်အစုံ ပြုရာရောက်သည်"–ဟူလို။]

ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ အာမိသပဋိ သန္ထရကေန–အာမိသဖြင့် ချေစပ်တတ်သော ရဟန်းသည်၊ အတ္တနာ–သည်၊ လဒ္ဓံ–ရအပ်သော အာမိသကို၊ ကဿ–အဘယ်သူအား၊ ဒါတဗ္ဗံ–ပေးထိုက် သနည်း၊ ဣတိ–ဤကား အမေးတည်း၊ တာဝ–ဂိလာနစသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒေသ) အာဂန္တုကဿ–အာဂန္တုကရဟန်းအား၊ ဒါတဗ္ဗံ–ပေးလှူထိုက်၏၊ ဂိလာနော ဝါ–ဂိလာနရဟန်းသည်သော်လည်းကောင်း၊ အဝဿိကော ဝါ– ဝါ မရှိသော ရဟန်းသည်သော်လည်းကောင်း၊ (ဝါ မရသေးသော ရဟန်းသည် သော်လည်းကောင်း၊) သစေ အတ္ထိ၊ (ဇေ သတိ–သော်၊) တေ သမ္ပိ–ထို ဂိလာနရဟန်း အဝဿိကရဟန်းတို့အားလည်း၊ ဒါတဗ္ဗံ–ပေးလှူထိုက်၏၊ [အဝဿိကရဟန်းသည် ဝေစု ဝေသောအခါ သံဃာကုန်မလောက်လျှင် မရဘဲ ရှိတတ်သောကြောင့် အဝဿိကအားလည်း အာမိသကို ပေးလှူထိုက် ၏ဟု ဆိုသည်၊] အာစရိယုပဇ္ဈာယာနံ–ဆရာဥပဇ္ဈာယ်တို့အား၊ ဒါတဗ္ဗံ– ပေးလှူထိုက်၏၊ ဘဏ္ဍာဂါဟကဿ–ဘဏ္ဍာကိုကိုင်သော ရဟန်းအား၊

(မိမိ၏သပိတ်သက်န်းကို ကိုင်ယူ၍ နောက်မှလိုက်လာသော ရဟန်းအား၊) ဒါတဗ္ဗံ၊ ပန–ဆက်၊ သာရဏီယမ္မေပူရဏေန–သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်သော ရဟန်းသည်၊ သတဝါရမ္ပိ–အကြိမ်တစ်ရာလည်းကောင်း၊ သဟဿဝါရမ္ပိ–အကြိမ်တစ်ထောင်လည်းကောင်း၊ အာဂတာဂတာန်–လာကုန် လာကုန်သော ရဟန်းတို့အား၊ ထေရာသနတော–ထောရ်ကြီး၏နေရာမှ၊ ပဋ္ဌာယ–စ၍၊ ဒါတဗ္ဗံ၊ သာရဏီယဝတ် ဖြည့်ကျင့်ပုံကို သုတ်မဟာဝါ, မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ, ဘိက္ခု အပရိဟာနိယမ္မေ အဖွင့်၌ ရှုပါ။]

ပန–ကား၊ ပဋိသန္ထ ရကေန–ပဋိသန္ထာရကရဟန်းသည်၊ ယေန ယေန–အကြင် အကြင် ရဟန်းသည်၊ န လဒ္ဓံ–အာမိသကို မရအပ်၊ တဿ တဿ–ထိုထိုအာမိသကို မရသောရဟန်းအား၊ ဒါတဗ္ဗံ၊ [ထေရာသနမှစ၍ ပေးဖွယ်မလို၊ မရသောရဟန်းကို ရွေးချယ်၍ ပေးနိုင်သည်၊] ဗဟိဂါမံ–ရွာ၏ပြင်ဘက်သို့ နိက္ခမိတွာ–ထွက်၍၊ ဓိဏ္ဏံဝါ–အိုမင်းသူမှုလည်းဖြစ်သော၊ အနာထံဝါ–ကိုးကွယ်ရာ မရှိသူမှုလည်းဖြစ်သော၊ ဘိက္ခုံ ဝါ–ရဟန်းယောကျ်ားကိုသော်လည်းကောင်း၊ ဘိက္ခုနိံ ဝါ–ရဟန်းမကိုသော်လည်းကောင်း၊ ဒိသွာ–တွေ့၍၊ တေသမ္ပိ–ထိုဓိဏ္ဏအနာထ ရဟန်းယောကျ်ား, ရဟန်းမတို့အားလည်း၊ ဒါတဗ္ဗံ။

တတြ–ထိုသို့ ဓိဏ္ဏအားပေးရာ၌၊ ဣဒံ–ဤဆိုအပ်လတ္တံကား၊ ဝတ္ထု–ဝတ္ထုတည်း၊ ကိရ–ချဲ့၊ စောရေတိ–ခိုးသူတို့သည်၊ ဂုတ္တသာရဂါမေ–ဂုတ္တသာလရွာကို၊ ပဟင္ဃေ–ပုတ်ခတ် ဖျက်ဆီးအပ်သော၊ တစ်ဏသြေဝ–ထို ခဏာ၌ပင်၊ ကောတစ်ပါးသော၊ နိရောဓတော–နိရောဓသမာပတ်မှ၊ ဝုဋ္ဌိတာ–ထပြီးသော၊ ခီဏာသဝတ္ထေရီ–ရဟန္တာထေရီမသည်၊ ဒဟရဘိက္ခုနိယာ–ငယ်သော ဘိက္ခုနီကို၊ ဘဏ္ဍကံ–ဘဏ္ဍာကို၊ ဂါဟာပေတွာ–ယူစေပြီး၍၊ မဟာဇနေန–များစွာသော လူအပေါင်းနှင့်၊ သဒ္ဓိံ–အတူ၊ မဂ္ဂံ–ခရီးကို၊ ပဋိပဇ္ဇိတွာ–သွား၍၊ ဋ္ဌိတမဇ္ဈန္ဟိကေ–မွန်းမတ်မတ် တည့်ရာအခါ၌၊ [“ဋ္ဌိတမဇ္ဈန္ဟိကေ”ဟု စာအုပ်တို့၌ ရှိ၏၊ မွန်းမတ်မတ်တည့်နေလျှင် နောက်လာလတ္တံ့၌ ဘိက္ခု၏ဆွမ်းခံဖို့ရန် အချိန်မရ၊ ထို့ကြောင့် ပါဠ်ပျက်နေဟန်တူ၏၊ “အဋ္ဌိတမဇ္ဈန္ဟိကေ–မွန်းမတ်မတ် မတည့်သေးမီအခါ၌”ဟုရှိမှ အဓိပ္ပာယ်ရသည်၊] နကုလနဂရဂါမဒွါရံ–နကုလနဂရရွာတံခါးပေါက်သို့၊ ပတွာ–ရောက်၍၊ ရုက္ခမူလေ–သစ်ပင်၏အနီးအောက်၌၊ နိသီဒတိ–ထိုင်နေပြီ၊ တသ္မိံ သမယေ–ထိုအခါ၌၊ ကာဠဝလ္လိမဏ္ဍပဝါသီ–ကာဠဝလ္လိမဏ္ဍပအရပ်၌ နေလေ့ရှိသော၊ မဟာနာဂတ္ထေရော–မဟာနာဂထေရ်သည်၊ နကုလနဂရဂါမေ–နကုလနဂရရွာ၌၊ ပိဏ္ဍာယ–ဝှာ၊ စရိတွာ–လှည့်လည်ပြီး၍၊ နိက္ခန္တော–ထွက်လာလသော်၊ ထေရိံ–ဓိဏ္ဏာဖြစ်သော ထေရီမကို၊ ဒိသွာ–တွေ့၍၊ ဘတ္တေ–ဆွမ်းဖြင့်၊ အာပုစ္ဆိ–ပန်ပြောပြီ၊ သာ–ထို ထေရီမသည်၊ မေ–တပည့်တော်အား၊ ပတ္တော–သပိတ်သည်၊ နတ္ထိ–မရှိ၊ ဣတိ–သို့၊ အာဟ–

[သူ၏သပိတ်ကို ဒဟရဘိက္ခုနီကလေးက ယူသွားသောကြောင့် သပိတ်မရှိဟု ပြောသည်။] ထေရော–မဟာနာဂထေရ်သည်၊ ဣမိနာဝ–ဤသပိတ်ဖြင့်ပင်၊ ဘုဉ္ဇထ–စားပါကုန်၊ ဣတိ–ဤသို့ ပြော၍၊ ပတ္တေန–နှင့်၊ သဟ, အဒါသိ–ပေးပြီ၊ ထေရီ–သည်၊ ဘတ္တကိစ္စံ–ဆွမ်းကိစ္စကို၊ ကတွာ–ပြုပြီး၍၊ ပတ္တံ–ကို၊ ဓောဝိတွာ–ဆေးပြီး၍၊ ထေရဿ–အား၊ ဒတွာ–ပေးပြီး၍၊ အာဟ–ပြောပြီ၊ (ကိံ၊) တာတ–မောင်ကလေး၊ အဇ္ဇ–ယနေ့၊ ဘိက္ခုစာရေန–ဆွမ်းခံလှည့်လည်ရခြင်းကြောင့်၊ တာဝ ကိလမိဿထ–ပင်ပန်းရကုန်ဦးလတံ့၊ (ယနေ့ ထပ်ဆွမ်းခံရသည့်အတွက် ပင်ပန်းရဦးလတံ့၊) ဣတော–ဤနေ့မှ၊ ပဋ္ဌာယ ပန–စ၍ကား၊ ဝေါ–အသင် မောင်ကလေးတို့၏၊ ဘိက္ခာစာရပရိတ္တာသောနာမ–ဆွမ်းခံရခြင်းကြောင့် ပင်ပန်းခြင်းမည်သည်၊ န ဘဝိဿတိ–မဖြစ်တော့လတံ့၊ [နိရောဓသမာပတ်မှ ထပြီးခါစဖြစ်သော ဇိဏ္ဏာဘိက္ခုနီကြီးအား အာမိသပဋိသန္ထာရပြုသည့်အတွက် နောက်နောက်နေ့များမှစ၍ ဆွမ်းကိစ္စလွယ်ကူရခြင်း အကျိုး ကို ရပါလိမ့်မည်–ဟူလို၊] တတော–ထိုနေ့မှ၊ ပဋ္ဌာယ–၍၊ ထေရဿ–၏၊ ဩနကဟာပဏာဠ္ဌနကော–တစ်ကျပ်တန်အောက် ယုတ်လျော့ထိုက်တန်သော၊ ပိဏ္ဍပါတောနာမ–ဆွမ်းမည်သည်၊ န ဥပ္ပန္နပုဗ္ဗော–မဖြစ်ဖူးတော့ချေ၊ (“ဣဒံ–ဤဆိုအပ်ပြီးကား၊ ဝတ္ထု–ဝတ္ထုတည်း”ဟု ရှေ့စကားကို ပြန်အုပ်ပါ၊) အယံ–ဤဆိုအပ်ပြီးသော ပဋိသန္ထာရသည်၊ (အာဂန္တုကကို ဝတ်ပြုခြင်းမှစ၍ ထေရီမအား ဆွမ်းလှူခြင်းတိုင်အောင်သော ပဋိသန္ထာရသည်၊) အာမိသ ပဋိသန္ထာရောနာမ–မည်၏။

ဣမံ ပဋိသန္ထာရံ–ဤအာမိသ ပဋိသန္ထာရကို၊ ကတွာ–ပြုပြီး၍၊ ဘိက္ခုနာ–ဓမ္မပဋိသန္ထာရကို ပြုလိုသောရဟန်းသည်၊ သင်္ဂဟပက္ခေ–သင်္ဂြိုဟ်ချီးမြှောက်ခြင်း အဖို့၌၊ ဌတွာ–တည်၍၊ (လာဘ်လာဘစသည်ကို မငဲ့မူ၍–ဟူလို၊) တဿ ဘိက္ခုနော–အား၊ (မိမိအာမိသကို ရရှိသောရဟန်းအား၊) ကမ္မဋ္ဌာနံ–ကမ္မဋ္ဌာန်းကို၊ ကထေတဗ္ဗံ–ဟောပြောရာ၏၊ ဓမ္မော–ပါဠိ အဋ္ဌကထာဓမ္မကို၊ ဝါစေတဗ္ဗော–ပြောဆိုထိုက်၏၊ (ပို့ချထိုက်၏၊)ကုက္ကုစ္စံ–ကုက္ကုစ္စသံသယကို၊ ဝိနောဒေတဗ္ဗံ–ပယ်ဖျောက်ထိုက်၏၊ဥပ္ပန္နံ–ဖြစ်ပေါ်လာသော၊ ကိစ္စံ–မချွတ် ပြုရမည့်ကိစ္စကိုလည်းကောင်း၊ ကရဏီယံ–ပြုသင့်ပြုထိုက်သော အမှုကိုလည်းကောင်း၊ ကာတဗ္ဗံ–ပြုထိုက်၏၊ အဗ္ဘာန ၊ပေ၊ ပရိဝါသာ–အဗ္ဘာနကမ်, အာပတ်မှ ထမြောက်ကြောင်းကမ်, မာနပရိဝါသ်တို့ကို၊ ဒါတဗ္ဗာ–န်၏၊ ပဗ္ဗဇ္ဇာရဟော–ရှင့်အဖြစ်ကို ထိုက်သောရှင်လောင်းကို၊ ပဗ္ဗာဇေတဗ္ဗော–ရှင်ဖြစ်စေထိုက်၏၊ ဥပသမ္ပဒါရဟော–မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်စေခြင်းကို ထိုက်သော ပဉ္စင်းလောင်းကို၊ ဥပသမ္ပာဒေတဗ္ဗော–မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်စေထိုက်၏၊ [မိမိအာမိသ ပဋိသန္ထာရပြုထားအပ်သူက ရှင်လောင်းဖြစ်လျှင် ရှင်ပြုပေးပါ၊ ရဟန်းလောင်းဖြစ်လျှင် ရဟန်းပြုပေးပါ–ဟူလို] ဘိက္ခုနိယာပိ–

နိသည်လည်း၊ (အာမိသပဋိသန္ထာရပြုသောပုဂ္ဂိုလ်က ဘိက္ခုနိဖြစ်လျှင်လည်း) အတ္တနော–၏၊ သန္တိကေ–၌၊ ဥပသမ္ပဒံ–မြင့်မြတ်သော ဘိက္ခုနီ၏အဖြစ်ကို၊ အာကင်္ခမာနယ–အလိုရှိသော သိက္ခမာန်မ၏အတွက်၊ ကမ္မဝါစံ–ကမ္မဝါစာကို၊ ကာတုံ–ငှာ၊ ဝဋ္ဋတိ–သင့်၏၊ အယံ–ဤ ဆိုအပ်ပြီးသော ပဋိသန္ထာရသည်၊ ဓမ္မပဋိသန္ထာရောနာမ–မည်၏။

ဒွိဟိ–နှ်သော၊ ဣမေဟိ ပဋိသန္ထာရေဟိ–တို့ဖြင့်၊ ပဋိသန္ထာရကော–ပိတ်ဆို့ ဖာထေးတတ်သော၊ ဘိက္ခု–သည်၊ အနုပ္ပန္နံ–မဖြစ်သေးသော၊ လာဘံ–ကို၊ ဥပ္ပာဒေတိ–ဖြစ်စေ၏၊ ဥပ္ပန္နံ–ဖြစ်ပြီးသော၊ (လာဘံ–ကို၊) ထာဝရံ–ခိုင်မြဲအောင်၊ ကရောတိ–ပြုနိုင်၏၊ သာသက်ဌာနေ–ရွံရှာဖွယ်ရှိရာ အရပ်၌၊ အတ္တနော–၏၊ ဇီဝိတံ–အသက်ကို၊ ရက္ခတိ–စောင့်ရှောက်နိုင်၏၊ (ကောဝိယ–အဘယ်ပုဂ္ဂိုလ် ကဲ့သို့နည်း) စောရနာဂရညော–သူပုန်ဖြစ်သော နာဂမင်းအား၊ ပတ္တဂ္ဂဟဏ ဟတ္ထေမေဝ–သပိတ်ကိုကိုင်ယူကြောင်း လက်ဖြင့်ပင်၊ အဂ္ဂံ–အဦးအဖျားကို၊ ဂဟေတွာ=ယူပြီး၍၊ ပတ္တေနေဝ–ဖြင့်ပင်၊ ဘတ္တံ–ဆွမ်းကို၊ အာကိရန္တော–လောင်းထည့်သော၊ ထေရော ဝိယ–ထေရ်ကဲ့သို့တည်း။

ပန–ကား၊ အလဒ္ဓလာဘုပ္ပာဒနေ–မရအပ်သေးသောလာဘ်ကို ဖြစ်စေခြင်း၌၊ ဣတော–ဤသီဟိုဠ်ကျွန်းမှ၊ ပလာယိတွာ–ထွက်ပြေး၍၊ ပရတီရံ–တစ်ဖက်ကမ်း သို့၊ ဂတေန–ရောက်သော၊ မဟာနာဂရညာ–မဟာနာဂမင်းသည်၊ ကေဿ– သော၊ ထေရဿ–၏၊ သန္တိကေ–၌၊ သင်္ဂဟံ–သင်္ဂြိုဟ်ချီးမြှောက်ခြင်းကို၊ လဘိ တွာ–၍၊ ပုန, အာဂန္တွာ–လာ၍၊ ရဇ္ဇေ–မင်းအဖြစ်၌၊ ပတိဋ္ဌိတေန–တည်သည်၊ (ဟုတွာ၊) သေတမ္ဗင်္ဂဏေ–သေတမ္ဗင်္ဂဏအရပ်၌၊ ယာဝဇီဝံ–အသက်အပိုင်း အခြားအတိုင်း၊ (အသက်ထက်ဆုံး) ပဝတ္တိတံ–ဖြစ်စေအပ်သော၊ မဟာဘေသဇ္ဇ ဒါနဝတ္ထု–များစွာသော ဆေးလှူခြင်းဝတ္ထုကို၊ ကထေတဗ္ဗံ–ပြောဟောရာ၏၊ ဥပ္ပန္နလာဘ ထာဝရကရဏေ–ဖြစ်ပြီးသောလာဘကို ခိုင်မြဲအောင်ပြုခြင်း၌၊ ဒီဃဘာဏက အဘယတ္ထေရဿ–ထေရ်၏၊ ဟတ္ထတော–မှ၊ ပဋိသန္ထာရံ– ပဋိသန္ထာရကို၊ လဘိတွာ–၍၊ စေတိယပဗ္ဗတေ–စေတိယတောင်၌၊ စောရေဟိ–

---

**စောရနာဂ ၊ပေ၊ ဝိယ။** ။စောရနာဂဟူသည် သူပုန်မင်းတည်း၊ ထေရ် တစ်ပါးသည် သပိတ်ကို ကိုင်ယူသောလာဘ်ဖြင့် ဆွမ်းဦးဆွမ်းဖျားကို မသိမသာနှိုက်ယူ လိုက်ပြီး၍ ထိုသပိတ်ဖြင့်ပင် ဆွမ်းကို စောရနာဂမင်းအား ထည့်၍ပေးသည်၊ ဤသို့ ပေးခြင်းသည် အာမိသပဋိသန္ထာရတည်း၊ ဤအာမိသပဋိသန္ထာရကြောင့် သူပုန်မင်းက မနှောက်ယှက်အောင် မိမိအသက်ကို စောင့်ရှောက်ရာရောက်သည်၊ အဦးအဖျားကိုနှိုက်၍ ယူလိုက်ခြင်းကား အနာမဋ္ဌပိဏ္ဍပါတကို လူတို့အား မပေးကောင်းဟု ယူဆသောကြောင့် တည်း၊ သို့သော် စောရစသည်တို့အား ပေးကောင်းပါ၏ဟု အဋ္ဌကထာ၌ ဆိုပါသည်။

ခိုးသူတို့သည်၊ ဘဏ္ဍကသာ–ဘဏ္ဍာ၏၊ ဝါ–ကို၊ အဝိလုတ္တဘာဝေ–မလုယူအပ်သည်၏အဖြစ်၌၊ ဝတ္ထု–ဝတ္ထုကို၊ ကထေတဗ္ဗံ–ဟောပြောရာ၏၊ (စာချသောပုဂ္ဂိုလ်က ပြောပြပါ–ဟူလို၊) [ဤ ဒီဃဘာဏက အဘယထေရ်၏ဝတ္ထုသည် တတိယပါရာဇိကအဋ္ဌကထာ ဝိနီတဝတ္ထုအဖွင့်၌ ပါ၏။]

၁၃၅၂။ ။ဣန္ဒြိယေသု အဂုတ္တဒွါရတာနိဒ္ဒေသေ–၌၊ စက္ခုနာ ရူပံဒိသွာတိ–ကား၊ ကာရဏဝသေန–အကြောင်းစက္ခု၏အစွမ်းဖြင့်၊ (အကြောင်းစက္ခုနှင့်စပ်သဖြင့်၊) စက္ခုတိ–စက္ခုဟူ၍၊ လဒ္ဓဝေါဟာရေန–ရအပ်သော အခေါ်အဝေါ်ရှိသော၊ ရူပဒဿန သမတ္ထေန–ရူပါရုံကိုမြင်ခြင်း၌ စွမ်းနိုင်သော၊ စက္ခုဝိညာဏေန–စက္ခုဝိညာဏ်ဖြင့်၊ ရူပံ–ရူပါရုံကို၊ ဒိသွာ–မြင်၍၊ ("နိမိတ္တဂ္ဂါဟီ ဟောတိ" စသည်၌ စပ်၊) ပန–ဝါဒန္တကား၊ ပေါရာဏာ–ရှေးဆရာတို့သည်၊ အာဟု–ဆိုကြကုန်ပြီ၊ (ကိံ၊) စက္ခု–စက္ခုပသာဒသည်၊ ရူပံ–ရူပါရုံကို၊ န ပဿတိ–မမြင်နိုင်၊ (ကသ္မာ–နည်း၊) အစိတ္တကတ္တာ–စိတ်မဟုတ်သည်၏အဖြစ်ကြောင့်တည်း၊ စိတ္တံ–စိတ်သည်၊ (ရူပံ–ကို၊) န ပဿတိ–နိုင်၊ (ကသ္မာ၊) အစက္ခုကတ္တာ–စက္ခုမဟုတ်သည်၏အဖြစ်ကြောင့်တည်း၊ ပန–အနွယကား၊ ဒွါရာရမဏသင်္ဃဋ္ဋေနေန–စက္ခုဒွါရ ရူပါရုံတို့၏ ထိခိုက်ခြင်းကြောင့်၊ ပသာဒဝတ္ထုကေန–စက္ခုပသာဒ ဟူသောတည်ရာရှိသော၊ စိတ္တေန–စက္ခုဝိညာဉ်စိတ်ဖြင့်၊ ပဿတိ–မြင်နိုင်၏၊

---

**ကာရဏဝသေန**။ ။ဤပုဒ်ကို "လဒ္ဓဝေါဟာရေန"၌ စပ်၊ စက္ခုပသာဒနှင့် စက္ခု ဝိညာဉ်နှစ်မျိုးတွင် စက္ခုပသာဒရှိမှ စက္ခုဝိညာဉ်ဖြစ်နိုင်၏၊ ထို့ကြောင့် စက္ခုပသာဒသည် အကြောင်း, စက္ခုဝိညာဉ်ကား အကျိုးတည်း၊ ရူပါရုံကို စက္ခုပသာဒသည် မမြင်နိုင်, စက္ခုဝိညာဉ်ကသာ မြင်နိုင်၏၊ "စက္ခုနာ ရူပံ ဒိသွာ"၌ကား "စက္ခုနာ" အရ စက္ခုပသာဒရနေသောကြောင့် အဘယ်သို့ မှတ်ရမည်နည်းဟု မေးဖွယ်ရှိ၍ "ကာရဏ ၊ပေ၊ စက္ခုဝိညာဏေန"ဟု မိန့်သည်၊ အကြောင်းစက္ခုအမည်ကို အကျိုး စက္ခုဝိညာဉ်၌တင်စားသော ကာရဏူပစာရအားဖြင့် စက္ခုဝိညာဉ်ကိုပင် "စက္ခု"ဟု ခေါ်ထားသည်–ဟူလို။

**ဆက်ဦးအံ့** — "ကာရဏဝသေန လဒ္ဓဝေါဟာရေ–အကြောင်း၏အစွမ်းဖြင့် (အကြောင်းနှင့်စပ်သဖြင့်) ရအပ်သောအမည်"ဟူသည် ကာရဏူပစာရပင်တည်း၊ "စက္ခုနာ"အရ မုချအားဖြင့် စက္ခုပသာဒဟူသော အကြောင်းကိုရသော်လည်း အကြောင်းစက္ခု၏အမည်ကို အကျိုးစက္ခုဝိညာဉ်၌တင်စားသော ကာရဏူပစာရအားဖြင့် စက္ခုဝိညာဉ်ကို အရကောက်ပါ–ဟူလို၊ [ဝိသုဒ္ဓိမဂ်–မဟာဋီကာ ဣန္ဒြိယသံဝရ သီလအဖွင့်၌ကား တည်ရာ မှီရာဖြစ်သော စက္ခု၏အမည်ကို တည်တတ် မှီတတ်သော စက္ခုဝိညာဉ်၌တင်စားသောကြောင့် "ဌာနူပစာရ"ဟုလည်း တစ်နည်း ဖွင့်သေး၏၊ ကာရဏဝသေနကိုလည်း "အသာဓာရဏ ကာရဏသာ–စက္ခုဝိညာဉ်မှ တစ်ပါးသော အခြားဝိညာဉ်တို့နှင့် မဆက်ဆံသောအကြောင်း၏+ဝသေန"ဟု ဖွင့်သည်၊ "အသာဓာရဏ"ဟု ဆိုလိုသည်။]

ပန–ဆက်၊ ဤဒိသီ–ဤကဲ့သို့ ရှုအပ်သော၊ သော–ဤကထာသည်၊ ခနုနာ ဝိဇ္ဈတိတိ အာဒိသုဝိယ–အစရှိသော စကားရပ်တို့၌ကဲ့သို့၊ သသမ္ဘာရကထာ နာမ–သသမ္ဘာရကထာမည်သည်၊ (အကြောင်း အဆောက်အဦးနှင့် တကွဖြစ်သော အကျိုးကို ဆိုကြောင်းစကားမည်သည်၊) ဟောတိ၊ [ခနုနာ–လေးဖြင့်၊ (လက္ခံ–မှတ်တိုင်စက်ခွက်ကို၊) ဝိဇ္ဈတိ–ပစ်ခွင်း၏၊] တသ္မာ, စက္ခုဝိညာဏေန–ဖြင့်၊ ရူပံ–ကို၊ ဒိသွာ–မြင်၍၊ ဣတိ အယံ–ဤ ဆိုအပ်ပြီးကား၊ ဧတ္ထ–ဤ စက္ခုနာ ရူပံ ဒိသွာဟူသောပါဌ်၌၊ အတ္ထော–တည်း၊ ဣတိ–သို့၊ (အာဟု–ကုန်ပြီ၊) [ဤပေါ်ရာဏဝါဒသည် ရေဝတီဒနှင့်အတူပင်၊ အကျယ်နှင့်အကျဉ်းသာ ကွဲသည်၊] နိမိတ္တဂ္ဂါဟီတိ–ကား၊ ဣတ္ထိပုရိသနိမိတ္တံဝါ–မိန်းမဟူ၍ သိကြောင်း အမှတ်အသား, ယောကျ်ားဟူ၍ သိကြောင်းအမှတ်အသားကိုလည်းကောင်း၊ သုဘနိမိတ္တာဒိကံ–သုဘနိမိတ်အစရှိသော၊ ကိလေသဝတ္ထုဘူတံ–ကိလေသာ၏

---

**သသမ္ဘာရကထာ**။ ။သမ္ဘရီယတေ ဖလံ ဧတေနာတိ သမ္ဘာရော (အဝုတ္တကတ္တုသာခနေ၊) အကျိုးကို ကောင်းစွာဆောင်တတ်သောကြောင့် အကြောင်းကို "သမ္ဘာရ" ဟု ခေါ်၏၊ သဟ+သမ္ဘာရေန ယာ ဝတ္တတီတိ သသမ္ဘာရာ (ကထာ၊) စက္ခုပသာဒ တည်းဟူသော အကြောင်း အဆောက်အဦးနှင့်တကွ စက္ခုဝိညာဉ်ရအောင် ဆိုအပ်သောကြောင့် "စက္ခုနာ"ဟူသောစကားသည် သသမ္ဘာရစကားဖြစ်သည်–ဟူလို၊ ဥပမာ–"ခနုနာ ဝိဇ္ဈတိ–မှတ်တိုင်စက်ခွက်ကို လေးဖြင့်ပစ်ခွင့်၏၊"ဟူရာ၌ လေးဖြင့် မပစ်ခွင်းနိုင်, မြှားဖြင့်သာ ပစ်ခွင်းနိုင်သောကြောင့် "ခနုနာ"ဟူသောစကားသည် အဆောက်အဦးလေးဖြင့် မြှားဟူသော အနက်ကိုဆိုသော သသမ္ဘာရကထာ ဖြစ်သကဲ့သို့တည်း၊ [သသမ္ဘာရကထာတိ–ဒဿနဿ ကာရဏသဟိတာ ၊ပေ၊ သသမ္ဘာရဿ ဝါ ဒဿန ကထာ၊–ဋီကာ။]

**တသ္မာ ၊ပေ၊ အတ္ထော**။ ။ယသ္မာ ကေဝလေန စက္ခုနာ ကေဝလေန ဝါ ဝိညာဏေန ရူပဒဿနံ နတ္ထိ၊ တသ္မာ (မဟာဋီကာ၊) "တသ္မာ–ထိုသို့ စက္ခုသက်သက်ဖြင့်လည်း ရူပါရုံကို မမြင်နိုင်, ဝိညာဉ်သက်သက်ဖြင့်လည်း ရူပါရုံကို မမြင်နိုင်သည်၏အဖြစ်ကြောင့်"ဟု အနက်အကျယ်ပေး၍ "စက္ခုဝိညာဏေန–စက္ခုမှီသော ဝိညာဉ်ဖြင့် ရူပံ–ကို၊ ဒိသွာ–၍"ဟု ပေးပါ။

**နိမိတ္တဂ္ဂါဟီ**။ ။ဂဏှာတီတိ ဂါဟီ၊ နိမိတ္တံ+ဂါဟီ နိမိတ္တဂ္ဂါဟီ၊ နိမိတ္တံကို "ဣတ္ထိ ပုရိသနိမိတ္တံ, သုဘနိမိတ္တာဒိကံ"ဟု နှစ်မျိုးဖွင့်၏၊ "ကိလေသဝတ္ထုဘူတံ နိမိတ္တံ"ကား "သုဘနိမိတ္တာဒိကံ"၏ ဝိသေသနတည်း၊ ထိုတွင် "ဣတ္ထိနိမိတ္တ" ဟူသည် မိန်းမသဏ္ဌာန်၌ သားမြတ်ကြီးခြင်း, မုတ်ဆိတ်မပေါက်သော မျက်နှာရှိခြင်း, ဆံထုံးဖွဲ့ပုံ, အဝတ်ဝတ်ပုံ, မရှင်းသောသွားပုံ, ရပ်ပုံစသော (ယောကျ်ားနှင့်မတူသော) အလုံးစုံတည်း၊ မှန်၏–ထိုအလုံးစုံသည် မိန်းမဟု သိရခြင်း၏အကြောင်းဖြစ်သောကြောင့် "နိမိနာတိ သဉ္ဇာနာတိ ဧတေနာတိ"ဟူသော ဝိဂ္ဂြိုဟ်အရ "နိမိတ္တ"အမည်ရသည်၊ မိန်းမနှင့်မတူသော ပုံသဏ္ဌာန်စသည်၏ ပုရိသနိမိတ္တ အမည်ရပုံကိုလည်း ဤနည်းအတိုင်း သိပါ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာကို မှီသည်။

တည်ရာအကြောင်းဖြစ်၍ဖြစ်သော၊ နိမိတ္တံဝါ–အမှတ်အသားကိုလည်းကောင်း၊ ဆန္ဒရာဂဝသေန–ဆန္ဒရာဂ၏အစွမ်းဖြင့်၊ ဂဏှာတိ–ယူ၏၊ ဒိဋ္ဌမတ္တေ ဌယေဝ– မြင်အပ်ကာမျှ၌သာလျှင်၊ န သဏ္ဌာတိ–ကောင်းစွာမတည်၊ (မတန့်ရပ်။)

**သုဘနိမိတ္တာဒိကံ**။ ။တင့်တယ်သော ဣဋ္ဌအခြင်းအရာကို "သုဘ"ဟု ဆို၏၊ ထို သုဘအခြင်းအရာသည် ရာဂ (အဘိဇ္ဈာ)ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကြောင့် နိမိတ္တမည်၏၊ အာဒိဖြင့် ပဋိဃနိမိတ္တ (ဒေါသဖြစ်ခြင်း၏အကြောင်းဖြစ်သော) အသုဘအခြင်းအရာကိုလည်းကောင်း, ဥပေက္ခာနိမိတ္တ (အညာဏုပေက္ခာဟူသော မောဟ၏တည်ရာ အကြောင်းဖြစ်သော မညီမမျှကြည့်ခြင်း)တို့ကိုလည်းကောင်း ယူပါ၊ [အဘိဇ္ဈာသည် သုဘနိမိတ်ကို ယူခြင်းကြောင့်ဖြစ်၏၊ ဒေါမနဿ ဒေါသသည် ပဋိဃနိမိတ် အသုဘအခြင်းအရာကို ယူခြင်းကြောင့်ဖြစ်၏၊ ဒေါမနဿာဒယော၌ အာဒိဖြင့်ယူရသော မောဟသည် ဥပေက္ခာနိမိတ်ကို မညီမမျှရှုခြင်းကြောင့်ဖြစ်၏၊ နားမလည်သော လူအနင့်ကလေးစသူတို့၏ယူခြင်းမျိုး၌ ဥပေက္ခာနိမိတ်ကို ယူခြင်းသာ ဖြစ်တတ်သည်။]

**ကိလေသဝတ္ထုဘူတံ**။ ။ကိလေသာ"ဟူရာ၌ အဘိဇ္ဈာဟူသော တဏှာ လောဘသာမက, ဒေါမနဿ (ဒေါသ) မောဟစသော ပါပကမ္မတို့ကိုလည်း ယူရသည်၊ "သုဘာဒိနိမိတ္တသည် ထိုကိလေသာတို့ဖြစ်ဖို့ရန် တည်ရာအကြောင်းများ ဖြစ်သည်" ဟူလို၊ ... [ဇဝံ သခေ်ပတော ရာဂဒေါသမောဟာနံ ကာရဏံ သုဘ နိမိတ္တာဒိကန္တိ ဝုတ္တံ၊ တေနာဟ ကိလေသဝတ္ထုဘူတံ နိမိတ္တံတိ၊–ဝိသုဒ္ဓိမဂ် မဟာဋီကာ၊] ဤစကားအရ သုဘနနိမိတ္တာဒိကံနှင့် ကိလေသဝတ္ထုဘူတံ နိမိတ္တံကို အရတူမှတ်ပါ။

**ဆန္ဒ ။ပေ၊ သဏ္ဌာတိ**။ ။ဆန္ဒရာဂဝသေနသည် ဥပလက္ခဏ (ဆန္ဒရာဂကို မှတ်သား၍ ပြခြင်း)သာတည်း၊ ပဋိဃနိမိတ်, ဥပေက္ခာနိမိတ်ကို ယူရာ၌ ဒေါသ ဒေါမနဿ၏အစွမ်း, မောဟ၏အစွမ်းဖြင့်လည်း ယူသည်၊ ထိုသို့ အဘိဇ္ဈာစသည် ဖြစ်လောက်သည့်တိုင်အောင် စက္ခုဒွါရိကဝီထိ, တဒနုဝတ္တိကဝီထိစသော ဝီထိစိတ် အစဉ်ဖြင့် ထိုအာရုံကိုယူရကား "ဒိဋ္ဌိမတ္တေဌယေဝ န သဏ္ဌာတိ"ဟု ဆိုသည်။

**ဒိဋ္ဌေဒိဋ္ဌမတ္တံ**။ ။"ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ–မြင်အပ်သော ရူပါရုံ၌ စက္ခု ဝိညာဏကဝီထိဖြင့် မြင်ရုံမျှသည် ဖြစ်လတ့်"ဟု သဠာယတနသံယုတ်–သဠဝဂ်, မာလုကျသုတ်၌ ဟောတော်မူအပ်သော နည်းအတိုင်း မြင်ရုံမျှဖြင့် ရပ်တန့်၍, စိတ် အစဉ်မနေဘဲ စက္ခုဒွါရိကဝီထိ၏ နောက်လိုက်ဖြစ်သော ဝိတ်အစဉ်တို့ဖြင့် ဣတ္ထိနိမိတ်, ပုရိသနိမိတ်, သုဘနိမိတ်စသော နိမိတ်များကို ယူသည်၊ [ဒိဋ္ဌမတ္တေဌယေဝ သဏ္ဌာတီတိ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတီတိ သုတ္တေ ဝုတ္တနယေန ဝဏ္ဏာယတနေ စက္ခုဝိညာဏေန ဝိထိစိတ္တေဟိ စ (စက္ခုဒွါရိကဝီထိစိတ်, မကင်းစကောင်းသော အတီတဂ္ဂဟဏဝီထိ စိတ်တို့ဖြင့်လည်းကောင်း), ဂဟိတ မတ္တေဌယေဝ သဏ္ဌာတိ၊ ("ထို့ထက်ပို၍ တဒနု ဝတ္တိကဝီထိတို့ဖြင့် ဣတ္ထိနိမိတ်စသည်ကို မယူ"ဟူလို၊)–မဟာဋီကာ။]

**အချုပ်ကား**။ ။"ရူပံ ပဌမစိတ္တေန, တီတိ ဒုတိယစေတသာ၊ အတ္တံ တတိယ စိတ္တေန, နာမံ စတုတ္ထစေတသာ"ဟူသော စက္ခုဒွါရိကဝီထိ, တဒနုဝတ္တိက မနော ဒွါရဝီထိတို့တွင် ရူပါရုံကိုယူသော ပဌမရူပဂ္ဂဟဏဝီထိ, အတိတ်ရူပါရုံကိုယူသော

အနုဗျဉ္ဇနဂ္ဂါဟီတိ–ကား၊ ကိလေသာနံ–ကိလေသာတို့ကို၊ အနုဗျဉ္ဇနတော–နောက်နောက်၌ ထင်စွာပြုတတ်သည်၏အဖြစ်ကြောင့်၊ ပါကဋီဘာဝကရဏတော–ထင်ရှားသည်၏အဖြစ်ကို ပြုတတ်သည်၏အဖြစ်ကြောင့်၊ အနုဗျဉ္ဇနန္တိ–အနုဗျဉ္ဇနဟူ၍၊ လဒ္ဓဝေါဟာရံ–ရအပ်သော အခေါ်အဝေါ်ရှိသော၊ ဟတ္ထ ၊ပေ၊ ဘေဒံ–လက်သဏ္ဍာန်, ခြေသဏ္ဍာန်, ပြုံးဟန်, ရယ်ဟန်, စကားဟန်, ရှေးရှုကြည့်ဟန်, စောင်း၍ကြည့်ဟန်အစရှိသော အပြားရှိသော၊ အာကာရံ–ပုံသဏ္ဍာန်အခြင်းအရာကို၊ ဂဏှာတိ–ယူ၏၊ ယတွာဓိကရဏမေနံတိ အာဒိမှိ–အစရှိသောစကားရပ်၌၊ (အတ္တော ဝေဝ ဝေဒိတဗ္ဗော၊) ယံ ကာရဏာ–အကြင် အကြောင်းကြောင့် ၊ ယဿ စက္ခုန္ဒြိယာသံဝရဿ–အကြင်စက္ခုန္ဒြေကို မစောင့်စည်းခြင်း၏၊

ဒုတိယအတိတဂ္ဂဏ ဝီထိမျှဖြင့် စိတ်အစဉ်ပြတ်သွားလျှင် "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" နှင့်ညီ၏၊ "စိတ်အစဉ်မပြတ်ဘဲ အနက်ဒြဗ် ပုံသဏ္ဍာန် အမည်နာမစသည်ကို ယူလျှင် နိမိတ္တဂ္ဂါဟီ, အနုဗျဉ္ဇနဂ္ဂါဟီဖြစ်လေပြီ"ဟု မှတ်ပါ၊ ထိုသို့ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဖြင့် စိတ်အစဉ်ရပ်တည်နိုင်မှုကား ပင်ကိုကပင် အာရုံကောင်းတစ်ခုခုဖြင့် စွဲမြဲနေသူမှသာ ဖြစ်ပေလိမ့်မည်

**အနုဗျဉ္ဇနဂ္ဂါဟီ**။ ။ဗျဉ္ဇနဒ္ဒ ဝိ+အဉ္စဓာတ်သည် ဗျတ္တ (ထင်ရှားပြခြင်း) အနက်ကို ဟော၏၊ အနုသဒ္ဒါသည် နောက်နောက် (အပရာပရ) အနက်ဟောတည်း၊ ဣတ္ထိ ပုရိသ သုဘစသော နိမိတ္တကို ယူပြီးနောက်၌ ဟတ္ထပါဒစသော အခြင်းအရာကို ယူ၏၊ ထို လက်ခြေသဏ္ဍာန် ပြုံးဟန် ရယ်ဟန် စကားပြောဟန် ကြည့်ဟန်တို့သည် နောက်ထပ်တစ်ဖန် ကိလေသာကို ထင်ရှားဖြစ်အောင် ပြုတတ်သောကြောင့် "အနု–နောက်နောက်၌+ဗျဉ္ဇယတိ–ကိလေသာတို့ကို ထင်ရှားပြုတတ်၏"ဟူသောဝစနတ္ထအရ "အနုဗျဉ္ဇန"အမည်ရသည်၊ [ဝိသုဒ္ဓိမဂ်–မဟာဋီကာ။]

**မှတ်ချက်**။ ။ဘုရားရှင်၏လက္ခဏာတော်ကြီး, လက္ခဏာတော်ငယ်တို့တွင် လက္ခဏာတော်ငယ်များကို "အနုဗျဉ္ဇန"ဟု ခေါ်သကဲ့သို့, ဤ၌ ဣတ္ထိနိမိတ္တ ပုရိသနိမိတ္တ သုဘနိမိတ္တတို့ကို" "နိမိတ္တ"ဟု ခေါ်၍, ထိုနိမိတ္တတို့ကို သာ၍ သာယာအောင် ပြုတတ်, သာ၍ ရွံမုန်းအောင်ပြုတတ်သော လက် ခြေစသည်တို့၏ လှုပခြင်း မလှုပခြင်း, စကားပြောပုံစသည်၏ ချစ်စရာကောင်းခြင်း မုန်းစရာကောင်းခြင်းများကို (ထမင်းစားရာ၌ ဗျဉ္ဇန–ဟင်းလျာနှင့်တူသောကြောင့်) "အနုဗျဉ္ဇန"ဟု ခေါ်ထားသည်။

**ယတွာဓိကရဏံ**။ ။ယတော၌ တောပစ္စည်းသည် ပဉ္စမာဝိဘတ်၏အနက်၌ သက်သည်ဟု သိစေလို၍ "ယံ"ဟုလည်းကောင်း, အဓိကရဏသဒ္ဒါသည် အကြောင်းဟူသော် အနက်ဟော, ပဉ္စမာဝိဘတ်သည်လည်း ဟိတ်အနက်၌သက်၏ဟု သိစေလို၍ "ကာရဏာ"ဟုလည်းကောင်း ဖွင့်သည်၊ "အဓိကရောတိ ဧတေနာတိ အဓိကရဏံ–စွဲ၍ ပြုကြောင်းဖြစ်သောအကြောင်း၊ [ကြွင်းသောမှတ်ဖွယ်ကို နိဒါနကထာ၌ ပြခဲ့သော "ယတော နိဒါနံ"ပုဒ်အတိုင်း သိပါ။]

**ယဿ ၊ပေ၊ ဟေတု**။ ။ယံကာရဏာကို "ယဿ စက္ခုန္ဒြိယာသံဝရဿ ဟေတု"ဟု ထပ်ဖွင့်သည်၊ ဤ၌ "ယဿ ၊ပေ၊ သံဝရဿ"ဟု ဆဋ္ဌီဝိဘတ်ဖြင့် ဖွင့်သော်လည်း "ဆဋ္ဌီ ဟေတွတ္ထေဟိ"ဟူသော မောဂ္ဂလ္လာန်နှစ်ကဏ္ဍ, (၂၂)သုတ် အရသာ

ဟေတု–အကြောင်းကြောင့်၊ (အန္တာသဝေယျံ၌ စပ်၊) သတိကဝါဋ္ဋေန–သတိတည်းဟူသော တံခါးရွက်ဖြင့်၊ စက္ခုန္ဒြိယံ–ကို၊ အသံဝုတံ–စောင့်ရှောက်ခြင်း မရှိသည်၊ အပိဟိတ စက္ခုဒွါရံ–ပိတ်ဆို့အပ်သော စက္ခုဒွါရမရှိသည်၊ ဟုတွာ, ဝိဟရန္တံ–နေသော၊ တံ ပုဂ္ဂလံ–ဤပုဂ္ဂိုလ်ကို၊ အဘိဇ္ဈာဒယော–အဘိဇ္ဈာ အစရှိကုန်သော၊ ဓမ္မာ–ဤတရားတို့သည်၊ အန္တာသဝေယျုံ–အစဉ်တစိုက် လိုက်ကုန်ရာ၏၊ အနုဗန္ဓေယျုံ–အစဉ်တစိုက် လိုက်ကုန်ရာ၏၊ အဇ္ဈောတ္ထရေယျုံ–လွှမ်းမိုးကုန်ရာ၏၊ တဿသံဝရာယ န ပဋိပဇ္ဇတိတိ–ကား၊ တဿစက္ခုန္ဒြိယဿ–ကို၊ သတိကဝါဋ္ဋေန–ဖြင့်၊ ပိဒဟတ္ထာယ–ပိတ်ခြင်းအကျိုးငှာ၊ န ပဋိပဇ္ဇတိ–မကျင့်၊ စ–ဆက်၊ ဧဝံ ဘူတောယေဝ–ဤသို့ ဖြစ်၍ဖြစ်သည်

ဆင့်သက်ထားသည်၊ အနက်မှာမူ ဟေတုနှင့်အရတူ တုလျာဓိကရဏပင်တည်း၊ [ထိုသုတ်၏အဓိပ္ပာယ်ကို အဘယာရာမဆရာတော်၏ မောဂ္ဂလ္လာန်နိဿယ၌ ရှုပါ၊] "စက္ခုန္ဒြေကို မစောင့်စည်းခြင်းသည်ပင် အဘိဇ္ဈာစသည်တို့ ဖြစ်ခြင်း၏အကြောင်းဖြစ်သည်"ဟူလို၊ ဤအဖွင့်အလိုအားဖြင့် "ယတွာဓိကရဏံ–အကြင် စက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့်"ဟု ပေးရမည်ဖြစ်သော်လည်း, ဋီကာကောက်ချက် ချထားသည့်အတိုင်း "အကြင် မစောင့်စည်းအပ်သော စက္ခုန္ဒြေဟူသော အကြောင်းကြောင့်"ဟု ပေးပါ။

**တံ ၊ပေ၊ အသံဝုတံ။** ။မေနံမှ နံကို "တံ ပုဂ္ဂလံ"ဟု ဖွင့်၏၊ စက္ခုန္ဒြိယံ အသံဝုတံကို "အပိဟိတစက္ခုဒွါရံ ဟုတွာ"ဟု ဖွင့်သည်၊ "သံဝရိယတေ သံဝုတံ၊ နတ္ထိ+သံဝုတံ ယဿာတိ အသံဝုတော"ဟု ပြု၊ [ရှေးနိဿယ၌ "အသံဝုတံ–မပိတ်ဆို့အပ်သည်ဖြစ်၍" ဟု စက္ခုန္ဒြေနှင့်အရတူ ကမ္မရုပ်ကြံထားသည်ကို စဉ်းစားပါ၊] ဟုတွာကား ဝိဟရန္တံ၏ကြိယာဝိသေသနအဖြစ်ဖြင့် စပ်ဖို့ရန် ထည့်ပါ၌တည်း၊ ဤဟုတွာမျိုးသည် အခြားနေရာ၌ ကတ္တားပုဒ်နှင့်သာ စပ်ရိုးဖြစ်၏၊ ဤ၌ ဒုတိယန္တကံပုဒ်နှင့် စပ်နေသည်မှာ ထူးခြားပေသည်၊ မောဂ္ဂလ္လာန်အလို တွာပစ္စယန္တပုဒ်က ဘောဟော ဖြစ်သောကြောင့် စပ်နိုင်သည်ဟုလည်း မှတ်ပါ၊ စက္ခုတံခါးပေါက်ကို စောင့်ရှောက်ပိတ်ဆို့ရာ၌ ဣန္ဒြိယသံဝရသီလက သတိပြဋ္ဌာန်းသောကြောင့် "သတိကဝါဋ္ဋေန"ဟု ထည့်သည်။

**အန္တာသဝေယျုံ။** ။အန္တာသဝေယျုံ၌ အနု+အာ+ဘူဝါဒိ သုဓာတ်တည်း၊ ဂတိအနက်ဟောဖြစ်၍ "အနု ဗန္ဓေယျုံ–အစဉ်လိုက်ကုန်ရာ၏"ဟု သဒ္ဒတ္ထဖွင့်သည်၊ နောက်မှ တကောက်ကောက်လိုက်ခြင်းကို ယူမည်စိုး၍ "အဇ္ဈောတ္ထရေယျုံ–အဘိဇ္ဈာစသော အကုသိုလ်တရားတွေ များစွာဖြစ်၍ ထိုပုဂ္ဂိုလ်ကို လွှမ်းမိုးနေကုန်ရာ၏"ဟု အဓိပ္ပာယ်ဖွင့်သည်။

**တဿ ၊ပေ၊ န ပဋိပဇ္ဇတိ။** ။ယတွာဓိကရဏံဟူသော အနိယမဝါကျ၏ အဖွင့်၌ "ယဿ စက္ခုန္ဒြိယာသံဝရဿ"ဟု အသံဝရဿပုဒ်ကို ထည့်ခဲ့၍ ဤနိယမဝါကျ၌ အသံဝရသဒ္ဒါ မပါဘဲ "တဿ စက္ခုန္ဒြိယဿ"ဟု ဖွင့်ထားရာ၌ နိယမ အနိယမ စွဲရိုးထုံစံမကျ၊ ထိုသို့ စွဲရခြင်း၏အကြောင်းကို ဋီကာ၌ ဖွင့်ပြထားသည်။

သာလျှင်ဖြစ်သော ပုဂ္ဂိုလ်ကို၊ (စက္ခုန္ဒြေကို စောင့်ရှောက်ခြင်းငှာ မကျင့်သည် ဖြစ်၍ဖြစ်သော ပုဂ္ဂိုလ်ကို၊) န ရက္ခတိ ။ပေ၊ အာပဇ္ဇတီတိ–ဟူ၍၊ ဝုစ္စတိ–ဟောတော်မူအပ်၏။

တတ္ထ–ထို နစက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိဟူသော စကားရပ်၌၊ (စောဒနာ သောဓနာ နယော ဝေ ဝေဒိတဗ္ဗော၊) စက္ခုန္ဒြိယေ–စက္ခုန္ဒြေ၌၊ သံဝရောဝါ–စောင့်ရှောက်ခြင်းသည်လည်းကောင်း၊ အသံဝရောဝါ–မစောင့်ရှောက်ခြင်းသည် လည်းကောင်း၊ ကိဉ္စာကို နတ္ထိ–အကယ်၍ကား မရှိပါပေ၊ ဟိ–မှန်၊ (တစ်နည်း၊) ဟိ–ချဲ့၊ စက္ခုပသာဒံ–စက္ခုပသာဒကို၊ (စက္ခုပသာဒတည်းဟူသော စက္ခုန္ဒြေကို၊) နိဿာယ–မှီ၍၊ သတိ–သတိသည်လည်းကောင်း၊ (သတိတည်းဟူသော သံဝရသည်လည်းကောင်း၊) မုဋ္ဌသစ္စံဝါ–ပျောက်ကင်းသော သတိရှိသူ၏အဖြစ် သည်လည်းကောင်း၊ (သတိကင်းသော အကုသိုလ်စိတ်ဟူသော အသံဝရသည် လည်းကောင်း၊) န ဥပဇ္ဇတိ၊ [စက္ခုပသာဒကိုမှီ၍ဖြစ်သော စက္ခုဝိညာဉ်အခိုက် အတန့်၌ သတိယှဉ်လျက်မပါ၊ မုဋ္ဌသစ္စအကုသိုလ်လည်း မဖြစ်နိုင်၊] အပိစ– စင်စစ်ကား၊ ယဒါ–၌၊ ရူပါရမဏံ–သည်၊ စက္ခုသ–စက္ခုပသာဒ၏၊ အာပါတံ– ရှေးရှုကျခြင်းသို့၊ အာဂစ္ဆတိ–ရောက်၏၊ တဒါ–ထိုအခါ၌၊ ဘဝင်္ဂေ–သည်၊ ဒွိက္ခတ္တုံ–နှစ်ကြိမ်၊ ဥပ္ပဇ္ဇိတွာ–ဖြစ်ပြီး၍၊ နိရုဒ္ဓေ–ချုပ်ပြီးလသော်၊ ကိရိယမနောဓာ တု–ကြိယာမနောဓာတ်သည်၊ (ပဉ္စဒွါရာဝဇ္ဇန်းသည်။) အာဝဇ္ဇနကိစ္စံ–အာဝဇ္ဇန်း ကိစ္စကို၊ သာဓယမာနာ–ပြီးစေလျက်၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ တတော–ထိုမှ နောက်၌၊ စက္ခုဝိညာဏံ–သည်၊ ဒဿနကိစ္စံ–မြင်ခြင်းကိစ္စကို၊ (သာဓယမာနံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊) တတော, ဝိပါကမနောဓာတု–သည်၊ (သမ္ပဋိစ္ဆန်းသည်၊) သမ္ပဋိစ္ဆနကိစ္စံ–သမ္ပဋိစ္ဆန်းကိစ္စကို၊ (သာဓယမာနာ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊) တတော, ဝိပါကာ ။ပေ၊ ဓာတု–ဝိပါက် အဟိတ် မနောဝိညာဏဓာတ်သည်၊ သန္တီရဏကိစ္စံ–သန္တီရဏကိစ္စကို၊ (သာဓယမာနာ ဥပ္ပဇ္ဇတိ နိရုဇ္ဈတိ၊) တတော, ကြိယာ ။ပေ၊ ဓာတု–ကြိယာ အဟိတ် မနောဝိညာဏဓာတ်သည်၊ ဝေါဋ္ဌပနကိစ္စံ– ဝုဋ္ဌောကိစ္စကို ။ပေ၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ တဒနန္တ ရံ–ထို ဝုဋ္ဌော၏အခြားမဲ့၌၊ ဇဝနံ–သည်၊ ဇဝတိ–စော၏။

တတြာပိ–ထိုဘဝင် အစရှိသည်တို့တွင်လည်း၊ ဘဝင်္ဂသမယေ–ဘဝင်၏ ဖြစ်ရာအခါ၌၊ (သံဝရောဝါ–သည်လည်းကောင်း၊ အသံဝရောဝါ–သည်လည်း ကောင်း၊ ကိဉ္စာပိ) နေဝ(အတ္ထိ)–အကယ်၍ကား မရှိပါပေ၊ အာဝဇ္ဇနာဒီနံ– အဝဇ္ဇန်း အစရှိသည်တို့တွင်၊ အညတြသမယေ–တစ်ပါးပါး၏ဖြစ်ရာအခါ၌၊

ဇဝန ။ပေ၊ ဒိဿီလျံ။ ။"ဒုဿလျလျ"ဟူသည် သီလမရှိသူ၏ဖြစ်ကြောင်း ဖြစ်ရာ ကာယဒုစရိုက်, ဝစီဒုစရိုက်တည်း၊ ထို ဒုစရိုက်အမှုသည် ကာယဝိညတ် ဝစီဝိညတ်နှင့် မကင်းနိုင်၊ ထို ဝိညတ်ကိုလည်း ပဉ္စဒွါရိကဇောတို့က မဖြစ်စေနိုင်၊

သံဝရောဝါ အသံဝရောဝါဝါ, (ကိဉ္စာပိ) န အတ္ထိ၊ ပန–ထိုသို့ပင် မရှိပါသော်လည်း၊ ဇဝနက္ခဏေ–ဇောခဏ၌၊ ဒုဿီလျံဝါ–သီလမရှိသူ၏ အဖြစ်သည်လည်းကောင်း၊ မုဋ္ဌဿစ္စံဝါ–ပျောက်ကင်းသော သတိရှိသူ၏အဖြစ်သည်လည်းကောင်း၊ အညာဏံဝါ–ဉာဏ်၏ဆန့်ကျင်ဘက် မောဟသည်လည်းကောင်း၊ အက္ခန္တိဝါ–သည်းခံခြင်း၏ဆန့်ကျင်ဘက် ဒေါသ ဒေါမနဿသည်လည်းကောင်း၊ ကောသဇ္ဇံဝါ–ပျင်းရိသူ၏အဖြစ်သည်လည်းကောင်း၊ ဥပ္ပဇ္ဇတိ၊ အသံဝရော–အသံဝရသည်၊ ဟောတိ၊ [ထိုဒုဿီလျစသည်တို့၏ ဖြစ်ခြင်းကိုပင် “အသံဝရ”ဟု ခေါ်ရသည်–ဟူလို။]

ပန–ဆက်၊ ဧဝံ–သို့၊ ဟောန္တော–ဖြစ်သော၊ သော–ထိုအသံဝရကို၊ စက္ခုန္ဒြိယေ အသံဝရောတိ–ဟူ၍၊ ဝုစ္စတိ၊ ကသ္မာ–အဘယ်ကြောင့်၊ (ဧဝံ ဟောန္တော–ဤသို့ဖြစ်သော၊ သော–ထို အသံဝရကို၊ စက္ခုန္ဒြိယေ အသံဝရောတိ–ဟူ၍၊ ဝုစ္စတိ–ဆိုအပ်သနည်း၊) ယသ္မာ–ကြောင့်၊ တသ္မိံ အသံဝရေ–ထိုအသံဝရသည်၊ သတိ–ရှိလသော်၊ ဒွါရမ္ပိ–စက္ခုဒွါရသည်လည်း၊ ဝါ–ကိုလည်း၊ အဂုတ္တံ–မစောင့်ရှောက်အပ်သည်၊ (လုံခြုံသည်၊) ဟောတိ၊ ဘဝင်္ဂမ္ပိ–သည်လည်းကောင်း၊ အာဝဇ္ဇနာဒီနိ–အာဝဇ္ဇန်း အစရှိကုန်သော၊ ဝီထိစိတ္တာနိပိ–ဝီထိစိတ်တို့သည်လည်းကောင်း၊ (အဂုတ္တာနိ–မစောင့်ရှောက်အပ်ကုန်သည်၊ ဝါ–မလုံခြုံကုန်သည်၊ ဟောန္တိ၊) ယထာ ကိံ–အဘယ်ကဲ့သို့နည်း၊ နဂရေ–မြို့၌၊ စတူသု–လေးဘက်ကုန်သော၊ ဒွါရေသု–တံခါးတို့ကို၊ အသံဝုတေသု–မစောင့်ရှောက်အပ်ကုန်လသော်၊ အန္တော–မြို့အတွင်း၌၊ ဃရဒွါရကောဋ္ဌက ဂဗ္ဘာဒယော–အိမ်, တံခါးမုခ်, အခန်းအစရှိသည်တို့သည်၊ သုသံဝုတာ–ကောင်းစွာ စောင့်ရှောက်အပ်ကုန်သည်၊ ကိဉ္စာပိ (ဟောန္တိ)–အကယ်၍မူလည်း ဖြစ်စေကုန်ဦးတော့၊ တထာပိ–ထိုသို့ပင်

---

[ဤ၌ စက္ခုဒွါရိကဇောခဏကို ဆိုနေရာဌာနတည်း။] ထိုကြောင့် ဒုဿီလျစေတနာကို ဤစက္ခုဒွါရဇောခဏ၌ မဖြစ်စေနိုင်ပါသော်လည်း မနောဒွါရအတွက် အထူးဆိုတော့မည် မဟုတ်သောကြောင့် ဤစက္ခုဒွါရ၌ ပေါင်း၍ပြခြင်းငှာ “ဒုဿီလျံဝါ”ဟု ထည့်၍ ဆိုသည်၊ အဓိပ္ပာယ်ယူသောအခါ ဖြစ်သင့်သလို ယူရမည်၊ ပဉ္စဒွါရ၌ ဒုဿီလျကို မယူဘဲ မနောဒွါရကျမှ ဒုဿီလျကို အသံဝရအဖြစ်ဖြင့် ယူပါ၊ မုဋ္ဌဿစ္စစသည်ကား ခြောက်ဒွါရလုံး၌ပင် ဖြစ်နိုင်ပါသည်၊ [ယထာသမ္ဘဝန္တိ–ဒုဿီလျသံဝရော မနောဒွါရ ဝသေန, သေသာသံဝရာ ဆ ဒွါရဝသေန ယောဇေတဗ္ဗာ၊–အနု။]

ယထာ ကိံ။ ။ယေန ပကာရေန–အကြင်သို့သော အပြားအားဖြင့်၊ ဇဝနေ–ဇောခဏ၌၊ ဥပ္ပန္နမာနော–သော၊ အသံဝရော–ကို၊ စက္ခုန္ဒြိယေ အသံဝရောတိ–ဟူ၍၊ ဝုစ္စတိ–၏၊ တံ နိဒဿနံ–ထိုအပြားကို ညွှန်ပြကြောင်းဖြစ်သော ဥပမာသည်၊ ကိံ–အဘယ်နည်း၊ ဤသို့လည်း အနက်ကျယ်ပေးနိုင်၏၊ [ယေန ပကာရေန ဇဝနေ ဥပ္ပန္နမာနော အသံဝရော “စက္ခုန္ဒြိယေ အသံဝရောတိ” ဝုစ္စတိ၊ တံ နိဒဿနံ ကိန္တိ အတ္ထော၊–အနု။]

ဖြစ်ပါကုန်သော်လည်း၊ အန္တောနဂရေ–မြို့၏အတွင်း၌၊ သဗ္ဗံ–အလုံးစုံသော၊ ဘဏ္ဍံ–ဘဏ္ဍာသည်၊ အရက္ခိတံ (ဧဝ)–မစောင့်ရှောက်အပ်သည်သာလျှင်၊ အဂေါပိတမေဝ–မလုံခြုံစေအပ်သည်သာလျှင်၊ ဟောတိ ယထာ–ဖြစ်သကဲ့သို့၊ ဟိ–မှန်၊ နဂရဒွါရေနု–မြို့တံခါးဖြင့်၊ ပဝိသိတွာ–ဝင်၍၊ စောရာ–ခိုးသူတို့သည်၊ ယထိစ္ဆကံ–အလိုရှိတိုင်း၊ ကရေယျုံ ယထာ–ပြုကုန်ရာသကဲ့သို့၊ ဧဝမေဝ–တူပင်၊ ဇဝနေ–ဇောခဏ၌၊ ·ဒုဿီလျာဒိသု–ဒုဿီလျ အစရှိသည်တို့သည်၊ ဥပ္ပန္နေသု–ဖြစ်ကုန်လသော်၊ တသ္မိံ အသံဝရေ–ထို အသံဝရသည်၊ (ဒုဿီလျ အစရှိသော အသံဝရသည်၊) သတိ–သော်၊ ဒွါရံပိ–စက္ခုဒွါရသည်လည်း၊ အဂုတ္တံ–မစောင့်ရှောက်အပ်သည်၊ ဟောတိ၊ ဘဝင်္ဂမ္ပိ–သည်လည်းကောင်း၊ အာဝဇ္ဇနာဒီနိ–န်သော၊ ဝီထိစိတ္တာနိပိ–တို့သည်လည်းကောင်း၊ (အဂုတ္တာနိ–ကုန်သည်၊ ဟောန္တိ၊) ကထံ–ထို့ကြောင့်၊ (ဇဝံ ဟောန္တော–ဤသို့ဖြစ်သော၊ သော–ထို အသံဝရကို၊ စက္ခုန္ဒြိယေ အသံဝရောတိ–ဟူ၍၊ ဝုစ္စတိ–၏။)

သောတေန သဒ္ဒံ သုတွာတိအာဒီသုပိ–အစရှိသော ပါဠိရပ်တို့၌လည်း၊ ဧသေဝနယော၊ ယာ ကာမေသုတ္တိ–ကား၊ ဧဝံ–သို့၊ သံဝရံ–စောင့်စည်းခြင်းသို့၊ အနာပဇ္ဇန္တဿ–မရောက်သော ပုဂ္ဂိုလ်၏၊ ဆန္နံ–န်သော၊ ကာမေသံ ကာန္ဒြိယာနံ–ဤကာန္ဒြေတို့ကို၊ ယာ အဂုတ္တိ–အကြင် မလုံခြုံစေခြင်းသည်၊ ယာ အဂေါပနာ–အကြင် မလုံခြုံစေခြင်းသည်၊ ယော အနာရက္ခော–အကြင် မစောင့်ရှောက်ခြင်းသည်၊ ယော အသံဝရော–အကြင် မစောင့်စည်းခြင်းသည်၊ အထကနံ–မပိတ်ခြင်းသည်၊ အပိဒဟနံ–မပိတ်ခြင်းသည်၊ (အတ္ထိ၊) ကတိ အတ္ထော၊ [အထကနံကား အဂုတ္တိစသည်တို့၏ အနက်ဖွင့်တည်း၊ အထကနံကို "အပိဒဟနံ"ဟု ထပ်ဖွင့်သည်။]

၁၃၅၃။ ။ဘောဇနေ အမတ္တညုတာနိဒ္ဒေသေ–၌၊ ကာမေကစ္စောတိ–ကား၊ ကာမသ္မိံ သတ္တလောကေ–၌၊ ကေစ္စော–အချို့သော ပုဂ္ဂိုလ်သည်၊ အပ္ပဋိသင်္ခါတိ–ကား၊ ပဋိသင်္ခါနပညာယ–စဉ်းစားဆင်ခြင်တတ်သော ပညာဖြင့်၊

---

**ယထာ ၊ပေ၊ ဧဝမေဝ။** ။ဥပမာနှင့်၌ မြို့တံခါးသည် ရှေးဦးစွာတွေ့ရသော ဌာနဖြစ်၏၊ အပြင်လည်းရှိ၏၊ ဥပမေယျ၌ ဇောသည် ဝီထိတစ်ခု၌ ရှေးဦးစွာ တွေ့ရသောတရားမဟုတ်၊ အတွင်းရောက်နေ၏၊ သို့ပါလျက် အဘယ်နည်းဖြင့် တူသည့်အဖြစ်ကို ပြရပါနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား–ဇောခဏ၌ အသံဝရဖြစ်လျှင် ထိုဇောနှင့် ဆက်သွယ်နေကုန်သော တရားတို့၏အသံဝရဖြစ်ပုံကိုလည်းကောင်း, ဇောခဏ၌ သံဝရဖြစ်လျှင်လည်း ထိုတရားတို့၏သံဝရဖြစ်ပုံကိုလည်းကောင်း, မြို့တံခါးကို မစောင့်လျှင် အတွင်း၌ အိမ်တံခါးမှစသည်တို့၏ မလုံခြုံပုံနှင့်လည်းကောင်း, စောင့်လျှင် လုံခြုံပုံနှင့်လည်းကောင်း, တူကြောင်းကို ဥပမာပြခြင်းဖြစ်ပါသည်၊ ရှေ့နောက်အားဖြင့် တူပုံ, အတွင်းကျပုံ, အပြင်ကျပုံကို ဥပမာပြလိုရင်း မဟုတ်ပါ၊ [ယထာကိံ တိ အာဒိနာ ၊ပေ၊ အန္တော ဗဟိသာမညံဝါ၊–ဋီကာ။] ဋီကာ၌ အခြားနည်းများကိုလည်း ပြထားသေး၏။

အဇာနိတွာ–မသိမူ၍၊ အနုပဓာရေတွာ–မစူးစမ်း မဆင်ခြင်မူ၍၊ (“အာဟာရေဟိ”၌ စပ်၊) အယောနိသောတိ–ကား၊ အနုပါယေန–သင့်လျော်သော အကြောင်း၏ ဆန့်ကျင်ဘက်အားဖြင့်၊ ဝါ–မသင့်လျော်သော အကြောင်းအားဖြင့်၊ [“ခန္ဓကောဋ္ဌာသပဿာဝ, မဂ္ဂဟေတုသု ယောနိသာ”ဟူသောအဘိဓာန် (၈၄၈)ဂါထာလာ ယောနိသဒ္ဒါ၏အနက်တို့တွင် ဟေတုအနက်ဟောတည်း၊ ဟေတုနှင့် ဥပါယလည်း အနက်တူပင်၊] အာဟာရန္တိ–ကား၊ အသိတပီတာဒိ အဇ္ဈောဟရဏီယံ–စားဖွယ် သောက်ဖွယ်အစရှိသော မျိုထိုက်သောအာဟာရကို၊ အာဟာရေတီတိ–ကား၊ ပရိဘုဉ္ဇတိ–သုံးဆောင်၏၊ အဇ္ဈောဟရတိ–ခံတွင်းသို့ ရှေးရှုဆောင်၏၊ ဝါ–စားမျို၏၊ ဒဝါယာတိအာဒိ–ဒဝါယ အစရှိသောစကားရပ်ကို၊ အနုပါယဒဿနတ္ထံ–သင့်လျော်သော အကြောင်း၏ဆန့်ကျင်ဘက်ကို ပြခြင်းအကျိုးငှာ၊ ဝါ–မသင့်လျော်သော အကြောင်းကိုပြခြင်း အကျိုးငှာ၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ ဟိ–မှန်၊ အနုပါယေန–သင့်လျော်သောအကြောင်း၏ ဆန့်ကျင်ဘက်အားဖြင့်၊ ဝါ–မသင့်လျော်သော အကြောင်းအားဖြင့်၊ အာဟာရေန္တော–အာဟာရကိုပြုသော ပုဂ္ဂိုလ်သည်၊ ဝါ–စားမျိုသော ပုဂ္ဂိုလ်သည်၊ ဒဝတ္ထာယ–ရွှင်လန်းခြင်း အကျိုးငှာသော်လည်းကောင်း၊ မဒတ္ထာယ–မာနမဒ ပုရိသမဒအကျိုးငှာသော်လည်းကောင်း၊ မဏ္ဍနတ္ထာယ–ပြေပြစ်ပြည့်ဝင်း အဆင်းလှခြင်း အကျိုးငှာသော်လည်းကောင်း၊ ဝိဘူသနတ္ထာယဝါ–အသား ပြည့်ဖြိုးပွားတိုးခြင်း အကျိုးငှာသော်လည်းကောင်း၊ အာဟာရေတိ–အာဟာရကို ပြု၏၊ ဝါ–စားမျို၏၊ [ဒဝတ္ထာယ–စသည်တို့၏အနက်ကို ဘောဇနေ မတ္တညုတာနိဒ္ဒေသအဖွင့် ကြည့်ပါ၊] ဣဒမဝုတ္တိတံ–ဤအာဟာရဖြင့် သံသရာ ဝဋ်မှ ထွက်မြောက်ခြင်း အကျိုးရှိသူ၏အဖြစ်ကို၊ ပဋိစ္စ–စွဲ၍၊ နော (အာဟာရေတိ)–အာဟာရကို မပြု၊ ဝါ–မစား။

---

**အာဟာရေတိ။** ။စားမျိုခြင်းအနက်ကို ဟောသော အာပုဗ္ဗ ဟရဓာတ်သည် ဘူဝါဒိဂဏ်းတည်း၊ ထို့ကြောင့် “အာဟာရေတိ”ဟု မရှိနိုင်၊ “အာဟရတိ”ဟုသာ ရှိနိုင်၏၊ စာအုပ်တို့၌ “အာဟာရေတိ”ဟု တညီတညွတ်တည်း ရှိနေသောကြောင့် အာဟာရံဟူသော နာမ်ပုဒ်နောင် ကရဓာတ်၏အနက်၌ ဏ္ဍပစ္စည်းသက်၍ “အာဟာရေတိ–အာဟာရကို ပြု၏”ဟု သဒ္ဒတ္ထဖြစ်၏၊ ပရိဘုဉ္ဇတိစသည်ကား အဓိပ္ပာယတ္ထတည်း၊ “အာဟာရံ အာဟရတိ”ဟုရှိလျှင်ကား “စားမျို၏”ဟု တိုက်ရိုက်ပင် ကြံနိုင်ပါသည်။

**ဣဒမတ္ထိတံ။** ။အဓ္ဓော ယဿ အတ္ထီတိ အတ္ထိ၊ ဣမိနာ+အတ္ထိ ဣဒမတ္ထိ–ဤအာဟာရဖြင့် သံသရာမှ ထွက်မြောက်ခြင်းအကျိုးရှိသူ၊ “ဣဒမတ္ထိနော+ဘာဝေါ ဣဒမတ္ထိတာ၊ ဋီကာ “ဣဒမတ္ထိကတာ”ဟု ဣကပစ္စည်းဖြင့် ပါဌ်ရှိ၏၊ သင့်သည်ချည်း၊ အာဟာရကို စားရာ၌ ဒဝ မဒ စသည်အကျိုးငှာ စားလျှင် “အယောနိသော အာဟာရေတိ”ဖြစ်၏၊ ဤအာဟာရဖြင့် သံသရာဝဋ်မှ ထွက်မြောက်ဖို့ရန် စာပေကျမ်းဂန် သင်အံလေ့လာနိုင်ခြင်း၊ သီလ သမာဓိ ဝိပဿနာ ရဟန်းတရားကို ပွားများ အားထုတ်နိုင်ခြင်းအကျိုးငှာ စားလျှင် “ယောနိသော အာဟာရေတိ”ဖြစ်၏။

ယာ ယတ္တအသန္တုဋ္ဌိတာတိ–ကား၊ အယောနိသော–သင့်သော အကြောင်း၏ ဆန့်ကျင်ဘက်အားဖြင့်၊ (မသင့်သော အကြောင်းအားဖြင့်၊) တသ္မိံ အာဟာရေ ပရိဘောဂေ–ထိုအာဟာရကို သုံးဆောင်ခြင်း၌၊ ယာ အသန္တုဿနာ–အကြင် မတင်းတိမ် မရောင့်ရဲခြင်းဟူသော လောဘသည်၊ ယော အသန္တုဋ္ဌိဘာဝေါ– အကြင်တင်းတိမ်ရောင့်ရဲခြင်း မရှိသူ၏အဖြစ်ဟူသော လောဘသည်၊ (အတ္ထိ၊) အမတ္တညုတာတိ–ကား၊ အမတ္တညုဘာဝေါ–အတိုင်းအရှည်ကို မသိသူ၏ ဖြစ်ကြောင်းဖြစ်ရာ မောဟသည်၊ ပမာဏသခ်ါတာယ–ပမာဏဟု ဆိုအပ်သော၊ မတ္တာယ–အတိုင်းအရှည်ကို၊ အဇာနနံ–မသိခြင်းဟူသော မောဟသည်၊ (အတ္ထိ၊) အယံ ဝုစ္စတီတိ–ကား၊ အပစ္စဝေက္ခိတ ပရိဘောဂဝသေန–မဆင်ခြင်အပ်ဘဲ အာဟာရကို သုံးဆောင်ခြင်း၏အစွမ်းဖြင့်၊ (မဆင်မခြင် သုံးဆောင်ခြင်းနှင့် စပ်သဖြင့်၊) ပဝတ္တာ–ဖြစ်သော၊ အယံ–ဤလောဘ မောဟကို၊ ဘောဇနေ အမတ္တညုတာနာမ–ဘောဇနေ အမတ္တညုတာမည်၏ဟူ၍၊ ဝုစ္စတိ–၏။

၁၃၅၆။ ။ဣန္ဒြိယေသု ဂုတ္တဒွါရတာနိဒ္ဒေသေ–ဣန္ဒြိယေသု ဂုတ္တဒွါရတာ နိဒ္ဒေသ၌၊ စက္ခုနာတိအာဒိ–အစရှိသော စကားရပ်ကို၊ ဝုတ္တနယေနေဝ– ဖြင့်သာ၊ (ဣန္ဒြိယေသု အဂုတ္တဒွါရတာနိဒ္ဒေသ၌ ဆိုအပ်ပြီးသောနည်းဖြင့်သာ၊ ဝေဒိတဗ္ဗံ၊ န နိမိတ္တဂ္ဂါဟီ ဟောတီတိ–ကား၊ ဆန္ဒရာဂဝသေန–ဖြင့်၊ ဝုတ္တပ္ပ ကာရံ–ဆိုအပ်ပြီးသော အပြားရှိသော၊ ("ဣတ္ထိပုရိသနိမိတ္တံဝါ" စသည်ဖြင့် ဆိုအပ်ပြီးသော အပြားရှိသော၊) နိမိတ္တံ–နိမိတ်ကို၊ န ဂဏှာတိ–မယူ၊ ဧဝံ– တူ၊ သေသပဒါနိပိ–ကြွင်းသောပုဒ်တို့ကိုလည်း၊ ဝုတ္တပဋိပက္ခ နယေနေဝ– ဣန္ဒြိယေသု အဂုတ္တဒွါရတာနိဒ္ဒေသ၌ ဆိုအပ်ပြီးသော နည်း၏ဆန့်ကျင်ဘက် နည်းအားဖြင့်သာလျှင်၊ ဝေဒိတဗ္ဗာနိ–န်၏၊ စ–ဆက်၊ ဟေဋ္ဌာ–၌၊ (ဣန္ဒြိယေသု အဂုတ္တဒွါရတာနိဒ္ဒေသ၌၊) ဇဝနေ–ဇော၌၊ ဒုဿီလျာဒီသု–ဒုဿီလျ အစရှိသည် တို့သည်၊ ဥပ္ပန္နေသု–န်လသော်၊ တသ္မိံ အသံဝရေ–သည်၊ သတိ–သော်၊ ဒွါရံ ပိ–ဒွါရသည်လည်း၊ အဂုတ္တံ–မစောင့်ရှောက်အပ်သည်၊ (မလုံခြုံသည်၊) ဟောတိ၊ ဘဝင်္ဂံပိ–သည်လည်းကောင်း၊ အာဝဇ္ဇနာဒီနိ–န်သော၊ ဝီထိစိတ္တာနိပိ–တို့သည် လည်းကောင်း၊ (အဂုတ္တာနိ ဟောန္တိ၊) ဣတိ–သို့၊ ဝုတ္တံ ယထာ–ကဲ့သို့၊ ဧဝံ– တူ၊ ဣဒ–ဤဣန္ဒြိယေသု ဂုတ္တဒွါရတာနိဒ္ဒေသ၌၊ တသ္မိံ–ထို ဇော၌၊ သီလာ ဒီသု–သီလ အစရှိသည်တို့သည်၊ ဥပ္ပန္နေသု–န်လသော်၊ ["သီလာဒီသုပိ" ဟု ပိ ပါသည်ကား အပို၊ ဓေံဖြင့်ပင် ညွှန်ပြပြီးဖြစ်သည်၊] ဒွါရံပိ–သည်လည်း၊ ဂုတ္တံ–သည်၊ ဟောတိ၊ ဘဝင်္ဂမ္ပိ–လည်းကောင်း၊ အာဝဇ္ဇနာဒီနိ–န်သော၊ ဝီထိ စိတ္တာနိပိ–လည်းကောင်း၊ (ဂုတ္တာနိ ဟောန္တိ။)

ယထာကိံ–ဥပမာ အဘယ်ကဲ့သို့နည်း၊ [ရှေးနည်းအတိုင်း အကျယ်လည်း ပေးနိုင်သည်၊] နဂရဒွါရေ–မြို့တံခါးကို၊ သုသံဝုတေ–ကောင်းစွာ စောင့်ရှောက် အပ်သော်၊ အန္တော–မြို့တွင်း၌၊ ဃရာဒယော–အိမ် အစရှိသည်တို့သည်၊

အသံဝုတာ–မစောင့်ရှောက်အပ်ကုန်သည်၊ (မပိတ်ဆို့အပ်ကုန်သည်၊) ကိဉ္စာပိ ဟောန္တိ–အကယ်၍မူလည်း ဖြစ်စေကုန်ဦးတော့၊ တထာပိ–ထိုသို့ပင် ဖြစ်ပါကုန်သော်လည်း၊ အန္တော နဂရေ–၌၊ သဗ္ဗံ–သော၊ ဘဏ္ဍံ–သည်၊ သုရက္ခိတံ (ဧဝ)–ကောင်းစွာ စောင့်ရှောက်အပ်ပြီးသည်သာလျှင်၊ သုဂေါပိတမေဝ–ကောင်းစွာ လုံခြုံစေအပ်ပြီးသည်သာလျှင်၊ ဟောတိ–ဖြစ်တော့၏၊ နဂရဒွါရေသု–တို့ကို၊ ပိဟိတေသု–ပိတ်အပ်ပြီးကုန်လသော်၊ စောရာနံ–တို့၏၊ ပဝေသော–ဝင်ခြင်းသည်၊ နတ္ထိ ယထာ၊ ဧဝမေဝ–တူပင်၊ ဧဝနေ–၌၊ သီလာဒီသု–တို့သည်၊ ဥပ္ပန္နေသု–န်လသော်၊ ဒွါရံပိ ဂုတ္တံ ဟောတိ ။ပေ၊ ဝီထိစိတ္တာနိ (ဂုတ္တာနိ ဟောန္တိ၊) တသ္မာ, ဧဝနက္ခဏေ–၌၊ ဥပ္ပဇ္ဇမာနော့ပိ–ဖြစ်ပါသော်လည်း၊ ဝါ–ဖြစ်သည်လည်းဖြစ်သော၊ (သံဝရော–ကို၊) စက္ခုန္ဒြိယေ သံဝရောတိ–ဟူ၍၊ ဝုတ္တော–ပြီ၊ သောတေန သဒ္ဒံ သုတွာတိ အာဒီသုပိ–တို့၌လည်း၊ ဧသေဝနယော။

၁၃၅၅။ ။ဘောဇနေ မတ္တညုတာနိဒ္ဒေသေ–၌၊ ပဋိသင်္ခါ ။ပေ၊ အာဟာရေတီတိ–ကား၊ ပဋိသင်္ခါန ပညာယ–စဉ်းစားဆင်ခြင်တတ်သော ပညာဖြင့်၊ ဇာနိတွာ–သိ၍၊ ဥပါယေန–သင့်လျော်သော အကြောင်းအားဖြင့်၊ အာဟာရံ–အာဟာရကို၊ ပရိဘုဉ္ဇတိ–သုံးဆောင်၏၊ ဣဒါနိ–၌၊ တံ ဥပါယံ–ထိုသင့်လျော်သော အကြောင်းကို၊ ဒဿေတုံ–ငှာ၊ နေဝ ဒဝါယာတိအာဒိ–အစရှိသော စကားရပ်ကို၊ ဘဂဝတာ) ဝုတ္တံ၊ တတ္ထ–ထိုနေဝဒဝါယ အစရှိသောစကားရပ်၌၊ နေဝဒဝါယာတိ–ကား၊ ဒဝတ္ထာယ–ရွှင်လန်းခြင်းအကျိုးငှာ၊ န အာဟာရေတိ–အာဟာရကို ပြုသည်မဟုတ်ပါ၊ ဝါ–စားမျိုသည်မဟုတ်ပါ၊ တတ္ထ–ထိုနေဝဒဝါယဟူသော ပါဌ်၌၊ နဋလင်္ဃကာဒယော–ကချေသည် ဇွမ်းသမား အစရှိသည်တို့သည်၊ ဒဝတ္ထာယ–ရွှင်လန်းခြင်းအကျိုးငှာ၊ အာဟာရေန္တိ နာမ–အာဟာရကို ပြုသူတို့မည်၏၊ ဝါ–စားမျိုသူတို့မည်၏၊ ဟိ–မှန်၊ ယံဘောဇနံ–အကြင်ဘောဇဉ်ကို၊ ဘုတ္တာဝိဿ–စားပြီးသောပုဂ္ဂိုလ်အား၊ နစ္စ ဂီတ ကဗ္ဗသိလောက သင်္ခါတော–ကခြင်း, သီဆိုခြင်း, ကဗျာဖွဲ့ခြင်း, ဂါထာဖွဲ့ခြင်းဟု ဆိုအပ်သော၊ ဒဝေါ–ရွှင်လန်းခြင်းသည်၊ အတိရေကတရေန–ရှေးကထက် ပိုလွန်သောအားဖြင့်၊

**ယံ ဟိ ။ပေ၊ ပဋိဘာတိ။** ။မိမိကြိုက်သောအစာကို (အရက်ကြိုက်သူက အရက်ကလေးကို) စားသောက်ရလျှင် ကပြရ, သီဆိုရသည်မှာ ရှေးတုန်းကထက် ဉာဏ်ရွှင်လာ၏၊ ကဗျာဖွဲ့ခြင်း, ဂါထာဖွဲ့ခြင်းဟူသော စာရေးရခြင်းမှာလည်း ရှေးတုန်းကထက် ဉာဏ်ရွှင်လာ၏၊ ထို့ကြောင့် ဤနေရာ၌ ရွာသူသားငယ်တို့ကဲ့သို့ မြူးတူးပျော်ပါးကစားခြင်းကို "ဒဝ"ဟု မယူဘဲ နစ္စဂီတစသော ရွှင်ပြမှုကို "ဒဝ"ဟု ယူရသည်။

**ကဗ္ဗသိလောက။** ။ကဝိနော–ကဗျာတတ်သိ ပညာရှိ၏+ဣဒံ ကမ္မံ၊ ဏျ ပစ္စည်း ဝုဒ္ဓိရောက်ပြီးမှ ရသပြု၍ "ကဗျ"ဟု ဖြစ်၏၊ [သက္ကတ၌ကား ကာ၌ ရဿ မပြုဘဲ "ကာဗျ"ဟု ရှိသည်၊] သိလောကဓာတ်သည် "ပဗ္ဗစရန (ဂါထာစီခြင်း)

၁ဋ္ဌိဘာတိ–ရေးရှုထင်လာ၏၊(ဉာဏ်ရှင်လာ၏၊) တံ ဘောဇနံ–ကို၊ အဓမ္မေန–ခတရားသဖြင့်၊ ဝိသမေန–မညီညွတ်သဖြင့်၊ ပရိယေသိတွာ–ရှာမှီး၍၊ တေ–ဘိုကချေသည်, ငှမ်းသမားစသူတို့သည်၊ အာဟာရေန္တိ–အာဟာရကို ပြုကုန်၏၊ ၁ါ–စားမျိုကုန်၏၊ အယံ ပန ဘိက္ခု–သည်ကား၊ ဧဝံ–ဤသို့၊ န အာဟာရေတိ။

နမဒါယာတိ–ကား၊ မာနမဒပုရိသမဒါနံ–ယစ်မူးကြောင်းဖြစ်သော မာန်မာန, ငါယောကျ်ားဟု ထောင်လွှားတတ်သော မာန်မာန (ရာဂ)တို့၏၊ ၁မုနတ္တာယ–တိုးပွားခြင်းအကျိုးငှာ၊ န အာဟာရေတိ၊ တတ္ထ–ထို နမဒါယ ဟူသောပါဌ်၌၊ ရာဇရာဇမဟာမတ္တာ–မင်း, မင်း၏အမတ်ကြီးတို့သည်၊ မဒတ္ထာယ–မာနမဒ, ပုရိသမဒအကျိုးငှာ၊ အာဟာရေန္တိ နာမ၊ ဟိ–မှန်၊ တေ–ထိုမင်း, မင်း၏အမတ်ကြီးတို့သည်၊ အတ္တနော–၏၊ မာနမဒပုရိသမဒါနံ–တို့၏၊ ဝမုနတ္တာယ–ငှာ၊ ပိဏ္ဍရသဘောဇနာဒီနိ–သကြား, ထောပတ်, နွားနို့ စသည်တို့ကိုပေါင်း၍ ကောင်းသောအရသာရှိသော အာဟာရတို့နှင့်ရောစပ်အပ်သော

ထုတိ (ချီးမွမ်းခြင်း)”စသော အနက်ကိုဟော၏၊ ကဝိနာ သိလောကီယတေ–ကဝိသည် ဖွဲ့စီအပ်၏၊ ဣသိ သိလောကော၊ (တစ်နည်း) သိလောကီယတိ ဖသံသီယတိ ဇောတေနာတိ သိလောကော–မင်းစသူကို ချီးမွမ်းကြောင်းဖြစ်သော ဘုန်းတော်ဘွဲ့ဂီတ။

**မာနမဒပုရိသမဒါနံ**။ ။မဒဓာတ်သည် “ယစ်မူခြင်းအနက်, (ဂဗ္ဗ) ထောင်လွှား မာန်မူခြင်းအနက်”စသည်ကို ဟော၏၊ “သေယျောဟမသ္မိ–ငါမြတ်သည်, ငါတတ်သည်”စသည်ဖြင့် မာန်မူခြင်းသည် မာနမဒမည်၏၊ မဒတိ ဇောတေနာတိ မဒေါ၊ မာနော ယေဝ+မဒေါ မာနမဒေါ–ထောင်လွှားတက်ကြွကြောင်း မာန်၊ မေထုန်မှီဝဲခြင်း၌ အားကောင်းသောကြောင့် ထောင်လွှားတက်ကြွသော မာနသည်, (တနည်း) ရာဂသည် ပုရိသမဒမည်၏၊ ပုရိသဿ–၏+မဒေါ–ထောင်လွှားတက်ကြွသော သဘောတည်း၊ ပုရိသမဒေါ၊ [သေယျောဟမသ္မိတိ ၊ပေ၊ ပုရိသမဒေါ၊–ဋီကာ၊] ယောဇနာ၌ “ပုရိသောတိ–ငါယောကျ်ားကွဟူ၍+ပဝတ္တော+မဒေါ ပုရိသမဒေါ”ဟု ပြု၏။

**ပိဏ္ဍရသ ဘောဇနာဒီနိ**။ ။သကြား ထောပတ် နွားနို့စသည်တို့ကို ပေါင်းစပ်၍ ဆန်ကို ချက်အပ်သောကြောင့် “ပိဏ္ဍီယတေတိ ပိဏ္ဍော”အရ ထိုအပေါင်းကို ရ၏၊ ပိဍိဓာတ်သည် “ရာသိကရဏ”အနက်ဟောတည်း၊ အလွန် အရသာရှိသောကြောင့် “ရသော ဇတေသ အတ္ထီတိ ရသော”ဟု ပြု၊ (တစ်နည်း) ဂုဏူပစာ ကြံ၍ အရသာရှိသော ဘောဇဉ်ကို “ရသ”ဟု ခေါ်ပါ၊ [အရသာဂုဏ်၏အမည်ကို ဂုဏီ ဘောဇဉ်၌ တင်စားထားသည်ကို “ဂုဏူပစာရ”ဟု ဆိုသည်၊] ထိုပိဏ္ဍရသနှင့်ရောစပ်အပ်သော ဘောဇဉ်ဖြစ်သောကြောင့် “ပိဏ္ဍရသေန+သံသဋ္ဌံ+ဘောဇနံ+အရ ပိဏ္ဍရသ ဘောဇဉ်မည်၏၊ (တနည်း) ခတ်ပြစ်ပြစ်ချက်အပ်သော အသားရည်စသည် ရောစပ်အပ်သော ဘောဇဉ်ကို “ပိဏ္ဍရသဘောဇန”ဟု ခေါ်ပါ၊ [သက္ကရ ၊ပေ၊ ဘောဇနံ၊–ဋီကာ၊] ရာဇရာဇမဟာမတ္တစသူတို့သည် မာနမဒ ပုရိသမဒ တိုးပွားဖို့ရာ ဤကဲ့သို့ ပိဏ္ဍရသဘောဇဉ်စသည်ကို စားကြကုန်၏၊ ယခုကာလ ကာမအားတိုးဆေး အစာတို့ကို စားခြင်းမျိုးကဲ့သို့တည်း။

ဘောဇဉ်အစရှိကုန်သော၊ ပဏီတဘောဇနောနိ–မွန်မြတ်သော ဘောဇဉ်တို့ကို၊ (မွန်မြတ်သော အဟာရနှင့်ရောစပ်အပ်သော ဘောဇဉ်တို့ကို၊) ဘုဉ္ဇန္တိ၊ အယံ ပန ဘိက္ခု ဧဝံ န အာဟာရေတိ။

န မဏ္ဍနာယာတိ–ကား၊ သရီရမဏ္ဍနတ္ထာယ–ကိုယ်ကို တန်ဆာဆင်ခြင်း အကျိုးငှာ၊ န အာဟာရေတိ၊ တတ္ထ–ထို နမဏ္ဍနာယဟူသော ပါဌ်၌၊ ရူပူပ ဇီဝိနိယော–အဆင်းကိုမှီ၍ အသက်မွေးတတ်ကုန်သော၊ မာတုဂါမာ–မိန်းမတို့ သည်လည်းကောင်း၊ (ပြည့်တန်ဆာမတို့သည်လည်းကောင်း၊) အန္တေပုရိကာ ဒယောစ–နန်းတွင်းသူမ အစရှိသည်တို့သည်လည်းကောင်း၊ သပ္ပိ ဖာဏိတံ နာမ–ထောပတ်, တင်လဲမည်သည်ကို၊ ပိဝန္တိ–သောက်ကြကုန်၏၊ တေ–ထို ပြည့်တန်ဆာမ, နန်းတွင်းသူမ အစရှိသူတို့သည်၊ သိနိဒ္ဓံ–အဆီအနှစ်ရှိသော၊ မုဒံ–နူးညံ့သော၊ မန္ဒံ–အနည်းငယ်သော၊ ဘောဇနံ–ကို၊ အာဟာရေန္တိ၊ (ကိံ– အဘယ်သို့ရည်ရွယ်၍ စားကြသနည်း၊) ဧဝံ–ဤသို့ အဆီအနှစ်ပြည့်၍ နူးညံ့ သော အာဟာရကို နည်းနည်းစားသည်ရှိသော်၊ နော–ငါတို့၏၊ အင်္ဂလဋ္ဌိ– လက်ဆစ် ခြေဆစ်သည်၊ သုသဏ္ဌိတံ–ကောင်းသော သဏ္ဌာန်ရှိသော၊ ဘဝိဿ တိ၊ သရီရေ–၌၊ ဆဝိဝဏ္ဏော–အရေ အဆင်းသည်၊ ပသန္နော–ကြည်လင်သည်၊ ဘဝိဿတိ၊ ဣတိ–ဤသို့ ရည်ရည်၍၊ အာဟာရေန္တိ၊ [ဝလွန်းလျှင် ကြည့် မကောင်း၍ အစာကို လျော့စားကြသည်၊ ထိုသို့လျော့လျှင် အားနည်းမည် စိုးသောကြောင့် အားမနည်းအောင် အဆီအနှစ်ရှိသော အာဟာရကို စားကြ သည်၊] အယံ ပန ဘိက္ခု ဧဝံ န အာဟာရေတိ။

နဝိဘူသနာယာတိ–ကား၊ သရီရေ–ကိုယ်၌၊ မံသဝိဘူသနတ္ထာယ–အသား၏ တိုးပွားခြင်းအကျိုးငှာ၊ န အာဟာရေတိ၊ တတ္ထ–ထို နဝိဘူသနာယဟူသော ပါဌ်၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) နိဗ္ဗုဒ္ဓမလ္လ မုဋ္ဌိကမလ္လာဒယော–နပမ်း လုံးသော လက်ဝှေ့သတ်သမား, လက်သီးထိုးသော လက်ဝှေ့သတ်သမား အစရှိသူ တို့သည်၊ သုသိနိဒ္ဓေဟိ–အလွန် အဆီအနှစ်ရှိကုန်သော၊ မစ္ဆမံသာဒီဟိ–ငါးသား အစရှိသည်တို့ဖြင့်၊ သရီရမံသံ–ကိုယ်၏အသားကို၊ ပီဏေန္တိ–တိုးပွားစေကြ ကုန်၏၊ (ကိံ–အဘယ်သို့ရည်ရွယ်၍ တိုးပွားစေကြကုန်သနည်း၊) ဧဝံ–ဤသို့

---

**နိဗ္ဗုဒ္ဓ ၊ပေ၊ ဒယော။** ။သက္ကတ၌ "နိယုဒ္ဓ"သည် ပါဠိ၌ ယကို ဝပြု, ဝကို ဗပြု၍ "နိဗုဒ္ဓ"ဟု ဖြစ်၏၊ စာအုပ်တို့၌ ဒွေဘော်လာ, ဗ ပြု၍ "နိဗ္ဗုဒ္ဓ"ဟု ဒွေဘော်ဖြင့် တွေ့ရ၏၊ နိဂ္ဂယှ–နှိမ်၍၊ (တစ်နည်း) နိရတံ–အမြဲမပြတ်+ယုဒ္ဓေါ– ပုတ်ခတ်သူ၊ နိဗ္ဗုရဒ္ဓေါ–သူ၊ မထစာတ်သည် လုံးထွေးခြင်းအနက်ကို ဟော၏၊ ထကို လပြု, လပစ္စည်း၊ [ပစ္စည်းအမျိုးမျိုး သက်ကြ၏၊] မထတိ ဝိလောဠတီတိ မလ္လော၊ နိဗုဒ္ဓေါ စ+သော+မလ္လော စာတိ နိဗုဒ္ဓမလ္လော–နပမ်းလုံးသော (တချို့က တောင်ကျော် ကိုင်သောဟု ခေါ်သော)လက်ဝှေ့သမား၊ မုဋ္ဌိနာ–လက်သီးဖြင့်+ပဟရတီတိ မုဋ္ဌိကော၊ မုဋ္ဌိကောစ+သော+မလ္လောစာတိ မုဋ္ဌိမလ္လကော–လက်သီးထိုးသော နပမ်းသမား။

အဆီအနှစ်ရှိသော ငါးအသား အစရှိသည်တို့ကို စားရသည်ရှိသော်၊ ပဟာရ သဟနတ္ထာယ–တစ်ဖက်ရန်သူ၏ထိုးပုတ်ခြင်းကို ခံနိုင်ခြင်းအကျိုးငှာ၊ နော–ငါတို့၏၊ မံသံ–အသားသည်၊ ဥဿဒံ–များသည်၊ ဘဝိဿတိ–လတ့်၊ ဣတိ–ဤသို့ ရည်ရွယ်၍၊ (ပိဏ္ဍေန္တိ၊) အယံ ပန ဘိက္ခု–သည်ကား၊ ဧဝံ–သို့၊ သရီရေ–၌၊ မံသဝိဗ္ဗူဟနတ္ထာယ–အသား၏တိုးပွားခြင်းအကျိုးငှာ၊ န အာဟာရေတိ။

ယာဝဒေဝါတိ–ဟူသော သဒ္ဒါသည်၊ အာဟာရာဟရဏေ–အာဟာရကို စားမျိုခြင်း၌၊ ပယောဇနေသ–အကျိုး၏၊ ပရိစ္ဆေဒနိယမဒဿနံ–အပိုင်းအခြား၏မြဲသော အမှတ်အသားကို ပြကြောင်းသဒ္ဒါတည်း၊ ဣမဿ ကာယဿဋ္ဌိတိ ယာတိ–ကား၊ ဣမဿစာတုမဟာဘူတိက ကရဇကာယဿ–ဤလေးပါးသော မဟာဘုတ်အတိပြီးသော မိဘတို့သုက်သွေးကြောင့်ဖြစ်သော ခန္ဓာကိုယ်ကို၊ ထပနတ္ထာယ–အသက်ဆုံးတိုင်, ထားနိုင်ခြင်းအကျိုးငှာ၊ အာဟာရေတိ၊ [“ကရေန–မိဘတို့၏သုက်သွေးကြောင့်+ဇာတော ကရဇော”ဟု ပြု၊] ဣဒံ–ဤအကျိုးသည်၊ အဿ–ထိုပုဂ္ဂိုလ်၏၊ အာဟာရာဟရဏေ–အာဟာရကို စားမျိုခြင်း၌၊ ပယောဇနံ–အကျိုးတစ်မျိုးတည်း၊ ဣတိ အတ္ထော။

ယာပနာယာတိ–ကား၊ ဇီဝိတိန္ဒြိယ ယာပနတ္ထာယ–ဇီဝိတိန္ဒြေကို ရှည်သော အခွန့်သို့ ရောက်စေခြင်းအကျိုးငှာ၊ အာဟာရေတိ၊ ဝိဟိံသူပ ရတိယာတိ (တွေ့)–၌၊ ဝိဟံသာနာမ–ဝိဟိံသာမည်သည်၊ အဘုတ္တပစ္စယာ–မစားအပ်သည်၏အဖြစ်ဟူသော အကြောင်းကြောင့်၊ (မစားရခြင်းကြောင့်၊) ဥပ္ပဇ္ဇနက ခုဒ္ဒါ–ဖြစ်သော မွတ်သိပ်စာလောင်ခြင်းတည်း၊ တဿာ–ထိုဝိဟိံသာ၏၊ ဥပရတိယာ–ကင်းကွာခြင်းအကျိုးငှာ၊ ဝူပသမနတ္ထာယ–ငြိမ်းအေးခြင်းအကျိုးငှာ၊ အာဟာရေတိ၊ [“ဝိဟိံသူပရတိယာ–မစားရခြင်းကြောင့်ဖြစ်သော မွတ်သိပ်ဆာလောင်ခြင်းဟူသော ပင်ပန်းခြင်း၏ကင်းခြင်းအကျိုးငှာ”ဟု ပေး၊ ဗြဟ္မစရိယာနုဂ္ဂဟာယာတိ (တွေ့)–၌၊ ဗြဟ္မစရိယံနာမ–ယမည်သည်၊ တိဿော–

---

**ယာဝဒေဝ။** ။ယာဝအတွက် “ပရိစ္ဆေဒ”ဧဝအတွက် “နိယမ”ဟု ဖွင့်သည်၊ “ယာဝ ဋ္ဌိတိယာ ဧဝ–ဤကိုယ်၏တည်တန့်ခြင်း တိုင်အောင်သော အကျိုးငှာသာ”ဟု အနက်ပေးရာ၌ “တိုင်အောင်”ကား ပရိစ္ဆေဒအနက်တည်း၊ “သာ”ကား နိယမအနက်တည်း၊ “ယာဝ ယာပနယ ဧဝ”စသည်၌လည်း နည်းတူ။

**ဝိဟိံသူပရတိယာ။** ။ဝိဟိံသာကို “မစားရခြင်းကြောင့်ဖြစ်သော ထမင်းဆာခြင်း”ဟု ဖွင့်၏၊ ဝိပုဗ္ဗ ဟိံသိဓာတ်သည် ညှင်းဆဲခြင်းအနက်ကို ဟော၏၊ ထမင်းဆာခြင်းသည် ခန္ဓာကိုယ်ကို ညှင်းဆဲခြင်းပင်တည်း၊ ထိုညှင်းဆဲခြင်းကိုပင် “ပင်ပန်းခြင်း”ဟု ဆိုသည်၊ ဥပရမဏံ–ကင်းခြင်း၊ ဥပရတိ–ခြင်း၊ ဝိဟိံသာယ+ဥပရတိ ဝိဟိံသူပရတိ၊ [သက္ကတ၌ “တ္တုဒါ”သည် ပါဠိ၌ “ခုဒ္ဒါ”ဟု ဖြစ်၏၊ ဥဏာဒိ၌ ခုဒိဓာတ်နောင် ဒပစ္စည်းဖြင့် ရုပ်ပြီးစေ၏၊ “ခုဒတိ ပိပါသတိတိ ခုဒ္ဒါ”ဟု ပြု၊ သက္ကတတစ်နည်းမှီ၍ “ခုဒါ”ဟု ပြင်ကြသည်၊ သက္ကတနှင့် လုံးလုံးမတူ။

န်သော၊ သိက္ခာ–သိက္ခာတို့သည်လည်းကောင်း၊ သကလံ–အလုံးစုံသော၊ သာသနံ–သာသနာတော်သည်လည်းကောင်းတည်း၊ [“သကလံ သာသနံ”ဖြင့် ပါဠိအဋ္ဌကထာဓမ္မကိုလည်းကောင်း, သိက္ခာသုံးပါးမှကြွင်းသော အကုသိုလ်အားလုံးကိုလည်းကောင်း ယူ၊] တဿ–ထိုသိက္ခာသုံး၀, သာသနာ့ဗြဟ္မစရိယကို၊ အနုဂ္ဂဏှနတ္ထာယ–ချီးမြှောက်နိုင်ခြင်းအကျိုးငှာ၊ အာဟာရေတိ၊ ဣတိတိ–ဣတိဟူသော သဒ္ဒါသည်၊ ဥပါယနိဒဿနံ–အကြောင်းကို ညွှန်ပြကြောင်းသဒ္ဒါတည်း၊ ဣမိနာ ဥပါယေန–ဤအကြောင်းကြောင့်၊ (အာဟာရေတိ၊) ဣတိ အတ္ထော။

ပုရာဏဉ္စဝေဒနံ ပဋိဟင်္ခါမိတိ (တွေ့)–၌၊ ပုရာဏဝေဒနာနာမ–အဟောင်းဖြစ်သော ဝေဒနာမည်သည်၊ အဘုတ္တပစ္စယာ–မစားအပ်သည်၏အဖြစ်ဟူသော အကြောင်းကြောင့်၊ ဥပ္ပဇ္ဇနကဝေဒနာ–ဖြစ်သော ဝေဒနာတည်း၊ [ဆာရိုးဆာစဉ်ဖြစ်၍ ရိုးရာဖြစ်သောဝေဒနာကို “ပုရာဏဝေဒနာ”ဟု ခေါ်သည်၊] တံ–ထို မစားရခြင်းကြောင့်ဖြစ်သော အဟောင်းဖြစ်သောဝေဒနာကို၊ ပဋိဟနိဿာမိ–ပယ်ဖျောက်အံ့၊ ဣတိ–ဤသို့ နှလုံးသွင်း၍၊ အာဟာရေတိ–၏၊ နဝဉ္စ ဝေဒနံ န ဥပ္ပာဒေဿာမီတိ (တွေ့)–၌၊ နဝဝေဒနာနာမ–အသစ်ဖြစ်သော ဝေဒနာမည်သည်၊ အတုဘုတ္တပစ္စ ယေန–အလွန် စားအပ်သည်၏အဖြစ်ဟူသော အကြောင်းကြောင့်၊ ဥပ္ပဇ္ဇနကဝေဒနာ–တည်း၊ တံ–ထို အလွန်စားခြင်းကြောင့်ဖြစ်သော ဝေဒနာကို၊ န ဥပ္ပာဒေဿာမိ–မဖြစ်စေအံ့၊ ဣတိ–ဤသို့ နှလုံးသွင်း၍၊ အာဟာရေတိ၊ အထဝါ–ကား၊ နဝဝေဒနာနာမ–အသစ်ဝေဒနာမည်သည်၊ ဘုတ္တပစ္စယေန–စားအပ်သည်၏အဖြစ်ဟူသော အကြောင်းကြောင့်၊ န ဥပ္ပဇ္ဇနကဝေဒနာ–မဖြစ်သောဝေဒနာတည်း၊ အနုပ္ပန္နာယ–မဖြစ်သေးသော၊ တဿာ–ထို ဘုတ္တပစ္စယ န ဥပ္ပဇ္ဇနကဝေဒနာ၏၊ အနုပဇ္ဇနတ္ထမေဝ–မဖြစ်ခြင်းအကျိုးငှာပင်၊ အာဟာရေတိ။

---

**အဘုတ္တပစ္စယာ။** ။“အဘုတ္တ”အရ မစားအပ်သောအစာကို ရ၏၊ သို့သော် ထိုမစားအပ်သော အစာကြောင့်ကား ဝေဒနာဖြစ်နိုင်၊ အစာကို မစားဘဲနေခြင်းကြောင့်သာ အဆာလွန်၍ ဝေဒနာဖြစ်နိုင်၏၊ ထို့ကြောင့် ဘာဝပ္ပဓာနကြံ၍ “အဘုတ္တ”အရ မစားအပ်သည်၏အဖြစ်=မစားခြင်းကြိယာကို ယူရသည်။

**န ဥပ္ပဇ္ဇနကဝေဒနာ။** ။ရှေးစာအုပ်တို့၏ “ဘုတ္တပစ္စယေန ဥပ္ပဇ္ဇကဝေဒနာ”ဟု ရှိသော်လည်း ဋီကာ၌ “ဘုတ္တပစ္စယာ န ဥပ္ပဇ္ဇနကဝေဒနာ”ဟု ရှိ၏၊ ဋီကာ၌ ရှိသောပါဌ်သည်သာ “တဿာ အနုပ္ပန္နာယ အနုပ္ပဇ္ဇနတ္ထမေဝ”ဟူသော နောက်စကားနှင့် လိုက်လျော၏၊ မှန်၏–အနုပ္ပန္နာယသည် န ဥပ္ပဇ္ဇနကဝေဒနာနှင့် သဘောတူ၏၊ [အဘုတ္တပစ္စယာ ဥပ္ပဇ္ဇနဝေဒနာနှင့် ဘုတ္တပစ္စယာ န ဥပ္ပဇ္ဇနကဝေဒနာတို့၏အထူးကို ဋီကာ၌ ပြထားသည်။

ယာတြာစ မေ ဘဝိဿတီတိ–ကား၊ မေ–ါ၏၊ ယာပနာစ–နှည့်သော အခွန့်သို့ ရောက်စေခြင်းသည်လည်း၊ (မျှတခြင်းသည်လည်း၊) ဘဝိဿတိ၊ အနဝဇ္ဇတာစာတိ ဧတ္ထ–၌၊ သာဝဇ္ဇံ–သာဝဇ္ဇမည်၏၊ အတ္ထိ၊ အနဝဇ္ဇံ–အနဝဇ္ဇသည်၊ အတ္ထိ၊ တတ္ထ–ထိုသာဝဇ္ဇ အနဝဇ္ဇတို့တွင်၊ အဓမ္မိကပရိယေသနာ–မတရားသဖြင့် ဆွမ်းကိုရှာမှီးခြင်းလည်းကောင်း၊ [ကုလဒူသန အနေသနမိစ္ဆာ ဇီဝတို့ဖြင့် ဆွမ်းကိုရှာမှီးခြင်း–ဟူလို၊] အဓမ္မိကပဋိဂ္ဂဟဏံ–မတရားသဖြင့် ဆွမ်းကို ခံယူခြင်းလည်းကောင်း၊ အဓမ္မေန–မတရားသဖြင့်၊ ပရိဘောဂ–ဆွမ်းကို သုံးဆောင်ခြင်းလည်းကောင်း၊ ဣတိ–ဤသို့၊ ဣဒံ–မတရားသဖြင့် ဆွမ်းကိုရှာမှီး, ခံယူ, သုံးဆောင်ခြင်းဟူသော ဤသုံးမျိုးသည်၊ သာဝဇ္ဇံနာမ–

---

**ယာတြာ စ မေ။** ။"ယာဓာတ်, ကာရိတ်ကြေ, တြပစ္စည်း၊ ကတ္တိဓောတက အာပစ္စည်း"ဟု သိစေလို၍ "ယာပနာ"ဟု ဖွင့်သည်၊ ရှေး၌လည်း "ယာပနာ"ဟု ပါခဲ့ပြီ၊ ထိုယာပနာသည် ဇီဝိတိန္ဒြေကို ရှည်သောကာလသို့ ရောက်စေခြင်းတည်း၊ ဤယာပနာကား ဣရိယာပုတ်လေးပါးကို ပြတ်မသွားစေဘဲ ရှည်သောကာလသို့ ရောက်စေခြင်းတည်း၊ ဤသို့ အထူးမှတ်ပါ၊ [ကြာရှည်ဖြစ်နိုင်ခြင်းကို "ရှည်သော ကာလသို့ ရောက်စေခြင်း"ဟု ဆိုသည်၊ ထိုရှည်သောကာလသို့ ရောက်စေခြင်းကိုပင် "မျှတခြင်း"ဟု ရှေးဆရာတို့က ဆိုကြသည်။]

**အနဝဇ္ဇတာစ။** ။ဝဒိတဗ္ဗန္တိ ဝဇ္ဇံ–ပြောဆိုထိုက် ကဲ့ရဲ့ထိုက်သော အပြစ်၊ ဝဇ္ဇံ ယေဝ အဝဇ္ဇံ၊ (အ အနက်မရှိ၊) နတ္ထိ+အဝဇ္ဇံ ယဿမေတိ အနဝဇ္ဇော၊ တဿ+ဘာဝေါ အနဝဇ္ဇတာ–ပြောဆိုထိုက် ကဲ့ရဲ့ထိုက်သော အပြစ်မရှိသူ၏အဖြစ်၊ ဤဝစနတ္ထအရ အနဝဇ္ဇသဒ္ဒါသည် မပြောဆိုထိုက် မကဲ့ရဲ့ထိုက်သူဟူသော အနက်ကိုဟော၏၊ ထို့ကြောင့် "ဇဝံ မေ အဂရဟိတဗ္ဗတာ–မကဲ့ရဲ့ထိုက်သူ၏အဖြစ်"ဟု ဋီကာဖွင့်သည်။

**အဓမ္မိက ပဋိဂ္ဂဟဏ။** ။ပေးလှူလိုသော အလှူရှင်၏သဒ္ဓါတရား ပမာဏ, လှူဖွယ်ဝတ္ထုဟူသော ပစ္စည်း၏အနည်း အများပမာဏ, မိမိ၏လိုလားအပ်သော ပမာဏကိုမသိမူ၍ ခံယူခြင်းသည်လည်းကောင်း, ခံယူပြီး၍ ထိုပစ္စည်းကို တရားသဖြင့် မသုံးစွဲဘဲ လူတို့အားပေးခြင်း, ပစ်စလက်ခတ် ထားခြင်းအားဖြင့် သဒ္ဓါဒေယျ ဝိနိ ပါတနဖြစ်စေဖို့ရန် ခံယူခြင်းသည်လည်းကောင်း, အဓမ္မိက ပဋိဂ္ဂဟဏဖြစ်၏၊ အာပတ် သင့်စေနိုင်သော ရှာမှီးခြင်းသည်လည်း အဓမ္မိက ပဋိဂ္ဂဟဏပင်တည်း၊ အာပတ် သင့်လောက်အောင် ဂဏဘောဇနကိုခံယူခြင်း, သပိတ်ပေါ်၌ မောက်လျှံနေအောင် ထူပီကတ ခံယူခြင်းသည်လည်း အဓမ္မိက ပဋိဂ္ဂဟဏပင်တည်း၊ ဤကား ဋီကာ အဖွင့်တည်း။

**အနုဋီကာ။** ။အဋ္ဌာနယောဇနာ (လူတို့အား ပေးခြင်းစသည်ဖြင့် မသင့်သော နေရာ၌ ယှဉ်စေခြင်း) အပရိဘောဂ (မသုံးစွဲဘဲ ထားခြင်း) ဒုပ္ပရိဘောဂါဒိသေန (မကောင်းသဖြင့်သုံးစွဲခြင်း အစရှိသည်တို့၏အစွမ်းဖြင့်) သဒ္ဓါဒေယျဿ (သဒ္ဓါ တရားဖြင့် လှူအပ်သောပစ္စည်းကို) ဝိနာသနံ သဒ္ဓါဒေယျဝိနိပါတနံ၊ ယေနာတိ ဂဏဘောဇန လက္ခဏပ္ပတ္တဿ ထူပီကတာဒိကဿဝါ ပဋိဂ္ဂဟဏေန။

သာဝဇ္ဇမည်၏၊ [ကဲ့ရဲ့ထိုက်သောအပြစ်နှင့်တကွ ဖြစ်သည်မည်၏၊] ဓမ္မေန– တရားသဖြင့်၊ ပရိယေသိတွာ–ရှာ၍၊ ဓမ္မေန–ဖြင့်၊ ပဋိလဒ္ဓေဟိတွာ–ခံယူ၍၊ ပစ္စဝေက္ခိတွာ–ပစ္စဝေက္ခဏာဆင်ခြင်၍၊ ပရိဘုဉ္ဇနံ–ဆွမ်းကို သုံးဆောင်ခြင်းသည်၊ အနဝဇ္ဇံနာမ–အနဝဇ္ဇမည်၏။

ကေစ္စော–အချို့ပုဂ္ဂိုလ်သည်၊ အနဝဇ္ဇံယေဝ–ကဲ့ရဲ့ဖွယ် အပြစ်မရှိသော ဆွမ်းကိုပင်၊ (မကဲ့ရဲ့ထိုက်သော ဆွမ်းကိုပင်၊) သာဝဇ္ဇံ–ကဲ့ရဲ့ဖွယ်အပြစ်နှင့် တကွ ဖြစ်သည်ကို၊ (ကဲ့ရဲ့ထိုက်သည်ကို၊) ကရောတိ၊ [ထိုပြုပုံကို ထင်ရှားပြလို၍ "လဒ္ဓံမေ"စသည်မိန့်၊] မေ–ငါသည်၊ လဒ္ဓံ–ရအပ်ပြီ၊ ဣတိ ကတွာ–ဤသို့ နှလုံးသွင်း၍၊ ပမာဏာတိက္ကန္တံ–ပမာဏထက်လွန်အောင်၊ ဘုဉ္ဇတိ–စား၏၊ တမ္ပိ–ထိုစားအပ်ပြီးသော အစာကိုလည်း၊ ဇီရာပေတုံ–ကြေကျက်စေခြင်းငှာ၊ အသက္ကောန္တော (ဟုတွာ၊) ဥဒ္ဓံဝိရေစနအဓောဝိရေစနာဒီဟိ–အထက်သို့ ပျို့အန်ကြောင်းဆေး, အောက်သို့ ဝမ်းသက်ကြောင်းဆေး အစရှိသည်တို့ဖြင့်၊ ကိလမတိ–ပင်ပန်းရ၏၊ သကလဝိဟာရေ–အလုံးစုံသော ကျောင်းတိုက်၌၊ ဘိက္ခူ–တို့သည်၊ တဿ–ထိုအလွန်အကျွံစားသော ရဟန်း၏၊ သရီရ ၊ပေ၊ ဒီသု– ကိုယ်ကို သုတ်သင်ရခြင်း, ဆေးကိုရှာရခြင်း အစရှိသည်တို့၌၊ ဥဿုက္ကံ– ကြောင့်ကြစိုက်သူတို့၏အဖြစ်သို့၊ အာပဇ္ဇန္တိ–ရောက်ရကုန်ရာ၏၊ ကိံ–ဤ လှုပ်လှုပ်ရွရွ ဗျာပါရများနေကြခြင်းသည်၊ ကိံ–အဘယ်ကြောင့်နည်း၊ ဣတိ– သို့၊ ပုစ္ဆော–မသိသူတို့က မေးအပ်သော၊ အသုကဿနာမ–ထို မည်သော ကိုယ်တော်၏၊ ဥဒရံ–ဗိုက်သည်၊ ဥဒ္ဓုမာတံ–ဖူးရောင်နေ၏၊ ဣတိ အာဒီနိ– ဣသို့ အစရှိသောစကားတို့ကို၊ ဝဒန္တိ–ပြောဆိုကြကုန်၏၊ သေ–ဤကိုယ်တော် သည်၊ နိစ္စကာလမ္ပိ–အမြဲ ကာလပတ်လုံး၊ ဧဝံ ပကတိကောယေဝ–ဤသို့ သဘောရှိသည်သာ၊ အတ္တနော–၏၊ ကုစ္ဆိပ္ပမာဏံနာမ–ဝမ်း၏ပမာဏမည်သည် ကို၊ န ဇာနာတိ–မသိတတ်၊ ဣတိ–ဤသို့ ပြော၍၊ နိန္ဒန္တိ–ကဲ့ရဲ့ကြကုန်၏၊ ဂရဟန္တိ–ရှုပ်ချကြကုန်၏၊ အယံ–ဤပုဂ္ဂိုလ်သည်၊ အနဝဇ္ဇံယေဝ–မကဲ့ရဲ့ထိုက် သော ဆွမ်းကိုပင်၊ သာဝဇ္ဇံ–ကဲ့ရဲ့ဖွယ်နှင့်တကွ ဖြစ်သည်ကို၊ ကရောတိနာမ– ပြုသည်မည်၏၊ ဧဝံ–သို့၊ (ထိုကိုယ်တော်ကဲ့သို့၊) အကတွာ–မပြုမူ၍၊ အနဝဇ္ဇတာစ–မကဲ့ရဲ့ထိုက်သူ၏အဖြစ်သည်လည်း၊ ဘဝိဿတိ–တံ့၊ ဣတိ– ဤသို့ နှလုံးသွင်း၍၊ အာဟာရေတိ။

ဖာသုဝိဟာရောစာတိ ဧတ္ထာပိ–၌လည်း၊ ဖာသုဝိဟာရော–ချမ်းသာစွာနေရ ကြောင်းသည်၊ အတ္ထိ၊ နစ ဖာသုဝိဟာရော–ချမ်းသာစွာ မနေရကြောင်းသည် လည်း၊ အတ္ထိ၊ တတ္ထ–ထို ဖာသုဝိဟာရ န ဖာသုဝိဟာရ တို့တွင်၊ အာဟာရ ဟတ္ထကော–အာဟာရဟတ္ထကပုဏ္ဏားလည်းကောင်း ၊ပေ၊ ဘုတ္တာဝမိတကော– ဘုတ္တမိတကပုဏ္ဏားလည်းကောင်း၊ ဣတိ–သို့၊ ပဉ္စန္နံ–ငါးယောက်ကုန်သော၊

ဣမေသံ ဗြဟ္မဏာနံ–ဤပုဏ္ဏားတို့၏၊ ဘောဇနံ–စားခြင်းသည်၊ န ဖာသု ဝိဟာရောနာမ–န ဖာသုဝိဟာရမည်၏၊ (ချမ်းသာစွာ နေရကြောင်းမဟုတ်သော စားခြင်းမည်၏၊) [ဘောဇနံနှင့်အရတူသောကြောင့် "နေရခြင်း"ဟု မပေးဘဲ "နေရကြောင်း"ဟု ပေးသည်။]

ဟိ–ချဲ့၊ ဧတေသု–ဤပုဏ္ဏားငါးယောက်တို့တွင်၊ (ယော–အကြင် ပုဏ္ဏားသည်၊) ဗဟုံ–များစွာ၊ ဘုဉ္ဇိတွာ–စားပြီး၍၊ အတ္တနော–၏၊ ဓမ္မတာယ–သဘော အားဖြင့်၊ (မိမိဘာသာ၊) ဥဋ္ဌာတုံ–ထခြင်းငှာ၊ အသက္ကောန္တော (ဟုတွာ၊) ဟတ္ထံ–လက်ကို၊ အာဟရ–ဆောင်စမ်းပါလော့၊ (ဆွဲယူစမ်းပါလော့၊) ဣတိ–ဤသို့၊ ဝဒတိ–ပြောရ၏၊ (သော–ထိုပုဏ္ဏားသည်၊) အာဟာရဟတ္ထကောနာမ–ကမည်၏၊ [လက်ကို ဆွဲစမ်းပါဟု ပြောရလောက်အောင် အစားကြီးသော ပုဏ္ဏားမည်၏၊ အာဟာရ+ဟတ္ထန္တိ ဝဒတီတိ အာဟာရဟတ္ထကော၊] (ယော–အကြင်ပုဏ္ဏားသည်၊) အစ္စုဒ္ဓုမာတ ကုစ္ဆိတာယ–အလွန်ဖောင်းပွသော ဝမ်းဗိုက် ရှိသည်၏အဖြစ်ကြောင့်၊ ဥဋ္ဌိတောပိ–ထနိုင်သေးပါသော်လည်း၊ သာဋ္ဋကံ–ပုဆိုးကို၊ နိဝါသေတုံ–ဝတ်ခြင်းငှာ၊ န သက္ကောတိ၊ (သော–ထို ပုဏ္ဏားသည်၊) အလံ သာဋ္ဋကောနာမ–မည်၏၊ [ပုဆိုးမဝတ်နိုင်လောက်အောင် အစားကြီးသော ပုဏ္ဏားမည်၏၊ အလံ သာဋ္ဋကံ နိဝါသေတုံတိ အလံသာဋ္ဋကော၊] (ယော) ဥဋ္ဌာတုံ–ထခြင်းငှာ၊ အသက္ကောန္တော (ဟုတွာ၊) တတ္ထေဝ–ထိုစားအပ်ပြီးရာ အရပ်၌ပင်၊ ပရိဝတ္တတိ–လှဲ၍အိပ်ရတော့၏၊ (သော) တတ္ထ ဝဋ္ဋကောနာမ– မည်၏၊ [ထို စားပြီးရာအရပ်၌ပင် လှဲ၍အိပ်ရလောက်အောင် အစားကြီးသော ပုဏ္ဏားမည်၏၊ ဝဋ္ဋတီတိ ဝဋ္ဋကော–လှဲ၍အိပ်ရသူ၊ ဝါ–လူးလှိမ့်နေရသူ၊ တတ္ထ+ ဝဋ္ဋကော တတ္ထဝဋ္ဋကော။]

(ယော) ယထာ–အကြင် အခြင်းအရာအားဖြင့် စားလသော်၊ ကာကေဟိ– ကျီးတို့သည်၊ အာမသိတုံ–သုံးသပ်ခြင်းငှာ၊ သက္ကာ–တတ်ကောင်းသည်၊ ဟောတိ၊ ဧဝံ–ဤအခြင်းအရာအားဖြင့်၊ ယာဝမုခဒွါရာ–ခံတွင်းဝတိုင်အောင်၊ အာဟာရေတိ၊ (သော၊) ကာကမာသကောနာမ–မည်၏၊ [ခံတွင်းပေါက်က ကျီးနှိုက် လောက်သော အာဟာရရှိသောပုဏ္ဏားမည်၏၊ မသီယတေ အာမသီယတေတိ မာသော၊ ကာကေတိ+မာသော ယဿာတိ ကာကမာသကော–ကျီးတို့သုံးသပ် နိုင်, ခံတွင်းပေါက်က နှိုက်နိုင်လောက်အောင်သော အာဟာရရှိသူ၊] (ယော) မုခေန–ခံတွင်းဖြင့်၊ သန္ဓာရေတုံ–ကောင်းစွာ ဆောင်ထားခြင်းငှာ၊ အသက္ကော န္တော (ဟုတွာ၊) တတ္ထေဝ–ထို စားအပ်ပြီးရာအရပ်၌ပင်၊ ဝမတိ–ပျို့အန်ရ၏၊ (အယံ–ဤ ပုဏ္ဏားသည်၊) ဘုတ္တဝမိတကောနာမ–မည်၏၊ [စားအပ်ပြီးအစာကို အန်ထုတ်ပစ်ရလောက်အောင် အစားကြီးသောပုဏ္ဏားမည်၏၊ ဝမတီတိ ဝမိတော၊ ဘုတ္တော–စားပြီးသည်+ဟုတွာ–ဝမိတော–အန်ထုတ်ပစ်ရသူတည်း၊ ဘုတ္တဝမိတကော–သူ၊] ဧဝံ–ဤပုဏ္ဏားငါးယောက်ကဲ့သို့၊ အကတွာ–၍၊ မေ–

ငါ၏၊ ဖာသုဝိဟာရောစ–ချမ်းသာစွာ နေရကြောင်းသည်လည်း၊ ဘဝိဿတိ၊ ဣတိ–ဤသို့ နှလုံးသွင်း၍၊ အာဟာရေတိ။

ဖာသုဝိဟာရောနာမ–မည်သည်၊ စတူဟိ–လေးလုပ်သော်လည်းဖြစ်ကုန်သော၊ ပဉ္စဟိ–ငါးလုပ်သော်လည်း ဖြစ်ကုန်သော၊ အာလောပေဟိ–ဆွမ်းလုပ်တို့ဖြင့်၊ ဦနူဒရတာ–ယုတ်လျော့သော ဝမ်းဗိုက်ရှိသူ၏အဖြစ်တည်း၊ [စတူဟိ ပဉ္စဟိ၌ "ဝါသဒ္ဒါ"ပါလျှင် ကောင်း၏၊ သို့မဟုတ် "စတုပဉ္စဟိ"ဟု သမာသ် ရှိလျှင်လည်း ကောင်း၏၊] ဟိ–မှန်၊ တွေ့ကာ–ဤမျှလောက် အတိုင်းအရှည်ရှိသောဆွမ်းကို၊ (လေးလုပ်ငါးလုပ် လျော့၍စားသောဆွမ်းကို၊) ဘုဥ္ဇိတွာ–စားပြီး၍၊ ပါနီယံ–သောက်ရေကို၊ ပိဝတော–သောက်သောပုဂ္ဂိုလ်၏၊ စတ္တာရော–လေးပါးကုန်သော၊ ဣရိယာပထာ–ဣရိယာပုထ်တို့သည်၊ သုခေန–ချမ်းသာသဖြင့်၊ ပဝတ္တန္တိ–ဖြစ်ကုန်၏၊ တသ္မာ, ဓမ္မသေနာပတိ–တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည်၊ ဧဝံ–သို့၊ အာဟ–မိန့်တော်မူပြီ၊ (ကိံ–အဘယ်သို့ မိန့်တော်မူသနည်း။)

စတ္တာရော အာလောပေ–လေးလုပ်သော ဆွမ်းလုပ်တို့ကိုသော်လည်းကောင်း၊ ပဉ္စအာလောပေ–ငါးလုပ်သော ဆွမ်းလုပ်တို့ကိုသော်လည်းကောင်း၊ အဘုတွာ–မစားဘဲချန်ထား၍၊ ဥဒကံ–ရေကို၊ ပိဝေ–သောက်ရာ၏၊ (တေ–ထိုသို့ လေးလုပ်ငါးလုပ် မစားဘဲချန်၍ ရေကိုသောက်ခြင်းသည်၊) ပဟိတတ္တဿ–ကိုယ်နှင့်အသက်, မငဲ့ကွက်ဘဲ, နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ရှိသော၊ ဘိက္ခုနော–ယောဂီရဟန်း၏၊ ဖာသုဝိဟာရာယ–ချမ်းချမ်းသာသာ ကျန်းကျန်းမာမာနေနိုင်ခြင်းငှာ၊ အလံ–စွမ်းနိုင်လောက်ပြီ၊ ဣတိ–သို့၊ (အာဟ–ပြီ။)

ပန–ဆက်၊ ဣမသ္မိံ ဌာနေ–ဤနေရာ၌၊ (ဌတွာ–တန့်ရပ်၍၊) အင်္ဂါနိ–အကြောင်းအင်္ဂါတို့ကို၊ သမောဓာနေတဗ္ဗာနိ–ပေါင်းထိုက်ကုန်ရာ၏၊ ဟိ–ချဲ့၊ နေဝဒဝါယာတိ–နေဝဒဝါယဟူသော အကြောင်းသည်၊ ဧကံ–တစ်ပါးသော၊ အင်္ဂံ–အင်္ဂါတည်း ၊ပေ၊ ယာတြာစ မေ ဘဝိဿတီတိ–ဟူသောအကြောင်းသည်၊

---

**စတ္တာရော ၊ပေ၊ ဘိက္ခုနော။** ။တိံသနိပါတ် ထေရဂါထာလာသော ဂါထာတည်း၊ အဋ္ဌကထာ၌ "ယထာပန ဦနူဒရော မိတာဟာရောစ နာမ ဟောတိ၊ တံ ဒဿေတုံ စတ္တာရောတိအာဒိ ဝုတ္တံ၊ တတ္ထ အဘုတွာတိ စတ္တာရောဝါ ပဉ္စဝါ အာလောပေ ကဗဠေ အဘုဉ္ဇိတွာ ၊ပေ၊ ပါနီယံ ပိဝေယျ ၊ပေ၊ နိဗ္ဗာနံ ပတိ ပေသိတ စိတ္တဿ ဘိက္ခုနော ဖာသုဝိဟာရာယ ဈာနာဒိနံ အဓိဂမယောဂျတာယ သုခဝိဟာရာယ (ဈာန်အစရှိသည်ကိုရခြင်းအား လျောက်ပတ်သည်၏ဖြစ်ရာဖြစ်ကြောင်း ကောင်းမွန် ချမ်းသာစွာ နေရခြင်းငှာ၊) အလံ ပရိယတ္တန္တိ အတ္ထော"ဟု ဖွင့်သည်၊ [ဤဂါထာ၌ "အဘုတွာ ဥဒကံ ပိဝေ"ကို မူလဋီကာက "ဘုတွာန ဥဒကံ ပိဝေ"ဟု ပါဠ်ရှိစေလိုသည်၊ အဓိပ္ပာယ်ကို ဋီကာ၌ ရှုပါ။]

ဇော်–တစ်ပါးသော၊ အင်္ဂံ–အင်္ဂါတည်း၊ [ဘောဇဉ်ကို စားခြင်းအကြောင်းကို "အင်္ဂ"ဟု ခေါ်၏၊ ၁၀ စသောအကျိုးငှာ မစားခြင်းလည်းအကြောင်းပင် တည်း။] အနဝဇ္ဇတာစ ဖာသုဝိဟာရောစာတိ–ဟူသော၊ အယံ–ဤသည်ကား၊ ဧတ္ထ–ဤအာဟာရကိုစားခြင်း၌၊ ဘောဇနောနိသံသော–ဘောဇဉ်ကို စားခြင်း၏ အကျိုးတည်း၊ [အနဝဇ္ဇတာ, ဖာသုဝိဟာရသည် စားခြင်း၏အကျိုးတည်း။]

ပန–ဝါဒန္တရကား၊ မဟာသိဝတ္ထေရော–သည်၊ အာဟ–ဆိုပြီ၊ (ကိံ၊) ဟေဋ္ဌာ–၌၊ စတ္တာရိ–ကုန်သော၊ အင်္ဂါနိ–တို့သည်၊ (နေဝဒဝါယ စသောအင်္ဂါ တို့သည်၊) ပဋိက္ခေပေါ်နာမ–ပယ်မြစ်အပ်သော အင်္ဂါမည်၏၊ ပန–ကား၊ ဥပရိ–အထက်၌၊ အဋ္ဌ–ကုန်သော၊ အင်္ဂါနိ–တို့ကို၊ သမောဓာနေတဗ္ဗာနိ–ကုန်၏၊ ကထံ (အာဟ၊) တတ္ထ–ထိုအင်္ဂါတို့တွင်၊ ယာဝဒေဝ ဣမဿကာယဿ ဌိတိ ယာတိ–ဟူသော အကြောင်းသည်၊ ဇော်–သော၊ အင်္ဂံ–တည်း ၊ပေ၊ အနဝဇ္ဇတာ စာတိ–ဟူသောအကြောင်းသည်၊ ဇော်–သော၊ အင်္ဂံ–တည်း၊ [ဤနည်း၌ အပြစ် မရှိအောင် စားခြင်းဟု အဓိပ္ပာယ်ရသောကြောင့် ရည်ရွယ်ချက် အကျိုးတစ်မျိုး ဖြစ်ရကား "ထိုအကျိုးကိုပင် စားခြင်း၏အကြောင်းအင်္ဂါ"ဟု ဆိုသည်။] ဖာသု ဝိဟာရောပန–ချမ်းသာစွာ နေရခြင်းသည်ကား၊ ဘောဇနာနိသံသော–ဘောဇဉ် ကို စားခြင်း၏အကျိုးတည်း၊ ကထံ (အာဟ၊) ဧဝံ–သို့၊ အဋ္ဌင်္ဂသမန္နာဂတံ–ရှစ်ပါးသော အကြောင်းအင်္ဂါနှင့်ပြည့်စုံသော၊ အာဟာရံ–အာဟာရကို၊ အာဟာ ရေန္တော–အာဟာရကိုပြုသောပုဂ္ဂိုလ်သည်၊ ဝါ–စားသောပုဂ္ဂိုလ်သည်၊ ဘောဇနေ မတ္တညူနာမ–ညျုပုဂ္ဂိုလ်မည်သည်၊ ဟောတိ–၏၊ အယံ–ဝုစ္စတီတိ–ကား၊ ပရိ ယေသန ပဋိဂ္ဂဟဏ ပရိဘောဂေသု–ရှာမှီးခြင်း, ခံယူခြင်း, သုံးဆောင်ခြင်းတို့၌၊ ယုတ္တပ္ပမာဏဇာနနဝသေန–သင့်လျော်လျောက်ပတ်သော ဘောဇဉ်ကိုသိခြင်း, အတိုင်းအရှည်ပမာဏကို သိခြင်း၏အစွမ်းဖြင့်၊ ပဝတ္တော–သော၊ အယံ ပစ္စ ဝေက္ခိတပရိဘောဂေါ–ဤဆင်ခြင်အပ်သော အာဟာရကို သုံးဆောင်ခြင်းကို၊ ဘောဇနေမတ္တညုတာနာမ–ဘောဇနေမတ္တုတာမည်၏ဟူ၍၊ ဝုစ္စတိ။

၁၃၅၆။ ။မုဋ္ဌဿစ္စနိဒ္ဒေသေ–၌၊ အသတိတိ–ကား၊ သတိဝိရဟိတာ–သတိမှ ကင်းကုန်သော၊ စတ္တာရော–ကုန်သော၊ ခန္ဓာ–ခန္ဓာတို့တည်း၊ အန နုဿတိ အပ္ပဋိဿတီတိ–ဟူသော ပုဒ်နှစ်ပါးအပေါင်းကို၊ ဥပသဂ္ဂဝသေန–အနုဥပသာရ, ပဋိဥပသာရတို့၏အစွမ်းဖြင့်၊ ပဒံ–ကို၊ ဝဍ္ဎိတံ–တိုးပွားစေတော် မူအပ်ပြီ၊ အသရဏတာတိ–ကား၊ အသရဏာကာရော–အမှတ်မရခြင်းဟူသော အခြင်းအရာတည်း၊ အဓာရဏတာတိ–ကား၊ ဓာရေတုံ–ဆောင်ရွက်မှတ်သား ခြင်းငှာ၊ အသမတ္ထတာ–မစွမ်းနိုင်သူ၏အဖြစ်တည်း၊ ဟိ–မှန်၊ တာယ–ထို အသမတ္ထာနှင့်၊ သမန္နာဂတော–ပြည့်စုံသော၊ ပုဂ္ဂလော–သည်၊ အာဓာနပ္ပတ္တော–မြဲစွာထားခြင်းသို့ ရောက်သည်၊ နိဓာနက္ခမော–သိုမှီး သိမ်းဆည်းခြင်းကို ခံသည်၊ န ဟောတိ၊ ဥဒကေ–ရေပေါ်၌၊ အလာဗုကဋ္ဌာဟံ–ဗူးတောင်းသည်၊

(ဗူးအုံဖူးခွက်သည်၊) ပိလဝတိဝိယ–ပေါလောပေါ်သကဲ့သို့၊ အာရမဏေ–အာရုံ၌၊ ပိလဝတိ–ပေါလောပေါ်တတ်၏၊ ဣတိ–ကြောင့်၊ ပိလာပနတာ–ပိလာပနတာမည်၏၊ ပမုဿနတာတိ–ကား၊ နဋ္ဌမုဋ္ဌသတိတာ–ပျက်စီးပျောက်ကင်းသောသတိရှိသူ၏အဖြစ်တည်း၊ ဟိ–မှန်၏၊ တာယ–ထိုပမုဿနတာနှင့်၊ သမန္နာဂတော–သော၊ ပုဂ္ဂလော–သည်၊ နိက္ခိတ္တဘတ္တော–ထမင်း၌ချအပ်သောမျက်စိစိတ်ရှိသော၊ ကာကောဝိယ–ကျီးကဲ့သို့လည်းကောင်း၊ နိက္ခိတ္တမံသော–အသား၌ ချထားအပ်သောမျက်စိစိတ်ရှိသော၊ သိင်္ဂါလောဝိယစ–မြေခွေးကဲ့သို့လည်းကောင်း၊ ဟောတိ–၏၊ [“မိမိလိုချင်သော အာရုံတစ်ခု၌သာ စိတ်စိုက်နေသည်၊ အခြားအာရုံများ၌ကား ပျောက်ပျက် မေ့လျော့နေသည်”ဟူလို။]

**၁၃၆၁။** ။ဘာဝနာဗလနိဒ္ဒေသေ–၌၊ ကုသလာနံ ဓမ္မာနန္တိ–ကား၊ ဗောဓိပက္ခိယဓမ္မာနံ–ဗောဓိပက္ခိယတရားတို့ကို၊ (အာသေဝနာစသည်၌ စပ်၊) အာသေဝနာတိ–ကား၊ အာဒိသေဝနာ–အစစွာ မှီဝဲခြင်းသည်၊ ဘာဝနာတိ–ကား၊ ဝဍ္ဎနာ–တိုးပွားစေခြင်းသည်၊ ဗဟုလီကမ္မန္တိ–ကား၊ ပုနပ္ပုနံ–အဖန်ဖန်၊ ကရဏံ–ပြုခြင်းသည်၊ (အတ္ထို။)

**၁၃၆၈။** ။သီလဝိပတ္တိနိဒ္ဒေသော–သီလဝိပတ္တိနိဒ္ဒေသကို၊ သီလသမ္ပဒါနိဒ္ဒေသ ပဋိပက္ခတော–သီလသမ္ပဒါနိဒ္ဒေသ၏ ဆန့်ကျင်ဘက်အားဖြင့်၊ ဝေဒိတဗ္ဗော–၏၊ ဒိဋ္ဌိဝိပတ္တိနိဒ္ဒေသောစ–ကိုလည်း၊ ဒိဋ္ဌိသမ္ပဒါနိဒ္ဒေသ ပဋိပက္ခတော–အားဖြင့်၊ (ဝေဒိတဗ္ဗော၊) ဒိဋ္ဌိသမ္ပဒါနိဒ္ဒေသောစ–ကိုလည်း၊ ဒိဋ္ဌုပါဒါနနိဒ္ဒေသ ပဋိပက္ခတော–အားဖြင့်၊ (ဝေဒိတဗ္ဗော၊) သီလဝိသုဒ္ဓိနိဒ္ဒေသော–သည်၊ သီလသမ္ပဒါနိဒ္ဒေသေန–နှင့်၊ သမာနော–သည်၊ ကိဉ္စာပိ (ဟောတိ)–အကယ်၍ကား ဖြစ်ပါပေ၏၊ ပန–ထိုသို့ပင် ဖြစ်ပါသော်လည်း၊ တတ္ထ–ထိုသီလဝိသုဒ္ဓိနိဒ္ဒေသ၌၊ ဝိသုဒ္ဓိသမ္ပာပကံ–စင်ကြယ်ခြင်းသို့ ရောက်စေတတ်သော၊ ပါတိမောက္ခ သံဝရ သီလံ–ပါတိမောက္ခသံဝရသီလကို၊ ကထိတံ–ဟောတော်မူအပ်ပြီ၊ ဣဓ–ဤ၌၊ သီလသမ္ပဒါနနိဒ္ဒေသ၌၊ ဝိသုဒ္ဓိပ္ပတ္တံ–စင်ကြယ်ခြင်းသို့ ရောက်ပြီးသော၊ သီလံ–မဂ်သီလကို၊ (ကထိတံ–မူအပ်ပြီ၊) ပန–ဆက်၊ သတိစ သမ္ပဇညဉ္စ–သတိစ သမ္ပဇညဉ္စဒုက်လည်းကောင်း၊ ပဋိသင်္ခါနဗလဉ္စဘာဝနာဗလဉ္စ–ပဋိသင်္ခါနဗလဉ္စဘာဝနာဗလဉ္စဒုက်လည်းကောင်း ၊ပေ၊ သီလသမ္ပဒါစ ဒိဋ္ဌိသမ္ပဒါစ–သီလသမ္ပဒါစ ဒိဋ္ဌိသမ္ပဒါစဒုက်လည်းကောင်း၊ ဣတိ–သို့၊ ဆဟိ–ကုန်သော၊ ဣမေဟိ ဒုကေဟိ–တို့ဖြင့်၊ စတုဘူမကာပိ–ဘုံလေးပါး၌ ဖြစ်သည်လည်းဖြစ်ကုန်သော၊

**အပိလာပနတာ။** ။ပိလုဓာတ် ဏာပေပစ္စည်း ယုပစ္စည်းဖြင့် “ပိလာပန”ဟု ဖြစ်၏၊ ပလုဓာတ်ဖြင့် “ပလဝနတာ”ဟုလည်း ရှိ၏၊ “သတိမမူ ဂုမမြင်”ဆိုသကဲ့သို့ သတိမရှိသူမှာ မည်သည့်အာရုံကိုမျှ ထင်ထင်ရှားရှား မသိ၊ နှိုက်နှိုက် ချွတ်ချွတ် မစဉ်းစား, သတိမထား၊ ရေပေါ်၌ ဗူးတောင်းသည် ခုန်ကာခုန်ကာ ပေါလောပေါလော မျောသွားသကဲ့သို့ အာရုံများအပေါ်၌ ပျော်ပျော်ပါးပါး, ခုန်လွှားသကဲ့သို့ ယူတတ်သည်။]

လောကိယ လောကုတ္တရမ္မောဝ–လောကီလောကုတ္တရာ တရားတို့ကိုသာ၊ ကတိတာ–ဟောတော်မူအပ်ကုန်ပြီ။

**၁၃၇၃။** ။ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသေ–၌၊ ကမ္မဿကတာညာဏန္တိ–ကား၊ ဣဒံ ကမ္မံ–ဤကံသည်၊ သကံ–မိမိဥစ္စာတည်း၊ ဣဒံ (ကမ္မံ)–သည်၊ နောသကံ–မိမိဥစ္စာမဟုတ်၊ ဣတိ–သို့၊ ဇာနနပညာ–သိတတ်သောပညာတည်း၊ တတ္ထ–ထိုသကကံ နောသကကံတို့တွင်၊ အတ္တနာဝါ–မိမိမူလည်း၊ ကတံ–ပြုအပ်သည်၊ ဟောတု–ဖြစ်ပစေ၊ ပရေနဝါ–သူတစ်ပါးသည်မူလည်း၊ (ကတံ ဟောတု၊) သဗ္ဗမ္ပိ–အလုံးစုံလည်းဖြစ်သော၊ အကုသလကမ္မံ–အကုသိုလ်ကံသည်၊ နော သကံ–မိမိဥစ္စာမဟုတ်၊ ကသ္မာ–နည်း၊ အတ္ထဘဉ္ဇနတော–စီးပွားကို ဖျက်ဆီး တတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ အနတ္ထဇနနတောစ–စီးပွားကို ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း၊ ပန–ကား၊ ကုသလ ကမ္မံ–သည်၊ အနတ္ထဘဉ္ဇနတော–စီးပွားမဲ့ကို ဖျက်ဆီးတတ်သည်၏အဖြစ်ကြောင့် လည်းကောင်း၊ အတ္ထဇနနတောစ–စီးပွားကို ဖြစ်စေတတ်သည်၏အဖြစ်ကြောင့် လည်းကောင်း၊ သကံနာမ–သကကံမည်၏၊ [ဤ၌ အတ္ထသဒ္ဒါ ဟိတအနက် ဟောတည်း။]

တတ္ထ–ထို သကကံ နောသကကံတို့တွင်၊ ယထာနာမ–ဥပမာမည်သည် ကား၊ သဓနော–ဥစ္စာနှင့်တကွဖြစ်သော၊ သဘောဂေါ–သုံးဆောင်ခံစားခြင်း၏ အဆောက်အဦးတို့နှင့်တကွဖြစ်သော၊ ပုရိသော–သည်၊ အဒ္ဓါနမဂ္ဂံ–အခွန့်ရှည် သော ခရီးကို၊ ပဋိပန္နော–သွား၍၊ အန္တရာမဂ္ဂေ–လမ်းခရီးအကြား၌၊ ဂါမ နိဂမာဒီသု–ရွာနိဂုံးအစရှိသော အရပ်တို့၌၊ နက္ခတ္တေ–နက္ခတ်ပွဲသဘင်ကို၊ သံဃုဋ္ဌေ–ကြွေးကြော်အပ်သော်၊ အဟံ–ငါသည်၊ အာဂန္တုကော–အာဂန္တုက တည်း၊ ကံ–အဘယ်သူ့ကို၊ နိဿာယ–မှီ၍၊ နက္ခတ္တံ–နက္ခတ်ပွဲသဘင်ကို၊ ကီဠေယျံနုခေါ–ကစားနိုင်ရာပါအံ့နည်း၊ ဣတိ–ဤသို့၊ အစိန္တေ တွာ–မစဉ်းစား မူ၍၊ ယထာယထာ–အကြင်အကြင် နည်းအားဖြင့်၊ (နက္ခတ္တံ–ကို၊ ကီဠိတုံ– ငှာ၊) ဣစ္ဆတိ–အလိုရှိ၏၊ တေနတေန နီဟာရေန–ထိုထို နည်းအားဖြင့်၊ (အကျိုးကိုဆောင်တတ်သော ထိုထိုအကြောင်းအားဖြင့်၊) နက္ခတ္တံ–ကို၊ ကီဠန္တော– ကစားလျက်၊ သုခေန–ချမ်းသာသဖြင့်၊ ကန္တာရံ–ခရီးခဲကို၊ အတိက္ကမတိယထာ– လွန်မြောက်နိုင်သကဲ့သို့၊ ဧဝမေဝ–တူပင်၊ ဣမသ္မိံ ကမ္မဿကတာဉာဏေ– ဤကမ္မဿကတာဉာဏ်၌၊ ဌတွာ–တည်၍၊ ဣမေ သတ္တာ–ဤသတ္တဝါတို့သည်၊

**လောကိယ ၊ပေ၊ ဓမ္မောဝ။** ။"လောကီဖြစ်သော သတိသမ္ဗောဇ္ဈင်သော တရား၊ လောကုတ္တရာဖြစ်သော သတိသမ္ဗောဇ္ဈင်သော တရားတို့ကို ဟောတော်မူထားသည်" ဟူလို၊ ဤ၌ စတုဘူမကဟူသောစကားကို ရသင့်သည်အားလျော်စွာ ယှဉ်စပ်ရမည်၊ သီလသမ္ပဒါအရ၌ ရူပါဝစရ အရူပါဝစရစိတ်တို့ဝယ် ဝိရတိဟူသော သီလမယှဉ်သော ကြောင့် ကာမာဝစရဖြစ်သော လောကီသီလနှင့် လောကုတ္တရာသီလတို့ကိုသာ ယူရသည်၊ [သီလသမ္ပဒါပန ရူပါရူပါဝစရာ နတ္ထိတိ သမ္ဘဝတော ယောဇေတဗ္ဗော–ဋီကာ။]

ဗဟုံ–များစွာသော၊ ဝဋ္ဋဂါမိကမ္ပံ–ဝဋ်သို့ ရောက်ကြောင်းဖြစ်သော ကံကို၊ အာယူဟိတွာ–အားထုတ်ပြီး၍၊ သုခေန–ချမ်းသာတစ်ခုဖြင့်၊ သုခံ–ချမ်းသာ တစ်ခုကို၊ အနုဘဝန္တာ–ခံစားကုန်လျက်၊ အရဟတ္တံ–အရဟတ္တဖိုလ်သို့၊ ပတ္တာ– ရောက်သော သတ္တဝါတို့သည်၊ ဂဏနပထံ–ဂဏန်းလမ်းကို၊ ဝါ–ရေတွက် ခြင်း၏အကြောင်းကို၊ ဝီတိဝတ္တာ–လွန်ကုန်ပြီ။

သစ္စာနုလောမိကဉာဏန္တိ–ကား၊ စတုန္နံ–ကုန်သော၊ သစ္စာနံ–သစ္စာတို့အား၊ အနုလောမံ–လျော်သော၊ ဝိပဿနာဉာဏံ–ဝိပဿနာဉာဏ်တည်း၊ မဂ္ဂသမင်္ဂီ ဉာဏံ ဖလသမင်္ဂီဉာဏန္တိ–ကား၊ မဂ္ဂဉာဏ ဖလဉာဏာနိယေဝ–မဂ် ဉာဏ် ဖိုလ်ဉာဏ်တို့ပင်တည်း။။

၁၃၇၄။ ။ဒိဋ္ဌိဝိသုဒ္ဓိခေါပနာတိပဒဿ–ဟူသောပုဒ်၏၊ နိဒ္ဒေသေ– ၌၊ ယာ ပညာ ပဇာနနာတိအာဒီဟိ–အစရှိကုန်သော၊ ပဒေဟိ–ဖြင့်၊ ဟေဋ္ဌာ– ၌၊ ဝုတ္တာနိ–ဟောတော်မူအပ်ကုန်ပြီးသော၊ ကမ္မဿကတညာဏာဒီနေဝ–ကမ္မ ဿကတာဉာဏ်အစရှိသည်ပင် ဖြစ်ကုန်သော၊ စတ္တာရိ–ကုန်သော၊ ဉာဏာနိ–

**ဝဋ္ဋဂါမိကမ္မံ။** ။"ကုသိုလ်ကံသည် မိမိဥစ္စာ"ဟု သိသောဉာဏ်, ကံ ကံ၏ အကျိုးကို ယုံကြည်သောဉာဏ်၌ တည်သူတို့သည် တစ်ဘဝ၌ ခံစားရမည့် စီးပွား ဥစ္စာထက်, ဘဝများစွာ၌ အကျိုးခံစားရမည့် ကုသိုလ်ကံကိုသာ မြိုင်မြိုင်ဆိုင်ဆိုင် လှိုင်လှိုင်ကြီး ပြုလုပ်ကြ၏၊ ထိုသို့ ပြုအပ်သောကံသည် များစွာသော သာသနာပကာလ တို့ဝယ် နိဗ္ဗာန်ကို မမှန်းနိုင်ကြသောကြောင့် ဝဋ်၌ကျင်လည်ကြောင်း ဝဋ္ဋဂါမိကံပင် ဖြစ်သော်လည်း သာသနာတော်တွင်း ကာလတို့ဝယ် သူတော်ကောင်းတို့နှင့် ပေါင်းသင်း ရသော ဘဝတို့၌ ဝိဝဋ္ဋဂါမိကံကိုလည်း ဆက်လက်၍ ပြုနိုင်ကြသောကြောင့် (ဝဋ္ဋ ဂါမိကံက ဝိဝဋ္ဋဂါမိကံကို ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သောကြောင့်) "အရဟတ္တံ ပတ္တာဂဏနပထံ ဝီတိဝတ္တာ"ဟု ဆိုသည်။

**စတုန္နံ သစ္စာနံ အနုလောမံ။** ။သစ္စာနုလောမံကို "စတုန္နံ ၊ပေ၊ အနုလောမံ" ဟု ဖွင့်၏၊ "သစ္စာလေးပါး"ဟူသည် ပဋိဝေဓခေတ်ဉာဏ် မဟုတ်, ပဋိဝိဇ္ဈိတဗ္ဗအာရုံ သာတည်း၊ ထို့ကြောင့် အာရုံ၏စတုသစ္စအမည်ကို အာရမဏိကမဂ်ဉာဏ်၌ တင်စား၍ ကာရဏူပစာရအားဖြင့် စတုသစ္စ ပဋိဝေဓဉာဏ်တိုင်အောင် အကောက်ပါ၊ ဝိပဿနာ ဉာဏ်သည် ထို ပဋိဝေဓဉာဏ်အားလျော်စွာဖြစ်သော အနုလောမဉာဏ်တည်း၊ ထို့ကြောင့် "စတုန္နံ ၊ပေ၊ ဝိပဿနာဉာဏံ"ဟု ဖွင့်သည်၊ [သစ္စာနန္တိ ပဋိဝိဇ္ဈိတဗ္ဗေဟိ ပဋိဝေဓေ ဝုတ္တော–ဋီကာ။]

**တစ်နည်း။** ။လောကီတရားဖြစ်သော ဝိပဿနာဉာဏ်သည်ပင် သစ္စာလေးပါး တို့ကို စွမ်းအားရှိသလောက် လျော်စွာသိတတ်၏၊ ထို့ကြောင့် "စတုန္နံ ၊ပေ၊ အနု လောမံ ဝိပဿနာဉာဏံ"ဟု ဆိုသည်၊ ဤနည်းအလို "စတုန္နံ သစ္စာနံ"၌ ဥပစာ မတင်ရတော့၊ [စတုသစ္စပ္ပဋိဝေဓဿဝါ ဥပနိဿယဘူတံ ၊ပေ၊ အနုလောမန္တိ ဝုတ္တံ၊– ဋီကာ၊ မဂ်က သစ္စာလေးပါးကိုသိရာ၌ ဝိပဿနာဉာဏ်ကလည်း ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ထို့ကြောင့် "ဥပနိဿယဘူတံ"ဟု ဆိုသည်။]

တို့ကို၊ ဝိဘတ္တာနိ–ဝေဖန်တော်မူအပ်ကုန်ပြီ၊ (အာဒိဖြင့် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ယူ။)

၁၃၇၅။ ။ယထာဒိဋ္ဌသဿစ ပဓာနဿ ပဒဿ–၏၊ နိဒ္ဒေသေ–၌၊ ယော စေတသိကော ဝီရိယာရမ္ဘောတိအာဒီဟိ–အစရှိကုန်သော၊ ပဒေဟိ–တို့ဖြင့်၊ နိဒ္ဒိဋ္ဌ–သော၊ ဝီရိယံ–ဝီရိယသည်၊ ပညာဂတိကမေဝ–ပညာ၏ဖြစ်ခြင်းနှင့်တူသော ဖြစ်ခြင်းရှိသည်သာ၊ (ပညာနှင့်အလားတူသည်သာ၊) ဟိ–မှန်၊ ပညာ–ပညာသည်၊ လောကိယဋ္ဌာနေ–လောကီအရာ၌၊ လောကိယံ–လောကီတည်း၊ လောကုတ္တရ ဋ္ဌာနေ–၌၊ လောကုတ္တရံ–လောကုတ္တရာတည်း၊ ဣတိ ဝေဒိတဗ္ဗံ။

၁၃၇၆။ ။သံဝေဇနီယဋ္ဌာနနိဒ္ဒေသေ–၌၊ ဇာတိဘယန္တိ–ကား၊ ဇာတိ–ဇာတိကို၊ ဘယတော–ဘေးအားဖြင့်၊ ဒိသွာ–မြင်၍၊ ဌိတဉာဏံ–တည်သော ဉာဏ်တည်း၊ ဇရာမရဏဘယာဒီသုပိ–ဇရာမရဏဘေး အစရှိသည်တို့၌လည်း၊ ဧသေဝနယော။

၁၃၇၇။ ။အနုပ္ပန္နာနံ ပါပကာနန္တိ အာဒီဟိ–အစရှိသော ပုဒ်တို့ဖြင့်၊ ဇာတိအာဒီနိ–ဇာတိအစရှိသည်တို့ကို၊ ဘယတော–ဘေးအားဖြင့်၊ ဒိသွာ, ဇာတိဇရာ ဗျာဓိမရဏေဟိ–ဇာတိဇရာ ဗျာဓိမရဏတို့မှ၊ မုစ္စိတုကာမဿ–လွတ်ခြင်းငှာ အလိုသောပုဂ္ဂိုလ်၏၊ ဥပါယပဓာနံ–သင့်လျော်သော အကြောင်းအားဖြင့် အားထုတ်ခြင်းကို၊ ကထိတံ–ဟောတော်မူအပ်ပြီ၊ ပန–ဆက်၊ ပဒဘာဇနီယဿ–အနုပ္ပန္နာနံပါပကာနံ အစရှိသောပဒဘာဇနီ၏၊ အတ္ထော–အနက်သည်၊ ဝိဘင်္ဂဋ္ဌကထာယံ–သမ္မပ္ပဓာနဝိဘင်းအဋ္ဌကထာ၌၊ အာဝိ–ထင်ရှားစွာ၊ ဘဝိဿတိ။

၁၃၇၈။ ။အသန္တုဋ္ဌိတာစ ၊ပေ၊ ဓမ္မေသူတိပဒနိဒ္ဒေသေ–၌၊ ဘိယျော ကမျတာတိ–ကား၊ ဝိသေသကာမတာ–အထူးကို အလိုရှိသူ၏အဖြစ်သည်၊ (အတ္ထိ၊) ဟိ–ချဲ့၊ ဣဓ–ဤလောက၌၊ ဧကစ္စော–အချို့သော ပုဂ္ဂိုလ်သည်၊ အာဒိတောဝ–အစ၌ပင်၊ ပက္ခိကဘတ္တံဝါ–လဆန်းပက္ခ, လဆုတ်ပက္ခ၌ လှူအပ်သောဆွမ်းကိုသော်လည်းကောင်း၊ သလာကဘတ္တံဝါ–စာရေးတံမဲချ၍ လှူအပ်သောဆွမ်းကိုလည်းကောင်း၊ ဥပေါသထိကံဝါ–ဥပုသ်နေ့၌ လှူအပ်သော ဆွမ်းကိုသော်လည်းကောင်း၊ ပါဋိပဒိကံဝါ–အထွက်တစ်ရက်နေ့၌ လှူအပ်သော ဆွမ်းကိုသော်လည်းကောင်း၊ ဒေတိ–ပေးလှူ၏၊ [ဤဆွမ်းတို့ကား တစ်လ တစ်ကြိမ်စသည်၌သာ လှူရသည်၊] သော–ထိုပုဂ္ဂိုလ်သည်၊ တေန–ထိုပက္ခိက စသောဘတ်ဖြင့်၊ အသန္တုဋ္ဌော–မတင်းတိမ်သည်၊ ဝါ–အားမရသည်၊ ဟုတွာ၊ ပုန–တစ်ဖန်၊ ဓုရဘတ္တံ–အမြဲမပြတ်, လှူအပ်သောဆွမ်းကိုလည်းကောင်း၊ သံဃဘတ္တံ–သံဃာအကုန် လှူအပ်သောဆွမ်းကိုလည်းကောင်း၊ ဝဿာဝါသိကံ–

ဓုရဘတ္တံ။ ။"ပဓာနေ ဓာတ္တိကေ ဓုရော"ဟူသော အဘိဓာန် (၁၀၀၄)နှင့် အညီ မိမိအိမ်ကို ပဓာနထားလျက် ဆွမ်းခံဝင်တော်မူကြပါဘုရားဟု လျှောက်၍ လှူအပ် သောဆွမ်းကို "ဓုရဘတ္တ"ဟု ခေါ်၏၊ +ဓုရံ+ဓ+တံ+ဘတ္တံဓာတိ ဓုရဘတ္တံ"ဟု ပြု၊

ဝဿာဝါသိကသင်္ကန်းကိုလည်းကောင်း၊ ဒေတိ–လှူ၏၊ အာဝါသံ–ကျောင်းကို၊ ကာရေတိ–ပြုစေ၏၊ စတ္တာရောပိ–နှ်သော၊ ပစ္စယေ–တို့ကို၊ ဒေတိ–ပေးလှူ၏။

တတြာပိ–ထိုစရာတ် စသည်တို့၌လည်း၊ အသန္တုဋ္ဌော–သည်၊ ဟုတွာ, သရဏာနိ–သရဏာတို့ကို၊ (ကိုးကွယ်ရာဟု ဆည်းကပ်ကြောင်းစိတ္တုပ္ပာဒ်တို့ကို) ဂဏှာတိ–ယူ၏၊ ("သရဏဂုံယူ၏"ဟူလို၊) ပဉ္စ–နှ်သော၊ သီလာနိ–တို့ကို၊ သမာဒိယတိ–ဆောက်တည်၏၊ တတြာပိ–ထိုသရဏသီလတို့၌လည်း၊ အသန္တု ဋ္ဌော ဟုတွာ, ပဗ္ဗဇတိ–ရှင်ရဟန်းပြု၏၊ ပဗ္ဗဇိတွာ–ရှင်ရဟန်းပြုပြီး၍၊ ဧကံ နိကာယံ–နိကာယ်တစ်ရပ်ကိုသော်လည်းကောင်း၊ ဒွေ နိကာယေ–နိကာယ် နှစ်ရပ်တို့ကိုသော်လည်းကောင်း၊ ဣတိ–ဤသို့စသည်ဖြင့်၊ တေ ပိဋကံ–ပိဋကတ်သုံးပုံဟူသော၊ ဗုဒ္ဓဝစနံ–ဘုရားစကားတော်ကို၊ ဂဏှာတိ–သင်ယူ၏၊ အဋ္ဌ–နှ်သော၊ သမာပတ္တိယော–တို့ကို၊ ဘာဝေတိ–မိမိသန္တာန်၌ ဖြစ်စေ၏၊ ဝိပဿနံ–ဝိပဿနာကို၊ ဝဍ္ဎေတွာ–တိုးပွားစေ၍၊ အရဟတ္တံ–အရဟတ္တဖိုလ်ကို၊ ဂဏှာတိ–ယူ၏၊ အရဟတ္တုပ္ပတ္တိတော–အရဟတ္တဖိုလ်သို့ ရောက်ရာအခါမှ၊ ပဋ္ဌာယ, မဟာသန္တုဋ္ဌောနာမ–ကြီးကျယ်သော တင်းတိမ်အားရသူမည်သည်၊ ဟောတိ၊ ဧဝံ–လျှင်၊ ယာဝ အရဟတ္တာ–အရဟတ္တဖိုလ်တိုင်အောင်၊ ဝိသေသ ကာမတာ–တစ်ဆင့်ထက်တစ်ဆင့်အထူးကို အလိုရှိသူ၏အဖြစ်သည်၊ ဘိယျော ကမျတာနာမ–မည်၏။

**၁၃၇၉။** ။အပ္ပဋိဝါနိတာစ ပဓာနသ္မိန္တိ ဝဒသ–၏၊ နိဒ္ဒေသေ–၌၊ [အချို့ စာအုပ်၌ "ပဒနိဒ္ဒေသေ"ဟု ရှိ၏၊ ယသ္မာ, ပန္တ သေနာသနေသု–အစွန်းအဖျား ကျသော ကျောင်းတို့၌၊ [ပန္တ ကို ချဲ့လိုက်သောအခါ "ပရိယန္တ"ဟု ဖြစ်၏၊ "ပန္တ=ပ+အန္တ သည် ပရိယန္တ ၏ပရိယာယ်တည်း၊] အဓိကုသလာနံ–လွန်ကဲ သောကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–ဗောဓိပက္ခိယတရားတို့ကို၊ ဘာဝနာယ– မိမိသန္တာန်၌ ဖြစ်စေခြင်းငှာ၊ ဥက္ကဏ္ဌမာနော–ပျင်းရိသောပုဂ္ဂိုလ်သည်၊ ပဓာနံ– ကမ္မဋ္ဌာန်းကို၊ (အားထုတ်ကြောင်းဝီရိယကို) ပဋိဝါနေတိနာမ–ဆုတ်နစ်စေသည် မည်၏၊ အနုက္ကဏ္ဌမာနော–မပျင်းရိသောပုဂ္ဂိုလ်သည်၊ နော ပဋိဝါနေတိနာမ– မဆုတ်နစ်စေသည်မည်၏၊ တသ္မာ–ကြောင့်၊ တံ နယံ–ထိုနည်းကို၊ ဒဿေတုံ– ငှာ၊ ယာ ကုသလာနံ ဓမ္မာနန္တိ အာဒိ–အစရှိသောစကားကို၊ (ဘဂဝတာ) ဝုတ္တံ။

---

တစ်နည်း–မိမိကိုယ်တိုင်လည်း ဆွမ်းလှူသည့်အပြင် သူတစ်ပါးကိုလည်း အလှူခိုင်း ၏၊ သို့သော် မိမိက ခေါင်းဆောင်ပဓာနလုပ်၍ လှူ၏၊ ထိုသို့ လှူအပ်သောဆွမ်းကို "ဓုရဘတ္တ"ဟု ဆိုသည်၊ [မမ ဃရံ ဓုရံကတွာ ၊ပေ၊ ဒိန္နံ ဓုရဘတ္တံ၊–ဋီကာ။]

**ပဋိဝါနေတိ နာမ။** ။စာအုပ်တို့၌ "ပဋိဝါသေတိ"ဟုချည်း တွေ့ရ၏၊ "အပ္ပဋိ ဝါနိတာစ ပဓာနသ္မိံ"၏ အဖွင့်ဖြစ်သောကြောင့် "ပဋိဝါနေတိ နာမ"ဟု ရှိသင့်၏၊ ဝနုဓာတ်သည် ဗျာပါရအနက်ကိုဟော၏၊ ဏေပစ္စည်းဖြင့် "ဆန့်ကျင်ဘက် ဗျာပါရကို ပြုစေသည်မည်၏"ဟု သဒ္ဒတ္ထ၊ "ဆုတ်နစ်စေ၏"ကား အဓိပ္ပာယတ္ထ။

တတ္ထ–ထို ကုသလာနံမွောန် အစရှိသောစကားရပ်၌၊ သက္ကစ္စကြိယာတာ ဘိ–ကား၊ ကုအသလာနံ–တို့ကို၊ ကရဏေ–ပြုခြင်း၌၊ သက္ကစ္စကာရိတာ–' ရိုရိုသေသေ ပြုလေ့ရှိသူ၏အဖြစ်တည်း၊ သာတစ္စကြိယတာတိ–ကား၊ သတတ မေဝ–အမြဲ မပြတ်သာလျှင်၊ ကရဏံ–ပြုခြင်းတည်း၊ အဋ္ဌိတကြိယဂတာတိ– ကား၊ ခဏ္ဍံ–ကျိုးပြတ်သည်ကို၊ အကတွာ–၍၊ အထပေတွာ–ဝီရိယကို တန့် မထားမူ၍၊ (ရပ်မထားမူ၍) ကရဏံ–တည်း၊ အနောလီန ဝုတ္တိတာတိ–ကား၊ အလီနဇီဝိတာ–မတွန့်ဆုတ်သော အသက်မွေးခြင်းရှိသူ၏အဖြစ်တည်း၊ ဝါ– တစ်နည်း၊ အလီနပဝတ္တိတာ–မတွန့်ဆုတ်သော ဖြစ်ခြင်းရှိသူ၏အဖြစ်တည်း၊ ["ဇီဝနံ ဝုတ္တိ ဇီဝိကာ"ဟု ပရိယာယ်ရှိသောကြောင့် ဝုတ္တိတာကို ဇီဝိတာဟု ပထမဖွင့်သည်၊ ထိုအသက်မွေးခြင်းဟူသည်လည်း ဖြစ်ခြင်းပင်တည်း၊ ထို့ကြောင့် အလီနပဝတ္တိတာဟု ဒုတိယဖွင့်သည်။] အနိက္ခိတ္တဆန္ဒတာတိ–ကား၊ ကုသလစ္ဆန္ဒ သ–ကုသိုလ်ဆန္ဒကို၊ အနိက္ခိပနံ–မချထားခြင်းတည်း၊ အနိက္ခိတ္တဓုရတာတာ တိ–ကား၊ ကုသလကာရဏေ–ကုသိုလ်ပြုခြင်း၌၊ ဝီရိယဓုရဿ–ဝီရိယတည်း ဟူသောဓုရကို၊ အနိက္ခိပနံ–မလျှော့ချခြင်းတည်း။

၁၃၈၀။ ။ပုဗ္ဗေနိဝါသာနုဿတိဉာဏံ ဝိဇ္ဇာတိ ဧတ္ထ–၌၊ ပုဗ္ဗေနိဝါ သောတိ–ကား၊ ပုဗ္ဗေ–ရှေး၌၊ နိဝုတ္ထက္ခန္ဓာစ–နေအပ်ဖူးသော ခန္ဓာတို့သည် လည်းကောင်း၊ ခန္ဓပဋိဗဒ္ဓဥ္စ–ခန္ဓာနှင့်စပ်သော အဝတ်, တန်ဆာ, ယာဉ်, ရွာ, ဇနပုဒ် အစရှိသည်သည်လည်းကောင်းတည်း၊ ပုဗ္ဗေနိဝါသဿ–ရှေး၌ နေအပ် ဖူးသောခန္ဓ, ခန္ဓပဋိဗဒ္ဓကို၊ အနုဿတိ–အစဉ်လျှောက်၍ အောင့်မေ့ခြင်းတည်း၊ ပုဗ္ဗေနိဝါသာနုဿတိ–ခြင်း၊ တာယ–ထိုပုဗ္ဗေနိဝါသာနုဿတိနှင့်၊ သမ္ပယုတ္တံ– ယှဉ်သော၊ ဉာဏံ–ဉာဏ်တည်း၊ ပုဗ္ဗေနိဝါနုဿတိဉာဏံ–ဉာဏ်၊ တယိဒံ– ထိုပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည်၊ ပုဗ္ဗေ–၌၊ နိဝုတ္ထက္ခန္ဓပဋိစ္ဆာဒကံ–နေအပ် ဖူးသောခန္ဓာကို ဖုံးလွှမ်းတတ်သော၊ တမံ–မောဟတည်းဟူသော အမိုက်မှောင် ကို၊ ဝိဇ္ဈတိ–ထိုးဖောက်တတ်၏၊ ဣတိ, ဝိဇ္ဇာ–မည်၏၊ တံ တမံ–ထို မောဟ တည်းဟူသော အမိုက်မှောင်ကို၊ ဝိဇ္ဈိတွာ–ထွင်းဖောက်ပြီး၍၊ တေ ခန္ဓေ–ထို ပုဗ္ဗေနိဝုတ္တခန္ဓာတို့ကို၊ ဝိဒိတေ–သိအပ်သည်တို့ကို၊ ပါကဋေ–ထင်ရှားသည် တို့ကို၊ ကရောတိ–၏၊ ဣတိ(တသ္မာ) ဝိဒိတကရဏဋ္ဌေနာပိ–ထိုသို့ သိအပ် သည်တို့ကို ပြုတတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်လည်း၊ ဝါ–ထိုသို့ ထင်ရှားအောင် ပြုတတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်လည်း၊ ဝိဇ္ဇာ– မည်၏၊ [ရှေးနည်းအလို "ဝိဒတီတိ ဝိဇ္ဇာ"ဟုသာ ပြု၊ ဝိဇ္ဈတိကား ဓာတ် အနက်ဖွင့်တည်း၊ နောက်နည်းအလို "ဝိဒတိ–ထင်ရှားစွာသိတတ်၏၊ ဣတိ ဝိဇ္ဇာ"ဟု ပြု။]

စုတူပပါတေ ဉာဏန္တိ–ကား၊ စုတိယဥ္စ–စုတေခါနီးအခါ၌၊ ဥပပါတေစ– ပဋိသန္ဓေနေပြီးခါစ အခါ၌လည်းကောင်း၊ ဉာဏံ–ဉာဏ်တည်း၊ ဣဒမ္ပိ–ဤ

စတုပပါတဉာဏ်သည်လည်း၊ သတ္တာနံ-တို့၏၊ စုတိပဋိသန္ဓိဿာဒကံ-စုတိပဋိသန္ဓေကို ဖုံးလွှမ်းတတ်သော၊ တမံ-ကို၊ ဝိဓမတိ-ထွင်းဖောက်တတ်၏၊ ဣတိ, ဝိဇ္ဇာ-မည်၏၊ တံ တမံ-ကို၊ ဝိဓမိတွာ-ထွင်းဖောက်ပြီး၍၊ သတ္တာနံ-တို့၏၊ စုတိပဋိသန္ဓိယော-စုတိပဋိသန္ဓေတို့ကို၊ ဝိဒိတွာ-သိအပ်သည်တို့ကို၊ ပါကဋ္ဌာ-ထင်ရှားသည်တို့ကို၊ ကရောတိ၊ ဣတိ (တသ္မာ) ဝိဒိတကရဏဋ္ဌေနာပိ-ကြောင့်လည်း၊ ဝိဇ္ဇာ-မည်၏။

အာသဝါနံ ခယေ ဉာဏန္တိ-ကား၊ သဗ္ဗကိလေသာနံ-တို့၏၊ ခယသမယေ-ကုန်ရာ မဂ်ခဏ၌၊ ဝါ-ကုန်ကြောင်း တရားအပေါင်း၌၊ ဝါ-တွင်၊ (ပဝတ္တံ-ဖြစ်သော၊ ဝါ-ပါဝင်သော၊) ဉာဏံ-ဉာဏ်တည်း၊ ["ခယသမယေတိ မဂ္ဂက္ခဏံ အာဟ"-ဋီကာ၊ "ခယသမူဟေ-ကုန်ကြောင်း တရားအပေါင်း၌၊ ဝါ-တွင်" အနု၊] တယိဒံ-ထိုအာသဝက္ခယဉာဏ်သည်၊ စတုသစ္စဆာဒကတမံ-သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်မှောင်ကို၊ ဝိဓမတိ-ထိုးထွင်း၍ သိတတ်၏၊ ဣတိ-ကြောင့်၊ ဝိဇ္ဇာ-မည်၏၊ တံ တမံ-ထိုသစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်မှောင်ကို၊ ဝိဓမိတွာ-ထိုးထွင်းကာ သိအပ်ပြီး၍၊ စတ္တာရိ-န်သော၊ သစ္စာနိ-တို့ကို၊ ဝိဒိတာနိ ပါကဋ္ဌာနိ ကရောတိ၊ ဣတိ(တသ္မာ) ဝိဒိတကရဏဋ္ဌေနာပိ-ကြောင့်လည်း၊ ဝိဇ္ဇာ-မည်၏။

**၁၃၈၁။** ။စိတ္တဿ စ အဓိမုတ္တိ နိဗ္ဗာနဉ္စာတိ ဧတ္ထ-၌၊ အာရမဏေ-အာရုံ၌၊ အဓိမုစ္စနဋ္ဌေန-လွတ်လွတ်ကျွတ်ကျွတ် သက်ဝင်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ပစ္စနီကဓမ္မေဟိ-ဆန့်ကျင်ဘက်တရားတရားတို့မှ၊ သုဋ္ဌု-ကောင်းစွာ၊ မုတ္တဋ္ဌေနစ-လွတ်မြောက်တတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်လည်းကောင်း၊ အဋ္ဌ-န်သော၊ သမာပတ္တိယော-တို့သည်၊ စိတ္တဿ-၏၊ အဓိမုတ္တိနာမ-အဓိမုတ္တိမည်၏၊ ပန-ကား၊ ဣတရံ-အဓိမုတ္တိမှတစ်ပါးသော နိဗ္ဗာန်သည်၊ ဧတ္ထ-ဤနိဗ္ဗာန်၌၊ တဏှာသင်္ခါတံ-တဏှာဟု ဆိုအပ်သော၊ ဝါနံ-ဝါနသည်၊ နတ္ထိ၊ (ဣတိ-ကြောင့်၊ နိဗ္ဗာနံ-မည်၏၊) ဝါ-တစ်နည်း၊ တသ္မာ-ထိုတဏှာဟူသော ဝါနမှ၊ နိဂ္ဂတံ-ထွက်မြောက်ပြီ၊ ဣတိ-ကြောင့်၊

**အဓိမုစ္စနဋ္ဌေန။** ။အနိဂ္ဂဟိတက္ခန္ဓနသင်္ခါတေန-(မနှိပ်အပ်-မချုပ်ချယ်အပ်ဘဲ လွတ်လွတ်ကျွတ်ကျွတ် ပြေးဝင်ခြင်းဟု ဆိုအပ်သော) ယထာသုခံ ပဝတ္တနဋ္ဌေန၊-ဋီကာ၊ ...အပရိဗန္ဓဘာဝေန-(ပိတ်ဆို့ နှောက်ယှက်ခြင်း မရှိသည်၏ အဖြစ်ကြောင့်) နိရာသင်္ကာ-(ရွံ့ရှာခြင်း မရှိသည်လည်းကောင်း)၊ အာရမဏေ အဘိရတိဘာဝေနစ ပဝတ္တိ-(အလွန်မွေ့လျော်သည်၏ အဖြစ်ဖြင့် ဖြစ်ခြင်းသည်လည်းကောင်း) အဓိမုစ္စနဋ္ဌော၊-အနု၊ ဤဋီကာများအလို "အဓိမုတ္တိ-အာရုံ၌ လွတ်လွတ်ကျွတ်ကျွတ် သက်ဝင်တတ်သော သမာဓိ"ဟု ပေး၊ နောက်နည်း၌ကား မုစ ဓာတ်သည် လွတ်ခြင်း အနက်ဟောတည်း၊ ဤအလို "ဆန့်ကျင်ဘက်တရားတို့မှ ကောင်းစွာ လွတ်မြောက်တတ်သော သမာပတ်"ဟု ပေး။

နိဗ္ဗာနံ–မည်၏၊ တတ္ထ–ထိုသမာပတ် နိဗ္ဗာန်တို့တွင်၊ အဋ္ဌသမာပတ္တိယော–တို့ကို၊ သယံ–မိမိတို့ကိုယ်တိုင်၊ ဝိက္ခမ္ဘိတကိလေသေတိ–ပယ်ခွာအပ်ပြီးသော ကိလေသာတို့မှ၊ ဝိမုတ္တတ္တာ–လွတ်မြောက်ကုန်ပြီး၏အဖြစ်ကြောင့်၊ ဝိမုတ္တီတိ–ဟူ၍၊ ဝုတ္တာ–ဆိုအပ်ကုန်ပြီ၊ နိဗ္ဗာနံ ပန–နိဗ္ဗာန်ကိုကား၊ သဗ္ဗကိလေသေတိ–တို့မှ၊ အစ္စန္တံ–စင်စစ်၊ ဝိမုတ္တတ္တာ–လွတ်မြောက်ပြီးအဖြစ်ကြောင့်၊ ဝိမုတ္တီတိ–ဟူ၍၊ ဝုတ္တံ။

၁၃၈၂။ ။မဂ္ဂသမင်္ဂိဿ ဉာဏန္တိ–ကား၊ စတ္တာရိ–န်သော၊ မဂ္ဂဉာဏာနိ–မဂ်ဉာဏ်တို့တည်း၊ ဖလသမင်္ဂိဿဉာဏန္တိ–ကား၊ စတ္တာရိ–န်သော၊ ဖလဉာဏာနိ–တို့တည်း၊ တတ္ထ–ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့တွင်၊ ပဌမမဂ္ဂဉာဏံ–ပဌမမဂ်ဉာဏ်သည်၊ ပဉ္စကိလေသေ–ငါးပါးသော ကိလေသာတို့ကို၊ ခေပေန္တံ–ကုန်စေလျက်၊ နိရောဓေန္တံ–ချုပ်စေလျက်၊ ဝူပသမေန္တံ–ငြိမ်းစေလျက်၊ ပဋိပ္ပဿမ္ဘေန္တံ–တစ်ဖန် ငြိမ်းစေလျက်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဣတိ–ကြောင့်၊ ခယေဉာဏံ နာမ–ခယေဉာဏ်မည်သည်၊ ဇာတံ–ဖြစ်ပြီး၊ ဒုတိယမဂ္ဂဉာဏံ–ဒုတိယမဂ်ဉာဏ်သည် ၊ပေ၊ ဇာတံ၊ တထာ–ထို့အတူ၊ တတိယမဂ္ဂဉာဏံ–တတိယမဂ်ဉာဏ်သည် ၊ပေ၊ ဇာတံ၊ တထာ–ထို့အတူ၊ စတုတ္ထမဂ္ဂဉာဏံ ပန–စတုတ္ထဖြစ်သော အရဟတ္တမဂ်ဉာဏ်သည်ကား၊ အဋ္ဌကိလေသေ–ရှစ်ပါးသော ကိလေသာတို့ကို ၊ပေ၊ ဇာတံ၊ [အနုသယနှင့်သံယောဇဉ်တို့ကို ပေါင်း၍ "ပဉ္စကိလေသေ" စသည်ဖြင့် ဆိုထားသည်၊ "ပဉ္စကိလေသေ" စသည်တို့၏အရကို စိတ္တုပ္ပာဒကဏ္ဍ လောကုတ္တရကုသိုလ်အဖွင့် ပကိဏ္ဏကကထာ၌ ရှုပါ။]

ပန–ကား၊ တံတံ ဖလဉာဏံ–ထိုထို ဖိုလ်လေးပါး၌ဖြစ်သော ဉာဏ်သည်၊ တေသံတေသံ ကိလေသာနံ–ထိုထိုကိလေသာတို့၏၊ ခီဏန္တေ–ကုန်ပြီးသည်တို့၏အဆုံး၌၊ ဝါ–ကုန်ပြီးသောကိလေသာတို့၏အဆုံးဖြစ်သော အစကာလ၌၊ နိရုဒ္ဓန္တေ–ချုပ်ပြီးသည်တို့၏အဆုံး၌၊ ဝူသမန္တေ–ငြိမ်းအေးပြီးသည်တို့၏အဆုံး၌၊ ပဋိပ္ပဿမ္ဘန္တေ–တစ်ဖန် ငြိမ်းအေးပြီးသည်တို့၏အဆုံး၌၊ အနုပ္ပာဒန္တေ–နောင်တစ်ဖန် ဥပါဒ်ခြင်းမရှိသည်တို့၏အဆုံး၌၊ အပ္ပဝတ္တန္တေ–နောင်တစ်ဖန်ဖြစ်ခြင်း မရှိသည်တို့၏အဆုံး၌၊ ဝါ–အဆုံးဖြစ်သော အစကာလ၌၊ ဥပ္ပန္နံ–ဖြစ်ပြီး၊ ဣတိ–ကြောင့်၊ အနုပ္ပာဒေဉာဏံနာမ–မည်သည်၊ ဇာတံ–ဖြစ်ပြီ၊ ဣတိ–အပြီး တည်း၊ အဋ္ဌသာလိနိယာ–သော၊ ဓမ္မသင်္ဂဟဋ္ဌကထာယ–၌၊ ဝါ–တွင်၊ နိက္ခေပကဏ္ဍဝဏ္ဏနာ–နိက္ခေပကဏ္ဍ၏အဖွင့်သည်၊ နိဋ္ဌိတာ–ပြီ။

**ခီဏန္တေ**။ ။ခီဏာနံ–ကုန်ပြီးသော ကိလေသာတို့၏+အန္တော–အဆုံးသည်၊ ခီဏန္တော–ဆုံး၊ (တစ်နည်း) ခီဏာနံ–တို့၏+အန္တော–အဆုံးဖြစ်သော အစကာလတည်း၊ ခီဏန္တော–လ၊ ဤသို့ဋီကာ၌ နှစ်နည်းပြ၏။

နိက္ခေပကဏ္ဍအဖွင့် ပြီးပြီ။

## အဋ္ဌကထာကဏ္ဍ အဖွင့်

### တိကအတ္ထုဒ္ဓါရ

**၁၃၈၄။** ။ကုဒါနိ–နိက္ခေပကဏ္ဍကို ဖွင့်ပြပြီးရာ ယခုအခါ၌၊ နိက္ခေပကဏ္ဍာနန္တ ရံ–နိက္ခေပကဏ္ဍ၏အခြားမဲ့၌၊ ထပိတဿ–ဟောထားတော်မူအပ်သော၊ (ဝါ–သံဂါယနာတင်ထေရ်တို့သည် ထားအပ်သော၊) အဋ္ဌကထာကဏ္ဍဿ–အဋ္ဌ ကထာကဏ္ဍ၏၊ ဝဏ္ဏနာက္ကမော–ဖွင့်ကြောင်းဖွင့်ရာ အဋ္ဌကထာ အစဉ်သည်၊ အနုပ္ပတ္တော–လျော်စွာ ရောက်လာပြီ၊ ပန–ပရိဟာရ ၊ပေ၊ အံ့၊ ကသ္မာ–ကြောင့်၊ တံ–ဤကဏ္ဍသည်၊ အဋ္ဌကထာကဏ္ဍံနာမ–မည်သည်၊ ဇာတံ–ဖြစ်သနည်း၊ ကတိ–ဤကား အမေးတည်း၊ တေပိဋကဿ–ပိဋကသုံးပုံ ဟူသော၊ ဗုဒ္ဓဝစနဿ–ဘုရားစကားတော်၏၊ အတ္ထံ–အနက်အရကောက်ကို၊ ဥဒ္ဓရိတွာ–ထုတ်၍၊ ထပိတတ္တာ–ထားတော်မူအပ်သည်၏အဖြစ်ကြောင့်၊ (တံ–ဤကဏ္ဍသည်၊ အဋ္ဌကထာကဏ္ဍံနာမ–မည်သည်၊ ဇာတံ–ပြီ၊ ကတိ–ဤကား အဖြေတည်း။)

ဟိ–ချဲ့၊ ["ဟိ သစ္စံ"ဟုလည်းကောင်း, ဟိ တံ ပါကဋံ ကရောမိ"ဟု လည်းကောင်း ယောဇနာနှင့်ရှေးနိဿယတို့၌ ဖွဲ၏၊ တိသုပိ–သုံးပုံလည်း ဖြစ်ကုန်သော၊ ပိဋကေသု–ပိဋကတို့၌၊ အာဂတံ–လာသော၊ ဓမ္မန္တရံ–တရားအထူးကို၊ အဋ္ဌကထာကဏ္ဍေနေဝ–အဋ္ဌကထကဏ္ဍာဖြင့်သာ၊ ပရိစ္ဆိန္ဒိတွာ–ပိုင်းခြား၍၊ ဝိနိစ္ဆိတံ–ဆုံးဖြတ်အပ်သည်၊ (သမာနံ–သော်၊) သုဝိနိစ္ဆိတံနာမ–ကောင်းစွာ ဆုံးဖြတ်အပ်သည်မည်သည်၊ ဟောတိ၊ သကလေ–သော၊ အဘိဓမ္မပိဋကေ– ၌၊ နယမဂ္ဂံ–နည်းကို သိကြောင်းအစဉ်ကိုလည်းကောင်း၊ မဟာပကရဏေ– ပဋ္ဌာန်းကျမ်းကြီး၌၊ ပဉ္စုဒ္ဓါရံ–ပြဿနာ၏အဖြေကို ထုတ်ပြခြင်းကိုလည်းကောင်း၊

---

**အတ္ထံ ၊ပေ၊ ထပိတတ္တာ။** ။ဤဟိတ်ကိုကြည့်၍ "ကထီယတိ တွေ့ ေတယ ဝါတိ ကထာ၊ အတ္ထဿ–ပိဋကသုံးပုံဖြစ်သော အနက်၏၊ ဝါ–ကို၊ ကထာ–ဆိုရာ ဆိုကြောင်းဖြစ်သော ကဏ္ဍတည်း၊ အဋ္ဌကထာ–ကဏ္ဍ၊ အဋ္ဌကထာစ+သာ+ကဏ္ဍံစာတိ အဋ္ဌကထာကဏ္ဍံ"ဟု ဝစနတ္ထပြု။

**နယမဂ္ဂံ။** ။"နယဂမနံ"ဟု ဋီကာဖွင့်၏၊ မဂ္ဂဓာတ်၏ဂတိအနက်ကို ဖွင့်သည်၊ "နည်းကို သိကြောင်းဖြစ်သော အစဉ်"ဟု ဆိုလိုဟန်တူသည်၊ ထိုနယဂမနကို လည်း ဝိဘင်းမှစ၍ အောက်ငါးကျမ်းအတွက် "သုတ္တန္တဘာဇနီယာဒီ နယဂမနံ"ဟု လည်း ကောင်း, ပဋ္ဌာန်းကျမ်းအတွက် "အနုလောမာဒိ နယဂမနံ"ဟုလည်းကောင်း နှစ်မျိုး ဖွင့်သည်၊ မှန်၏–ဝိဘင်းပါဠိတော်၌ သုတ္တန္တဘာဇနီယစသော နည်းများကို ပြတော်မူ၏၊ ပဋ္ဌာန်းပါဠိတော်၌ အနုလုံစသောနည်းများကို ပြတော်မူသည်။

**ပဉ္စုဒ္ဓါရံ ဂဏနာစာရံ။** ။တိက်တစ်ခုလျှင် ပြဿနာလေးဆယ့်ကိုးခုစီ ရှိ၏၊ ဒုက်တစ်ခုလျှင် ပြဿနာကိုးခုစီ ရှိ၏၊ ထိုပြဿနာတို့တွင် ဖြစ်သင့်သော အနက်ရှိရာ ပြဿနာ၏အဖြေကို ထုတ်ပြခြင်းကို "ပဉ္စုဒ္ဓါရ"ဟု ခေါ်၏၊ [အတ္ထတော သမ္ဘဝဿ

ဂဏာနာစာရံ–ဂဏာန်းကိုဖြစ်ခြင်း, ထားခြင်းကိုလည်းကောင်း၊ အသလ္လက္ခေန္တော နာပိ–မမှတ်သားနိုင်သော ပုဂ္ဂိုလ်သည်လည်း၊ အဋ္ဌကထာကဏ္ဍာတောယေဝ–မှသာ၊ ဝါ–နှင့်သာ၊ သမာနေတုံ–အတူပြုခြင်းငှာ၊ ဝဋ္ဋတိ–သင့်၏၊ [ကရဓာတ်၏ အနက်၌ ဣပစ္စည်းသက်၍ "သမာနံ ကာတုံ"ဟု ဖွင့်ကြသည်။]

ပန–ပဟာရေ ၊ပေ၊ အံ့၊ တေ–ဤ အဋ္ဌကထာကဏ္ဍာသည်၊ ကုတော–အဘယ်ပုဂ္ဂိုလ်မှ၊ ပဘဝံ–စ၍ဖြစ်သနည်း၊ ဣတိ–ဤကား အမေးတည်း၊ [နောက်အဖြေကို ကြည့်၍ "ကုတောပဘဝံ"ကို "အဘယ်မှစ၍ ဖြစ်သနည်း"ဟု သမာသ်ပုဒ်လည်း ကံကြသည်၊] (တေ–ဤအဋ္ဌကထာကဏ္ဍာသည်၊) သာရိပုတ္တတ္ထေရပ္ပဘဝံ–အရှင်သာရိပုတြာထေရ်ဟူသော အစအမွန်ရှိ၏၊ (ဣတိ–ဤကား အဖြေတည်း၊) ဟိ–ချဲ့၊ သာရိပုတ္တတ္ထေရော–သည်၊ ဧကသ–တစ်ပါးသော၊ အတ္တနော–၏၊ သဒ္ဓိဝိဟာရိကဿ–အတူနေတပည့်အား၊ ဝါ–သည်၊ နိက္ခေပ ကဏ္ဍေ–၌၊ အင်္ဂုတ္တိုရံ–အနက်အရကောက်ကို ထုတ်ဆောင်ခြင်းကို၊ သလ္လက္ခေတုံ–မှတ်သားခြင်းငှာ၊ အသက္ကောန္တံ သဿ–မစွမ်းနိုင်သသော်၊ အဋ္ဌကထာကဏ္ဍံ–ကို၊ ကထေတွာ–ဟော၍၊ အဒါသိ–ပေးတော်မူပြီ။

ပန–ဆက်၊ ဣဒံ–ဤစကားကို၊ (သာရိပုတြာ ဟောပေးသည်ဟူသော စကားကို၊) မဟာအဋ္ဌကထာယံ–၌၊ ပဋိက္ခိပိတွာ–ပယ်ပြီး၍၊ ဣဒံ–ဤဆိုအပ် လတံသော စကားကို၊ ဝုတ္တံ–ဆိုအပ်ပြီ၊ (ကိံ၊) အဘိဓမ္မောနာမ–အဘိဓမ္မာ မည်သည်၊ သာဝကဝိသယော–သာဝက၏အရာသည်၊ န–မဟုတ်၊ သာဝက ဂေါစရော–သာဝက၏ကျက်စားရာသည်၊ န–မဟုတ်၊ သော–ဤအဘိဓမ္မာသည်၊ ဗုဒ္ဓဝိသယော–ဘုရားရှင်၏အရာတော်တည်း၊ ဗုဒ္ဓဂေါစရော–ဘုရားရှင်၏ ကျက်စားရာတော်တည်း။

["သို့ဖြစ်လျှင် အရှင်သာရိပုတြာနှင့် လုံးဝမ ဆိုင်တော့ပြီလော"ဟု မေးဖွယ် ရှိသောကြောင့် "ဓမ္မသေနာပတိ"စသည် မိန့်၊ ပန–ဆက်၊ ဓမ္မသေနာပတိ–သည်၊ သဒ္ဓိဝိဟာရိကေန–သည်၊ ပုစ္ဆိတော–မေးအပ်သည်၊ (ဟုတွာ၊) တံ–ထိုအတူနေတပည့်ကို၊ အာဒါယ–ခေါ်၍၊ သတ္ထု–၏၊ သန္တိကံ–အထံတော်သို့၊

ပဥ္စဿ ဝိသဇ္ဇနဝသေန ဥဒ္ဒရဏံ၊–အနု၊] ထို ပြဿနာတို့၌ပင် "ဟေတုယာ နဝ" စသည်ဖြင့် ရထိုက်သော ဂဏာန်းသချာထားခြင်းကို "ဂဏာနာစာရ"ဟု ခေါ်၏၊ ["ဂဏာနာယ–ကို+စာရဏံ–ဖြစ်စေခြင်း၊ ဝါ–ထားခြင်း၊ ဂဏာနာစာရော–ခြင်း။]

**အင်္ဂုတ္တိုရံ။** ။ဤပါဠိတော်၌ "စတူသု ဘူမီသု ကုသလံ၊ ဣမေ ဓမ္မာ ကုသလာ၊ ဒွါဒသ အကုသလစိတ္တုပ္ပာဒါ၊ ဣမေ ဓမ္မာ အကုသလာ"စသည်ဖြင့် ဟောတော်မူထား၏၊ ထို့ကြောင့် "ဤမည်သော စိတ္တုပ္ပာဒ်စသောအနက် (တရားသဘော) တို့သည် ကုသိုလ်စသည်တို့မည်၏"ဟု တရားသဘောအနက်ကို တို့+ထုတ်ပြခြင်းကို "အင်္ဂုတ္တိုရ"ခေါ်သည်ဟု မှတ်ပါ၊ [အတ္ထာနံ+ဥဒ္ဒါရော အင်္ဂုတ္တိုရော။]

ဂန္တွာ–သွားး၍၊ သမ္မာသမ္ဗုဒ္ဓသ–အား၊ ကထေသိ–လျှောက်ပြီ၊ သမ္မာသမ္ဗုဒ္ဓေါ–သည်၊ တဿ ဘိက္ခုနော–အား၊ အဋ္ဌကထာကဏ္ဍံ–ကို၊ ကထေတွာ–ဟောတော်မူ၍၊ အဒါသိ–ပေးတော်မူပြီ၊ ကထံ–အဘယ်သို့ ပေးတော်မူသနည်း၊ ဟိ–ချဲ့၊ ဘဂဝါ–သည်၊ ကတမေ ဓမ္မာ ကုသလာတိ–ဟူ၍၊ ပုစ္ဆိ–မေးတော်မူပြီ၊ ကုသလာဓမ္မာနာမ–ကုသိုလ်တရားတို့မည်သည်၊ ကတမေတိ–အဘယ်တို့နည်းဟူ၍၊ သလ္လက္ခေသိ–မှတ်ထင်သနည်း၊ ဣတိ အတ္ထော၊ အထ–မေးတော်မူရာ, ထိုအခါ၌၊ တုဏှီဘူတဿ–ဆိတ်ဆိတ်နေသည်ဖြစ်၍ဖြစ်သော၊ အဿ–ထိုရဟန်းအား၊ (ကထေတွာ အဒါသိ၌ စပ်၊) မယာ–သည်၊ ကတမေ ၊ပေ၊ ဥပ္ပန္နံ ဟောတီတိ အာဒိနာ–အစရှိသော၊ နယေန–ဖြင့်၊ ဘူမိဘေဒတော–ဘုံအပြားအားဖြင့်၊ ယံကုသလံ–ကို၊ ဒဿိတံ–ပြတော်မူအပ်ပြီ၊ သဗ္ဗမ္ပိ–အလုံးစုံလည်းဖြစ်သော၊ စတူသု ဘူမိသု–လေးပါးသောဘုံတို့၌၊ တံ ကုသလံ–ထိုကုသိုလ်ဟူသော၊ ဣမေဓမ္မာ–ဤတရားတို့သည်၊ ကုသလာ နနု–ကုသိုလ်တို့မဟုတ်လော၊ ဣတိ ဣမိနာနယေန–ဖြင့်၊ ကဏ္ဍကိံ ကဏ္ဍကိံ–အစုအစုကို၊ ဃဋံဃဋံ–အပေါင်းအပေါင်းကို၊ ဂေါစ္ဆကံ ဂေါစ္ဆကံ–အပြွတ်အပြွတ်ကို၊ ကတွာ, အတ္ထုဒ္ဓါရဝသေန–ရသင့်သောအနက်သဘောတို့ကို ထုတ်ပြခြင်း၏အစွမ်းဖြင့်၊ ကုသလာဒိဓမ္မေ–ကုသိုလ် အစရှိသောတရားတို့ကို၊ ဒဿေန္တော–ပြတော်မူလျက်၊ ကထေတွာ–ဟောတော်မူ၍၊ အဒါသိ–ပေးတော်မူပြီ၊ (“ဣတိ–သို့၊ ဝုတ္တံ–ဆိုအပ်ပြီ၊ ဤသို့ “ကိံ”အမေးကို ပြန်လှည့်ဖို့ရန် ထည့်ပါ။)

---

**နနု ၊ပေ၊ အဒါသိ။** ။ဤနနုကို ယောဇနာ၌ “ဒဿိတံ နနု”ဟု တွဲ၏၊ ယံ၏ ရှေ့ကနေသော နနုသည် တံ၏နောက်၌သာ တွဲသင့်၏၊ ထို့ကြောင့် ဤ၌ “ကုသလာ နနု”ဟု တွဲလိုက်ပါသည်၊ ထို့ပြင် သဗ္ဗမ္ပိ တံ ကုသလံကိုလည်း “ကတွာ”၌ စပ်လေ၏၊ “စတူသု ဘူမိသု ကုသလံ၊ ဣမေ ဓမ္မာ ကုသလာ”ကား ပါဠိတော်စကားတည်း၊ ထိုပါဠိတော်စကားကို ဣတိကျော်၍ စပ်သည်မှာ ထုံးစံမဟုတ်ပါ၊ ထို့ကြောင့် ဤ နိဿယ၌ ဣတိအတွင်းမှာသာ စပ်ပါသည်။

**ကဏ္ဍကိံ။** ။ဣတ္ထိလိင် ကဏ္ဍိကသဒ္ဒါသည် အဘိဓာန် (၈၇၅)၌ လာသည့်အတိုင်း ကြာစေ့အိမ် (ကြာစွယ် ကြာအချက်)အိမ်၏ အထွဋ်အနက်တို့ကို ဟော၏၊ ကြာစေ့အိမ်၌ ကြာစေ့တွေ စုပေါင်းနေသကဲ့သို့လည်းကောင်း, အိမ်၏အထွဋ်၌ အခြင်ရနယ်များ စုပေါင်းနေသကဲ့သို့လည်းကောင်း, တရားတွေ၏စုပေါင်းခြင်းကို “ကဏ္ဍိကာ”ဟု သဒ္ဒိသုပစာတင်၍ ဆိုထားသည်၊ ဒုတိယာဝိဘတ်ကား ကြိယာဝိသေသနတ္ထတည်း၊ အားလုံးအနက်တို့၌ နှံ့စေခြင်းငှာ ဝိစ္ဆာလည်းဆိုသည်၊ ထို့ကြောင့် ဋီကာ၌ “ရာသိရာသိဝသေန သဟဂဏ္ဌေတွာ”ဟု ဖွင့်သည်၊ [စိတ္တုပ္ပာဒကဏ္ဍာအစ တိက–ဒုကတို့ကို ပိုင်းခြားပြရာ အခန်း၌ကား ကဏ္ဍိကာ၏အနက်ကို တစ်မျိုးဖွင့်ခဲ့သည်၊] ဃဋာ, ဂေါစ္ဆကသဒ္ဒါတို့လည်း အပေါင်းအစု အနက်ဟောပင်တည်း။

တတ္ထ–ထိုစတုသုဘူမိသု အစရှိသောပုဒ်တို့တွင်၊ စတူသုတိ–ကား၊ [အချို့စာအုပ်၌ "စတူသု ဘူမီသူတိ"ဟု ရှိ၏။] ကာမာဝစရ ၊ပေ၊ အပရိယာပန္နာသု–ကာမာ ဝစရဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံ, အပရိယာပန္နဘုံဟူကုန်သော၊ [ဘူမိသု၌ စပ်၊ အပရိယာပန္နဘုံဟူ သည် လောကုတ္တရာဟူသော အဝတ္ထာဘုံတည်း၊ ကုသလံတိ–ကား၊ ဖဿာဒိဘေဒံ–ဖဿအစရှိသော အပြားရှိသော၊ ကုသလံ–သည်၊ (အတ္ထိ၊) [စိတ္တုပ္ပာဒကဏ္ဍတုန်းက "ဖဿော ဟောတိ"စသည်ကို ရည်ရွယ်၍ ဖဿာတိဘေဒံဟု ဆိုသည်။] ဣမေ ဓမ္မာ ကုသလာတိ–ကား၊ သမ္ဗေပိ–န်သော၊ တာသုတာသုဘူမိသု–ထိုထိုဘုံတို့၌၊ ဝုတ္တော–ဟောတော်မူအပ်ပြီးကုန်သာ၊ ဖဿောဒယော–ဖဿ၏အစရှိကုန်သော၊ ဣမေဓမ္မာ–ဤတရားတို့သည်၊ ကုသလာနာမ–ကုသိုလ်တို့မည်၏။

၁၃၈၅။ ။ပန–ကား၊ အကုသလာနံ–တို့၏၊ ဘူမိဝသေန–ဘုံတို့၏အပြားဖြင့်၊ ဘေဒါဘာဝတော–အပြား၏မရှိခြင်းကြောင့်၊ ဒွါဒသ အကုသလ စိတ္တုပ္ပာဒါတိ–ဟူ၍၊ (ဘဂဝါ) အာဟ=မူပြီ၊ ["ဘုံမထည့်ဘဲ ဟောတော်မူသည်" ဟူလို၊] တတ္ထ–ထိုဒွါဒသ အကုသလစိတ္တုပ္ပာဒါဟူသော ပါဠ်၌၊ ဝစနတ္တော ဓေ ဝေဒိတဗ္ဗော၊) ဥပ္ပဇ္ဇတီ–ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ ဥပ္ပာဒေါ–မည်၏၊ စိတ္တမေဝ–စိတ်သည်ပင်၊ ဥပ္ပာဒေါ–ဖြစ်သောတရားတည်း၊ စိတ္တုပ္ပာဒေါ–စိတ်သည်ပင် ဖြစ်တတ်သောတရား၊ စ–ဆက်၊ ဧတံ–ဤစိတ္တုပ္ပာဒေါ ဟူသောသဒ္ဒါသည်၊ ဒေသနာသီသမေဝ–ဒေသနာ၏ဦးခေါင်းသာတည်း၊ ပန–ထင်ရှားအောင် ပြဦးအံ့၊ ရာဇာ–သည်၊ အာဂတော–လာပြီ၊ ဣတိ–သို့၊ ဝုတ္တေ–ဆိုအပ်သော်၊ (ဆိုအပ်ရာ၌၊) အမစ္စာဒီနံပိ–အမတ်အစရှိသူတို့၏လည်း၊ အာဂမနံ–လာခြင်းသည်၊ ဝါ–ကို၊ ဝုတ္တမေဝ–ဆိုအပ်ပြီးသည်သာ၊ ဟောတိ ယထာ–ကဲ့သို့၊ ဧဝံ–တူ၊ စိတ္တုပ္ပာဒါတိ–ဟူ၍၊ ဝုတ္တေ–ဟောတော်မူအပ်သော်၊

---

**စိတ္တုပ္ပာဒေါ။** ။ဋီကာနည်းကို ဋီကာ၌ ရှုပါ၊ "ဥပ္ပဇ္ဇတီတိ ဥပ္ပာဒေါ၊ စိတ္တမေဝ+ဥပ္ပာဒေါ စိတ္တုပ္ပာဒေါ"ဤ အဋ္ဌကထာနည်းအရ ဖြစ်သောစိတ်သာ တိုက်ရိုက်ရ၏၊ ပဓာနနည်းတည်း၊ ယှဉ်ဘက်စေတသိက်များကား အပဓာန (နောက်လိုက်)အဖြစ်ဖြင့်သာ ရသည်၊ စိတ္တ+ဥပ္ပာဒနှစ်ပုဒ်ကို အပြန်အလှန် ဝိသေသနလုပ်၍ "စိတ္တဟူသော ဝိသေသနဖြင့် စိတ်မှတစ်ပါး အခြားသောဖြစ်တတ်သော ရုပ်တရားများကို တားမြစ်၏၊ ဥပ္ပာဒဟူသောဝိသေသနဖြင့် မဖြစ်သောစိတ်ကို တားမြစ်၏"ဟု ဋီကာဖွင့်၏၊ [အဋ္ဌကထာယံ ပန ၊ပေ၊ ဥပ္ပာဒဂ္ဂဟဏံ–ဋီကာ။

**တစ်နည်း။** ။စိတ္တုပ္ပာဒကဏ္ဍ၌ "စိတ္တံ ဥပ္ပန္နံ ဟောတိ"ဟု ဟောတော်မူခဲ့သည့်အတိုင်း စိတ်၏ဥပ္ပန္နကအဖြစ်က ထင်ရှားပြီးဖြစ်သောကြောင့် "စိတ္တမေဝ ဥပ္ပာဒေါ–စိတ်သည်ပင်+ဖြစ်သောတရား"ဟု ဆိုသည်၊ ဤအလို "ဥပ္ပာဒ"ဟူသော ဝိသေသနသည် ဘူတကထန ဝိသေသနတည်း၊ ရှေးနည်း၌ကား နှစ်ပုဒ်လုံးပင် အပြန်အလှန် ဗျဝစ္ဆေဒက ဝိသေသနများတည်း၊ [စိတ္တုပ္ပာဒကဏ္ဍော ၊ပေ၊ ဝေဒိတဗ္ဗံ–ဋီကာ။]

(စိတ်ကိုခေါင်းတပ်၍ ဟောတော်မူအပ်သော်၊) တေဟိ–ထိုစိတ်တို့နှင့်၊ သမ္ပယုတ္တ ဓမ္မာပိ–ယှဉ်ဘက်ရားတို့သည်လည်း၊ ဝါ–တို့ကိုလည်း၊ ဝုတ္တာဝ–ဟောတော်မူ အပ်ပြီးကုန်သည်သာ၊ ဟောန္တိ–န်၏ ဣတိ–ကြောင့်၊ သဗ္ဗတ္ထ–အလုံးစုံသော တိက်ဒုက်တို့၌၊ စိတ္တုပ္ပာဒဂ္ဂဟဏေန–စိတ္တုပ္ပာဒ်သဒ္ဒါဖြင့်၊ သမ္ပယုတ္တဓမ္မ– သမ္ပယုတ္တတရားနှင့် တကွဖြစ်သော၊ စိတ္တံ–ကို၊ ဂဟိတံ–ယူတော်မူအပ်ပြီ၊ ဣတိ ဝေဒိတဗ္ဗံ။

ဣတော–ဤဒွါဒသ အကုသလစိတ္တုပ္ပာဒါပဟူသော ပုဒ်မှ၊ ပရံ–နောက်၌၊ စတူသု ၊ပေ၊ အာဒီနံ–အစရှိကုန်သော၊ သဗ္ဗေသံပိ–န်သော၊ တိကဒုကဘာဇနီယ ပဒါနံ–တိက်ဒုက်တို့ကို ဝေဖန်ကြောင်းဖြစ်သော ပုဒ်တို့၏၊ အတ္ထော–အနက် ကိုလည်းကောင်း၊ ဝေဒနာတ္တိကာဒီသု–ဝေဒနာတိက် အစရှိသည်တို့၌၊ သုခါဒီနံ– သုဝေဒနာ အစရှိသည်တို့၏၊ ဝါ–တို့ကို၊ န ဝတ္တဗ္ဗတာစ–သုခါယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာစသည်ဖြင့် မဆိုထိုက်ကုန်သည်၏ အဖြစ်ကိုလည်းကောင်း၊ (တိက်မှတ်ဖြစ်ပုံကိုလည်းကောင်း၊) ဟေဋ္ဌာ–အောက်စိတ္တုပ္ပာဒကဏ္ဍ၌၊ ဝုတ္တ နယေနေဝ–ဖြင့်သာ၊ ပါဠိယတ္တံ–ပါဠိတော်၏အနက်ကို၊ ဝိမံသိတွာ–စူးစမ်း၍၊ ဝေဒိတဗ္ဗာ–၏၊ ပန–ကား၊ ဝိသေသမတ္တမေဝ–အထူးမျှကိုသာ၊ ဝက္ခာမ– ဆိုကုန်တော့အံ့၊ [“ပန–အထူးကား”ဟု ရှေးနိဿယ၌ ပေး၏။]

၁၄၂၀။ ။တတ္ထ–ထိုတိက်တို့တွင်၊ တာဝ–မဂ္ဂါရမဏတိက် စသည်တို့မှ ရှေးဦးစွာ၊ [ဝိသေသတိက်တို့တွင် ပရိတ္တာရမဏတိက်၏နောက်၌ မဂ္ဂါရမဏ တိက်ကို ဖွင့်လိမ့်မည်။] (နိဒ္ဒေသေ) ပရိတ္တာရမဏတိကေ–၌၊ သဗ္ဗော ၊ပေ၊ ဝိပါကောတိ ဧတ္ထ–၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) ဒွိပဉ္စဝိညာဏာနိ–ဒွေ ပဉ္စဝိညာဉ်တို့သည်၊ စက္ခုပသာဒါဒယော–စက္ခုပသာဒ အစရှိသောဝတ္ထုရုပ် တို့ကို၊ နိဿာယ–မှီ၍၊ နိယမေနေဝ–အမြဲ အားဖြင့်သာလျှင်၊ ဣဋ္ဌာနိဋ္ဌာဒိ ဘေဒေ–ဣဋ္ဌအနိဋ္ဌ အစရှိသော အပြားရှိကုန်သော၊ ရူပ ၊ပေ၊ ဓမ္မေ–ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတရားတို့ကို၊ အာရဗ္ဘ–အာရုံပြု၍၊ ပဝတ္တန္တိ–ဖြစ်ကုန်၏၊ ဣတိ–ကြောင့်၊ ပရိတ္တာရမဏာနိ–ပရိတ္တာရမဏတို့ မည်၏၊ (ကာမတရားဟူသော အာရုံရှိသော စိတ်တို့မည်၏။)

ပန–ကား၊ ကုသလာကုသလဝိပါကာ–ကုသလဝိပါက် အကုသလဝိပါက် ဖြစ်ကုန်သော၊ ဒွေ–န်သော၊ မနောဓာတုယော–မနောဓာတ်တို့သည်၊ (သမ္ပဋိ စ္ဆိုန်းဒွေးကို ဆိုသည်၊) ဟဒယဝတ္ထုံ–ကို၊ နိဿာယ–မှီ၍၊ စက္ခုဝိညာဏာဒီနံ– စက္ခုဝိညာဉ် အစရှိသည်တို့၏၊ အနန္တရာ–အခြားမဲ့၌၊ နိယမတော–အမြဲအားဖြင့် ရူပါဒိနေဝ–ရူပါရုံအစရှိသော အာရုံတို့ကိုသာ၊ အာရဗ္ဘ, ပဝတ္တန္တိ–န်၏၊ ဣတိ– ကြောင့်၊ ပရိတ္တာရမဏာ–တို့မည်၏၊ ကုသလဝိပါကာဟေတုက မနောဝိညာဏ ဓာတု–ကုသလဝိပါက် အဟိတ် မနောဝိညာဏဓာတ်ဟူသော၊ သောမနဿ သဟဂတာ–သောမနဿသဟဂုတ်သန္တီရဏစိတ်သည်၊ ပဉ္စဒွါရေ–ပဉ္စဒွါရ၌

သန္တီရဏာဝသေန–သန္တီရဏကိစ္စ၏ အစွမ်းဖြင့်လည်းကောင်း၊ ဆသု–န်သော၊ ဒွါရေသု–တို့၌၊ တဒါရမဏဝသေန–တဒါရုံကိစ္စ၏ အစွမ်းဖြင့်လည်းကောင်း၊ ပ္ပတိ–သို့၊ နိယမတော–အားဖြင့်၊ ရူပါဒီနိ–ရူပါရုံအစရှိကုန်သော၊ ဆ–န်သော၊ ပရိတ္တာရမဏနေဝ–ကာမအာရုံတို့ကိုသာ၊ အာရဗ္ဘ, ပဝတ္တတိ–၏၊ ပ္ပတိ–ကြောင့်၊ ပရိတ္တာရမဏာ–ပရိတ္တာရမဏမည်၏။

ကုသလာကုသလ ၊ပေ၊ ဓာတုဒွယံ–ကုသလဝိပါက် အကုသလဝိပါက် အဟိတ်မနောဝိညာဏဓာတ် နှစ်ပါးအပေါင်းသည်၊ (ဥပေက္ခာသဟဂုတ်သန္တီရဏနှစ်ပါးကို ဆိုသည်၊) ပဉ္စဒွါရေ–၌၊ သန္တီရဏဝသေန–ဖြင့်လည်းကောင်း၊ ဆသု, ဒွါရေသု–တို့၌၊ တဒါရမဏဝသေန–ဖြင့်လည်းကောင်း၊ နိယမတော–အားဖြင့်၊ ရူပါဒီနိ–န်သော၊ ဆ–န်သော၊ ပရိတ္တာရမဏနေဝ–တို့ကိုသာ၊ အာရဗ္ဘ ပဝတ္တတိ၊ ပဋိသန္ဓိဝသေန–ဖြင့်၊ ပဝတ္တမာနမ္ပိ–ဖြစ်ပြန်သော်လည်း၊ ပရိတ္တံ–ကာမအာရုံဖြစ်သော၊ ကမ္မံ (ဝါ)–ကံမှုလည်းဖြစ်သော၊ ကမ္မနိမိတ္တံ (ဝါ)–ကမ္မနိမိတ်မှုလည်းဖြစ်သော၊ ဂတိနိမိတ္တံ ဝါ–သော၊ အာရမဏံ ကရောတိ၊ ပဝတ္တိယံ–ပဝတ္တိအခါ၌၊ ဘဝင်္ဂဝသေန–ဘဝင်ကိစ္စ၏အစွမ်းဖြင့်လည်းကောင်း၊ ပရိယောသာနေ–အဆုံး၌၊ စုတိဝသေန–စုတိကိစ္စ၏အစွမ်းဖြင့်လည်းကောင်း၊ ပဝတ္တမာနမ္ပိ–ဖြစ်ပြန်သော်လည်း၊ တဒေဝ–ထိုပရိတ္တဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံကိုသာ၊ အာရမဏံ ကရောတိ၊ ပ္ပတိ–ကြောင့်၊ ပရိတ္တာရမဏံ–မည်၏၊ [ဤသို့ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စအတွက် ထူးသောကြောင့် ဥပေက္ခာသဟဂုတ် သန္တီရဏနှစ်ပါးကို သောမနဿသန္တီရဏမှ ခွဲ၍ပြသည်။]

ပန–ကား၊ အဋ္ဌ–န်သော၊ သဟေတုကဝိပါကစိတ္တုပ္ပာဒါ–သဟိတ်ဝိပါက်စိတ္တုပ္ပာဒ်တို့သည်၊ ဧတ္ထ–ဤဥပေက္ခာသန္တီရဏ နှစ်ပါးအပေါင်း၌၊ ဝုတ္တနယေနေဝ–ဖြင့်သာ၊ တဒါရမဏဝသေန–ဖြင့်လည်းကောင်း၊ ပဋိသန္ဓိဘဝင်္ဂစုတိဝသေနစ–ဖြင့်လည်းကောင်း၊ ပရိတ္တဓမ္မေယေဝ–ကာမတရားတို့သာ၊ အာရဗ္ဘ ပဝတ္တန္တိ၊ ကြိယမနောဓာတု–ကြိယမနောဓာတ်သည်၊ (ပဉ္စဒွါရာဝဇ္ဇန်းကို ဆိုသည်၊) ပဉ္စဒွါရေ–၌၊ ရူပါဒီနိ–ရူပါရုံအစရှိသော အာရုံတို့ကို၊ အာရဗ္ဘ ပဝတ္တတိ၊ သောမနဿ ၊ပေ၊ ဓာတု–သောမနဿသဟဂုတ် အဟိတ်ကြိယ မနောဝိညာဏဓာတ်သည်၊ (ဟသိတုပ္ပာဒ်စိတ်ကို ဆိုသည်၊) ဆသု, ဒွါရေသု–တို့၌၊ ပစ္စုပ္ပန္နေသု–ပစ္စုပ္ပန်လည်းဖြစ်ကုန်သော၊ မနောဒွါရေ–၌၊ အတီတာနာဂတေပိ–အတိတ် အနာဂတ်လည်းဖြစ်ကုန်သော၊ ပရိတ္တေ–ကာမ တရားဖြစ်ကုန်သော၊ ရူပါဒိဓမ္မေယေဝ–ရူပါရုံအစရှိသော တရားတို့ကိုသာ၊ အာရဗ္ဘ–၍၊ ခီဏာသဝါနံ–ရဟန္တာပုဂ္ဂိုလ်တို့၏၊ ပဟဋ္ဌာကာရံ–ရွှင်လန်းခြင်းဟူသော အခြင်းအရာကို၊ ကုရုမာနာ–ပြုလျက်၊ ပဝတ္တတိ၊ ပ္ပတိ–ကြောင့်၊ ပရိတ္တာရမဏာ–မည်၏၊ ဧဝံ–ဤသို့လျှင်၊ ပဉ္စဝီသတိ–နှစ်ဆယ့်ငါးပါးသော၊ ကာမေ စိတ္တုပ္ပာဒါ–ဤစိတ္တုပ္ပာဒ်တို့ကို၊ ဧကန္တေနေဝ–ကေန်အားဖြင့်သာလျှင်၊ ပရိတ္တာ

ရမဏာတိ–ကာမတရားဟူသော အာရုံရှိကုန်သော စိတ္တုပ္ပာဒ်တို့ဟူ၍၊ ဝေဒိတဗ္ဗာ–န်၏၊ [ဤနှစ်ဆယ့်ငါးသည် သဂြိုဟ်ကျမ်း အာရမဏသင်္ဂဟ၌ "ပဉ္စဝီသ ပရိတ္တမှိ" အရ ပြအပ်သော စိတ္တုပ္ပာဒ်တို့ပင်တည်း။

၁၄၂၁။ ။[မဟဂ္ဂတာရမဏတရားတို့ကို ပြလို၍ "ဝိညာဏဉ္စ"စသည်မိန့်၊] ဝိညာဏဉ္စ ၊ပေ၊ ဓမ္မာ–ဝိညာဏဉ္စာယတနတရား, နေဝသညာနာသညာယတနတရားတို့သည်၊ အတ္တနော အတ္တနော–မိမိ မိမိ၏၊ ဟေဋ္ဌိမ်–အောက်၌ဖြစ်သော၊ သမာပတ္တိ–သမာပတ်ကို၊ အာရဗ္ဘ–အာရုံပြု၍၊ ပဝတ္တနတော–ဖြစ်ခြင်းကြောင့်၊ မဟဂ္ဂတာရမဏာ–မဟဂ္ဂုတ်တရားဟူသော အာရုံရှိကုန်၏၊ [သဂြိုဟ်၌ "ဆ စိတ္တာနိ မဟဂ္ဂတေ"အရပင်တည်း၊] မဂ္ဂလဓမ္မာ–မဂ်တရားဖိုလ်တရားတို့သည်၊ နိဗ္ဗာနာရမဏတ္တာ–နိဗ္ဗာန်ဟူသော အာရုံရှိကုန်သည်၏အဖြစ်ကြောင့်၊ အပ္ပမာဏာရမဏာ–အပ္ပမာဏတရားဟူသော အာရုံရှိကုန်၏၊ ...[“အဋ္ဌ နိဗ္ဗာန ဂေါစရေ”အရပင်တည်း။]

ကုသလတော–ကုသိုလ်မှ၊ ဝါ–ကုသိုလ်ဖြစ်ကုန်သော၊ စတ္တာရော–လေးပါးသော ဉာဏဝိပ္ပယုတ်စိတ္တုပ္ပာဒ်တို့လည်းကောင်း၊ ကြိယတော–မှ၊ ဝါ–န်သော၊ စတ္တာရော–လေးပါးသော ဉာဏဝိပ္ပယုတ်စိတ္တုပ္ပာဒ်တို့လည်းကောင်း၊ ဣတိ–သို့၊ အဋ္ဌ–န်သော၊ ဉာဏဝိပ္ပယုတ္တ စိတ္တုပ္ပာဒါ–တို့သည်၊ သေက္ခ ပုထုဇ္ဇန ခီဏာသဝါနံ–သေက္ခပုဂ္ဂိုလ်, ပုထုဇဉ်ပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်တို့၏၊ အသက္ကစ္စဒါန ပစ္စဝေက္ခဏ ဓမ္မဿဝနာဒီသု–လေးလေးစားစား မပြုမူ၍ ပေးလှူရာအခါ, တရားကို ဆင်ခြင်ရာအခါ, တရားနာရာအခါ အစရှိသည်တို့၌၊ ကာမာဝစရ ဓမ္မေ–တို့ကို၊ အာရဗ္ဘ, ပဝတ္တိကာလေ–ဖြစ်ရာအခါ၌၊ ပရိတ္တာရမဏာ–ကာမတရားဟူသော အာရုံရှိကုန်၏၊ (သေက္ခ ၊ပေ၊ ခီဏာသဝါနံ–တို့၏၊) အတိပဂုဏာနံ–အလွန် အဝါးဝစွာ လေ့လာအပ်ပြီးကုန်သော၊ ပဌမဈာနာဒီနံ–ပဌမဈာန်အစရှိသည်တို့ကို၊ ပစ္စဝေက္ခဏကာလေ–ဆင်ခြင်ရာအခါ၌၊ မဟဂ္ဂတာ

---

**ခီဏာသဝါနံ**။ ။"ရဟန္တာတို့၏ အသက္ကစ္စဒါနစသည် ပြုရာအခါ မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ္တုပ္ပာဒ်ဖြင့် ကာမတရားတို့ကို အာရုံပြုရာဝယ် "ပရိတ္တာရမဏ ဖြစ်၏"ဟု ဆိုရာ၌ အဘယ်ကို အသက္ကစ္စဒါနစသည်ဟု မှတ်ရမည်နည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား–ထိုဒါနစသည်ကို လေးလေးစားစား မပြုခြင်းကို အသက္ကစ္စဒါနစသည်ဟု မှတ်ပါ၊ "လေးလေးစားစားမပြု"ဟူရာ၌လည်း ပျင်းရိ၍ မပြုခြင်းဟု မမှတ်ရ၊ "အားထုတ်မှုကြောင့်ကြမှု မပြုခြင်း"ဟုသာ မှတ်ပါ၊ အသက္ကစ္စကို "ပစ္စဝေက္ခဏ, ဓမ္မဿဝနတို့၌လည်း ယှဉ်ပါစေ၊ "ခီဏာသဝါနံ ၊ပေ၊ ဝေဒိတဗ္ဗာ၊–ဋီကာ၊] ပုထုဇဉ် သေက္ခတို့၌ကား ပျင်းရိခြင်း, စိတ်ဆိုးခြင်းစသည်ကြောင့်လည်း အသက္ကစ္စဒါနစသည် ဖြစ်နိုင်၏။

**အတိပဂုဏာနံ**။ ။အလွန် အဝါးဝစွာ လေ့လာအပ်ပြီးသောဈာန်ကို ဆင်ခြင်ရာ၌ ဉာဏဝိပ္ပယုတ်စိတ္တုပ္ပာဒ်ဖြင့်လည်း (အလွန် ဂရုမစိုက်ရဘဲ, လေးလေးစားစား မပြုရဘဲ) ဆင်ခြင်နိုင်ကြောင်းကို သိစေလို၍ "အတိပဂုဏာနံ"ဟု ဆိုသည်၊ "အတိပ

ရမဏာ–မဟဂ္ဂုတ်တရားဟူသော အာရုံရှိကုန်၏၊ [ဉာဏဝိပ္ပယုတ်စိတ်ဖြင့် မဟဂ္ဂုတ်တရားကို ဆင်ခြင်သည်။] ကသိဏနိမိတ္တာဒိ ပညတ္တိ ပစ္စဝေက္ခဏ ကာလေ–ကသိုဏ်းနိမိတ် အစရှိသောပညတ်ကို ဆင်ခြင်ရာအခါ၌၊ န ဝတ္တဗ္ဗာ ရမဏာ–ကာမ မဟဂ္ဂုတ် အပ္ပမာဏဟု မဆိုထိုက်သောအာရုံရှိကုန်၏၊ (ပညတ် ဟူသော အာရုံရှိကုန်၏၊) [ကသိဏနိမိတ္တာဒိပညတ္တိဖြင့် ရှေးပညတ်ခန်း၌ "တီဏိ လက္ခဏာနိ"ဟုလည်းကောင်း, "အဟံ"စသည်ဟုလည်းကောင်း ပြခဲ့သော ဥပါဒါပညတ်အားလုံးကို ဆိုသည်။]

အကုသလတော–အကုသိုလ်မှ၊ ဝါ–အကုသိုလ်ဖြစ်ကုန်သော၊ စတ္တာရော–န်သော၊ ဒိဋ္ဌိဂတသမ္ပယုတ္တ စိတ္တုပ္ပာဒါ–တို့သည်၊ ပဉ္စပဏ္ဏာသာယ–ငါးဆယ့် ငါးပါးသော၊ ကာမာဝစရဓမ္မာနံ–တို့ကို၊ သတ္တော သတ္တောတိ–သတ္တဝါ သတ္တဝါဟူ၍၊ ပရာမသန ၊ပေ၊ ကာလေ–မှားသောအားဖြင့် သုံးသပ်ရာအခါ, လွန်စွာ သာယာရာအခါ, လွန်စွာ နှစ်သက်ရာအခါ၌၊ ပရိတ္တာရမဏာ–ကုန်၏၊ တေနေဝါကာရေန–ထို ပရာမသနစသော အခြင်းအရာအားဖြင့်ပင်၊ သတ္တဝီသတိ–သော၊ မဟဂ္ဂတဓမ္မေ–တို့ကို၊ အာရဗ္ဘ, ပဝတ္တိကာလေ–ဖြစ်ရာ အခါ၌၊ မဟဂ္ဂတာရမဏာ–မဟဂ္ဂုတ်တရားဟူသော အာရုံရှိကုန်၏၊ ပဏ္ဏတ္တိ ဓမ္မေ–ပညတ်တရားတို့ကို၊ အာရဗ္ဘ–၍၊ ပဝတ္တနကာလေ–ဖြစ်ရာအခါ၌၊ သိယာ–ရံခါ၊ န ဝတ္တဗ္ဗာရမဏာ–ပရိတ္တ, မဟဂ္ဂုတ် အပ္ပမာဏဟု မဆိုထိုက် သောပညတ်ဟူသော အာရုံရှိကုန်၏။

ဒိဋ္ဌိဝိပ္ပယုတ္တာနံ–ဒိဋ္ဌိဝိပ္ပယုတ်စိတ်တို့၏၊ တေယေဝ ဓမ္မေ–ထိုတရားတို့ကိုပင်၊ အာရဗ္ဘ, ကေဝလံ–ပရာမသနမဖက်, သက်သက်၊ အဿာဒနာဘိနန္ဒနဝသေ န–လွန်စွာ သာယာခြင်း, လွန်စွာ နှစ်သက်ခြင်းတို့၏စွမ်းဖြင့်၊ ပဝတ္တိယံ–ဖြစ်ရာအခါ၌လည်းကောင်း၊ ပဋိဃသမ္ပယုတ္တာနံ–ပဋိဃသမ္ပယုတ်စိတ်တို့၏၊ ဒေါမနဿဝသေန–ဒေါမနဿ၏အစွမ်းဖြင့်၊ (ပဝတ္တိယံ–၌လည်းကောင်း၊) ဝိစိကိစ္ဆာသမ္ပယုတ္တစိတ္တုပ္ပာဒဿ–၏၊ အနိဋ္ဌာနဂတဝသေန (အနိဋ္ဌင်္ဂတဝသေန–

ဂုဏရျာန်ကို ဉာဏဝိပ္ပယုတ်ဖြင့်သာ ဆင်ခြင်၏ဟု အမြဲသတ်မှတ်ခြင်းကို ပြသည်" ဟု မမှတ်ရ၊ ထိုအတိပဂုဏရျာန်များကို ဉာဏသမ္ပယုတ်က သာ၍ပင် ဆင်ခြင်နိုင် ပါသေး၏၊ [အတိပဂုဏာနန္တိ ဝစနံ ၊ပေ၊ အတိပဂုဏာနန္တိ အာဒိ၊–ဋီကာ။]

**ပဉ္စ ၊ပေ၊ နန္ဒနကာလေ။** ။ကာမစိတ် ငါးဆယ့်လေးပါးနှင့် ရုပ်တရားတို့ကို "ပဉ္စပဏ္ဏာသ ကာမာဝစရဓမ္မ"ဟု ဆိုသည်၊ ထို တရားတစ်မျိုးမျိုးကို ဒိဋ္ဌိဖြင့် "ပုဂ္ဂိုလ်–သတ္တဝါ–ငါ–သူ"စသည်ဖြင့် ထင်မှတ်မှု, သုံးသပ်မှုကို "ပရာမသန"ဟု ခေါ်၏၊ ထို တရားတစ်မျိုးမျိုးကို ဒိဋ္ဌိသမ္ပယုတ် သောမနဿသဟဂုတ်ဖြစ်သော ရာဂဖြင့် သာယာမှုကို "အဿာဒန"ဟု ခေါ်၏၊ ထို တရားတစ်မျိုးမျိုးကို ပီတိ ပြင်းသော တဏှာဖြင့် နှစ်သက်မှုကို "အဘိနန္ဒန"ဟု ခေါ်သည်၊ [ပရာမသနန္တိ ဒိဋ္ဌိယာ ကိစ္စံ, အဿာဒနန္တိ သောမနဿရာဂဿ ကိစ္စံ, အဘိနန္ဒနန္တိ သပ္ပီတိက တဏှာယ ကိစ္စံ၊–ယောဇနာ။]

မှုကွဲ) ဆုံးဖြတ်ခြင်းသို့ မရောက်ခြင်း၏အစွမ်းဖြင့်၊ (ပဝတ္တိယံ–၌လည်းကောင်း၊) ဥဒ္ဓစ္စသဟဂတသ္မ–ဥဒ္ဓစ္စသဟဂုတ်စိတ်၏၊ ဝိက္ခေပဝသေန–ပျံ့လွင့်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ အဝူပသမဝသေနစ–မငြိမ်သက်ခြင်း၏အစွမ်းဖြင့် လည်းကောင်း၊ ပဝတ္တိယံ–၌လည်းကောင်း၊ ပရိတ္တ ။ပေ၊ ရမဏာတာ–ကာမ တရား, မဟဂ္ဂုတ်တရား, ပညတ်တရားလျှင် အာရုံရှိကုန်သည်၏အဖြစ်ကို၊ ဝေဒိတဗ္ဗာ–၏၊ ပန–ဆက်၊ တေသု–ဤ ဒိဋ္ဌိဂတသမ္ပယုတ် အစရှိသော စိတ္တုပ္ပာဒ်တို့တွင်၊ ဧကဓမ္မောပိ–တစ်ခုသောတရားသည်လည်း၊ အပ္ပမာဏေ– အပ္ပမာဏတရားတို့ကို၊ (လောကုတ္တရာတရားတို့ကို၊) အာရဗ္ဘ, ပဝတ္တိတုံ– ဖြစ်ခြင်းငှာ၊ န သက္ကောတိ–မစွမ်းနိုင်၊ တသ္မာ, အပ္ပမာဏာရမဏာ–အပ္ပမာဏာ ရမဏာတရားတို့သည်၊ န–မဟုတ်ကုန်။

ကုသလတော–မှ၊ ဝါ–ကုသိုလ်ဖြစ်ကုန်သော၊ စတ္တာရော–လေးပါးသော ဉာဏသမ္ပယုတ် စိတ္တုပ္ပာဒ်တို့လည်းကောင်း၊ ကြိယတော–မှ၊ ဝါ–န်သော၊ စတ္တာရော–တို့လည်းကောင်း၊ ဣတိ–သို့၊ အဋ္ဌ–န်သော၊ ဉာဏသမ္ပယုတ္တ စိတ္တုပ္ပာဒါ–တို့သည်၊ သေက္ခပုထုဇ္ဇနခီဏာသဝါနံ–တို့၏၊ သက္ကစ္စဒါန ပစ္စဝေက္ခဏ ဓမ္မဿသဝနာဒီသု–လေးလေးစားစား ပေးလှူခြင်း, တရားကို ဆင်ခြင်ခြင်း, တရားနာခြင်း အစရှိသည်တို့၌၊ ယထာဝုတ္တပ္ပကာရေ–အကြင် အကြင်ဆိုအပ်ပြီးသော အပြားရှိကုန်သော၊ ဓမ္မေ–တို့ကို၊ အာရဗ္ဘ, ပဝတ္တိ ကာလေ–၌၊ ပရိတ္တ မဟဂ္ဂတ န ဝတ္တဗ္ဗာရမဏာ–ကာမ မဟဂ္ဂုတ် ပညတ် ဟူသောအာရုံရှိကုန်သည်၊ ဟောန္တိ၊ ပန–ကား၊ ဂေါတြဘုကာလေ–ဂေါတြဘု ကိစ္စတပ်ရာအခါ၌လည်းကောင်း၊ [ဝေါဒါနံကိစ္စတပ်ရာအခါကိုလည်း၊ ဂေါတြဘု သဒ္ဒါဖြင့် ယူပါ၊] လောကုတ္တရဓမ္မေ–တို့ကို၊ ပစ္စဝေက္ခဏကာလေစ–ဆင်ခြင်ရာ အခါ၌လည်းကောင်း၊ နေသံ–ထို ဉာဏသမ္ပယုတ် စိတ္တုပ္ပာဒ်တို့၏၊ အပ္ပမာဏာ ရမဏတာ–အပ္ပမာဏာရမဏတို့၏အဖြစ်ကို၊ (အပ္ပမာဏအာရုံရှိသည်၏ အဖြစ်ကို၊) ဝေဒိတဗ္ဗာ–၏။

ပန–ဆက်၊ ယံ တေ ရူပါဝစရစတုတ္ထဇ္ဈာနံ–အကြင် ရူပါဝစရစတုတ္ထဈာန် သည်၊ (အတ္ထိ၊) တံ–ထို ရူပါဝစရစတုတ္ထဈာန်သည်၊ သဗ္ဗတ္ထပါဒကစတုတ္ထံ– သဗ္ဗတ္ထပါဒက စတုတ္ထဈာန်လည်းကောင်း၊ အာကာသကသိဏစတုတ္ထံ– လည်းကောင်း ။ပေ၊ အနာဂတံသညာဏစတုတ္ထံ–အနာဂတံသညာဏ စတုတ္ထ ဈာန်လည်းကောင်း၊ ဣတိ–သို့၊ ကုသလတောပိ–ကုသိုလ်အားဖြင့်လည်း ကောင်း၊ ကြိယတောပိ–အားဖြင့်လည်းကောင်း၊ ဒွါဒသဝိဓံ–တစ်ဆယ့်နှစ်ပါး အပြားရှိသည်၊ ဟောတိ။

---

**ဒွါဒသဝိဓံ။** ။ဋီကာ၌ "ကုသလတောပိ ။ပေ၊ စတုဝီသတိဝိဓတော ဝုတ္တာ ဟောတိ"ဟု ရှိ၏၊ ထို့ကြောင့် ကုသိုလ်အတွက် သဗ္ဗတ္ထပါဒကစတုတ္ထစသော တစ်ဆယ့်နှစ်ပါး, ကြိယာအတွက် တစ်ဆယ့်နှစ်ပါးအားဖြင့် "နှစ်ဆယ့်လေးပါး ရှိသည်"ဟု ဆိုရာရောက်သည်ဟု မှတ်ပါ။

တတ္ထ–ထို တစ်ဆယ့်နှစ်ပါးသော စတုတ္ထစျာန်တို့တွင်၊ သဗ္ဗတ္ထပါဒကစတုတ္ထံ နာမ–သဗ္ဗတ္ထပါဒက စတုတ္ထစျာန်မည်သည်၊ ဝါ–အလုံးစုံသော ဝိပဿနာ စသည်တို့၏အခြေခံဖြစ်သော စတုတ္ထစျာန်မည်သည်၊ ဝါ–အလုံးစုံသော ဝိပဿနာစသည်တို့ကြောင့် အကြောင်းရင်းအခြေခံဖြစ်သော စတုတ္ထစျာန်မည် သည်၊ အဋ္ဌသု–န်သော၊ ကသိဏေသု–တို့၌၊ (ပဝတ္တံ–ဖြစ်သော၊) စတုတ္ထဇ္ဈာနံ– စတုတ္ထစျာန်တည်း၊ [အာကာသကသိုဏ်းနှင့် အာလောကကသိုဏ်းကို ချန်၍ "အဋ္ဌသု ကသိဏေသု"ဟု ဆိုသည်၊] ဟိ–ချဲ့၊- (တစ်နည်း) ဟိယသ္မာ– ကြောင့်၊ တံ–ထို သဗ္ဗတ္ထပါဒကစတုတ္ထစျာန်သည်၊ ဝိပဿနာယပိ–ဝိပဿနာ ၏လည်း၊ ပါဒကံ–အခြေခံသည်၊ ဟောတိ၊ အဘိညာနံပိ–အဘိညာဉ်တို့၏ လည်းကောင်း၊ နိရောဓဿာပိ–နိရောဓသမာပတ်၏လည်းကောင်း၊ ဝဋ္ဋဿာပိ– ဝဋ်ဒုက္ခ၏လည်းကောင်း၊ ပါဒကံ, ဟောတိယေဝ–ဖြစ်သည်သာ၊ ဣတိ– ကြောင့်၊ သဗ္ဗတ္ထပါဒကန္တိ–ဟူ၍၊ ဝုတ္တံ–ဆိုအပ်ပြီ။

ပန–ကား၊ အာကာသ ။ပေ၊ စတုတ္ထာနိ–အာကာသကသိုဏ်း၌ဖြစ်သော စတုတ္ထစျာန်, အာလောကကသိုဏ်း၌ဖြစ်သော စတုတ္ထစျာန်တို့သည်၊ ဝိပဿနာ ယပိ–၏လည်းကောင်း၊ အဘိညာနမ္ပိ–တို့၏လည်းကောင်း၊ ဝဋ္ဋဿာပိ–၏ လည်းကောင်း၊ ပါဒကာနိ–အခြေခံတို့သည်၊ ဟောန္တိ၊ နိရောဓပါဒကာနေဝ–

သဗ္ဗတ္ထ ။ပေ၊ စတုတ္ထံ။ ။"တံ ဟိ ဝိပဿနာယပိ ပါဒကံ"စသော အကျယ် ကို ကြည့်၍ သဗ္ဗတ္ထ၌ ထသည် သာမိအနက်ဟောဟု သိသာ၏၊ "ဝိပဿနာစသော ထိုအလုံးစုံတို့၏ အခြေခံဖြစ်သော စတုတ္ထစျာန်"ဟူလို၊ (တစ်နည်း) ဝိပဿနာ စသော အကျိုးတရားတို့ကြောင့် အကြောင်းရင်းအခြေခံဖြစ်သည်ကို "သဗ္ဗတ္ထ ပါဒက"ဟု ဆိုသည်၊ ဤအလို ထပစ္စည်းသည် နိမိတ်အနက်ဟောတည်း၊–ဋီကာ၊ တေန သဗ္ဗေသု ဝိပဿနာဒီသု နိပ္ဖာဒေတဗ္ဗေသူတိ အတ္ထော၊–အနု။]

**ဆက်ဦးအံ့**–ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းဖို့ရာ စတုတ္ထစျာန်ကို ဝင်စားလျှင် ဤစတုတ္ထစျာန်သည် ဝိပဿနာ၏အခြေခံဖြစ်၏၊ အဘိညာဉ်ကိုဖြစ်စေဖို့ရာ စတုတ္ထ စျာန်ကိုဝင်စားလျှင် အဘိညာဉ်ပါဒကဖြစ်၏၊ နိရောဓသမာပတ်ကို ဖြစ်စေဖို့ရာ စတုတ္ထစျာန်ကို ဝင်းစားလျှင် နိရောဓပါဒကဖြစ်၏၊ ဤစတုတ္ထစျာန်ကြောင့် ဗြဟ္မာ့ဘုံ၌ ဖြစ်ရသောအခါ ဗြဟ္မာဘဝဟူသော ဝဋ်ဒုက္ခ၏အခြေခံဖြစ်၏၊ စတုတ္ထစျာန်၏ အကျိုးသည် ဤလေးမျိုးထက် ပို၍မရှိသောကြောင့် ဤလေးမျိုးကိုပင် "သဗ္ဗတ္ထ" ဟု ဆိုသည်။

**အာကာသ ။ပေ၊ စတုတ္ထာနံ**။ ။သငြိုဟ်၌လာသော အာကာသကသိုဏ်း အာလောကကသိုဏ်းတို့၌ဖြစ်သော (အာရုံပြုသော) စတုတ္ထစျာန်တည်း၊ [အာကာသ ကသိဏေ+ ပဝတ္တံ+စတုတ္ထံ အာကာသကသိဏံ စတုတ္ထံ၊–ယောဇနာ၊] ထိုကသိုဏ်း နှစ်ပါးသည် ပါဠိတော်၌ တိုက်ရိုက်မလာသောကြောင့် ရူပစျာန်မှ ဟုတ်ပါလေရဲ့လား ဟု ယုံမှားဖွယ်ရှိ၍ "တံ ဟိ ရူပါဝစရံ, န ဣတရံ"ဟု ဋီကာမိန့်သည်။

နိရောဓပါဒကတို့သည်သာ၊ န ဟောန္တိ၊ ဗြဟ္မ ၊ပေ၊ စတုတ္ထာနိ-ဗြဟ္မဝိဟာရနှင့် ယှဉ်သော စတုတ္ထဈာန်, ထွက်သက် ဝင်သက်အာရုံ၌ ဖြစ်သောစတုတ္ထဈာန် တို့သည်၊ ဝိပဿနာယစေဝ-၏လည်းကောင်း၊ ဝဋ္ဋသေစ-၏လည်းကောင်း၊ ပါဒကာနိ ဟောန္တိ၊ ပန-ဖျတိရိတ်ကား၊ အဘိညာနံ-တို့၏လည်းကောင်း၊ နိရောဓဿစ-၏လည်းကောင်း၊ ပါဒကာနိ-တို့သည်၊ န ဟောန္တိ-မဖြစ်ကုန်၊ တတ္ထ-ထိုတစ်ဆယ့်နှစ်ပါးသော စတုတ္ထဈာန်တို့တွင်၊ ဒသဝိဒမ္ပိ-ဆယ်ပါး အပြားရှိသည်လည်းဖြစ်သော၊ ကသိဏဈာန်-ကသိုဏ်းအာရုံ၌ ဖြစ်သောဈာန် သည်၊ (န ဝတ္တဗ္ဗာရမဏနာမ၊ ဟောတိ၌ စပ်၊) ကသိဏပဏ္ဏတ္တိံ-ကသိုဏ်း ပညတ်ကို၊ အာရဗ္ဘ, ပဝတ္တတ္တာ-ဖြစ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဗြဟ္မ ဝိဟာရစတုတ္ထံ-ဗြဟ္မဝိဟာရစတုတ္ထဈာန်သည်၊ သတ္တပဏ္ဏတ္တိံ-သတ္တဝါပညတ် ကို၊ အာရဗ္ဘ, ပဝတ္တတ္တာ-ကြောင့်လည်းကောင်း၊ အာနာပါနစတုတ္ထံ-သည်၊ နိမိတ္တံ-ထွက်သက် ဝင်သက်နိမိတ်ကို၊ အာရဗ္ဘ, ပဝတ္တတ္တာ-ကြောင့်လည်း ကောင်း၊ ပရိတ္တာဒိဝသေန-ပရိတ္တ အစရှိသည်တို့၏အဖြစ်ဖြင့်၊ န ဝတ္တဗ္ဗမ္မော ရမဏတော-မဆိုထိုက်သော ပညတ်ဓမ္မလျှင် အာရုံရှိသည်၏အဖြစ်ကြောင့်၊ နဝတ္တဗ္ဗရမဏနာမ-နဝတ္တဗ္ဗာရမဏမည်သည်၊ ဟောတိ၊ [န ဝတ္တဗ္ဗံ-ပရိတ္တ မဟဂ္ဂတ, အပ္ပမာဏဟု မဆိုထိုက်သော၊ အာရမဏံယဿာတိ န ဝတ္တဗ္ဗာရမဏံ၊ ထိုသို့ ကာမ, မဟဂ္ဂုတ်, အပ္ပမာဏဟု မဆိုထိုက်သောအာရုံဟူသမျှ ပညတ် အာရုံချည်းဖြစ်သည်။

ကာဒ္ဓိဝိစေတုတ္ထံ-ကာဒ္ဓိဝိစေတုတ္ထဈာန်သည်၊ ပရိတ္တမဟဂ္ဂတာရမဏံ-ကာမ မဟဂ္ဂုတ်ဟူသော အာရုံရှိသည်၊ ဟောတိ၊ ကထံ-အဘယ်သို့၊ (ဟောတိ-နည်း၊) ဟိ-ချဲ့၊ တံ-ထို ကာဒ္ဓိဝိစေတုတ္ထဈာန်သည်၊ ယဒါ-အကြင်အခါ၌၊ ကာယံ-ကိုယ်ကို၊ စိတ္တသန္နိဿိတံ-စိတ်၌မှီသည်ကို၊ ကတ္ဝာ, အဒိဿမာနေန-မမြင်အပ်သော၊ ဝါ-မထင်ရှားသော၊ ကာယေန-ကိုယ်ဖြင့်၊ ဂန္တုကာမော-သွား လိုသည်၊ (ဟုတ္ဝာ၊) စိတ္တဝသေန-ဖြင့်၊ ကာယံ-ကို၊ ပရိဏာမေတိ-ညွတ်စေ၏၊ မဟဂ္ဂတစိတ္တေ-မဟဂ္ဂုတ်စိတ်၌၊ သမောဒဟတိ-ကိုယ်ကို ကောင်းစွာထား၏၊

**တံ ဟိ ယဒါ ၊ပေ၊ ဟောတိ**။ ။ကာဒ္ဓိဝိဓအဘိညာဉ်ဖြင့် ခန္ဓာကိုယ်ကို စိတ် ကဲ့သို့ လျင်မြန်၍ သူတစ်ပါးမမြင်နိုင်အောင် ဖန်ဆင်းလိုက်သောအခါ (၁) ရူပ စတုတ္ထဈာန်ကို အခြေခံပါဒကအဖြစ်ဖြင့် ဝင်စားရ၏၊ (၂) "ငါ၏ကိုယ်ထည်သည် စိတ်ကဲ့သို့ လျင်မြန်စေသတည်း"ဟု အဓိဋ္ဌာန်ပြုရ၏၊ ထိုသို့ပြုမှုကို "စိတ္တဝသေန ကာယံ ပရိဏာမေတိ, မဟာဟဂ္ဂတစိတ္တေ သမောဒဟတိ သမာရောပေတိ"ဟု ဆိုသည်၊ (၃) ထို့နောက် စတုတ္ထဈာန်ကို ဝင်စားရ၏၊ (၄) ထို့နောက် အဘိညာဉ်စိတ် ဖြစ်၍ ကိုယ်သည် စိတ်ကဲ့သို့လျင်မြန်သော သူတစ်ပါးလည်းမမြင်နိုင်သော တန်ခိုး ဖြစ်၏၊ [ထိုလျင်မြန်သော ရူပကာယအာရုံကို တမင်လာ ကြိုးစားအားထုတ်မှုကြောင့် ရအပ်သောအာရုံဖြစ်၍ "ဥပယောဂလဒ္ဓ"ဟု ဆိုသည်။

သမာရောပေတိ–ကောင်းစွာတင်သွင်း၏၊ တဒါ–၌၊ ဥပယောဂလဒ္ဓံ–လုံ့လပယောဂကြောင့် ရအပ်သောကိုယ်သည်၊ အာရမဏ–သည်၊ ဟောတိ၊ ကထံ ကတွာ–ဤသို့ပြု၍၊ ရူပကာယာရမဏတော–ရူပ ကာယဟူသော အာရုံရှိသည်၏အဖြစ်ကြောင့်၊ ပရိတ္တာရမဏ–ကာမတရားဟူသော အာရုံရှိသည်၊ ဟောတိ–၏။

ယဒါ–၌၊ စိတ္တံ–ကို၊ ကာယသန္နိဿိတံ–ကိုယ်၌ မှီသည်ကို၊ ကတွာ, ဒိဿမာနေန–မြင်အပ်သော၊ ဝါ–ထင်ရှားသော၊ ကာယေန–ဖြင့်၊ ဂန္တုကာမော (ဟုတွာ၊) ကာယဝသေန–ဖြင့်၊ စိတ္တံ–ကို၊ ပရိဏာမေတိ–ညွတ်စေ၏၊ ပါဒကဇ္ဈာနစိတ္တံ–ပါဒကဈာန်စိတ်ကို၊ ရူပကာယေ–၌၊ သမောဒဟတိ–၏၊ သမာရောပေတိ–၏၊ တဒါ, ဥပယောဂလဒ္ဓံ–လုံ့လပယောဂကြောင့် ရအပ်သော စိတ်သည်၊ အာရမဏ–သည်၊ ဟောတိ၊ ကထံ ကတွာ–ဤသို့ ပြု၍၊ မဟဂ္ဂတစိတ္တာရမဏတော–မဟဂ္ဂုတ်စိတ်ဟူသော အာရုံရှိသည်၏အဖြစ်ကြောင့်၊ မဟဂ္ဂတာရမဏ ဟောတိ။

[ဣဒ္ဓိဝိဓစေတုတ္တုစျာန်ကို အကျယ်ပြပြီး၍ ဒိဗ္ဗသောတ စေတုတ္တစျာန်စသည်ကို အကျယ်ပြလိုသောကြောင့် "ဒိဗ္ဗသောတ စတုတ္ထံ"စသည် မိန့်၊] ဒိဗ္ဗသောတ စတုတ္ထံ–ဒိဗ္ဗသောတစတုတ္တစျာန်သည်၊ သဒ္ဒံ–သဒ္ဒါရုံကို၊ အာရဗ္ဘ–၍၊ ပဝတ္တတ္တာ–ဖြစ်သည်၏အဖြစ်ကြောင့်၊ ကေဝလံ ပရိတ္တာရမဏမေဝ–ကေန် ကာမတရားဟူသော အာရုံရှိသည်သာ၊ (ဟောတိ၊) စေတော ပရိယညာဏစတုတ္ထံ–သည်၊ ပရိတ္တံ ၊ပေ၊ ရမဏံ–ကာမ, မဟဂ္ဂုတ်, လောကုတ္တရာတရားဟူသော အာရုံရှိသည်၊ ဟောတိ၊ ကထံ–အဘယ်သို့ ဖြစ်သနည်း၊ ဟိ–ချဲ့၊ တံ–ထို စေတောပရိယညာဏစတုတ္တစျာန်သည်၊ ပရေသံ–သူတစ်ပါးတို့၏၊ ကာမာဝစရ စိတ္တဇာနနကာလေ–ကာမာဝစရစိတ်ကို သိရာအခါ၌၊ ပရိတ္တာရမဏ–သည်၊ ဟောတိ၊ ရူပါဝစရ ၊ပေ၊ ကာလေ–ရူပါဝစရစိတ်, အရူပါဝစရစိတ်တို့ကို သိရာအခါ၌၊ မဟဂ္ဂတာရမဏ ဟောတိ၊ မဂ္ဂဖလ ဇာနနကာလေ–မဂ်ဖိုလ်တို့ကို သိရာအခါ၌၊ အပ္ပမာဏာရမဏ–အပ္ပမာဏတရားဟူသော အာရုံရှိသည်၊ ဟောတိ၊ စ–ဆက်၊ ဧတ္ထ–ဤ သူတစ်ပါး၏စိတ်ကို သိရာ၌၊ [ရှေးနိဿယ ၌ "ဧတ္ထ–ဤပုထုဇဉ် အစရှိသောပုဂ္ဂိုလ်တို့တွင်"ဟု ပေး၏။] ပုထုဇ္ဇနော–

ယဒါ စိတ္တံ ၊ပေ၊ အာရမဏ ဟောတိ။ ။ဤနည်း၌ကား စိတ်ကို ကိုယ်၌ မှီသည်ကို ပြု၍ ဖန်ဆင်း၏၊ အဓိဋ္ဌာနစိတ်ဖြင့် "ငါ၏စိတ်အစဉ်သည် ရူပကာယကဲ့သို့ ဖြည်းနှေးပါစေသတည်း"ဟု ပြု၏၊ ဤသို့ ပြုသည်ကို "စိတ်ကို ကိုယ်၌ထား၏" ဟု ဆိုသည်၊ ထိုသို့ ပြုမှုကြောင့် စိတ်ဖြစ်ပုံကား ထူးခြား၍ နှေးမသွားပါ၊ သို့သော် အဘိညာဉ်အစွမ်းကြောင့် စိတ်လိုရာသို့ ကိုယ်ခန္ဓာ လိုက်ပါရသောအခါ စိတ်အစဉ်သည် ထပ်ခါထပ်ခါ ဖြစ်၍နေရကား စိတ်အစဉ်နှေးသကဲ့သို့ ဖြစ်၏၊ ကိုယ်ခန္ဓာကိုလည်း အထင်အရှား မြင်နေရ၏။ [စိတ်ဟူသည်လည်း အဓိဋ္ဌာန်ကြောင်းဖြစ်သော စိတ်၏ အခြေခံ ဈာန်စိတ်တည်း၊ ထို့ကြောင့် "မဟဂ္ဂတာရမဏ"ဟု ဆိုသည်။]

ပုထုဇ္ဇဉ်ပုဂ္ဂိုလ်သည်၊ သောတာပန္နဿ–သောတာပန်ပုဂ္ဂိုလ်၏၊ စိတ္တံ–ကို၊ န ဇာနာတိ–မသိနိုင်၊ သောတာပန္နောဝါ–သောတာပန်ပုဂ္ဂိုလ်သည်မူလည်း၊ သကဒါဂါမိဿ–၏၊ (စိတ္တံ န ဇာနာတိ၊) ဣတိဧဝံ–သို့၊ ယာဝ အရဟတော–ရဟန္တာပုဂ္ဂိုလ်တိုင်အောင်၊ (တစ်နည်း၊) အရဟတော–ရဟန္တာပုဂ္ဂိုလ်၏၊ ယာဝ စိတ္တံ–စိတ်တိုင်အောင်၊ နေတဗ္ဗံ–ဆောင်ထိုက်၏၊ အရဟာပန–ရဟန္တာပုဂ္ဂိုလ်သည်ကား၊ သဗ္ဗေသံ–အလုံးစုံသော ပုဂ္ဂိုလ်တို့၏၊ စိတ္တံ–ကို၊ ဇာနာတိ၊ စ–ဆက်၊ အညောပိ–ရဟန္တာပုဂ္ဂိုလ်မှ တစ်ပါးလည်းဖြစ်သော၊ ဥပရိမော–အထက်၌ဖြစ်သော ပုဂ္ဂိုလ်သည်၊ ဟေဋ္ဌိမဿ–အောက်၌ဖြစ်သော ပုဂ္ဂိုလ်၏၊ (စိတ္တံ ဇာနာတိ၊) ဣတိ–သို့၊ အယံ ဝိသေသော–ဤအထူးကို၊ ဝေဒိတဗ္ဗော–၏၊ ["စေတောပရိယဉာဏလာဘီ သောတာပန်ပုဂ္ဂိုလ်က ပုထုဇ္ဇဉ်၏စိတ်ကို သိနိုင်၏ ။ပေ။ အနာဂါမ်ပုဂ္ဂိုလ်က သကဒါဂါမ်မှစ၍ အောက်အောက်ပုဂ္ဂိုလ်အားလုံး၏စိတ်ကို သိနိုင်၏"ဟူလို။]

ယထာကမ္မူပဂဉာဏစတုတ္ထံ–သည်၊ ကာမာဝစရ ကမ္မဇာနနကာလေ–ကာမာဝစရကံကို သိရာအခါ၌၊ ပရိတ္တာရမဏံ ဟောတိ၊ ရူပါဝစရ ။ပေ။ ကာလေ–ရူပါဝစရကံ အရူပါဝစရကံကို သိရာအခါ၌၊ မဟဂ္ဂတာရမဏံ ဟောတိ၊ ဒိဗ္ဗစက္ခုဉာဏစတုတ္ထံ–သည်၊ ရူပါရမဏတ္တာ–ရူပါရုံဟူသော အာရုံရှိသည်၏အဖြစ်ကြောင့်၊ ကေဝလံ ပရိတ္တာရမဏမေဝ (ဟောတိ၊) ပုဗ္ဗေနိဝါသဉာဏစတုတ္ထံ–သည်၊ ပရိတ္တ ။ပေ။ ရမဏံ–ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ အပ္ပမာဏအာရုံ၊ နဝတ္တဗ္ဗအာရုံရှိသည်၊ ဟောတိ၊ ကထံ–အဘယ်သို့ ဖြစ်သနည်း၊ ဟိ–ချဲ့၊ တံ–ထို ပုဗ္ဗေနိဝါသဉာဏစတုတ္ထစျာန်သည်၊ ကာမာ ။ပေ။ ကာလေ–ကာမာဝစရခန္ဓာတို့ကို အစဉ်လိုက်၍ အောက်မေ့ရာအခါ၌၊ ပရိတ္တာရမဏံ

**သောတာပန္နဿ စိတ္တံ**။ . ။"ပုထုဇ္ဇဉ်သည် သောတာပန်၏စိတ်ကို မသိနိုင်" ဟူရာ၌ "သောတာပန်၏သီးခြားဖြစ်သော မဂ်စိတ် ဖိုလ်စိတ်ကိုသာ မသိနိုင်"ဟု ဆိုလိုသည်၊ ပရစိတ္တအဘိညာဉ်ရသော ပုထုဇ္ဇဉ်က သောတာပန်၏လောကီစိတ်များကိုကား သိနိုင်ပါသည်၊ မှန်၏–မာရ်နတ်သည် (အဘိညာဉ်မဟုတ်သော) နတ်တန်ခိုးဖြင့်သော်မှ ဘုရားရှင်၏လောကီစိတ်ကို သိနိုင်၏ဟု ဆိုပါသည်၊ [ဘဂဝတော စေတောပရိဝိတက္ကမညာယ မာရော ။ပေ။ အာဟ၊ ...မာရသံယုတ်၊ ပဌမဝဂ်၊ တပေါကမ္မသုတ်။]

**ယာဝ ။ပေ။ နေတဗ္ဗံ**။ ။စာအုပ်တို့ဝယ် ယာဝနောက်၌ အရဟတောဟု ဆဋ္ဌီယန္တ တွေ့ရ၏၊ ယာဝနှင့်ယှဉ်ရာ၌ ဒုတိယာ ပဉ္စမီတစ်မျိုးမျိုးသာ ရှိရိုးတည်း၊ ထို့ကြောင့် "ယာဝ အရဟတာ"ဟု ပဉ္စမျန္တ ရှိလျှင် ကောင်း၏၊ "သကဒါဂါမီ အနာဂါမိဿ, အနာဂါမိ အရဟတော စိတ္တံ န ဇာနာတိ"ဟု ဆောင်ပါလေ–ဟူလို၊ [ယောဇနာ၌ကား "ယာဝ အရဟတော စိတ္တာ"ဟု တွေ့ရ၏၊ နေတဗ္ဗ၏ကံအဖြစ်ဖြင့် စိတ္တံကို ထည့်ရမည်ဖြစ်သောကြောင့် "ယာဝ အရဟတော စိတ္တံ"ဟု ပဌမန္တ ဖြစ်ဟုန်တူသည်။]

ဟောတိ၊ ရူပါဝစရာ ၊ပေ၊ ကာလေ–ရူပဝစရခန္ဓာ, အရူပါဝစရခန္ဓာတို့ကို အစဉ်လိုက်၍ အောက်မေ့ရာအခါ၌၊ မဟဂ္ဂတာရမဏံ (ဟောတိ၊) အတီတေ–လွန်လေပြီးသောအခါ၌၊ အတ္တနာဝါ–မိမိသည်သော်လည်းကောင်း၊ ပရေဟိဝါ–သူတစ်ပါးတို့သည်သော်လည်းကောင်း၊ ဘာဝိတံ–ဖြစ်စေအပ်ပြီးသော၊ မဂ္ဂံ–ကိုလည်းကောင်း၊ သစ္ဆိကတံ–မျက်မှောက် ပြုအပ်ပြီးသော၊ နိဗ္ဗာနံ–ကိုလည်းကောင်း၊ (သစ္ဆိကတံ–သော၊) ဖလံစ–ကိုလည်းကောင်း၊ အနုဿရဏကာလေ–၌၊ အပ္ပမာဏာရမဏံ (ဟောတိ၊) [သင်္ဂါယနာမူ၌ "အတီတေ အတ္တနာဝါ ပရေဟိဝါ ဘာဝိတမဂ္ဂံ သစ္ဆိကတဖလဥ္စ အနုဿရဏကာလေ"ဟု ရှိ၏၊] အတီတေ–၌၊ ဗုဒ္ဓါ–ဘုရားရှင်တို့သည်၊ မဂ္ဂံ–ကို၊ ဘာဝယိံသု–ဖြစ်စေတော်မူကြကုန်ပြီ၊ ဖလံ–ကို၊ သစ္ဆာကံသု–မျက်မှောက် ပြုတော်မူကြကုန်ပြီ၊ နိဗ္ဗာနဓာတုယာ–နိဗ္ဗာနဓာတ်ဖြင့်၊ ပရိနိဗ္ဗာယိံသု–ပရိနိဗ္ဗာန် ပြုတော်မူကြကုန်ပြီ၊ ဣတိ–သို့၊ ဆိန္နဝဋ္ဋမကာနုဿရဏာဝသေန–ပြတ်ပြီးသော သံသရာလမ်းခရီး ရှိတော်မူကြကုန်သော ဘုရားရှင်တို့ကို အစဉ်လိုက်၍ အောက်မေ့ခြင်း၏အစွမ်းဖြင့်၊ မဂ္ဂဖလ နိဗ္ဗာန ပစ္စဝေက္ခဏာတောပိ–မဂ်ဖိုလ် နိဗ္ဗာန်တို့ကို ဆင်ခြင်ခြင်းအားဖြင့်လည်း၊ အပ္ပမာဏာရမဏံ (ဟောတိ၊) အတီတေ–၌၊ ဝိပဿီနာမ–ဝိပဿီမည်တော်မူသော၊ ဘဂဝါ–မြတ်စွာဘုရားသည်၊ အဟောသိ–ပွင့်တော်မူပြီ၊ တဿ–ထိုဝိပဿီမြတ်စွာဘုရား၏၊ ဗန္ဓုမတီနာမ–ဗန္ဓုမတီမည်သော၊ နဂရံ–မြို့တော်သည်၊ အဟောသိ–ဖြစ်ပြီ၊ ဗန္ဓုမာနာမ–ဗန္ဓုမာမည်သော၊ ရာဇာ–မင်းသည်၊ ပိတာ–ခမည်းတော်သည်၊ (အဟောသိ၊) ဗန္ဓုမတီ–ဗန္ဓုမတီမည်သော မိဖုရားသည်၊ မာတာ–မယ်တော်သည်၊ (အဟောသိ၊) ဣတိ အာဒိနာ–သော၊ နယေန–ဖြင့်၊ နာမ ၊ပေ၊ ကာလေ–နာမည်, အနွယ်, ပထဝီကသိုဏ်းနိမိတ်

---

**ဆိန္နဝဋ္ဋမကာ**။ ။ဝဋ္ဋမံဟူသော နပုံလိင်ဒ္ဒါသည် "လမ်းခရီးအနက်ဟောဟု အဘိဓာန် (၁၉၀)၌ ဆို၏၊ ဝဇ–ဂတိမှ ဓာတ်နောင် ကုမာန်ပစ္စည်း၊ ဇကို ဋပြု၍ မောဂ္ဂလ္လာန် ဏွာဒိ (၁၃၁) သုတ်၌ ရုပ်ပြီးစေ၏၊ "ဝဇန္တိ ဧတ္ထာတိ ဝဋ္ဋမံ–သတ္တဝါ တို့၏သွားရာလမ်း, ထိုလမ်းနှင့်တူသောကြောင့် သံသရာဝဋ္ဋလမ်းကိုလည်း "ဝဋ္ဋမံ" ဟု ခေါ်သည်၊ "ဆိန္နံ+ဝဋ္ဋမံ+ယေသံတိ ဆိန္နဝဋ္ဋမကာ–ပြတ်ပြီးသော သံသရာလမ်းရှိကြသော (သံဝရာလမ်းဆုံးပြီးကြသော) ရဟန္တာပုဂ္ဂိုလ်တို့၊ (သမာသန္တ ကပစ္စည်း၊) ယောဇနာ၌ "ဝဋ္ဋမော"ဟု တွေ့ရ၏။

**မဂ္ဂ ၊ပေ၊ ပစ္စဝေက္ခဏတောပိ**။ ။ပစ္စဝေက္ခဏတောဖြင့် ပစ္စဝေက္ခဏာ ဉာဏ်ကိုသာ တိုက်ရိုက်ပြ၏၊ သို့သော် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် မဂ်ဖိုလ် ကိုလည်းကောင်း, နိဗ္ဗာန်ကိုအာရုံပြုသော တရားတို့ကိုသိခြင်းအားဖြင့် နိဗ္ဗာန်ကို လည်းကောင်း, ရှေးဦးစွာသိပြီး၍ ပစ္စဝေက္ခဏာဉာဏ်က နောက်မှဖြစ်၏၊ ထို့ကြောင့် မဂ္ဂါဒိ ပစ္စဝေက္ခဏာဉာဏ်တို့သည် ပုဗ္ဗေနိဝါသဉာဏ်၏ မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံပြုနိုင်မှုကို ပြီးစေနိုင်ကြကုန်၏၊ [အကျိုးပစ္စဝေက္ခဏာဉာဏ်၏သိပုံကို ထောက်၍ ရှေ့သွား ပုဗ္ဗေနိဝါသဉာဏ်ကလည်း သိနိုင်ကြောင်းကို သိရသည်–ဟူလို။]

အစရှိသည်တို့ကို အစဉ်လိုက်၍ အောက်မေ့ရာအခါ၌၊ န ဝတ္တဗ္ဗာရမဏာ ဟောတိ၊ ...အနာဂတံသညာဏစတုက္ကေတိ–၌လည်း၊ သေဝနယော၊ ဟိ–ချဲ့၊ တံ–ထို အနာဂတံသညာဏစတုက္ကချာန်သည်၊ အယံ–ဤ ပုဂ္ဂိုလ်သည်၊ အနာဂတေ–နောင်အခါ၌၊ ကာမာဝစရေ–ကာမာဝစရဘုံ၌၊ နိဗ္ဗတ္တိဿတိ–ဖြစ်လတ့်၊ ဣတိ–သို့၊ ဇာနနကာလေ–၌၊ ပရိတ္တာရမဏာ ဟောတိ၊ ရူပါဝစရေ–ရူပါဝစရဘုံ၌၊ (နိဗ္ဗတ္တိဿတိ–လတံ၊ ဣတိ) ဝါ–ဤသို့သော်လည်းကောင်း၊ အရူပါဝစရေ–၌၊ နိဗ္ဗတ္တိဿတိ–လတ့်၊ ဣတိ ဝါ–ဤသို့သော်လည်းကောင်း၊ ဇာနနကာလေ မဟဂ္ဂတာရမဏာ (ဟောတိ၊) မဂ္ဂံ–မဂ်ကို၊ ဘာဝေဿတိ–ဖြစ်စေလတ့်၊ ဖလံ–ဖိုလ်ကို၊ သစ္ဆိကရိဿတိ–မျက်မှောက်ပြုလတ့်၊ နိဗ္ဗာန ဓာတုယာ–နိဗ္ဗာနဓာတ်ဖြင့်၊ ပရိနိဗ္ဗာယိဿတိ–ပရိနိဗ္ဗာန်ပြုလတ့်၊ ဣတိ–ဤသို့၊ ဇာနနကာလေ အပ္ပမာဏာရမဏာ (ဟောတိ၊) အနာဂတေ–၌၊ မေတ္တေယျောနာမ–မေတ္တေယျမည်တော်မူသော၊ ဘဂဝါ–သည်၊ ဥပ္ပဇ္ဇိဿတိ–ပွင့်တော်မူလတ့်၊ အဿ–ထို မေတ္တေယျမြတ်စွာဘုရား၏၊ သုဗြဟ္မာနာမ–သုဗြဟ္မာမည်သော၊ ဗြာဟ္မဏော–ပုဏ္ဏားသည်၊ ပိတာ–ခမည်းတော်သည်၊ ဘဝိဿတိ၊ ဗြဟ္မဝတီနာမ–ဗြဟ္မဝတီမည်သော၊ ဗြာဟ္မဏီ–ပုဏ္ဏေးမသည်၊ မာတာ–မယ်တော်သည်၊ ဘဝိဿတိ၊ ဣတိ အာဒိနာ–သော၊ နယေန–ဖြင့်၊ နာမဂေါတ္တ ဇာနနကာလေ–အမည် အနွယ်တို့ကို သိရာအခါ၌၊ န ဝတ္တဗ္ဗာရမဏာ ဟောတိ။

[ရူပါဝစရစတုက္ကချာန် တစ်ဆယ့်နှစ်ပါးကို အကျယ်ပြပြီး၍ အရူပါဝစရ စတုက္ကချာန်စသည်အတွက် ပြလိုသောကြောင့် "အရူပါဝစရစတုက္ကံ ပန" စသည် မိန့်၊] ပန–ကား၊ အရူပါဝစရစတုက္ကံ–အရူပါဝစရစတုက္ကချာန်ကို လည်းကောင်း၊ အာသဝါနံ ခယစတုက္ကံစ–အာသဝါနံ ခယစတုက္ကချာန်ကို လည်းကောင်း၊ ပါဠိယံ–ပါဠိတော်၌၊ အာဂတဋ္ဌာနေယေဝ–လာရာဌာန၌သာ၊ ကထေဿာမိ–ဆိုပေအံ့၊ [မနောဒွါရဝဇ္ဇန်း၏အာရုံကို ပြလိုသောကြောင့် "ကြိယ ဟေတုက" စသည် မိန့်၊] ဥပေက္ခာသဟဂတာ–ဥပေက္ခာသဟဂုတ်ဖြစ်သော၊ ကြိယာ ၊ပေ၊ ဓာတု–ကြိယာအဟိတ် မနောဝိညာဏဓာတ်သည်၊ (မနောဒွါရာ ဝဇ္ဇန်းကို ဆိုသည်၊) သဗ္ဗေသံပိ–န်သော၊ တေသံ ကုသလာကုသလကြိယ စိတ္တာနံ–တို့၏၊ ပုရေစာရိကာ–ရှေ့သွားသည်၊ (ဟောတိ၊) တဿာ–ထို ဥပေက္ခာ သဟဂုတ်ကြိယာအဟိတ် မနောဝိညာဏ်ဓာတ်၏၊ တေသု–ထို ကုသိုလ် အကုသိုလ် ကြိယာစိတ်တို့၌၊ ဝုတ္တနယေနေဝ–ဖြင့်သာ၊ အာရမဏာဘေဒေါ–

---

**ကာမာဝစရေ**။ ။"ကာမာဝစရဘုံ ဖြစ်လတ့်"ဟူသောစကားသည် ဖြစ်လတ့် ပုဂ္ဂိုလ်ဟူသော ခန္ဓာကို သိပုံပြသောစကား မဟုတ်၊ ပုဂ္ဂိုလ်ဟုဆိုလျှင် ပညတ်ဖြစ် သွားလိမ့်မည်၊ ထို့ကြောင့် ထိုဘုံ၌ဖြစ်သော ခန္ဓာကို (ဌာနူပစာရအားဖြင့်) ပြသော စကားတည်း"ဟု မှတ်ပါ၊ [ကာမာဝစရေ နိဗ္ဗတ္တိဿတီတိ နိဗ္ဗတ္တခန္ဓဇာနန မာဟာ၊– ဋီကာ၊ ... န နိဗ္ဗတ္တကခန္ဓဇာနနံ၊–အန။]

အာရုံအပြားကို၊ ဝေဒိတဗ္ဗော၊ ပန–ကား၊ ပဋ္ဌာဒါရေ–၌၊ ဝေါဋ္ဌပနဝသေန ဝုဋ္ဌောဓ၏ အဖြစ်ဖြင့်၊ ပဝတ္တိယံ–ဖြစ်ရာအခါ၌၊ ကေဝလံ ပရိတ္တာရမဏာဝ–ကေန် ကာမအာရုံရှိသည်သာ၊ ဟောတိ။

ရူပါဝစရ တိကစတုက္ကဇ္ဈာနာဒီနိ–ရူပါဝစရတိကဈာန် စတုက္ကဈာန် အစရှိသည်တို့သည်၊ [စတုက္ကနည်းအားဖြင့် တိကဈာန်, ပဉ္စကနည်းအားဖြင့် စတုက္ကဈာန်ဟု ဆိုသည်၊ အာဒိဖြင့် အာကာသာနဉ္စာယတနဈာန်, အာကိဉ္စညာယတနဈာန်တို့ကို ယူ၊] ပရိတ္တာဒိဘာဝေန–ကာမ အစရှိသည်တို့၏အဖြစ်ဖြင့်၊ နဝတ္တဗ္ဗမ္ဗ–မဆိုထိုက်သော တရားကို၊ (ပထဝီကသိုဏ်းအစရှိသော ပညတ် တရားကို၊) အာရဗ္ဘ, ပဝတ္တိတော–ဖြစ်ခြင်းကြောင့်၊ န ဝတ္တဗ္ဗာရမဏာနိ–နဝတ္တဗ္ဗတရားဟူသော အာရုံရှိကုန်၏၊ ဟိ–မှန်၊ ဧတ္ထ–ဤရူပါဝစရတိက စတုက္ကဈာန် အစရှိသည်တို့တွင်၊ ရူပါဝစရာနိ–ရူပါဝစရဈာန်တို့သည်၊ ပထဝီကသိဏာဒိသု–ပထဝီကသိုဏ်းအစရှိသော ပညတ်တို့၌၊ ပဝတ္တန္တိ–ဖြစ်ကုန်၏၊ အာကာသာနဉ္စာယတနံ–ဈာန်သည်၊ ဥဂ္ဃာဋိမာကာသေ–ကသိုဏ်း ကိုးပါးတွင် တစ်ပါးပါးကို ခွာခြင်းကြောင့်ရအပ်သော ကောင်းကင်ပညတ်၌၊ (ပဝတ္တတိ၊) အာကိဉ္စညာယတနံ–ဈာန်သည်၊ အာကာသာနဉ္စာယတန ဝိညာဏာ ပဂမေ–အာကာသာနဉ္စာယတနဝိညာဉ်၏ ကင်းခြင်းဟူသော နတ္ထိဘာဝပညတ်၌၊ (ပဝတ္တတိ၊) ဣတိ–ပရိတ္တာရမဏတိက်ဖွင့် အပြီးတည်း။

**၁၄၂၉။** ။မဂ္ဂါရမဏတ္တိကေ–၌၊ အာဒိမှိ–အစ၌၊ ဝုတ္တာ–ဟောတော်မူ အပ်ကုန်သော၊ အဋ္ဌ–ကုန်သော၊ ဉာဏသမ္ပယုတ္တစိတ္တုပ္ပာဒါ–တို့သည်၊ သေက္ခာ သေက္ခာနံ–သေက္ခပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ်တို့၏၊ အတ္တနာ–မိမိသည်၊ ပဋိဝိဒ္ဓမဂ္ဂါနံ–ထိုးထွင်း၍ သိအပ်ပြီးသောမဂ်တို့ကို၊ ပစ္စဝေက္ခဏကာလေ–ဆင်ခြင် ရာ အခါ၌၊ မဂ္ဂါရမဏာ–မဂ်ဟူသော အာရုံရှိကုန်သည်၊ (ဟောန္တိ၊) ပန– ကား၊ မဂ္ဂေန–မဂ်နှင့်၊ အသဟဇာတတ္တာ–တကွ မဖြစ်သည်၏အဖြစ်ကြောင့်၊

**အဋ္ဌ ၊ပေ၊ စိတ္တုပ္ပာဒါ။** ။ဤစိတ္တုပ္ပာဒတို့၏ “သိယာ မဂ္ဂါရမဏာ န မဂ္ဂ ဟေတုကာ”အရ “သေက္ခာ သေက္ခာနံ ၊ပေ၊ န မဂ္ဂဟေတုကာ”ဟုလည်းကောင်း, “သိယာ မဂ္ဂါဓိပတိနော”အရ “အတ္တနာ ပဋိဝိဒ္ဓ ၊ပေ၊ မဂ္ဂါဓိပတိနော”ဟုလည်းကောင်း, “သိယာ န ဝတ္တဗ္ဗာ မဂ္ဂါရမဏာတိပိ မဂ္ဂါဓိပတိနောတိပိ”အရ “အညမ္မာရမဏ ကာလေ ၊ပေ၊ မဂ္ဂါဓိပတိနောတိပိ”ဟုလည်းကောင်း ဖွင့်သည်၊ နောက်၌လည်း ပါဠိတော်အစဉ်အတိုင်း ဖွင့်ပြလိမ့်မည်။

**အသဟဇာတတ္တာ။** ။သဟဇာတဟုဆိုလျှင် တကွဖြစ်ဘက် ရုပ်နာမ်နှစ်မျိုး လုံးရသောကြောင့် ဤနေရာ၌ နာမ်တရားအချင်းချင်း မယှဉ်ပုံကိုသာ ပြလိုရကား “အသမ္ပယုတ္တတ္တာ”ဟု အနက်မှတ်ရမည်၊ နာမ်တရားအချင်းချင်းကိုသာ သမ္ပယုတ်ဟု သုံးလေ့ရှိသည်၊ ပြခဲ့သော ဉာဏသမ္ပယုတ်စိတ္တုပ္ပာဒ်တို့သည် လောကုတ္တရာမဂ်နှင့် မယှဉ်ကြသောကြောင့် “န မဂ္ဂဟေတုကာ–မဂ်နှင့်ယှဉ်သော ဟိတ်ရှိသော တရားများ မဟုတ်ကြ”ဟူလို။

(မယှဉ်သည်၏အဖြစ်ကြောင့်၊) မဂ္ဂဟေတုကာ–မဂ္ဂဟေတုကတို့သည်၊ န (ဟောန္တိ)–မဖြစ်ကုန်၊ အတ္တနာ–မိမိသည်၊ ပဋိဝိဒ္ဓ–ထိုးထွင်း၍ သိအပ်ပြီးသော၊ မဂ္ဂံ–ကို၊ အရုံ–အလေးဂရုကို၊ ကတွာ, ပစ္စဝေက္ခဏကာလေ–၌၊ အာရမဏာ ဓိပတိဝသေန–အာရမဏာဓိပတိ၏အစွမ်းဖြင့်၊ မဂ္ဂါဓိပတိနော–မဂ္ဂါဓိပတိတို့ သည်၊ (ဟောန္တိ၊) အညမ္ဘာရမဏကာလေ–မဂ်တရားမှ တစ်ပါးသောတရားကို အာရုံပြုရာအခါ၌၊ မဂ္ဂါရမဏာတိပိ–မဂ္ဂါရမဏတို့ဟူ၍လည်းကောင်း၊ မဂ္ဂါ ဓိပတိနောတိပိ–မဂ္ဂါဓိပတိတို့ဟူ၍လည်းကောင်း၊ န ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်။

စတ္တာရော–န်သော၊ အရိယမဂ္ဂါ–အရိယာမဂ်တို့သည်၊ မဂ္ဂသင်္ခါတသ–မဂ်ဟု ဆိုအပ်သည်လည်းဖြစ်သော၊ မဂ္ဂသမ္ပယုတ္တသဝါ–မဂ်နှင့်ယှဉ်သည် လည်းဖြစ်သော၊ ဟေတုနာ–ဟိတ်၏၊ အတ္ထိတာယ–ရှိသည်၏အဖြစ်ကြောင့်၊ ဧကန္တေတော–ဧကန်အားဖြင့်၊ မဂ္ဂဟေတုကာဝ–မဂ္ဂဟေတုကတို့သည်သာတည်း၊ ပန–ကား၊ ဝီရိယံဝါ–ဝီရိယကိုသော်လည်းကောင်း၊ ဝီမံသံဝါ–ကိုသော်လည်း ကောင်း၊ ဇေဋ္ဌကံ–အကြီးအကဲကို၊ ကတွာ–၍၊ မဂ္ဂဘာဝနာကာလေ–မဂ်ကို ဖြစ်စေရာအခါ၌၊ သဟဇာတာဓိပတိနာ–သဟဇာတာဓိပတိအားဖြင့်၊ သိယာ– အချို့တို့ကား၊ မဂ္ဂါဓိပတိနော–မဂ္ဂါဓိပတိတို့သည်၊ ဆန္ဒစိတ္တာနိ–ဆန္ဒစိတ္တ တို့တွင်၊ အညတရ ဇေဋ္ဌကကာလေ–တစ်ပါးတစ်ပါး၏ အကြီးအကဲဖြစ်ရာ အခါ၌၊ သိယာ–တို့ကား၊ မဂ္ဂါဓိပတိနောတိ–မဂ္ဂါဓိပတိတို့ဟူ၍၊ န ဝတ္တဗ္ဗာ– မဆိုထိုက်ကုန်။

ဒွါဒသဝိဓေ–တစ်ဆယ့်နှစ်ပါး အပြားရှိသော၊ [သဗ္ဗတ္ထဒါဒက စတုတ္ထဈာန် စသော တစ်ဆယ့်နှစ်ပါးကို ဆိုသည်၊] ရူပါဝစရစတုတ္ထဈာနေ–၌၊ သဗ္ဗတ္ထပါဒက စတုတ္ထာဒီနိ–သဗ္ဗတ္ထပါဒက စတုတ္ထအစရှိကုန်သော၊ နဝ–န်သော၊ ဈာနာနိ– တို့သည်၊ မဂ္ဂါရမဏာနိ–မဂ်ဟူသော အာရုံရှိသောဈာန်တို့သည်၊ နေဝဟောန္တိ– မဖြစ်ကုန်၊ မဂ္ဂဟေတုကာနိ–မဂ်နှင့်ယှဉ်သော ဟိတ်ရှိသောဈာန်တို့သည်၊ န (ဟောန္တိ၊) မဂ္ဂါဓိပတိနိ–မဂ်ဟူသော အဓိပတိရှိသောဈာန်တို့သည်၊ န (ဟောန္တိ၊) ပန–ကား၊ စေတော ၊ပေ၊ စတုတ္ထာနိ–စေတော ပရိယဉာဏစတုတ္ထ ဈာန်, ပုဗ္ဗေနိဝါသညာဏစတုတ္ထဈာန်, အနာဂတံသညာဏစတုတ္ထဈာန် တို့သည်၊ အရိယာနံ–အရိယာပုဂ္ဂိုလ်တို့၏၊ မဂ္ဂစိတ္တဇာနနကာလေ–မဂ်စိတ်ကို သိရာအခါ၌၊ မဂ္ဂါရမဏာနိ–မဂ်ဟူသော အာရုံရှိသောဈာန်တို့သည်၊ ဟောန္တိ၊ ပန–ကား၊ မဂ္ဂေန–နှင့်၊ အသဟဇာတတ္တာ–ကြောင့်၊ မဂ္ဂဟေတုကာနိ–တို့သည်၊

---

**အညမ္ဘာရမဏကာလေ။** ။မိမိမဂ်မှတစ်ပါး အခြားတရားတို့ကို အာရုံပြုရာ အခါ၌ မဂ္ဂါရမဏဟုလည်းကောင်း, မဂ္ဂါဓိပတိဟုလည်းကောင်း မဆိုရဟု အဋ္ဌကထာ၌ ဆိုသောကြောင့် မဂ်ကို အာရုံပြုသောအခါ အမြဲ မဂ္ဂါဓိပတိရနေသည်ဟု အဓိပ္ပာယ် ထွက်၏၊ “သို့သော် မိမိမဂ်ပင်ဖြစ်သော်လည်း အလေးဂရုမပြုဘဲ အာရုံပြုရာအခါ၌ မဂ္ဂါဓိပတိအဖြစ်ပင် မဆိုထိုက်”ဟု ဋီကာဆိုသည်။

န (ဟောန္တိ၊) မဂ္ဂံ–ကို၊ ဂရုံ–အလေးဂရုကို၊ ကတွာ, အပစ္စတ္တိတော–မဖြစ်ခြင်းကြောင့်၊ မဂ္ဂါဓိပတိနီ–တို့သည်၊ န (ဟောန္တိ။)

ပန–ပရိဟာရ ၊ပေ၊ အံ့၊ ကသ္မာ–ကြောင့်၊ တောနိ–ဤစေတောပရိယညာဏ စသော စတုတ္ထဈာန်တို့သည်၊ မဂ္ဂံ–ကို၊ ဂရုံ–အလေးဂရုကို၊ န ကရောန္တိ–မပြုကုန်သနည်း၊ ဣတိ–ဤကား အမေးတည်း၊ အတ္တနော–မိမိဟူသော စတုတ္ထဈာန်၏၊ မဟဂ္ဂတတာယ–မဟဂ္ဂုတ်တရားတို့၏အဖြစ်ကြောင့်၊ ဝါ–မြတ်သည်၏အဖြစ်သို့ ရောက်ကုန်သည်၏အဖြစ်ကြောင့်၊ (တောနိ–တို့သည်၊ မဂ္ဂံ ဂရုံ န ကရောန္တိ–န်၊ ဣတိ–ဤကား အဖြေတည်း၊) ဟိ–ချဲ့၊ (တစ်နည်း၊) ဟိ–ဥပမာဆောင် ထင်အောင်ပြဦးအံ့၊ ရာဇာနံ–မင်းကို၊ သဗ္ဗော–အလုံးစုံသော၊ လောကော–တိုင်းသူပြည်သား လူအများသည်၊ ဂရုံ–ကို၊ ကရောတိ–ပြု၏၊ ပန–ထိုသို့ပင် လူအပေါင်းက အလေးပြုပါသော်လည်း၊ မာတာပိတရော–မယ်တော် ခမည်းတော်တို့သည်၊ (ဂရုံ–ကို၊) န ကရောန္တိ ယထာ–န်သကဲ့သို့၊ ဟိ–မှန်၊ တေ–ထို မယ်တော် ခမည်းတော်တို့သည်၊ ရာဇာနံ–ကို၊ ဒိသွာ–၍၊ အာသနာ–နေရာမှ၊ န ဝုဋ္ဌဟန္တိ–မထကုန်၊ အဉ္ဇလိကမ္မာဒီနိ–လက်အုပ်ချီမှု အစရှိသည်တို့ကို၊ န ကရောန္တိ၊ ဒဟရကာလေ–ငယ်ရွယ်သူ၏အခါ၌၊ (ငယ်ရွယ်စဉ်အခါ၌၊) ဝေါဟရိတနယေနေဝ–ခေါ်ဝေါ် ပြောဆိုအပ်သော နည်းဖြင့်သာလျှင်၊ ဝေါဟရန္တိ–ခေါ်ဝေါ်ပြောဆိုကြကုန်၏၊ ဧဝံ–ဤ့အတူ၊ တောနိပိ–ဤ စေတောပရိယဉာဏစသော စတုတ္ထဈာန်တို့သည်လည်း၊ အတ္တနော–၏၊ မဟဂ္ဂတတာယ–ကြောင့်၊ မဂ္ဂံ–ကို၊ ဂရုံ–ကို၊ န ကရောန္တိ–ကုန်။

ကြိယာ ၊ပေ၊ ဓာတုပိ–ကြိယာ အဟိတ် မနောဝိညာဏဓာတ် (မနောဒွါရာဝဇ္ဇန်း)သည်လည်း၊ အရိယာနံ–တို့၏၊ မဂ္ဂပစ္စဝေက္ခဏကာလေ–၌၊ ပစ္စဝေက္ခဏပုရေစာရိကတ္တာ–ပစ္စဝေက္ခဏာဉာဏ်၏ ရှေးသွား၏အဖြစ်ကြောင့်၊ မဂ္ဂါရမဏာ–မင်္ဂဟူသော အာရုံရှိသောဓာတ်သည်၊ ဟောတိ၊ ပန–ကား၊ မဂ္ဂေန–နှင့်၊ အသဟဇာတတ္တာ–ကြောင့်၊ မဂ္ဂဟေတုကာ–မင်္ဂနှင့်ယှဉ်သော ဟိတ်ရှိသော ဓာတ်သည်၊ န (ဟောတိ၊) မဂ္ဂံ ဂရုံ ကတွာ, အပစ္စတ္တိတော, မဂ္ဂါဓိပတိ–မင်္ဂဟူသော အဓိပတိရှိသောဓာတ်သည်၊ န (ဟောတိ၊) ကသ္မာ–ကြောင့်၊ ဂရုံ, န ကရောတိ–နည်း၊ ဣတိ–ဤကား အမေးတည်း၊ အတ္တနော–မိမိဟူသော မနောဒွါရာဝဇ္ဇန်း၏၊ အဟေတုကတာယ–ဟိတ် မရှိသည်၏အဖြစ်ကြောင့်၊ ဝါ–အတွက်၊ ဟီနတာယ–ယုတ်သည်၏အဖြစ်ကြောင့်၊ ဇဠတာယ–ညံ့သည်၏အဖြစ်ကြောင့်၊ (ဂရုံ, န ကရောတိ၊ ဣတိ–ဤကား အဖြေတည်း။)

ဟိ–ဥပမာဆောင်, ထင်အောင်ပြဦးအံ့၊ ရာဇာနံ–ကို၊ သဗ္ဗော–သော၊ လောကော–သည်၊ ဂရုံ–ကို၊ ကရောတိ–၏၊ ပန–ထိုသို့ပင် အလုံးစုံသော လောကက အလေးဂရုပြုပါသော်လည်း၊ အတ္တနော–၏၊ ပရိဇနာ–အခြွေအရံ လူဖြစ်ကုန်သော၊ ခုဇ္ဇဝါမနကစေဋကာဒယော–ကုန်း, ငကွ, အစေခံ

အစရှိသည်တို့သည်၊ အတ္တနော–၏၊ အညာဏတာယ–ဉာဏ်မရှိသည၏အဖြစ်ကြောင့်၊ ပဏ္ဍိတမနုဿာ ဝိယ–ပညာရှိလူတို့ကဲ့သို့၊ အတိဂရုံ–အလွန် အလေးအမြတ်ကို၊ န ကရောန္တိ ယထာ–န်သကဲ့သို့၊ ဝေမေဝ–တူပင်၊ ဣဒံစိတ္တံ–ဤမနောဒွါရာဝဇ္ဇန်းစိတ်သည်လည်း၊ အတ္တနော အဟေတုကတာယ ၊ပေ၊ မဂ္ဂံ ဂရုံ န ကရောတိ။

ဉာဏဝိပ္ပယုတ္တကုသလာဒီနိ–ဉာဏဝိပ္ပယုတ်ကုသိုလ် အစရှိသောစိတ်တို့သည်၊ ဉာဏာဘာဝေနစေဝ–ဉာဏ်၏မရှိခြင်းကြောင့်လည်းကောင်း၊ လောကိယဓမ္မာရမဏာတာယစ–လောကီတရားလျှင် အာရုံရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ မဂ္ဂါရမဏာဒိဘာဝံ–မဂ္ဂါရမဏာ အစရှိသည်တို့၏အဖြစ်ကို၊ န လဘန္တိ၊ န ဝတ္တဗ္ဗာနေဝ–မဂ္ဂါရမဏာ, မဂ္ဂဟေတုက, မဂ္ဂါဓိပတိဟု မဆိုထိုက်ကုန်သည်သာ၊ ဟောန္တိ၊ ဣတိ, ဝေဒိတဗ္ဗာနိ၊ ဣတိ–မဂ္ဂါရမဏတိက်ဖွင့်အပြီးတည်း။

၁၄၃၂။ ။အတီတာရမဏတ္တိကေ–၌၊ ဝိညာဏ ၊ပေ၊ ဓမ္မာ–ဝိညာဏဉ္စာယတနတရား, နေဝသညာနာသညာယတနတရားတို့သည်၊ ဟေဋ္ဌာ–အောက်၌၊ အတီတသမာပတ္တိံ–လွန်လေပြီးသော သမာပတ်ကို၊ (အာကာသာနဉ္စာယတနစိတ်, အာကိဉ္စညာယတနစိတ်ကို၊) အာရဗ္ဘ–၍၊ ပဝတ္တိတော–ဖြစ်ခြင်းကြောင့်၊ ကေဝလံ န–ကေန်အားဖြင့်၊ အတီတာရမဏာဝ–အတိတ်အာရုံရှိသော တရားတို့သည်သာ၊ (ဟောန္တိ။)

၁၄၃၃။ ။နိယောဂါ အနာဂတာရမဏာ နတ္ထီတိ–ကား၊ နိယမေန–မြဲသောအားဖြင့်၊ ပါဠိယေက္ကံ–အသီးအခြားတစ်မျိုးသော၊ အနာဂတာရမဏာ

---

**ဉာဏဝိပ္ပယုတ္တ ကုသလာဒီနိ။** ။အာဒိဖြင့် ပါဠိတော်၌လာသော သဗ္ဗာကုသလ, သဗ္ဗကာမာဝစရဝိပါကစသော တရားတို့ကို ယူ၊ ဉာဏာဘာဝေနစေဝ စသည်တို့ကား ထိုတရားတို့အတွက် ရသင့်သည်အားလျော်စွာ အကြောင်းပြစကားတို့တည်း၊ ထိုတရားအားလုံးကိုပင် "မဂ္ဂါရမဏ, မဂ္ဂဟေတုက, မဂ္ဂါဓိပတိ"ဟု မဆိုထိုက်သောကြောင့် "ဣမေဓမ္မာ န ဝတ္တဗ္ဗာ မဂ္ဂါမဏာတိပိ မဂ္ဂဟေတုကာတိပိ မဂ္ဂါဓိပတိနောတိပိ"ဟု ပါဠိတော်၌ ဟောတော်မူသည်၊ ဤပါဠိတော်၌ "န ဝတ္တဗ္ဗာ" ဟု ရှိသောကြောင့် "န ဝတ္တဗ္ဗာရမဏ (ပညတ်)တရားကို အာရုံပြုသည်"ဟု မမှတ်ရ၊ ထိုစိတ်တို့က ပရမတ်ကိုလည်း အာရုံပြုကြ၏၊ ထို့ကြောင့် "န ဝတ္တဗ္ဗာရမဏာနေဝ ဟောန္တိ"စာအုပ်တို့၌ အာရမဏပါနေသည်ကား ပါ၌ပျက်၊ "န ဝတ္တဗ္ဗာနေဝ ဟောန္တိ"ဟုသာ ရှိရမည်။

**နိယောဂါ။** ။သွာဝိဘတ်၏ဟိတ်အနက်၌ သက်ကြောင်းကို ပြလို၍ "နိယမေန"ဟု ဖွင့်သည်၊ တစ်နည်း:–နိယောဂေါ+ယေသံ+အတ္ထိတိ နိယောဂါ=အနာဂတ်အာရုံ၌ အမြဲယှဉ်ခြင်းရှိသော တရားများ၊ ဤနောက်နည်းကား အဋ္ဌကထာနည်းမှ တစ်မျိုးအားဖြင့် ဋီကာဖွင့်သော နည်းတည်း၊ [နိယောဂါတိ နိယောဂတော၊ နိယောဂဝန္တော ဝါ နိယောဂါ၊ နိယတာတိ အတ္ထော၊–ဋီကာ။]

နာမ–အနာဂတ်အာရုံ ရှိသည်သာမည်သော၊ စိတ္တံ–သည်၊ နတ္ထိ–မရှိ၊ နနုစ– စောဒနာ ပါဦးအံ့၊ (ကိံ၊) အနာဂတမသညာဏံ–သည်၊ ကေန္ဒေ န–အားဖြင့်၊ အနာဂတာ ရမဏံ–အနာဂတ်ဟူသော အာရုံရှိသည်၊ (ဟောတိ)နနု–ဖြစ်သည် မဟုတ်လော၊ စေတောပရိယညာဏမ္ပိ–သည်လည်း၊ အနာဂတံ–အနာဂတ်စိတ် ကို၊ အာရဗ္ဘ, ပဝတ္တတိနနု–ဖြစ်သည် မဟုတ်လော၊ ဣတိ–ဤကား စောဒနာ တည်း၊ နော န ပဝတ္တတိ–မဖြစ်မဟုတ် ဖြစ်သည်သာ၊ ပန–ထိုသို့ပင် ဖြစ်ပါ သော်လည်း၊ ပါဠိ ယေဟ္ကံ–အသီးအခြားတစ်မျိုးသော၊ တံ–ဤအနာဂတံသ ညာဏ်, စေတောပရိယဉာဏ်ဟူသော၊ ကေ စိတ္တံနာမ–စိတ်တစ်ခုမည်သည်၊ နတ္ထိ–မရှိ၊ ရူပါဝစရ စတုတ္ထဈာနေန–ရူပါဝစရစတုတ္ထဈာန်ဖြင့်၊ သင်္ဂဟိတတ္တာ– သိမ်းယူအပ်သည်၏အဖြစ်ကြောင့်၊ အညေဟိ–အခြားကုန်သော၊ မဟဂ္ဂတ စိတ္တေဟိ–မဟဂ္ဂုတ်စိတ်တို့နှင့်၊ မိဿကံ–ရောနှောသည်၊ ဟောတိ၊ [အနာဂတံသ ဉာဏ်, စေတောပရိယဉာဏ်ဟူသည် အဘိညာဉ်ကိစ္စတပ်သော ရူပါဝစရစတုတ္ထ ဈာန်ဖြစ်၍ အခြားသော မဟဂ္ဂုတ်စတုတ္ထဈာန်စိတ်များနှင့် ရောသွားသည်– ဟူလို၊] တေန–ကြောင့်၊ နိယောဂါ အနာဂတာရမဏာ နတ္ထီတိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ–ပြီ။

**၁၄၃၄။** ။[ပါဠိတော်ဝယ် ကတမေ ဓမ္မာ ပစ္စုပ္ပန္နာရမဏာအရကို ပြလို၍ "ဒွိပဉ္စဝိညာဏာနိ"စသည်ကို မိန့်သည်၊] ဒွိပဉ္စဝိညာဏာနိ–ဒွေပဉ္စ ဝိညာဉ်တို့သည်၊ တိဿော–န်သော၊ မနောဓာတုယောစ–တို့သည်လည်းကောင်း၊ ပစ္စုပ္ပန္နေသု–န်သော၊ ရူပါဒီသု–ရူပါရုံအစရှိသော တရားတို့၌၊ ပဝတ္တိတော– ကြောင့်၊ ပစ္စုပ္ပန္နာရမဏာနာမ–ပစ္စုပ္ပန်အာရုံရှိသော တရားတို့မည်၏၊ ဒသစိတ္တု ပါဒါတိ တွေ–၌၊ တာဝ–အဟိတ်ပဋိသန္ဓေစိတ်နှစ်ပါးမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာ– န်သော၊) အဋ္ဌ–န်သော၊ သဟေတုကာ–သဟိတ်ဝိပါက်စိတ်တို့သည်၊ (မဟာ ဝိပါက်စိတ်တို့သည်၊) ဒေဝမနုဿာနံ–နတ် လူတို့၏၊ ပဋိသန္ဓိဂ္ဂဟဏကာလေ– ပဋိသန္ဓေယူရာအခါ၌၊ ကမ္မံဝါ–ကံကိုသော်လည်းကောင်း၊ ကမ္မနိမိတ္တံဝါ–ကမ္မ နိမိတ်ကိုသော်လည်းကောင်း၊ အာရဗ္ဘ, ပဝတ္တိယံ–ဖြစ်ရာအခါ၌၊ အတီတာ ရမဏာ (ဟောန္တိ၊) ဘဝင် စုတိကာလေသုပိ–ဘဝင်ဖြစ်ရာအခါ, စုတိဖြစ်ရာ အခါတို့၌လည်း၊ သောဝနယော၊ (အတိတ်ကိုပင် အာရုံပြုသည်–ဟူလို။)

---

**ကမ္မနိမိတ္တံဝါ ၊ပေ၊ အတီတာရမဏံ။** ။ကံအာရုံအတွက် အတိတ်ဖြစ်ကြောင်း မှာ အထူးစိစစ်ဖွယ်မလို၊ ကမ္မနိမိတ်အတွက်ကား "ကာမာဝစရ ပဋိသန္ဓိယာ ဆ ဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဉ္စ ပစ္စုပ္ပန္နမတီတာရမဏံ ဥပလဗ္ဘတိ"ဟု အဘိ ဓမ္မတ္ထသင်္ဂဟ၌ ဆိုထား၏၊ ထိုအဆိုအတိုင်းပင် မူလဋီကာဆရာလည်း ပဋိစ္စသမုပ္ပာဒ ဝိဘင်း အဋ္ဌကထာ၌ အဋ္ဌကထာဆရာကိုယ်တိုင် ဖွင့်လတ့်ကို ထောက်၍ ကမ္မနိမိတ် အတွက် ပစ္စုပ္ပန်အာရုံရှိနိုင်ကြောင်းကို ဖွင့်ပြထားသည်၊ [ကမ္မနိမိတ္တံ ပန အာရဗ္ဘ ၊ပေ၊ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ၊–ဋီကာ။]

ပန–ကား၊ ဂတိနိမိတ္တံ–ဂတိနိမိတ်ကို၊ အာရဗ္ဘ, ပဋိသန္ဓိဂ္ဂဟဏကာလေ–၌လည်းကောင်း၊ တတော–ထိုပဋိသန္ဓေအခါမှ၊ ပရံ–နောက်၌၊ ဘဝင်္ဂကာလေစ–ဘဝင်ဖြစ်ရာအခါ၌လည်းကောင်း၊ ပစ္စုပ္ပန္နာရမဏာ (ဟောန္တိ၊) တထာ–ထိုမှတစ်ပါး၊ (ပဋိသန္ဓေအခါမှတစ်ပါး ပဝတ္တိအခါ၌ကား၊) ပဉ္စဒွါရေ–၌၊ တဒါရမဏဝသေန–တဒါရုံ၏အဖြစ်ဖြင့်၊ ပဝတ္တိယံ–၌၊ (ပစ္စုပ္ပန္နာရမဏာ ဟောန္တိ၊) မနောဒွါရေပန–၌ကား၊ အတီတာ ၊ပေ၊ ရမဏာနံ–အတိတ် အနာဂတ် ပစ္စုပ္ပန်အာရုံရှိကုန်သော၊ ဇဝနာနံ–တို့၏၊ အာရမဏာ–ကို၊ ဂဟေတွာ, ပဝတ္တိတော–ဖြစ်ခြင်းကြောင့်၊ အတီတာ ၊ပေ၊ ရမဏာ–အတိတ် အနာဂတ် ပစ္စုပ္ပန်အာရုံရှိကုန်သည်၊ (ဟောန္တိ။)

ကုသလ ၊ပေ၊ ဓာတုယံပိ–ကုသလဝိပါက် အဟိတ်ဥပေက္ခာသဟဂုတ် မနောဝိညာဏဓာတ်၌လည်း၊ (ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်၌လည်း၊) ဧသေဝနယော၊ ဟိ–အထူးကား၊ ကေဝလံ–သက်သက်၊ (အခြားသူတို့၏ပဋိသန္ဓေမဖက် သက်သက်၊) သာ–ထိုကုသလဝိပါက်အဟိတ် ဥပေက္ခာသဟဂုတ် မနောဝိညာဏဓာတ်သည်၊ မနုဿေသု–လူတို့၌၊ ဇစ္စန္ဓာဒီနံ–ဇစ္စန္ဓအစရှိသည်တို့၏၊ ပဋိသန္ဓိ–ပဋိသန္ဓေသည်၊ ဟောတိ၊ [သင်္ဂြိုဟ်၌ကား "ဘုမ္မဿိတ ဝိနိပါတိကာအသုရာတို့၏ ပဋိသန္ဓေလည်းဖြစ်၏"ဟု ဆိုသည်၊] ပဉ္စဒွါရေပိ–၌လည်း၊ (ပိဖြင့် မနောဒွါရကိုပင် ပေါင်း၊) သန္တီရဏဝသေနာပိ–ဖြင့်လည်း၊ (ပိဖြင့် ပဋိသန္ဓေကိစ္စ, တဒါရုံစသောကိစ္စကို ပေါင်း၊) ပစ္စုပ္ပန္နာရမဏာ–သည်၊ ဟောတိ၊ ဣတိအယံ–ကား၊ ဧတ္ထ–ကုသလဝိပါက်အဟိတ် ဥပေက္ခာသဟဂုတ် မနောဝိညာဏဓာတ်၌၊ ဝိသေသော–အထူးတည်း။

ပန–ကား၊ သောမနဿသဟဂတာ–သောမနဿသဟဂုတ် ကုသလဝိပါက် အဟိတ် မနောဝိညာဏဓာတ်သည်၊ ပဉ္စဒွါရေ–၌၊ သန္တီရဏဝသေန–ဖြင့်လည်းကောင်း၊ တဒါရမဏဝသေနစ–ဖြင့်လည်းကောင်း၊ (ပဝတ္တိယံ–၌၊) ပစ္စုပ္ပန္နာရမဏာ–သည်၊ ဟောတိ၊ မနောဒွာရေ–၌၊ တဒါရမဏဝသေန–ဖြင့်၊ (ပဝတ္တိယံ–၌၊) သဟေတုကဝိပါကာဝိယ–သဟိတ်ဝိပါက်တို့ကဲ့သို့၊ အတီတာ ၊ပေ၊ ရမဏာ–အတိတ် အနာဂတ် ပစ္စုပ္ပန်အာရုံရှိသည်၊ (ဟောတိ၊) ဣတိ–သို့၊ ဝေဒိတဗ္ဗာ။

ပန–ကား၊ အကုသလ ၊ပေ၊ ဓာတု–အကုသလဝိပါက်အဟိတ် မနောဝိညာဏဓာတ်သည်၊ ကုသလဝိပါကာယ–ကုသလဝိပါက်ဖြစ်သော၊ ဥပေက္ခာသဟဂတာ ဟေတုကာယ–ဥပေက္ခာသဟဂုတ် အဟိတ် မနောဝိညာဓာတ်နှင့်၊

---

**တတော ပရံ ၊ပေ၊ ပစ္စုပ္ပန္နာရမဏာ။** ။ဤစကားသည် ဂတိနိမိတ်ကိုအာရုံပြု၍ မရဏာသန္နဝီထိအတွက် ဆိုသောစကားတည်း၊ ထိုစကားအရ ဘဝင်မည်မျှတိုင်အောင် ပစ္စုပ္ပန္နန် ဂတိနိမိတ်ကို အာရုံပြုနိုင်ကြောင်းကို ဋီကာ၌ပြထားသည်၊ မရဏာသန္နဝီထိ ဆိုရိုးများကိုလည်း ကြည့်ပါ။

သမာနဂတိတာဝေ–တူသော ဖြစ်ခြင်းရှိသည်သာ၊ ဟိ–အထူးကား၊ ကေဝလံ–သက်သက်၊ (သုဂတိပဋိသန္ဓေဖက် သက်သက်၊) သာ–ထိုအကုသလဝိပါက်အဟိတ် မနောဝိညာဏဓာတ်သည်၊ အာပါယိကာနံ–အပါယ်ဘုံ၌ဖြစ်သော သတ္တဝါတို့၏၊ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန–ဖြင့်၊ ပဝတ္တတိ၊ ဣတိ အယံ–ကား၊ ဧတ္ထ–ဤအကုသလအဟိတ် မနောဝိညာဏဓာတ်၌၊ ဝိသေသော။

သောမနဿသဟဂတာ–သော၊ ကြိယာဟေတုက မနောဝိညာဏဓာတု–ကြိယာအဟိတ် မနောဝိညာဏဓာတ်သည်၊ (ဟသိတုပ္ပါဒ်ကို ဆိုသည်၊) ခီဏာသဝါနံ–တို့၏၊ ပဋ္ဌဒွါရေ–၌၊ ပဟဋ္ဌာကာရံ–ပြုံးရယ်ခြင်းဟူသော အခြင်းအရာကို၊ ကုရုမာနာ–ပြုလျက်၊ ပစ္စုပ္ပန္နာရမဏာ ဟောတိ၊ မနောဒွါရေ–၌၊ အတီတာဒိဘေဒေ–အတိတ်အစရှိသော အပြားရှိကုန်သော၊ ဓမ္မေ–တို့ကို၊ အာရဗ္ဘ, ဟသိတုပ္ပာဒဝသေန–ဟသိတုပ္ပာဒ်၏အဖြစ်ဖြင့်၊ ပဝတ္တိယံ–၌၊ အတီတာ ၊ပေ၊ ရမဏာ–အတိတ် အနာဂတ် ပစ္စုပ္ပန်အာရုံရှိသည်၊ ဟောတိ။

ကာမာဝစရကုသလန္တိ အာဒီသု–အစရှိသော ပါဠိရပ်တို့၌၊ တာဝ–အကုသိုလ်စသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာ–န်သော၊) ကုသလတော–မှ၊ စတ္တာရော–န်သော၊ ဉာဏသမ္ပယုတ္တစိတ္တုပ္ပာဒါ–တို့သည်၊ သေက္ခပုထုဇ္ဇနာနံ–သေက္ခပုဂ္ဂိုလ်, ပုထုဇဉ်ပုဂ္ဂိုလ်တို့၏၊ ဝါ–တို့သည်၊ အတီတာဒိဘေဒါနိ–အတိတ်အစရှိသော အပြားရှိကုန်သော၊ ခန္ဓတုဓာ အာယတနာနိ–တို့ကို၊ သမ္မသန္တာနံ–အနိစ္စစသော အားဖြင့် သုံးသပ်ကုန်စဉ်သော်လည်းကောင်း၊ ပစ္စဝေက္ခန္တာနံ–ဆင်ခြင်ကုန်စဉ်သော်လည်းကောင်း၊ အတီတာ ၊ပေ၊ ရမဏာ–အတိတ် အနာဂတ် ပစ္စုပ္ပန်အာရုံရှိကုန်သည်၊ ဟောန္တိ၊ ပဏ္ဏတ္တိနိဗ္ဗာန ပစ္စဝေက္ခဏေ–ပညတ်နိဗ္ဗာန်တို့ကို ဆင်ခြင်ရာအခါ၌၊ န ဝတ္တဗ္ဗာရမဏာ–အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သောပညတ်, နိဗ္ဗာန်ဟူသောအာရုံရှိကုန်သည်၊ (ဟောန္တိ၊) ဉာဏဝိပ္ပယုတ္တေပိ–တို့၌လည်း၊ ဧသေဝနယော၊ ဟိ–မှန်၊ (တစ်နည်း) ဟိ–အထူးကား၊ ကေဝလံ–ခန္ဓာဓာတ် အာယတနပညတ်တို့ကို ဆင်ခြင်ခြင်းမဖက် သက်သက်၊ တေဟိ–ထို ဉာဏဝိပ္ပယုတ်စိတ္တုပ္ပာဒ်တို့ဖြင့်၊ မဂ္ဂဖလနိဗ္ဗာန ပစ္စဝေက္ခဏာ–မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ဆင်ခြင်ခြင်းသည်၊ နတ္ထိ၊ အယမေဝ–ဤ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို မဆင်ခြင်နိုင်ခြင်းသည်သာ၊ ဧတ္ထ–ဤ ဉာဏဝိပ္ပယုတ်စိတ္တုပ္ပာဒ်တို့၌၊ ဝိသေသော–တည်း။

အကုသလတော–မှ၊ စတ္တာရော–န်သော၊ ဒိဋ္ဌိသမ္ပယုတ္တစိတ္တုပ္ပာဒါ–တို့သည်၊ အတီတာဒိဘေဒါနံ–အတိတ်အစရှိသော အပြားရှိကုန်သော၊ ခန္ဓဓာတုအာယတနာနံ–တို့ကို၊ အဿာဒနာ ၊ပေ၊ ကာလေ–လွန်စွာ သာယာရာအခါ, လွန်စွာနှစ်သက်ရာအခါ, မှားသောအားဖြင့် သုံးသပ်ရာအခါ၌၊ အတီတာဒိအာရမဏာ–အတိတ်အစရှိသော အာရုံရှိကုန်သည်၊ ဟောန္တိ၊ ပဏ္ဏတ္တိံ–ပညတ်ကို၊ အာရဗ္ဘ, အဿာဒေန္တဿ–လွန်စွာ သာယာသောပုဂ္ဂိုလ်၏ (သန္တာန်၌)လည်းကောင်း၊

အဘိနန္ဒန္တဿ-အလွန် နှစ်သက်သောပုဂ္ဂိုလ်၏ (သန္တာန်၌)လည်းကောင်း၊ သတ္တောသတ္တောတိ-သတ္တောသတ္တောဟူ၍၊ ပရာမသိတွာ-မှားသောအားဖြင့် သုံးသပ်၍၊ ဂဏှန္တဿ-ယူသောပုဂ္ဂိုလ်၏ (သန္တာန်၌)လည်းကောင်း၊ နဝတ္တဗ္ဗာရမဏာ-အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပညတ်အာရုံရှိကုန်သည်၊ ဟောန္တိ၊ ဒိဋ္ဌိ ဝိပ္ပယုတ္တေသုပိ-တို့၌လည်း၊ ဧသေဝနယော၊ ဟိ-မှန်၊ (တစ်နည်း) ဟိ-အထူးကား၊ ကေဝလံ-အဿာဒန အဘိနန္ဒနမဖက် သက်သက်၊ တေဟိ-ထိုဒိဋ္ဌိဝိပ္ပယုတ် စိတ္တုပ္ပာဒ်တို့ဖြင့်၊ ပရာမာသဂ္ဂဟဏံ-မှားသောအားဖြင့် သုံးသပ်ခြင်းဟူသော ယူခြင်းသည်၊ နတ္ထိ။

ဒွေ-န်သော၊ ပဋိဃသမ္ပယုတ္တစိတ္တုပ္ပာဒါ-တို့သည်၊ အတီတာဒိဘေဒေ-န်သော၊ ဓမ္မေ-တို့ကို၊ အာရဗ္ဘ, ဒေါမနဿိတာနံ-လွန်စွာဖြစ်သော ဒေါမနဿရှိသော ပုဂ္ဂိုလ်၏(သန္တာန်၌၊) အတီတာဒိအာရမဏာ-အတိတ်အစရှိသော အာရုံရှိကုန်သည်၊ ဟောန္တိ၊ [ဒေါမနဿံ+သဉ္ဇာတံ ယေသံတိ ဒေါမနဿိတာ၊ သဉ္ဇာတ အဿတ္ထိအနက်၌ ဣတပစ္စည်း သက်၊] ပဏ္ဏတ္တိံ-ကို၊ အာရဗ္ဘ, ဒေါမနဿိတာနံ-တို့၏(သန္တာန်၌၊) နဝတ္တဗ္ဗာရမဏာ-အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပညတ်အာရုံရှိကုန်သည်၊ (ဟောန္တိ) ဝိစိကိစ္ဆုဒ္ဓစ္စ သမ္ပယုတ္တာ-ဝိစိကိစ္ဆာသမ္ပယုတ်, ဥဒ္ဓစ္စသမ္ပယုတ်စိတ္တုပ္ပာဒ်တို့သည်၊ တေသု ဧဝ ဓမ္မေသု-ထို အတီတာဒိဘေဒ တရားတို့၌ပင်၊ အနိဋ္ဌာနာဂတဘာဝေန စေဝ (အနိဋ္ဌင်္ဂတဘာဝေန စေဝ)-ဆုံးဖြတ်ခြင်းသို့ မရောက်သည်၏အဖြစ်ဖြင့် လည်းကောင်း၊ ဥဒ္ဓတဘာဝေနစ-ပြန့်လွင့်သည်၏အဖြစ်ဖြင့်လည်းကောင်း၊ ပဝတ္တိယံ-ဖြစ်ရာအခါ၌၊ အတီတာ ။ပေ။ ရမဏာ-အတိတ် အနာဂတ် ပစ္စုပ္ပန် အာရုံ, အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပညတ်အာရုံရှိကုန်သည်၊ ဟောန္တိ ။

ကြိယတော-မှ၊ အဋ္ဌ-န်သော၊ သဟေတုကစိတ္တုပ္ပာဒါ-တို့သည်၊ [မဟာကြိယာစိတ်ကို ဆိုသည်၊] ကုသလစိတ္တုပ္ပာဒဂတိကာ ဧဝ-ကုသိုလ်စိတ္တုပ္ပာဒ်တို့၏ဖြစ်ခြင်းနှင့်တူသော ဖြစ်ခြင်းရှိကုန်သည်သာ၊ (ဟောန္တိ၊) ကြိယာဟေတုကမနောဝိညာဏဓာတု-ကြိယာအဟိတ် မနောဝိညာဏဓာတ်ဟူသော၊ ဥပေက္ခာသဟဂတာ-ဥပေက္ခာသဟဂုတ်စိတ်သည်၊ (ပဉ္စဒွါရာဝဇ္ဇန်းကို ဆိုသည်၊) ပဉ္စဒွါရေ-၌၊ ဝေါဋ္ဌပနဝသေန-ဖြင့်၊ ပဝတ္တိယံ-၌၊ ပစ္စုပ္ပန္နာရမဏာဝ-သည်သာ၊ (ဟောတိ၊) မနောဒွါရေ-၌၊ အတီတာ ။ပေ။ ရမဏာနဉ္စေဝ-အတိတ် အနာဂတ် ပစ္စုပ္ပန်အာရုံ ရှိသည်လည်းဖြစ်ကုန်သော၊ ပဏ္ဏတ္တိနိဗ္ဗာနာရမဏာနဉ္စ-ပညတ်အာရုံ, နိဗ္ဗာန်အာရုံ ရှိသည်လည်းဖြစ်ကုန်သော၊ ဓမ္မာနံ-တို့၏၊ ပုရေစာရိကကာလေ-ရှေ့သွားဖြစ်ရာအခါ၌၊ အတီတာ ။ပေ။ ရမဏာ-အတိတ် အနာဂတ် ပစ္စုပ္ပန်အာရုံ, အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သောပညတ် နိဗ္ဗာန်အာရုံ ရှိကုန်သည် (ဟောန္တိ ။)

ယထာဝုတ္တပ္ပဘေဒေ–အကြင်အကြင် ဆိုအပ်ပြီးသော အပြားရှိသော၊ [စတုတ္ထဈာန်၏ တစ်ဆယ့်နှစ်ပါးအပြားကို ရည်ရွယ်သည်၊] ရူပါဝစရဈာနေ–ရူပါဝစရဈာန်၌၊ ဝါ–တွင်၊ သဗ္ဗတ္ထပါဒက စတုတ္ထံ–သဗ္ဗတ္ထပါဒက စတုတ္ထဈာန်လည်းကောင်း ၊ပေ၊ အာနာပါနစတုတ္ထံ–လည်းကောင်း၊ ဣတိ–သို့၊ ဣမာနိ ပဉ္စ–ဤ ငါးပါးသောဈာန်တို့သည်၊ နဝတ္တဗ္ဗာရမဏာနေဝ–အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပညတ်အာရုံရှိကုန်သည်သာ၊ (ဟောန္တိ၊) ဣဒ္ဓိဝိဓစတုတ္ထံ–သည်၊ ကာယဝသေန–ဖြင့်၊ စိတ္တံ–ကို၊ ပရိဏာမေန္တ သသ–ညွှတ်စေသောပုဂ္ဂိုလ်၏၊ အတီတပါဒကဈာနစိတ္တံ–အတိတ်ဖြစ်သော ပါဒကဈာန်စိတ်ကို၊ အာရဗ္ဘ, ပဝတ္တနတော–ကြောင့်၊ အတီတာရမဏံ (ဟောတိ။)

မဟာဓာတုနိဓာနေ–များစွာသော ဓာတ်တော်တို့ကို ဌာပနာရာအခါ၌၊ (များစွာသော ဓာတ်တော်တို့ကို သိုးမှီးသိမ်းဆည်းထားရာအခါ၌၊) မဟာကဿပတ္ထေရာဒီနံဝိယ–မဟာပဿပထေရ် အစရှိသောပုဂ္ဂိုလ်တို့၏ ကဲ့သို့၊ ဝါ–တို့သည် ကဲ့သို့၊ အနာဂတံ–အနာဂတ်အကြောင်းအရာကို၊ အဓိဋ္ဌဟန္တာနံ–အဓိဋ္ဌာန်ကုန်စဉ်၊ အနာဂတာရမဏံ ဟောတိ၊ ဟိ–ချဲ့၊ မဟာကဿပတ္ထေရော–သည်၊ မဟာဓာတုနိဓာနံ–များစွာသော ဓာတ်တော်တို့ကို ဌာပနာခြင်းကို၊ ကရောန္တော–သော်၊ အနာဂတေ–နောင်အခါ၌၊ အဋ္ဌာရသဝဿာဓိကာနိ–တစ်ဆယ့်ရှစ်နှစ် အလွန်ရှိကုန်သော၊ ဒွေဝဿသတာနိ–အနှစ်နှစ်ရာတို့ပတ်လုံး၊ (ဣမေ ဂန္ဓာ)–ဤနံ့သာတို့သည်၊ မာ သုဿိံသု–မခြောက်သွေ့ပါစေကုန်လင့်၊ (ဣမာနိ) ပုပ္ဖာနိ–တို့သည်၊ မာ မိလာယိံသု–မညှိုးနွမ်းပါစေကုန်လင့်၊ (ဣမေ) ဒီပါ–ဤဆီမီးတို့သည်၊ မာ နိဗ္ဗာယိံသု–မငြိမ်းပါစေကုန်လင့်၊ ဣတိ–သို့၊ အဓိဋ္ဌတိ ကိရ–အဓိဋ္ဌာန်တော်မူသတတ်၊ သဗ္ဗံ–အလုံးစုံသော အရာသည်၊ တထေဝ–ထို အဓိဋ္ဌာန်အပ်သည့်အတိုင်းသာ၊ အဟောသိ–ဖြစ်ပြီ။

အဿဂုတ္တတ္ထေရာ–အဿဂုတ္တထေရ်သည်၊ ဝတ္တနိယသေနာသနေ–ဝတ္တနိယတောကျောင်း၌၊ ဘိက္ခုသံဃံ–ရဟန်းသံဃာကို၊ သုက္ခဘတ္တံ–ခြောက်သောဆွမ်းကို၊ (ဟင်းမပါသဖြင့် စိုစိုဖတ်ဖတ်မရှိသော ဆွမ်းကို၊ (ဘုဉ္ဇမာနံ–ဘုဉ်းပေးနေသည်ကို၊ ဒိသွာ–မြင်၍၊ ဥဒကသောဏ္ဍိ–ရေအိုင်သည်၊ ဒိဝသေဒိဝသေ–နေ့တိုင်းနေ့တိုင်း၊ ပုရေဘတ္တံ–နံနက်အခါ၌၊ ဒဓိရသာ–နို့ဓမ်းအရသာရှိသည်၊ ဟောတု–ဖြစ်စေသတည်း၊ ဣတိ–သို့၊ အဓိဋ္ဌာဟိ–ပြီ၊ ပုရေဘတ္တံ–၌၊ ဂဟိတံ–

---

**မဟာဓာတုနိဓာနံ။** ။နိဒဟိယတေ–သိုမှီး သိမ်းဆည်းခြင်း၊ နိဓာနံ–ခြင်း၊ မဟာဓာတူနံ–များစွာသော ဓာတော်တို့ကို၊ ဝါ–မြတ်သော အရိုးတော်ဓာတ်တို့ကို+နိဓာနံ–ခြင်း၊ မဟာဓာတုနိဓာနံ–များစွာကုန် (မြတ်ကုန်သော) အရိုးဓာတော်တို့ကို သိုးမှီး သိမ်းဆည်းထားခြင်း၊ ထိုသို့ မပျောက်မပျက်အောင် မြှုပ်နှံသိမ်းထားခြင်းကိုပင် "ဌာပနာခြင်း"ဟု ခေါ်ကြသည်။

ယူအပ်သောရေသည်၊ ဒဓိရသံ–နို့ဓမ်းအရသာရှိသည်၊ ဟောတိ၊ ပဏ္ဍာဘတ္တေ–မွှန်းလွဲအခါ၌၊ ပါကတိကမေဝ–ပင်ကိုယ် သဘောရှိသည်သာ၊ ဟောတိ၊ ပန–ကား၊ ကာယံ–ကိုယ်ကို၊ စိတ္တသန္နိသိတံ–စိတ်၌မှီသည်ကို၊ ကတွာ, အဒိဿမာနေန–မတွေ့မြင်အပ်သော၊ ဝါ–မထင်ရှားသော၊ ယာယေန–ဖြင့်၊ ဂမနကာလေ–သွားရာအခါ၌လည်းကောင်း၊ အညဿ–အခြားသော၊ ပါဠိ ဟာရိယဿ–တန်ခိုးပြာဋိဟာကို၊ ကရဏကာလေဝါ–ပြုရာခါ၌လည်းကောင်း၊ ကာယံ–ကို၊ အာရဗ္ဘ, ပဝတ္တတ္တာ–ကြောင့်၊ ပစ္စုပ္ပန္နာရမဏံ ဟောတိ။

ဒိဗ္ဗသောတ စတုတ္ထံ–သည်၊ ဝိဇ္ဇမာနသဒ္ဒမေဝ–ထင်ရှားရှိသောသဒ္ဒါရုံကိုသာ၊ အာရဗ္ဘ, ပဝတ္တိတော–ကြောင့်၊ ပစ္စုပ္ပန္နာရမဏံ ဟောတိ၊ စေတောပရိယ ဉာဏ စတုတ္ထံ–သည်၊ အတီတေ–အတိတ်၌၊ သတ္တဒိဝသဗ္ဘန္တရေ–ခုနစ်ရက်အတွင်း၌လည်းကောင်း၊ အနာဂတေ–အနာဂတ်၌၊ သတ္တဒိဝသဗ္ဘန္တရေ–၌လည်းကောင်း၊ ပရေသံ–သူတစ်ပါးတို့၏၊ စိတ္တံ–ကို၊ ဇာနန္တဿ–သိသောပုဂ္ဂိုလ်၏(သန္တာန်၌၊) အတီတာရမဏံ–အတိတ်အာရုံရှိသည်လည်းကောင်း၊ အနာဂတာရမဏဥ္စ–အနာဂတ်အာရုံရှိသည်လည်းကောင်း၊ ဟောတိ၊ ပန–ဗျတိရိတ်ကား၊ သတ္တဒိဝသာတိက္ကမေ–ခုနစ်ရက်ကို လွန်ရာအခါ၌၊ တံ–ထိုအတိတ် အနာဂတ်အာရုံကို၊ ဇာနိတုံ–သိခြင်းငှာ၊ န သက္ကောတိ၊ ဟိ–မှန်၊ သေ–ဤခုနစ်ရက်လွန်သော အာရုံသည်၊ အတီတာနာဂတံသဉာဏာနံ–အတီတံသဉာဏ်, အနာဂတံသဉာဏ် တို့၏၊ ဝိသယော–တည်း၊ ဧတဿ–ဤစေတောပရိယဉာဏ်၏၊ (ဝိသယော–အရာသည်၊) န–မဟုတ်။

ပန–ကား၊ ဧတဿ–ဤ စေတောပရိယဉာဏ်၏၊ ပစ္စုပ္ပန္နဇာနနကာလေ–ပစ္စုပ္ပန်စိတ်ကို သိရာအခါ၌၊ ပစ္စုပ္ပန္နာရမဏံ ဟောတိ၊ ပန–ဆက်၊ ’တံ ပစ္စုပ္ပန္နံ နာမ–ဤပစ္စုပ္ပန် အာရုံမည်သည်၊ ခဏပစ္စုပ္ပန္နံ–ခဏပစ္စုပ္ပန်လည်းကောင်း၊ သန္တတိပစ္စုပ္ပန္နံ–လည်းကောင်း၊ အဒ္ဓါပစ္စုပ္ပန္နံ–လည်းကောင်း၊ (ဣတိ–သို့၊)၊

---

**ခဏပစ္စုပ္ပန်။** ။ပတိ (ပတိစ္စ)–ထိုထိုအကြောင်းကို စွဲ၍၊ ဥပ္ပန္နံ–ဖြစ်ဆဲဖြစ်သော (စိတ်စေတသိက် ရုပ်)တရားသည်၊ ပစ္စုပ္ပန္နံ–မည်၏၊ “ဥပါဒ် ဌီ ဘင်သို့ရောက်သော ပစ္စုပ္ပန်တရားသည် ခဏပစ္စုပ္ပန်မည်၏”ဟူလို၊ ခဏံ–ဥပါဒ်စသော ခဏသုံးပါးသို့+ ပတ္တံ–ရောက်သော+ပစ္စုပ္ပန္နံ–တည်း၊ ခဏပစ္စုပ္ပန္န–ခဏသုံးပါးသို့ ရောက်သောပစ္စုပ္ပန်၊ [“ခဏပ္ပတ္တပစ္စုပ္ပန္နံ”ဟု ဆိုလိုလျက် ပတ္တပုဒ်အကြေ ကြံ၊ ထို့ကြောင့် “ဥပ္ပါဒဋ္ဌိတိ ဘင်္ဂပ္ပတ္တံ ခဏပစ္စုပ္ပန္နံ”ဟု အဋ္ဌကထာ မိန့်သည်၊ ထိုအဋ္ဌ ကထာ၌လည်း “ဥပ္ပာဒ ဋ္ဌိတိ ဘင်္ဂ ခဏတ္တယ ပတ္တံ”ဟု ဆိုလိုသည်။]

**သန္တတိ, အဒ္ဓါပစ္စုပ္ပန္နံ။** ။ရုပ်အစဉ်, နာမ်အစဉ်ကို “သန္တတိ”ဟု ခေါ်၏၊ ထို ရုပ်နာမ်တို့၏ တစ်ကြိမ်နှစ်ကြိမ်သောအစဉ်သည် သန္တတိပစ္စုပ္ပန်မည်၏၊ [သန္တတိစ+ သာ+ပစ္စုပ္ပန္နဉာတိ သန္တတိ ပစ္စုပ္ပန္နံ၊] တဘဝကာလကို “အဒ္ဓါ”ဟု ခေါ်၏၊ အဒ္ဓါစ+ သော+ပစ္စုပ္ပန္နဉာတိ အဒ္ဓါပစ္စုပ္ပန္နံ–တစ်ဘဝကာလဟူသော ပစ္စုပ္ပန်။

တိပိဓံ–သုံးပါးအပြားရှိသည်၊ (ဟောတိ၊) တတ္ထ–ထို သုံးပါးသောပစ္စုပ္ပန်တို့တွင် ဥပ္ပာဒဋ္ဌိတိဘင်္ဂပ္ပတ္တံ–ဥပါဒ် ဌီ ဘင် ခဏသို့ ရောက်နေသောစိတ်သည်၊ ခဏ ပစ္စုပ္ပန္နံ–ခဏပစ္စုပ္ပန်မည်၏၊ [စေတောပရိယဉာဏ်၏အရာဖြစ်၍ စိတ်ကို အရကောက်လိုက်သည်၊ ခဏတ္တယသို့ရောက်သော ရုပ် နာမ်ဟူသမျှ ခဏပစ္စုပ္ပန် ချည်းတည်း။]

ဧကေ ၊ပေ၊ ပရိယာပန္နံ–တစ်ခု နှစ်ခုသော စိတ်အစဉ်၏အလှည့်အကြိမ်၌ အကျုံးဝင်သောစိတ်သည်၊ သန္တတိပစ္စုပ္ပန္နံ–မည်၏၊ တတ္ထ–ထိုဧကဒွိသန္တတိဝါရ ပရိယာပန္နဟူသောစကားရပ်၌၊ [ရှေးနိဿယဝယ် "တတ္ထ–ထိုသန္တတိ ပစ္စုပ္ပန်" ၌ဟု စွဲ၏။] အန္ဓကာရေ–အမိုက်မှောင်၌၊ နိသီဒိတွာ–ထိုင်၍၊ အာလောကဋ္ဌာနံ– အလင်းရောင်၏ တည်ရာအရပ်သို့၊ ဂတဿ–ရောက်သောပုဂ္ဂိုလ်၏၊ အာရ မဏံ–သည်၊ ပါကဋံ–ထင်းရှားသည်၊ န တာဝဟောတိ–မဖြစ်သေး၊ ပန– ဆက်၊ ယာဝ–အကြင်မျှလောက်၊ တံ–ထို အာရုံသည်၊ ပါကဋံ–ထင်ရှားသည်၊ ဟောတိ၊ ဧတ္ထန္တရေ–ဤအတွင်း၌၊ (ပဝတ္တာ–ဖြစ်ကုန်သော၊ ရူပသန္တတိ အရူပ သန္တတိဝါရာ–ရုပ်အစဉ် နာမ်အစဉ်တို့၏အလှည့် အကြိမ်တို့ကို၊) ဧကဒွိသန္တတိ ဝါရာ–ဧကဒွိသန္တတိဝါရတို့ဟူ၍၊ ဝေဒိတဗ္ဗာ၊ [ဤသို့ထည့်၍ အနက်ပေးရ ကြောင်းကို ဋီကာ၌ပြထားသည်၊ ဋီကာ၌ အခြား နည်းလည်း ဖွင့်သေး၏။]

အဆက်အနွယ်၌, တန်ဆာသဖွယ် ဖြစ်၍ဖြစ်ထသော၊ သုဝိပုလ ဝိသုဒ္ဓဗုဒ္ဓိနာ–အလွန်ပြန့်ပြော စင်ကြယ်သော ဉာဏ်ပညာရှိထသော၊ ဗုဒ္ဓဃောသောတိ–ဗုဒ္ဓဃောသဟူ၍၊ ဂုရူဟိ–ကျော်ထီးတန္တ၊ အလေးပြုအပ်သော ဆရာမြတ်တို့သည်၊ ဂဟိတနာမဓေယျေန–ယူအပ်သော အမည်ရှိသော၊ ဝါ–မှည့်ခေါ်အပ်သော အမည်ရှိသော၊ ထေရေန–ထေရ်သည်၊ ကတာ–ပြုစီရင်အပ်သော၊ အဋ္ဌသာလိနီနာမ–အဋ္ဌသာလိနီမည်သော၊ အယံ ဓမ္မသင်္ဂဟဋ္ဌကထာ–ဤဓမ္မသင်္ဂဏီအဋ္ဌကထာသည်၊ ("တိဋ္ဌတု"၌ စပ်။)

သုဒ္ဓစိတ္တဿ–သန့်ရှင်း စင်ကြယ်သော စိတ်ရှိတော်မူသော၊ တာဒိနော–လောကဓမ်ရှစ်ပါးကြောင့်, ဖောက်ပြားမတုန်, တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော၊ လောကဇေဋ္ဌဿ–သတ္တလောက၏အကြီးဆုံး ဖြစ်တော်မူသော၊ မဟေသိနော–မြတ်စွာဘုရား၏၊ ယာဝ–အကြင်မျှလောက်၊ ဗုဒ္ဓေါတိနာမံပိ–ဗုဒ္ဓေါ ဗုဒ္ဓေါ ဟူသော အမည်တော်သည်လည်း၊ လောကမှိ–လောက၌၊ ပဝတ္တတိ–ဖြစ်တည်သေး၏၊ တာဝ–ထိုဗုဒ္ဓေါ ဗုဒ္ဓေါဟူသော အမည်တော်တည်သေးသမျှ ကာလပတ်လုံး၊ လောက နိတ္ထရဏေသိနံ–လောကမှထွက်ကြောင်း နည်းလမ်းကောင်းကို ရှာကြကုန်သော၊ ကုလပုတ္တာနံ–အမျိုးကောင်းသားတို့၏၊ ပညာ ဝိသုဒ္ဓိယာ–ပညာသန့်ရှင်း, စင်ကြယ်ခြင်း၏၊ နယံ–နည်းကောင်းနည်းမှန်ကို၊ ဒဿေန္တီ–ပြလျက်၊ လောကသ္မိံ–ကမ္ဘာလောက၌၊ တိဋ္ဌတု–တည်ရစ်ပါစေသတည်း၊ ဣတိ–အပြီးတည်း။

[ဤမှနောက်၌ "စတုကဏ္ဍာ မဏ္ဍိကာယ"စသောဂါထာ ရှိသေး၏၊ ထိုဂါထာသည် သီဟိုဠ်မူတို့၌ မပါ၊] "စတုကဏ္ဍာ မဏ္ဍိတာယ–လေးကဏ္ဍာတို့ဖြင့် တန်ဆာဆင်အပ်သော၊ ပါဠိယာ–ဓမ္မသင်္ဂဏီပါဠိတော်၌၊ အတ္ထဒီပကော–အနက်အဓိပ္ပာယ်ကို ထင်ရှားပြတတ်သော၊ သုန္ဒရဋ္ဌော–ကောင်းသောအနက်အဓိပ္ပာယ်ရှိသော၊ အယံဂန္ထော–ဤ အဋ္ဌသာလိနီအဋ္ဌကထာကျမ်းသည်၊ စိရကာလံ–ကြာမြင့်စွာသော ကာလပတ်လုံး၊ တိဋ္ဌတု–တည်ပါစေသတည်း"ဟု အနက်ပေးလိုက ပေးပါလေ။

အဋ္ဌသာလိနီနာမ–အဋ္ဌသာလိနီမည်သော၊ ဓမ္မသင်္ဂဟဋ္ဌကထာ–ဓမ္မသင်္ဂဏီအဋ္ဌကထာသည်၊ နိဋ္ဌိတာ–ပြီ။

**အဋ္ဌသာလိနီဘာသာဋီကာ**
**ပြီးပြီ။**

အရှင်ဇနကာဘိဝံသ

၏

အမှတ် (၂၈)ကျမ်းစာ

# အဋ္ဌသာလိနီအဋ္ဌကထာ

၏

# မူလဋီကာနိဿယ

စတုတ္ထပိုင်း

# အဋ္ဌသာလိနီ မူလဋီကာနိဿယ

## သဒ္ဒါယတနာဒိနိဒ္ဒေသ

**၆၂၀။** ဘေရိသဒ္ဒါဒီနမ္ဗ–စည်ကြီးသံ အစရှိသည်တို့၏လည်း၊ ဝါဒိတသဒ္ဒတ္တာ–တီးအပ်သော အရုံဝတ္ထု၏ အသံတို့၏အဖြစ်ကြောင့်၊ ဝုတ္တာဝသေသာနန္တိ–ဟူ၍၊ (သင်္ဂဟကာရော)အာဟ၊ အမနုဿဝစနေန–အမနုဿသဒ္ဒါဖြင့်၊ မနုဿေဟိ–လူတို့မှ၊ အညေ–အခြားကုန်သော၊ ပါဏိနောဝေ–သက်ရှိသတ္တဝါ တို့ကိုသာ၊ န ဂဟိတာ–ယူအပ်ကုန်သည် မဟုတ်သေး၊ အထခေါ–စင်စစ်ကား၊ ကဋ္ဌာဒယောပိ–ထင်းအစရှိသည် တို့ကိုလည်း၊ (ဂဟိတာ)၊ [သစ်သားဖြင့် ပြုအပ်သော "ဘေရီ"စသည်တို့ကို ရည်ရွယ်၍ "ကဋ္ဌာဒယော"ဟု ဆိုဟန်တူ၏၊ အာဒိဖြင့် "ကံသ–ကြေး"အစရှိ သည်တို့ကို ယူ၊] ဣတိ အဓိပ္ပာယေန–ဤသို့သော အလိုဖြင့်၊ သေသော သဗ္ဗောပိတိ–ဟူ၍၊ (သင်္ဂဟကာရော)အာဟ၊ ဧဝံသန္တေပိ–ဤသို့ သက်ရှိ, သက်မဲ့ အားလုံးကို ယူအပ်ပါသော်လည်း၊ ဝတ္ထုပေဒေဝသေန–အသံ၏တည်ရာ ဝတ္ထုအထူးကို ပြောဆိုခြင်း၏အစွမ်းဖြင့်၊ ပါဠိယံ–ပါဠိတော်၌၊ အနာဂတော–မလာသော၊ တထာ–ထိုဝတ္ထုကိတ္တန၏ အစွမ်းဖြင့်၊ ကိတ္တေတဗ္ဗော–ပြောဆိုထိုက်သော အသံဟူသမျှကို၊ ယေဝါပနာတိ–ဟူ၍၊ ဝုတ္တော–ဟောတော်မူအပ်ပြီ၊ ဣတိ(အယံ)–ကား၊ အဓိပ္ပာယော–သင်္ဂဟအဋ္ဌကထာဆရာ၏အလိုတည်း။

**၆၂၄။** ဝိဿဂန္ဓောတိ–ကား၊ ဝိရူပေါ–ဖောက်ပြန်သော၊ မံသာဒိဂန္ဓော–အသားအစရှိသည်တို့၏ အနံ့တည်း၊ (ပုပ်သောအသား အစရှိသည်တို့၏ အနံ့တည်း။) လမ္ဗိလန္တိ–ကား၊ မဓုရမ္ဗိလံ–ချိုချဉ်သောအရသာတည်း။ [မဓု၌ "မဓုရမ္ဗိလန္တိ မနုညံ လမ္ဗိလန္တိ အတ္ထော"ဟု ဖွင့်၏။]

**၆၃၂။** ဓာတေန–ဤအမှတ်အသားဖြင့်၊ သဉ္ဇာနန္တိ–အမှတ်ပြု၍ သိကြကုန်၏၊ ဣတိ–ကြောင့်၊ သဉ္ဇာနနံ–မည်၏၊ ဥပလက္ခဏံ–အမှတ်အသားတည်း။ သကေန သကေန–မိမိ မိမိ ဥစ္စာဖြစ်သော၊ ကမ္မစိတ္တာဒိနာ–ကံ,စိတ် အစရှိသော၊ [အာဒိဖြင့် ဥတု အာဟာရကို ယူ၊] ပစ္စယေန–အကြောင်းကြောင့်၊ သမုဋ္ဌိတာနိ–ကောင်းစွာဖြစ်ရကုန်သည်၊ (သမာနာနိ)ပိ–ဖြစ်ပါကုန်သော်လည်း၊ ဝါ–ဖြစ်သည်လည်း ဖြစ်ကုန်သော၊ ဣတ္ထိလိင်္ဂါဒီနိ–ဣတ္ထိလိင် အစရှိသည် တို့ကို၊ (ဝုတ္တာနိ၌ စပ်၊) ဝါ–တို့သည်၊ (ဥပ္ပန္နမာနာနိ,သမုဋ္ဌဟန္တိတို့၌ စပ်၊)

ကုက္ကုစ္စိယသဟိတော–ကုက္ကုစ္စိနှင့်တကွဖြစ်သော၊ သရီရေ–ကိုယ်၌၊ ဥပ္ပဇ္ဇမာနာနိ–ဖြစ်ကုန်လတ်သော်၊ တံ တဒါကာရာနိ–ထိုထိုအခြင်းအရာ(ပုံသဏ္ဌာန်)ရှိကုန်သည်၊ ဟုတွာ–၍၊ဥပ္ပဇ္ဇန္တိ–န်၏၊ ကုတိ–ကြောင့်၊ ကုက္ကုစ္စိယံ ပဋိစ္စသမုပ္ပဟန္တိတိ–ဟူ၍၊ ဝုတ္တာနိ၊ စ–ဆက်၊ ကုက္ကုစ္စိလိင်္ဂါဒီသု ဝေ–ကုက္ကုစ္စိလိင်္ဂ အစရှိသည်တို့၌ပင်၊ အဓိပတိဘာဝါ–အကြီးအကဲ၏အဖြစ်ကြောင့်၊ (အစိုးရသည်၏အဖြစ်ကြောင့်၊) တေသ–ဤဘာဝရုပ်၏၊ ကုက္ကုစ္စိယတာ–ကုက္ကုစ္စိယ၏အဖြစ်ကို၊ (ကုက္ကုစ္စိယအမည်ကို၊) ဝုတ္တာ–ဟောတော်မူအပ်ပြီ၊ (ကသ္မာ)၊ ကုက္ကုစ္စိယသဟိတော–သော၊ သန္တာနေ–ခန္ဓာအစဉ်၌၊ ကုက္ကုစ္စိ၊ပေ၊ပစ္စယာနံ–ကုက္ကုစ္စိ,လိင်္ဂအစရှိသော အခြင်းအရာရှိသော ရုပ်တို့၏အကြောင်းတို့ကို၊ အညထာ–(ကုက္ကုစ္စိလိင်္ဂအစရှိသော အခြင်းအရာမှ) တစ်ပါးသော အခြင်းအရာအားဖြင့်၊ ဝါ–ကုက္ကုစ္စိခြေ၏ ရှိခြင်းမှ တစ်ပါး မရှိခြင်းဟူသော အခြင်းအရာကြောင့်၊ အနုပ္ပာဒနတော–မဖြစ်စေခြင်းကြောင့်လည်းကောင်း၊ ကုက္ကုစ္စိဂ္ဂဟဏသ–ကုက္ကုစ္စိဟုယူကြောင်းစိတ်၏၊ (သိတတ်သောစိတ်၏၊) တေသံ ရူပါနံ–ထိုကုက္ကုစ္စိလိင်္ဂအစရှိသော အခြင်းအရာရှိသောရုပ်တို့၏၊ ပစ္စယဘာဝတော စ–အကြောင်းတို့၏ အဖြစ်ကြောင့်လည်းကောင်းတည်း။

---

**ကုက္ကုစ္စိလိင်္ဂါဒီသု၊ပေ၊ဘာဝတော**။ ။"အဘယ့်ကြောင့် ကုက္ကုစ္စိဘာဝရုပ်ကို ကုက္ကုစ္စိယဟု ခေါ်နိုင်သနည်း"ဟု မေးဖွယ်ရှိသောကြောင့် "ကုက္ကုစ္စိလိင်္ဂါဒီသု၊ပေ၊ဝုတ္တာ"ဟု မိန့်သည်၊"ကုက္ကုစ္စိလိင်္ဂစသည်တို့၌သာ အစိုးရသောကြောင့် ကုက္ကုစ္စိယဟု ဆိုအပ်ပါသည်"ဟူလို၊ ထိုအစိုးရခြင်း၏အကြောင်းကို ပြလို၍ "ကုက္ကုစ္စိယသဟိတော၊ပေ၊အနုပ္ပာဒနတော" ဟု မိန့်သည်၊ ကုက္ကုစ္စိခြေနှင့်တကွဖြစ်သော ခန္ဓာအစဉ်ဝယ် ကုက္ကုစ္စိလိင်္ဂစသော အခြင်းအရာရှိသော ရုပ်တို့၏ အကြောင်းတို့ကို ကုက္ကုစ္စိလိင်္ဂစသည်မှတစ်ပါးသော အခြင်းအရာအားဖြင့် မဖြစ်စေခြင်းကြောင့် ထိုကုက္ကုစ္စိလိင်္ဂစသည်ကို အစိုးရသည်ဟု ဆိုရပေသည်။

**အာကာရ ၊ပေ၊ အနုပ္ပာဒနတော**။ ။"ကုက္ကုစ္စိလိင်္ဂစသော အခြင်းအရာရှိသော ရုပ်တို့၏အကြောင်း"ဟူသည် ယောက်ျားနှင့်မိန်းမတို့ မတူအောင် ရုပ်တို့၏ စုဝေးတည်နေပုံ သဏ္ဌာန်,နိမိတ္တတွင်ပါဝင်သော ဆံထုံးပုံ, အဝတ်ဝတ်ပုံနှင့် ကစားပုံ,သွားလာပုံ စသည်ကို ဖြစ်စေတတ်သော ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတို့တည်း၊ ထို အကြောင်းတို့ကို ကုက္ကုစ္စိဘာဝရုပ်က အခြားသော နည်းအားဖြင့် မဖြစ်စေဘဲ ဤနည်းအတိုင်းသာ များသောအားဖြင့် ဖြစ်စေသောကြောင့် ဘာဝရုပ်ကို "ကုက္ကုစ္စိယရုပ်"ဟု ခေါ်ရသည်။ [အညထာတိ ကုက္ကုစ္စိလိင်္ဂါဒိ အာကာရတော အညထာ၊ ကုက္ကုစ္စိယာဘာဝေ ဝါ၊–အနု။]

**ကုက္ကုစ္စိဂ္ဂဟဏသ၊ပေ၊ဘာဝတော စ**။ ။ကုက္ကုစ္စိယရုပ်ဟု ခေါ်ရခြင်း၏အကြောင်းကို ထပ်၍ပြသော စကားတည်း၊ ကုက္ကုစ္စိလိင်္ဂ ကုက္ကုစ္စိနိမိတ္တ စသည်ကိုကြည့်၍ "ဤသူဟာ ကုက္ကုစ္စိဘဲ"ဟု သိသောစိတ် ဖြစ်၏၊ ထိုစိတ်၏ အကြောင်းဖြစ်သောကြောင့်လည်း "ကုက္ကုစ္စိဘာဝ=ကုက္ကုစ္စိယ"ဟု ခေါ်ရသည်။

ပန–ဆက်၊ ယသ္မာ–ကြောင့်၊ ဘာဝဒသကေပိ–ဘာဝဒသကဥ္စသော်မှ လည်း၊ ရူပါနံ–ကလာပ်တူရုပ်တို့ကို၊ ဋ္ဌတ္ထိန္ဒြိယံ–ဣတ္ထိန္ဒြေသည်၊ န ဇနကံ–ဖြစ်လည်း မဖြစ်စေနိုင်၊ နာပိအနုပါလကံ–စောင့်လည်း မစောင့်ရှောက်နိုင်၊ ဝါ–တစ်နည်း၊(နာပိ)ဥပတ္ထမ္ဘကံ–ထောက်လည်း မထောက်ပံ့နိုင်၊ အညကလာပ ရူပါနံ စ–အခြားသော ကလာပ်၌ဖြစ်သော ရုပ်တို့ကိုလည်း၊ (န ဇနကံ, နာပိ အနုပါလကံ, ဝါ–တစ်နည်း၊ နာပိဥပ္ပတ္ထမ္ဘကံ၊) တသ္မာ–ကြောင့်၊ တံ–ထို ဣန္ဒြေကို၊ ဇီဝိတိန္ဒြိယံဝိယ–ဇီဝိတိန္ဒြေကဲ့သို့၊ သကလာပရူပါနံ–မိမိကလာပ်၌ ဖြစ်သောရုပ်တို့၏လည်းကောင်း၊ ဝါ–တစ်နည်း၊ အာဟာရောဝိယ–အာဟာရ ရုပ်ကဲ့သို့၊ ကလာပန္တရရူပါနံစ–ကလာပ်တစ်ပါး၌ဖြစ်ကုန်သော ရုပ်တို့၏လည်း ကောင်း၊ ဣန္ဒြိယအတ္ထိ အဝိဂတပစ္စယောတိ–ဣန္ဒြိယပစ္စည်း, ဣန္ဒြိယအတ္ထိ ပစ္စည်း, ဣန္ဒြိယအဝိဂတပစ္စည်းဟူ၍၊ (ဘဂဝတာ) န ဝုတ္တံ–ဟောတော် မမူအပ်၊ ပုရိသိန္ဒြိယေပိ–၌လည်း၊ သေ(သော)–ဤဆိုအပ်ပြီးသော အစီအရင် သည်၊ နယော–သိကြောင်းအစီအရင်တည်း၊ လိင်္ဂါဒိအာကာရေသု–လိင်္ဂအစရှိ သော အခြင်းအရာရှိကုန်သော၊ ရူပေသု–ရုပ်တို့၌၊ ရူပါယတနဿ–၏၊ စက္ခုဝိညေယျတ္တာ–စက္ခုဝိညာဏ်သည် သိထိုက်သည်၏အဖြစ်ကြောင့်၊ လိင်္ဂါဒီနံ–လိင်္ဂအစရှိသည်တို့၏၊ စက္ခုဝိညေယျတာ–စက္ခုဝိညေယျတို့၏ အဖြစ်ကို၊ (သင်္ဂဟကာရေန) ဝုတ္တာ–ပြီ။

**၆၃၃။** ဉာဘယမ္ပိပေါကုသလေန ပတိဋ္ဌာတီတိ–ဟူသော စကားကို၊ သုဂတိ–သုဂတိဘဝကို၊ သန္ဓာယ (သင်္ဂဟကာရေန) ဝုတ္တံ၊ ဣတိ ဝေဒိတဗ္ဗံ၊ ဟိ–မှန်၊ (တစ်နည်း, ကသ္မာ ဉာဘယမ္ပိပေါကုသလေန ပတိဋ္ဌာတိ–ဟူသော စကားကို၊ သုဂတိ သန္ဓာယ ဝုတ္တံ ဣတိ, ဝေဒိတဗ္ဗံ–နည်း၊) ဟိ (ယသ္မာ)–ကြောင့်၊ ဒုဂ္ဂတိယံ–ဒုဂ္ဂတိဘဝ၌၊ ပဋိသန္ဓိ–ပဋိသန္ဓေသည်၊ အကုသလေနေဝ–အကုသိုလ်ကြောင့်သာ၊(ဘဝတိ)၊ ဣတိ–ကြောင့်၊ တဒါ–ထိုလိင်ပြန်ရာအခါ၌၊

---

**ယသ္မာ ပန၊ပေ၊ပစ္စယောတိ န ဝုတ္တံ။** ။ဣတ္ထိဘာဝရုပ်က ဣတ္ထိလိင်္ဂစသော အခြင်းအရာရှိသော ရုပ်တို့ကိုဖြစ်စေရာ၌ အကြောင်းတစ်ပါးဖြစ်လျှင် အဘယ့်ကြောင့် ဣန္ဒြိယပစ္စည်း,ဣန္ဒြိယတ္ထိပစ္စည်း,ဣန္ဒြိယအဝိဂတပစ္စည်း အဖြစ်ဖြင့် မဟောအပ်ပါ သနည်းဟု မေးဖွယ်ရှိသောကြောင့် "ယသ္မာ ပန"စသည်ကို မိန့်သည်၊ ပဋ္ဌာန်းပစ္စည်း တပ်ရာ၌ ဇနကသတ္တိ, ဥပတ္ထမ္ဘကသတ္တိ, (အနုပါလကသတ္တိ)တစ်မျိုးမျိုး ရှိရ၏၊ ဤ ဣတ္ထိဘာဝရုပ်သည် ကလာပ်တူဖြစ်သော ဘာဝဒသကဥ္စသော်မှ ထိုရုပ်တို့ကိုဖြစ်စေတတ် သော ဇနကသတ္တိမရှိ၊ ဇီဝိတိန္ဒြေသည် ကလာပ်တူရုပ်များကို စောင့်ရှောက်တတ် သကဲ့သို့ စောင့်ရှောက်တတ်သော အနုပါလကသတ္တိလည်းမရှိ၊ အာဟာရသည် အခြား ကလာပ်၌ရှိသောရုပ်များကိုထောက်ပံ့တတ်သကဲ့သို့ ထောက်ပံ့တတ်သောဥပတ္ထမ္ဘကသတ္တိ လည်းမရှိ၊ ထို့ကြောင့် ဣန္ဒြိယ,အတ္ထိ,အဝိဂတပစ္စည်းအဖြစ်ဖြင့် ဟောတော်မမူအပ်။

ဥပ္ပဇ္ဇမာနော–သော၊ ဘာဝေါပိ–ဘာဝရုပ်သည်လည်း၊ ပဋိသန္ဓိယံဝိယ–ပဋိသန္ဓေအခါ၌ကဲ့သို့၊ ပဝတ္တေပိ–ပဝတ္တိအခါ၌လည်း၊ အကုသလေနေဝ–အကုသိုလ် ကြောင့်သာ၊ ဘဝေယျ–ဖြစ်ရာ၏၊ ဣတိ–ကြောင့်၊ (ဥဘယမ္ပိ၊ပေ၊ကုသလေန ပတိဋ္ဌာတီတိ–ကို၊ သုဂတိ သန္ဓာယ ဝုတ္တံ ဣတိ ဝေဒိတဗ္ဗံ၊) တယိဒံ ဒွယံ–ထိုနှစ်ပါးစုံသော ဣန္ဒြေသည်၊ ယသ္မာ, သန္တာနေ–သတ္တဝါတစ်ယောက်၏ သန္တာန်၌၊ သဟ–အတူတကွ၊ န ပဝတ္တတိ–မဖြစ်နိုင်၊ (ကသ္မာ ဝိညာယတိ–နည်း၊) ယဿ၊ပေ၊နောတိအာဒိဝစနတော–ယဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ပေ၊နော အစရှိသောစကားကို ဟောတော်မူခြင်းကြောင့်၊ (ဝိညာယတိ၊) တသ္မာ–ကြောင့်၊ (သတ္တဝါတစ်ယောက်သန္တာန်၌ အတူတကွ မဖြစ်နိုင်ခြင်းကြောင့်၊) ဥဘတောဗျဉ္ဇနကဿပိ–ဥဘတောဗျည်း၏ သန္တာန်၌လည်း၊ [“ယသ္မာစဿ”၌ အဿကို ယူ၍ “ဥဘတောဗျဉ္ဇနကဿပိ”ဟု ဆိုထားသည်၊] ဧကမေဝ–တစ်ခုသာလျှင် ဖြစ်သော၊ ဣန္ဒြိယံ–ဣန္ဒြေသည်၊ ဟောတိ, ဣတိ–သို့၊ (သင်္ဂဟကာရေန) ဝုတ္တံ။

**၆၃၅**။ ဧကန္တံ–စင်စစ်၊ ကာယဝိညတ္တိယံ–၌၊ ကာယဝေါဟာရဿ–ကာယဟူသော အခေါ်အဝေါ်၏၊ ပဝတ္တိဒဿနတ္ထံ–ဖြစ်ပုံကို ပြခြင်းအကျိုးငှာ၊ ကာယေန၊ပေ၊ သာဓုတိ–ဟူသော၊ သာဓကေသုတ္တံ–ကို၊ (သင်္ဂဟကာရေန) အာဟဋံ–ထုတ် ဆောင်အပ်ပြီ၊ [ကာယေန–ကာယဒွါရဖြင့်၊ သံဝရော–စောင့်စည်းခြင်းသည်၊ သာဓု–ကောင်း၏၊]ဘာဝဿ–အလိုကို၊ ဂမန်–သိစေတတ်သော၊ ပကာသန်–ထင်ရှားပြတတ်သော အရာဝတ္ထုသည်၊ စောပန်–နမည်၏၊ [စောပနသဒ္ဒါတော ကာယော၌ စောပနကို ဖွင့်သည်၊ ထို့ကြောင့် ကာယနှင့် အရတူအောင် ကတ္တုသာဓ်အနက် ပေးလိုက်ပါသည်။] ထမ္ဘနာတိ–ကား၊ ဝါယောဓာတု အဓိကာနံ–လွန်ကဲသော ဝါယောဓာတ်ရှိကုန်သော၊ ဘူတာနံ–မဟာဘုတ်တို့ကို၊ ထမ္ဘနာကာရော–ထောက်ခံခြင်းဟူသော အခြင်းအရာသည်၊ ဝိညတ္တိ–ဝိညတ်တည်း၊ ဣတိ အတ္ထော–နက်၊ ဥဒ္ဓံဂမဝါတာဒယော–အထက်သို့ ဆန်တက်သောလေ အစရှိသည်တို့သည်၊ (ဝါတာဓိကာ–လွန်ကဲသော ဝါယောဓာတ်ရှိကုန်သော၊ ကလာပါ–ကလာပ်တို့သည်၊ ဟောန္တိ)ဝိယ–ဖြစ်ကုန်သကဲ့သို့၊ တထာ–တူ၊ ဝါတာဓိကော–လွန်ကဲသော ဝါယောဓာတ်ရှိသော၊ (ဝါယောဓာတ်လွန်ကဲသော၊) ယော ကလာပေါ–သည်၊(အတ္ထိ)၊ တတ္ထ–ထိုဝါယောဓာတ်လွန်ကဲသော ကလာပ်၌၊ ဘူတာနံ–မဟာဘုတ်တို့၏၊ ဝိညတ္တိအာကာရတာ–ဝိညတ်ဟူသော အခြင်းအရာရှိကုန်သည်၏အဖြစ်သည်၊ ဟောတိ–၏၊ ဣတိ–ဤသို့မှတ်အပ် ၏၊ တေနေဝ–ကြောင့်ပင်၊ ကာယံ၊ပေ၊ထမ္ဘနာတိ–ဟူ၍၊ ဝါယော၊ပေ၊ ဝသေန–ဝါယောဓာတ်၏ ကိစ္စ၏အစွမ်းဖြင့်၊ ဝိညတ္တိ–ဝိညတ်ကို၊ ဝုတ္တာ၊

[ဝိညတ်ကိုယ်တိုင် တောင့်တင်းအောင် မလုပ်နိုင်၊ ဝါယောဓာတ်ကသာ တောင့်တင်းအောင် လုပ်နိုင်၏၊ ထို့ကြောင့် ဝါယောဓာတ်၏ ထမ္ဘနကိစ္စကို ယူ၍ "ကာယံ ထမ္ဘံ ကရောတိ"ဟု ဆိုထားသည်၊] စ-ဆက်၊ တတောဝေ-ထို့ကြောင့်ပင်၊ ဝါယောဓာတုယာ-ဝါယောဓာတ်၏၊ အာကာရော-ထူးခြားသော အမူအရာကို၊ ကာယဝိညတ္တီတိစ-ကာယဝိညတ်ဟူ၍လည်း၊ ဝတ္တုံ-ဆိုခြင်းငှာ၊ ဝဋ္ဋတိ-သင့်၏၊ တထာ-တူ၊ ပထဝီဓာတုယာ-၏၊ (အာကာရော-ကို၊) ဝစီဝိညတ္တီတိ-ဟူ၍၊ (ဝတ္တုံ ဝဋ္ဋတိ၊) (ကသ္မာ-နည်း၊) ပထဝီဓာတုအဓိက ဘူတဝိကာရတော-လွန်ကဲသော ပထဝီဓာတ်ရှိသော မဟာဘုတ်တို့၏ ထူးခြားသော အမူအရာ၏ အဖြစ်ကြောင့်တည်း၊ [ဝါယောဓာတ် လွန်ကဲသော မဟာဘုတ်တို့၏ ထူးခြားသော အမူအရာကို ကာယဝိညတ်, ပထဝီဓာတ် လွန်ကဲသော မဟာဘုတ်တို့၏ထူးခြားသော အမူအရာကို ဝစီဝိညတ်ဟု ဆိုလိုသည်-ဟူလို။]

**၆၃၆**။ ပဘေဒဂတာ ဝါစာ ဝေါတိ-ကား၊ တိဿ-တိဿ၊ ဖုဿ-ဖုဿ၊ ဣတိ-သို့၊ ပဘေဒဂတာ-(စကားလုံးအားဖြင့်)ကွဲပြားခြင်းသို့ ရောက်သော၊ (ဝါစာဝေ-စကားသည်ပင်၌ စပ်၊) အထဝါ-ထို့ပြင် တစ်နည်းကား၊ (အဋ္ဌကထာနည်းမှ တစ်နည်းကား၊) ဝစီသင်္ခါရေဟိ-စကားသံကို ပြုစီမံတတ်ကုန်သော၊ ဝိတက္က ဝိစာရေဟိ-ဝိတက်, ဝိစာရတို့သည်၊ ပရိဂ္ဂဟိတာ-သိမ်းယူအပ်သော၊ [ဝိတက်, ဝိစာရတို့သည် ကြံစည်အပ်သော၊] သဝနဝိသယဘာဝံ-သောတဝိညာဉ်၏ အာရုံ၏ အဖြစ်သို့၊ အနုပနီတတာယ-မကပ်ဆောင်အပ်သေးသည်၏အဖြစ် ကြောင့်၊ အဘိန္နာ-မကွဲပြားသေးသော၊ တဗ္ဘာဝံ-ထိုသောတဝိညာဏ်၏အာရုံ အဖြစ်သို့၊ နီယမာနာ-ကပ်ဆောင်အပ် သော၊ ဝါစာ-စကားကို၊ ဝစီဘေဒေါတိ-ဟူ၍၊ ဝုစ္စတိ။ [အဘိန္နာ-နှုတ်က လွှတ်၍ မရွတ်မဆို မကွဲပြားသော စကားဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏"ဟု ရှေးနိဿယ၌ ပေးသတတ်၊]

---

**အထဝါ၊ပေ၊ဝုစ္စတိ**။ ။အဋ္ဌကထာနည်းမှ တစ်နည်းကို ပြလို၍"အထဝါ"စသည် မိန့်၊ [အတ္တနောမတိယာ အတ္ထံ ဒဿေတုံ အထဝါအာဒိမာဟ၊-မဓု။] စကားသံကို ပြုစီမံတတ်သည်ဖြစ်၍"ဝစီသင်္ခါရ"ဟု ခေါ်ဆိုရသော ဝိတက်,ဝိစာရတို့ဖြင့် မည်သည့် စကားကို ပြောဆိုမည်ဟု ကြံစည်နေခိုက်၌ အသံမထွက်မီ တလှုပ်လှုပ် လှုပ်နေစေကာမူ သောတဝိညာဏ်၏အာရုံအဖြစ်သို့ မရောက်သေးသောကြောင့် ကွဲကွဲပြားပြား မရှိရကား "ဝစီ"ဟုသာ ခေါ်ရ၏၊ "ဝစီဘေဒ"ဟု မခေါ်နိုင်၊ သောတဝိညာဏ်၏ အာရုံအဖြစ်သို့ ရောက်မှ စကားသံ ကွဲကွဲပြားပြားဖြစ်သောကြောင့် "ဝစီဘေဒ"ဟု ခေါ်ရသည်။

ကြိရိယာပထမ္ပိ ဥပတ္ထမ္ဘေန္တီတိ–ကား၊ ယထာပဝတ္တံ–အကြင်အကြင် ဖြစ်မြဲ တိုင်းသော၊ ကြိရိယာပထံ–ကို၊ ဥပတ္ထမ္ဘေန္တိ–ထောက်ပံ့နိုင်ကုန်၏၊[ဤစိတ်တို့က စ၍ ဖြစ်နိုင်သည်မဟုတ်၊ အခြားသောစိတ်တို့ကြောင့်ဖြစ်နေသော ကြိရိယာပုထ် ကို ထောက်ပံ့ရုံသာ ထောက်ပံ့နိုင်ကြသည်၊] ဟိ–ထင်ရှားအောင် ပြဦးအံ့၊ အဗ္ဗောကိဏ္ဏေ–ဝီထိစိတ်တို့နှင့် မရောနှောသော၊ ဘဝင်္ဂေ–သည်၊ ဝတ္တမာနေ– ဖြစ်လတ်သော်၊ [အိပ်ပျော်နေသော အခါမျိုးကို ဆိုသည်၊] အင်္ဂါနိ–လက်, ခြေအင်္ဂါတို့သည်၊ ဩသီဒန္တိ–ဆုတ်နစ်ကုန်၏၊ ပဝိဋ္ဌာနိဝိယ–အတွင်းသို့ ဝင်ရောက်နေကုန်သကဲ့သို့၊ ဟောန္တိယထာ–ကဲ့သို့၊ [အိပ်ပျော်နေပုံကို ဆိုသည်။] ဧဝံ–တူ၊ ဒွတ္တိံသဆဗ္ဗိသာတိ–ဒွတ္တိံသဆဗ္ဗိသံဟူ၍၊ ဝုတ္တေသု–အဋ္ဌကထာ၌ ဆိုအပ်ပြီးကုန်သော၊ ဇာဂရဏစိတ္တေသု–နိုးကြားကြောင်းစိတ်တို့သည်၊ ဝတ္တမာနေသု–ဖြစ်ကုန်လတ်သော်၊(အင်္ဂါနိ) န (ဩသီဒန္တိ၊ ပဝိဋ္ဌာနိ ဝိယ) န (ဟောန္တိ)၊ ပန–အန္ဓယကား၊ တေသု–ထို စိတ်တို့သည်၊ ဝတ္တမာနေသု– န်လတ်သော်၊ အင်္ဂါနိ–တို့သည်၊ ဥပတ္ထဒ္ဓါနိ–ထောက်ပံ့အပ်ကုန်သည်၊ (တောင့်တောင့်တင်းတင်း ရှိကုန်သည်၊) (ဟုတွာ) ယထာ၊ပေ၊နေဝ–အကြင် အကြင် ဖြစ်မြဲတိုင်းသော ကြိရိယာပုထ်၏အဖြစ်ဖြင့်သာ၊ ပဝတ္တန္တိ၊ ဣတိ– ဤသို့ မှတ်အပ်၏။

ခီဏာ၊ပေ၊စိတ္တန္တိ–ဟူ၍၊ ဝိသေသေတွာ–ခီဏာသဝါနံဟု အထူးပြု၍၊ (သင်္ဂဟကာရေန) ဝုတ္တံ၊ ပန–ထိုသို့ပင် ဆိုအပ်ပါသော်လည်း၊ ကာမာဝစရာနံ ၊ပေ၊နိရုဇ္ဈိဿတီတိ–ဟူ၍၊ ဝစနတော–ဟောတော်မူခြင်းကြောင့်၊ အညေသမ္ပိ– ရဟန္တာမှတစ်ပါး အခြားပုဂ္ဂိုလ်တို့၏လည်း၊ စုတိစိတ္တံ–သည်၊ ရူပံ–ကို၊ န သမုဋ္ဌာပေတိ–မဖြစ်စေ၊ ဣတိ ဝိညာယတိ–၏၊ [ကာမာဝစရာနံ–ကာမာဝစရ ပုဂ္ဂိုလ်တို့၏၊ ပစ္ဆိမစိတ္တဿ–ပစ္ဆိမစိတ်၏၊ ဥပ္ပာဒက္ခဏေ–ဥပါဒ်ခဏ၌လည်း ကောင်း၊ (စုတိစိတ်၏ ဥပါဒ်ခဏ၌လည်းကောင်း၊) ယဿ စိတ္တဿ–

---

**သင်္ခါရယမိုက်**။ ။ဤပါဠိတော်ကို ထောက်၍"အလုံးစုံသော ပုဂ္ဂိုလ်တို့၏စုတိစိတ် သည် အဿာသ ပဿာသကို မဖြစ်စေနိုင်သကဲ့သို့ အဿာသ ပဿာသနှင့် ရုပ်ချင်းတူသော အခြားရုပ်များကိုလည်း မဖြစ်စေနိုင်"ဟု ဆိုလိုသည်၊ ထို့ကြောင့် "ခီဏာသဝါနံ"ဟု အထူးပြုဖွယ် မလိုပါ–ဟူလို။

**မဓုဋီကာ**။ ။ထို အဆိုကို မဓုဋီကာ၌ ချေပထား၏၊ ချေပပုံကား–စုတိစိတ်သည် အလွန်အားသေး၏၊ အဿာသ ပဿာသကား အလွန်ထင်ရှား၏၊ သင်္ခါရယမိုက်၌ အဿာသ ပဿာသကို မဖြစ်စေပုံကို ဟောတော်မူသော်လည်း အခြားရုပ်ကိုလည်း မဖြစ်စေနိုင်ဟု မယူသင့်ပါ၊ မူလဋီကာဆရာက "စုတိစိတ်သည် ရုပ်ကို ဖြစ်စေနိုင်၏" ဟူသော ပါဠိမရှိကြောင်းကို နောက်၌ဆို၏၊ ထိုပါဠိ မရှိသကဲ့သို့ "စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်"ဟူသော ပါဠိလည်း မရှိပါ"ဟု ချေပသွားလေသည်။

အကြောင်စိတ်၏၊ အနန္တ ရာ–အခြားမဲ့၌၊ ကာမာဝစရာနံ–တို့၏၊ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ တဿ စိတ္တဿ–၏၊ ဥပ္ပာဒက္ခဏေ–၌လည်းကောင်း၊ ရူပါဝစရေ–ရူပါဝစရဘုံ၌လည်းကောင်း၊ အရူပါဝစရေ–၌လည်းကောင်း၊ ပစ္ဆိမဘဝိကာနံ–တို့၏လည်းကောင်း၊ ယေ–အကြင်ပုဂ္ဂိုလ်တို့သည်၊ ရူပါဝစရံ–ရူပါဝစရဘုံသို့လည်း ကောင်း၊ အရူပါဝစရေ–သို့လည်းကောင်း၊ ဥပ္ပဇ္ဇိတွာ–၍၊ ပရိနိဗ္ဗာယိဿန္တိ–ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့၊ တေသံ–ထိုပုဂ္ဂိုလ်တို့၏လည်း ကောင်း၊ စဝန္တာနံ–စုတေဆဲဖြစ်ကုန်သော၊ တေသံ–ထိုဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်တို့၏လည်းကောင်း၊ ဝစီသင်္ခါရော–သည်၊ နိရုဇ္ဈိဿတိ–ချုပ်လတ္တံ့၊ တေသံ–ထိုပုဂ္ဂိုလ်တို့၏၊ ကာယသင်္ခါရော–သည်၊ နော စ နိရုဇ္ဈိဿတိ– မချုပ်လတ္တံ့၊–သင်္ခါရယမိုက်။]

ဟိ–မှန်၊ ရူပသမုဋ္ဌာပကစိတ္တဿ–ရုပ်ကိုဖြစ်စေတတ်သောစိတ်၏၊ ဂန္ဓဗ္ဗ ဂမနာဒိ၊ ပေ၊ ဘာဝေ–အမိဝမ်း၌ဖြစ်ခြင်း အစရှိသော အဿာသ ပဿာသကို တားမြစ်တတ်သောအကြောင်း၏ မရှိခြင်းသည်၊ (သတိ–သော်၊) ["ဘာဝေန" ဟုလည်းရှိ၏၊ "အကြောင်း၏မရှိခြင်းကြောင့်"ဟု ပေးပါ၊] ကာယ၊ ပေ၊ သမုဋ္ဌာပနံ–ကာယသင်္ခါရဟူသော အဿာသ ပဿာသကို မဖြစ်စေနိုင်ခြင်း သည်၊ န အတ္ထိ–မရှိ၊ စ–ဆက်ဦးအံ့၊ စုတောစ–စုတေလည်း စုတေဆဲ၊ အဿ–ထို စုတေသူ၏၊ စိတ္တသမုဋ္ဌာနံစ–စိတ်ကြောင့်ဖြစ်သော ရုပ်သည်လည်း၊ ပဝတ္တတိ–ဖြစ်၏၊ ဣတိ ဧတံ ဒွယံ–ဤနှစ်မျိုးသည်၊ န ယုတ္တံ–မသင့်၊ စုတိစိတ္တံ–သည်၊ ရူပံ–ရုပ်ကို၊ သမုဋ္ဌာပေတိ–ဖြစ်စေ၏၊ ဣတိ ပါဠိဥပိ– ဤသို့သော ပါဠိတော်သည်လည်း၊ န အတ္ထိ၊ ဣတိ–ဤသို့ မှတ်အပ်၏။

**၆၃၇**။ န ကဿတိတိ–ကား၊ န ဝိလေခိယတိ–မရေးခြစ်အပ်၊ ဂတံတိ– ကား၊ ဝိညာတံ–သိအပ်၏၊ စတူဟိ မဟာဘူတေဟိတိ–ကား၊ ယသ္မိံ ကလာပေ–အကြင် ရုပ်ကလာပ်၌၊ ဘူတာနံ–မဟာဘုတ်တို့၏၊ ပရိစ္ဆေဒေါ– အဆုံးအပိုင်းအခြားသည်၊ (အတ္ထိ)၊ (တသ္မိံ ကလာပေ–၌၊) တေဟေဝ–ထို မဟာဘုတ်တို့သည်ပင်၊ အသမ္ဖုဋ္ဌံ–မထိအပ် မထိနိုင်၊ [အာကာသဓာတ်ကို ထိုမဟာဘုတ်တွေကလည်း မထိနိုင်၊] ဟိ–ချဲ့၊ ကလာပန္တရဘူတာနံ–ကလာပ် တစ်ပါး၌ ဖြစ်ကုန်သော မဟာဘုတ်တို့၏၊ (ဘာဝ၌ စပ်၊) ကလာပန္တရဘူတ သမ္ဖုဋ္ဌဘာဝေ–ကလာပ်တစ်ပါး၌ဖြစ်သော မဟာဘုတ်တို့သည် ထိအပ်ကုန် သည်၏အဖြစ်သည်၊ ဝိဇ္ဇမာနေပိ–ထင်ရှားရှိပါသော်လည်း၊ (ဆက်စပ်နေသော

**ဂန္ဓဗ္ဗဂမနာဒိ**။ ။အာဒိဖြင့် "အမိဝမ်းဖြစ်, ရေငုပ်နစ်တည်း, တွက်စစ်လေပါ, ဗြဟ္မာဟူသမျှ, နိရောဓနှင့်, စတုတ္ထစျာန်နေ, တွေဝေလေသူ, သေသသူဟု, မှတ်ယူ ဤမျှ, ခုနစ်ဝ, မရ ထွက်သက် ဝင်သက်တည်း"ဟူသော ပုဂ္ဂိုလ်တို့တွင် ရေနစ်သော ပုဂ္ဂိုလ်စသူကို ယူပါ။

ကလာပ်နှစ်ခုဝယ် မဟာဘုတ်ချင်းချင်း ထိခိုက်နေပါသော်လည်း၊) တံတံဘူတ ဝိဝိတ္တတာ–ထိုထို မဟာဘုတ်တို့မှ ကင်းဆိတ်သည်၏အဖြစ်ဟုဆိုအပ်သော၊ ရူပပရိယန္တော–ရုပ်ကလာပ်တို့၏ အဆုံးအပိုင်းအခြားသည်၊ အာကာသော– အာကာသတည်း၊ ဣတိ–ကြောင့်၊ ယေသံ–အကြင် မဟာဘုတ်တို့၏၊ ယော ပရိစ္ဆေဒေါ–အကြင်အဆုံးအပိုင်းအခြားသည်၊ (အတ္ထိ)၊ တေဟိ–ထိုမဟာဘုတ် တို့သည်၊ သော (ပရိစ္ဆေဒေါ)–ကို၊ အသမ္ဖုဋ္ဌော၀–မထိအပ် မထိနိုင်သည်သာ၊ အညထာ–မဟာဘုတ်တို့၏ မထိအပ်သည်၏အဖြစ်မှတစ်ပါး ထိအပ်သည်၏ အဖြစ်ဟူသော အခြင်းအရာအားဖြင့်၊ (အတ္တေ–ကို၊ ဂယှမာနေ–သော်၊) ပရိစ္ဆိန္နဘာဝေါ–နှစ်ကလာပ်၌ရှိသော ရုပ်တို့၏ ပိုင်းခြားအပ်ကုန်သည်၏ အဖြစ်သည်၊ န သိယာ–မဖြစ်တော့ရာ၊ (ကသ္မာ–နည်း၊) တေသံ ဘူတာနံ– ထို ကလာပ်နှစ်ခု၌ရှိသော မဟာဘုတ်တို့၏၊ ဗျာပိတဘာဝါပတ္တိတော– ပျံ့နှံ့ခြင်း ရှိကုန်သည်၏အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း၊ (ကသ္မာ, ဗျာပိတ ဘာဝါပတ္တိ, ဟောတိ–နည်း၊ ဟိ(ယသ္မာ) အဗျာပိတာ–မဟာဘုတ်တို့၏ ပျံ့နှံ့ခြင်း မရှိကုန်သည်၏အဖြစ်သည်၊ အသမ္ဖုဋ္ဌတာ–အာကာသ၏ မထိအပ် သည်၏အဖြစ်တည်း၊ ဣတိ–ကြောင့်၊ (ဗျာပိတဘာဝါပတ္တိ ဟောတိ)။

**၆၃၈**။ လဟုတာဒီနံ–လဟုတာအစရှိသော ရုပ်တို့၏၊ အညမညာဝိဇဟော နေန–အချင်းချင်းကို မစွန့်ခြင်းကြောင့်၊ ဒုဗ္ဗိညေယျနာနတ္တတာ–ခဲယဉ်းစွာ သိအပ်သော အထူးရှိကုန်သည်တို့၏အဖြစ်ကို၊ ဝုတ္တာ၊ ဣတိ–ကြောင့်၊ တံတံ ဝိကာရာဓိကရူပေဟိ–ထိုထို လွန်ကဲသော ဝိကာရရှိသောရုပ်တို့ဖြင့်၊ တံတံ နာနတ္တပ္ပကာသနတ္ထံ–ထိုထို ထူးကုန်သည်၏အဖြစ်ကို ပြခြင်းအကျိုးငှာ၊ ဧဝံ သန္တေပီတိအာဒိ–ကို၊ (သင်္ဂဟကာရော) အာဟ၊ စ–ဆက်၊ ယထာဝုတ္တာ– အကြင် အကြင် ဆိုအပ်ပြီးကုန်သော၊ ပစ္စယာ–အကြောင်းတို့ကို၊ တံတံ ဝိကာရသ–ထိုထို ဝိကာရရုပ်၏၊ ဝိသေသပစ္စယဘာဝတော–ထူးသော အကြောင်း၏အဖြစ်ကြောင့်၊ ဝုတ္တာ–ပြီ၊ ပန–စင်စစ်ကား၊ အဝိသေသန–အထူး မမ သာမညအားဖြင့်၊ သဗ္ဗေ–အလုံးစုံသော အကြောင်းတို့သည်၊ သဗ္ဗေသံ– အလုံးစုံသောရုပ်တို့၏၊ ပစ္စယာ–အကြောင်းတို့တည်း၊ ဣတိ–မှတ်အပ်၏။

---

**ယထာဝုတ္တာ စ၊ ပေ၊ သဗ္ဗေသံ ပစ္စယာ**။ ။အဋ္ဌကထာ၌ "ရူပဒန္ဓတ္တကရ ဓာတုက္ခောဘပဋိပက္ခပစ္စယ, ရူပထဒ္ဓတ္တကရဓာတုက္ခောဘပဋိပက္ခပစ္စယ, သရီရ ကိရိယာနံ အနနုကူလကရဓာတုက္ခောဘပဋိပက္ခပစ္စယ"ဟု လဟုတာနှင့်ဆိုင်သော အကြောင်းကတစ်မျိုး, မုဒိတာနှင့်ဆိုင်သော အကြောင်းကတစ်မျိုး, ကမ္မညတာနှင့် ဆိုင်သော အကြောင်းကတစ်မျိုး, ဤသို့ ကိုယ့်အကြောင်းနှင့်ကိုယ် ပြထားခြင်းမှာ ထိုလဟုတာစသော ဝိကာရရုပ်များ၏ အထူးအကြောင်းအဖြစ်ဖြင့် ပြထားခြင်းတည်း၊ သာမညအားဖြင့်ကား ထိုအကြောင်းသုံးမျိုးလုံးသည် ထိုလဟုတာစသော ရုပ်သုံးမျိုး၏ အကြောင်းသာမဟုတ်, အားလုံးရုပ်များ၏ အကြောင်းများ ဖြစ်ကြသည်။

**၆၄၁။** အာဒိတော–အစ၌၊ ဝါ–အစစွာ၊ စယော–စီခြင်းသည်၊ ဝါ–ဖြစ်ခြင်းသည်၊ အာစယော–အာစယမည်၏၊ ပဌမုပ္ပတ္တိ–ရှေးဦးစွာဖြစ်ခြင်းတည်း၊ ဥပရိ–အထက်၌၊ ဝါ–နောက်ထပ်၊ စယော–သည်၊ ဥပစယော–ဥပစယမည်၏၊ ပဗန္ဓော–အဆက်မပြတ် ဖွဲ့စပ်ခြင်းသည်၊ သန္တတိ–သန္တတိမည်၏၊ (ဣတိ–ကား၊ ဣမေသံ တိဏ္ဏန္နံ–ဤ အာစယ, ဥပစယ, သန္တတိ သုံးပါးတို့၏၊ ဝိသေသော–အထူးတည်း၊) [ဤသို့ထည့်ရမည်ဟု မဇ္ဈိမ်ဆို၏။] တတ္ထ–ထို အဋ္ဌကထာ၌၊ (တိဿံ အဋ္ဌကထာယံ–မစု၊ အာဟာ၌စပ်၊) ဥဒ္ဒေသေ–ဥဒ္ဒေသ၌၊ (အကျဉ်းပြရာ ဥဒ္ဒေသတုန်းက) အဝုတ္တော–ဟောတော်မမူအပ်သည်၊ (သမာနော) ပိ–ဖြစ်ပါသော်လည်း၊ အာစယော–အာစယကို၊ ဥပစယသဒ္ဒေနေဝ–ဥပစယ သဒ္ဒါဖြင့်ပင်၊ ဝိညာယတိ–သိအပ်သိနိုင်၏၊ ဣတိ–ဤသို့နှလုံးသွင်း၍၊ ယော အာယတနာနံ၊ ပေ၊ ဥပစယောတိ–ဟူ၍၊ (သင်္ဂဟကာရော) အာဟ။

ပန–ဆက်၊ ပါဠိယံ–ပါဠိတော်၌၊ ဥပသဒ္ဒေါ–ဥပသဒ္ဒါသည်၊ ပဌမတ္ထော–ပဌမအနက်ရှိသည်လည်းကောင်း၊ ဥပရိအတ္တော–ဥပရိအနက်ရှိသည်လည်းကောင်း၊ ဟောတိ–၏၊ ဣတိ–ကြောင့်၊ အာဒိစယော–အစ၌ စီခြင်းဟူသော၊ ဥပစယော–ဥပစယ၊ ဥပရိစယော–အထက်၌စီခြင်းဟူသော၊ ဥပစယော–ဥပစယ၊ ဣတိ အယံ အတ္တော–ကို၊ ဝိညာယတိ–သိအပ်၏၊ ဣတိ–ဤသို့ မှတ်အပ်၏၊ ဟိ–လဒ္ဓဒေါသ ထင်ရှားပြအံ့၊ အညထာ–အာဒိအနက်မှ တစ်ပါးသော ဥပရိ

မှန်၏–"ဒန္တတ္ထကရဓာတုက္ခောဘ"ဟူသည် ဖွဲ့စည်းခြင်းသဘောရှိသော အာပေါဓာတ်၏ လွန်ကဲဖောက်ပြန်ခြင်းတည်း၊ ခန္ဓာကိုယ်၌ အာပေါဓာတ် လွန်ကဲသော ဓာတ်ကြီးလေးပါးတို့ ဖောက်ပြန်သောအခါ လေးလံထိုင်းမှိုင်း၏၊ သွက်သွက်လက်လက် သဘောရှိသော လဟုတာ မဖြစ်၊ ထိုသို့ ဓာတ်ကြီးလေးတန် ဖောက်ပြန်ခြင်း၏ ပဋိပက္ခအကြောင်းကား စိတ်ချမ်းသာခြင်း, ဥတု အာဟာရတို့ မျှတခြင်းတည်း၊ ထိုအခါ ဓာတ်လေးပါး ညီညွတ်သဖြင့် အာပေါဓာတ်လည်း မဖောက်ပြန်တော့ရကား ခန္ဓာကိုယ်၏ ပေါ့ပါးခြင်းသဘောရှိသော လဟုတာဖြစ်သည်၊ ဤသို့ စိတ်, ဥတု, အာဟာရတို့၏ ကောင်းမွန်မျှတခြင်းဟူသော အကြောင်းသည် လဟုတာ၏အကြောင်းသာ မဟုတ်, ရုပ်အားလုံးတို့၏အကြောင်းလည်း ဖြစ်သည်၊ ဤသို့ စသည်ဖြင့် ဓာတုက္ခောဘ ဖြစ်ပုံ, ဓာတုသမ ဖြစ်ပုံကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြခဲ့ပြီ။

**တတ္ထ ဥဒ္ဒေသေ၊ပေ၊အာဟ**။ ။ဥဒ္ဒေသတုန်းက အာစယကို ဘုရားရှင်ဟောတော်မမူခဲ့၊ ဥပစယနှင့်သန္တတိကိုသာ ဟောတော်မူခဲ့၏၊ သို့သော် ဥပစယ၌ ဥပသဒ္ဒါသည် အာဒိအနက်, ဥပရိအနက် နှစ်ချက်ကို ဟောနိုင်ရကား ထို ဥပစယသဒ္ဒါ တစ်ခုတည်းဖြင့်ပင် အာဒိစယ–ဥပရိစယ နှစ်နက်ကို သိနိုင်သောကြောင့် အဋ္ဌကထာဆရာသည် အာဒိစယဖြစ်သော အာစယကိုပါ ထည့်၍ဆိုသည်–ဟူလို။

**ပါဠိယံ ပန၊ပေ၊ ဝိညာယတီတိ**။ ။အဋ္ဌကထာ၌ဆိုအပ်သောစကားကို ပါဠိတော်နှင့် ယှဉ်စပ်၍ ပြလိုသောကြောင့် "ပါဠိယံ ပန ၊ပေ၊ ဝိညာယတိ" ဟု မိန့်သည်၊

အနက်ကိုသာ ယူခြင်းသည်၊ (သတိ–သော်၊) အာစယသင်္ခါတဿ–အာစယဟု ဆိုအပ်သော၊ ပဋ္ဌမုပ္ပာဒဿ–အစစွာ ဖြစ်ခြင်း၏၊ ဝါ–အစစွာ ဖြစ်ခြင်းကို၊ အဝုတ္တတာ–ဟောတော်မမူအပ်သည်၏ အဖြစ်သည်၊ အာပဇ္ဇေယျ–ဖြစ်ရာ၏။

ဝေဏ္ဍိ–ကား၊ ယောပေ၊ နိဒ္ဒေသေန–ယော အာယတနာနံ အာစယော ဤသို့ အစရှိသော နိဒ္ဒေသဖြင့်၊ ကိံ–အဘယ်အနက်သည်၊ ဝါ–ကို၊ ကထိတံ–ဟောတော်မူအပ်သည်၊ ဟောတိ–နည်း၊ အာယတနေန–အာယတနသဒ္ဒါဖြင့်၊ အာစယော–အာစယကို၊ ကထိတော–ပြီ၊ ဟိ–မှန်၊ အာစယူပေ၊ ယော– အာစယ,ဥပစယ,သန္တတိတို့သည်၊ နိဗ္ဗတ္တိဘာဝေန–ဖြစ်ခြင်းသဘော၏ အဖြစ်ကြောင့်၊ အာစယောဝေ–အာစယချည်းသာတည်း၊ ဣတိ–သို့၊ အာယတနေဟိ– အာယတနတို့ဖြင့်၊ အာစယာဒီနံ–အာစယ အစရှိသည်တို့၏၊ ဝါ–တို့ကို၊ ပကာသိတတ္တာ–ထင်ရှားပြအပ်ကုန်သည်၏ အဖြစ်ကြောင့်၊ တေဟိ–ထို အာယတနတို့ဖြင့်၊ အာစယော – အာစယကို၊ (ဘဂဝတာ) ကထိတော– ဟောတော်မူအပ်ပြီ။

---

[ယော အာယတနာနံ အာဒိစယတ္တာ အာစယော ပုနပ္ပုနံ နိဗ္ဗတ္တမာနာနံ၊ သောဝ ရူပဿဥပရိစယတ္တာ ဥပစယောတိ အဓိပ္ပေတံ အတ္ထံ ပါဠိယာ ယောဇေတွာ ဒဿေတုံ ပါဠိယံ ပနာတိအာဒိ ဝုတ္တံ၊–အနု၊] ပါဠိတော်၌ အာစယသဒ္ဒါကို ဥဒ္ဒေသဝယ် မဟောအပ်ပါသော်လည်း ဥပစယော၌ ဥပသဒ္ဒါက ပဋ္ဌမအနက်, ဥပရိအနက်နှစ်မျိုးကို ဟောသောကြောင့် အာဒိစယဖြစ်သော ဥပစယ,ဥပရိစယဖြစ်သော ဥပစယ, ဤသို့ အနက်နှစ်မျိုးကို သိနိုင်၏၊ ထို့ကြောင့် "ယော အာယတနာနံ အာဒိစယတ္တာ အာစယော ပုနပ္ပုနံ နိဗ္ဗတ္တမာနာနံ"ဖြင့် အာဒိအနက်ဟော ဥပစယကို ပြ၏၊ "သောဝ ရူပဿဥပရိစယတ္တာ ဥပစယော"ဖြင့် ဥပရိအနက်ဟော ဥပစယကို ပြသည်၊ [စာအုပ် များ၌ "ဥပရိစယောသန္တတိ"ဟု တွေ့ရ၏၊ ဥပရိစယသည် သန္တတိမဟုတ်သေး၊ ဥပစယ၏နောက်၌ အဆက်ဆက်ဖြစ်ခြင်းကိုသာ သန္တတိဟု ခေါ်၏၊ ထို့ကြောင့် "အာဒိ စယော ဥပစယော, ဥပရိစယော ဥပစယောတိ"ဟု ရှိသင့်၏၊ ထိုသို့ ရှိသင့်ကြောင်းကို "အညထာ ဟိပေ၊ အာပဇ္ဇေယျ"ဟူသော နောက်လဒ္ဓဒေါသဝါကျကို ထောက်လျှင် သာ၍ သိသာပါသည်။]

**ဝေဏ္ဍိယော ၊ပေ၊ ကထိတော**။ ။ဤစကားသည် အဋ္ဌကထာ စကားအတိုင်း ပြသော စကားတည်း၊ ဤစကားကို ခိုင်မြဲစေလို၍ "အာစယူပစယ၊ပေ၊ အာစယော ကထိတော"ဟု မိန့်သည်၊ အာစယ, ဥပစယ,သန္တတိ"တို့သည် ဖြစ်ခြင်းသဘောချည်း ဖြစ်ရကား အာစယအမည် ရကြကုန်သည်သာ၊ ထို့ကြောင့် "ယော အာယတနာနံ အာစယော၊ပေ၊သန္တတိ"တိုင်အောင်သော ပါဠိတော်ပါဌ်ဝယ်"အာယတနံ"၌ အာယတန သဒ္ဒါဖြင့် အာစယစသည်ကို ထင်ရှားပြပြီး ဖြစ်ရကား "အာယတနတို့ဖြင့် အာစယကို ဟောတော်မူအပ်ပြီ"ဟုဆိုသည်၊ [အာယတနရုပ်တို့ကို ဟောတော်မူလိုက်လျှင် ထိုရုပ် တို့၏ ဥပါဒ်ဟူသော အာစယကိုလည်း ဌာနူပစာရအားဖြင့် ထင်ရှားပြပြီးဖြစ်သည်ကို "အာယတနေဟိ အာစယာဒီနံ ပကာသိတတ္တာ" ဟု ဆိုသည်။

အာယတနာနံ–အာယတနတို့၏၊ အာစယာဒိဝစနေနေဝ–အာစယ အစရှိသည်ကို ဟောတော်မူခြင်းကြောင့်ပင်၊(ကထိတာနိ၌စပ်၊) အာစယသဘာဝါနိ–အာစယသဘောရှိကုန်သော၊ ဥပ္ပာဒဓမ္မာနိ–ဖြစ်ခြင်းသဘောရှိကုန်သော၊ ["အာစယသဘာဝါနိကို ဥပ္ပာဒဓမ္မာနိ"ဟု ထပ်ဖွင့်သည်၊] အာယတနာနိ–အာယတနတရားတို့သည်၊ ဟောန္တိ၊ ဣတိ–ကြောင့်၊ အာစယေန–အာစယဖြင့်၊ တံပကတိကာနိ–ထိုသို့ ဖြစ်ခြင်းသဘောရှိကုန်သော၊ အာယတနာနိ–တို့ကို၊ ကထိတာနိ၊ ဟိ–မှန်၊ (တစ်နည်း) ဟိ ယသ္မာ–ကြောင့်၊ ဥပ္ပာဒေါ–ဖြစ်ခြင်းသည်၊ လက္ခဏံ–ရုပ်တို့၏အမှတ်အသားသာတည်း၊ ရူပရူပံ–ရူပရုပ်သည်၊ (ရုပ်အစစ်သည်၊) န–မဟုတ်၊ ဣတိ–ကြောင့်၊ (အာစယေန တံပကတိကာနိ အာယတနာနိ ကထိတာနိ၊) [ဥပစယသန္တတိသည် နိပ္ဖန္နရုပ်, ရူပရုပ်တို့၌မပါ၊ ထိုရုပ်တို့၏ ဖြစ်ခြင်းလက္ခဏာမျှသာ ဖြစ်၏၊ ထို့ကြောင့် လက္ခဏာရုပ်ဟု ခေါ်ထားသည်၊] တေနေဝါဓိပ္ပာယေန–ထိုသို့သော အဓိပ္ပာယ်အားဖြင့်ပင်၊ အာယတနမေဝ ကထိတန္တိ–ဟူ၍၊(သင်္ဂဟကာရော) အာဟ–ပြီ၊ ဟိ–မှန်၏၊ (မဓု၌ကား "ဝိဘာဝေတုံ"ဟု ဖွင့်၏၊) အာစယံ–အာစယဟူသော၊ လက္ခဏံ–လက္ခဏာကို၊ ကထယန္တေန–ဟောတော်မူသော မြတ်စွာဘုရားသည်၊ တံလက္ခဏာနိ–ထိုလက္ခဏာရှိကုန်သော၊ အာယတနာနေဝ–အာယတနတို့ကိုသာ၊ ကထိတာနိ–ဟောတော်မူအပ်ကုန်သည်၊ ဟောန္တိ၊ ဣတိ–ဤသို့ မှတ်အပ်၏။

ဝေမှိ၊ပေ၊ ဟောတီတိ–ကား၊ အာယတနာစယေဟိ–အာယတနဟူသော အာစယတို့ဖြင့်လည်းကောင်း၊ (အာယတန နာမည်ဖြင့် ဟောတော်မူအပ်သော အာစယတို့ဖြင့်လည်းကောင်း၊) အာစယာယတနေဟိ–အာစယဟူသော အာယတနတို့ဖြင့်လည်းကောင်း၊) (အာစယနာမည်ဖြင့် ဟောတော်မူအပ်သော

**အာယတနာနံ၊ပေ၊ ကထိတာနိ**။ ။ဤစကားသည် အဋ္ဌကထာဝယ် အာစယေန အာယတနံ ကထိတံ၏အဖွင့်တည်း၊ ပါဠိတော်ဝယ်"ယော အာယတနာနံ အာစယော" စသော ပါဌ်ဖြင့် အာစယ,ဥပစယ,သန္တတိတို့ကို ပြတော်မူ၏၊ ထို စကားတော်ဝယ် အာယတနတို့၏ ဖြစ်ခြင်းဟူသော အာစယစသည်ကို မိန့်တော်မူသောကြောင့် "အာယတနတို့သည် ဖြစ်ခြင်းသဘောရှိသောတရားများ ဖြစ်ကြ၏"ဟု သိသာ၏၊ ထို့ကြောင့် "အာစယဖြင့် ထိုဖြစ်ခြင်းသဘောရှိသော အာယတနတို့ကို ဟောတော်မူအပ်ကုန်၏"ဟု အဋ္ဌကထာဆိုသည်။

**လက္ခဏံဟိ၊ ပေ၊ ဟောန္တီတိ**။ ။ဤကား ဆိုအပ်ပြီးသော စကားကို ထပ်၍ ခိုင်မြဲစေသော စကားတည်း၊ "အာစယ"အရ ဖြစ်ခြင်းဟူသည် အမှတ်လက္ခဏာသာတည်း၊ ရုပ်အစစ် ပရမတ္ထတရားမဟုတ်၊ ထို့ကြောင့် ထိုအဓိပ္ပာယ်အတိုင်းပင် "အာစယဖြင့် အာယတနကို ဟောတော်မူအပ်ပြီ"ဟု အဋ္ဌကထာဆိုသည်၊ ထိုစကားကို မြဲစေလို ထင်ရှားစေလို၍ "အာစယံ ဟိ လက္ခဏံ"စသည်ကို မိန့်သည်။

အာယတနာတို့ဖြင့်လည်းကောင်း၊) အာစယမေဝ–အာစယကိုသာလည်းကောင်း၊ အာယတနမေဝ–အာယတနကိုသာလည်းကောင်း၊ ကထေန္တေန–ဟောတော်မူသော မြတ်စွာဘုရားသည်၊ ဥဒ္ဒေသေ–ဥဒ္ဒေသ၌လည်းကောင်း၊ နိဒ္ဒေသေစ–နိဒ္ဒေသ၌လည်းကောင်း၊ အာစယောတိ ဣဒမေဝ–အာစယောဟူသော ဤပုဒ်ကိုသာ၊ အဝတွာ–မဟောမူ၍၊ ဥပစယသန္တတိယော–ဥပစယ,သန္တတိတို့ကို၊ ဥဒ္ဒိသိတွာ–သရုပ်အားဖြင့် ပြတော်မူပြီး၍၊ တေသံ–ထို ဥပစယ, သန္တတိတို့ကို၊ ဝိဘဇနဝသေန–ဝေဖန်တော်မူခြင်း၏အစွမ်းဖြင့်၊ အာယတနေန အာစယကထနာဒိနာ–အာယတနဖြင့် အာစယကို ဟောတော်မူခြင်း အစရှိသည်ဖြင့်၊ ကိံ–အဘယ်အနက်သည်၊ ဝါ–ကို၊ ကထိတံ–သည်၊ ဟောတိ–နည်း၊ ဣတိ အယံ–ကား၊ အဓိပ္ပာယော–အဋ္ဌကထာဆရာ၏ အလိုတည်း၊ [ဤဝါကျ၏ အဓိပ္ပာယ်ကို နိဿယ၌ ပြထားပြီ၊] အာစယောတိ–ပါဠိဖြင့်၊ ဥပစယံ–ကို၊ အာဟ၊ ဥပစယောတိစ–ပါဠိဖြင့်လည်း၊ သန္တတိံ–ကို၊(အာဟ)၊ တဒေဝုဘယံ–ထို ဥပစယ,သန္တတိ နှစ်ပါးကိုပင်၊ ယထာက္ကမံ–တိုင်း၊ ဝိဝရန္တော–ဖွင့်လိုသည်၊ (ဟုတွာ) နိဗ္ဗတ္တိ ၊ပေ၊ ကထိတာတိ–ဟူ၍၊ (သင်္ဂဟကာရော) အာဟ။

ဟိ–မှန်၊ ဥပစယသန္တတိယော–ဥပစယသန္တတိတို့သည်၊ အတ္ထတော–လိုရင်းအနက်အားဖြင့်၊ ကေတ္တာ–တူကုန်သည်၏အဖြစ်ကြောင့်၊ အာစယော၀–အာစယချည်းသာတည်း၊ ဣတိ–ကြောင့်၊ တဒုဒ္ဒေသဝိဘဇနဝသေန–ထို ဥပစယ,သန္တတိတို့၏ ဥဒ္ဒေသကို ဝေဖန်ခြင်း၏အစွမ်းအားဖြင့်၊ အာယတနေန အာစယကထနာဒိနာ–အာယတနဖြင့် အာစယကို ဟောတော်မူခြင်း အစရှိသည်ဖြင့်၊ အာစယဿ–၏၊ နိဗ္ဗတ္တိဝဍ္ဎိအာကာရနာနတ္တံ–ဖြစ်ခြင်း တိုးပွားခြင်းဟူသော အခြင်းအရာအားဖြင့် ထူးသည်၏အဖြစ်ကို၊ (ဘဂဝတာ) ကထိတံ၊ ဣတိ အတ္ထော၊ ဣမေဝအတ္ထံ–ဤအနက်ကိုပင်၊ ဝိဘာဝေတုံ–ထင်စွာပြခြင်းငှာ၊ အတ္ထတောဟိတိအာဒိံ–ကို၊ (သင်္ဂဟကာရော) အာဟ၊ စ–ဆက်၊ ယသ္မာ–ကြောင့်၊ ဧတံ ဥဘယမ္ပိ– ဤ နှစ်ပါးစုံသော ဥပစယသန္တတိသည်လည်း၊

---

**ဥဒ္ဒေသေ နိဒ္ဒေသေ စ**။ ။ဥဒ္ဒေသကို "ဥပစယသန္တတိယော ဥဒ္ဒိသိတွာ"၌စပ်၊ "ဥဒ္ဒေသ၌ ဥပစယသန္တတိသာမက သရုပ်ထုတ်ပြတော်မူ၍"ဟူလို၊ နိဒ္ဒေသေကို "ဣဒမေဝ အဝတွာ တေသံ ဝိဘဇနဝသေန"၌ စပ်၊ နိဒ္ဒေသ၌လည်း "အာစယော"ဟူသော ဤပုဒ်ကိုသာ ဟောတော်မူရုံသာမက, ဥပစယသန္တတိကိုလည်း အကျယ်ဝေဖန်"ဟူလို။

**အာစယော၊ ပေ၊ အာဟ**။ ။အဋ္ဌကထာ၌ "စတုသန္တတိရူပါနံ အာစယော ဥပစယော နိဗ္ဗတ္တိဝဍ္ဎိကထိတာ"ဟု ဆိုထား၏၊ ထိုစကား၌ အာစယောအရ ဥပစယကို ယူပါ၊ ထို ဥပစယကိုပင် နိဗ္ဗတ္တိဟု ဖွင့်သည်၊ ဥပစယောအရ သန္တတိကို ယူပါ၊ ထို သန္တတိကိုပင် ဝဍ္ဎိဟု ဖွင့်သည်။

ဇာတိရူပဿေဝ–ဇာတိရုပ်၏သာ၊ အဓိဝစနံ–တည်း၊ တသ္မာ–ကြောင့်၊ ဇာတိရူပဿ–ဇာတိရုပ်၏၊ လက္ခဏာဒိဝိသေသေသု–လက္ခဏာအစရှိသော အထူးရှိကုန်သော၊ အာစယာဒီသု–အာစယ အစရှိသည်တို့တွင်လည်းကောင်း၊ ပဝတ္တိအာဒီသုစ–ပဝတ္တိအာစရှိသည်တို့တွင်လည်းကောင်း၊ ဥပစယော–သည်၊ အာစယာဒိလက္ခဏာဒိကော–အာစယအစရှိသော လက္ခဏာအစရှိသည် ရှိ၏၊ သန္တတိ–သည်၊ ပဝတ္တိအာဒိလက္ခဏာဒိကာ–ပဝတ္တိအစရှိသော လက္ခဏာအစရှိသည် ရှိ၏၊ ဣတိ–ဤသို့၊ ဝေဒိတဗ္ဗာ–၏၊ ဣတိ အတ္ထော။

**၆၄၃။** ပကတိနိဒ္ဒေသောတိ–ကား၊ ဖလဝိပစ္စနပကတိယာ–အာယုသံဟာနိစသော အကျိုးကို ဖြစ်စေခြင်းသဘောကို၊ နိဒ္ဒေသော–ညွှန်ပြကြောင်းသဒ္ဒါတို့တည်း၊ ဝါ–တစ်နည်း၊ ဇရာယ–ဇရာကြောင့်၊ ပါပုဏိတဗ္ဗ–ရောက်ထိုက်သော၊ ဖလမေဝ–"အာယုသံဟာနိ"စသော အကျိုးသည်ပင်၊ ပကတိ–ပကတိမည်၏။

နု စ၊ပေ၊ ဇရာတိ–ကား၊ ကလလကာလတော–ကလလရေကြည်အခါမှ၊ ပဘုတိ–စ၍၊ ပုရိမရူပါနံ–ရှေး၌ဖြစ်ကုန်သော ရုပ်တို့၏၊ ဇရာပတ္တက္ခဏေ–ဇရာသို့ရောက်ရာ ခဏ၌၊ ဥပ္ပဇ္ဇမာနာနိ–ဖြစ်ကုန်သော၊ ပစ္ဆိမရူပါနိ–နောက်၌ဖြစ်သော ရုပ်တို့သည်၊ ပရိပက္ကရူပါနုရူပါနိ–ရင့်ကျက်သော ရှေ့ရုပ်သို့ အစဉ်လိုက်သော နောက်ရုပ်တို့သည်၊ ပရိဏတပရိဏတာနိ–ရင့်ကျက်, သာ၍ရင့်ကျက်ကုန်သော ရုပ်တို့သည်၊(ဟုတွာ)ဥပ္ပဇ္ဇန္တိ၊ ဣတိ–ကြောင့်၊ အနုက္ကမေန–အစဉ်အားဖြင့်၊ သုပရိဏတရူပပရိပါကကာလေ–အလွန်ရင့်ကျက်သော ရုပ်တို့၏ ရင့်ကျက်ရာ ဟာနိဒသကအခါ၌၊ ဥပ္ပဇ္ဇမာနာနိ–ဖြစ်ကုန်လတ်သော်၊ ခဏ္ဍိစ္စာဒိသဘာဝါနိ–ကျိုးသော သွားရှိသူ၏အဖြစ် အစရှိသော သဘောရှိကုန်သည်၊ (ဟုတွာ) ဥပ္ပဇ္ဇန္တိ–န်၏၊ တာနိ–ထိုရုပ်တို့သည်၊ ဥဒကာဒိမဂ္ဂေသု–ရေအစရှိသည်တို့၏ လမ်းတို့၌၊ တိဏ၊ ပေ၊ ဝိယ–မြက်သစ်ပင်တို့၏ ကျိုးပြတ်ခြင်း အစရှိသည်တို့ကဲ့သို့၊ ပရိပါကဂတမဂ္ဂသင်္ခါတေသု–ရင့်ကျက်သော ဇရာ၏ သွားအပ်သောလမ်းဟု ဆိုအပ်ကုန်သော၊ ပရိပက္ကရူပေသု–ရင့်ကျက်သော ရုပ်တို့၌၊ ဥပ္ပန္နာနိ–ဖြစ်သော ရုပ်တို့ကို၊ ဇရာယ–ဇရာ၏၊ ဂတမဂ္ဂေါတိစ္စေဝ–သွားအပ်သော လမ်းဟူ၍သာ၊ ဝုတ္တာနိ၊ ဇရာ–သည်၊ န–မဟုတ်၊ ဣတိ–ဤသို့ မှတ်အပ်၏။

---

**ဇာတိရူပဿ၊ပေ၊ ဝေဒိတဗ္ဗာ။** ။အာစယာဒိ၌ အာဒိဖြင့် အဋ္ဌကထာ၌ လာသော "ဥမ္မုဇ္ဇာပန, နိယျာတန, ပရိပုဏ္ဏဘာဝ, ဥပစိတရူပတို့ကို ယူ၊ ပဝတ္တိအာဒိ၌ အာဒိဖြင့် အနုပ္ပဗန္ဓ, အနုပစ္ဆေဒ, အနုပ္ပဗန္ဓရူပတို့ကို ယူ။ လက္ခဏာဒိ၌ အာဒိဖြင့် ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို ယူ၊ "အာစယလက္ခဏော ရူပဿဥပစယော"အစရှိသော လက္ခဏ ရသ ပစ္စုပဋ္ဌာန်တို့သည် ဇာတိရုပ်၏ လက္ခဏာ စသည်များ ဖြစ်ကြ၏၊ ထို့ကြောင့် "ဇာတိရူပဿလက္ခဏာဒိ ဝိသေသေသု"ဟု ဆိုသည်။

အဝိညာယမာနတ္တ ရဇရာ–မသိအပ်သော အထူးရှိသော ဇရာသည်၊ အဝီစိဇရာ–အဝီစိဇရာ မည်၏၊…မရဏာ–သေခြင်း၌၊ ဝါ–သို့၊ ဥပနယနရသာ–ကပ်ဆောင်ခြင်းကိစ္စ ရှိ၏။

**၆၄၄။** တံ ပတ္ဂာတိ–ကား၊ အတ္တနော ဝေ–မိမိဟူသော ဇရာ၏ပင်၊ ခယဝယသင်္ခါတံ–ကုန်ခြင်း, ကင်းခြင်းဟု ဆိုအပ်သော၊ တံ သဘာဝံ–ထိုသဘောသို့၊ ပတ္တာ–ရောက်၍၊ ဝါ–ရောက်လတ်သော်၊ ရူပံ–ရုပ်သည်၊ ခီယတိ–ကုန်၏၊ ဝေတိ–ကင်း၏၊ ဘိဇ္ဇတိ–ပျက်၏၊… ပေါထေတွာ–ပုတ်ခတ်၍၊ ပါတိတဿ–ကျစေအပ်သူ၏၊ (လဲကျစေအပ်သူ၏၊) ဒုဗ္ဗလတာ–အားမရှိသည်၏အဖြစ်သည်လည်းကောင်း၊ ပရာဓီနတာ–သူတစ်ပါး၏စပ်သော ဥစ္စာ၏အဖြစ်သည်လည်းကောင်း၊ (သူတစ်ပါးနှင့် စပ်သည်၏ အဖြစ်သည်လည်းကောင်း၊) သယနပရာယဏတာစ–အိပ်ရာဟူသော လည်းလျောင်းရာရှိသည်၏အဖြစ်သည်လည်းကောင်း၊ ဟောတိ–၏၊ တထာ–တူ၊ ဇရာဘိဘူတဿ–ဇရာသည် နှိပ်စက်အပ်သူ၏၊ (ဒုဗ္ဗလတာ–လည်းကောင်း၊ ပရာဓီနတာ သယနပရာယဏတာစ ဟောတိ၊) ဣတိ–ကြောင့်၊ ဇရာ–သည်၊ ပေါထကသဒိသီ–ပုတ်ခတ်တတ်သူနှင့် တူ၏။

**၆၄၅။** ကတ္တဗ္ဗတောတိ–ကား၊ ကတ္တဗ္ဗသဘာဝတော–ပြုထိုက်သည်၏အဖြစ်ဟူသော သဘောအားဖြင့်၊ [ကတ္တဗ္ဗသဘာဝတောတိ မူလဖလာဒီနံ ဣဓာဓိပ္ပေတအာဟာရဝတ္ထုနံ မုခေန အသနာဒိကတ္တဗ္ဗသဘာဝတော–အနု။]

တရုစ္ဆေဒေဋ္ဌတောမိတာနံ–အောင်းတို့၏ တံတွေးဖြင့် စိုစေအပ်ကုန်သော၊ ဝိသာဏာဒီနံ–ဦးချိုအစရှိသည်တို့၏၊ ပါသာဏာနံ–ကျောက်ခဲတို့၏၊ (ထဒ္ဓဘာဝေါ)ဝိယ–ခက်မာကုန်သည်၏အဖြစ်ကဲ့သို့၊ ထဒ္ဓဘာဝါဘာဝတော–ခက်မာကုန်သည်၏အဖြစ်၏ မရှိခြင်းကြောင့်လည်းကောင်း၊ အဟိဝိစ္ဆိကာနံ–မြွေ, ကင်းမြီးကောက်တို့၏၊ (သဝိသတ္တံ)ဝိယ–အဆိပ်နှင့်တကွ ဖြစ်ကုန်သည်၏အဖြစ်ကဲ့သို့၊ သဝိသတ္တာဘာဝတောစ–အဆိပ်နှင့်တကွ ဖြစ်ကုန်သည်တို့၏အဖြစ်၏ မရှိခြင်းကြောင့်လည်းကောင်း၊ သုခုမတာ–သိမ်မွေ့သည်တို့၏ အဖြစ်ကို၊ ဝုတ္တာ။

ဩဇာလက္ခဏောတိ ဧတ္ထ–၌၊ အင်္ဂမင်္ဂါနုသာရိနော–အင်္ဂါကြီးငယ်သို့ အစဉ်လိုက်သော၊ ရသဿ–အရသာ၏၊ (ချို,ချဉ်,စပ်,ဖန်,ခါး,အငန် ဖြစ်ကုန်သော အရသာ၏၊) သာရော–အနှစ်သာရဟူသော၊ ဥပတ္ထမ္ဘကလကရော–ထောက်ပံ့တတ်သော အားကိုပြုတတ်သော၊ ဘူတနိဿိတော–ဘူတရုပ်ကို မှီသော၊ [ဥပါဒါရုပ်ကို ဆိုသည်၊] ဧကော–တစ်ခုသော၊ ဝိသေသော–ရုပ်အထူးဟူသော၊ ဩဇာ–ဩဇာတည်း၊ ဣတိ–ဤသို့ မှတ်အပ်၏။

**ဥပါဒါဘာဇနီယကထာဝဏ္ဏနာ–သည်၊ နိဋ္ဌိတာ။**

## နောဥပါဒါဘာဇနီယကထာဝဏ္ဏနာ

**၆၄၆။** န ဥပါဒိယတေဝါတိ–ကား၊ န နိဿယတိဝေ–မှီရုံသာ မှီတတ်သည် မဟုတ်၊ ကိန္တု–စင်စစ်ကား၊ နိဿယတိစ–မှီလည်း မှီတတ်၏၊ နိဿီယတိစ–မှီလည်း မှီအပ်၏၊ ဣတိ အတ္တော။

**၆၄၇။** ပုရိမာပနာတိ–ဟူသော စကားကို၊ (ဝုတ္တံဠ္ဌိစပ်၊) ပဉ္စဝိဓသင်္ဂဟေ–ပဉ္စဝိဓသင်္ဂဟ၌၊ (နောက်လာမည့် ပဉ္စဝိဓသင်္ဂဟ၌၊) ပထဝီ၊ပေ၊ ဝါယောဓာတူနံ–တို့တွင်၊ ပုရိမုဒ္ဒေသဝသေန–တေဇော ဝါယောဓာတ်တို့မှ ရှေးဦးစွာ ညွှန်ပြခြင်း၏ အစွမ်းဖြင့်၊ (သင်္ဂဟကာရေန) ဝုတ္တံ၊ [ပုရိမုဒ္ဒေသဝသေန–တေဇော, ဝါယောဓာတ်တို့မှ ရှေးဦးစွာ ညွှန်ပြခြင်း၏အစွမ်းဖြင့်၊ (သင်္ဂဟကာရေန) ဝုတ္တံ၊ [ပုရိမုဒ္ဒေသဝသေနာတိ ဣဒံ တေဇောဝါယောဓာတူဟိ အာပေါဓာတုယာ ပုရိမတံ သန္ဓာယ ဝုတ္တံ၊–မဓု၊] ဝါ–တစ်နည်း၊ ဖောဋ္ဌဗ္ဗာယတနနိဒ္ဒေသေ–၌၊ ဝုတ္တာနံ–ဟောတော်မူအပ်ပြီးကုန်သော၊ ပထဝီဓာတုအာဒီနံ–ပထဝီဓာတ်အစရှိသည်တို့၏၊ ပုရိမာ–ရှေး၌ဖြစ်သော၊ ဥဒ္ဒေသေ–ဥဒ္ဒေသ၌၊ ဝါ–ဥဒ္ဒေသတုန်းက၊ ဝုတ္တာ–ဟောတော်မူအပ်သော၊ အာပေါဓာတု–သည်၊ (ပဌ္ဌရဏလက္ခဏာ စသည်၌ စပ်၊) ဣတိ–ကား၊ အဓိပ္ပာယော–အဋ္ဌကထာဆရာ၏ အလိုတည်း။

ဝါ–တစ်နည်း၊ ဝုတ္တာသ–ဟောတော်မူအပ်ပြီးသော၊ ဖောဋ္ဌဗ္ဗာယတနသ–၏၊ အတီတတာယ–လွန်ပြီး၏အဖြစ်ကြောင့်၊ ပစ္ဆိမတာ–နောက်၏အဖြစ်ကိုလည်းကောင်း၊ အနာဂတတာယ–အနာဂတ်၏အဖြစ်ကြောင့်၊ အာပေါဓာတုယာ–၏၊ ပုရိမတာစ–ရှေ့၏အဖြစ်ကိုလည်းကောင်း၊ (သင်္ဂဟကာရေန) ဝုတ္တာ၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗာ–၏။ အာယူတိ–ကား၊ ဓိဝိတိန္ဒြိယံ–ရုပ်နာမ်နှစ်ထွေ ဓိဝိတိန္ဒြေတည်း၊ [အာယုသဟဂတော၌ အာယုကို ခွဲ၍ ဖွင့်သည်၊] ကမ္မဇတေဇံ–ကမ္မဇတေဇောသည်၊ ဥသ္မာ–ဥသ္မာမည်၏၊ [ဥသ္မာသဟဂတော၌ ဥသ္မာကို ခွဲ၍ဖွင့်သည်။]

ယံကိဉ္စိ၊ပေ၊နုပ္ပဇ္ဇတီတိ–ကား၊ ကေသိမ့် ခဏေ–တစ်ခုတည်းသော ခဏ၌၊ အနေကာသု– တစ်ပါးမက များစွာကုန်သော၊ အာပါထဂတာသု– ရှေးရှု ကျရောက်ကုန်သော၊ တာသု တာသု ပထဝီသု – ထိုထို ပထဝီဓာတ်တို့၌၊ သဟ–တစ်ပြိုင်နက်၊ (ကာယဝိညာဏံ–သည်၊) နုပ္ပဇ္ဇတိ–မဖြစ်၊ တေဇဝါယူသု–တေဇောဓာတ်, ဝါယောဓာတ်တို့၌လည်း၊ တထာ–ထို့အတူတည်း၊ [ထို့အတူ

---

**ဖောဋ္ဌဗ္ဗ၊ပေ၊ဝါ။** ။ဤဒုတိယနည်း၌ နောပါဒါနိဒ္ဒေသနေရာဝယ် ဥဒ္ဒေသတုန်းက ဖောဋ္ဌဗ္ဗာယတနကို ရှေးဦးစွာ ပြသော်လည်း နိဒ္ဒေသရောက်သောအခါ ဥဒ္ဒေသတွင်းက အာပေါဓာတ်သည် နိဒ္ဒေသထက် ရှေ့ကျ၏၊ ထိုသို့ ရှေ့ကျသော အာပေါဓာတ်ကို ရည်ရွယ်၍ “ပုရိမာ ပန”စသည်ကို မိန့်သည်။

ကာယဝိညာဏံ မဖြစ်– ဟူလို၊] ဣတိ အတ္တော၊ အနေကေသု– နံသော၊ အာရမဏေသု–တို့သည်၊ သန္နိပတိတေသု–ပေါင်းဆုံကျရောက်ကုန်လတ်သော်၊ အာဘုဇိတဝသေန–နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့်သော်လည်းကောင်း၊ အာရမဏ၊ပေ၊ ဝသေနစ–အာရုံ၏ လွန်ကဲသည်၏အဖြစ်, ပသာဒ၏ လွန်ကဲသည်၏အဖြစ်၏ အစွမ်းအားဖြင့်သော်လည်းကောင်း၊ ပဋ္ဌမံ–စွာ၊ ကတ္ထစိ–တစ်စုံတစ်ခုသော အာရုံ၌၊ ဥပ္ပတ္တိ–ဖြစ်ခြင်းကို၊ ဒဿိတာ–(အဋ္ဌကထာ၌) ပြအပ်ပြီ၊ ပန–ထိုသို့ပင် ရှေးဦးစွာဖြစ်ပုံကို ပြအပ်ပါသော်လည်း၊ အညတ္ထစ–အခြားသော အာရုံတို့၌လည်း၊ (အာဘုဇိတလည်း မဟုတ်, ပသာဒအာရုံတို့၏ အဓိမတ္တလည်း မဟုတ်သော အခြားအာရုံတို့၌လည်း၊) ဥပ္ပတ္တိ–သည်၊ အတ္ထိဧဝ–ရှိသည်သာ၊ [အဋ္ဌကထာဝယ် အာဘုဇိတ စသည်မဟုတ်သော အခြားအာရုံများ၌လည်း နောက်ထပ် ဆက်လက်၍ ဖြစ်နိုင်ပါသေး၏–ဟူလို။]

အာရမဏတော–အာရုံမှ၊ သာဟံ အာရမဏန္တရသင်္ကန္တိ–ထိုအာရုံတစ်ပါးသို့ ပြောင်းရွှေ့ခြင်းသည်၊ ယေန ဥပါယေန–အကြင် နည်းလမ်းဖြင့်၊ ဟောတိ၊ တဿ–ထို နည်းလမ်းကို၊ ဝိဇာနနတ္ထံ–သိခြင်းအကျိုးငှာ၊ ကထံ၊ ပေ၊ ဟောတီတိ–ဟူ၍၊ ပုစ္ဆတိ–၏။

**၆၅၁။** အယောပိဏ္ဍိအာဒီသု–သံတွေခဲ အစရှိသည်တို့၌၊ ပထဝီဓာတု–သည်၊ တာဒိသာယ–ထိုကဲ့သို့ ရှုအပ်သော၊ (အခဲဖြစ်အောင် ဖွဲ့စည်းတတ်သော၊) အာပေါဓာတုယာ–သည်၊ အနာဗဒ္ဓါ–မဖွဲ့စည်းအပ်သည်၊ သန္တီ–ဖြစ်လတ်သော်၊ ဝိသရေယျ – ပြန့်ကြဲနေရာ၏၊ တသ္မာ, တာနိ၊ ပေ၊ ကရောတီတိ–ဟူ၍၊ (သင်္ဂဟကာရေန) ဝုတ္တံ၊ ဟိ–ဥပမာဆောင် ထင်အောင် ပြ အံ့၊ ယုတ္တပ္ပမာဏံ–သင့်လျော်သော ပမာဏရှိသော၊ ဥဒကံ–သည်၊ ပံသုစုဏ္ဏာနိ–မြေမှုန့်တို့ကို၊ အာဗန္ဓိတွာ–ဖွဲ့စည်း၍၊ မတ္တိကာပိဏ္ဍံ–မြေညက်စိုင်ကို၊ ကတွာ၊ ဌပေတိ ယထာ–ကဲ့သို့၊ [ရေက နည်းနေလျှင်လည်း ဖွဲ့မထားနိုင်၊ ရေက များလွန်းနေလျှင်လည်း အရည် ဖြစ်သွားလိမ့်မည်၊ ထို့ကြောင့် "ယုတ္တပ္ပမာဏံ"ဟု ဆိုသည်၊] ဧဝံ–တူ၊ အယောပိဏ္ဍိအာဒီသုပိ–တို့၌လည်း၊ တဒနုရူပပစ္စယေဟိ–ထိုအခဲဖြစ်ခြင်းအားလျော်သော အကြောင်းတို့ကြောင့်၊

---

**တဒနုရူပပစ္စယေဟိ။** ။အတ္တနော အာဗန္ဓနာနုရူပဂုဏေဟိ အာဗန္ဓိယမာနေဟိ သန္တာရဏာဒိ ကိစ္စေဟိ ပုရိမေတိစ ပထဝီအာဒီဟိ–အနု၊ မိမိဟူသော အာပေါဓာတ်၏ ဖွဲ့စည်းခြင်းကိစ္စအားလျော်သော ဂုဏ်ရှိကုန်သော (အာပေါဓာတ်က) ဖွဲ့စည်းဖွယ် ဖြစ်ကုန်သော သန္တာရဏစသော ကိစ္စရှိကုန်သော ထိုကလာပ်တွင်ပါဝင်သော ပထဝီ စသည်တို့ကိုလည်းကောင်း, (ထိုကလာပ်မဖြစ်မီ) ရှေ့၌ ဖြစ်ကုန်သော ပထဝီဓာတ် စသည်တို့ကိုလည်းကောင်း "တဒနုရူပပစ္စယ"ဟု ဆိုသည်။

တတ္တွေဝ–ထိုအခဲ၌ပင်၊ ဥပ္ပန္နာ–ဖြစ်သော၊ (ပါဝင်သော၊) အာပေါဓာတု–သည်၊ တထာ–ထို အခဲ၏အဖြစ်ဖြင့်၊ အာဗန္ဓိတွာ ဋ္ဌပေတိ၊ ဣတိ ဒဋ္ဌဗ္ဗာ။

အဖုသိတွာ၊ ပေ၊ ဟောတီတိ–စကားကို၊ အာပေါဓာတုယာ–၏၊ အဖောဋ္ဌဗ္ဗဘာဝတော–ဖောဋ္ဌဗ္ဗာရုံ မဟုတ်သည်၏အဖြစ်ကြောင့်၊ ဝုတ္တံ၊ (“အဖုသိတွာ”ဟု ဆိုအပ်သည်–ဟူလို၊) အဖုသိတွာဝ အာဗန္ဓတီတိ–စကားကို၊ တထာ–တူ၊ (အာပေါဓာတုယာ အဖောဋ္ဌဗ္ဗဘာဝတော ဝုတ္တံ၊) ဟိ–မှန်၊ ဖောဋ္ဌဗ္ဗဓာတူနံ–ဖောဋ္ဌဗ္ဗာရုံဖြစ်သော ဓာတ်သုံးပါးတို့၏၊ ဖောဋ္ဌဗ္ဗဘာဝေန–တွေ့ထိထိုက်သည်၏ အဖြစ်ဖြင့်၊ အညမညနိဿယတာ–အချင်းချင်းမှီရာ၏ အဖြစ်သည်၊ (ဟောတိ ယထာ) ဧဝံ–တူ၊ ဖောဋ္ဌဗ္ဗာဖောဋ္ဌဗ္ဗဓာတူနံ–ဖောဋ္ဌဗ္ဗဓာတ်, ဖောဋ္ဌဗ္ဗမဟုတ်သော အာပေါဓာတ်တို့၏၊ (ဖောဋ္ဌဗ္ဗဘာဝေန အညမညနိဿယတာ) န ဟောတိ၊ ဣတိ–သို့၊ အဓိပ္ပာယော–အဋ္ဌကထာဆရာ၏ အလိုကို၊ ဝေဒိတဗ္ဗော၊ ဟိ–ဆက်၊ အဝိနိဗ္ဘောဂဝုတ္တိသု–အသီးအသီး ခွဲခြား၍ဖြစ်ခြင်း မရှိကုန်သော၊ အညမညပစ္စယဘူတေသု–အညမညပစ္စည်းဖြစ်၍ ဖြစ်ကုန်သော၊ ဘူတေသု–မဟာဘုတ်တို့၌၊ [ဤစကားဖြင့် ဥပါဒါရုပ်များကို ကန့်သည်၊] အညမညနိဿယတာ– သည်၊ ဝါ– ကို၊ နိဝါရေတုံ– တားမြစ်ခြင်းငှာ၊ န သက္ကာ၊ အဝိနိဗ္ဘောဂတာယ–အဝိနိဗ္ဘောဂရုပ်တို့၏ အဖြစ်ကြောင့်၊ ဧကီဘူတေသု–တပေါင်းတည်းဖြစ်၍ ဖြစ်ကုန်သော၊ သဟဇာတေသုပိ–တကွဖြစ်သော ရုပ်တို့၌လည်း၊ [ဤစကားဖြင့် ဥပါဒါရုပ်တို့ကို ပါဝင်စေသည်၊] ဖုသနာဖုသနာနိ–ထိခြင်း, မထိခြင်းတို့ကို၊ ဝိစာရေတုံ–စိစစ်ခြင်းငှာ၊ န ယုတ္တာနိ–မသင့်ကုန်၊ ဣတိ–ဤသို့ မှတ်အပ်၏။

န၊ပေ၊ဈာယတီတိ–ပါဌ်ဖြင့်၊ တေဇောသဘာဝတံယေဝ–တေဇောသဘော ရှိသည်၏အဖြစ်ကိုသာ၊ ပဋိပက္ခိပတိ–ပယ်မြစ်၏၊ သီတတ္တံ–အအေး၏ အဖြစ်ကို၊ န အနုဇာနာတိ–ခွင့်မပြု၊ စ–ဆက်၊ တေဇော၊ပေ၊ နေဝ–တေဇောဓာတ်၏

---

**နာပိ၊ပေ၊ယုတ္တာနီတိ**။ ။“ထိခြင်း, မထိခြင်း”ဟူသည် ကလာပ်မတူသော ရုပ်များ၌ စိစစ်၍ ရကောင်းသော သဘောတည်း၊ တစ်ကလာပ်တည်း၌ကား ဖောဋ္ဌဗ္ဗာရုံ မဟာဘုတ်သုံးပါးနှင့် အာပေါမဟာဘုတ်တို့၏လည်းကောင်း, ဖောဋ္ဌဗ္ဗာရုံမဟာဘုတ် အချင်းချင်းလည်းကောင်း ထိခြင်း, မထိခြင်းကို စိစစ်ခြင်းငှာ မသင့်ပါ၊ [ဤစကားဖြင့် “အဋ္ဌကထာ၌ ကလာပ်တူ မဟာဘုတ်တို့၏ ထိခြင်း, မထိခြင်း စိစစ်ပုံကို ဋီကာဆရာက မနှစ်သက်”ဟု ပြ၏။]

**န သီတတ္တံ အနုဇာနာတိ**။ ။အဋ္ဌကထာ၌ “န ဥဏှာ ဟုတွာ ဈာယတိ” တေဇောဓာတ်က ပထဝီဓာတ်ကို လောင်ရာ၌ “ပထဝီဓာတ်သည် ဥဏှာဖြစ်၍ လောင်သည် မဟုတ်”ဟု ဆိုသောကြောင့် “သီတဖြစ်၍ လောင်သည်”ဟု ခွင့်ပြုသကဲ့သို့ ထင်ရ၏၊ ထို့ကြောင့်“န သီတတ္တံ အနုဇာနာတိ”ဟု မိန့်သည်၊ “ခွင့်မပြုပါ”ဟူလို။

သဘောကို ပယ်မြစ်ကြောင်းဖြစ်သော "န ဥဏှာ ဟုတွာ ဈာယတိ"ဟူသော စကားဖြင့်ပင်၊ သီတတ္တံစ–သည်လည်း၊ ဝါ–ကိုလည်း၊ ပဋိက္ခိတ္တံ–ပယ်မြစ်အပ်ပြီးသည်၊ ဟောတိ–ဖြစ်တော့၏၊ ဟိ–မှန်၊ တေဇောဝ–သည်ပင်၊ သီတံ–အအေးသည်၊ (ဟောတိ)၊ (ကသ္မာ ဝိညာယတိ)၊ ဟိမပါတသမယာဒိသု–ဆီနှင်းကျရာအခါ အစရှိသည်တို့၌၊ သီတဿ – သီတတေဇော၏၊ ပရိပါစကတာဒဿနတော – ထက်ဝန်းကျင် ချက်တတ်သည်၏အဖြစ်ကို မြင်ရခြင်းကြောင့်၊ (ဝိညာယတိ)။

စ–ဆက်၊ သီတုဏှာနံ–သီတတေဇော, ဥဏှာတေဇောတို့၏၊ အညမညပဋိပက္ခဘာဝတော–အချင်းချင်း ဆန့်ကျင်ဘက်တို့၏အဖြစ်ကြောင့်၊ ဥဏှေန–ဥဏှာတေဇောနှင့်၊ သဟ–တကွ၊ သီတံ–သီတဟူသော၊ ဘူတန္တရံ–မဟာဘုတ်တစ်မျိုးသည်၊ န ပဝတ္တတိ–မဖြစ်နိုင်၊ ဣတိ–ထို့ကြောင့်၊ ယုဇ္ဇတိ–သင့်မြတ်၏၊ (တေဇောဝ သီတံဟူသော စကားသည် သင့်မြတ်၏၊) ပန–ဆက်၊ ဥဏှကလာပေ–ဥဏှာတေဇောလွှမ်းကဲသော ရုပ်ကလာပ်၌၊ သီတဿ–သီတတေဇော၏၊ အပ္ပဝတ္တိ–မဖြစ်ခြင်းသည်လည်းကောင်း၊ သီတကလာပေ–သီတတေဇောလွှမ်းကဲသော ကလာပ်၌၊ ဥဏှဿ–ဥဏှာတေဇော၏၊ (အပ္ပဝတ္တိ)စ–မဖြစ်ခြင်းသည်လည်းကောင်း၊ ဒွိန္နံ–သီတတေဇော, ဥဏှာတေဇောနှစ်ပါးတို့၏၊ အညမညပဋိပက္ခတ္တာ–အချင်းချင်း ဆန့်ကျင်ဘက်တို့၏ အဖြစ်ကြောင့်၊ တေဇောဝိသေသဘာဝေ–တေဇောအထူး၏အဖြစ်၌၊ (သီတ၏ တေဇောဓာတ်အထူး၏အဖြစ်၌၊) ယုဇ္ဇတိ၊ ဣတိ–ဤသို့ မှတ်အပ်၏။

ဘာဝညထတ္တန္တိ–ကား၊ ခရာနံ–ခက်မာကုန်သော၊ ဂုဠာဒီနံ–တင်လဲအစရှိသည်တို့၏၊ ဒြဝတာ–အရည်၏အဖြစ်လည်းဖြစ်သော၊ မုဒုတာ–နူးညံ့သည်၏အဖြစ်လည်းဖြစ်သော၊(ဥပ္ပတ္တိဋ္ဌစပ်၊) ရသာဒီနံ–ကြဲရည်အစရှိကုန်သော၊ ဒြဝါနံ–အရည်တို့၏၊ ခရတာ–ခက်မာသည်၏အဖြစ်လည်းဖြစ်သော၊ (ဥပ္ပတ္တိဋ္ဌစပ်၊)

---

**နာပိ၊ ပေ၊ ယုတ္တာနီတိ**။ ။"ထိခြင်း, မထိခြင်း"ဟူသည် ကလာပ်မတူသော ရုပ်များ၌ စိစစ်၍ ရကောင်းသောသဘောတည်း၊ တစ်ကလာပ်တည်း၌ကား ဖောဋ္ဌဗ္ဗာရုံမဟာဘုတ်သုံးပါးနှင့် အာပေါမဟာဘုတ်တို့၏လည်းကောင်း, ဖောဋ္ဌဗ္ဗာရုံမဟာဘုတ်အချင်းချင်းလည်းကောင်း ထိခြင်း, မထိခြင်းကို စိစစ်ခြင်းငှာ မသင့်ပါ၊ [ဤစကားဖြင့် "အဋ္ဌကထာ၌ ကလာပ်တူ မဟာဘုတ်တို့၏ ထိခြင်း, မထိခြင်း စိစစ်ပုံကို ဋီကာဆရာက မနှစ်သက်"ဟု ပြ၏။]

**န သီတတ္တံ အနုဇာနာတိ**။ ။အဋ္ဌကထာ၌ "န ဥဏှာ ဟုတွာ ဈာယတိ" တေဇောဓာတ်က ပထဝီဓာတ်ကို လောင်ရာ၌ "ပထဝီဓာတ်သည် ဥဏှာဖြစ်၍ လောင်သည်မဟုတ်"ဟုဆိုသောကြောင့် "သီတဖြစ်၍ လောင်သည်"ဟု ခွင့်ပြုသကဲ့သို့ ထင်ရ၏၊ ထို့ကြောင့်"န သီတတ္တံ အနုဇာနာတိ"ဟု မိန့်သည်၊ "ခွင့်မပြုပါ"ဟူလို။

ပစ္စယဝိသေသေဟိ–အကြောင်းအထူးတို့ကြောင့်၊ ဩမတ္တာ၊ပေ၊ ကာနံ–ညံ့သော အတိုင်းအရှည်ရှိကုန်, လွန်ကဲသောအတိုင်းအရှည်ရှိကုန်သော ပဋိစ္စတ် အစရှိသည်တို့၏၊ ဥပ္ပတ္တိ– ဖြစ်ခြင်းသည်၊ (ဘာဝညထတ္တံ– ဘာဝညထတ္တ မည်၏၊) ကက္ခဠ္ဌာ၊ပေ၊ ဇဟာနံ–ကက္ခဠ္ဌ အစရှိသော လက္ခဏာကို စွန့်ခြင်း သည်၊ လက္ခဏာညထတ္တံ–လက္ခဏာညထတ္တမည်၏၊ တေသံ–ဤစိတ်ကြီး လေးပါးတို့၏၊ တံ – ထို လက္ခဏာညထတ္တသည်၊ န ဟောတိ – မဖြစ်၊ ဩမတ္တာဓိမတ္တတာသင်္ခါတံ– ဩမတ္တ အဓိမတ္တ၏အဖြစ်ဟု ဆိုအပ်သော၊ ဘာဝညထတ္တံယေဝ– ဘာဝညထတ္တသည်သာ၊) ဟောတိ၊ ဣတိ အတ္ထော– ဤကား အဓိပ္ပာယ်နက်။

၆၅၂။ အနု၊ပေ၊ ယေဝါတိ (ပဒဿ)–၏၊ ကေန္တ၊ပေ၊ ဒီနံ–ကေန္တ အနုပါဒိန္နပုဒ်, ကေန္တနစိတ္တသမုဋ္ဌာနပုဒ်တို့၏၊ နိဒ္ဒေသေသု–နိဒ္ဒေသဖြစ်ကုန် သော၊ ဂဟဏေသု–ယူကြောင်းစကားတို့၌၊ [ဂဟဏေသူတိ ဝစနေသု၊– မခု၊] ဂဟိတာ–ယူအပ်ကုန်ပြီ၊ (ဇရတာ, အနိစ္စတာတို့ကို ယူအပ်ကုန်ပြီ၊) ဣတိ အတ္ထော၊ ပန–ထိုသို့ပင် ဤအနက်ဖြစ်ပါသော်လည်း၊ ယံ ဝါ ပနညမ္ပိတိ ဝစနေန–ယံ ဝါ ပနညမ္ပိဟူသော စကားဖြင့်၊ ပုရိမာနမ္ပိ– ရှေ့ဖြစ်သော ရုပ်တို့၏လည်း၊ (သဒ္ဒါယတနမှစ၍ အနိစ္စတာတိုင်အောင်သော ရုပ်တို့၏လည်း၊) နကမ္မဿကတတ္တာဘာဝါဒိကံ–နကမ္မဿကတတ္တာ၏ အဖြစ် အစရှိသည်ကို၊ ဒီပေတိ–ပြ၏၊ ဟိ–မှန်၊ (တစ်နည်း) ဟိ ယသ္မာ၊ တာ–ထို ဇရတာ, အနိစ္စတာတို့သည်၊ (သိယုံ၌စပ်၊) ဝါ–တို့ကို၊ (အဝတ္တဗ္ဗာ, ဝတ္တဗ္ဗာတို့၌စပ်၊) အနု၊ပေ၊ဝစနာနံ–အနုပါဒိန္နအစရှိသောသဒ္ဒါ, နကမ္မဿ ကတတ္တာအစရှိသောသဒ္ဒါတို့၏၊ သမာနတ္ထတ္တာ–တူသောအနက်ရှိကုန်သည်၏ အဖြစ်ကြောင့်၊ ကေန–တစ်ခုသောသဒ္ဒါသည်၊ အဝတဗ္ဗတ္တ–မဟောထိုက် ကုန်သည် အဖြစ်သည်၊ (သတိ–သော်၊) ဣတရေနပိ–အခြားသောသဒ္ဒါသည် လည်း၊ အဝတ္တဗ္ဗာ–မဟောထိုက်ကုန်သည်၊ သိယုံ၊ ဝါ–တစ်နည်း၊ (ကေန– သည်၊) ဝတ္တဗ္ဗတ္တေ–သည်၊ (သတိ–သော်၊) ဣတရေနပိ–သည်လည်း၊) ဝတ္တဗ္ဗာ– ဟောထိုက်ကုန်သည်၊ (သိယုံ၊) တသ္မာ, ကေန္တ၊ပေ၊ သွေဝ–ကေနံအကမ္မဇ ရုပ်တို့၌သာ၊ ဂဟေတဗ္ဗတ္တာ–ကြောင့်၊ တာ–ထို ဇရတာ, အနိစ္စတာတို့ကို၊

**ယံ ဝါ ပနညမ္ပီတိ ပန၊ပေ၊သိယုံ။** ။ဤအဋ္ဌကထာဝယ် နကမ္မဿကတတ္တာ၏ နိဒ္ဒေသ၌ ဇရတာ, အနိစ္စတာ နှစ်ပါးကို ဟောတော်မမူခြင်း, အနုပါဒိန္န စသည်တို့၏ နိဒ္ဒေသတို့၌ ဟောတော်မူခြင်း၏ အကြောင်းကို ပြထား၏၊ ထို အကြောင်းပြကို ဋီကာဆရာ မနှစ်သက်၊ ထို မနှစ်သက်ခြင်း၏အကြောင်းကို ပြလို၍ "အနုပါဒိန္နာဒိ နကမ္မဿကတတ္တာဒိဝစနာနံ သမာနတ္ထတ္တာ"ဟု မိန့်သည်။

အနေကဓ္ဓေသု–အနေကတ္တကမ္မဇ အစရှိသော ရုပ်တို့၌၊ န ဂဟိတာ–ယူတော်မမူအပ်ကုန်၊ ဣတိ, ဒဋ္ဌဗ္ဗာ–န်၏၊ [တသ္မာစသည်ကား ဋီကာဆရာ၏ အဆုံးအဖြတ်တည်း၊ "ဧကေန္တအကမ္မဇတို့၌သာ ထို ဇရတာ, အနိစ္စတာတို့ကို ယူထိုက်သောကြောင့်၊ အနေကန္တအကမ္မဇတို့၌ ယူတော်မမူအပ်ကုန်"ဟု မှတ်ပါ–ဟူလို။]

၆၆၆။ ဧကန္တ စိတ္တသမုဋ္ဌာနာနိ–ဧကန် စိတ္တသမုဋ္ဌာန် ဖြစ်ကုန်သော၊ ဘူတာနိ–မဟာဘုတ်တို့ကို၊ ဥပါဒါယ–စွဲ၍၊ ပညာယတိ–ထင်ရှား၏၊ (ကသ္မာ–နည်း၊) တေသံ–ထိုဧကန္တစိတ္တသမုဋ္ဌာန် မဟာဘုတ်တို့၏၊ ဝိကာရတ္တာ–ထူးခြားသော အမူအရာတို့၏အဖြစ်ကြောင့်တည်း၊ ပန–ဆက်၊ အနိပ္ဖန္နတ္တာ–အနိပ္ဖန္နရုပ်၏ အဖြစ်ကြောင့်၊ (ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်းတို့သည် ပြီးစေအပ်သော နိပ္ဖန္နရုပ်မဟုတ်သည်၏အဖြစ်ကြောင့်၊) တဿ–ထို ဝိညတ်ဒွေး၏၊ ဥပ္ပာဒေါ–ဖြစ်ခြင်းဟူသော ဥပါဒ်သည်၊ ဝါ–ကို၊ ဧကေနစိတ်တစ်စုံတစ်ခုသော အခြင်းအရာအားဖြင့်၊ ဝတ္တုံ–ဆိုခြင်းငှာ၊ န သက္ကာ၊ [ထို့ကြောင့် အဋ္ဌကထာ၌ "ဥပ္ပဇ္ဇတိ"ဟု မဆိုဘဲ "ပညာယတိ"ဟု ဆိုသည်၊] ဣတိ–ဤကား၊ အဓိပ္ပာယော–အဋ္ဌကထာဆရာ၏ အလိုတည်း။

**ဒုကနိဒ္ဒေသဝဏ္ဏနာ–သည်၊ နိဋ္ဌိတာ။**

---

## စတုက္ကနိဒ္ဒေသဝဏ္ဏနာ

၉၆၆။ ပစ္ဆိမပဒဿာတိ–ကား၊ ဝိညာတပဒဿ–ဝိညာတပုဒ်၏ (ဘေဒါဘာဝေနဥ္စပ်၊) ဟိ–မှန်၊ သဗ္ဗမေဝ–သော၊ ရူပံ–ရုပ်ကို၊ ဝိညာတံ–သိအပ်၏၊ ဣတိ–ကြောင့်၊ (ရုပ်အားလုံး ဝိညာတတွင် ပါဝင်နိုင်သည်၏အဖြစ်ကြောင့်၊) တဿ–ထို ဝိညာတရုပ်၏၊ အဘိန္နိတဗ္ဗတ္တာ–မခွဲခြားထိုက်သည်၏အဖြစ်ကြောင့်၊ ["သိအပ်သောရုပ်,မသိအပ်သောရုပ်"ဟု နှစ်မျိုး မခွဲခြားထိုက်သည်၏ အဖြစ်ကြောင့်၊] ဝိညာတတော–ဝိညာတရုပ်မှ၊ အညံ–သော၊ ဒိဋ္ဌံစ–ဒိဋ္ဌရုပ်သည်လည်းကောင်း၊ သုတံစ–သုတရုပ်သည်လည်းကောင်း၊ မုတံစ–မုတရုပ်သည်လည်းကောင်း၊ န ဟောတိ၊ ဣတိ–ကြောင့်၊ ပုစ္ဆံ–အမေးကို၊ အကတွာဝ–ပြုတော်မမူဘဲသာလျှင်၊ ဝိသဇ္ဇိတံ–ဖြေတော်မူအပ်ပြီ၊ ဟိ–မှန်၊ ဝိညာတတော–ဝိညာတရုပ်မှ၊ အညံ–အခြားသောရုပ်သည်၊ ဝါ–ကို၊ ကတမံ ရူပံ ဒိဋ္ဌန္တိ–ဟူ၍၊ ပုစ္ဆိတုံ–ငှာ၊ န သက္ကာ၊ ဣတိ–ကား၊ အဓိပ္ပာယော–တည်း၊ ဟိ–ဥပမာဆောင် ထင်အောင်ပြအံ့၊ ဒွီသု–နှစ်ပါးသောပုဒ်တို့ကို၊ ဥဒ္ဒိဋ္ဌေသု–အကျဉ်းပြအပ်ပြီးကုန်လတ်သော်၊ နောပါဒတော–နောပါဒရုပ်မှ၊ အညတ္တံ–တစ်မျိုးတခြား၏အဖြစ်ကို၊ သန္ဓာယ – ၍၊ ကတမံ တံ ရူပံ ဥပါဒါတိ – ဟူ၍၊

ပုစ္ဆိတာယထာ–ကဲ့သို့၊ ဇေ–တူ၊ ဒိဋ္ဌာဒီသု–ဒိဋ္ဌိအစရှိကုန်သော၊ စတူသု–လေးပုဒ်တို့ကို၊ ဥဒ္ဒိဋ္ဌေသု–အကျဉ်းပြအပ်ပြီးကုန်လတ်သော်၊ သုတာဒီဟိ–သုတအစရှိကုန်သော၊ တီဟိပိ–သုံးပါးလုံးတို့မှလည်း၊ အညတ္တံ–တစ်မျိုးတခြား၏အဖြစ်ကို၊ သန္ဓာယ–၍၊ ကတမံ တံ ရူပံ ဒိဋ္ဌန္တိ–ဟူ၍၊ ပုစ္ဆိတဗ္ဗံ–သည်၊ သိယာ၊ တဒဘာဝေါ–ထိုတစ်မျိုးတခြားအဖြစ်၏မရှိခြင်းကြောင့်၊ န ပုစ္ဆိတံ–မေးတော်မမူအပ်၊ သုတာဒီသုပိ–သုတအစရှိသည်တို့၌လည်း၊ ဇေ–ဤအတူတည်း၊ ဣတိ–ဤသို့မှတ်အပ်၏။

["ထိုသို့ဖြစ်လျှင် ဝိညာတံ တစ်ပုဒ်တည်းဖြစ်သဖြင့် ကေကဒ္ဒ သွင်း၍ဟောပါတော့လော"ဟု စောဒနာဖွယ်ရှိ၍ "ဒဿနာဒိ"စသည် မိန့်၊] ပန–ဆက်၊ ဒဿနာ၊ပေ၊ဝိသေသတော–မြင်ရခြင်း အစရှိသောအားဖြင့် ယူရခြင်း၏ထူးသည်၏အဖြစ်ကြောင့်လည်းကောင်း၊ [မြင်၍သိရခြင်း, ကြား၍သိရခြင်း အစရှိသောအားဖြင့် ထူးသည်၏အဖြစ်ကြောင့်လည်းကောင်း၊] ဒိဋ္ဌာဒီဟိ–ဒိဋ္ဌအစရှိသည်တို့မှ၊အညဿ–အခြားသော၊(ဒိဋ္ဌ,သုတ,မုတတွင် မပါဝင်သော၊) ဝိညာတဿ–ဝိညာတရုပ်၏၊ သဗ္ဘာဝတော၊စ–ထင်ရှားရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ စတုက္ကော–စတုက္ကကို၊ ဝုတ္တော–ဟောတော်မူအပ်ပြီ။

## ပဉ္စကနိဒ္ဒေသဝဏ္ဏနာ

**၉၆၉**။ တေဓာဘာဝံ ဂတန္တိ–ပုဒ်၏၊ သဘာဝေနေဝ–သဘောအားဖြင့်သာလျှင်၊ တေဓာဘာဝံ–တေဓာ၏အဖြစ်သို့၊ ပတ္တံ–ရောက်သော ရုပ်တည်း၊ ဣတိ အတ္ထော၊ ဝုတ္တသပိ–ဟောတော်မူအပ်ပြီးလည်းဖြစ်သော၊ အညေန–သော၊ ပကာရေန–အပြားအားဖြင့်၊ သင်္ဂဟာရဟဿ–သိမ်းယူခြင်းကိုထိုက်သော ရုပ်ကို၊ သင်္ဂဏှနံ–သိမ်းယူခြင်းကို၊ ဣဓ–ဤ ရူပကဏ္ဍအရာ၌၊ နယကရဏံ–နည်းကို ပြုခြင်းဟူ၍၊ ဒဋ္ဌဗ္ဗံ၊ တယိဒံ–ထို နည်းပြုခြင်းကို၊ ဝိညာတန္တိ စတုက္ကပဒေပိ–ဝိညာတံဟု စတုက္ကသင်္ဂဟဝယ်လာသော ပုဒ်၌လည်း၊ ယောဇေတဗ္ဗံ၊ ဖောဋ္ဌဗ္ဗဿ–ဖောဋ္ဌဗ္ဗရုပ်၏၊ ဘေဒသမ္ဘာဝေါ–အကွဲအပြား၏ထင်ရှားခြင်းသည်၊ အဋ္ဌကေ–အဋ္ဌကသင်္ဂဟ၌၊ နယော–နည်းတည်း။

**ဝုတ္တဿပိ၊ပေ၊နယော**။ ။ဆဗ္ဗိဓသင်္ဂဟ၌ "သဗ္ဗံ ရူပံ မနောဝိညေယျံ ရူပံ"ဟု ဟောတော်မ၏၊ ရှေ့၌ ဟောအပ်ပြီးသော ရူပါယတနစသည်တို့သည် ဤ သဗ္ဗရူပံအရတွင်လည်း ပါဝင်နေ၏၊ ထိုသို့ ဟောအပ်ပြီးကို နောက်ဆုံးပုဒ်ဖြင့် သိမ်းယူခြင်းကို ဤရူပကဏ္ဍဝယ် ဟောနည်းပြုခြင်းတစ်မျိုးဟု မှတ်ရသည်၊ စတုတ္ထသင်္ဂဟ၌ ဟောအပ်ပြီးသော ရူပါယတန စသည်ကို နောက်ဆုံး ဝိညာတပုဒ်ဖြင့် ယူခြင်းသည်လည်း ဤနယကရဏပင်တည်း၊ အဋ္ဌကသင်္ဂဟ၌ကား ဖောဋ္ဌဗ္ဗာရုံ၏ "မနာပိယသုခသမ္ဖဿ, အမနာပိယဒုက္ခသမ္ဖဿ"ဟု ခွဲခြား၍ ဟောတော်မူခြင်းကို "နယကရဏတစ်မျိုး"ဟု မှတ်ပါ။

## ပကိဏ္ဏကကထာဝဏ္ဏနာ

**၉၇၅**။ နတ္ထိ နီဝရဏာတိ ဝစနေန-ဟူသော စကားဖြင့်၊ မိဒ္ဓသပိ-မိဒ္ဓလည်းဖြစ်သော၊ နီဝရဏသ-နီဝရဏကို၊ ပဟာနံ-ပယ်ခြင်းကို၊ (သင်္ဂဟကာရေန) ဝုတ္တံ၊ စ-ဆက်၊ ရူပံ-ရုပ်ကို၊ ဝါ-ရုပ်မှန်လျှင်၊ န ပဟာတဗ္ဗံ-မပယ်ထိုက်၊ [ထို့ကြောင့် မိဒ္ဓကို ရုပ်ဟု မဆိုရ။] စ-ဆက်၊ မုနိနော-မြတ်စွာဘုရား၏၊ ရူပကာယဂေလည်း-ရူပကာယတော်၏ မကျန်းမမာတော်မူသည်၏အဖြစ်သည်၊ နတ္ထိ၊ ဣတိ-သို့၊ ဝတ္တုံ-ဆိုခြင်းငှာ၊ န သက္ကာ၊ (ကသ္မာ-နည်း၊) ပိဋ္ဌိ မေ ပေ၊ အာယမိဿာမီတိ-ဟူ၍၊ ဝစနတော-မိန့်တော်မူခြင်းကြောင့်တည်း၊ [မေ-ငါ၏၊ ပိဋ္ဌိ-ကျောက်ကုန်းတော်သည်၊ အာဂိလာယတိ-ညောင်းညာတော်မူ၏၊ တံ-ထို ကျောက်ကုန်းတော်ကို၊ အဟံ-သည်၊ အာယမိဿာမိ-ဆန့်တန်းတော်မူဦးအံ့။]

သဝိညာဏကသဒ္ဒေါတိ-ကား၊ ဝိညာဏေန-ဝိညာဏ်သည်၊ ပဝတ္တိတော-ဖြစ်စေအပ်သော၊ ဝစီဃောသာဒိသဒ္ဒေါ-စကားသံ အစရှိသော သဒ္ဒတည်း၊ [ဝမ်းတွင်း၌ ရုတ်ရုတ် မြည်သံသည် စိတ္တသမုဋ္ဌာန် မဟုတ်သောကြောင့် အဝိညာဏကသဒ္ဒပင် ဖြစ်၏။]

န ဟိ တောနိ ဇာယန္တီတိ-ဟူသော စကားကို၊(ဝုတ္တံ၌စပ်၊) ပရိပစ္စမာနသသ-ရင့်ဆဲဖြစ်သော၊ ရူပသ-ရုပ်၏၊ ပရိပစ္စနံ-ရင့်ခြင်းသဘောသည်၊ ဇရာ-ဇရာတည်း၊(ဇရတာတည်း၊) ခီယမာနသသ-ကုန်ဆဲဖြစ်သော၊ (ရူပသ-၏၊) ခယော-ကုန်ခြင်းသဘောသည်၊ အနိစ္စတာ-တည်း၊ ဣတိ-သို့၊ တောနိ-ဤ ဇရတာ, အနိစ္စတာရုပ်တို့သည်၊ ရူပဘာဝမတ္တာနိ-ရုပ်တို့၏ သဘောမျှတို့တည်း၊ [“”ရူပသဘာဝမတ္တာနိ”ဟု ရှိလျှင် ကောင်း၏၊] သယံ-ဇရတာ, အနိစ္စတာဟူသော မိမိကိုယ်တိုင်၊ သဘာဝဝန္တာနိ-ရင့်ခြင်း, ပျက်ခြင်းသဘောရှိသော ပရမတ္ထရုပ်တို့သည်၊ န-မဟုတ်ကုန်၊ ဣတိ-ဤအနက်အဓိပ္ပာယ်ကို၊ သန္ဓာယ (သင်္ဂဟကာရေန) ဝုတ္တံ။

တထာ-ထို့အတူ၊ ဇာယမာနသသ-ဖြစ်ဆဲရုပ်၏၊ ဇနနံ-ဖြစ်ခြင်းသည်၊ ဇာတိ-ဇာတိတည်း၊ သာစ-ထိုဇာတိသည်လည်း၊ ရူပဘာဝေါဝ-ရုပ်၏သဘောမျှသာတည်း၊ သယံ-ဇာတိဟူသော မိမိကိုယ်တိုင်၊ သဘာဝဝတီ-သဘောရှိသော ပရမတ္ထအစစ်သည်၊ န-မဟုတ်၊ ဣတိ-ဤသို့ နှလုံးသွင်း၍၊ န၊ပေ၊ ဇာယတီတိ-ဟူ၍၊ (သင်္ဂဟကာရေန) ဝုတ္တံ။

တေသံ-ဤဇာတိ၏၊ တေသံ-ထိုရုပ်တရားတို့၏၊ ပစ္စယော-ကံစသော အကြောင်းသည်၊ (အတ္ထိ၊) ဣတိ-ကြောင့်၊ တပ္ပစ္စယာ-တပ္ပစ္စယမည်၏၊ တပ္ပစ္စယာယ-ထို ရုပ်တရားတို့၏ အကြောင်းရှိသော ဇာတိ၏၊ ဘာဝေါ-

အဖြစ်တည်း၊ တပ္ပစ္စယဘာဝေါ-ဖြစ်၊ တပ္ပစ္စယဘာဝေန-ထို ရုပ်တရားတို့၏ အကြောင်းရှိသည်၏အဖြစ်ဖြင့်၊ ပဝတ္တော-ဖြစ်သော၊ ဝေါဟာရော-သည်၊ တပ္ပစ္စယဘာဝဝေါဟာရော-မည်၏၊ တံ (တပ္ပစ္စယဘာဝဝေါဟာရံ)-ထို ရုပ်တရားတို့၏ အကြောင်းရှိသည်၏ အဖြစ်ဖြင့် ခေါ်ဝေါ် ပြောဆိုခြင်းကို၊ လဘတိ-၏။

အဘိနိဗ္ဗတ္တိဓမ္မက္ခဏာသိန္တိ(ဧတ္ထ)-ပါဠ်၌၊ အဘိနိဗ္ဗတ္တိယမာနဓမ္မက္ခဏသိ-ဖြစ်စေအပ်ဆဲဖြစ်သော တရားတို့၏ ဥပါဒ်ခဏ၌၊ ဣတိ-ကား၊ အဓိပ္ပာယော-အဋ္ဌကထာဆရာ၏ အလိုတည်း၊ ဟိ-မှန်၊ တဒါ-ထို ဥပါဒ်ခဏ၌၊ တေ ဓမ္မာ-ထိုရုပ်တရားတို့သည်၊ န ဓာယန္တိ-မဖြစ်ကုန်သည်ကား၊ န-မဟုတ်ကုန်၊ ဣတိ-ကြောင့်၊ ဓာယမာနဘာဝေါဝ-ဖြစ်ဆဲသဘောသည်ပင်၊ ဓာတိ-ဓာတိ တည်း၊ ဣတိ-ကြောင့်၊ တဿာ-ထိုဓာတိ၏၊ ကမ္မာဒိသမုဋ္ဌာနတာစ-ကမ္မာဒိ သမုဋ္ဌာန်၏ အဖြစ်သည်လည်းကောင်း၊ တံ နိဗ္ဗတ္တတာစ-ထို ကံစသော အကြောင်းတို့ကြောင့် ဖြစ်သည်၏ အဖြစ်သည်လည်းကောင်း၊ ယုတ္တာ-သင့်မြတ်၏၊ ပန-ဆက်၊ တဒါ-ထို ဥပါဒ်ခဏ၌၊ တေ ဓမ္မာ-ထို ရုပ်တရားတို့သည်၊ ဓီယန္တိ စ-ဆွေးမြေ့ကုန်သည်လည်းကောင်း၊ ခီယန္တိ စ-ကုန်ခန်းကုန်သည်လည်းကောင်း၊ န-မဖြစ်ကုန်၊ တသ္မာ, တေသံ-ထို ရုပ်တရားတို့၏၊ တေ ဓိရဏာဘိဇ္ဇနဘာဝါ-ထို ရင့်ခြင်း, ပျက်ခြင်းသဘောတို့သည်၊ စိတ္တာဒိ သမုဋ္ဌာနာ-စိတ္တာဒိသမုဋ္ဌာန်တို့သည်လည်းကောင်း၊ တံ နိဗ္ဗတ္တာ စ-ထိုစိတ် စသည်တို့ကြောင့် ဖြစ်ကုန်သည်လည်းကောင်း၊ (ဟောန္တိ၊) ဣတိ-သို့၊ ဝစနံ-ပြောဆိုခြင်းကို၊ န အရဟန္တိ-ကုန်။

ဝေမပိ-ဤသို့ ဖြစ်ပါသော်လည်း၊ ဥပါဒိန္နသဒ္ဒေါ-ဥပါဒိန္နသဒ္ဒါသည်၊ ဥပေတေန-တဏှာ,ဒိဋ္ဌိတို့သည် ကပ်ရောက်အပ်သော၊ ကမ္မုနာ-ကံသည်၊ အာဒိန္နတံ-ယူအပ်သည်၏အဖြစ်ဟူသောအနက်ကို၊ ဝဒတိ-ဟော၏၊ နိဗ္ဗတ္တိ-

**ဝေမပိ၊ပေ၊ န ပဝတ္တတီတိ**။ ။ဇရတာ, အနိစ္စတာတို့၏ စိတ္တသမုဋ္ဌာန်စသော အမည် မရခြင်းကို လက်ခံပါသော်လည်း ဥပါဒိန္နအမည် မရခြင်းကို (ဥပါဒိန္နနှင့် သဘောတူသော ကမ္မသမုဋ္ဌာန်အမည် မရခြင်းကို) လက်မခံလိုသောကြောင့် "ဝေမပိ" စသည်ကို မိန့်သည်၊ ဥပါဒိန္နသဒ္ဒါသည် "တဏှာ,ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်"ဟု သဒ္ဒတ္ထဖြစ်၏၊ "တဏှာ,ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံကြောင့်ဖြစ်၏"ဟု သဒ္ဒတ္ထမဖြစ်၊ ထို့ကြောင့် ဥပါဒိန္နဖြစ်သော ကမ္မဇရုပ်တို့၏ ဇရတာ အနိစ္စတာကို ဥပါဒိန္န (ကမ္မဇ)ရုပ်ဟု ခေါ်ထိုက်သည် မဟုတ်ပါလောဟု စောဒနာသည်၊ ပရိဟာရ်ဆရာကား ...... အာဒိန္နသဒ္ဒါသည် "ယူအပ်"ဟု သဒ္ဒတ္ထ ဖြစ်သော်လည်း "ဖြစ်ခြင်း"ဟူသော အဓိပ္ပာယတ္ထကို ဟောသောကြောင့် "ဇရတာ, အနိစ္စတာတို့သည် ဥပါဒိန္နအမည် မရနိုင်"ဟု ဖြေသည်။

ဖြစ်ခြင်းဟူသော အနက်ကို၊ နှ(ဝဒတိ)–မဟော၊ ဣတိ–ကြောင့်၊ ဥပါဒိန္နပါက ဘေဒါနံ–ဥပါဒိန္နကမ္မဇရုပ်တို့၏ ရင့်ခြင်း, ပျက်ခြင်းဟူကုန်သော၊ တေသံ–ထို ဇရတာ, အနိစ္စတာတို့၏၊ ဥပါဒိန္နတာ–ဥပါဒိန္နတို့၏အဖြစ်ကို၊ ဝတ္တဗ္ဗာ–ဆိုထိုက်သည်မဟုတ်လော၊ ဣတိ စေ–ဤသို့ စောဒနာအံ့၊ နှ–မဆိုထိုက်၊ (ကသ္မာ–နည်း၊) အာဒိန္နသဒ္ဒဿ–အာဒိန္နသဒ္ဒါ၏၊ နိဗ္ဗတ္တိဝါစကတ္တာ–ဖြစ်ခြင်းဟူသောအနက်ကို ဟောနိုင်သည်၏အဖြစ်ကြောင့်တည်း၊ ဟိ–ချဲ့၊ ဥပေတေန–တဏှာ,ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံကြောင့်၊ နိဗ္ဗတ္တံ–ဖြစ်သောရုပ်သည်၊ ဥပါဒိန္နံ–ဥပါဒိန္နတည်း၊ ဣတိ–ကြောင့်၊ ပစ္စယာနုဘာဝက္ခဏာ–အကြောင်းတို့၏ အစွမ်းသတ္တိရှိရာခဏကိုလည်းကောင်း၊ နိဗ္ဗတ္တိဥ–ဥပါဒိန္နသဒ္ဒါ၏ နိဗ္ဗတ္တိ အနက်ကိုလည်းကောင်း၊ ဂဟေတွာဝ–ယူ၍သာ၊ ပဝတ္တော–ဖြစ်သော၊ အယံ ဝေါဟာရော–ဤ ဥပါဒိန္နဟူသော အခေါ်အဝေါ်သည်၊ တဒါ–ထို ဌီခဏ, ဘင်ခဏ၌၊ အဘာဝါ–မရှိခြင်းကြောင့်၊ ဇရာမရဏေ–ဇရာ,မရဏ၌၊ (ဇရတာ, အနိစ္စတာ၌၊) နှ ပဝတ္တတိ–မဖြစ်၊ ဣတိ–ဤသို့ မှတ်အပ်၏။

ပဋိစ္စသမုပ္ပန္နာနံ–အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော၊ ဓမ္မာနံ–တရားတို့၏၊ ဇရာမရဏတ္တာ–ဇရာ,မရဏတို့၏အဖြစ်ကြောင့်၊ တေသံ–ထို ပဋိစ္စသမုပ္ပန္န တရားတို့၏၊ ဥပ္ပာဒေ–ဖြစ်ခြင်းဥပါဒ်သည်၊ သတိ–ရှိလတ်သော်၊ ဇရာမရဏံ–ဇရာမရဏသည်၊ ဟောတိ–ဖြစ်၏၊ ဝါ–ထင်ရှား၏၊ အသတိ–မရှိလတ်သော်၊ နှ ဟောတိ–မဖြစ်၊ ဝါ–မထင်ရှား၊ ဟိ–မှန်၊ အဇာတံ–မဖြစ်သော..ရုပ်တရားသည်၊ ပရိပစ္စတိ–ရင့်သည်လည်းကောင်း၊ ဘိဇ္ဇတိဝါ–ပျက်သည်လည်းကောင်း၊ နှ–မဟုတ်ပါ၊ တသ္မာ, (ဇရာမရဏဿ–၏၊) ဇာတိပစ္စယတံ–ဇာတိဟူသော အကြောင်းရှိသည်၏အဖြစ်ကို၊ သန္ဓာယ–၍၊ ဇရာမရဏံ ပဋိစ္စသမုပ္ပန္နန္တိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ။

နိဿယပဋိဗဒ္ဓဝုတ္တိတောတိ(ဧတ္ထ)–၌၊ (ဝုတ္တံ ဟောတိဒ္ဓစပ်၊) ဇာယ၊ပေ၊ မာနာနံ–ဖြစ်ဆဲရုပ်, ရင့်ဆဲရုပ်, ပျက်ဆဲရုပ်တို့၏၊ ဇာယမာနာဒိဘာဝမတ္တတ္တာ–ဖြစ်ဆဲရုပ် အစရှိသော သဘောမျှတို့၏ အဖြစ်ကြောင့်၊ [သဂြိုဟ်၌လည်း "ဇာယမာနာဒိရူပါနံ သဘာဝတ္တာ"ဟု ဆို၏။] ဇာတိအာဒယော–ဇာတိအစရှိသော ရုပ်တို့သည်၊ ဇာယမာနာဒိနိဿယပဋိဗဒ္ဓဝုတ္တိကာ–ဖြစ်ဆဲအစရှိသော မှီရာရုပ်တို့၌ စပ်သောဖြစ်ခြင်း ရှိကုန်၏၊ ဣတိ ဝုတ္တံ ဟောတိ၊ ယဒိဧဝံ–ယင်းသို့ဖြစ်လျှင်၊ ဥပါဒါယရူပါနံ–ဥပါဒါယရုပ်ဖြစ်ကုန်သော၊ စက္ခာယတနာဒီနံ စ– စက္ခာယတန အစရှိသည်တို့၏လည်း၊ ဥပ္ပာဒါဒိသဘာဝဘူတာ–

**ယဒိဧဝံ၊ပေ၊ဣတိစေ။** ။ဖြစ်ကြ, ရင့်ကြ, ပျက်ကြသော ရုပ်တို့၏ သဘောဖြစ်သောကြောင့် ဇာတိအစရှိသော ရုပ်တို့သည် မှီရာရုပ်တို့၌ စပ်သောဖြစ်ခြင်းရှိကြလျှင်

ဖြစ်ခြင်း အစရှိသော သဘောဖြစ်၍ဖြစ်ကုန်သော၊ ဇာတိအာဒယော–ဇာတိအစရှိသည်တို့သည်၊ တန္နိဿိတာ–ထိုဉပါဒါရုပ်ကို မှီကုန်သည်၊ ဟောန္တိ၊ ဣတိ–ကြောင့်၊ ဘူတနိဿိတာနံ–မဟာဘုတ်လေးပါးကို မှီကုန်သော၊ တေသံ လက္ခဏာနံ–ထို လက္ခဏာရုပ်တို့၏၊ ဉပါဒါယဘာဝေါ–ဉပါဒါယရုပ်၏အဖြစ်သည်၊ (ဉပါဒါယရုပ် အမည်သည်၊) (ဟောတိ)ဝိယ–ကဲ့သို့၊ ဉပါဒါယရူပနိဿိတာနံ–ဉပါဒါယရုပ်ကို မှီကုန်သော၊ (တေသံ လက္ခဏာနံ–ထို လက္ခဏာရုပ်တို့၏၊) ဉပါဒါယုပါဒါယဘာဝေါ–ဉပါဒါယုပါဒါယရုပ်၏အဖြစ်သည်၊ (ဉပါဒါယုပါဒါယ အမည်သည်၊) အာပဇ္ဇတိ–ဖြစ်သည်မဟုတ်လော၊ ဣတိ စေ–ဤသို့ စောဒနာအံ့၊ န–မဖြစ်၊ (ကသ္မာ–နည်း၊) ဘူတပစ္စယ္ဗဒ္ဓဉပါဒါယရူပလက္ခဏာနံစ–မဟာဘုတ်လေးပါးတို့၌စပ်သော ဉပါဒါယရုပ်တို့၏ လက္ခဏာရုပ်တို့၏လည်း၊ ဘူတပဋိဗဒ္ဓဘာဝဿ–မဟာဘုတ်လေးပါးတို့၌ စပ်သည်၏အဖြစ်၏၊ အနိဝတ္တနတော–မဆုတ်နစ်ခြင်းကြောင့်တည်း။

အပိစ–သည်သာမကသေး၊ ဧကကလာပပရိယာပန္နာနံ–တစ်ခုသော ကလာပ်၌ အကျုံးဝင်ကုန်သော၊ ရူပါနံ–ရုပ်တို့၏၊ သဟေဝ–တစ်ပြိုင်နက်သာလျှင်၊ ဉပ္ပာဒါဒိပ္ပဝတ္တိတော–ဉပါဒ်အစရှိသည်တို့၏ဖြစ်ခြင်းကြောင့်၊ ဧကဿ–

မဟာဘုတ်တို့ကို မှီသော(မဟာဘုတ်တို့၌ စပ်သောဖြစ်ခြင်းရှိသော) လက္ခဏာရုပ်တို့ကို ဉပါဒါယရုပ်ဟု ခေါ်ရသကဲ့သို့ စက္ခာယတနစသော ဉပါဒါယရုပ်တို့ကို မှီသော ထို လက္ခဏာရုပ်တို့ကို "ဉပါဒါယုပါဒါယရုပ်"ဟု အမည်ဖြစ်သင့်သည် မဟုတ်လောဟု စောဒနာသည်။

**န၊ပေ၊အနိဝတ္တနတော**။ ။မဟာဘုတ်လေးပါးကို မှီ၍ဖြစ်ရသော ဉပါဒါရုပ်တို့၏ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းဟူသော လက္ခဏာရုပ်တို့၏လည်း အရင်းခံဖြစ်သော မဟာဘုတ်လေးပါးတို့၌ စပ်နေသည်၏အဖြစ်ကို မစွန့်ခြင်းကြောင့် "ဉပါဒါယုပါဒါယရုပ်"ဟု အမည်မရနိုင်၊ ဆိုလိုရင်းကား......"ကာရဏကာရဏမ္ပိ ကာရဏန္တွေဝ ဝုစ္စတိ" ဟူသော ပရိဘာသာနှင့်အညီ အကြောင်း၏ မူလအကြောင်းကိုလည်း အကြောင်းဟုပင် ဆိုထိုက်ရကား မဟာဘုတ်လေးပါးကိုမှီသော စက္ခာယတနစသော ဉပါဒါရုပ်တို့၌ စပ်၍ဖြစ်ရသော ဇာတိစသော လက္ခဏာရုပ်တို့၏လည်း အရင်းခံ မဟာဘုတ်တို့၌ စပ်သည့်အဖြစ်ကို မစွန့်သောကြောင့် မဟာဘုတ်ကိုမှီသော ဉပါဒါရုပ်ဟုသာ ဆိုသင့်၏၊ စက္ခာယတန စသော ဉပါဒါရုပ်၌စပ်သော ဉပါဒါယုပါဒါယရုပ်ဟု မဆိုသင့်ပါ–ဟူလို။

**အပိစ၊ပေ၊ဝုစ္စန္တိ**။ ။ဆိုအပ်ပြီးသော စကားဝယ် ကလာပ်တစ်ခုတစ်ခု၌ ရုပ်များသလောက် ဇာတိ,ဇရတာ,အနိစ္စတာတို့ အများရှိသည်ဟု ထင်မှားဖွယ် ရှိနေရကား ထိုအထင်ကို ပယ်ရှားလို၍ "အပိစ"စသည်မိန့်၊ ကလာပ် တစ်ခုတစ်ခု၌ (ဉပမာ–စက္ခုဒသကကလာပ်၌)ရုပ်ပေါင်း ၁၀ ပါးပါ၏၊ထိုရုပ်ပေါင်း ၁၀ခုအတွက် ဉပါဒ် ၁၀ ခု, ဌီ ၁၀ ခု, ဘင် ၁၀ ခု,(ဇာတိ ၁၀ ခု, ဇရတာ ၁၀ ခု, အနိစ္စတာ ၁၀ ခု) ရှိသည်ဟု

တစ်ခုသော၊ ကလာပဿ–ကလာပ်၏ ဥပ္ပာဒါဒယော–ဥပါဒ်အစရှိသည်တို့သည်၊ (ဥပါဒ်, ဌီ, ဘင်တို့သည်၊) ဧကေကာ၀–တစ်ခုတစ်ခုတို့သည်သာ၊ ဟောန္တိ၊ ဣတိ–ကြောင့်၊ ဧကေကဿ–တစ်ခုတစ်ခုသော၊ ကလာပဿ–ကလာပ်၏၊ ဝီဝိတိန္ဒြိယံ–ဝီဝိတိန္ဒြေကို၊ ကလာပါနုပါလကံ–ကလာပ်ကို စောင့်ရှောက်တတ်သော၊ ဥပါဒါယရူပန္တိ–ဟူ၍၊ ဝုစ္စတိယထာ၊ ဧဝံ–တူ၊ ကလာပုပ္ပာဒါဒိသဘာဝါ–ကလာပ်၏ ဥပါဒ်ခြင်းအစရှိသော သဘောဖြစ်ကုန်သော၊ ဇာတိအာဒယော–ဇာတိ အစရှိသည်တို့ကို၊ ဥပါဒါယရူပါနိစ္စေ၀–ဥပါဒါယရုပ်တို့ဟူ၍သာ၊ ဝုစ္စန္တိ၊ [ဧဝဖြင့် "ဥပါဒါယုပါဒါယရုပ်"ကိုကန့်၊] ဧဝံ–တူ၊ ဝိကာရပရိစ္ဆေဒရူပါနိစ–ဝိကာရရုပ်, ပရိစ္ဆေဒရုပ်တို့ကိုလည်း၊ ယောဇေတဗ္ဗာနိ။

ကမ္မသမုဋ္ဌာနသမ္ဗန္ဓံ–ကံကြောင့်ဖြစ်သော ရုပ်နှင့် စပ်ခြင်းရှိသော၊ ဥတုသမုဋ္ဌာနံ–ဥတုဟူသော ဖြစ်ကြောင်းရှိသော ရုပ်ကို၊(ဝုတ္တံ၌စပ်၊) ဝါ–သည်၊ (ဟောတိ၌စပ်၊) ကမ္မဝိသေသေန–ကံအထူးကြောင့်၊ သုဝဏ္ဏာပေ၊ ဝိသေသံ–ကောင်းသော အဆင်း, မကောင်းသော အဆင်း, ကောင်းသော သဏ္ဌာန်, မကောင်းသော သဏ္ဌာန် အစရှိသော အထူးရှိသည်၊ ဟောတိ၊ ဣတိ–ကြောင့်၊ ကမ္မပစ္စယန္တိ–ဟူ၍၊ ဝုတ္တံ။

ကမ္မဝိပါကာနုဘာဝနဿ–ကံ၏ အကျိုးကို ခံစားရခြင်း၏၊ ကာရဏဘူတံ–အကြောင်းဖြစ်၍ဖြစ်သော၊ ဗာဟိရဥတုသမုဋ္ဌာနံ–ပြင်ပဥတုကြောင့်ဖြစ်သော ရုပ်သည်၊ ကမ္မပစ္စယဥတုသမုဋ္ဌာနံ–ကမ္မပစ္စယဥတုသမုဋ္ဌာန မည်၏၊ [ကမ္မပစ္စယဥတုသမုဋ္ဌာနံပုဒ်၏ ဝစနတ္ထကို ပြလို၍ "ကမ္မသဟာယော"စသည်မိန့်၊] ကမ္မသဟာယော–ကံဟူသော အဖော်ရှိသော၊ ပစ္စယော–အကြောင်းတည်း၊ (ကမ္မပစ္စယော–ကံဟူသော အဖော်ရှိသော အကြောင်း၊) ဝါ–တစ်နည်း၊ ကမ္မဿ–ကံ၏၊ သဟာယဘူတော–အဖော်ဖြစ်၍ဖြစ်သော၊ ပစ္စယော–အကြောင်းတည်း၊ ကမ္မပစ္စယော–ကံ၏ အဖော်ဖြစ်၍ဖြစ်သော အကြောင်း၊ သော၀–ထို ကံဟူသော အဖော်ရှိသော အကြောင်းသည်ပင်၊ ဥတု–ဥတုတည်း၊ ကမ္မပစ္စယဥတု– ကံဟူသော အဖော်ရှိသော အကြောင်းဥတု၊ ဝါ– ကံ၏

---

မမှတ်ရ၊ ထို ကလာပ်တစ်ခုလုံးအတွက် ဥပါဒ် ၁ ခု, ဌီ ၁ ခု, ဘင် ၁ ခုသာ (ဇာတိ ၁ ခု, ဇရတာ ၁ ခု, အနိစ္စတာ ၁ ခုသာ) ဖြစ်ရိုးတည်း၊ ထို့ကြောင့် ကလာပ်တစ်ခု၌ စောင့်ရှောက်ဖို့ရန် ဇီဝိတိန္ဒြေဟူသော ဥပါဒါယရုပ် ၁ ခုသာ ပါသကဲ့သို့ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းသဘောတို့လည်း ၁ ခုစီသာ ပါဝင်ကြ၏၊ ထို ၁ ခုစီကိုပင် ဇာတိဥပါဒါယရုပ်, ဇရတာဥပါဒါယရုပ်, အနိစ္စတာဥပါဒါယရုပ်ဟု ခေါ်ဆိုရသည်၊ ဝိညတ်ဟူသော ဝိကာရရုပ်များလည်း ၁ ခုစီသာ ပါရှိပုံ, ရုပ်ကလာပ် နှစ်ခု စပ်သောအခါ ပရိစ္ဆေဒဥပါဒါယရုပ် ၁ ခုစီသာ ပါရှိပုံကိုလည်း သိပါ။

အဖော်ဖြစ်သောအကြောင်းဥတု၊ တေသ–ဤရုပ်၏၊ သော–ထိုကမ္မပစ္စယဥတု ဟူသော၊ သမုဋ္ဌာနံ–ဖြစ်ကြောင်းသည်၊ (အတ္ထိ)၊ ဣတိ–ကြောင့်၊ (တံ–ထို ရုပ်သည်၊) ကမ္မပစ္စယဥတုသမုဋ္ဌာနံ–မည်၏၊ ဣတိ–ကား၊ ဝစနတ္တော– ဝစနတ္ထတည်း။

သီတေဝါ–အအေးမူလည်းဖြစ်သော၊ ဥဏှေဝါ–အပူ မူလည်းဖြစ်သော၊ ကိသ္မိဉ္စိ–တစ်စုံတစ်ခုသော၊ ဥတုမှိ–ဥတုသည်၊ သမာဂတေ–အဇ္ဈတ္တဥတုနှင့် ပေါင်းမိလတ်သော်၊ တတော–ထို ပဌမဥတုကြောင့်၊ သုဒ္ဓဋ္ဌကံ–သုဒ္ဓဋ္ဌက ကလာပ်သည်၊ ဥပ္ပဇ္ဇတိ၊ တဿ–ထို သုဒ္ဓဋ္ဌကကလာပ်၏၊ သော ဥတု–ထို ပဌမဥတုသည်၊ သမုဋ္ဌာနံ–ဖြစ်ကြောင်းတည်း၊ ဒုတိယဿ–နှစ်ခုမြောက်ဖြစ် သော၊ ဥတုသမုဋ္ဌာနိကပဋိဗန္ဓကဿ–ဥတုကြောင့်ဖြစ်သော ရုပ်အစဉ်ကို ဆက်စပ်တတ်သော၊ သုဒ္ဓဋ္ဌကဿ–သုဒ္ဓဋ္ဌကကလာပ်၏၊ ပုရိမော–ရှေးဖြစ် သော၊ သော ဧဝ ဥတု–ထို ပဌမဥတုသည်ပင်၊ ပစ္စယော–အကြောင်းတည်း၊ ပန–ကား၊ တတိယံ–သော၊ သုဒ္ဓဋ္ဌကံ–ကို၊ ပုရိမဥတုသဟာယေန–ရှေး၌ဖြစ် သော ပဌမဥတုဟူသော အဖော်ရှိသော၊ ဥတုနာ–ဒုတိယဥတုကြောင့်၊ နိဗ္ဗတ္တတ္တာ–ဖြစ်သည်၏အဖြစ်ကြောင့်၊ ပုဗ္ဗေ–၌၊ (ကမ္မပစ္စယဥတုသမုဋ္ဌာနံ ပုဒ်၌၊) ဝုတ္တနယေနေဝ–သာလျှင်၊ ဥတုပစ္စယဥတုသမုဋ္ဌာနန္တိ–ဟူ၍၊ ဝုတ္တံ။

ဝံ–ဤသို့လျှင်၊ ပုရိမော–သော၊ အယံ ဥတု–ဤ ဥတုသည်၊ တိဿော– သုံးဆက်ကုန်သော၊ သန္တတိယော–အစဉ်တို့ကို၊ ဃဋ္ဋေတိ–ဆက်စပ်၏၊ တတော–ထိုပဌမဥတုမှ၊ ပရံ–၌၊ အညဥတုသမာဂမေ–အခြားဥတုနှင့် ပေါင်းဆုံခြင်းသည်၊ (သတိ–ဖြစ်လတ်သော်) အညသန္တတိတ္တယံ–အခြားသော အစဉ်သုံးဆက် အပေါင်းသည်၊ (ဟောတိ)၊ တတော–ထို ဒုတိယသန္တတိ၏ အရင်းခံဥတုမှ၊ ပရံ–၌၊ အညေန–အခြားဥတုကြောင့်၊ အညံ–အခြားသော သန္တတိသုံးပါး အပေါင်းသည်၊ (ဟောတိ)၊ ဣတိ ဧဝံ–သို့၊ ပဝတ္တိ–သန္တတိ အဆက်ဆက်ဖြစ်ပုံကို၊ ဒဋ္ဌဗ္ဗာ၊ တဒေတံ–ထိုသန္တတိသုံးခုအပေါင်းကို၊(ဝေဒိတဗ္ဗံ ၌စပ်၊) သီတုဏှာနံ–အအေး,အပူတို့၏၊ အပ္ပဗဟုဘာဝေ–နည်းကုန်သည်၏ အဖြစ်, များကုန်သည်၏အဖြစ်သည်၊ (သတိ–သော်၊) တံ သမ္ဘဿ– ထို ဥတုအတွေ့၏၊ အစိရပ္ပဝတ္တိယာ–မကြာမြင့်သော အဆက်၏ဖြစ်ခြင်း ကြောင့်လည်းကောင်း၊ စိရပ္ပဝတ္တိယာစ–ကြာမြင့်သောအဆက်၏ ဖြစ်ခြင်း ကြောင့်လည်းကောင်း၊ ဝေဒိတဗ္ဗံ၊ [ဤဝါကျများ၏ အဓိပ္ပာယ်ကို အဋ္ဌကထာ နိဿယ၌ ပြထားပြီ။]

အနုပါဒိန္နေန–အနုပါဒိန္နရုပ်ဖြင့်၊ ဒီပနာ–ပြခြင်းကို၊ သင္ဂတိက္ကယဝသေန–သင်္ဂတိသုံးခု အပေါင်း၏အစွမ်းဖြင့်၊ န (ဒဋ္ဌဗ္ဗာ)–မမှတ်ထိုက်၊ အထ ခေါ–စင်စစ်ကား၊ မေဃသမုဋ္ဌာပကမူလဥတုဝသေန–မိုးတိမ်ကို ဖြစ်စေတတ်သော မူလဥတု၏အစွမ်းဖြင့်၊ ပကာရန္တရေန–နည်းတစ်မျိုးအားဖြင့်၊ ဒဋ္ဌဗ္ဗာ–၏၊ တံ–ထို နည်းတစ်မျိုးကို၊ ဒဿေတုံ–ငှာ၊ ဥတု၊ ပေ၊ အာဒိ–ကို၊ (သင်္ဂဟကာရော) အာဟ။

ရူပရူပါနံ–ရူပရုပ်တို့၏၊ (နိပ္ဖန္နရုပ်တို့၏၊) ဝိကာရာဒိမတ္တဘာဝတော–ထူးခြားသော အမူအရာ အစရှိသည်မျှတို့၏ အဖြစ်ကြောင့်၊ အပရိနိပ္ဖန္နတာ–အပရိနိပ္ဖန္နရုပ်၏အဖြစ်ကို၊ ဝုတ္တာ၊ ဟိ–မှန်၊ တေသံ–ထို ရူပရုပ်တို့၏၊ ရူပဝိကာရာဒိဘာဝတော–ရုပ်တို့၏ ထူးခြားသောအမူအရာ အစရှိသည်တို့၏ အဖြစ်ကြောင့်၊ ရူပတာ–ရုပ်၏အဖြစ်သည်၊ (ရုပ်အမည်သည်၊) (ဟောတိ)၊ ဣတိ–ကား၊ အဓိပ္ပာယော–အဋ္ဌကထာဆရာ၏ အလိုတည်း၊ ပန–ဆက်၊ ရူပဝိကာရာဒိဘာဝတော ဧဝ–ရုပ်တို့၏ ထူးခြားသော အမူအရာ အစရှိသည်တို့၏အဖြစ်ကြောင့်ပင်၊ ရူပေ–နိပ္ဖန္နရုပ်သည်၊ သတိ–သော်၊ သန္တိ–အနိပ္ဖန္နရုပ်များလည်း ထင်ရှားရှိကုန်၏၊(ရူပေ–နိပ္ဖန္နရုပ်သည်၊) အသတိ–သော်၊ န သန္တိ–အနိပ္ဖန္နရုပ်များလည်း ထင်ရှားမရှိကုန်၊ ဣတိ–ထို့ကြောင့်၊ အသင်္ခတဘာဝ နိဝါရဏတ္ထံ–အသင်္ခတ၏အဖြစ်ကို တားမြစ်ခြင်း အကျိုးငှာ၊ ပရိနိပ္ဖန္နတာ–ပရိနိပ္ဖန္နရုပ်၏အဖြစ်ကို၊ (သင်္ဂဟကာရေန) ဝုတ္တာ၊ ဣတိ–အပြီးတည်း။

**ရူပကဏ္ဍဝဏ္ဏနာ–သည်၊ နိဋ္ဌိတာ။**

## ၃–နိက္ခေပကဏ္ဍ

## တိကနိက္ခေပကထာဝဏ္ဏနာ

**၉၈၅။** သဗ္ဗေသန္တိ–ကား၊ စိတ္တုပ္ပာဒဝသေန–စိတ္တုပ္ပာဒ်တို့၏ အပြားအားဖြင့်လည်းကောင်း၊ ဝါ–စိတ်,စေတသိက်တို့၏ အပြားအားဖြင့်လည်းကောင်း၊ ရူပါသင်္ခတဝသေနစ–ရုပ်,အသင်္ခတတို့၏ အပြားအားဖြင့်လည်းကောင်း၊ ဘိန္နာနံ–ပြားကုန်သော၊ သဗ္ဗေသံ–အလုံးစုံကုန်သော၊ (ကုသလာဒိဓမ္မာနံ၌စပ်၊) ဖဿာဒိ၊ပေ၊နယေန–ဖဿအစရှိသောပုဒ်, စက္ခုအစရှိသောပုဒ်တို့ကို အကျယ်ဝေဖန်ကြောင်းနည်းအားဖြင့်၊ ဝိတ္ထာရိတော–ချဲ့အပ်ပြီးသည်၊ (ဟောတိ)။

ပန–ဆက်၊ တတ္ထ–ထို စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်တို့တွင်၊ အသင်္ခတဿ–အသင်္ခတဖြစ်သော နိဗ္ဗာန်၏၊ ဘေဒါဘာဝတော–အကွဲအပြား၏ မရှိခြင်းကြောင့်၊ အသင်္ခတာ ဓာတူတွေဝ–အသင်္ခတာ ဓာတုဟူ၍သာ၊ ပဒဘာဇနံ–ကို၊ ဒဿိတံ၊ ပန–ဆက်၊ ယေဝါပနကာနံ–ယေဝါပနကတရားတို့၏လည်းကောင်း၊ သုခုမပါဒါယရူပဿ–သုခုမရုပ်, ဥပါဒါရုပ်လည်းဖြစ်သော၊ ဣန္ဒြိယ၊ပေ၊ရုပဟိတဿ–ဣန္ဒြိယရုပ်၏အဖြစ်, ဝိကာရရုပ်၏အဖြစ်, ပရိစ္ဆေဒရုပ်၏အဖြစ်, လက္ခဏာရုပ်၏အဖြစ်, ရုပ်တို့ကို ထောက်ပံ့တတ်သော တရား၏အဖြစ်မှကင်းသော၊ ဟဒယဝတ္ထုဿစ–ဟဒယဝတ္ထု၏လည်းကောင်း၊ ပဒုဒ္ဓါရေန–ပုဒ်တို့ကို ထုတ်ပြခြင်းအားဖြင့်၊ ဣဓ–ဤအဘိဓမ္မာအရာ၌၊ နိဒ္ဒေသာနရုပတ္တာ–အကျယ်ညွှန်ပြခြင်းကို မထိုက်သည်၏အဖြစ်ကြောင့်၊ နိဒ္ဒေသော–ကို၊ န ကတော–အပ်၊ ဣတိ ဒဋ္ဌဗ္ဗော။ ... ဟိ–မှန်၊ တထာဂတဿ–၏၊ ဓမ္မေသု–

---

**ယေဝါပနကာနံ၊ပေ၊အတ္ထိ**။ ။"သရုပ်ထုတ်ပြအပ်သော ပုဒ်တို့၏ ပဒဘာဇနီကိုသာ ပါဠိတော်၌ ပြထား၏၊ ယေဝါပနကစေတသိက်တရားတို့၏လည်းကောင်း, သုခုမရုပ်, ဥပါဒါရုပ်ဖြစ်သော ဟဒယဝတ္ထု၏လည်းကောင်း၊ ပုဒ်နာမည်ကို ထုတ်ပြသောအားဖြင့် ပဒဘာဇနီကို မပြ၊ ထိုသို့ မပြခြင်းသည် အဘယ်ကြောင့်ပါနည်း၊ အာစရိယမုဋ္ဌိ ချန်ထားခြင်း ရှိပါသလော"ဟု မေးဖွယ်ရှိသောကြောင့် "ယေဝါပနကာနံ"စသည်ကို မိန့်သည်။

**သုခုမ၊ပေ၊ရုပဟိတဿ**။ ။"သုခုမပါဒါယရူပဿ ဣန္ဒြိယ၊ပေ၊ရုပဟိတဿ"တို့သည် ဟဒယဝတ္ထုဿ၏ ဝိသေသနတို့တည်း၊ ဟဒယဝတ္ထုသည် သုခုမရုပ်,ဥပါဒါရုပ်ဖြစ်သောကြောင့် မဟာဘုတ်ရုပ်တို့တွင်လည်း မပါနိုင်၊ ဣန္ဒြိယရုပ်, ဝိကာရရုပ်, ပရိစ္ဆေဒရုပ်, လက္ခဏာရုပ်အဖြစ်မှ ကင်းသောကြောင့် ထိုရုပ်တို့၌လည်း မပါနိုင်၊ ဝိညတ်ဒွေကဲ့သို့ ရုပ်ကို ထောက်ပံ့တတ်သည်၏ အဖြစ်မှလည်း ကင်းသောကြောင့် ဝိညတ်၌လည်း မပါနိုင်၊ ထို့ကြောင့် ဟဒယဝတ္ထုကို ဤနိဒ္ဒေသ၌ ညွှန်ပြခြင်းကို မပြုအပ်ဟု မှတ်ပါ၊ [သင်ပေးထိုက်သော ပညာရပ်ကို အကုန် သင်မပေးဘဲ လက်ထဲ၌ ဆုပ်ကိုင်ထားသကဲ့သို့ ချန်ထားအပ်သော ပညာကို "အာစရိယမုဋ္ဌိ"ဟု ဆိုသည်။]

ဟောထိုက်သောတရားတို့၌၊ အာစရိယမုဋ္ဌိ–ဆရာ၏လက်ဆုပ်သည်၊ န အတ္ထိ–မရှိ၊ (ဆရာစား မချန်၊) ဣတိ–ဤသို့ မှတ်အပ်၏။… နိက္ခိပိတွာတိ–ကား၊ ဝိတ္ထာရဒေသနံ–အကျယ်ဖြစ်သော ဒေသနာတော်ကို၊ ထပေတွာ–ချန်ထား၍၊ အပနေတွာ–ဖယ်ထား၍၊ ဣတိ အတ္ထော၊ ဝါ–တစ်နည်း၊ ဝိတ္ထာရဒေသနံ–ကို၊ အန္တောဂဓံ–အတွင်း၌ ပါဝင်သည်ကို၊ ကတွာ, ဣတိ (အတ္ထော)၊ ဂါထာအတ္ထော–ဂါထာ၏အနက်ကို၊ နိဒါနေ–နိဒါနကထာ၌၊ ဝုတ္တော ဧဝ–ဆိုအပ်ပြီးသည်သာ။

မူလဝသေန–ရေသောက်မြစ်နှင့် တူသည်၏အဖြစ်ဖြင့်၊ ပစ္စယဘာဝေါ–ကျေးဇူးပြုတတ်သည်၏အဖြစ်သည်၊ ဟေတုပစ္စယတ္တော–ဟေတုပစ္စယတ္တ မည်၏၊ တေသ္မာ–ဤအကြောင်းမှ၊ ပဘဝတိ–စ၍ ဖြစ်တတ်၏၊ ဣတိ–ထိုသို့ စ၍ ဖြစ်ရာ၏အဖြစ်ကြောင့်၊ (သော–ထိုအကြောင်းသည်၊) ပဘဝေါ–ပဘဝ မည်၏၊ သော ဧဝ–ထို ပဘဝကိုပင်၊ ဇနကောတိ–ဇနကဟူ၍၊ ဝိသေသိတော–အထူးပြုအပ်ပြီ၊ တေန–ဤအကြောင်းကြောင့်၊ သမုဋ္ဌာတိ–ထူထောင် ထကြွတတ်၏၊ ဝါ–ဖြစ်ပေါ်တတ်၏၊ ဣတိ–ထိုသို့ ထူထောင် ထကြွကြောင်း၏ အဖြစ်ကြောင့်၊ ဝါ–ထိုသို့ ဖြစ်ပေါ်ကြောင်း၏အဖြစ်ကြောင့်၊ (တံ–ထိုအကြောင်းသည်၊) သမုဋ္ဌာနံ–မည်၏၊ နိဗ္ဗတ္တကန္တိ–နိဗ္ဗတ္တကံဟူသော သဒ္ဒါသည်၊ တဿ–ထိုသမုဋ္ဌာနသဒ္ဒါ၏၊ ဝိသေသနံ–ဝိသေသနတည်း၊ ဝါ–တစ်နည်း၊ သဗ္ဗာနိ–န်သော၊ တောနိ–ဤ ဟေတုပစ္စယစသော သဒ္ဒါတို့သည်၊ ပရိယာယဝစနာနိ–ပရိယာယ်သဒ္ဒါတို့တည်း၊ [ဤဝါကျများ၏ အဓိပ္ပာယ်ကို အဋ္ဌကထာနိဿယ၌ ပြထားပြီ။]…အတ္ထဝသေနာတိ–ဟူ၍၊ ကသ္မာ–ကြောင့်၊ (သင်္ဂဟကာရေန) ဝုတ္တံ–နည်း၊ ကုသလမူလာနံ–ကုသိုလ်မူလတို့၏၊ ဟေတုဘာဝတော–အကြောင်း၏ အဖြစ်ကြောင့်၊ ဓမ္မဝသေနာတိ–ဟူ၍၊ (ဝတ္တုံ–ဆိုခြင်းငှာ၊) ယုတ္တံနနု–သင့်သည် မဟုတ်ပါလော၊ ဣတိ–ဤကား စောဒနာတည်း၊ တံ–ဤ အသင်စောဒက၏စကား သည်၊ သစ္စံ–မှန်ပါပေ၏၊

---

**အတ္ထ၊ပေ၊ကသ္မာ ဝုတ္တံ**။ ။အဋ္ဌကထာ၌ “ဇဝံ အတ္ထဝသေန ဒဿေတွာ”ဟု “တီဏိ ကုသလမူလာနိ”ကို အတ္ထ၏အစွမ်းဖြင့်ပြသော စကားဟု ဆိုခြင်းကို စောဒက ပုဂ္ဂိုလ် မနှစ်သက်သောကြောင့် “ကသ္မာ ဝုတ္တံ”ဟု ပုစ္ဆာထုတ်၍ မိမိ၏အာဘောဂကို ပြလိုသောကြောင့် “နနု” စသည်ကို ဆိုသည်၊ ကုသိုလ်မူလဟူသည် အကျိုးမဟုတ်, ဟေတုပစ္စည်းတပ်သော အကြောင်းတရားဖြစ်သောကြောင့် “အတ္ထဝသေန”ဟု မဆိုဘဲ “ဓမ္မဝသေန”ဟု ဆိုထိုက်သည် မဟုတ်ပါလော–ဟူလို။

**သစ္စမေတံ**။ ။စောဒကပုဂ္ဂိုလ်၏ အလိုအတိုင်းဆိုလျှင် “ဓမ္မဝသေန”ဟု ဆိုသင့် သည်မှာ အမှန်ဖြစ်၏၊ အလောဘာဒီနံ ပန၊ပေ၊ ဝုတ္တံ–ထိုသို့ မှန်ပါသော်လည်း “အတ္ထဝသေန၌ အတ္ထသဒ္ဒါသည် အကျိုးအနက်ကို ဟောလိုရင်း မဟုတ်, ကိစ္စဟူသော

ပန–ထိုသို့ပင် မှန်ပါသော်လည်း၊ အလောဘာဒီနံ–အလောဘအစရှိကုန်သော၊ တိဏ္ဏံ–သုံးပါးသောတရားတို့၏၊ သမာနသ–တူသော၊ မူလဋ္ဌသ–မူလအနက်၏၊ ဝသေန–ဖြင့်၊ ဒဿိတတံ–ပြအပ်သည်၏အဖြစ်ကို၊ သန္ဓာယ, အတ္ထဝသေနာတိ–ဟူ၍၊ ဝုတ္တံ၊ ဣမိနာ–ဤအတ္ထဝသေနဟူသောပါဠ်ဖြင့်၊ ဝိညာယတိ ဦစပ်၊) ဓမ္မောတိ–ပါဠ်ဖြင့်၊ သဘာဝေါ–ပရမတ္ထအထည်ကိုယ်သဘောကို၊ (အဓိပ္ပေတော)၊ အတ္ထောတိ–ပါဠ်ဖြင့်၊ ဓမ္မကိစ္စံ–တရားတို့၏ကိစ္စကို၊ (မူလဖြစ်ခြင်းစသော ကိစ္စကို၊) အဓိပ္ပေတံ–၏၊ ဣတိ–သို့၊ ဝိညာယတိ–၏။ [ဤစကားဖြင့် အဋ္ဌကထာဂါထာ၌ပါသော အတ္ထတော ဓမ္မတောအရ အတ္ထဓမ္မတို့၏ အနက်ကို ပြသည်။]

အလောဘော၊ပေ၊အာဒိဝစနတော–အစရှိသော ပါဠိတော်ကို ဟောတော်မူခြင်းကြောင့်၊ [အင်္ဂုတ္တိုရ် တိကနိပါတ် ဒေဝဒူတဝဂ် နိဒါနသုတ်၌ ဟောတော်မူခြင်းကြောင့်၊] တေသ–ဤကံ၏၊ တာနိ ကုသလမူလာနိ–ထို ကုသိုလ်မူလတို့ ဟူကုန်သော၊ သမုဋ္ဌာနံ–ဖြစ်ကြောင်းသည်၊ (အတ္ထိ)၊ ဣတိ–ကြောင့်၊ တံ သမုဋ္ဌာနံ–မည်၏၊ [“တေသာတိပိ”ဟု ပိသဒ္ဒါ ပါသည်ကား ပဌမနည်းဖြစ်သောကြောင့် ကောင်းမည်မထင်၊] ပန–ထိုသို့ပင် ဖြစ်ပါသော်လည်း၊ [“တာနိ သမုဋ္ဌာနံ တေသ”ဟု ဗဟုဗ္ဗီဟိ ပြုပါသော်လည်း၊] တံ–ထိုကံသည်၊ တေဟိ–ထိုအလောဘ,အဒေါသ,အမောဟတို့ကြောင့်၊ သမုဋ္ဌိတံ–ဖြစ်သည်၊ ဟောတိ၊ ဣတိ–ကြောင့်၊ အလောဘာဒီဟိ သမုဋ္ဌိတတ္တံ–ဟူ၍၊ (သင်္ဂဟကာရော) အာဟ၊ တေသ–ဤ ကံ၏၊ တေ ကုသလမူလတံသမ္ပယုတ္တာ–ထို ကုသိုလ်မူလ,

အနက်ဟောတည်း၊ [မူလဿ–မူလတရား၏+အတ္ထော–ကောင်းစွာ တည်တံ့စေနိုင်ခြင်းကိစ္စတည်း၊ မူလဋ္ဌော–မူလတရား၏ ကောင်းစွာတည်တံ့စေနိုင်ခြင်းကိစ္စ၊] ဤသို့ မူလ၏ သုပ္ပတိဋ္ဌိတဘာဝသာဓနကိစ္စအားဖြင့် ပြအပ်သည်၏အဖြစ်ကို ရည်ရွယ်၍ “အတ္ထဝသေန”ဟု အဋ္ဌကထာ၌ ဆိုအပ်ပါသည်–ဟူလို။

**ဣမိနာ၊ပေ၊ဝိညာယတိ**။ ။“အတ္ထဝသေန ဒဿေတွာ”ဟူသော ဤစကားဖြင့် “အတ္ထဓမ္မနာမလိင်္ဂါနံဝသေန”၌ “ဓမ္မ”အရ ပရမတ္ထသဘာဝဓမ္မကို ကောက်ယူ၍, ထိုသဘာဝဓမ္မ၏ ဟေတုသတ္တိဖြင့် ကျေးဇူးပြုနိုင်ခြင်းစသော ကိစ္စကို ကောက်ပါဟု သိနိုင်၏၊ [အနဋ္ဌကား “အတ္ထဝသေန”၌ အတ္ထအရကို သဘာဝအနက် ကောက်၍ တစ်နည်း ပြသေး၏။]

**တေ ကုသလ၊ပေ၊သမ္ဘဝတိ**။ ။ဤကား အဋ္ဌကထာနည်းမှ တစ်နည်းပြသော စကားတည်း၊ အဋ္ဌကထာ၌ “တံသမုဋ္ဌာနံ”ဝယ် တံသဒ္ဒါဖြင့် ပဌမဌာန၌ ပြအပ်သော ကုသလမူလ သုံးပါးကိုသာ စွဲ၏၊ ဒုတိယဌာန၌ ပြအပ်သော တံသမ္ပယုတ္တခန္ဓာကို မစွဲ၊ ဤဋီကာ ဒုတိယနည်း၌ကား ထိုနှစ်ဌာန၌ပါသော ကုသလမူလနှင့် တံသမ္ပယုတ္တ နှစ်မျိုးလုံးပင် လိုက်နိုင်သောကြောင့် ကုသလမူလကိုလည်းကောင်း, တံသမ္ပယုတ္တခန္ဓာကိုလည်းကောင်း စွဲနိုင်သည်ဟု ပြသည်။

ထို ကုသိုလ်မူလနှင့်ယှဉ်သော ခန္ဓာဟူကုန်သော၊ သမုဋ္ဌာနံ–သည်၊ (အတ္ထိ)၊ ဣတိပိ အတ္ထော–ဤအနက်သည်လည်း၊ သမ္ဘဝတိ–ဖြစ်သင့်၏၊ [ဤ၌ ဒုတိယ နည်းဖြစ်၍ ဣတိပိဟု ပိပါရသည်။] ... ပန–ဆက်၊ ဧတ္ထ–ဤ တံသမုဋ္ဌာနံ ဟူသောပါဌ်၌၊ စေတနံ–စေတနာကို၊ ထပေတွာ–ချန်ထား၍၊ [“ကာယကမ္မံ” အရ၌ စေတနာကို ယူလတ္တံ့ဖြစ်သောကြောင့် တံသမုဋ္ဌာနံအရ၌ စေတနာကို ချန်ထား၍၊] အညေ–စေတနာမှ အခြားသော တရားတို့ကို၊ တံသမ္ပယုတ္တာတိ–တို့ဟူ၍၊ သမုဋ္ဌာနဘာဝေ–ဖြစ်ကြောင်း၏အဖြစ်၌၊ ဝတ္တဗ္ဗာ–န်၏။

တတ္ထ–ထို တီဏိ ကုသလမူလာနီဟူသောပါဌ်၌၊(တစ်နည်း) တတ္ထ–ထို မူလ ခန္ဓ ကမ္မတို့တွင်၊ မူလေဟိ–မူလတို့ဖြင့်၊ အတ္တနော–မိမိ၏၊ ပစ္စယတော–အကြောင်းအားဖြင့်၊ ကုသလေ–ကုသိုလ်တို့ကို၊ ပရိယာဒိယတိ–ပိုင်းခြား၍ ယူတော်မူ၏၊ ဝါ–ကုန်ခန်းစေတော်မူ၏၊ ခန္ဓေဟိ–ခန္ဓာတို့ဖြင့်၊ သဘာဝတော–ကုသိုလ်တို့၏သဘောအားဖြင့်၊(ကုသလေ ပရိယာဒိယတိ)၊ ကမ္မေဟိ–ကံတို့ဖြင့်၊ အညဿ–အခြားသောအကျိုးကို၊ [အညဿ အတ္တနော ဖလဿ၊-အနု။] နိဗ္ဗတ္တနကိစ္စတော–ဖြစ်စေခြင်း ကိစ္စအားဖြင့်၊ (ကုသလေ ပရိယာဒိယတိ)၊ စ–သည်သာမကသေး၊ မူလေဟိ–တို့ဖြင့်၊ ကုသလာနံ–တို့၏၊ အနဝဇ္ဇတာယ–အပြစ်မရှိကုန်သည်၏အဖြစ်၏၊ ဟေတုံ–အကြောင်းကို၊ ဒဿေတိ၊ ခန္ဓေဟိ–တို့ဖြင့်၊(ကုသလာနံ–တို့၏၊) တံသမ္ပယောဂကတံ–ထိုကုသိုလ်မူလနှင့်ယှဉ်သော

---

**ဧတ္ထ ပန၊ပေ၊ဝတ္တဗ္ဗာ**။ ။ဤဋီကာ ဒုတိယနည်း၌ တံသမ္ပယုတ္တခန္ဓာအရတွင် စေတနာကို ချန်ထားပါ၊ ဘာ့ကြောင့်နည်း“တံသမုဋ္ဌာနံ–ထိုသမ္ပယုတ်ခန္ဓာဟူသော ဖြစ်ကြောင်းရှိသောကံ”ဟူရာ၌ စေတနာကံကို အရကောက်ရမည် ဖြစ်ရကား စေတနာ ဟူသော အကျိုးက ဖြစ်ကြောင်းတရားတွင် မပါဝင်နိုင်သောကြောင့်တည်း။

**ခန္ဓေဟိ သဘာဝတော**။ ။“ကတမေ ဓမ္မာ ကုသလာ”ဟူသောပုစ္ဆာကို ဖြေရာ၌ “ဖဿော ဟောတိ, ဝေဒနာ ဟောတိ”စသည်ဖြင့် ဖဿ ဝေဒနာစသော ခန္ဓာတို့ကို ကုသိုလ်မည်၏ဟု မိန့်တော်မူ၏၊ ထို့ကြောင့် “ကုသိုလ်ဟူသည် နာမ်ခန္ဓာလေးပါး ပင်တည်း”ဟု သိသာ၏၊ ထို့ကြောင့် “ခန္ဓေဟိ သဘာဝတော” ဟု မိန့်သည်၊ “တံသမ္ပယုတ္တာ”ဟု ဆိုအပ်သော ခန္ဓာတို့ဖြင့် ကုသိုလ်တို့၏ သဘောအားဖြင့် ကုသလေ ပရိယာဒိယတိ”ဟု ဆိုသည်။

**အနဝဇ္ဇတာယ ဟေတုံ**။ ။ဤစကားအတိုင်းဆိုလျှင် ကုသိုလ်တို့၏ အနဝဇ္ဇ အဖြစ်သည် အလောဘစသော မူလကြောင့်ဖြစ်၏ဟု အဓိပ္ပာယ်ရ၏၊ စင်စစ်ကား ထိုသို့ မဟုတ်ပါ၊ မူလတို့က ကုသိုလ်တို့၏ အနဝဇ္ဇအဖြစ်ဖြင့် ကောင်းစွာတည်တံ့မှုကို သာ ပြီးစေတတ်ပါသည်၊ ဤသို့ အနဝဇ္ဇအဖြစ်ဖြင့် ကောင်းစွာတည်တံ့မှုကို ပြီးစေခြင်း ကိုပင် အနဝဇ္ဇဖြစ်ခြင်း၏အကြောင်းဟု ဆိုထားပါသည်၊–အနု။

**တံသမ္ပယောဂကတံ**။ ။ဤ၌လည်း “ကုသိုလ်တို့ကို အနဝဇ္ဇသဘောရှိအောင် ယှဉ်ဖက်ခန္ဓာတို့က ပြု၏”ဟု အဓိပ္ပာယ်ထင်ရ၏၊ စင်စစ်ကား “အနဝဇ္ဇသဘောအား ဖြင့် ကောင်းစွာတည်တံ့အောင်သာ ယှဉ်ဖက်ခန္ဓာတို့က ပြုအပ်သည်”ဟု မှတ်ပါ။

ခန္ဓာသည် ပြုအပ်သော၊ အနဝဇ္ဇသဘာဝံ–အပြစ်မရှိသည်၏အဖြစ်ဟူသော သဘောကို၊(ဒဿေတိ)၊ ကမ္မေဟိ–တို့ဖြင့်၊(ကုသလာနံ–တို့၏၊) သုခဝိပါကတံ–ကောင်းသော ဣဋ္ဌအကျိုးရှိကုန်သည်၏အဖြစ်ကို၊ (ဒဿေတိ)၊[ဤနည်းဖြင့် ကုသိုလ်တို့၏ အနဝဇ္ဇသုခဝိပါကလက္ခဏာကို ပြ၏၊] ဝါ–တစ်နည်း၊ မူလေဟိ–တို့ဖြင့်၊ (ကုသလာနံ–တို့၏၊) နိဒါနသမ္ပတ္တိယာ–အကြောင်း၏ ပြည့်စုံခြင်းအားဖြင့်၊ အာဒိကလျာဏတံ–အစ၌ကောင်းကုန်သည်၏အဖြစ်ကို၊(ဒဿေတိ)၊ ခန္ဓေဟိ–တို့ဖြင့်၊ (ကုသလာနံ–တို့၏၊) သဘာဝသမ္ပတ္တိယာ–သဘော၏ ပြည့်စုံခြင်းအားဖြင့်၊ မဇ္ဈေကလျာဏတံ–ကို၊ (ဒဿေတိ)၊ ကမ္မေဟိ–တို့ဖြင့်၊ (ကုသလာနံ–တို့၏၊) နိဗ္ဗတ္တိသမ္ပတ္တိယာ–ပြီးစီးသော အကျိုး၏ ပြည့်စုံခြင်းအားဖြင့်၊ ပရိယောသာနကလျာဏတံ (ဒဿေတိ)။

**၉၈၆**။ တံ၊ပေ၊နတ္ထီတိ–ဟူ၍၊ကသ္မာ(သင်္ဂဟကာရေန), ဝုတ္တံ–ဆိုအပ်ပါလိမ့်မည်နည်း၊ ဝိစိ၊ပေ၊မောဟော–ဝိစိကိစ္ဆာဥဒ္ဓစ္စနှင့်တကွဖြစ်သော မောဟသည်၊ အတ္ထိနနု–လော၊ ဣတိ–ဤကား စောဒနာတည်း၊ တံ–ဤစကားသည်၊ သစ္စံ–၏၊ ပန–ထိုသို့ပင် မှန်ပါသော်လည်း၊ တေန–ထိုမောဟနှင့်၊ ဝိနာ–ကင်း၍၊ တံသမ္ပယုတ္တတာ–တံသမ္ပယုတ္တ၏အဖြစ်သည်၊ နတ္ထိ၊ ဣတိ–ကြောင့်၊ တံသမ္ပယုတ္တေသု–ထို မောဟနှင့်ယှဉ်သော ဝိစိကိစ္ဆာဥဒ္ဓစ္စတို့ကို၊ ဂဟိတေသု–ယူအပ်ပြီးကုန်လတ်သော်၊ မောဟော–မောဟကို၊ ဂဟိတောဝေ–ယူအပ်ပြီးသည်သာ၊ ဣတိကတွာ–ဤသို့ နှလုံးသွင်း၍၊ တတော ဥဒ္ဓံ နတ္ထီတိ–ဟူ၍၊ ဝုတ္တံ၊ [အဋ္ဌကထာ၌"တတော ဥဒ္ဓံ"ဟု မရှိပါ၊"တံသမ္ပယုတ္တစတုက္ကန္ဓတော ဥဒ္ဓံ"ဟုသာ ရှိပါသည်၊ ဤစကားကိုပင် ချုံး၍"တတော"ဟု ဆိုထားသည်ဟု မှတ်ပါ။]

---

**ကသ္မာ ဝုတ္တံ၊ပေ၊အတ္ထီတိ**။ ။အဋ္ဌကထာ၌ "တံသမ္ပယုတ္တစတုက္ကန္ဓတောစ ဥဒ္ဓံ အကုသလံ နာမ နတ္ထိ"ဟု ဆိုထား၏၊ ဝိစိကိစ္ဆာဥဒ္ဓစ္စသဟဂုတ်မောဟသည် ယှဉ်ဖက် အကုသိုလ်မူလတစ်ပါး မရှိသောကြောင့် ထိုမူလနှင့်ယှဉ်သော နာမ်ခန္ဓာ လေးပါးမှ အလွတ်ဖြစ်နေရကား "တံ၊ပေ၊နတ္ထိ"ဟု မဆိုသင့်၊ တံသမ္ပယုတ္တစတုက္ကန္ဓာမှ အထက်၌ အလွတ်ဖြစ်သော မောဟမူဒွေး၌ ယှဉ်သော မောဟတစ်ခု ရှိနေသေးသည်–ဟူလို။

**သစ္စမေတံ၊ပေ၊ဝုတ္တံ**။ ။ဝိစိကိစ္ဆာဥဒ္ဓစ္စသဟဂုတ်မောဟ ရှိနေခြင်း၏ မှန်ကြောင်းကို "သစ္စမေတံ"ဟု ဝန်ခံပြီးလျှင် တိုက်ရိုက်အားဖြင့် ထိုမောဟကို မယူနိုင်သော်လည်း နာနန္တရိကနည်းအားဖြင့် ယူပြီးဖြစ်ကြောင်းကို ပြလို၍ "တေန ပန၊ပေ၊ဝုတ္တံ"ဟု မိန့်သည်၊ ထိုမောဟနှင့် ကင်း၍ တံသမ္ပယုတ္တ(ထိုမောဟမူလနှင့်ယှဉ်သော) ဝိစိကိစ္ဆာဥဒ္ဓစ္စသမ္ပယုတ် မရှိ၊ ထိုသမ္ပယုတ် မောဟမူဒွေး စိတ္တုပ္ပာဒ်ကို ယူလိုက်လျှင် အရင်းခံ မောဟကိုလည်း ယူပြီးဖြစ်တော့သည်–ဟူလို။ [တံသမ္ပယုတ္တာတိ ပဒေန ကိဉ္စာပိ ယထာဝုတ္တ မောဟော ပဓာနဘာဝေန န ဂဟိတော၊ နာနန္တရိကတာယ ပန ဂုဏဘာဝေန (အပဓာနအဖြစ်ဖြင့်) ဂဟိတော–အနု။]

(ကသ္မာ တံသမ္ပယုတ္တေသု ဂဟိတေသု မောဟော ဂဟိတော ဧဝ, ဟောတိ–နည်း၊) အညတ္တ–ဝိစိကိစ္ဆာဥဒ္ဓစ္စသဟဂုတ်စိတ်မှ တစ်ပါးသောစိတ်တို့၌၊ အဘာဝါ–ဤမောဟမျိုး၏ မရှိခြင်းကြောင့်၊ (တံသမ္ပယုတ္တေသု ဂဟိတေသု မောဟော ဂဟိတော ဧဝ ဟောတိ။)

ကေသွိ–တစ်ခုတည်းသောစိတ်၌၊ ဝါ–တစ်ဦးတည်းသော ပုဂ္ဂိုလ်၌၊ ဋ္ဌိတံ–တည်သော အကုသိုလ်တည်း၊ ကေဋ္ဌ–တစ်ခုတည်းသောစိတ်၌ တည်သော အကုသိုလ်၊ ဝါ–တစ်ဦးတည်းသော ပုဂ္ဂိုလ်၌ တည်သောအကုသိုလ်၊ သဟဇဘာဝေန–တကွဖြစ်ဖက်၏အဖြစ်ဖြင့်၊ ကေဋ္ဌ–တစ်ခုတည်းသောစိတ်၌ တည်သော အကုသိုလ်တည်း၊ သဟဇေကဋ္ဌ–တကွဖြစ်ဖက်၏အဖြစ်ဖြင့် တစ်ခုတည်းသောစိတ်၌တည်သော အကုသိုလ်၊ ပဟာတဗ္ဗ–ပယ်ထိုက်၏၊ ဣတိ–ကြောင့်၊ ပဟာနံ–ပဟာနမည်၏၊ ပဟာနဘာဝေန–ပယ်ထိုက်သည်အဖြစ်ဖြင့်၊ ကေဋ္ဌ–တစ်ဦးတည်းသောပုဂ္ဂိုလ်၌ တည်သော အကုသိုလ်တည်း၊ ပဟာနေကဋ္ဌ–ပယ်ထိုက်သည်၏အဖြစ်ဖြင့် တစ်ဦးတည်းသောပုဂ္ဂိုလ်၌တည်သော အကုသိုလ်၊ ဟိ–မှန်၊ ယေန–အကြင်အကုသိုလ်နှင့်၊ သဟ–တကွ၊ ယံ–အကြင်အကုသိုလ်ကို၊ ပဟာတဗ္ဗ–၏၊ တေန–ထိုအကုသိုလ်နှင့်တကွ၊ တံ–ထိုအကုသိုလ်သည်၊ ကေသွိ ပုဂ္ဂလေ–၌၊ဋ္ဌိတံ–တည်သည်၊ ဟောတိ၊ (ကသ္မာ–နည်း၊) ကေသွိ–တစ်ခုသောအကုသိုလ်ကို၊ သမုစ္ဆိန္နေစ–အကြွင်းမဲ့ ဖြတ်အပ်သော်လည်းကောင်း၊ အသမုစ္ဆိန္နေစ–အကြွင်းမဲ့ မဖြတ်အပ်သော်လည်းကောင်း၊ ဣတရဿ–အခြားသော အကုသိုလ်၏၊ သမုစ္ဆိန္နတာယ–အကြွင်းမဲ့ ဖြတ်အပ်သည်၏ အဖြစ်၏လည်းကောင်း၊ အသမုစ္ဆိန္နတာယ–အကြွင်းမဲ့ မဖြတ်အပ်သည်၏ အဖြစ်၏လည်းကောင်း၊ ဝသေန–ဖြင့်၊ အညမညာ ဝိရဟိတတော–အချင်းချင်း မကင်းသည်၏ အဖြစ်ကြောင့်တည်း။ ["ကေသွိ သမုစ္ဆိန္နေ ဣတရဿ သမုစ္ဆိန္နတာယ"ဟုလည်းကောင်း၊ "ကေသွိ အသမုစ္ဆိန္နေ ဣတရဿ အသမုစ္ဆိန္နတာယ"ဟုလည်းကောင်း အစဉ်အတိုင်း တွဲပါ။]

**၉၈၇။** တီဏိ လက္ခဏာနီတိ–ကား၊ အနိစ္စဒုက္ခအနတ္တတာ–အနိစ္စ၏အဖြစ်, ဒုက္ခ၏အဖြစ်, အနတ္တ၏အဖြစ်တို့တည်း၊ ["အနိစ္စတာလက္ခဏာ"စသည်ကို ဆိုသည်၊] နာမ၊ပေ၊ပညတ္တိယော–နာမပညတ်, ကသိဏပညတ်, သတ္တပညတ်တို့သည်၊ တိဿော–န်သော၊ ပညတ္တိယော–ပညတ်တို့တည်း၊ ပရမတ္ထေ–

**အညတ္တအဘာဝါ**။ ။ဘာ့ကြောင့် ဝိစိကိစ္ဆုဒ္ဓစ္စ(မောဟမူဒွေး၌) မောဟကို ယူအပ်ပြီး ဖြစ်နိုင်သနည်းဟု မေးဖွယ်ရှိသောကြောင့် "အညတ္တအဘာဝါ"ဟု မိန့်သည်၊ ထို ဝိစိကိစ္ဆာဥဒ္ဓစ္စသဟဂုတ်မောဟကား ဝိစိကိစ္ဆာဥဒ္ဓစ္စသမ္ပယုတ်စိတ်မှတစ်ပါး အခြားစိတ်၌ မရှိသောကြောင့် ဝိစိကိစ္ဆာဥဒ္ဓစ္စသမ္ပယုတ် တရားစုကို ယူလိုက်လျှင် ထိုမောဟကို လည်း ယူအပ်ပြီးဖြစ်သည်–ဟူလို။

ပရမတ္ထတရားတို့ကို၊ အမုဉ္စိတွာ–မလွတ်မူ၍၊ ဝေါဟာရိယမာနာ–ခေါ်ဝေါ်အပ်ကုန်သော၊ ဝိဟာရမဉ္စာဒိကာ–ကျောင်းဟူသော ဝိဟာရပညတ်,ညောင်စောင်းဟူသော မဉ္စပညတ်အစရှိသော၊ ဥပါဒါပညတ္တိ–ဥပါဒါပညတ်ကို၊ သတ္တပညတ္တိဂ္ဂဟဏေန–သတ္တပညတ္တိသဒ္ဒါဖြင့်၊ ဂဟိတာ–ယူအပ်ပြီ၊ ဣတိ–သို့၊ ဝေဒိတဗ္ဗာ။...စ–ဆက်၊ တောနိ လက္ခဏာဒီနိ–ဤလက္ခဏာ အစရှိသည်တို့ကို၊ ဟေဋ္ဌာ–အောက်၌၊ ဒွိသု–နှ်သော၊ ကဏ္ဍေသု–ကဏ္ဍတို့၌၊ [စိတ္တုပ္ပာဒကဏ္ဍ, ရူပကဏ္ဍတို့၌၊] ဝိညတ္တိအာဒီနိဝိယ–ဝိညတ်အစရှိသည်တို့ကဲ့သို့၊ န ဝုတ္တာနိ–ဟောတော်မမူအပ်ကုန်၊ [ဝိညတ်စသည်ကို ရူပကဏ္ဍ၌ ဟောသကဲ့သို့ ဤလက္ခဏာစသည်တို့ကို အောက်နှစ်ကဏ္ဍ၌ ဟောတော်မမူအပ်ကုန်–ဟူလို၊] န စ သဘာဝဓမ္မာ–ပရမတ္ထသဘောတရားများလည်း မဟုတ်ကုန်၊ ဣတိ ကတွာ–ဤအကြောင်းကြောင့်၊ န လဗ္ဘန္တိ၊ ဣတိ–သို့၊ ဝုတ္တာနိ–ရှေးအဋ္ဌကထာ၌ ဆိုအပ်ကုန်ပြီ၊ ဟိ–မှန်၊ ကုသလတ္တိကာသင်္ဂဟိတော–ကုသလတိက်ဖြင့် မသိမ်းယူအပ်သော၊ ကောစိ–တစ်စုံတစ်ခုသော၊ သဘာဝေါ–ပရမတ္ထသဘောသည်၊ န–မရှိ၊ ဣတိ–သို့၊ ဝတ္တုံ–ဌာ၊ ယုတ္တံ–၏၊ ဣတိ–ဤသို့မှတ်အပ်၏။

**၉၈၈**။ သုခဘူမိတိ–ဟူသောပါဠိ၌၊ ကာမာဝစရာဒယောပိ–ကာမာဝစရ စိတ္တုပ္ပာဒ် အစရှိသည်တို့သည်လည်း၊ ယုဇ္ဇန္တိ–သင့်ကုန်၏၊ ဟိ–မှန်၊ သုခသဟဂတာ–သုခဝေဒနာနှင့် တကွဖြစ်သော၊ ကာမာဝစရာဒိဘူမိ–ကာမာဝစရ အစရှိသော စိတ္တုပ္ပာဒ်သည်၊ သုခဘူမိ–သုခဘူမိမည်၏၊ စ–ဆက်၊ ကာမာဝစရာဒိဘူမိတိ–ကာမာဝစရာဒိဘူမိဟူရာ၌၊ ကာမာဝစရာဒိတာယ–ကာမတဏှာ၏ဖြစ်ရာ အစရှိသည်တို့၏အဖြစ်ကြောင့်၊ ဓမ္မာဝေ–စိတ္တုပ္ပာဒ်တရားတို့ကိုသာ၊ ဝုစ္စန္တိ၊ ဣတိ–ကြောင့်၊ ကာမာဝစရာဒိစိတ္တုပ္ပာဒေသု–ကာမာဝစရ အစရှိသောစိတ္တုပ္ပာဒ်တို့၌၊ ဣတိ–သို့၊ အတ္ထော–လိုရင်းအနက်အားဖြင့်၊

---

**ကာမာဝစရာဒယောပိ**။ ။ပိဖြင့် အဋ္ဌကထာ၌ သုခဘူမိအရ ပြအပ်သော စိတ္တံကို ပေါင်းပါ၊ "သုခဘူမိ"အရ အဋ္ဌကထာ၌ ပြအပ်သောစိတ်သာ အရကောက်သင့်သည် မဟုတ်သေး၊ ကာမာဝစရစသော စိတ်,စေတသိက်ကိုလည်း အရကောက်သင့်သည်–ဟူလို၊ ထို့ကြောင့် ဤဋီကာနည်းကို အဋ္ဌကထာနည်းမှ တစ်နည်းပြဟု မှတ်ပါ။ [သုခဘူမိယံ ကာမာဝစရေတိ ဒွေပိ ဘုမ္မဝစနာနိ ဘိန္နာဓိကရဏဘာဝေန အဋ္ဌကထာယံ ဝုတ္တာနီတိ ဥဘယေသံပိ သမာနာဓိကရဏဘာဝေန အတ္ထယောဂံ ဒဿေတုံ "သုခဘူမိတိ ကာမာဝစရာဒယောပိ ယုဇ္ဇန္တိ"တိ ဝုတ္တံ၊–အနု။]

**ကာမာဝစရာဒိဘူမိတိ စ**။ ။ကာမတဏှာ၏ သက်ဝင်၍ဖြစ်ရာ (အာရုံပြုရာ) ဟူသည် ကာမစိတ်သာမက, ကာမစိတ် စေတသိက်ဟူသော စိတ္တုပ္ပာဒ်အားလုံးတည်း၊ ဤဋီကာအလို "သုခဘူမိယံ"နှင့် "ကာမာဝစရေ"စသော ပုဒ်တို့သည် "အရတူပုဒ်များတည်း"ဟု မှတ်ပါ၊ "ဝေဠု ကတွာ"ကား မိမိအဆိုသည် ပါဠိတော်နှင့်ညီကြောင်းကို ပြသော လဒ္ဓဂုဏ်တည်း, တစ်နည်း သာဓကတည်း။

ဝိညာယတိ–၏၊ ဝေဠ္ဌ ကတ္တာ–ဤအကြောင်းကြောင့်၊ သုခဘူမိယန္တိ–ဟူ၍၊ ဝတ္တာ–ဟောတော်မူပြီး၍၊ တဿာဝေ–ထိုသုခဘူမိ၏ပင်၊ ဝိဘာဂဒဿနတ္ထံ–ဝေဖန်အပ်သော အပြားကို ပြခြင်းအကျိုးငှာ၊ ကာမာဝစရေတိအာဒိ–စကားကို၊ (ဘဂဝတာ) ဝုတ္တံ။

စ–ဆက်၊ ဘူမိသဒ္ဒေါ–ဘူမိသဒ္ဒါသည်၊ အဘိဓမ္မေ–အဘိဓမ္မာအရာ၌၊ ကာမာဝစရာဒိသု–ကာမာဝစရစိတ္တုပ္ပာဒ်အစရှိသည်တို့၌၊ နိရုဠ္ဌော–ထင်ရှားသော သဒ္ဒါတည်း၊ ဣတိ–ကြောင့်၊ စတူသု၊ပေ၊အာဒီသု–ဟူသော ပါဠိရပ်တို့၌၊ အညဘူမိဂ္ဂဟဏံ–စိတ္တုပ္ပာဒ်မှ အခြားသော ဘုံကို ယူခြင်းသည်၊ န ဟောတိ–မဖြစ်တော့၊ ဣတိ–ဤသို့ မှတ်အပ်၏။

ပါဠိတောစာတိ–ကား၊ ဝိသိဋ္ဌာနံ၊ပေ၊ဝိဘာဝနေန–ဝိသိဋ္ဌာနံပါကာတိ ဝိပါကာ ဤသို့ အစရှိသော ဝစနတ္ထကို ထင်ရှားပြခြင်းအားဖြင့်၊ ပါဠိတော–ပါဠိအားဖြင့်လည်းကောင်း၊ ဝိပက္က၊ပေ၊အာဒိနာ–အစရှိသော၊ ဘာသိတတ္ထဝိဘာဝနေန–ဟောထိုက်သော အနက်ကို၊ ထင်ရှားပြခြင်းအားဖြင့်၊ အတ္ထတော စ–အနက်အားဖြင့်လည်းကောင်း၊(ဝတ္တဗ္ဗံ, ဝုတ္တမေဝတို့၌စပ်ပါ၊) [ဘာသိတဗ္ဗံတိ ဘာသိတံ (တပစ္စည်း အရဟာအနက်ပြ)၊ တဒေဝ+အတ္ထောတိ ဘာသိတတ္ထော အဘိဓေယျတ္ထော၊–အနု။] ဝါ–တစ်နည်း၊ နာမပရိစ္ဆေဒါဒီဟိ–နာမည်ကို ပိုင်းခြားခြင်းအစရှိသည်တို့ဖြင့်၊ တိကဒုကာနံ–တိက်ဒုက်တို့ကို၊ ဝဝတ္ထာန ဒဿနေန–ပိုင်းခြားသတ်မှတ်ပုံကို ပြခြင်းအားဖြင့်၊ ပါဠိတော–ပါဠိအားဖြင့် လည်းကောင်း၊ တဒတ္ထဝိညာပနေန–ထို တိက်ဒုက်တို့၏အနက်ကို သိစေခြင်း အားဖြင့်၊ အတ္ထတော–အနက်အားဖြင့်လည်းကောင်း၊ [ဝတ္တဗ္ဗံ သိယာ၌စပ်၊ တိကဒုကာနံ(တို့၏) ကုစ္ဆိတာနံ သလာနာဒိ အတ္ထဒီပကေန၊–အနု။]

၉၉၁။ သာလိပါကံ–သလေးမှည့်ကို၊ သာလိဖလန္တိ–ဟူ၍၊(သင်္ဟာကာရော) အာဟ။

၉၉၄။ အမှာကံ မာတုလတ္ထေရောတိ–ကား၊ ပုဂ္ဂလာရမဏာသပိ–ပုဂ္ဂိုလ် ပညတ်ဟူသော အာရုံရှိသည်လည်းဖြစ်သော၊ ဥပါဒါနဿ–ဥပါဒါန်၏၊ ဥပါဒါနက္ခန္ဓာ ဝေ–ဥပါဒါန်၏ အာရုံဖြစ်သော လောကီခန္ဓာတို့သည်သာ၊ ပစ္စယော–အကြောင်းသည်၊ (ဟောတိ)၊ လောကုတ္တရာ–လောကုတ္တရာတို့သည်၊

---

**ဘူမိသဒ္ဒေါ၊စ၊ပေ၊န ဟောတီတိ**။ ။အဘိဓမ္မာအရာ၌ ဘူမိသဒ္ဒါသည် ဘုံဌာနကို မဟော၊ ကာမာဝစရစသော စိတ္တုပ္ပာဒ်ကိုဟောသော အထင်ရှဋ္ဌိသဒ္ဒါဖြစ်၏၊ ထို့ကြောင့် "စတူသု ဘူမီသု ကုသလံ"စသော ပါဠိတော်၌ ကာမာဝစရရူပါရူပါဝစရအပရိယာပန္န (လောကုတ္တရာ)လေးမျိုးကို ယူပြီးဖြစ်ရကား "ကာမာဝစရေ"စသည်ဖြင့် အထူးပြုဖွယ် မလိုတော့၍ "ကာမာဝစရေ"စသည်ကို ဟောတော်မမူ။

(ပစ္စယာ) န (ဟောတိ)၊ ခန္ဓာရမဏာဿ–ခန္ဓာဟူသော အာရုံရှိသော၊ (ဥပါဒါနဿ–ဥပါဒါန်၏၊) (လောကုတ္တရာနံ–တို့၏၊ အပစ္စယဘာဝေ–အကြောင်းမဟုတ်သည်၏အဖြစ်၌၊) ကော ပန ဝါဒေါ–အဘယ်မှာ ပြောဖွယ်ရာ ရှိပါတော့အံ့နည်း?၊ တေန–ကြောင့်၊ အဂ္ဂဟိတာနီတိ–ဟူ၍၊ (သင်္ဂဟကာရော) အာဟ၊ ဥပါဒါနေဟိ–ဥပါဒါန်တို့သည်၊ အဂ္ဂဟေတဗ္ဗာ–မယူထိုက်ကုန်သော တရားတို့သည်၊ အနုပါဒါနိယာ–အနုပါဒါနိယတို့သည်၊ (ဟောန္တိ)ယထာ၊ ဇဝံ–တူ၊ သံကိလေသေဟိ–သံကိလေသတရားတို့သည်၊ အဂ္ဂဟေတဗ္ဗာ–တို့သည်၊ အသံကိလေသိကာ–အသံကိလေသိကတို့သည်၊ (ဟောန္တိ)၊ ဣတိ ကတ္တာ–ကြောင့်၊ အသံ၊ပေ၊ နယောတိ–ဟူ၍၊ (သင်္ဂဟကာရော) အာဟ။

**၁၀၀၆**။ ဒိဋ္ဌိယာ–ဒိဋ္ဌိသည်၊ ဂဟိတော–ယူအပ်သော၊ အတ္တာ–အတ္တသည်၊ န ဝိဇ္ဇတိ–ထင်ရှားမရှိ၊ ပန–အနွယကား၊ ယေသု–အကြင် ဥပါဒါနက္ခန္ဓာတို့၌၊ ဝိပလ္လတ္ထဂါဟော–ဖောက်ဖောက်ပြန်ပြန်ဖြစ်သော ယူခြင်းသည်၊(ဟောတိ)၊ တေ ဥပါဒါနက္ခန္ဓာ စ–ထို ဥပါဒါနက္ခန္ဓာတို့သည်သာ၊ ဝိဇ္ဇန္တိ–န်၏၊ တသ္မာ, ယသ္မိံ–အကြင် ဥပါဒါနက္ခန္ဓာ၌၊ အဝိဇ္ဇ၊ပေ၊ ဂဟဏံ–ပရမတ္ထအားဖြင့် ထင်ရှား မရှိသော နိစ္စအစရှိသော ဖောက်ဖောက်ပြန်ပြန်ဖြစ်သော အခြင်းအရာအားဖြင့် ယူခြင်းသည်၊ အတ္ထိ၊ ဥပါဒါနက္ခန္ဓပဉ္စကသင်္ခါတော–ဥပါဒါနက္ခန္ဓာငါးပါး အပေါင်းဟု ဆိုအပ်သော၊ သောဝ–ထိုအပေါင်းသည်သာ၊ ကာယော–ကာယ မည်၏၊ တတ္ထ–ထိုဥပါဒါနက္ခန္ဓာငါးပါးအပေါင်း၌၊ နိစ္စာဒိအာကာရဿ–နိစ္စအစရှိသော အခြင်းအရာ၏၊ အဝိဇ္ဇမာနတာဒဿနတ္ထံ–ထင်ရှားမရှိသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှာလည်းကောင်း၊ ရူပနာဒိသဘာဝဿဝ–ရူပနအစရှိ သော သဘော၏သာလျှင်၊ ဝိဇ္ဇမာနတာဒဿနတ္ထံစ–ငှာလည်းကောင်း၊ ဝိဇ္ဇမာနော ကာယောတိ–ဟူ၍၊ ဝိသေသေတွာ–အထူးပြု၍၊ (ဝိဇ္ဇမာနောဟု အထူးပြု၍၊) ဝုတ္တော၊ ["သန္တော ကာယော"၌ သန္တောကို "ဝိဇ္ဇမာနော"ဟု ဆိုသည်။] ပန–ဆက်၊ လောကုတ္တရာ–လောကုတ္တရာတို့သည်၊ ဝါ–တို့ကို၊ ကဒါစိ–၌၊ အဝိဇ္ဇမာနာကာရေန–ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအခြင်းအရာ အားဖြင့်၊ န ဂယှန္တိ–မယူအပ်ကုန်၊ ဣတိ–ကြောင့်၊ ဣဒံ ဝိသေသနံ–ဤ ဝိဇ္ဇမာနဟူသော ဝိသေသနကို၊ န အရဟန္တိ–မထိုက်ကုန်၊ [လောကုတ္တရာခန္ဓာကို နိစ္စစသည်ဖြင့် အရိယာပုဂ္ဂိုလ်တို့က မစွဲလန်းသောကြောင်, "ဝိဇ္ဇမာန"ဟု ဝိသေသနပြုဖွယ် မလို–ဟူလို။]

သက္ကာယေ–ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း၌၊ (ပဝတ္တာ–သော၊) ဒိဋ္ဌိ–ဒိဋ္ဌိတည်း၊ သက္ကာယဒိဋ္ဌိ–ပရမတ္ထအားဖြင့် ထင်ရှားရှိ သော ခန္ဓာငါးပါးအပေါင်း၌ဖြစ်သော ဒိဋ္ဌိ၊ ဝါ–တစ်နည်း၊ သတီ–ထင်ရှားရှိ သော၊(ဒိဋ္ဌိ၌စပ်၊) ကာယေ–ခန္ဓာငါးပါးအပေါင်း၌၊(ပဝတ္တာ–သော၊) ဒိဋ္ဌိ–တည်း၊

သက္ကာယဒိဋ္ဌိ–ခန္ဓာငါးပါးအပေါင်း၌ဖြစ်သော ထင်ရှားရှိသောဒိဋ္ဌိ၊ အတ္တနာ–မိမိဟူသော ဒိဋ္ဌိသည်၊ ဂဟိတာကာရဿ–ယူအပ်သော အခြင်းအရာ၏၊ အဝိဇ္ဇမာနတာယ–ထင်ရှားမရှိသည်၏အဖြစ်ကြောင့်၊ သယမေဝ–မိမိဟူသော ဒိဋ္ဌိသည်သာ၊ သတီ–ထင်ရှားရှိ၏၊ တာယ–ထိုဒိဋ္ဌိသည်၊ ဂဟိတော–သော၊ အတ္တာ–သည်လည်းကောင်း၊ အတ္တနိယံဝါ–အတ္တ၏ဥစ္စာသည်လည်းကောင်း၊ န–ထင်ရှားမရှိ၊ ဣတိ အတ္ထော။

ပန–ဆက်၊ အယံ အတ္ထော–ဤ ဒုတိယာဝိကပ်အနက်ကို၊ သမ္ဘဝတိ–ဖြစ်သင့်၏၊ ဣတိ ကတွာ–ဤသို့ နှလုံးသွင်း၍၊ (သင်္ဂဟကာရေန) ဝုတ္တော၊ ပန–စင်စစ်ကား၊ ပုရိမောဧဝ–ရှေ့ဖြစ်သော အနက်သည်သာ၊ ပဓာနော–ပဓာနတည်း၊ ဟိ–မှန်၊ ဒုတိယေ–ဒုတိယာဝိကပ်၌၊ ဒိဋ္ဌိယာ–ဒိဋ္ဌိ၏၊ ဝတ္ထု–တည်ရာခန္ဓာသည်၊ အဝိသေသိတံ–အထူးမပြုအပ်သည်၊(သန္တောဟု အထူးမပြုအပ်သည်၊) ဟောတိ၊ ဟိ–မှန်၊ ကာယောတိ–ဟူသောပါဠ်ဖြင့်၊ ခန္ဓပဉ္စကေ–ကို၊ ဝုစ္စမာနေ–သော်၊ လောကုတ္တရာပန္နာယနံ–လောကုတ္တရာခန္ဓာကိုပယ်နိုင်ခြင်းသည်၊ နတ္ထိ၊ (ကသ္မာ လောကုတ္တရာပန္နာယနံ နတ္ထိ–နည်း၊) ဟိ(ယသ္မာ)–ကြောင့်၊ လောကုတ္တရေသု–လောကုတ္တရာခန္ဓာတို့၌၊ ကာယသဒ္ဒေါ–ကာယသဒ္ဒါသည်၊ န ဝတ္တတိ–မဖြစ်သည်ကား၊ န–မဟုတ်၊(ဝတ္တတိဧဝ)၊(တသ္မာ လောကုတ္တရာပနယနံ နတ္ထိ၊) ဟိ–မှန်၊ ကာယပဿဒ္ဓိအာဒီသု–ကာယပဿဒ္ဓိ အစရှိကုန်သော၊ လောကုတ္တရေသု–လောကုတ္တရနိဒ္ဒေသတို့၌၊ ကာယသဒ္ဒေါပိ–ကာယသဒ္ဒါသည်လည်း၊ လောကုတ္တရက္ခန္ဓဝါစကော–လောကုတ္တရာခန္ဓာကို ဟောနိုင်၏။

သီလေနာတိ–ကား၊ သုဒ္ဓိယာ–စင်ကြယ်ခြင်း၏၊ အဟေတုဘူတေန–အကြောင်း မဟုတ်သည်ဖြစ်၍ဖြစ်သော၊ သီလေန–ခွေးစသည်တို့၏ အလေ့ဖြင့်၊ ဂဟိတသမာဒါနန္တိ–ကား၊ ဥပ္ပာဒိတပရာမာသော၀–ဖြစ်စေအပ်သော မှားသောအားဖြင့် သုံးသပ်တတ်သော အယူပင်တည်း၊ ဟိ–မှန်၊ သော–ထို အယူကို၊ တေန–ဤ အယူဖြင့်၊ ကုက္ကုရသီလာဝတာဒီနိ–ခွေးတို့၏ အလေ့အကျင့် အစရှိသည်တို့ကို၊ သမာဒိယန္တိ–ကောင်းစွာယူကြကုန်၏၊ ဝါ–ဆောက်တည်ကြကုန်၏၊ ဣတိ–ကြောင့်၊ သမာဒါနန္တိ–ဟူ၍၊ (သင်္ဂဟကာရေန)ဝုတ္တော၊ တတ္ထ–ထိုသီလဝတတို့တွင်၊ အဓိတိက္ကမနိယတာယ–မလွန်ကျူးထိုက်သည်၏ အဖြစ်ကြောင့်၊ သီလံ–သီလဟူ၍၊ (ဒဋ္ဌဗ္ဗံ)၊ ဘတ္တိဝသေန–ဆည်းကပ်ခြင်း၏အစွမ်းဖြင့်၊ သတတံ–အမြဲ၊ စရိတဗ္ဗတာယ–ကျင့်ထိုက်သည်၏အဖြစ်ကြောင့်၊ ဝတံ–ဝတဟူ၍၊ ဒဋ္ဌဗ္ဗံ။

**၁၀၀၇**။ ဣဓေဝ တိဋ္ဌမာနဿာတိ–ကား၊ ဣမိဿာ၊ပေ၊ ဂုဟာယံ–ဤ ဣန္ဒသာလလိုဏ်ဂူ၌ပင်၊ တိဋ္ဌမာနဿ–တည်စဉ်၊ (လဒ္ဓေါ်၌ စပ်)။

ဝါစုဂ္ဂတကရဏံ–နှုတ်တက်အောင် ပြုခြင်းသည်၊ ဝါ–နှုတ်တက်ရအောင် သင်ယူခြင်းသည်၊ ဥဂ္ဂဟော–ဥဂ္ဂဟမည်၏၊ အတ္ထပရိပုစ္ဆနံ–အနက်ကို အဖန်ဖန် မေးမြန်းခြင်းသည်၊ ပရိပုစ္ဆာ–မည်၏၊ ကုသလေဟိ–ကျွန်းကျင်သောပညာရှိတို့ နှင့်၊ သဟ, စောဒနာပရိဟရဏဝသေန–စောဒနာခြင်း,ဖြေခြင်း၏အစွမ်းဖြင့်၊ ဝိနိစ္ဆယကရဏံ–ဆုံးဖြတ်မှုကိုပြုကြောင်းဉာဏ်သည်၊ ဝိနိစ္ဆယော–မည်၏။

ဗဟူနံ–န်သော၊ နာနပ္ပကာရာနံ–အထူးထူးသော အပြားရှိကုန်သော၊ သက္ကာယဒိဋ္ဌီနံ–သက္ကာယဒိဋ္ဌိတို့၏၊ ဝါ–တို့ကို၊ အဝိဟတတ္တာ–မပယ်သတ်အပ် ကုန်သေးသည်၏အဖြစ်ကြောင့်၊ တာ–ထိုသက္ကာယဒိဋ္ဌိတို့ကို၊ ဇနေန္တိ–ဖြစ်စေ တတ်ကုန်၏၊ ဣတိ–ကြောင့်၊ ပုထုဇ္ဇနာ–ပုထုဇ္ဇနတို့မည်၏၊ ဝါ–တစ်နည်း၊ တာဟိ–ထို သက္ကာယဒိဋ္ဌိတို့သည်၊ ဇနိတာ–ဖြစ်စေအပ်သူတို့တည်း၊ ဣတိ, ပုထုဇ္ဇနာ–တို့မည်၏၊ ဝါ–တစ်နည်း၊ အဝိဃာတမေဝ–မပယ်အပ်ဟူသော အနက်ကိုပင်၊ ဇနသဒ္ဒေါ–ဇနသဒ္ဒါသည်၊ ဝဒတိ–ဟော၏၊ ပုထု၊ပေ၊တွေ–၌၊ တေသံ–ဤသတ္တဝါတို့၏၊ ပုထူ–များစွာကုန်သော၊ ဇနာ–ဆရာတို့သည်၊ (သန္တိ)၊ ဣတိ ပုထုဇ္ဇနာ၊ ဣတိ–သို့၊ ဝစနတ္ထော–သည်၊ (ဟောတိ)၊ ပုထု ၊ပေ၊တွေ–၌၊ ဇနေတဗ္ဗာ–ဖြစ်စေထိုက်ကုန်၏၊ (ဣတိ–ကြောင့်၊ ဇနာ–ဇနတို့ မည်၏၊) ဝါ–တစ်နည်း၊ တွေ–ဤဂတိတို့၌၊ ဇာယန္တိ–ဖြစ်ကြရကုန်၏၊ ဣတိ–ကြောင့်၊ ဇနာ–ဇနတို့မည်၏၊ ဂတိယော–ဂတိတို့တည်း၊ တေသံ– ဤသတ္တဝါတို့၏၊ ပုထု–များစွာကုန်သော၊ ဇနာ–ဖြစ်စေထိုက်သောဂတိတို့ သည်၊ ဝါ–ဖြစ်ရာဂတိတို့သည်၊ (သန္တိ)၊ ဣတိ ပုထုဇ္ဇနာ၊ ဣတော–ဤ ပုထု သဗ္ဗဂတိဟိ အဝုဋ္ဌိတာဟူသောပါဌ်မှ၊ ပရေ–၌၊ တေဟိ–ဤအဘိသင်္ခါရ အစရှိသည်တို့ကြောင့်၊ ဇာယန္တိ–ဖြစ်ကြရကုန်၏၊ ဣတိ, ဇနာ–တို့မည်၏၊ အဘိသင်္ခါရာဒယော–အဘိသင်္ခါရ အစရှိသည်တို့တည်း၊ တေသံ–ဤ သတ္တဝါတို့၏၊ ပုထူ–န်သော၊ တေ–ထို အဘိသင်္ခါရ အစရှိသည်တို့သည်၊ ဝိဇ္ဇန္တိ–ရှိကုန်၏၊ ဣတိ ပုထုဇ္ဇနာ၊ ဝါ–တစ်နည်း၊ ဇနသဒ္ဒေါ–ဇနသဒ္ဒါကို၊ အဘိသင်္ခရဏာဒိ အတ္ထောဝေ–အဘိသင်္ခရဏအစရှိသောအနက်ရှိ၏ဟူ၍သာ၊ ဒဋ္ဌဗ္ဗော–၏၊ ရာဂဂ္ဂိအာဒယော–ရာဂမီးအစရှိသော မီးတို့သည်၊ သန္တာပါ– သန္တာပတို့မည်၏၊ တေဝေ–ထိုရာဂမီးအစရှိသော မီးတို့သည်ပင်၊ (ပရိဠာဟာ– ပရိဠာဟတို့မည်၏၊) ဝါ–တစ်နည်း၊ သဗ္ဗေပိ–ကုန်သော၊ ကိလေသာ–တို့သည်၊ ပရိဠာဟာ–တို့မည်၏၊ (ဣတိ–သို့၊ အတ္ထော–ကို၊ ဒဋ္ဌဗ္ဗော–၏”ဟု ထည့်ပါ၊ ဤသို့ ထည့်မှ ပရေ၏ စပ်ပုဒ်ရမည်။)

ပုထု၊ပေ၊တွေ–၌၊ ဇာယတိ–ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ ဇနော–မည်၏၊ ရာဂေါ၊ပေ၊ဝေမာဒိကော–ရာဂေါ ဂေဓော ဤသို့ အစရှိသော တရားတည်း၊

တောသံ-ဤသတ္တဝါတို့၏၊ ပုထု-များစွာသော၊ ဇနော-ဖြစ်တတ်သော ရာဂ အစရှိသော တရားသည်၊ (အတ္ထိ)၊ ဣတိ ပုထုဇ္ဇနာ၊ ဝါ-တစ်နည်း၊ ပုထူသု-များစွာသော ကာမဂုဏ်တို့၌၊ ဇနာ ဇာတာ-ဖြစ်တတ်ကုန်သော၊ ရတ္တာ-တပ်မက်တတ်သော သတ္တဝါတို့တည်း၊ ဣတိဧဝံ-သို့၊ ဇနသဒ္ဒေါ-ဇနသဒ္ဒါကို၊ ရာဂါဒိအတ္ထောဧဝ-ရာဂအစရှိသော အဘိဓေယျအနက်ရှိ၏ဟူ၍သာ၊ ဒဋ္ဌဗ္ဗော-၏၊ ပလိဗုဒ္ဓါတိ-ကား၊ သမ္ဗဒ္ဓါ-ဆက်စပ်ကုန်ပြီ၊ ဝါ-တစ်နည်း၊ ဥပဒ္ဒုတာ-ကပ်၍ နှိပ်စက်အပ်ကုန်ပြီ။

အသုတဝါတိ ဧတေန-ပါဠ်ဖြင့်၊ အန္ဓတာ-ကာဏ်းသူ၏အဖြစ်ကို၊ ဝုတ္တာ-ဟောတော်မူအပ်ပြီ၊ ဣတိ-ကြောင့်၊ အန္ဓ၊ပေ၊ဝုတ္တောတိ-ဟူ၍၊ (သင်္ဂဟ ကာရော) အာဟ၊ အနယေတိ-ကား၊ အဝမိုယ်-မတိုးပွားကြောင်း အကျင့်၌၊ သဗ္ဗတ္ထ-အလုံးစုံသော ပုဒ်တို့၌၊ နိရုတ္တိလက္ခဏေန-နိရုတ္တိလက္ခဏာအားဖြင့်၊ ပဒသိဒ္ဓိ-ပုဒ်တို့၏ ပြီးခြင်းကို၊ ဝေဒိတဗ္ဗာ-၏။

စ-ဆက်၊ ပစ္စေကဗုဒ္ဓါ-ပစ္စေကဗုဒ္ဓါတို့သည်၊ အနေကေသု-များစွာကုန် သော၊ ကပ္ပသတသဟဿေသု-ကပ္ပာအသိန်းတို့၌၊ ကတံ-ပြုအပ်ပြီးသော ပါရမီ ကောင်းမှုကို၊ ဇာနန္တိ-သိတော်မူကုန်၏၊ ဥပကာရသတိဇနနအာမိသပဋိဂ္ဂဟဏာ ဒိနာ-ကျေးဇူးကို အမှတ်ရသော သတိကို ဖြစ်စေခြင်း, အာမိသကို ခံယူခြင်း, အစရှိသည်ဖြင့်၊ ပါကဋံစ-ထင်ရှားသည်ကိုလည်း၊ ကရောန္တိ-ပြုတော်မူကုန်၏၊

**အသုတဝါတိ၊ပေ၊အာဟ**။ ။ခန္ဓာစသည်ကို သိသောဉာဏ်သည် ခန္ဓာစသည်ကို ဟောပြသော တရားတော်ကို ကြားနာခြင်းဟူသော သုတသာလျှင် အရင်းခံရှိ၏၊ ထိုကဲ့သို့ သုတမရှိလျှင် ခန္ဓာစသည် မသိနိုင်၊ အသုတဝါ၌ အသုတပုဒ်ဖြင့် ထို ဉာဏ်မျိုးမရှိသော အန္ဓပုထုဇဉ်ဖြစ်ကြောင်းကို ပြသည်။ [ခန္ဓာယတနာဒီနံ သဝနာမိနတ္တာ ပညာစက္ခုပဋိလာဘဿ (ပညာစက္ခုရခြင်းက ခန္ဓာအာယတန အစရှိသည်တို့ကို ကြားနာခြင်းနှင့် စပ်သောကြောင့်) တေသော် သဝနာဘာဝဒီပကံ အသုတဝါတိ ဣဒံ ပဒံ အန္ဓကံ ဝဒတိ၊-အနု။]

**အနေကေသု၊ပေ၊ဇာနန္တိ**။ ။ကတံ ဇာနန္တီတိ အတ္တနာ ပရေဟိစ ကတံ ကုသလာ ကုသလံ (မိမိသည်လည်းကောင်း, သူတစ်ပါးတို့သည်လည်းကောင်း ပြုအပ်ပြီးသော ကုသိုလ် အကုသိုလ်ကိုလည်းကောင်း၊) တေဟိ နိပ္ဖာဒိတံ သုခဒုက္ခံ(ထိုမိမိ,သူတစ်ပါးတို့ ပြီးစီးစေအပ်ပြီးသော သုခ,ဒုက္ခကိုလည်းကောင်း၊) ယာထာဝတော ဇာနန္တိ၊(အနုဋီကာ)၊ ဤအဖွင့်ကိုကြည့်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အတွက် "ကတံ-မိမိ သူတစ်ပါးတို့ သည် ကမ္ဘာသိန်းပေါင်းများစွာတို့က ပြုအပ်ပြီးသော ကုသိုလ် အကုသိုလ် သုခ ဒုက္ခကို+ဇာနန္တိ ဣတိ ကတညုနော"ဟု ပြုပါ။

**ပါကဋံစ၊ပေ၊ဂ္ဂဟဏာဒိနာ**။ ။ပရေသံ အတ္တနာ အတ္တနောစ ပရေဟိ ကတံ ဥပကာရံ ယထာဝုတ္တာကာရေန ပါကဋံ ကရောန္တိ-သူတစ်ပါးတို့အတွက် မိမိသည်

တထော်ဝ–ထိုအတူပင်၊ ဒုက္ခိသ(ဒုက္ခိတသ)–ဒုက္ခရှိသူ(ဒုက္ခရောက်သူ)၏၊ ကာတဗ္ဗံ–ပြုဖွယ်ကိစ္စကို၊ သက္ကစ္စံ–ကောင်းစွာပြု၍၊ ဝါ–လေးလေးစားစား၊ ကရောန္တိ–န်၏၊ ပန–ကား၊ သမ္မာသမ္ဗုဒ္ဓေါ–မြတ်စွာဘုရားသည်၊ အသချေ်ယျ အပ္ပမေယျေသုပိ–မရေတွက်အပ်, မနှိုင်းယှဉ်အပ်သော ကာလတို့၌လည်း၊ ကတံ–ပြုအပ်ပြီးသော၊ ဥပကာရံ–လျော်စွာပြုတတ်သော ကျေးဇူးကိုလည်း ကောင်း၊ မဂ္ဂဖလာနံ–မဂ်ဖိုလ်တို့၏၊ ဥပနိဿယံစ–အားကြီးသော မှီရာ အကြောင်းကိုလည်းကောင်း၊ ဇာနာတိ–၏၊ ပါကဋ္ဌံစ–ကိုလည်း၊ ကရောတိ–၏၊ စ–သည်သာမကသေး၊ သီဟော–ခြင်္သေ့သည်၊ ဇဝံ–အဟုန်ကို၊ (ကရောတိ) ဝိယ–ကဲ့သို့၊ (တထာ–တူ၊) သဗ္ဗတ္ထ–အလုံးစုံသောအရာတို့၌၊ သက္ကစ္စမေဝ– ကောင်းစွာပြု၍သာလျှင်၊ ဝါ–လေးလေးစားစားသာလျှင်၊ ဓမ္မဒေသနံ–တရား ဟောမှုကို၊ ကရောတိ–ပြုတော်မူ၏။

---

ပြုအပ်ပြီးသော, မိမိအတွက် သူတစ်ပါးတို့သည်လည်း ပြုအပ်ပြီးသော ကျေးဇူးကို သတိဇနန အာမိသပဋိဂ္ဂဟဏ စသော ဋီကာဝယ် ဆိုအပ်ပြီးသော အခြင်းအရာအား ဖြင့် ထင်ရှားအောင် ပြုတတ်ကြကုန်၏၊–အနု။

ဤအဖွင့်ကို ကြည့်၍ "ကတံ–ပြုအပ်ပြီးသော ကျေးဇူးကို+ဝေဒယန္တိ–သတိဇနန အာမိသပဋိဂ္ဂဟဏ စသောအားဖြင့် သိစေအပ်, ထင်စွာ ပြုတတ်ကုန်၏၊ ကူတိ ကတဝေဒိနော"ဟု ပြုပါ။ [သတိဇနနဟူသည် ထိုကျေးဇူးကို အမှတ်ရစေခြင်းတည်း၊ အာမိသပဋိဂ္ဂဟဏဟူသည် ထိုကျေးဇူးကို ဆပ်သောအားဖြင့် သူ့မှာ အကျိုးရအောင် အာမိသကို အလှူခံခြင်းတည်း၊ ဥပမာ–ပဒုမဝတီမိဖုရား၏သားတော် (၅၀၀)တို့သည် နောက်တစ်ဘဝသို့ရောက်နေသော မိခင်ဟောင်း၏ဆွမ်းကို အလှူခံကြသကဲ့သို့တည်း။]

**တထေဝ၊ပေ၊ကရောန္တိ**။ ။"တထေဝ–ထိုအတူပင်"ဟု ပေး၍"ပါကဋ္ဌံ ကရောန္တိ" ကို ပြည့်စွန်းသည်ဟု ယူလျှင် "ဒုက္ခိတ"အရ ဗျာဒိစသော ဒုက္ခရောက်နေသူကိုလည်း ယူနိုင်၏၊ ဤအလို "ကာတဗ္ဗ"အရလည်း ပြုစုလုပ်ကျွေးခြင်းစသော ကိစ္စကို ယူပါ၊ ["ဗျာဓိအာဒီဟိ ဒုက္ခိတသ ဥပဋ္ဌာနံ ကာတဗ္ဗံ"၊–အနု။] "တထေဝဖြင့် သတိဇနန အာမိသပဋိဂ္ဂဟဏာဒိကို ပြန်၍ညွှန်းသည်"ဟု ယူလျှင် ဒုက္ခိသ အရ သံသာရဒုက္ခ ရောက်နေသူကို ယူပါ၊ ထို့ကြောင့် အနုဋီကာ၌ "သံသာရဒုက္ခဒုက္ခိတသောဝဝါ ယထာဝုတ္တာကာရေန ကာတဗ္ဗံ ကရောန္တိ"ဟု တစ်နည်းဖွင့်သည်။ [စာအုပ်တို့၌ "ဒုက္ခိသ"ဟုလည်းကောင်း, "ဒုက္ခိတသ"ဟုလည်းကောင်း ပါဌ်နှစ်မျိုး တွေ့ရ၏၊ "ဣန္ဒဝဇီရာဂါထာပါဒ"ဟု ယူလျှင် "ဒုက္ခသ"ဟုရှိမှ "တ+တ+ဇ+ဂ+ဂ"ဟုဖြစ်၍ ဆန်းတည့်ပါသည်။

**သမ္မာသမ္ဗုဒ္ဓေါပန**။ ။ပြခဲ့သော အဖွင့်သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အတွက် ဖြစ်၍, သမ္မာသမ္ဗုဒ္ဓအတွက် "ကတညူ ကတဝေဒီ ဒုက္ခိတသ သက္ကစ္စံ ကရောတိ ကိစ္စံ"ကို ဖွင့်ပြလိုသောကြောင့် သမ္မာသမ္ဗုဒ္ဓေါပန စသည်ကို မိန့်သည်၊ ဘုရားရှင်သည် သတ္တဝါတို့၏ အသချေ်ယျကာလတို့က ပြုအပ်ဖူးသော ကျေးဇူးကိုလည်းကောင်း,

အရိယဘာဝေါတိ–ကား၊ [အရိယဘာဝဂေါစရတောမှ "အရိယဘာဝ"ကို ခွဲ၍ ဖွင့်သည်၊] ယေဟိ–အကြင် မဂ်ဖိုလ်တရားတို့နှင့်၊ ယောဂတော–ယှဉ်ခြင်းကြောင့်၊ အရိယာ–အရိယာတို့ဟူ၍၊ ဝုစ္စန္တိ၊ တေ မဂ္ဂဖလဓမ္မာ–ထိုမဂ်ဖိုလ်တရားတို့ကို၊ (အရိယဘာဝေါတိ–ဟူ၍၊) ဒဋ္ဌဗ္ဗာ၊ အရိယကရဓမ္မာ–အရိယာအဖြစ်ကို ပြုတတ်သော တရားတို့ဟူသည်၊ အနိစ္စဒဿနာဒယော–အနိစ္စဟု ရှုတတ်သော ဝိပဿနာဉာဏ် အစရှိသည်တို့တည်း၊ [အာဒိဖြင့် ဒုက္ခဒဿန အနတ္တဒဿနတို့ကို ယူ။] ဝါ–တစ်နည်း၊ ဝိပဿိယမာနာ–ဝိပဿနာရှုတတ်ကုန်သော၊ အနိစ္စာဒယော–အနိစ္စအစရှိသောတရားတို့တည်း။

သောတာနီတိ–ကား၊ တဏှာ၊ပေ၊သောတာနိ–တဏှာ ဒိဋ္ဌိ, ကြွင်းသော ကိလေသာ, ဒုစရိုက် အဝိဇ္ဇာဟူကုန်သော အယဉ်တို့သည်၊ (သဝန္တိ–န်၏၊) သောတာနံ သံဝရံ ပြူမိတိ–ဟူ၍၊ ဝတွာ–ဟောတော်မူပြီး၍၊ ပညာ၊ပေ၊ဝစနေန–စကားတော်ကြောင့်၊(ဝိညာယတိဒ္ဓစပ်၊) သောတာနံ–တဏှာစသောအယဉ်တို့ကို၊

မဂ်ဖိုလ်၏အကြောင်း ကောင်းမှုကိုလည်းကောင်း သိတော်မူသောကြောင့် ကတညူ မည်တော်မူ၏၊ ထိုကျေးဇူး, ထိုဥပနိဿယကို သတိပေးသောအားဖြင့် ထင်ရှားအောင် ပြုတော်မူတတ်သောကြောင့် ကတဝေဒီလည်း မည်တော်မူ၏၊ ကေသရာဇာခြင်္သေ့မင်းသည် သားကောင်ကို ဖမ်းရာ၌ မည်သည့်သားကောင်မဆို မိမိအဟုန်ကို မလျှော့သကဲ့သို့ ဘုရားရှင်လည်း သံသရာဒုက္ခရောက်နေသော သတ္တဝါတို့ကို အကျွတ်တရားရစေတော်မူရာဝယ် မည်သည့်ပရိသတ်၌မဆို လေးလေးစားစား တရားဟောမှုကို ပြုတော်မူသောကြောင့် "ဒုက္ခိတဿ သက္ကစ္စံ ကရောတိ ကိစ္စံ"လည်း ဖြစ်တော်မူသည်–ဟူလို။

**အရိယကရဓမ္မာ**။ ။"အရိယဘာဝကရ"ဟု ဆိုလိုလျက် ဘာဝပုဒ် အကြေကြံပါ၊ "အရိယာအဖြစ်ကို ပြုတတ်(အရိယာဖြစ်အောင် ပြုတတ်)သော တရားများ"ဟူသည် လောကီရုပ်နာမ်ခန္ဓာတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုတတ်သော ဝိပဿနာဉာဏ်များတည်း၊ ထို ဝိပဿနာဉာဏ်များဖြင့် မဂ်ကိုရ၍ အရိယာဖြစ်ကြရသည်။

**ဝိပဿိယမာနာဝါ**။ ။ဤနည်း၌ အရိယသစ္စာတို့ကို "အရိယကရဓမ္မ"ဟု ဆို၏၊ ထိုသစ္စာလေးပါးတို့တွင် ဒုက္ခနှင့် သမုဒယ နှစ်ပါးကို ပြလို၍ "ဝိပဿိယမာနာဝါ အနိစ္စာဒယော"ဟု တစ်နည်းမိန့်သည်၊ ဝိပဿနာဉာဏ်ဖြင့် ရှုအပ်သော အနိစ္စ ဒုက္ခ အနတ္တဖြစ်သောခန္ဓာငါးပါးကို "အရိယကရဓမ္မ"ဟုခေါ်သည်–ဟူလို။ [အရိယကရဓမ္မာ အရိယသစ္စာနီတိ ပုရိမဒွယသစ္စဝသေန ဝုတ္တံ ဝိပဿိယမာနာ အနိစ္စာဒယောတိ–အနု။]

**တစ်နည်း**။ ။"ဝိပဿိယ"၌ "ဝိသေသေန+ပဿိယ–အထူးသဖြင့် ရှုအပ်"ဟု အနက်ယူလျှင် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓကို မျက်မှောက်ပြုခြင်း, မဂ္ဂကို ပွားစေခြင်းအားဖြင့် လေးမျိုးလုံးသော ရှုခြင်းရှိ၏၊ ထိုသို့ရသောကြောင့် အနိစ္စာဒယော၌ အာဒိဖြင့် အနိစ္စဖြစ်သော နိဗ္ဗာန်ကို ယူပါဟု အနု၌ တစ်နည်းပြသေး၏။

သံဝရော–စောင့်စည်းကြောင်းတရားသည်၊ ပိဒဟနံ–ပိတ်ဆို့ကြောင်းတရားသည်၊ သမုစ္ဆေဒဉာဏံ–အကြွင်းမဲ့ ဖြတ်ကြောင်းဉာဏ်တည်း၊ ဣတိ–သို့၊ ဝိညာယတိ။

အဓိဝါသနာ–မိမိအထက်၌ သက်ဝင်တည်နေစေခြင်းသည်၊ ဝါ–အရာရာဝယ် အနာခံခြင်းသည်၊ ခန္တီ တိ–ခန္တီမည်၏၊ သာစ–ထိုအဓိဝါသနာဟူသည်လည်း၊ တထာ–ထိုသည်းခံသော အခြင်းအရာအားဖြင့်၊ ပဝတ္တာ–သော၊ ခန္ဓာ–နာမ်ခန္ဓာတို့တည်း၊ ပညာ–ပညာတည်း၊ ဣတိ–သို့၊ ကေ–အချို့ဆရာတို့သည်၊ (ဝဒန္တိ)၊ ဝါ–တစ်နည်း၊ အဒေါသောဝေ–အဒေါသသာတည်း။

ကာယဒုစ္စရိတာဒီနန္တိ–ကား၊ ဒုဿီလျသင်္ခါတာနံ–သီလမရှိသူ၏အဖြစ်ဟု ဆိုအပ်ကုန်သော၊ ကာယဝစီဒုစ္စရိတာနံ–ကာယဒုစရိုက်, ဝစီဒုစရိုက်တို့ကို လည်းကောင်း၊ မုဋ္ဌသစ္စသင်္ခါတာနံ–ပျောက်သော သတိရှိသူ၏ အဖြစ်ဟု ဆိုအပ်ကုန်သော၊ အဘိဇ္ဈာဒေါမနဿာနံ–အဘိဇ္ဈာ ဒေါမနဿ ဟူကုန်သော၊ ပါပကာနံ–အကုသိုလ်တရားတို့ကိုလည်းကောင်း၊ အက္ခန္တိ၊ပေ၊ကောသဇ္ဇာနဉ္စ–သည်းမခံခြင်း, အညာဏ, ကောသဇ္ဇတို့ကိုလည်းကောင်း၊(သံဝရဏတော၌စပ်။)

သင်္ခါရေဟိ–သင်္ခါရတို့မှ၊ အဝိဝဋ္ဋနံ–မပြန်လည်ခြင်းသည်၊ အနပေက္ခာ–အနပေက္ခာ မည်၏၊ သာလယတာ – သင်္ခါရတရားတို့၌ တွယ်တာခြင်း

---

**သာစ၊ပေ၊ခန္ဓာ**။ ။အဓိဝါသနာ(ခန္တီ)၏ တရားကိုယ်ပြစကားတည်း၊ အအေး အပူ ဒုံသ မကာသစသော သက်ရှိ သက်မဲ့ သင်္ခါရတို့၏ မိမိအပေါ်၌ ဖောက်ဖောက် ပြန်ပြန် ဖြစ်ခြင်း (သက်ရှိတို့က နှိပ်စက်ခြင်း, စော်ကားခြင်း)များကို သည်းခံသော အခြင်းအရာကို "တထာ"ဟု ဆိုသည်၊ [တထာတိ သဗ္ဗသင်္ခါရာနံ ဝိပ္ပကာရဿ ခမနာကာရေန၊–အနု။] ထိုသို့ သည်းခံသော အခြင်းအရာအားဖြင့် ဖြစ်နေသော နာမ်ခန္ဓာလေးပါးကို ခန္တီ၏ တရားကိုယ်အဖြစ်ဖြင့် ကောက်ပါ။

**ပညာတိ ကေ**။ ။ကေဆရာတို့က ဉာဏ်ဖြင့်ဆင်ခြင်၍ သည်းခံရသောကြောင့် ခန္တီအရ ဉာဏ်ကို ကောက်ကြ၏၊ ဉာဏ်မရှိသော်လည်း(ဉာဏ်မရှိစေကာမူ ဉာဏ် မယှဉ်ခိုက်၌လည်း) ခန္တီဖြစ်နိုင်သောကြောင့် ထိုဝါဒကို "ကေဝါဒ"ဟု ဋီကာဆရာ ဆိုသည်။ [အဝိပရီတဓမ္မာ တောယ နိဇ္ဈာယံ ခမန္တီတိ ပညာ ခန္တီတိ–အကြွင်းမဲ့ ရှုဆင်ခြင်၍ နှစ်သက်ကြောင်း၏အဖြစ်ကြောင့် ပညာကို ခန္တီဟု ဆိုသည်၊–အနု။]

**အဒေါသောဝေ**။ ။ထိုသည်းခံ၍ နေချိန်၌ ဒေါသမဖြစ်သောကြောင့် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သော အဒေါသပြဓာန်းသော ခန္ဓာကို အရကောက်ခြင်းသာ ဋီကာ ဆရာ၏ အလိုတည်း၊ ထို့ကြောင့် "တထာ ပဝတ္တာ ခန္ဓာ"နှင့်"အဒေါသောဝေ"သည် အချင်းချင်း မဆန့်ကျင်ကြဟု မှတ်ပါ။ [အဒုဋ္ဌဿေဝ (ဒေါသမဖြစ်သူ၏သာ) တိတိက္ခာဘာဝတော တထာ ပဝတ္တာ ခန္ဓာတိ အဒေါသပဋ္ဌာနာ ခန္ဓာ ဝုတ္တာတိ အဒေါသောဝေဝါတိ တတိယဝိကပ္ပော ဝုတ္တော၊–အနု။]

ရှိကုန်သည်၏အဖြစ်တည်း၊ ဣတိ ဣတ္ထော၊ ["ဥပေက္ခာဉာဏ်ဖြင့် အနုပေက္ခာကို ပယ်ခြင်း"ဟူရာ၌ အနုပေက္ခာဟူသည် သင်္ခါရတို့မှ မပြန်လည်လိုဘဲ တွယ်တာနေခြင်းတည်း–ဟူလို။]

ဓမ္မဋ္ဌိတိယံ–သင်္ခါရစသော အကျိုးတရားတို့၏တည်ကြောင်းဖြစ်သော၊ ပဋိစ္စသမုပ္ပာဒေ–အဝိဇ္ဇာစသော ပဋိစ္စသမုပ္ပာဒ်၌၊ ပဋိလောမဘာဝေါ–ဆန့်ကျင်ဘက်၏အဖြစ်ဟူသည်၊ သဿတုစ္ဆေဒဂါဟော–သဿတဥစ္ဆေဒဟု ယူခြင်းတည်း၊ ဝါ–တစ်နည်း၊ တပ္ပဋိစ္ဆာဒကမောဟော–ထို ပဋိစ္စသမုပ္ပာဒ်ကို ဖုံးလွှမ်းတတ်သော မောဟတည်း။ ... နိဗ္ဗာနေ–၌၊ ပဋိလောမဘာဝေါ–ဟူသည်၊ သင်္ခါရေသု–သင်္ခါရတို့၌၊ ရတိ–မွေ့လျော်ခြင်းတည်း၊ ဝါ–တစ်နည်း၊ နိဗ္ဗာနပ္ပဋိစ္ဆာဒကော–နိဗ္ဗာန်ကို ဖုံးလွှမ်းတတ်သော၊ မောဟော–တည်း။

ယာဒိသဿ–အကြင်ကဲ့သို့ ရှုအပ်သော၊ ကိလေသဿ–၏၊ ဝါ–ကို၊ အပ္ပဟီနတ္တာ–မပယ်အပ်၊မပယ်နိုင်သည်၏အဖြစ်ကြောင့်၊ ဝိပဿနာ–ဝိပဿနာ သည်၊ သင်္ခါရနိမိတ္တံ–သင်္ခါရအာရုံကို၊ န မုဉ္စတိ–မလွှတ်၊ သော ကိလေသော–ထိုကဲ့သို့သော ကိလေသာကို၊ သင်္ခါရနိမိတ္တဂ္ဂါဟောတိ–ဟူ၍၊ ဒဋ္ဌဗ္ဗော၊ [သင်္ခါရ အာရုံကို ယူကြောင်းကိလေသာကို"သင်္ခါရနိမိတ္တဂ္ဂါဟ"ဟု ခေါ်သည်။] ဝါ–တစ်နည်း၊ သင်္ခါရနိမိတ္တဂ္ဂဟဏ္ဏဿ–သင်္ခါရအာရုံကို ယူခြင်းကို၊ အတိက္ကမနံ– လွန်ခြင်းသည်၊ ပဟာနံ–ပယ်ခြင်းတည်း။

စတုန္နံ–န်သော၊ အရိယမဂ္ဂါနံ–အရိယမဂ်တို့၏၊ ဝါ–တို့ကို၊ ဘာဝိတတ္တာ–မိမိသန္တာန်၌ဖြစ်စေအပ်ကုန်သည်၏အဖြစ်ကြောင့်၊ အစ္စန္တံ–စင်စစ်၊ အပ္ပဝတ္တိဘာဝေန–ဖြစ်ခြင်းမရှိသည်၏အဖြစ်ဖြင့်၊ ယံ ပဟာနံ–သည်၊ (အတ္ထိ)၊ ဣတိ–သို့၊ ယောဇနာ–ပုဒ်တို့ကို ယှဉ်စေခြင်းကို၊ ဝေဒိတဗ္ဗာ၊ [ယံပုဒ်,ဘာဝိတတ္တာပုဒ်, အပ္ပဝတ္တိဘာဝေနပုဒ်တို့ကို ပဟာနံ၌စပ်ပါ–ဟူလို။] ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ ကေန–အဘယ်တရားဖြင့်၊ ပဟာနံ–သည်၊ (ဟောတိ–နည်း။) ဣတိ–ဤကားစောဒနာတည်း၊ အရိယမဂ္ဂေဟိဝ–အရိယ မဂ်တို့ဖြင့်ပင်၊ (စတုန္နံ အရိယမဂ္ဂါနံဟု ဆိုအပ်ခဲ့သော အရိယမဂ်တို့ဖြင့်ပင်၊) (ပဟာနံ ဟောတိ)၊ ဣတိ–သို့၊ တေသံ ဘာဝိတတ္တာ အပ္ပဝတ္တိဝစနေန–တေသံ ဘာဝတတ္တာ အပ္ပဝတ္တိဟူသော စကားဖြင့်၊ [အဋ္ဌကထာ၌"စတုန္နံ အရိယမဂ္ဂါနံ ဘာဝိတတ္တာ"ဟူသော စကားကိုယူ၍ "တေသံ ဘာဝတတ္တာ"ဟု ဆိုသည်၊ "အပ္ပဝတ္တိဘာဝေန"ကိုယူ၍ "အပ္ပဝတ္တိဝစနေန"ဟု ဆိုသည်။] အယံ အတ္ထော–သည်၊ ဝါ–ကို၊ ဝိညာယမာနော–သိအပ် သိနိုင်သည်၊ (ဟောတိ)။

သမုဒ္ဒယပက္ခိကသာတိ ဧတ္ထ–၌၊ စတ္တာရောပိ–န်သော၊ မဂ္ဂါ–မဂ်တို့သည်၊ စတုသစ္စာဘိသမယာ–သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်ကုန်၏၊ ဣတိ ကတွာ–ဤသို့ နှလုံးသွင်း၍၊ တေဟိ–ထိုမဂ်တို့ဖြင့်၊ ပဟာတဗ္ဗေန–သော၊ တေန တေန သမုဒယေန–ထိုထို သမုဒယ တဏှာလောဘနှင့်၊ သဟ–အတူတကွ၊ ပဟာတဗ္ဗတ္တာ–ကြောင့်လည်းကောင်း၊ သမုဒယသဘာဂတ္တာစ–သမုဒယနှင့်တူသောအဖို့ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သစ္စဝိဘင်္ဂေ–၌၊ သဗ္ဗကိလေသာနံ–တို့၏၊ (ဘာဝ၌စပ်၊) သမုဒယဘာဝဿ–သမုဒယ အဖြစ်၏၊ ဝါ–ကို၊ ဝုတ္တတ္တာစ–ကြောင့်လည်းကောင်း၊ ဒိဋ္ဌိအာဒယော–ဒိဋ္ဌိ အစရှိသော ကိလေသာတို့ကို၊ သမုဒယပက္ခိကာတိ–ဟူ၍၊ ဝုစ္စန္တိ။

ကာယဝါစာစိတ္တာနံ–ကိုယ်နှုတ်စိတ်တို့၏၊ ဝိရူပပ္ပဝတ္တိယာ–ဖောက်ဖောက် ပြန်ပြန် ဖြစ်ခြင်းကို၊ နယနံ အပယာပနံ–ပယ်ခြင်းသည်၊ ဝါ–ပယ်တတ်သော တရားသည်၊ (ဝိနယော–ဝိနယမည်၏၊) ဝါ–တစ်နည်း၊ ကာယဒုစ္စရိတာဒီနံ–ကာယဒုစရိုက် အစရှိသည်တို့၏၊ ဝိနာသနယနံ–ပျက်စီးခြင်းသို့ ဆောင်ခြင်းသည်၊ ဝါ–ပျက်စီးခြင်းသို့ ဆောင်တတ်သောတရားသည်၊ ဝိနယော–မည်၏၊ ဝါ–တစ်နည်း၊ တေသံ–ထိုကာယဝါစာစိတ္တတို့၏၊ ဓိမုပ္ပဝတ္တိံ–ကောက်ကောက် ကျစ်ကျစ် ဖြစ်ခြင်းကို၊ ဝိစ္ဆိန္ဒိတွာ–ဖြတ်၍၊ ဥဇုကနယနံ–ဖြောင့်မတ်ကုန်သည်၏ အဖြစ်သို့ ဆောင်ခြင်းသည်၊(ဆောင်တတ်သောတရားသည်၊) ဝိနယနံ–မည်၏။

ဧသေသတိ–ကား၊ ဧသော–ဤ အရိယ,အရိယဓမ္မ,အရိယဝိနယသည်၊ သောဧဝ–ထို သပ္ပုရိသ,သပ္ပုရိသဓမ္မ,သပ္ပုရိသဝိနယပင်တည်း၊ (တစ်နည်း)၊ ဧသော–ဤသပ္ပုရိသ,သပ္ပုရိသဓမ္မ,သပ္ပုရိသဝိနယသည်၊ သောဧဝ–ထိုအရိယ, အရိယဓမ္မ,အရိယဝိနယပင်တည်း၊ အတ္ထတော–အနက်အားဖြင့်၊ အနညော–တစ်မျိုးတခြားမဟုတ်၊ ဣတိအတ္ထော၊ တဇ္ဈာတေတိ–ကား၊ အတ္ထတော–အနက် အားဖြင့်၊ တံသဘာဝေါဝ–ထိုသဘော ရှိသည်သာ၊ သပ္ပုရိသော–သူတော် ကောင်းသည်၊ အရိယသဘာဝေါ–အရိယာသဘောရှိ၏၊ အရိယောစ–အရိယာ သည်လည်း၊ သပ္ပုရိသသဘာဝေါ–သူတော်ကောင်းသဘောရှိ၏၊ ဣတိအတ္ထော။

---

**ကာယ၊ ပေ၊ ဝိနယနံ**။ ။"ဝိနယနဋ္ဌေန"မှ ဝိနယကိုဖွင့်သော စကားတည်း၊ ပဌမနည်း၌ "ကာယဝါစာစိတ္တာနံ ဝိရူပပ္ပဝတ္တိယာ"ဖြင့် ဝိ၏အနက်ကို ပြ၏၊ နယနံကို အပယာပနံဟု ဖွင့်၏၊ "ဝိနယန–ကိုယ်နှုတ်စိတ်တို့၏ ဖောက်ဖောက်ပြန်ပြန်ဖြစ်ခြင်းကို ပယ်ရှားတတ်"ဟူလို၊ ဒုတိယနည်း၌ ဝိကို "ဝိနာသ"ဟုဖွင့်၏၊ "ဝိနယန–ကာယ ဒုစရိုက် စသည်တို့၏ ပျက်စီးခြင်းသို့ ဆောင်တတ်"ဟူလို၊ တတိယနည်း၌ ဝိကို "ဝိစ္ဆိန္ဒိတွာ"ဟု ဖွင့်၏၊ "ဝိနယန–ကိုယ်နှုတ်စိတ်တို့၏ ကောက်ကောက်ကျစ်ကျစ် ဖြစ်ခြင်းကို ဖြတ်၍ ဖြောင့်မတ်အောင် ဆောင်တတ်"ဟူလို။

အဒ္ဓယန္တိ–ကား၊ ဒွယတာရဟိတံ–နှစ်ပါးစုံ၏ အဖြစ်မှ ကင်းသည်ကို၊ (သမနုပဿတိ၌စပ်၊) ဝဏ္ဏမေဝ–အဆင်းအရောင်ကိုပင်၊ အစ္စိတိ–မီးလျှံဟူ၍၊ ဂဟေတွာ–ယူပြီး၍၊ ဝါ–တစ်နည်း၊ အစ္စိံ–မီးလျှံကို၊ ဝဏ္ဏောဝေ–အဆင်းအရောင်ပင်တည်း၊ ဣတိ–သို့၊ (ဂဟေတွာ–၍၊) တေသံ–ထို အစ္စိဝဏ္ဏတို့၏၊ ဧကတ္တံ–တစ်ခုတည်း၏အဖြစ်ကို၊ ပဿန္တောဝိယ–ရှုသူကဲ့သို့၊ ယထာတက္ကိတံ–အကြင် အကြင် ကြံဆအပ်ပြီးသော၊ အတ္တာနံ–အတ္တကို၊ ရူပန္တိ–ရုပ်ဟူ၍၊ ဝါ–တစ်နည်း၊ ယထာဒိဋ္ဌံ–အကြင်အကြင် မြင်အပ်သော၊ ရူပံ–ရုပ်ကို၊ အတ္တာတိ–ဟူ၍၊ ဂဟေတွာ–၍၊ တေသံ–ထိုရူပအတ္တတို့၏၊ ဧကတ္တံ–ကို၊ ပဿန္တော–ရှုသူဟူ၍၊ ဒဋ္ဌဗ္ဗော။

စ–ဆက်၊ ဧတ္ထ–ဤသက္ကာယဒိဋ္ဌိတို့တွင်၊ ရူပံ အတ္တာတိ–ဟူ၍၊ ဝါ–ရုပ်သည် အတ္တဟူ၍၊ ကမ္မိဿာပဝတ္တိယာ–ဤဖြစ်ခြင်း၌၊ အဘာဝေပိ–အတ္တမှ တသီးတခြား မရှိပါသော်လည်း၊ (မရှိသည်လည်းဖြစ်သော၊) ရူပေ–ရုပ်၌၊ အတ္တဂ္ဂဟဏံ–အတ္တဟု ယူခြင်းသည်၊ ပဝတ္တမာနံ–ဖြစ်သည်၊ (ဟောတိ၊ ကိမိဝ–နည်း၊) အစ္စိယံ–မီးလျှံ၌၊ ဝဏ္ဏဂ္ဂဟဏံ–အဆင်းအရောင်ကို ယူခြင်းသည်၊ (ပဝတ္တမာနံဝိယ–ကဲ့သို့တည်း၊) စ–ဆက်၊ ဥပမာယော–ဥပမာတို့ကို၊ အနညတ္တာဒိဂ္ဂဟဏနိဒဿနဝသေနေဝ–တစ်မျိုးတခြားမဟုတ်ကုန်သည်၏ အဖြစ် အစရှိသည်ကို ယူခြင်းကို ညွှန်ပြခြင်း၏အစွမ်းဖြင့်သာလျှင်၊ ဝုတ္တာ–ဆိုအပ်ကုန်ပြီ၊ ဝဏ္ဏာဒီနံ–တို့၏၊ (ဝိဇ္ဇမာနတ္တံဝိယ–ထင်ရှားရှိကုန်သည်၏ အဖြစ်ကဲ့သို့၊) အတ္တနော–အတ္တ၏၊ ဝိဇ္ဇမာနတ္တဿ–ကို၊ တစ်နည်း၊ အတ္တနော–

**အဘာဝေပိ ရူပေ**။ ။ရုပ်ကို အတ္တဟု ယူဆရာ၌ ရုပ်ကတခြား အတ္တကတခြားဟု မကွဲပြားသောကြောင့် ရုပ်၏အတ္တမှ တသီးတခြား မရှိတော့ခြင်းကို "အဘာဝေပိ ရူပေ"ဟု ဆိုသည်၊ အဆင်း၏ မီးအလျှံမှ တသီးတခြားခွဲ၍ မတည်ရှိသကဲ့သို့တည်း။

**အနညတ္တာဒိဂ္ဂဟဏ**။ ။ရုပ်ကို အတ္တဟုယူရာ၌ မီးလျှံနှင့် အဆင်းကို ဥပမာပြထား၏၊ ထိုသို့ပြရာ၌ အစ္စိနှင့် ဝဏ္ဏသည် နှစ်မျိုးမပြားသကဲ့သို့ ရုပ်ကို အတ္တဟု ယူရာ၌ ရုပ်နှင့် အတ္တသည် နှစ်မျိုးမပြားဟုသာ ဥပမာပြလိုရင်း ဖြစ်၏၊ ဝဏ္ဏသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသကဲ့သို့ "အတ္တသည် ထင်ရှားရှိ၏"ဟုလည်းကောင်း, အတ္တသည် ထင်ရှားမရှိသကဲ့သို့ "ဝဏ္ဏလည်း ထင်ရှားမရှိ"ဟုလည်းကောင်း ဥပမာပြလိုရင်း မဟုတ်ပါ။

**အာဒိဖြင့် ယူဖွယ်**။ ။အာဒိဖြင့် (ရူပဝန္တံ ဝါ အတ္တာနံ စသည်၌ ရုပ်နှင့်အတ္တတို့ တစ်မျိုးတခြားစီ ဖြစ်ရကား) အညတ္တကို ယူပါ၊ ဝဏ္ဏာဒီနံ၌ အာဒိဖြင့် နောက်လာမည့် ရုက္ခပုပ္ဖမဏိတို့ကို ယူပါ၊ ရုက္ခ စသည်တို့သည် ပရမတ္ထအားဖြင့် (သစ်ပင်ဟူ၍)မရှိ၊ သို့သော် ရုပ်အပေါင်းကို စွဲ၍ပညတ်ရသော ဥပါဒါပညတ်အနေအားဖြင့် ထင်ရှားရှိသောကြောင့် ရုက္ခစသည်ကို ထင်ရှားရှိသည့်အနေအားဖြင့် ဥပမာပြရသည်၊ (အနု)။

အတ္တာ၏၊ (အဝိဇ္ဇမာနတ္တသ–ထင်ရှား မရှိကုန်သည်၏အဖြစ်ကို၊ ဒဿနတ္တံ–ပြခြင်းအကျိုးငှာ၊ န (ဝုတ္တာ)–ဆိုအပ်ကုန်သည်မဟုတ်။

**၁၀၀၈**။ သရီရနိပ္ဖတ္တိယာတိ–ကား၊ သရီရပါရိပူရိယာ–ကိုယ်တော်၏ ပြည့်စုံခြင်းနှင့်၊ (သမန္နာဂတောဉ္စပ်၊) နိစ္ဆိတုံ–ဆုံးဖြတ်ခြင်းငှာ၊ အသက္ကုဏ္ဍော–မစွမ်းနိုင်သည်၊ (ဟုတွာ)၊ ဝိစိနန္တော–စူးစမ်းဆင်ခြင်လတ်သော်၊ ကိစ္စတိ–ပင်ပန်းရ၏၊ [စာကို စဉ်းစားရာ၌ ပင်ပန်းခြင်းမျိုးတည်း၊] ဣတိ–ကြောင့်၊ ဝိစိကိစ္ဆာ–မည်၏။

ဣဒပ္ပစ္စယာနံ ဘာဝေါတိ–ဟူသောပါဌ်ဖြင့်၊ ဇာတိအာဒိသဘာဝမေဝ–ဇာတိ အစရှိသည်တို့၏ သဘောကိုပင်၊ အာဟ၊ ဝါ–တစ်နည်း၊ ဇာတိ အာဒီနံ–ဇာတိ အစရှိသည်တို့၏၊ ဇရာ၊ပေ၊သမတ္တတံ–ဇရာမရဏ အစရှိသည်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကို၊ (အာဟ)၊ ပန–ဆက်၊ ဇာတိအာဒိဝိနိမုတ္တာ–ဇာတိ အစရှိသည်မှ လွတ်သော၊ သာ–ထို ဇရာမရဏာဒိဥပ္ပာဒနသမတ္ထတာသည်၊ နတ္ထိ၊ ဣတိ–ကြောင့်၊ ဣဒပ္ပစ္စယ တာတိ–ဣဒပ္ပစ္စယတာဟူသော အမည်သည်၊ တေသံယေဝ–ထို ဇာတိ အစရှိ သည်တို့၏ပင်၊ အဓိဝစနံ–အမည်သည်၊ ဟောတိ။

**၁၀၀၉**။ ဣမ–ဤ ဒဿနေန ပဟာတဗ္ဗတိက်၌၊ အနာဂတကိလေသာ–ထိုက်ရိုက်မလာသော ကိလေသာတို့ကို၊ တဒေကဋ္ဌာကိလေသာတိ–ဟူ၍၊ ဝုစ္စန္တိ၊ ဣတိ–ကြောင့်၊ တေ–ထို အနာဂတကိလေသာတို့ကို၊ ဒဿေတုံ–ငှာ၊ ဣမိဿာစ ပါဠိယာတိအာဒိ–ကို၊ (သင်္ဂဟကာရေန) အာရဒ္ဓံ၊ သဟ ဇေကဋ္ဌဝသေနာတိ–ကား၊ တတ္ထ–ထိုဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌၊ ဥပ္ပန္နဒိဋ္ဌိယာ–ဖြစ်သောဒိဋ္ဌိနှင့်၊ သဟဇေကဋ္ဌဝသေန–အတူတကွဖြစ်ဖက်၏ အဖြစ်ဖြင့် တစ်ခုတည်းသောစိတ်၌ တည်သည်၏အဖြစ်ဖြင့်၊ (ပဟီယန္တိ၌ စပ်၊) ဣတိ–သို့၊ အတ္ထတော–သာမတ္ထိယတ္ထအားဖြင့်၊ ဝိညာယတိ–၏၊ ["သဟဇေကဋ္ဌ"ဟု သာမည ဆိုသော်လည်း၊ အရာဌာနအားလျော်စွာ "ထို ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌ဖြစ်သော ဒိဋ္ဌိနှင့် သဟဇေကဋ္ဌတည်း"ဟု ပြစွမ်းနိုင်ခြင်းကို သာမတ္ထိယတ္ထဟု ဆိုသည်။]

တံသမ္ပယုတ္တောတိ–ကား၊ တေဟိ သံယောဇနကိလေသေဟိ–ထိုသံယောဇဉ်၊ ထိုကိလေသာတို့နှင့်၊ သမ္ပယုတ္တော–သော၊ ဣတိပိ အတ္ထော–သည်လည်း၊ ယုဇ္ဇတိ–သင့်၏၊ [အဋ္ဌကထာဝယ် တံသမ္ပယုတ္တော၌ တံသဒ္ဒါဖြင့် တဒေကဋ္ဌ ကိလေသာကိုသာ ညွှန်ပြပါသော်လည်း ဤ ဋီကာဆရာက "တီဏိ သံယောဇနာနိ"အရ သံယောဇဉ်နှင့် "တဒေကဋ္ဌာစ ကိလေသာ"အရ ကိလေသာ၊ ဤနှစ်မျိုးလုံးကိုပင် တံသဒ္ဒါဖြင့် ညွှန်ပြသည်။]

တထာ–တူ၊ တေသ–ဤကံ၏၊ (တံသမုဋ္ဌာနံ ကာယကမ္မံ စသည်၌ ကာယကံ စသည်၏၊) တေ သံယောဇနကိလေသာ–ထို သံယောဇဉ်, ထို ကိလေသာဟူကုန်သော၊ သမုဋ္ဌာနံ–ဖြစ်ကြောင်းသည်၊ (အတ္ထိ)၊ ဣတိ–ကြောင့်၊ တံသမုဋ္ဌာနံ–မည်၏၊ ဣတိဝါ–ဤသို့လည်း၊ (ယုဇ္ဇတိ)၊[အဋ္ဌကထာမှ တစ်နည်းဖြစ်သောကြောင့် "ဣတိဝါ"ဟုဆိုသည်၊ တံသမုဋ္ဌာနံ၌ တံဖြင့် ကိလေသာကိုသာ အဋ္ဌကထာစွဲ၏၊ ဤဋီကာနည်းအလိုကား သံယောဇဉ်, ကိလေသာနှစ်မျိုးလုံးကို စွဲသည်။]

စပန–ထပ်၍ ဆက်ဦးအံ့၊ သံယောဇနရဟိတေဟိ–သံယောဇဉ်အဖြစ်မှ ကင်းကုန်သော၊ (သံယောဇဉ်အမည် မရကုန်သော၊) ကိလေသေဟိ–တို့နှင့်၊ [ထိန,ဥဒ္ဓစ္စ,အဟိရိက,အနောတ္တပ္ပကိလေသာတို့နှင့်၊ တစ်နည်း–ထိန,အဟိရိက, အနောတ္တပ္ပကိလေသာတို့နှင့်၊] သမ္ပယုတ္တာနံ–ယှဉ်ကုန်သော ခန္ဓာတို့၏လည်း ကောင်း၊ ("တံသမ္ပယုတ္တော ဝေဒနက္ခန္ဓော"စသော ပါဠိတော်အရ ဝေဒနက္ခန္ဓာ စသော ခန္ဓာတို့၏လည်းကောင်း၊) သမုဋ္ဌိတာနံစ–ထိုကိလေသာတို့ကြောင့် ဖြစ်သောကံတို့၏လည်းကောင်း၊ ("တံသမုဋ္ဌာနံ ကာယကမ္မံ"စသော ပါဠိတော် အရ ကာယကံစသော ကံတို့၏လည်းကောင်း၊) သဗ္ဘာဝတော–ထင်ရှားရှိကုန် သည်၏အဖြစ်ကြောင့်၊ ကိလေသေဟေဝ–ကိလေသာတို့နှင့်သာ၊ ယောဇနာ–ပုဒ်တို့ကို ယှဉ်စေခြင်းကို၊ (သင်္ဂဟကာရေန) ကထာ–ပြုအပ်ပြီ။ [အဋ္ဌကထာ၌ သံယောဇဉ်ကိလေသာ နှစ်မျိုးလုံးကို တံသဒ္ဒါဖြင့် မညွှန်ပြဘဲ ကိလေသာ တစ်မျိုးကိုသာ ညွှန်ပြ၍ အနက်ယောဇနာမှုကို အဋ္ဌကထာဆရာပြုသည်-ဟူလို။]

**၁၀၁၁။** သံယောဇနာဒီနံ ဝိယာတိ–ကား၊ ယထာဝုတ္တာနံ–အကြင်အကြင် ဟောတော်မူအပ်ပြီးကုန်သော၊ ("တီဏိ သံယောဇနာနိ, တဒေကဋ္ဌာစ ကိလေသာ"စသည်ဖြင့် ဟောတော်မူအပ်ပြီးကုန်သော၊) သံယောဇနတဒေကဋ္ဌ ကိလေသာဒီနံ–သံယောဇဉ်, တဒေကဋ္ဌကိလေသာ အစရှိသည်တို့၏၊ ဝါ–တို့ကို၊ (ပဟာတဗ္ဗတာ)ဝိယ–ပယ်ထိုက်ကုန်သည်၏ အဖြစ်ကဲ့သို့၊ တေဟိတိ–ကား၊ ဒဿနဘာဝနာမဂ္ဂေဟိ–သောတာပတ္တိမဂ်, အထက်မဂ်သုံးပါးတို့သည်၊ (အပ္ပဟာတဗ္ဗတံ၌စပ်၊) အဘိသင်္ခါရဝိညာဏ–အဘိသင်္ခါရဝိညာဏ်ဟူသည်၊ ကုသလာကုသလံ–ကုသိုလ် အကုသိုလ်တည်း၊ နာမရူပဥ္စ–နာမ်ရုပ်ဟူသည် လည်း၊ ဝိပါကံ–ဝိပါက်တည်း၊ (နာမ်ဝိပါက်နှင့် ကမ္မဇရုပ်ဝိပါက်တည်း၊) ဣတိ ကတွာ–ဤသို့ နှလုံးသွင်း၍၊ ကုသလာ၊ ပေ၊ အနုညာတန္တိ–ဟူ၍၊ (သင်္ဂဟကာရော) အာဟ။

**၁၀၁၂။** ပဟာတဗ္ဗဟေတုကာတိ – ဟူသော၊ တေသို့ သမာသပဒေ– ဤ သမာသ်ပုဒ်၌၊ ကေဒေသ – တစ်စိတ်အားဖြင့်၊ သမာသပဒတ္ထံ –

သမာသ်ပုဒ်၏အနက်ကို၊ ဟေတုစေဝါတိ–ဟူ၍၊ (သင်္ဂဟဂါထာရော) ဝဒတိ၊ စ–ဆက်၊ ဌေ္တ–ဤပါဠိတော်၌၊ ပုရိမနယေန–ဖြင့်၊ ဣမေ၊ပေ၊ဟေတုကာတိ–ဟေတုကာဟူသော ဤပုဒ်၌၊ ဝါ–ဤပုဒ်အရ၊ ဣမေယေဝ–ဤတရားတို့သည်သာ၊ ဒဿနေနပဟာတဗ္ဗဟေတုကာ–ဒဿနေနပဟာတဗ္ဗဟေတုက တရားတို့တည်း၊ ဣတော–ဤတရားတို့မှ၊ အညေ–အခြားသော တရားတို့သည်၊ န (ဒဿနေနပဟာတဗ္ဗဟေတုကာ)–ဒဿနေနပဟာတဗ္ဗဟေတုက တရားတို့မဟုတ်၊ ဣတိ အယံနိယမော–ဤသတ်မှတ်ခြင်းသည်၊ ပညာယတိ–ထင်ရှား၏၊ ဣမေ–ဤတရားတို့သည်၊ ဒဿနေနပဟာတဗ္ဗဟေတုကာယေဝ–တို့သာတည်း၊ ဣတိ (အယံ နိယမော)–သည်၊ န (ပညာယတိ)၊ တသ္မာ, ဣမေသံ–ဤတရားတို့၏၊ ဒဿနေနပဟာတဗ္ဗဟေတုကဘာဝေါ–သည်၊ အနိယတော–မမြဲ(ကသ္မာ)၊ ဝိစိကိစ္ဆာသဟဂတမောဟဿ–ဝိစိကိစ္ဆာသဟဂုတ်မောဟ၏၊ အဟေတုကတ္တာ–သမ္ပယုတ်ဟိတ် မရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ–ကြောင့်၊ ပုရိမနယော–သည်၊ ဝိဝရဏီယတ္တာဝါ–ဖွင့်ပြထိုက်သော အနက်ရှိသည်၊ ဟောတိ၊ တသ္မာ, ပုရိမနယေန–ဖြင့်၊ ဓမ္မတော–ဓမ္မအားဖြင့်၊ ဒဿနေနပဟာတဗ္ဗဟေတုကေ–တို့ကို၊ နိက္ခိပိတွာ–ချထားတော်မူ၍၊ အတ္ထတော–အနက်အားဖြင့်၊ နိက္ခိပိတုံ–ငှာ၊ ဒုတိယနယော (ဘဂဝတာ) ဝုတ္တော။ [နိက္ခေပကဏ္ဍာဖြစ်၍ "နိက္ခိပိတွာ, နိက္ခိပိတုံ"ဟု ဆိုသည်။]

---

**ဌေ္တစ ပုရိမနယေန**။ ။[ပါဠိတော်၌ နှစ်နည်းပြထားသောကြောင့် "ပုရိမနယေန" ဟုလည်းကောင်း, နောက်၌ "ဒုတိယနယော"ဟုလည်းကောင်း စကားသုံးသည်။] [ကသ္မာ ပန ဘဂဝတာ ပဌမဒွယံ ဝတွာ ဒုတိယနယော ဝုတ္တော၊ နနု ပဌမနယေ ဝုတ္တမ္မောယေဝ ဒုတိယနယေ ဝုတ္တောတိ ကတွာ "ဌေ္တစာ"တိအာဒိမာဟ၊–မဓု။] ပါဠိတော်၌ ပဌမနည်းဝယ် "ဣမေ ဓမ္မာ ဒဿနေနပဟာတဗ္ဗဟေတုကာ"ဟူသော နိဂုံးဖြင့် "ဤတရားတို့သာ ဒဿနေနပဟာတဗ္ဗဟေတုက"တို့မည်၏၊ အခြားတရားတို့ကား "ဒဿနေနပဟာတဗ္ဗဟေတုက မမည်"ဟူသော အနက်အဓိပ္ပာယ်သည် ထင်ရှား၏။

**တသ္မာ၊ပေ၊အနိယတော**။ ။ထိုသို့ မထင်ရှားသေးသောကြောင့် ဤတရားတို့၏ ဒဿနေနပဟာတဗ္ဗဟေတုက အဖြစ်ကို အမြဲ မသတ်မှတ်နိုင်၊ ဘာ့ကြောင့်နည်း–ဝိစိကိစ္ဆာသဟဂုတ်မောဟက ပဟာတဗ္ဗအဟေတုက ဖြစ်နေသောကြောင့်တည်း။

**ဝိဝရဏီယတ္တာဝါ**။ ။ဤသို့ ပဌမနည်းသည် ဟေတုနှင့် ပဟာတဗ္ဗဟေတုကကို ခွဲခြား၍ မပြနိုင်သောကြောင့် ခွဲခြား၍ပြသောအားဖြင့် အကျယ်ဖွင့်ပြသင့်ရကား အနက်အားဖြင့် ခွဲခြား၍ ဖွင့်ပြဖို့ရန် ဒုတိယနည်းကို ဟောတော်မူရသည်။[ဝိစိကိစ္ဆာသဟဂုတ်မောဟသည် ဒဿနေနပဟာတဗ္ဗသာ ဟုတ်၏, ဒဿနေနပဟာတဗ္ဗဟေတုက မဟုတ်ဟု အနက်အားဖြင့် ခွဲခြား၍ ဖွင့်ပြခြင်းကို "အတ္ထတော နိက္ခိပိတုံ"ဟု ဆိုသည်။]

**၁၀၂၉**။ ဣဒ္ဓိဝိဓာဒယော–ဣဒ္ဓိဝိဓအဘိညာဉ် အစရှိကုန်သော၊ မဟဂ္ဂတာ ဝါ–မဟဂ္ဂုတ်တရားတို့သည်မူလည်း၊ (ဟောန္တု–ဖြစ်ပစေကုန်၊) [ပရိတ္တာဝါ ဟောန္တု မဟဂ္ဂတာ ဝါမှ မဟဂ္ဂတာ ဝါကို ဖွင့်သည်၊] အပ္ပမာဏာရမဏာ–အပ္ပမာဏတရားလျှင် အာရုံရှိကုန်သော၊ မဟဂ္ဂတာ–မဟဂ္ဂုတ်တရားတို့ဟူသည်၊ စေတောပေါသမ္ဗယုတ္တာ–စေတောပရိယဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, အနာဂတံသဉာဏ်နှင့်ယှဉ်သော တရားတို့တည်း။ [တေ ပန ပရိတ္တာပိ ဟောန္တိ မဟဂ္ဂတာပိ၏ အဖွင့်။]

**၁၀၃၅**။ အနန္တရေ–စုတိ၏ အခြားမဲ့အက္ခိုး၌၊ နိယုတ္တာနိ–ယှဉ်ကုန်သော ကံတို့သည်၊ အနန္တရဖလပ္ပယောဇနာနိ–စုတိ၏ အခြားမဲ့အကျိုးဟူသော ပယောဇဉ်ရှိသော ကံတို့သည်၊ (အာနန္တရိကာနိ–အာနန္တရိကတို့ မည်၏၊) ဝါ–တစ်နည်း၊ အနန္တရဖလကရဏသီလာနိ–စုတိ၏ အခြားမဲ့အကျိုးကို ပြုခြင်း အလေ့ရှိသော ကံတို့သည်၊ အာနန္တရိကာနိ–တို့ မည်၏။

[ဤသို့ ဝစနတ္ထပြုရမည်ဖြစ်လျှင် အဘယ့်ကြောင့် အဋ္ဌကထာ၌ “အနန္တရာယေန ဖလဒါယကာနိ” ဟု ဆိုပါသနည်းဟု မေးဖွယ်ရှိသောကြောင့် “တာနိပန” စသည်ကိုမိန့်၊] ပန–ဆက်၊ တာနိ–ထို အာနန္တရိကကံတို့သည်၊ ပဋိပက္ခေန–ဆန့်ကျင်ဘက် ကံတစ်ပါးသည်၊ အနိဝါရဏီယဖလတ္တာ–မတားမြစ်အပ် မတားမြစ်နိုင်သော အဝိစိအကျိုးရှိကုန်သည်၏အဖြစ်ကြောင့်၊ (အဝိစိအကျိုးကို မတားမြစ်နိုင်သည်၏အဖြစ်ကြောင့်၊) အန္တရာယရဟိတာနိ–အန္တရာယ်မှ ကင်းကုန်၏၊ ဣတိ–ကြောင့်၊ အနန္တရာယေန ဖလဒါယကာနီတိ–ဟူ၍၊ (သင်္ဂဟကာရေန) ဝုတ္တံ၊ ဝါ–တစ်နည်း၊ အနန္တရာယာနိ–အန္တရာယ်မရှိသော ကံတို့သည်၊ အာနန္တရိကာနိ–အာနန္တရိကတို့ မည်၏၊ ဣတိ–သို့၊ နိရုတ္တိဝသေန–ဝဏ္ဏဝိကာရနိရုတ္တိနည်း၏အစွမ်းဖြင့်၊ ပဒသိဒ္ဓိ–ပုဒ်ပြီးခြင်းကို၊ ဝေဒိတဗ္ဗာ။

ကေသိဉ္စိ(ထေရာနံ)–၌၊ ပိသဒ္ဒေန–ဖြင့်၊ အနေကသ္မိံ–တစ်ပါးမကများစွာသော ကံကို၊ အာယူဟိတေ–အားထုတ်အပ်ပြီးသော်၊ ဝတ္တဗ္ဗမေဝ–အာနန္တရိက ဟု ဆိုဖွယ်သည်ပင်၊ နတ္ထိ၊ ဣတိ–ဤအနက်ကို၊ ဒဿေတိ၊ [“အနေကသ္မိံပိ” ဟု ပိပါသည်ကား အပို၊] စ–ဆက်၊ တေသံ–ထို အာနန္တရိကကံတို့၏၊ အညမညပဋိဗာဟကတ္တံ–အချင်းချင်း တားမြစ်တတ်ကုန်သည်၏အဖြစ်သည်၊

**အနန္တရေပေါအာနန္တရိကာနိ**။ ။မာတိကာအဖွင့်၌ “စုတိအနန္တရံ ပန အနန္တရံ နာမ၊ တသ္မိံ အနန္တရေ နိယုတ္တာနိ တံနိဗ္ဗတ္တနေန၊ အနန္တရကရဏသီလာနိ အနန္တရပ္ပယောဇနာနိစာတိ” ဟု သုံးဝိကပ်ပင်ပြခဲ့၏၊ သို့သော် ထို၌ “တတိယနည်းသည် ဤ၌ ဒုတိယနည်းအဖြစ်ဖြင့် လာ၏၊ ထို၌ “အနန္တရပ္ပယောဇနာနိ” ဟုသာ ရှိ၏၊ “အနန္တရဖလ” ဟု ဖလသဒ္ဒါ မပါ။

န အတ္ထိ (ကဿ)၊ အပ္ပဋိပက္ခတာ–ဆန့်ကျင်ဘက် မဟုတ်ကုန်သည်၏အဖြစ် ကြောင့်တည်း၊ စ–ဆက်၊ အပ္ပဋိပက္ခတာ–ဆန့်ကျင်ဘက် မဟုတ်ကုန်သည်၏ အဖြစ်သည်၊ သမာနဖလတ္တာ–တူသော အဝိစိအကျိုးရှိကုန်သည်၏အဖြစ် ကြောင့်၊ ဝါ–အတွက်၊ (ဟိတ်ကူ)၊ အနုဗလပ္ပဒါနတော–လျော်သောအားကို ပေးတတ်ကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ("ပဒါနတောစ" ဟု စသဒ္ဒါ ပါသည်ကား အပို။)

သတ္တာနံ–သတ္တဝါတို့၏၊ သံကိလေသာယ–ညစ်နွမ်းခြင်းငှာ၊ ဟေတု–ဇနက အကြောင်းသည်၊ နတ္ထိ၊ ပစ္စယော–ဥပထမ္ဘကအကြောင်းသည်၊ နတ္ထိ၊ ဣတိ ဧဝမာဒိကော–ဤသို့ အစရှိသော ဝါဒသည်၊ အဟေတုကဝါဒေါ–အဟေတုက ဝါဒတည်း၊ ကရောတော–ကိုယ်တိုင်ပြုသူသည်လည်းကောင်း၊ ကာရယတော– သူတစ်ပါးကို ပြုစေသူသည်လည်းကောင်း၊ ဆိန္ဒတော–ကိုယ်တိုင်ဖြတ်သူ သည်လည်းကောင်း၊ ဆိန္ဒာပယတော–သူတစ်ပါးကို ဖြတ်စေသူသည်လည်း ကောင်း၊ပေ၊ကရောတော–ကိုယ်တိုင်ပြုသူသည်၊ (ကိဉ္စိ–သော၊) ပါပံ–ကို၊ န ကရီယတိ–ပြုအပ်သည် မမည်၊ ဣတိ ဧဝမာဒိကော–သည်၊ အကရိယ ဝါဒေါ–တည်း၊ (ကောင်းမှု မကောင်းမှုကို ပြုသော်လည်း ပြုရာမရောက်ဟု ပြောဆိုကြောင်းဝါဒတည်း၊) ဒိန္နံ –ပေးလှူကြောင်း ဒါနစေတနာ၏အကျိုး သည်၊ နတ္ထိ၊ ဣတိ ဧဝမာဒိကော–သည်၊ နတ္ထိကဝါဒေါ–မည်၏၊ တေသု– ဤ သုံးဝါဒတို့တွင်၊ ပုရိမဝါဒေါ–ရှေ့ဖြစ်သော အဟေတုကဝါဒသည်၊ ဗန္ဓမောက္ခာနံ–သံသရာ၌ နှောင်ဖွဲ့ခြင်း, သံသရာမှလွတ်ခြင်းတို့၏၊ ဟေတုံ– အကြောင်းကို၊ ပဋိသေဓေတိ–တားမြစ်၏၊ ဒုတိယော–ဒုတိယအကိရိယဝါဒ သည်၊ ကမ္မံ–ကံကို၊ (ပဋိသေဓေတိ)၊ တတိယော–တတိယနတ္ထိကဝါဒသည်၊ ဝိပါကံ–အကျိုးကို၊ (ပဋိသေဓေတိ)၊ ဣတိ အယံ–ကား၊ ဧတေသံ–ဤ သုံးဝါဒတို့၏၊ ဝိသေသော–တည်း။

တတ္ထိ–ကား၊[အဋ္ဌကထာဝယ် တဦ ဂဟေတ္ဗာ၌ တံ၏အဖွင့်ဖြစ်သောကြောင့် "တတ္ထိ"ဟု ရှိစေ၊] အဟေတုကာဒိနိယတမိစ္ဆာဒိဋ္ဌိ–အဟေတုက အစရှိသော နိယတမိစ္ဆာအယူကို၊ ပန–ဗျတိရိက်ကား၊ နိယတဘာဝံ–မြဲသည်၏အဖြစ်သို့၊ န အပ္ပတ္တံ–မရောက်သည် မဟုတ်လော၊ (တံ)–ထိုမိစ္ဆာအယူကို၊ (ဂဟေတ္ဗာ၌ စပ်)။ [နိယတမိစ္ဆာဒိဋ္ဌိကို "န ပန၊ပေ၊အပ္ပတ္တံ"ဟု ဝိသေသနပြုသည်။]

---

**ဗန္ဓမောက္ခာနံ**။ ။သံသရာ၌ နှောင်ဖွဲ့ထားခြင်းကို "ဗန္ဓ", သံသရာမှ လွတ်မြောက် ခြင်းကို "မောက္ခ"ဟု ခွဲ၍ "နတ္ထိ ဟေတု၊ပေ၊သံကိလေသာယ"ဖြင့် သံသရာ၌ နှောင်ဖွဲ့ ထားခြင်း၏အကြောင်း မကောင်းမှုလည်း မရှိဟု ပယ်၏၊ "နတ္ထိ၊ပေ၊ဝိသုဒ္ဓိယာ"ဖြင့် သံသရာမှ လွတ်ခြင်း၏အကြောင်း ကောင်းမှုလည်း မရှိဟု ပယ်၏။ [ဗန္ဓမောက္ခကို မစုဋ္ဌ တစ်မျိုးဖွင့်ထားသေး၏။]

**၁၀၃၉။** ပစ္စယဋ္ဌေနာတိ–ကား၊ မဂ္ဂပစ္စယသခ်ါတေန–မဂ္ဂပစ္စည်းဟု ဆိုအပ်သော၊ သမ္ပယောဂဝိသိဋ္ဌေန–သမ္ပယောဂသည် အထူးပြုအပ်သော၊ ပစ္စယ ဘာဝေန–ပစ္စည်း၏အဖြစ်ဟူသော၊ (ဟေတုနာ၌စပ်၊) ဣတိ–သို့၊ ဝေဒိတဗ္ဗ၊ စ–ဆက်၊ ဧတ္ထ–ဤပဋ္ဌမနည်း၌၊ (သုံးနည်းတို့တွင် ပဋ္ဌမနည်း၌၊) မဂ္ဂပစ္စယ ဘာဝရဟိတေ–မဂ္ဂပစ္စည်းအဖြစ်မှ ကင်းကုန်သော၊ မဂ္ဂဟေတုကေ–မဂ္ဂ ဟေတုကတရားတို့ကို၊ ဒဿေတုံ–ငှာ၊ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့ကို၊ ထပနံ–ချန်ထား ခြင်းသည်၊ (ဟောတိ)၊ တေန–ထို ချန်ထားခြင်းဖြင့်၊ [မဝုဠ္ဌ "တေနာတိ မဂ္ဂဝဇ္ဇနေန"ဟု တွေ့ရ၏။] မဂ္ဂဟေတုကေ–မဂ္ဂဟေတုကတရားတို့ကို၊ အသင်္ကရတော–မဂ္ဂင်ရှစ်ပါးနှင့် မရောသောအားဖြင့်၊ (ဘဂဝါ)၊ ဝဝတ္ထပေတိ–ပိုင်းခြားသတ်မှတ်တော်မူ၏။

ပန–ဆက်၊ ကောစိ–တစ်စုံတစ်ယောက်သည်၊ သစေ ဝဒေယျ–အကယ်၍ ဆိုငြားအံ့၊ (ကိံ–အဘယ်သို့ ဆိုရာသနည်း၊) ဧကေကံ–တစ်ပါးပါးသော၊ အင်္ဂံ–အင်္ဂါကို၊ ထပေတွာ–ချန်ထား၍၊ (မဂ္ဂင်ရှစ်ပါးတွင် တစ်ပါးပါးသော မဂ္ဂင်ကို ချန်ထား၍၊) တံတံသမ္ပယုတ္တာနံ–ထိုထို မဂ္ဂင်နှင့် ယှဉ်ကုန်သော တရားတို့၏၊ မဂ္ဂဟေတုကဘာဝေပိ–မဂ္ဂဟေတုက၏ အဖြစ်၌လည်း၊ မဂ္ဂင်္ဂါနိ ထပေတွာတိ ကသ္မာ ဝစနံ–မဂ္ဂင်္ဂါနိ ထပေတွာဟူသော ဤစကားသည်၊ ယုဇ္ဇတိ–သင့်သည်မဟုတ်လော၊ ဣတိ–သို့၊ (သစေ ဝဒေယျ၊) ဟိ–အပြစ်ကို ပြဉီးအံ့၊ ဧဝံသတိ–ဤသို့ ဆိုတိုင်းဖြစ်လတ်သော်၊ တတိယနယေဝိယ–တတိယနည်း၌ကဲ့သို့၊ ဣဓာပိ–ဤ ပဋ္ဌမနည်း၌လည်း၊ ထပေတွာတိ–ဟူ၍၊ န ဝတ္တဗ္ဗံ–ဟောတော်မမူထိုက်သည်၊ သိယာ–၏၊ စ–စင်စစ်ကား၊ တေံ–

---

**မဂ္ဂပစ္စယ၊ပေ၊ပစ္စယဘာဝေန**။ ။အဋ္ဌကထာ၌ ပစ္စယဋ္ဌေနကို"မဂ္ဂပစ္စယသခ်ါတေန ပစ္စယဘာဝေန"ဟု ဖွင့်၏၊ ပစ္စယဟု သာမညဆိုသော်လည်း ဌာနအားလျော်စွာ မဂ္ဂပစ္စည်းကို ယူပါ၊ အဋ္ဌ(အတ္ထ)သဒ္ဒါလည်း ဘာဝအနက်ဟောဟု ကြံပါ–ဟူလို၊ မဂ္ဂပစ္စည်းတရားနှင့် သမ္ပယုတ်တရားတို့သည် အချင်းချင်း ယှဉ်ကြရသောကြောင့် " သမ္ပယောဂဝိသိဋ္ဌေန " ဟု ဝိသေသန အပို ထည့်သည်၊ ပါဠိတော်၌လည်း "တံသမ္ပယုတ္တော" ဟု ဟောတော်မူသည်။

**ကောစိ၊ပေ၊ယုဇ္ဇတီတိ**။ ။[ပရဝါဒီ၏စကားတည်း၊] ပါဠိတော်၌ ပဋ္ဌမနည်းဝယ် "မဂ္ဂင်္ဂါနိ ထပေတွာ"ဟု ရှိ၏၊ ထို ပါဠိတော်အရ မဂ္ဂင်ရှစ်ပါးတွင် တစ်ပါးပါးကို ချန်၍ ကျန်ခုနစ်ပါးနှင့်တကွ သမ္ပယုတ်တရားတို့ကို"မဂ္ဂဟေတုက"အရ ကောက်လျှင် သင့်သည်မဟုတ်လော၊ ထိုသို့သင့်လျှင် သမ္မာဒိဋ္ဌိကို ချန်ခိုက် ကျန်မဂ္ဂင်ခုနစ်ပါးသည် လည်းကောင်း, သမ္မာသင်္ကပ္ပ စသည်ကို ချန်ခိုက် ကျန်ခုနစ်ပါးသည်လည်းကောင်း မဂ္ဂဟေတုကအရ၌ ပါဝင်ရကား မဂ္ဂင်ရှစ်ပါးလုံးပင် မဂ္ဂဟေတုက ဖြစ်နိုင်သည် မဟုတ်လော၊ ဤသို့ဆိုငြားအံ့၊ ထိုသို့ဖြစ်လျှင်"မဂ္ဂပစ္စယဘာဝရဟိတေ မဂ္ဂဟေတုကေ ဒဿေတုံ"ဟု အဋ္ဌကထာ၌ မဆိုသင့်တော့–ဟူလို။

ထပေတွာဟူသော ဤစကားကို၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ တသ္မာ, ဝုတ္တနယေ နေဝ–အဋ္ဌကထာ၌ဆိုအပ်ပြီးသော နည်းဖြင့်သာ၊ အတ္ထော ဝေဒိတဗ္ဗော၊ [မဂ္ဂင်ရှစ်ပါးကို ချန်ထားသောနည်းသာ အမှန်–ဟူလို။] ဟိ–မှန်၊ အယံ နယော– ဤ ပဋ္ဌမနည်းသည်၊ သမ္ပယုတ္တာနံ–သမ္ပယုတ်ဖြစ်ကုန်သော၊ မဂ္ဂင်္ဂါမဂ္ဂင်္ဂါနံ– မဂ္ဂင်ရှစ်ပါး, မဂ္ဂင်မဟုတ်သော တရားတို့၏၊ ဝိသေသဒဿနတ္ထော–အထူးကို ပြရခြင်းအကျိုးရှိ၏၊ ဉာတိ–မှတ်အပ်၏၊ [မဂ္ဂင်္ဂါမဂ္ဂင်္ဂါနံကို “မဂ္ဂင်္ဂ+အမဂ္ဂင်္ဂါနံ” ဟု ပုဒ်ခွဲပါ။]

ပုဗ္ဗေ–ရှေ့ပဋ္ဌမနည်း၌၊ ထပိတာနံ–ချန်ထားအပ်ခဲ့ကုန်သော၊ သေသမဂ္ဂင်္ဂါနံ– ကြွင်းသော မဂ္ဂင်တို့၏၊ [သဟေတုကဘာဝေါ ဒဿိတော၌စပ်၊) ဉာတိ– ကား၊ အဓိပ္ပာယော–အဋ္ဌကထာဆရာ၏အလိုတည်း၊ ဟိ–မှန်၊ ဖဿာဒီနံ– ဖဿအစရှိသောတရားတို့၏၊ ပုရိမနယေပိ–ရှေ့ပဋ္ဌမနည်း၌လည်း၊ [ပိဖြင့် ဒုတိယနည်းကိုပေါင်း၊] မဂ္ဂဟေတုကတာ–မဂ္ဂဟေတုကတို့၏အဖြစ်သည်၊ သိဒ္ဓါ–ပြီးခဲ့ပြီ၊ (အထူးဆိုဖွယ် မလိုပါ–ဟူလို၊) ဉာတိ–ဤသို့ မှတ်အပ်၏။

ဒုတိယနယေပိ–၌လည်း၊ ထပိတာယ–ချန်ထားအပ်ခဲ့သော၊ သမ္မာဒိဋ္ဌိယာ– သမ္မာဒိဋ္ဌိ၏၊ တတိယနယေ–၌၊ သဟေတုကဘာဝေါ–သဟေတုက၏အဖြစ် ကို၊ ဒဿိတော–ပြတော်မူအပ်ပြီ၊ ကထံ–အဘယ်သို့လျှင်၊ ဝါ–အဘယ်နည်း ဖြင့်၊ ဒဿိတော–နည်း၊ အရိယမဂ္ဂသမင်္ဂိဿ၊ပေ၊မဂ္ဂဟေတူတိ–ဟူ၍၊ အဝတွာ–ဟောတော်မမူဘဲ၊ အလောဘော၊ပေ၊မဂ္ဂဟေတူတိ–ဟူ၍၊ ဝိသုံ– သီးခြား၊ သမ္မာဒိဋ္ဌိအာဒိကေ–န်သော၊ မဂ္ဂဟေတူ–မင်္ဂ၌ဖြစ်သော ဟိတ်တို့ကို၊ ဒဿေတွာ–ပြတော်မူပြီး၍၊ တံ၊ပေ၊ဓမ္မာတိ–ဟူ၍၊ ဝိသုံ, မဂ္ဂဟေတုကာနံ– မဂ္ဂဟေတုကတရားတို့၏၊ ဝါ–တို့ကို၊ ဒဿိတတ္တာ–ကြောင့်၊ မဂ္ဂဟေတူသု– မဂ္ဂဟေတု တရားတို့၌၊ အမောဟောတိ – အမောဟော ဟူ၍၊ ဝုတ္တာယ–

---

**ဧဝံ ဟိ၊ပေ၊ဝေဒိတဗ္ဗော**။ ။ဤကား သကဝါဒီ၏စကားတည်း၊ ထိုသို့ တစ်စုံ တစ်ယောက်က ဆိုသည့်အတိုင်း မဂ္ဂင်ရှစ်ပါးကို မချန်ဘဲ ကောက်စေတော်မူလိုပါလျှင် တတိယနည်း၌“ထပေတွာ”ဟု မဟောသကဲ့သို့ ဤပဋ္ဌမနည်း၌လည်း“ထပေတွာ”ဟု မဟောထိုက်ရာရောက်၏၊ [တတိယနည်း၌ ထပေတွာ မပါသောကြောင့် ထိုတရားတို့ ကို မချန်ဘဲ ကောက်ရ၏၊ ဤ၌လည်း မဂ္ဂင်ရှစ်ပါးကို မချန်ဘဲ ကောက်ယူစေတော် မူလိုလျှင် “ထပေတွာ”ဟု မဟောဘဲ ထားသင့်၏–ဟူလို။] အမှန်အားဖြင့်ကား– ထို“ထပေတွာ”ပုဒ်ကို ဤပဋ္ဌမနည်း၌ ဟောထားတော်မူ၏၊ ထို့ကြောင့် အဋ္ဌကထာ ဆိုသည့်အတိုင်း မဂ္ဂင်ရှစ်ပါးကို ချန်၍ ကျန်သော သမ္ပယုတ်တရားတို့ကိုသာ “မဂ္ဂဟေတုက”အရ ကောက်ယူခြင်းဟူသော အနက်ကို သိထိုက်ပါသည်။

**မဂ္ဂင်္ဂါ၊ပေ၊နယောတိ**။ ။ရှေ့စကားကို ခိုင်မြဲစေသော ဒဠှီကရဏတည်း၊ ဤ ပဋ္ဌမနည်းသည် မဂ္ဂင်တရားနှင့် မဂ္ဂင်မဟုတ်ကြသော သမ္ပယုတ်တရားတို့၏ အထူးကို ပြသောနည်း ဖြစ်၏၊ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးကို ချန်၍ ကောက်ရခြင်းသည် အမှန်ပင်

ဟောတော်မူအပ်သော၊ သမ္မာဒိဋ္ဌိယာ–၏၊ မဂ္ဂဟေတုကတာ–မဂ္ဂဟေတုက၏ အဖြစ်သည်၊ ဝါ–ကို၊ န ဒဿိတာ–ပြတော်မမူအပ်သည်၊ သိယာ နနု– ဖြစ်ရာသည် မဟုတ်လော၊ (ဤတိ–ဤကား စောဒနာတည်း။)

နော န ဒဿိတာ–မပြအပ်မဟုတ်, ပြအပ်သည်သာ၊ ဟိ–ဥပမာဆောင် ထင်အောင်ပြအံ့၊ တီဏိ–န်သော၊ သံယောဇနာနိ–တို့ကို၊ ဒသေတွာ–၍၊ တဒေကဋ္ဌေ၊ပေ၊ဟေတူတိ–ဟူ၍၊ ဝိသုံ, ပဟာတဗ္ဗဟေတူ–ပယ်ထိုက်သော ဟိတ်တို့ကို၊ နိယမေတွာ–သတ်မှတ်တော်မူပြီး၍၊ တဒေကဋ္ဌာစ ကိလေသာတိ အာဒိဝစနေန–အစရှိသောစကားဖြင့်၊ လောဘဒေါသမောဟာစ–တို့သည်လည်း ကောင်း၊ ဝါ–တို့ကိုလည်းကောင်း၊ အညမညသဟဇေကဋ္ဌာ–အချင်းချင်း သဟ ဇေကဋ္ဌဖြစ်ကုန်သော၊ အညမညသမ္ပယုတ္တာ–အချင်းချင်း သမ္ပယုတ်ဖြစ်ကုန် သော၊ သင်္ခါရက္ခန္ဓဘူတာစ–သင်္ခါရက္ခန္ဓာဖြစ်၍ဖြစ်သော တရားတို့သည်လည်း ကောင်း၊ ဝါ–တို့ကိုလည်းကောင်း၊ ဒဿနေနပဟာတဗ္ဗဟေတုကာတိ–ဟူ၍၊ ဒဿိတာ–န်သည်၊ ဟောန္တိယထာ၊ ဧဝံ–တူ၊ ဣဓာပိ–ဤတတိယနည်း၌လည်း၊ အလောဘာဒယော–တို့ကို၊ ဣမေ ဓမ္မာ မဂ္ဂဟေတူတိ–ဟူ၍၊ နိဂမိတာ – ဖြစ်သည်–ဟူလို။ [မဓု၌ "မဂ္ဂင်္ဂါ–အမဂ္ဂင်္ဂါနံ"ဟု ပုဒ်ဖြတ်၍ မဂ္ဂင်္ဂါကို "မဂ္ဂင်္ဂတော"ဟု ဖွင့်လေသည်၊ ဝိသေသံ၌ အပါဒါန်အဖြစ်ဖြင့် စပ်စေလိုဟန် တူ၏၊ စဉ်းစားပါ။]

**နနု၊ပေ၊န ဒဿိတာ သိယာ။** ။စောဒက၏ အာဘောဂကိုပြသော စကားတည်း၊ ပါဠိတော်၌ "အရိယမဂ္ဂသမင်္ဂိဿ အလောဘော အဒေါသော"ဟု ဟိတ်နှစ်ပါးကိုသာ မဂ္ဂဟေတူဟု ဟောတော်မမူဘဲ "အမောဟောတိုင်အောင် ဟိတ်သုံးပါးလုံးကို မဂ္ဂဟေတူ (မဂ်နှင့်ယှဉ်သောဟိတ်, မဂ်တွင်ပါဝင်သော အမောဟဟိတ်)ဟု ဟောတော်မူသည်၊ ဤသို့ ဟိတ်သုံးပါးကို ဟောတော်မူပြီးနောက် "တံသမ္ပယုတ္တော ဝေဒနာက္ခန္ဓော" စသည်ဖြင့် သမ္ပယုတ်တရားတို့ကို "မဂ္ဂဟေတုကာ"ဟု ဟောတော်မူသောကြောင့် အမောဟဟူသော နာမည်ဖြင့် ဟောတော်မူအပ်သော သမ္မာဒိဋ္ဌိသည် မဂ္ဂဟေတူ အရတွင် ပြအပ်ပြီးဖြစ်ရကား တံသမ္ပယုတ္တခန္ဓာတို့ကို ကောက်ယူရသော မဂ္ဂဟေတုက အရတွင် မပြအပ်ရာ မရောက်ပါလောဟု စောဒကပုဂ္ဂိုလ်က အာဘော်ပြသည်။

**နော န ဒဿိတာ၊ပေ၊ဒဿနံ။** ။စောဒက၏အလို(အာဘောဂ)ကို ပယ်ချ၍ မိမိ၏အလိုကို ပြလိုသောကြောင့် "နော န ဒဿိတာ၊ ယထာဟိ"စသည်ကို မိန့်သည်၊ ဆိုလိုရင်းကား–ပါဠိတော်၌ အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါးကို "ဣမေ ဓမ္မာ မဂ္ဂဟေတူ"ဟု နိဂုံးအုပ်ပြီးဖြစ်ပါသော်လည်း ထိုသုံးပါးသည် အချင်းချင်း သမ္ပယုတ်ဖြစ်သော သင်္ခါရက္ခန္ဓာများဖြစ်သောကြောင့် "တံသမ္ပယုတ္တော သင်္ခါရက္ခန္ဓော" ဟူသော နောက်စကားအရ မဂ္ဂဟေတုက အရတွင် ပြတော်မူအပ်ပြီးဖြစ်ရကား အမောဟဟူသော သမ္မာဒိဋ္ဌိ၏ မဂ္ဂဟေတုကအဖြစ်လည်း ပြီးစီးပြီး ဖြစ်တော့သည်– ဟူလို။ ["တီဏိ သံယောဇနာနိ၊ပေ၊ဒဿိတာ ဟောန္တိ"ကား ဒဿနေနပဟာတဗ္ဗ ဟေတုက ပါဠိတော်ကို ဥပမာပြသောစကားတည်း၊ ထို၌ လောဘ ဒေါသ မောဟ

နိဂုံးအုပ်အပ်ပြီးကုန်သည်၊ (သမာနာ)ပိ–နိသော်လည်း၊ အညမညသမ္ပယုတ္တ သခ်ါရက္ခန္ဓာဘာဝတော–အချင်းအချင်းသမ္ပယုတ်ဖြစ်သော သင်္ခါရက္ခန္ဓာတို့၏ အဖြစ်ကြောင့်၊ တံသမ္ပယုတ္တသင်္ခါရက္ခန္ဓဝစနေန–ထို ဟိတ်နှင့်ယှဉ်သော သင်္ခါရက္ခန္ဓာဟူသော စကားဖြင့်၊ မဂ္ဂဟေတုကာတိ–ဟူ၍၊ ဒဿိတာဝေ–နိသည်သာ၊ ဣတိ–ကြောင့်၊ အမောဟောတိ–ဟူ၍၊ ဝုတ္တာယ–သော၊ သမ္မာဒိဋ္ဌိယာပိ–၏လည်း၊မဂ္ဂရဟာတုကဘာဝဒဿနံ–မဂ္ဂဟေတုက၏အဖြစ်ကို ပြခြင်းသည်၊ သိဒ္ဓံ–ပြီးသည်၊ ဟောတိ။

ပန–ဆက်၊ ယော–အကြင် သမ္မာဒိဋ္ဌိဟူသော အမောဟကို၊ ဒုတိယနယေ–၌၊ မဂ္ဂေါစေဝ ဟေတုစာတိ–ဟူ၍၊ ဝုတ္တော–ဟောတော်မူအပ်ပြီ၊ (ပါဠိတော်၌ ဟောတော်မူအပ်ပြီ၊) တတော–ထို သမ္မာဒိဋ္ဌိဟူသော အမောဟဟိတ်မှ၊ အညသ္မိံ – အခြားသော အလောဘ အဒေါသ၏သာလျှင်၊ အညေန–မဂ္ဂေါဟေတုဟူသော ပရိယာယ်မှအခြားသော၊ အသာဓာရဏေန–အမောဟနှင့် မဆက်ဆံသော၊ ပရိယာယေန–မဂ္ဂဟေတုဟူသော ပရိယာယ်ဖြင့်၊ မဂ္ဂဟေတု ဘာဝံ–မဂ္ဂဟေတု၏အဖြစ်ကို၊ ဒဿေတွာ–၍၊ တံသမ္ပယောဂတော–ထို အလောဘ အဒေါသနှင့် ယှဉ်ခြင်းကြောင့်၊ သမ္မာဒိဋ္ဌိယာ–၏၊ မဂ္ဂဟေတုက ဘာဝဒဿနတ္ထော–မဂ္ဂဟေတုကအဖြစ်ကို ပြရခြင်းအကျိုးရှိသော၊ တတိယ နယော–သည်၊ သစေ သိယာ၊ (ဧဝံသတိ)၊ အရိယ၊ပေ၊အာဒိ–အစရှိသော

တို့ကို "ပဟာတဗ္ဗဟေတု"ဟု ပြပြီးနောက် "ပဟာတဗ္ဗဟေတုက"တွင်လည်း ပါဝင်ကြသကဲ့သို့–ဟူလို။]

**သစေ ပန၊ပေ၊ တိပိ ဝုတ္တံ**။ ။သမ္မာဒိဋ္ဌိသည် မဂ္ဂဟေတုကအရတွင် ပါဝင်လျှင် "အရိယမဂ္ဂသမင်္ဂိဿ အလောဘော အဒေါသော၊ဣမေ ဓမ္မာ မဂ္ဂဟေတူ"ဟု"အမောဟ မပါစေဘဲ ဟောတော်မူသင့်၏"ဟူသော စောဒနာဖွယ်ကို ထုတ်စေ၍ အဖြေကို ပြလိုသောကြောင့် "သစေ ပန"စသည်ကို မိန့်သည်၊ ထိုစကားရပ်၌ "သစေ ပန"မှ စ၍ "ဝတ္တဗ္ဗံ သိယာ"တိုင်အောင် စောဒနာဖွယ်ကို ပြသောစကားတည်း၊ "ယသ္မာ၊ပေ၊ အမောဟောတိပိ ဝုတ္တံ"ကား အဖြေတည်း၊ [တတော အညသ္မိံဝါတိ တတော သမ္မာဒိဋ္ဌိသင်္ခါတဟေတုတော အညဿ အလောဘအဒေါသဿေဝ–အနု။]

**ယော၊ပေ၊အညသ္မိံ**။ ။ပါဠိတော်ဝယ် ဒုတိယနည်း၌ သမ္မာဒိဋ္ဌိကို "မဂ္ဂေါစေဝ ဟေတုစ"ဟု ဟောတော်မူ၏၊ ["မဂ္ဂေါဟေတု"ဟူသော အသုံးသည် သမ္မာဒိဋ္ဌိ (အမောဟ)အတွက် အသုံးတည်း၊] ထိုအမောဟမှတစ်ပါးသော အလောဘ အဒေါသကို "အညသ္မိံ"ဟု ဆိုသည်၊ ဤ "အညသ္မိံ"ကို မဂ္ဂဟေတုဘာဝံ၌ စပ်။

**အညေန၊ပေ၊ပရိယာယေန**။ ။စကားအသုံးအနှုန်း တစ်မျိုးကို ပရိယာယဟုဆိုသည်၊ စောဒကသည် "မဂ္ဂါဟေတု"ဟု သုံးလျှင် အမောဟသာ ရ၏၊ မဂ္ဂဟေတူ"ဟု သုံးလျှင် အမောဟသာ ရ၏၊ "မဂ္ဂဟေတူ"ဟု သမာသ်ဗဟုဝုစ်သုံးလျှင် မဂ်နှင့် ယှဉ်သော အလောဘ အဒေါသရ၏၊ ထို့ကြောင့် "မဂ္ဂဟေတူ"ဟု သုံးစွဲခြင်းကို "အသာဓာရဏပရိယာယ–အမောဟနှင့် မဆက်ဆံသော ပရိယာယ်"ဟု ယူသည်။

စကားသည်၊ ဝါ–ကို၊ ဝတ္တဗ္ဗံ–ဟောတော်မူထိုက်သည်၊ သိယာ၊ ပန–စင်စစ်ကား၊ ယသ္မာ, မဂ္ဂဟေတုတိ–ဟူသော၊ အညေန–မဂ္ဂေါ ဟေတုဟူသော ပရိယာယ်မှ အခြားသော၊ သာဓာရဏေန–ဟိတ်သုံးပါးလုံးနှင့်ဆက်ဆံသော၊ ဣမိနာ ပရိယာယေန–ဤပရိယာယ်စကားဖြင့်၊ ယေသံ–အကြင် ဟိတ်သုံးပါးတို့၏၊ မဂ္ဂဟေတုဘာဝေါ–မဂ္ဂဟေတုတို့၏အဖြစ်သည်၊ သမ္ဘဝတိ၊ တေသဗ္ဗေ–ထို အလုံးစုံသော ဟိတ်သုံးပါးတို့ကို၊ မဂ္ဂဟေတူတိ–ဟူ၍၊ ဒဿေတွာ–၍၊ တံသမ္ပယုတ္တာနံ–ထိုဟိတ်သုံးပါးနှင့် ယှဉ်ကုန်သော၊ တေသံ–ထိုဟိတ်တို့၏ လည်းကောင်း၊ (အချင်းချင်းယှဉ်ကြသော ဟိတ်သုံးပါးတို့၏လည်းကောင်း၊) အညေသံစ–ဟိတ်သုံးပါးမှအခြားသောဖဿစသောတရားတို့၏လည်းကောင်း၊ မဂ္ဂဟေတုကဘာဝဒဿနတ္ထော–သော၊ တတိယနယော–သည်၊ (ဟောတိ)၊ တသ္မာ, တတ္ထ–ထို တတိယနည်း၌၊ (တစ်နည်း) တတ္ထ–ထို မဂ္ဂဟေတုအရ၌၊ အမောဟောတိပိ–ဟူ၍လည်း၊ (ဘဂဝတာ) ဝုတ္တံ၊ ဟိ–မှန်၊ သော–ထို အမောဟသည်၊ မဂ္ဂဟေတု–မဂ္ဂဟေတုသည်၊ န ဟောတိ–မဟုတ်သည်ကား၊ န–မဟုတ်၊ (ဟောတိဧဝ–ဟုတ်သည်သာ၊) ဣတိ–ဤသို့ မှတ်အပ်၏။

ပန–ဆက်၊ တယောပိ–သုံးပါးလည်း ဖြစ်ကုန်သော၊ ဣမေနယာ–ဤ နည်းတို့ကို၊ အတ္ထဝိသေသဝသေန–အနက်အရကောက်အထူး၏အစွမ်းဖြင့်၊ (သုံးနည်းလုံး အနက်အရကောက် ထူးသည်၏အစွမ်းဖြင့်၊) နိက္ခိတ္တတ္တာ–ချထားအပ်ကုန်သည်၏အဖြစ်ကြောင့်၊ အတ္ထတော–အနက်အားဖြင့်၊ နိက္ခေပေါ–ချထားကြောင်းနည်းတို့ဟူ၍၊ ဒဋ္ဌဗ္ဗာ–ကုန်၏၊ အထဝါ–ကား၊ သရူပေန–သရုပ်သကောင်အားဖြင့်၊ ဝစနံ–ဟောတော်မူကြောင်းစကားသည်၊ ဓမ္မတော–

---

**ယသ္မာ၊ပေ၊ ပရိယာယေန**။ ။ပရိဟာရ်ဆရာကား "မဂ္ဂဟေတူ"ဟူသော အသုံးကိုပင် ဟိတ်သုံးပါးလုံးနှင့် ဆက်ဆံသောကြောင့် "သာဓာရဏပရိယာယ"ဟု ဆိုသည်။ [တေသံတိ ဟေတူနံ၊ အညေသံတိ ဟေတုသမ္ပယုတ္တာနံ။–အနု။]

**ဣမေ ပန၊ပေ၊ဒဋ္ဌဗ္ဗာ**။ ။ဤသို့ နည်းသုံးမျိုးကို ပြရာ၌ "မူလတော ခန္ဓတော စာပိ"စသော နိက္ခေပတို့တွင် အဘယ်နိက္ခေပအားဖြင့် ပြအပ်ပါကုန်သနည်းဟု မေးဖွယ်ရှိသောကြောင့် "ဣမေ ပန"စသည်ကို မိန့်သည်၊ ဤနည်းသုံးမျိုးတို့ကို "မဂ္ဂဟေတုကာ"ဟူသော ပါဠိတော်၏ အနက်အထူးအားဖြင့် နိက္ခိပန(ဟောချမှု) ပြုအပ်သောကြောင့် "အတ္ထတော နိက္ခေပ"ဟူ၍ မှတ်ထိုက်ကြသည်–ဟူလို။

**အထဝါ**။ ။ဒုတိယ တတိယနည်းတို့သည် ဤတရားတို့သည် မဂ္ဂဟေတုတရားတို့တည်း၊ ဤတရားတို့ကား မဂ္ဂဟေတုရှိကြသော မဂ္ဂဟေတုက (ဟေတုမန္တ)တရားတို့တည်းဟု ဟေတုနှင့် ဟေတုမန္တကို ခွဲခြား၍ သရုပ်ထုတ်ပြသောကြောင့် "ဓမ္မတော နိက္ခေပ"တို့ ဖြစ်ကြ၏၊ ပဌမနည်းကား ထိုသို့ ဟေတုနှင့် ဟေတုမန္တခွဲ၍ သရုပ်ထုတ် မပြဘဲ "မဂ္ဂင်္ဂါနိ ထပေတွာ"စသည်ဖြင့် ဟောတော်မူသောကြောင့် အနက်အဓိပ္ပာယ် အားဖြင့်သာ "မဂ္ဂင်ရှစ်ပါးသည် ဟေတု, သမ္ပယုတ်တရားတို့ကား ဟေတုမန္တ"ဟု

ဓမ္မအားဖြင့်၊ နိက္ခေပေါ-ချထားကြောင်းစကားတည်း၊ အတ္ထေန-အနက်အားဖြင့်၊ (ဝစနံ-သည်၊) အတ္ထတော-အားဖြင့်၊ (နိက္ခေပေါ-တည်း၊) ဣတိဧဝံပိ-သို့လည်း၊ ယောဇနာ-အဓိပ္ပာယ်ကို ယှဉ်စေခြင်းသည်၊ သမ္ဘဝတိ-ဖြစ်သင့်၏၊ တတ္ထ-ထိုနည်းတို့တွင်၊ ဒုတိယတတိယနယာ-တို့သည်၊ သရူပတော-သရုပ်သကောင်အားဖြင့်၊ဟေတု၊ပေ၊ဝသေန-ဟိတ်, ဟိတ်ရှိသောတရားတို့ကို ပြခြင်း၏ အစွမ်းဖြင့်၊ နိက္ခေပေါ-သည်၊ (ဟောတိ)၊ ပဌမနယော-သည်၊ တထာ-ထို သရုပ်သကောင်အားဖြင့်၊ အဒဿနတော-မပြခြင်းကြောင့်လည်းကောင်း၊ အတ္ထေန-အားဖြင့်၊ မဂ္ဂင်္ဂံတံသမ္ပယုတ္တာနံ-မဂ္ဂင်ရှစ်ပါး, ထို မဂ္ဂင်ရှစ်ပါးနှင့် ယှဉ်သောတရားတို့၏၊ ဟေတု၊ပေ၊ဂမနတောစ-ဟိတ်, ဟိတ်ရှိသောတရား၏ အဖြစ်ကို သိစေခြင်းကြောင့်လည်းကောင်း၊ အတ္ထတော-အားဖြင့်၊ နိက္ခေပေါ-သည်၊ (ဟောတိ)၊ ဣတိ-အပြီးတည်း။

၁၀၄၀။ ယသ္မိံ သဘာဝဓမ္မေ-အကြင် ပရမတ္ထသဘောတရား၌၊ နိန္န၊ပေ၊ ဘာဝေန-ညွတ်သည်၏အဖြစ်၊, ကိုင်းသည်၏အဖြစ်, ရှိုင်းသည်၏အဖြစ်ဖြင့်၊ စိတ္တံ-စိတ်သည်၊ ပဝတ္တတိ-၏၊ သော-ထို ပရမတ္ထသဘောတရားကို၊ တဿ-ထိုစိတ်၏၊ အာရမဏာဓိပတိ-အာရမဏာဓိပတိဟူ၍၊ ဝေဒိတဗ္ဗော၊ [ဤစကားဖြင့် ပညတ်၏ အာရမဏာဓိပတိ မတပ်ကြောင်းကို ပြသည်၊] စေတောပရိယဉာဏေန-ဖြင့်၊ ဇာနိတွာ-ရှေးဦးစွာသိပြီး၍၊ ပစ္စဝေက္ခမာနော-ကာမာဝစရဉာဏ်ဖြင့် ဆင်ခြင်သူကို၊ တေန-ထို စေတောပရိယဉာဏ်ဖြင့်၊ ပစ္စဝေက္ခမာနောတိ-ဆင်ခြင်သူဟူ၍၊ (သင်္ဂဟကာရေန) ဝုတ္တော၊ ဝုတ္တောပီတိ-ကား၊ တေသ္မိံပိ အဋ္ဌကထာဝစနေ-ဤ ရှေးအဋ္ဌကထာစကား၌လည်း၊ ဝါ-

ခွဲခြား၍ သိရသောကြောင့် အတ္ထတောနိက္ခေပဖြစ်သည်။ [တထာ အဒဿနတောတိ သရူပေန အဒဿနတော၊-အနု။]

**အတ္ထေန၊ပေ၊ဂမနတော**။ ။"မဂ္ဂင်္ဂါနိ ထပေတွာ တံသမ္ပယုတ္တော"ဟု ဟောတော်မူခြင်းကြောင့် မဂ္ဂင်ရှစ်ပါးတရားတို့၏ မဂ္ဂပစ္စည်းဟူသော ဟေတုအဖြစ်ကို သရုပ်ထုတ်၍ ပြပြီးဖြစ်တော့၏၊ မဂ္ဂဟေတု (မဂ်လည်းဟုတ်, ဟိတ်လည်းဟုတ်သော) သမ္မာဒိဋ္ဌိက သမ္ပယုတ်တရားတို့၏ ဟေတုအဖြစ် (ဟိတ်ဖြစ်သောအကြောင်း၏အဖြစ်)ကိုကား တိုက်ရိုက်သရုပ်အားဖြင့် မပြဘဲ အနက်အရအားဖြင့် သိစေ၏၊ ထို့ကြောင့်လည်း "အတ္ထတောနိက္ခေပ"ဖြစ်သည်ဟု အနုဋီကာဖွင့်သေး၏။

**ပစ္စဝေက္ခမာနော**။ ။စေတောပရိယဉာဏ်သည် သူတစ်ပါးစိတ်ကိုသိသော ဉာဏ်တည်း၊ ဆင်ခြင်သောဉာဏ် မဟုတ်၊ ထို့ကြောင့် ရှေးဦးစွာ စေတောပရိယဉာဏ်ဖြင့် သူတစ်ပါး၏စိတ်ကို သိပြီး၍ ကာမာဝစရဖြစ်သော ပစ္စဝေက္ခဏာဉာဏ်ဖြင့် သရာဂစိတ်, ဝီတရာဂစိတ် စသည်ပြင့် ဆင်ခြင်သူကို "စေတောပရိယဉာဏေန ပစ္စဝေက္ခမာနော"ဟု အဋ္ဌကထာဆိုသည်။

တစ်နည်း၊ ပဋ္ဌာနေ–ပဋ္ဌာန်း၌၊ မဂ္ဂါဒီနိ–မဂ်အစရှိသည်တို့ကို၊ ထပေတွာ–ချန်ထား၍၊ အညေသံ–အခြားသော တရားတို့၏၊ အဓိပတိပစ္စယဘာဝဿ–အဓိပတိပစ္စည်း၏အဖြစ်ကို၊ အဝစနေနေဝ–ဟောတော်မမူခြင်းဖြင့်ပင်၊ ဧတ္ထ ပဋိက္ခေပပါဠိယံ–ဤ ပယ်မြစ်ကြောင်းပါဠိ၌။

အယမေဝတ္ထောတိ–ကား၊ အတ္ထနော–၏၊ မဂ္ဂဖလံ–မဂ်ဖိုလ်ကို၊ ထပေတွာ–၍၊ ဣတိ အတ္ထော၊ ဝီမံသာဓိပတေယျန္တိ–ပါဌ်ဖြင့်၊ ပဓာနေန–ပဓာနဖြစ်သော၊ အဓိပတိနာ–အဓိပတိဖြင့်၊ သဟဇာတာဓိပတိ–သဟဇာတာဓိပတိကို၊ နိဒဿိတော–ညွှန်ပြတော်မူအပ်ပြီ၊ တယိဒံ–ထို ဝီမံသာဓိပတေျယျံဟူသော စကားသည်၊ နယဒဿနမတ္တမေဝ–ပဓာနနည်းကို ပြကြောင်းစကားမျှသည်သာ၊ ဟောတိ၊ ဣတိ–ကြောင့်၊ အညောပိ–အခြားလည်းဖြစ်သော၊ ဧဝံ ပကာရော–ဤသို့ အပြားရှိသော၊ ဝါ–ဤသို့ အလားတူဖြစ်သော၊ သဟဇာတော–တကွဖြစ်သော၊ မဂ္ဂါဓိပတိ–ဝီရိယဟူသော မဂ္ဂါဓိပတိသည်၊ ဝါ–ကို၊ နိဒဿိတော ဟောတိ၊ တသ္မာ, ဝီရိယာဓိပတေယျန္တိ စ–ဟူ၍လည်း၊ ယောဇေတဗ္ဗံ–ပါဠိတော်၌ ယှဉ်စေထိုက်၏၊ ဟိ–မှန်၊ ဣဒမ္ပိ–ဤ ဝီရိယာဓိပတေယျံဟူသော စကားကိုလည်း၊ အတ္ထတော–သာမတ္ထိယတ္ထအားဖြင့်၊ ဝုတ္တမေဝ–ဟောတော်မူအပ်ပြီးသည်သာ၊ ဣတိ–အပြီးတည်း၊ [ဝီမံသာဓိပတေယျံပုဒ်သည် "ဝီရိယာဓိပတေယျံ"ဟူသောအနက်ကို သာမတ္ထိယတ္ထအားဖြင့် ပြစွမ်းနိုင်သည်–ဟူလို။]

**၁၀၄၁။** အတ္တနော–၏၊ သဘာဝေါ–သဘောတည်း၊ အတ္တဘာဝေါ–မိမိ၏သဘော။ [အတ္တဘာဝေါ အရ ခန္ဓာငါးပါးကို ယူမည်စိုး၍ "အတ္တနော သဘာဝေါ အတ္တဘာဝေါ"ဟု ဖွင့်သည်။]အနေကကပ္ပသဟဿာယုကာနံ–တစ်ပါးမက များစွာသော ကပ္ပာအထောင် အသက်ရှည်ကုန်သော၊ သတ္တာနံ–သတ္တဝါတို့၏အတွက်၊ လဒ္ဓေါကာသဿ–ရအပ်သော အကျိုးပေးခွင့်ရှိသော၊ ကမ္မဿ–ကံ၏၊ ဝိပါကော–အကျိုးသည်၊ ကပ္ပသဟဿာတိက္ကမေ–ကပ္ပာတစ်ထောင် လွန်ရာအခါ၌၊ ဥပ္ပဇ္ဇတိ–၏၊ ဝါ–တစ်နည်း၊ ကပ္ပသဟဿာတိက္ကမေပိ–ကပ္ပာတစ်ထောင် လွန်ရာအခါ၌လည်း၊ လဒ္ဓေါကာသံ–ရအပ်သော

**ပဓာနေန အဓိပတိနာ။** ။သဟဇာတာဓိပတိကို ညွှန်ပြရာ၌ အဓိပတိလေးပါးရှိသည်တွင် ဝီမံသာဓိပတိတစ်ပါးဖြင့်သာ ပါဠိတော်၌ညွှန်ပြတော်မူ၏၊ ထိုသို့ညွှန်ပြခြင်းသည် အဘယ့်ကြောင့်ပါနည်းဟု မေးဖွယ်ရှိသောကြောင့် "ပဓာနေန အဓိပတိနာ" စသည်ကို မိန့်သည်၊ "ဝီမံသာဓိပတိ"က ပဓာနဖြစ်သောကြောင့် ထို ဝီမံသာဓိပတိဖြင့်သာ ညွှန်ပြတော်မူအပ်သည်–ဟူလို၊ ဝီမံသာဓိပတိ၏ ပဓာနဖြစ်ခြင်းမှာလည်း ကုသိုလ်တရားတိုင်းမှာ ပညာဉာဏ်သာ အလွန်အကဲ ရှိသောကြောင့်လည်းကောင်း, ဤလောကုတ္တရာ(မဂ္ဂါဓိပတိ)အရာဝယ် ပညာပဓာနဖြစ်သောကြောင့်လည်းကောင်းတည်း။ [ပညုတ္တရတ္တာ ကုသလာနံ, လောကုတ္တရကထာယစ ပညာဓုရတာ ဝီမံသာဓိပတိဿ သေသာဓိပတီနံ ပဓာနတာ ဝေဒိတဗ္ဗာ၊–အနု။]

အကျိုးပေးခွင့်ရှိသော၊ ယံ–အကြင် ကံသည်၊ ဘဝိဿတိ–ရောက်လတ္တံ့၊ [လဒ္ဓေါကာသံ ယံ ကမ္မံ ပါပုဏိဿတိ၊–အနု၊ ဘူဓာတ်၏ ပတ္တိအနက်ကို ဖွင့်သည်။] တဒပိ–ထိုကံသည်လည်း၊ လဒ္ဓေါကာသမေဝ–ရအပ်သောအကျိုး ပေးခွင့်ရှိသော ကံသာတည်း၊ ဣတိ–ကြောင့်၊ အတ္တနော–မိမိဟူသော ကံ၏၊ ဝိပါကံ–ကို၊ သန္ဓာယ–၍၊ ဝုစ္စတိ–(ကပ္ပသဟဿာတိက္ကမေ)ဟု ဆိုအပ်၏။

နတ္ထိ၊ပေ၊ဟောတီတိ–ကား၊ အနုပ္ပန္နောနာမ–ဥပ္ပန္နမဟုတ်သည် မည်သည်၊ န ဟောတိ၊ ဣတိ–ကား၊ အဓိပ္ပာယော–အဋ္ဌကထာဆရာ၏အလိုတည်း၊ ဥပ္ပာဒါဒီသု–ဥပါဒ်အစရှိသော ခဏတ္တယတို့၌၊ အန္တောဂဓတ္တာ–အတွင်းဝင်ကုန် သည်၏ အဖြစ်ကြောင့်၊ ဥပ္ပာဒိနော မမ္မာတိ ဧတေန ဝစနေန–စကားဖြင့်၊ ဝုစ္စတိ–ဆိုအပ် ဆိုနိုင်၏၊ ဣတိ ကတွာ–ဤအကြောင်းကြောင့်၊ ဥပ္ပာဒိ၊ပေ၊ ဇာတာတိ–ဟူ၍၊ (သင်္ဂဟကာရော) အာဟ။

အရူပသခ်ါတော အတ္တာတိ–ပါဠိ၌ဖြင့်၊ အရူပဘဝံဂ–အရူပဘဝင်ကို၊ အာဟ၊ ဟိ–မှန်၊ တတ္ထ–ထို အရူပဘဝင်၌၊ (အတ္တာတိ ဝေါဟာရော ပဝတ္တောဥ္စစပ်၊) အာကာသာနဉ္စာယတနသညာဒိမယော–အာကာသာနဉ္စာယတနသညာ အစရှိ သည်ဖြစ်သော၊ အတ္တာ–အတ္တတည်း၊ ဣတိ–သို့၊ အတ္တတော–သာမတ္ထိယတ္ထ အားဖြင့်၊ ဝေါဟာရော–အခေါ်အဝေါ်သည်၊ ပဝတ္တော–၏၊ ဣတိ–ဤသို့ မှတ်အပ်၏။ [ဤဝါကျများ၏ အဓိပ္ပာယ်ကို အဋ္ဌကထာနိဿယ၌ ပြထားပြီ။]

ပန–ဆက်၊ အာယူဟိတံ–အားထုတ်အပ်ပြီးသော၊ ကုသလာကုသလကမ္မံ– ကုသိုလ်,အကုသိုလ်ကံသည်၊ သဗ္ဗံ–အလုံးစုံသည်၊ ဝိပါကံ–အကျိုးကို၊ ယဒိ ဒဒေယျ–အကယ်၍ပေးအံ့၊ (ဇေံသတိ)၊ အလဒ္ဓေါကာသဥ္စ–မရအပ်သော အခွင့်ရှိသော ကံသည်လည်း၊ ဝိပါကံ–ကို၊ ဒေတိ–ပေး၏၊ (ပေးနိုင်ရာ ရောက်၏၊) ဣတိ ကတွာ–ဤအကြောင်းကြောင့်၊ ဝိပက္ကဝိပါကဥ္စ–ရင့်ကျက် ပြီးသော အကျိုးရှိသောကံသည်လည်း၊ ဝါ–အကျိုးပေးပြီးသော ကံသည်လည်း၊

---

**ဝီရိယာဓိပတေယျံတိစ**။ ။ပါဠိတော်၌ "ဝိမံသာဓိပတေယျံ"ဟူသော စကားကို ပဓာနနည်း, နိဒဿနနည်းဟုယူ၍ ထိုစကားဖြင့် ဝိမံသာဓိပတိနှင့်အလားတူ မဂ္ဂါဓိပတိ ရထိုက်သော တရားကိုလည်း ယူဖို့ရန် ညွှန်ပြထား၏ဟု ယူပါ၊ ထို့ကြောင့်(မဂ္ဂါဓိပတိ ဖြစ်နိုင်သော ဝီရိယကို ယူ၍) ဝိမံသာဓိပတေယျံဟူသော ပါဠိတော်နေရာဝယ် "ဝီရိယာ ဓိပတေယျံ မဂ္ဂံ ဘာဝယန္တဿ"ဟုလည်း ယှဉ်စေထိုက်, သုံးစွဲထိုက်ပါသည်–ဟူလို။ [တချို့စာအုပ်၌ "ဝီရိယာဓိပတေယျနာတိစ"ဟု ပါဠ်ပျက်၏၊ "ဝီရိယာဓိပတေယျန စ ယောဇေတဗ္ဗံ"ဟုသော်လည်း ဣတိ မပါဘဲရှိလျှင် ကောင်း၏။]

**ယဒိ ပန၊ပေ၊ဒဒေယျ**။ ။"ယဒိ ပန အာယူဟိတံ ကမ္မံ၊ပေ၊န ဘဝေယျ"ဟူသော အဋ္ဌကထာပါဠ်ကို ဖွင့်ပြလို၍ "ယဒိ ပန"စသည်ကို မိန့်သည်၊ အလဒ္ဓေါကာသဥ္စ၌ စဖြင့် လဒ္ဓေါကာသကို ငဲ့၏၊ "လဒ္ဓေါကာသကံသာမက အလဒ္ဓေါကာသကံလည်း

ဒဒေယျ–ထပ်၍ အကျိုးပေးရာ၏၊ တတော–ထို့ကြောင့်၊ ကေဿဝ–တစ်မျိုးသာလျှင်ဖြစ်သော၊ ကမ္မဿ–ကံ၏၊ သဗ္ဗဝိပါကေန–အလုံးစုံသောအကျိုးသည်၊ ဘဝိတဗ္ဗံ–ဖြစ်ရာ၏၊ ဣတိ–ကြောင့်၊ အညဿ–အခြားသော၊ ကမ္မဿ–ကံ၏၊ ဩကာသော–အခွင့်သည်၊ န ဘဝေယျ–မဖြစ်တော့ရာ၊ (ကသ္မာ)၊ နိရုတ္တကတ္တာ–အကျိုးမရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဝါ–တစ်နည်း၊ ဥပ္ပန္နဿ–ဖြစ်ပြီးသောကံ၏၊ ဖလဒါနေ–အကျိုးကို ထပ်၍ပေးခြင်းသည်၊ (သတိ–သော်၊ အညဿ–သော၊ ကမ္မဿ–၏၊) ဥပ္ပတ္တိယာဃေဝ–ဖြစ်ခြင်း၏ပင်၊ ဩကာသော–သည်၊ န ဘဝေယျ–တော့ရာ။

အထဝါ–ကား၊ အလဒ္ဓေါကာသဿ–မရအပ်သော အခွင့်ရှိသောကံ၏၊ ဝိပါကဒါနေ–အကျိုးကိုပေးခြင်းသည်၊ (သတိ–သော်၊) ပစ္စယန္တရရဟိတဿပိ–အဝိဇ္ဇာ တဏှာစသော အကြောင်းတစ်ပါးမှကင်းသောကံ၏လည်း၊ ဝိပါကဒါနံ–အကျိုးကို ပေးနိုင်ခြင်းသည်၊ အာပန္နံ–ရောက်၏၊ ဣတိ–ထို့ကြောင့်၊

---

အကျိုးပေးနိုင်ရာရောက်၏"ဟူလို၊ ဝိပက္က+ဝိပါကံ ယဿာတိ ဝိပက္ကဝိပါကံ"အရ "ရင့်ကျက်ပြီးသော အကျိုးရှိသောကံ"ဟူသည် အကျိုးပေးပြီးသောကံတည်း။

**ဆက်ဦးအံ့**–အလဒ္ဓေါကာသ(အကျိုးပေးခွင့်မရသော)ကံဟူသည် မိမိအကျိုးပေးခွင့်ရလောက်အောင် အထောက်အကူပြုမည့် အခြားအကြောင်းများဟူသော အဖော်မရသောကံတည်း၊ ထိုကံသည် အကျိုးသို့ရှေးရှုပြုခြင်း မရှိသောကြောင့် ထိုအလဒ္ဓေါကာသကံနှင့် အကျိုးပေးပြီးသော ဝိပက္ကဝိပါကကံသည် သဘောတူ ဖြစ်၏၊ ထို့ကြောင့် "အလဒ္ဓေါကာသံ၊ပေ၊ ဒဒေယျ"ဟု ဆိုသည်၊ အလဒ္ဓေါကာသကံသည်လည်း အကျိုးပေးနိုင်လျှင် ထိုကံနှင့်တူသော ဝိပက္ကဝိပါကကံလည်း အကျိုးကို ထပ်၍ ပေးနိုင်စရာရှိသည်–ဟူလို။ [အဝိပက္ကဝိပါကံ ကမ္မံ သဟကာရီကာရဏာသမဝါယာ လာဘေန အကတောကာသံ ဝိပါကာဘိမုခဘာဝါဘာဝတော ဝိပက္ကဝိပါကကမ္မ သရိက္ခကံတိ ဝုတ္တံ၊– "အလဒ္ဓေါ၊ပေ၊ဒဒေယျာတိ"–အနု။]

**တတော၊ပေ၊နိရုတ္တကတ္တာ**။ ။တတော–ထိုသို့ အကျိုးပေးပြီးသောကံက ထပ်၍ အကျိုးပေးနိုင်ရာ ရောက်သောကြောင့် ကံတစ်ခုတည်း၏ပင် အကျိုးအားလုံး ဖြစ်စရာရှိ၏၊ အကုသိုလ်ကံတစ်ခုကြောင့် မကောင်းကျိုးအားလုံး, ကုသိုလ်ကံတစ်ခုကြောင့် ကောင်းကျိုးအားလုံး ဖြစ်စရာရှိသည်–ဟူလို၊ ထို့ကြောင့် အခြားကံများ၏ အကျိုးပေးခွင့် မရှိတော့ရာ၊ ဘာ့ကြောင့်နည်း–အခြားကံများဖြစ်သည့်အတွက် အကျိုးမရှိသောကြောင့်တည်း၊ (တစ်နည်း) ဥပ္ပတ္တိယာဃေဝ၊ပေ၊ဒါနေ–ဖြစ်ပြီးသော ကံတစ်ခုက ထပ်၍အကျိုးပေးနေလျှင် (အခြားကံ)ဖြစ်ခြင်း၏ အခွင့်သည်ပင် မဖြစ်တော့ရာ၊ [ဤနည်းအလို "အညဿ–အခြားကံ၏၊ ဩကာသော–အကျိုးပေးခွင့်သည်၊ ဝါ–ဖြစ်ခွင့်သည်၊ န ဘဝေယျ–မဖြစ်တော့ရာ"ဟု အဋ္ဌကထာ၌ပေးပါ။]

**အထဝါ၊ ပေ၊ အတ္တော**။ ။"အညဿ ဩကာသော န ဘဝေယျ" ဟူသော အဋ္ဌကထာပါဌ်ကို တစ်နည်းဖွင့်ပြလို၍ "အထဝါ"စသည်ကို မိန့်သည်၊ ဤနည်း၌

အဝိဇ္ဇာ ၊ပေ၊ခေပကဿ–အဝိဇ္ဇာ တဏှာအစရှိသော အကြောင်းတစ်ပါးကို ကုန်စေတတ်သော၊ ကမ္မက္ခယကရဿ–ကံ၏ကုန်ခြင်းကို ပြုတတ်သော၊ အညဿ–အခြားသော၊ အပစယဂါမိကမ္မဿ–အပစယဂါမိ အမည်ရှိသော မဂ်ကံ၏၊ ဩကာသော–သည်၊ န ဘဝေယျ–တော့ရာ၊ စ–ဆက်၊ မဂ္ဂေ–မဂ်ကို၊ ဘာဝိတေပိ–ဖြစ်စေအပ်ပါသော်လည်း၊ အဝိဇ္ဇာဒိပစ္စယန္တ ရဟိတဿ–အဝိဇ္ဇာအစရှိသော အကြောင်းတစ်ပါးမှကင်းသော၊ ကမ္မဿ–ကံ၏၊ ဝိပစ္စန တော–အကျိုးပေးခြင်းကြောင့်၊ သမတ္ထတာ–ကံကုန်အောင် ပြုစွမ်းနိုင်သည်၏ အဖြစ်သည်၊ န သိယာ–မဖြစ်တော့ရာ၊ ဣတိ အတ္ထော–ဤကား အဓိပ္ပာယ်နက်။

ဝါ–တစ်နည်း၊ သမ္ဗဒ္ဓါ–အခါခပ်သိမ်း၊ ဝိပါကပ္ပဝတ္တိယာဝ–ဝိပါက်၏ ဖြစ်ခြင်း၏ပင်၊ ဘာဝိတဗ္ဗတ္တာ–ဖြစ်ထိုက်သည်၏အဖြစ်ကြောင့်၊ ဝိပါကတော– ဝိပါက်မှ၊အညဿ–အခြားသော ကုသိုလ်၊အကုသိုလ်၊ကြိယာစိတ်၏ ပဝတ္တိဩကာသော–ဖြစ်ခြင်း၏အခွင့်သည်၊ န ဘဝေယျ–တော့ရာ။

တံ ပနာတိ–ကား၊ အာယူဟိတံ–အားထုတ်အပ်ပြီးသော၊ ကမ္မံ–ကံသည်၊ (တံ၏စွဲနက်ကို ဖွင့်သည်၊) ပန–ဆက်၊ ဣဒံ–ဤတံ ပန အစရှိသောစကားကို၊

---

"အညဿ"အရ အဝိဇ္ဇာ တဏှာစသော အကြောင်းတို့ကို ကုန်စေနိုင်သော (မိမိက ကံဖြစ်ပါလျက်) အခြားသောကံများကို ကုန်အောင်ပြုတတ်သော မဂ်ကံကို အရ ကောက်ရသည်၊ "အညဿ–အခြားသော မဂ်ကံ၏၊ ဩကာသော–ဖြစ်ခွင့်သည်၊ န ဘဝေယျ"ဟု အဋ္ဌကထာ၌ ပေးပါ။

**အလဒ္ဓေါ၊ပေ၊အာပန္နံတိ**။ ။"ဘာ့ကြောင့် မဂ္ဂကံ၏ ဖြစ်ခွင့်မရဘဲရှိရအံ့နည်း"ဟု မေးဖွယ်ရှိသောကြောင့် "အလဒ္ဓေါ၊ပေ၊အာပန္နံ"ဟု မိန့်သည်၊ "အခွင့်မရသောကံက အကျိုးပေးနိုင်လျှင် "အဝိဇ္ဇာ တဏှာစသော အကြောင်းတစ်ပါး ကင်းသောကံကလည်း အကျိုးပေး၏" ဟူသော အဓိပ္ပာယ် ရောက်နေ၏၊ ထို့ကြောင့် အဝိဇ္ဇာ စသော အကြောင်းကို ကုန်စေတတ်သော မဂ္ဂကံသည် ဖြစ်ခွင့်မရှိ၊ ဖြစ်ဖွယ်မလို–ဟူလို။

**ဘာဝိတေပိ၊ပေ၊အတ္ထော**။ ။"ကမ္မက္ခယကရဿ ဩကာသော န ဘဝေယျ"ကို "ဘာဝိတေပိ၊ပေ၊အတ္ထော"ဟု အဓိပ္ပာယ်နက် ဖွင့်ပြသည်၊ အဝိဇ္ဇာ တဏှာစသော အကြောင်းနှင့်တကွ ကံကို ကုန်အောင်ပြုတတ်သော အပစယဂါမိမဂ်ကို မိမိသန္တာန်၌ ဖြစ်စေအပ်ပြီးပါသော်လည်း အဝိဇ္ဇာစသော အကြောင်းမရှိပါဘဲ ကံတွေက အကျိုးပေး နေလျှင် မဂ်တည်းဟူသောကံမှာ ကံကို ကုန်စေနိုင်သောသတ္တိ မရှိရာရောက်သည်– ဟူလို။ [မဓု၌ "ဘာဝတမဂ္ဂဿ ဝိကုပ္ပာဒနသမတ္ထတာ န သိယာ၊ နိရတ္ထကတ္တာတိ အတ္ထော"ဟု ဖွင့်၏၊ စဉ်းစားပါ။]

**သဗ္ဗဒါ ဝါ၊ပေ၊န ဘဝေယျ**။ ။[အညဿ၊ပေ၊ န ဘဝေယျ"ဟူသော အဋ္ဌကထာ ကိုပင် တစ်နည်းဖွင့်ပြန်သည်။] ဤနည်း၌ "အညဿ"အရ ဝိပါက်မှတစ်ပါးသော ကုသိုလ်၊အကုသိုလ်၊ကြိယာကို ကောက်ပါ၊ အခွင့်ရသော ကံကလည်း အကျိုးပေး၊

(အာရဒ္ဓ၌ စပ်၊) ခုဝဝိပါကဿ–မြဲသောအကျိုးရှိသော ကံ၏၊ ဝိပါကေန–အကျိုးဖြင့်၊ အခုဝဝိပါကဿ–မမြဲသောအကျိုးရှိသည်လည်းဖြစ်သော၊ လဒ္ဓေါကာသဿ–ရအပ်သော အခွင့်ရှိသောကံ၏၊ ဝိပါကံ–အကျိုးသည်၊ ဥပ္ပာဒိ–ဥပ္ပာဒိမည်၏၊ ဣတိ–သို့၊ ဒဿေတုံ–ငှာ၊ အာရဒ္ဓ၊ ဣတိ ဒဋ္ဌဗ္ဗံ၊ စ–ဆက်၊ အဋ္ဌသမာပတ္တိယော–တို့ကို၊ ဝါ–တို့သည်၊ ဗလဝဝိရဟော–အားကြီးသော ကံတစ်ပါးမှ ကင်းသော်လည်းကောင်း၊ အဂ္ဂမဂ္ဂဘာဝနာဝိရဟော စ–အရဟတ္တမဂ် ဘာဝနာမှ ကင်းသော်လည်းကောင်း၊ အပ္ပဟီနသဘာဝတော–မပယ်ထိုက်သော သဘောရှိသည်၏အဖြစ်ကြောင့်၊ ခုဝံ–မချွတ်ကေန်၊ ဝိပစ္စန္တိ–အကျိုးပေးကုန်၏၊ ဣတိ–ကြောင့်၊ ခုဝဝိပါကာတိ–တို့ဟူ၍၊ ဝုတ္တာ–နိ်ပြီ၊ အာယူဟိတကမ္မေ–အားထုတ်အပ်ပြီးသော ကံကို၊ ဝုစ္စမာနေ–ဆိုအပ်သော်၊ (ဆိုအပ်ရာ၌၊) အနုပ္ပန္နံ–အနုပ္ပန္နကံကို၊ ကသ္မာ ဝုတ္တံ၊ ယံ–အကြင်ကံသည်၊ အာယူဟိတံ–သည်၊ ဘဝိဿတိ–လတ္တံ့၊ တတ္ထာပိ–ထိုကံ၌လည်း၊ အာယူဟိတ သဒ္ဒပ္ပဝတ္တိသဗ္ဘာဝါ–အာယူဟိတသဒ္ဒါ ဖြစ်ခြင်း၏ ဖြစ်သင့်သည်၏ အဖြစ်ကြောင့်၊ (ဝုတ္တံ၊ ဣတိ–အဖြေတည်း။) ကြံ့ဝါကျများ၏ အဓိပ္ပာယ်ကို အဋ္ဌကထာနိဿယ၌ ပြထားပြီ။]

**၁၀၅၀။** ဥပ္ပာဒိန္နာတိ ဗွေ–၌၊ ဥပေတေန–တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည်၊ အာဒိန္နာ–ယူအပ်သောတရားတို့တည်း၊ ဣတိ အယံ အတ္ထော–ဤအနက်သည်၊ န (ဟောတိ)–မဖြစ်၊ ပန–စင်စစ်ကား၊ ဥပသဒ္ဒေါ–ဥပသဒ္ဒါသည်၊ ဥပသဂ္ဂမတ္တမေဝ–ဥပသာရမျှသာတည်း၊ တသ္မာ, ဥပါဒါနာရမဏာ–ဥပါဒါန်၏ အာရုံဖြစ်သော လောကီတရားတို့ကို၊ ဥပါဒါနေဟိ–ဥပါဒါန်တရားတို့သည်၊ (အာဒိန္နာ–ယူအပ်ကုန်ပြီ၊) အညေ စ– ဥပါဒါနာရမဏတရားမှ

---

အခွင့်မရသော ကံကလည်း အကျိုးပေးနေလျှင် ဝိပါက်အစဉ်ချည်းသာ ဖြစ်နေစရာ ရှိသောကြောင့် ဝိပါက်မှတစ်ပါးသော အခြားကုသိုလ်,အကုသိုလ်,ကြိယာများ ဖြစ်ခွင့် မရတော့–ဟူလို၊ [တီသု ဝိကပ္ပေသု ပဌမေ အညဿာတိ ကုသလာကုသလကမ္မဿ၊ ဒုတိယေ အညဿာတိ အပစယဂါမိကမ္မဿ၊ တတိယေ အညဿာတိ ဝိပါကတော အညဿ ကုသလာကုသလကမ္မဿ ကြိယဿာတိ အယမေတေသံ ဝိသေသော၊–မဓု။]

**ဥပါဒိန္နာ။** ။ဥပါဒိန္နုပါဒါနိယတိက်၌ ဥပါဒိန္နာကို "ဥပေတေန+အာဒိန္နာ"ဟု ဖွင့်ခဲ့၏၊ ထိုအနက်ကို ဤ၌ မရနိုင်၊ ဥပကို အနက်မရှိကြံ၍ "အာဒိန္နာ"ကိုသာ အနက်ပေးပါ၊ ထိုအာဒိန္နာ၏ အရကောက်ကိုပြလို၍ "ဥပါဒါနာရမဏာ, အညေစ"ဟု မိန့်သည်၊ [ဥပါဒါနာရမဏာ–ဥပါဒါန်၏အာရုံဖြစ်သော လောကီတရားများ၊ အညေစ–ဥပါဒါနာရမဏတရားတို့မှ တစ်ပါးကုန်သော လောကုတ္တရာ(မဂ်,ဖိုလ်)တရားများ၊ ဣစ္စေဝံ၌ ဧဝဖြင့် ဥပ၏ အနက်ကို ကန့်။]

**အညေစ အနုပေက္ခာဏေန။** ။"ဥပါဒါနာရမဏဖြစ်သော လောကီတရားတို့ကို ဥပါဒါန်(တဏှာဒိဋ္ဌိ)တို့သည် အာရုံပြုသောအားဖြင့် ယူအပ်ပါစေတော့၊ ဥပါဒါန်၏

အခြားသော မဂ်ဖိုလ်တရားတို့ကိုလည်း၊ အနဘိနိဝေသေန–စွဲစွဲလမ်းလမ်း နှလုံးသွင်းခြင်းမရှိသော၊ (ဂဟဏေနဠ် စပ်၊) အဟံ–ငါသည်၊ မဂ္ဂံ–မဂ်ကို၊ ဘာဝယိံ–ဖြစ်စေခဲ့ပြီ၊ မမ–ငါ၏၊ မဂ္ဂေါ–မဂ်သည်၊ ဥပ္ပန္နော–ဖြစ်ပြီ၊ ဣတိ အာဒိကေ–ဤသို့အစရှိသော၊ ဂဟဏေန–ယူကြောင်း ပစ္စဝေက္ခဏာဉာဏ်ဖြင့်၊ အာဒိန္နာ–န်ပြီ၊ ဣစ္စေဝ–ဤအကြောင်းကြောင့်သာ၊ ဥပါဒိန္နာ–ဥပါဒိန္နတို့ မည်၏၊ ဝါ–တစ်နည်း၊ ဥပါဒိန္နသဒ္ဒေန–ဥပါဒိန္နသဒ္ဒါဖြင့်၊ အမဂ္ဂဖလဓမ္မာ ယေဝ–မဂ်ဖိုလ်မဟုတ်သောတရားတို့ကိုသာ၊ (ဘဂဝတာ)ဝုတ္တာ၊ ဣတိ ရေဟိ– ဥပါဒိန္နသဒ္ဒါမှ အခြားသော အရှုတ္တံ ပစ္စတ္တံ စသောသဒ္ဒါတို့ဖြင့်၊ မဂ္ဂဖလ ဓမ္မာစ–မဂ်ဖိုလ်တရားတို့ကိုလည်း၊ (ဘဂဝတာ ဝုတ္တာ၊) ဣတိ ဝေဒိတဗ္ဗာ။

**တိကနိက္ခေပကထာဝဏ္ဏနာသည်၊ နိဋ္ဌိတာ။**

## ဒုကနိက္ခေပကထာဝဏ္ဏနာ

**၁၀၆၂။** မေတ္တာယနဝသေနာတိ–ကား၊ မေတ္တာဖရဏဝသေန–မေတ္တာကို ဖြန့်ခြင်း၏ အစွမ်းဖြင့်၊ မေတ္တာယနဝသေနာတိ–ဟူ၍၊ ဝတ္တဗ္ဗေ–ဆိုထိုက်လျက်၊ ဒီဃံ–ဒီဃကို၊ ကတွာ ဝုတ္တံ၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ၊ [မေတ္တာယ အယနံ ဥပဂမနံ မေတ္တာယနံ၊ တဋ္ဌ အတ္တနော သန္တာနေ လာဘော ဥပ္ပာဒနံ, သတ္တာနံ အနုပဂမော၊–အနု၊ အဓိပ္ပာယ်ကို အဋ္ဌကထာနိဿယ၌ ပြထားပြီ။] ဝါ– တစ်နည်း၊ မေတ္တာမေဒနံ–မေတ္တာ၏ချစ်ခြင်းသည်၊ မေတ္တာယနံ–မေတ္တာယန မည်၏၊ တဋ္ဌ–ထို မေတ္တာ၏ချစ်ခြင်းဟူသည်လည်း၊ သိနေဟဝသေန– ချစ်ခြင်း၏အစွမ်းဖြင့်၊ (အယနံ–ဖြစ်ခြင်းတည်း၊) ["အတ္ထတော မဇ္ဈနမေဝါတိ "မေတ္တာမေဒနံ"တိ ဝတွာ "သိနေဟန"န္တိ အာဟ"ဟု အနုဋ္ဌ ရှိသောကြောင့် မေတ္တာမေဒနံ၏ နောက်၌ "သိနေဟနံ" ဟု ရှေးပါဌ် ရှိဟန်တူသည်။]

---

အာရုံမဟုတ်သော မဂ်,ဖိုလ်တို့ကိုကား အဘာယ်တရားသည် ယူအပ်ပါကုန်သနည်း"ဟု မေးဖွယ်ရှိသောကြောင့်"အညေစ"စသည်ကိုမိန့်သည်၊ မဂ်ဖိုလ်တို့ကိုကား ပစ္စဝေက္ခဏာ ဉာဏ်သည် ယူအပ်ကုန်၏၊ ထို့ကြောင့် ဥပါဒိန္နအမည်ရသည်–ဟူလို။ [ဂဟဏေနာတိ ပစ္စဝေက္ခဏာဉာဏေန၊ ထိုဉာဏ်သည် များသောအားဖြင့် မသုံးသပ်တတ်သောကြောင့် "အနဘိနိဝေသေန"ဟု ဝိသေသနပြုသည်၊ "အဟံ မဂ္ဂေါ"စသည်ကား ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ဆင်ခြင်ပုံ အခြင်းအရာတည်း၊ အာဒိဖြင့် "အဟံ ဖလံ သစ္ဆာကာသိ"ကို အနုဋ္ဌ ပြ၏။]

**ဥပါဒိန္နသဒ္ဒေန ဝါ။** ။ဤနည်းကား ဥပ၏ အနက်ရှိကိုပြသော နည်းတည်း၊ ဥပဥပသာရက အနက်ရှိသောကြောင့် "ဥပေတေဟိ+အာဒိန္နာ"ဟုပင် ဝစနတ္ထပြုရ၏၊ သို့သော် "ဥပါဒိန္နာ"အရ လောကီတရား အားလုံးကို ယူရမည် ဖြစ်သောကြောင့် "ဥပေတေဟိ–ကပ်ရောက်တတ်, စွဲလမ်းတတ်သောဥပါဒါန်တို့သည်"ဟု အနက်ပေးပါ၊

အနုဒယတိ–စောင့်ရှောက်တတ်၏၊ ဣတိ–ကြောင့်၊ အနုဒါ–အနုဒါမည်၏၊ ဣတိ–သို့၊ ဝတ္တဗ္ဗေ–လျက်၊ အနုဒ္ဒါတိ–ဟူ၍၊ ဒကာရာဂမနံ–ဒအက္ခရာ၏ လာခြင်းကို၊ ကတွာ ဝုတ္တံ၊ အနုဒ္ဒယနာကာရောတိ–ကား၊ [အဋ္ဌကထာ၌ "အနုဒ္ဒါကာရော"ဟု ရှိ၏။] အနုရက္ခဏာကာရော–စောင့်ရှောက်ခြင်းဟူသော အခြင်းအရာတည်း၊ ဟိ–မှန်၊ ရက္ခဏံ–စောင့်ရှောက်ခြင်းသည်၊ ဒယနာ–ဒယနာ မည်၏၊ [ဤ ဋီကာအလို "အနုဒ္ဒယနာကာရော"ဟု ရှိရမည်၊ "အနုဒ္ဒါယနာကာရော"ဟု ဒီဃမရှိရ၊ ဒယဓာတ် ယုပစ္စည်း အနပြု၍"ဒယန" ဟု ဖြစ်၏။] အနုဒ္ဒါယိတဿာတိ–ကား၊ အနုဒ္ဒါယ–စောင့်ရှောက်ခြင်းဖြင့်၊ အယိတဿ–ဖြစ်သောစိတ်၏။

ဓာတိပိ ဒုက္ခာတိအာဒိ–အစရှိသော စကားကို၊ [ဓမ္မစကြာ စသည်၌ လာသော "ဓာတိပိ ဒုက္ခာ"အစရှိသော စကားကို၊] သုဏန္တဿ–ကြားနာသော ပုဂ္ဂိုလ်၏၊ သဝနေ–ကြားနာခြင်း၌၊ ဝါ–ကြောင့်၊(ဉာဏံ–ဉာဏ်သည်၊ ဝတ္တတိ–၏၊) အနိစ္စာဒိတော–အနိစ္စ အစရှိသောအားဖြင့်၊ သမ္မသန္တဿ–သုံးသပ်သော ပုဂ္ဂိုလ်၏၊ သမ္မသနေ–သုံးသပ်ခြင်း၌၊ ဝါ–ကြောင့်၊ (ဉာဏံ ဝတ္တတိ၊) မဂ္ဂေန–မဂ်ဖြင့်၊ ဧတ္ထ–ဤ ဒုက္ခသစ္စာ၌၊ သမ္မောဟံ–ပြင်းစွာ တွေဝေခြင်းကို၊ ဝိဒ္ဓံသေန္တဿ–ဖျက်ဆီးသောပုဂ္ဂိုလ်၏၊ ပဋိဝေဓေ–ထိုးထွင်း၍သိခြင်း၌၊ ဝါ–ကြောင့်၊ (ဉာဏံ ဝတ္တတိ၊) ပဋိဝိဇ္ဈိတွာ–ထိုးထွင်းကာ သိပြီး၍၊ ပစ္စဝေက္ခန္တဿ–ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်သောပုဂ္ဂိုလ်၏၊ ပစ္စဝေက္ခဏေ–၌၊ ဝါ–ကြောင့်၊ (ဉာဏံ ဝတ္တတိ)၊ ဣတိ–သို့၊ စတူသု–န်သော၊ ကာလေသု–ကာလတို့၌၊ ဒုက္ခေ–ဒုက္ခသစ္စာ၌၊ ဉာဏံ–သည်၊ ဝတ္တတိ–၏။

**၁၀၆၅**။ စိတ္တဿ–စိတ်၏၊ သံရုန္ဓနံ–ပြင်းစွာ တပ်စွဲခြင်းသည်၊ စိတ္တဿ သံရာဂေါ–စိတ္တဿ သံရာဂေါမည်၏၊ ဂိဇ္ဈန္တီတိ–ကား၊ အဘိကင်္ခန္တိ–အလွန် အလိုရှိကုန်၏၊ သဇ္ဇန္တီတိ–ကား၊ ဗန္ဓန္တိ–ဖွဲ့တတ်ကုန်၏၊ [ငြိကပ်နေအောင် ဖွဲ့ထားတတ်ကုန်၏၊ သဉ္ဇဓာတ်၏ ကပ်ငြိခြင်းအနက်ကိုပင် "ဗန္ဓန္တိ"ဟု ဖွင့်သည်၊] လဂနဋ္ဌေနာတိ–ကား၊ သံဝရဏဋ္ဌေန–စောင့်စည်းခြင်းဟူသော အနက်ကြောင့်၊ ဝါ–တစ်နည်း၊ ဩလမ္ဗနဋ္ဌေန–တွဲရရွဲဆွဲသကဲ့သို့ ဖြစ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်၊ ("သင်္ဂေါ–သင်္ဂမည်၏"၌စပ်၊) [စောင့်စည်းခြင်း၊ တွဲရရွဲဆွဲခြင်းဟူသည် လွတ်ထွက်မသွားအောင် ငြိကပ်ထားခြင်းပင်တည်း။]

---

ဤသို့ အနက်ပေး၍ ဥပါဒါန်တရားတို့သည် အာရုံပြုသောအားဖြင့် ယူအပ် ကုန်သော (မဂ်ဖိုလ်မှတစ်ပါးသော) လောကီတရားတို့ကို ကောက်ယူပါ၊ [နိဗ္ဗာန်မှာ "အဇ္ဈတ္တံ"၌ လျှဉ်းပါးဖွယ် မရှိသောကြောင့် "အမဂ္ဂဖလာယေဝ"ဟု မဂ်,ဖိုလ်ကိုသာ ကြဉ်ထားသည်၊ နိဗ္ဗာန်ကိုလည်း မကောက်နိုင်ပါ၊] ဣတရေဟိဖြင့် ပါဠိတော်၌ လာသော "အဇ္ဈတ္တံ, ပစ္စတ္တံ, နိယကာ, ပါဋိပုဂ္ဂလိကာ"တို့ကို ပြသည်။

တဿ တဿေဝ ဘဝဿာတိ–ကား၊ ကာမဘဝါဒိသင်္ခါတဿ–ကာမဘဝ အစရှိသည်ဟု ဆိုအပ်သော၊ [ကာမဘဝ, ရူပဘဝစသော ဘဝကြီးကိုးပါးကို ဆိုသည်။] ဝိပါကကဋတ္တာရူပဿ–ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်၏၊ အဘိ နိဗ္ဗတ္တိအတ္ထံ–ဖြစ်ခြင်းအကျိုးငှာ၊ ပဋိသန္ဓိယာ–၏၊ ပစ္စယဘာဝဝသေန– အကြောင်း၏အဖြစ်၏အစွမ်းဖြင့်၊ ပရိကမုတိ–ဆွဲငင်တတ်၏။

အဿ–ထို သတ္တဝါ၏၊ စိတ္တံ–စိတ်သည်၊ ဘဝန္တရေ–ဘဝတစ်ပါး၌၊ ဝိဓာဝတိ–ပြေးသွား၏၊ နိဗ္ဗတ္တတိ–ဖြစ်၏၊ [ပြေးသွား၏ဟူသည် ဖြစ်ခြင်းပင် တည်း–ဟူလို။] တဏှာဝိပ္ဖန္ဒိတနိဒ္ဒေသော–တဏှာ၏ အထူးထူးအပြားပြား တုန်လှုပ်ခြင်း, အာရုံတို့၌ စွဲမြဲသက်ဝင်ခြင်းသည်၊ အဋ္ဌသတဘာဝေန–တရာ့ရှစ် ပါးသော တဏှာဝိစရိုက် အစရှိသည်တို့၏အဖြစ်ဖြင့်၊ [အာဒိဖြင့် တဏှာ သေနာစသည်ကို ယူ။] တဏှာပဝတ္တိယေဝ–တဏှာ၏ဖြစ်ခြင်းပင်တည်း၊ သရိတာနီတိ–ကား၊ ရာဂဝသေန–ရာဂ၏အစွမ်းဖြင့်၊ အလ္လာနိ–စိုစွတ်ကုန် သော၊ တံသမ္ပယုတ္တပီတိဝသေန–ထို ရာဂနှင့်ယှဉ်သော ပီတိ၏အစွမ်းဖြင့်၊ သိနိဒ္ဓါနိ – ညက်ညောကုန်သော၊ သိနေဟိတာနိ – စေးကပ်ကုန်သော၊ (သောမနဿာနိ၌စပ်၊) ဝိသတာတိ–ကား၊ ဝိတ္ထတာ–ပြန့်ကျယ်၏၊ ရူပါဒိသု– ရုပ် အစရှိကုန်သော၊ တေဘူမကဓမ္မေသု–တေဘူမကတရားတို့၌၊ ဗျာပန ဝသေန–ပျံ့နှံ့ခြင်း၏အစွမ်းဖြင့်၊ ဝိသဋ္ဌာ–ပျံ့နှံ့၏၊ ပုရိမဝစနမေဝ–ရှေ့ဖြစ်သော ဝိသတာဟူသော စကားကိုပင်၊ တကာရဿ–တ အက္ခရာ၏၊ ဋကာရံ–ဋ အက္ခရာကို၊ ကတွာ ဝုတ္တံ၊ ဝိသာလာတိ – ကား၊ ဝိပုလာ – ပြန့်ပြော၏၊ ဝိသက္ကတီတိ–ကား၊ ပရိသပ္ပတိ–အာရုံတို့၌ ထက်ဝန်းကျင် သွားတတ်၏၊ ဝါ–အဋ္ဌကထာနည်းမှ တစ်နည်းကား၊ သဟတိ–သည်းခံတတ်၏၊ [ဓာတူနံ အနေကတ္ထတာအရ ဝိသက္ကတိကို သဟတိဟု ဖွင့်၏။] ဟိ–မှန်၊ ရတ္တော– ရာဂဖြင့် တပ်မက်သူသည်၊ ဝါ–ကို၊ ရာဂဝတ္ထုနှာ–ရာဂ၏တည်ရာဝတ္ထုသည်၊ (ယောက်ျား, မိန်းမသည်၊) ပါဒေန–ခြေဖြင့်၊ တာလိယမာနောပိ–ပုတ်ခတ်အပ် ပါသော်လည်း၊ သဟတိ–သည်းခံနေ၏၊ ဝါ–တစ်နည်း၊ ဩသက္ကနံ–ဆုတ်နစ် ခြင်းသည်၊ ဝိပ္ဖန္ဒနံ–တုန်လှုပ်ခြင်းသည်၊ ဝိသက္ကနံ–မည်၏၊ က္ကတိ–သို့၊ ဝဒန္တိ၊ အနိစ္စာဒိ–အနိစ္စ အစရှိသော ခန္ဓာငါးပါးကို၊ နိစ္စာဒိတော–နိစ္စ အစရှိသော အားဖြင့်၊ ဂဏှန္တီ–ယူလျက်၊ ဝိသံဝါဒိကာ–ချွတ်ယွင်းစေတတ်သည်၊ ဟောတိ။

ဝိသံဟရတီတိ– ကား၊ တထာ တထာ– ထိုထို အခြင်းအရာအားဖြင့်၊ ကာမေသု–ဝတ္ထုအာရုံ ကာမဂုဏ်တို့၌၊ အာနိသံသံ–အကျိုးကို၊ ပဿန္တီ– ရှုမြင်သည်၊(ဟုတွာ)၊ ဝိဝိဓေဟိ–အထူးထူးအပြားပြားကုန်သော၊ အာကာရေဟိ– တို့ဖြင့်၊ နေက္ခမ္မာဘိမုခပ္ပဝတ္တိတော–နေက္ခမ္မသို့ ရှေးရှုဖြစ်ခြင်းမှ၊ စိတ္တံ–စိတ်ကို၊ သံဟရတိ–ရုပ်သိမ်းထားတတ်၏၊ သင်္ခိပတိ–ချုံးတတ်၏၊[သံပုဗ္ဗ ဟရဓာတ်၏

သံခိပနအနက်ကိုလည်း ထောမနိစိဍ္ဍ ပြ၏။] ဝါ–တစ်နည်း၊ ဝိသံ–ဝိသ ဟူသည်၊ ဒုက္ခံ–ဒုက္ခတည်း၊ တံ–ထိုဒုက္ခကို၊ ဟရတိ ဝဟတိ–ဆောင်ရွက်တတ်၏၊ ဣတိ အတ္ထော၊ ဒုက္ခနိဗ္ဗတ္တကဿ–ဒုက္ခကို ဖြစ်စေတတ်သော၊ ကမ္မဿ–ကံ၏၊ ဟေတုဘာဝတော–အကြောင်း၏အဖြစ်ကြောင့်၊ ဝိသမူလာ–မည်၏၊ ဝါ–တစ်နည်း၊ ဧတိဿာ–ဤတဏှာ၏၊ ဝိသံ ဒုက္ခဝေဒနာ–ဒုက္ခ ဝေဒနာ ဟူသော၊ မူလံ–အကြောင်းရင်းသည်၊ (အတ္ထိ)၊ ဣတိ, ဝိသမူလာ–မည်၏။

ဒုက္ခသမုဒယတ္တာ–ကြွင်းသောအကြောင်းနှင့် ပေါင်းမိလတ်သော် ဒုက္ခ၏ ဖြစ်ကြောင်း၏အဖြစ်ကြောင့်၊ ဧတိဿာ–ဤတဏှာ၏၊ ဝိသံ–ဒုက္ခဟူသော၊ ဖလံ–အကျိုးသည်(အတ္ထိ)၊ ဣတိ,ဝိသဖလာ–မည်၏၊ တဏှာယ–တဏှာဖြင့်၊ ရူပါဒိကဿ–ရူပါရုံအစရှိသော၊ ဒုက္ခဿဝ–ဒုက္ခကိုသာ၊ ပရိဘောဂေါ–သုံးဆောင်နိုင်ခြင်းသည်၊ ဟောတိ–၏၊ အမတဿ–အမြိုက်နိဗ္ဗာန်ကို၊ (ပရိဘောဂေါ) န (ဟောတိ)၊ ဣတိ–ကြောင့်၊ သာ–ထိုတဏှာကို၊ ဝိသပရိဘောဂါတိ–ဟူ၍၊ ဝုတ္တာ၊ သဗ္ဗတ္ထ–အလုံးစုံသောပုဒ်တို့၌၊ နိရုတ္တိဝသေန–ဖြင့်၊ ပဒသိဒ္ဓိ–ကို၊ ဝေဒိတဗ္ဗာ၊ ပန–ဆက်၊ ဧတ္ထ–ဤအနက်တို့တွင်၊ ယော အတ္ထော–အကြင်အနက်သည်၊ ပဓာနော–ပဓာနတည်း၊ တံ–ထိုပဓာနဖြစ်သော အနက်ကို၊ ဒဿေတုံ ပုန, ဝိသတာဝါ ပနာတိအာဒိ–ကို၊ (သင်္ဂဟကာရေန)ဝုတ္တံ။

ဣတ္ထဘာဝညထာဘာဝန္တိ–ကား၊ မနုဿ၊ပေ၊ဘူတံ–လူ၏အဖြစ်, နတ်အစ ရှိသည်တို့၏အဖြစ်ဖြစ်၍ဖြစ်သော၊ (သံသာရံ နာတိ ဝတ္တတိဗ္ဗ စပ်။)

ပဏိဓာနကဝသေနာတိ–ကား၊ စိတ္တဿ–ကို၊ ရူပါဒီသု–ရူပါရုံအစရှိသည် တို့၌၊ ထပနကဝသေန–ထားခြင်း၏အစွမ်းဖြင့်၊ (ပဏိဓိ–မည်၏"၌စပ်။)

အညောပိ–တဏှာဆွေမျိုးမှအခြားလည်းဖြစ်သော၊ ဗန္ဓု–သက်ရှိဆွေမျိုးသည်၊ တဏှာယဧဝ–တဏှာကြောင့်သာ၊ ဟောတိ၊ ပန–ဆက်၊ သော–ထိုသက်ရှိ ဆွေမျိုးသည်၊ အဗန္ဓုပိ–ဆွေမျိုးမဟုတ်သည်လည်း၊ ဟောတိ–ဖြစ်တတ်သေး၏၊

---

**မနုဿဘာဝဒေဝဘာဝါဒိဘူတံ။** ။"ဘူတံ" ဟု ထည့်၍ ဖွင့်သောကြောင့် ဣတ္ထဘာဝဒေဝဘာဝါဒိနှင့် သံသရာကို အရတူဟုသိစေသည်၊ စတုက္ကင်္ဂုတ္တရ, တဏှာ ယောဂဝဂ်, ၉ သုတ်၏ အဋ္ဌကထာ၌ကား "ဣတ္ထံဘာဝေါ နာမ အယံ အတ္တဘာဝေါ၊ အညထာဘာဝေါနာမ အနာဂတတ္တဘာဝေါ"စသည်ဖြင့် အတ္တဘောကိုအရကောက်၏၊ ထိုဋီကာ၌ ထိုနှစ်ပုဒ်ကို ဒွန်တွဲ၍ "သော တေသ အတ္ထီတိ ဣတ္ထဘာဝညထာဘာဝေါ (သံသာရော)"ဟု ဗဟုဗ္ဗီဟိသမာသ်ပြုသည်၊ "ဣတ္ထဘာဝညထာဘာဝံ–ဤသို့ပြားသော ခန္ဓာငါးပါး၏ ဖြစ်ကြောင်းဖြစ်ရာ ဤ ပစ္စုပ္ပန်အတ္တဘော, အခြားသော အပြား၏ ဖြစ်ကြောင်းဖြစ်ရာ အနာဂတ်အတ္တဘောရှိသော၊ သံသာရံ–ခန္ဓာ ဓာတ် အာယတန တို့၏ အဆက်မပြတ်ဖြစ်ခြင်းဟူသော သံသရာကို၊ နာတိဝတ္တတိ–မလွန်မြောက်နိုင်"ဟု အနက်ပေးပါ။

တဏှာပန်–တဏှာသည်ကား၊ နိစ္စသန္နိဿိတာ–အမြဲမှီအပ်သောဆွေမျိုးတည်း၊ ဣတိ–ကြောင့်၊ ပါဠိယံဝတ္တော ဗန္ဓုတိ–ဟူ၍၊ (သင်္ဂဟကာရေန) ဝုတ္တာ။ အသနတောတိ–ကား၊ ဗျာပနတော–ပျံ့နှံ့တတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဘုဉ္ဇနတော စ–စားတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ("အာသာ–အာသာမည်၏"ဌ်စပ်၊) အဇ္ဈောတ္ထရဏတောတိအာဒိနာ–ပါဌ်ဖြင့်၊ တဒုဘယံ–ထို နှစ်ပါးစုံသောအနက်ကို၊ ဒဿေတိ၊ အာသိသနဝသေနာတိ–ကား၊ ဣစ္ဆနဝသေန–လိုချင်ခြင်း .တောင့်တခြင်း၏အစွမ်းဖြင့်၊ ("အာသိသနာ–အာသိသနာနည်၏"ဌ်စပ်)။

စိတ္တံ ပရိယုဋ္ဌာတီတိ–ကား၊ စိတ္တံ–ကုသိုလ်စိတ်ကို၊ မူသတိ–လုယက်တတ်၏၊(မူသဓာတ်သည် ခိုးယူတိုက်ခိုက်ခြင်းအနက်ကို ဟော၏၊) မာရပါသောတိ–ကား၊ မာရေန–မာရ်နတ်သည်၊ ဂဟိတတာယ–ယူအပ်သည်၏အဖြစ်ကြောင့်၊ ရာဂေါ–ရာဂသည်၊ မာရပါသော–မည်၏၊ [မာရ်နတ်၏ကျော့ကွင်းမည်၏။]

**၁၀၆၆**။ သခ်ါရေသု၊ပေ၊ ဓေနေ–ဤပါဌ်ဖြင့်၊ သတ္တေသု–သတ္တဝါတို့၌၊ ဥပ္ပန္နော–ဖြစ်သော၊ အဋ္ဌာနကောပေါ–အဋ္ဌာနကောပသည်၊ (အာဃာတကိုပင် "ကောပ"ဟု ဆိုသည်၊) (ကမ္မပထဘေဒံ–ကမ္မပထ အထူးအပြားကို၊) ကရောတိ–ပြုနိုင်၏၊ ဣတိ–သို့၊ ဝိညာယတိ၊ [သတ္တဝါတို့အပေါ်၌ အဋ္ဌာန ကောပဖြစ်ပုံကို ပြလို၍ "အတ္ထံ မေ နာစရိ"စသည်ကို တက်သည်၊] ဟိ–မှန်၊ (အယံ–ဤအကောင်သည်၊) မေ–ငါ၏၊ အတ္ထံ–ကြီးပွားကြောင်းကို၊ နာစရိ–ရှေးကလည်း မပြုကျင့်ခဲ့၊ န စရတိ–ယခုလည်း မပြုကျင့်၊ န စရိဿတိ–နောက်၌လည်း မပြုကျင့်လတ္တံ့၊ (အယံ–သည်၊) မေ–၏၊ ပိယဿ–ချစ်အပ်သော၊ မနာပဿ–မြတ်နိုးအပ်သူ၏၊ ပေ၊ အနတ္ထံ–ကြီးပွားခြင်း၏ ဆန့်ကျင်ဘက်ကို၊ ပေ၊ ဣတိ–သို့၊ ဥပ္ပဇ္ဇမာနောပိ–ဖြစ်သည်လည်းဖြစ်သော၊ ကောပေါ–ကောပသည်၊ အဝတ္ထုသ္မိံ–ကောပ၏ အကြောင်းမဟုတ်သော အရာ၌၊ ဥပ္ပန္နတ္တာ–ဖြစ်သည်၏အဖြစ်ကြောင့်၊ အဋ္ဌာနကောပေါဧဝ–သည်ပင်၊ ဘဝိတုံ–ငှာ၊ ယုတ္တော–သင့်၏။

အာဃာတေန္တောတိ–ကား၊ ဟနန္တော–ညှင်းဆဲလျက်၊ ပုန၊ပေ၊ပဋိသေဓိ တောတိ–ဟူသော စကားကို၊ ဒေါသပဒဿ–ဒေါသပုဒ်၏လည်းကောင်း၊ ပဋိဝိရောဓပဒဿစ–ပဋိဝိရောဓပုဒ်၏လည်းကောင်း၊ ဒွိက္ခတ္တုံ–နှစ်ကြိမ်၊ အာဂတတ္တာ–ကြောင့်၊ (သင်္ဂဟကာရေန) ဝုတ္တံ၊ ("ပုန"သဒ္ဒါဖြင့် ဆိုအပ်ပြီ၊) ဝါ–အဋ္ဌကထာနည်းမှ တစ်နည်းကား၊ ပဋိဃဿ–ပဋိဃကို၊ ဝိသေသနတ္ထံ–အထူးပြုခြင်း အကျိုးငှာ၊ ပုဗ္ဗေ–ရှေ့၌၊ [ဤနိက္ခေပကဏ္ဍ၌ပင် ပြအပ်သော ရှေ့စကား၌၊] ပဋိဝိရောဓောတိ–ဟူ၍လည်းကောင်း၊ ပဒေါသာတိဝိသေသနတ္တံ–ပဒေါသ အစရှိသည်ကို အထူးပြုခြင်းအကျိုးငှာ၊ ဒေါသောတိစ–ဟူ၍လည်း

ကောင်း၊ ဝုတ္တံ၊ ဒုဿနာဒိဝိသေသနတ္ထံ–ဒုဿန အစရှိသည်ကို အထူးပြုခြင်း အကျိုးငှာ၊ ပစ္ဆာ–နောက်၌၊ [အကုသလနိဒ္ဒေသပါဠိကို ယူ၍ပြရာ နောက်ပိုင်း စကား၌၊] ဒေါ်သောတိ–ဟူ၍လည်းကောင်း၊ ဝိရောဓဝိသေသနတ္ထံ–ဝိရောဓကို အထူးပြုခြင်းအကျိုးငှာ၊ ပဋိဝိရောဓောတိစ–ဟူ၍လည်းကောင်း၊ ဝုတ္တံ၊ ဣတိ– ကြောင့်၊ ပုနရုတ္တိဒေါသော–ပုနရုတ္တိဒေါသသည်၊ နတ္ထိ။

**၁၀၉၁။** အနိဒ္ဒါရိတပရိစ္ဆေဒေ–မထုတ်ဆောင်အပ်သော အပိုင်းအခြားရှိသော၊ (မာတိကုဒ္ဒေသေ၌စပ်၊) ဓမ္မာနံ–ပရမတ္ထတရားတို့၏၊ အတ္ထိတာမတ္တ ဒီပကေ–ရှိကုန်သည်၏အဖြစ်မျှကို ပြတတ်သော၊ မာတိကုဒ္ဒေသေ–မာတိကာ ဥဒ္ဒေသ၌၊ (မာတိကာဥဒ္ဒေသတုန်းက၊) အပရိစ္ဆေဒေန–အပိုင်းအခြားမရှိသော၊ ဗဟုဝစနေန–ဗဟုဝုစ်သဒ္ဒါဖြင့်၊ (အရိစ္ဆေဒဗဟုဝုစ်ဖြင့်၊) ဥဒ္ဒေသော–ဥဒ္ဒေသကို၊ ကတော–ပြုတော်မူအပ်ပြီ၊ ဣတိ–ကြောင့်၊ (မာတိကာဥဒ္ဒေသ၌ ဗဟုဝုစ် သဒ္ဒါဖြင့် ဥဒ္ဒေသကို ပြုတော်မူအပ်ပြီး၏ အဖြစ်ကြောင့်၊) ကတမေ ဓမ္မာ အပစ္စယာတိ–ဟူ၍၊ဗဟုဝစနေနေဝ–ဗဟုဝုစ်သဒ္ဒါဖြင့်ပင်၊ပုစ္ဆတိ–မေးတော်မူ၏၊ ဟိ–မှန်၊ (တစ်နည်း) ဟိ(ယသ္မာ), သဘာဝသင်္ခါပရိစ္ဆေဒါဒိဝသေန–သဘာဝ အပိုင်းအခြား, အရေအတွက်အပိုင်းအခြား အစရှိသည်တို့၏အစွမ်းဖြင့်၊ ဓမ္မေ–

---

**အနိဒ္ဒါရိတ၊ပေ၊အပစ္စယာတိ**။ ။ဤစကားသည် အဋ္ဌကထာကိုဖွင့်သောစကား မဟုတ်၊ ပါဠိတော်ကို မိမိအလိုအတိုင်းဖွင့်သော စကားတည်း၊ ပါဠိတော်၌ နိဗ္ဗာန် တစ်ပါးတည်းကို အဘယ့်ကြောင့် မာတိကာဥဒ္ဒေသ၌ "အပစ္စယာဓမ္မာ"ဟုလည်း ကောင်း, ဤ၌ "ကတမေ ဓမ္မာ အပစ္စယာ"ဟုလည်းကောင်း ဗဟုဝုစ်ဖြင့် ဟောတော်မူ အပ်ပါသနည်းဟု မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေရာရောက်အောင် "အနိဒ္ဒါရိတ"စသည် ကို မိန့်သည်၊ ဤဝါကျ၌ "အနိဒ္ဒါရိတ၊ပေ၊ကတော"သည် မာတိကာဥဒ္ဒေသ၌ ဗဟုဝုစ်ဖြင့် ဟောတော်မူခဲ့ခြင်း၏ အကြောင်းပြစကားတည်း၊ ထိုသို့ ဗဟုဝုစ်ဖြင့် ဟောတော်မူခဲ့ခြင်းသည်ပင် ဤ၌ ဗဟုဝုစ်ဖြင့် ပုစ္ဆာထုတ်ရခြင်း၏ အကြောင်းဖြစ်သော ကြောင့် "ဣတိ၊ပေ၊ပုစ္ဆတိ၊ ကတမေ ဓမ္မာ အပစ္စယာတိ"ဟု ဆိုသည်။

**ဆိုလိုရင်းကား**–မာတိကာ၌ မည်သို့သော သဘာဝဓမ္မဟု သဘာဝကိုလည်း မပိုင်းခြားရသေး, မည်၍မည်မျှဟု အရေအတွက်ကိုလည်း မပိုင်းခြားရသေးဘဲ "ကုသလာ ဓမ္မာ–ကုသိုလ်တရားတို့ ရှိကုန်၏"ဟူသကဲ့သို့ "အပစ္စယာဓမ္မာ–အပစ္စယ တရားတို့ ရှိကုန်၏"ဟု သဘာဝဓမ္မတို့၏ ရှိရုံမျှကိုသာ ပြသေး၏၊ ထိုသို့ ရှိရုံမျှကို သာ ပြသောအရာဖြစ်၍ "ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ"ဟူသော ဒေသနာအယဉ် အတိုင်း "အပစ္စယာ ဓမ္မာ"ဟု ဗဟုဝုစ်ဖြင့် ပြုတော်မူခဲ့ရသည်၊ မာတိကာဥဒ္ဒေသ၌ ဗဟုဝုစ်ဖြင့် ဟောတော်မူခဲ့ခြင်းကြောင့် ဤ၌လည်း ဗဟုဝုစ်ဖြင့်ပင် ပုစ္ဆာထုတ်တော်မူ ရသည်–ဟူလို၊ ["ဒွေ, တယော"စသည်ဖြင့် အပိုင်းအခြား မရှိဘဲ "ဓမ္မာ"ဟု သာမညဆိုအပ်သော ဗဟုဝုစ်ကို "အပရိစ္ဆေဒေန ဗဟုဝစနေန"ဟု ဆိုသည်။]

**သဘာဝ၊ပေ၊ပဏ္ဍိတာစ**။ ။ရှေ့စကားကိုပင် ခိုင်မြဲစေသော ဒဠှီစကားတည်း၊ တရားဟောခြင်းဟူသည် ကြားနာသူတို့ သိဖို့ရန်ဖြစ်၏၊ အဘိဓမ္မာမာတိကာဥဒ္ဒေသကို

တရားတို့ကို၊ အဇာနန္တဿ–မသိသော သုဏန္တပုဂ္ဂိုလ်၏၊ ဝသေန–အစွမ်းဖြင့်၊ (ဝါ–အလိုဖြင့်၊) ဥဒ္ဒေသောစ–ဥဒ္ဒေသကိုလည်းကောင်း၊ ပုစ္ဆာစ–ပုစ္ဆာကိုလည်းကောင်း၊ ကရိယတိ–ပြုအပ်၏၊ဣတိတသ္မာ–ဤသို့သော အကြောင်းကြောင့်၊ ပရိစ္ဆေဒံ–အပိုင်းအခြားကို၊ အကတွာ–မပြုမူ၍၊ ဥဒ္ဒိဋ္ဌာစ–အကျဉ်းချုပ်လည်း ညွှန်ပြအပ်ကုန်ပြီ၊ (မာတိကာ၌ အကျဉ်းချုပ် ညွှန်ပြအပ် ကုန်ပြီ၊) ပုစ္ဆိတာစ–မေးလည်း မေးအပ်ကုန်ပြီ။ [နိဒ္ဒေသ၌ "ကတမေ ဓမ္မာ အပစ္စယာ"ဟု ပုစ္ဆာလည်း ထုတ်အပ်ကုန်ပြီ။]

["ဣမေတိ"ကို နောက် နိဂမနံ ကတံနှင့်တွဲပေးပါ။] အသင်္ခတဓာတုတော–သင်္ခတဓာတ်မှ၊ ဥဒ္ဓံ–အထက်ဖြစ်သော အပစ္စယတရားသည်၊ နတ္ထိ–မရှိတော့၊ ဣတိ–ဤအနက်ကို၊ ဒီပနတ္ထံ–ပြခြင်းအကျိုးငှာ၊ နိဒ္ဒေသတော–နိဒ္ဒေသမှ၊ ပုဗ္ဗေ–ရှေး၌၊ ဗောဓနေယျသ–ဗောဓနေယျသတ္တဝါ၏၊ (တရားကို သိစေထိုက်သော သတ္တဝါ၏၊) အဇာနနကာလံ–မသိသေးရာအခါကို၊ ဥပါဒါယ–စွဲ၍၊ ဧကမ္ပိ–တစ်ပါးလည်းဖြစ်သော၊ တံ–ထို အသင်္ခတတရားကို၊ နိဒ္ဒိသိတွာ–ထုတ်ပြတော်မူ၍၊ ("အသင်္ခတဓာတု"ဟု ထုတ်ပြတော်မူ၍၊) ဣမေဟိ–ဣမေဟူ၍၊ ("ဣမေ ဓမ္မာ အပစ္စယာ"ဟူ၍၊) ဗဟုဝစနေနေဝ–ဗဟုဝုစ်သဒ္ဒါဖြင့်သာ၊ နိဂမနံ–နိဂုံးကို၊ ကတံ–ပြုတော်မူအပ်ပြီ။

**၁၁၀၁**။ နိဗ္ဗုတ္တိ ကိံ ပန–မရှိကုန်သလော၊ တေန–ထိုသို့ မရှိခြင်းကြောင့်၊ န ဝုတ္တာ ကိံ–ဟောတော်မမူအပ်ကုန်သလော၊ ဣတိ–သို့၊ ယောဇနာ–ပုဒ်တို့ကို ယှဉ်စေခြင်းကို၊ ကာတဗ္ဗာ–၏၊ ဣဒမေဝ–ဤအာရုံကိုသာ၊ မနော ဝိညေယျံ–မနောဝိညာဏ်သည် သိထိုက်၏၊ ဣတိ–သို့၊ နိယမာဘာဝေါ–သတ်မှတ်အပ်သောတရား၏ မရှိခြင်းသည်၊ ဝဝတ္ထာနာဘာဝေါ–ဝဝတ္ထာနာ ဘာဝမည်၏၊ စက္ခုဝိညာဏာဒိဝိညေယျမေဝ–စက္ခုဝိညာဏ် အစရှိသော တရားတို့သည် သိထိုက်သော ရူပါရုံအစရှိသည်ကိုသာ၊ စက္ခာဒိဝိညေယျန္တိ–ဟူ၍၊ (စက္ခုဝိညေယျံ, သောတဝိညေယျံ, ဃာနဝိညေယျံ, ဇိဝှာဝိညေယျံ, ကာယဝိညေယျံဟူ၍၊) ပါဠိယံ–ပါဠိတော်၌၊ ဝုတ္တံ၊ ဣတိ–ကြောင့်၊ မနော

ကြားနာသူသည် "အပစ္စယတရား"ဟူသည် "မည်သည့်တရားတည်း"ဟု သဘာဝ အပိုင်းအခြားကိုလည်းကောင်း, သင်္ခါ(သင်္ချာ)အပိုင်းအခြားကိုလည်းကောင်း အာဒိဖြင့် မည်သည့်ဘုံ၌ဖြစ်သောတရား, အကြောင်းတရား သို့မဟုတ် အကျိုးတရားဟူသော အပိုင်းအခြားကို ယူပါ၊ ဤသို့ အပိုင်းအခြားများကို မသိသေးပါ၊ ထို မသိသေးသူများ အတွက် မာတိကာဥဒ္ဒေသကိုလည်းကောင်း, ဤ နိက္ခေပကဏ္ဍ၌ ပုစ္ဆာကိုလည်းကောင်း ပြုရသောကြောင့် မာတိကာ–ဥဒ္ဒေသ၌ အပိုင်းအခြား မထားဘဲ "ကုသလာ ဓမ္မာ" စသော ဗဟုဝုစ်ဒေသနာအယဉ်အတိုင်း "အပစ္စယာ ဓမ္မာ"ဟု အကျဉ်းမာတိကာကို ပြခဲ့ရ၏၊ ထို မာတိကာအတိုင်းပင် ဤ နိက္ခေပ၌လည်း ပုစ္ဆာကို ထုတ်ရပါသည်။

ဝိညာဏဝိညေယျေနာပိ–မနောဝိညာဏ်သည် သိထိုက်သောတရားသည်လည်း၊ မနောဝိညေယျေန–မနောဝိညေယျသည်၊ ဘဝိတဗ္ဗံ–ဖြစ်ထိုက်၏၊ ဣတိ ကတွာ–ဤသို့ နှလုံးပိုက်၍၊ အဋ္ဌကထာယ–၌၊ ကိံ၊ပေ၊ အာဒိ–ကို၊ (သင်္ဂဟ ကာရေန) ဝုတ္တံ၊ ကေဟိစိ၊ ပေ၊ ဣဒံ–ဤစကားကို၊ ကာမာဝစရံ–သော၊ မနောဝိညာဏံ–မနောဝိညာဏ်ကို၊ အာရမဏာဒိဝသေန–အာရုံအစရှိသည် တို့၏အစွမ်းဖြင့်၊ (အာဒိဖြင့် သမ္ပယောဂ,ဒွါရဝတ္ထုတို့ကို ယူ၊) ဘိန္ဒိတွာ–ခွဲခြား၍၊ ယောဇေတဗ္ဗံ၊ ဟိ–ချဲ့၊ ရူပါဝစရာဒိအာရမဏေန–ရူပါဝစရအစရှိသော အာရုံ ရှိကုန်သော၊ ကာမာဝစရမနောဝိညာဏေန–ကာမာဝစရမနောဝိညာဏ်သည် လည်းကောင်း၊ ရူပရာဂါဒိသမ္ပယုတ္တေန–ရူပရာဂအစရှိသည်တို့နှင့် သမ္ပယုတ် ဖြစ်သော၊ (ကာမာဝစရမနောဝိညာဏေန)စ–သည်လည်းကောင်း၊ ကာမာဝစရ ဓမ္မာ–ကာမာဝစရတရားတို့ကို၊ န ဝိညေယျာ–မသိထိုက်ကုန်၊ ဣတရေနစ– ရူပါဝစရာဒိအာရာမဏေ, ရူပရာဂါဒိသမ္ပယုတ္တကာမာဝစရမနောဝိညာဏ်မှ တစ်ပါးသော ပရိတ္တာရမဏဖြစ်သော ကာမာဝစရမနောဝိညာဏ်သည်ကား၊ (ကာမာဝစရဓမ္မာ–တို့ကို၊) ဝိညေယျာ–န်၏။

ဝေံ– တူ၊ ကာမာဝစရာနမေဝ– ကာမာဝစရသာလျှင် ဖြစ်ကုန်သော၊ အာရမဏာနံ–အာရုံတို့တွင်၊ ကေသဉ္စိ–အချို့ကုန်သော၊ သဒ္ဒါဒီနံ–သဒ္ဒါရုံ အစရှိသည်တို့၏၊ ရူပါရမဏာဒိဟိ–ရူပါရုံလျှင် အာရုံရှိသော မနောဝိညာဏ် အစရှိသည်တို့သည်၊ အဝိညေယျတာ–မသိထိုက်ကုန်သည်၏အဖြစ်ကိုလည်း ကောင်း၊ ဝိညေယျတာစ–ကိုလည်းကောင်း၊ ယောဇေတဗ္ဗာ–၏၊ တထာ– တူ၊ ဒွါရဘေဒဝသေန–ဒွါရအပြား၏ အစွမ်းဖြင့်၊ (ယောဇေတဗ္ဗာ–၏၊) [ဒွါရဘေဒဝသေန စက္ခုဒွါရိကေန သဒ္ဒါဒီနံ အဝိညေယျတာ, ရူပဿ ဝိညေယျတာဒိအာဒိနာ ဒွါရဘေဒဝသေန ယောဇေတဗ္ဗံ။–အနု။]

အထဝါ–ကား၊ သောမနဿသဟဂတသန္တီရဏံ–သောမနဿသဟဂုတ် သန္တီရဏဟူသော မနောဝိညာဏ်သည်၊ ဣဋ္ဌာရမဏမေဝ–ဣဋ္ဌာရုံဟူသော အာရုံ

---

**ရူပါဝစရ၊ပေ၊ဝိညေယျာ**။ ။ကာမာဝစရကုသလကြိယဝိညာဏေန မဟဂ္ဂတ ဓမ္မာနံ သမ္မသနဝသေန ယထာယောဂံ မဟဂ္ဂတပ္ပမာဏဓမ္မာနံ ပစ္စဝေက္ခဏာဒိဝသေန, ရူပရာဂါရူပရာဂသမ္ပယုတ္တေန အကုသလမနောဝိညာဏေန မဟဂ္ဂတဓမ္မာနံ အဘိနိဝိသ န အဿာဒနဝသေန, တံတံ ပညတ္တိံ စ တံတံဝေါဟာရဝသေန ပဝတ္တေန အာဝဇ္ဇနေနစ ယထာဝုတ္တ ဝိညာဏာနံ ပုရေစာရိကေန (အာဝဇ္ဇနေန၏ ဝိသေသန) ကာမာဝစရဓမ္မာ န ဝိညေယျာ၊ ဣတရေနာတိ–ပရိတ္တာရမဏေန၊–အနု။

**အထဝါ**။ ။အထဝါတက်သော ဤနည်းကား အဋ္ဌကထာနည်းမဟုတ်, ဋီကာ ဆရာ၏နည်းတည်း၊ ဤနည်း၌ သမ္ပဋိစ္ဆိုင်းကို မပြဘဲ သန္တီရဏကို ပြသည်မှာ သမ္ပဋိစ္ဆိုင်းက မာနောဝိညာဓာတ် မဟုတ်သောကြောင့်တည်း၊ "သဗ္ဗတ္ထ"ဟု ဆိုသော ကြောင့် "စိတ်အားလုံးကို အာရုံခွဲ၍ ရသမျှ ယှဉ်စပ်ပါလေ"ဟု ပြသည်။

ရှိသည်သာ၊ ဣတိ–ကြောင့်၊ ဣတရံ–အခြားသော ဣဋ္ဌမဇ္ဈတ္တစသော အာရုံကို၊ [ဣတရန္တိ–ဣဋ္ဌမဇ္ဈတ္တံ အနိဋ္ဌအနိဋ္ဌမဇ္ဈတ္တဉ္စ–အနု၊] တေန–ထို သောမနဿ သဟဂုတ် သန္တီရဏသည်၊ န ဝိညေယျံ–မသိထိုက်၊ ဥပေက္ခာသဟဂတေ– ဥပေက္ခာသဟဂုတ်ဖြစ်သော၊ ကုသလဝိပါကေ စ–ကုသလဝိပါက်လည်းဖြစ် သော သန္တီရဏ၌လည်း၊ ဇဝံ–ဤအတူတည်း၊ ဣတိ–သို့၊ သဗ္ဗတ္ထ–အလုံးစုံ သော မနောဝိညာဏ်တို့၌၊ ယထာယောဂံ–စွာ၊ ယောဇေတဗ္ဗံ။

ရူပါဝစရာဒယော–ရူပါဝစရ်အစရှိသော အာရုံတို့ကို၊ ကာမာဝစရဝိပါကာ ဒီဟိ–ကာမာဝစရဝိပါက် အစရှိသော တရားတို့သည်၊ အဝိညေယျာ–မသိ ထိုက်ကုန်။

ကေစိဒေဝ–အချို့သော အရူပါဝစရတရားတို့ကိုသာ၊ အရူပါဝစရေဟိ– အရူပါဝစရတရားတို့သည်၊ ဝိညေယျာ–ကုန်၏၊ ဣတိ–သို့၊ ယောဇေတဗ္ဗံ– ၏၊ (ကသ္မာ)၊ အနုဝတ္တမာနတ္တာ–အစဉ်လိုက်လာသည်၏အဖြစ်ကြောင့်တည်း။

နိဗ္ဗာနေန အဝိညေယျတ္တာတိ–ဟူသောစကားကို၊ ကေဟိစိ အဝိညေယျာတိ ဣမဿ ပဒဿ–ဤပုဒ်၏၊ အတ္ထသမ္ဘဝမတ္တံ–အနက်၏ ဖြစ်သင့်ခြင်းမျှကို၊

---

**႕ရူပါဝစရ၊ပေ၊ဝိပါကာဒီဟိ**။ ။ရူပါဝစရာရူပါဝစရလောကုတ္တရပညတ္တိယော (ရူပါဝစရာဒယော၏အဖွင့်)ကာမာဝစရဝိပါကေဟိ, လောကုတ္တရာ(လောကုတ္တရာအာရုံ တို့ကို) ကာမာဝစရတော–တို့မှ၊ (ဝါ–တို့တွင်) ဉာဏဝိပ္ပယုတ္တကုသလကြိယေဟိ (တို့သည်လည်းကောင်း) အကုသလေဟိစ(တို့သည်လည်းကောင်း) အဝိညေယျာတိ ယောဇေတဗ္ဗံ၊–အနု။

**အနုဝတ္တမာနတ္တာ**။ ။"တေပိစ ကေစိဒေဝ ဝိညေယျာ၊ ကေစိ အဝိညေယျာ" ဟူသော ဝါကျ၌ ကတ္တားပုဒ် မပါ၊ ထို ကတ္တားပုဒ်ကို ရှေ့မှ လိုက်လာသော "အရူပါဝစရေဟိ"သဒ္ဒါ ရှိသောကြောင့် ထို အရူပါဝစရေဟိ"သဒ္ဒါကို ကတ္တားအဖြစ် ဖြင့် ထည့်၍ အနက်ယောဇနာပါ–ဟူလို။

**နိဗ္ဗာနေန၊ပေ၊ဘာဝတော**။ ။ရှေ့၌"မနောဝိညာဏန္တိဟိ သင်္ချံ ဂတေဟိ"ဟူသော အဋ္ဌကထာဝယ် မနောဝိညာဏပုဒ်သည် "ကာမာဝစရဓမ္မေဟိ, ရူပါဝစရေဟိပိ, အရူပါဝစရေဟိ, အပရိယာပန္နေဟိ"တိုင်အောင် လိုက်လာ၏၊ နိဗ္ဗာနေန အဝိညေယျတ္တာ ၌ "နိဗ္ဗာနေန"ဟူသောကတ္တားသို့လည်း ထိုမနောဝိညာဏပုဒ် လိုက်လာ၍ "နိဗ္ဗာနေန ကို ကတ္တားအဖြစ်ဖြင့် ဆိုအပ်ပါသလော"ဟု မေးဖွယ်ရှိ၍ "နိဗ္ဗာနေန အဝိညေယျတ္တာ တိ"စသည်ကို မိန့်သည်၊ "အဝိညေယျ"အရ "နိဗ္ဗာန်သည် မသိနိုင်"ဟူသောအနက်၏ ဖြစ်သင့်ခြင်းမျှကို ရည်ရွယ်၍ ဆိုပါသည်၊ (နိဗ္ဗာနေနတိုင်အောင် မနောဝိညာဏပုဒ်က လိုက်လာသောကြောင့် ဆိုအပ်သည်မဟုတ်ပါ၊) နိဗ္ဗာန်သည် မနောဝိညာဏ် မဖြစ်နိုင် ပါ–ဟူလို၊ နိဗ္ဗာန်ကို မသိခြင်းသဘောကို(သိတတ်သောတရား မဟုတ်ခြင်းသဘောကို) "အတ္ထသမ္ဘဝ"ဟုဆိုသည်၊ ထို့ကြောင့် အဝိညေယျ၏ကတ္တားကို"နိဗ္ဗာနေန"ဟု ထည့် ထားသည်ဟု မှတ်ပါ။ [နိဗ္ဗာနဿ အဝိဇာနနသဘာဝေါ ဝေ အတ္ထသမ္ဘဝေါ–အနု။]

သန္တာယ(သင်္ဂဟကာရေန)ဝုတ္တံ၊ နိဗ္ဗာနသ္သ–၏၊ အန႑ပေ၊ဘာဝတော–အစဉ် လိုက်လာသော မနောဝိညာဏ်၏အဖြစ်ကြောင့်၊ န(ဝုတ္တံ)–ဆိုအပ်သည်မဟုတ်။

**၁၁၀၂။** ပဉ္စကာမဂုဏိကောရာဂေါတိ–ဟူသော စကားကို၊ ဥက္ကဋ္ဌဝသေန– ဥက္ကဋ္ဌနည်း၏အစွမ်းဖြင့်၊ ဝုတ္တံ၊ ဘဝါသဝံ–ဘဝါသဝကို၊ ထပေတွာ–၍၊ သဗ္ဗော–သော၊ လောဘော–သည်၊ ကာမာသဝေါ–ကာမာသဝတည်း၊ ဣတိ– သို့၊ (ဝတ္တုံ) ယုတ္တံ–သင့်သည်၊ သိယာ၊ သဿတဒိဋ္ဌိသဟဂတော–သဿတ ဒိဋ္ဌိနှင့် တကွဖြစ်သော၊ ရာဂေါ–ရာဂကို၊ ဘဝဒိဋ္ဌိသမ္ပယုတ္တတ္တာ–ဘဝဒိဋ္ဌိနှင့် ယှဉ်သည်၏အဖြစ်ကြောင့်၊ ဘဝါသဝေါတိ–ဟူ၍၊ အဋ္ဌကထာယံ–၌၊ ဝုတ္တော၊ ပန–ထိုသို့ပင် ဆိုအပ်ပါသော်လည်း၊ ဘဝါသဝေါ–ကို၊ ဒိဋ္ဌိဂတဝိပ္ပယုတ္တေသု ဧဝ–တို့၌သာ၊ ဥပ္ပဇ္ဇတိ၊ ဣတိ–သို့၊ ပါဠိယံ–အဋ္ဌကထာကဏ္ဍပါဠိတော်၌၊ ဝုတ္တော–ဟောတော်မူအပ်ပြီ၊ သောပိ ရာဂေါ–ထို သဿတဒိဋ္ဌိနှင့်တကွဖြစ် သော ရာဂသည်လည်း၊ ကာမာသဝေါ–သည်၊ ဘဝိတုံ–ငှာ၊ ယုတ္တော–သင့်၏၊ [အဋ္ဌကထာက ဘဝါသဝ၌ သွင်းထားသော်လည်း ကာမာသဝ၌ သွင်းခြင်းသာ သင့်သည်–ဟူလို။]

ဒိဋ္ဌ ၊ပေ၊ ဒုက္ခာနံ–မျက်မှောက်ဘဝ၌ ဖြစ်သော ဆင်းရဲ, တမလွန်ဘဝ၌ ဖြစ်သော ဆင်းရဲတို့၏၊ ကာရဏဘူတာ–အကြောင်းဖြစ်၍ ဖြစ်ကုန်သော၊ ကာမာသဝါဒယောပိ–တို့ကိုလည်း၊ ဒွိဓာ–အားဖြင့်၊ ဝုတ္တာ။

**၁၁၀၃။** စ–ဆက်၊ ကာမာသဝနိဒ္ဒေသေ–၌၊ ကာမေသူတိ–ကား၊ ကာမ၊ပေ၊ ဘူတေသု–ကာမရာဂ, ဒိဋ္ဌိရာဂ အစရှိသည်တို့၏ အာရုံဖြစ်၍ဖြစ်ကုန်သော၊ တေဘူမကေသု–ဘုံသုံးပါး၌ ဖြစ်ကုန်သော၊ ဝတ္ထုကာမေသု–ဝတ္ထုအာရုံ ကာမဂုဏ်တို့၌၊ ဣတိ အတ္ထော–သည်၊ သမ္ဘဝတိ–ဖြစ်သင့်၏၊ ["ကာမေသူတိ ပဉ္စသု ကာမဂုဏေသု"ဟု ဖွင့်သော အဋ္ဌကထာထက် ဤအနက်က သာ၍ သင့်သည်–ဟူလို။] ဟိ–မှန်၊ (တစ်နည်း) ဟိ(ယသ္မာ), တတ္ထ–ထို တေဘူမက ဝတ္ထုကာမတို့၌၊ ဥပ္ပန္နမာနာ–ဖြစ်လတ်သော်၊ ဝါ–သော၊ သာတဏှာ–သည်၊ သဗ္ဗာပိ–အလုံးစုံသည်လည်း၊ ကာမစ္ဆန္ဒာဒိနာမံ–ကာမစ္ဆန္ဒ အစရှိသော အမည် ကို၊ န လဘတိ–မရသည်ကား၊ န–မဟုတ်၊ (လဘတိဧဝ)၊ ဣတိ–ကြောင့်၊ (ဣတိ အတ္ထော သမ္ဘဝတိ။)

ကတ္တုကမျတာဆန္ဒော–ကတ္တုကမျတာဆန္ဒသည်၊ အကုသလေပိ–၌လည်း၊ ဥပ္ပဇ္ဇတိ၊ [ဆန္ဒစေတသိက်ဖြစ်၍ အကုသိုလ်စိတ်၌လည်း ယှဉ်သည်–ဟူလို၊] ပန–ကား၊ ဓမ္မစ္ဆန္ဒော–ဓမ္မစ္ဆန္ဒသည်၊ (အကုသလေ–၌၊) န (ဥပ္ပဇ္ဇတိ)၊ [ဓမ္မစ္ဆန္ဒော ပန ကုသလကြိယေသု ဥပ္ပဇ္ဇတိ၊–မဓု။]

**၁၁၀၅။** အညံ ဓိဝတ္တိ–ဟူ၍၊ ဂဟဏံ–ယူခြင်းသည်၊ ဥပါဒါနက္ခန္ဓေသွေဝ– ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌သာ၊ ယဒိပိ ပဝတ္တတိ–အကယ်၍မူလည်း ဖြစ်စေဦး

တော့၊ [ပိဖြင့် ခန္ဓာငါးပါး၌ မဖြစ်သည်ကို ဆည်းသည်၊] ပန–ထိုသို့ပင် ဖြစ်ပါသော်လည်း၊ ရူပေဝါ–ရူပက္ခန္ဓာ၌သော်လည်းကောင်း၊ပေ၊ ဝိညာဏေဝါ–၌လည်းကောင်း၊ န ပတိဋ္ဌာတိ–စွဲမြဲစွာ မတည်၊ တတော–ထိုဥပါဒါနက္ခန္ဓာမှ၊ အညံ–တစ်မျိုးတစ်ခြားကို၊ ကတ္ဟာ–ပြု၍၊ ဓိဝံ–အသက်ကောင်ကို၊ ဂဏှာတိ–ယူ၏၊ ဣတိ–ကြောင့်၊ သဿတဒိဋ္ဌိ–သဿတဒိဋ္ဌိသည်၊ ဟောတိ၊ ဣတိ–ဤသို့ မှတ်အပ်၏။

ဗြဟ္မာဒိ–ဗြဟ္မာ အစရှိသော၊ ကေစ္စံ–အချို့သော၊ အတ္တာနံ–အတ္တကို၊ (ဂဏှန္တဿ၌စပ်၊) ဟောတိ–သေပြီးနောက်၌ ဖြစ်၏၊ ဣတိ–သို့၊ နိစ္စတော–မြဲသောအားဖြင့်လည်းကောင်း၊ အညံ–ဗြဟ္မာ အစရှိသူမှ အခြားသော၊ (ကေစ္စံ–သော၊ အတ္တာနံ–ကို၊) န ဟောတိ–သေပြီးနောက်၌ မဖြစ်တော့၊ ဣတိ–သို့၊ အနိစ္စတောစ–အားဖြင့်လည်းကောင်း၊ ဂဏှန္တဿ–၏၊ ဟောတိစ နစ ဟောတီတိ–ဟူသော၊ ကေစ္စသဿတဒိဋ္ဌိ–ကေစ္စသဿတဒိဋ္ဌိသည်၊(ဟောတိ)။

ဟောတိ–သေပြီးနောက် ဖြစ်သလော၊ ဣတိ–သို့၊ ပုဋ္ဌေ–မေးအပ်သော်၊ နေဝါတိစ–နေဝဟူ၍လည်းကောင်း၊ ဝါ–သေပြီးနောက် ဖြစ်သည်မဟုတ်ဟူ၍လည်းကောင်း၊ န ဟောတိ–သေပြီးနောက် မဖြစ်သလော၊ ဣတိ–သို့၊ ပုဋ္ဌေ–သော်၊ န ဣတိစ–နဟူ၍လည်းကောင်း၊ ဝါ–သေပြီးနောက် မဖြစ်မဟုတ် ဟူ၍လည်းကောင်း၊ သဗ္ဗတ္ထ–အလုံးစုံသော အမေးတို့၌၊ ပဋိက္ခိပန္တဿ–ပယ်မြစ်သူ၏၊ အမရာဝိက္ခေပဒိဋ္ဌိ–အမရာဝိက္ခေပဒိဋ္ဌိသည်၊ (ဟောတိ)၊ အမရာ အနုပစ္ဆေဒါ–မပြတ်မစဲသော၊ (ဝိက္ခေပဒိဋ္ဌိ–အထူးထူး အပြားပြား ပစ်ပယ်ကြောင်း အယူတည်း၊) ဝါ–တစ်နည်း၊ အမရမစ္ဆသဒိသီ–အမရမည်သော ငါးနှင့်တူသော၊ ဝိက္ခေပဒိဋ္ဌိ–တည်း၊ ဣတိ အတ္ထော။

ပဉ္စ၊ပေ၊ကာမာသဝေါတိ–ဟူ၍၊ ဝုတ္တော–ဆိုအပ်ပြီ၊ (ရှေ့၌ဆိုအပ်ပြီ၊) ဣတိကတ္ဟာ–ဤအကြောင်းကြောင့်၊ ဗြဟ္မာနံ–ဗြဟ္မာတို့၏၊ ဝိမာနာဒီသု–ဗိမာန် အစရှိသည်တို့၌၊ ရာဂဿစ–ရာဂ၏လည်းကောင်း၊ ဒိဋ္ဌိရာဂဿစ–ဒိဋ္ဌိရာဂ၏လည်းကောင်း၊ ကာမာသဝဘာဝံ–ကာမာသဝ၏အဖြစ်ကို၊ (သင်္ဂဟကာရော–သည်၊) ပဋိက္ခိပတိ–ပယ်မြစ်၏၊ ["ယော ပန၊ပေ၊ နဟောတီတိ" ဟူသော အမေး၌ "န ဟောတိ"ဟုလည်းကောင်း, "ဒိဋ္ဌိသဟဇာတော ပန၊ပေ၊ န ဟောတိ"ဟုလည်းကောင်း ပယ်ထားသည်၊] ပန–ထိုသို့ပင် ပယ်မြစ်ပါသော်လည်း၊ ကာမာ၊ပေ၊ဝိနိမုတ္တော–ကာမာသဝ ဘဝါသဝမှ လွတ်သော၊ လောဘော–သည်၊ ယဒိ အတ္ထိ–အကယ်၍ ရှိသေးအံ့၊ (ဧဝံသတိ)၊ သော–

ထင်ရှားပြအပ်သော၊ ပဒတ္ထဿ–ပုဒ်အနက်၏၊ (အဟံဟူသော ပုဒ်၏အနက်ဖြစ်သော ခန္ဓာငါးပါးဒြဗ်၏၊) သင်္ခါဒိဘာဝေ–သင်္ခါအစရှိသည် တို့၏အဖြစ်သည်၊ (သတိ–သော်၊) [အညထာကိုပင် အကျယ်ထပ်ဖွင့်သည်၊ အာဒိဖြင့် သမညပညတ္တိစသည်ကို ယူ၊] သဗ္ဗေသံ–ကုန်သော၊ ကုသလာဒိ ဓမ္မာနံ–တို့၏၊ အဝိဇ္ဇမာနာဒိတာ–အဝိဇ္ဇမာန အစရှိသည်၏အဖြစ်သည်၊ သိယာ၊ [အာဒိဖြင့် နိရုတ္တိပညတ္တိတို့ကို ယူ၊] ဣတိ–ကြောင့်၊ (ဣတိ အတ္ထော–ကို၊ ဝိညာယတိ။)

ဘာဝေါတိ–ဘာဝဟူသော သဒ္ဒါသည်၊ သတ္တဝေစနံ–သတ္တ၏ဝေဝုစ် ပရိယာယ်သဒ္ဒါတည်း၊ ဣတိ–သို့၊ ဘုဏန္တိ–ဆိုကြကုန်၏၊ ဝါ–တစ်နည်း၊ ဧတံ–ဤ ဘာဝေါသဒ္ဒါသည်၊ ဓာတုယာ–ဓာတ်သဘောကို၊ အဝိဇ္ဇမာန်– ဟောသော သဒ္ဒါတည်း၊ ဒေတ္တောတိ တွောဝ–ဒေတ္တောဟူသော ဤမျှအတိုင်း အရှည်ရှိသော စကားဖြင့်၊ [အဋ္ဌကထာလာ အဟံမှစ၍ ဒေတ္တောတိုင်အောင် သော စကားဖြင့်၊] သတ္တပညတ္တိံ–သတ္တပညတ်ကို၊ ဒဿေတွာ–ပြပြီး၍၊ အညမ္ပိ–သတ္တပညတ်မှ အခြားလည်းဖြစ်သော၊ ဥပါဒါပညတ္တိံ–ဥပါဒါပညတ် ကို၊ ဒဿေတုံ–ငှာ၊ မဉ္စောတိအာဒိံ–ကို၊ (သင်္ဂဟကာရော) အဟ။

စ–ဆက်၊ (တစ်နည်း၊) စ–သင်္ခါယတိ၏အဖွင့်မှတစ်ပါး သမညာယတိ၏ အဖွင့်ကို ဆိုဦးအံ့၊ အဟံတိ–ဟူ၍၊ ပဝတ္တံ–ဖြစ်သော၊ အဝိဇ္ဇ်–သဒ္ဒါကို၊ ဝဒန္တေန–ရွတ်ဆိုသော ဝဒန္တပုဂ္ဂိုလ်သည်လည်းကောင်း၊ သုဏန္တေန–ကြားသော သုဏန္တပုဂ္ဂိုလ်သည်လည်းကောင်း၊ ပုဗ္ဗေ–မရွတ်ဆိုမီရှေ့၌၊ ဝါ–မကြားမီရှေ့၌၊ ဂဟိတသညေန–ယူအပ်သော အမှတ်သညာရှိသည်၊ (ထိုသညာက ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၊) (ဟုတွာ) အတ္ထပ္ပကာသနဘာဝေန– အနက်ကို ထင်ရှားပြတတ်သည်၏အဖြစ်ဖြင့်၊ ဝိညာယတိ–အထူးအားဖြင့် သိအပ်၏၊ ဟိ–မှန်၊ တသ္မိံ–ထို သဒ္ဒါကို၊ အဝိညာတေ–မသိအပ်သေးမီ၊ တဒတ္ထဝိဇာနနံ–ထိုသဒ္ဒါ၏အနက်ကိုသိခြင်းသည်၊ န အတ္ထိ–မရှိနိုင်၊ ဣတိ– ကြောင့်၊ ဝိသေသေန–အထူးအားဖြင့်၊ အဝိဇ္ဇနံ–သဒ္ဒါကို၊ ဉာယတိ–သိအပ်၏၊ ဣတိ–ကြောင့်၊ သမညာတိ–ဟူ၍၊ ဝုတ္တံ၊ ဝါ–တစ်နည်း၊ အဟံတိ ဣဒံ– အဟံဟူသော ဤသဒ္ဒါသည်၊ တေဿ အတ္ထဿ–ဤအနက်ကို၊ အဝိဇ္ဇနံ– ဟောသော သဒ္ဒါတည်း၊ ဣတိ ဧဝံ–သို့၊ သညာဂ္ဂဟဏဝသေန–မှတ်ယူခြင်း၏ အစွမ်းဖြင့်၊ ဉာယတိ–သိအပ်၏၊ သမညာယတိ–သိမှတ်အပ်၏၊ ပါကဋ္ဌာ– ထင်ရှားသည်၊ ဟောတိ၊ ဣတိ–ကြောင့်၊ သမညာ–မည်၏။

---

ယူလျှင် အဝိဇ္ဇနအရကာ သဒ္ဒကို မရဘဲ ကုသိုလ်စသောတရား အနက်တွေသာ ရသဖြင့် အဝိဇ္ဇနနှင့်အဒိဇ္ဇနပထတို့ အရမပြားရကား ဒုက်မဖြစ်ခြင်း ဟူသောအပြစ် ဖြစ်စရာရှိသည်–ဟူလို။

ပညပီယတီတိ–ကား၊ အဟံတိ ဣဒံ–အဟံဟူသော ဤသဒ္ဒါသည်၊ တေသ–ဤအနက်ကို၊ အဓိဝစနံ–တည်း၊ ဣတိ ဝံ–သို့၊ ထပီယတိ–အများသိအောင် ပညတ်ထားအပ်၏၊ ဣတိ အတ္ထော၊ ဝေါဟရီယတီတိ–ကား၊ ဝုစ္စတိ–ခေါ်ဝေါ်ပြောဆိုအပ်၏။

ဥဒ္ဒေသယုတ္တိ–ကား၊ ဥဒ္ဒေရိတဗ္ဗ–ထုတ်ဆောင်အပ်,ထုတ်ဆောင်နိုင်၏၊ အပိနာမ သဟာသတောတိ–ကား၊ အနေကေဟိပိ–နာမည်တစ်ပါးမက များစွာလည်း ဖြစ်ကုန်သော၊ နာမသဟာသေဟိ–နာမည်အထောင်တို့ဖြင့်၊ (ဥဒ္ဒေသယုံဒ္ဓိစပ်၊) ဣတိ အတ္ထော–ဤကား အနက်။

သယမေဝ–အလိုလိုသာလျှင်၊ ဥပပတနသီလံ–ကျရောက်ခြင်းအလေ့ရှိသော၊ နာမံ–နာမည်ကို၊ ဩပပါတိကနာမန္တိ–ဟူ၍၊ ဝုစ္စတိ–၏၊...ကရီယတိ–ပြုအပ်၏ ဣတိ, ကမ္မံ–မည်၏၊ နာမမေဝ–နာမည်သည်ပင်၊ ကမ္မံ–ပြုအပ်သည်တည်း၊ နာမကမ္မံ–ပြုအပ်သော နာမည်၊ နာမဓေယျံ–နာမဓေယျသည်၊ တထာ–ထို့အတူတည်း၊ ဟိ–မှန်၊ တစ်နည်း၊ (ကသ္မာ အယံ အတ္တော ဝိညာယတိ၊) ဟိ (ယသ္မာ), ကရဏထပနသဒ္ဒါပိ–ကရဏသဒ္ဒါ, ထပနသဒ္ဒါတို့သည်လည်း၊ ကမ္မတ္ထာ–ကံအနက်ရှိကုန်သည်၊ ဟောန္တိ၊ ဣတိ–ကြောင့်၊ (အယံ အတ္တော ဝိညာယတိ၊) (ကရဏထပနသဒ္ဒါ–တို့သည်၊) ကရဏတ္ထာ–ကရိုဏ်းအနက်ရှိကုန်သည်၊ အထ ဟောန္တိ–အကယ်၍ ဖြစ်ကုန်အံ့၊ (ဧဝံသတိ၊) တေန–ဤနာမည်ဖြင့်၊ အတ္တော–အနက်သည်၊ ဧဝံ နာမော–ဤသို့ အမည်ရှိ၏၊ ဣတိ–သို့၊ ကရီယတိစ–ပြုလည်း ပြုအပ်၏၊ (ပြောလည်း ပြောဆိုအပ်၏၊) ထပီယတိစ–ထားလည်း ထားအပ်၏၊ (နာမပညတ်လည်း တင်ထားအပ်၏၊) ပညပီယတိ–ပညတ်အပ်၏၊ [ကရီယတိ, ထပီယတိကိုပင် "ပညပီယတိ" ဟု ထပ်ဖွင့်သည်၊] ဣတိ–ကြောင့်၊ ကရဏန္တိနာမ–ကရဏသည် လည်းကောင်း၊ ထပနန္တိနာမ–ထပနမည်သည်လည်းကောင်း၊ ဟောတိ၊ (ကရဏ ထပနသဒ္ဒါ), ဘာဝတ္ထာ–ဘောအနက်ရှိကုန်သည်၊ အထ (ဟောန္တိ၊ ဧဝံသတိ၊) ဉာပနမတ္တမေဝ–သိအပ်ခြင်းကိရိယာမျှကိုသာ၊ (ဧဝဖြင့် ကမ္မတ္ထ ကရဏတ္ထကို ကန့်၊) ကရဏန္တိစ–ကရဏဟူ၍လည်းကောင်း၊ ထပနန္တိစ–ဟူ၍လည်းကောင်း၊ ဝုတ္တံ။

နာမနိရုတ္တိနာမဗျဥ္ဇနန္တိ–ပုဒ်တို့ဖြင့်၊ နာမမိစ္စေဝ–နာမံဟူ၍သာ၊ ဝုတ္တံ–ဆိုအပ်သည်၊ ဝါ–ဆိုလိုသည်၊ ဟောတိ၊ [နာမနိရုတ္တိ နာမဗျဥ္ဇနပုဒ်တို့ အရနာမကိုသာရသည်–ဟူလို၊] ဟိ–မှန်၊ ပဌဝီသင်္ခါတံ–မြေဒြပ်ဟု ဆိုအပ်သော၊ အတ္ထပ္ပကာရမတ္တံ–အနက်အထူးအပြားမျှကို၊ န နိဝဒတိ(ဝါ)–ထုတ်၍ ပြောဆိုတတ်သည်လည်းမဟုတ်၊ န ဗျဥ္ဇယတိဝါ–ထင်ရှားပြတတ်သည်လည်းမဟုတ်၊ (ပန–အဟုတ်ကား၊) [အန္ဒယဓောတက ပန မပါ၍ ထည့်သည်၊] ပဌဝီတိ နာမံ–ပဌဝီဟူသော နာမည်သဒ္ဒကို၊ နိဝဒတိဝါ–ထုတ်၍လည်း ဆိုတတ်၏၊

ဗျဥ္ဇယတိဝါ–ထင်ရှားလည်း ပြတတ်၏၊ တသ္မာ, အနာမသာ–နာမ မဟုတ်သော အရာ၏၊ နိရုတ္တိ ၊ပေ၊ နိဝါရဏတ္တံ–နိရုတ္တိ ၏အဖြစ်, ဗျဥ္ဇန၏အဖြစ်ကိုတားမြစ်ခြင်းအကျိုးငှာ၊ နာမ၊ပေ၊ဗျဥ္ဇနန္တိ–ဟူ၍၊ ဝုတ္တံ–(နာမထည့်၍)ဆိုအပ်ပြီ၊ ဧဝံ–တူ၊ နာမာဘိလာပေါတိ ဧတ္ထာပိ–ဤပါဠိ၌လည်း၊ နယော–နည်းတည်း။

[အာစရိယဝါဒကို ပြလို၍ "ဧတ္တ ပန" စသည်မိန့်၊] ပန-ဆက်၊ ဧတ္ထ–ဤအဓိဝစနပုဒ်၏နိဒ္ဒေသ၌၊ သင်္ခါ၊ပေ၊ ဝေါဟာရောတိ–ဟူကုန်သော၊ စတူဟိ ပဒေဟိ–လေးပုဒ်တို့ဖြင့်၊ ပညပိတဗ္ဗတော–ပညတ်ထိုက်သည်၏အဖြစ်ကြောင့်၊ ပညတ္တိ–အတ္ထပညတ်ကို၊ ဝုတ္တာ–ဟောတော်မူအပ်ပြီ၊ [ပညပိတဗ္ဗတော ပညတ္တိဖြင့်"ပညပီယတေတိ ပညတ္တိ"ဟု ကမ္မသာဓ်ကိုပြသည်၊] ဣတရေတိ–အခြားသော နာမ, နာမကမ္မ အစရှိသောပုဒ်တို့ဖြင့်၊ ပညာပနတော–အပြားအားဖြင့် သိစေတတ်သည်၏အဖြစ်ကြောင့်၊(ပညတ္တိ–သဒ္ဒပညတ်ကို၊ ဝုတ္တာ၊) စ–ဆက်၊ တတ္ထ–ထိုပညတ်နှစ်မျိုးတို့တွင်၊ ဥပ္ပာဒဝယကိစ္စရဟိတာ–ဖြစ်ခြင်း, ပျက်ခြင်းကိစ္စမှကင်းသော၊ လောကသင်္ကေတသိဒ္ဓါ–လောကအမှတ်အသားအားဖြင့် ပြီးသော၊ ပုရိမာ–ရှေ့ဖြစ်သောပညတ်သည်၊ ဥပါဒါပညတ္တိ–ဥပါဒါပညတ်တည်း၊ ["ဃဋ္ဋ–ပဋ္ဋ"စသော ပညတ်သည် ရုပ် အပေါင်း, ချည်ချောင်းအပေါင်းကို စွဲ၍ဖြစ်သောကြောင့် ဥပါဒါပညတ်လည်း ဟုတ်၏၊ ပရမတ္ထသဘာဝ မဟုတ်သောကြောင့် ဥပါဒ်–ဌီ–ဘင်မှလည်း ကင်း၏၊] ပစ္ဆိမာ–နောက်ဖြစ်သော ပညတ်သည်၊ နာမပညတ္တိ–နာမပညတ်တည်း၊ သောတ၊ပေ၊ နန္တရံ–သောတဒွါရဝိညာဏဝီထိအစဉ်၏အခြားမဲ့၌၊ ဥပ္ပန္နေန–သော၊ ဂဟိတပုဗ္ဗသင်္ကေတေန–ယူအပ်ပြီးသော ရှေးအမှတ်အသားရှိသော၊ မနော၊ပေ၊ သန္တာနေန–မနောဒွါရိကဝိညာဏ်အစဉ်ဖြင့်၊ ဂဟိတာယ–ယူအပ်သော၊ ယာယ–ယင်း နာမပညတ်ဖြင့်၊ ပုရိမာ–သော၊ ပညတ္တိ–အတ္ထပညတ်ကိုလည်းကောင်း၊ ရူပါဒယောစ–ရုပ်အစရှိသည်တို့ကိုလည်းကောင်း၊ ပညာပီယန္တိ–အပြားအားဖြင့် သိစေအပ်ကုန်၏၊ ဣတိ–သို့၊ အာစရိယာ–အဋ္ဌကထာကိုဖွင့်သောဆရာတို့သည်၊ ဝဒန္တိ–ဆိုကုန်၏။

---

**ဧတ္ထ ပန၊ပေ၊ ဝဒန္တိ**။ ။[အာစရိယာတိ အဋ္ဌကထာယ သံဝဏ္ဏနကာ အာစရိယာ၊ အာစရိယာ ဝဒန္တိ၌ အာစရိယဟူသည် အဋ္ဌကထာဆရာ မဟုတ်, အဋ္ဌကထာကို ဖွင့်ကြသော ဆရာများတည်း၊–အနု၊] "အဋ္ဌကထာကို ဖွင့်ကြသောဆရာများ"ဟူရာ၌ မည်သူမည်ဝါဟု မသိရသော်လည်း ဧတ္ထပနစသည်ဖြင့် ဆိုအပ်သောစကားတို့မှာ အဘိဓမ္မတ္ထသင်္ဂဟ(သင်္ဂြိုဟ်ကျမ်း)စကားနှင့် သဘောတူ၏၊ မှန်၏–အဘိဓမ္မတ္ထသင်္ဂဟ, ပစ္စယပရိစ္ဆေဒ–ပညတ်ခန်း၌ "ပညပီယတ္တာ ပညတ္တိ"ကို "သင်္ခါယတိ သမညာယတိ ဝေါဟရီယတိ ပညပီယတိ"ဟု လေးပုဒ်တို့ဖြင့် ပြထား၏၊ "ပညာပနတော ပညတ္တိ"ကို နာမ နာမကမ္မစသော ပုဒ်တို့ဖြင့် ပြထား၏၊ "လောကသင်္ကေတသိဒ္ဓါ"ဟူသောစကားလည်း "သာယံ ပညတ္တိ ဝိညေယျာ, လောကသင်္ကေတနိမ္မိတာ"နှင့် သဘောတူပင်တည်း၊"ပစ္ဆိမာ နာမပညတ္တိ၊ပေ၊ ပညာပီယန္တိ"ဟူသောစကားလည်း "ဝစိဃောသာနုသာရေန"စသောဂါထာနှင့် သဘောတူပင် ဖြစ်သည်။

ပန–ံဆက်၊(တစ်နည်း) ပန–လဒ္ဒဒေါသ ထင်ရှားပြအံ့၊ ဣမိဿ ပါဠိယာ–ဤနိက္ခေပကဏ္ဍပါဠိတော်၏ လည်းကောင်း၊ အဋ္ဌကထာယစ–နိက္ခေပကဏ္ဍအဋ္ဌကထာ၏ လည်းကောင်း၊ တေသံ့ အတ္ထေ–ဤအာစရိယဝါဒအနက်သည်၊ သတိ–သော်၊ [အာစရိယဝါဒအတိုင်း ပညတ်နှစ်မျိုးဖြစ်လသော်၊] ဝစနတ္တမေဝ ၊ပေ၊ပညတ္တိနာမာတိ–ဟူသော၊ ယံ–အကြင်စကားကို၊ မာတိကာယံ–မာတိကာအဋ္ဌကထာ၌၊ ဝုတ္တံ၊ တေန–ထို မာတိကာအဋ္ဌကထာစကားနှင့်၊ ဝိရောဓော–ဆန့်ကျင်ခြင်းသည်၊ သိယာ–၏၊ ဟိ–ချဲ့၊ ဥပ္ပာဒဝယကိစ္စရဟိတဿ–ဖြစ်ခြင်း, ပျက်ခြင်းကိစ္စမှ ကင်းသောပညတ်၏၊ ဝစနမတ္တံ–သဒ္ဒါမျှကို၊ အဓိကာရံ–စွဲမှီရည်စူးမှုကို၊ ကတွာ–ပြု၍၊ ပဝတ္တိ–ဖြစ်ခြင်းသည်၊ န အတ္ထိ၊ (ကသ္မာ၊) ဥပ္ပာဒါဒိသဟိတဿေဝ–ဥပါဒ်အစရှိသည်နှင့်တကွဖြစ်သော ပရမတ္ထတရား၏သာလျှင်၊ (ဝစနမတ္တံ အဓိကာရံ ကတွာ) ပဝတ္တိသဘာဝတော–ဖြစ်ခြင်း၏ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်တည်း၊ စ–သည်သာမကသေး၊ ဝစန ၊ပေ၊ ဝိမုတ္တဿ–သဒ္ဒါ,သဒ္ဒါ၏အနက်မှလွတ်သော၊ နာမဿ–နာမည်ကို၊ နိဒ္ဒါရေတွာ–အကျယ်ထုတ်ဖော်၍၊ သဟေတုကံ–အကြောင်းရှိသည်ကို၊ (သဒ္ဒါဖြစ်ခြင်း၏အကြောင်းပဝတ္တိနိမိတ်ရှိသည်ကို၊) ကတွာ, ဝုစ္စမာနတာ–ဆိုအပ်သည်၏အဖြစ်သည်၊ န အတ္ထိ၊ အနိဒ္ဒါရိတသဘာဝဿ–မထုတ်ပြအပ်သော ပရမတ္ထသဘောရှိသော၊ (ပရမတ္ထအားဖြင့် မထုတ်ပြအပ်သော သဘောရှိသော၊) ပဒတ္ထဿ–ပုဒ်အနက်ကို၊ တေန တေန ပကာရေန–ထိုထိုအပြားအားဖြင့်၊

**တေသံ့ပန အတ္ထေ သတိ။** ။[ဝိရောဓော သိယာ၌ စပ်၊] ဣတ္ထပနသဒ္ဒါ သမည စသော ဝဒန္တိဝါဒ၏အနက်ကို "တေသံ့ အတ္ထေ သတိ"ဟု ဆိုသည်၊ ဤပါဠိတော် အဋ္ဌကထာ၏အနက်သည် ဝဒန္တိဝါဒအတိုင်းဖြစ်လျှင် မာတိကာအဋ္ဌကထာ၌ ဖွင့်ဆိုအပ်ခဲ့သော ထိုစကားနှင့် ဆန့်ကျင်စရာရှိသည်–ဟူလို၊ [တေနာတိ မာတိကာဝဏ္ဏနာဝစနေန၊ ဣမိဿပါဠိယာ အဋ္ဌကထာယစ အတ္ထဒဿနဿ တေသ ယထာဝုတ္တဿ အာစရိယဝါဒဿ ဝိရောဓော သိယာ၊–အနု။]

**နဟိ ၊ပေ၊ ဉာပနံ အတ္ထီတိ။** ။[တမေဝဝိရောဓံ နဟီတိ အာဒိနာ ဝိဝရတိ၊–အနု၊ ဤသို့ အနုဋီကာက ဝိတ္ထာရဝါကျဟု ဆိုထားသော်လည်း ပေးရိုးဖြစ်သော ဒဋ္ဌီ ဉာပကဝါကျလည်း ဖြစ်နိုင်၏၊] "န ဟိ ၊ပေ၊ သဗ္ဘာဝတော"ဖြင့် မာတိကာအဋ္ဌကထာဝယ် အဓိဝစနပုဒ်အဖွင့်နှင့် ဆန့်ကျင်ပုံကို ပြ၏၊ ထို၌ ဥပါဒ် ဋ္ဌီ ဘင်နှင့်တကွဖြစ်သော ပရမတ္ထတရားတို့၏ အဒိဝစနဖြစ်ပုံကို ဖွင့်ခဲ့၏၊ ဤဝဒန္တိဝါဒ၌ "ဥပ္ပာဒဝယကိစ္စရဟိတာ"ဟု ဆိုသောကြောင့် ပရမတ္ထမဟုတ်သော ပညတ်တို့၏အဓိဝစနကို ပြထား၏၊ ထို့ကြောင့် ဆန့်ကျင်သည်–ဟူလို ။

**နစ ဝစန၊ပေ၊ အတ္ထိ။** ။ဤစကားဖြင့် ထိုမာတိကာအဖွင့်၌ ပြခဲ့သော နိရုတ္တိပုဒ်အဖွင့်နှင့် ဆန့်ကျင်၏ဟု ပြ၏၊ ထို၌ နိရုတ္တိကို "နိဒ္ဒါရေတွာ သဟေတုကံ ကတွာ"ဟု ဆိုခဲ့၏၊ သဒ္ဒါ၏ ဟောနက်မရှိသော နာမည်သက်သက်မှာ ထုတ်ဖော်စရာအနက်လည်း

ဉာပနမ္ပိ–သိစေခြင်းသည်လည်း၊ ဝါ–သိစေဖွယ်သည်လည်း၊ န အတ္ထိ၊ ဣတိ–ဤကား ဆန့်ကျင်ပုံတည်း။

စ–ဆက်၊ ဒုဝိဓော–သော၊ (ပညာပိတဗ္ဗ ပညာပနအားဖြင့် နှစ်ပါးအပြား ရှိသော၊) အယံ ပညတ္တိ–ဤပညတ်သည်၊ (ဝဒန္တိ အာစရိယတို့၏ ဤပညတ်သည်၊) ယထာဝုတ္တပကာရာ–အကြင်အကြင် ဆိုအပ်ပြီးသော အပြားရှိ၏၊ (ဥပ္ပာဒဝယကိစ္စရဟိတာ လောကသင်္ကေတသိဒ္ဓါဟု ဆိုအပ်ပြီးသော အပြား ရှိ၏၊) ဣတိ–သို့၊ အဋ္ဌကထာဝစနဋ္ဌ–အဋ္ဌကထာစကားကိုလည်း၊ န ဒိဿတိ–မတွေ့မြင်အပ်၊ ပန–အန္ဓယကား၊ အဋ္ဌကထာယံ–ပုဂ္ဂလပညတ် အဋ္ဌကထာ၌၊ ဝိဇ္ဇမာနပညတ္တိအာဒယော–ဝိဇ္ဇမာနပညတ် အစရှိကုန်သော၊ ဆ–န်သော၊ ပညတ္တိယော၀–ပညတ်တို့ကိုသာ၊ ဝုတ္တာ–န်ပြီ၊ တတ္ထ–ထိုခြောက်ပါးသောပညတ်တို့တွင်၊ ရူပံ–ရုပ်၊ ဝေဒနာ–ဝေဒနာ၊ ဣတိ အာဒိကာ–ဤသို့ အစရှိသော ပညတ်သည်၊ ဝိဇ္ဇမာနပညတ္တိ–ဝိဇ္ဇမာနပညတ်တည်း၊ ဣတ္ထိ–မိန်းမ၊ ပုရိသော–ယောကျ်ား၊ ဣတိ အာဒိကာ–သည်၊ အဝိဇ္ဇမာနပညတ္တိ–တည်း၊ တေဝိဇ္ဇော–သုံးပါးသောဝိဇ္ဇာရှိသူ၊ ဆဠဘိညော–ခြောက်ပါးသောအဘိညာဉ်ရှိသူ၊ ဣတိ အာဒိကာ–သည်၊ ဝိဇ္ဇမာနေန ဝိဇ္ဇာမာနပညတ္တိ–တည်း၊ ဣတ္ထိသဒ္ဒေါ–မိန်းမအသံ၊ ပုရိသသဒ္ဒေါ–ယောကျ်ား၏အသံ၊ ဣတိ အာဒိကာ–သည်၊ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိ–တည်း၊ စက္ခုဝိညာဏံ–စက္ခုဝိညာဉ်၊ သောတဝိညာဏံ–ညာဉ်၊ ဣတိ အာဒိကာ–သည်၊ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိ–တည်း၊ ခတ္တိယ ကုမာရော–မင်းမျိုးသတိုးသား၊ ဗြာဟ္မဏကုမာရော–ပုဏ္ဏားမျိုး သတိုးသား၊ ဣတိအာဒိကာ–သည်၊ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ္တိ–တည်း။

[ထို ၆ မျိုးကို အကျဉ်းချုံးလျှင် နှစ်မျိုးသာရှိသည် မဟုတ်လောဟု စောဒနာဖွယ်ရှိ၍ "န စေတ္ထ"စသည် မိန့်၊] စ–ဆက်၊ ဧတ္ထ–ဤပုဂ္ဂလပညတ်အဋ္ဌကထာ၌၊ ယထာဝုတ္တပ္ပကာရာ–သော၊ ဒုဝိဓာ–သော၊ ပညတ္တိ–ကို၊ ဝုတ္တာ–ပြီ၊ ဣတိ–သို့၊ ဝိညာတုံ–သိခြင်းငှာ၊ န သက္ကာ၊ ဟိ–မှန်၊ တစ်နည်း –(ကသ္မာ ဝိညာတုံ န သက္ကာ၊) ဟိ ယသ္မာ), ဝိဇ္ဇမာနသဿ–ထင်ရှားရှိသောရုပ်, ဝေဒနာအစရှိသော အနက်၏၊ သဒ္ဒါ–ကောင်းစွာပြောဆိုအပ်သောအမည်သည်၊ပေ၊ အဘိလာပေါ–ရေ့ရှု ပြောဆိုသောအမည်သည် ဝိဇ္ဇမာနပညတ္တိ–တည်း၊ အဝိဇ္ဇမာနဿ–

(သဒ္ဒပ္ပဝတ္တိနိမိတ်ဟူသော အကြောင်းပြစရာလည်း) မရှိသောကြောင့် ထိုအဖွင့် နှင့် ဆန့်ကျင်သည်–ဟူလို။

**နာပိ၊ပေ၊ ပညာပနံ အတ္ထိ**။ ။ဤစကားဖြင့် ထို၌ဖွင့်ပြခဲ့သော ပညတ္တိ၏အဖွင့် နှင့် ဆန့်ကျင်၏ဟု ပြ၏၊ ပရမတ္ထအားဖြင့် ထုတ်ပြဖွယ်မရှိသော နာမည်သက်သက် ကို အမျိုးမျိုးသော ပကာရအားဖြင့် သိစေဖွယ်အနက် မရှိသောကြောင့် ထိုအဖွင့်နှင့် ဆန့်ကျင်သည်–ဟူလို။

ထင်ရှားမရှိသော မိန်းမ, ယောကျ်ားအစရှိသော အနက်၏၊ သန်္နိဒိကာစ– သန်္နိအစရှိသောအမည်သည်လည်း၊ အဝိဇ္ဇမာနပညတ္တိ–တည်း၊ တေသံယေဝ– ထိုဝိဇ္ဇမာန အဝိဇ္ဇမာနနှစ်မျိုးတို့၏ပင်၊ ဝိသေသနဝိသေသိတဗ္ဗဘာဝေန– ဝိသေသန, ဝိသေသိတဗ္ဗ၏အဖြစ်ဖြင့်၊ (အဝိဇ္ဇမာနေနစသော ဝိသေသန, အဝိဇ္ဇမာနပညတ္တိစသော ဝိသေသျ၏အဖြစ်ဖြင့်၊) ပဝတ္တာ–န်သော၊ သန်္နိ ဒယော–သန်္နိအစရှိကုန်သော နာမည်တို့သည်၊ ဣတရာ–ဝိဇ္ဇမာနပညတ်, အဝိဇ္ဇမာနပညတ်မှတစ်ပါး လေးပါးသောပညတ်တို့သည်၊ (ဟောန္တိ၊) ဣတိ– ကြောင့်၊ (ဝိညာတုံ န သက္ကာ။)

အဝိဇ္ဇမာနပညတ္တိဝစနေန–အဝိဇ္ဇာမာနပညတ္တိဟူသော စကားဖြင့်၊ ပညာပိ တဗ္ဗာ–အပြားအားဖြင့်သိစေထိုက်သော၊ ဥပါဒါပညတ္တိ–ဥပါဒါပညတ်ကိုလည်း ကောင်း၊ တဿာ–ထိုဥပါဒါပညတ်၏၊ ဝါ–ကို၊ ပညာပနဘူတာ–အပြားအားဖြင့် သိစေတတ်သည် ဖြစ်၍ဖြစ်သော၊ နာမပညတ္တိစ–နာမ ပညတ်ကိုလည်းကောင်း၊ ဝုတ္တာ–ဆိုအပ်သည် မဟုတ်လော၊ ဣတရေဟိ–အဝိဇ္ဇမာနပညတ္တိဟူသော စကားမှတစ်ပါးသော ဝိဇ္ဇမာနပညတ္တိအစရှိသော စကားငါးမျိုးတို့ဖြင့်၊ ယထာ ဝုတ္တာ–အကြင်ကြင် ဆိုအပ်ပြီးသော၊ နာမ ပညတ္တိယေဝ–နာမပညတ်ကိုသာ၊ (ဝုတ္တာ–ဆိုအပ်သည် မဟုတ်လော၊) ဣတိစေ–ဤသို့ စောဒနာအံ့၊ န(ဝုတ္တာ)– မဆိုအပ်၊ [အကျယ်ပေးလိုက ရှေးစကားအားလုံးကို လိုက်၍ပေး၊] (ကသ္မာ– နည်း၊) အသိဒ္ဓတ္တာ–ထိုအနက်အဓိပ္ပာယ်၏ မပြီးစီးသည်၏အဖြစ်ကြောင့်တည်း၊ ဟိ–ချဲ့၊ ဥဇုကေ–ဖြောင့်မတ်သော၊ ဝါ–တိုက်ရိုက်ဖြစ်သော၊ ပုရိမေ–ရှေ့ဖြစ်သော၊

---

**အဝိဇ္ဇာမာန ၊ပေ၊ ဝုတ္တာတိစ။** ။"အာစရိယတို့ ပြအပ်သော ဥပါဒါပညတ္တိ, နာမပညတ္တိနှစ်ပါးသည် အဋ္ဌကထာ၌ ပြအပ်သော ပညတ်ခြောက်ပါးတွင် ပါဝင်သည် မဟုတ်ပါလော"ဟု စောဒနာသည်၊ [ပညာသိတဗ္ဗ–ဥပါဒါပညတ်, ပညာပန–နာမ ပညတ်၊ ဤနှစ်ပါးလုံးသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိရာ၌ အဝိဇ္ဇမာနပညတ် ဟူသောစကားဖြင့် ထိုပညတ်နှစ်မျိုးလုံးကို ဆိုအပ်ပြီး မဟုတ်ပါလော၊ ထင်ရှားရှိသော အနက်ကို ပညတ်ရာ၌လည်းကောင်း, ထင်ရှားရှိနှင့် ထင်ရှားမရှိရောကိုရော၍ ပညတ် ရာ၌လည်းကောင်း, နာမပညတ်ကို ဝိဇ္ဇမာနပညတ်, ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်စသော ပညတ်ငါးမျိုးတို့ဖြင့် ဆိုအပ်ပြီး မဟုတ်ပါလော–ဟူလို၊ ယထာဝုတ္တာဖြင့် ဆိုအပ်ပြီးသော ဝိဇ္ဇမာနပညတ်စသော နာမည်ပညတ်ငါးမျိုးကို ညွှန်ပြသည်။

**န, အသိဒ္ဓတ္တာ။** ။ထိုသို့ မဆိုအပ်ပါ, ဘာ့ကြောင့်နည်း၊ အဝိဇ္ဇမာနပညတ်စသော စကားဖြင့် ထိုအနက်၏ မပြီးစီးနိုင်သောကြောင့်တည်း၊ အသိဒ္ဓဖြစ်ပုံ အကျယ်ပြလို၍ "သတိဟိ"စသည်ကို မိန့်သည်၊ ဥဇုက (တိုက်ရိုက်လည်း)ဖြစ်သော ပါဠိအနုဂတ (ပါဠိသို့ အစဉ်လိုက်သည်လည်းဖြစ်သော)–ပုရိမအတ္ထ (ရှေ့၌ပြဆိုအပ်သောအနက်) ရှိပါလျက် "တိုက်ရိုက်မဟုတ်သော ထိုပညတ်နှစ်ပါးဟူသော အနက်ကို ဤပုဂ္ဂလပညတ် အဋ္ဌကထာက ဆိုအပ်၏"ဟူသော အနက်အဓိပ္ပာယ်သည် မပြီးစီးနိုင်ပါ–ဟူလို။

ပါဠိအနုဂတေ–ပါဠိသို့ အစဉ်လိုက်သော၊ အတ္ထေ–အနက်သည်၊ သတိ–ရှိပါလျှက်၊ အယံ အတ္ထော–ဤပြညတ်နှစ်မျိုးဟူသော အနက်ကို၊ ဣမာယ အဋ္ဌကထာယ–ဤပုဂ္ဂလပညတ်အဋ္ဌကထာသည်၊ ဝုတ္တော–ပြီ၊ ဣတိ ဧတံ–ဤအနက်အဓိပ္ပာယ်သည်၊ အသိဒ္ဓံ–မထင်ရှား၊ ဝါ–မပြီးစီး။

စ–ဆက်၊ သတ္တ၊ပေ၊အာဒိပ္ပကာရာ–သတ္တဝါဟူသောပညတ်, ရထားဟူသော ပညတ်, အိုးအစရှိသောပညတ်, အရပ်မျက်နှာဟူသော ဒိသာပညတ်, အချိန်အခါဟူသောကာလပညတ်, ကသိဏပညတ်, အရှုပ်အထွေးမရှိသော ပကတိကောင်းကင်ပညတ်, ကသိဏုဂ္ဃာဋိမ ကာကာသပညတ်, အာကိဉ္စညာယတနဈာန်၏အာရုံဖြစ်သော နတ္ထိဘာဝပညတ်, နိရောဓသမာ ပတ္တိပညတ်အစရှိသော အပြားရှိသော၊ ဥပါဒါပညတ္တိ–ဥပါဒါပညတ်သည် အဝိဇ္ဇမာနပညတ္တိ–အဝိဇ္ဇမာနပညတ်သည်၊ ယဒိ(ဟောတိ၊) (ဧဝံ သတိ) ဧတေနေဝ ဝစနေန–ဤအဝိဇ္ဇမာနပညတ်ဟူသောစကားဖြင့်သာလျှင်၊ တဿာ–ထိုဥပါဒါပညတ်၏၊ အဝိဇ္ဇမာနတာ–အဝိဇ္ဇမာန၏အဖြစ်ကို၊ ဝုတ္တာ၊ ဣတိ–ကြောင့်၊ သာ–ထိုဥပါဒါပညတ်ကို၊ အတ္ထီတိ–ရှိ၏ဟူ၍၊ န ဝတ္တဗ္ဗာ–မဆိုထိုက်။

စ–ဆက်၊ ပညာပိတဗ္ဗတော–အပြားအားဖြင့် သိစေထိုက်သည်၏အဖြစ်ကြောင့်၊ အဝိဇ္ဇမာနနံ–န်သော၊ သတ္တာဒီနံ–တို့၏၊ (အာဒိဖြင့် ရထ စသည်ကိုယူ၊) အဝိဇ္ဇမာနပညတ္တိဘာဝေါ–အဖြစ်သည်၊ (အာပဇ္ဇတိ)ယထာ–ကဲ့သို့၊ ဧဝံ–တူ၊ ရူပါဒီနံ–ရုပ်အစရှိကုန်သော၊ (အာဒိဖြင့် ဝေဒနာစသည်ကို ယူ၊)

---

**ပါဠိအနုဂတဖြစ်ပုံ။** ။ရုပ် ဝေဒနာစသော အနက်သည် ဝိဇ္ဇမာနဟူသော ပါဠိအားလျော်စွာ အမှန်ထင်ရှားရှိ၏၊ သတ္တ–ရထစသောအနက်သည် အဝိဇ္ဇမာနဟူသော ပါဠိအားလျော်စွာ အမှန်ထင်ရှား မရှိ၊ ပါဠိအားလျော်သော အမည်ဖြစ်သောကြောင့် ဥဇုကတ္ထ–တိုက်ရိုက်သိအပ်သော အနက်လည်းဖြစ်သည်။

**ယဒိစ၊ပေ၊ ဝတ္တဗ္ဗာ။** ။အာစရိယဝါဒ၌ လဒ္ဓိဒေါသကို ပြလို၍"ယဒိစ"စသည်ကို မိန့်၊ သတ္တ (သတ္တဝါ)ဟူသော ပညတ် ၊ပေ၊ နိရောဓသမာပတ်ဟူသော ပညတ်, ဤပညတ်များသည် ခန္ဓာငါးပါးအပေါင်းစသည်ကို စွဲ၍ ပညတ်အပ်သောကြောင့် ဥပါဒါပညတ်လည်းဖြစ်၏၊ သတ္တဝါစသော နာမည်ပညတ်က ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနပညတ်လည်း ဖြစ်၏၊ [ဤအာစရိယဝါဒအလို "အဝိဇ္ဇမာနာ စ+သာ+ပညတ္တိ စာတိ"ဟု ပြုရမည်၊] ထိုဥပါဒါနပညတ်သည် အဝိဇ္ဇမာနပညတ်ဖြစ်လျှင် ထိုဥပါဒါပညတ်ကို "ရှိသည်"ဟုပင် မဆိုထိုက်၊ ထို့ကြောင့် အဝိဇ္ဇမာနပညတ္တိဟူသောစကားဖြင့် ဥပါဒါပညတ်ကို ဆိုသည်ဟု အာစရိယဝါဒက ဆိုလိုသည်။

**ယထာစ၊ပေ၊ သိယာ။** ။ဆိုအပ်ပြီးသောအယူ၌ အပြစ်ပြသောစကားတည်း၊ ထိုအယူအတိုင်းသာမှန်လျှင် "ပညတ္တိပထာ"ဟူသော နောက်ပုဒ်အရ ဓမ္မတို့သည်၊

ဝိဇ္ဇမာနာနံ–ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားတို့၏၊ ပညပေတဗ္ဗတော– ပညတ်ထိုက်ကုန်သည်၏အဖြစ်ကြောင့်၊ ဝိဇ္ဇမာနပညတ္တိဘာဝေါ–သည်၊ အာပဇ္ဇတိ–ဖြစ်၏၊ တတော–ထိုသို့ ဖြစ်ခြင်းကြောင့်၊ သဗ္ဗေဓမ္မာပညတ္တိတိ– ဟူ၍၊ ပညတ္တိပထေဟိ–ပညတ္တိပထတရားတို့မှ၊ အဝိသိဋ္ဌော–မထူးသော၊ ပညတ္တိဓမ္မနိဒ္ဒေသော–ပညတ်တရားတို့ကို ညွှန်ပြကြောင်းတရားသည်၊ ဝါ– ကို၊ ဝတ္တဗ္ဗော–ဟောတော်မူထိုက်သည်၊ သိယာ–၏။

သင်္ခါဒိနိဒ္ဒေသော–သင်္ခါအစရှိသော နိဒ္ဒေသသည်၊ (အာဒိဖြင့် သမညာ စသော ပညတ္တိနိဒ္ဒေသကို ယူ၊) ပညာ၊ပေ၊ ဒဿနတ္ထော–ပညာပိတဗ္ဗဥပါဒါ ပညတ်,ပညာပနနာမပညတ် နှစ်ပါး၏အထူးကို ပြရခြင်းအကျိုးရှိ၏၊ (ဣတိ– သို့၊) အထ(ဝဒေယျ)–အကယ်၍ဆိုအံ့၊[အချို့စာအုပ်၌ အထာပိရှိ၏၊ နောက်၌ တထာပိဟု ရှိသောကြောင့် မကောင်း၊] တထာပိ–ထိုသို့ ဆိုပါသော်လည်း၊ ဧကော ဓမ္မော–တစ်ခုသောတရားသည်၊ သဗ္ဗဓမ္မေသု–တို့၌၊ နိပတတိ–ကျရောက် ၏၊ သဗ္ဗဓမ္မာ–တို့သည်၊ ဧကဓမ္မသ္မိံ–၌၊ နိပတန္တိ–န်၏၊ ဣတိအာဒိနာ–ဖြင့်၊ ပညာပိတဗ္ဗာနံ–ပညာပိတဗ္ဗတရားတို့၏၊ ပညတ္တိပထဘာဝဿ–ပညတ္တိပထ၏ အဖြစ်၏၊ ဝါ–ကို၊ ဒဿိတတ္တာ–ပြအပ်ပြီး၏အဖြစ်ကြောင့်၊ (အဋ္ဌကထာ၌ ပြထားသောကြောင့်၊) ပညာပိတဗ္ဗာနံ–ပညာပိတဗ္ဗတရားတို့၏၊ ပညတ္တိဘာဝေ– ပညတ်၏အဖြစ်သည်၊(သတိ–သော်၊) ပညတ္တိပထာ–ပညတ္တိပထတရားတို့ကို၊ ပညတ္တိသဒ္ဒေနေဝ–ပညတ္တိသဒ္ဒါဖြင့်ပင်၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်ပြီ၊ ဣတိ– ကြောင့်၊ ပညတ္တိပထပဒံ–ပညတ္တိပထပုဒ်သည်၊ ဝါ–ကို၊ န ဝတ္တဗ္ဗံ–ဟောတော် မမူထိုက်သည်၊ သိယာ၊ သင်္ခါနိဒ္ဒေသော–သည်၊ ပညာ ၊ပေ၊ ဒနသ္သံတ္ထော–

ထင်ရှားရှိရကား ထိုဓမ္မတို့ကို ပညတ်(နာမည်တပ်)အပ်သောအမည်လည်း ဝိဇ္ဇမာန ပညတ်ဖြစ်ရပေလိမ့်မည်၊ ထိုသို့ဖြစ်ခြင်းကြောင့် "သဗ္ဗေ ဓမ္မာ ပညတ္တိ"ဟု ပညတ္တိပထပုဒ် အရနှင့် မထူးသော ပညတ္တိဓမ္မနိဒ္ဒေသကို ဟောတော်မူစရာရှိသည်၊ ထိုသို့ ဟောတော်မူ ရသဖြင့် ပညတ္တိဓမ္မနှင့်ပညတ္တိပထတို့အရ မပြားခြင်းဟူသော အပြစ်ရှိသည်–ဟူလို။

**အထ၊ပေ၊ န ဝတ္တဗ္ဗံ သိယာ။** ။[အခြားပုဂ္ဂိုလ်က စောဒနာခြင်း မဟုတ်ဘဲ ပရိဟာရ (ဋီကာ)ဆရာကိုယ်တိုင် စောဒနာဖွယ်ကို ပြသည်၊] ပညတ္တိပုဒ်၏နိဒ္ဒေသ၌ သင်္ခါစသော ဆယ်ပုဒ်ကိုပြတော်မူ၏၊ ထိုတွင် ရှေ့လေးပုဒ်သည် ပညာပိတဗ္ဗပညတ် ကို ပြ၍ နောက်ခြောက်ပုဒ်သည် ပညာပနပညတ်ကို ပြသောကြောင့် ပညာပိတဗ္ဗ ပညာပန နှစ်မျိုးအထူးကို ပြရခြင်းအကျိုးရှိပါသည်ဟု ဆိုအံ့။

ထိုသို့ ဆိုသော်လည်း "ဧကော ဓမ္မော ၊ပေ၊ နိပတန္တိ"စသည်ဖြင့် ပညတ်ထိုက်သော တရားအားလုံးတို့၏ ပညတ္တိပထအမည်ကို ပြပြီးဖြစ်သောကြောင့် ဒုတိယပုဒ်အရ ပညာပိတဗ္ဗအားလုံးသည် (ဝိဇ္ဇမာနပညတ်ဟု ဆိုအပ်သော အာစရိယတို့၏အလိုအရ) ပညတ္တိအမည် ရနေလျှင် ဒုတိယပုဒ်အရ ပညတ္တိပထဓမ္မတို့ကို ပညတ္တိဟူသော

အကျိုးရှိ၏၊ ဣတိ–သို့၊ ဝတ္တုံပိ–ဟုလည်း၊ န သက္ကာ၊(ကသ္မာ), သင်္ခါဒိသဒ္ဒါနှံ့–သင်္ခါအစရှိသောသဒ္ဒါတို့၏၊ သမာနတ္ထတ္တာ–တူသောအနက် ရှိကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ဟိ–သာဓကကား၊ ရမဏောနပိ ၊ပေ၊ ဇတ္တ–ဤပါဠ်၌၊ ပုရိသောတိ ၊ပေ၊ အပိလာပေါတိ–ဟူ၍၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ တထာ–ထိုမှတစ်ပါး၊ မာဂဏ္ဍိယောတိ၊ပေ၊အာဒိ–အစရှိသောစကားကို၊(ဝုတ္တော–ပြီ၊) [ယံ–အကြင် ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ်ကို၊ပုရိသော–ယောကျ်ားသည်၊ ဝါ–သတ္တဝါသည်၊ ဣဒံ–ဤ ရုပ်အစရှိသည်သည်၊ မမံ–ငါ၏ဥစ္စာတည်း၊ ဣတိ–သို့၊ မညတိ–မှတ်ထင်၏၊ တံ–ထို ရုပ်အစရှိသည်ကို၊ မရဏေနပိ–သေခြင်းအားဖြင့်လည်း၊ ပဟီယတိ–ပယ်အပ်၏၊ ပုရိသောတိ–ကား၊ သင်္ခါ–ကောင်းစွာပြောဆိုအပ်သောအမည်တည်း၊ သမညာ–အထူးအားဖြင့် သိအပ်သောအမည်တည်း ၊ပေ၊ အဘိလာပေါ–ရှေ့ရှုပြောဆိုအပ်သောအမည်တည်း၊ မာဂဏ္ဍိယောတိ–ကား၊ တဿ ဗြာဟ္မဏဿ–၏၊ နာမံ–နာမည်တည်း၊ သင်္ခါ–တည်း၊ သမညာ–တည်း။]

စ–ဆက်၊ အယံ–ဤအနက်ဒြဗ်သည်၊ ဣတ္ထန္နာမော–ဤအမည်ရှိ၏၊ ဣတိ–သို့၊ သင်္ကေတဂ္ဂဟဏံ–အမှတ်အသားကို ယူခြင်းကိုလည်းကောင်း၊ ရူပံ၊ပေ၊ ဂ္ဂဟဏဉ္စ–ရူပံ တိသောအစရှိသောစကားသံကို ယူခြင်းကိုလည်းကောင်း၊ (စကားသံကို ကြားရခြင်းကိုလည်းကောင်း၊) မုဉ္စိတွာ–လွှတ်၍၊ အညဿ–အခြားသော၊ အသိဒ္ဓသဘာဝဿ–မထင်ရှားသော သဘောရှိသောပညတ်၏၊

---

ပဌမပုဒ်က ဟောအပ်ကုန်ပြီးဖြစ်နေ၏၊ ထို့ကြောင့် “ပညတ္တိပထော”ဟူသော ဒုတိယပုဒ်သည်ပင် ဟောဖွယ်မလိုရာ ရောက်နေသည်၊ [ဧကောဓမ္မော စသည်တို့၏အဓိပ္ပာယ်မှာ အဋ္ဌကထာ၌ တိုက်ရိုက်လာလိမ့်မည်။]

**နာပိ၊ပေ၊ သမာနတ္ထတ္တာ**။ ။“အထ ပညာပိတဗ္ဗ ပညာပနဝိသေသ ဒဿနတ္ထော သင်္ခါဒိနိဒ္ဒေသော”ဟူသော ရှေ့စကားကိုပင် “ထိုသို့ ကြံဖွယ်မရှိ”ဟု ပယ်လို၍ “နာပိ”စသည်ကို မိန့်သည်၊ ပါဠိတော်၌လာသော သင်္ခါသမညာစသော သဒ္ဒါဆယ်မျိုးလုံးပင် နာမည်ပညတ်ဟူသော အနက်အားဖြင့် အနက်တူသဒ္ဒါများ ဖြစ်ရကား သင်္ခါစသော နိဒ္ဒေသဆယ်မျိုးသည် ပညာပိတဗ္ဗပညတ် ပညာပနပညတ်ကို ပြသည်ဟု အထူးပြရခြင်းအကျိုးရှိ၏ဟု ဆိုခြင်းငှာလည်း မတတ်ကောင်းပါ။

**ဝုတ္တံဟိ ၊ပေ၊ အာဒိ**။ ။သင်္ခါသမညာစသော နိဒ္ဒေသဆယ်ပုဒ်တို့၏အနက် အရတူကြောင်းကိုပြသော သာဓကတို့တည်း၊ ထိုတွင် “မရဏေနပိ”စသော သာဓကသည် မဟာနိဒ္ဒေသ–ဇရာသုတ္တနိဒ္ဒေသ ပါဠိတော်တည်း၊ ထို၏နိဒ္ဒေသ၌ “တံတိ ရူပဂတံ ၊ပေ၊ ဝိညာဏဂတံ”ဟုလည်းကောင်း, ပုရိသောတိ သင်္ခါ ၊ပေ၊ အဘိလာပေါ”ဟုလည်းကောင်း ဖွင့်သည်၊ မာဂဏ္ဍိယာတိစသောပါဠိလည်း မဟာနိဒ္ဒေသ–မာဂဏ္ဍိယသုတ္တနိဒ္ဒေသပင်တည်း၊ ထိုနိဒ္ဒေသ၌ ပုရိသောကို “သင်္ခါသမညာ”စသော ပုဒ်ဆယ်မျိုးတို့ဖြင့် ဖွင့်ပြ၏၊ ထို့ကြောင့် “သင်္ခါသမညာ”စသော ပုဒ်ဆယ်မျိုးသည် ပုရိသော

အတ္ထပညာပနေ–အနက်ကို သိစေခြင်း၌၊ သမတ္ထတာ–စွမ်းနိုင်သည်၏အဖြစ် သည်၊ န သမ္ဘဝတိ–မဖြစ်သင့်၊ တေသံစ–ထိုသင်္ကေတဂ္ဂဟဏ, ဝစနဂ္ဂဟဏ တို့၏လည်း၊ (အတ္ထပညာပနေ–၌၊) အသမတ္ထတာ–မစွမ်းနိုင်ကုန်သည်၏ အဖြစ်သည်၊ (န သမ္ဘဝတိ၊) ဟိ–လဒ္ဓဒေါသ ထင်ရှားပြအံ့၊ (တစ်နည်း၊) ဟိ–ချဲ့၊ တေသံ–ထို သင်္ကေတဂ္ဂဟဏ ဝစနဂ္ဂဟဏတို့၏၊ ပညတ္တိယာ–ပညတ် နှင့်၊ ဝိနာ–ကင်း၍၊ အတ္ထပညာပနေ–၌၊ အသမတ္ထတာ–သည်၊ ယဒိ သိယာ၊ (ဇဝံသတိ၊) ပညတ္တိပညာပနေစ–ပညတ်ကို အပြားအားဖြင့်သိစေခြင်း၌လည်း၊ အသမတ္ထတာ-သည်၊(သိယာ၊) ဣတိ-ကြောင့်၊ တဿာ-ထိုပညတ်၏၊ အညာ-အခြားသော၊ ပညတ္တိ–နာမည်ပညတ်တစ်မျိုးတည်း၊ ဝတ္တဗ္ဗာ–ဆိုထိုက်သည်၊ သိယာ၊ တဿာ–ထိုဒုတိယပညတ်တစ်မျိုး၏၊ (အညာ–သော၊ ပညတ္တိ– နာမည်ပညတ်တစ်မျိုးသည်၊ ဝတ္တဗ္ဗာ သိယာ၊) တဿာ–ထိုတတိယပညတ် တစ်မျိုး၏၊(အညာ ပညတ္တိ ဝတ္တဗ္ဗာ သိယာ၊) ဣတိ–ဤသို့လျှင်၊ အနဝဋ္ဌာနံ– မတန့်မရပ်နိုင်ခြင်းသည်၊ ဝါ–မပြီးမပြတ်နိုင်ခြင်းသည်၊ (သိယာ၊) ["တဿာ တဿာ"ဟူသောဝိစ္ဆာဖြင့် နောက်ထပ်ပညတ်တွေ မဆုံးနိုင်ကြောင်းကိုပြသည်၊

---

ဟူသောနာမည်ကို ဟောခြင်းအားဖြင့် အနက်တူ၏၊ မာဂဏ္ဍိယောကိုလည်း "သခ်ါ သမညာ"စသော ပုဒ်ဆယ်မျိုးဖြင့် ဖွင့်ပြထား၏၊ မာဂဏ္ဍိဟူသောအမည်သည် သခ်ါ စသော ဆယ်မျိုးလုံး၏နာမည်တည်းဟု ဆိုလိုသည်။

**နစ၊ပေ၊သမတ္ထတာ သမ္ဘဝတိ**။ ။[အညဿာတိနာမပညတ္တိ သန္ဒာယာဟ၊– အနု၊] "ဤတရားသည် ရုပ်အမည်ရှိ၏၊ ဤတရားသည် ပထဝီအမည်ရှိ၏၊ ဤသူ သည် တိဿအမည်ရှိ၏" ဤသို့ ရှေးကမှတ်သားထားခြင်းကို "သင်္ကေတဂ္ဂဟဏ– (အမှတ်အသားကို ယူခြင်း)"ဟု ခေါ်၏၊ ရူပံဟုလည်းကောင်း, ပြောဆိုအပ်သော စကားသံကို ယူခြင်း, ကြားခြင်းကို "ဝစနဂ္ဂဟဏ"ဟု ဆို၏၊ ထိုသင်္ကေတဂ္ဂဟဏ ဝစနဂ္ဂဟဏနှစ်မျိုးကို လွတ်၍ (ထိုနှစ်မျိုးမရှိဘဲ) မည်သည့်နာမည်ပညတ်မျှ အနက်ကို သိစေနိုင်သောအစွမ်း မရှိပါ။

**တေသံ စ အသမတ္ထတာ**။ ။[တေသန္တိ သင်္ကေတဂ္ဂဟဏဝစနဂ္ဂဟာနံ၊ ... အသမတ္ထတာ န သမ္ဘဝတီတိ ယောဇနာ၊–အနု၊] ထိုနှစ်မျိုးရှိလျှင်လည်း အနက်ကို သိစေခြင်း၌ မစွမ်းနိုင်ဘဲ မဖြစ်တော့၊ (ကေန် စွမ်းနိုင်တော့သည်သာ၊) ["နစ ၊ပေ၊ အသမတ္ထတာ"ဟူသော ဤစကားနှစ်ရပ်သည် "သောတာလမ္ဗနမာပန္နော"စသည်ဖြင့် ဘေဒစိန္တာ၌လာသော ဂါထာအသွားနှင့် သဘောတူပင် ဖြစ်သည်။]

**ယဒိ ဟိ၊ပေ၊အသမတ္ထတာတိ**။ ။တမေဝ အသမ္ဘဝံ ယဒိဟီတိအာဒိနာ ဝိဝရတိ၊– အနု၊] သင်္ကေတဂ္ဂဟဏ ဝစနဂ္ဂဟဏ နှစ်မျိုးရှိပါလျက် နာမည်ပညတ် မပါသော ကြောင့် အနက်ကို ထင်ရှားမပြနိုင်ဟုဆိုလျှင် (နာမည်ပညတ်လည်း ပြောဆိုအပ်သော စကားသံ၏အနက်ပင် ဖြစ်ရကား) နာမည်ပညတ်ကိုလည်း ထိုနှစ်မျိုးက ထင်ရှား မပြနိုင်ရာရောက်၏၊ ထိုသို့ မပြနိုင်ခြင်းကြောင့် ...

"အဝ–ဆုံးဖြတ်သောအားဖြင့်+ဌာန်–တည်ခြင်း၊] တတော–ထိုသို့ မပြီးပြတ်နိုင်ခြင်းကြောင့်၊ အတ္ထဝိဇာနနမေဝ–မူလအနက်ကို သိခြင်းသည်ပင်၊ န သိယာ–မဖြစ်တော့ရာ၊ သင်္ကေတဿ–သင်္ကေတ၏၊ ပညတ္တိဘာဝေ–ပညတ္တိ၏အဖြစ်သည်၊(သတိ–သော်၊) အယံ–ဤအနက်သည်၊ ဣမဿ ဘာသိတဿ–ဤပြောဆိုအပ်သောစကား၏၊ အတ္ထော–အနက်တည်း၊ ဣတိဝါ–ဤသို့သော်လည်းကောင်း၊ ဣမဿ အတ္ထဿ–ဤအနက်ကို၊ ဣဒံ ဝစနံ–ဤသဒ္ဒါသည်၊ ဇောတကံ–ထွန်းပြတတ်၏၊ (ဟောတတ်၏၊) ဣတိဝါ–သို့သော်လည်းကောင်း၊ သင်္ကေတဂ္ဂဟဏံပိ–သင်္ကေတကို ယူနိုင်ခြင်းသည်လည်း၊ န (ဟောတိ)–မဖြစ်နိုင်၊ ပန–သို့မဟုတ်၊ သင်္ကေတဂ္ဂဟဏေ–သင်္ကေတကိုယူခြင်းသည်၊ သညုပ္ပာဒမတ္တေ–အမှတ်သညာ၏ဖြစ်ခြင်းမျှသည်၊ ဝါ–ဖြစ်ရုံမျှသည်၊ (သတိ၊) ဝစန ဝစနတ္ထ ဝိနိမုတ္တဿ–သဒ္ဒါ, သဒ္ဒါ၏အနက်မှလွတ်သော သင်္ကေတကို၊ ကပ္ပနေ–ကြံဆခြင်း၌၊ ပယောဇနံ–အကျိုးသည်၊ နတ္ထိ။

---

**တဿာ၊ပေ၊ န သိယာ**။ ။ထိုနာမပညတ်ကို သိဖို့ရာ ထိုနာမပညတ်မှာလည်း အခြား နာမည်ပညတ်တစ်မျိုး မှည့်ရပေလိမ့်မည်၊ တစ်ဖန် ထိုဒုတိယနာမည်မှာလည်း တတိယနာမည်ပညတ်တစ်မျိုး ရှိရပေလိမ့်မည်၊ ဤနည်းအားဖြင့် နာမည်ပညတ် အသစ်အသစ်တွေ မပြီးပြတ်နိုင်ဘဲ ရှိပေလိမ့်မည်၊ ထိုသို့ မပြီးပြတ်လျှင် မူလဆိုလိုရင်း အနက်ကိုပင် သိနိုင်တော့မည် မဟုတ်ရာ။

**နာပိ၊ပေ၊ ပညတ္တိဘာဝေ**။ ။"သင်္ကေတ"ဟူသည် အရာဝတ္ထု အထင်အရှားမရှိ၊ မှတ်သားအပ်သော အရာဝတ္ထုကိုလည်းကောင်း, ထိုဝတ္ထုကို မှတ်သားခြင်းကိုလည်းကောင်း စွဲ၍ ခေါ်ဝေါ်အပ်သော ဝေါဟာရများသာတည်း၊ ဥပမာ–"ကသိဏ်း"ဟု ခေါ်ဝေါ်ရာ၌ မြေဝိုင်းစသော အဝန်းအဝိုင်း စသည်ကိုလည်းကောင်း, ဘာဝနာအထူးကိုလည်းကောင်း စွဲ၍ "ကသိဏ်း"ဟူသော ဝေါဟာရဖြစ်သကဲ့သို့တည်း ဤသို့ အချို့က ယူကြ၏၊ ထိုအယူအတိုင်းဆိုလျှင် သင်္ကေတလည်း ပညတ်ပင်ဖြစ်ရကား ထိုသင်္ကေတကိုလည်း နာမည်ပညတ်မပါဘဲ မယူနိုင်, မသိနိုင်ဘဲရှိရာ၏။

**မှတ်ချက်**။ ။"အယံ ဣမဿ၊ပေ၊ ဇောတကံတိဝါ"တို့ကား နာပိ သင်္ကေတဂ္ဂဟဏံ ဝယ် သင်္ကေတယူပုံကို ပြသော အာကာရဝါကျတည်း၊ အတ္ထောတိဝါ ဇောတကန္တိဝါတိ ဣဒံ သင်္ကေတဂ္ဂဟဏန္တိ ဧတေန သမ္ဗန္ဓိတဗ္ဗံ–မဓု။

**ဝစန၊ပေ၊ ယောဇနံ နတ္ထိ**။ ။ရူပံ, ဝေဒနာ, တိသောစသောသဒ္ဒါ, ထိုသဒ္ဒါ၏ အနက်ဖြစ်သော ရုပ်, ဝေဒနာ, တိဿအမည်ရှိသူ, ဤသို့ ဝစနနှင့် ဝစနတ္ထနှစ်မျိုးသာ လိုရင်းဖြစ်၏၊ နာမည်ပညတ်ဆိုတာ ရုပ်,ဝေဒနာ,တိသောစသော ဝစန(စကား)ပင် ဖြစ်၍ ရုပ်တရာ, ဝေဒနာတရား, တိဿမည်သူတို့မှာ ထိုစကား၏အနက် (ဝစနတ္ထ)များ ဖြစ်သောကြောင့် ထိုနှစ်မျိုးမှ အလွတ်ဖြစ်သော အမှတ်သညာ ဖြစ်ရုံမျှဖြစ်သော သင်္ကေတကို ကြံခြင်းသည် အပိုအလုပ်မျှဖြစ်၍ အကျိုးမရှိပါ–ဟူလို။

ဗုဒ္ဓဿ–အလုံးစုံသော တရားတို့ကိုသိတော်မူသော၊ ဘဂဝတော–မြတ်စွာဘုရား၏၊ ဝေါဟာရော–မိန့်မြွက်တော်မူအပ်သောစကားသံသည်၊ လောကိယေ–သတ္တဝါအပေါင်း၏ဥစ္စာဖြစ်သော၊ သောတေ–နား၌၊ ပဋိဟညတိ–ထိခိုက်၏၊ အာနန္ဒ–အာနန္ဒ၊ တွံ–သင်သည်၊ ဣတော–ဤနေ့မှ၊ ပုဗ္ဗေ–ရှေး၌၊ ဇနဝသဘောတိ–ဇနဝသဘဟူ၍၊ ယဒိဒံ(နာမဓေယျံ)–အကြင်ထားအပ်သော အမည်သည်၊ (အတ္ထိ၊) ဝေရူပံ–ဤသို့သဘောရှိသော၊ (တံ)နာမဓေယျံ–ကို၊ သုတံ–ကြားအပ်ဖူး၏ဟူ၍၊ အဘိဇာနာသိနော–သိ၏လော၊ ဘဂဝါ–မြတ်စွာဘုရား၊ အဟံ–တပည့်တော်သည်၊ ကောဏ္ဍညော–ကောဏ္ဍညပါတည်း၊ ဣတိ–သို့၊ နာမဉ္စ–နာမည်ကိုလည်း၊ သာဝေတိ–ကြားစေ၏၊ ဣတိအာဒိဟိ–ဤသို့ အစရှိသောပါဠိရပ်တို့ဖြင့်၊ ပညတ္တိယာ–ပညတ်၏၊ ဝစနဘာဝေါ–စကားသံ၏အဖြစ်သည်၊ သိဒ္ဓေါ–ပြီးစီး၏၊ တသ္မာ, ပါဠိယာ–ပါဠိတော်၏လည်းကောင်း၊ အဋ္ဌကထာယစ–၏လည်းကောင်း၊ အဝိရုဒ္ဓေါ–မဆန့်ကျင်သော၊ အတ္ထော–ကို၊ ဝိစာရေတဗ္ဗော–စိစစ်၍၊ ဂဟေတဗ္ဗော–ယူထိုက်၏။

---

**ဗုဒ္ဓဿ၊ပေ၊ သိဒ္ဓေါ**။ ။ဤပါဠိသုံးရပ်သည် နာမပညတ်နှင့် စကားသံဝစနတို့၏ အဓိပ္ပာယ် အရတူကြောင်းကို ပြီးစေသော သာဓကတို့တည်း၊ မှန်၏–ပဌမပါဠိ၌ "ဝေါဟာရသည် သောတပသာဒ၌ ထိခိုက်၏"ဟု ဆိုသဖြင့် ဝေါဟာရဟူသည် စကားသံ(ဝစန)ပင်ဖြစ်ကြောင်း သက်သေရ၏၊ ဒုတိယပါဠိ၌ "နာမဓေယျံ သုတံ" ဟု ဆိုသဖြင့် နာမ,နာမကမ္မ,နာမဓေယျတွင် ပါဝင်သော နာမဓေယျ (နာမည်ပညတ်)နှင့် ကြားအပ်သော စကားသံသည် သဘောတူဖြစ်၏ဟု သိရပြန်၏၊ တတိယပါဠိ၌ "နာမဉ္စ သာဝေတိ"ဟု ဆိုသဖြင့် နာမဟူသော နာမည်ပညတ်သည်ပင် ကြားစေအပ်သော စကားသံသဒ္ဒဖြစ်ကြောင်း ထင်ရှားပြန်၏၊ အာဒိဖြင့် "အတ္ထိ ကေစိ ဗုဒ္ဓဿ ဘဂဝတော ဝေါဟာရံ သုဏန္တိ"ဟူသော ပါဠိ, နိရုတ္တိ ပဋိသမ္ဘိဒါ ပစ္စုပ္ပန္နာရမဏာ" ဟူသော ပါဠိများကို ယူပါ–ဟု အနုဋီကာ မိန့်သည်။

**တသ္မာ ၊ပေ၊ ဂဟေတဗ္ဗော**။ ။တသ္မာဖြင့် ဆိုအပ်ပြီးသော အပြစ်တို့ကို ပြန်ညွှန်ပြသည်၊ အာစရိယဝါဒအရ ပညာပိတဗ္ဗပညတ်, ပညာပနပညတ် နှစ်မျိုးကို ယူလျှင် မာတိကာအဋ္ဌကထာနှင့် ဆန့်ကျင်ဘက်ဖြစ်ခြင်း, အဋ္ဌကထာ၌ မဖွင့်ဆိုခြင်း, ဤပါဠိတော်၌ သခ်ါ သမညာစသော နာမည်ပညတ်ကိုသာ ဟောတော်မူသောကြောင့် ထိုနှစ်ပါးသော ပညတ်၏ဤပါဠိတော်သို့ အစဉ်မလိုက်ခြင်း, (ပညတ္တိဓမ္မအရ အတ္ထပညတ်တို့ကိုပါ ယူလျှင်) ပညတ္တိပထပုဒ်ကို ဟောဖွယ်မလိုတော့ခြင်း, (နာမပညတ်ပါမှ အနက်ကို သိရမည်ဆိုလျှင်) နာမည်ပညတ်တွေ မပြီးမပြတ်နိုင်ဘဲ အထပ်ထပ် လာစရာ ရှိခြင်း, မူလ အနက်အဓိပ္ပာယ်ကိုပင် သိနိုင်ဖွယ် မရှိတော့ခြင်းဟူသော များစွာသော အပြစ်တို့ကိုလည်းကောင်း, (ဝိညတ်ဟူသော ဝိကာရရုပ်နှင့် တကွဖြစ်သော သဒ္ဒရုပ် နာမည်ပညတ်ကို ပညတ္တိပုဒ်အရ ကောက်ယူလျှင်) ဆိုအပ်ခဲ့သော ထိုအပြစ်တို့ မရှိခြင်း, ပါဠိတော်များစွာနှင့် လိုက်လျောခြင်းကိုလည်းကောင်း တသ္မာဖြင့် ပြန်ညွှန်သည်၊

သတ္တာဒယော–အသတ္တအစရှိသည်တို့သည်၊ အဝိဇ္ဇမာနပညတ္တိ–အဝိဇ္ဇမာန ပညတ်သည်၊ ယဒိ န ဟောန္တိ–အကယ်၍ မဟုတ်ကုန်အံ့၊ (ဧဝံ သတိ၊) အဝိဇ္ဇမာန ပညတ္တိနာမ–အဲဝိဇ္ဇမာနပညတ်မည်သည်၊ ကာပန–အဘယ်နည်း၊ ဣတိ–ဤကားစောဒနာတည်း၊ အဝိဇ္ဇမာနာနံ–ပရမတ္ထအားဖြင့် ထင်ရှားမရှိကုန်သော၊ သတ္တာဒီနံ–သတ္တအစရှိသည်တို့၏၊ သခ်ါ–သည်၊ပေ၊ အဘိလာပေါ–သည်၊ အဝိဇ္ဇမာနပညတ္တိ–အဝိဇ္ဇမာနပညတ်တည်း၊ ဣတိ အယံ အတ္ထော–ဤအနက်ကို၊ (မယာ) ပကာသိတော–ထင်ရှားပြအပ်ပြီ၊ [တိုက်ရိုက် ပြောဆိုခဲ့ခြင်း မဟုတ်သောကြောင့် "ပကာသိတော"ဟု ဆိုသည်။]

စ–ဆက်၊ သတ္တာဒီနံ–သတ္တအစရှိသည်တို့၏၊ အဝိဇ္ဇမာနတ္တာ–အဝိဇ္ဇမာန တို့၏ အဖြစ်ကြောင့်၊ အတ္ထိတာ–ရှိကုန်သည်၏အဖြစ်ကို၊ နေဝဝတ္တဗ္ဗာ–မဆိုထိုက်သည်သာ၊ စ–ဆက်၊ ယေစ–အကြင်ပရဝါဒီပုဂ္ဂိုလ်တို့သည်လည်း၊ ဝဒေယျုံ (ကိံ၊) ရူပါဒီနိ–ရုပ် အစရှိသည်တို့သည်၊ (ဝိဇ္ဇမာနာနိ) ဝိယ–

ဤသို့လျှင် ပါဠိတော်အဋ္ဌကထာနှင့် မဆန့်ကျင်အောင် ပညတ္တိဓမ္မအရ ဝိညတ္တိဟူသော ဝိကာရရုပ်နှင့် တကွဖြစ်သော သဒ္ဒရုပ်ကိုပင် နာမည်ပညတ်ဟု ခေါ်ရသောကြောင့် ထိုသဒ္ဒရုပ် နာမည်ပညတ်ကို ပညတ္တိပုဒ်အရ ကောက်ပါ၊–ဟူလို။

**ယဒိ ၊ပေ၊ အဝိဇ္ဇမာနပညတ္တိနာမ**။ ။ရှေ့၌ ပရဝါဒီပုဂ္ဂိုလ်၏အလိုကို ပြရာဝယ် "ယဒိ သတ္တရထဃဋ္ဋာဒီ၊ပေ၊ အဝိဇ္ဇမာနပညတ္တိ"ဟုဆို၍ ထိုစကားကို သကဝါဒီက ပယ်ခဲ့၏၊ ထိုသို့ ပယ်ခဲ့သည်ကို မကျေနပ်၍ "ယဒိ၊ပေ၊ အဝိဇ္ဇမာနပညတ္တိ နာမ= သတ္တရထ စသောပညတ်တို့သည် အဝိဇ္ဇမာနပညတ် မဟုတ်လျှင် အဘယ်ပညတ်သည် အဝိဇ္ဇမာနပညတ် မည်သနည်း"ဟု ပရဝါဒီက ပြန်၍ မေးသည်။

**ပကာသိတော ၊ပေ၊ ပညတ္တိတိ**။ ။အဝိဇ္ဇမာနဖြစ်သော သတ္တရထ စသည်တို့၏ သခ်ါသမညာစသော အမည်ကိုသာ အဝိဇ္ဇမာနပညတ်ခေါ်သည်ဟူသော အဓိပ္ပာယ်ကို "အဝိဇ္ဇမာနသာစ သခ်ါဒိတာ အဝိဇ္ဇမာန ပညတ္တိ"ဟူသော စကားဖြင့် ပြခဲ့ပြီး မဟုတ်ပါလော၊ "အသင်က နာမည်ကို အဝိဇ္ဇမာနပညတ်"ဟု မဆိုဘဲ "သတ္တဝါဒြဗ်ကို အဝိဇ္ဇမာနပညတ်"ဟု ဆိုခဲ့သောကြောင့် အသင့်စကားကို ပယ်ရှားခဲ့ရသည်–ဟူလို။

**သတ္တာဒီနဥ္စ ၊ပေ၊ ဝတ္တဗ္ဗာ**။ ။သတ္တ ရထ ဃဋ္ဋ စသည်တို့သည်ပရမတ္ထ အားဖြင့် ထင်ရှားမရှိသောကြောင့် "ရှိသည်"ဟု ဘယ်ကာလ၌မျှ မဆိုရာ၊ ဤစကားဖြင့် "အဝိဇ္ဇမာနသာ+ပညတ္တိ အဝိဇ္ဇာမာနပညတ္တိ"ဟူသော ဝိဂ္ဂဟကို ပြသည်။

**ယေစ၊ပေ၊ ဝဒေယျုံ**။ ။ပရဝါဒီပုဂ္ဂိုလ်တို့က ဆိုကြသည်မှာ–ရုပ်သည် ရုပ်အဖြစ်ဖြင့်သာရှိ၍ (ဝေဒနာအစရှိသည်အဖြစ်ဖြင့် မရှိခြင်းကို ရည်ရွယ်၍) ရုပ်ကို မရှိဟု ဆိုရသကဲ့သို့(ဝေဒနာစသော ခန္ဓာတို့၌ နည်းတူဆိုရကဲ့သို့) သတ္တ ရထ ဃဋ္ဋ စသည်တို့လည်း သတ္တအဖြစ် ဃဋ္ဋအဖြစ် စသည်မှတစ်ပါး အခြားသောအဖြစ်ဖြင့် မရှိသောကြောင့်သာ အဝိဇ္ဇမာနအဖြစ်ကို ဆိုအပ်ပါသည်၊ န နတ္ထိဘာဝတော–လုံးလုံးမရှိ၊ (ဘယ်နည်းနှင့်မျှ မရှိ)သောကြောင့် မရှိဟု ဆိုအပ်သည် မဟုတ်ပါ၊ ဤသို့ ဆိုကြပါသည်။

ထင်ရှားရှိကုန်သကဲ့သို့၊ (တထာ,သတ္တာဒီနံ–တို့၏၊) အဝိဇ္ဇမာနတ္တာ–ကြောင့်၊ အဝိဇ္ဇမာနတာ–အဝိဇ္ဇမာန၏အဖြစ်ကို၊ ဝုတ္တာ–ပြီ၊ နတ္ထိဘာဝတော–လုံးလုံး မရှိသည်၏အဖြစ်ကြောင့်၊ န (ဝုတ္တာ)–ဆိုအပ်သည် မဟုတ်၊ ဣတိ–သို့၊ (ဝဒေယျုံ၊) စ–ဆက်၊ အယဥ္စ ဝါဒေါ–ဤဝါဒကိုလည်း၊ ဟောဝတ္ထိကထာယ– ဟောဝတ္ထိကထာ၌၊ ပဋိသိဒ္ဓေါ–တားမြစ်အပ်ပြီ၊ စ–ဆက်၊ ရူပံ–ရုပ်သည်၊ ဝေဒနာ–သည်၊ န ဟောတိ–မဟုတ်၊ ဣတိ–ကြောင့်၊ အဝိဇ္ဇမာနံနာမ– အဝိဇ္ဇမာနမည်သည်၊ န ဟောတိ (ယထာ)–မဖြစ်နိုင်သကဲ့သို့၊ ဧဝံ–တူ၊ သတ္တာဒယောပိ–သတ္တ အစရှိသည်တို့သည်လည်း၊ ယဒိ အတ္ထိ–နံအံ့၊ (ဧဝံသတိ) ရူပါဒယော–ရုပ် အစရှိသည်တို့သည်၊ န ဟောန္တိ–မဟုတ် ကုန်၊ ဣတိ– ကြောင့်၊ အဝိဇ္ဇမာနာတိ–အဝိဇ္ဇမာနတို့ဟူ၍၊ န ဝတ္တဗ္ဗာ–နံ၊ ပန–စင်စစ်ကား၊ ယသ္မာ, ယေသု ရူပါဒီသု–အကြင် ရုပ်အစရှိသည်တို့သည်လည်းကောင်း၊ (ယေသု) စက္ခာဒီသုစ–အကြင် စက္ခုအစရှိသည်တို့သည်လည်းကောင်း၊ တထာ တထာ–ထိုထိုအခြင်းအရာအားဖြင့်၊ ပဝတ္တမာနေသု–ဖြစ်ကုန်လသော်၊

---

**အယဥ္စ ဝါဒေါ**။ ။သတ္တ ရထ ဃဋ ပညတ်တို့သည် ထင်ရှားရှိပါလျက် ရုပ် ဝေဒနာ စသည်တို့၏အဖြစ်ဖြင့် မရှိသောကြောင့်သာ "အဝိဇ္ဇမာန"ဟု ဆိုအပ်ကြ၏၊ အခါခပ်သိမ်း (ဘယ်နည်းနှင့်မျှ) ထင်ရှားမရှိသောကြောင့် "အဝိဇ္ဇမာန"ဟု ဆိုအပ်ကြ သည် မဟုတ်"ဟူသော ဝါဒကို "အယဥ္စဝါဒေါ"ဟု ဆိုသည်။

**ဟောဝတ္ထိကထာယ**။ ။"ရူပံ အတ္ထိ–ရုပ်ရှိသလော"ဟု သကဝါဒီက မေးသော အခါ "သော၀ အတ္ထိ–ထိုရုပ်ဟူသော သဘောတရားသည် ရှိ၏၊ သော၀ နတ္ထိ–(ထို ရုပ်က ထိုဝေဒနာစသည် မဖြစ်နိုင်သောကြောင့်) ထိုဝေဒနာစသော သဘောသည် မရှိ" ဤသို့စသည်ဖြင့် ကထာဝတ္ထု–မဟာဝဂ္ဂအဆုံး၌လာသော ကထာကို "သော၀တ္ထိ ကထာ"ဟု ခေါ်၏၊ [ယခုစာအုပ်များ၌ "သော၀တ္ထိကထာ"ဟု တွေ့ရသည်။]

**ပဋိသိဒ္ဓေါ**။ ။"ရုပ်သည် ရုပ်အဖြစ်ဖြင့်ရှိ၏၊ ဝေဒနာစသောအဖြစ်ဖြင့် မရှိ၊"ဟု ဆိုရာ၌ ရုပ်သည် ရုပ်အဖြစ်ဖြင့်ရှိတာ အမှန်ဖြစ်၏၊ သတ္တရထ စသည်တို့ကား သတ္တာအဖြစ် ရထအဖြစ် စသည်ဖြင့် ထင်ရှားမရှိ၊ ပညတ်သဘောအားဖြင့်သာ "ရှိသည်"ဟု ဆိုရ၏၊ ထို့ကြောင့် "ရူပံ ရူပန္တိ သော၀ အတ္ထိ၊ (ယခုစာအုပ်များ၌ "ဟောဝတ္ထိ–ဟောဝံ အတ္ထိ"ဟု ရှိ၏၊) ရူပံ ဝေဒနာတိ ဟောဝံ နတ္ထိဟူသော စကားဖြင့် ပယ်အပ်ပြီးဟူရာ၌" တိုက်ရိုက်ပယ်အပ်သည် မဟုတ်၊ ရုပ်သည် ရုပ်အဖြစ်ဖြင့် ရှိသ ကဲ့သို့ သတ္တသည် သတ္တဝါအဖြစ်ဖြင့် ထင်ရှားမရှိသောကြောင့် "ထို သတ္တပညတ်ကို ပယ်အပ်ရာ ရောက်ပြီးဖြစ်သည်"ဟု ဆိုလိုသည်။

**ယသ္မာ ပန ။ပေ၊ ဝုစ္စန္တိ**။ ။"သတ္တာဒယောပိ အဝိဇ္ဇမာနာတိ န ဝတ္တဗ္ဗာ"ကို အဖြောင့်ဆိုလျှင် "သတ္တာဒယောပိ ဝိဇ္ဇမာနာတိ ဝတ္တဗ္ဗာ"ဟု ဖြစ်၏၊ ထိုသို့ ဝိဇ္ဇမာန ဟု ဆိုထိုက်လျှင် အဘယ့်ကြောင့် "အဝိဇ္ဇမာနပညတ်"ဟု ဆိုအပ်ကုန်သနည်း ဟု မေးဖွယ်ရှိသောကြောင့် "ယသ္မာ ပန"စသည်ကို မိန့်သည်၊ [တထာ တထာတိ

သဏ္ဌာနာ–သဏ္ဌာဝါ၊ ကူဋ္ဌိ–မိန်းမ၊ ရထော–ရထား၊ ဃဋော–အိုး၊ ဣတိအာဒိကာ–ဤသို့အစရှိသော၊ဝိစိတ္တသညာ–ဆန်းကြယ်သောအမှတ်သညာသည်၊ ဥပ္ပဇ္ဇတိ၊ သညာနုလောမာနိ–သညာအားလျော်ကုန်သော၊ အဓိဝစနာနိ စ–သဒ္ဒါတို့သည်လည်း၊ (ဥပ္ပဇ္ဇန္တိ၊) တေဟိ ရူပစက္ခာဒိဟိ–ထို ရုပ်စက္ခုပသာဒ အစရှိသည်တို့မှ၊ အညော–သော၊ သတ္တ ၊ပေ၊ လမ္ဗိတော–သတ္တရထအစရှိသော အမှတ်သညာသည် ဆွဲမှီအပ်သော၊ ဝစနတ္ထော–သဒ္ဒါ၏အနက်ဒြဗ်သည်၊ ဝိဇ္ဇမာနော–ထင်ရှားရှိသည်၊ န ဟောတိ၊ တသ္မာ,သတ္တ၊ပေ၊ လာပါ–သတ္တရထ အစရှိသော အမည်တို့ကို၊ အဝိဇ္ဇမာနပညတ္တိ တိ–ဟူ၍၊ ဝုစ္စန္တိ။

စ–ဆက်၊ တေ (အဘိလာပါ)–ထိုသဒ္ဒါတို့ကို၊ မုသာတိ–အလွဲအမှားတို့ဟူ၍၊ န ဝုစ္စန္တိ၊ (ကသ္မာ၊) လောကသမညာဝသေန–လောကအမှတ်အသား၏အစွမ်းဖြင့်၊ ပဝတ္တတ္တာ–ဖြစ်ကုန်သည်၏အဖြစ်ကြောင့်တည်း၊ တတော ဧဝ–ထို့ကြောင့်ပင်၊ တေ အဘိလာပါ–ထိုသဒ္ဒါတို့ကို၊ သမ္မုတိသစ္စန္တိ–သမ္မုတိသစ္စာဟူ၍၊ ဝုစ္စန္တိ–ဆိုအပ်ကုန်၏၊ သော စ ဝစနတ္ထော–ထိုသဒ္ဒါ၏အနက်သည်လည်း၊ သယံ–မိမိကိုယ်တိုင်၊ အဝိဇ္ဇမာနောပိ–ထင်ရှား မရှိပါသော်လည်း၊ ဝိဇ္ဇမာနသ–ထင်ရှားရှိသော၊ ဝစနသေဝ–စကားသံ၏သာလျှင်၊ ဝသေန–အစွမ်းကြောင့်၊ ပညတ္တိဝေါဟာရံ–ပညတ်ဟူသော အခေါ်အဝေါ်ကို၊ လဘတိ၊

သမူဟသန္တာနာဒိ ဝသေန၊–အနု၊] ရုပ် ဝေဒနာစသော ခန္ဓာငါးပါးအပေါင်း, စက္ခုစသော ရုပ်အပေါင်း ဖြစ်ရာဝယ် ထိုအပေါင်းကို ကြည့်၍ သတ္တဝါဟူသော သညာ, မိန်းမစသော သညာ အမျိုးမျိုးသည် ဆန်းကြယ်စွာ ဖြစ်၏၊ ရုပ်ကလာပ်အပေါင်းတွေ စီကာစဉ်ကာ ဖြစ်နေသော သက်မဲ့သန္တာန်တို့၌လည်း ရထား, အိုးစသော သညာတို့သည် အမျိုးမျိုး ဆန်းကြယ်စွာ ဖြစ်ကြကုန်၏၊ ထိုအမှတ်သညာ အမျိုးမျိုးအားလျော်စွာ ခေါ်ဝေါ်ပြောဆိုဖို့ရာ သတ္တ,ကူဋ္ဌိ,ရထစသော အမျိုးမျိုးသော ဝေါဟာရ(စကားလုံး) တို့လည်း ဖြစ်ကြကုန်၏၊ ထိုသို့ဖြစ်ရာ၌ ရုပ်ဝေဒနာစသည် စက္ခုစသည်ကိုဖယ်ထားလျှင် သတ္တ,ရထစသော နာမည်တို့၏ စွဲမှီတည်နေဖို့ရာ အနက် ဒြပ် တစ်စုံတစ်ခုမျှ မရှိတော့ရကား ဝိဇ္ဇမာန မဟုတ်တော့၊ "အဝိဇ္ဇမာနအနက်များ ဖြစ်နေသည်"–ဟူလို၊ ထို့ကြောင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်များကို ခေါ်ဆိုဖို့ရာ သတ္တ, ရထစသောနာမည် သဒ္ဒါများကိုလည်း "အဝိဇ္ဇမာနသ+ပညတ္တိ"နှင့် အညီ "အဝိဇ္ဇမာနပညတ်"ဟု ခေါ်အပ်ကြသည်။

**နစ ၊ပေ၊ ဝုစ္စန္တိ**။ ။ထိုသို့ဖြစ်လျှင် ထိုထင်ရှားမရှိသော အနက်တို့ကို ခေါ်ဝေါ်ပြောဆိုကြောင်း စကားတို့သည် မုသားမဖြစ်ပါလောဟု မေးဖွယ်ရှိသောကြောင့် "နစ ၊ပေ၊ ဝုစ္စန္တိ"ဟု မိန့်သည်၊ လောက၌ အများက အသိအမှတ်ပြုအပ်သော ဝေါဟာရ (စကားလုံး)အဖြစ်ဖြင့် ဖြစ်နေသောကြောင့် မုသားမဖြစ်ကြပါ၊ မုသား မဖြစ်သောကြောင့် ထိုသဒ္ဒါ(စကားလုံး)ဝေါဟာရများကို "သမ္မုတိသစ္စာ"ဟု ခေါ်ရပါသည်။

**သောစ၊ပေ၊ လဘတိ**။ ။ထိုသတ္တ ရထစသော ဝစနတ္ထ (သဒ္ဒါ၏ဟောနက်)သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိလျှင် သတ္တ ရထစသော နာမည်ပညတ်ကို အဘယ့်ကြောင့်

သမ္မုတိသစ္စန္တိ စ–ဟူ၍လည်း၊ ဝုစ္စတိ၊ (ကသ္မာ) ယထာဂဟိတသညာဝသေန–အကြင်အကြင် မှတ်ယူအပ်သောသညာ၏အစွမ်းဖြင့်၊ ပဝတ္တစနဝတ္ထုဘာဝတော–ဖြစ်သောသဒ္ဒါအနက်၏ အဖြစ်ကြောင့်တည်း။

စ–ဆက်၊ သမ္မုတိ ၊ပေ၊ နာညာရမဏန္တိ ကထာယ–နာညာရမဏာဟူသော ကထာ၌၊ ပထဝီကသိဏာဒိ–ပထဝီကသိုဏ်းအစရှိသော ပညတ်သည်လည်းကောင်း၊ ဓိဝရာဒိစ–သင်္ကန်းအစရှိသော ဝတ္ထုသည်လည်းကောင်း၊ သမ္မုတိသစ္စမ္ပိ–သမ္မုတိသစ္စာတည်း၊ [သံတ္တမိဝိဘတ် ပဋ္ဌမာအနက်၌ သက်၊ အချို့စာ၌ “သမ္မုတိသစ္စန္တိ”ဟု ရှိ၏၊ ဣတိ–ဤစကားကို၊ ဣမိနာဝ အဓိပ္ပါယေန–ဤသယံ အဝိဇ္ဇမာနေပိစသော အဓိပ္ပါယ်ဖြင့်ပင်လျှင်၊ ဝုတ္တံ၊ ဣတိ–သို့၊ ဝိညာယတိ၊ ယသ္မာ, ရူပါဒီသု–ရုပ် အစရှိသည်တို့သည်၊ သန္တာနေန–အစဉ်သန္တာန်အားဖြင့်၊ ပဝတ္တမာနေသု–ဖြစ်ကုန်လသော်၊ ဧကတ္တဂ္ဂဟဏဝသေန–

ရနိုင်သနည်းဟု မေးဖွယ်ရှိသောကြောင့် မိမိကို ဟောသော သဒ္ဒါက သဒ္ဒရုပ်အဖြစ်ဖြင့် ထင်ရှားရှိ၏၊ ထိုသဒ္ဒါ၏အစွမ်းကြောင့် ထိုသဒ္ဒရုပ်သည်ပင် နာမည်ပညတ်ဟူသော အခေါ်အဝေါ်ကို ရနိုင်ပါသည်။

**သမ္မုတိ၊ပေ၊ ဘာဝတော**။ ။ထင်ရှားမရှိသော အနက်ဒြဗ်ကို အဘယ့်ကြောင့် သမ္မုတိသစ္စာဟု ဆိုရပါသနည်းဟု မေးဖွယ်ရှိသောကြောင့် “သမ္မုတိ”စသည်ကိုမိန့်၊ ထိုယူအပ် မှည့်အပ်သော နာမည်အတိုင်းဖြစ်နေသော ဝစနတ္ထဖြစ်သောကြောင့် ထို ဝစနတ္ထကို သမ္မုတိသစ္စာ(အများသမုတ်ထားသည့်အတိုင်း အမှန်)ဟု ဆိုရပါသည်။

**သမ္မုတိ၊ပေ၊ ဝိညာယတိ**။ ။သမ္မုတိသစ္စန္တိ စ ဝုစ္စတိနှင့်စပ်၍ ကထာဝတ္ထုစကားနှင့် နှီးနှောပြလိုသောကြောင့် “သမ္မုတိ ဉာဏံ”စသည်ကိုမိန့်၊ ထိုပါဠိတော် ပဥ္စမဝဂ် သမ္မုတိဉာဏကထာကို ရည်ရွယ်၍ “သမ္မုတိ ၊ပေ၊ ကထာယ”ဟု ဆိုသည်၊ ထိုကထာ၌ ပထဝီကသိုဏ်းစသည်ကိုလည်းကောင်း, သင်္ကန်း စသည်ကိုလည်းကောင်း ပြထား၏၊ ထိုကသိုဏ်း ထိုပစ္စည်းဝတ္ထုများကို “သမ္မုတိသစ္စာမည်၏”ဟူသောစကားကို “သယံ အဝိဇ္ဇမာနောပိ ဝိဇ္ဇမာနသ္သ ဝစနဿဝသေန ပညတ္တိဝေါဟာရံ လဘတိ”ဟု ဆိုအပ်ပြီးသော အဓိပ္ပါယ်အားဖြင့် မိန့်တော်မူအပ်သည်ဟု သိနိုင်သည်၊ [ဣမိနာဝ အဓိပ္ပါယေနာတိအာဒိ သယံ အဝိဇ္ဇမာနောပီတိအာဒိနာ ဝုတ္တမေဝတ္ထံ သန္ဓာယာဟ၊–အနု။]

**ယသ္မာ ၊ပေ၊ န ဝတ္တဗ္ဗန္တိ ဝုတ္တံ**။ ။ထိုသို့ သမ္မုတိသစ္စာဖြစ်လျှင် သတ္တစသည်ကို အဘယ်ကြောင့် “န ဝတ္တဗ္ဗံ”ဟု ဆိုအပ်ပါသနည်းဟု မေးဖွယ်ရှိသောကြောင့် “ယသ္မာ”စသည်ကို မိန့်၊ ရုပ်ဝေဒနာစသော ခန္ဓာတို့သည် အစဉ်သန္တာန်အားဖြင့် ဆက်၍ဖြစ်ကြရာ၌ တစ်ခုတည်းအဖြစ်ဖြင့် မှတ်ယူပြီးလျှင် ထိုရုပ်စသည်တို့ကို မလွှတ်ဘဲ အာရုံပြု၍ဖြစ်သော သတ္တဝါ, ယောကျ်ား, မိန်းမ, ရထား, အိုးစသောအားဖြင့် မှတ်ယူတတ်သော စိတ်သည် ရုပ်ဝေဒနာစသော ခန္ဓာတို့၌လည်းကောင်း, စက္ခုစသည်တို့၌လည်းကောင်း ထင်ရှားမရှိသောသတ္တဝါ, ရထားစသောအာရုံကို ယူ၏၊ ဥပမာ–စက္ခုဝိညာဉ်စသည်တို့က ရူပါရုံစသည်ကို ယူရာ၌ ထင်ရှားရှိသောအာရုံကို ယူ၏၊

တစ်ခုတည်း၏အဖြစ်ကို ယူခြင်း၏အစွမ်းဖြင့်၊ တေ-ရုပ်အစရှိသော ခန္ဓာ ငါးပါးတို့ကို၊ အမုဉ္စိတွာ-မလွတ်မူ၍၊ ပဝတ္တံ-ဖြစ်သော၊ သတ္တာဒိဂ္ဂဟဏံ- သတ္တအစရှိသည်ကို ယူကြောင်းစိတ်သည်၊ (အာရုံပြုကြောင်းစိတ်သည်၊) စက္ခုဝိညာဏာဒီနိ-စက္ခုဝိညာဉ် အစရှိသည်တို့သည်၊ (ဂဏှန္တိ)ဝိယ-အာရုံကို ယူကုန်သကဲ့သို့၊ (တထာ) ရူပါဒီသု-ရုပ် အစရှိကုန်သော၊ တေသု ခန္ဓေသု- ထိုခန္ဓာငါးပါးတို့၌လည်းကောင်း၊ စက္ခာဒီသုစ-စက္ခု အစရှိသည်တို့၌လည်း ကောင်း၊ အသန္တံ-ထင်ရှားမရှိသော၊ အဝိဇ္ဇမာနံ-သော၊ သတ္တရထာဒိံ-သတ္တ ရထ အစရှိသည်ကို၊ ဂဏှာတိ-အာရုံပြုသောအားဖြင့် ယူ၏၊ တသ္မာ, တံ- ထိုသတ္တအစရှိသော အာရုံကို၊ ပရိတ္တရမဏာဒိဘာဝေန-ပရိတ္တရမဏအစရှိ သည်တို့၏အဖြစ်ဖြင့်၊ န ဝတ္တဗ္ဗန္တိ-မဆိုထိုက်သောအာရုံဟူ၍၊ ဝုတ္တံ-ပြီ။

တထာ-ထိုမှတစ်ပါး၊ ယံ ခန္ဓသမူဟသန္တာနံ-အကြင် ခန္ဓာငါးပါးအပေါင်း ဖြစ်သောအစဉ်ကို၊ ဧကတ္တေန-တစ်ခုတည်း၏အဖြစ်ဖြင့်၊ ဂဟိတံ-ယူအပ်သည် ကို၊ ဥပါဒါယ-စွဲ၍၊ ကလျာဏမိတ္တော-ကောင်းသော မိတ်ဆွေဖြစ်သော၊ (ပုဂ္ဂလော-ပုဂ္ဂိုလ်၊) ပါပမိတ္တော-မကောင်းသော မိတ်ဆွေဖြစ်သော၊ ပုဂ္ဂလော- ပုဂ္ဂိုလ်၊ ဣတိ-သို့၊ ဂဟဏံ-မှတ်ယူကြောင်းစိတ်သည်လည်းကောင်း၊ ပညတ္တိ စ-(ကလျာဏမိတ္တစသော ပညတ်သည်လည်းကောင်း၊ ပဝတ္တတိ၊ တဒုပါဒါန ဘူတံ-ထိုသို့စွဲယူခြင်း၏အကြောင်းဖြစ်၍ဖြစ်သော၊ တံ-(ခန္ဓသမူဟသန္တာနံ)- ကို၊ (ဝုတ္တံ၌စပ်၊) ပုဂ္ဂလသညာယ-ပုဂ္ဂိုလ်ဟူသောအမှတ်သညာဖြင့်၊ သေဝမာန သ-မှီဝဲသောပုဂ္ဂိုလ်၏၊ ကုသလာကုသလာနံ-တို့၏၊ ဥပ္ပတ္တိ-ဖြစ်ခြင်းသည်၊ ဟောတိ၊ ဣတိ-ကြောင့်၊ ပုဂ္ဂလောပိ၊ပေ၊ ပစ္စယောတိ-ဟူ၍၊ ဝုတ္တံ-ပြီ။

---

သတ္တစသည်ကို ယူရာ၌ကား ထင်ရှားမရှိသောအာရုံကို ယူ၏၊ ဤသို့အာရုံချင်းမတူသော် လည်း အာရုံယူပုံချင်းတူသောကြောင့် "စက္ခုဝိညာဏာဒီနိဝိယ" ဟု ဥပမာပြသည်၊ ထိုသို့ အဝိဇ္ဇမာနဖြစ်သောကြောင့် ထိုသတ္တစသော အာရုံများကို "နဝတ္တဗ္ဗအာရုံ" ဟုဆိုရသည်။

**တထာယံ ၊ပေ၊ ပစ္စယောတိ ဝုတ္တ**။ ။ထို ထင်ရှားမရှိသော န ဝတ္တဗ္ဗအာရုံက လည်း ကုသိုလ်အကုသိုလ်ဖြစ်ဖို့ရန် ကျေးဇူးပြုနိုင်ကြောင်းကို ပြလို၍ "တထာယံ" စသည်ကို မိန့်၊ ရုပ်ဝေဒနာစသော ခန္ဓာအပေါင်းအစဉ်ကိုပင် တစ်ခုတည်းအဖြစ်ဖြင့် မှတ်ယူအပ် အာရုံပြုအပ်သည်ကို အကြောင်းပြု၍ ကလျာဏမိတ္တပုဂ္ဂိုလ်, ပါပမိတ္တ ပုဂ္ဂိုလ်ဟု ယူကြောင်းစိတ်အစဉ်သည်လည်းကောင်း, ထိုယူပုံ အချင်းအရာအားလျော်စွာ မှည့်ခေါ်အပ်သော ကလျာဏမိတ္တပုဂ္ဂိုလ်စသော နာမည်ပညတ်သည်လည်းကောင်း ဖြစ်၏၊ ထိုခန္ဓာအပေါင်းဟူသော အစဉ်သည် ထိုမှတ်ယူထားအပ်သော ကလျာဏမိတ္တ, ပါပမိတ္တကို ပုဂ္ဂိုလ်ဟူသောအမှတ်သညာအားဖြင့် မှီဝဲပေါင်းသင်းလတ်သော် ကလျာဏ မိတ္တ ပေါင်းသူ့အတွက် ကုသိုလ်ဖြစ်၍ ပါပမိတ္တ ပေါင်းသူ့အတွက် အကုသိုလ်ဖြစ်ဖို့ရန် ကျေးဇူးပြု၏။

ပန–ဆက်၊ ယသ္မာ, ပုဂ္ဂလောနာမ–ပုဂ္ဂိုလ်မည်သော၊ ကောစိ–တစ်စုံတစ်ခုသော၊ ဘာဝေါ–သဘောတရားသည်၊ နတ္ထိ၊ တသ္မာ, အာပေါဓာတုအာဒီနိ–အာပေါဓာတ် အစရှိသည်တို့ကို၊ စိတ္တေန–စိတ်အားဖြင့်၊ (စိတ်ကူးအားဖြင့်၊) ဝိဝေစေတွာ–ခွဲစိတ်၍၊ (ခွဲစိတ်လိုက်သည်ရှိသော်၊) ပထဝီဓာတု–ပထဝီဓာတ်ကို၊ ဥပလဗ္ဘတိယထာ–ရအပ်သကဲ့သို့၊ (ဉာဏ်ဖြင့်ကပ်၍ သိအပ်သကဲ့သို့၊) ဧဝံ–တူ၊ ရူပါဒယော–ရုပ် အစရှိကုန်သော၊ ခန္ဓေ–ခန္ဓာတို့ကို၊ (စိတ္တေန–ဖြင့်၊) ဝိဝေစေတွာ–၍၊ ပုဂ္ဂလော–ပုဂ္ဂိုလ်ကို၊ န ဥပလဗ္ဘတိ–မရအပ်၊ (ဉာဏ်ဖြင့်ကပ်၍ မသိအပ်၊) ပုဂ္ဂလကထာယ–ပုဂ္ဂလကထာ၌၊ ပုဂ္ဂလဒိဋ္ဌိ–ပုဂ္ဂိုလ်ဟူသောအယူကို၊ ပဋိသေဓိတာ–တားမြစ်အပ်ပြီ၊ စ–ဆက်၊ ဝဇိရာယ–ဝဇိရာမည်သော၊ ဘိက္ခုနိယာစ–ဘိက္ခုနီသည်လည်း၊ ဝုတ္တံ၊ (ကိံ) မာရ–မာရ်နတ်၊ (တွံ–သည်၊) ကံ–အဘယ်ဝတ္ထုကို၊ သတ္တောတိ–သတ္တဝါဟူ၍၊ ပစ္စေသိနု–ယုံကြည်နေသနည်း၊ (မှတ်ထင်နေသနည်း၊ မာရ–မာရ်နတ်၊) တေ–၏၊ ဒိဋ္ဌိဂတံနု–မိစ္ဆာအယူသာတည်း၊[နုသဒ္ဒေါ ဒိဋ္ဌိဂတမေဝေတိ အဝဓာရဏတ္ထော–အနု၊] အယံ–ဤသတ္တဝါဟူသည်၊ သုဒ္ဓသင်္ခါရပုဉ္ဇော–သက်သက်သင်္ခါရအစုအပုံသာတည်း၊ ဣဓ–ဤသင်္ခါရအစုအပုံ၌၊ သတ္တော–သတ္တဝါကို၊ န ဥပလဗ္ဘတိ–မရအပ်၊ (ဉာဏ်ဖြင့်ကပ်၍ မသိအပ်၊) ဣတိ–သို့၊(ဝုတ္တံ–ပြီ၊) ပန–ဆက်၊ သတ္တောတိဝစနဿ–သတ္တောဟူသော သဒ္ဒါ၏၊ ပညတ္တိယာ– ပညတ်၏၊ ပဝတ္တိ– ဖြစ်ခြင်းကို၊ ဒဿေတုံ–ငှာ၊ သာ–ထိုဝဇိရာဘိက္ခုနီသည်၊ ဧဝံ–သို့၊ အာဟ၊(ကိံ)အင်္ဂသမ္ဘာရာ–ဝင်ရိုး, လှည်းဘီး, လှည်းသံအစရှိသော အင်္ဂါတို့၏ ပေါင်းစုခြင်းကြောင့်၊

---

**ယသ္မာ ပန ။ပေ။ ဥပလဗ္ဘတိ။** ။ထိုပုဂ္ဂိုလ်ကို ခန္ဓာငါးပါးအပေါင်းမှ ခွဲ၍ တသီးတခြား ရနိုင်ပါသလောဟု မေးဖွယ်ရှိသောကြောင့် "ယသ္မာ ပန"စသည်ကို မိန့်၊ ပုဂ္ဂိုလ်ဟူသော အမည်သည် (ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမဟူသော အမည်သည်) တစ်စုံတစ်ခုသော သဘာဝဓမ္မမဟုတ်၊ ထို့ကြောင့် ဓာတ်လေးပါး တွင် အာပေါဓာတ်စသည်တို့ကို စိတ်ကူးအားဖြင့် ခွဲ၍ ဖယ်ထားသော အခါ ပထဝီဓာတ်ဟု သီးခြားရကောင်းသကဲ့သို့ ရုပ်ခန္ဓာစသည်တို့ကို တသီးတခြား ခွဲထားလိုက်လျှင် ပုဂ္ဂိုလ်ဟူ၍ တသီးတခြား မရတော့၊ (ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတစ်ပါး, ယောကျ်ား,မိန်းမ မရှိတော့–ဟူလို၊) [ယထာ၊ပေ၊ ဥပလဗ္ဘတိကား ဝိသဒိသူပမာတည်း။]

**ပဋိသေဓိတာစ၊ပေ၊ လဗ္ဘတီတိ။** ။ဤသို့ပုဂ္ဂိုလ်ဟူ၍ သီးခြားမရှိသောကြောင့် ကထာဝတ္ထုပါဠိတော် ပုဂ္ဂလကထာ၌ ပုဂ္ဂိုလ်ရှိ၏ဟူသောအယူကို တားမြစ် အပ်ပြီးဖြစ်သည်၊ ဝဇိရာမည်သော ဘိက္ခုနီလည်း "ပုဂ္ဂိုလ်၏ပရိယာယ်ဖြစ်သော သတ္တဟူသော အရာဝတ္ထုကို မရနိုင်"ဟု မာရ်နတ်အား ပြန်၍ ပြောဖူးလေသည်။

**သတ္တောတိ ပန ။ပေ။ သမ္မုတီတိ။** ။ပရမတ္ထအားဖြင့် ထင်ရှားမရအပ်သော်လည်း သတ္တဝါဟူသော အမည်ပညတ်၏ ဖြစ်နိုင်ပုံကို "ယထာပိ အင်္ဂသမ္ဘာရာ"စသော ဂါထာဖြင့် မာရ်နတ်အား ထပ်၍ ပြောကြားလေသည်။

ရထောက္ကတိ–ရထော ဟူသော၊ သဒ္ဒေါ–သဒ္ဒါသည်၊ ဟောတိယထာ, ဇဝံ–တူ၊ ခန္ဓေသု–ခန္ဓာတို့သည်၊ သန္တေသု–ရှိကုန်လသော်၊ သတ္တောတိ–သတ္တဝါဟူ၍၊ သမ္မုတိ–သမုတ်အပ်သောပညတ်သည်၊ ဟောတိ–ဖြစ်၏၊ ဣတိ အာဟ။

ပုဂ္ဂလော–သည်၊ ယဒိ န ဝိဇ္ဇတိ၊ (ဇဝံသတိ၊) ကထံ–လျှင်၊ ဝါ–အဘယ် အကြောင်းကြောင့်၊ ပုဂ္ဂလဂ္ဂဟဏဿ–ပုဂ္ဂိုလ်ဟုယူကြောင်းစိတ်၏၊ သာရမဏတာ–အာရုံရှိသည်၏အဖြစ်သည်၊ သိယာ–နည်း၊ ဣတိ–ဤကား စောဒနာတည်း၊ အဝိဇ္ဇမာနဿပိ–ထင်ရှားမရှိသည်လည်းဖြစ်သော၊ အာရမဏဿ–အာရုံကို၊ ဂဟဏတော–ယူနိုင်ခြင်းကြောင့်၊(သာရမဏတာ သိယာ၊)ဟိ–မှန်၊ (တစ်နည်း၊) ဟိ–ချဲ့၊ အဝိဇ္ဇမာနံပိ–သော၊ ပရိကပ္ပိတံ–ကြံစည်အပ်သောအာရုံကို လည်းကောင်း၊ လောကသညာတံဝါ–လောကသည် အသိအမှတ်ပြုအပ်သော အမည်ကိုလည်းကောင်း၊ ဝိဇ္ဇမာနံ–သော၊ သဘာဝဘူတံ ဝါ–သဘောဖြစ်၍ ဖြစ်သောတရားကိုလည်းကောင်း၊ အာရမ္မဏံ–ကို၊ ဂဟေတွာဝ–ယူ၍သာ၊ ဥပ္ပဇ္ဇမာနတော–ဖြစ်နိုင်ခြင်းကြောင့်၊ သာရမဏတာ–ကို၊ ဝုတ္တာ၊ ဟိ–မှန်၊ သာရမဏာတိဝစနံ–ဟူသောသဒ္ဒါသည်၊ စိတ္တစေတသိကာနံ–တို့၏၊ အာရမဏေန–နှင့်၊ ဝိနာ–၍၊ အပဝတ္တညေဝ–မဖြစ်နိုင်ခြင်းကိုသာ၊ ဒီပေတိ–၏၊ တေဟိ–ထိုစိတ် စေတသိက်တို့သည်၊ ဂဟိတဿ–သော၊ အာရမဏဿ–၏၊ ဝိဇ္ဇမာနတံဝါ–ထင်ရှားရှိသည်၏အဖြစ်ကိုလည်းကောင်း၊ အဝိဇ္ဇမာနတံဝါ–ကိုလည်းကောင်း၊ န (ဒီပေတိ၊) ဣတိ–အပြီးတည်း၊ အယံ–ဤဆိုအပ်ပြီးကား၊ သင်္ခတာသင်္ခတဝိနိမုတ္တဿ–သင်္ခတဖြစ်သော ရုပ် နာမ်, အသင်္ခတဖြစ်သော

---

**ယဒိ ပုဂ္ဂလော၊ပေ၊သိယာတိ။** ။ပရဝါဒီဘက်က ပြန်၍မေးသောစကားတည်း၊ ပုဂ္ဂိုလ်ဟူ၍ ထင်ရှားမရှိလျှင် ပုဂ္ဂိုလ်ကို အာရုံပြုသော စိတ်အစဉ်သည် အဘယ်နည်းဖြင့် "သာရမဏ–အာရုံပြုသောစိတ်အစဉ် ဖြစ်နိုင်သနည်း" ဟူသောအမေးကို "အဝိဇ္ဇမာနဿပိ အာရမဏဿ ဂဟဏတော"ဟု သကဝါဒီ ပြန်၍ ဖြေသည်။

**အဝိဇ္ဇမာနံပိ ဟိ ၊ပေ၊ ဝုတ္တာ။** ။ရှေ့ဟိတ်ပါဌ်ကို အကျယ်ချဲ့လို၍ "အဝိဇ္ဇမာနံပိ ဟိ"စသည်ကို မိန့်၊ ထိုစကားရပ်၌ "ပရိကပ္ပိတံ"ဟူသည် ထင်ရှားမရှိဘဲ ယုန့်ချို လိပ်မွေး စသည်အားဖြင့် ကြံစည်အပ်သော အာရုံတည်း၊ "လောကသညာတ" ဟူသည် လူအပေါင်းတို့ မှည့်ခေါ်အပ်သော နာမည်ပညတ်တည်း၊ "ဝိဇ္ဇမာနံ ဝါ သဘာဝဘူတံ"ကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ် ဝေဒနာစသော အာရုံတည်း၊ စိတ်သည် ထိုအာရုံများကို အာရုံပြုနိုင်သောကြောင့် ထင်ရှားမရှိသော ယုန့်ချိုစသည်ကို အာရုံပြုသော်လည်း သာရမဏတရားဟု ဆိုနိုင်ပါသည်၊ "သာရမဏာတိ ဟိ"စသော ဝါကျကား ထိုစကားကို ခိုင်မြဲစေသော ဒဠှီဝါကျတည်း။

**အယံ သင်္ခတာ၊ပေ၊ ဝိနိမုတ္တယော။** ။ဤကားပြခဲ့သော အဆုံးအဖြတ်ကို နိဂုံးအုပ်သော စကားတည်း၊ ဤအဆုံးအဖြတ်သည် သင်္ခတဖြစ်သော ရုပ် နာမ်, အသင်္ခတဖြစ်သောနိဗ္ဗာန်မှ အလွတ်ဖြစ်သော ဥဒေ ယျဂီသေသ – သိထိုက်သော တရားအထူး

နိဗ္ဗာန်မှ လွတ်သော နာမည်ပညတ်ဟူသော အနက်တစ်မျိုး၏၊ အတ္ထိတာ ပဋိသေဓ–ထင်ရှားရှိသည်၏အဖြစ်ကို တားမြစ်ခြင်းသို့၊ သဗ္ဗထာ–အလုံးစုံသော အပြားအားဖြင့်၊ (ချွင်းချက်မရှိ၊) အနုဝတ္တန္တာနံ–အစဉ်လိုက်ကုန်သော ဆရာတို့၏၊ ဝိနိစ္ဆယော–တည်း။

**၁၃၁၆။** နာမကရဏဋ္ဌေနာတိ–ကား၊ အညံ–အခြားသော တရားကို၊ အနပက္ခိတွာ–မငဲ့ကွက်မူ၍၊ သမယေန–ကိုယ်တိုင်သာလျှင်၊ အတ္တနော– မိမိ၏၊ နာမကရဏသဘာဝတော–နာမည်ကို ပြုခြင်းသဘောရှိသည်၏အဖြစ်ကြောင့်၊ ဣတိအတ္ထော၊ [သဘောတရားကို ပြနေသောအခန်းဖြစ်၍ "အဋ္ဌ"ကို "သဘာဝ"ဟု ဖွင့်သည်၊] ဟိ–ချဲ့၊ ယံ–အကြင်မဟာဇနစသော အနက်သဘော သည်၊ (သာမညနာမ်အတွက် "မဟာဇနေ", ကိတ္တိမနာမ်အတွက် "ဉာတိ", ဂုဏနာမ်အတွက် "ဂုဏ"ဟူသောအနက်သဘောသည်၊) ပရဿ–သူတစ်ပါး၏၊ နာမံ–နာမည်ကို၊ ကရောတိ၊ တဿစ–ထိုမဟာဇနစသော အနက်သဘော၏လည်း၊ တဒပေက္ခတ္တာ–ထိုသူတစ်ပါးကို ရှုငဲ့ခြင်းရှိသည်၏အဖြစ်ကြောင့်၊

ရှိသေး၏ဟူသောအယူကို တားမြစ်သောအယူသို့ အလုံးစုံအကုန်လိုက်၍ ထောက်ခံကြသော ဆရာတို့၏ အဆုံးအဖြတ် ဖြစ်သည်၊ ဤအဆုံးအဖြတ်အတိုင်းဆိုလျှင် နာမည်ပညတ်ဟူသည်လည်း ဝစန–(စကားသံ)တည်း၊ ထိုအသံဟူသည်လည်း ဝိညတ်ဟူသော ဝိကာရရုပ်နှင့်တကွဖြစ်သော သဒ္ဒရုပ်ပင်တည်း၊ ထိုသဒ္ဒမှ အလွတ်ဖြစ်သော နာမည်ပညတ် မရှိနိုင်–ဟု ဆိုရာရောက်သည်။

**သင်္ဂဟ။** ။အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းပြု အရှင်အနုရုဒ္ဓါဆရာတို့၏ အလိုမှုကား ပညတ်ဟူသည် စကားသံ သဒ္ဒရုပ်မဟုတ်, ရုပ်–ဝေဒနာစသည်ကို အကြောင်းပြု၍ ခေါ်ဝေါ်ပြောဆိုဖို့ရန် ပညတ်အပ်သော အနက်တစ်မျိုးသာတည်းဟု မှတ်ပါ၊ ထို့ကြောင့် ဝီဓိယောသာ့နုသာရေနစသောဂါထာနှင့်တကွ "သဒ္ဒံ ပဌမစိတ္တေန, တီတံ ဒုတိယ စေတသာ၊ နာမံ တတိယစိတ္တေန, အတ္ထံ စတုတ္ထစေတသာ"ဟု သဒ္ဒရုပ်ကို သိသော ဝီထိမှ တသီးတခြား နာမည်ပညတ်ကိုသိသောဝီထိကို ရှေးဆရာတို့ ပြကြပေသည်။

❧❧❧

**အညံ အနပေက္ခိတွာ။** ။"နာမကရဏဋ္ဌေန"၌ "နာမည်ကို ပြုတတ်သော အနက်သဘောကြောင့် နာမမည်၏"ဟု ဆို၏၊ ထိုသို့ဖြစ်လျှင် များစွာသောလူ အပေါင်းသည် "မဟာသမ္မတ"ဟူသော နာမည်ကို ပြု၏၊ ဉာတိ ဂုဏတို့လည်း ကိတ္တိမနာမည်, ဂုဏနာမည်တို့ကို ပြုကြ၏၊ ထို့ကြောင့် ထိုလူအပေါင်းစသည်သည် နာမကရဏ ဖြစ်သောကြောင့် "နာမ်"ဟု အမည်မရထိုက်ပါသလောဟု စောဒနာဖွယ် ရှိရကား "အညံ အနပေက္ခိတွာ"စသည်ကို မိန့်သည်၊ မဟာဇန စသည့်တို့သည် နာမည်၏အရှင်ဖြစ်သော သူတစ်ပါးကို ငဲ့ရသေး၏၊ ထိုသို့ မငဲ့ဘဲ မိမိဘာသာ မိမိ နာမည်ကို ပြုတတ်သောသဘောရှိမှ "နာမကရဏ"ဆိုသည်–ဟူလို၊ ယံ ဟိ မှစ၍ "နာမတာ ဝုတ္တာ"တိုင်အောင် အကျယ်ပြသော စကားတည်း၊ ယန္တိ ယံ ဓမ္မဇာတံ တဒပေက္ခာတ္တာတိ ပရဿာ ပေက္ခတ္တာ၊–မဓု။]

အညာပေက္ခံ–အခြားသူကို ရှုငဲ့ခြင်းရှိသော၊ နာမကရဏံ–နာမည်ကို ပြုခြင်းသည်၊ (ဟောတိ၊) ဣတိ–ကြောင့်၊ နာမကရဏသဘာဝတာ–နာမည်ကို ပြုခြင်းသဘောရှိသည်၏အဖြစ်သည်၊ န ဟောတိ၊ တသ္မာ, မဟာဇနေသ–များစွာသောလူအပေါင်း၏လည်းကောင်း၊ ဝါ–သည်လည်းကောင်း၊ ဉာတီနံ–ဆွေမျိုးတို့၏လည်းကောင်း၊ ဝါ–တို့သည်လည်းကောင်း၊ ဂုဏာနဥ္စ–ဂုဏ်တို့၏လည်းကောင်း၊ ဝါ–တို့သည်လည်းကောင်း၊ သာမညနာမာဒိကရဏာနံ–သာမညနာမ်အစရှိသည်ကို ပြုတတ်ကုန်သည်ဖြစ်၍၊ (သမာနာနံပိ–ဖြစ်ပါကုန်သောလည်း၊) နာမဘာဝေါ–နာမ်၏အဖြစ်သည်၊ နာပဇ္ဇတိ–မဖြစ်၊ ယဿ စ–အကြင် မဟာသမ္မတမင်းစသူ၏လည်း၊ အညေဟိ–အခြားသူတို့သည်၊ နာမံ–နာမည်ကို၊ ကရီတိ–ပြုအပ်၏၊ တဿစ–ထိုမဟာသမ္မတမင်း စသူ၏လည်း၊ နာမကရဏသဘာဝတာ–သည်၊ နတ္ထိ၊ ဣတိ–ကြောင့်၊ နာမဘာဝေါ–နာမ်၏အဖြစ်သည်၊ နတ္ထိယေဝ၊ ပန–အနွယကား၊ ဝေဒနာဒီနံ–ဝေဒနာ အစရှိသည်တို့၏၊ ဝေဒနာဒိနာမဿ–ဝေဒနာအစရှိသော နာမည်၏၊ သဘာဝ သိဒ္ဓတ္တာ–သဘောအားဖြင့် ပြီးသည်၏အဖြစ်ကြောင့်၊ ဝါ–အတွက်၊ နာမ ကရဏဘာဝတော–နာမည်ကို ပြုခြင်းသဘောရှိ၏အဖြစ်ကြောင့်၊ နာမတာ–နာမ်၏အဖြစ်ကို၊ ဝုတ္တာ။

ပထဝီအာဒိ နိဒဿနေန–ပထဝီအစရှိသော ရုပ်ကို ညွှန်ပြခြင်းအားဖြင့်၊ နာမဿ–ဝေဒနာအစရှိသော နာမည်၏၊ သဘာဝသိဒ္ဓတံယေဝ–သဘောအားဖြင့် ပြီးသည်၏အဖြစ်ကိုသာ၊ နိဒဿတိ–ညွှန်ပြ၏၊ နာမဘာဝသာမညံ–နာမည်၏အဖြစ်အားဖြင့် တူသည်၏အဖြစ်ကို၊ န(နိဒဿေတိ၊) ပန–ဆက်၊ နာမသဒ္ဒဿ–နာမသဒ္ဒါ၏၊ အရူပဓမ္မေသု–ရုပ်မဟုတ်သော တရားတို့၌၊) နိရုဠ္ဟတ္တာ–ထင်ရှားသည်၏အဖြစ်ကြောင့်၊ နာမသဒ္ဒေါ–ကို၊ အရူပဓမ္မေသု ဝေ–တို့၌သာ၊ ဝုတ္တော–ဟောတော်မူအပ်ပြီ၊ ပထဝီအာဒီသု–ပထဝီအစရှိသော ရုပ်တရားတို့၌၊ န (ဝုတ္တော၊) ဣတိ–ကြောင့်၊ တေသံ–ထိုရုပ်တရားတို့၏၊ နာမ ဘာဝေါ–နာမ်၏အဖြစ်သည်၊ န–မဖြစ်၊ စ–ဆက်၊ မာတိကာယ–မာတိကာ၌၊

---

**ပထဝီ အာဒိနိဒဿနေန ၊ပေ၊ ဘာဝေါ။** ။အဋ္ဌကထာ၌ ပထဝီစက္ကဝါဠ စသည်တို့ကို (မိမိနာမည်ကို မိမိဘာသာပြုရာ၌) ဥပမာပြထား၏၊ "ထို ဥပမာဖြင့် အဘယ်ကို ပြုပါသနည်း, ပထဝီစသည်တို့လည်း နာမအမည်ရနိုင်ပါသလော"ဟု မေးဖွယ်ရှိ၍ "ပထဝီအာဒိ စသည်ကို မိန့်သည်၊ ထိုဥပမာဖြင့် ပထဝီစသော နာမည်၏ သဘာဝသိဒ္ဓအမည်ဖြစ်ကြောင်းကိုသာ ပြပါသည်၊ နာမအမည်ရခြင်း တူသည်၏အဖြစ်ကို မပြပါ၊ နာမသဒ္ဒါသည် အရူပတရားတို့အပေါ်၌ ထင်ရှားသော အထင်ရုဠှီသဒ္ဒါဖြစ်သောကြောင့် ပထဝီစသည်တို့သည် နာမအမည် မရနိုင်ပါ။

ပထဝီအာဒီနံ–ပထဝီအစရှိသော ရုပ်တရားတို့၌၊ နာမတာနာပတ္တိ–နာမည်၏ အဖြစ်သို့ မရောက်ခြင်းကို၊ ဝုတ္တာဝ–ဆိုအပ်ပြီးသည်သာ၊ ဟိ–မှန်၊ တစ်နည်း၊ (ကသ္မာ ပထဝီအာဒီနံ နာမတာပတ္တိ ဝုတ္တာ၊) ဟိ (ယသ္မာ), ပထဝီအာဒီနာမံ–ပထဝီအစရှိသော နာမည်ကို၊ ဝိဇဟိတွာ–စွန့်၍၊ ကေသာဒိနာမေဟိ–ကေသ အစရှိသော နာမည်တို့ဖြင့်၊ ရူပဓမ္မာနံ–ရုပ်တရားတို့၏၊ (ဝေါဟာရိတဗ္ဗေန–ခေါ်ဝေါ်ပြောဆိုထိုက်သော၊ ပိဏ္ဍာကာရေန–အပေါင်းဟူသော အခြင်းအရာအားဖြင့်၊ ပဝတ္တိ–ဖြစ်ခြင်းသည်၊(အတ္ထိ)ဝိယ၊ (တထာ–တူ၊) ဝေဒနာဒိနာမံ–ဝေဒနာအစရှိသောနာမည်ကို၊ ဝိဇဟိတွာ,အညေန–သော၊ နာမေန–နာမည်ဖြင့်၊ အရူပဓမ္မာနံ–နာမ်တရားတို့၏၊ ဝေါဟာရိတဗ္ဗေန ပိဏ္ဍာကာရေန ပဝတ္တိ န အတ္ထိ၊ ဣတိ–ကြောင့်၊ (ပထဝီအာဒီနံ နာမတာနာပတ္တိ ဝုတ္တာ။)

အထဝါ–အဋ္ဌကထာနည်းမှ တစ်နည်းကား၊ ရူပဓမ္မာ–ရုပ်တရားတို့သည်၊ (သာမညာ၊) စက္ခာဒယော–စက္ခု အစရှိသည်တို့သည်လည်းကောင်း၊ ရူပါဒယော စ–ရူပါရုံ အစရှိသည်တို့သည်လည်းကောင်း၊ (ဝိသေသ၊) တေသံ–ထိုစက္ခုစသည်, ရူပါရုံစသည်တို့၏၊ ပကာသက ၊ပေ၊ ဘာဝတော–ထင်ရှားပြတတ်သည်၏အဖြစ်, ထင်ရှားပြထိုက်သည်၏အဖြစ်ကြောင့်၊ နာမေန–နာမည်နှင့်၊ ဝိနာ–ကင်း၍၊ ပါကဋ္ဌာ–ထင်ရှားကုန်သည်၊ ဟောန္တိ (ယထာ၊) ဧဝံ–တူ၊ အရူပဓမ္မာ–နာမ်တရားတို့သည်၊ (နာမေန ဝိနာ ပါကဋ္ဌာ) န (ဟောန္တိ၊)

---

**န ဟိ၊ပေ၊ အတ္ထီတိ**။ ။"မာတိကာ၌ ပထဝီစသည်တို့ကို ရုပ်ဟု ဟောတော်မူထားသဖြင့် နာမ်မဟုတ်ကြောင်းကိုလည်း ဟောတော်မူပြီးဖြစ်၏"ဟူသော စကားကို ခိုင်မြဲစေလို၍ (တစ်နည်း–အကြောင်းပြလို၍) "နဟိ"စသည်ကို မိန့်သည်၊ ပထဝီဓာတ်သည် ပထဝီဓာတ်များစွာ အပေါင်းသဘောအားဖြင့် ဖြစ်သောအခါ ကေသ (ဆံပင်)ဟု နာမည်တစ်မျိုး ပြောင်းသွားသကဲ့သို့, (အာပေါစသည်တို့လည်း ထို့အတူ ပြောင်းသွားသကဲ့သို့) ဝေဒနာစသည်တို့သည် ထိုကဲ့သို့ ပြောင်းသွားလောက်အောင် အပေါင်းသဘောအားဖြင့် ဖြစ်ခြင်းမရှိပါ၊ ရအပ်ပြီးသော နာမည်မပျက်သောကြောင့်လည်း "နာမကရဏ–ကိုယ့်နာမည်ကို မပျက်အောင် ပြုနိုင်ပါသည်"–ဟူလို။

**အထဝါ**။ ။အဋ္ဌကထာနည်းမှ တစ်ပါးသော် မိမိနည်းကို ပြလို၍ အထဝါစသည် မိန့်၊ စက္ခုပသာဒ ရူပါရုံစသော ရုပ်တရားတို့သည် နာမည်မှည့်၍ မထားသော်လည်း စက္ခုပသာဒသည် ပကာသက(အာရုံကိုထင်ရှားပြတတ်သော)တရား,ရူပရုံသည် ပကာသိတဗ္ဗ(စက္ခုပသာဒသည် ထင်ရှားပြထိုက်သော)တရားဖြစ်၍ နာမည်မပါဘဲပင် အများ၏ စိတ်၌ ထင်ရှားနေ၏၊ ရူပါရုံကို မည်သူကမျှ ရူပါရုံဟု မပြောရဘဲသိနိုင်၏၊ စက္ခုကိုလည်း"စက္ခုဟု နာမည်မသိဘဲ ထိုစက္ခုကရူပါရုံကို မြင်အောင်ပြုသည်"ဟု သိရ၏။

**န ဧဝံ အရူပဓမ္မာ**။ ။နာမ်တရားတို့ကား နာမည်မပါလျှင် တွေ့ထိခံစားခြင်းစသော သဘောကို မသိရ၊ "ထိနေ–ခံစားနေသော်လည်း ဖဿ၏သဘော ဝေဒနာ၏သဘောဟု

ဏ္ဍတိ–ကြောင့်၊ အဓိဝစနသမ္ဖဿောဝိယ–အဓိဝစနသမ္ဖဿကဲ့သို့၊ နာမာ ၊ပေ၊ ဘာဝေန–နာမည်နှင့်စပ်သော ယှဉ်ထိုက်သောသဘောရှိသည်၏အဖြစ် ကြောင့်၊ နာမန္တိ–နာမဟူ၍၊ ဝုတ္တာ–န်ပြီ၊ ပဋိဃသမ္ဖဿောပိ–ပဋိဃသမ္ဖဿ သော်မှလည်း၊ စက္ခာဒီနိဝိယ–တို့ကဲသို့၊ နာမေနဝိနာ နပါကဋော–မထင်ရှား၊ ဏ္ဍတိ–ကြောင့်၊ နာမန္တိ–ဟူ၍၊ ဝုတ္တော။

ဝါ–နည်း၊ အရူပတာယ–နာမ်တရား၏အဖြစ်ကြောင့်၊ ဝါ–အတွက်၊ အညနာမသဘာဂတ္တာ–အခြားသောနာမ်တရားနှင့် သဘောတူသည်၏အဖြစ် ကြောင့်၊ အယံ–ဤပဋိဃသမ္ဖဿကို၊ သင်္ဂဟိတော–နာမ်၌ သွင်းယူအပ်ပြီ၊ ဝါ–တစ်နည်း၊ အညဖဿသဘာဂတ္တာ–အခြားသောဖဿနှင့်သဘောတူသည် ၏ အဖြစ်ကြောင့်၊ (သင်္ဂဟိတော၊) ဟိ–မှန်၊ ရူပယတိ–ထင်ရှားပြတတ်၏၊ ဏ္ဍတိ ရူပံ၊ နာမယတိ–နာမည်ကို ပြုတတ်၏၊ ဏ္ဍတိနာမံ၊ ဏ္ဍတိ–သို့၊ ဏ္ဍဓ– ဤနာမရူပဒုက်၌၊ ပစ္ဆိမပုရိမာနံ–နောက်ဖြစ်သောရုပ်, ရှေ့ဖြစ်သောနာမ်တို့၏၊ ဝစနတ္တောပိ–ဝစနတ္ထသည်လည်း၊သမ္ဘဝတိ–ဖြစ်သင့်၏၊ ရူပယတီတိ(ပဒဿ)–

---

မသိရ"–ဟူလို၊ ဤသို့ နာမည်နှင့်စပ်၍ (နာမည်တပ်ထားလိုက်မှ)တရား ၏သဘောကို ယူရ သိရသောကြောင့် နာမ်တရားများကို "နာမ–နာမည်၊ ဝါ–နာမည်မှည့်ရသော သဘော"ဟု ဆိုသည်၊ ဥပမာ–မနောသမ္ဖဿကို "အဓိဝစနသမ္ဖ ဿ–နာမည်ရှိသော သမ္ဖဿ"ဟု ခေါ်၏၊ ထိုနာမည်မရှိလျှင် မနောသမ္ဖဿကို မသိနိုင်သောကြောင့် "အဓိဝစနသမ္ဖဿ"ဟု နာမည် မှည့်ရသကဲ့သို့တည်း၊ [အဓိဝစနသမ္ဖဿော မနော သမ္ဖဿော၊ သော နာမံ အန္တ ရေန ဂဟေတုံ အသက္ကုဏေယျတာယ ပါကဋ္ဌောတိ နိဒဿနဘာဝေန ဝုတ္တော၊–အနု။]

**ပဋိဃ၊ပေ၊ နာမန္တိ ဝုတ္တော**။ ။ပဉ္စဝတ္ထု ပဉ္စာရုံတို့၏ထိခိုက်ခြင်းကြောင့်ဖြစ်သော ဖဿကို "ပဋိဃသမ္ဖဿ"ဟု ခေါ်၏၊ ထိုသမ္ဖဿသည် အဓိဝစနသမ္ဖဿထက် သိဖို့ရန်လွယ်ကူ၏၊ ဘာ့ကြောင့်နည်း ...စက္ခုဝတ္ထုနှင့် ရူပါရုံစသည်တို့ ထိခိုက်မှုက [ရုပ်သဘောပါနေ၍] ထင်ရှားသောကြောင့်တည်း၊ ထိုမျှလောက် ထင်ရှားသော ဖဿသော်မှလည်း "ပဋိဃသမ္ဖဿ"ဟူသော နာမည်မပါလျှင် စက္ခုနှင့်ရူပါရုံ ထင်ရှား သလောက် မထင်ရှားပါ၊ ထို့ကြောင့် ဖဿစသော တရားအားလုံးကို "နာမ"ဟု ဆိုရပါသည်။

**အရူပတာယဝါ**။ ။(တစ်နည်း) ပဉ္စဝတ္ထု ပဉ္စာရုံတို့၏ထိခိုက်မှု ထင်ရှားသ ဖြင့် ထိုပဋိဃသမ္ဖဿလည်း နာမည်မပါဘဲ ထင်ရှား၏"ဟု ဆိုနိုင်ပါ၏၊ သို့သော် ထိုပဋိဃသမ္ဖဿသည် နာမ်တရားဖြစ်၍ နာမ်ချင်းသဘောတူသောကြောင့်, (တစ်နည်း) အခြားသော ဖဿတို့နှင့် ဖဿချင်း သဘောတူသောကြောင့် နာမ်တရား၌ သွင်းယူ ထားအပ်၏။

**ဝစနတ္တောပိ၊ပေ၊ သမ္ဘဝတိ**။ ။"ရုပ်တရားတို့က နာမည်မပါဘဲ ထင်ရှား၏" ဟူ သောအနက်ကို ခိုင်မြဲစေလို၍ "ဝစနတ္တောပိ ဟိ"စသည်ကို မိန့်သည်၊ ပါဠိတော်၌

ရူပယတိဟူသောပုဒ်၏၊ နာမေန–နာမည်နှင့်၊ ဝိနာပိ–ကင်း၍လည်း၊ အတ္တာနံ–မိမိကိုယ်ကို၊ ပကာသယတိ–ထင်ရှားပြတတ်၏၊ ဣတိ အတ္ထော–သည်၊ (ဟောတိ၊) နာမယတီတိ(ပဒဿ)–၏၊ နာမေန ဝိနာ အပါကဋဘာဝတော–မထင်ရှားသည်၏အဖြစ်ကြောင့်၊ အတ္တနော–မိမိကို၊ ပကာသကံ–ထင်ရှားပြတတ်သော၊ နာမံ–နာမည်ကို၊ ကရောတိ–ပြုရ၏၊ ဣတိ အတ္ထော–သည်၊ (ဟောတိ၊) [နာမယတိ–၌၊ နာမံပုဒ်နောင် ကရောတိ အနက်၌ အယ ပစ္စည်း သက်၊ တစ်နည်း–အာယပစ္စည်း သက်၍ ရဿပြု။]

အာရမဏာဓိပတိ ပစ္စယတာယာတိ–ကား၊ ရူပဿ–ရုပ်၏၊ အာရမဏာဓိပတိပစ္စယဘာဝေ–အာရမဏာဓိပတိ ပစ္စည်း၏အဖြစ်သည်၊ သတိပိ–ရှိပါသော်လည်း၊ (ဣဋ္ဌနိပ္ဖန္နရုပ်များသည် လောဘမူစိတ်အား အာရမဏာဓိပတိ သတ္တိဖြင့်ကျေးဇူးပြုကာ မိမိကိုညွတ်စေနိုင်ပါသော်လည်း၊) ပရမဿာသဘူတံ–အလွန် သက်သာရာဖြစ်၍ ဖြစ်သော၊ နိဗ္ဗာနံဝိယ–နိဗ္ဗာန်ကဲ့သို့၊ သာတိသယံ–အလွန်အကဲနှင့်တကွ၊ တံ–ထိုရုပ်သည်၊ နာမနသဘာဝေန–မိမိသို့ ညွတ်စေခြင်းသဘောအားဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ န(ဟောတိ၊) ဣတိ–ကြောင့်၊ နိဗ္ဗာနမေဝ–ကိုသာ၊ နာမန္တိ–ဟူ၍၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ။

**၁၃၁၈**။ ဝဋ္ဋမူလသမုဒါစာရဒဿနတ္ထန္တိ–ကား၊ သတ္တာနံ–သတ္တဝါတို့၏၊ ဝဋ္ဋ မူလ သမုဒါစာရေနာမ–လွန်စွာ အထက်အထက်၌ ဖြစ်တတ်သောဝဋ်၏ အမြစ်အရင်းမည်သည်၊ အဝိဇ္ဇာစ–အဝိဇ္ဇာလည်းကောင်း၊ ဘဝတဏှာစ–ဘဝတဏှာလည်းကောင်းတည်း၊ တံ ဒဿနတ္ထံ–ထိုဝဋ္ဋမူလသမုဒါစာရကို ပြခြင်းအကျိုးငှာ၊ (ဂဟိတာ၌စပ်၊) ဣတိအတ္ထော၊ တတ္ထ–ထိုဝဋ္ဋမူလသမုဒါစာရဒဿနတ္ထံဟူသော ပါဠ်၌၊ သမုဒါစရတိ–လွန်စွာ အထက်အထက်၌ ဖြစ်တတ်၏၊ ဣတိ, သမုဒါစာရော–မည်၏၊ ဝဋ္ဋမူလမေဝ–ဝဋ်၏ အမြစ်အရင်းသည်ပင်၊ သမုဒါစာရော–လွန်စွာ အထက်အထက်၌ ဖြစ်သည်တည်း၊

“နာမဉ္စ ရူပဉ္စ”ဟု နာမကို ရှေ့, ရူပကို နောက်၌ စဉ်ထားသောကြောင့် ပစ္ဆိမ ပုရိမာနံဝယ် ပစ္ဆိမအရ ရုပ်ကို ယူ၍, ပုရိမအရ နာမ်ကို ယူရသည်၊ ဤ ပစ္ဆိမ ပုရိမာနံကို ဝစနတ္ထော၌ သမ္ဗန်အဖြစ်ဖြင့် စပ်ပါ။

**ဝဋ္ဋမူလဒဿနေနပေ၊ ဣတိ အတ္ထော**။ ။ပါဠိတော်၌ “အဝိဇ္ဇာ–ဘဝတဏှာ” ဟု ဝဋ္ဋမူလတရားနှစ်ပါးကိုသာ တိုက်ရိုက်ပြ၏၊ ထိုသို့ ဝဋ္ဋမူလတရား နှစ်ပါးကို တိုက်ရိုက်ပြခြင်းအားဖြင့် ထို ဝဋ္ဋမူလတရားတို့၏ဖြစ်ပုံ ဖြစ်ဟန်ကိုလည်း ပြပြီး ဖြစ်တော့သည်၊ [ဌာနကို ပြသဖြင့် ဌာနီကို သိရသော ဌာနူပစာတည်း။] ဤအလို– “ဝဋ္ဋမူလသမုဒါစာရဒဿနတ္ထံ–ဝဋ်မြစ်ဖြစ်သော အဝိဇ္ဇာ ဘဝတဏှာတို့၏ လွန်စွာ အထက်အထက်၌ ဖြစ်ပုံကို ပြခြင်းအကျိုးငှာ”ဟု ပေးပါ။

ဝဋ္ဋမူလသမုဒါစာရော–လွန်စွာ အထက်အထက်၌ဖြစ်သော ဝဋ်၏အမြစ်အရင်း၊ ဝဋ္ဋမူလဒဿနေန–ဝဋ်တို့၏အမြစ်အရင်းကို ပြခြင်းဖြင့်၊ ဝဋ္ဋမူလာနံ–တို့၏၊ ပဝတ္တိံ–ဖြစ်ခြင်းသည်၊ ဝါ–ကို၊ ဒဿိတာ–ပြအပ်သည်၊ ဟောတိ၊ ဣတိ–ကြောင့်၊ ဝဋ္ဋမူလာနံ–တို့၏၊ သမုဒါစာရဿ–ကို၊ ဒဿနတ္ထံ–ငှာ၊ (ဂဟိတာ၌ စပ်၊) ဣတိပိ အတ္ထော–သည်လည်း၊ (ဟောတိ။)

**၁၃၂၀။** စ–အဋ္ဌကထာနည်းမှ တစ်နည်းကား၊ ကေကသ္မိံ–ခန္ဓာငါးပါးတွင် တစ်ပါးတစ်ပါး၌၊ အတ္တာတိစ–ဟူ၍လည်းကောင်း၊ လောကောတိ–ဟူ၍လည်းကောင်း၊ ဂဟဏဝိသေသံ–ယူပုံအထူးကို၊ ဥပါဒါယ–စွဲ၍၊ အတ္တာစ လောကောစာတိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ [အဋ္ဌကထာ၌ ခန္ဓပဉ္စကကို အတ္တလောက ယူပုံကိုပြ၏၊ ဋီကာဆရာအား ခန္ဓာငါးပါးတွင် တစ်ပါးတစ်ပါး၌ အတ္တလောက ယူပုံကို ပြသည်၊ ထို့ကြောင့် ဧကေကသ္မိံစသော စကားသည် အဋ္ဌကထာမှ တစ်နည်း ပြတည်းဟုလည်းကောင်း, စသဒ္ဒါလည်း ဝါ အနက်ဟောဟု လည်းကောင်း မစုဖွင့်၏။] ဝါ–တစ်နည်း၊ ကော်–သော၊ ခန္ဓံ–ကို၊ အတ္တတော– အတ္တအားဖြင့်၊ ဂဟေတွာ–၍၊ အညံ–(အတ္တဟု ယူအပ်သောခန္ဓာမှ) တစ်ပါး သော ခန္ဓာကို၊ အတ္တနော–အတ္တ၏၊ ဥပဘောဂဘူတော–အသုံးအဆောင်ဖြစ် ၍ ဖြစ်သော၊ လောကော–လောကတည်း၊ ဣတိ–သို့၊ ဂဏှန္တဿ–ယူသူ၏၊ (ဝသေန–ဖြင့်၊) (အတ္တာစ လောကောစာတိ ဝုတ္တံ၊) ဝါ–တစ်နည်း၊ အတ္တနော– မိမိ၏၊ အတ္တာနံ–အတ္တကို၊ အတ္တာတိ–ဟူ၍၊ ဂဟေတွာ၊ ပရဿ–သူတစ်ပါး၏၊ အတ္တာနံ–အတ္တကို၊ လောကောတိ–ဟူ၍၊ ဂဏှန္တဿ–ယူသူ၏၊ ဝသေန– ဖြင့်၊ အတ္တာစ လောကောစာတိ–ဟူ၍၊ ဝုတ္တံ။

တံ ဘဝိဿတီတိ–ကား၊ ဒွိဓာပိ–နှစ်ပါးအပြားအားဖြင့်လည်း၊ ဂဟိတံ– သော၊ တံခန္ဓပဉ္စကံ–သည်၊ ဘဝိဿတိ–ဖြစ်လတ့်၊ ဣတိ–သို့၊ နိဝိဋ္ဌာ–စွဲမြဲ တည်နေသော၊ ပရာမသန္တိ–မှားသောအားဖြင့် သုံးသပ်တတ်သော ဒိဋ္ဌိတည်း၊ ဣတိ အတ္ထော၊ [နိဝိဋ္ဌာကိုပင် ပရာမသန္တီဟု ထပ်ဖွင့်သည်၊ စွဲမြဲစွာတည်နေ ဟူသည် မှားသောအားဖြင့် သုံးသပ်ခြင်းတည်း–ဟူလို။]

**၁၃၂၂။** သဟ–အတူတကွ၊ သိက္ခိတဗ္ဗော–ကျင့်ထိုက်သော၊ ဓမ္မော–အဓိသီလ စသော တရားတည်း၊ သဟဓမ္မော–အတူတကွ ကျင့်ထိုက်သော အဓိသီလ စသောတရား၊ တတ္ထ–ထိုအတူတကွ ကျင့်ထိုက်သော အဓိသီလစသော တရား၌၊ ဘဝံ–ဖြစ်သော သိက္ခာပုဒ်တည်း၊ သဟဓမ္မိကံ–ပုဒ်၊ ... ကမ္မတ္တေ– ကမ္မအနက်၌၊ ဝတ္တမာနတော–ဖြစ်သော၊ ဒေါဝစဿ သဒ္ဒတော–ဒေါဝစဿ သဒ္ဒါမှနောက်၌၊ အာယသဒ္ဒံ–အာယသဒ္ဒါကို၊ အနညတ္တံ–တစ်ပါးသော အနက် မရှိသည်ကို၊ (ဒေါဝစနဿပုဒ်၏အနက်မှ တစ်ပါးသောအနက်ထူး မရှိသည်ကို၊) ကတွာ–၍၊ ဒေါဝစနဿယန္တိ–ဟူ၍၊ ဝုတ္တံ၊ ဣတိ အဓိပ္ပာယေန–

ဤသို့ အဓိပ္ပာယ်ဖြင့်၊ ဒုဗ္ဗစဿ ကမ္မန္တိ–ဟူ၍၊ အာဟ၊ ဝါ–အဋ္ဌကထာနည်းမှ တစ်နည်းကား, ဒေါဝစဿဿ–ခဲယဉ်းသောစကားရှိသူ၏ အမှု၏၊ အာယနံ ပဝတ္တိ–ဖြစ်ခြင်းတည်း၊ ဒေါဝစဿာယံ–ခြင်း၊ [ဤအလို အာယသဒ္ဒါ အနက်ရှိသည်။]

ဝစနဿ–သူတစ်ပါးပြောအပ်သော စကား၏၊ ပဋိဝိရုဒ္ဓဝစနံ–ဆန့်ကျင်ဘက် ပြောခြင်းသည်၊ ပဋ္ဌာဏိကဂ္ဂဟဏံ–ပဋ္ဌာဏိကကို ယူခြင်းမည်၏၊ ဂုဏေဟိ–သီလစသော ဂုဏ်တို့ဖြင့်၊ ဂရူသု–အလေးပြုထိုက်သော ပုဂ္ဂိုလ် တို့၌၊ ဂါရဝေန–ရိုသေလေးစားခြင်းအားဖြင့်၊ ဝသနံ–နေခြင်းသည်၊ ဂရုဝါ သော–မည်၏၊ ဇာတိအာဒီဟိ–အမျိုးဇာတ် အစရှိသည်တို့ဖြင့်၊ ဇေဋ္ဌကေသု– ကြီးကုန်သော၊ ပဋိသုဏိတဗ္ဗေသု–ရှေးရှုနားထောင်ထိုက်သော ပုဂ္ဂိုလ်တို့၌၊ ဝသနံ–နေခြင်းသည်၊ သဇေကဋ္ဌဝါသော–မည်၏၊ ဝါ–အဋ္ဌကထာနည်းမှ တစ်နည်းကား၊ သြတ္တပ္ပိတဗ္ဗာ–လန့်ထိုက်သော ပုဂ္ဂိုလ်တို့သည်၊ ဂရုနော– ဂရုတို့မည်၏၊ ဟိရိယိတဗ္ဗာ–ရှက်ထိုက်သော ပုဂ္ဂိုလ်တို့သည်၊ ဇေဋ္ဌကာ– တို့မည်၏၊ ယာယစေတနာယ–ကြောင့်၊ ဒုဗ္ဗစော–ခဲယဉ်းသော စကားရှိသည်၊ (အပြောခက်သူသည်၊) ဟောတိ၊ သာ–ထို စေတနာသည်၊ ဒေါဝစဿတာ– ဒေါဝစဿတာ သည်၊ ဘဝတုံ–ငှာ၊ အရဟတိ–ထိုက်၏၊ ဣတိ–ဤသို့ နှလုံးသွင်း၍၊ သခ်ါ ရက္ခန္ဓော ယေဝါတိ–ဟူ၍၊ အာဟ။

**၁၃၃၃။** ဒုသဒ္ဒေန–ဒုသဒ္ဒါနှင့်၊ ယုတ္တံ–ယှဉ်သော၊ နာမံ–နာမည်တည်း၊ ဒုန္နာမံ–ဒုသဒ္ဒါနှင့်ယှဉ်သောနာမည်၊...အနုပသင်္ကမန္တဿပိ–မချဉ်းကပ်သူ၏ လည်း၊(အတုလိုက်အပ်သူ၏အနီးသို့ မသွားဘဲလည်း၊) အနုသိက္ခနံ–(အဝေးက ပင်) အတုလိုက်၍ ကျင့်ခြင်းသည်၊ သေဝနာ–သေဝန မည်၏၊ ဣတိ အဓိပ္ပာယေန–ဤသို့သောအလိုဖြင့်၊ ဘဇနာတိ ဥပသင်္ကမနာတိ–ဟူ၍၊ အာဟ၊ သဗ္ဗတော ဘာဇေနာတိ–ကား၊ ကာယ ဝါစာ စိတ္တေဟိ–ကိုယ်နှုတ် စိတ်တို့ဖြင့် အာဝီ စေဝ–မျက်မှောက်၌လည်းကောင်း၊ ရဟော စ–မျက်ကွယ်၌ လည်းကောင်း၊ (ဘဇနာ၌ စပ်)။

**၁၃၃၆။** ဝိဘင်္ဂခန္ဓကာ–ဝိဘင်း, ခန္ဓကတို့ကို၊ ဝိနယောတိ–ဟူ၍၊ ဝုတ္တာ၊ ဝတ္ထုဝီတိက္ကမတော–ဝတ္ထုကို လွန်ကျူးရာအခါမှ၊ ပုဗ္ဗေစ–ရှေ့၌ လည်းကောင်း၊ ပရတော စ–နောက်၌လည်းကောင်း၊ အာပတ္တိံ–အာပတ်သို့၊ အာပဇ္ဇန္တော နာမ– ရောက်သူမည်သည်၊ န ဟောတိ–မဖြစ်သေး၊ ဣတိ–ကြောင့်၊ ဝတ္ထုနာ–ဝတ္ထုနှင့်၊ သဟ, အာပတ္တိံ–ကို၊ ပရိစ္ဆိန္ဒတိ–ပိုင်းခြားတတ်၏၊ တေန–ကြောင့်၊ သဟ၊ပေ၊ နာမာတိ–ဟူ၍၊ အာဟ၊ သဟကမ္မဝါစာယာတိ–ကား၊ အဋ္ဌာန၊ပေ၊ဝါစာယ– အဋ္ဌာနကမ္မဝါစာ, တိဏဝတ္ထာရကကမ္မဝါစာလည်းကောင်း၊ အပ၊ပေ၊

အာပတ္တိအာဒိကာယစ-အဟံ၊ပေ၊အာပဇ္ဇိံ အစရှိသောစကားနှင့်လည်းကောင်း၊ (သဟာဒ္ဓဟစပ်၊) ဟိ-မှန်၊ ကမ္မဝါစာယ-ကံကို ဆိုကြောင်းဖြစ်သော ဥတ် ကမ္မဝါစာ, အဟံ ဘန္တေ ဣတ္ထန္နာမံ အာပတ္တိံ အာပဇ္ဇိံ အစရှိသောစကားနှင့်၊ သဟေဝ-တကွသာလျှင်၊ အာပတ္တိ ဝုဋ္ဌာနံစ-ကိုလည်း၊ ပရိစ္ဆိန္ဒတိ-၏၊ ဣတိ-ဤသို့ မှတ်အပ်၏။

ဝါ-တစ်နည်း၊ အာပတ္တိယာ-၏၊ ကာရဏံ-အကြောင်းသည်၊ ဝတ္ထု-ဝတ္ထုတည်း၊ ဝုဋ္ဌာနဿ-အာပတ်မှထခြင်း၏၊ ကာရဏံ-သည်၊ ကမ္မဝါစာ-ကံကို ဆိုကြောင်းစကားတည်း၊ ဣတိ-သို့၊ ကာရဏေန-အကြောင်းဖြစ်သော ဝတ္ထုနှင့်၊ သဟ, ဖလဿ-အကျိုးဖြစ်သော အာပတ်ကို၊ (တစ်နည်း၊) ကာရဏေန-အကြောင်းဖြစ်သော ကမ္မဝါစာနှင့်၊ သဟ, ဖလဿ-အကျိုး ဖြစ်သော အာပတ်မှထခြင်းကို၊ ဇာနနဝသေန-သိခြင်း၏အစွမ်းဖြင့်၊ သဟ ၊ပေ၊ ဝါစာယာတိ-ဟူ၍၊ ဝုတ္တံ၊ [ဝတ္ထုနာ-အကြောင်းဝတ္ထုနှင့်၊ သဟ-တကွ ဖြစ်သော၊ (အာပတ္တိနံ့ဒ္ဓ စပ်၊) ကမ္မဝါစာယ-ကံကို ဆိုကြောင်းစကားနှင့်၊ သဟ-တကွဖြစ်သော၊ (အာပတ္တိဝုဋ္ဌာနဒ္ဓ စပ်)]။

**၁၃၃၈**။ အယမေဝတ္ထော-ဤနောက်အနက်ကိုသာ၊ သဟာပရိကမ္မေနာတိ ဧတ္ထ-ဟူသောဤပါဌ်၌၊ (သင်္ဂဟကာရေန) ဝုတ္တော၊ ဝုဋ္ဌာနကပညာယတိ-ကား၊ ဝုဋ္ဌာနဿ-သမာပတ်မှထခြင်း၏၊ ကာရဏဘူတာယ-သော၊ ပရိကမ္မ ပညာယ-ပရိကမ်ပညာ၏၊ (အတ္ထတာယဒ္ဓ စပ်။)

**၁၃၄၀**။ စေတောဝိသယာ-စိတ်ဟူသောအရာရှိသော၊(စိတ်ကို အာရုံပြုသော၊) သဗ္ဗာပိ-အလုံးစုံလည်းဖြစ်သော၊ (ငါးပါးလုံးလည်းဖြစ်သော၊) ပညာ-(ဥဂ္ဂဟ စသော)ပညာသည်၊ စေတောကုသလတာ-စေတောကုသလတာမည်၏၊ တဒေကဒေ သာ-ထိုငါးမျိုး၏တစ်စိတ်တစ်ဒေသဖြစ်သော ဥဂ္ဂဟမနသိကာရဇာနနပညာ သည်၊ မနသိကာရကုသလတာ-မည်၏၊ ဣတိ အဓိပ္ပာယေန-ဤသို့သော အလိုဖြင့်၊ ပုရိမပဒေပိ-(စေတောကုသလတာဟူသော) ရှေ့ပုဒ်၌လည်း၊ ဥဂ္ဂဟ ၊ပေ၊ ပညာ-ဥဂ္ဂဟမနသိကာရကို သိသောပညာကို၊ ဝုတ္တာ။

ဝါ-တစ်နည်း၊ ပုရိမပဒေ-(စေတောကုသလတာဟူသော) ရှေ့ပုဒ်၌၊ ဝါစုဂ္ဂ တာယ-နှုတ်တက်ပြီးသော၊ (ဥဂ္ဂဟပညာအတွက်ကြောင့် နှုတ်တက်ပြီးသော၊) စေတောပါဠိယာ-စေတောပါဠိကို၊ မနသိကာရဏံ-နှလုံးသွင်းခြင်းကို၊ မနသိကာရော တိ-ဟူ၍၊ ဝုတ္တံ၊ တတ္ထ-ထိုဥဂ္ဂဟပညာ အစရှိသည်တို့တွင်၊ ဥဂ္ဂဏှန္တီ-သင်ယူတတ်သော၊ (ပညာစ-ပညာကိုလည်းကောင်း၊) မနသိကရောန္တီ-နှလုံးသွင်းတတ်သော၊ (ပညာစ-ကိုလည်းကောင်း၊) စေတောပါဠိယာ-စေတောပါဠိ ၏၊ အတ္ထံ-အနက်ကို၊ သုဏန္တီ-နားထောင်တတ်သော၊(ပညာစ-လည်းကောင်း၊)

ဂုဏ္ဌတောစ–ကျမ်းဂန်ပါဠိအားဖြင့်လည်းကောင်း၊ အတ္ထတောစ–အနက်အားဖြင့်လည်းကောင်း၊ ဓာရေန္တီ–ဆောင်ရွက်မှတ်သားတတ်သော၊ (ပညာစ–ကိုလည်းကောင်း၊) အယံ–ဤစင်္ကမပြသာဒသည်၊ စင်္ကမာတုနာမ–စင်္ကမာတ်မည်၏၊ ဣတိ အာဒိနာ–ဤသို့ အစရှိသည်ဖြင့်၊ သဘာဝတော–သဘောအားဖြင့်လည်းကောင်း၊ (ဓာတုယော–ဓာတ်တို့သည်၊) အဋ္ဌာရသေဝ–တစ်ဆယ့်ရှစ်ပါးတို့တည်း၊ ဣတိ–သို့၊ ဂဏနတော–အရေအတွက်အားဖြင့်လည်းကောင်း၊ ပရိစ္ဆေဒံ–အပိုင်းအခြားကို၊ ဓာရန္တီ–သိတတ်သော၊ ပညာစ–ကိုလည်းကောင်း၊ ဥဂ္ဂဟပညာဒိကာ–ဥဂ္ဂဟပညာ အစရှိသည်ဟူ၍၊ ဝုတ္တာ။

မဇ္ဈိမပဒေ–(မနသိကာရကုသလတာဟူသော)နောက်ပုဒ်၌၊ ပဋ္ဌဝိဓာပိ–သော၊ သာ ပညာ–ထိုပညာကို၊ ဥဂ္ဂဟောတိ–ဥဂ္ဂဟောဟူ၍လည်းကောင်း၊ တတော–ထိုဥဂ္ဂဟပညာမှနောက်၌၊ ပဝတ္တော–ဖြစ်သော၊ အနိစ္စာဒိမနသိကာရော–အနိစ္စအစရှိသောအားဖြင့် နှလုံးသွင်းခြင်းကို၊ ဥဂ္ဂဟမနသိကာရောတိစ–ဥဂ္ဂဟမနသိကာရောဟူ၍လည်းကောင်း၊ ဝုတ္တော၊ တဿ–ထိုဥဂ္ဂဟမနသိကာရကို၊ ဇာနနံ–သိခြင်းဟူသည်၊ ပဝတ္တနမေဝ–ဖြစ်စေခြင်းပင်တည်း။

ဝါ–တစ်နည်း၊ ယထာပဝတ္တံ–အကြင်အကြင်ဖြစ်သော၊ ဥဂ္ဂဟံ–သင်ယူခြင်းကို၊ ဝေမေဝ–ဤသို့သော၊ ပဝတ္တော–ဖြစ်သော၊ ဥဂ္ဂဟော–သင်ယူခြင်းတည်း၊

---

**ပစ္ဆိမပဒေ**။ ။မနသိကာရ ကုသလတာကို ပစ္ဆိမပဒဟု ဆိုသည်၊ အဋ္ဌကထာ၌ “ဥဂ္ဂဟမနသိကာရကို သိသောပညာသည် မနသိကာရကုသလတာမည်၏”ဟု ဆိုရာ၌ ဓာတုကုသလတာ၌ ပြခဲ့သော ဥဂ္ဂဟမနသိကာရနှင့်မတူသော တစ်နည်းကို ပြလို၍ “ပစ္ဆိမပဒေ”စသည်ကို မိန့်သည်၊ [“ပုရိမပဒေဝါ”ဟု ဆိုခဲ့သောကြောင့် ဤပစ္ဆိမပဒေကိုလည်း, ရှေ့နည်းမှ တစ်နည်းပြဟု သိသာ၏။] ဓာတုမနသိကာရတာ၌ ပြခဲ့သော ပညာငါးမျိုးကိုပင် (ရှေးဦးစွာ နားလည်အောင် သင်ယူရမည်ဖြစ်သောကြောင့်) ဥဂ္ဂဟဟု ဆိုရ၏၊ ထိုသို့ သင်ယူပြီးနောက် ထိုဓာတ်တို့ကို အနိစ္စစသောအားဖြင့် နှလုံးသွင်းခြင်းကို “ဥဂ္ဂဟမနသိကာရ”ဟုဆိုရသည်၊[“ဥဂ္ဂဟ+ဥဂ္ဂဟမနသိကာရ”ဟု နှစ်မျိုးခွဲ၍ နောက်ပုဒ်၌ “ဥဂ္ဂဟတော+မနသိကာရော ဥဂ္ဂဟမနသိကာရော”ဟု ပြု။]

**တဿဇာနနံ ပဝတ္တနမေဝ**။ ။သင်ယူခြင်းကို ဥဂ္ဂဟ, အနိစ္စစသောအားဖြင့် နှလုံးသွင်းခြင်းကို မနသိကာရဟု ဆိုလျှင် ဇနေနအတွက် သိခြင်းဟူသောအနက် မဖြစ်နိုင်တော့ရကား အဘယ်သို့ မှတ်ရမည်နည်း–ဟု မေးဖွယ်ရှိသောကြောင့် “ပဝတ္တနမေဝ”ဟု မိန့်သည်၊ ထိုဥဂ္ဂဟမနသိကာရကို ဖြစ်စေခြင်းကိုပင် ထိုနှစ်မျိုးကို သိခြင်းဟု မှတ်ပါ–ဟူလို။

**ယထာပဝတ္တံ ဝါ**။ ။ပစ္ဆိမပဒ၌ဖွင့်ပြသော၊ ဥဂ္ဂဟနှင့်မနသိကာရကို တစ်နည်းပြလို၍ “ယထာပဝတ္တံဝါ”စသည်ကို မိန့်သည်၊ ယထာပဝတ္တံဖြင့် ရိုးရာဖြစ်သော သင်ယူခြင်းအနက်ကို ပြ၏၊ “သင်ပုံသင်နည်း ဖြစ်စေထိုက်၏”ဟု သင်ယူခြင်းကို

ဣတိ–သို့၊ ဇာနန်–သိခြင်းတည်း၊ ဥဂ္ဂဟဇာနန်–မည်၏၊ မနသိကာရောပိ–မနသိကာရသည်လည်း၊ ဝါ–ကိုလည်း၊ ဧဝံ–သို့၊ ပဝတ္တေတဗ္ဗော–ဖြစ်စေထိုက်၏၊ ဧဝံစ–ဤသို့လည်း၊ ပဝတ္တော–ဖြစ်ခဲ့ပြီ၊ ဣတိ–သို့၊ ဇာနန်–သိခြင်းသည်၊ (သိတတ်သော ဉာဏ်သည်၊) မနသိကာရဇာနန်–မည်၏၊ တဒုဘယမ္ပိ–ထိုနှစ်ပါးစုံသော ဥဂ္ဂဟဇာနန, မနသိကာရဇာနနကိုလည်း၊ မနသိကာရကောသလ္လန္တိ–ဟူ၍၊ ဝုတ္တံ။

ဟိ–မှန်၊ တ့စ်နည်း၊ (ကသ္မာ တဒုဘယမ္ပိ မနသိကာရကောသလ္လန္တိ ဝုတ္တံ၊) ဟိ (ယသ္မာ), ဥဂ္ဂဟောပိ–သင်ယူခြင်းသည်လည်း၊ ဝါ–ကိုလည်း၊ (လဒ္ဓုံ ယုတ္တောတို့၌ စပ်၊) မနသိ ၊ပေ၊ ယောဂတော–မနသိကာရနှင့်ယှဉ်ခြင်းကြောင့်၊ မနသိကာရ နိရုတ္တိံ–မနသိကာရဟူသော အမည်ကို၊ လဒ္ဓုံ–ရခြင်းငှာ၊ ယုတ္တော–သင့်၏၊ ဣတိ–ကြောင့်လည်းကောင်း၊ ယောစ–အကြင် အနိစ္စစသော လက္ခဏာကိုလည်း၊ မနသိကာတဗ္ဗော–နှလုံးသွင်းထိုက်၏၊ ယောစ–အကြင်ပညာဟူသော သဘောတရားသည်၊ မနသိကာရဏုပါယော–နှလုံးသွင်းခြင်း၏အကြောင်းတည်း၊ သဗ္ဗော–သော၊ သော–ထို မနသိကာတဗ္ဗ, မနသိကရဏုပါယကို၊ မနသိကာရောတိ–ဟူ၍၊ ဝတ္တုံ–ငှာ၊ ဝဋ္ဋတိ–သင့်၏၊ ဣတိ–ထို့ကြောင့်လည်းကောင်း၊ (တဒုဘယမ္ပိ မနသိကာရ ကောသလ္လန္တိ ဝုတ္တံ၊) စ–ဆက်၊ တတ္ထ–ထိုဥဂ္ဂဟ, မနသိကာရတို့၌၊ ကောသလ္လံ–ကျွမ်းကျင်သူ၏ ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်သည်၊ မနသိကာရ ကုသလတာ–မည်၏၊ ဣတိ–ဤသို့ မှတ်အပ်၏။

**၁၃၄၂**။ တီသုပိဝါ၊ပေ၊ ဝဋ္ဋတီတိ–ပါဋ္ဌ်ဖြင့်၊ တဿာစ–ထိုကုသလတာ၏လည်း၊ ဥဂ္ဂဟာဒိဘာဝေါ–ဥဂ္ဂဟ အစရှိသည်တို့၏အဖြစ်ကို၊ (သင်္ဂဟကာရေန)

---

သိခြင်းသည် ဥဂ္ဂဟဇာနနမည်၏၊ မနသိကာရကိုလည်း "သည်ပုံသည်နည်း ဖြစ်စေထိုက်၏, သည်ပုံသည်နည်း ဖြစ်ခဲ့ပြီ"ဟု သိခြင်းသည် မနသိကာရဇာနနမည်၏၊ ထို နှစ်ပါးစုံသော သိခြင်းကို "မနသိကာရကောသလ္လ"ဟု ဆိုအပ်၏၊ [ကောသလ္လနှင့် ကုသလတာသည် အနက်တူပင်တည်း။

**ဥဂ္ဂဟောပ ၊ပေ၊ ဝဋ္ဋတိ**။ ။ဥဂ္ဂဟကို မနသိကာရကုသလတာ၌ သွင်းယူထားရာဝယ် ထိုဥဂ္ဂဟကို အဘယ့်ကြောင့် "မနသိကာရ"ဟု ဆိုနိုင်ပါသနည်း, မနသိကာရကား ဘယ်နှစ်မျိုး ပြားပါသနည်းဟု မေးဖွယ်ရှိသောကြောင့် "ဥဂ္ဂဟောပိ"စသည်ကို မိန့်သည်၊ ဥဂ္ဂဟ၏နောက်၌ မနသိကာရ (နှလုံးသွင်းမှု)ပါရကား ထိုမနသိကာရနှင့် ယှဉ်သောကြောင့်ဥဂ္ဂဟကိုလည်း (သဟစရဏနည်းအားဖြင့်) မနသိကာရဟူသော နိရုတ္တိကို (နာမည်ကို) ရသင့်ပါ၏၊ မနသိကာရကား မနသိကာတဗ္ဗဖြစ်သော အနိစ္စစသောလက္ခဏာ, နှလုံးသွင်းခြင်း၏အကြောင်းပညာဟူသော မနသိကရဏုပါယ ဤသို့အားဖြင့် နှစ်ပါးပြားသည်–ဟူလို။

ဝုတ္တော၊ သမ္မသန်–သုံးသပ်တတ်သောတရားသည်၊ ပညာ–ပညာတည်း၊ သာ–ထိုပညာသည်၊ မဂ္ဂသမ္ပယုတ္တာ–မဂ်နှင့်ယှဉ်သည်၊ (သမာနာ–သော်၊) အနိစ္စာဒိသမ္မသနကိစ္စံ–အနိစ္စ အစရှိသောအားဖြင့် သုံးသပ်ခြင်းကိစ္စကို၊ သာဓေတိ–ပြီးစေ၏၊ (ကသ္မာ), နိစ္စသညာဒိပ္ပဇဟနတော–နိစ္စသညာ အစရှိသည်ကို ပယ်စွန့်နိုင်ခြင်းကြောင့်တည်း၊ မနသိကာရော–မနသိကာရသည်၊ သမ္မသနသမ္ပယုတ္တော–သမ္မသနဉာဏ်နှင့်ယှဉ်သည်၊ (ဟုတ္វာ၊) တထေဝ–ထို့အတူ နိစ္စသညာစသည်ကို ပယ်စွန့်နိုင်ခြင်းကြောင့်ပင်၊ အနိစ္စာဒိမနသိကာရကိစ္စံ–ကို၊ မဂ္ဂသမ္ပယုတ္တော–မဂ်နှင့်ယှဉ်သည်၊(သမာနော) သာဓေတိ၊ တေန–ကြောင့်၊ သမ္မသန၊ပေ၊ မိဿကာတိ–ဟူ၍၊ အာဟ၊ ဣမိနာ၊ပေ၊ ဟောတီတိ–ပါဠိဖြင့်၊ ဧဝံ–သို့၊ (ဤအကြောင်းကြောင့် ဤအကျိုးဖြစ်၏ဟူ၍၊) အဝိဇ္ဇာဒီနံ–တို့၏၊ (ပစ္စယဘာဝဝယ် ဘာဝဥ္စပ၊) သင်္ခါရာဒိပစ္စယုပ္ပန္နဿ–သင်္ခါရအစရှိသော ပစ္စယုပ္ပန်တရား၏၊ (ပစ္စယဥ္စပ၊) ပစ္စယဘာဝဇာနနံ–အကြောင်း၏အဖြစ်ကို သိခြင်းသည်၊ ပဋိစ္စသမုပ္ပာဒကုသလတာ–မည်၏၊ ဣတိ–ဤ အနက်ကို၊ ဒဿေတိ။

**၁၃၄၄။** အမ္ဗဇာဒိနိ–သရက်စေ့ အစရှိသည်တို့ကို၊ အနုပါဒိန္နကဒဿနတ္ထံ–ဥပါဒိန္နကမဟုတ်သော သက်မဲ့ဝတ္ထုကို ပြခြင်းအကျိုးငှာ၊ ဝုတ္တာနိ၊ သောတဝိညာဏာဒီနံ–သောတဝိညာဏ် အစရှိသည်တို့ကို၊ ဝါ–တို့အား၊ ဝါ–တို့နှင့်၊ (ဝိသဘာဂါအနနုရူပါ အနုပ္ပာဒကာတိဥ္စ စပ၊) ဝိသဘာဂါ–သဘောမတူကုန်သော၊ အနနုရူပါ–မလျောက်ပတ်ကုန်သော၊ အနုပ္ပာဒကာယေဝ–မဖြစ်စေတတ်သည်သာလျှင် ဖြစ်ကုန်သော၊ စက္ခာဒယော–စက္ခု အစရှိသည်တို့ကို၊ ဝိသဘာဂပစ္စယာတိ–ဟူ၍၊ ဝုတ္တာ–န်ပြီ၊ စ–ဆက်၊ တေဟိ–ထိုစက္ခု အစရှိသည်တို့ကြောင့်၊ အနုပဇ္ဇမာနာနေဝ–မဖြစ်တတ်သည်သာလျှင် ဖြစ်ကုန်သော၊ သောတဝိညာဏာဒီနိ–တို့ကို၊ ဝိသဘာဂ၊ပေ၊ ဓမ္မာတိ–ဟူ၍၊ (ဝုတ္တာနိ၊) ဝါ–တစ်နည်း၊ သောတဝိညာဏေန–နှင့်၊ ဝိသဘာဂဿ–သဘောမတူသော၊ စက္ခုဝိညာဏဿ–၏၊ ပစ္စယော–အကြောင်းတည်း၊ ဣတိ–ကြောင့်၊ ဝိသဘာဂပစ္စယော–မည်၏၊ စက္ခာယတနဿ–စက္ခာယတန၏၊ ဝိသဘာဂေန–သော၊ သောတာယတနေန–သောတရတနဟူသော၊ ပစ္စယေန–အကြောင်းကြောင့်၊ သမုပ္ပန္နော–ကောင်းစွာဖြစ်သောတရားသည်၊ ဝိသဘာဂပစ္စယသမုပ္ပန္နော–မည်၏။

**၁၃၄၆။** အဇ္ဇဝမဒ္ဒဝေသော–၌၊ အဇ္ဇဝေါ အဇ္ဇဝတာတိ (ဧတ္ထ)–ဟူသော ဤ ပါဠိ၌၊ ဥဇုတာ ဥဇုကတာဏ္ဏဇ္ဇဝံ–ဟူ၍သာ၊ ဝုတ္တံ–ဆိုအပ်သည်၊ ဝါ–ဆိုလိုသည်၊ ဟောတိ၊ ဣတိ–ကြောင့်၊ အဇ္ဇဝမဒ္ဒဝနိဒ္ဒေသေသု–တို့၌၊ ဥဇု

၊ပေ၊နိဒ္ဒေသေဟိ–ဥဇုကတာနိဒ္ဒေသ, မုဒုတာနိဒ္ဒေသတို့မှ၊ ဝိသေသံ–ထူးသော၊ မဒ္ဒဝနိဒ္ဒေသေ–၌၊ ဝုတ္တံ–ဟောတော်မူအပ်သော၊ နီစစိတ္တတာတိပဒံ–ကို၊ (သင်္ဂဟကာရော) အာဟ၊ တတ္ထ–ထိုမဒ္ဒဝနိဒ္ဒေသ၌၊ နီစစိတ္တတာ မုဒုတာဒိ–ဟူ၍၊ ပုန, မုဒုတာ ဝစနံ–မုဒုတာသဒ္ဒါသည်၊ နီစစိတ္တတာယ–နီစစိတ္တတာကို၊ ဝိသေသနတ္ထံ–အထူးပြုရခြင်း အကျိုးရှိ၏၊ ဟိ–မှန်၊ တစ်နည်း–(ကသ္မာ ဝိသေသနတ္ထံ ဟောတိ၊) ဟိ (ယသ္မာ), ဩမာနောပိ–အောက်ကျသောမာန သည်လည်း၊ နီစစိတ္တတာ–နီစစိတ္တတာသည်၊ ဟောတိ၊ ပန–ထိုသို့ပင် နီစ စိတ္တတာဖြစ်ပါသော်လည်း၊ မုဒုတာ–မုဒုတာသည်၊ န–မဖြစ်၊ ဣတိ–ကြောင့်၊ (ဝိသေသနတ္ထံ ဟောတိ။).

**၁၃၄၈။** ပရေသံ–တို့၏၊ ဒုက္ကဋံ–မကောင်းသဖြင့် ပြုအပ်သော ကိုယ်မှုကို လည်းကောင်း၊ ဒုရုတ္တဉ္စ–မကောင်းသဖြင့် ပြောဆိုအပ်သော နှုတ်မှုကိုလည်း ကောင်း၊ ပဋိဝိရောဓာကရဏေန–ဆန့်ကျင်ဘက် မပြုခြင်းအားဖြင့်၊ အတ္တနော– ၏၊ ဥပရိ–၌၊ အာရောပေတွာ–၍၊ ဝါသေန္တိ–တည်နေစေကုန်၏။

စိတ္တဿသကမနတာတိ–ကား၊ စိတ္တဿ–၏၊ အဗျာပန္နော–ဖောက်ပြန် ခြင်းသို့ မရောက်သော၊ သကော–မိမိဉစ္စာဖြစ်သော၊ မနဘာဝေါ–စိတ်အဖြစ် တည်း၊ ဝါ–စိတ်၏သဘောတည်း၊ [တစ်နည်း–သကမနသဘာဝေါ–မိမိစိတ်၏ သဘောတည်း၊] ဣတိအတ္ထော၊ ဝါ–တစ်နည်း၊ စိတ္တန္တိ–စိတ္တံဟူသောပါဠ်ဖြင့်၊

---

**တတ္ထ ၊ပေ၊ ဝိသေသနတ္ထံ။** ။ဤဋီကာ အဖွင့်ကိုကြည့်၍ မဒ္ဒဝတာနိဒ္ဒေသ ဝယ် ပါဠိတော်၌ "ယာ မုဒုတာ ၊ပေ၊ နီစစိတ္တတာ မုဒုတာ"ဟု မုဒုတာပုဒ် နှစ်ထပ်ရှိ ရမည်၊ စာအုပ်များ၌ကား "နီစစိတ္တတာ၏နောက်၌ မုဒုတာမပါ၊ ထိုမုဒုတာသည် နီစစိတ္တတာကို နောက်မှနေ၍ (ဩမာနဖြစ်သော နီစစိတ္တတာမှ ကွဲပြားအောင်) အထူးပြုသော ဝိသေသနတည်း။

**စိတ္တဿ ၊ပေ၊ ဘာဝေါတိ အတ္ထော။** ။စိတ်၏ဖောက်ပြန်ခြင်းသို့ မရောက် သော (ဒေါသ, ဒေါမနဿဖြစ်၍ မနေသော) သဘောသည် သကမန၏အဖြစ်တည်း၊ ဝါ–မိမိစိတ်၏အဖြစ်ဟူသော သဘောတည်း၊ [စာအုပ်တို့၌ "သကော မနောဘာဝေါ"ဟု တွေ့ရ၏၊ ပီတိနိဒ္ဒေသ အဋ္ဌကထာ၌ "သကမနဿဘာဝေါတိ အတ္ထော"ဟု ဖွင့်ခဲ့သောကြောင့် ဤ၌လည်း ထိုအဋ္ဌကထာကို နည်းမှီ၍ "သကမနဿဘာဝေါတိ အတ္ထော"ဟုရှိလျှင် ကောင်းမည်ထင်သည်။

**စိတ္တန္တိ ဝါ။** ။ဤနည်းကား အဋ္ဌကထာအတိုင်းကိုပင် အဓိပ္ပာယ်အရကောက် တစ်မျိုးပြသော တစ်နည်းတည်း၊ "စိတ္တဿ"အရ စိတ်တစ်ခုတည်းကိုမယူဘဲ စိတ် အစဉ်အတန်းကို ဧကတ္တနည်းအားဖြင့် တစ်ခုတည်းယူ၍ ထို စိတ်အစဉ်တွင်ပါဝင်သော ပီတိသဟဂုတ်စိတ်ကို သကမနတ္တဟု ဆိုသည်၊ "အတ္တမနတာ"အရ ပီတိသဟဂုတ် စိတ်ကို ကောက်ပါ–ဟူလို၊ [အဋ္ဌကထာ၌ကား သောမနဿကို ကောက်သည်။]

**စိတ္တပ္ပဗန္ဓံ**–စိတ်အစဉ်အဆက်ကို၊ **ဧကတ္တေန**–တစ်ခုတည်း၏အဖြစ်ဖြင့်၊ **ဂဟေတွာ**–၍၊ **တဿ**–ထိုစိတ် အစဉ်အဆက်၏၊ **အန္တ ရာ**–၌၊ **ဥပ္ပန္နေန**–သော၊ **ပီတိသဟဂတမနေန**–ပီတိနှင့်တကွဖြစ်သော စိတ်အားဖြင့်၊ **သကမနတ္တံ**–သကမန၏အဖြစ်ကို၊ **အာဟ**၊ **ဝါ**–တစ်နည်း၊ **အတ္တမနော**–မိမိစိတ်ရှိသော၊ **ပုဂ္ဂလော**–တည်း၊ **တဿ**–ထိုမိမိစိတ်ရှိသောပုဂ္ဂိုလ်၏၊ **ဘာဝေါ**–ဖြစ်ကြောင်းဖြစ်ရာတည်း၊ **အတ္တမနတာ**–မိမိစိတ်ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာ၊ **သာ**–ထိုအတ္တမနတာသည်၊ **သတ္တဿ**–သတ္တဝါ၏၊ **န** (**အတ္တမနတာ**)–အတ္တမနတာ မဟုတ်၊ **ဣတိ**–သို့၊ **ပုဂ္ဂလဒိဋ္ဌိနိဝါရဏတ္ထံ**–ပုဂ္ဂလဒိဋ္ဌိကို တားမြစ်ခြင်းအကျိုးငှာ၊ (ပုဂ္ဂိုလ်ရှိ၏ဟူသော အယူကို တားမြစ်ခြင်းအကျိုးငှာ၊) **စိတ္တဿာတိ**–ဟူ၍၊ (ဘဂဝတာ) **ဝုတ္တံ**။

**၁၃၄၉**။ **ကာယဝါစာဟိ**–ကိုယ် နှုတ်တို့ဖြင့်၊ **ကတ္တဗ္ဗဿ**–ပြုထိုက်သော အမှုကို၊ **အကရဏေန**–မပြုခြင်းအားဖြင့်လည်းကောင်း၊ **အာသာဒယိတဗ္ဗဿ**–မသာ ယာထိုက်သော ရွှေ ငွေ စသည်ကို၊ **သာဒယနေနစ**–သာယာခြင်းအားဖြင့်လည်းကောင်း၊ **မနသာပိ**–စိတ်ဖြင့်လည်း၊ **အာစရတိဧဝ**–ပြုကျင့်သည်သာ၊ **ဝါ**–တစ်နည်း၊ **ဣန္ဒြိယ ၊ပေ၊ ဝသေန**–ဣန္ဒြိယသံဝရ အစရှိသောသီလ၏ ပျက်စီးခြင်း၏အစွမ်းဖြင့်၊ **တံ**–ဤသဗ္ဗောပိ သီလသံဝရောဟူသော စကားကို၊ **ဝုတ္တံ**၊ **ဣတိ** ဝေဒိတဗ္ဗံ။

**၁၃၅၀**။ **သဒေါသဝဏ္ဏော**–အပြစ်အနာရှိသော၊ **ရက္ခော**–သစ်ပင်၌၊ **နိယျာသပိဏ္ဍိယော**–အစေး, အခဲတို့ကို၊ **ဝါ**–တစ်နည်း၊ **ဥဋ္ဌိတာနိ**–ပေါက်လာကုန်သော၊ **အဟိစ္ဆတ္တကာနိ**–မှိုင့်တို့ကို၊ **အဏ္ဍကာနိတိ**–ဟူ၍၊ **ဝဒန္တိ**၊ **ပန**–ထိုသို့ပင် ဆိုကြပါကုန်သော်လည်း၊ **ဖေဂ္ဂုရုက္ခဿ**–အကာရှိသော သစ်ပင်၏၊ **ကုထိတဿ**–ဆွေးသည်ဖြစ်၍၊ (**သမာနဿ**–သော်၊) **အဏ္ဍာနိဝိယ**–အဥတို့ကဲ့သို့၊ **ဥဋ္ဌိတာ**–ပေါ်ထွက်ကုန်သော၊ **စုဏ္ဏပိဏ္ဍိယော**–အမှုန့်ခဲတို့ကို၊ **ဝါ**–တစ်နည်း၊ **ဂဏ္ဍိယော**–အဖုအမြုက်တို့ကို၊ **အဏ္ဍကာနိတိ**–ဟူ၍၊ **ဝေဒိတဗ္ဗာနိ**၊ **ပဒုမနာဠံဝိယ**–ပဒုမ္မာကြာရိုးကဲ့သို့၊ **သောတံ**–နားကို၊ **ဃံသယမာနာဝိယ**–ပွတ်တိုက်သကဲ့သို့၊ **ပဝိသန္တိ**–ဝင်သောစကားကို၊ **ကဏ္ဏသာ**–ကဏ္ဏသာဟူ၍၊ **ဒဋ္ဌဗ္ဗာ**၊ **ကောခေန**–

---

**အတ္တမနော ဝါ**။ ။ဤနည်းကား အဋ္ဌကထာနည်းမှ တစ်နည်းသက်သက် တည်း၊ "အတ္တနော+မနော ယဿာတိ အတ္တမနော"ဟုပြု၍ မိမိစိတ်ရှိသော ပုဂ္ဂိုလ် ကို အရကောက်ပါ၊ ထို့နောက် "အတ္တမနဿ+ဘာဝေါ အတ္တမနတာ"ဟု တွဲ၍ ပီတိကို အရကောက်ပါ၊ "ထို အတ္တမနတာဟူသည် ပုဂ္ဂိုလ် သတ္တဝါ၏ အတ္တမနတာ မဟုတ်, စိတ်၏ အတ္တမနတာတည်း"ဟု သိစေလို၍ "စိတ္တဿ"ဟု ဟောတော်မူသည်၊ ဤနည်းကို ပီတိနိဒ္ဒေသ၌လည်း ဋီကာပြခဲ့သည်။

ကောဓကြောင့်၊ နိဗ္ဗတ္တာ–သော၊ တဿ–ထိုကောဓ၏၊ ပရိဝါဘူတာ–အခြံအရံ ဖြစ်၍ဖြစ်သောစကားသည်၊ ကောဓသာမန္တာ–ကောဓသာမန္တာမည်၏။

ပုရေ–မြို့၌၊ သံဝဗုနာရီ–ကြီးပွားသော သတို့သမီးသည်၊ ပေါရီ–ပေါရီ မည်၏၊ သာဝိယ–ထိုမြို့၌ကြီးပွားသော သတို့သမီးကဲ့သို့၊ သုကုမာရာ– အလွန်သိမ်မွေ့သော၊ မုဒုတာ–နူးညံ့သော၊ ဝါစာ–စကားသည်၊ ပေါရီဝိယ– မြို့၌ကြီးပွားသော သတိုးသမီးကဲ့သို့၊ (ဟောတိ၊) ဣတိ–ဤဝစနတ္ထကြောင့်၊ ပေါရီ–မည်၏၊...တတ္ထာတိ–ကား၊ ဘာသိတာ ဟောတီတိ–ဟူ၍၊ ဝုတ္တာယ– ဟောတော်မူအပ်သော၊ ကိရိယာယ–ပြောဆိုခြင်းကြိယာ၌၊ ဣတိပိ–ဤသို့ လည်း၊ ယောဇနာ–အနက်ကို ယှဉ်စေခြင်းသည်၊ သမ္ဘဝတိ–ဖြစ်သင့်၏၊ [အဋ္ဌကထာနည်းမှ တစ်နည်းဖြစ်သင့်၏။] တတ္ထဝါစာယ–ထိုစကား၌၊ ဣတိ ဝါ–ဤအနက်သည်လည်း၊ (သမ္ဘဝတိ၊) [ရှေ့နည်းမှ တစ်နည်းဖြစ်သင့်၏။] သဏှဝါစတာတိ အာဒိနာ–ပါဠိဖြင့်၊ တံ ဝါစံ–ထိုစကားကို၊ ပဝတ္တယမာန်– ဖြစ်စေတတ်သော၊ စေတနံ–စေတနာကို၊ ဒဿေတိ၊ [တတ္ထအရ ပြောဆိုခြင်း ကြိယာ, ပြောဆိုအပ်သောစကားကို အရကောက်လျှင် သဏှဝါစတာစသော သုံးပုဒ်အရ အဘယ်တရားကို အရကောက်ရမည်နည်းဟု မေးဖွယ်ရှိ၍ "သဏှဝါစတာတိအာဒိနာ"စသည်ကို မိန့်သည်၊ "ထိုစကားကို ဖြစ်စေ တတ်သော စေတနာကို ကောက်ပါ"ဟူလို။]

**၁၃၅၁**။ အာမိသလာဘေန–အာမိသကို မရခြင်းကြောင့်၊ ယံဆိဒ္ဒံ–အကြင် အပေါက် သည်၊ (အတ္ထိ၊) တံ–ထိုအပေါက်ကို၊ အာမိသာ ၊ပေ၊ ဆိဒ္ဒန္တိ– ဟူ၍၊ (သင်္ဂဟ ကာရေန) ဝုတ္တံ၊ ["အာမိသ အလာဘေန အတ္တနာသဟ ပရေသံ ဆိဒ္ဒံ"ဟူသောအဋ္ဌကထာကို ချုံး၍ "အာမိသာလာဘေန ဆိဒ္ဒန္တိ"ဟု ဆိုသည်။] ဒွေယေဝ ဟီတိ–ပါဠိဖြင့်၊ ယထာဝုတ္တာနိ–န်သော၊ အာမိသဓမ္မာ လာဘေဟိ–အာမိသအလာဘ,ဓမ္မအလာဘတို့ကြောင့်၊ ပဝတ္တမာနာနိ–ဖြစ် ကုန်သော၊ ဆိဒ္ဒါနိ–တို့ကို၊ အာဟ–ဆိုပြီ၊ ဂမနသဘာဂေနာဟီ–ကား ဂမနမဂ္ဂဿ–သွားကြောင်းလမ်းအား၊ (သွားမည့်လမ်းအား၊) အနုစ္ဆဝိကဒိသာ ဘာဂေန–လျောက်ပတ်သောအရပ်အဖို့ဖြင့်၊ (တံ အာဒါယဌ စပ်။)

သင်္ဂဟပဏ္ဍေ ဠတ္တာတိ–ကား၊ သင်္ဂဟံ–ချီးမြှောက်ခြင်းကို၊ ကရောမိ–ပြုအံ့၊ ဣစ္စေဝ–ဤသို့နှလုံးသွင်း၍သာ၊ (ကမ္မဋ္ဌာနံ–ကို၊) ကထေတဗ္ဗံ–ပြောဟောရာ၏၊ လာဘ၊ပေ၊ ဒီဟိ–လာဘ်,ပူဇော်သက္ကာရကို အလိုရှိသူ၏အဖြစ်အစရှိသော အကြောင်းတို့ကြောင့်၊ န (ကထေတဗ္ဗံ၊) ဣတိ အတ္တော၊ အဝသံ–မချွတ် ကာတဗ္ဗံ–ပြုထိုက်သော အမှုသည်၊ ကိစ္စံ–ကိစ္စမည်၏၊ ဣတရံ–အခြားသော အမှုသည်၊ ကရဏီယံ–မည်၏၊...အဗ္ဘာနတော–အဗ္ဘာန်မှ၊ အညံ–သော၊ အာပတ္တိဝုဋ္ဌာနံ–အာပတ်မှထမြောက်ကြောင်းကို၊ ဝုဋ္ဌာနန္တိ–ဟူ၍၊ ဝုတ္တံ။

**၁၃၅၂**။ သသမ္ဘာရကထာတိ–ကား၊ ဒဿနဿ–မြင်ခြင်း၏. ဝါ–မြင်တတ်သော စက္ခုဝိညာဏ်၏၊ ကာရဏာသဟိတာ–အကြောင်းစက္ခုပသာဒနှင့်တကွဖြစ်သော၊ ဣတိ အတ္ထော၊ ဝါ–တစ်နည်း၊ သသမ္ဘာရဿ–အကြောင်းအဆောက်အဦးဖြစ်သော စက္ခုပသာဒနှင့်တကွဖြစ်သော၊ ဒဿနဿ–မြင်ခြင်း၏၊ ဝါ–ကို၊ ကထာ–ဆိုရာဆိုကြောင်း စကားတည်း၊ သသမ္ဘာရကထာ–အကြောင်းအဆောက်အဦးနှင့်တကွဖြစ်သော မြင်ခြင်းကို ဆိုရာဆိုကြောင်းစကား။

ယဿ၊ပေ၊ ဟောတူတိ–ဟူ၍၊ ဝတွာ–ဆိုပြီး၍၊ ပုန–တစ်ဖန်၊ တဿ၊ပေ၊ ပိဒဟနတ္ထာယာတိ–ဟူ၍၊ဝုတ္တံ၊ အသံဝရဿတိ–အသံဝရဿဟူ၍၊ န(ဝုတ္တံ၊) တဒိဒံ–ထိုအသံဝရသဒ္ဒါကို မဆိုခြင်းကို၊ (ဝေဒိတဗ္ဗံ၌ စပ်၊) စက္ခုန္ဒြိယာသံဝရဿ–စက္ခုန္ဒြေကို မစောင့်စည်းခြင်း၏၊ ဟေတု–အကြောင်းကြောင့်၊ ယံ အဘိဇ္ဈာဒိ အန္ဝာဿဝနံ–အကြင်အဘိဇ္ဈာအစရှိသော တရားတို့၏အစဉ်တစိုက်လိုက်ခြင်းကို၊ ဒဿိတံ၊ တံ–ထို အဘိဇ္ဈာအစရှိသော တရားတို့၏အစဉ်တစိုက်လိုက်ခြင်းကို၊ အသံဝုတစက္ခုန္ဒြိယဿေဝ–မစောင့်ရှောက်အပ်သောစက္ခုန္ဒြေ၏သာလျှင်၊ ဟေတု–အကြောင်းကြောင့်၊ ပဝတ္တံ–ဖြစ်၏ဟူ၍၊ ဒဿိတံ–ပြအပ်ပြီ၊ ဣတိကတွာ–ဤသို့နှလုံးသွင်း၍၊ ဝုတ္တံ၊ ဣတိ ဝေဒိတဗ္ဗံ၊ ဟိ–မှန်၊ ယတွာဓိကရဏံတိ (ပဒဿ)–၏၊ ယဿ စက္ခုန္ဒြိယဿ–အကြင်စက္ခုန္ဒြေ၏၊

---

**န အသံဝရဿာတိ**။ ။အနိယမဝါကျ၌ "ယဿ စက္ခုန္ဒြိယာသံဝရဿ"ဟု ဆိုခဲ့၏၊ နိယမဝါကျ၌ကား "တဿ စက္ခုန္ဒြိယဿ"ဟု ဆိုထား၏၊ "တဿ စက္ခုန္ဒြိယာသံဝရဿ"ဟု "အသံဝရဿ"ထည့်၍ မဆို၊ ထိုသို့ မဆိုသောကြောင့် နိယမ အနိယမ ထုံးစံမကျ–ဟူလို။

**တဒိတံ၊ပေ၊ ဝုတ္တံတိ**။ ။"တဿ စက္ခုန္ဒြိယဿ သတိကဝါဋေန ပိဒဟနတ္ထာယ" ဟူသော စကားကို အဘယ်သို့ နှလုံးသွင်း၍ အဋ္ဌကထာဆရာ ဆိုအပ်ပါသနည်းဟု မေးဖွယ်ရှိ၍ "တဒိတံ"စသည်ကို မိန့်သည်၊ ဆိုလိုရင်းကား–"စက္ခုန္ဒြေကို မစောင့်စည်းခြင်းကြောင့် အကြင်အဘိဇ္ဈာဒိ အန္ဝာဿဝကို (အနိယမဝါကျ၌) ပြအပ်ခဲ့၏၊ ထို အဘိဇ္ဈာဒိ အန္ဝာဿဝသည် (အရင်းစစ်လျှင် အမြစ်မြေကပ္ပူသကဲ့သို့) မစောင့်စည်းအပ်သော စက္ခုန္ဒြေကြောင့် ဖြစ်၏"ဟု ပြအပ်ရာရောက်၏၊ ထို့ကြောင့် အနိယမ၌ အသံဝရထည့်သော်လည်း နိယမ၌ အသံဝရ မထည့်ဘဲ ဆိုထားသည်–ဟူလို။

**ယတွာဓိကရဏန္တိ ဟိ**။ ။[ဣဒါနိ ယထာဝုတ္တေ အဓိပ္ပာယေ ဋ္ဌတွာ ယတွာဓိ ကရဏန္တိ ဟိတိအာဒိနာ ပါဠိယောဇနံ (ပါဠိတော်၌ အနက်ယှဉ်စေပုံ, အနက်ပေးပုံကို) ဒဿေတိ၊] ဤအဖွင့်အတိုင်း ပါဠိတော်၌ "ယတွာဓိကရဏံ–အကြင် မစောင့်စည်းအပ်သော စက္ခုန္ဒြေဟူသော အကြောင်းကြောင့် ၊ပေ၊ အန္ဝာဿဝေယျုံ–အစဉ်လိုက်ကုန်ရာ၏၊ တဿ–ထိုစက္ခုန္ဒြေကို၊ သံဝရာယ–စောင့်စည်းခြင်းငှာ၊ န ပဋိပဇ္ဇတိ–မကျင့်"ဟု အနက်ပေးပါ၊ [အန္ဝာဿဝန္တိ အဘိဇ္ဈာဒယော၊ တဒုပလက္ခိတန္တိ အန္ဝာဿဝုပလက္ခိတံ (အန္ဝာဿဝဖြင့် မှတ်သားအပ်သော အသံဝရ၊)–အနု။]

ကာရဏာ–အကြောင်းကြောင့်၊ ဣတိ အတ္ထော–သည်၊ (ဟောတိ၊) စ–ဆက်၊ ကသ္မာ–အဘယ်သို့သော စက္ခုဒွါရ၏၊ ကာရဏာ–အကြောင်းကြောင့်နည်း၊ ဣတိ–ဤကား အမေးတည်း၊ အသံဝုတသ္မာ–မစောင့်စည်းအပ်သော စက္ခုဒွါရ၏၊ (ကာရဏာ–အကြောင်းကြောင့်တည်း၊) အသံဝုတံ–အသံဝုတဟူသည်၊ ကိန္တိ–အဘယ်နည်း၊ ယသ္မာ စက္ခုန္ဒြိယာသံဝရသ္မာ–၏၊ ဟေတု–ကြောင့်၊ (အဘိဇ္ဈာဒယော–တို့သည်၊) အနွာဿဝန္တိ–အစဉ်တစိုက် လိုက်ကုန်၏၊ တဒုပလက္ခိတံ–ထို အဘိဇ္ဈာစသောတရားတို့၏ အစဉ်တစိုက်လိုက်ခြင်းဖြင့် မှတ်သားအပ်သော၊ (အသံဝုတံ–အသံဝုတတည်း၊) တသ္မာ–ထို တဒုပလက္ခိတအသံဝုတစက္ခုဒွါရကို၊ သံဝရာယ–စောင့်စည်းခြင်းငှာ၊ (နပဋိပဇ္ဇတိ၌ စပ်၊) ဣတိအယံ–ကား၊ အတ္ထယောဇနာ–အနက်ကို ယှဉ်စေခြင်းတည်း။

ဇဝနက္ခဏေ ပန ဒုဿီလျဝါတိအာဒိ–အစရှိသောစကားကို၊ ပုန–တစ်ဖန်၊ အဝစနတ္ထံ–မဆိုခြင်းအကျိုးငှာ၊ ဣမေဝ–ဤစက္ခုဒွါရ၌သာ၊ သဗ္ဗံ–အလုံးစုံကို၊ ဝုတ္တံ–(ပေါင်း၍) ဆိုအပ်ပြီ၊ ဣတိ–ကြောင့်၊ ဆသု–န်သော၊ ဒွါရေသု–တို့၌၊ ယထာသမ္ဘဝံ–စွာ၊ ယောဇေတဗ္ဗံ၊ ဟိ–မှန်၊ တစ်နည်း–(ကသ္မာ ယထာသမ္ဘဝံ ယောဇေတဗ္ဗံ၊) ဟိ (ယသ္မာ), ပဉ္စဒွါရေ–ပဉ္စဒွါရ၌၊ ကာယဝစီ ဒုစ္စရိတသင်္ခါတံ–ကာယဒုစရိုက်, ဝစီဒုစရိုက်ဟု ဆိုအပ်သော၊ ဒုဿီလျံ–ဒုဿီလျသည်၊ န အတ္ထိ၊ ဣတိ–ကြောင့်၊ (ယထာသမ္ဘဝံ ယောဇေတဗ္ဗံ၊) ယထာကိ'တိ အာဒိနာ–အစရှိသော စကားရပ်ဖြင့်၊ နဂရဒွါရေ–မြို့တံခါးသည်၊ အသံဝရေ–စောင့်စည်းခြင်း မရှိသည်၊ သတိ–သော်၊ တံ သမ္ဗန္ဓာနံ–ထိုမြို့တံခါးနှင့် ဆက်စပ်ခြင်းရှိကုန်သော၊ ဃရာဒီနံ–အိမ်အစရှိသည်တို့၏၊ အသံဝုတတာ–မစောင့်ရှောက်အပ်ကုန်သည်၏အဖြစ်သည်၊ (ဟောတိ)ဝိယ၊ (တထာ၊) ဇဝနေ–ဇောသည်၊ အသံဝရေ–စောင့်စည်းခြင်းမရှိသည်၊ သတိ–သော်၊ တံ သမ္ဗန္ဓာနံ–ထိုဇောနှင့် စပ်ခြင်းရှိကုန်သော၊ ဒွါရာဒီနံ–ဒွါရအစရှိသည်တို့၏၊ အသံဝုတတာ–သည်၊ (ဟောတိ၊) ဣတိ ဇဝံ–ဤအတူ၊ အညေသံ–အခြား သော နဂရဒွါရ, ဇဝနတို့၏၊ သံဝရေ–သည်၊ (သတိ၊) အညေသံ–အခြားသော ဃရစသည်, ဒွါရစသည်တို့၏၊ သံဝုတတာသာမညမေဝ–စောင့်ရှောက်အပ်ကုန်သည်၏ အဖြစ်အားဖြင့် တူသည်၏အဖြစ်ကိုသာ၊ နိဒဿေတိ–ဥပမာညွှန်ပြ၏၊ ပုဗ္ဗာပရသာမညံ–ရှေ့နောက်အားဖြင့် တူသည်၏အဖြစ်ကိုလည်းကောင်း၊ အန္တောဗဟိသာမညံဝါ–အတွင်းအပြင်အားဖြင့် တူသည်၏ အဖြစ်ကိုလည်းကောင်း၊ န (နိဒဿေတိ)–ညွှန်ပြသည် မဟုတ်၊ ဝါ–ဥပမာပြသည် မဟုတ်၊ [ဤအဓိပ္ပာယ်များကို အဋ္ဌကထာနိဿယ၌ ပြထားပြီ။]

ဝါ–တစ်နည်း၊ ဒွါရာဘဂ်ါဒိကေ–ဒွါရ, ဘဝင်အစရှိသော တရားသည်၊ သတိ၊ ပုန, ဥပ္ပန္နမာနံ–ဖြစ်သော၊ ဇဝနံ–ဇောကို၊ ဗာဟိရံဝိယ–ပြင်ပကိုကဲ့သို့၊ ကတွာ, နဂရဒွါရသမာနံ–မြို့တံခါးနှင့် တူ၏ဟူ၍၊ (သင်္ဂဟကာရေန) ဝုတ္တံ၊ ဣတရံစ–ဇောမှအခြားသော ဒွါရဘဝင် အစရှိသည်တို့ကား၊ အဗ္ဘန္တရနဂရ ဒွါရသမာနံ–မြို့၏အတွင်းက တံခါးနှင့်တူ၏ဟူ၍၊ [မြို့အတွင်း အိမ်တံခါး, တံခါးမုခ်တံခါး, အခန်းတံခါးတို့နှင့် တူ၏ဟူ၍၊] (ဝုတ္တံ၊) ဝါ–တစ်နည်း၊ ဇဝနေ–ဇောခဏ၌၊ အသံဝရေ–မစောင့်ရှောက်ခြင်းသည်၊ ဥပ္ပန္နေ–ဖြစ်လသော်၊ တတော–ထို ဇောခဏမှ၊ ပရံ–နောက်၌၊ ဒွါရာဘဂ်ါဒီနံ–တို့၏၊ အသံဝရဟေတု ဘာဝါပတ္တိတော–မစောင့်ရှောက်ခြင်း၏ အကြောင်း၏အဖြစ်သို့ရောက်ခြင်း ကြောင့်၊ နဂရဒွါရသဒိသေန–မြို့တံခါးနှင့်တူသော၊ ဇဝနေန–ဖြင့်၊ ပဝိသိတ္ဗာ–ဝင်၍၊ ဒုဿီလျာဒိစောရာနံ–ဒုဿီလအစရှိသော ခိုးသူတို့၏၊ (အာဒိဖြင့် မုဋ္ဌဿစ္စ စသည်ကို ယူ၊) ဒွါရာဘဂ်ါဒိမူသနံ–ဒွါရဘဝင် အစရှိသည်တို့၌ လုယူခြင်းကို၊ ကုသလဘဏ္ဍာဝိနာသနံ–ကုသိုလ်ဘဏ္ဍာကို ဖျက်ဆီးခြင်းကို၊ ကထိတံ၊ ဣတိ ဒဋ္ဌဗ္ဗံ။

**၁၃၅၃။** ဣမိနာအာဟာရေန–ဤအာဟာရဖြင့်၊ နိတ္ထရဏတ္ထေန–ဝဋ်မှ ထွက်မြောက်ခြင်းဟူသောအကျိုးအားဖြင့်၊ အတ္ထိကဘာဝေါ–အကျိုးရှိသည်၏ အဖြစ်တည်း၊ ဣဒမတ္ထိကတာ–ဤ အာဟာရဖြင့် အကျိုးရှိသည်၏အဖြစ်၊ [နိတ္ထရဏတ္ထေနကား အတ္ထိကဘာဝေါ၏သရူပကဏ္ဍာဝိသေသနတည်း၊] အာဟာရ ၊ပေ၊ အသန္တုဿနာတိ – ကား၊ အာဟာရပရိဘောဂက္ခဏေ–အာဟာရကို

**သတိ ဝါ၊ပေ၊သမာနံ။** ။"ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စ အာဂန္တုကေ ဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ"ဟူသော ပါဠိတော်နှင့်အညီ, ဇောသည် အာဂန္တုကတရား ဖြစ်၍ အပြင်ကျသောကြောင့် "မြို့တံခါးနှင့်တူ၏"ဟုလည်းကောင်း, အခြားသောဒွါရ ဘဝင်တို့ကို မြို့တွင်းက"အိမ်တံခါးနှင့်တူ၏"ဟုလည်းကောင်း ဥပမာပြထားသည်။

**ဇဝနေ ဝါ ပေ၊ ကထိတံ။** ။ဤနည်း၌ "တတောပရံ"ဟု ဆိုသောကြောင့် စက္ခုဒွါရဝီထိ၏ ဇောခဏ၌ အသံဝရဖြစ်လျှင် နောက် တဒနုဝတ္တိကဝီထိများ၏ ဒွါရဘဝင်စသည်တို့၏လည်း အသံဝရဖြစ်ဖို့ရန် အကြောင်းဖြစ်စရာရှိသောကြောင့် စက္ခုဒွါရိကဝီထိ၌ပါသော ဇောကို နဂရဒွါရနှင့် ဥပမာပြု၍ ထိုဇောခဏ၌ဖြစ်သော ဒုဿီလျစသော ခိုးသူတို့က ဒွါရဘဝင်စသည်တို့၌ ကုသိုလ်ဘဏ္ဍာဖြစ်ခြင်း၏အကြောင်း ဥပနိဿယမဖြစ်ရအောင် ခိုးယူပုံကို ပြဆိုအပ်၏၊ ["ကုသလဘဏ္ဍာဝိနာသနံ"ကား ဒွါရာဘဂ်ါဒိမူသနံ၏ အဓိပ္ပာယ်တည်း၊ ဒွါရဘဝင်ကို တိုက်ရိုက်ခိုးယူ၍ အကျိုးမရှိ၊ ဒွါရဘဝင်စသည်တို့က ကုသိုလ်ဖြစ်ခြင်း၏အကြောင်း ဥပနိဿယကို ဖျက်ဆီးခြင်းကို "ဒွါရဘဝင်စသည်တို့၌ ခိုးခြင်း"ဟု ဆိုလိုသည်၊ ဤသို့ အဓိပ္ပာယ်တူလျှင် ဇောက ရှေ့ကျသောကြောင့် နဂရဒွါရနှင့် တူနိုင်ပါသည်–ဟူလို။]

သုံးဆောင်ဆဲခဏ၌၊ ပဝတ္တာ–ဖြစ်သော၊ အသန္တုဋ္ဌသနာ–မတင်းတိမ် မရောင့်ရဲခြင်းတည်း၊ ဒဝတ္တာဒိအဘိလာသော–အဝတ္ထ အစရှိသည်တို့ကို လိုလားခြင်းတည်း၊ဣတိအတ္ထော၊ စ–ဆက်၊ တ္တေ–ဤအသန္တုဋ္ဌိတာ, အမတ္တညုတာတို့တွင်၊ အသန္တုဋ္ဌိတာ–အသန္တုဋ္ဌိတာဟူသည်၊ လောဘော–လောဘတည်း၊ အမတ္တညုတာ စ–အမတ္တညုတာသည်လည်းကောင်း၊ အပ္ပဋိသင်္ခါ စ–သည်လည်းကောင်း၊ မောဟော–မောဟတည်း၊ ဣတိ–သို့၊ ဒွေ–နှစ်သော၊ ဣမေ ဓမ္မာ–ဤလောဘ, မောဟတရားတို့ကို၊ ဘောဇနေ အမတ္တညုတာတိ–ဟူ၍၊ ဝေဒိတဗ္ဗာ။

**၁၃၅၅**။ အဟံ–သည်၊ သေယျော–သည်၊ အသ္မိ၊ ဣတိအာဒိနာ–ဖြင့်၊ ပဝတ္တမာနော၀–ဖြစ်သော မာနသည်ပင်၊ မာနမဒေါ–မာနမဒမည်၏၊ အသဒ္ဓမ္မသေဝနသမတ္ထတံ–မသူတော်တို့၏အကျင့်ဖြစ်သော မေထုန်မှီဝဲခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကို၊ နိဿာယ–မှီ၍၊ ပဝတ္တော–ဖြစ်သော၊ မာနော–မာနသည်၊ (ပုရိသမဒေါ–မည်၏၊) ဝါ–တစ်နည်း၊ ရာဂေါ၀–ရာဂသည်ပင်၊ ပုရိသမဒေါ–မည်၏၊ သက္ခရသပ္ပိခီရာဒီနိ–သကြား, ထောပတ်, နို့ရည်အစရှိတို့ကို၊ ယောဇေတွာ–ယှဉ်စေ၍၊ ဝါ–ရောစပ်၍၊ ဗဟလပက္ကံ–ခပ်ပျစ်ပျစ် ချက်အပ်သော၊ ဘောဇနံ–ဘောဇဉ်သည်၊ ပိဏ္ဍရသဘောဇနံ–ပိဏ္ဍရသဘောဇဉ်မည်၏၊ ဝါ–တစ်နည်း၊ ဗဟလပက္ကံ–သော၊ မံသရသာဒိဘောဇနံ–အသားရည် အစရှိသည်တို့ဖြင့် ရောစပ်အပ်သော ဘောဇဉ်သည်၊ (ပိဏ္ဍရသဘောဇနံ–မည်၏၊) မန္ဒန္တိ–ကား၊ အပ္ပံ–နည်းနည်းပါးပါး။

ဠိတိယာတိ–ကား၊ ဠိတတ္ထံ–တည်တံ့သည်၏အဖြစ်ဟူသော အကျိုးငှာ၊ စ–ဆက်၊ တဒတ္ထံ–ထိုတည်တန့်သည်၏အဖြစ်ဟူသော အကျိုးငှာ၊ ဘုဉ္ဇန္တော–စားသူသည်၊ ယသ္မာ, ကာယံ–ကိုယ်ကို၊ ဌပေဿာမိ–တည်တန့်စေအံ့၊ ဣတိ–ဤသို့ နှလုံးသွင်း၍၊ ဘုဉ္ဇတိ၊ တသ္မာ, ဌပနတ္ထာယာတိ–ဟူ၍၊ ဝုတ္တံ။

အဘုတ္တပစ္စယာ ဥပ္ပဇ္ဇနကာတိ–ဟူသော၊ ခုဒ္ဒါယ–ခုဒ္ဒါ၏၊ ဣဒံ ဝိသေသနံ–ဤဝိသေသနသည်၊ ယဿာ–အကြင်ခုဒ္ဒါ၏၊ အပ္ပဝတ္တိ–မဖြစ်ခြင်းကို၊ ဘောဇနေန–ဘောဇဉ်သည်၊ ကာတဗ္ဗာ–ပြုနိုင်၏၊ တဿာ–ထို (ဘောဇဉ်ဖြင့် မဖြစ်အောင် ပြုနိုင်သော) ခုဒ္ဒကို၊ ဒဿနတ္ထံ–ပြရခြင်းအကျိုးရှိ၏၊ ["အခြား ခုဒ္ဒါမဟုတ်, မစားလျှင်မဖြစ်သည့် ခုဒ္ဒါ"–ဟူလို၊] တချို့ကား "အဘုတ္တပစ္စယာ ဥပ္ပဇ္ဇနကာ"ဟု ဝိသေသန ပြုသည်–ဟူလို၊] သကလံသာသနံတိ–ပါဠိဖြင့်၊

---

**ဒဝတ္ထာဒိ အဘိလာသော**။ ။ဒဝေါ စ အတ္ထော ပယောဇနံတိ ဒဝတ္ထော၊ (ဒဝ ဟူသော အကျိုး၊) သော အာဒိ ယေ တေသံ ဒဝတ္ထာဒယော၊ (ဒဝတ္ထအစရှိသော မဒ, မဏ္ဍန, ဝိဘူသနတို့၊) တေသု, တေသံ ဝါ အဘိလာသော (မြောက်လင့်ခြင်း, တောင်းတခြင်း၊)–အနု။

ပါဋ္ဌိမဲ့ပိ–ပါဋ္ဌိတော်မဲ့မှုကိုလည်းကောင်း၊ သဗ္ဗကုသလေပိ–(သိက္ခာသုံးရပ်မှ ကြွင်းသော)အလုံးစုံသောကုသိုလ်တို့ကိုလည်းကောင်း၊ သင်္ဂဏှာတိ–သိမ်းယူ၏။

အဘုတ္တပစ္စယာ–မစားအပ်သည်၏အဖြစ်ဟူသော အကြောင်းကြောင့်၊ ဥပ္ပန္နကဝေဒနာ–ဖြစ်သော ဝေဒနာလည်းကောင်း၊ ဘုတ္တပစ္စယာ–ကြောင့်၊ န ဥပ္ပန္နကဝေဒနာ–မဖြစ်သော ဝေဒနာလည်းကောင်း၊ ဣတိ–ဤသို့၊ တာသံ–ဤဝေဒနာတို့၏၊ ဝိသေသော–သည်၊ ကော–အဘယ်နည်း၊ ပုရိမာ–ရှေ့ဖြစ်သော အဘုတ္တပစ္စယာ ဥပ္ပန္နကဝေဒနာသည်၊ ယထာပဝတ္တာ–အကြင်အကြင် ဖြစ်မြဲတိုင်းသော၊ (ဖြစ်ရိုးဖြစ်စဉ်ဖြစ်သော၊) ဇိဃစ္ဆာနိမိတ္တာ–ထမင်းဆာခြင်းဟူသော အကြောင်းရှိသော၊ ဝေဒနာ–ဝေဒနာတည်း၊ ဟိ–မှန်၊ သာ–ထို ဝေဒနာသည်၊ အဘုဉ္ဇန္တဿ–မစားသူ၏ သန္တာန်၌၊ ဘိယျော–လွန်စွာ၊ ပဝတ္တနဝသေန–ဖြစ်ခြင်း၏ အစွမ်းဖြင့်၊ ဥပ္ပန္နတိ–၏၊ ဣတိ–ဤသို့မှတ်အပ်၏၊ ပစ္ဆိမာပိ–နောက်ဖြစ်သော ဘုတ္တပစ္စယာ န ဥပ္ပန္နကဝေဒနာသည်လည်း၊ ခုဒ္ဒါနိမိတ္တာဝ–မွတ်သိပ် ဆာလောင်ခြင်းဟူသော အကြောင်းရှိသည် သာလျှင် (ဟုတ္ဝာ၊) အပဝတ္တာ–မဖြစ်သေးသော၊ အင်္ဂဒါဟသူလာဒိဝေဒနာ–ကိုယ်အင်္ဂါ၏ပူလောင်ခြင်း, လေ တံကျင်ထိုးခြင်း အစရှိသော ဝေဒနာတည်း၊ ဟိ–မှန်၊ သာ–ထိုဝေဒနာသည်၊ ဘုတ္တပစ္စယာ–ကြောင့်၊ ပုဗ္ဗေ–၌၊ အနုပ္ပန္နာဝ–မဖြစ်သေးသည်သာလျှင်၊(ဟုတွာ၊) န ဥပ္ပဇ္ဇိဿတိ–မဖြစ်တော့လတံ့၊ [မစားလျှင် ဖြစ်လိမ့်မည်–ဟူလို၊] စ–ဆက်၊ ဝိဟိံသာယ–ဝိဟိံသာမည်သော ခုဒ္ဒါမှ၊ ဝိဟိံသာနိမိတ္တတာ–ဝိဟိံသာဟူသော အကြောင်းရှိသည်၏ အဖြစ်သည်၊ တာသံ–ဤ ဝေဒနာနှစ်မျိုးတို့၏၊ ဝိသေသော–အထူးတည်း။

---

**ပုရိမာ ၊ပေ၊ ဥပ္ပဇ္ဇတီတိ။** ။ဝေဒနာဟူသည် ကာယိကဒုက္ခ, စေတသိကဒုက္ခ ဝေဒနာတည်း၊ ထမင်းဆာခြင်းသည် အကြောင်း, ထိုထမင်းဆာခြင်းကြောင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းသည် ဖြစ်ရိုးဖြစ်စဉ် ဒုက္ခဝေဒနာအကျိုးတည်း၊ ထမင်း မစားရသည် ရှိသော် ဖြစ်ရိုးဖြစ်စဉ်မှ တိုး၍ မနေနိုင် မထိုင်နိုင်အောင် ဖြစ်ပေါ်လာသော ဝေဒနာကို "အဘုတ္တပစ္စယာ ဥပ္ပန္နကဝေဒနာ"ဟု ခေါ်သည်။

**ပစ္ဆိမာပိ ၊ပေ၊ န ဥပ္ပဇ္ဇိဿတိ။** ။ထမင်းဆာခြင်းဟူသော အကြောင်းကြောင့် ပင် ဝမ်းဗိုက်စသော ကိုယ်အင်္ဂါတို့၏ ပူလောင်လာခြင်း, လေတံကျင် အစရှိသောဝေဒနာသည် ဖြစ်လာတတ်၏၊ ထိုသို့ ဖြစ်လာတတ်သော ဝေဒနာ၏ မဖြစ်ခြင်းသည် "ဘုစ္စပစ္စယာ န ဥပ္ပန္နကဝေဒနာ"မည်၏။

**ဝိဟိံသာ ၊ပေ၊ ဝိသေသော။** ။ဤပြခဲ့သော ဝေဒနာနှစ်မျိုးသည် ဝိဟိံသာဟု ခေါ်အပ်သော ခုဒ္ဒါမဟုတ်သေး၊ ဝိဟိံသာဟု ခေါ်အပ်သော ခုဒ္ဒါကို အကြောင်းခံ၍ ဖြစ်ရသော ဝေဒနာများတည်း၊ ထို့ကြောင့် ဝိဟိံသာနှင့် ဤဝေဒနာနှစ်မျိုးတို့၏ ထူးခြားပုံကိုလည်း သိပါ။

ယာတြာတိ-ပါဠိဖြင့်၊ ယာပနာ-ရှည်သော အခွန့်သို့ ရောက်ခြင်းကို၊ ဝုတ္တာ-ဟောတော်မူအပ်ပြီ၊ ပုဗ္ဗေပိ-ရှေ့၌လည်း၊ ယာပနာယာတိ-ဟူ၍၊ ဝုတ္တံ၊ တတ္ထ-ဤယာပနာနှစ်မျိုးတို့၌၊ ဝိသေသော-သည်၊ ကော-နည်း၊ ပုဗ္ဗေ-၌၊ ယာပနာယာတိ ဇီဝိတိန္ဒြိယယာပနတ္ထာယာတိ-ယာပနာယာတိ ဇီဝိတိန္ဒြိယ ယာပနတ္ထာယဟူ၍၊ ဝုတ္တံ၊ ဣဓပန-ဤနေရာ၌ကား၊ စတုန္နံ-န်သော၊ ဣရိယာပထာနံ-တို့၏၊ အဝိစ္ဆေဒသင်္ခါတာ-မပြတ်စဲခြင်းဟု ဆိုအပ်သော၊ ယာပနာ-ယာပနာကို၊ ယာတြာတိ-ဟူ၍၊ (ဝုတ္တံ၊) အယံ-ဤဆိုအပ်ပြီးကား၊ တတ္ထ-ဤယာပနာနှစ်မျိုးတို့၌၊ ဝိသေသော-တည်း။

ဒါယကဒေယျခွာနံ-အလှူ့ရှင်,လှူဖွယ်ဝတ္ထုတို့၏လည်းကောင်း၊ အတ္တနော စ-မိမိဟူသော အလှူခံပုဂ္ဂိုလ်၏လည်းကောင်း၊ ပမာဏံ-အတိုင်းအရှည်ကို၊ အဇာနိတွာ-မသိမူ၍၊ ပဋိဂ္ဂဟဏံ-ခံယူခြင်းသည်လည်းကောင်း၊ သဒ္ဓါဒေယျ ဝိနိပါတနတ္ထံ-သဒ္ဓါဖြင့် လှူအပ်သောဆွမ်းကို ဖောက်ပြန်စွာကျစေခြင်းအကျိုး ငှာ၊ ပဋိဂ္ဂဟဏံဝါ-သည်လည်းကောင်း၊ အဓမ္မိကပဋိဂ္ဂဟဏံ-မည်၏၊ ဝါ-တစ်နည်း၊ ယေန-အကြင်ဂဏာဘောဇနထုပ်ကတကို ခံယူခြင်းကြောင့်၊ အာပတ္တိံ အာပဇ္ဇေယျ၊ (တံ-ထို ဂဏာဘောဇနထုပ်ကတကို ခံယူခြင်းသည်၊ အဓမ္မိက ပဋိဂ္ဂဟဏံ-မည်၏၊) [ဤအဓိပ္ပာယ်များကို အဋ္ဌကထာ နိဿယ၌ ပြထားပြီ။]

အပစ္စဝေက္ခိတပရိဘောဂေါ-မဆင်ခြင်အပ်သော ဘောဇဉ်ကို သုံးဆောင် ခြင်းသည်၊ အဓမ္မေန ပရိဘောဂေါ-မည်၏၊ ပစ္စယေ-ပစ္စည်းသည်၊ ဝါ-ပစ္စည်းက၊ အနဝဇ္ဇေ အနိန္ဒိတဗ္ဗေ-မကဲ့ရဲ့ထိုက်သည်၊ (သမာနေ-ဖြစ်ပါလျက်၊) ပရိဘောဂေန-သုံးဆောင်ခြင်းအားဖြင့်၊ သာဝဇ္ဇံ သနိန္ဒံ-ကဲ့ရဲ့ဖွယ်နှင့်တကွ ဖြစ်အောင်၊ အတ္တာနံ-ကို၊ ကရောတိ-၏။

အနဝဇ္ဇတာစ ဘဝိဿတီတိ-ကား၊ အတ္တနော-၏၊ ပကတိ အဂ္ဂိဗလာ ဒိံ-ပကတိအား, ဝမ်းမီးအား အစရှိသည်ကို၊ ဇာနိတွာ-သိ၍၊ ဧဝံ-ဤသို့ တော်ရုံသင့်ရုံ စားရသည်ရှိသော်၊ မေ-ငါ၏၊ အဂရဟိတဗ္ဗတာစ-မကဲ့ရဲ့ ထိုက်သည်၏အဖြစ်သည်လည်း၊ ဘဝိဿတိ၊ ဣတိ-ဤသို့ နှလုံးသွင်း၍၊ ပမာဏယုတ္တံ-ပမာဏနှင့်ယှဉ်သော အာဟာရကို၊ အာဟာရေတိ-စားမျို၏၊ ဣတိ အတ္ထော၊ သုခေါ-ချမ်းသာသော၊ ဣရိယာပထဝိဟာရော-ဣရိယာပုထ် ဟူသောနေကြောင်းတည်း၊ ဖာသုဝိဟာရော-ချမ်းသာသောနေရကြောင်း။

ဧတ္တကဉ္စိ ။ပေ။ ပဝတ္တန္တီတိ-ဟူသော ဤ စကားကို၊ (ဝုတ္တံ၌ စပ်၊) ဣရိယာပထာနံ-ဣရိယာပုတ်တို့၏၊ သုခပ္ပဝတ္တိယာ-ချမ်းသာစွာ ဖြစ်ခြင်း၏၊

---

**ဧတ္တကဉ္စိ ။ပေ။ ဝုတ္တံ။** ။အဋ္ဌကထာ၌ "ဧတ္တကဉ္စိ ဘုဉ္ဇိတွာ ပါနီယံ"စသော စကားဝယ် "ဣရိယာပထာ သုခေန ပဝတ္တန္တိ"ဟု ဣရိယာပထတို့ကို ကတ္တားအဖြစ်ဖြင့် ဆိုထား၏၊ ထိုသို့ ဆိုရာ၌ တစ်ဝါကျတည်းဝယ် ကတ္တားသည် ပဓာန ဖြစ်ရကား

ကာရဏာဘူတံ–အကြောင်းဖြစ်၍ဖြစ်သော၊ ဘုဥ္ဇနံ (စ)–စားခြင်းကိုလည်း ကောင်း၊ (လေးလုပ် ငါးလုပ်လျှော့၍ စားခြင်းကိုလည်းကောင်း၊) ပိဝနဥ္စ– ရေသောက်ခြင်းကိုလည်းကောင်း၊ ဣရိယာပထေဟိ–တို့သည်၊ ကာရဏာ ဘာဝေန–ဖြင့်၊ ဂဟိတတ္တာ–ကြောင့်၊ တေဟိ–ထို ဣရိယာပုတ်တို့သည်၊ သာဓိတံဝိယ–ပြီးစေအပ်သကဲ့သို့၊ (သင်္ဂဟကာရေန) ဝုတ္တံ။

အဘုတွာ ဥဒကံ ပိဝေတိ–ဟူ၍၊ လိခန္တိ–ရေးကြကုန်၏၊ ပန–ထိုသို့ပင် ရေးကြပါကုန်သော်လည်း၊ ဘုတွာန–ဟူ၍၊ ပါဌော–ပါဠိတော်ပါ၌သည်၊ (အတ္ထိ၊) ဟိ–မှန်၊ ပုနပိ–တစ်ဖန်လည်း၊ အပ္ပဿဝ–အနည်းငယ်ကိုသာ၊ အနုဇာနနဝသေန–ခွင့်ပြုခြင်း၏အစွမ်းခြင့်၊ ကပ္ပိယံပေ၊ ဖာသုဝိဟာရာယာတိ–

---

ဘုဥ္ဇနပိဝနကြိယာတို့ကိုလည်း ထိုဣရိယာပထတို့က ပြီးစေနိုင်ပါသလော, အဘယ် နည်းဖြင့် ထိုသို့ ဆိုထားပါသနည်းဟု မေးဖွယ်ရှိ၍ "ဓွေကဥ္စိ ၊ပေ၊ ဝုတ္တံ"ဟု မိန့် သည်၊ **ဆိုလိုရင်းကား**–လေးလုပ် ငါးလုပ်လျှော့၍ စားခြင်း, ရေကို သောက်နေခြင်း ကြောင့် ဣရိယာပုတ်တို့ ချမ်းသာစွာ ဖြစ်နိုင်ကြ၏၊ ထို့ကြောင့် ဘုဥ္ဇန ပိဝနသည် ဣရိယာပုတ်တို့ သုခပဝတ္တန၏ အကြောင်းသာ ဖြစ်၏၊ ထို အကြောင်းကိုပင် ဣရိယာပုတ်တို့က ငါတို့၏အကြောင်းဟု ယူအပ်(အသိအမှတ် ပြုအပ်)သောကြောင့် ထိုဣရိယာပုတ်တို့ကပင် ပြီးစေအပ်သကဲ့သို့ (ကတ္တုသတ္တိ မရှိသော်လည်း ရှိသကဲ့သို့ တင်စား၍) တဒ္ဓမ္မူပစာရအားဖြင့် ဆိုထားအပ်သည်–ဟူလို။

**အနုဋီကာ**။ ။ဣရိယာ ၊ပေ၊ ဝုတ္တန္တိ သုခံ ပဝတ္တမာနေဟိ ဣရိယာပထေဟိ တေသံ (ထိုဣရိယာပုတ်တို့၏) တထာပဝတ္တိယာ ကာရဏာန္တိ ဂဟိတတ္တာ ဝိဒိတတ္တာ ယထာဝုတ္တဘုဥ္ဇနပိဝနာနိ ပုဗ္ဗကာလကြိယာဘာဝေန ဝုစ္စမာနာနိ ဣရိယာပထကတ္တု ကာနိဝိယ (ဣရိယာပုတ်ဟူသော ကတ္တားရှိကုန်သကဲ့သို့) ဝုတ္တာနိတိ အတ္ထော၊–အနု၊ ဤဋီကာနှင့် အနုဋီကာဖွင့်ပုံ ထောက်လျှင် အဋ္ဌကထာ၌ "ဓွေကဥ္စိ ဘုဥ္ဇတွာ ပါနီယံ ပိဝိတွာ"ဟု ရှေးပါ၌ရှိသည်ဟု မှတ်ပါ၊ ရှေးနိဿယ၌လည်း "ပိဝိတွာ"ဟုပင် ရှိသည်။

**ဘုတွာန ပန ပါဌော**။ ။တိံသနိပါတ် ထေရဂါထာပါဠိတော်၌ "အဘုတွာ"ဟု မရှိဘဲ "ဘုတွာန"ဟုပါ၌ရှိ၏၊ ဘုတွာနပါ၌ရှိကြောင်းကို ထိုဂါထာ၏နောက်၌ဆက်၍ မိန့်ဆိုအပ်သော "ကပ္ပိယံစ တံ ဆာဒေတိ"စသောဂါထာ, "ပလ္လင်္ကေန နိသိန္နဿ" စသော ဂါထာ, ဤနှစ်ဂါထာတို့ကို ထောက်၍ သိနိုင်ပါသည်၊ မှန်၏–ထိုနှစ်ဂါထာ၌ သင်္ကန်းသည် အမျိုးဇာတ်အားဖြင့် အပ်လည်းအပ်၏၊ ဖုံးလွှမ်းထိုက်သောကိုယ်အင်္ဂါ ကိုလည်း ဖုံးလွှမ်းနိုင်၏၊ ဣဒမတ္ထိက (သီတာဒိပဋိဃာတဟိရိကောပိနပဋိစ္ဆာဒန အကျိုးလည်း ရှိ၏၊) ထိုသင်္ကန်းသည် သင့်လျော်လောက်ပါပြီဟု သင်္ကန်းပစ္စည်းအတွက် အနည်းဆုံးကို ခွင့်ပြုတော်မူ၏၊ ကျောင်းပစ္စည်းအတွက်လည်း ထက်ဝယ်ဖွဲ့ခွေ ကမ္မဋ္ဌာန်းထိုင်နေသောပုဂ္ဂိုလ်၏ ပုဆစ်ဒူဝန်းနှစ်ဘက် မိုးလုံလျှင် သင့်လျော်လောက်ပြီဟု အနည်းဆုံး(အညံ့ဆုံး)ကျောင်းကို ခွင့်ပြုတော်မူ၏၊ ထို့ကြောင့် ဤဂါထာ၌လည်း လေးလုပ် ငါးလုပ်လောက်ကိုသာ စား၍ ရေသောက်နေလျှင် ကမ္မဋ္ဌာန်းအားထုတ်နေ သော ပုဂ္ဂိုလ်အတွက် သင့်လျော်ပြီးဟု မူလဋီကာဆရာ ဆိုလိုသတတ်။

ဟူ၍လည်းကောင်း၊ ပလ္လင်္ကေန၊ပေ၊ ဖာသုဝိဟာရာယာတိ–ဟူ၍လည်းကောင်း၊ အာဟ–(ဓမ္မသေနာပတိ)မိန့်တော်မူပြီ၊ [တံ စီဝရံ–ထိုသင်္ကန်းသည်၊ ကပ္ပိယဥ္စ–အပ်လည်းအပ်၏၊ ဆာဒေတိစ–(ဖုံးလွှမ်းထိုက်သောကိုယ်အင်္ဂါကိုလည်း)ဖုံးလွှမ်းနိုင်၏၊ ဣဒမတ္ထိကံ–ဤသင်္ကန်းဖြင့် သီတာဒိပဋိဃာတအကျိုး, ဟိရိကောပိနပဋိစ္ဆာဒနအကျိုးလည်းရှိ၏၊ (တံ–ထိုသင်္ကန်းသည်၊) ဖာသုဝိဟာရာယ–ချမ်းသာစွာနေရခြင်းငှာ၊ အလံ–စွမ်းနိုင်၏၊ ပလ္လင်္ကေန–ထက်ဝယ်ပလ္လင်ဖြင့်၊ နိသိန္နဿ–ထိုင်နေသောယောဂီရဟန်း၏၊ ဇဏ္ဏုကေ–ပုဆစ်ဒူးဝန်းတို့ကို၊ နာဘိဝဿတိ–မိုးမစွတ်နိုင်၊ (တံ–ထိုကျောင်းသည်၊) ဖာသုဝိဟာရာယ အလံ။]

ဘောဇနာနိသံသောတိ (ပဒဿ)–၏၊ ယထာဝုတ္တေဟိ–န်သော၊ အင်္ဂေဟိ, အင်္ဂေဟိ–တို့နှင့်၊ သမန္နာဂတဿ–သော၊ ဘောဇနဿ–ဘောဇဉ်ကို စားခြင်း၏၊ အဂရဟိတဗ္ဗတာ–မကဲ့ရဲ့ထိုက်သည်၏ အဖြစ်သည်လည်းကောင်း၊ သုခဝိဟာရောစ–ချမ်းသာစွာ နေကြောင်းသည်လည်းကောင်း၊ အာနိသံသော–အကျိုးတည်း၊ ဣတိ အတ္ထော၊ ယုတ္တဿ–သင့်လျော်သော၊ နိဒ္ဒေါသဿ–အပြစ်မရှိသော၊ ဘောဇနဿ–၏လည်းကောင်း၊ ပရိမာနဿစ–အတိုင်းအရှည်၏လည်းကောင်း၊ ဝသေန–ဖြင့်၊ ဇာနနံ–သိခြင်းသည်၊ ယုတ္တပမာဏဇာနနံနာမ–ယုတ္တပမာဏဇာနန မည်၏။

**၁၃၅၆။** ယဿ–အကြင်သူ၏၊ ဝိနာသံ–ပျက်စီးခြင်းသို့၊ ပတ္တိယာ–ရောက်ခြင်းကြောင့်၊ နဋ္ဌာ–ပျက်စီးသော၊ ပဋိပက္ခေဟိ–ဆန့်ကျင်ဘက်တို့သည်၊ အဘိဘူတတ္တာ–လွှမ်းမိုးအပ်သည်၏အဖြစ်ကြောင့်တည်း၊ မုဋ္ဌာစ–ပျောက်ပျက်သည်လည်းဖြစ်သော၊ သတိ–သတိသည်၊ (အတ္ထိ၊) သော–ထိုသူသည်၊ နဋ္ဌမုဋ္ဌဿတိ–နဋ္ဌမုဋ္ဌဿတိမည်၏၊ တဿ–ထိုနဋ္ဌမုဋ္ဌဿတိရှိသူ၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ နာမ်ခန္ဓာလေးပါးသည်၊ နဋ္ဌမုဋ္ဌဿတိ–မည်၏။

**၁၃၆၈။** ဝိသုဒ္ဓိပ္ပတ္တန္တိ–ပါဠိဖြင့်၊ မဂ္ဂဖလသီလံ–မဂ်ဖိုလ်သီလကို၊ ဝဒတိ၊ လောကုတ္တရဓမ္မာဝါတိ–ကား၊ လောကုတ္တရာသတိအာဒိဓမ္မာဝ–လောကုတ္တရာဖြစ်သော သတိအစရှိသော တရားတို့ကိုသာ၊ (ကထိတာဠွိစပ်၊) ["လောကိယလောကုတ္တရဓမ္မာဝ"မှ "လောကုတ္တရဓမ္မာဝ"အရ အသိခက်သောကြောင့် ခွဲ၍ဖွင့်သည်၊ လောကုတ္တရာဖြစ်သော သတိသမ္ပဇညစသောတရားတို့ကိုသာ ယောဇနာတော်အပ်ကုန်ပြီ–ဟူလို။]

ပန–ဆက်၊ သီလသမ္ပဒါ–သီလသမ္ပဒါကို၊ ရူပါရူပါဝစရာ–ရူပါဝစရ, အရူပါဝစရဖြစ်သော သီလသမ္ပဒါသည်၊ နတ္ထိ၊ ဣတိ–ကြောင့်၊ သမ္ဘဝတော–ဖြစ်သင့်သော၊ (ကာမာဝစရ, လောကုတ္တရာ)အားဖြင့် ယောဇေတဗ္ဗာ–၏၊ [မဟဂ္ဂုတ်၌ ဝိရတိဟူသော သီလ မယှဉ်သောကြောင့် သီလသမ္ပဒါပုဒ်ကို ရသင့်သော လောကီကာမာဝစရနှင့်လောကုတ္တရာ၌သာ ယှဉ်ပါစေ–ဟူလို။]

**၁၃၇၃။** ဘောဇ္ဇပကရဏေဟိ–သုံးဆောင်ခံစားခြင်း၏ အဆောက်အဦး တို့ဖြင့်၊ သဘောဂေါ–ဘောဂနှင့်တကွဖြစ်သော (ပုရိသော၌ စပ်၊) [ဘောဂအရ သုံး ဆောင်ခံစားဖို့ရာ အဆောက်အဦးကို ယူပါ၊ "ထိုသို့ယူမှ နက္ခတ်ပွဲသဘင်နှင့် တွေ့သောအခါ အလွယ်တကူ သုံးဆောင်ခံစားနိုင်မည်"ဟူလို။]

စတုန္နံ သစ္စာနံ အနုလောမန္တိ (ပဒသ)–၏၊ စတုသစ္စ ပဋိဝေဓဿ– သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ်သောဉာဏ်အား၊ အနုလောမံ–လျော် သော၊ (ဝိပဿနာညာဏ်၌ စပ်၊ ဣတိ အတ္ထော၊ (ဟောတိ၊) ဟိ–မှန်၊ သစ္စာ နန္တိ–သစ္စာနံဟူသော ပုဒ်ဖြင့်၊ ပဋိဝိဇ္ဈိတဗ္ဗေဟိ–ထိုးထွင်း၍ သိထိုက်သော သစ္စာတို့ဖြင့်၊ ပဋိဝေဓာ–ထိုးထွင်း၍ သိတတ်သောမဂ်ဉာဏ်ကို၊ ဝုတ္တော၊ ဝါ–တစ်နည်း၊၊စတုသစ္စပ္ပဋိဝေဓဿ–သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ် သောဉာဏ်၏၊ ဥပနိဿယဘူတံ–အားကြီးသောမှီရာအကြောင်း ဖြစ်၍ဖြစ် သော ဝိပဿနာဉာဏ်ကို၊ ပဋိဝိဇ္ဈိတဗ္ဗာနံ–န်သော၊ စတုန္နံ–ကုန်သော၊ သစ္စာနံ–တို့အား၊ အနုလောမန္တိ–လျော်သောဉာဏ်ဟူ၍၊ ဝုတ္တံ။

**၁၃၇၈။** မမ–တပည့်တော်၏၊ ဃရံ–အိမ်ကို၊ မုခံ–အဦးပဓာနကို၊ ကတွာ၊ ဘိက္ခံ–ဆွမ်းခံရာအရပ်သို့၊ ပဝိသထ–ဝင်ပါကုန်၊ ဣတိ–ဤသို့ လျှောက်၍၊ ဒိယျမာနံ–လှူအပ်သောဆွမ်းကို၊ မုခဘတ္တန္တိ–ဟူ၍၊ ဝဒန္တိ၊ ဝါ–တစ်နည်း၊ နိစ္စဘတ္တာဒိ–မြဲသော ဆွမ်းအစရှိသည်ကို၊ အညေဟိ–အခြားသူတို့ကိုလည်း၊ အာဏာပေတွာ–ခိုင်းစေ၍၊ သယံ–ကိုယ်တိုင်၊ မုခံ–အဦးပဓာနသည်၊ ဟုတွာ၊ ဒိန္နံ–လှူအပ် သော ဆွမ်းသည်၊ မုခဘတ္တံ–မည်၏။

**၁၃၇၉။** ပဋိနေဝါတိနာမာတိ–ကား၊ နိဝတ္တေတိနာမ–ဆုတ်နစ်စေသည် မည်၏၊ ဩသက္ကေတိနာမ–နောက်သို့ သွားစေသည်မည်၏၊ (သက္ကဓာတ်သည် ဂတိအနက်ဟော)။

**၁၃၈၀။** ပုဗ္ဗေ နိဝုတ္ထက္ခန္ဓာတိ–ပါဠ်ဖြင့်၊ ပုရိမဇာတိသု–ရှေးဘဝတို့၌၊ သန္တတိ ပရိယာပန္နေ–ခန္ဓာစဉ်၌ အကျုံးဝင်ကုန်သော၊ ခန္ဓေ–ခန္ဓာတို့ကို၊ အာဟ၊ ခန္ဓပ္ပဋိဗဒ္ဓန္တိ–ကား၊ ဝတ္တာ၊ပေ၊ ဇနပဒါဒိ–အဝတ်, တန်ဆာ, ယာဉ်, ရွာ, ဇနပုဒ် အစရှိသည်တည်း၊ [ခန္ဓာနှင့် ဆက်စပ်၍နေသော အဝတ်စသည်ကို ဆိုသည်။] ခယသမေတိ–ပါဠ်တို့ဖြင့်၊ မဂ္ဂက္ခဏံ–မဂ်ခဏကို၊ အာဟ။

**၁၃၈၁။** အမိမှစ္စနဋ္ဌေနာတိ–ကား၊ အနိဂ္ဂဟိတပက္ခန္ဒနသင်္ခါတေန–မနှိပ်အပ် သည်ဖြစ်၍ ပြေးဝင်ခြင်းဟုဆိုအပ်သော၊ (လွတ်လွတ်ကျွတ်ကျွတ် ပြေးဝင်ခြင်း ဟု ဆိုအပ်သော၊) ယထာသုခံ–စွာ၊ ပဝတ္တနတ္ထေန–အားဖြင့်။

**၁၃၈၂။** ခီဏာနံ–ကုန်ပြီးသော ကိလေသာတို့၏၊ အန္တော အဝသာနံ– အဆုံးသည်၊ နိဋ္ဌိတဘာဝေါ–ပြီးဆုံးကုန်သည်၏ အဖြစ်သည်၊ ခီဏန္တော–

ခီဏာန္တ မည်၏၊ ဝါ–တစ်နည်း၊ ခီဏာနံ–တို့၏၊ အာဒိကာလော–အစကာလ သည်၊ (ခီဏာန္တော–မည်၏၊) တသ္မိံ ခီဏန္တေ–ထိုကုန်ပြီးသော ကိလေသာတို့၏ အဆုံး၌၊ ဝါ–ထိုကုန်ပြီးသော ကိလေသာတို့၏ အဆုံးဖြစ်သော အစကာလ၌၊ နိရုဒ္ဓန္တေ တိ အာဒီသု–ပုဒ်တို့၌၊ သေ–ဤ ဆိုအပ်ပြီးသော အစီအရင်သည်၊ နယော–သိကြောင်းအစီအရင်တည်း၊...ဒုကနိက္ခေပကဏ္ဍကထာ ဝဏ္ဏနာ– သည်၊ နိဋ္ဌိတာ။

## ဒုကနိက္ခေပကဏ္ဍဝဏ္ဏနာ–သည်၊ နိဋ္ဌိတာ။

## အဋ္ဌကထာကဏ္ဍအဖွင့်

**၁၃၈၄။** နယမဂ္ဂန္တိ–ကား၊ သုတ္တန္တ ပဒဘာဇနီယာဒိနယဂမနံ–သုတ္တန္တ ဘာဇနီယအစရှိသောနည်းကို သိကြောင်းအစဉ်ကိုလည်းကောင်း၊ အနုလောမာဒိ နယဂမနဥ္စ–အနုလောမ အစရှိသောနည်းကို သိကြောင်းအစဉ်ကိုလည်းကောင်း၊ (အသလ္လက္ခေန္တေနသမာနေတုံတို့၌ စပ်၊) ဟိ–မှန်၊ တွေ့–ဤအဋ္ဌကထာကဏ္ဍ၌၊ တမ္ပိ–ထိုနယမဂ္ဂကိုလည်း၊ အတ္ထေသု–အနက်အရကောက်တို့ကို၊ နိဋ္ဌိတေသု– ဆုံးဖြတ်အပ်ပြီးကုန်လသော်၊ သုခံ–လွယ်ကူစွာ၊ သမာနေန္တိ –တူအောင်ပြုနိုင် ကုန်၏၊ ပဥ္စဒ္ဒါရန္တိ–ကား၊ ကေ္ခနပညာသာယ ကေ္ခနပညာသာယ–တစ်ခုယုတ် ငါးဆယ်, တစ်ခုယုတ်ငါးဆယ်သော၊ (ပဥ္စသုစ–ပြဿနာတို့၌လည်းကောင်း၊) နဝသု နဝသု–ကိုးပါးကုန်, ကိုးပါးကုန်သော၊ ပဥ္စသုစ–တို့၌လည်းကောင်း၊ လဗ္ဘမာနဿ–ရထိုက်သောပြဿနာ၏အဖြေကို၊ ဥဒ္ဓရဏံ–ထုတ်ပြခြင်းကို လည်းကောင်း၊ (အသလ္လ ကေ္ခန္တေန သမာနေတုံတို့၌စပ်၊) တေသုယေဝ– ထိုပြဿနာတို့၌ပင်၊ လဗ္ဘမာနာနံ–န်သော၊ ဂဏနာနံ–ဂဏန်းတို့ကို၊ ထပနံ–

---

**သုတ္တန္တေ ၊ပေ၊ ဂမနံ။** ။သုတ္တန္တ ဘာဇနီယာဒိ၌ အာဒိဖြင့် ဝိဘင်းအတွက် အဘိဓမ္မဘာဇနီယ ပဥှာပုစ္ဆကနည်းကိုလည်းကောင်း, ဓာတုကထာအတွက် သင်္ဂဟ အသင်္ဂဟစသော နည်းကိုလည်းကောင်း, ပုဂ္ဂလပညတ်အတွက် ဧကကစသော နည်းကို လည်းကောင်း, ကထာဝတ္ထုအတွက် သုဒ္ဓိကသစ္စိကဋ္ဌစသော နည်းကိုလည်းကောင်း, ယမိုက်အတွက် မူလ မူလစသော နည်းကိုလည်းကောင်း ယူပါ၊ အနုလောမာဒိ၌ အာဒိဖြင့် ပဋ္ဌာန်းအတွက် ပစ္စနီယစသောနည်းကို ယူပါ။

**တွေ့ ၊ပေ၊ နိဋ္ဌိတေသု။** ။ဤအဋ္ဌကထာကဏ္ဍ၌ စိတ္တုပ္ပာဒ်အားဖြင့်လည်း ကောင်း, ကာမာဝစရစသော ဘုံအထူးနှင့် ယှဉ်ပုံအားဖြင့်လည်းကောင်း၊ "ကုသလာ ဓမ္မာ"စသော မာတိကာပုဒ်တို့၏အနက်တို့ကို ဆုံးဖြတ်အပ်ကုန်ပြီးဖြစ်လျှင် ထိုနယ ဂမနကို လွယ်ကူစွာ တူအောင်ပြုနိုင်ကြသည်၊ [သမာနေန္တိကို "သမာနံ ကရောန္တိ"ဟု နိဒါနကထာ၌ ဖွင့်ခဲ့ပြီ။]

ထားခြင်းဟူသော၊ ဂဏနာစာရံ–ဂဏန်းတို့ကို ဖြစ်စေခြင်း ထားခြင်းကိုလည်း ကောင်း၊ [စာအုပ်တို့၌ "ဂဏနာစာရော"ဟု ရှိ၏၊ အသလ္လက္ခဏေ့နှင့် စပ်ရမည်ဖြစ်၍ "ဂဏာနာစာရံ"ဟု ရှိသင့်သည်၊] အတ္တုဒ္ဓါရန္တိ–ကား၊ စိတ္တုပ္ပာဒါဒယော–စိတ္တုပ္ပာဒ် အစရှိကုန်သော၊ ဣမေ နာမ အတ္ထော–ဤမည်ကုန်သော အနက်သဘောတို့သည်၊ ကုသလာဒိကာ–ကုသိုလ် အစရှိသည်တို့တည်း၊ ဣတိ–သို့၊ ဥဒ္ဓရဏံ–ထုတ်ဆောင်ခြင်းကိုလည်းကောင်း။

ကဏ္ဍကံ ကဏ္ဍကန္တိ–ကား၊ စိတ္တုပ္ပာဒကဏ္ဍရူပကဏ္ဍာသု–တို့၌၊ ဝိဘတ္တေ–ဝေဖန်အပ်ပြီးကုန်သော၊ ပသဋ္ဌေ–ပြန့်ကြဲကုန်သော၊ ဓမ္မေ–တရားတို့ကို၊ (ဂန္ထေ တွာ၌စပ်၊) စတူသု၊ပေ၊အာဒိနာ–ဖြင့်၊ ရာသိရာသိဝသေန–အစုအစု၏ အစွမ်းဖြင့်၊ သဟ, ဂန္ထေ တွာ–သီကုံး၍၊ ဣတိအတ္ထော၊ ဃဋ္ဋဂေါစ္ဆကာ–ဃဋ္ဋသဒ္ဒါ, ဂေါစ္ဆကသဒ္ဒါတို့သည်၊ ကဏ္ဍကဝေဝစနာနေဝ–ကဏ္ဍကသဒ္ဒါ၏ ဝေဝုစ်ပရိယာယ်တို့သာတည်း။

ပန–ဆက်၊ ဧတ္ထ–ဤပါဠိတော်၌၊ စတူသု ဘူမိသု ကုသလန္တိ–ဟူ၍၊ ဧကဝစနနိဒ္ဒေသော–ဧကဝုစ်ဖြင့် ညွှန်ပြခြင်းသည်၊ စတုဘူမကာနံ–ဘုံလေးပါး၌ ဖြစ်ကုန်သော၊ ကုသလဖဿာဒီနံ–ကုသိုလ်ဖဿ အစရှိသည်တို့၏၊ ကုသလဘာဝေ–ကုသိုလ်၏အဖြစ်၌၊ ဧကတ္တူပဂမနတော–တစ်ခုတည်း၏အဖြစ်သို့ ကပ်ရောက်ခြင်းကြောင့်တည်း၊ စိတ္တုပ္ပာဒကဏ္ဍ ရူပကဏ္ဍာသု–တို့၌၊ စတု၊ပေ၊ ဝသေန–ဘုံလေးပါး၌ဖြစ်သော စိတ္တုပ္ပာဒ်အစရှိသည်တို့၏အစွမ်းဖြင့်၊ ဝိညာတဓမ္မဿ–သိအပ်ပြီးသော တရားရှိသောပုဂ္ဂိုလ်၏၊ ဝသေန–ဖြင့်၊ အယံ အတ္ထုဒ္ဓါရဒေသနာ–ဤအတ္ထုဒ္ဓါရဒေသနာကို၊ အာရဒ္ဓါ–အားထုတ်တော်မူအပ်ပြီ၊ ဣတိ–ကြောင့်၊ တတ္ထ–ထိုစိတ္တုပ္ပာဒကဏ္ဍ ရူပကဏ္ဍာတို့၌၊ စတူသု–န်သော၊ ဘူမိသု–ဘုံတို့၌၊ ယံ ကုသလံ–ကို၊ ယာဝ ဝိညာတံ–သိအပ်သည့် တိုင်အောင်၊ ဝိဘတ္တံ–ဝေဖန်တော်မူအပ်ပြီ၊ ဣမေဓမ္မာ–(စိတ္တုပ္ပာဒကဏ္ဍာ၌ ဝေဖန်အပ်ပြီးသော) ဤတရားတို့သည်၊ ကုသလာ–ကုသိုလ်တို့တည်း၊ ဣတိ အတ္ထော၊ ["ဣမေဓမ္မာ ကုသလာ"ဟူသော နိဂုံး၏ဆိုလိုရင်း အနက်တည်း။]

**ဧတ္ထ ပန၊ပေ၊ ဂမနတော။** ။ပါဠိတော်၌ "စတူသု၊ပေ၊ ကုသလံ"ဟု အဘယ့်ကြောင့် ဧကဝုစ်ဖြင့် ညွှန်ပြတော်မူအပ်ပါသနည်းဟု မေးဖွယ်ရှိ၍ ပါဠိတော် စာသွားကို ဖွင့်ပြလိုသောကြောင့် "ဧတ္ထ ပန"စသည်ကို မိန့်သည်၊ ဘုံလေးပါးတို့၌ ဖြစ်သော ကုသိုလ်ဖဿစသော လေးမျိုးဖြစ်၍ များသော်လည်း ထိုကုသိုလ် ဖဿ ဝေဒနာစသည်တို့က ကုသိုလ်အဖြစ်၌ တစ်ခုတည်းအဖြစ်သို့ ကပ်ရောက်ကြသောကြောင့် (ဇာတျာပေက္ခနည်းအားဖြင့်) "ကုသလံ"ဟု ဧကဝုစ်ဖြင့် ညွှန်ပြတော်မူပါသည်၊ [ဧကဝစနနိဒ္ဒေသော နေရာဝယ် အနုဋီကာ၌ အဝိသိဋ္ဌနိဒ္ဒေသော–သာမညအားဖြင့် ညွှန်ပြခြင်း"ဟု ပါ၌ရှိ၏။]

ကုသလတ္တိကဝိတ္ထာရော–ကုသလတိက်၏အကျယ်ကို၊ ပုဗ္ဗေ–ရှေးစိတ္တုပ္ပါဒကဏ္ဍ၌၊ ယဒိပိ ဝိညာတော–အကယ်၍မူလည်း သိအပ်ပါပေပြီ၊ တထာပိ–ထိုသို့ပင် သိအပ်ပြီးပါသော်လည်း၊ တတ္ထ–ထို စိတ္တုပ္ပာဒ်ကဏ္ဍ၌၊ ဓမ္မာ–တရားတို့ကို၊ သမယဝသေန–သမယ၏အစွမ်းဖြင့်လည်းကောင်း၊ ဖဿာဒိသဘာဝဝသေနစ–ဖဿအစရှိသည်တို့၏ သဘော၏အစွမ်းဖြင့်လည်းကောင်း၊ ဝိဘတ္တာ–န်သည်၊ (ဟုတ္វာ၊) ဘိန္နာ–ကွဲပြားသော တရားတို့ကို၊ ဝိညာတာ–သိအပ်ကုန်ပြီ၊ ပန–ဗျတိရိက်ကား၊ ကေသံ–သော၊ လက္ခဏေ–အနဝဇ္ဇသုခဝိပါကလက္ခဏာ၌၊ သမာနေတွာ–အတူပြု၍၊ န (ဝိညာတာ)–မသိအပ်ကုန်၊ တသ္မာ,တတ္ထ–ထိုစိတ္တုပ္ပာဒကဏ္ဍ၌၊ ဝုတ္တံ–ဟောတော်မူအပ်ပြီးသော၊ သမယာဒိဘေဒံ–သမယ အစရှိသောအပြားကို၊ ဝဇ္ဇေတွာ–ကြဉ်၍၊ သဗ္ဗဘေဒဘိန္နာ–အလုံးစုံသော အပြားအားဖြင့် ကွဲပြားသောကုသိုလ်တို့ကို၊ ကေသံ–သော၊ ကုသလာဒိလက္ခဏေ–ကုသိုလ် အစရှိသည်တို့၏လက္ခဏာ၌၊ သမာနေတွာ–၍၊ ဗောဓနတ္ထံ–သိစေခြင်းအကျိုးငှာ၊ ဣဓ–ဤအဋ္ဌကထာကဏ္ဍ၌၊ ကုသလတ္တိကနိဒ္ဒေသော–ကုသလတိက်၏နိဒ္ဒေသကို၊ ပုန, ဝိဘတ္တော–ပြီ။

စ–ဆက်၊ ဧတ္ထ–ဤအဋ္ဌကထာကဏ္ဍ၌၊ ဧကဝစနေန–ဧကဝုစ်ဖြင့်၊ ကုသလနိဒ္ဒေသံ–ကုသိုလ်အကျယ် ညွှန်ပြကြောင်းစကားကို၊ ကတွာ–ပြုပြီး၍၊ ဗဟုဝစနေန–ဗဟုဝုစ်ဖြင့်၊ နိဂမနဿ–နိဂုံးအုပ်ခြင်း၏၊ ကာရဏံ–ကို၊ ဝုတ္တမေဝ–ဆိုအပ်ပြီးသည်သာ၊ ဓမ္မာနံ–ဓမ္မတို့၏၊ ကုသလတ္တေ–ကုသိုလ်၏အဖြစ်၌၊ ကေတ္တုပဂမနံ–သည်၊ ယဒိ (ဟောတိ)–အံ့၊ (ဧဝံသတိ) ကသ္မာ, ဧကဝစနေန–

---

**ယဒိပိ ကုသလတ္တိကဝိတ္ထာရော။** ။စိတ္တုပ္ပာဒကဏ္ဍ ရူပကဏ္ဍတို့၌ ဘုံလေးပါး၌ဖြစ်သော စိတ္တုပ္ပာဒ်စသည်ကို သိပြီးသောပုဂ္ဂိုလ်အတွက် ဤအဋ္ဌကထာကဏ္ဍကို အားထုတ်အပ်လျှင် "အဘယ်ကြောင့် သိအပ်ပြီးသော ကုသိုလ်၏နိဒ္ဒေသ (အကျယ်)ကို ဤ၌ ထပ်၍ ဝေဖန်အပ်ပါသနည်း"ဟု မေးဖွယ်ရှိသောကြောင့် "ယဒိပိ ၊ပေ၊ ဣဓ ကုသလတိကနိဒ္ဒေသော ပုန ဝိဘတ္တော"ဟု မိန့်သည်၊ ဆိုလိုရင်းကား . . .ရှေး၌ အကျယ် သိအပ်ပြီးဖြစ်သော်လည်း ထိုတရားတို့ကို တစ်ခုတည်းသော အနဝဇ္ဇသုခဝိပါကလက္ခဏာ၌လည်းကောင်း, သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ၌လည်းကောင်း, အဝိပါကလက္ခဏာ၌လည်းကောင်း, ပေါင်း၍မသိရသေး၊ ထိုသို့ ပေါင်း၍သိခြင်းငှာ ဤကဏ္ဍ၌ ကုသလတိကအကျယ်ကို ထပ်၍ ဝေဖန်အပ်ပါသည်–ဟူလို။

**ဧတ္ထ စ၊ပေ၊ ဝုတ္တမေဝ။** ။"စတူသု ဘူမီသု ကုသလံ"ကို ရည်ရွယ်၍ "ကေဝစနေန ကုသလနိဒ္ဒေသံ ကတွာ"ဟု မိန့်သည်၊ ထိုသို့ ဧကဝုစ်ဖြင့် ဟောတော် မူပြီးနောက် "ဣမေ ဓမ္မာ ကုသလာ"ဟု ဗဟုဝုစ်ဖြင့် နိဂုံးအုပ်ခြင်းကို "ဗဟုဝစနေန နိဂမနံ"ဟု ဆိုသည်၊ ထိုသို့ဗဟုဝုစ်ဖြင့် နိဂုံးအုပ်ခြင်းကား ပုစ္ဆာအားလျော်အောင်အုပ်ခြင်း, (ပုစ္ဆာနုသန္ဓိ ဗဟုဝုစ်အားဖြင့်အုပ်ခြင်း)ဟု နိက္ခေပကဏ္ဍ အသင်္ခတဒုကနိဒ္ဒေသ၌ အဋ္ဌကထာ ဖွင့်ပြခဲ့ပြီ–ဟူလို။

ကေဝုစ်ဖြင့်၊ ပုစ္ဆာပိ-ပုစ္ဆာကိုလည်း၊ န ကတာ-ပြုတော်မမူအပ်သနည်း၊ ဥဒ္ဒေသေ-မာတိကာဥဒ္ဒေသ၌၊ ကုသလသဒ္ဒဿ-ကုသလသဒ္ဒါ၏၊ ဓမ္မဝိသေသနဘာဝတော-ဓမ္မသဒ္ဒါ၏ ဝိသေသ၏အဖြစ်ကြောင့်၊ ဝါ-အတွက်၊ တဗ္ဗိသေသနာနံ-ထိုကုသိုလ်စသောဝိသေသနရှိကုန်သော၊ ဓမ္မာနံ-ဓမ္မတို့၏၊ဝါ-တို့ကို၊ ပုစ္ဆိတတ္တာ-ကြောင့်လည်းကောင်း၊ တေသံ-ထိုဓမ္မတို့၏၊ အနိဒ္ဒါရိတသင်္ခါဝိသေသတ္တာစ-မထုတ်ပြအပ်သေးသော အရေအတွက်အထူးရှိကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း၊(ကေဝစနေ ပုစ္ဆာပိ န ကတာ၊) နိဒ္ဒေသေပန-နိဒ္ဒေသ၌ကား၊ ဝိတ္ထာရတော-အားဖြင့်၊ ဝိညာတာဟိ-သိအပ်ပြီးကုန်သော၊ စတူဟိ-န်သော၊ ဘူမိဟိ-တို့ဖြင့်၊ ကုသလေ-တို့ကို၊ ဝိသေသေတွာ-အထူးပြု၍၊ ဒဿေဟိ၊ ဣတိ-ကြောင့်၊ စတူသု ဘူမိသု ကုသလန္တိ-ဟူ၍၊ ကေတ္တံ-တစ်ခုတည်း၏အဖြစ်ကို၊ နေတွာ-ဆောင်၍၊ ဝစနံ-ဟောတော်မူခြင်းသည်၊ ယုတ္တံ-သင့်မြတ်၏၊ ဟိ-မှန်၊ ဧတ္ထ-ဤနိဒ္ဒေသ၌၊ ကုသလပဒံ-ကုသလံပုဒ် သည်၊ ပဓာနံ-ပဓာနတည်း၊ တဥ္စ-ထိုကုသလံပုဒ်သည်လည်း၊ ဝိသေသိတဗ္ဗာ န ပေက္ခံ-ဓမ္မဟူသောဝိသေသျကို ငဲ့ခြင်းမရှိသော၊ ကုသလာကာရမေဝ-ကုသိုလ်၏ (အနဝဇ္ဇသုခဝိပါကလက္ခဏာဟူသော) အခြင်းအရာကိုသာ၊ အတ္တနော-၏၊ သဘာဝေ-သဘော၌၊ ဌိတံ-တည်သည်ကို၊ ဂဟေတွာ-၍၊ ပဝတ္တမာနံ-ဖြစ်လသော်၊ ကေတ္တမေဝ-ကိုသာ၊ ဥပါဒါယ-ဉာဏ်ဖြင့်ယူ၍၊ ပဝတ္တတိ-၏၊ ဘေဒံ-ကုသိုလ်အပြားကို၊ (ဥပါဒါယ) န(ပဝတ္တတိ၊) ဣတိ-ဤသို့ မှတ်အပ်၏။

**၁၃၈၅။** [“စတူသု ဘူမိသု ကုသလံ”ဟု ကေဝုစ်ဖြင့်ဟောလျှင်“ဒွါဒသ အကုသလစိတ္တုပ္ပာဒါ”ဟု အဘယ်ကြောင့် ဗဟုဝုစ်ဖြင့် ဟောတော်မူအပ်ပြန်သနည်းဟု မေးဖွယ်ရှိသောကြောင့်“ဒွါဒသ၊ပေ တ္တောပိ”စသည်မိန့်၊] ဒွါဒသ၊ပေ၊ တ္တောပိ-ဤပါဠိ၌လည်း၊ ပဌမာကုသလစိတ္တုပ္ပာဒေါ-ပဌမအကုသိုလ်စိတ္တုပ္ပာဒ်ကို၊ သမယဖဿာဒိဝသေန-သမယ,ဖဿအစရှိသည်တို့၏အစွမ်းဖြင့်၊ ဘေဒံ-အပြားကို၊ အနာမသိတွာ-၍၊ သောမနဿ၊ပေ၊ ဘာဝေ-သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပာဒ်၏အဖြစ်၌၊ ကေတ္တံ နေတွာ ဝုတ္တော၊ ဧဝံ-တူ၊ ယာဝ-အကြင်မျှလောက်၊ ဒွါဒသမော-တစ်ဆယ့်နှစ်ခုမြောက် အကုသိုလ်သည်၊ (အတ္ထိ၊)(တာဝ-ထိုဒွါဒသမအကုသိုလ်စိတ်တိုင်အောင်၊ ဝုတ္တော၊) ဣတိ-ကြောင့်၊ ဒွါဒသ ၊ပေ၊ စိတ္တုပ္ပာဒါတိ-ဟူ၍၊ ဝုတ္တံ၊ [စိတ် တစ်ခုစီတုန်းက ကေဝုစ်ဖြင့် ဟောတော်မူသော်လည်း စိတ္တုပ္ပာဒ်တစ်ဆယ့်နှစ် ဖြစ်သောအခါ၌ ဗဟုဝုစ်ဖြင့် ဟောတော်မူသည်-ဟူလို၊] ဧဝံ-တူ၊ စတူသု ဘူမိသု ဝိပါကောတိ အာဒီသုပိ-စတူသု ဘူမိသု ဝိပါကောအစရှိသောပုဒ်တို့၌လည်း၊ ယထာယောဂံ-စွာ၊ ယောဇေတဗ္ဗံ-ယှဉ်စေထိုက်၏။

---

**ယထာယောဂံ ယောဇေတဗ္ဗံ**။ ။စတူဟိ ဘူမိဟိ အာဓာရဏာဘူတာဟိ ဝိသေသေတွာ သမယဖဿာဒိဘေဒံ အနာမသိတွာ ဝိပါကဘာဝေ ကေတ္တံ နေတွာ စတူသု ဘူမိသု

စိတ္တုပ္ပာဒါတိ ဧတ္ထ–၌၊ ဧတ္ထ–ဤစေတသိက်အပေါင်း၌၊ ဥပ္ပဇ္ဇတိ–၏၊ ဣတိ–ကြောင့်၊ ဥပ္ပာဒေါ–မည်၏၊ ကိံ–အဘယ်သည်၊ ဥပ္ပဇ္ဇတိ–နည်း၊ စိတ္တံ–စိတ်သည်၊ (ဥပ္ပဇ္ဇတိ၊) စိတ္တဿ–၏၊ ဥပ္ပာဒေါ–ဖြစ်ရာစေတသိက်အပေါင်းတည်း၊ စိတ္တုပ္ပာဒေါ–အပေါင်း၊ ဣတိ ဧဝံ–သို့၊ အဝယဝေန–အစိတ်ဖြစ်သော စေတသိက်ဖြင့်၊ သမုဒါယောပလက္ခဏာဝသေန–အပေါင်းဖြစ်သော စိတ် စေတသိက်ကို မှတ်သားခြင်း၏အစွမ်းဖြင့်၊ အတ္ထော–သည်၊ သမ္ဘဝတိ–ဖြစ်သင့်၏၊ ဟိ–လဒ္ဓဂုဏ်ကို ဆိုဦးအံ့၊ ဧဝံသတိ–သော်၊ (အစိတ်ဖြစ်သော စေတသိက်ဖြင့် အပေါင်းဖြစ်သော စိတ် စေတသိက်ကို မှတ်သာ'ခြင်.၏အစွမ်းဖြင့် အနက်ဖြစ်လသော်၊) စိတ္တစေတသိကရာသိ–စိတ်, စေတသိက်အစုသည်၊ စိတ္တုပ္ပာဒေါ–စိတ္တုပ္ပာဒမည်၏၊ ဣတိ–ဤအနက်သည်၊ သိဒ္ဓေါ–ပြီးစီးသည်၊ ဟောတိ။

အဋ္ဌကထာယံ ပန–၌ကား၊ စိတ္တမေဝ ဥပ္ပာဒေါ စိတ္တုပ္ပာဒေါတိ–ဟူ၍၊ အညဿ–စိတ်မှတစ်ပါးသော၊ ဥပ္ပဇ္ဇနကဿ–ဖြစ်တတ်သော ရုပ်ကို၊ နိဝတ္တနတ္ထံ–နစ်စေခြင်းအကျိုးငှာ၊ စိတ္တဂ္ဂဟဏံ–စိတ္တဟူသော ဝိသေသနသဒ္ဒါကို၊ ကတံ–ပြီ၊ စိတ္တဿ–၏၊ အနုပ္ပဇ္ဇနကဘာဝ နိဝတ္တနတ္ထံ–မဖြစ်တတ်သည်၏ အဖြစ်ကို နစ်စေခြင်းအကျိုးငှာ၊ ဥပ္ပာဒဂ္ဂဟဏံ–ဥပ္ပာဒသဒ္ဒါကို၊ (ကတံ၊) ဝါ–တစ်နည်း၊ စိတ္တုပ္ပာဒကဏ္ဍေ–၌၊ စိတ္တံ ဥပ္ပန္နံ ဟောတီတိ–ဟူ၍၊ စိတ္တဿ–၏၊ ဥပ္ပဇ္ဇနကဘာဝေါ–ဖြစ်တတ်သည်၏အဖြစ်သည်၊ ပါကဋော–ထင်ရှားပြီ၊ ဣတိကတွာ–ဤအကြောင်းကြောင့်၊ စိတ္တမေဝ ဥပ္ပာဒေါတိ–ဟူ၍၊ (သင်္ဂဟကာရေန) ဝုတ္တံ၊ အနုပ္ပဇ္ဇနကဿ–မဖြစ်တတ်သော၊ နိဝတ္တေတဗ္ဗဿ–သော၊ စိတ္တဿ–၏၊ သဗ္ဘာဝါ–ထင်ရှားရှိသည်၏အဖြစ်ကြောင့်၊ ဥပ္ပာဒဂ္ဂဟဏံ–ဥပ္ပာဒသဒ္ဒါကို၊ န ကတံ–မပြုအပ်သည်မဟုတ်၊ (အချို့စာအုပ်တို့၌ နမပါ၊) ဣတိ ဝေဒိတဗ္ဗံ၊ စ–ဆက်၊ အယံ အတ္ထော–ဤအနက်ကို၊ ဒွိပဉ္စဝိညာဏာနီတိ အာဒိသုဝိယ–တို့၌ကဲ့သို့၊ စိတ္တပ္ပမာနော–စိတ်ဟူသော ပမာနရှိသော၊ နိဒ္ဒေသော–အကျယ်ညွှန်ပြကြောင်း စကားတည်း၊ ဣတိ ကတွာ–ကြောင့်၊

ဝိပါကာတိ ဝုတ္တံတိ ယောဇေတဗ္ဗံ၊ သေ နယော တိသုဘူမိသု ကြိယာဗျာကတံတိ အာဒီသုပိ–အန္။

**စိတ္တုပ္ပာဒေါတိ၊ပေ၊ သိဒ္ဓေါ**။ ။ဥပ္ပဇ္ဇတိ ဧတ္ထာတိ ဥပ္ပာဒေါ၊ စိတ္တဿ+ဥပ္ပာဒေါ စိတ္တုပ္ပာဒေါ=စိတ်၏ဖြစ်ရာ စေတသိက်အပေါင်း၊ ဤနည်းအရ စေတသိက်သာ တိုက်ရိုက်ရသော်လည်း အစိတ်ဖြစ်သော စေတသိက်အပေါင်းအမည်ကို စိတ်ရော စေတသိက်ပါ ပေါင်းစပ်နေသော အပေါင်း၌ တင်စား၍ ကေဒေသူပစာရ (အဝယဝူပစာရ) အားဖြင့် စိတ် စေတသိက် နှင်းပါးစုံကိုပင် "စိတ္တုပ္ပာဒ"ဟု ခေါ်ခြင်းကိစ္စ ပြီးစီးတော့၏။

ဝုတ္တော်၊ ဣတိ ဒဋ္ဌဗ္ဗော၊ [ဒွိပဉ္စဝိညာဏာနိဋ္ဌ ဝိညာဏကို ပဓာနထားသကဲ့သို့ စိတ္တုပ္ပာဒေါ၌လည်း စိတ်ကို ပဓာနထားသည်-ဟူလို။]

**၁၄၂၀။** ဆသု ဒွါရေသူတိဧတ္ထ-၌၊ ပဉ္စဒွါရေ-၌၊ ဝတ္တဗ္ဗမေဝ-ပရိတ္တာရမဏ ဟု အထူးဆိုဖွယ်သည်ပင်၊ နတ္ထိ၊ [ပဉ္စဒွါရိကစိတ်တို့က ဧကန် ပရိတ္တာရမဏ ဖြစ်သောကြောင့် ဤသန္တီရဏစိတ်၏ ပဉ္စဒွါရဝယ် တဒါရုံကိစ္စတပ်ခိုက်၌ ပရိတ္တာရမဏဖြစ်ကြောင်းမှာ အထူးဆိုဖွယ် မလိုတော့ပါ-ဟူလို၊] မနောဒွါရေပိ-၌လည်း၊ ပရိတ္တာရမဏမေဝ-ကာမတရားဟူသော အာရုံရှိသည်သာလျှင် ဖြစ်သော၊ ဇဝနံ-ဇော၏နောက်သို့၊ တဒါရမဏသင်္ခါတံ-တဒါရုံဟု ဆိုအပ်သော၊ ဘဝင်္ဂံ-ဘဝင်သည်၊ အနုဗန္ဓတိ-အစဉ်လိုက်၏၊ ဟိ-မှန်၊ (တစ်နည်း၊) ဟိ (ယသ္မာ၊) တံ-ထိုတဒါရုံဟု ဆိုအပ်သော ဘဝင်သည်၊ ပရိတ္တဿ-ကာမ ဖြစ်သော၊ ကမ္မဿ-ကံ၏၊ ဝိပါကော-အကျိုးတည်း၊ ဝိပါကောစ-အကျိုးဟူ သည်လည်း၊ ဣဋ္ဌာနိဋ္ဌာရမဏာနုဘဝနံ-ဣဋ္ဌာရုံ အနိဋ္ဌာရုံကို ခံစားတတ်သော သဘောတည်း၊ စ-ဆက်၊ ဝိပါကော-အကျိုးတည်း၊ ကမ္မာနုရူပေါ-ကံအား လျော်သည်၊ ဟောတိ-ဖြစ်ရ၏၊ ဣတိ-ကြောင့်၊ ပရိတ္တကမ္မဝိပါကော-ကာမ ဖြစ်သော ကံ၏အကျိုးသည်၊ ပရိတ္တာရမဏသေဝ-ကာမအာရုံကိုသာ၊ အနုဘဝနံ-ခံစားသည်၊ ဟောတိ၊ တသ္မာ, သဗ္ဗံ-သော၊ တဒါရမဏံ-ကို၊ ပရိတ္တာရမဏံတိ-ဟူ၍၊ ဝုတ္တံ။

ယဒိဝေ-ယင်းသို့ဖြစ်လျှင်၊ မဟဂ္ဂတဝိပါကောပိ-မဟဂ္ဂုတ်ဝိပါက်သည် လည်း၊ မဟဂ္ဂတာနုဘဝနမေဝ-မဟဂ္ဂုတ်အာရုံကို ခံစားတတ်သည်သာ၊ **အာပဇ္ဇတိ-ဖြစ်သည် မဟုတ်လော၊ ဣတိစေ-ဤသို့ စောဒနာအံ့၊ န-မဖြစ်၊ (ကသ္မာ၊) သမာဓိပဓာနဿ-ပြဓာန်းသော သမာဓိရှိသော၊ အပ္ပနာပ္ပတ္တဿ- အပ္ပနာသို့ရောက်သော၊ သညာဝသာရမဏဿ-သညာ၏အစွမ်းကြောင့်ဖြစ် သော ပထဝီကသိုဏ်းစသောအာရုံရှိသော၊ ကမ္မဿ-မဟဂ္ဂုတ်ကံ၏၊ ဝိပါကေန-** ဝိပါက်သည်၊ တာဒိသေနေဝ-ထိုကံကဲ့သို့ ရှုအပ်သည်သာလျှင်၊ ဘဝိတဗ္ဗတ္တာ-

**ယဒိ၊ပေ၊ စေ။** ။"ယဒိ"ကို "ပရိတ္တကမ္မဿ ဝိပါကော ပရိတ္တာရမဏသေဝ အနုဘဝနံ ယဒိ ဟောတိ"ဟု တွဲပါ၊ ဤသို့ ပရိတ္တာကံ၏ အကျိုးဝိပါက် ဖြစ်သော တဒါရုံက ပရိတ္တအာရုံကိုသာ ခံစားနိုင်လျှင် ..."မဟဂ္ဂုတ်ဝိပါက်လည်း မဟဂ္ဂုတ် အာရုံကိုသာ ခံစားနိုင်၏"ဟူသော အနက်ဖြစ်နေ၏၊ အမှန်ကား-မဟဂ္ဂုတ်ဝိပါက်တို့မှာ ပထဝီကသိုဏ်းစသော ပညတ်အာရုံများကို ခံစားပါသည်၊-ဟူလို။

**န၊ပေ၊ ဘဝိတဗ္ဗတ္တာ။** ။သမာဓိပြဓာန်းသော်လည်း အပ္ပနာသို့ မရောက်သော ဥပစာရသမာဓိကံများ ရှိသေးသောကြောင့် "အပ္ပနာပ္ပတ္တဿ"ဟု ဝိသေသန ပြုသည်၊ ထိုကံသည် သညာ၏အစွမ်းကြောင့် ထင်လာသောအာရုံရှိသောကြောင့် "သညာဝသာ ရမဏဿ"ဟု ဝိသေသနပြုပြန်သည်၊ ကမ္မဋ္ဌာန်းစီးဖြန်းတုန်းက ပရိကမ်သညာ၏

ဖြစ်ထိုက်သည်၏အဖြစ်ကြောင့်တည်း၊ တသ္မာ, သမာဓိသုခါနုဘာဝံနုဘူတော– သမာဓိချမ်းသာကို ခံစားတတ်သည်ဖြစ်၍ဖြစ်သော၊ ဧသောပိ–ထိုဝိပါက်သည်လည်း၊ ကမ္မာနုရူပတောယေဝ–ကံအားလျော်သောအားဖြင့်သာလျှင်၊ ကမ္မာရမဏော–ကံ၏အာရုံဟူသောအာရုံရှိသည်၊ (မဟဂ္ဂုတ်ကံ၏ အာရုံဖြစ်သော ပထဝီကသိုဏ်းစသောအာရုံရှိသည်၊) ဟောတိ၊ ဣတိ ဒဋ္ဌဗ္ဗော၊ စ–ဆက်၊ ကမ္မာနုရူပတောဧဝ–ကံအားလျော်သည်၏ အဖြစ်ကြောင့်ပင်၊ တဒါရမဏံ– သည်၊ ပရိတ္တာရမဏံ–ကာမအာရုံရှိသည်၊(သမာနံ) ပိ–သော်လည်း၊ မဟဂ္ဂတ ဇဝနံ–မဟဂ္ဂုတ်ဇောသို့၊ နာနုဗန္ဓတိ–မလိုက်၊ [မဟဂ္ဂုတ်အဘိညာဉ်ဇောက ရူပါရုံ,သဒ္ဒါရုံကို အာရုံပြုသော်လည်း ထိုအဘိညာဉ်ဇောနောက်သို့ တဒါရုံ မလိုက်–ဟူလို၊] တတောဧဝ–ထို့ကြောင့်ပင်၊ (ကမ္မာနုရူပဖြစ်သောကြောင့်ပင်၊) ပဋိသန္ဓိအာဒိဘူတော–ပဋိသန္ဓေအစရှိသည်ဖြစ်၍ဖြစ်သော၊ ကာမဝစရဝိပါ ကော–သည်၊ ကမ္မနိမိတ္တမ္ပိ–ကမ္မနိမိတ်ကိုလည်း၊ ပရိတ္တမေဝ–ကာမသာလျှင်ဖြစ် သော၊ အာရမဏံ–ကို၊ ကရောတိ၊ မဟဂ္ဂတံ(ဝါ)–မဟဂ္ဂုတ်အာရုံကိုလည်း ကောင်း၊ အပ္ပမာဏံဝါ–လောကုတ္တရာအာရုံကိုလည်း ကောင်း၊ (အာရမဏံ) န (ကရောတိ။)

ပန–ဆက်၊ ယသ္မာ, မဟဂ္ဂတာရမဏော–မဟဂ္ဂုတ်အာရုံရှိသော၊ ဓမ္မော– သည်၊ ပရိတ္တာရမဏဿ–ကာမအာရုံရှိသော၊ ဓမ္မဿ–အား၊ ကမ္မပစ္စယေန– နာနက္ခဏိကကမ္မပစ္စသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည် (ဟောတိ၊) အပ္ပ မာဏာရမဏော–လောကုတ္တရာအာရုံရှိသော၊ ဓမ္မော–သည်၊ ပရိတ္တာရမဏဿ– သော၊ ဓမ္မဿ–အား၊ ကမ္မပစ္စယေန ပစ္စယော (ဟောတိ၊) ဣတိ(ဘဂဝတာ) ဝုတ္တံ၊ စ–ဆက်၊ ပရိတ္တရမဏော–ကာမအာရုံရှိသော၊ မဟဂ္ဂတပ္ပမာဏဝိပါ ကော–မဟဂ္ဂုတ်ဝိပါက် လောကုတ္တရာဝိပါက်သည်၊ န အတ္ထိ၊ ဣစ္စေ–ဤ အတ္ထုဒ္ဓါရကဏ္ဍာဠ်လည်း၊ သဗ္ဗကာမာဝစရဝိပါကာနံ–အလုံးစုံသော ကာမာဝစရ ဝိပါက်တို့၏၊ ပရိတ္တာရမဏတာဝ–ကာမအာရုံရှိကုန်သည်၏အဖြစ်ကိုသာ၊

---

အစွမ်းကြောင့် ထင်လာသောပဋိဘာဂနိမိတ်အာရုံကို(ပထဝီကသိုဏ်းစသည်ကို) "သညာ ဝသံ+အာရမဏံယဿာတိ"ဟူသောဝစနတ္ထအရ "သညာဝသာရမဏ"ဟုဆိုသည်။

**ယသ္မာ ပန၊ပေ၊ ဝေဒိတဗ္ဗံ**။ ။ယသ္မာ ပနာတိအာဒိနာ ပါဠိယာဝ ယထာဝုတ္တံ အတ္ထံ နိဋ္ဌိနောတိ၊ နာနက္ခဏိကကမ္မပစ္စယောတိ ဟိ ဧတ္ထ အဓိပ္ပေတော, ပစ္စယ ပစ္စယုပ္ပန္နာနံ ဘိန္နာရမဏတာယ ဝုတ္တတ္တာ၊ န စာတိအာဒိနာ ပရိတ္တဝိပါကာဧဝ ဣမ ပစ္စယုပ္ပန္နဘာဝေန ဝုတ္တာတိ ဒဿေတိ၊ ဣဓာတိ ဣမသ္မိံ အတ္ထုဒ္ဓါရကဏ္ဍေ၊–အနု၊– ဤအဖွင့်ကို ထောက်၍ "ကမ္မပစ္စယေန ပစ္စယော"အရ နာနက္ခဏိကကမ္မပစ္စည်းကို ယူရသည်၊ မှန်၏–သဟဇာတကမ္မဖြစ်လျှင် ပစ္စည်းနှင့်ပစ္စုပ္ပန်တို့ အာရုံမပြားနိုင်။

ဝုတ္တာ၊တသ္မာ,ကမ္မာနုရူပတော–ကံအားလျော်သောအားဖြင့်၊ မဟဂ္ဂတပ္ပမာဏာ ရမဏမ္ဘိ–မဟဂ္ဂုတ်အာရုံ လောကုတ္တရာအာရုံ ရှိသည်လည်းဖြစ်သော၊ ပရိတ္တ ကမ္မံ–ကာမာဝစရကံသည်၊ ပဋိသန္ဓိံ–ကို၊ ယဒိ ဒေတိ၊(ဓေဲသတိ၊) ကမ္မဂတိ နိမိတ္တာရမဏမေဝ–ကံအာရုံ ဂတိနိမိတ်အာရုံ ရှိသည်လည်းဖြစ်သော၊ (ပဋိသန္ဓိ) ဒေတိ၊ ပဝတ္တိဝိပါကမ္ဘိ–ပဝတ္တိဝိပါက်ကိုလည်း၊ ရူပါဒိပရိတ္တာရမဏမေဝ– ရူပါရုံအစရှိသော ကာမအာရုံရှိသောဝိပါက်ကိုသာ၊ (ဒေတိ၊) ဣတိ ဝေဒိတဗ္ဗံ။

[ရဟန္တာတို့၏ အဟိတ် ဟသိတုပ္ပာဒ်စိတ်ဖြင့် ပြုံးရယ်နိုင်ပုံကို ပြလို၍ "ခီဏာသဝါနံ"စသည် မိန့်။] ခီဏာသဝါနံ–ရဟန္တာတို့၏၊ ဝါသနာဝသေန– ဝါသနာ၏အစွမ်းကြောင့်၊ သတိ ဝိပ္ပယုတ္တဟသနံ–သတိနှင့်မယှဉ်သော ပြုံး ရယ်ခြင်းသည်၊ ပဝတ္တမာနံ–သော်၊ ပရိတ္တေသွေဝ–ကာမအာရုံတို့၌သာ၊ ပဝတ္တ တိ၊ ဣတရေသု–ကာမအာရုံမှတစ်ပါးသော မဟဂ္ဂုတ်စသော အာရုံတို့၌၊ န (ပဝတ္တတိ၊) (ကသ္မာ၊) ကိလေသဝိရဟော–ကိလေသာတို့၏ ကင်းခြင်းသည်၊ (သတိ–သော်၊) တာဒိသ ၊ပေ၊ ဘာဝတော–ထိုကဲ့သို့ ရှုအပ်သော သတိဝိပ္ပ ယုတ္တသဟနအကြောင်း ဖြစ်ခြင်းမရှိခြင်းကြောင့်တည်း၊ တသ္မာ,တသ–ထို ဟသိတုပ္ပာဒ်၏၊ ပရိတ္တာရမဏတာ–ကို၊ ဝုတ္တာ။

ခီဏာသဝါနံ–တို့၏၊ အသက္ကစ္စဒါနာဒီနိ–လေးလေးစားစား မပြုမူ၍ ပေးလှူခြင်း အစရှိသည်တို့ကို၊ ဝါ–မလေးမစားပေးလှူခြင်း အစရှိသည်တို့ကို၊ အာဒရာ ကာရဏာဝသေနဝ–လေးစားမှုကို မပြုခြင်း၏အစွမ်းဖြင့်သာလျှင်၊ ဝေဒိတဗ္ဗာနိ–န်၏၊ ကောသဇ္ဇာဒိ အကုသလဝသေန–ပျင်းရိခြင်းအစရှိသော ကုသိုလ်၏အစွမ်းဖြင့်၊ န (ဝေဒိတဗ္ဗာနိ၊) ဟိ–မှန်၊ တေ–ထိုရဟန္တာတို့သည်၊ ပဋိပ္ပဿဒ္ဓသဗ္ဗုဿုက္ကာ–ငြိမ်းအေးပြီးသော အလုံးစုံသောကြောင့်ကြရိုကုန်သော၊ ဥတ္တမပုရိသာ–မြတ်သော ယောကျ်ားတို့တည်း၊ ဣတိ–ကြောင့်၊ တေသံ– ထိုရဟန္တာတို့၏၊ အာဒရာကရဏဥ္စ–လေးစားမှုကို မပြုခြင်းဟူသည်လည်း၊ နိရုဿုက္ကတာဝေ–ကြောင့်ကြမှု မရှိသည်၏အဖြစ်သာတည်း၊ ဣတိ ဝေဒိတဗ္ဗာ၊ [အဓိပ္ပာယ်ကို အဋ္ဌကထာနိဿယ၌ ပြထားပြီ။]

**၁၄၂၁။** အတိပ္ပဂုဏာနံတိဝစနံ–စကားသည်၊ နိရာဒရဿ–လေးစားခြင်း မရှိသော၊ ဉာဏဝိပ္ပယုတ္တပစ္စဝေက္ခဏဿ–ဆင်ခြင်တတ်သော ဉာဏဝိပ္ပယုတ်

**ကိလေသဝိရဟော။** ။အဝီတရာဂါနံ အပရိတ္တေပိ ကတ္ထစိ အာရမဏေ သိယာ စေတသော ဥပ္ပိလာဝိတတ္တန္တိ (ရဟန္တာမဖြစ်သေးသူတို့မှာ ကာမအာရုံမဟုတ်သော အချို့အာရုံတို့၌ စိတ်၏ပေါ်လွင်သည်၏အဖြစ်သည် ရှိရာသေးသောကြောင့်) ကိလေသ ဝိရဟောတိ ဝိသေသေတွာ ဝုတ္တံ၊–အနု၊ ကိလေသာကင်းပြီးသော ရဟန္တာတို့၌ ကာမ အာရုံ၌သာ သတိ ဝိပ္ပယုတ္တဟသန ဖြစ်နိုင်၏၊ အခြားသော မဟဂ္ဂုတ် လောကုတ္တရာ အာရုံများ၌ သတိ ဝိပ္ပယုတ္တဟသနဖြစ်ဖို့ရန် အကြောင်းမရှိ–ဟူလို။

စိတ်၏၊ ဝိသယဒဿနံ–အာရုံကိုပြကြောင်းစကားတည်း၊ တသောဝါတိ–ထိုဆင်ခြင်တတ်သော ဉာဏဝိပ္ပယုတ်စိတ်၏သာ အာရုံဟူ၍၊ ဝိသယနိယမနံ–အာရုံကို ပိုင်းခြားသတ်မှတ်ကြောင်း စကားသည်၊ န–မဟုတ်၊ ဟိ–မှန်၊ ဉာဏသမ္ပယုတ္တဿပိ–ဉာဏသမ္ပယုတ်စိတ်၏လည်း၊ အတိပ္ပဂုဏာနံ–အလွန် အဝါးဝစွာ လေ့လာအပ်ပြီးသော ဈာန်တို့၏၊ ဝိသယတာ–အာရုံ၏ အဖြစ်သည်၊ သုဋ္ဌုတရံ–သာ၍လွန်စွာ၊ ဟောတိ ဧဝ–ဖြစ်နိုင်သည်သာ၊ ပဂုဏံ–အဝါးဝစွာ လေ့လာ အပ်ပြီးသော၊ ဂန္ထံ–ကျမ်းစာကို၊ သဇ္ဈာယန္တော–သရဇ္ဈာယ်သူသည်၊ ဒွတ္တယော–နှစ်ခု သုံးခုကုန်သော၊ ဝါစနာမဂ္ဂေ–ဆိုအပ်သော အစဉ်တို့ကို၊ ဝါ–ပို့ချအပ်သောအစဉ်တို့ကို၊ ဂတေပိ–လွန်သွားသည်တို့ကိုလည်း၊ ဉာဏဝိပ္ပယုတ္တသတိမန္တေန–ဉာဏဝိပ္ပယုတ် သတိရှိသူသည်၊ သဇ္ဈာယိတတ္တာ–သရဇ္ဈာယ်အပ်သည်၏အဖြစ်ကြောင့်၊ န သလ္လက္ခေတိယထာ–မမှတ်သားမိလိုက်သကဲ့သို့၊ ဧဝံ–တူ၊ ပဂုဏဇ္ဈာနေသုပိ–အဝါးဝစွာ လေ့လာအပ်ပြီးသော ဈာန်တို့၌လည်း၊ ပဝတ္တိ–ဉာဏဝိပ္ပယုတ် ပစ္စဝေက္ခဏာ၏ဖြစ်ခြင်းသည်၊ ဟောတိ၊ ဣတိ–ကြောင့်၊ အတိပ္ပဂုဏာနံတိ အာဒိ–အစရှိသော၊ (ယံ ဝစနံ အတ္ထိ၊ တံ ဝစနံ သင်္ဂဟကာရော) အာဟ၊ [အမိပ္ပာယ်ကို အဋ္ဌကထာနိဿယ၌ ပြထားပြီ။]

ကသိဏနိမိတ္တာဒိ ပညတ္တိတိ–ပါဠ်ဖြင့်၊ ပုဗ္ဗေ–၌၊ ဒဿိတံ–ပြအပ်ပြီးသော၊ သဗ္ဗံ–သော၊ ဥပါဒါပညတ္တိံ–ဥပါဒါပညတ်ကို၊ အာဟ၊ ပန–ဆက်၊ တံ–ထိုဥပါဒါပညတ်ကို၊ (ဝဒန္တိ၌ စပ်၊) ရူပါဒယောဝိယ–ရုပ် အစရှိသည်တို့ကဲ့သို့၊ အဝိဇ္ဇမာနော–ထင်ရှားမရှိသော၊ (အတ္ထောစ–အနက်သည်လည်းကောင်း၊) ဝိဇ္ဇမာနော–သော၊ အတ္ထောစ–သည်လည်းကောင်း၊ (ဟောတိ၊) ဣတိ အာစရိယော ဝဒန္တိ၊ ပန–ဆက်၊ သမ္မုတိသစ္စေ–သမ္မုတိသစ္စာ၌၊ ဝုစ္စမာနာနံ–ဆိုအပ်သော အနက်တို့၏၊ ကသိဏ ၊ပေ၊ မတ္တတော–ကသိုဏ်းနိမိတ် အစရှိသောစကား၏ တည်ရာမျှ၏ အဖြစ်ကြောင့်၊ ဝစနဝေါဟာရနေဝ–

**အဝိဇ္ဇမာနော ဝိဇ္ဇမာနော။** ။ရုပ်သည် ပထဝီစသောသဘောအားဖြင့် ထင်ရှားရှိ၏၊ ဖုဿနစသော သဘောအားဖြင့် ထင်ရှားမရှိ၊ ဤသို့ တရားတစ်မျိုးကိုပင် "အဝိဇ္ဇမာန ဝိဇ္ဇမာန"ဟု နှစ်မျိုးရသကဲ့သို့ ပြအပ်ခဲ့သော ပညတ်များလည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနလည်း ဟုတ်၏၊ သမ္မုတိသစ္စာ (လောကအပြော) အားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနလည်း ဟုတ်၏၊ ထို့ကြောင့် ထိုပညတ်ကို "န ဝတ္တဗ္ဗအာရုံ"ဟုခေါ်၍ ထိုပညတ်ကို အာရုံပြုသောစိတ္တုပ္ပာဒ်ကို "နဝတ္တဗ္ဗံ+အာရမဏံ ယေသံ"ဟု ဗဟုဗ္ဗီဟိဝစနတ္ထပြု၍ "န ဝတ္တဗ္ဗာရမဏာ"ဟု ခေါ်ရသည်။

**သမ္မုတိသစ္စေပန။** ။ဣတော အညထာ (ဤဆိုအပ်ပြီးသောအခြင်းအရာမှတစ်ပါး သော အခြင်းအရာအားဖြင့်) အဝိဇ္ဇမာနပညတ္တိံ ဒဿေတုံ သမ္မုတိ သစ္စေ ပနာတိ

စကားအသုံးအနှုန်းအားဖြင့်သာလျှင်၊ ပညတ္တိတိ–ပညတ်ဟူ၍၊ ဝုစ္စတိ၊ ဟိ–မှန်၊ တသာ–ထိုသမ္မုတိသစ္စာကို၊ ပညာပန်–အပြားအားဖြင့် သိစေကြောင်းစကားသည်၊ အဝိဇ္ဇမာနပညတ္တိ–အဝိဇ္ဇမာနပညတ်တည်း၊ ဣတိ–သို့၊ တသာ–ထိုသမ္မုတိသစ္စာကို အပြားအားဖြင့်သိစေကြောင်းစကား၏၊ အဝိဇ္ဇမာနတ္တံ–အဝိဇ္ဇမာန၏အဖြစ်ကို၊ အဋ္ဌကထာယံ–၌၊ ဝုတ္တံ၊ ဣတိ–ဤသို့ မှတ်အပ်၏။

ပန–ဆက်၊ အဝိဇ္ဇမာနမ္ပိ–ထင်ရှားမရှိသည်လည်းဖြစ်သော၊ တံ–ထိုသမ္မုတိသစ္စာကို၊ ဝိဇ္ဇမာနမိဝ–ထင်ရှားရှိသကဲ့သို့၊ ဂဟေတွာ–၍၊ ပဝတ္တမာနာယ–ဖြစ်သော၊ သညာယ–သညာ၏၊ ပရိတ္တာဒီသု–ကာမတရားအစရှိသည်တို့တွင်၊ အယံနာမဓမ္မော–ဤမည်သော တရားသည်၊ အာရမဏာ–အာရုံတည်း၊ ဣတိ–သို့၊ ဝတ္တုံ–ငှာ၊ န သက္ကာ၊ (ကသ္မာ၊) တေ ဝေဓမ္မေ–ထိုပရိတ္တ အစရှိသော တရားတို့ကိုပင်၊ ဥပါဒါယ–စိတ်ဖြင့်ယူ၍၊ ပဝတ္တမာနာယပိ–ဖြစ်ပါသော်လည်း၊ ဝါ–ဖြင်သည်လည်းဖြစ်သော၊ (သညာယ–သညာ၏၊) ဓမ္မေသွေဝ–ပရိတ္တစသော တရားတို့၌သာ၊ အဋ္ဌာနတော–မတည်ခြင်းကြောင့်တည်း၊ တသ္မာ–ကြောင့်၊ (ပရိတ္တစသော တရားတို့ကိုစွဲ၍ ဖြစ်ပါသော်လည်း ထိုသညာက ထိုတရားအပေါ်၌ မတည်ဘဲ နာမည်ပညတ်ပေါ်၌သာ တည်ခြင်းကြောင့်၊) သသမ္ပယုတ္တာ–သမ္ပယုတ်တရားနှင့်တကွဖြစ်သော၊ သာ–ထိုသညာကို၊ ပရိတ္တာဒိအာရမဏာတိ–ပရိတ္တအစရှိသော အာရုံရှိ၏ဟူ၍၊ နဝတ္တဗ္ဗာ–ထိုက်၊ ဣတိ–သို့၊ ဝုတ္တာ၊ ပန–ဆက်၊ န ဝတ္တဗ္ဗာရမဏာတိ ဣဒံ ဝစနံ ဤစကားကို၊ (ဝုတ္တံ၌ စပ်၊) ယထာဂဟိတာကာရဿ–အကြင်ကြင် ယူအပ်တိုင်းသော အခြင်းအရာရှိသော၊ သညာဝိသယဿ–သညာ၏အာရုံ၏၊ နဝတ္တဗ္ဗတ္တံ–ပရိတ္တာဒိအာရမဏဟု မဆိုထိုက်သည်၏အဖြစ်ကို၊ သန္ဓာယ–၍၊ (ဝုတ္တံ၌ စပ်၊) တေသံ–ဤ စိတ္တုပ္ပာဒ်တို့၏၊ နဝတ္တဗ္ဗံ–ပရိတ္တစသည်ဖြင့် မဆိုထိုက်သော၊ အာရမဏံ–အာရုံသည်၊ (အတ္ထိ၊) ဣတိ–ကြောင့်၊ နဝတ္တဗ္ဗာရမဏာ–တို့မည်၏၊ စိတ္တုပ္ပာဒါ–စိတ္တုပ္ပာဒ်တို့တည်း၊ ဣတိ–သို့၊ အညပဒတ္ထသမာသံ–အညပုဒ်အနက်ရှိသော သမာသ်ကို၊(အညပုဒ်အနက်အရကောက်ရသော ဗဟုဗ္ဗီဟိသမာသ်ကို၊) ကတွာ–၍၊ အဋ္ဌကထာယံ–၌၊ ဝုတ္တံ–ပြီ၊ စတုပညာသစိတ္တုပ္ပာဒါနံ–ငါးဆယ့်လေးပါးသော စိတ္တုပ္ပာဒ်တို့၏၊ (ဝသေန–ဖြင့်လည်းကောင်း၊) ရူပဿ–ရုပ်၏၊ ဝသေနစ–ဖြင့်လည်းကောင်း၊ ပဥ္စပဏ္ဏာသာယ–ငါးဆယ့်ငါးပါးသော၊ (ကာမာဝစရဓမ္မာနံ၌ စပ်၊) ကေဝလန္တိ–ကား၊ ပရာမသနေန–ပရာမာသနှင့်၊ ဝိနာ–ကင်း၍၊ (ပဝတ္တိယံ၌ စပ်၊) အနိဋ္ဌင်္ဂတဝသေနာတိ–ကား၊ အနိစ္စယဂမနဝသေန–

အာဒီမာဟ၊–အနု၊] သမ္မုတိသစ္စေကို "ပညတ္တိတိ ဝုစ္စတိ၌ စပ်၊ ဝုစ္စမာနာန်ကို ဝါစာဝတ္ထုမတ္တတော၌ စပ်၊ ဤဋီကာဆရာသည် ပညတ်ခန်းကို ဖွင့်ပြခဲ့ရာ၌ စကားသံ အဘိလာပကို ပညတ်ဟု ဖွင့်ခဲ့၏၊ ဤ၌လည်း ထိုအတိုင်းဆိုသည်။

ဆုံးဖြတ်ခြင်းသို့ မရောက်ခြင်း၏ အစွမ်းဖြင့်၊ ဝါ-တစ်နည်း၊ အနိစ္ဆယံ-မဆုံးဖြတ်နိုင်ခြင်းသို့၊ ဒွေဠ္ဟံ-နှစ်ဖြာအားဖြင့်ဖြစ်ခြင်းသို့၊ ဂတော-ရောက်သော၊ စိတ္တုပ္ပာဒေါ-သည်၊ အနိဋ္ဌင်္ဂတော-မည်၏၊ ["အနိဋ္ဌာနဂတော"ဟုလည်း မူကွဲရှိ၏။] တေနာကာရေန-ထိုအခြင်းအရာအားဖြင့်၊ ပဝတ္တိ-ဖြစ်ခြင်းကို၊ အနိဋ္ဌင်္ဂတဝသေန ပဝတ္တိတိ-ဟူ၍၊ ဝုတ္တာ-ပြီ၊ နာနာရမဏေသု-တို့၌၊ စိတ္တဿ-ကို၊ ဝိက္ခိပနံ-အထူးထူးပစ်ချခြင်းသည်၊ ဝိက္ခေပေါ-မည်၏၊ အနဝဋ္ဌာနံ-စွဲမြဲစွာ မတည်ခြင်းသည်၊ အဝူပသမော-မည်၏၊ ဂေါတြဘုဝေါဒါနေ-ဂေါတြဘု ဝေါဒါန်တို့ကို ဂေါတြဘူတိ-ဟူ၍၊ ဂဟေတွာ-၍၊ ဂေါတြဘုကာလေတိ-ဟူ၍၊ အာဟ။

သဗ္ဗတ္ထပါဒကစတုတ္ထန္တိ ဣဓ-ဤပါဠ်၌၊ သဗ္ဗတ္ထသဒ္ဒေါ-သဗ္ဗတ္ထသဒ္ဒါကို၊ သာမိ အတ္ထော-သာမိအနက်ရှိ၏ဟူ၍၊ ဒဋ္ဌဗ္ဗော၊ ဝါ-တစ်နည်း၊ သဗ္ဗေသု-ကုန်သော၊ ဝိသနာဒီသု-ဝိပဿနာအစရှိသည်တို့ကို၊ (နိပ္ဖာဒေတဗ္ဗေသု-ပြီးစေထိုက်ကုန် သော၊) ပါဒကံ ကာရဏံ-အခြေခံ အကြောင်းဈာန်သည်၊ (ပါဒကံကို "ကာရဏံ"ဟု ဖွင့်သည်၊) သဗ္ဗတ္ထပါဒကံ-မည်၏၊ ဣတိ-သို့၊ ဖလဿ-(ဝိပဿနာစသော)အကျိုး၏၊ ဝိသယဘာဝေန-ဖြစ်ရာ၏အဖြစ်ဖြင့်၊ နိဒ္ဒေသော-ညွှန်ပြခြင်းသည်၊ (ဟောတိ။)

အာကာသကသိဏစတုတ္ထန္တိ-ပါဠ်ဖြင့်၊ ပရိစ္ဆေဒါကာသကသိဏစတုတ္ထံ-ပရိစ္ဆေဒါကာသကသိဏစတုတ္ထဈာန်ကို၊ အာဟ၊ [ပတ်ဝန်းကျင် အရာဝတ္ထုတို့ဖြင့် ပိုင်းခြားအပ်သော အိုးပေါက်, တံခါးပေါက်, နံရံပေါက်စသည်ကို "ပရိစ္ဆေဒါကာသကသိဏ"ဟု ခေါ်သည်။] ဟိ-မှန်၊ တံ-ထိုပရိစ္ဆေဒါကာသကသိဏစတုတ္ထဈာန်သည်၊ ရူပါဝစရံ-ရူပါဝစရတည်း၊ ဣတရံ-ဤရူပါဝစရမှ တစ်ပါးသော ကာမာဝစရသည်၊ န-မဟုတ်၊ ဣတိ-ဤသို့ မှတ်အပ်၏။

ကုသလတောပိ-ကုသိုလ်အားဖြင့်လည်း၊ ဒွါဒသဝိဓံ-သည်၊ (ဟောတိ၊) ကိရိယတောပိ-အားဖြင့်လည်း၊ (ဒွါဒသဝိဓံ ဟောတိ၊) ဣတိ-ကြောင့်၊ စတုဝီသတိဝိဓတော-နှစ်ဆယ့်လေးပါး အပြားရှိသည်၏အဖြစ်သည်၊ ဝါ-ကို၊ ဝုတ္တာ-ဆိုအပ်ပြီးသည်၊ ဟောတိ-၏။

ဝဋ္ဋသပိ၊ပေ၊ ယေဝါတိ-စကားကို၊(ဝဒတိ၌ စပ်၊) ကုသလံ-ကုသိုလ်ဈာန်ကိုလည်းကောင်း၊ ကိရိယဥ္စ-ကိုလည်းကောင်း၊ ဧကတော-တပေါင်းတည်း၊ ကတွာ-၍၊ သဗ္ဗတ္ထပါဒကံ-သဗ္ဗတ္ထပါဒကဈာန်ဟူ၍၊ ဝုတ္တံ၊ ဣတိ-ကြောင့်၊ ကိရိယဇ္ဈာန-ကိရိယာဈာန်၏၊ အဝဋ္ဋပါဒကတ္တာ-ဝဋ္ဋပါဒက မဟုတ်သည်၏ အဖြစ်ကြောင့်၊ သာသင်္ကံ-ယုံမှားဖွယ်ရှိသည်ဖြစ်၍၊ ဝဒတိ၊ [ကြိယာဈာန်က ဝဋ်၏အခြေခံမဖြစ်နိုင်, ကုသိုလ်ဈာန်ကသာ ဖြစ်နိုင်သောကြောင့် ထိုကုသိုလ်ဈာန်လည်း ဝဋ္ဋပါဒက မဟုတ်လေသလောဟု ယုံမှားဖွယ်ရှိရကား ထိုကုသိုလ်ဈာန်ကို ရည်ရွယ်၍"ဝဋ္ဋသပိ ပါဒကံ ဟောတိယေဝ"ဟု ဆိုသည်-ဟူလို။]

မဟာဂ္ဂတ ၊ပေ၊ ဣဒံ–ဣစကားကို၊ (ဝုတ္တံ၌ စပ်၊) သော ဧဝံ သမာဟိတေ စိတ္တေတိတိ အာဒိနာ–သော၊ နယေန–ဖြင့်၊ (ထိုထိုအဘိညာဥ်ခန်း၌ လာသော နည်းဖြင့်၊) ဝုတ္တမ–ဟောတော်မူအပ်သော၊ ပါကဋံ–သော၊ ပါဒကဈာနစိတ္တံ–ပါဒဈာန်ဖြစ်သော စတုတ္ထဈာန်စိတ်ကို၊ ပရိကမ္မေဟိ–ပရိကမ်စိတ်တို့ဖြင့်၊ ဂဟေတွာ, စိတ္တေ–၌၊ ရူပကာယံ–ရူပကာယကို၊ အဓိဋ္ဌာနစိတ္တေန–အဓိဋ္ဌာန် ကြောင်းစိတ်ဖြင့်၊ သမောဒဟတိ–သွင်းထား၏၊ ဣတိ ကတွာ–ဤသို့နှလုံးသွင်း ၍၊ ဝုတ္တံ၊ ဟဒက၊ပေ၊ဣဒမ္ပိ–ကိုလည်း၊ ယထာဝုတ္တံ–သော၊ ပါဒကဈာနစိတ္တံ–ကို၊ အာရမဏံ ကတွာ, စိတ္တသန္တာနံ–စိတ်အစဉ်ကို၊ ရူပကာယေ–၌၊ သမော ဒဟိတံ–ကောင်းစွာထားအပ်သည်ကို၊ တဒနုဂတိကံ–ထိုရူပကာယသို့ အစဉ် လိုက်သည်ကို၊ ကတွာ, အဓိဋ္ဌာတိ–အဓိဋ္ဌာန်၏၊ ဣတိ ကတွာ ဝုတ္တံ။

ပန–ဆက်၊ ဣဒံ အဓိဋ္ဌာနဒွယံ–ဤအဓိဋ္ဌာန်နှစ်ပါးအပေါင်းသည်၊ အဒိဿ မာနကာယတံ–မမြင်အပ်သော ကိုယ်ရှိသည်၏အဖြစ်သို့လည်းကောင်း၊ (ဝါ–မထင်ရှားသော ကိုယ်ရှိသည်၏အဖြစ်သို့လည်းကောင်း၊ ဒိဿမာနကာယတဉ္စ–သို့လည်းကောင်း၊ ဝါ–သို့လည်းကောင်း၊ အာပါဒေတိ–ရောက်စေ၏၊ ဂန္တု၊ပေ၊ ဝသေန–မြန်မြန်သွားလိုသူ၏အဖြစ်ဟူသော ပရိကမ်, နှေးနှေး သွားလိုသူ၏ အဖြစ်ဟူသော ပရိကမ်၏အစွမ်းဖြင့်၊ တံသမ္ပယုတ္တာယ–ထိုပရိကမ်နှင့်ယှဉ်သော၊ သညာယ–သညာ၏၊ သုခ၊ပေ၊ဘာဝတော–ကောင်းသောသညာ, ပေါ့သော သညာ၏ အဖြစ်ကြောင့်၊ ဂမနမ္ပိ–သွားခြင်းကိုလည်း၊ နိပ္ဖာဒေတိ–ပြီးစေ၏၊ ဣတိ ဒဋ္ဌဗ္ဗံ။

---

**အဓိဋ္ဌာနဒွယံ**။ ။စိတ္တကာယဝသေန ကာယစိတ္တပရိဏာမဏာဘူတံ (စိတ်၏ အစွမ်းအားဖြင့် ကိုယ်ကို ညွတ်စေခြင်း, ကိုယ်၏အစွမ်းအားဖြင့် စိတ်ကို ညွတ်စေခြင်း ဖြစ်၍ဖြစ်သော) ရူပကာယပါဒကဈာန စိတ္တာရမဏံ (ရူပကာယဟူသော အာရုံရှိ, ပါဒကဈာန်စိတ်ဟူသော အာရုံရှိသော) ဥဘယံ အဓိဋ္ဌာနံ–(နှစ်ပါးစုံသော အဓိဋ္ဌာန်စိတ်။)

**တံသမ္ပ ၊ပေ၊ ဘာဝတော**။ ။ထိုအဓိဋ္ဌာန်စိတ် နှစ်မျိုးနှင့်ယှဉ်ပုံသည်ကို "တံ သမ္ပယုတ္တာယ"ဟု ဆိုသည်၊ ထိုသမ္ပယုတ်သညာ၏ "သုခသညာ လဟုသညာ သဗ္ဘာဝ တော–သုခသညာ လဟုသညာ၏ ထင်ရှားရှိသည်၏အဖြစ်ကြောင့်"ဟု အနုဖွင့်သည်၊ စတုတ္ထဈာန်နှင့်ယှဉ်သော သညာကိုပင် (တရားကိုယ်အားဖြင့် ဥပေက္ခာဖြစ်စေကာမူ ငြိမ်သက်သောကြောင့်) သုခသညာဟု ဆိုထားသည်၊ ထိုစတုတ္ထဈာန်သညာကိုပင် (နီဝရဏတို့မှလည်းကောင်း, ဝိတက်စသော ဆန့်ကျင်ဘက်တို့မှလည်းကောင်း လွတ် သောကြောင့် ပေါ့သော) လဟုသညာဟုလည်း ဆိုသည်။

**ဂမနမ္ပိ နိပ္ဖာဒေတိ**။ ။သုခသညာဟူသည် ငြိမ်သက်သော သညာတည်း၊ ထိုသညာအစွမ်းကြောင့် စိတ်အစဉ်ကို မမြန်စေဘဲ ငြိမ်ငြိမ်သက်သက် ဖြစ်စေ၍ ကိုယ်၏ဖြစ်ပုံကဲ့သို့ နှေးသောဖြစ်ခြင်းကို ပြီးစေ၏၊ လဟုသညာဖြင့်ကား "စိတ်၏ မြန်ခြင်းကဲ့သို့ ကိုယ်၏လျင်မြန်ခြင်းကိုလည်း ပြီးစေ၏"ဟု မှတ်ပါ။

သောတာပန္နဿ စိတ္တန္တိ–ကား၊ သောတာပန္နဿ–သောတာပန်၏၊ ပါဠိ ပုဂ္ဂလိကံ–သီးခြားပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော၊ မဂ္ဂဖလစိတ္တံ–မဂ်စိတ် ဖိုလ်စိတ်ကို၊ (န ဇာနာတိဋ္ဌ စပ်၊) ဣတိ ဝေဒိတဗ္ဗံ၊ (ကသ္မာ ဝေဒိတဗ္ဗံ၊) ဟိ (ယသ္မာ), မာရာဒီနံ–မာရ်နတ်အစရှိသူတို့၏၊ ဘဂဝတော–၏၊ စိတ္တဇာနနံ–စိတ်ကိုသိခြင်း ကို၊ ဝုတ္တံ၊ ဣတိ–ကြောင့်၊ စေတောပရိယညာဏလာဘီ–စေတောပရိယဉာဏ်ကို ရခြင်းရှိသူသည်၊ ကသ္မာ–ကြောင့်၊ သာသဝစိတ္တံ–အာသဝေါတရားနှင့်တကွ ဖြစ်သော သူတစ်ပါး၏လောကီစိတ်ကို၊ န ဇာနိဿတိ–မသိဘဲ ရှိလတ္တံ့ နည်း၊ ဣတိ–ကြောင့်၊(ဣတိ–သို့၊ ဝေဒိတဗ္ဗံ၊) ဆိန္နသံသာရဝဋ္ဋော–ဖြတ်အင် ပြီးသော သံသရာဝဋ်ရှိတော်မူကုန်သော၊ ဝါ–သံသရာဝဋ်ကို ဖြတ်တော်မူပြီး ကုန်သော၊ ဗုဒ္ဓါ–တို့သည်၊ ဆိန္နဝဋ္ဋမကာ–ဆိန္နဝဋ္ဋမကတို့မည်၏၊...မဂ္ဂ၊ပေ၊ တ္တော–ဤပါဠိ၌၊ တာဝ–ထို နိဗ္ဗာနပစ္စဝေက္ခဏာမှ ရှေးဦးစွာ၊ မဂ္ဂဖလ ပစ္စဝေက္ခဏာနိ–မဂ်ဖိုလ်ကို ဆင်ခြင်တတ်သောဉာဏ်တို့သည်၊ ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏေန–ဖြင့်၊ မဂ္ဂဖလေသု–တို့ကို၊ ဉာတေသု–သိအပ်ပြီးကုန် လတ်သော်၊ (သိအပ်ပြီးရာအခါမှ နောက်၌၊) ပဝတ္တန္တိ–ဖြစ်ကုန်၏၊ နိဗ္ဗာန ပစ္စဝေက္ခဏာ–နိဗ္ဗာန်ကို ဆင်ခြင်တတ်သောဉာဏ်သည်လည်း၊ နိဗ္ဗာနာရမဏေ သု–နိဗ္ဗာန်ကို အာရုံရှိကုန်သော၊ အပ္ပမာဏဓမ္မေသု–လောကုတ္တရာတရားတို့ကို၊ ဉာတေသု–န်လသော်၊ (သိအပ်ပြီးရာအခါမှ နောက်၌၊ ပဝတ္တတိ၊) ဣတိ– ကြောင့်၊ မဂ္ဂါဒိပစ္စဝေက္ခဏာနိ–မဂ်အစရှိသည်ကို ဆင်ခြင်သောပစ္စဝေက္ခဏာ ဉာဏ်တို့ကို၊ ဝါ–တို့သည်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ–၏၊ အပ္ပမာဏာ ရမဏတံ–လောကုတ္တရာ အာရုံရှိသည်၏အဖြစ်ကို၊ သာဓေန္တိ–ပြီးစေကုန်၏၊ ဣတိ ဝေဒိတဗ္ဗာနိ။

ဟိ–မှန်၊ အပ္ပမာဏာ–လောကုတ္တရာဖြစ်ကုန်သော၊ ခန္ဓာ–မဂ်ဖိုလ် ခန္ဓာ တို့သည်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ–အား၊ အာရမဏပစ္စယေန–ဖြင့်၊ ပစ္စယော–သည်၊ (ဟောတိ၊) ဣစ္စေဝံ–ဤသို့သာ၊ ဝုတ္တံ–ပြီ၊ နိဗ္ဗာနံ–သည်၊

---

**နိဗ္ဗာန ၊ပေ၊ ဉာတေသု။** ။"အပ္ပမာဏာ ခန္ဓာ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ ဿ အာရမဏပစ္စယေန ပစ္စယော"ဟု ဟောတော်မူသောကြောင့် ခန္ဓာ (မဂ်ဖိုလ်)ကိုသာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်က တိုက်ရိုက်အာရုံပြုနိုင်၏၊ နိဗ္ဗာန်ကို တိုက်ရိုက်အာရုံမပြု နိုင်ဟု သိသာ၏၊ ထို့ကြောင့် နိဗ္ဗာန်ကို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ရာ၌ နိဗ္ဗာန် ကို အာရုံပြုနိုင်သော မဂ်ဖိုလ်စသည်ကို ရှေးဦးစွာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် အာရုံပြုပြီးမှ ပစ္စဝေက္ခဏာဉာဏ်က နိဗ္ဗာန်ကို အာရုံပြုနိုင်၏၊ ထို့ကြောင့် ရှေ့ဝါကျ၌ "ပုဗ္ဗေနိဝါသာနုဿတိဉာဏေန မဂ္ဂဖလေသု ဉာတေသု"ဟု ပြ၍, ဤဝါကျ၌ "နိဗ္ဗာန၊ပေ၊အပ္ပမာဏဓမ္မေသု ဉာတေသု"ဟု ပြသည်၊ [ကြွင်းအဓိပ္ပာယ်ကို အဋ္ဌကထာ နိဿယ၌ ပြထား၏။]

(ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ အာရမဏပစ္စယေန ပစ္စယော ဟောတိ၊) ဣတိ–ဤသို့၊ န(ဝုတ္တံ၊) တသ္မာ,ပုဗ္ဗေ၊ပေ၊ဉာဏေနဧဝ–ဖြင့်သာလျှင်၊ မဂ္ဂဖလ ပစ္စဝေက္ခဏကိစ္စေ–မဂ်ဖိုလ်ကို ဆင်ခြင်ခြင်းကိစ္စကို၊ ဝုစ္စမာနေပိ–ဆိုအပ်ပါ သော်လည်း၊ နိဗ္ဗာနပစ္စဝေက္ခဏာတာ–နိဗ္ဗာန်ကို ဆင်ခြင်တတ်သော ဉာဏ်၏ အဖြစ်ကို၊ ဝတ္တုံ–ငှာ၊ န သက္ကာ၊ [နိဗ္ဗာန်ကို ပုဗ္ဗေနိဝါသာနုဿတိဉာဏ်က တိုက်ရိုက်မဆင်ခြင်နိုင်–ဟူလို၊] ပန–ထိုသို့ပင် ဆိုခြင်းဗှာ မတတ်ကောင်းပါ သော်လည်း၊ အဋ္ဌကထာယံ–၌၊ တဿာပိ–ထိုပုဗ္ဗေနိဝါသာနုဿတိဉာဏ်၏ လည်း၊ နိဗ္ဗာနရမဏတာ–နိဗ္ဗာန်ဟူသောအာရုံရှိသည်၏အဖြစ်ကို၊ အနုညာတာ– ခွင့်ပြုအပ်ပြီ၊ ဣတိ–သို့၊ ဒိဿတိ–တွေ့မြင်အပ်၏၊ [အဋ္ဌကထာက "မဂ္ဂဖလ နိဗ္ဗာနပစ္စဝေက္ခဏာတောပိ"ဟု တပေါင်းတည်း ဆိုထားသောကြောင့် နိဗ္ဗာန်ကို ပုဗ္ဗေနိဝါသာနုဿတိဉာဏ်က တိုက်ရိုက်ဆင်ခြင်၏ဟု ယူထားပုံကို တွေ့ရ သည်–ဟူလို။]

ကာမာဝစရေ နိဗ္ဗတ္တိဿတီတိ–ပါဌ်ဖြင့်၊ နိဗ္ဗတ္တက္ခန္ဓဇာနနံ–ဖြစ်သော ခန္ဓာကို သိခြင်းကို၊ အာဟ၊ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိဿတီတိ–ကား၊ နိဗ္ဗာနာရမဏောဟိ–နိဗ္ဗာန်ဟူသော အာရုံရှိကုန်သော၊ ကိလေသပရိနိဗ္ဗာန ဘူတေဟိ–ကိလေသပရိနိဗ္ဗာန်ဖြစ်၍ ဖြစ်ကုန်သော၊ မဂ္ဂဖလေဟိ–တို့ဖြင့်၊ ပရိနိဗ္ဗာယိဿတိ–လတ့်၊ ဣတိ အတ္ထော သမ္ဘဝတိ၊ [ဤစကားကို ထောက်၍ "မဂ်ဖိုလ်ကို ကိလေသနိဗ္ဗာန်ခေါ်သည်ဟု မှတ်ပါ။]

**၁၃၂၉။** အသဟဇာတတ္တာတိ(ပဒဿ)–၏၊ အသမ္ပယုတ္တတ္တာ–မယှဉ်သည်၏ အဖြစ်ကြောင့်၊ ဣတိ အတ္ထော (ဟောတိ၊) (ကသ္မာ ဣတိ အတ္ထော ဟောတိ၊) ဟိ(ယသ္မာ), အရူပဓမ္မာနံ–နာမ်တရားတို့၏၊ အရူပဓမ္မေဟိ–တို့နှင့်၊ သမ္ပယောဂ တော–ယှဉ်ခြင်းမှ၊ အညာ–အခြားသော၊ သဟဇာတတာ–တကွဖြစ်သည်၏ အဖြစ်သည်၊ န အတ္ထိ၊ ဣတိ–ကြောင့်၊ (ဣတိ အတ္ထော ဟောတိ။) အည ဓမ္မာရမဏကာလေတိ–ဟူ၍၊ (သင်္ဂဟကာရေန)ဝုတ္တံ၊ ပန–ထိုသို့ပင် ဆိုအပ် ပါသော်လည်း၊ မဂ္ဂါရမဏကာလေပိ–မဂ်ဟူသော အာရုံရှိရာအခါ၌လည်း၊ ဂရုံ–အလေးဂရုကို၊ အကရဏေ–မပြုခြင်း၌၊ မဂ္ဂါဓိပတိဘာဝေန–မဂ္ဂါ ဓိပတိ၏အဖြစ်ဖြင့်၊ န ဝတ္တဗ္ဗတာ–မဆိုထိုက်သည်၏အဖြစ်ကို၊ ယောဇေတဗ္ဗာ။

**၁၃၃၃။** နိယောဂါတိ–ကား၊ နိယောဂတော–အမြဲယှဉ်ခြင်းအားဖြင့်၊ ဣတိ ဣမ မတ္ထံ–ဤအနက်ကို၊ သန္ဓာယ–၍၊ နိယမေနာတိ–ဟူ၍၊ (သင်္ဂဏ္ဍာရော)

**နိဗ္ဗာနဓာတုယာ**။ ။"နိဗ္ဗာန်"သည် ခန္ဓာမဟုတ်ရကား အနာဂတံသဉာဏ်အား ကျေးဇူးမပြုနိုင်၊ ထို့ကြောင့်"နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိဿတိ"၌ ကိလေသပရိနိဗ္ဗာန် ဖြစ်သော မဂ်ဖိုလ်ဖြင့် ငြိမ်းအေးလတ့်"ဟု မဂ်ဖိုလ်အာရုံပြုပုံကို ပြသည်ဟူသော အနက်အဓိပ္ပာယ်သာ ဖြစ်သင့်သည်ဟု ဋီကာယူဆသည်။

အာဟ၊ ဝါ–အဋ္ဌကထာနည်းမှ တစ်နည်းကား၊ နိယောဂဝန္တော–အမြဲယှဉ်ခြင်း ရှိကုန်သော၊ တရားတို့သည်၊ နိယောဂါ–တို့မည်၏၊ နိယတာ–အမြဲယှဉ်ကုန် သော၊ (အနာဂတာရမဏာ နတ္ထိဋ္ဌိစပ်၊) ဣတိ အတ္ထော၊ ဟိ–မှန်၊ တစ်နည်း၊ ဟိ (ယသ္မာ)၊ စိတ္တုပ္ပာဒကဏ္ဍေ–၌၊ ဇောဝိတေသု–သိစေအပ်ပြီးကုန်သော၊ စိတ္တုပ္ပာဒေသု–စိတ္တုပ္ပာဒ်တို့တွင်၊ ကေနစိ–ကေန်အားဖြင့်၊ အနာဂတာ ရမဏော–အနာဂတ်အာရုံရှိသော၊ ကောစိ–တစ်စုံတစ်ခုသော စိတ္တုပ္ပာဒ်သည်၊ နတ္ထိ၊ ဣတိ–ကြောင့်၊ (“နိယောဂါ အနာဂတာရမဏာ နတ္ထိ”ဟု ထည့်စပ်။)

**၁၄၃၄။** ကမ္မံဝါ၊ပေ၊ ရမဏာဝါတိ–ဟူ၍၊ (သင်္ဂဟကာရေန) ဝုတ္တံ၊ ပန– ထိုသို့ပင် ဆိုအပ်ပါသော်လည်း၊ ကမ္မနိမိတ္တံ–ကမ္မနိတ်ကို၊ အာရဗ္ဘ–အာရုံပြု၍၊ ပဝတ္တိယံ–ဖြစ်ရာအခါ၌၊ ပဋိသန္ဓိယာ–ပဋိသန္ဓေ၏၊ ပစ္စုပ္ပန္နာရမဏာဘာဝဥ္စ– ပစ္စုပ္ပန်အာရုံရှိသည်၏ အဖြစ်ကိုလည်း၊ ပဋိစ္စသမုပ္ပာဒဝိဘင်္ဂဝဏ္ဏနာယံ–၌၊ ဝက္ခတိ–(အဋ္ဌကထာဆရာကိုယ်တိုင် ဖွင့်)ဆိုလတ့်၊ တသ္မာ, ဣဒံ–ဤကမ္မ နိမိတ္တံ ဝါ အစရှိသောစကားကို၊ မနောဒွါရစုတိယံ–မနောဒွါရစုတိ၌၊ မနော ဒွါရေ–၌၊ အာပါတဂတံ–ရှေးရှုကျခြင်းသို့ရောက်သော၊ အတီတကမ္မနိမိတ္တံ– အတီတ်ကမ္မနိမိတ်ကို၊ သန္ဓာယ ဝုတ္တံ၊ ဣတိ–သို့၊ ဝေဒိတဗ္ဗံ။

သတဒါရမဏာယ–တဒါရုံနှင့်တကွဖြစ်သော၊ စုတိယာ–၏၊ ပဥ္စ ၊ပေ၊ ယုကေ–စိတ္တက္ခဏာငါးချက် ကြွင်းသောအသက်ရှိသော၊ ဂတိနိမိတ္တေ–၌၊ ပဋိ သန္ဓိယာ–သည်၊ ပဝတ္တာယ–ဖြစ်လသော်၊ စတ္တာရိ–န်သော၊ ပစ္စုပ္ပန္နာရမဏာ နိ–ပစ္စုပ္ပန်အာရုံ ရှိကုန်သော၊ ဘဝင်္ဂါနိ–ဘဝင်တို့ကိုလည်းကောင်း၊ ဣတ ရတ္ထ–သတဒါရမဏစုတိမှ တစ်ပါးသော အတဒါရမဏစုတိ၌၊ ဆ–န်သော၊ (ဘဝင်္ဂါနိ)စ–တို့ကိုလည်းကောင်း၊ သန္ဓာယ–၍၊ တတော၊ပေ၊စာတိ–ဟူ၍၊ (သင်္ဂဟကာရော) အာဟ၊ ဟိ–မှန်၊ (ဣတရတ္ထစ ဆဟူသော စကားသည် မှန်၏၊) ရူပါဝစရာရူပါဝစရသတ္တသဝိယ–၏ကဲ့သို့၊ (တဒါရုံကျရိုး မရှိသော ရူပါဝစရ, အရူပါဝစရသတ္တဝါ၏ကဲ့သို့၊) ကာမဓာတုံ–ကာမဓာတ်သို့၊ ဥပပဇ္ဇန္တဿ–ကပ်ရောက်သော သတ္တဝါ၏၊ ယဒါ–၌၊ ဂတိ နိမိတ္တာရမဏော– ဂတိနိမိတ် အာရုံရှိသော၊ ဇဝနေ–ဇောသည်၊ ပဝတ္တေ–သော်၊ တဒါရမဏော– သည်၊ အနုပ္ပန္နေဝ–မဖြစ်မီသာလျှင်၊ စုတိ–သည်၊ ဟောတိ၊ တဒါ–၌၊ ပဋိသန္ဓိတော–မှ၊ ပရာနိ–န်သော၊ ဆ–န်သော၊ ဘဝင်္ဂါနိ–တို့သည်၊ ပစ္စုပ္ပန္နာ ရမဏာနိ–န်သည်၊ ဟောန္တိ၊ ဣတိ–ဤသို့ မှတ်အပ်၏၊ ဒိဋ္ဌိသမ္ပယုတ္တေဟိ– ဒိဋ္ဌိနှင့်ယှဉ်သော စိတ်တို့ဖြင့်၊ သပရာမာသာနေဝ–ပရာမာသနှင့်တကွ ဖြစ်သည် သာလျှင် ဖြစ်ကုန်သော၊ အဿာဒနာဒီနိ–အဿာဒန အစရှိသည်တို့ကို၊ ဒဋ္ဌဗ္ဗာနိ၊ [ပရာမာသပါမှ ဒိဋ္ဌိနှင့်ယှဉ်နိုင်သောကြောင့် အဿာဒ, အဘိနန္ဒနတို့ ဖြစ်ရာအခါ၌လည်း ပရာမာသပါသည်ဟု မှတ်ပါ–ဟူလို။]

ပဏ္ဏတ္တိ(နိဗ္ဗာနာ)ရမဏာနဉ္စ ဇဝနာနံ ပုရေစာရိကကာလေတိ–ပါဠိဖြင့်၊ ယေသံ–အကြင်ဇောတို့၏၊ ပုရေစာရိကကာလေ–ရှေ့သွားဖြစ်ရာအခါ၌၊ ဧကေန–ဧကန်အားဖြင့်၊ အာဝဇ္ဇနာယ–မနောဒွါရာဝဇ္ဇန်း၏၊ အတီတာ၊ပေ၊ ဘာဝေန–အတိတ်အစရှိသော အာရုံရှိသည်၏အဖြစ်ဖြင့်၊ န ဝတ္တဗ္ဗတ္တာ–မဆိုထိုက်သည်၏အဖြစ်သည်၊(ဟောတိ၊) တေသံ–ထိုဇောတို့၏၊ ဝသေန–ဖြင့်၊ နယံ–နည်းကို၊ ဒဿေတိ၊ နိဗ္ဗာနာရမဏာနမ္ပိ–နိဗ္ဗာန်အာရုံရှိသည်လည်းဖြစ်ကုန်သော၊ ဇဝနာနံ–တို့၏၊ ပုရေစာရိကကာလေ–၌၊ သာ–ထိုမနောဒွါရာဝဇ္ဇန်းကို၊ တထာ–ထိုအတိတ်အစရှိသော အာရုံရှိသည်၏အဖြစ်ဖြင့်၊ န ဝတ္တဗ္ဗာ၊ ပန–သို့သော်လည်း၊ ဧကန္တေန–အားဖြင့်၊ (န ဝတ္တဗ္ဗာ–မဆိုထိုက်သည်ကား၊) န–မဟုတ်၊ (ကသ္မာ), မဂ္ဂဖလဝီထိသု–တို့၌၊ တဿာ–ထို မနောဒွါရာဝဇ္ဇန်း၏၊ အနိဗ္ဗာနာရမဏတ္တာ–နိဗ္ဗာန်အာရုံ မရှိသည်၏အဖြစ်ကြောင့်တည်း။

ဣမေ ဂန္ဓာတိ–ပါဠိဖြင့်၊ ပစ္စုပ္ပန္နာ–ပစ္စုပ္ပန်ဖြစ်ကုန်သော၊ ဂန္ဓာ–နံ့သာတို့ကို၊ ဂဟိတာနနု–(စိတ်ဖြင့်) ယူအပ်ကုန်သည် မဟုတ်လော၊ ဂထံ–လျှင်၊ တွေ–ဤဣမေဂန္ဓာဟု အာရုံပြုရာ၌၊ အနာဂတာရမဏတာ–အနာဂတ်အာရုံရှိသည်၏အဖြစ်သည်၊ ဟောတိ–နည်း၊ ဣတိ–ဤကား စောဒနာတည်း၊ အဋ္ဌာရသဝဿာဓိကာနိ–တစ်ဆယ့်ရှစ်နှစ် အလွန်ရှိကုန်သော၊ ဒွေဝဿသတာနိ–အနှစ်နှစ်ရာ တို့ပတ်လုံး၊ မာသုဿိ သု–မခြောက်ပါစေကုန်လင့်၊ ဣတိ–ဤသို့၊ ပဝတ္တိတော–(စိတ်၏) ဖြစ်ခြင်းကြောင့်တည်း၊ ဟိ–မှန်၊ အနာဂတေ–၌၊ မာသုဿိ သု–န်လင့်၊ ဣတိ–ဤသို့၊ အနာဂတံ–အနာဂတ်ဖြစ်သော၊ ဂန္ဓံ–နံ့သာကို၊ ဂဟေတွာ–(စိတ်ဖြင့်)ယူ၍၊ (အာရုံပြု၍၊) ပဝတ္တတိ၊ ဣတိ–ကား၊ အဓိပ္ပာယော–အဋ္ဌကထာဆရာ၏အလိုတည်း။

---

**ပဏ္ဏတ္တိ ၊ပေ၊ ဒဿေတိ**။ ။အဋ္ဌကထာစာအုပ်များ၌ "ပဏ္ဏတ္တိ နိဗ္ဗာနာ ရမဏာနဉ္စ ဇဝနာနံ"ဟု နိဗ္ဗာန်ကို အာရုံပြုသောဇောကို ထည့်သွင်းထား၏၊ ဤ ဋီကာဆရာကား "နယံဒဿေတိ"ဟုလည်းကောင်း, "နိဗ္ဗာနာရမဏာနမ္ပိ ဇဝနာနံ" စသည်ဖြင့် နိဗ္ဗာန်ကို သီးခြားဆိုသောကြောင့်လည်းကောင်း ဤဋီကာ အလိုအားဖြင့် "ပဏ္ဏတ္တိနိဗ္ဗာနာရမဏာနဉ္စ"ဟု နိဗ္ဗာနပုဒ် တိုက်ရိုက်ပါဟန် မတူ။

**နိဗ္ဗာနာ ၊ပေ၊ ရမဏတ္တာ**။ ။နိဗ္ဗာန်ကို အာရုံပြုသော ပစ္စဝေက္ခဏာဇော စသည်တို့၏ ရှေ့သွားဖြစ်ရာအခါ၌ ထိုအာဝဇ္ဇန်းကို နိဗ္ဗာန်ဟူသော န ဝတ္တဗ္ဗအာရုံရှိသည်ဟု ဆိုရ၏၊ သို့သော် နိဗ္ဗာန်အာရုံပြုသောဇောတို့၏ ရှေ့သွားဖြစ်တိုင်းကား န ဝတ္တဗ္ဗအာရုံရှိသည်ဟု မဆိုနိုင်၊ ဘာ့ကြောင့်နည်း မဂ္ဂဝီထိ ဖလဝီထိတို့၌ မဂ်ဖိုလ်တို့က နိဗ္ဗာန်ကို အာရုံပြုကြသော်လည်း ထို မနောဒွါရာဝဇ္ဇန်းက နိဗ္ဗာန်ကို အာရုံမပြုဘဲ ဂောတြဘူမကသိဏ်ရကို အာရုံပြုသောကြောင့်တည်း။

စိတ္တဝသေန–ဖြင့်၊ ကာယံ–ကိုယ်ကို၊ ပရိဏာမေန္တော–ညွတ်စေသူသည်၊ အဘိမုခီဘူတံ–ရှေးရှုဖြစ်၍ဖြစ်သော၊ တဒါ–ညွတ်စေရာ ထိုအခါ၌၊ ဝိဇ္ဇမာနမေဝ–ထင်ရှားရှိသည်သာလျှင်ဖြစ်သော၊ ကာယံ–ကို၊ အာရမဏံ–ကို၊ ကရောတိ၊ ဣတိ–ကြောင့်၊ ပစ္စုပ္ပန္နာရမဏံ–ပစ္စုပ္ပန်အာရုံရှိသော၊ အဓိဋ္ဌာနစိတ္တံ–အဓိဋ္ဌာန်စိတ်သည်၊ ဟောတိ၊ တထာ–တူ၊ အတ္တနော–၏၊ ကာယဿ–ကို၊ (ကရဏော၌ စပ်၊) ဒီဃရဿာဏုထူလနီလာဒိဘာဝါပါဒနဝသေန–ရှည်သည်၏အဖြစ်, ပုသည်၏အဖြစ်, သေးငယ်သည်၏အဖြစ်, တုတ်သည်၏အဖြစ်, အညိုအစရှိသည်၏အဖြစ်သို့ ရောက်စေခြင်း၏အစွမ်းဖြင့်၊ (ကရဏေစ–၌လည်းကောင်း၊) အညဿ–အခြားသော၊ ပါဋိဟာရိယဿ–တန်ခိုးပြာဋိဟာကို၊ ကရဏေစ–ပြုခြင်း၌လည်းကောင်း၊ ယောဇေတဗ္ဗံ–ယှဉ်စေထိုက်၏၊ ("ပစ္စုပ္ပန် အာရုံရှိသောစိတ်ကို ယှဉ်စေထိုက်၏"ဟူလို။)

ဓတ္တေ ၊ပေ၊ ဝေဒိတဗ္ဗာတိ (ပဒဿ)–၏၊ ဧတ္တေန္တ ရေ–ဤအတွင်း၌၊ ပဝတ္တာ–ဖြစ်ကုန်သော၊ ရူပသန္တတိ အရူပသန္တတိဝါ–ရုပ်အစဉ်, နာမ်အစဉ်တို့၏ အလှည့်အကြိမ်တို့ကို၊ ဧကဒွိသန္တတိဝါရာ နာမာတိ–ဧကဒွိသန္တတိဝါရမည်၏ဟူ၍၊ ဝေဒိတဗ္ဗာ–နှင့်၏၊ ဣတိ အတ္ထော (ဟောတိ၊) ဝါ–အဋ္ဌကထာနည်းမှ တစ်နည်းကား၊ အတိ ၊ပေ၊ သမုဋ္ဌာနာ–အလွန် တိုလျှသော သဘောတူဥတု အစရှိသည်တို့ကြောင့် ဖြစ်ကုန်သောအစဉ်တို့ကို၊ ဧကဒွိသန္တတိဝါရာတိ–ဟူ၍၊ ဝုတ္တာ–နှင့်ပြီ။

---

**ဝါရာနာမာတိ**။ ။အဋ္ဌကထာ၌ "ဧကဒွိသန္တတိဝါရာ"ကို ဝေဒိတဗ္ဗာ၌ တိုက်ရိုက်မစပ်ဘဲ "ဧက ၊ပေ၊ ဝါရာနာမာတိ–တို့မည်၏ဟူ၍"ဟု ဣတိသဒ္ဒါအကြေကြံပါဟုလည်းကောင်း, "ပဝတ္တာ ရူပသန္တတိ အရူပသန္တတိဝါရာ"ဟု ဝေဒိတဗ္ဗာ၏ ကံကို ထည့်ပါဟုလည်းကောင်း ပြသည်၊ ဤသို့ ထည့်မှလည်း အဓိပ္ပာယ်ရသည်။

**အတိပရိတ္တ ၊ပေ၊ ဝုတ္တာ**။ ။ဤနည်းကား ဋီကာနည်းတည်း၊ ဧကဒွိသန္တတိဝါရ၏သရုပ်ကို "အတိပရိတ္တ သဘာဂဥတုအာဒိ သမုဋ္ဌာနာ"ဟု ဝိသေသနပြု၍ ဖော်၏၊ ထိုသို့ သရုပ်ဖော်ပြီးဖြစ်၍ ဣတိသဒ္ဒါ အကြေမကြံရတော့၊ ဝေဒိတဗ္ဗာ၌ တိုက်ရိုက်စပ်နိုင်ပြီ။

**ဆက်ဦးအံ့**–အလွန် အပြောင်းအလွဲမြန်၍ တိုလျှသော အအေးဥတုကြောင့်ဖြစ်သော ရုပ်အစဉ်တစ်ခုသည် ဧကသန္တတိဝါရ, အအေးဥတု–အပူဥတုနှစ်မျိုးကြောင့်ဖြစ်သော ရုပ်အစဉ်နှစ်ခုသည် ဒွိသန္တတိဝါရမည်၏၊ ထို့အတူ အာဒိဖြင့် စိတ်အစဉ်တစ်မျိုးကြောင့် ဖြစ်သော ရုပ်အစဉ်သည် ဧကသန္တတိဝါရ, စိတ်အစဉ်နှစ်မျိုးကြောင့်ဖြစ်သော ရုပ်စဉ်သည် ဒွိသန္တတိဝါရမည်၏၊ အာဟာရ၌လည်း နည်းတူ၊ ရူပါရုံကို အာရုံပြုသော နာမ်ဝီထိ အစဉ်တစ်စဉ်သည် ဧကသန္တတိဝါရ, ထိုကဲ့သို့ အာရုံနှစ်ခုကို ဆက်ကာဆက်ကာ အာရုံပြုသော နာမ်ဝီထိနှစ်စဉ်သည် ဒွိသန္တတိဝါရမည်၏။

ဥဘယမေတံ ပစ္စုပ္ပန္နန္တိ (ပဒသ—၏၊ အဒ္ဓါပစ္စုပ္ပန္နံ—အဒ္ဓါပစ္စုပ္ပန်သည်၊ ဟောန္တံ—ဖြစ်သော၊ ဧတံ ဥဘယံ—ဤနှစ်ပါးစုံသည်၊ ဟောတိ၊ ဣတိ အတ္ထော၊ သံဟိရတီတိ—ကား၊ တဏှာဒိဋ္ဌာဘိနန္ဒနာဟိ—တဏှာဒိဋ္ဌိဟူသော အဘိနန္ဒနတို့သည်၊ အာကမိုယတိ—ဆွဲငင်အပ်၏။

ကေစီတိ (ပဒသ)—၏၊ အဘယဂိရိဝါသိနောတိ—အဘယဂိရိဝါသိနော—ဟူ၍၊ (အတ္ထံ—အနက်ကို၊) ဝဒန္တိ—ဆိုကြကုန်၏၊ ပန—ထိုသို့ပင် ဆိုကြပါကုန်သော်လည်း၊ တေ—ထိုအဘယဂိရိဝါသီ ထေရ်တို့သည်၊ စိတ္တာသ—၏၊ ဋ္ဌိတိက္ခဏံ—ဋ္ဌီခဏကို၊ န ဣစ္ဆန္တိ၊ ဣတိ—ကြောင့်၊ ဋ္ဌိတိက္ခဏေဝါ ပဋိဝိဇ္ဈတီတိ—ဟူ၍၊ န ဝတ္တဗ္ဗံ—မဆိုထိုက်သည်၊ သိယာ၊ တထာ—ထိုမှတစ်ပါး၊ ယေ—အကြင် ကေစိဆရာတို့သည်၊ ဣဒ္ဓိ ၊ပေ၊ ဥပ္ပဇ္ဇတီတိ—ဟူ၍၊ (ဝတ္တမာန်ဟူသော ပုဒ်အဋ္ဌကထာ၌ မပါ၊) ဝဒန္တိ၊ တေသံ—ထို ကေစိဆရာတို့၏၊ ဋ္ဌိတိ ၊ပေ၊ ပဋိဝိဇ္ဈတီတိဝစနံ—စကားသည်၊ န သမေတိ—ရှေ့နောက်မညီ၊ (ကသ္မာ န သမေတိ၊) ဟိ (ယသ္မာ), တသ္မိံ ခဏဒ္ဓယေ—ထို ခဏနှစ်ပါးအပေါင်း၌၊ ဥပ္ပဇ္ဇမာနံ—ဖြစ်သော စိတ်သည်၊ ပရစိတ္တေန—သူတစ်ပါးစိတ်နှင့်၊ သဟ, ဧကက္ခဏေ—တစ်ပြိုင်နက်သော ခဏ၌၊ န ဥပ္ပဇ္ဇတိနာမ—ဖြစ်သည် မမည်၊ ဣတိ—ကြောင့်၊ (န သမေတိ၊) စ—ရှေ့နောက် မညီရုံသာမကသေး၊ ဋ္ဌိတိ ဘင်္ဂက္ခဏေသု—ဋ္ဌီခဏ, ဘင်ခဏတို့၌၊ ဥပ္ပဇ္ဇမာနံ—ဖြစ်သော စိတ်သည်၊ ဧကဒေသံ—တစ်စိတ်တစ်ပိုင်းသည်၊ (တစ်စိတ်တစ်ပိုင်းသော စိတ်က၊) ပစ္စုပ္ပန္နာ ရမဏံပစ္စုပ္ပန် အာရုံရှိသည်လည်းကောင်း၊ ဧကဒေသံ—သည်၊ အတီတာရမဏံ—လည်းကောင်း၊ အာပဇ္ဇတိ—ဖြစ်၏။

စ—သည်သာမကသေး၊ (အပြစ်ပြဖို့ရန် သည်သာမကသေး၊) ပရဿ ၊ပေ၊ အာဝဇ္ဇိတေတိ—ဟူ၍၊ ယံ—အကြင်စကားကို၊ ဝုတ္တံ၊ ဧတ္ထစ—ဤစကား၌လည်း၊ မဟာဇနော—မဟာဇနဟူသည်၊ (မဟာဇနသဿ၌ မဟာဇနဟူသည်၊) အတ္တနာ—မိမိမှ၊ ပရေ—န်သော၊ အနေကေ—န်သော၊ ပုဂ္ဂလာ—ပုဂ္ဂိုလ်တို့တည်း၊ ဣတိ—ကြောင့်၊ ပရေသံ—တို့၏၊ စိတ္တံ—ကို၊ ဇာနိသာမိ—အံ့၊ ဣတိ—သို့၊ အာဝဇ္ဇနပ္ပဝတ္တိ—အာဝဇ္ဇန်း၏ဖြစ်ခြင်းသည်၊ ဝါ—ကို၊ ဝတ္တဗ္ဗာ သိယာ၊ ပရသ္သာတိ—ပရဿဟူ သောပုဒ်၏၊ မဟာဇနဿာတိ—ဟူ၍၊ အတ္ထော—သည်၊ အထာပိသမ္ဘဝေယျ—အကယ်၍မူလည်း ဖြစ်သင့်အံ့၊ တထာပိ—ထိုသို့ ဖြစ်သင့်ပြန်သော်လည်း၊ တဿ—ထိုမဟာဇန၏၊ ဝါ—တစ်နည်း၊ ပုဂ္ဂလဿေဝ—ပုဂ္ဂိုလ်တစ်ယောက်၏ပင်၊ စိတ္တရာသိံ—ကို၊ အာဝဇ္ဇိတွာ—အာဝဇ္ဇန်းဖြင့် ဆင်ခြင်ပြီး၍၊ ဧကဿ—တစ်ခုသောစိတ်ကို၊ ပဋိဝိဇ္ဈနံ—အဘိညာဉ်ဖြင့် ထိုးထွင်း၍ သိခြင်းသည်၊ အယုတ္တံ၊ (ကသ္မာ အယုတ္တံ၊) ဟိ (ယသ္မာ), ရာသိအာဝဇ္ဇနံ—

စိတ်အစုကို ဆင်ခြင်ခြင်းသည်၊ ကေဒေသဝဇ္ဇနံ–စိတ်တစ်ဖို့ကို ဆင်ခြင်ခြင်းသည်၊ န ဟောတိ–မဟုတ်၊ ဉတိ–ကြောင့်၊ (အယုတ္တံ၊) တသ္မာ–ကြောင့်၊ (အာဝဇ္ဇန်း၏အာရုံက စိတ်အစုဖြစ်၍ ဉာဏ်၏အာရုံက စိတ်တစ်ခုဖြစ်ရကား အာဝဇ္ဇန်းနှင့်ဉာဏ်ကို အာရုံပြားနေသည့်အတွက် မသင့်သောကြောင့်၊) တေဟိ–ထိုကေစိဆရာတို့သည်၊ မဟာဇနဿ ၊ပေ၊ အာဒိ–စကားကို၊ န ဝတ္တဗ္ဗံ–မဆိုထိုက်၊ [ဤတိုင်အောင်သော စကားဖြင့် "ကေစိဆရာတို့၏အလို"ဟု ဆို၍ "ပဋ္ဌိဝိဇ္ဈတီတိ"တိုင်အောင် "အဋ္ဌကထာပြအပ်သော စကားသည် ကေစိတို့၏အာဘော် မကျပါ"ဟု ပြသည်။]

[မိမိဋီကာဆရာ၏အလိုအားဖြင့် ကေစိတို့၏အာဘော်ကိုပြလိုသောကြောင့် "ယံ ပန"စသည် မိန့်၊] ပန–ဆက်၊ တေ–ထိုကေစိဆရာတို့သည်၊ ယသ္မာ၊ပေ၊ ဥပ္ပဇ္ဇတီတိ–ဟူ၍၊ ယံ–အကြင် စကားကို၊ ဝဒန္တိ၊ တတ္ထ–ထို စကား၌၊ အယံ အဓိပ္ပါယော–သည်၊ သိယာ၊ စေတောပရိယဉာဏလာဘီ–စေတောပရိယ ဉာဏ်ကို ရခြင်းရှိသောပုဂ္ဂိုလ်သည်၊ ပရဿ စိတ္တံ ဉာတုကာမော (ဟုတွာ၊) ပါဒကဇ္ဈာနံ–ပါဒကဈာန်ကို၊ သမာပဇ္ဇိတွာ–ဝင်စားပြီး၍၊ ဝုဋ္ဌာယ–ထပြီး၍၊ အတီတာဒိဝိဘာဂံ–အတိတ်စိတ်အစရှိသော ခွဲခြားမှုကို၊ အကတွာ–၍၊ စိတ္တသာမညေန–စိတ် သာမညအားဖြင့်၊ ဣမဿစိတ္တံဇာနာမီတိ–ဤသူ၏စိတ်ကို သိအံ့ဟူ၍၊ ပရိကမ္မံ–ကို၊ ကတွာ၊ ပုန ပါဒကဇ္ဈာနံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ, သာမညေနေဝ–စိတ်သာမညအားဖြင့်ပင်၊ စိတ္တံ အာဝဇ္ဇိတွာ၊ တိဏ္ဏံဝါ–သုံးပါး သော်လည်းဖြစ်ကုန်သော၊ စတုန္နံဝါ–န်သော၊ ပရိကမ္မာနံ–ပရိကမ်ဇော တို့၏၊ အနန္တရာ–အခြားမဲ့၌၊ စေတောပရိယညာဏေန–ဖြင့်၊ ပရစိတ္တံ–ကို၊ ပဋ္ဌိဝိဇ္ဈတိ–ထိုးထွင်း၍သိ၏၊ ဒိဗ္ဗစက္ခုနာ–ဖြင့်၊ ရူပံ–ရူပါရုံကို၊(ဝိဘာဝေတိ)ဝိယ–ထင်စွာ ဖြစ်စေသကဲ့သို့၊ (တထာ–တူ၊ ပရစိတ္တံ–ကို၊) ဝိဘာဝေတိ–၏၊ တတော–ထို သူ၏စိတ်ကို ထိုးထွင်း၍သိပြီးရာအခါမှ၊ ပရံပန–နောက်၌ကား၊ ကာမာဝစရ စိတ္တေဟိ–တို့ဖြင့်၊ နီလာဒိဝဝတ္ထာနံ–အညိုအစရှိသော ရူပါရုံကို ပိုင်းခြားခြင်းသည်၊

---

**အတီတာဒိ ၊ပေ၊ အကတွာ။** ။ဤစကားဖြင့် မနောဒွါရာဝဇ္ဇန်း ပရိကမ် စသည်တို့၏ တူသောအခြင်းအရာအားဖြင့် ဖြစ်နိုင်ခြင်း၏အကြောင်းကို ပြ၏၊ အတိတ်စိတ်စသည်ဖြင့် မဝေဖန်သောကြောင့် စိတ်ဟူသော သာမညကိုသာ အာဝဇ္ဇန်း စသည်တို့က အာရုံပြုကြသည်–ဟူလို။

**ရူပံဝိယ ဒိဗ္ဗစက္ခုနာ။** ။ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကို မြင်သိရာ၌ ရူပါရုံ သာမညကိုသာ မြင်သိသေး၏၊ အညို အရွှေစသော ရူပါရုံအထူးကိုကား ကာမာဝစရစိတ်ဖြင့်သာ ခွဲခြား၍ သိသကဲ့သို့ ပရစိတ္တဝိဇာနန အဘိညာဉ်ဖြင့်လည်း သူတစ်ပါး၏ စိတ်သာမည ကိုသာ သိသေး၏၊ ထိုနောက်မှ ကာမာဝစရစိတ်ဖြင့် သူတစ်ပါး၏ သရာဂစိတ်စသည်ကို ခွဲခြား၍သိသည်။

(ဟောတိ)ဝိယ၊ (တထာ) သရာဂဒိဝတ္တာနံ–သရာဂအစရှိသောစိတ်ကဲ့ ပိုင်းခြားခြင်းသည်၊ ဟောတိ၊ တတ္ထ–ထိုသို့ ပိုင်းခြားရာ၌၊ ဒိဗ္ဗစက္ခုနာ–ဖြင့်၊ ဒိဋ္ဌဟဒယဝတ္ထုရူပဿ–မြင်အပ်သောဟဒယဝတ္ထုရုပ်ရှိသော၊ အဘိမုခီဘူတ ဿ–သော၊ သတ္တ ဿ–၏၊ စိတ္တသာမညေန–အားဖြင့်၊ စိတ္တံ–ကို၊ အာဝဇ္ဇယ မာနံ–ဆင်ခြင်သော၊ အာဝဇ္ဇနံ–အာဝဇ္ဇန်းသည်၊ အဘိမုခီဘူတံ–သော၊ ဝိဇ္ဇမာနံ–သော၊ စိတ္တံ–ကို၊ အာရမဏံ ကတွာ, စိတ္တံ–ကို၊ အာဝဇ္ဇေတိ–ဆင်ခြင်၏၊ ပရိကမ္မာနိစ–ပရိ ကမ်ဇောတို့သည်လည်း၊ ဝိဇ္ဇမာနံ–သော၊ တံတံ စိတ္တံ–ကို၊ စိတ္တသာမညေနေဝ–အားဖြင့်သာလျှင်၊ အာရမဏံ ကတွာ, စိတ္တံဇာနနပရိ ကမ္မာနိ–စိတ်ကိုသိကြောင်း ပရိကမ်တို့သည်၊ ဟုတွာ, ပဝတ္တန္တိ။

စေတောပရိယညာဏံ ပန–စေတောပရိယဉာဏ်သည်ကား၊ ဝိဇ္ဇမာနံ–သော၊ စိတ္တံ–ကို၊ ပဋိဝိဇ္ဈန္တံ–ထိုးထွင်းကာ သိလျက်လည်းကောင်း၊ ဝိဘာဝေန္တံ–ထင်စွာ ဖြစ်လျက်လည်းကောင်း၊ တေန–ထိုအာရုံဖြစ်သော စိတ်နှင့်၊ သဟ၊ ဧကက္ခဏေဧဝ–၌သာ၊ ဥပ္ပဇ္ဇတိ၊ တတ္ထ–ထိုသို့ဖြစ်ရာ၌၊ ယသ္မာ, သန္တာနဿ– အာရမဏိကစိတ်အစဉ်၏၊ သန္တာနဂ္ဂဟဏတော–အာရုံဖြစ်သော စိတ်အစဉ်ကို ယူခြင်းခြင်းကြောင့်၊ ဧကတ္တဝသေန–တစ်ခုတည်းအဖြစ်၏ အစွမ်းဖြင့်၊ (ဧကတ္တနည်းအားဖြင့်၊) အာဝဇ္ဇနာဒိနိ–တို့သည်၊ စိတ္တနေဝ–စိတ်ဟူ၍သာ၊ ပဝတ္တာနိ–အာရုံပြု၍ ဖြစ်ကုန်ပြီ၊ ယံ–အကြင် အာရုံကို၊ စေတောပရိယညာ ဏေန–ဖြင့်၊ ဝိဘာဝိတံ–ထင်စွာ ဖြစ်စေအပ်ပြီ၊ (သိအပ်ပြီ၊) တဥ္စ–ထိုအာရုံ သည်လည်း၊ စိတ္တမေဝ–စိတ်ပင်တည်း၊ တသ္မာ သမာနာကာ႒ရပ္ပဝတ္တိတော– ထိုသို့တူသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့်၊ အနိဋ္ဌေ–အလိုမရှိအပ် သော၊ မဂ္ဂဖလဝီထိတော–မှ၊ အညသ္မိံ–သော၊ ဌာနေ–၌၊ အာဝဇ္ဇနဇဝနာနံ– အာဝဇ္ဇန်းဇောတို့၏၊ နာနာရမဏတာ–အမျိုးမျိုးသော အာရုံရှိကုန်သည်၏ အဖြစ်သည်၊ န ဟောတိ–မဖြစ်တော့၊ စ–သည်သာ မကသေး၊ ပစ္စုပ္ပန္နာရမဏံ– ပစ္စုပ္ပန်အာရုံရှိသော၊ ပရိကမ္မံ–ပရိကမ်ဇောသည်၊ ပစ္စုပ္ပန္နာရမဏဿ–သော၊

---

**တသ္မာ ။ပေ။ ဟောတိ။** ။[သမာနာကာရပ္ပဝတ္တိတောသည် တသ္မာ၏အနက် ဖွင့်တည်း။] တသ္မာမှစ၍ "အဘိန္နော ဟောတိ"တိုင်အောင် သုံးဝါကျသည် အာဝဇ္ဇန်း ပရိကမ်ဇော အဘိညာဉ်ဇောတို့က စိတ်သာမညကို အာရုံပြုခြင်းဟူသော သမာနာ ကာရပဝတ္တိ၏ အကျိုးရကိုပြသောဖလဝါကျတည်း၊ ထိုတွင်"န ။ပေ။ ဇဝနာနံ ဟောတိ– အာဝဇ္ဇန်းနှင့် ပရိကမ်ဇောတို့၏ တစ်ဝီထိအတွင်း၌ အာရုံမကွဲပြားခြင်းသည် အကျိုးရ တစ်မျိုးတည်း၊ [မဂ္ဂဝီထိ ဖလဝီထိမဟုတ်လျှင် အာရုံကွဲပြားခြင်းကို အလိုမရှိအပ်။]

**ပစ္စုပ္ပန္နာ ။ပေ။ သိဒ္ဓံ ဟောတိ။** ။ခဏပစ္စုပ္ပန္နာရမဏတ္တေပိ ပရိကမ္မေ စေ တောပရိယညာဏာနံ အယံပါဠိ သုဋ္ဌု နိတာ ဟောတိတိ အတ္ထော၊–အနု၊ ပရိကမ် ဇောနှင့် စေတောပရိယဉာဏ်တို့က စိတ်သာမညဖြစ်သော ပစ္စုပ္ပန်ကို အာရုံပြုလျှင်

စေတောပရိယညာဏဿ–အား၊ အာသေဝနပစ္စယော–အာသေဝနပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုသည်၊ (ဟောတိ၊) ဣတိ–ဤပါဠိတော်စကားသည်၊ သိဒ္ဓံ–ပြီးစီးသည်၊ ဟောတိ၊ စ–သည်သာမကသေး၊ ဧဝံ–ဤသို့ ခဏပစ္စုပ္ပန် တရားကိုသာ ပစ္စုပ္ပန်ဟု ယူအပ်သည်ရှိသော်၊ အတီတတ္တိကော–အတီတတိက် သည်၊ အဘိန္နော–မပျက်စီးသည်၊ (တစ်နည်း) အဘိန္နော–ပဋ္ဌာန်းပါဠိတော်နှင့် မကွဲပြားသည်၊ (ဟောတိ။)

အဒ္ဓါ–ခဏပစ္စုပ္ပန်ကို ပစ္စုပ္ပန်ဟု ယူခြင်းမှတစ်ပါးသော အခြင်းအရာ အားဖြင့်၊ သန္တတိပစ္စုပ္ပန္နေစ–သန္တတိပစ္စုပ္ပန်ကိုလည်းကောင်း၊ အဒ္ဓါပစ္စုန္နေစ–အဒ္ဓါပစ္စုပ္ပန်ကိုလည်းကောင်း၊ ပစ္စုပ္ပန္နန္တိ–ပစ္စုပ္ပန်ဟူ၍၊ ဣဓ–ဤစေတောပရိယ ဉာဏ်၏ အာရုံကိုပြရာ၌၊ ဝုစ္စမာနေ–ဆိုအပ်သော၊ အတီတာနာဂတဒ္ဓ–အတိတ်တရား, အနာဂတ်တရားတို့၏လည်း၊ ပစ္စုပ္ပန္နတာ–ပစ္စုပ္ပန်တရားတို့၏ အဖြစ်သည်၊ အာပဇ္ဇေယျ–ဖြစ်ရာ၏၊ စ–ဆက်၊ တထာ သတိ–ထိုသို့ ဖြစ်လသော်၊ ပစ္စုပ္ပန္နော ။ပေ၊ အာဒိ–အစရှိသော စကားသည်၊ ဝါ–ကို၊ ဝတ္တဗ္ဗံ–

“ပစ္စုပ္ပန္နဥ ။ပေ၊ ပစ္စယော”ဟူသော ပါဠိစကားကိုလည်း ကောင်းစွာ ဆောင်ပြအပ်ရာ (သာဓကအားဖြင့် ပြီးစီးစေရာ)ရောက်သည်–ဟု အကျိုးတစ်မျိုးကို ပြပြန်သည်။

**အတီတ ။ပေ၊ အဘိန္နော။** ။[ဧဝံကို “ဧဝံ ခဏပစ္စုပ္ပန္နေယေဝ ဓမ္မေ ဣဓ ပစ္စုပ္ပန္နောတိ ဂယှမာနေ”ဟု အနက်၌ ဖွင့်၏၊ ထိုအတိုင်းပေးသည်၊] ခဏ ပစ္စုပ္ပန်ကိုသာ ပစ္စုပ္ပန်ဟု ယူလိုက်လျှင် ပဋ္ဌာန်းပါဠိတော်၌ အတီတတိက်နှင့် မကွဲပြားသောကြောင့် အတီတတိက်၏လည်း မပျက်စီးခြင်းအကျိုးရသည်ဟု အကျိုးတစ်မျိုးကို ပြပြန်သည်၊ ဤအလို အဘိန္နောကို “အဝိနာသိတော”ဟု အနက်မှတ်ပါ၊ [တစ်နည်း–ဤအတီတ တိက်ပါဠိတော်နှင့် ပဋ္ဌာန်းပါဠိတော်တို့ မကွဲမပြားဟု အဓိပ္ပာယ်မှတ်ပါ၊ အဘိန္နောကို လည်း “အဝိသိဋ္ဌော–မထူးပြား၊ ဝါ–မကွဲပြား”ဟု အနက်မှတ်ပါ၊–အနု။]

**အညထာ ။ပေ၊ အာပဇ္ဇေယျ။** ။ဆိုအပ်ပြီးသော အကျိုး၏ ဗျတိရေကအပြစ်ပြ စကားတည်း၊ အညထာကို “သန္တတိ ။ပေ၊ ဝုစ္စမာနေ”ဟု ဖွင့်သည်၊ ခဏပစ္စုပ္ပန်ဟူသော အနက်မှတစ်ပါး သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်ကို ပစ္စုပ္ပန်ဟု ဤနေရာ၌ အနက်ဆိုလျှင် (ယူလိုက်လျှင်) သန္တတိတစ်ဝါရတွင်ပင် ခဏအားဖြင့် လွန်ပြီး အတိတ် တရား, မဖြစ်သေးသော အနာဂတ်တရားတို့လည်း ပစ္စုပ္ပန်တရားချည်း ဖြစ်စရာရှိသည်။

**တထာစ ။ပေ၊ နစ ဝတ္တဗ္ဗံ။** ။ထိုသို့ဖြစ်လျှင် ရသင့်သော အပြစ်တစ်မျိုးကို ဆက်၍ ပြန်ပြသော စကားတည်း၊ သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်တို့ကို ပစ္စုပ္ပန်ဟု ဆိုပြန်လျှင် ဇောဝီထိတစ်ခုသည် သန္တတိပစ္စုပ္ပန်တစ်ခုသာ ဖြစ်သောကြောင့် “ပစ္စုပ္ပန္နော ဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော”ဟု ဟောတော်မူစရာရှိ၏၊ ထိုသို့လည်း ဟောတော်မမူအပ်။

**အတီတော၊ပေ၊ ဝုတ္တာ။** ။ထိုသို့မဟောလျှင် အဘယ်သို့ ဟောတော်မူသောကြောင့် အဘယ်ကို သိအပ်ကုန်သနည်းဟု မေးဖွယ်ရှိရကား “အတီတော၊ပေ၊ ဝိညာယန္တိ”ဟု

ဟောတော်မူထိုက်သည်၊ သိယာ၊ စ–စင်စစ်ကား၊ တံ–ထိုစကားကို၊ န ဝုတ္တံ၊ ပန–အနွယကား၊ အတီတော၊ပေ၊ အာဒိဝစနတော–အစရှိသော ပါဠိကို ဟောတော်မူခြင်းကြောင့်၊ အဒ္ဓါ ၊ပေ၊ သေ္ဝဝ–အဒ္ဓါပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန် တို့တွင်ပင်၊ အနန္တရာတီတာ–အခြားမဲ့ဖြစ်၍ လွန်ကုန်ပြီးသော၊ စတ္တာရော–န်သော၊ ခန္ဓာ–တို့ကို၊ အတီတာတိ–အတိတ်ခန္ဓာတို့ဟူ၍၊ ဝိညာယန္တိ၊ စ–ဆက်၊ အဘိဓမ္မမာတိကာယ–အဘိဓမ္မာမာတိကာ၌၊ အာဂတဿ–သော၊ ပစ္စုပ္ပန္နပဒဿ–ပစ္စုပ္ပန်ဟူသောပုဒ်၏၊ (ပစ္စုပန္နာ ဓမ္မာ၌ ပစ္စုပ္ပန်ဟူသောပုဒ်၏၊) အဒ္ဓါ ၊ပေ၊ ပဒတ္ထတာ–အဒ္ဓါပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်ဟူသော ပုဒ်အနက် ရှိသည်၏အဖြစ်ကို၊ ကတ္တစိ–တစ်စုံတစ်ခုသော၊ ပါဠိယံ–၌၊ န ဝုတ္တာ။

တသ္မာ–ထို့ကြောင့်၊ တေဟိ–ထိုကေစိဆရာတို့သည်၊ ဣဒ္ဓိမဿစ–တန်ခိုး ရှိသူ၏လည်းကောင်း၊ ပရဿစ–သူတစ်ပါး၏လည်းကောင်း၊ ဧကက္ခဏေ–တစ်ပြိုင်နက်သော ခဏ၌၊ စိတ္တုပ္ပတ္တိယာ–စိတ်၏ဖြစ်ခြင်းကြောင့်၊ စေတော ပရိယညာဏဿ–စေတောပရိယညာဏ်၏၊ ပစ္စုပ္ပန္နရမဏတာ–ကို၊ ဝုတ္တာ။

ပန–ဆက်၊ ယဒါ–၌၊ ဣမဿ–ဤသူ၏၊ ယံ စိတ္တံ–သည်၊ ပဝတ္တံ–ဖြစ်ပြီ၊ တံ–ထိုဖြစ်ပြီး စိတ်ကို၊ ဇာနာမိ–သိအံ့၊ (ဣတိဝါ–ဤသို့သော် လည်းကောင်း၊) ယံ–အကြင်စိတ်သည်၊ ဘဝိဿတိ၊ တံ–ထိုဖြစ်လတ့ံစိတ်ကို၊ ဇာနိဿာမိ၊ ဣတိဝါ–ဤသို့သော်လည်းကောင်း၊ အာဘောဂံ–နှလုံးသွင်းမှုကို၊

---

မိန့်သည်၊ "အတီတော ဓမ္မော" စသည်ဖြင့် ဟောတော်မူသောကြောင့် အဒ္ဓါသန္တတိပစ္စုပ္ပန် ဖြစ်သော ခန္ဓာတို့တွင်ပင် ဒုတိယဇောထောက်လျှင် ပဌမဇောကဲ့သို့ လွန်ပြီးခန္ဓာတို့ကို အတိတ်ခန္ဓာဟု သိနိုင်ပါသည်၊...အဘိဓမ္မာမာတိကာဝယ် လာသော ပစ္စုပ္ပန္နာဓမ္မာပုဒ်၌ ပစ္စုပ္ပန္နာအရ အဒ္ဓါပစ္စုပ္ပန် သန္တတိပစ္စုပ္ပန်အနက်ကို ဘယ်ပါဠိ၌မှ ဟောတော်မမူအပ်ပါ။

**တသ္မာ ၊ပေ၊ ဝုတ္တာ။** ။အညထာမှစ၍ ပါဠိယံ ဝုတ္တာတိုင်အောင် ပြအပ်သော ဗျတိရေကအကြောင်းတို့၏ အကျိုးကို ပြသောဖလဝါကျတည်း၊ ["တေဟိ"ဖြင့် အဋ္ဌကထာ၌ ပြအပ်သော ကေစိတို့ကို ညွှန်းသည်၊ ဤပြခဲ့သော အဓိပ္ပာယ်အာလုံးသည် ထိုကေစိတို့၏အယူကို ဋီကာဆရာက ထောက်ခံသော စကားချည်းတည်း၊] "ဤ ပြအပ်ခဲ့သော အကြောင်းများကြောင့် ထိုကေစိထေရ်တို့သည် (တပြိုင်နက်သောခဏ၌ ဣဒ္ဓိမန္တပုဂ္ဂိုလ်၏စိတ်နှင့် အခြားသူ၏စိတ်တို့ ဖြစ်ခြင်းအားဖြင့်) စေတောပရိယညာဏ်မှာ ခဏပစ္စုပ္ပန်ဖြစ်သော ပစ္စုပ္ပန်အာရုံရှိသည်အဖြစ်ကို ဆိုအပ်၏၊ ထိုစကားအာလုံး ကောင်းပါသည်–ဟူလို။

**ယဒါ ပန ၊ပေ၊ ကတတ္တာ။** ။စေတောပရိယညာဏ်သည် အတိတ်ခုနစ်ရက်, အနာဂတ်ခုနစ်ရက်အတွင်း၌ သူတစ်ပါးစိတ်ကို သိနိုင်ရကား အတိတ် အနာဂတ် ဖြစ်သော ထိုရက်အတွင်း စိတ်များကို အဘယ်သို့သိသနည်းဟု မေးဖွယ်ရှိ၍ "ယဒါ

ကတွာ–၍၊ (အာဝဇ္ဇန်းဖြင့် ဆင်ခြင်၍၊) ပါဒကဇ္ဈာန သမာပဇ္ဇနာဒီနိ–ပါဒ ကဈာန်ကိုဝင်စားခြင်း အစရှိသည်တို့ကို၊ ကရောတိ၊ တဒါ–၌၊ အာဝဇ္ဇန ပရိကမ္မာနိ–အာဝဇ္ဇန်းစိတ် ပရိကမ်စိတ်တို့သည်လည်းကောင်း၊ စေတောပရိယ ညာဏဉ္စ–သည်လည်းကောင်း၊ အတီတာနာဂတာရမဏာနေဝ–အတိတ်အာရုံ အနာဂတ်အာရုံ ရှိကုန်သည်သာလျှင်၊ ဟောန္တိ၊ (ကသ္မာ၊) အာဝဇ္ဇနေနေဝ– အာဝဇ္ဇန်းသည်ပင်၊ ဝိဘာဂဿ–အတိတ်အနဂတ်ဟု ဝေဖန်အပ်သော အထူး၏၊ ဝါ–ဝေဖန်အပ်သော အထူးကို၊ ကတတ္တာ–ပြုအပ်ပြီး၏ အဖြစ်ကြောင့်တည်း၊ (ဣတိ–ဤဆိုအပ်ပြီးကား၊ အဓိပ္ပါယော–ကေစိထေရ်တို့၏ အလိုတည်း။)

ပန–ဝါဒန္တရကား၊ ယေ–အကြင် ဆရာတို့သည်၊ ဣဒ္ဓိမာ ၊ပေ၊ ပစ္စုပ္ပန္နာ ရမဏတ္တတိ–ဟူသော၊ ဣဒံဝစနံ–ဤစကားကို၊ နိဿာယ–မှီ၍၊ အာဝဇ္ဇန ဇဝနာနံ–အာဝဇ္ဇန်းဇောတို့၏၊ ပစ္စုပ္ပန္နာတီတာရမဏဘာဝေန–ပစ္စုပ္ပန်အာရုံ, အတိတ်အာရုံ ရှိကုန်သည်၏အဖြစ်သည်၊ (သတိ)ပိ–သော်လည်း၊ နာနာ ရမဏတ္တာဘာဝေါ–ကွဲပြားသော အာရုံရှိကုန်သည်၏ အဖြစ်၏မရှိခြင်းသည်၊ (ဟောတိ)ဝိယ–ကဲ့သို့၊ (တထာ) ဧကာ၊ပေ၊အနာဂတေသု–တစ်ချက်, နှစ်ချက်, သုံးချက်, လေးချက်, ငါးချက်သော စိတ္တက္ခဏအားဖြင့် မရောက်ကုန်သေးသော၊

ပန"စသည် မိန့်၊ အာဝဇ္ဇန်းက ဖြစ်ပြီးစိတ်ကို သိအံ့ဟု အာဘောဂပြုလျှင် ဖြစ်ပြီး စိတ်ကို သိ၏၊ ဖြစ်လတ့ံစိတ်ကို သိအံ့ဟု အာဘောဂပြုလျှင် ဖြစ်လတ့ံစိတ်ကို သိ၏၊ ထိုအခါ၌ အတိတ် အနာဂတ်ဟု မခွဲခြားဘဲ စိတ်သာမညကို သိသည်မဟုတ်, အာဝဇ္ဇန်းကိုယ်တိုင်က ခွဲခြားအပ်ပြီးသောကြောင့် အတိတ်ဟု ဖြစ်စေ, အနာဂတ်ဟု ဖြစ်စေ ခွဲခြားအပ်ပြီးသော စိတ်ကို သိသည်၊ [ဤတွင် ကေစိထေရ်တို့၏ အဓိပ္ပာယ် ကို ပြပြီးဖြစ်သောကြောင့် "တတ္ထာယံ အဓိပ္ပာယော"ကို ပြန်လှည့်ဖို့ရာ ဣတိသဒ္ဒါ ရှိသင့်၏၊ မရှိလျှင် ထည့်၍ပေးမှ ထုံးစံကျပါသည်။]

**ယေ ပန ၊ပေ၊ ဝဒန္တိ**။ ။"အတိတ် အနာဂတ်စိတ်ကို သိရာ၌ အာဝဇ္ဇန်းက ခွဲခြား၍ သိအပ်ပြီးသည့်အတိုင်း သိ၏"ဟု ဆိုလျှင် ရှိပါစေတော့၊ အခြားဆရာတို့က အဘယ်သို့ ဆိုကြပါသနည်းဟု မေးဖွယ်ရှိ၍ "ယေ ပန ၊ပေ၊ ဝဒန္တိ"ဟု မိန့်သည်၊ ["ဣဒ္ဓိမာမှစ၍ ပစ္စုပ္ပန္နာရမဏတ္တာ"တိုင်အောင် အဋ္ဌကထာ၌လာသော စကားတည်း၊] ထိုစကား၏ အဓိပ္ပာယ်ကို ဥပမာ အဖြစ်ဖြင့်ထား၍ အလားတူ ဥပမေယျစကားတစ်မျိုး ကို ဆိုကြသည်–ဟူလို။

**အာဝဇ္ဇန ၊ပေ၊ န သိယာ**။ ။(အာဝဇ္ဇနဇဝနာနံ ဝိယ)–အာဝဇ္ဇန်းနှင့် ပရိကမ် အဘိညာဉ်ဇောတို့တွင် အာဝဇ္ဇန်းက ပစ္စုပ္ပန်အာရုံ, ဇောတို့က အတိတ်အာရုံအားဖြင့် ကွဲပြားသော်လည်း အဒ္ဓါပစ္စုပ္ပန်ဖြစ်သောကြောင့် နာနာရမဏမဖြစ်ခြင်းကို အဋ္ဌကထာ၌ ပြသသကဲ့သို့၊ (ဧကဒိ ၊ပေ၊ န သိယာ)–အာဝဇ္ဇန်းက စိတ္တက္ခဏတစ်ချက်မှ စ၍ ငါးချက်တိုင်အောင် မရောက်လာသေးသောစိတ်တို့ကို ဆင်ခြင်အပ်ကုန်သော်လည်း အာဝဇ္ဇန်းနှင့် ပရိကမ်စသော ဇောတို့မှာ အနာဂတ် ပစ္စုပ္ပန် အတိတ်အာရုံအားဖြင့် ကွဲပြားသော အာရုံရှိသော်လည်း နာနာရမဏအဖြစ် မရှိတော့ရာ။

စိတ္တေသုံ–စိတ်ဟူသော အာရုံတို့ကို၊ အာဝဇ္ဇိတေသုပိ–ဆင်ခြင်အပ်ပါကုန်သော်လည်း၊ အာဝဇ္ဇနဇဝနာနံ–တို့၏၊ ယထာသမ္ဘဝံ–ဖြစ်သင့်သည်အားလျော်စွာ၊ အနာဂတေ၊ပေ၊ ဘာဝေ–အနာဂတ်အာရုံ, ပစ္စုပ္ပန်အာရုံ, အတိတ်အာရုံ ရှိကုန်သည်၏အဖြစ်သည်၊ (သတိ)ပိ–သော်လည်း၊ နာနာရမဏတာ– ကွဲပြားသော အာရုံရှိသည်၏အဖြစ်သည်၊ န သိယာ–မဖြစ်ရာ၊ [“အဒ္ဓါပစ္စုပ္ပန်၏အစွမ်းဖြင့် ပစ္စုပ္ပန်ချည်းဖြစ်သောကြောင့် နာနာရမဏတာဖြစ်စရာ မရှိ–ဟူလို၊] တေန–ထို့ကြောင့်၊ စတု ၊ပေ၊ နာဂတေ–လေးချက်, ငါးချက်သော စိတ္တက္ခဏအားဖြင့် မရောက်လာသေးသော စိတ်ကို၊ အာဝဇ္ဇိတေ–ဆင်ခြင်အပ်သော်၊ အနာဂတာ ၊ပေ၊ နန္တ ရံ–အနာဂတ်အာရုံရှိသော ပရိကမ်ဇောတို့၏ အခြားမဲ့၌၊ ခဏပစ္စုပ္ပန္နာရမဏံ–ခဏပစ္စုပ္ပန်လျှင် အာရုံရှိသော၊ စေတောပရိယညာဏံ–သည်၊ သိဒ္ဓံ–ပြီးစီး၏၊ ဣတိ ဝဒန္တိ။

တေသံ–ထိုဆရာတို့၏၊ ဝါဒေါ–ဝါဒသည်၊ (န သိဇ္ဈတိဣ စပ်၊) အနာဂတာရမဏော–သော ၊ပေ၊ ပစ္စယော (ဟောတိ၊) ဣတိ–သို့၊ ဣမေသံ ပဌာနံ–

---

**ယထာသမ္ဘဝံ**။ ။အာဝဇ္ဇန်းသည် အနာဂတ်စိတ်ကို အာရုံပြု၏၊ ထိုသို့ ပြုရာ၌ (ဆင်ခြင်ရာ၌) ဧကစိတ္တက္ခဏအားဖြင့် မရောက်လာသေးသော(ပရိကမ်နှင့် တစ်ပြိုင်နက်ဖြစ်မည်ဖြစ်သော)အာရုံကို ဆင်ခြင်လျှင် ပရိကမ်ဇောသည် ပစ္စုပ္ပန်စိတ်ကို အာရုံပြု၍ နောက်ဇောတို့သည် အတိတ်စိတ်ကို အာရုံပြုကြရ၏၊ ဤနည်းအားဖြင့် အာဝဇ္ဇန်းက စိတ္တက္ခဏနှစ်ချက်အားဖြင့် မရောက်လာသေးသော (ဒုတိယ ဥပစာရဇောနှင့် တိုက်ဆိုင်မည့်)စိတ်ကို လှမ်း၍ဆင်ခြင်လျှင် ဒုတိယဥပစာရဇောက ပစ္စုပ္ပန် စိတ်ကို အာရုံပြု၍ ပဌမပရိကမ်ဇောက အနာဂတ်စိတ်ကို အာရုံပြုပုံ, တတိယ စတုတ္ထ ပဥ္စမဇောတို့က အတိတ်စိတ်ကို အာရုံပြုပုံအားဖြင့် ကွဲပြားသောကြောင့် “ယထာသမ္ဘဝံ”ဟု ဆိုသည်။

**တေန ၊ပေ၊ သိဒ္ဓံ**။ ။ဤနည်းအားဖြင့် အာဝဇ္ဇန်းက တိက္ခပုဂ္ဂိုလ်အတွက် လေးချက်, မန္ဒပုဂ္ဂိုလ်အတွက် ငါးချက်သော စိတ္တက္ခဏအားဖြင့် မရောက်လာသေးသော စေတောပရိယ အဘိညာဉ်နှင့် သိမည့်စိတ်ကို လှမ်း၍ ဆင်ခြင်လျှင် ပရိကမ်စသော ဇောတို့က အနာဂတ်စိတ်ကို အာရုံပြု၍ အဘိညာဉ်က ခဏပစ္စုပ္ပန်စိတ်ကို အာရုံပြုခြင်း ဟူသော အနက်သည် ပြီးစီးတော့၏၊ ဣတိ ဝဒန္တိ။

· **တေသံ ဝါဒေါ၊ပေ၊ န သိဇ္ဈတိ**။ ။သိဒ္ဓံဟု ဆိုအပ်သောစကားကို “န သိဇ္ဈတိ” ဟု ပယ်သည်၊ “အနာဂတော ဓမ္မော”အရ အာဝဇ္ဇန်းစသော ရှေးရှေးဇောများကို လည်းကောင်း “ပစ္စုပ္ပန္နဿ ဓမ္မဿ”အရ ပရိကမ်ဇောစသည်တို့တွင် တစ်ပါးပါးကို လည်းကောင်း ယူပြီးလျှင် “အတီတာရမဏဿ”အရ ဒုတိယ ဥပစာရဇောစသည်ကို ယူပါ၊ ဤသို့ယူဖို့ရန် ဟောတော်မူအပ်သော ပဋ္ဌာန်းပါဠိတော် မရှိသည့်အပြင် သချိုဝါရ၌လည်း “အာသေဝနေတီဏိ”ဟုသာ ဟောတော်မူသောကြောင့် ထိုဆရာတို့၏ စကားသည် မပြီးစီးနိုင်–ဟူလို။

ဤပြသနာတို့၏၊ (သိခြင်း၌ အလိုရှိသောအနက်တို့၏၊) ဝါ–တို့ကို၊ အနုဒ္ဒ ဋ္ဌတ္တာ–မထုတ်ဆောင်အပ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဂဏ နာယ–ဂဏန်းသင်္ချာဝါရ၌၊ အာသေဝနေတိဏီတိ–ဟူ၍၊ ဝုတ္တတ္တာစ–ကြောင့် လည်းကောင်း၊ န သိဇ္ဈတိ–မပြီးစီး၊ (ကသ္မာ န သိဇ္ဈတိ၊) ဟိ(ယသ္မာ၊) အနာ သေဝနံ–အာသေဝနပစ္စည်း မဖြစ်သော၊ ကုသလကြိယမဟဂ္ဂတံ–ကုသိုလ် မဟဂ္ဂုတ်, ကြိယာမဟဂ္ဂုတ်သည်၊ န အတ္ထိ၊ ဣတိ–ကြောင့်၊ (န သိဇ္ဈတိ။)

စ–ဆက်၊ တေသံဝါဒဿ–ဤဝါဒ၏၊ အာဝဇ္ဇနဇဝနာနံ–အာဝဇ္ဇန်းဇော တို့၏၊ ခဏ ၊ပေ၊ ဝစနဿ–ခဏပစ္စုပ္ပန်အာရုံ, ချုပ်ပြီးသော အတိတ်အာရုံ ရှိသည်၏အဖြစ်ကို ဆိုကြောင်းစကား၏၊ နိဿယဘာဝေါ–မှီရာ၏အဖြစ်သည်၊ န သိဇ္ဈတိ၊ (ကသ္မာ န သိဇ္ဈတိ၊) ယံ–အကြင်စိတ်သည်၊ ပဝတ္တံ–ဖြစ်ပြီ၊ (တံ–ထိုဖြစ်ပြီးစိတ်ကို၊ ဓာနိသ္သာမိ–သိအံ့၊ ဣတိဝါ–ဤသို့သော်လည်းကောင်း၊) ယံ–အကြင်စိတ်သည်၊ ပဝတ္တိဿတိ၊ (တံ–ထိုဖြစ်လတ့်စိတ်ကို၊ ဓာနိဿာမိ၊) ဣတိဝါ–ဤသို့သော်လည်းကောင်း၊ ဝိသေသံ–အထူးကို၊ အကတွာ–မပြုမူ၍၊ ဂဟဏေ–စိတ်သာမညကို ယူခြင်းသည်၊ (သတိ၊) အာဝဇ္ဇနဿ–၏၊ အနာ ဂတဂ္ဂဟဏဘာဝံ–အနာဂတ်အာရုံကို ယူခြင်းမရှိသည်ကိုလည်းကောင်း၊ တဒ ဘာဝေါ–ထိုအနာဂတ်အာရုံကို ယူခြင်း၏မရှိခြင်းကြောင့်၊ ဇဝနာနံပိ–ပရိကမ် စသောဇောတို့၏လည်း၊ ပဝတ္တမာနဂ္ဂဟဏဘာဝဥ္စ–ပစ္စုပ္ပန်အာရုံကို ယူခြင်း

**န ဟိ ၊ပေ၊ အတ္ထိတိ။** ။"ရသင့်လျက် ဟောတော်မမူခြင်းဖြစ်သည် မဟုတ် ပါလော"ဟု စောဒနာဖွယ်ရှိသောကြောင့် "န ဟိ"စသည်ကို မိန့်သည်၊ အာသေဝန လာဘေ သတိ (အာသေဝနပစ္စည်း ရပါလျက်) ယထာဓမ္မသာသနေ (အဘိဓမ္မာ သာသနာ၌) အဝစနဿ ကာရဏံ နတ္ထိတိ (ထို့ကြောင့်) အဝစနေန (ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မမူခြင်းအားဖြင့်) တတ္ထ (ထိုအာသေဝနပစ္စည်း၌) ဣတရေသံ ပဥ္စန်း ပဋ္ဌ သေဓော ဝိညာယတိတိ အဓိပ္ပာယော၊–အနု၊ ဆိုလိုရင်းကား–အာသေဝနပစ္စည်း မတပ်သော မဟဂ္ဂုတ် ကုသိုလ်ကြိယာရှိသေးလျှင် ဟောတော်မူမည်မှာ အမှန်ပင်တည်း၊ မရှိသောကြောင့်သာ ဟောတော်မမူ ခြင်းဖြစ်၏၊ ထိုသို့ ဟောတော်မမူသောကြောင့် အခြားပြသနာများ မရထိုက်တော့–ဟူလို။

**တေသ ဝါဒဿ၊ပေ၊ န သိဇ္ဈတိ။** ။"တေသံ ဝါဒေါ"ဟု ပယ်အပ်ခဲ့သော ဝါဒကိုပင် "တေသ ဝါဒဿ"ဟု ပြန်ညွှန်းသည်၊ တေသ ဝါဒဿကို "နိဿယ ဘာဝေါ"ဝယ် နိဿယ၌ စပ်၊ "ဤဝါဒ၏မှီရာ"ဟူလို၊ အာဝဇ္ဇနဝစနာနံ ၊ပေ၊ ဝစန ဿ"ကား ဘာဝသမ္ဗန်တည်း၊ အာဝဇ္ဇန်းဇောတို့တွင် အာဝဇ္ဇန်းက ခဏပစ္စုပ္ပန်စိတ်ကို အာရုံပြုပုံ, ပရိကမ်စသော ဇောတို့က နိရုဒ္ဓဖြစ်သော အတိတ်စိတ်ကို ပြသောစကား ဟူသည် ဤဝါဒ၏မှီရာ "ဣဒ္ဓိမာ ပရဿ စိတ္တံ ၊ပေ၊ တဒေဝနိရုဒ္ဓံ စိတ္တမာရမဏံ ဟောတိ"ဟူသော အဋ္ဌကထာစကားတည်း၊ ထိုစကားသည် ဤဝါဒ၏မှီရာအဖြစ်ဖြင့် မပြီးစီးပါ–ဟူလို။

မရှိသည်ကိုလည်းကောင်း၊ သန္တာယေဝ–၍သာ၊ တဿ–ထိုစကား၏၊ ဝါ–ကို၊ ဝုတ္တတ္တာ–ကြောင့်၊ (န သိဇ္ဈတိ။)

ဟိ–ချဲ့၊ တဒါ–ဝိသေသကို မပြုမူ၍, စိတ်သာမညကိုယူရာ ထိုအခါ၌၊ ဘဝင်္ဂစလနာနန္တ ရံ–ဘဝင်္ဂစလန၏အခြားမဲ့၌၊ အဘိမုခီဘူတမေဝ–ရှေးရှုဖြစ်၍ ဖြစ်သည်သာလျှင်ဖြစ်သော၊ စိတ္တံ–ပစ္စုပ္ပန်စိတ်ကို၊ အာရဗ္ဘ–၍၊ အာဝဇ္ဇနာ–အာဝဇ္ဇန်းသည်၊ ပဝတ္တတိ–၏၊ ဣတိ–ကြောင့်၊ ဇာနနစိတ္တသပိ–သိတတ်သော အဘိညာဉ်စိတ်၏လည်း၊ ဝတ္တမာနာရမဏဘာဝေ–ပစ္စုပ္ပန်အာရုံရှိသည်၏အဖြစ်သည်၊ (သတိ၊) အာဝဇ္ဇနဇာနနစိတ္တာနံ–အာဝဇ္ဇန်းစိတ်, သိတတ်သော အဘိညာဉ်စိတ်တို့၏၊ သဟဋ္ဌာန ဒေါသာပတ္တိယာ–အတူတကွ တည်ခြင်း ဟူသောအပြစ်သို့ ရောက်ခြင်းအားဖြင့်လည်းကောင်း၊ ဝါ–ကြောင့်လည်းကောင်း၊ [ဒေါသာပဇ္ဇနေန, ဒေါသာပတ္တိတောဝါ၊–အနု၊] ရာသိ၊ပေ၊ပဋိဝေဓေ–စိတ်အစုကို ဆင်ခြင်ခြင်း, ထိုအစုတွင် တစ်စိတ်တစ်ဒေသဖြစ်သော စိတ်တစ်ခုကို ထိုးထွင်း၍သိခြင်းသည်၊ (သတိစ–ရှိသော်လည်းကောင်း၊) သမ္ဗတ္တ သမ္ဗတ္တာဝဇ္ဇနဇာနနေ–ရောက်လာ ရောက်လာသော အာရုံကို ဆင်ခြင်ခြင်း,

---

**တဿ ဝုတ္တတ္တာ။** ။[တဿဖြင့် "အာဝဇ္ဇနဝစနာနံ ခဏပစ္စုပ္ပန္န နိရုဒ္ဓရမဏ တာ ဝစနဿ"ကို ပြန်၍ညွှန်းသည်၊] ထိုစကား၏ ဆိုလိုရင်းကား–အာဝဇ္ဇန်းသည် အတိတ် အနာဂတ်အာရုံဟု ကွဲခြား၍မယူလျှင် အနာဂတ်စိတ်ကို အာရုံမပြုနိုင်၊ ထိုသို့ မပြုနိုင်လျှင် ဇောတို့ကလည်း ပစ္စုပ္ပန်စိတ်ကို အာရုံမပြုနိုင်ပုံကို ရည်ရွယ်၍ ဆိုအပ်သော စကားဖြစ်သောကြောင့် ဤဝါဒ၏မှီရာအဖြစ် မပြီးစီးနိုင်–ဟူလို၊ ["တဒါပိဟိမှ ဝုတ္တောတိ"တိုင်အောင် ဝိတ္ထာရဝါကျတည်း၊ တဒါဖြင့် "ယံ ပဝတ္တံ ၊ပေ၊ ဂဟဏော" ကို ညွှန်းသည်။]

**ရာသိ ၊ပေ၊ ပဋိဝေဓ။** ။အဋ္ဌကထာ၌ ပြအပ်သော ကေစိဆရာတို့၏ ဝါဒ အရ ဆိုအပ်သော စကားတည်း၊ ထို၌ "ရာသိဝသေန မဟာဇနဿ စိတ္တေ အာဝဇ္ဇိ တေ"ကို ကြည့်၍ "ရာသိအာဝဇ္ဇန"ဟုလည်းကောင်း, "ဧကဿ စိတ္တံ ဧကေန ပဋိ ဝိဇ္ဈတိ"ကို ကြည့်၍ "ဧကဒေသ ပဋိဝေဓ"ဟုလည်းကောင်း ဆိုသည်၊ [ရာသိဧက ဒေသာဝဇ္ဇန ပဋိဝေဓေတိ ယထာရုတဝသေန (အဋ္ဌကထာ၌ တိုက်ရိုက်ဆိုအပ်သော စကား၏အစွမ်းဖြင့်) ပုရိမဝါဒိပက္ခမာဟ (ပုရိမဝါဒီပုဂ္ဂိုလ်တို့၏ အဖို့ဖြစ်သောစကားကို ဆို၏၊) အနု၊–ဤအဖွင့်ကို ထောက်၍ ပုရိမဝါဒီသည် "ကေစိဝါဒ္ဓိ"ဟု လာသော ကေစိဝါဒီတို့ပင်တည်းဟု သိပါ။]

**သမ္ပတ္တ ၊ပေ၊ ဇာနနေ။** ။["တတ္ထာယံ အဒိပ္ပာယော"စသည်ဖြင့် မိမိ၏ အဓိပ္ပာယ်အရ ဆိုအပ်သောစကားတည်း၊ အာဝဇ္ဇန်းက မိမိဖြစ်ခိုက်၌ ကြုံကြိုက် ရောက်လာသောစိတ်ကို ဆင်ခြင်၍ အဘိညာဉ်ကလည်း မိမိဖြစ်ခိုက်၌ ကြုံကြိုက် ရောက်လာသောစိတ်ကို သိခြင်းဖြစ်လသော်...[သမ္ပတ္တ ၊ပေ၊ ဇာနနေတိ အတ္တနာ နိဒ္ဓါရိတပက္ခံ (အာဟ၊)–အနု။]

သိခြင်းသည်၊ (သတိ)စ–သော်လည်းကောင်း၊ အနိဋ္ဌေ–သော၊ န ဥ္ဇာနေ–၌၊ (မဂ္ဂဝီထိ, ဖလဝီထိမှ တစ်ပါးသောအရာ၌၊) အာဝဇ္ဇနဇဝနာနံ–တို့၏၊ နာနာ ရမဏဘာဝဒေါသာပဝတ္တိယာစ–ကွဲပြားသောအာရုံရှိသည်၏ အဖြစ်ဟူသော အပြစ်သို့ ရောက်ခြင်းအားဖြင့်လည်းကောင်း၊ ဝါ–ကြောင့်လည်းကောင်း၊ ခဏပစ္စုပ္ပန္နံ ၊ပေ၊ ဟောတီတိ–ဟူသော၊ ယံ–အကြင် စကားကို၊ ဝုတ္တံ၊ တံ– ထိုစကားသည်၊ အယုတ္တံ–မသင့်၊ ဣတိ–သို့၊ ပဋိက္ခိပိတွာ–ပယ်ပြီး၍၊ ယထာ ၊ပေ၊ဝသေနေဝ–အကြင်အကြင် ဆိုအပ်ပြီးသောအပြစ်သို့ မရောက်ရာကာလ၏ အစွမ်းဖြင့်သာလျှင်၊ အဒ္ဓါ ၊ပေ၊ ရဏတ္တာ–အဒ္ဓါပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်လျှင် အာရုံရှိသည်၏အဖြစ်ကြောင့်၊ နာနာရမဏတ္တာဘာဝံ–ကွဲပြားသော အာရုံ ရှိသည်အဖြစ် မရှိခြင်းကို၊ ဒိသွာ–မြင်၍၊ အာဝဇ္ဇနဇဝနာနံ–တို့၏၊ ဝတ္တမာန တံနိရုဒ္ဓါ ရဏဘာဝေါ–ပစ္စုပ္ပန်အာရုံ, ထိုချုပ်ပြီးသော အတိတ်အာရုံရှိသည်၏ အဖြစ်ကို၊ ဝုတ္တော–အဋ္ဌကထာဆရာ ဆိုအပ်ပြီ၊ ဣတိ–ဤကား အကျယ်တည်း။

---

**နာနာရမဏ ၊ပေ၊ ပတ္တိယာ**။ ။ဤ ဆိုအပ်ပြီးသည်အတိုင်း ဖြစ်လသော်၊ "ရာသိကေဒေသာဝဇ္ဇန ပဋိဝေဓ"အရ အာဝဇ္ဇန်းက စိတ်တစ်ခုကို ဆင်ခြင်၍ အဘိ ညာဉ်က စိတ်တစ်ခုကို ထိုးထွင်း၍သိခြင်းကြောင့် အာဝဇ္ဇန်းနှင့်ဇောတို့၏ အာရုံကွဲပြား ခြင်းဟူသော အပြစ်ဖြစ်စရာရှိ၏၊ "သမ္ပတ္တ ၊ပေ၊ ဇာနနေ"အရ ရောက်လာရောက်လာ သော ပစ္စုပ္ပန်စိတ်ကို ဆင်ခြင်ခြင်း, သိခြင်းဖြစ်လသော် အာဝဇ္ဇန်း ဆင်ခြင်အပ်သော စိတ်က တစ်မျိုး, အဘိညာဉ် သိအပ်သောစိတ်က တစ်မျိုးဖြစ်လသော် အာဝဇ္ဇန်းနှင့် ဇောတို့၏ အာရုံကွဲပြားခြင်းဟူသော အပြစ်ဖြစ်စရာ ရှိ၏၊ ထိုသို့ ရှိသောကြောင့် ...

**ယံ ဝုတ္တံ ၊ပေ၊ ပဋိက္ခိပိတွာ**။ ။အဋ္ဌကထာ၌ "ကေစိ ခဏပစ္စုပ္ပန္နံ ၊ပေ၊ ဝဒန္တိ"ဟူသော စကား၌ပါသော "ခဏပစ္စုပ္ပန္နံ ၊ပေ၊ အာရမဏံ ဟောတိ"ကို "ယံ ဝုတ္တံ, တံ"ဟု ဆိုသည်၊ ထိုစကားကို နောက်၌ "အဋ္ဌကထာသု ပဋိက္ခိတ္တံ"ကို ကြည့်၍ ပဋိက္ခိပိတွာဟု ဆိုသည်၊ အဋ္ဌကထာ၌ ကေစိတို့ဆိုအပ်သော စကားကို "အာဝဇ္ဇန်းက ပစ္စုပ္ပန်စိတ်ကို ဆင်ခြင်၍ ဇာနနဟု ခေါ်ရသော အဘိညာဉ်စိတ်တို့ ကလည်း ပစ္စုပ္ပန်စိတ်ကို အာရုံပြုလျှင် အာဝဇ္ဇန်နှင့် ဇောတို့၏ အတူတကွတည်ခြင်း, (တပြိုင်နက်ဖြစ်ခြင်း)ဟူသော အပြစ်ရောက်စရာ ရှိခြင်ကြောင့်လည်းကောင်း, အာဝဇ္ဇန်း က အပေါင်းကိုဆင်ခြင်၍ အဘိညာဉ်က တစ်စိတ်ကို (စိတ်တစ်ခုကို) သိလျှင်ဖြစ်စေ ရောက်လာ ရောက်လာသော ရှေးရှုစိတ်ကို ဆင်ခြင်ကြ, သိကြသည်ဖြစ်စေ နာနာ ရမဏဘာဝ အပြစ်ရောက်စရာ ရှိသောကြောင့်လည်းကောင်း ကေစိတို့၏စကားကို ပယ်ရှားသည်–ဟူလို၊ [ပဋိက္ခိပိတွာကို ဝုတ္တော၌ စပ်။]

**ယထာဝုတ္တ ၊ပေ၊ ဝုတ္တောတိ**။ ။ကာလဝသေနကို ဝတ္တမာန တံနိရုဒ္ဓါရမဏ ဘာဝေါ၌ စပ်၊ အဒ္ဓါပစ္စုပ္ပန် သန္တတိပစ္စုပ္ပန်ကို အာရုံပြုသည်ဟု ယူလျှင် နာနာရမဏ အပြစ်မရှိခြင်းကို မြင်၍ အာဝဇ္ဇန်းက ဝတ္တမာန်အာရုံရှိ၍ ဇောတို့က တံနိရုဒ္ဓါအာရုံ ရှိသည်၏အဖြစ်ကို အဋ္ဌကထာဆရာတို့ ဆိုအပ်ပြီ၊ [အဋ္ဌကထာဝယ် "ဣဒ္ဓိမာ ပရဿ

တံပိ ဝစန်-ကိုလည်း၊ ပုရိမဝါဒိနော-ရှေ့ကေစိဝါဒီ ပုဂ္ဂိုလ်တို့သည်၊ နာနုဇာနေယျုံ-ခွင့်မပြုကုန်ရာ၊ (ကသ္မာ နာနုဇာနေယျုံ၊) ဟိ (ယသ္မာ) တသ္မိံ-ထို အဒ္ဓါပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်အာရုံရှိသည်၏အဖြစ်သည်၊ သတိ-သော၊ အာဝဇ္ဇနာ၊ပေ၊ အာဒိသုဝိယ-ပါဠိရပ်တို့၌ကဲ့သို့၊ (အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယောအစရှိသော ပါဠိရပ်တို့၌ကဲ့သို့၊) အညပဒသင်္ဂဟိတဿ-အခြားပုဒ်ဖြင့် သိမ်းယူအပ်သောပစ္စုပ္ပန်တရား၏၊ အနန္တရပစ္စယဝိဓာနတော-အနန္တရပစ္စည်းကို စီရင်ခြင်းကြောင့်၊ ပစ္စုပ္ပန္နာ၊ပေ၊ ပစ္စယောတိ-ဟူ၍၊ ဝတ္တဗ္ဗံ သိယာ၊ စ-စင်စစ်ကား၊ န ဝုတ္တံ-ဟောတော်မမူအပ်၊ ဣတိ-ကြောင့်၊ (နာနုဇာနေယျုံ၊) [အချုပ်မှာ-ကေစိဆရာဝါဒကို အဋ္ဌကထာဆရာက ပယ်၍, အဋ္ဌကထာဆရာဝါဒကို ဋီကာဆရာက ပယ်သည်။]

ပန-ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ ကသ္မာ-ကြောင့်၊ ဧဝံ-သို့၊ (ဤမျှလောက် ကျယ်ဝန်းအောင်၊) စေတောပရိယညာဏဿ-၏၊ ပစ္စုပ္ပန္နာရမဏတာ-ပစ္စုပ္ပန်အာရုံရှိသည်၏အဖြစ်ကို၊ ဝိစာရိတာ-စိစစ်အပ်သနည်း၊ အတီတာ ၊ပေ၊ ပစ္စယောတိ-ဟူသော၊ ဧတေသံ-ဤ ပါဠိရပ်တို့၏၊ ဝိဘင်္ဂေသု-ဝိဘင်းတို့၌၊ အတီတာ၊ပေ၊ ပစ္စယောတိ-ဟူ၍လည်းကောင်း၊ အနာဂတာ၊ပေ၊ပစ္စယောတိ-ဟူ၍လည်းကောင်း၊[ဤပါဠိတော်နှစ်ရပ်၌ စေတောပရိယဉာဏ်အား အတိတ် အနာဂတ်အာရုံတို့က ကျေးဇူးပြုပုံကိုသာ ပြ၏၊ ပစ္စုပ္ပန်အာရုံက ကျေးဇူးပြုပုံ မပြ၊] ဥပ္ပန္နတ္တိကေစ-ဥပ္ပန္နတိက်၌လည်း၊ အနုပ္ပန္နာ၊ပေ၊ ပစ္စယောတိ-ဟူ၍၊ စေတောပရိယညာဏဂ္ဂဟဏံ-စေတောပရိယဉာဏ်ကို ယူခြင်းကို၊ ကတွာ-ပြီး၍၊ [အတိတ် အနဂတ်အာရုံအတွက် စေတောပရိယဉာဏ်ကိုယူပြီး၍၊] ပစ္စုပ္ပန္နော ဓမ္မော ပစ္စုပ္ပန္နဿာတိ-ဟူသော၊ ဧတဿ-ဤစကားရပ်၏၊ ဝိဘင်္ဂေ-ဝိဘင်း၌၊ ပစ္စုပ္ပန္နာ၊ပေ၊ပစ္စယောတိ-ဟူ၍လည်းကောင်း၊ ဥပ္ပန္နတ္တိကေစ-၌လည်း၊ ဥပ္ပန္နာ၊ပေ၊ ပစ္စယောတိ-ဟူ၍လည်းကောင်း၊ [ဤသို့ ပစ္စုပ္ပန်ခန္ဓာက ကျေးဇူးပြုရာ၌ စေတောပရိယဉာဏ် မပါတော့၊] ဧတ္တကဿေဝ-ဤမျှလောက်ကိုသာ၊ ဝုတ္တတ္တာ-ကြောင့်၊ ပစ္စုပ္ပန္နစိတ္တေ-ပစ္စုပ္ပန်စိတ်တည်းဟူသော အာရုံ၌၊ စေတောပရိယညာဏံ-သည်၊ န ပဝတ္တတိ-မဖြစ်၊ ဣတိ-သို့၊ ဝိညာယတိနနု-သိအပ်သည် မဟုတ်လော၊ ဟိ-မှန်၊ (တစ်နည်း၊) ကသ္မာ ဝိညာယတိ၊ ဟိ (ယသ္မာ၊) (ပစ္စုပ္ပန္နစိတ္တေ-၌၊ စေတောပရိညာဏံ-သည်၊) ယဒိ ပဝတ္တေယျ၊ (ဧဝံ သတိ၊) ပုရိမေသုဝိယ-ရှေ့တိက်ပုဒ်တို့၌ကဲ့သို့၊ [အတီတာဓမ္မာပုဒ်, အနာဂတာ ဓမ္မာပုဒ်, အနုပစ္စုပ္ပန္နာ

စိတ္တံ ဇာနိတုကာမော”စသော စကား၌ “အာဝဇ္ဇနံ ခဏပစ္စုပ္ပန္နံ အာရမဏံ ကတွာ” နှင့် “တေသံ သဗ္ဗေသံပိ တဒေဝနိရုဒ္ဓံ စိတ္တံ အာရမဏံ ဟောတိ”ကို ယူ၍ “အာဝဇ္ဇန ဇဝနနံ ၊ပေ၊ ဘာဝေါ ဝုတ္တော”ဟု ဆိုသည်။

ဓမ္မာပုဒ်, ဥပ္ပာဒိနောဓမ္မာပုဒ်ဟူသော ရှေ့တိက်ပုဒ်တို့၌ ကဲ့သို့၊] ဣတရေသုစ– အခြားသော နောက်တိက်တို့၌လည်း၊ [ပစ္စုပ္ပန္နာ ဓမ္မာ, ဥပ္ပန္နာ ဓမ္မာဟူသော နောက်ပုဒ်တို့၌လည်း၊] စေတော ပရိယညာဏဂ္ဂဟ ဏံ–သည်၊ ဝါ–ကို၊ ကတ္တဗ္ဗံ–သည်၊ သိယာ၊ ဣတိ–ကြောင့်၊ (ပစ္စုပ္ပန္နစိတ္တေ စေတောပရိယညာဏံ န ပဝတ္တတီတိ ဝိညာယတိနနု) ဣတိ–ဤကား စောဒနာတည်း။

(ပုရိမေသု ဝိယ ဣတရေသုစ စေတောပရိယညာဏဂ္ဂဟဏံ–ကို၊) ကတ္တဗ္ဗံ– ပြုထိုက်သည်ကား၊ သစ္စံ–မှန်ပါပေ၏၊ ပန–ထိုသို့ပင် မှန်ပါသော်လည်း၊ နယဒဿန ဝသေန–နည်းကိုပြခြင်း၏ အစွမ်းဖြင့်၊ (နောက်ကို ထောက်၍ ရှေ့ကိုသိရသော ဧကပက္ခဒဿနနည်း၏ အစွမ်းဖြင့်၊) တေံ–ဤစေတော ပရိယဉာဏ်ကို၊ သင်္ခိတ္တံ–ချုံးတော်မူအပ်ပြီ၊ ဣတိ–ဤအနက် အဓိပ္ပာယ်ကို၊ အညာယ–အခြားသော၊ ပါဠိယာ–(အတီတာရမဏော ဓမ္မောစသော) ပါဠိ တော်ဖြင့်၊ ဝိညာယတိ၊ ဟိ–ချဲ့၊ အတီတာ ၊ပေ၊ ပစ္စုပ္ပန္နာရမဏာသာတိ– ဟူသော၊ ဧတေသံ–ဤစကားတို့၏၊ ဝိဘင်္ဂေသု–တို့၌၊ စေတောပရိယညာ ဏေန–ဖြင့်၊ အတီတာ ၊ပေ၊ သမင်္ဂီသ–အတိတ်အာရုံရှိသော ပစ္စုပ္ပန်စိတ်နှင့် ပြည့်စုံသူ၏၊ စိတ္တံ–ပစ္စုပ္ပန်စိတ်ကို၊ ဇာနာတိ၊ အတီတာရမဏာ–အတိတ် အာရုံရှိကုန်သော၊ ပစ္စုပ္ပန္နာ–ပစ္စုပ္ပန်ဖြစ်ကုန်သော၊ ခန္ဓာ–တို့သည်၊ စေတောပရိယ ညာဏဿ–အားလည်းကောင်း၊ အာဝဇ္ဇနာယ–အားလည်းကောင်း၊ အာရမဏ ပစ္စယေန ပစ္စယော (ဟောတိ၊) ဣတိ–ဤသို့လည်းကောင်း၊ စေတောပရိယညာ ဏေန–ဖြင့်၊ ပစ္စယော (ဟောတိ၊) ဣတိ–ဤသို့လည်းကောင်း၊ စေတောပရိယ ညာဏဿ–၏၊ ပစ္စုပ္ပန္နာရမဏေ–ပစ္စုပ္ပန်စိတ်ဟူသော အာရုံ၌၊ ပဝတ္တိ– ဖြစ်ခြင်းကို၊ ဝုတ္တာ၊ ဣတိ–ဤသို့မှတ်အပ်၏၊ [ဣတရေသုစအရ "ပစ္စုပ္ပန္နာ ဓမ္မာ, ဥပ္ပန္နာ ဓမ္မာပုဒ်တို့၌ မပါသော်လည်း အတီတာရမဏတိက်ပုဒ်စသည် တို့၏ ဝိဘင်းတို့၌ စေတောပရိယဉာဏ်က ပစ္စုပ္ပန်စိတ်, ပစ္စုပ္ပန်ခန္ဓာကို အာရုံပြုပုံကို ဟောတော်မူသောပါဠိဖြင့် စေတောပရိယဉာဏ်၏ ပစ္စုပ္ပန်အာရုံ ပြုကြောင်းကို သိနိုင်ပါသည်–ဟူလို၊] တေနေဝ–ကြောင့်ပင်၊ ထိုသို့ အတီတ တိက်, ဥပ္ပန္နတိက်တို့၌ စေတောပရိယဉာဏ်က ပစ္စုပ္ပန်အာရုံရှိသည်၏အဖြစ်ကို ထွန်းပြတတ်သော ပါဠိကို မတွေ့မြင်အပ်သည်၏အဖြစ်ကြောင့်ပင်၊) အယံ ဝိစာရဏာ–ဤအကျယ် စိစစ်ခြင်းကို၊ ကတာ၊ ဣတိ–သို့၊ ဝေဒိတဗ္ဗာ၊ [ယသ္မာ အတီတတ္တိကေ ဥပ္ပန္နတ္တိကေစ စေတောပရိယညာဏဿ ဝတ္တမာနဓမ္မာရမဏ ဘာဝဇောတနော ပါဠော န ဒိဿတိ၊ တေနေဝ ကာရဏေန၊–အနေ။]

တေသန္တိ–ကား၊ ဒွိသု–န်သော၊ တေသု ဉာဏေသု–ထို (ပုဗ္ဗေနိဝါသဉာဏ်, စေတောပရိယ)ဉာဏ်တို့တွင်၊ ဣတိ–ဤသို့၊ နိဒ္ဒါရဏေ–နိဒ္ဒါရဏအနက်၌၊ သာမိဝစနံ–သာမိဝိဘတ်သည်၊ (ဟောတိ၊) ကုသလာခန္ဓာတိ–ဟူ၍၊ ဣဒ္ဓိ

၊ပေ၊ ပေက္ခော–ဣဋ္ဌဝိပါကဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, အနာဂတံသဉာဏ်ကို ငဲ့ခြင်းရှိသော၊ ဗဟုဝစနနိဒ္ဒေသော–ဗဟုဝုစ်ကို ညွှန်ပြခြင်းသည်၊ (ဟောတိ၊) စေတော ၊ပေ၊ ပေက္ခော–ငဲ့ခြင်းရှိသော၊ (ဗဟုဝစနနိဒ္ဒေသော) န (ဟောတိ၊) [ထိုဉာဏ်နှစ်ပါးက စိတ်ဟူသောအာရုံတစ်ပါး, ကံဟူသောအာရုံတစ်ပါးကိုသာ အာရုံပြုသောကြောင့် "ကုသလာခန္ဓာ"ဟု ဗဟုဝုစ်ဖြင့် ဆိုစရာမရှိ–ဟူလို၊] ဣတိ–ကြောင့်၊ တေသံ–ထိုဉာဏ်တို့၏၊ စတု ၊ပေ၊ ဘာဝဿ–လေးပါးသော ခန္ဓာဟူသော အာရုံရှိသည်၏အဖြစ်ကို၊ အသာဓကော–မပြီးစေတတ်သည် မဟုတ်လော၊ ဣတိစေ–ဤသို့ စောဒနာအံ့၊ (အသာဓကော–သည်၊) န–မဟုတ်၊ (ကသ္မာ), အညတ္ထ–အခြားသော ပါဠိရပ်၌၊ အဝိတက္က ၊ပေ၊ ပစ္စယော တိ–ဟူ၍လည်းကောင်း၊ သဝိတက္က ၊ပေ၊ ပစ္စယောတိစ–ဟူ၍လည်းကောင်း၊ ဝုတ္တတ္တာ–ကြောင့်၊ ("ခန္ဓာ"ဟု ဗဟုဝုစ်ကိုပင် ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်၊) စေတော ၊ပေ၊ ပေက္ခာပိ–ငဲ့ခြင်း ရှိသည်လည်းဖြစ်သော၊ ဗဟုဝစနနိဒ္ဒေသော (ဟောတိ၊) ဣတိ ဣမဿ အတ္ထဿ–၏၊ သိဒ္ဓိတော– ထင်ရှားရှိခြင်းကြောင့်တည်း။

ဝေမပိ–ဤသို့ ဖြစ်ပြန်သော်လည်း၊ (စေတောပရိယဉာဏ်ကို ငဲ့ခြင်း ရှိပြန်သော်လည်း၊) ယထာကမ္မူပဂဉာဏဿ–၏၊ ဝါ–ကို၊ အဝိတက္က ၊ပေ၊ အာဒိသု–အစရှိသော ပါဠိရပ်တို့၌၊ အဝုတ္တတ္တာ–ကြောင့်၊ စတုက္ခန္ဓာရမဏ တာ–လေးပါးသော ခန္ဓာဟူ သော အာရုံရှိသည်၏အဖြစ်သည်၊ န သိဇ္ဈတိ– မပြီးစီး၊ ဣတိ–ဤသို့ ဆိုအံ့၊ (န သိဇ္ဈတိ–မပြီးသည်ကား၊) န–မဟုတ်၊ (ကသ္မာ), တတ္ထ–ထိုပါဠိရပ်၌၊ အဝစနဿ–(ယထာကမ္မူပကဉာဏ်ကို) ဟောတော်မူခြင်း၏၊ အညကာရဏတ္တာ–အခြားသော အကြောင်းရှိသည်၏ အဖြစ်ကြောင့် တည်း၊ ဟိ–ချဲ့၊ ယထာကမ္မူပဂဉာဏေန–ဖြင့်၊ ကမ္မသံသဋ္ဌာ– ကံနှင့်ရောကုန်သော၊ စတ္တာရော–န်သော၊ ခန္ဓာ–နာမ်ခန္ဓာတို့ကို၊ ကမ္မပမုခေန– ကံကို အဦးပဓာနပြုသဖြင့်၊ (ပဓာနနည်းအားဖြင့်၊) ဂယှန္တိ၊ ဟိ–မှန်၊ တံ–

---

**တံဟိ ၊ပေ၊ ဝိဘာဝေတီတိ**။ ။"ယထာကမ္မူ ၊ပေ၊ ဂယှန္တိ"ဟူသော ရှေ့စကား၏ ဒဠ္ဍီ, တပ္ပကာဋီကရဏတည်း၊ "ယထာ ၊ပေ၊ ဝိဘာဝေတိ"သည် ဥပမာန, တံ န ဇဝံ ၊ပေ၊ သမုဒါယံ ဝိဘာဝေတိ"ကား ဥပမေယျဝါကျတည်း၊ စေတော ပရိယဉာဏ်သည် ပရိကမ်ပြုစဉ်က "သဝိတက္ကအစရှိသော အထူးရှိသောစိတ်ကို သိလို၏"ဟု ပရိကမ်ပြုလျှင်လည်းကောင်း, "သရာဂစသော အထူးရှိသောစိတ်ကို သိလို၏"ဟု ပရိကမ်ပြုလျှင်လည်းကောင်း ထိုပရိကမ် ပြုသည့်အတိုင်းပင် စိတ်အထူးကို သိနိုင်သကဲ့သို့, ယထာကမ္မူပဂဉာဏ်ကား အထူးရှိသောကံကို မသိနိုင်၊ ကုသိုလ် အကုသိုလ်စေတနာဟူသော ကံနှင့်စပ်၍ အပေါင်းဖြစ်သော ကုသိုလ် အကုသိုလ်ခန္ဓာ ကိုသာ ထင်ရှားစေနိုင် (သိနိုင်)သည်။

ထိုယထာကမ္မူပဂဉာဏ်သည်၊ စေတောပရိယဉာဏ်–သည်၊ ပုရိမပရိကမ္မ ဝသေန–ရှေ့အဖို့၌ ဖြစ်သော ပရိကမ်၏အစွမ်းဖြင့်၊ ("ယံ သဝိတက္ကံ သဝိ စာရံ၊ တံ ဇာနာမိ"စသော ပရိကမ်၏အစွမ်းဖြင့်၊) သဝိတက္ကာဒိဝိဘာဂံ– သဝိတက္ကအစရှိသော ဝေဖန်အပ်သော အထူးရှိသည်လည်းဖြစ်သော၊ သရာဂါဒိ ဝိဘာဂဉ္စ–သရာဂအစရှိသော ဝေဖန်အပ်သော အထူးရှိသည်လည်းဖြစ်သော၊ စိတ္တံ–ကို၊ ဝိဘာဝေတိ ယထာ၊ ဧဝံ–တူ၊ သဝိဘာဂံ–ဝေဖန်အပ်သော အထူးနှင့် တကွဖြစ်သော၊) (ကမ္မံ–ကံကို၊) န ဝိဘာဝေတိ၊ ပန–အန္ဓယကား၊ ကမ္မဝသေနေ ဝ–ဖြင့်သာလျှင်၊ သမုဒါယံ–ခန္ဓာအပေါင်းကို၊ ဝိဘာဝေတိ၊ ဣတိ–ကြောင့်၊ အဝိတက္က ၊ပေ၊ အာဒိကေ–အစရှိသော၊ ဝိဘာဂကရဏေ–ဝေဖန်မှုကို ပြုကြောင်း စကား၌၊ တံ–ထိုယထာကမ္မူပဂဉာဏ်ကို၊ န ဝုတ္တံ၊ စတုက္ခန္ဓာနာရမဏတော– လေးပါးသောခန္ဓာလျှင် အာရုံမရှိသည်၏အဖြစ်ကြောင့်၊ (န ဝုတ္တံ–ကား၊) န– မဟုတ်၊ ဣတိ ဣဒံ–ဤဆိုအပ်ပြီးကား၊ (အဝစနဿ–ယထာကမ္မူပဂဉာဏ်ကို မဟောခြင်း၏၊) ကာရဏံ–အကြောင်းတည်း၊ ဣတိ–ဤသို့ မှတ်အပ်၏။

ကေစိ–အချို့ဆရာတို့သည်၊ တတ္ထာပိ–ထို အဝိတက္ကဝိစာရမတ္တာ ခန္ဓာ စသော ပါဠိ၌လည်း၊ ပုဗ္ဗေနိဝါသာ ၊ပေ၊ အနာဂတံသဉာဏာသာတိ– ဟူ၍၊ ပဋ္ဌန္တိ ဧဝ–ရွတ်ဆိုကြသည်သာ၊ ဟိ–ရွတ်ဆိုသင့်၏၊ တံ–ထို ယထာ ကမ္မူပဂဉာဏ်သည်၊ ကုသလာ ၊ပေ၊ ဝိဘာဂံ–ကုသိုလ် အကုသိုလ်ဟူသော ဝေဖန်အပ်သော အထူးရှိသော၊ (ကမ္မံ–ကံကို၊ ဝိဘာဝေတုံ–ငှာ၊ သမတ္ထံ) ဝိယ–

---

**ဣတိ ၊ပေ၊ န ဝုတ္တံ**။ ။ဤသို့ ယထာကမ္မူပဂဉာဏ်က သဝိတက္ကစသော အထူးရှိသော ကံကို မသိနိုင်၊ (ကံကို ပဓာနပြု၍ ယှဉ်ဘက်ခန္ဓာတို့ကို အာရုံပြုရ) သောကြောင့် "အဝိတက္ကဝိစာရမတ္တာ ခန္ဓာစ"စသော ဝိဘာဂပြုသော ပါဠိတော်ဝယ် ထိုယထာကမ္မူပဂဉာဏ်ကို ဟောတော်မမူ၊ ကံနှင့်အတူဖြစ်သော နာမ်ခန္ဓာလေးပါးကို အာရုံမပြုနိုင်သောကြောင့် ဟောတော်မမူဘဲ ချန်ထားခြင်း မဟုတ်ပါ–ဟူလို။

**ဣဒံ ပန ၊ပေ၊ ကာရဏံတိ**။ ။"ပန"ပါလျှင် ဣဒမသည် လာမည့်စကား ကို ညွှန်ပြသောပုဒ်ဟု မှတ်ရိုးတည်း၊ ဤ၌ကား ပုဗ္ဗေနိဝါသဉာဏ် ထည့်၍ မဟောရ ခြင်း၏အကြောင်းကို ပြပြီးဖြစ်သောကြောင့်လည်းကောင်း, "ကာရဏန္တိ"ဟု ဣတိသဒ္ဒါ (နိဂုံး)ပါနေသောကြောင့်လည်းကောင်း "ပန"မပါလျှင် ကောင်း၏၊ ပါလျှင် အနက် မရှိ ကြံရုံသာ။

**ကေစိ ၊ပေ၊ ပဋ္ဌန္တိ ဧဝ**။ ။"အဝိတက္ကဝိစာရမတ္တာ ခန္ဓာ ဝိစာရောစ"၏ နောက်၌ အများရွတ်ဆိုရိုးမှာ "စေတောပရိယဉာဏသ"ကို ထည့်၍ ရွတ်ဆိုရိုးတည်း၊ သို့သော် ကေစိတို့ကမူ"စေတောပရိယဉာဏသ"ဟု မထည့်ဘဲ"ယထာကမ္မူပဂ ဉာဏသ"ကို ထည့်၍ ရွတ်ဆိုကြ၏၊ ထိုသို့ ရွတ်ဆိုကြခြင်းဖြင့် ကေစိတို့ ပါဠိ အလိုလည်း ယထာကမ္မူပဂဉာဏ်က စတုက္ခန္ဓကို အာရုံပြုနိုင်သည်ဟု မှတ်ပါ။

စွမ်းနိုင်သကဲ့သို့၊ (တထာ-တူ၊) သဝိတက္ကာဒိဝိဘာဂံ-သဝိတက္ကအစရှိသော ဝေဖန်အပ်သောအထူးရှိသော၊ ကမ္မံ-ကို၊ ဝိဘာဝေတုံ-ငှာ၊ အသမတ္ထံ-မစွမ်းနိုင်သည်၊ န-မဟုတ်၊ ဟိ-မှန်၊ (တစ်နည်း) ဟိ-ချီးမွမ်းဖွယ်ရာ သမ္ဘာဝနာကား၊ ဒုစ္စရိ၊ပေ၊ ဝိဘာဝံ-ဒုစရိုက်အဖြစ်, သုစရိုက်အဖြစ်ကို ထင်ရှားဖြစ်စေတတ်သော၊ လောဘာဒိ ၊ပေ၊ ဝိဘာဝနံပိ-လောဘ အစရှိသည်နှင့် သမ္ပယုတ်ဖြစ်သောအထူး, အလောဘအစရှိသည်နှင့် သမ္ပယုတ်ဖြစ်သော အထူးကို ထင်ရှားဖြစ်စေနိုင်သည် သော်မှုလည်း၊ ဟောတိ-ဖြစ်တုံသေး၏၊ ဣတိ-ဤသို့ မှတ်အပ်၏။

**၁၄၃၅**။ နိယကဇ္ဈတ္တ၊ပေ၊အဘာဝေနာတိ-ကား၊ သဘာဝဓမ္မတ္တာ-သဘာဝဓမ္မ၏အဖြစ်ကြောင့်၊ [အနိန္ဒြိယဗဒ္ဓရုပ်နှင့် နိဗ္ဗာန်က သဘာဝဓမ္မဖြစ်သောကြောင့်၊] ကေနစိ ပရိယာယေန-တစ်စုံတစ်ခုသော ပရိယာယ်အားဖြင့်၊ နိယကဇ္ဈတ္တံ-နိယကဇ္ဈတ္တသည်၊ အဟောန္တံ-မဖြစ်နိုင်သည်၊(ဟုတ္វာ၊) သဗ္ဗထာ-အလုံးစုံသော အခြင်းအရာအားဖြင့်၊ ဗဟိဒ္ဓါဘာဝေနေဝ-ဗဟိဒ္ဓ၏အဖြစ်ကြောင့်ပင်၊ ကေဝလံဗဟိဒ္ဓါတိ-ကေန်ဗဟိဒ္ဓတို့ဟူ၍၊ ဝုတ္တံ၊ (အနိန္ဒြိယဗဒ္ဓရုပ်နှင့်နိဗ္ဗာန်ကို ကေန်ဗဟိဒ္ဓဟုဟောတော်မူအပ်ပြီ၊) အသဘာဝဓမ္မတ္တာ-သဘာဝဓမ္မ မဟုတ်သည်၏

---

**န ဟိ ၊ပေ၊ ဟောတီတိ**။　　။ဤစကားသည် ကေစိဝါဒကို ထောက်ခံသော စကားတည်း၊ ထိုယထာကမ္မူပဂဉာဏ်သည် ကုသိုလ် အကုသိုလ်ကံကို ခွဲခြားဝေဖန်ခြင်းငှာ စွမ်းနိုင်သကဲ့သို့ သဝိတက္ကစသော အထူးအပြားရှိသော ကံကိုလည်း ထင်ရှားဖြစ်စေခြင်းငှာ (သိခြင်းငှာ) မစွမ်းနိုင်မဟုတ်, စွမ်းနိုင်သည်သာ။

**ဒုစ္စရိတ ၊ပေ၊ ဝိဘာဝနံ ဟောတိ**။　　။ရှေ့စကားကို ခိုင်မြဲစေသော ဒဠှီဝါကျတည်း၊ အလောဘစသည်နှင့် ယှဉ်သောကြောင့် သုစရိုက်ကံဖြစ်၍, လောဘစသင်နှင့် ယှဉ်သောကြောင့် ဒုစရိုက်ကံဖြစ်ရကား ထိုဒုစရိုက် သုစရိုက်အထူးကို ဝေဖန်နိုင်လျှင် လောဘစသည်နှင် ယှဉ်ခြင်း မယှဉ်ခြင်း အထူးကိုသော်မှုလည်း ဝေဖန်နိုင်သော ကံဖြစ်သည်၊ [သဝိတက္ကစသော ကံအထူးကို ဝေဖန်နိုင်ပုံမှာ အထူးပြောဖွယ်မလိုဟု ပိကာဂရုဟာပြုသည်၊] ထို့ကြောင့် ကေစိတို့ပါဠိသည် မှန်စရာရှိသည်-ဟူလို။

**သဘာဝဓမ္မတ္တာ၊ပေ၊ ဝုတ္တံ**။　　။ပါဠိတော်၌ အနိန္ဒြိယဗဒ္ဓရုပ်နှင့် နိဗ္ဗာန်ကို ဗဟိဒ္ဓဟု ဟောတော်မူ၏၊ ထိုသို့ ဟောတော်မူရာ၌ သဘာဝဓမ္မမဟုတ်သော ကသိုဏ်းပညတ်စသည်ကို ဗဟိဒ္ဓဟု အထူးဟောတော်မမူဘဲ ဤအနိန္ဒြိယဗဒ္ဓရုပ်နှင့် နိဗ္ဗာန်ကိုသာ အဘယ့်ကြောင့် ဗဟိဒ္ဓဟု ဟောတော်မူရပါသနည်းဟု မေးဖွယ်ရှိသောရကြောင့် "သဘာဝ ၊ပေ၊ ဟောန္တံ"ဟု မိန့်သည်၊ သဘာဝဓမ္မဖြစ်သောကြောင့်လည်းကောင်း, မည်သည့်နည်းပရိယာယ်ဖြင့် မဆို အဇ္ဈတ္တမဖြစ်နိုင်ရကား အခါခပ်သိမ်း ဗဟိဒ္ဓဖြစ်သောကြောင့်လည်းကောင်း, ကေဝလ ဗဟိဒ္ဓဟု ဟောတော်မူရပါသည်-ဟူလို။

**အသဘာဝဓမ္မတ္တာ**။　　။ကသိုဏ်းပညတ်စသော ပညတ်သည် သဘာဝဓမ္မ မဟုတ်သော်လည်း ဈာန်၏အာရုံဖြစ်သော ကသိုဏ်းကို အဟံ (ငါ)ဟု စွဲလမ်းသော ဒိဋ္ဌိဖြစ်နိုင်ရကား (ငါဟု စွဲလမ်းလျှင် အဇ္ဈတ္တဟု စွဲလမ်းနိုင်ရကား) ကသိုဏ်းစသော

အဖြစ်ကြောင့်၊ [ကသိုဏ်းပညတ်စသည်တို့က သဘာဝဓမ္မ မဟုတ်သော ကြောင့်၊] ဗဟိဒ္ဓါပိ–ဗဟိဒ္ဓတရားသည်လည်း၊ [ပိဖြင့် အဇ္ဈတ္တကိုပေါင်း၊] အဟောန္တံ–မဟုတ် သော၊ ကသိဏာဒိဝိယ–ကသိုဏ်းပညတ် အစရှိသည်ကဲ့သို့၊ နိယကဇ္ဈတ္တမတ္တသ–နိယကဇ္ဈတ္တမျှ၏၊ အသမ္ဘဝတော–မဖြစ်သင့်ခြင်းကြောင့်၊ (ကေန္တ ဗဟိဒ္ဓါဒိ–ဟူ၍၊) န(ဝုတ္တံ)–ဟောတော်မူအပ်သည် မဟုတ်၊ ဟိ–မှန်၊ အသဘာဝဓမ္မတ္တာဝေ–ကြောင့်ပင်၊ ကသိဏာဒိ–ကသိုဏ်းပညတ်အစရှိသော တရားသည်၊ အဇ္ဈတ္တဓမ္မာဘူတော–အဇ္ဈတ္တဖြစ်၍ဖြစ်သည်၊ (သမာနော)စ–ဖြစ်ပါသော်လည်း၊ ကောစိ–သော၊ ဘာဝေါ–ပရမတ္ထသဘောသည်၊ န ဟောတိ–မဟုတ်၊ ဣတိ–ကြောင့်၊ အဇ္ဈတ္တတိကေ–၌၊ န ဝုတ္တံ–ဟောတော်မမူအပ်၊ ဣတိ–ကား၊ အဓိပ္ပာယော–အဋ္ဌကထာဆရာ၏ အလိုတည်း။

အာကိဉ္စညာယတနာဒိ–အာကိဉ္စညာယတန အစရှိသော၊ တံ သဗ္ဗံ–ထို အလုံးစုံသော၊ အတီတာရမဏတ္တိကေ–၌၊ န ဝတ္တဗ္ဗာရမဏန္တိ–ဟူ၍၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ ဣတိ–သို့၊ သမ္ဗန္ဓော–ပုဒ်တို့၏စပ်ခြင်းသည်၊ (ဟောတိ၊) စ–ဆက်၊ ဧတ္ထ–ဤ န ဝတ္တဗ္ဗာရမဏန္တိ ဝုတ္တံဟူသောစကားရပ်၌၊ ဝုတ္တန္တိ (ပဒသ)–၏၊ အနုညာတတ္တာဝစနတောတိ–အနုညာတတ္တာဝစနတောဟူကုန်သော၊ ဧတေဟိ ကာရဏေဟိ–ဤအကြောင်းတို့ဖြင့်၊ ပကာသိတံ–ထင်ရှားပြ အပ်ပြီ၊ ဣတိ အတ္ထော၊ (ဟောတိ၊) ဣဒါနိတံတိ–ပါဌ်ဖြင့်၊ တေဥ္စ အာကိဉ္စညာ ယတနန္တိ–ဟူ၍၊ ဝုတ္တံ–သော၊ အာကိဉ္စညာယတနံ–အာကိဉ္စညာယတနစျာန်ကို၊ တံသဒ္ဒေန–တံသဒ္ဒါဖြင့်၊ အာကမိုတွာ–ငင်၍၊ ဝဒတိ–ဆို၏၊ ပန–ဆက်၊ ဧတ္ထ–ဤတေဥ္စ အာကိဉ္စညာယတနံဟူ သော ပါဌ်၌၊ ယော အယံ အတ္ထော–အကြင်အနက်ကို၊ (သင်္ဂဟကာရေန) ဝုတ္တော၊ (ကိံ ဝုတ္တော၊) အာကိဉ္စညာ ယတနံ–သည်၊ (ဒီပေတိဥ္စ စပ်၊) ဝါ–ကို၊ ဇေ–တစ်ပါးတည်းသာ၊ ဣမေ–

ပညတ်ကို ပရိယာယ်အားဖြင့် အဇ္ဈတ္တဟု ဆိုနိုင်သေး၏၊ ထို့ကြောင့် “ကေန္တ ဗဟိဒ္ဓ”ဟု ဟောတော်မမူအပ်၊ အနိန္ဒြိယဗဒ္ဓရုပ်နှင့် နိဗ္ဗာန်ကား သတ္တဝါသန္တာန်မဖြစ်သောကြောင့် ထိုကဲ့သို့ ပရိယာယ်အဇ္ဈတ္တမျှ မဖြစ်နိုင်၊ ထို့ကြောင့် ကေန္တ ဗဟိဒ္ဓဟု ဟောတော်မူအပ် သည်၊ [အသဘာဝဓမ္မသ အပံတိအာဒိပညတ္တိယာ အဇ္ဈတ္တဓမ္မပြဒါနတာယ (အဇ္ဈတ္တ တရားကို ဖွဲ့လမ်းအပ်သည်၏အဖြစ်ကြောင့်၊) သိယာ ကောစိ အဇ္ဈတ္တပရိယာယော၊ န ပန သဘာဝဓမ္မသ အသတ္တသန္တာနေဂတသ (သတ္တဝါသန္တာန်၌မဖြစ်သော အနိန္ဒြိယ ဗဒ္ဓရုပ် နိဗ္ဗာန်၏၊) ဣတိ ဝုတ္တံ သဘာဝ ၊ပေ၊ အဟောန္တံတိ၊–အနု။]

**ယော ပနာယ ၊ပေ၊ နာနုဇာနန္တိ**။ ။“တံ ၊ပေ၊ ကေမ္ပိ ဝုစ္စမာနံ”ဟူသော အဋ္ဌ ကထာပါဌ်ကို “အာကိဉ္စညာယတနံ ကေမ္ပိ ဝုစ္စမာနံ”ဟု ထင်ရှားအောင် ဆိုသည်၊ “ဟေဋ္ဌာ တေန”ဟူ သော အဋ္ဌကထာပါဌ်ပါကို “အတီတာရမဏတ္တိကေ တေန”ဟု ဆိုသည်၊ “သဟ ကောရမဏာဘာဝမ္ပိ”ကို“သဟေကာရမဏတမ္ပိ”ဟု ဆိုသည်၊ ဤသို့

ဤအဇ္ဈတ္တာရမဏတိက်၌၊ ဝုစ္စမာနမ္ပိ–ဟောတော်မူအပ်ပါသော်လည်း၊ အတီတာရမဏတ္တိကေ–၌၊ တေန–ထိုအာကိဉ္စညာယတနဈာန်နှင့်၊ သဟ၊ ကောရမဏ တမ္ပိ–တူသော အာရုံရှိသည်၏အဖြစ်ကိုလည်း၊ သန္ဓာယ၊ ကာမာဝစရကုသလာဒီနံ–တို့၏၊ န ဝတ္တဗ္ဗာရမဏတာယ–န ဝတ္တဗ္ဗအာရုံ ရှိကုန်သည်၏ အဖြစ်ဖြင့်၊ ဝုတ္တတ္တာ–ဟောတော်မူအပ်ပြီးအဖြစ်ကြောင့်၊ ဣဓာပိ–ဤအဇ္ဈတ္တာရမဏတိက်၌ လည်း၊ တေသံ–ထိုကာမာဝစရကုသိုလ် အစရှိသည်တို့၏၊ န ဝတ္တဗ္ဗာရမဏ ဘာဝံ–န ဝတ္တဗ္ဗအာရုံရှိကုန်သည်၏အဖြစ်ကို၊ ဒီပေတိ၊ ဣတိကတ္ဝာ–ဤသို့ နှလုံးသွင်း၍၊ တသ္မိံ–ထိုအာကိဉ္စညာယတနဈာန်ကို၊ ဝုတ္တေ–တိုက်ရိုက်ဟောတော်မူအပ်သော၊ တာနိပိ–ထိုအာဝဇ္ဇန်း အစရှိသည်တို့သည်လည်း၊ ဝါ–တို့ကိုလည်း၊ ဝုတ္တာနေဝ–ဟောတော်မူအပ်ပြီးကုန်သည်သာလျှင်၊ ဟောန္တိ၊ တသ္မာ ဝိသုံ န ဝုတ္တာနိ၊ ဣတိ–ဤသို့၊ (ဝုတ္တော၊) တံ–စကားကို၊ အညေ–အဋ္ဌကထာဆရာမှ တစ်ပါးသော ဆရာတို့သည်၊ နာနုဇာနန္တိ–ခွင့်မပြုကုန်၊ (ကသ္မာ နာနုဇာနန္တိ၊) ဟိ(ယသ္မာ၊) ဤဒိသံ–ဤကဲ့သို့ရှုအပ်သော၊ လေသဝစနံ–အမြွက်စကားသည်၊　ဝါ–တစ်စိတ်တစ်ဒေသစကားသည်၊ အဋ္ဌကထာကဏ္ဍေ–၌၊ န အတ္ထိ။

ယဒိ သိယာ၊ (ဧဝံသတိ၊) ပရိတ္တာရမဏတ္တိကေ–၌၊ သမာနာရမဏာနံ–တူသောအာရုံရှိကုန်သော၊ ယေသံ–အကြင်စိတ်တို့၏၊ ပရိတ္တာဒိအာရမဏတာ–ပရိတ္တအစရှိသော အာရုံရှိကုန်သည်၏အဖြစ်ကိုလည်းကောင်း၊ န ဝတ္တဗ္ဗတာစ–န ဝတ္တဗ္ဗတို့၏အဖြစ်ကိုလည်းကောင်း၊ ဝုတ္တာ–ဟောတော်မူအပ်ပြီ၊ ပုန, အတီတာရမဏတ္တိကေ–၌၊ တေသု–ထိုတရားတို့တွင်၊ ဧကမေဝ–တစ်ခုသော

---

အဋ္ဌကထာပါဠ်ကို အနက်ထင်လောက်အောင် ဖြည့်တန်လျှင်ဖြည့်၍ ချုံးတန်လျှင်ချုံး၍ လိုရင်းအနက်ကို ပြထားသောကြောင့် "ယော အယံ ဝ္ဇော အဝ္ဇော ဝုတ္တော"ဟု ဆိုသည်၊ ထိုသို့ အဋ္ဌကထာဆိုသည်ကို အညေဆရာတို့က ခွင့်မပြုကြ။

**နဟိ ဤဒိသံ လေသဝစနံ**။　　။ခွင့်မပြုခြင်း၏ အကြောင်းအရာကို ပြလို၍ "နဟိ"စသည် မိန့်၊ လိဿတိ သိလိဿတိ ဧကဒေသေန အလ္လီယတီတိ လေသော–တစ်စိတ်တစ်ပိုင်းအားဖြင့် တူသောအာရုံရှိသောကြောင့် (ထိုအာရုံတူတရားတို့တွင်) တစ်စိတ်တချို့ကိုသာ ဆိုခြင်းကို (အခြားမဆိုအပ်သော အနက်၌လည်း ငြိကပ်တတ်သောကြောင့်) လေသဝစနဟု မှတ်ပါ၊ မြန်မာလို "အမြွက်မျှဆိုခြင်း"ဟု ခေါ်သည်၊ ဤကဲ့သို့ လေသစကားမျိုးသည် ဤအဋ္ဌကထာကဏ္ဍ၌ မရှိပါ၊ ထိုသို့ မရှိသောကြောင့် ခွင့်မပြုနိုင်ကြ–ဟူလို။

**ယဒိသိယာ ၊ပေ၊ ယောဇေတဗ္ဗံ**။　　။ထိုစကားမျိုး အဋ္ဌကထာကဏ္ဍ၌ရှိလျှင် အခြားနေရာ၌ အဘယ်သို့ ဟောသင့်ပါသနည်းဟု မေးဖွယ်ရှိသောကြောင့် "ယဒိ သိယာ၊ ပရိတ္တာရမဏတ္တိကေ"စသည်ကို မိန့်သည်၊ ဆိုလိုရင်းကား–ထိုလေသစကားမျိုးရှိလျှင်

တရားကိုသာ၊ ဝတွာ–ဟောတော်မူပြီး၍၊ အညံ–အခြားတရားသည်၊ ဝါ –ကို၊ နဝတ္တဗ္ဗံ–ဟောတော်မမူထိုက်သည်၊ သိယာ၊ တထာ–ထိုမှတစ်ပါး၊ ဝေဒနာတ္တိကေ–၌၊ သမာနဝေဒနာနံ–တူသောဝေဒနာရှိကုန်သော၊ ယေသံ– အကြင်တရားတို့၏၊ သုခါယဝေဒနာယသမ္ပယုတ္တတာ–သုခါယဝေဒနာယသမ္ပယုတ္တတို့၏အဖြစ်ကို၊ ဝုတ္တား၊ တေသု–ထိုတရားတို့တွင်၊ ဧကမေဝ–တစ်ခုသောတရားကိုသာ၊ ပီတိတ္တိကေ–၌၊ သုခသဟဂတနိဒ္ဒေသေ–၌၊ ဝတွာ– ပရိတ္တအစရှိသော အာရုံရှိကုန်သည်၏အဖြစ်ကိုလည်းကောင်း၊ န ဝတ္တဗ္ဗတာစ–ဟောတော်မူပြီး၊ အညံ–အခြားတရားသည်၊ ဝါ–ကို၊ န ဝတ္တဗ္ဗံ သိယာ၊ ဧဝံ–တူ၊ ဥပေက္ခာသဟဂတနိဒ္ဒေသာဒီသု–တို့၌၊ ယောဇေတဗ္ဗံ–ယှဉ်စေထိုက်၏။

ပန–စင်စစ်ကား၊ လေသေန–အမြွက်နှင့်၊ ဝါ–တစ်စိတ်တစ်ဒေသနှင့်၊ ဝိနာ–ကင်း၍၊ အဋ္ဌကထာကဏ္ဍေ–၌၊ အတ္ထုဒ္ဓါရသ–အနက်ကို ထုတ်ပြခြင်း၏၊ ဝါ–ကို၊ ကတတ္တာ–ကြောင့်၊ အာကိဉ္စညာယတနသ ဝိယ–ကဲ့သို့၊ ကာမာဝစရကုသလာဒီနမ္ပိ–တို့၏လည်း၊ အဇ္ဈတ္တာရမဏတ္တိကေ–၌၊ န ဝတ္တဗ္ဗတာယ–န ဝတ္တဗ္ဗတို့၏အဖြစ်သည်၊ သတိ–သော်၊ တာနိပိ–ထိုကာမာဝစရကုသိုလ် အစရှိသည်တို့ကိုလည်း၊ န ဝတ္တဗ္ဗနီတိ–န ဝတ္တဗ္ဗတို့ဟူ၍၊ ဝတ္တဗ္ဗာနိ–ဟောတော်မူထိုက်ကုန်၏၊ ပန–စင်စစ်ကား၊ န ဝုတ္တာနိ။

တသ္မာ, အဘာဝနသာမညေ–အဘာဝနအားဖြင့် တူသည်၏အဖြစ်သည်၊ (သတိ)ပိ–သော်လည်း၊ ယာယ အဘာဝနနိဋ္ဌပ္ပဝတ္တိယာ–အကြင် အဘာဝန၏ အပြီးအဆုံးဖြစ်ခြင်းအားဖြင့်၊ အာကိဉ္စညာယတနံ–သည်၊ ပဝတ္တမာနံ–သော်၊ န ဝတ္တဗ္ဗံ–အဇ္ဈတ္တာရမဏ စသည်ဖြင့် မဆိုထိုက်သည်၊ ဇာတံ၊ တဿာ

---

ပရိတ္တာရမဏတိက်၌ သမာ္နာရမဏတရားတို့၏ ပရိတ္တာရမဏအဖြစ် န ဝတ္တဗ္ဗအဖြစ်ကို ဟောတော်မူပြီးနောက် အတီတာရမဏတိက် ရောက်သောအခါ ထိုတရားထဲမှ တစ်ပါးကိုသာ ဟောတော်မူ၍ ကျန်တရားစုကိုမဟာဘဲ ထားတော်မူစရာရှိ၏၊ "တထာ ဝေဒနာတ္တိကေ"မှစ၍ "ယောဇေတဗ္ဗံ"တိုင်အောင် ဤပြအပ်ပြီးသော နည်းအတိုင်းသိပါ။

**လေသေန ပန ဝိနာ ။ပေ၊ ဝုတ္တာနိ။** ။အဋ္ဌကထာကဏ္ဍ၌ ထိုသို့ လေသအားဖြင့် ဟောတော်မူမှုကို မပြုအပ်သည့်အတွက် အဇ္ဈတ္တာရမဏတိက်၌ အာကိဉ္စညာယတနစျာန်ကဲ့သို့ ကာမကုသိုလ်စသည်တို့၏လည်း အဇ္ဈတ္တစသည်ဖြင့် မဆိုထိုက်သော န ဝတ္တဗ္ဗအာရုံရှိကြလျှင် "န ဝတ္တဗ္ဗာနိ"ဟုပင် တိုက်ရိုက်ဟောတော်မူထိုက်၏၊ ထိုသို့ကား ဟောတော်မမူ။

**တသ္မာ အဘာဝန သာမညေပိ။** ။"န ဘာဝီယတီတိ အဘာဝနံ"ဟူသော အနုဋီကာ ဝိဂ္ဂဟနှင့်အညီ ကံစသည်တို့သည် ဖြစ်စေအပ်သည်မဟုတ်သော ပညတ်ကို အဘာဝနဟု ယူပါ၊ [စာအုပ်တို့၌ "အဘာဝနာ"ဟု ဣတ္ထိလိင်ဖြင့် တွေ့ရ၏၊] အာကိဉ္စညာယတနနှင့် ကာမကုသိုလ်စသည်တို့၏ အဘာဝနအာရုံရှိသော တရားများ အဖြစ်ဖြင့် တူသော်လည်း ......

ပဝတ္တိယာ–ထို ဖြစ်ခြင်းမျိုး၏၊ အဘာဝေန–မရှိခြင်းကြောင့်၊ တာနိ–ထို ကာမာဝစရကုသိုလ် အစရှိသည်ကို၊ န ဝတ္တဗ္ဗာနိတိ–တို့ဟူ၍၊ န ဝုတ္တာနိ၊ ဟိ–မှန်၊ ဂဟဏ ဝိသေသနိမ္မိတာနေဝ–အာရုံယူပုံ အထူးအားဖြင့် ဖန်ဆင်း အပ်သည်သာလျှင်ဖြစ်ကုန်သော၊ ကသိဏာဒီနိ–ကသိုဏ်းပညတ် အစရှိသည် တို့သည်၊ သဘာဝတော–သဘောအားဖြင့်၊ အဝိဇ္ဇမာနာနိ–ထင်ရှားမရှိကုန်၊ ဣတိ–ထို့ကြောင့်၊ တဒါရမဏာနံ–ထိုကသိုဏ်းပညတ်ဟူသော အာရုံရှိကုန် သော စိတ်တို့၏၊ ဗဟိဒ္ဓါဂဟဏဝသေန–ဗဟိဒ္ဓအာရုံကို ယူခြင်း၏အစွမ်းဖြင့်၊ ဗဟိဒ္ဓါရမဏတာ–ဗဟိဒ္ဓရမဏတို့၏အဖြစ်ကို၊ ဝုတ္တာ–ဟောတော်မူအပ်ပြီ၊ အာကိဉ္စညာယတနံ ပန–သည်ကား၊ ဗဟိဒ္ဓါရမဏဘာဝေန–ဗဟိဒ္ဓအာရုံကို ယူတတ်သည်၏အဖြစ်ဖြင့်၊ န ပဝတ္တတိ၊ အဇ္ဈတ္တဂ္ဂဟဏဘာဝေနပိ–အဇ္ဈတ္တ အာရုံကို ယူတတ်သည်၏အဖြစ်ဖြင့်လည်း၊ န ဝတ္တဗ္ဗန္တိ–ဟူ၍၊ ဝုတ္တံ။

ပန–ဆက်၊ ယေန ဂဟဏာကာရေန–အကြင်ယူပုံ အခြင်းအရာအားဖြင့်၊ အာကိဉ္စညာယတနံ–သည်၊ ပဝတ္တတိ၊ တေန–ထိုအာရုံယူပုံ အခြင်းအရာအား ဖြင့်၊ သဗ္ဗညုတညာဏမ္ပိ–သဗ္ဗညုတဉာဏ်သည်သော်မှလည်း၊ န ပဝတ္တတိ–

---

**ယာယ ၊ပေ၊ ဓာတံ။** ။အဘာဝနာ၏ အကြင်နိဿ (အပြီးအဆုံး အထွဋ်အထိပ်) ဖြစ်ခြင်းအားဖြင့် အာကိဉ္စညာယတနစျာန်ဖြစ်လသော် န ဝတ္တဗ္ဗ (အဇ္ဈတ္တာရမဏစသည်ဖြင့် မဆိုထိုက်သော) စျာန်ဖြစ်ရလေသည်၊ ...တဿာ ၊ပေ၊ န ဝုတ္တာနိ–ကာမကုသိုလ်စသည်တို့၏ အဘာဝနအာရုံမှာ ထိုသို့သော နိဿပ္ပဝတ္တိအခြင်းအရာ၏ မရှိခြင်းကြောင့် ထိုတရားတို့ကို န ဝတ္တဗ္ဗ (အဇ္ဈတ္တာရမဏစသည်ဖြင့် မဆိုထိုက်သော) တရားဟူ၍ ဤ အဇ္ဈတ္တာရမဏတိက်၌ ဟောတော်မမူအပ်ကုန်၊ [အဘာဝန နိဿ ပဝတ္တိယာတိ အဘာဝနာကာရဿ ဥက္ကံသပဝတ္တိယာတိ အတ္ထော၊–အနု။

**ဂဟဏ ၊ပေ၊ န ဝတ္တဗ္ဗန္တိ ဝုတ္တံ။** ။ထိုစကားကို ချဲ့လို၍ "ဂဟဏ"စသည် မိန့်၊ အာရုံပြုသောအားဖြင့် ယူခြင်းကို "ဂဟဏ"ဟု ဆိုသည်၊ ထိုသို့ အာရုံယူပုံကို အထူး၏ဖန်ဆင်းမှုကြောင့် ဖြစ်ပေါ်လာသော ကသိုဏ်းပညတ်စသည်တို့မှာ သဘာဝအားဖြင့် ထင်ရှားမရှိသော ဗဟိဒ္ဓတရားများဖြစ်၍ ထိုကို အာရုံပြုသော တရားတို့ကို ဗဟိဒ္ဓါရမဏဟု ဟောတော်မူအပ်ကုန်ပြီ၊ အာကိဉ္စညာယတန၏အာရုံမှာ အဇ္ဈတ္တဗဟိဒ္ဓ မဟုတ်သောကြောင့် ထိုအာကိဉ္စညာယတနစိတ်ကို န ဝတ္တဗ္ဗအာရုံရှိသော တရားဟု ဟောတော်မူအပ်ပြီ။

**ယေန ၊ပေ၊ ဘာဝေယျ။** ။အာကိဉ္စညာယတနစျာန်၏ အာရုံယူပုံမျိုးကို သဗ္ဗညုတဉာဏ်သော်မှ မယူနိုင်ပါ၊ အကယ်၍ ယူနိုင်လျှင် (အာကိဉ္စညဟု ခေါ်အပ်သော နတ္ထိဘာဝပညတ်ကို ယူရာရောက်သောကြောင့်) သဗ္ဗညုတဉာဏ်လည်း အာကိဉ္စညာယတနအမည် ရစရာရှိသည်၊ယထာ ဟိစသည်ကား ဤအဓိပ္ပာယ်ကို ထင်ရှားပြသော တပ္ပာကဋီကရဏဝါကျတည်း၊[ကာမာဝစရလာနံသည် ဥပလက္ခဏာသာတည်း၊ အခြား သောစိတ်များ၏ န ဝတ္တဗ္ဗအဖြစ် မဟောခြင်းကိုလည်း ဤနည်းအတိုင်းသိပါ–ဟူလို။

မဖြစ်နိုင်၊ ယဒိ ပဝတ္တေယျ၊ (ဧဝံ သတိ၊) တမ္ပိ–ထိုသဗ္ဗညုတဉာဏ်သည်လည်း၊ အာကိဉ္စညာယတနမေဝ–အာကိဉ္စညာယတနသည်သာ၊ (အာကိဉ္စည မည်သော နတ္ထိဘောပညတ်လျှင် တည်ရာအာရုံရှိသည်သာ၊) ဘဝေယျ၊ ဟိ– ဥပမာဆောင် ထင်အောင်ပြဦးအံ့၊ ကိလေသာနံ–တို့၏၊ ဂေါစရံ–ကျက်စားရာ အာရုံကိုလည်းကောင်း၊ ပဝတ္တိဝိသေသဥ္စ–ဖြစ်ပုံအထူးကိုလည်းကောင်း၊ သဗ္ဗံ–အလုံးစုံကို၊ ဇာနန္တံ–သိနိုင်သော၊ သဗ္ဗညုတဉာဏံ–သည်၊ ယထာ– အကြောင်းအခြင်းအရာအားဖြင့်၊ တေ–ထိုကိလေသာတို့သည်၊ ဂဏှန္တိ–ယူကုန်၏၊ တထာ–ထိုအခြင်းအရာအားဖြင့်၊ န ဂဏှာတိ ယထာ–မယူသကဲ့သို့၊ (ကသ္မာ န ဂဏှာတိ၊) တဿပိ–ထိုသဗ္ဗညုတဉာဏ်၏လည်း၊ ကိလေသဘာဝါပတ္တိ တော–ကိလေသာ၏အဖြစ်သို့ ရောက်ခြင်းကြောင့်၊ (န ဂဏှာတိ၊) ဧဝံ–တူ၊ အာကိဉ္စညာယတနဿစ–၏လည်း၊ ပဝတ္တနာကာရံ–ဖြစ်ပုံအခြင်းအရာကို၊ ယထာသဘာဝတော–ဟုတ်မှန်သော သဘောအားဖြင့်၊ ဇာနန္တံ–သော၊ တံ– ထိုသဗ္ဗညုတဉာဏ်သည်၊ အာကိဉ္စညာယတနမိဝ–ကဲ့သို့၊ န ဂဏှာတိ– အာရုံကို မယူ၊ ပန–ကဲ့ရဲ့ဖွယ်ရာ ဂရဟာကား၊ အညံ–သဗ္ဗညုတဉာဏ်မှ အခြားသောတရားသည်၊ ကိမင်္ဂ–အဘယ်အကြောင်းကြောင့်၊ (ဂဏှိဿတိ– ယူနိုင်လတံ့နည်း၊) ဣတိ–ဤသို့ မှတ်အပ်၏၊ တေန–ကြောင့်၊ ကာမာဝစရ ကုသလာနံ–တို့၏၊ န ဝတ္တဗ္ဗတာ–န ဝတ္တဗ္ဗတို့၏အဖြစ်ကို၊ န ဝုတ္တာ– ဟောတော်မမူအပ်၊ ဣတိ–ဤသို့ မှတ်အပ်၏၊ အယံ–ဤဆိုအပ်ပြီးကား၊ အာကိဉ္စညာယတနဿ–၏၊ ဝိသယဘူတော–အာရုံဖြစ်၍ဖြစ်သော၊ အပဂမာ နာမ–ကင်းခြင်းမည်သော၊ (ပဌမာရုပ္ပဝိညာဉ်၏ ကင်းခြင်းဟူသော နတ္ထိဘော ပညတ်မည်သော၊) ဧကော–တစ်ခုသော၊ အတ္ထော–အနက်သည်၊ အတ္ထိ၊ ဣတိ– သို့၊ အနိစ္ဆန္တာနံ–အလိုမရှိကုန်သော၊ အာစရိယာနံ–တို့၏၊ (အညေ နာန ဇာနန္တိဉ္စ ဆိုအပ်ခဲ့သော အညေဆရာတို့၏၊) ဝိနိစ္ဆယော–တည်း။

ဝိပါကံ ၊ပေ၊ ဟောတီတိ (ပဒဿ)–၏၊ ဝိပါကံ–ဝိပါက်ဖြစ်သော၊ အာကိဉ္စညာယတနံ–သည်၊ ဝိပါကာဒီသု–န်သော၊ ဝိညာဏဉ္စာယတနေသု– ဝိညာဏဉ္စာယတနစျာန်သုံးပါးတို့တွင်၊ ကဿစိ–တစ်စုံတစ်ခုသောစျာန်၏၊ အာရမဏံ–သည်၊ န ဟောတိ၊ ဣတိ အတ္ထော၊ တထ–တူ၊ အာကိဉ္စညာ ယတနဥ္စ–သည်လည်း၊ နေဝသညာ နာသညာယတနဿ–၏၊ (အာရမဏံ န ဟောတိ၊) ဟိ–ထင်ရှားအောင် ပြဦးအံ့၊ ဝိပါကတ္တိကေ–၌၊ ဝိပါက ၊ပေ၊ မူလကေသု–ဝိပါကဓမ္မ ဓမ္မမူလ, နေဝဝိပါက နဝိပါကဓမ္မ ဓမ္မမူလရှိကုန်သော၊ ပဌေသု–တို့၌၊ အာကာသာနဉ္စာယတနကုသလံ–သည်၊ ဝိညာနဉ္စာယတန ကုသလဿ–အား၊ အာရမဏပစ္စယေန ပစ္စယော ၊ပေ၊ ဣတိ–သို့၊ ဝုတ္တံ ယထာ–ကဲ့သို့၊ တထာ–တူ၊ ဝိပါကဓမ္မမူလကေသု–ဝိပါကဓမ္မမူလရှိကုန်သော၊

(ပဋ္ဌေသု၊) အာကာ၊ပေ၊ ဝိပါကာ–တို့သည်၊ ဝိညာ၊ပေ၊ ကိရိယာနံ–တို့အား၊ အာရမဏပစ္စယေနပစ္စယော၊ ဣတိ–သို့၊ န ဝုတ္တာ–ကုန်၊ ဝိပါကတော ၊ပေ၊ သမ္ဘဝတောတိ(ပဒဿ)–၏၊ ဝိပါကံ–ကို၊ အာရမဏံကတွာ–၍၊ အဘိနိဟာရော သမ္ဘဝတော–စိတ်ကိုရှေးရှုဆောင်ခြင်း၏ မဖြစ်သင့်ခြင်းကြောင့်၊ ဣတိ အတ္ထော၊ ဟိ–မှန်၊ ဝိပါကံ–ကို၊ အာရမဏံကတွာ,အဘိနိဟာရော–သည်၊(ဘာဝနာစိတ်ကို အထက်ရျာန်သို့ ရှေ့ရှုဆောင်ခြင်းသည်၊) နတ္ထိ၊ ဣတိ–ဤသို့မှတ်အပ်၏။

အတ္တနော ခန္ဓာဒိနိတိ (ဧတ္ထ)–၌၊ အရူပက္ခန္ဓေ–နာမ်ခန္ဓာတို့ကို၊ ခန္ဓာတိ–တို့ဟူ၍၊ ဂဟေတွာ–ယူပြီး၍၊ အာဒိသဒ္ဒေန–ဖြင့်၊ ရူပံ–ရုပ်ကို၊ ဂဏှာတိ၊ ဝါ–တစ်နည်း၊ အဇ္ဈတ္တံ–မိမိသန္တာန်၌၊ ဂယှမာနံ–သော၊ အဟံတိပညတ္တိံ–ငါဟူသောပညတ်ကို၊ အာဒိသဒ္ဒေန ဂဏှာတိ၊ ပရေသံ ခန္ဓာဒိဂ္ဂဟဏေစ– ပရေသံခန္ဓာဒိကို ယူကြောင်းစကား၌လည်း၊ သေနယော၊ ပုန–တစ်ဖန်၊ ပညတ္တိဂ္ဂဟဏေန–ပညတ္တိသဒ္ဒါဖြင့်၊ ကသိဏ ၊ပေ၊ ပညတ္တိံ–ကသိဏ်းအစ ရှိသော အနိန္ဒြိယ ဗဒ္ဓပညတ်, မေတ္တာဝိဟာရအစရှိသော ဥပါဒါယပညတ်ကို၊ အာဟ၊ ဝါ–တစ်နည်း၊ အာဒိသဒ္ဒေန–ဖြင့်၊ (ခန္ဓဒိ၌ အာဒိသဒ္ဒါဖြင့်) အဟံ ပရံ ပညတ္တိ အဂ္ဂဟဏေ–ငါဟူသော ပညတ်, သူတစ်ပါးဟူသော ပညတ်ကို မယူခြင်းသည်၊ (သတိ–သော်၊) သဗ္ဗံ–သော၊ ဥပါဒါယ ပညတ္တိံ–ကို၊ (ပုန ပညတ္တိဂ္ဂဟဏေန အာဟ။)

---

**အတ္တနော ခန္ဓာဒိနိ**။　　။ခန္ဓအရ နာမ်ခန္ဓာတို့ကို ယူ၍, အာဒိဖြင့် ရုပ်ကို ယူ၊ တစ်နည်း–အဇ္ဈတ္တခန္ဓာ (ရုပ်နာမ်)တို့ကို ငါဟု စွဲလမ်းသူ၏ ထိုငါဟူသော ပညတ်ကို အာဒိဖြင့် ယူပါ။

**သေ ၊ပေ၊ ဂ္ဂဟဏေ**။　　။ပရေသံ ခန္ဓာဒိဂ္ဂဟဏေကို "ပရေသံ ခန္ဓာဒီဟိ ဣမဿ ပဒဿ–ကို၊ ဂဟဏေ (ကထနေ ဥစ္စာရဏေ) ရွတ်ဆိုခြင်း၌"ဟု အနုဖွင့်၏၊ သေနယောဖြင့် "အရူပက္ခန္ဓေ ခန္ဓာတိ ဂဟေတွာ"စသည်ဖြင့် နည်းယူဖို့ရန်ကို ညွှန်သည်၊ [အဟံတိနေရာဝယ် "ပရံတိ"ဟု လဲပါ။]

**ပုန ၊ပေ၊ အာဟ**။　　။"ပရေသံ ခန္ဓာဒိ ပစ္စဝေက္ခဏေ၏နောက်၌ "ပညတ္တိ နိဗ္ဗာန ပစ္စဝေက္ခဏေ"ဟု ရှိပြန်ရာ ခန္ဓာဒိ၌ အာဒိဖြင့် အဟံဟူသော ပညတ်ကို ယူလျှင် ပညတ္တိအရ ဘယ်ပညတ်ကို ယူမည်နည်းဟု–မေးဖွယ်ရှိ၏၊ "ပုန"စသည် မိန့်၊ နောက်ပညတ္တိသဒ္ဒါဖြင့် ကသိဏ်းဟူသော အနိန္ဒြိယဗဒ္ဓပညတ်, ဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော သတ္တဝါဟူသော ဥပါဒါပညတ်ကို ယူပါ။

**အာဒိသဒ္ဒေန ဝါ**။　　။ခန္ဓာဒိ၌ အာဒိဖြင့် အဟံ–ပရံစသော ပညတ်ကို မယူဘဲ အလုံးစုံသော ဥပါဒါပညတ်ကို ယူသောနည်းကို တစ်နည်းပြလို၍ "အာဒိသဒ္ဒေနဝါ ၊ပေ၊ ပညတ္တိံ"ဟု မိန့်သည်၊ အဟံ ပရံလည်း ဥပါဒါပညတ်ပင် ဖြစ်သောကြောင့် ထိုပညတ်တို့ကိုပါ နောက်ထပ် ပညတ္တိသဒ္ဒါဖြင့် ယူစေလိုရကား "သဗ္ဗံ"ဟု ဆိုသည်။

ကမ္မာဒီသု–ကံအာရုံ အစရှိသည်တို့တွင်၊ ကမ္မံ–ကံအာရုံသည်၊ အစ္စုတ္တံ–အစ္စုတ္တတည်း၊ ကမ္မနိမိတ္တံ–ကမ္မနိမိတ်အာရုံသည်၊ ဥဘယံ–အစ္စုတ္တ ဗဟိဒ္ဓါ နှစ်ပါးစုံတည်း၊ ဂတိနိမိတ္တံ–သည်၊ ဗဟိဒ္ဓါ–တည်း၊ ဣတိ ဒဋ္ဌဗ္ဗံ၊ အတ္တနော–၏၊ သရီရေဧဝ–ကိုယ်၌ပင်၊ ကိမိ–ပိုးလောက်သည်၊ ဟုတွာ–၍၊ နိဗ္ဗတ္တမာန သဿ–ဖြစ်ရမည့်ပုဂ္ဂိုလ်၏၊ ဂတိနိမိတမ္ပိ–သည်လည်း၊ အစ္စုတ္တံ–သည်၊ သိယာ။

ကုမ္မာသံ–တစ်ဝက်ကျက် မုယောမုံ့ကို၊ ဒဒမာနာယ–ပေးလှူသော၊ မလ္လိကာယ–မလ္လိကာသတို့သမီး၏၊ ရညော–ကောသလမင်း၏၊ အဂ္ဂမဟေသိဋ္ဌာန လာဘံ–အဂ္ဂမဟေသီအရာကို ရခြင်းကိုလည်းကောင်း၊ (နိဿာယဋ္ဌ စပ်၊) ဟတ္ထိကုန္တဂတသာ–ဆင်ကျောက်ကုန်းထက်၌တည်သော၊ သန္တတိမဟာမတ္တ ဿ–၏၊ အရဟတ္တပ္ပတ္တိံ–အရဟတ္တဖိုလ်သို့ ရောက်ခြင်းကိုလည်းကောင်း၊ ပုပ္ဖမုဋ္ဌိနာ–ပန်းတစ်ဆုပ်ဖြင့်၊ ပူဇေန္တဿ–သော၊ သုမနမာလာကာရဿ–သုမနပန်းသည်၏၊ ပစ္စေကဗောဓိသစ္ဆိကိရိယံ–ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုရမည်ကိုလည်းကောင်း၊ နိဿာယ–မှီ၍၊ ဘဂဝါ–သည်၊ သိတံ–ပြုံးတော်မူခြင်းကို၊ ပါတွာကာသိ–ထင်ရှားပြုတော်မူပြီ။

ဣမသ္မိံ ၊ပေ၊ လဘန္တီတိ–ကား၊ ပရိတ္တာ ၊ပေ၊ တ္တိကေသု–တိက်တို့၌၊ အလဒ္ဓေါကာသာနိ–မရအပ်သော အခွင့်ရှိကုန်သည်၊ (ဟုတွာ), န ဝတ္တဗ္ဗာနီတိ–တို့ဟူ၍၊ ဝုတ္တာနိ၊ ဣမေ ပန–ဤအစ္စုတ္တာရမဏတိက်၌ကား၊ န ဝတ္တဗ္ဗာနိ–န ဝတ္တဗ္ဗတို့သည်၊ န ဝဟာန္တိ–မဖြစ်ကုန်၊ အစ္စုတ္တာဒီသု–အစ္စုတ္တအစရှိသည်တို့တွင်၊ ကောရမဏတံ–တစ်ခုသော အာရုံရှိသည်၏အဖြစ်ကို၊ လဘန္တိ၊ ဣတိ အတ္ထော၊ ဟိ–မှန်၊ တောနိ ပဉ္စ–ဤငါးပါးသော ဈာန်တို့သည်၊ သဗ္ဗတ္ထ ၊ပေ၊ စတုတ္ထာနံ–သဗ္ဗတ္ထပါဒကစတုတ္ထဈာန်,အာကာသကသိဏစတုတ္ထဈာန်, အာလောကကသိဏစတုတ္ထဈာန်တို့၏၊ ကသိဏာရမဏတ္တာ–ကသိုဏ်းဟူသော အာရုံရှိကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဗြဟ္မဝိဟာရစတုတ္ထ ဿ–၏၊ ပညတ္တိအာရမဏတ္တာ–သတ္တဝါပညတ်ဟူသောအာရုံရှိသည်၏အဖြစ် ကြောင့်လည်းကောင်း၊ သတ္တအာနာပါနစတုတ္ထဿ–အာနာပါနစတုတ္ထဈာန်၏၊ နိမိတ္တာရမဏတ္တာ–အာနာပါနနိမိတ်ဟူသောအာရုံသည်၏အဖြစ်ကြောင့်လည်း ကောင်း၊ ဗဟိဒ္ဓါရမဏာနိ–ဗဟိဒ္ဓအာရုံရှိကုန်သည်၊ (ဟောန္တိ၊) ဣတိ–သို့၊ (ဝုတ္တာနိ)။... သကာယစိတ္တာနန္တိ–ကား၊ သကာယစိတ္တာနံ–မိမိဥစ္စာဖြစ်သော ကိုယ်စိတ်တို့ကို၊ (အာရမဏကရဏတော၌ စပ်၊) တေန–ထိုစေတောပရိယ ဉာဏ်ဖြင့်၊ ပယောဇနံ–အကျိုးသည်၊ နတ္ထိ၊ တသ္မာ, တံ–ထိုစေတောပရိယဉာဏ် သည်၊ အစ္စုတ္တာရမဏံ–အစ္စုတ္တအာရုံရှိသည်၊ န (ဟောတိ၊) ဣတိ အတ္ထော။

အနိန္ဒြိယ ၊ပေ၊ တ္တော–၌၊ တိဿန္နံဝါ ပညတ္တီတိ ဣဒံပိ–တိဿန္နံဝါ ပညတ္တိ နံဟူသော ဤစကားကိုလည်း၊ ဝါသဒ္ဒေန–(အဝုတ္တ ဝိကပ္ပနတ္ထ) ဝါသဒ္ဒါဖြင့်၊

အာဟရိတဗ္ဗ–ဆောင်ယူထိုက်၏၊ ဝါ–တစ်နည်း၊ တေ–ဤအနိန္ဒြိယဗဒ္ဓသဿဝါ ရူပဿဟူသော စကားကို၊ နယဒဿနံ–ဥပေက္ခာနည်းပြပုဂ္ဂိုလ်၊ ဒဋ္ဌဗ္ဗံ၊ ဟိ–မှန်၊ ဤဒိသေ–သော၊ ကာလေ–၌၊ (သူတစ်ပါး၏ အနာဂတ်ခန္ဓာစသည်ကို အာရုံ ပြုရာအခါမျိုး၌၊) ဗဟိဒ္ဓါရမဏံ(ဟောတိ၊) ဣတိ–ဤသို့မှတ်အပ်၏။

**တိကအတ္ထုဒ္ဓါရဏာဝဏ္ဏနာ–သည်၊ နိဋ္ဌိတာ။**

## ဒုကအတ္ထုဒ္ဓါရဝဏ္ဏနာ

**၁၄၇၃။** မာနော ၊ပေ၊ ဣဒံ–ဤစကားကို၊ အဝုတ္တ ၊ပေ၊ ဝသေန–မဆိုအပ်သေးသော အထူးအပြားကို ပြခြင်း၏အစွမ်းဖြင့်၊ ဝုတ္တံ၊ အညထာ–အဝုတ္တပ္ပကာရဒဿနမှ တစ်ပါးသောအခြင်းအရာအားဖြင့်၊ (အတ္တေ–ကို၊ ဂယှ မာနေ–သော၊) မာနော–သည်၊ မာက၊ပေ၊ ဓာနေဟိ–ကာမရာဂသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်တို့နှင့်၊ ကေတော–တစ်ပေါင်းတည်း၊ ဥပ္ပဇ္ဇတိ၊ ဣတိ–ကြောင့်၊ ဒွိဓာတိ–ဟူ၍၊ ဝတ္တဗ္ဗောသိယာ၊ ဘဝရာဂါဒီသု–တို့၌၊ သေ နယော၊ တထာ၊ပေ၊တ္တေ–ပါင်၌၊ တထာတိတေသ–ဤပုဒ်၏၊ ကေဓာ ဝါတိ–ဟူ၍၊ အတ္တော (ဟောတိ၊) [တထာဖြင့် "ကေဓာဝ"ကို ပြန်၍ညွှန်သည်–ဟူလို။]

**၁၅၁၁။** သသင်္ခါရိကေသူတိဣဒံ–ကို၊ ကာမစ္ဆန္ဒနီဝရဏာဿ–၏၊ တီဟိ–န်သော၊ နီဝရဏေဟိ–တို့နှင့်၊ (ထိနမိဒ္ဓ, ဥဒ္ဓစ္စ, အဝိဇ္ဇာနီဝရဏတို့နှင့်၊) သဒ္ဓိံ, ဥပ္ပဇ္ဇန ၊ပေ၊ မတ္တံ–ဖြစ်ရာဌာနကို ပြကြောင်းစကားမျှဟူ၍၊ ဒဋ္ဌဗ္ဗံ–၏၊ နိယမတော–မြဲသောအားဖြင့်၊ တတ္ထ–ထိုသသင်္ခါရိကစိတ်တို့၌၊ တဿ–ထိုကာမစ္ဆန္ဒနီဝ ရဏာ၏၊ တေဟိ–ထိုသုံးပါးသော နီဝရဏတို့နှင့်တကွ၊ ဥပ္ပတ္တိဒဿနတ္ထံ–ဖြစ်ပုံကို ပြခြင်းအကျိုးရှိ၏ဟူ၍၊ န (ဒဋ္ဌဗ္ဗံ၊) (ကသ္မာ), ထိနမိဒ္ဓဿ–၏၊ အနိယတတ္တာ–အနိယစေတသိက်၏ အဖြစ်ကြောင့်တည်း။

ဟောဋ္ဌိမပရိစ္ဆေဒေနာတိ–ကား၊ ဥဒ္ဓစ္စဿ–၏၊ သဗ္ဗာကုသလေ–အလုံးစုံသော အကုသိုလ်၌၊ ဥပ္ပဇ္ဇနတော–ကြောင့်၊ ဥဒ္ဓစ္စသဟဂတေ–ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပာဒ်၌၊ ဒွေ–နှစ်ပါးသော နီဝရဏတို့သည်လည်းကောင်း၊ အသေသု–

---

**အဝုတ္တ ၊ပေ၊ ဝုတ္တံ။** ။ရှေ့၌ "ကာမရာဂေါ တာဝ မာနသံယောဇနေ အဝိဇ္ဇာသံယောဇနေဟိ စေဝ ၊ပေ၊ ကေတော ဝုစ္စတိ"ဟု ဆိုခဲ့၏၊ ထိုစကားအရ "မာနလည်း ကာမရာဂအဝိဇ္ဇာတို့နှင့် အတူဖြစ်၏"ဟု ဆိုပြီးဖြစ်တော့၏၊ ထို့ကြောင့် "မာနောဘဝရာဂေါ ၊ပေ၊ ကေဓာဝ"ဟူသော စကားကို "ရှေ့၌ မဆိုအပ်သေးသော အပြားကို ပြသောစကား"ဟု ဆိုသည်။

**ဒွေ တီဏိ။** ။ဒေါတိ–ဥဒ္ဓစ္စဝိဇ္ဇာနီဝရဏာနိ၊ တီဏီတိ–ကာမစ္ဆန္ဒဗျာပါဒ ဝိစိကိစ္ဆာသု ဧကေကေန ဥဒ္ဓစ္စာဝိဇ္ဇာနီဝရဏာနိ၊ ဒွေဝါ တီဏိဝါတိ ပါဠိယံ ဝါသဒ္ဒဿ လုတ္တနိဒ္ဒိဋ္ဌတံ အာဟ၊–အနု။

ဥဒ္ဒစ္စသဟဂုတ်စိတ္တုပ္ပါဒ်မှ တစ်ပါးသော အကုသိုလ်စိတ်တို့တွင်၊ ထိနမိဒ္ဓ ကုက္ကုစ္စမှကင်းသော စိတ္တုပ္ပါဒ်၌၊ တီဏိ-သုံးပါးသော နီဝရဏတို့သည် လည်းကောင်း၊ ဟေဋ္ဌိမန္တတော-အောက်၌ဖြစ်သော အပိုင်းအခြားအားဖြင့်၊ ဥပ္ပဇ္ဇန္တိ၊ ဣတိ ကတွာ-ဤသို့ နှစ်လုံးသွင်း၍၊ ဒွေ တီဏိတိ-ဟူ၍၊ ဝုတ္တံ၊ ဣတိ အတ္ထော၊ ပန-ဆက်၊ ယတ္ထကာနံ-အကြင်မျှလောက် အတိုင်းအရှည် ရှိကုန်သောနီဝရဏတို့၏၊ ဧကတော,ဥပ္ပတ္တိယံ-ဖြစ်ရာအခါ၌၊ နီဝရဏာ၊ပေ၊ စာတိ-ဟူသော၊ အယံ အတ္ထော-သည်၊ သမ္ဘဝတိ၊ ဟေဋ္ဌိမန္တေန-အားဖြင့်၊ တေသံ-ထိုနီဝရဏတို့ကို၊ ဒဿနတ္ထံ-ငှာ၊ ဒွေတိ-ဟူ၍၊ ဝုတ္တံ၊ တတော-ထို နှစ်ပါးမှ၊ ဥဒ္ဓမ္ပိ-၌လည်း၊ ပဝတ္တိယံ-ဖြစ်ရာအခါ၌၊ အယံ အတ္ထော-သည်၊ သမ္ဘဝတိဝေ-သာ၊ ဣတိ-သို့၊ ဒဿနတ္ထံတီဏိတိ ဝုတ္တံ၊ စ-ဆက်၊ ဒွေ တီဏိတိ-ကား၊ ဒွေဝါ-နှစ်ပါးသော်လည်းဖြစ်ကုန်သော၊ တီဏိဝါ-န်သော၊ (နီဝရဏာနိ ဥပ္ပဇ္ဇန္တိ၊) ဣတိ-သို့၊ အနိယမနိဒ္ဒေသော-အနိယမအနက်ကို ညွှန်ပြခြင်းသည်၊(ဟောတိ၊) ဣတိ-ကြောင့်၊ စတ္တာရိဝါ-လေးပါးသောနီဝရဏ တို့သည်လည်းကောင်း၊ပဉ္စဝါ-သော်လည်းကောင်း၊(ဥပ္ပဇ္ဇန္တိ၊) ဣတိပိ-သို့လည်း၊ ဝိညာယတိ၊ [၅ပါးတစ်ပြိုင်နက်ဖြစ်ဖို့ရန် ဌာနကိုရှာသင့်၏၊ ၄ ပါးတစ်ပြိုင်နက် ဖြစ်ဖို့ရန်ကား ကာမစ္ဆန္ဒ-ထိနမိဒ္ဓ-ဥဒ္ဓစ္စ-အဝိဇ္ဇာအားဖြင့်လည်းကောင်း, ဗျာပါဒ- ထိနမိဒ္ဓ-ဥဒ္ဓစ္စ-ကုက္ကုစ္စ-အဝိဇ္ဇာအားဖြင့်လည်းကောင်း ရနိုင်၏။]

ဝါ-တစ်နည်း၊ ဧတံ-ဤဒွေတီဏိဟူသော စကားသည်၊ ယတ္ထ-အကြင် စိတ်၌၊ သဟုပ္ပတ္တိ-တကွဖြစ်ခြင်းသည်၊ (အတ္ထိ၊) တတ္ထ-၌၊ နီဝရဏာစေဝ- တို့သည်လည်းကောင်း၊ နီဝရဏသမ္ပယုတ္တာစ-နီဝရဏနှင့် ယှဉ်ကုန်သည် လည်းကောင်း၊ ဟောန္တိ၊ ဣတိ-သို့၊ တေသ လက္ခဏာသ-ဤလက္ခဏာကို၊ ဒဿနံ-ပြကြောင်းစကားတည်း၊ ဣတိ-ထို့ကြောင့်၊ ယတ္ထ-အကြင်စိတ္တုပ္ပါဒ် ၌၊ စတ္တာရိစ-လေးပါးသော နီဝရဏတို့သည်လည်းကောင်း၊ ပဉ္စစ-လည်း ကောင်း၊ ဥပ္ပဇ္ဇန္တိ၊ တတ္ထစ-၌လည်း၊ အယံ အတ္ထော-သည်၊ ဝါ-ကို၊ သာဓိ တော-ပြီးစေအပ်သည်၊ ဟောတိ၊ ဧဝ္စ ကတွာ-ကြောင့်၊ ကိလေသဂေါစ္ဆကေစ- ၌လည်း၊ ဒွေ တယောတိ-ဟူ၍၊ ဝုတ္တံ၊ ဟိ-မှန်၊ လက္ခဏဒဿနဝသေန- ဖြင့်၊ ကိလေသာစေဝ-တို့ကိုလည်းကောင်း၊ ကိလေသသမ္ပယုတ္တာစ-တို့ကို လည်းကောင်း၊ ဝုတ္တာ၊ သဗ္ဗေ-န်သော၊ သမ္ဘဝန္တာနံ-ဖြစ်သင့်သော ကိလေသာ တို့ကို၊ သရူပေန-အားဖြင့်၊ ဒဿနဝသေန-ဖြင့်၊ န (ဝုတ္တာ)-ဟောတော်မူအပ် ကုန်သည် မဟုတ်၊ ဣတိ-ဤသို့ မှတ်အပ်၏။

ဥဒ္ဒစ္စံ-သည်၊ သဗ္ဗာကုသလေ-၌၊ ယဒိ ဥပ္ပဇ္ဇတိ၊ (ဧဝံ သတိ၊) ကသ္မာ, ဥဒ္ဒစ္စ၊ပေ၊ဥပ္ပဇ္ဇတိတိ-ဟူ၍၊ ဝုတ္တံ-ဟောတော်မူအပ်ပါသနည်း၊ သုတ္တန္တေ-၌၊

ဝုတ္တေသု-န်သော၊ ပဌသု-န်သော၊ နိဝရဏေသု-တို့တွင်၊ အည ၊ပေ၊ ရဟိတသ-တစ်ပါးသော နီဝရဏမှကင်းသော၊ ဥဒ္ဓစ္စဿ-၏၊ ဝိသယဝိသေသ ဒဿနတ္ထံ-ဖြစ်ရာစိတ်အထူးကို ပြခြင်းအကျိုးငှာ၊ (ဝုတ္တံ၊) ပန-ဆက်၊ ဆဋ္ဌံ-သော၊ နီဝရဏံ-(အဝိဇ္ဇာ)နီဝရဏသည်၊ အဘိဓမ္မေ-၌၊ ဣတရေဟိ-အခြားသော နီဝရဏတို့နှင့်၊ သဟဂတံ-တကွဖြစ်၏၊ ဣတိ-ကြောင့်၊ အညနီဝရဏ ရဟိတဿ-သော၊ တဿ-ထိုအဝိဇ္ဇနီဝရဏ၏၊ ကောစိ-သော၊ ဝိသယဝိသေ သော-ဖြစ်ရာဌာနအထူးသည်၊ န အတ္ထိ၊ အတ္ထာ-နှင့်၊ သဟဂတေဟိ-တကွ ဖြစ်သော နီဝဝရဏတို့နှင့်၊ ဝိနာ-၍၊ ဥပ္ပဇ္ဇနဋ္ဌာနာဘာဝါ-ဖြစ်ရာဌာန မရှိ ခြင်းကြောင့်လည်းကောင်း၊ တဒုပလက္ခိတဿ-ထိုအဝိဇ္ဇာနီဝရဏဖြင့် မှတ်သား အပ်သော၊ စိတ္တုပ္ပာဒဿ-၏၊ အဘာဝေါစ-ကြောင့်လည်းကောင်း၊ ဝိသယ ဝိသေသော-အဝိဇ္ဇာနီဝရဏ၏ ဖြစ်ရာဌာနအထူးသည်၊ နတ္တေဝ၊ တသ္မာ, တံ-ထိုအဝိဇ္ဇာနီဝရဏကို၊ သဗ္ဗာကုသလေ-၌၊ ဥပ္ပဇ္ဇတီတိ-ဟူ၍၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ ဥဒ္ဓစ္စသဟဂတော-သော၊ ဝုတ္တစိတ္တုပ္ပာဒေါပန-ဆိုအပ်ပြီး သော စိတ္တုပ္ပာဒ်သည်ကား၊ သေသဓမ္မာနံ-ဥဒ္ဓစ္စမှကြွင်းသော တရားတို့၏၊ (ဥဒ္ဓစ္စသဟဂုတ်စိတ်၌ယှဉ်သော ကြွင်းသောတရားတို့၏၊) ဥဒ္ဓစ္စာနုဝတ္တနဘာဝေ န-ဥဒ္ဓစ္စသို့ အစဉ်လိုက်သည်၏အဖြစ်ကြောင့်၊ တဒုပလက္ခိ တော-ထိုဥဒ္ဓစ္စဖြင့် မှတ်သားအပ်သော၊ ဥဒ္ဓစ္စဿ-၏၊ ဝိသယဝိသေသော-သည်၊ (အတ္ထိ၊) တသ္မာ, သဗ္ဗကုသလေ-၌၊ ဥပ္ပဇ္ဇမာနံ-သော၊ ဥဒ္ဓစ္စံ-ကို၊ (ဂဟေတွာ၌ စပ်၊) သာမညေန-ဥဒ္ဓစ္စသာမညအားဖြင့်၊ ဥဒ္ဓစ္စနီဝရဏံတိ-ဟူ၍၊ ဂဟေတွာပိ-ယူပြီး၍လည်း၊ တံ-ထိုဥဒ္ဓစ္စနီဝရဏကို၊ အတ္တနော-၏၊ ဝိသယဝိသေသေန-ဖြင့်၊ ပကာသေတုံ-ငှာ၊ ဥဒ္ဓစ္စ ၊ပေ၊ ဥပ္ပဇ္ဇတီတိ-ဟူ၍၊ အာဟ။

စ-ဆက်၊ ဧဝံ-သို့၊ ပကာသနံ-ပြခြင်းကို၊ ဝိသယဝိသေသေသု-ဖြစ်ရာ ဌာန အထူးရှိကုန်သော၊ လောဘ ၊ပေ၊ ဂတေသု-လောဘသဟဂုတ်စိတ်,

---

**ယဒိ ဥဒ္ဓစ္စံ ၊ပေ၊ ဥပ္ပဇ္ဇတီတိ**။ ။ဥဒ္ဓစ္စသည် အကုသိုလ်အားလုံးနှင့် ယှဉ်ပါလျက် အဘယ်ကြောင့် ပါဠိတော်၌ "ဥဒ္ဓစ္စ သဟဂတေ ဥပ္ပဇ္ဇတိ"ဟု ဟောတော်မူ အပ်ပါသနည်းဟု မေးသည်၊ [သုတ္တန္တေ စသော စကားသည် သုတ္တန်ပါဠိတော်အချို့၌ အဝိဇ္ဇာနီဝရဏကို ဟောတော်မမူဘဲ ဈာန်အင်္ဂါငါးပါး၏ တိုက်ရိုက်ဆန့်ကျင်ဘက် ဖြစ်သော နီဝရဏငါးပါးကိုသာ ဟောတော်မူခြင်းကို အခြေခံ၍ ဖြေသောစကားတည်း၊ မှန်၏-"ဝိတက္ကော ထိနမိဒ္ဓဿ"စသော စကား၌ အဝိဇ္ဇာမပါ။]

**ဧဝဉ္စ ပကာသနံ**။ ။"ဂတေသွိ ဝေဒိတဗ္ဗံ"၌စပ်၊ လောဘ၊ပေ၊ သဟဂတေသုဝယ် လောဘသဟဂတစသည်ဖြင့် အသီးသီး တွဲပါ၊ ထိုတွင် လောဘသဟဂတဖြင့် ကာမစ္ဆန္ဒနီဝရဏ၏ ဝိသယဝိသေသကို ပြ၏၊ပေ၊ ဥဒ္ဓစ္စသဟဂတဖြင့် ဥဒ္ဓစ္စနီဝရဏ၏ ဝိသယဝိသေသကို ပြ၏၊ အဝိဇ္ဇာနီဝရဏကား ထိုငါးပါးတို့သို့ ပျံ့နှံ့၏။

ဒေါမနဿသဟဂုတ်စိတ်, သသင်္ခါရိကစိတ်, ဝိစိကိစ္ဆာသဟဂုတ်, ဥဒ္ဓစ္စသဟဂုတ်စိတ်တို့၌၊ ပဋ္စနီဝရဏာနိ–တို့ကို၊ ဝဝတ္ထပေတွာ–ပိုင်းခြား သတ်မှတ်ပြီး၍၊ တေသံ–ထိုနီဝရဏတို့သို့၊ ဗျာပကဘာဝေန–ပျံ့နှံ့တတ်သည်၏အဖြစ်ဖြင့်၊ ဆဋ္ဌံ–ခြောက်ခုမြောက် အဝိဇ္ဇာနီဝရဏကို၊ ပကာသေတုံ ကတတ္တံ ဝေဒိတဗ္ဗံ။

ပန–ဝါဒတ္တရကား၊ ကေစိ–အချို့ဆရာတို့သည်၊ ဥဒ္ဓစ္စသဟဂတေတိ (ဧတ္ထ)–ဤပါဠိ၌၊ သာမညေန–သာမညအားဖြင့်၊ သဗ္ဗံ–သော၊ ဥဒ္ဓစ္စံ–ကို၊ ဥဒ္ဓစ္စန္တိ–ဥဒ္ဓစ္စဟူ၍၊ ဂဟေတွာ–၍၊ တေန–ထိုဥဒ္ဓစ္စနှင့်၊ သဟဂတေ–တကွဖြစ်သော၊ စိတ္တုပ္ပာဒေ–၌၊ (အကုသိုလ်စိတ်အားလုံး၌၊) (ဥပ္ပဇ္ဇတိ၊) ဣတိ–သို့၊ ဝဒန္တိ၊ ပန–ထိုသို့ပင် ဆိုကြပါကုန်သော်လည်း၊ အယံ အတ္ထော–ဤအနက်အဓိပ္ပာယ်ကို၊ န ဗဟုမတော–များစွာ အလေးမပြုအပ်၊ ဝါ–များစွာသော ဆရာတို့သည် အသိအမှတ် မပြုအပ်၊ (ကသ္မာ န ဗဟုမတော၊) ဒွါဒသမ ၊ပေ၊ ဝိယ–ဒွါဒသမစိတ္တုပ္ပာဒ်၏ကဲ့သို့၊ သဗ္ဗာကုသလစိတ္တုပ္ပာဒါနံ–တို့၏၊ ဝါ–တို့ကို၊ ဥဒ္ဓစ္စေန–ဖြင့်၊ အနုပလက္ခိတတ္တာ(စ)–မမှတ်သားအပ်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဥပလက္ခိတတ္တေ–မှတ်သားအပ်ကုန်သည်၏ အဖြစ်သည်၊ သတိ–ဖြစ်လသော်၊ အဋ္ဌသု ၊ပေ၊ အာဒီသု ဝိယ–အစရှိသော စကားတို့၌ကဲ့သို့၊ [ဤစကားရပ်၌ “အဋ္ဌသု”ဟု သင်္ချာတပ်၍ ထားအပ်သကဲ့သို့၊] အညေသံ–န်သော၊ စိတ္တုပ္ပာဒါနံ–တို့ကို၊ နိဝတ္တနတ္ထံ–တားမြစ်ခြင်းအကျိုးငှာ၊ ဒွါဒသု ဥဒ္ဓစ္စသဟဂတေသူတိ–ဟူ၍၊ (ဒွာဒသသုဟု သင်္ချာတပ်၍၊) ဝတ္တဗ္ဗတ္တာစ–ဟောတော်မူထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ (န ဗဟုမတော။)

ပန–ဆက်၊ သဗ္ဗာကုသလာနံ–တို့၏၊ ဝါ–တို့ကို၊ ဥဒ္ဓစ္စနုပလက္ခိတတ္တာ–ဥဒ္ဓစ္စဖြင့် မမှတ်သားအပ်ကုန်သည်၏ အဖြစ်ကြောင့်၊ (န ဝုတ္တံ၌ စပ်၊) အဝိဇ္ဇာနီဝရဏံဝိယ–ဝိဇ္ဇာနီဝရဏကဲ့သို့၊ ဣဒမ္ပိ–ဤဥဒ္ဓစ္စနီဝရဏသည်လည်း၊ ဝါ–ကိုလည်း၊ သဗ္ဗာကုသလေသု ဥပ္ပဇ္ဇတီတိ–ဟူ၍၊ (ဘဂဝတာ)ဝတ္တဗ္ဗံ–ဟောတော်မူထိုက်သည်၊ သိယာ–ဖြစ်ရာ၏၊ ပန–စင်စစ်ကား၊ န ဝုတ္တံ–ဟောတော်မမူအပ်၊ တသ္မာ, ဝုတ္တနယေနေဝ–ဖြင့်သာလျှင်၊ (သုတ္တန္တေ ဝုတ္တေသုစသည်ဖြင့် ဆိုအပ်ခဲ့သော နည်းဖြင့်သာလျှင်၊) အတ္ထော ဝေဒိတဗ္ဗော၊ စ–ဆက်၊ ယွာ, အဝိဇ္ဇာ

---

**ကေစိ ၊ပေ၊ ဝဒန္တိ**။ ။“ဥဒ္ဓစ္စနီဝရဏံ ဥဒ္ဓစ္စသဟဂတေ စိတ္တုပ္ပာဒေ ဥပ္ပဇ္ဇတိ” ဟူသော ပါဠိတော်၌ ကေစိဝါဒကို ပြလိုသောကြောင့် “ကေစိ”စသည် မိန့်၊ ဥဒ္ဓစ္စသဟဂတေ၌ ဥဒ္ဓစ္စအရ (ဒွါဒသမ အကုသိုလ်စိတ်၌ယှဉ်သော ဥဒ္ဓစ္စသာမက) အကုသိုလ်စိတ် အားလုံး၌ယှဉ်သော ဥဒ္ဓစ္စသာမညကိုသာ ယူ၍ “ထိုဥဒ္ဓစ္စနှင့်တကွဖြစ်သော စိတ္တုပ္ပာဒ်၌ (အကုသိုလ်စိတ်အားလုံး၌)ဖြစ်၏”ဟု ကေစိဆရာတို့က ဆိုကြသည်၊ [ထိုအယူကို ပယ်လို၍ “အယံ ပနတ္ထော န ဗဟုမတော”စသည်ကို မိန့်သည်။]

နိဝရဏံဝိယ–ကဲ့သို့၊ ဥဒ္ဓစ္စနိဝရဏာဠ–သည်လည်း၊ သဗ္ဗာကုသလေသု–တို့၌၊ ဥပ္ပဇ္ဇတိ၊ တသ္မာ, နိက္ခိတ္တေပကဏ္ဍေ–၌၊ ကာမစ္ဆန္ဒ ၊ပေ၊ အာဒိ–အစရှိသော စကားကို၊ (ဘဂဝတာ)ဝုတ္တံ၊ တေန–ကြောင့်၊ ကေသုဉ္စိယေဝ–သော၊ စိတ္တုပ္ပာဒေ–၌၊ ဥဒ္ဓစ္စနိဝရဏံ–သည်၊ ဥပ္ပဇ္ဇတိ၊ ဣတိ–သို့၊ အဂ္ဂဟေတွာ–မယူမူ၍၊ အဓိပ္ပာယော–ကို၊ မဂ္ဂိတဗ္ဗော–ရှားမှီးထိုက်၏၊ ဣတိ–အပြီးတည်း၊ (ဥဒ္ဓစ္စနှင့် စပ်၍ အပြီးတည်း။)

ကိလေသဂေါစ္ဆကေ–၌၊ လောဘာဒီနိ–န်သော၊ ဒသ–န်သော၊ ကိလေသဝတ္ထူနိ–ကိလေသာဝတ္ထုတို့သည်၊ ဣမိနာ အနုက္ကမေန–ဤအစဉ်ဖြင့်၊ ဣမေဝ အဘိဓမ္မေ–ဤအဘိဓမ္မာ၌သာ၊ အာဂတာနိ၊ [ဤပါဠိတော်အတိုင်း သင်္ဂြိုဟ်၌လည်း စဉ်ထား၏။] တသ္မာ, ဣမေဝ–ဤပါဠိတော်၌ပင်၊ ဝုတ္တသ–သော၊ အတ္တနာ–နှင့်၊ သဟ ဝုတ္တေဟိ–အတူတကွ ဟောတော်မူအပ်ကုန်သော၊ ကိလေသော–တို့မှ၊ ရဟိတသ–ကင်းသော၊ ဥဒ္ဓစ္စကိလေသဿ–၏၊ ဝိသယဝိသေသေဟိ–ဖြစ်ရာဌာန အထူးသည်၊ နတ္ထိ၊ ဣတိ–ကြောင့်၊ ဝိသယဝိသေသန–ဖြင့်၊ ပကာသနံ–ကို၊ အကတွာ–၍၊ ဥဒ္ဓစ္စ ၊ပေ၊ ဥပ္ပဇ္ဇတီတိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ။

ကိလေ ၊ပေ၊ နိဒ္ဒေသေ–ကိလေသာစေဝ သံကိလိဋ္ဌပဒနိဒ္ဒေသ၌၊ ယသ္မာ, သံကိလဋ္ဌပဒံ–သံကိလိဋ္ဌပုဒ်သည်၊ ကိလေသသမ္ပယုတ္တပဒေန–နှင့်၊ အသမာနတ္ထံ–မတူသော အနက်ရှိသော၊ ကေဝလံ–သမ္ပယုတ်မဖက် သက်သက်၊ မလေန–ကိလေသာ အညစ်အကြေးသည်၊ ဥပတာပိတတံ–ပူပန်စေအပ်သည်၏အဖြစ်ဟူသော အနက်ကိုလည်းကောင်း၊ ဝိဗာဓိတတာဠ–နှိပ်စက်အပ်သည်၏အဖြစ်ဟူသော အနက်ကိုလည်းကောင်း၊ ဒီပေတိ၊ တသ္မာ, ကိလေသာ ၊ပေ၊ နိဒ္ဒေသေန–နှင့်၊ သမာနံ–တူသော၊ နိဒ္ဒေသံ–ကို၊ အကတွာ, တေဝ ၊ပေ၊ သံကိလိဋ္ဌာစာတိ–ဟူ၍၊ (ဘဂဝတာ)ဝုတ္တံ။

**၁၅၇၇**။ ဒွေ ၊ပေ၊ ဓတ္တေ–၌၊ ဒွေ တယောတိ–ဟူသော ပုဒ်ကို၊ ဟေတုဂေါစ္ဆကာဒီသု–တို့၌၊ ဝုတ္တာဓိကာရဝသေန–ဟောတော်မူအပ်ပြီးသော ပုဒ်၏ လိုက်ခြင်း၏ အစွမ်းဖြင့်၊ ရုဋ္ဌီယာ–အတွင်ရုဋ္ဌီအားဖြင့်၊ ဝုတ္တံ၊ ဣတိ–သို့၊

**အဂ္ဂဟေတွာ ၊ပေ၊ မဂ္ဂိတဗ္ဗောတိ**။　　။"ဥဒ္ဓစ္စနိဝရဏံ ဥဒ္ဓစ္စသဟဂတေ စိတ္တုပ္ပါဒေ ဥပ္ပဇ္ဇတိ"ဟူသော ပါဠိတော်၏အဓိပ္ပာယ်ကို (ဥဒ္ဓစ္စနိဝရဏသည် ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပာဒ်တစ်ခုတည်းသာ ဖြစ်၏ဟု) တိုက်ရိုက်မယူဘဲ နိက္ခေပကဏ္ဍပါဠိတော်, ပဋ္ဌာန်းပါဠိတော်တို့နှင့် မဆန့်ကျင်လောက်အောင် အဓိပ္ပာယ်ကို ရှားမှီးပါလေဟု နိဂုံးအုပ်သော စကားဖြစ်သည်၊ [အဂ္ဂဟေတွာတိ ယထာရုတဝသေနေဝ အတ္ထံ အဂ္ဂဟေတွာ ၊ပေ၊ ဧဝံ အဓိပ္ပာယော ဂဟေသိတဗ္ဗောတိ ယထာဝုတ္တမေဝ အတ္ထံ နိဂမေတိ၊–အနု။]

ကေစိ ဝဒန္တိ၊ အတ္ထံ–ကို၊ အနပေက္ခိတွာ–မရှုငဲ့မူ၍၊ ရုဠ္ဟိယာ–အားဖြင့်၊ ယဒိ ဝုစ္စေယျ၊ (ဝေံသတိ၊) ဂန္ထဂေါ္ဆကေစ–၌လည်း၊ ယတ္ထ ၊ပေ၊ ဥပ္ပဇ္ဇန္တီတိ–ဟူ၍၊ ဝတ္တဗ္ဗံ သိယာ၊ ယတ္ထ ဒွေ တယော ဂန္ထာ အညေဟိ ကေတော ဥပ္ပဇ္ဇန္တီတိ–ဟူသော၊ ဣမဿ အတ္ထဿ–ဤအနက်၏၊ သမ္ဘဝတော–ကြောင့်၊ ကေတောသဒ္ဒါ–ကေတောသဒ္ဒါသည်၊ ကိလေသဂေါ္ဆကေ–၌၊ သာတ္ထကော–အနက်ရှိ၏၊ ဟေတုဂေါ္ဆကာဒီသု–တို့၌၊ တေန–ထို ကေတောသဒ္ဒါနှင့်၊ ဝိနာပိ–၍လည်း၊ အဓိပ္ပာယဝိဇာနနတော–အဓိပ္ပာယ်ကို သိနိုင်ခြင်းကြောင့်၊ န (သာတ္ထကော၊) ဣတိ–သို့၊ ယဥ္စ–အကြင်စကားကိုလည်း၊ ဝဒန္တိ၊ တမ္ပိ–သည်လည်း၊ န–မသင့်၊ (ကသ္မာ), ဟေတုဂေါ္ဆကာဒီသုပိ–တို့၌လည်း၊ နာနာဥပ္ပတ္တိယံ–အသီးအသီး ဖြစ်ရာအခါ၌၊ ကေတောသဒ္ဒဿ–၏၊ ဟေတူ ၊ပေ၊ ဏာတ္တတ္တာ–ဟေတူစေဝ ဟေတုသမ္ပယုတ္တာအစရှိသည်ကို ယူခြင်းကို တားမြစ်ခြင်းအနက်ရှိသည်၏ အဖြစ်ကြောင့်တည်း၊ တသ္မာ, ရုဠ္ဟိအန္ဝတ္ထ ကထာရောပနဥ္စ–ရုဠ္ဟိကထာ, အန္ဝတ္ထကထာသို့ တင်ခြင်းကိုလည်း၊ ["ရုဠ္ဟိ အန္ဝတ္ထကတာရောပနဥ္စ"ဟုလည်း ရှိ၏၊ "ရုဠ္ဟိအဖြစ်, အန္ဝတ္ထအဖြစ်သို့ တင်ခြင်းကိုလည်း"ဟု ပေး၊] ဝဇ္ဇေတွာ–ကြဉ်၍၊ ယထာဝုတ္တေနေဝ–သော၊ နယေန–ဖြင့်၊ အတ္ထော ဝေဒိတဗ္ဗော၊ ဣတိ–ဤသို့ မှတ်အပ်၏။

လောဘော ၊ပေ၊ အာဒိနာ–သော၊ လောဘပဋိဃမောဟာနံ–တို့၏၊ အညေဟိ–အခြား ကိလေသာတို့နှင့်၊ ကေတော, ဥပ္ပတ္တိဒဿနနေဝ–ဖြစ်ပုံကို ပြကြောင်းစကားဖြင့်ပင်၊ တေသမ္ပိ–ထို အခြားသော ကိလေသာတို့၏လည်း၊ လောဘာဒီဟိ–တို့နှင့်၊ ကေတော, ဥပ္ပတ္တိ–ဖြစ်ပုံကို၊ ဒဿိတာတိ ဝေဒိတဗ္ဗာ၊ [တေသံတိ–လောဘာဒိတော အညေသံ၊ "ဒဿိတာတိ ကထံ ဒဿိတာ"ဟု ပုစ္ဆာထုတ်၍ အနုဋီကာ၌ အကျယ်ပြထား၏။] သေသံ–သည်၊ ဥတ္တာနတ္တမေဝ၊ ဣတိ–အပြီးတည်း၊ အဋ္ဌကထာကဏ္ဍဝဏ္ဏနာ–သည်၊ နိဋ္ဌိတာ–ပြီ။

စတ္တာရီသဟဿာနိစ–လေးထောင်သော ပုဒ်တို့သည်လည်း၊ ပုန–တစ်ဖန်၊ တီဏိသတာနိစ–သုံးရာသော ပုဒ်တို့သည်လည်းကောင်း၊ အဋ္ဌသာလိနိယာ–

---

**ယထာဝုတ္တေနေဝ နယေန**။ ။အဋ္ဌကထာ၌ "ယတ္ထ ဒွေတယော ကိလေသာ ၊ပေ၊ တတ္ထ ဒွေကိလေသာ အညေဟိ, တယောဝါ ၊ပေ၊ ဥပ္ပဇ္ဇန္တီတိ ဧဝမတ္ထော ဒဋ္ဌဗ္ဗော"ဟု ဖွင့်ထား၏၊ ထိုနည်းအတိုင်းသာ အဓိပ္ပာယ်မှတ်သင့်သည်၊ ရုဠ္ဟိ အန္ဝတ္ထ အဖြစ်သို့ တင်ခြင်းကို ရှောင်ကြဉ်ပါ၊ [ရှေးက တွင်လာခဲ့သော စကားအတိုင်း "ဒွေ တယော ကိလေသာ"ဟု ဟောတော်မူသည်ဟု ယူလျှင် အတွင်ရုဠ္ဟိအဖြစ်သို့ တင်ရာ ရောက်၏၊ ကိလေသာနှစ်ပါးသာ, သို့မဟုတ် သုံးပါးသာ တိကျ အတူဖြစ်နိုင်သည်ဟု ယူလျှင် အန္ဝတ္ထအဖြစ်သို့ တင်ရာရောက်၏၊ ထိုကဲ့သို့ မရောက်အောင် ရှောင်ကြဉ်၍ အဋ္ဌကထာဆိုထားသည့်အတိုင်း မှတ်ပါ–ဟူလို။]

အဋ္ဌသာလိနီ အဋ္ဌကထာ၏၊ ဓောပဒါ (ဓောနိ ပဒါနိ)–ဤပုဒ်တို့သည်၊ လီနတ္ထဇောတကာ (ဇောတကာနိ)–လျှို့ဝှက်သော အနက်တို့ကို ထွန်းပြတတ်သော ပုဒ်တို့တည်း။

နာမေန–အမည်အားဖြင့်၊ ဓမ္မမိတ္တောတိ–ဓမ္မမိတ္တမည်သော ရဟန်းသည်၊ သက္ကစ္စံ–ရိုသေစွာ၊ အဘိယာစိတော–ရှေးရှုတောင်းပန်အပ်သည်၊ (ဟုတ္ဝာ)၊ နာမေန–ဖြင့်၊ အာနန္ဒောဣတိ–အာနန္ဒာမည်သော၊ သုဗုဒ္ဓိနာ–ကောင်းသော ပညာရှိပုဂ္ဂိုလ်သည်၊ ဂန္ထာ–ထုံးဖွဲ့အပ်သော ကျမ်းစာတို့ကို၊ ကတာ–ပြုအပ်ကုန်ပြီ၊ ဣတိ–အပြီးတည်း။

ဣတိ–ဤဆိုအပ်ပြီးသော စကားဖြင့်၊ အဋ္ဌသာလိနိယာ–၏၊ လီနတ္ထပဒဝဏ္ဏနာ–လျှို့ဝှက်တိမ်မြုပ်သော အနက်ရှိသောပုဒ်တို့ကို ဖွင့်ကြောင်းဖွင့်ရာ ဖြစ်သော၊ ဓမ္မသင်္ဂဏီမူလဋီကာ–သည်၊ သမတ္တာ–ပြီးပြီ၊ [မူလဋီကာဟူသော အမည်သည် အနုဋီကာ ပေါ်လာမှဖြစ်သော နာမည်တည်း၊ ထို့ကြောင့် "ဓမ္မသင်္ဂဏီမူလဋီကာ"ဟူသောပါဌ်သည် ရှေးပါဌ် မဟုတ်နိုင်ပါ။]

## ဘာသာဋီကာနိဂုံး

**ကျမ်းပြီးပုံ။**　　။ဓမ္မသင်္ဂဏီပါဠိတော်နှင့်တကွ ဤအဋ္ဌကထာမူလဋီကာတို့ကို ပါရာဇိကဏ်အဋ္ဌကထာ ပို့ချအပြီး၌ ဆက်လက်၍ ပို့ချခဲ့ရာ လေးနှစ်ခန့်ကြာမှ ပြီးစီးပါသည်၊ ပို့ချစဉ်အခါဝယ် ဝီရိယသန်သန်ဖြင့် မှန်မှန် နေ့စဉ် ပို့ချ၍ ကာယသုခ မရခဲ့သော်လည်း "သာသနာ့ဝန်ကို အားသွန် ကြိုးပမ်း ထမ်းရပေပြီ၊ ထမ်းနိုင်ပေသည်"ဟု တွေးကာ အေးဆေး ချမ်းမြ, စိတ္တသုခကို ရခဲ့ပါသည်၊ ရည်ရွယ်သလောက် ပြီးမြောက်ချိန်၌ကား ပီတိ အစွမ်းကြောင်း ပဏီတရုပ်တွေ တစ်ကိုယ်လုံးဖြန်းကာ ကာယသုခလည်း ရပြန်ပါသည်။

**သိဒ္ဓိုတ္တဘော ဘာသာဋီကာ, ဒေသဘာသာယ သင်္ခတာ၊**
**ဝဏ္ဏနာ သဟဋီကာယ, အဋ္ဌသာလိနိယာ သုဘာ။**

သဟဋီကာယ–ဆရာဆရာ့, မြဲပို့ချသည်, မူလမည်သာ, ကျမ်းဋီကာနှင့် တကွဖြစ်သော၊ အဋ္ဌသာလိနိယာ–အဋ္ဌသာလိနီ, ကိုယ့်နာမည်ဖြင့်၊ နှစ်ဆိပြည့်စွာ, အဋ္ဌကထာ၏၊ ဝဏ္ဏနာ–နိဿယအဓိပ္ပာယ်, စုံအောင်ခြယ်၍, အရွယ်သင့်တန်, အဖွင့်မှန်ဖြစ်သော၊ သုဘာ–သဒ္ဒါမပျက်, မြန်မာနက်ကြောင့်, နှစ်သက်ဖွယ်, လွန်တင့်တယ်သော၊ ဒေသဘာသာယ–တိုင်းရင်းမြန်မာ, အမိဘာသာဖြင့်၊ သင်္ခတာ–တစ်သန့်တစ်သန့်, အကန့်ကန့်လျက်, ခံ့ခံ့စီရရီ,

တည်ကြည်စွာ ဖွင့်ပြအပ်သော၊ ဘာသာဋီကာ–ဘာသာဋီကာ, အမည်သာသည့်, မီရာသိပ်သည်း, နိဿယည်းသည်လည်း၊ သိဗ္ဗတ္တဘော–ထောင့်သုံးရာလွန်, နှစ်ဆယ့်ခွန်ဝယ်၊ လကွယ်ခါချဉ်း, တောသလင်းသက်, ဆယ့်သုံးရက်၌, နှစ်သက်ရွှင်ကြည်, ပြီးမြောက်ပြန်ပြီတကား။

**သမ္ဗုဇ္ဈယာမိ ထေရာနံ, ယေသာဟံ သမ္ပဂ္ဂဟိတော၊**
**သိက္ခိတော ဂန္ထကာရေပိ, ပဏ္ဍော္မိ ပကတညုတံ။**

ယေသံ ထေရာနံ–အထက်ဝေဟင်, နေအသွင်သို့, မြေပြင်ထင်ရှား, အကြင်ဆရာတော်ဘုရားတို့သည်၊ သမ္ပဂ္ဂဟိတော–အထူးစောင့်ရှောက်, ချီးမြှောက်အပ်သော၊ အဟံ–ငါသည်၊ သိက္ခိတော–ရေးနည်း သားနည်း, ပို့ချနည်း၌, သိပ်သည်း သေသပ်, သင်အပ်သော အတတ်ရှိသည်ဖြစ်၍၊ ဂန္ထကာရေပိ–ခုခေတ် နောက်သား, အကျိုးများဖို့, ရေးသားကျိုးကုတ်, ကျမ်းပြုခြင်း အလုပ်၌လည်း၊ ပကတညုတံ–သဘောသကဲ, ရှေးထုံးစံကို, အမှန်သိမြင်, ကျွမ်းကျင်သူ၏အဖြစ်သို့၊ ပဏ္ဍော+အမှိ–ခေတ်အလျောက်, လေးစားလောက်အောင်, မဖောက်မသွေ, ရောက်ရပေ၏၊ တေသံ ထေရာနံ–ကျေးဇူးတော်ရှင်, ဂုဏ်အင်ကြီးမား, ထို ဆရာတော်ဘုရားတို့အား၊ သမ္ဗုဇ္ဈယာမိ–ကျမ်းစာရေးသား, ကောင်းမှုများဖြင့်, လေးစားကော်ရော်, ပူဇော်ပါသတည်း။

**စတုစတ္တံ ဝတ္တိယာန, ယာနံ ဗလပရိဂ္ဂဟံ၊**
**ယာနယ အမတံ ပါရံ, ကာဿံ ပုရိသာကာရိယံ။**

စတုစတ္တံ–သမ္မတ္တိစက်, လေးချက်စုပေါင်း, စက်ခေါင်းလေးခုလည်း ပါရှိထသော၊ ဗလပရိဂ္ဂဟံ–ရန်ပေါင်းခွင်းဖြို, ငါးဦးဗိုလ်တို့, ကိုယ်စီစောင့်ကြပ်, အုပ်ချုပ်အပ်ထသော၊ ယာနံ–အသွားလျင်လျင်, အများတင်လည်း, အားအင်ခိုင်ဖြိုး, မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို၊ ဝတ္တိယာန–မတိမ်းမစောင်း, လည်စေကြောင်းဖြင့်, ကောင်းစွာအစဉ်, မောင်းကာနှင်၍၊ အမတံပါရံ–ဤဘက်မှာနေ, အာလုံးသေလျက်, ဟိုပြေရောက်မှ, ဘေးကင်းရမည့်, အမတခေါ်, နေပြည်တော်သို့၊ ယာနာယ–ကိလေသာဟူ, ရန်သူပစ်ဖောက်, ဖုံးအမြောက်တို့, မကြောက်မနား, အရောက်သွားခြင်းငှာ၊ ပုရိသာကာရိကယံ–ယောကျ်ားမှန်က, ပြုရရှိမည့်, ကမ္ဘာလက်ရိုး, လုလ္လမျိုးကို၊ ကာဿံ–ငါးဦးဗိုလ်ချုပ်, အဖော်လုပ်၍, မဆုတ်ရစေ ... ပြုလုပ်ပေအံ့သတည်း။

**မူလဋီကာနိဿယနှင့်**
**အဋ္ဌသာလိနီဘာသာဋီကာ**
**ပြီးပြီ။**

အဋ္ဌကထာနှင့် တွဲဖက်ပို့ချဖို့ရန်

## အရှင်ဇနကာဘိဝံသ

၏

# ဓမ္မသင်္ဂဏီပါဠိတော်

# နိဿယ

## မှတ်သားဖွယ်ပုဒ်များ


| မှတ်သားဖွယ် | စာမျက်နှာ |
|---|---|
| ယသ္မိံ သမယေ၏အနက် ... ... | ၅၂၆–၇ |
| ဖဿနိဒ္ဒေသ၏အနက် ... ... | ၅၂၈–၉ |
| ပါဠိတော်ကို ရှင်းလင်းချက် ... ... | ၅၃၀ |
| ဝေဒနာနိဒ္ဒေသ၏အနက် ... ... | ၅၃၁ |
| သညာနိဒ္ဒေသ ... ... | ၅၃၂ |
| စေတနာနိဒ္ဒေသ ... ... | ၅၃၂ |
| စိတ္တနိဒ္ဒေသ ... ... | ၅၃၂ |
| ဝိတက်နိဒ္ဒေသ ... ... | ၅၃၃ |
| ဝိစာရနိဒ္ဒေသ ... ... | ၅၃၄ |
| ပီတိနိဒ္ဒေသ ... ... | ၅၃၄ |
| ဧကဂ္ဂတာနိဒ္ဒေသ ... ... | ၅၃၅ |
| သဒ္ဓိန္ဒြိယ ... ... | ၅၃၅ |
| ဝီရိယိန္ဒြိယ ... ... | ၅၃၆ |
| သတိန္ဒြိယ ... ... | ၅၃၆ |
| ပညိန္ဒြိယ ... ... | ၅၃၇ |
| ဇီဝိတိန္ဒြိယ ... ... | ၅၃၈ |
| ဟိရီ, ဩတ္တပ္ပ ... ... | ၅၃၉ |
| အလောဘ ... ... | ၅၄၀ |
| ပဿဒ္ဓိ စသည် ... ... | ၅၄၀ |
| ရူပါဝစရကုသိုလ် (စတုက္ကနယ) ... ... | ၅၄၄ |
| မဂ္ဂင် မဂ္ဂပရိယာပန္န ... ... | ၅၆၄ |
| ပီတိသမ္ဗောဇ္ဈင်္ဂ ... ... | ၅၆၄ |
| အနညာတညဿာမိတိန္ဒြိယ ... ... | ၅၆၄ |
| သမ္မာဝါစာနိဒ္ဒေသ ... ... | ၅၆၄ |
| ဧကဂ္ဂတာနိဒ္ဒေသ ... ... | ၅၆၈ |
| မိစ္ဆာဒိဋ္ဌိနိဒ္ဒေသ ... ... | ၅၆၈ |
| မောဟနိဒ္ဒေသ ... ... | ၅၆၉ |
| ဒေါသနိဒ္ဒေသ ... ... | ၅၇၀ |
| ဝိစိကိစ္ဆာ ... ... | ၅၇၀ |
| ဥဒ္ဓစ္စနိဒ္ဒေသ ... .... | ၅၇၂ |
| စက္ခာယတန ... ... | ၅၇၇ |

## မှတ်သားဖွယ်ပုဒ်များ


| မှတ်သားဖွယ် | | | စာမျက်နှာ |
|---|---|---|---|
| ရူပါယတန | ... | ... | ၅၇၉ |
| သဒ္ဒါယတန | ... | ... | ၅၈၀ |
| ဂန္ဓာယတန် | ... | ... | ၅၈၁ |
| ရသာယတန | ... | ... | ၅၈၁ |
| ကာယဝိညတ္တိ | ... | ... | ၅၈၂ |
| ဝစီဝိညတ္တိ | ... | ... | ၅၈၂ |
| အာကာသဓာတု | ... | ... | ၅၈၂ |
| ကဗဠီကာရအာဟာရ | ... | ... | ၅၈၄ |
| အာပေါဓာတု | ... | ... | ၅၈၅ |
| သက္ကာယဒိဋ္ဌိ ၂၀ | ... | ... | ၅၈၈ |
| ဝိစိကိစ္ဆာ၏ ၈ ဌာန | ... | ... | ၅၉၀ |
| ဥပ္ပန္နနိဒ္ဒေသ | ... | ... | ၅၉၂ |
| လောဘနိဒ္ဒေသ | ... | ... | ၅၉၄ |
| ဒေါသ (အာဃာတဝတ္ထု) | ... | ... | ၅၉၈ |
| ဒိဋ္ဌာသဝ | ... | ... | ၆၀၂ |
| မာနသံယောဇနံ | ... | ... | ၆၀၂ |
| ကုက္ကုစ္စနိဒ္ဒေသ | ... | ... | ၆၀၃ |
| မစ္ဆရိယနိဒ္ဒေသ | ... | ... | ၆၀၃ |
| ထိန-မိဒ္ဓ | ... | ... | ၆၀၄ |
| ဒိဋ္ဌုပါဒါနံ | ... | ... | ၆၀၆ |
| ကာမာဝစရော | ... | ... | ၆၀၇ |
| အဓိဝစနာ စသည် | ... | ... | ၆၀၈ |
| ဒေါဝစဿတာ | ... | ... | ၆၀၈ |
| ပါပမိတ္တတာ | ... | ... | ၆၀၉ |
| သာခလျ | ... | ... | ၆၁၀ |
| ပဋိသန္ထာရ | ... | ... | ၆၁၁ |
| ဣန္ဒြိယဂုတ္တ | ... | ... | ၆၁၅ |
| ဘောဇနေမတ္တညုတာ | ... | ... | ၆၁၂,၃ |
| အပ္ပဋိဝါနိတာ | ... | ... | ၆၁၅ |
| ဓမ္မသင်္ဂဏီပုဒ်၏ဝစနတ္ထ | ... | ... | ၆၂၃ |

## ဓမ္မသင်္ဂဏီပါဠိတော်၏
## ကောက်နုတ်ချက်နိဿယ

**တိုက်တွန်းချက်။** ။"အဋ္ဌကထာ"ဆိုသည်မှာ "ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ပြသောကျမ်းစာ ဖြစ်သည်"ဟု စာချစာသင် ပုဂ္ဂိုလ်အများပင် နားလည်ပြီး ဖြစ်ကြပါသည်။ ထို့ကြောင့် အရင်းခံ ပါဠိတော်၏ ဟောတော်မူလိုအပ်သော အချက်အလက်များကိုသာ နားလည်ဖို့ရန် အဋ္ဌကထာကို သင်ယူရကြောင်း ထင်ရှားပါသည်၊ သို့ဖြစ်လျှင် "ပါဠိတော်ကို မသင်မချဘဲ အဋ္ဌကထာကိုသာ သင်ပြပို့ချခြင်းသည် အစစ်အမှန် သဘာဝ ဟုတ်ပါ၏လော"ဟု တွေးတောစရာ ဖြစ်လာပါသည်။

ထို့ကြောင့် တပည့်တော်များ၏ ကျေးဇူးတော်ရှင် ပခုက္ကူဆရာတော်များသည် မည်သည့် အဋ္ဌကထာမဆို ပို့ချသောအခါ ပါဠိတော်ကို ပဓာနထား၍ ပို့ချလေ့ရှိကြပါသည်၊ ဤဓမ္မသင်္ဂဏီပါဠိတော်၏ အဋ္ဌကထာကိုလည်းကောင်း, မူလဋီကာကိုလည်းကောင်း တစ်လစီ ဆိုရသော တပည့်တော်သည် နေ့စဉ်နေ့စဉ် ပါဠိတော်ဆိုသောပုဂ္ဂိုလ်၏ အထပ်ထပ် ပါဠိတော်ဆိုသံကို နားလျှံအောင် ကြားခဲ့ရပါသည်၊ ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၏ ကောက်နုတ်ချက်နိဿယကို ဤဘာသာဋီကာ၏ နောက်ဆက်တွဲ အဖြစ်ဖြင့် ထည့်သွင်းလိုက်ရသည်မှာ ဗုဒ္ဓမြတ်စွာကို ပူဇော်ရာ ရောက်သည့်အပြင် ကျေးဇူးရှင် ဆရာတော်များကိုလည်း ကျေးဇူးဆပ်ရာ ရောက်သောကြောင့် အလွန် ကျေနပ် ဝမ်းမြောက်စွာဖြင့် အမြန်ရေးသား၍ ထည့်သွင်းလိုက်ရပါသည်၊ သဘာဝအစစ်ကို လိုက်လိုသော စာချစာသင် အရှင်များလည်း ကြိုးစား၍ ပို့ချကြပါရန် တိုက်တွန်း တောင်းပန်ပါသည်။

တပည့်တော်တို့ ပရိယတ္တိသာသနာ့ဝန်ဆောင်များသည် တကယ့်ကို စိတ်ပါလက်ပါဆောင်နေရင်းပင် ပဋိပတ်သာသနာတော်ကိုလည်း ဆောင်လိုသောစိတ်များ ပြင်းပြလောက်အောင် တရားတော်က နေ့စဉ် နှိုးဆော်၍နေပါသောကြောင့် မကြာမီ ပဋိပတ္တိသာသနာ့ဝန်ဆောင်များလည်း ဖြစ်နိုင်ပါသည်၊ ထိုသို့ ဖြစ်နိုင်သည်အထိ ကြိုးစားမိလျှင်ကား ဂတိကောင်းဖို့မျှမက မဂ်ဖိုလ်နိဗ္ဗာန်သည်ပင် ဟတ္ထဂတ ဖြစ်နေပါလိမ့်မည်။

**သယံ ဗုဒ္ဓေါ သမ္မောဓေသိ, ဓမ္မေပိ ဓမ္မသတ္တိယော၊**
**အဟော နော တဿ သုတတ္တံ, အဟော နော ဓမ္မစိန္တနံ။**

**၁၃၃၁**
**တပေါင်းလ**

**အရှင်ဇနကာဘိဝံသ**

# စိတ္တုပ္ပါဒကဏ္ဍ

**မာတိကာ။** ။**ညဝါ အကောက်များကို နည်းမှီ၍ အနက်ပေးပါ၊ အဋ္ဌကထာအဖွင့်ကို ယူနိုင်လျှင်လည်း ယူ၍ပေးပါ။**

## ကာမာဝစရကုသလပဒဘာဇနီ

## ဓမ္မဝဝတ္ထာနဝါရ–ဥဒ္ဒေသ

**အနုသန္ဓေ။** ။ကာမာဝစရကုသလပဒဘာဇနီ၌ ဓမ္မဝဝတ္ထာနဝါရ, သင်္ဂဟဝါရ, သုညတဝါရအားဖြင့် သုံးပါး အပြားရှိ၏၊ ထိုတွင် ဓမ္မတို့ကို ဖဿ ဝေဒနာ စသည်ဖြင့် ပိုင်းခြားသတ်မှတ်၍ပြရာ ဝါရကို "ဓမ္မဝဝတ္ထာန ဝါရ"ဟု ခေါ်၏၊ ထိုဓမ္မဝဝတ္ထာနဝါရ၌ ဥဒ္ဒေသ, နိဒ္ဒေသအားဖြင့် နှစ်ပါး အပြားရှိ၏၊ ထိုတွင် "ဖဿော ဟောတိ, ဝေဒနာ ဟောတိ"စသည်ဖြင့် အကျဉ်းသရုပ်မျှ ထုတ်ပြရာပါဠိရပ်သည် "ဥဒ္ဒေသ"မည်၏၊ "ကတမော တသ္မိံ သမယေ ဖဿော ဟောတိ"စသည်ဖြင့် အကျယ်ပြရာပါဠိရပ်သည် "နိဒ္ဒေသ"မည်၏၊ ထိုတွင် ဥဒ္ဒေသကို ဟောတော်မူလိုသောကြောင့် "တသ္မိံ သမယေ ဖဿော ဟောတိ"စသည်ကို မိန့်တော်မူသည်။

**၁။** ကတမေ ဓမ္မာ–အဘယ်တရားတို့သည်၊ ကုသလာ–ကုသိုလ်တို့နည်း၊ ယသ္မိံ သမယေ–အကြင်အခါ၌၊ ကာမာဝစရံ–ကာမာဝစရဖြစ်သော၊ ကုသလံ–ကုသိုလ်ဖြစ်သော၊ သောမနဿသဟဂတံ–သောမနဿသဟဂုတ်ဖြစ်သော၊ ဉာဏသမ္ပယုတ္တံ–ဉာဏသမ္ပယုတ်ဖြစ်သော၊ စိတ္တံ–စိတ်သည်၊ ရူပါရမဏံ–ရူပါရုံကို၊ အာရဗ္ဘ ဝါ–အာရုံပြု၍သော်လည်းကောင်း၊ပေ၊ ဓမ္မာရမဏံ–ဓမ္မာရုံကို၊ အာရဗ္ဘ ဝါ–အာရုံပြု၍သော်လည်းကောင်း၊ ယံ ယံ ဝါပန–အမှတ်မထား တစ်ပါးပါးသော အာရုံကို၊ အာရဗ္ဘ–အာရုံပြု၍၊ ဥပ္ပန္နံ–ဖြစ်ဆဲသည်၊ [အတိတ်စိတ်၏ ဘင်ခဏမှ အထက်ဖြစ်သော နောက်ကာလ၌ ခဏတ္တယသို့ ရောက်သည်၊(သဒ္ဒတ္ထ)။] ဟောတိ–ဖြစ်၏၊ တသ္မိံ သမယေ–ကာမာဝစရကုသိုလ်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်စိတ်၏ဖြစ်ရာ ထိုအခါ၌၊ ဖဿော–ဖဿသည်၊ ဟောတိ–ဖြစ်၏၊ ဝါ–ပါဝင်၏၊ပေ၊ အဝိက္ခေပေါ–အဝိက္ခေပသည်၊ ဟောတိ–၏၊ ဝါ–၏၊ တသ္မိံ သမယေ–၌၊ အညေပိ–ဖဿစသော တရားတို့မှ တစ်ပါးလည်းဖြစ်ကုန်သော၊ ပဋိစ္စသမုပ္ပန္နာ–အကြောင်းကိုစွဲ၍ ဖြစ်ကုန်သော၊ အရူပိနော–နာမ်ဖြစ်ကုန်သော၊ ယေ ဝါ ပန ဓမ္မာ–အကြင် သဘောတရားတို့သည်၊ အတ္ထိ–ရှိကုန်၏၊ ဝါ–၏၊ ဣမေ ဓမ္မာ–ဖဿစသော ဤ အလုံးစုံသောတရားတို့သည်၊ ကုသလာ–ကုသိုလ်တို့တည်း။...... [ကုသလ အမည်ကို မာတိကာတုန်းက သိခဲ့ပြီးဖြစ်၍ အမည်ကို မေးစရာမလို၊ တရားကိုယ် သရုပ်ကိုသာ မေးပါသည်။]

**တစ်နည်း**။ ။ပြအပ်ပြီးသော အနက်ပေးပုံသည် သမယသဒ္ဒါ၏ ကာလအနက်ကို ယူ၍ ပေးပုံတည်း၊ ကာလအနက်အပြင် သမူဟအနက်, ခဏအနက်, သမဝါယအနက်, ဟေတုအနက်အားဖြင့် အနက်ပေးပုံကိုလည်း အဋ္ဌကထာဖွင့်အတိုင်း ပေးနိုင်သေး၏။

**သမူဟအနက်**။ ။ယသ္မိံ သမယေ–အကြင် ဖဿ,ဝေဒနာစသော တရားအပေါင်း၌၊ ကာမာဝစရံ–သော၊ပေ၊စိတ္တံ–သည်၊ ဥပ္ပန္နံ–သည်၊ ဟောတိ–၏၊ တသ္မိံ သမယေ–ထို ဖဿ,ဝေဒနာစသော တရားအပေါင်း၌၊ ဖဿော–ဖဿသည်၊ ဟောတိ–ဖြစ်၏၊ ဝါ–ပါဝင်၏၊ ဝေဒနာ၊ပေ၊အဝိက္ခေပေါ–သည်၊ ဟောတိ၊ [ယေ ဝါ ပန၊ပေ၊ဣမေ ဓမ္မာ ကုသလာ၌လည်း တသ္မိံ သမယေကို ဤအတိုင်းပေးပါ။]

**ခဏအနက်**။ ။ယသ္မိံ သမယေ–အကြင် နဝမခဏ,စတုစက္ကသမ္ပတ္တိခဏဟူသော အခွင့်ကောင်းသည်၊ (သတိ–ဖြစ်လတ်သော်)၊ ကာမာဝစရံ–သော၊ပေ၊စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ–ထို နဝမခဏ,စတုစက္ကသမ္ပတ္တိခဏဟူသော အခွင့်ကောင်းသည်၊ (သတိ–ဖြစ်လတ်သော်)၊ ဖဿော၊ပေ၊အဝိက္ခေပေါ ဟောတိ [ယေ ဝါ ပန တသ္မိံ သမယေ၌လည်း ဤအတိုင်း ပေးပါ။]

**မှတ်ချက်**။ ။ဤခဏအနက်ကို အကုသိုလ်၌ မရနိုင်၊"နဝမခဏ"ဟူရာ၌ ဘုရားပွင့်ခြင်းဟူသော ဗုဒ္ဓုပ္ပာဒတစ်ပါးတည်းဖြင့် နဝမခဏအမည်မရသေး၊ ဗုဒ္ဓုပ္ပာဒဖြစ်ခြင်း, တရားဟောတော်မူခြင်း, မဇ္ဈိမဒေသ၌ လူဖြစ်ရခြင်း, တိဟိတ်ပဋိသန္ဓေနေရခြင်း, သမ္မာဒိဋ္ဌိဖြစ်ရခြင်း ဤအားလုံးစုံမှ အင္ဂက္ခဏ(အင္ဂ+အက္ခဏ=ရပ်ပြစ်ရှစ်ပါး)ကို ထောက်၍"နဝမခဏ"ဟုအမည်ရသည်။[ဆောင်ပုဒ်ကို ဒုတိယအုပ်နံပါတ်(၄၂)၌ရှုပါ။]

**သမဝါယအနက်**။ ။ယသ္မိံ သမယေ–အာရုံ,ယောနိသောမနသိကာရစသော အကြောင်းအပေါင်းသည်၊ ဝါ–အာရုံ,ယောနိသောမနသိကာရစသော အကြောင်းတို့၏ ပေါင်းဆုံညီညွတ်ခြင်းသည်၊ (သတိ–သော်)၊ ကာမာဝစရံ၊ပေ၊ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ–ထို အာရုံ,ယောနိသောမနသိကာရစသော အကြောင်းအပေါင်းသည်၊ ဝါ–သည်၊ (သတိ–သော်)၊ ဖဿော၊ပေ၊အဝိက္ခေပေါ ဟောတိ။ [ယေ ဝါ ပန တသ္မိံ သမယေ၌လည်း ဤအတိုင်း ပေးပါ။]

**ဟေတုအနက်**။ ။ယသ္မိံ သမယေ–အကြင် ယောနိသောမနသိကာရဟူသော ပဓာနအကြောင်းသည်၊ (သတိ–သော်)၊ ကာမာဝစရံ၊ပေ၊စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ–ထိုယောနိသောမနသိကာရဟူသော ပဓာနအကြောင်းသည်၊ (သတိ–သော်)၊ ဖဿော၊ပေ၊အဝိက္ခေပေါ ဟောတိ၊ ယေ ဝါ ပန တသ္မိံ သမယေ၌လည်း "တသ္မိံ သမယေ–သည်၊ (သတိ–သော်၊)"ဟု ပေးပါ။ [ကုသိုလ်အရာဖြစ်၍ ယောနိသောမနသိကာရကို ပဓာနအကြောင်းဟု ဆိုသည်၊ အကုသိုလ်အရာ၌ အယောနိသောမနသိကာရကိုလည်းကောင်း, ကြိယာအရာ၌ နိရာနုသယသန္တာန် (အနုသယကင်းသော ရဟန္တာ၏သန္တာန်)ကိုလည်းကောင်း ပဓာနအကြောင်းဟု မှတ်ပါ။]

**တစ်နည်း**။ ။နိဿယ၌ ပြအပ်သောနည်းသည် ရူပါရမဏံ ဝါ–စသည်ကို အာရဗ္ဘနှင့် တွဲစပ်၍ အနက်ပေးအပ်သောနည်းတည်း၊ အဋ္ဌကထာဝယ် ရူပါရမဏံ စသည်ကို ဗဟုဗ္ဗီဟိသမာသ်ပြု၍ စိတ္တံနှင့်တွဲစပ်ဖို့ရန် တစ်နည်းပြသေး၏၊ အနက်ပေးပုံကား–ယသ္မိံ သမယေ–၌၊ပေ၊ဉာဏသမ္ပယုတ္တံ–သော၊ ရူပါရမဏံဝါ–ရူပါရုံဟူသော

## ဓမ္မဝဝတ္ထာနနိဒ္ဒေသ

**အနုသန္ဓေ**။ ။ ဥဒ္ဒေသကို ဟောတော်မူပြီး၍ နိဒ္ဒေသကို ဟောတော်မူခြင်းဌာ "ကတမော တသ္မိံ သမယေ ဖဿော ဟောတိ"စသော ပုစ္ဆာကို မိန့်တော်မူသည်။

**၂။ ဖဿနိဒ္ဒေသ**။ ။ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ သောမနဿ သဟဂတံ, တိဟေတုကံ–တိဟိတ်ဖြစ်သော၊ အသင်္ခါရိကံ–အသင်္ခါရိက ဖြစ်သော၊ မဟာစိတ္တံ–မဟာစိတ်သည်၊ ဥပ္ပန္နံ ဟောတိ–ဖြစ်၏၊ တသ္မိံ သမယေ–ထို အခါ၌၊ (ကာမာဝစရကုသိုလ် သောမနဿသဟဂုတ် တိဟိတ် အသင်္ခါရိက မဟာစိတ်၏ဖြစ်ရာ ထိုအခါ၌၊) ကတမော–အဘယ်သို့သော၊ ဖဿော–ဖဿသည်၊ ဟောတိ–ဖြစ်သနည်း။

–တသ္မိံ သမယေ–၌၊(ဖုသနကဝသေန–အာရုံကို တွေ့ထိခြင်း၏အစွမ်းဖြင့်၊ ဥပ္ပန္နော–ဖြစ်သော၊) ယော ဖဿော–အကြင် ဖဿသည်၊ (အတ္ထိ–ရှိ၏၊) တသ္မိံ သမယေ–၌၊ အယံ–ဤသို့သော (ဤသို့ သဘောရှိသော)၊ ဖဿော–သည်၊ ဟောတိ–၏၊ တသ္မိံ သမယေ–၌၊ (ယာ)ဖုသနာ–အကြင် အာရုံကို တွေ့ထိခြင်းသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ–၌၊ အယံ–ဤသို့သော (ဤသို့ သဘောရှိသော)၊ ဖဿော–သည်၊ ဟောတိ–၏၊ တသ္မိံ သမယေ–၌၊ (ယာ) သမ္ဖုသနာ–အကြင် အာရုံနှင့် ပေါင်းမိလတ်သော် တွေ့ထိခြင်းသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ–၌၊ အယံ–သော၊ ဖဿော–ဖဿသည်၊ ဟောတိ–၏၊ တသ္မိံ သမယေ–၌၊ (ယံ) သမ္ဖုသိတတ္တံ–အကြင် အာရုံနှင့်ပေါင်းမိလတ်သော် တွေ့ထိတတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ–၌၊ အယံ–ဤသို့သော(ဤသို့သဘောရှိသော)၊ဖဿော–ဖဿသည်၊ဟောတိ–၏။

**အာရမဏစတုက္က**။ ။ပြအပ်ခဲ့သော ဈာန် ၉ ပါးကို (၁) ပရိတ္တံ ပရိတ္တာရမဏံ, (၂) ပရိတ္တံ အပ္ပမာဏာရမဏံ, (၃) အပ္ပမာဏံ ပရိတ္တာရမဏံ, (၄) အပ္ပမာဏံ အပ္ပမာဏာရမဏံ, ဤ ၄ ပါးဖြင့် မြှောက်ပွား၍ ဟောတော်မူအပ်သော ဈာန်များကို "အာရမဏစတုက္ကဈာန်"ဟု ခေါ်သည်၊ ၃၆ ပါးပင် အပြားရှိ၏။

**နိဿယ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော) ၊ပေ၊ ပီတိသုခံ–သော၊ ပရိတ္တံ–နည်းသောအာနုဘော်ရှိသော၊ ပရိတ္တာရမဏံ– ကျဉ်းငယ်သောအာရုံရှိသော၊ ပထဝီကသိဏံ–သော၊ပေ၊ပရိတ္တံ–သော၊ အပ္ပမာဏာရမဏံ–တိုးပွားသော(ပမာဏ)အတိုင်းအရှည်ရှိသော အာရုံရှိသော၊ ၊ပေ၊ အပ္ပမာဏံ–တိုးပွားသော(အာနုဘော်)အတိုင်းအရှည်ရှိသော၊ အပ္ပမာဏာရမဏံ–တိုးပွားသော(ပမာဏ)အတိုင်းအရှည်ရှိသောအာရုံရှိသော၊ ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ [ပဌမဈာန်၌ ၄ မျိုးပြားသကဲ့သို့ အထက်ဈာန်များလည်း ၄ မျိုးစီ ပြားသည်။]

**အာရမဏပဋိပဒါမိဿက**။ ။ပြအပ်ခဲ့သော အာရုံ ၄ ပါးနှင့် ပဋိပဒါ ၄ ပါးကို ရောစ၍ ဟောတော်မူအပ်သော ဈာန်များကို "အာရမဏပဋိပဒါမိဿကဈာန်" ဟု ခေါ်သည်၊ ထို့ကြောင့် ပဋိပဒါ ၄ ပါးကို မူတည်၍ အာရုံ ၄ ပါးဖြင့် မြှောက်လျှင် ပဌမဈာန်၌ ၁၆ ပါးသော ဟောပုံဟောနည်း ဖြစ်၏၊ ထို့ကြောင့် ဤဒေသနာကို "သောဠသက္ခတ္တုကနယ"ဟု ခေါ်သည်။

---

**ပရိတ္တံ ပရိတ္တာရမဏံ**။ ။ယံ အပ္ပဂုဏံ ဟောတိ၊ ဥပရိဈာနဿ ပစ္စယော ဘဝိတုံ န သက္ကောတိ၊ ဣဒံ ပရိတ္တံ နာမ (အထက်ဈာန်အား ကျေးဇူးပြုနိုင်လောက်အောင် မပွားစေအပ်သောကြောင့် နည်းသောအာနုဘော်ရှိသော ဈာန်သည် ပရိတ္တဈာန်မည်၏၊) ယံ ပန အဝဍ္ဎိတေ သုပ္ပမတ္တေ ဝါ သရာဝမတ္တေ ဝါ အာရမဏေ ပဝတ္တံ၊ တံ ပရိတ္တံ+အာရမဏံ အဿာတိ ပရိတ္တာရမဏံ–ကျဉ်းငယ်သောအာရုံရှိသောဈာန်။

**အပ္ပမာဏံ အပ္ပမာဏာရမဏံ**။ ။ယံ ပဂုဏံ သုဘာဝိတံ၊ ဥပရိဈာနဿ ပစ္စယော ဘဝိတုံ သက္ကောတိ၊ ဣဒံ အပ္ပမာဏံနာမ(တိုးပွားသောအာနုဘော်ပမာဏရှိသောဈာန်မည်၏၊ အ,သဒ္ဒါသည် ဝဍ္ဎိတအနက်ဟော၊) ယံ ဝိပုလေ အာရမဏေ ပဝတ္တံ၊ တံ ဝုဍ္ဎိပ္ပမာဏတ္တာ အပ္ပမာဏံ(တိုးပွားသော ပမာဏအတိုင်းအရှည်ရှိသော အာရုံရှိသော ဈာန်မည်၏၊) [အပ္ပမာဏံ၌"ပမာဏ"ဟူသည် တိုးပွားသောအာနုဘော်ပမာဏတည်း၊ အပ္ပမာဏာရမဏံ၌"ပမာဏ"ဟူသည် အာရုံ၏ တိုးပွားကြီးမားသော ပမာဏတည်း။]

**ကသိုဏ်းရှစ်ပါး**။ ။ဤပြအပ်ပြီးသော ပါဠိတော်များသည် ပထဝီကသိုဏ်းကို အာရုံပြုသောဈာန်ကို ပြသောပါဠိတော်များတည်း၊ အာပေါစသော ကသိုဏ်းတို့၌လည်း ဤအတိုင်းပင် ဖြစ်သည်၊ ဤ ပါဠိတော်၌ ကသိုဏ်း ၈ ပါးသာ လာ၏၊ အာကာသ

**ဟောတော်မူပုံ**။ ။"ဒုက္ခပ္ပဋိပဒံ ဒန္ဓာဘိညံ ပရိတ္တံ ပရတ္တာရမဏာ ပထဝီကသိဏံ"စသည်ဖြင့် ပါဠိတော်ကြည့်၍ သိပါ၊ အနက်ပေးပုံလည်း ရှေးအတိုင်းတည်း။

## အဘိဘာယတနစျာန်

***ပရိတ္တအဘိဘာယတန***။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော)ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ-ဖြစ်စေ၏၊ အဇ္ဈတ္တံ-မိမိသန္တာန်၌၊ အရူပသညီ-ကသိုဏ်းရုပ်၌ဖြစ်သော ပရိကမ်သညာရှိသူမဟုတ်သည်၊ (ဟုတွာ-၍၊) ဗဟိဒ္ဓါ-အပသန္တာန်၌၊ ပရိတ္တာနိ-ကျဉ်းငယ်ကုန်သော၊ ရူပါနိ-ကသိုဏ်းရုပ်တို့ကို၊ [ကသိုဏ်း ၈ ပါးရှိသောကြောင့် "ရူပါနိ"ဟု ဗဟုဝုစ်ဆိုသည်၊] ပဿတိ-ရှု၏၊ တာနိ-ထိုကသိုဏ်းရုပ်တို့ကို၊ အဘိဘုယျ-လွှမ်းမိုး၍၊ (သမာပဇ္ဇတိ-ကောင်းစွာရောက်၏၊ ဝါ-ဈာန်ရ၏၊) ဇာနမိ-ငါသိ၏၊ ပဿာမိ-ငါမြင်၏၊ ဣတိ-ဤသို့ နှလုံးသွင်းမှုအာဘောဂဖြစ်၏၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊ဥပသမ္ပဇ္ဇ ဝိဟရတိ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ [ဒုတိယဈာန်မှစ၍ စတုက္ကနည်း, ပဥ္စကနည်းကုန်အောင် ဤအတိုင်းသာတည်း။]

---

ကသိုဏ်းနှင့် အာလောကကသိုဏ်းမပါ၊ အာကာသကသိုဏ်းကို ဟောတော်မမူခြင်း၏ အကြောင်းကို အဋ္ဌကထာ၌ ရှုပါ၊ အာလောကကသိုဏ်းကိုကား အရောင်အလင်းချင်း တူသောကြောင့် တိုက်ရိုက်ဟောတော်မူအပ်ပြီးသော ဩဒါတကသိုဏ်း၌ သွင်းယူကြ၏။[ဩဒါတကသိဏေ ပန အာလောကကသိဏံ, အာကာသကသိဏေ စ(ပဠမာရုပ္ပဝိညာဉ်၏အာရုံဖြစ်သော ကသိဏုဂ္ဃာဋိမာကာသဟု ခေါ်အပ်သော အာကာသကသိုဏ်း၌လည်း) ပရိစ္ဆိန္နာကာသကသိဏံ အန္တောဂဓံ ကတွာ ဒေသနာ ကတာ၊-ဝိသုဒ္ဓိမဂ်မဟာဋီကာ, သေသကသိဏကထာအဖွင့်။]

---

**အဘိဘာယတန**။ ။[အဘိဘု+အာယတန၊] ယောဂီပုဂ္ဂိုလ်သည် ဉာဏ်ထက်၏၊ ကသိုဏ်းအာရုံက ကျဉ်းငယ်သောပရိတ္တ ဖြစ်၏၊ (ဝမ်းမီးကောင်းနေသူသည် ထမင်းတစ်ဇွန်းတစ်ယောင်းမလောက်ကို မစားလောက်ဟု ယူဆသကဲ့သို့) "ဤပရိတ္တအာရုံ၌ စိတ်တည်ငြိမ်စွာ သမာဓိရအောင်ပြုဖို့ ငါ့မှာ ဝန်မလေး"ဟု ယူဆ၍ အာရုံကို လွှမ်းမိုးကာ ဈာန်ရ၏၊ ကသိုဏ်းအာရုံက တိုးပွားသောအပ္ပမာဏဖြစ်လျှင်လည်း ဉာဏ်က ထက်မြက်လှသောကြောင့်(အစားကြီးသူသည် ထမင်းတစ်ပွဲစာကို များသည်ဟု မထင်သကဲ့သို့ ထိုကျယ်ဝန်းသော အပ္ပမာဏအာရုံကိုလည်း "ဤအာရုံ၌ စိတ် တည်ကြည်ဖို့ရန် ငါ့မှာ တာဝန်မလေးပါ"ဟု ယူဆ၍ အာရုံကို လွှမ်းမိုးကာ ဈာန်ရ၏၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်၏ဈာန်ကို "အဘိဘာယတနဈာန်"ဟုခေါ်သည်၊ ဝစနတ္ထကို ဋီကာ၌ကြည့်ပါ။

**ဇာနာမိ ပဿာမိ**။ ။ဤစကားသည် ထို ဈာန်ရသောပုဂ္ဂိုလ်၏ ပုဗ္ဗာဘောဂ(ရှေးအဖို့၌ နှလုံးသွင်းမှုကို ပြသောစကားတည်း၊) ထို့ကြောင့် "ဣတိ-ဤသို့ နှလုံးသွင်းမှု အာဘောဂဖြစ်၏"ဟု အနက်ပေးပါသည်။

**ပဋိပဒါစတုက္က**။ ။ဒုက္ခပ္ပဋိပဒါ စသော ပဋိပဒါ ၄ ပါးသွင်း၍လည်း ဤနည်းအတိုင်း ဈာန် ၉ ပါး ဖြစ်ပြန်၏။

**အာရမ္မဏဒုက**။ ။အာရုံ၌ကား "ပရိတ္တာနိ"ဟု မှတည်ခဲ့သောကြောင့် "ပရိတ္တံ ပရိတ္တာရမ္မဏံ, အပ္ပမာဏံ ပရိတ္တာရမ္မဏံ"ဟု ဈာန်တစ်ပါးလျှင် အာရုံ ၂ ပါးသာရ၏၊ အနက်ပေးပုံမှာ ရှေ့အတိုင်းပင်တည်း။

**အဋ္ဌကမ္မဋ္ဌာနက**။ ။ပဋိပဒါ ၄ ပါးကို မှတည်လျက် အာရုံ ၂ ပါးဖြင့် မြှောက်ပွား၍ ဟောတော်မူအပ်သော ဈာန် ၈ ပါးအပေါင်းကို "အဋ္ဌကမ္မဋ္ဌာနကဈာန်"ဟုခေါ်၏၊ "အဋ္ဌကမ္မဋ္ဌာနက်–ရှစ်ကြိမ်ရှိသောဈာန်အပေါင်းသည်၊ နိဋ္ဌိတံ–ပြီ"ဟု ပေးပါ။

**သုဝဏ္ဏ ဒုဗ္ဗဏ္ဏ**။ ။ဤနည်း၌ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ–ကောင်းသောအဆင်းရှိကုန်, မကောင်းသောအဆင်းရှိကုန်သော"ဟူသော ပုဒ်သာပို၏၊ ဤအဘိဘာယတနနှင့် ပါဠိတော်ဝယ် သုဒ္ဓိကနဝက(ပဋိပဒါ စသည်တို့နှင့်မရောသော ဈာန် ၉ ပါးသာ) စာအုပ်တို့၌ တိုက်ရိုက်လာ၏၊ သို့သော် "ဝေမေတ္ထ ဧကေကသ္မိံ အဘိဘာယတနေ ဧကော သုဒ္ဓိကနဝကော, စတ္တာရော ပဋိပဒါနဝကာ, ဒွေ အာရမ္မဏနဝကာ, အာရမ္မဏပဋိပဒါမိဿကေ အဋ္ဌနဝကာတိ ပန္နရသနဝကာတိ"ဟု ဆိုသောကြောင့် ပဋိပဒါနဝကစသည်တို့ကိုလည်း ပေယျာလမြှုပ်ထားသည်ဟု မှတ်ပါ၊ ထိုတွင် နောက်ဆုံးဖြစ်သော အဋ္ဌကမ္မဋ္ဌာနက၌ "ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ၊ အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ ပရိတ္တာနိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ, တာနိ အဘိဘုယျ ဇာနာမိ ပဿာမီတိ ဝိဝိစ္စေဝ၊ပေ၊ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ဒုက္ခပ္ပဋိပဒံ ဒန္ဓာဘိညံ ပရိတ္တံ ပရိတ္တာရမ္မဏံ၊ တသ္မိံ သမယေ၊ပေ၊ကုသလာ"ဟု ပေယျာလကို ဖော်ပါ၊ ပဋိပဒါ ၄ ပါးကို မှတည်, အာရုံ ၂ ပါးဖြင့် မြှောက်၍ အဋ္ဌကမ္မဋ္ဌာနကဈာန် ဖြစ်သည်၊ "အဋ္ဌကမ္မဋ္ဌာနက်–သော၊ ဣဒံမ္ပိ–ဤဈာန်အပေါင်းသည်လည်း၊ နိဋ္ဌိတံ–ပြီ။

**အပ္ပမာဏအဘိဘာယတန**။ ။"ဗဟိဒ္ဓါ ရူပါနိ ပဿတိ အပ္ပမာဏာနိ (တိုးပွားသောပမာဏအတိုင်းအရှည် ရှိကုန်သော၊) တာနိ အဘိဘုယျ"စသည်ဖြင့် "ပရိတ္တာနိ" နေရာဝယ်"အပ္ပမာနိ"ဟု လဲလှယ်ရခြင်းသာ ထူး၏၊ ဤအပ္ပမာဏအဘိဘာယတန၌လည်း ပရိတ္တအဘိဘာယတနကဲ့သို့ ပန္နရသနဝကပင်တည်း၊ အာရမ္မဏဒုက၌ "ပရိတ္တံ အပ္ပမာဏာရမ္မဏံ, အပ္ပမာဏံ အပ္ပမာဏာရမ္မဏံ"ဟု ဒုကဖြစ်ပုံကို သိပါ၊ အပ္ပမာဏအာရုံဖြစ်သောကြောင့် "ပရိတ္တာရမ္မဏ"ဟု မပါရတော့။

**အဘိဘာယတန ၄ ပါး**။ ။အဋ္ဌကထာ၌ "စတူသုပိ အဘိဘာယတနေသု"ဟု ဆိုသောကြောင့် ဤတိုင်အောင် အဘိဘာယတန ၄ ပါးကို ပြပြီးဟု သိပါ၊ ၄ ပါးကား– "ပရိတ္တာနိ တာနိ အဘိဘုယျ"ဟု ပရိတ္တာနိသဒ္ဒါပါသော အဘိဘာယတန ၁, ပရိတ္တာနိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ ဟု ပါသော ပရိတ္တသုဝဏ္ဏဒုဗ္ဗဏ္ဏအဘိဘာယတန ၁, အပ္ပမာဏာနိ ဟု ပါသော အဘိဘာယတန ၁, အပ္ပမာဏာနိသုဝဏ္ဏဒုဗ္ဗဏ္ဏာနိ ဟုပါသော အဘိဘာယတန ၁, ဤ ၄ ပါးတည်း။

**ပဉ္စမအဘိဘာယတန စသည်**။ ။ရှေ့၌ အဘိဘာယတန ၄ ပါးကို ပြခဲ့ပြီ၊ နီလာနိ စသည်ဖြင့် ဟောတော်မူအပ်သော နီလအဘိဘာယတနဈာန်ကို ပဉ္စမအဘိဘာယတန ဟု ခေါ်ထား၏၊ ထို့အတူ ပီတအဘိဘာယတနဈာန်ကို ဆဋ္ဌ, လောဟိတအဘိဘာယတနဈာန်ကို သတ္တမ, ဩဒါတအဘိဘာယတနဈာန်ကို အဋ္ဌမဟု သိပါ။

**နီသယ**။ ။ယသ္မိံ၊ပေ၊ဗဟိဒ္ဓါ–၌၊ နီလာနိ–အလုံးစုံညိုကုန်သော၊ [အဆင်းအားဖြင့်လည်း ညို၊ အမြင်အားဖြင့်လည်း ညို၊ အရောင်အားဖြင့်လည်း ညိုသောအားဖြင့် အလုံးစုံညိုကုန်သော–ဟူလို၊] နီလဝဏ္ဏာနိ–ညိုသောအဆင်းရှိကုန်သော၊ နီလနိဒဿနာနိ–တစ်ခဲနက်ညိုကုန်သည်ဖြစ်၍ ရှုမြင်အပ်ကုန်သော၊ နီလနိဘာသာနိ–ညိုသောအရောင်ရှိကုန်သော၊ ရူပါနိ–ကသိုဏ်းရုပ်တို့ကို၊ ပဿတိ–ရှု၏၊ တာနိ–ထိုကသိုဏ်းရုပ်တို့ကို၊ အဘိဘုယျ–လွှမ်းမိုး၍၊ (သမာပဇ္ဇတိ–ကောင်းစွာရောက်၏၊ ဇာနာမိ–ငါသိ၏၊ ပဿာမိ–ငါမြင်၏၊ ဣတိ–ဤသို့ နှလုံးသွင်းမှုအာဘောဂဖြစ်၏၊ ကာမေဟိ၊ပေ၊ဝိဟရတိ၊ တသ္မိံ သမယေ–နီလအဘိဘာယတနပဥ္စမဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ပေ၊ ဣမေ ဓမ္မာ ကုသလာ။

**နောက် ၃ ပါး**။ ။ပီတာနိ–အလုံးစုံ ရွှေကုန်သော၊ပေ၊လောဟိတာနိ–အလုံးစုံ နီကုန်သော၊ပေ၊ဩဒါတာနိ–အလုံးစုံ ဖြူကုန်သော၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ ဣမာနိပိ အဘိဘာယတနာနိ–ဤအဘိဘာယတနတို့သည်လည်း၊ သောဠသက္ခတ္တုကာနိ–၁၆ ကြိမ် ရှိကုန်၏။

**အဘိဘာယတနဈာန်ပြီး၏။**

## ဝိမောက္ခဈာန်

**၁။ ရူပီ ရူပါနိ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော)၊ပေ၊ဘာဝေတိ၊ ရူပီ–အဇ္ဈတ္တကေသ စသည်တို့၌ ဖြစ်စေအပ်သော ရူပဈာန်ရှိသည်၊ (ဟုတ္ဝာ)၊ ရူပါနိ–ဗဟိဒ္ဓ၌လည်း ကသိုဏ်းရုပ်တို့ကို၊ ပဿတိ–ဈာန်စက္ခုဖြင့် ကြည့်ရှု၏၊ ကာမေဟိ ဝိဝိစ္စေ၊ပေ၊ဝိဟရတိ၊ တသ္မိံ သမယေ–၌၊ ဝါ–အဇ္ဈတ္တရူပဈာန်ကို ရပြီး၍ ဗဟိဒ္ဓ၌လည်း ကသိုဏ်းရုပ်တို့ကို ရှုလျက်နေရာ ထိုအခါ၌၊ပေ၊ဣမေ ဓမ္မာ ကုသလာ။

---

**ဣမာနိပိ သောဠသက္ခတ္တုကာနိ**။ ။ဤသို့ ပါဠိတော်၌ရှိသောကြောင့်လည်းကောင်း, “ကောကသ္မိံ အဘိဘာယတနေ ပဥ္စဝီသတိ ပဥ္စဝီသတိ နဝကာ ဝေဒိတဗ္ဗာ”ဟု အဋ္ဌကထာရှိသောကြောင့်လည်းကောင်း, နီလအဘိဘာယတနဈာန်၌ သုဒ္ဓိကနဝက ၁, ပဋိပဒါစတုက္က ၄,အာရမ္မဏစတုက္က ၄၊[ဤအဘိဘာယတနဈာန်၌ “ပရိတ္တာနိ”ဟုလည်းကောင်း,“အပ္ပမာဏာနိ”ဟုလည်းကောင်း ဟောတော်မမူသောကြောင့် အာရုံ ၄ ပါးလုံး ရနိုင်သည်၊] အာရမ္မဏပဋိပဒါမိဿက ၁၆၊ [ပဋိပဒါ ၄ ပါးကို မှတ်သည်၍ အာရုံ ၄ ပါးဖြင့် မြှောက်အပ်သော ဈာန်များတည်း၊] အလုံးပေါင်းလျှင် နီလအဘိဘာယတနဈာန် ၂၅ ဖြစ်၏၊ ထိုတွင် ရှေးရှေးဈာန်များကို ပေယျာလမြှုပ်ပြီးလျှင် နောက်ဆုံး အာရမ္မဏပဋိပဒါမိဿကကို “ဣမာနိပိ သောဠသက္ခတ္တုကာနိ”ဟု မိန့်သည်၊ ပိဖြင့် ပထဝီကသိဏဈာန်ကို ပေါင်းပါ။

၂။ **အရူပသညီ ရူပါနိ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော)၊ပေ၊ဘာဝေတိ၊ အဇ္ဈတ္တံ–မိမိသန္တာန်၌၊ အရူပသညီ–ကသိုဏ်း ရုပ်၌ဖြစ်သော ပရိကမ်သညာရှိသူ မဟုတ်သည်၊ (ဟုတွာ) ဗဟိဒ္ဓါ–၌၊ ရူပါနိ–ကသိုဏ်းရုပ်တို့ကို၊ ပဿတိ–ဈာန်စက္ခုဖြင့် ကြည့်ရှု၏၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊ဝိဟရတိ၊ တသ္မိံ သမယေ–၌၊ ဝါ–အဇ္ဈတ္တ၌ အရူပသညီဖြစ်၍ ဗဟိဒ္ဓ၌ ကသိုဏ်းရုပ်တို့ကို ရှုလျက်နေရာ ထိုအခါ၌၊ပေ၊ဣမေ ဓမ္မ ကုသလာ။

၃။ **သုဘန္တိ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော)၊ပေ၊ဘာဝေတိ၊ သုဘန္တိ–သုဘဟူ၍၊ ဝါ–တင့်တယ်၏ဟူ၍၊ အဓိမုတ္တော ဟောတိ–လွတ်လွတ်ကျွတ်ကျွတ် သက်ဝင်၍၊ ဝါ–နှလုံးသွင်း၍၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊ဝိဟရတိ၊ တသ္မိံ သမယေ–၌၊ ဝါ–သုဘဟု နှလုံးသွင်းလျက် ဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊...တီဏိ– ၃ ပါးကုန်သော၊ ဣမာနိပိ ဝိမောက္ခာနိ–တို့သည်လည်း၊ သောဠသက္ခတ္တုကာနိ–ကုန်၏။

**ဝိမောက္ခဈာန်များပြီး၏။**

**ဗြဟ္မဝိဟာရဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ၊ပေ၊ ဘာဝေတိ၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊မေတ္တာသဟဂတံ–မေတ္တာနှင့်တကွဖြစ် သော၊ ပဌမံ–သော၊ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တသ္မိံ သမယေ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ပေ၊ဒုတိယံ ဈာနံ၊ပေ၊တတိယံ ဈာနံ။ [စတုက္ကနည်းဝယ် ဤ ၃ ဈာန်သာ မေတ္တာယှဉ်နိုင်၏၊ ပဉ္စကနည်းဝယ် စတုတ္ထဈာန်တိုင်အောင် ယှဉ်နိုင်၏၊ ကရုဏာ, မုဒိတာတို့၌လည်း နည်းတူ၊ ဥပေက္ခာကား စတုက္ကနည်း ဝယ် စတုတ္ထဈာန်, ပဉ္စကနည်းဝယ် ပဉ္စမဈာန်၌သာ ယှဉ်နိုင်သည်၊ ဥပေက္ခာ ဟူသည် ဥပေက္ခာဝေဒနာ မဟုတ်, တတြမဇ္ဈတ္တုပေက္ခာစေတသိက် တည်း။]...စတ္တာရိ–န်သော၊ ဗြဟ္မဝိဟာရဈာနာနိ–ဗြဟ္မဝိဟာရဈာန်တို့သည်၊

---

**သုဘန္တိ**။ ။"သုဘန္တိ အာဘောဂေါ"ဟုလည်းကောင်း,"သုဘမ္ဘေဝ အဓိမုတ္တော"ဟု လည်းကောင်း အဋ္ဌကထာဆိုသောကြောင့်"သုဘန္တိ"သည် နှလုံးသွင်းပုံ အခြင်းအရာကို ပြသော အာကာရစကားဟု သိသာ၏၊ ထို့ကြောင့် "အဓိမုတ္တော"ဟု ထည့်သည်၊ အဘိဘာယတနဉ် ဈာနာမိ ပဿာမိဟု အာဘောဂပြုသကဲ့သို့ ဤဝိမောက္ခ၌ သုဘန္တိဟု နှလုံးသွင်းမှု အာဘောဂပြုသည်–ဟူလို၊ ဝိမောက္ခမည်ပုံကို အဋ္ဌကထာ၌ ရှုပါ။

**ဣမာနိပိ၊ပေ၊က္ခတ္တုကာနိ**။ ။ပါဠိတော်၌ ပဋိပဒါစတုက္က, အာရမဏစတုက္ကတို့ကို ချုံး၍ အဆုံးအာရမဏပဋိပဒါမိဿကနယကို "ဣမာနိပိ၊ပေ၊သောဠသက္ခတ္တုကာနိ" ဟု မိန့်သည်၊ ပိဖြင့် အဘိဘာယတနတို့ကို ပေါင်း၏၊ ထို့ကြောင့် ဝိမောက္ခတစ်ပါး တစ်ပါးလျှင် ၁၆ ကြိမ်စီပြားပုံကို အဘိဘာယတနအတိုင်း သိပါ။

သောဠသက္ခတ္တုကာနိ–တစ်ဆယ့်ခြောက်ကြိမ် ရှိကုန်၏၊ [ပဋိပဒါအာရမဏ စတုက္ကချာန်များကိုလည်း ရကောင်း၏၊ ထို ၂ ပါးအပြင် အာရမဏပဋိပဒါ မိဿကကို ရည်ရွယ်၍ "သောဠသက္ခတ္တုက"ဟု ဆိုသည်။]

**ဖြဟ္မဝိဟာရချာန်ပြီး၏။**

**အသုဘချာန်။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ ပေ၊ ဘာဝေတိ၊ ကာမေဟိ ဝိဝိစ္စေဝ၊ ပေ၊ ဥဒ္ဓုမာတကသညာသဟဂတံ–ဥဒ္ဓုမာတကပဋိဘာဂနိမိတ်၌ အပ္ပနာ၏အစွမ်းဖြင့်ဖြစ်သော သညာနှင့်တကွဖြစ်သော၊ ဝါ–သေသည်မှ အထက်၂ ရက် ၃ ရက်ကူးသဖြင့် ဖူးဖူးရောင်ပုပ်, စက်ဆုပ်ဖွယ်ရာ မသာလောင်း ဟူသော ပဋိဘာဂနိမိတ်၌ အပ္ပနာ၏အစွမ်းဖြင့်ဖြစ်သော သညာနှင့်တကွ ဖြစ်သော၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဣမေ ဓမ္မာ ကုသလာ။...[ဝိနီလက သညာသဟဂတံ စသည်တို့၌လည်း နည်းတူ၊ အနက်အကျယ်ကို အခြေပြု ကမ္မဋ္ဌာန်းပိုင်း၌ ရှုပါ၊ ဤအသုဘကို အာရုံပြု၍ ပဌမဈာန်သာ ရနိုင်၏။]

အသုဘဈာနံ–အသုဘဈာန်သည်၊ သောဠသက္ခတ္တုကံ–တစ်ဆယ့်ခြောက် ကြိမ် ရှိ၏၊ ["သောဠသက္ခတ္တုက"ဟု လာသမျှ၌ ပဋိပဒါ ၄ ပါးနှင့် အာရုံ ၄ ပါးကို ရောစ၍ မြှောက်ပွားရ၏၊ ထို့ကြောင့် မရောဘဲ ပဋိပဒါစတုက္ကချာန်, အာရမဏစတုက္ကချာန်များလည်း ရနိုင်သည်ချည်း မှတ်ပါ။]

---

**ကြွင်းအာရုံများ သွင်းယူပုံ။** ။ရူပါဝစရချာန်ရဖို့ရန် "ကသိုဏ်းဆယ်ဝ, အသုဘနှင့်, ကာယဂတာ, အာနာပါန, လေးဝဗြဟ္မစိုရ်, ကျမ်းဆိုလျော်ညီ, ဆဗ္ဗိသတိ, ပညတ္တိ တည်း"ဟူသည်နှင့်အညီ အာရုံကမ္မဋ္ဌာန်း ၂၆ ပါးရှိသော်လည်း ဤ ပါဠိတော်၌ ကသိုဏ်း ၈ ပါး, ဗြဟ္မဝိဟာရ ၄ ပါး, အသုဘ ၁၀ ပါး၊ ဤ ၂၂ ပါးတို့ကိုသာ တိုက်ရိုက်ပြတော်မူ၏၊ အာကာသ, အာလောကကသိုဏ်း ၂ ပါးနှင့် ကာယဂတာသတိ, အာနာပါနသတိ၏ အာရုံများ ကျန်သေး၏၊ ထိုတွင် အာကာသကသိုဏ်းနှင့် အာလောကကသိုဏ်းကို သွင်းယူရပုံကို ရှေ့၌ ပြခဲ့ပြီ၊ ဝါယောကသိဏချာန်ကို ယူလိုက်လျှင် ထွက်သက်ဝင်သက်လေကို အာရုံပြုသော အာနာပါနချာန်ကိုလည်း ယူအပ်ပြီး ဖြစ်တော့၏၊ နီလ, ပီတ, လောဟိတ, ဩဒါတဟူသော ဝဏ္ဏကသိုဏ်း ၄ ပါးကို ယူလိုက်လျှင် ဆံပင်အစရှိသည်တို့၌ဖြစ်သော ကာယဂတာသတိကိုလည်း ကောင်း, အသုဘ ၁၀ ပါးကို ယူလိုက်လျှင် ဒွတ္တိံသာကာရ၌ ပဋိကူလမနသိကာရ အစွမ်းဖြင့်ဖြစ်သော ကာယဂတာသတိကိုလည်းကောင်း ယူအပ်ပြီး ဖြစ်တော့၏– ဟု အဋ္ဌကထာ၌ ဆိုသည်၊ နဝသိဝထိကဝဏ္ဏနာ အဓိပ္ပာယ်ကို ရူပါဝစရကုသိုလ်ချာန် အဆုံး ဘာသာဋီကာ၌ ရှုပါ။

**ရူပါဝစရကုသိုလ်ချာန်အာလုံးပြီးပြီ။**

## အရူပါဝစရကုသိုလ်ဈာန်

**အာကာသာနဉ္စာယတနဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော) အရူပူပပတ္တိယာ–အရူပဘဝ၌ ဖြစ်ခြင်းငှာ၊ ဝါ– ၏၊ မဂ္ဂံ–အကြောင်းဖြစ်သောဈာန်ကို၊ ဘာဝေတိ–ဖြစ်စေ၏၊ ဝါ–တိုးပွားစေ၏၊ သဗ္ဗသော–အလုံးစုံသောအခြင်းအရာအားဖြင့်၊ (“သမတိက္ကမာ”စသည်၌စပ်၊) ဝါ–ကြွင်းမဲ့ဥဿုံ, အလုံးစုံကုန်သော၊(“ရူပသညာနံ”စသည်၌စပ်၊) ရူပသညာနံ–ရူပသညာတို့ကို၊ ဝါ–ရူပဈာန်၌ဖြစ်သောသညာ, ကသိုဏ်းရုပ်အမည်ရှိသော အာရုံတို့ကို၊ သမတိက္ကမာ–လွန်မြောက်ခြင်းကြောင့်လည်းကောင်း၊ ပဋိဃသညာနံ–ပဋိဃသညာတို့၏၊ ဝါ–ပဉ္စဝတ္ထု, ပဉ္စာရုံတို့၏ ထိခိုက်ခြင်းကြောင့် ဖြစ်သော ဒွေပဉ္စဝိညာဉ်သညာတို့၏၊ အတ္ထင်္ဂမာ–ချုပ်မှုသို့ရောက်ခြင်းကြောင့် လည်းကောင်း၊ နာနတ္တသညာနံ–အထူးထူးသော သဘောရှိသော အာရုံ၌ ဖြစ်ကြသောသညာတို့ကို၊ ဝါ–အထူးထူးသော သဘောရှိသော သညာတို့ကို၊ အမနသိကာရာ–စိတ်၌မပြုခြင်းကြောင့်လည်းကောင်း၊ ဝါ–နှလုံးမသွင်းခြင်း ကြောင့်လည်းကောင်း၊ အာကာသာနဉ္စာယတနသညာသဟဂတံ–အာကာသာ နဉ္စာယတနသညာနှင့်တကွဖြစ်သော၊ ဝါ–ဥပါဒ်ဘင်ဟူသော အပိုင်းအခြားမရှိ သော ကောင်းကင်ပညတ်ဟူသော တည်ရာအာရုံ၌ အပ္ပနာသို့ရောက်သော သညာနှင့်တကွဖြစ်သော၊ ပုဗ္ဗေဝ–၌ပင်၊ သုခဿ–ကို၊ ပဟာနာ စ–ပယ်ခြင်း ကြောင့်လည်းကောင်း၊ပေ၊ ဥပေက္ခာသဟဂတံ–ဥပေက္ခာသဟဂုတ်ဖြစ်သော၊ စတုတ္ထံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တသ္မိံ သမယေ–အာကာသာနဉ္စာယတန သညာသဟဂုတ်ဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ ဖဿော ဟောတိ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ။

---

**သဗ္ဗသော**။ ။သဗ္ဗကာရေန၊ သဗ္ဗာသံ ဝါ အနဝသေသာနံတိ အတ္ထော၊ ဤ ပုဒ်ကို “ပဋိဃသညာနံ အတ္ထင်္ဂမာ နာနတ္တသညာနံ အမနသိကာရာ”၌လည်း လိုက်စေရသည်။

**ရူပသညာနံ**။ ။ရူပသညာနန္တိ သညာသီသေန ဝုတ္တ ရူပါဝစရဈာနာနံ စေဝ တဒါရမဏာနဉ္စ–“ရူပသညာနံ သမတိက္ကမာ”ဟူသော ဤပါဌ်ဖြင့် အာကာသာနဉ္စာ ယတနဈာန်ကို ဝင်စားခိုက်၌ ရူပါဝစရဈာန်တို့ကိုလည်းကောင်း, ထိုဈာန်၏အာရုံဖြစ် သော ကသိုဏ်းရုပ်တို့ကိုလည်းကောင်း လွန်မြောက်ပြီးဖြစ်သည်ဟု ပြသည်။

**ပဋိဃသညာနံ**။ ။စက္ခာဒီနံ ဝတ္ထူနံ ရူပါဒီနံ အာရမဏာနဉ္စ ပဋိဃာတေန သမုပ္ပန္နာ သညာ ပဋိဃသညာ၊ “စက္ခုစသော ပဉ္စဝတ္ထု, ရူပါရုံစသော ပဉ္စာရုံတို့၏ ထိခိုက်မှုကြောင့်ဖြစ်သော သညာတို့”ဟူသည် ဒွေပဉ္စဝိညာဉ်တစ်ဆယ်၌ ယှဉ်သော သညာတို့တည်း၊ “အာကာသာနဉ္စာယတနဈာန်ကို ဝင်စားခိုက်၌ ပဉ္စဒွါရဝီထိ မဖြစ်နိုင်သောကြောင့် ထို ဒွေပဉ္စဝိညာဉ်သညာများ ချုပ်နေကြသည်”ဟူလို။

**ဝိညာဏဉ္စာယတနဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ၊ပေ၊ ဘာဝေတိ၊ သဗ္ဗသော–အားဖြင့်၊ ဝါ–ကြွင်းမဲ့ဥဿုံ, အလုံးစုံသော၊ အာကာသာနဉ္စာယတနံ–အာကာသာနဉ္စဟူသော တည်ရာအာရုံရှိသောဈာန်, အာကာသာနဉ္စဟူသော တည်ရာအာရုံဖြစ်သော ကောင်းကင်ပညတ်ကို၊ သမတိက္ကမ္မ–လွန်မြောက်၍၊ ဝိညာဏဉ္စာယတနသညာသဟဂတံ–ဝိညာဏဉ္စာယတနသညာနှင့်တကွဖြစ်သော၊ ဝါ–ဥပါဒ်ဘင်ဟူသော အပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဉ်ဟူသော တည်ရာအာရုံ၌ အပ္ပနာသို့ရောက်သော သညာနှင့်တကွဖြစ်သော၊ ပုဗ္ဗေဝ၊ပေ၊ဥပေက္ခာသဟဂတံ–သော၊ စတုတ္ထံဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တသ္မိံ သမယေ–ဝိညာဏဉ္စာယတနသညာသဟဂုတ်ဈာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ ပေ၊ ဣမေ ဓမ္မာ ကုသလာ။

---

**နာနတ္တသညာနံ**။ ။နာနတ္တေ ဂေါစရေ ပဝတ္တာနံ သညာနံ၊ နာနတ္တာနံ ဝါ သညာနံ၊ ဤအဖွင့်၌ "အထူးထူးသော သဘောရှိသောအာရုံ"ဟူသည် ရူပသညာကဲ့သို့ ကသိုဏ်းစသော အာရုံတစ်မျိုးစီသာမကသော, ဒွေပဉ္စဝိညာဉ်သညာကဲ့သို့ ရူပါရုံစသော အာရုံတစ်မျိုးစီသာလည်းမကသော, ရူပသဒ္ဒစသော အမျိုးမျိုးသော အာရုံတည်း၊ "ထိုအာရုံအမျိုးမျိုးရှိသော သညာ"ဟူသည် ဒွေပဉ္စဝိညာဉ်မှတစ်ပါး ၄၄ ပါးသော ကာမာဝစရကုသိုလ် အကုသိုလ် ကာမာဝစရကြိယာစိတ်တို့၌ ယှဉ်သောသညာများတည်း၊ "အာကာသာနဉ္စာယတနဈာန်ကို ဝင်စားခိုက်၌ ထိုသညာများကိုလည်း နှလုံးမသွင်းတော့"ဟူလို။

**သုခဿ၊ပေ၊သဟဂတံ**။ ။အာကာသာနဉ္စာယတနသညာသဟဂတ(ပဌမာရုပ္ပ)ဈာန်ဟူသည် ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့် အယှဉ်ချင်းတူသော စတုတ္ထဈာန်ပင်တည်း၊ ထို့ကြောင့် "သုခဿ စ ပဟာနာ"စသည်ဖြင့် ရူပါဝစရစတုတ္ထဈာန်နှင့်အတူ ပြတော်မူသည်။

**အာကာသာနဉ္စာယတနံ**။ ။ဧတ္ထ တာဝ ပုဗ္ဗေ ဝုတ္တနယေန အာကာသာနဉ္စံ (ဥပါဒ် ဘင်အားဖြင့် အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်ဟူသော)+အာယတနံ (တည်ရာအာရုံသည်) အဿ အဓိဋ္ဌာနဋ္ဌေနာတိ ဈာနံပိ အာကာသာနဉ္စာယတနံ၊ ဝုတ္တနယေနေဝ အာရမဏမ္ပိ။ [အောက်အောက်ဈာန်ကိုလည်းကောင်း, အောက်အောက်ဈာန်၏အာရုံကိုလည်းကောင်း လွန်မြောက်နိုင်မှ အထက်အထက် အရူပဈာန်ကိုရသောကြောင့် ဈာန်ကိုလည်းကောင်း, ဈာန်၏အာရုံကိုလည်းကောင်း လွန်မြောက်ပုံကို အဋ္ဌကထာ၌ ပြသည်၊ နောက်နောက်ဈာန်များ၌ နှစ်မျိုးလုံးလွန်မြောက်ပုံကိုလည်း နည်းတူသိပါ။]

**ဝိညာဏဉ္စာယတနသညာသဟဂတံ**။ ။တဒေဝဝိညာဏဉ္စ (ဥပါဒ် ဘင်အားဖြင့် အပိုင်းအခြားမရှိသော ထိုပဌမာရုပ္ပဝိညာဉ်သည်ပင်)+အဓိဋ္ဌာနဋ္ဌေန ဣမာယ သညာယ အာယတနန္တိ ဝိညာဏဉ္စာယတနံ၊ တသ္မိံ ဝိညာဏဉ္စာယတနေ(ထိုဥပါဒ်ဘင်အားဖြင့် အပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဉ်ဟူသော တည်ရာအာရုံ၌) + ပဝတ္တာယ သညာယ+သဟဂတံတိ ဝိညာဏဉ္စာယတနသညာသဟဂတံ။

**အာကိဉ္စညာယတနစျာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ၊ပေ၊ ဘာဝေတိ၊ သဗ္ဗသော–အားဖြင့်၊ ဝါ–သော၊ ဝိညာဏဉ္စာယတနံ–ဝိညာဏဉ္စဟူသော တည်ရာအာရုံရှိသောစျာန်, ဝိညာဏဉ္စဟူသော တည်ရာအာရုံဖြစ်သော ပဌမာရုပ္ပဝိညာဉ်ကို၊ သမတိက္ကမ္မ–၍၊ အာကိဉ္စညာယတနသညာသဟဂတံ–အာကိဉ္စညာယတနသညာနှင့်တကွဖြစ်သော၊ (ဝါ–နည်းငယ်စိုးစဉ်း, ဘင်မျှအကြွင်းမရှိသော ပဌမာရုပ္ပဝိညာဉ်၏ အဖြစ်တည်းဟူသော နတ္ထိဘောပညတ်ဟူသော တည်ရာအာရုံ၌ အပ္ပနာသို့ရောက်သော သညာနှင့်တကွဖြစ်သော၊ပေ၊ဝိဟရတိ၊ တသ္မိံ သမယေ–အာကိဉ္စညာယတနသညာသဟဂုတ်စျာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ပေ၊ဣမေ ဓမ္မာ ကုသလာ။ [အနက်ပေးပုံမှာ ရှေးအတိုင်းပင်တည်း၊ အဓိပ္ပာယ်ကိုကား အဋ္ဌကထာနိဿယ၌ ရှုပါ။]

**နေဝသညာနာသညာယတနစျာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ၊ပေ၊ဘာဝေတိ၊ သဗ္ဗသော–အားဖြင့်၊ ဝါ–သော၊ အာကိဉ္စညာယတနံ–အာကိဉ္စညဟူသော တည်ရာအာရုံရှိသောစျာန်, အာကိဉ္စညဟူသော တည်ရာအာရုံဖြစ်သော နတ္ထိဘောပညတ်ကို၊ သမတိက္ကမ္မ–၍၊ နေဝသညာနာသညာယတနသညာသဟဂတံ–နေဝသညာနာသညာယတနနှင့်တကွဖြစ်သော၊ ဝါ–ရုံ့ရင်းသောသညာကား မရှိ, သိမ်မွေ့သောသညာ မရှိသည်မဟုတ်သော မနာယတန ဓမ္မာယတနဟူသော စတုတ္ထာရုပ္ပတရားအပေါင်း၌ ဖြစ်သော သညာနှင့်တကွဖြစ်သော၊ ပုဗ္ဗေဝ၊ပေ၊ဝိဟရတိ၊ တသ္မိံ သမယေ–နေဝသညာနာသညာယတနသဟဂုတ်စျာန်သို့ ရောက်၍နေရာ ထိုအခါ၌၊ပေ၊ဣမေ ဓမ္မာ ကုသလာ။ [အနက်ပေးပုံမှာ ရှေးစျာန်များအတိုင်းပင်တည်း၊ အဓိပ္ပာယ်ကို အဋ္ဌကထာနိဿယ၌ ရှုပါ၊ "ဝါ"ဟု ဆို၍ ပေးအပ်သော အနက်များကို ခက်သည်ဟု ထင်ရလျှင် ချန်လှပ်၍ ပို့ချကြပါ၊ နောင်အခါ နားလည်ပါလိမ့်မည်။]

စတ္တာရိ–ကုန်သော၊ အရူပဈာနာနိ–အရူပစျာန်တို့သည်၊ သောဠသက္ခတ္တုကာနိ–တစ်ဆယ့်ခြောက်ကြိမ်ရှိကုန်၏၊ [နောက်ဆုံးဖြစ်သော အာရမဏပဋိပဒါမိဿကစျာန်တို့ကို ရည်ရွယ်၍ "သောဠသက္ခုက"ဟု ဆိုသည်၊ မိဿက မဟုတ်ဘဲ ပဋိပဒါစတုက္က, အာရမဏစတုက္ကစျာန်များကိုလည်း ရနိုင်သည်သာ၊ ထိုစျာန်များကို ပေယျာလ မြှုပ်ထားသည်ဟု မှတ်ပါ၊ စျာန်လေးပါးလုံး၌ပင် ဒုက္ခပဋိပဒါ စသည်ဖြစ်ပုံကိုလည်း အဋ္ဌကထာ၌ ပြထားပါသည်။

**အရူပါဝစရကုသလစျာန်ပြီးပြီ**။

## တေဘူမကကုသိုလ်
## ကာမာဝစရကုသိုလ်

**သုဒ္ဓိကနယ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ ဖဿော ဟောတိ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး) ယသ္မိံ၊ပေ၊ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ ဣမေ ဓမ္မာ ကုသလာ။[ဤသို့ ကာမာဝစရကုသိုလ်၌ ပြခဲ့သည့်အတိုင်း သုဒ္ဓိကနယတဝါရ ရှိရဦးမည်၊ ယခုစာအုပ်များ၌ မပါတော့။]

**ဟီနာဒိတိကနယ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ, ဟီနံ–ညံ့သော၊ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ပေ၊မဇ္ဈိမံ–ဟီန ပဏီတတို့၏ အလယ်၌ဖြစ်သော၊ပေ၊ပဏီတံ–ပြဋ္ဌာန်းသည်၏အဖြစ်သို့ ဆောင်အပ်သော၊ ဝါ–မြတ်သော၊ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ ဖဿော ဟောတိ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး)၊ပေ၊ ဣမေ ဓမ္မာ ကုသလာ။

**ဆန္ဒာဓိပတေယျာဒိ စတုက္ကနယ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ၊ပေ၊ဉာဏသမ္ပယုတ္တံ, ဆန္ဒာဓိပတေယျံ–ဆန္ဒာဓိပတိမှ ဖြစ်ပေါ်လာသော၊ပေ၊ဝီရိယာဓိပတေယျံ–သော၊ပေ၊ စိတ္တာဓိပတေယျံ–သော၊ ဝီမံသာဓိပတေယျံ–သော၊ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး) ယသ္မိံ သမယေ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ။

**အဓိပတိဟီနာဒိမိဿကဒွါဒသကနယ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ၊ပေ၊ဉာဏသမ္ပယုတ္တံ ဆန္ဒာဓိပတေယျံ ဟီနံ၊ပေ၊ဆန္ဒာဓိပတေယျံ မဇ္ဈိမံ၊ပေ၊ဆန္ဒာဓိပတေယျံ ပဏီတံ၊ပေ၊(၃–ဝါရ) ဝီရိယာဓိပတေယျံ ဟီနံ ၊ပေ၊မဇ္ဈိမံ၊ပေ၊ပဏီတံ၊ပေ၊(၃–ဝါရ) စိတ္တာဓိပတေယျံ ဟီနံ ၊ပေ၊မဇ္ဈိမံ ၊ပေ၊ ပဏီတံ၊ပေ၊(၃–ဝါရ) ဝီမံသာဓိပတေယျံ ဟီနံ ၊ပေ၊မဇ္ဈိမံ ၊ပေ၊ ပဏီတံ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊(၃–ဝါရ)။ [ပေါင်း ၁၂–ဝါရ။]

**ဒုတိယစိတ်စသည်**။ ။ဒုတိယမဟာကုသိုလ်စိတ်၌ "သသင်္ခါရေန" ပါခြင်းသာ ထူး၏၊ သုဒ္ဓိကနယစသောအားဖြင့် ဝါရပေါင်း(၂၀)ရနိုင်၏၊ တတိယမဟာကုသိုလ်စိတ် စတုတ္ထမဟာကုသိုလ်စိတ်၌ ဉာဏဝိပ္ပယုတ်ဖြစ်သောကြောင့် ဝီမံသာဓိပတေယျံနှင့်စပ်သော ၄–ဝါရနုတ်၍ ၁၆–ဝါရသာ ရနိုင်၏၊ ပဥ္စမစသောစိတ်တို့၌ ဥပေက္ခာသဟဂုတ်ဖြစ်ခြင်းသာ ထူးသည်။

---

**ဆန္ဒာဓိပတေယျံ**။ ။ယံ ပန ကတ္တုကာမတာ သင်္ခါတံ ဆန္ဒံ ဓုရံ ဆန္ဒံ ဇေဋ္ဌကံ ဆန္ဒံ ပုဗ္ဗင်္ဂမံ ကတွာ အာယူဟိတံ၊ တံ ဆန္ဒာဓိပတိတော အာဂတတ္တာ ဆန္ဒာဓိပတေယျံ နာမ၊ ဝီရိယာဓိပတေယျာဒီသုပိ ဧသေဝ နယော၊ ဤအဖွင့်အရ "ဆန္ဒာဓိပတိမှ+လာ"ဟု

## ရူပါဝစရကုသိုလ်

**သုဒ္ဓိကနယ**။ ။ကတမေ ဓမ္မာ ကုသလာ၊ပေ၊ပထဝီကသိဏံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ပေ၊ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး) ယသ္မိံ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ။ [ဤသို့ ယသ္မိံ စသည်ကို ထည့်၍ "ဣမေ ဓမ္မာ ကုသလာ"ဟု နိဂုံးဝါကျ အမြဲ ပါရှိပါစေ။]

**ဟီနာဒိတိကနယ**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ၊ပေ၊ပထဝီကသိဏံ ဟီနံ၊ပေ၊မဇ္ဈိမံ၊ပေ၊ပဏီတံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး)။

**ဆန္ဒာဓိပတေယျာဒိ စတုက္က**။ ။ကတမေ ဓမ္မာ ကုသလာ၊ပေ၊ပထဝီကသိဏံ ဆန္ဒာဓိပတေယျံ၊ပေ၊ဝီရိယာဓိပတေယျံ၊ပေ၊စိတ္တာဓိပတေယျံ ၊ပေ၊ ဝီမံသာဓိပတေယျံ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး)။

**မိဿက ဒွါဒသက**။ ။ကတမေ ဓမ္မာ ကုသလာ၊ပေ၊ပထဝီကသိဏံ ဆန္ဒာဓိပတေယျံ ဟီနံ၊ပေ၊မဇ္ဈိမံ၊ပေ၊ပဏီတံ၊ပေ၊ ဝီရိယာဓိပတေယျံ၊ပေ၊ စိတ္တာဓိပတေယျံ၊ပေ၊ ဝီမံသာဓိပတေယျံ ဟီနံ၊ပေ၊ မဇ္ဈိမံ၊ပေ၊ ပဏီတံ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံး)၊ပေ၊ [အာပေါကသိဏာမှစ၍ စတုက္ကနည်း ပဉ္စကနည်း အာလုံးတူပြီ။]

## အရူပါဝစရကုသိုလ်

**အာကာသာနဉ္စာယတနဈာန်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ၊ပေ၊ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊(သုဒ္ဓိကနယ)၊ပေ၊ဟီနံ၊ပေ၊ မဇ္ဈိမံ၊ပေ၊ပဏီတံ (ဟီနာဒိတိက)၊ပေ၊ ဆန္ဒာဓိပတေယျံ၊ပေ၊ ဝီရိယ, စိတ္တ, ဝီမံသာဓိပတေယျံ၊ (အဓိပတိစတုက္က)၊ပေ၊ ဆန္ဒာဓိပတေယျံ ဟီနံ၊ပေ၊မဇ္ဈိမံ

---

ဆိုသော်လည်း သဟဇာတာဓိပတိဖြစ်သောကြောင့် သမ္ပယုတ်အဖြစ်ဖြင့်သာ ဖြစ်ပေါ်လာသည်ဟု ယူပါ၊ သမ္ပယုတ်မဟုတ်ဘဲ "ရှေးရှေးစိတ္တက္ခဏ၌ဖြစ်သော ဆန္ဒာဓိပတိမှ လာသည်"ဟု မယူပါနှင့်၊ ထိုသို့ မယူဖို့ရန် နောက်၌ ကေစိ ပန စသည်ဖြင့် ကေစိဝါဒကို ပြ၍ အဋ္ဌကထာဆရာ ပယ်ထားပါသည်။

**ဝီသတိနယ**။ ။အဋ္ဌကထာ၌ နှစ်နည်းတွက်ပြထား၏၊ ထိုတွင် ပဌမတွက်နည်းသည် ပါဠိတော်သို့ အစဉ်မလိုက်ဟု ဋီကာပယ်ထား၏၊ ဒုတိယနည်းမှာ ဤပါဠိတော် အတိုင်း ဖြစ်သည်။ [ပုရိမော ဝါ ဧကော သုဒ္ဓိကနယော, ဟီနံတိအာဒယော တယော, ဆန္ဒာဓိပတေယျံတိအာဒယော စတ္တာရော, ဆန္ဒာဓိပတေယျံ ဟီနံတိ အာဒယော ဒွါဒသာတိ ဧဝမ္ပိ ဝီသတိ နယာ ဟောန္တိ။]

**ကာမာဝစရကုသိုလ် ပြီး၏**။

၊ပေ၊ပဏီတံ၊ပေ၊ဝီမံသာဓိပတေယျံ ဟီနံ၊ပေ၊မဇ္ဈိမံ၊ပေ၊ပဏီတံ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ (မိဿကဒွါဒသက)၊ [ဝိညာဏဉ္စာယတနစျာန်, အာကိဉ္စညာယတနစျာန်, နေဝသညာနာသညာယတနစျာန်တို့၌ ဤနည်းအတိုင်း ဝိသတိနယ ဖြစ်၏။]

## တေဘူမကကုသိုလ် ပြီးပြီ။

## လောကုတ္တရာကုသိုလ်စျာန်

**သောတာပတ္တိမဂ်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော) ဒိဋ္ဌိဂတာနံ–ခြောက်ဆယ့်နှစ်ဖြာ, မိစ္ဆာအယူတို့ကို၊ [ဂတ အနက်မရှိ၊] ဝါ–၆၂ ဖြာ, မိစ္ဆာအယူတို့၌ ပါဝင်သော မိစ္ဆာအယူတို့ကို၊ [ဂတသဒ္ဒါ အန္တောဂတအနက်ဟော၊] ဝါ–ဒိဋ္ဌိ၏ဖြစ်ခြင်းနှင့်တူသော ဖြစ်ခြင်း ရှိသော သဿတုယတ်စိတ္တုပ္ပာဒ်တို့ကို၊ ပဟာနာယ–သမုစ္ဆေဒပဟာန်ဖြင့် ပယ်ခြင်းငှာ၊ ပဌမာယ–ပဌမဖြစ်သော၊ ဘူမိယာ–သောတာပတ္တိဖိုလ်တည်း ဟူသောဘုံသို့၊ ပတ္တိယာ–ရောက်ခြင်းငှာ၊ နိယျာနိကံ–တေဘူမကဝဋ္ဋဒုက္ခ ဟူသော လောကမှ ထွက်မြောက်တတ်သော၊ အပစယဂါမိံ–တေဘူမက ကုသိုလ်သည် စီအပ်သော စုတိပဋိသန္ဓေဟူသော အစီကို ဖျက်ဆီးလျက် သွားတတ်သော၊ လောကုတ္တရံ–လောကုတ္တရာဖြစ်သော၊ ဈာနံ–ဈာန်ကို၊ ဘာဝေတိ–ဖြစ်စေ၏၊ ဝါ–လောကီစျာန်တို့ထက် တိုးပွားစေ၏၊...ကာမေဟိ, ဝိဝိစ္စေဝ–သမုစ္ဆေဒဝိဝေကဖြင့် ကင်းဆိတ်၍သာလျှင်၊ပေ၊ဒုက္ခပဋိပဒံ–သော၊ ဒန္ဓာဘိညံ–သော၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ တသ္မိံ သမယေ ဖဿော ဟောတိ၊ပေ၊ အနညာတညဿာမိတိန္ဒြိယံ–အနညာတညဿာမိတိန္ဒြေသည်၊ ဝါ–အနမတဂ္ဂသံသရာဝယ် တစ်ရံတစ်ခါမျှ မသိအပ်သေးသော အမြိုက်နိဗ္ဗာန်ကို (သစ္စာလေးပါးကို)သိအံ့ဟု ကျင့်သောပုဂ္ဂိုလ်၏ ဣန္ဒြေသည်၊ ဟောတိ၊ပေ၊ သမ္မာဝါစာ–စာသည်၊ ဟောတိ၊ သမ္မာကမ္မန္တော–သည်၊ ဟောတိ၊ သမ္မာ အာဇီဝေါ–သည်၊ ဟောတိ၊ပေ၊ အညေပိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ အတ္ထိ၊ ဣမေ ဓမ္မာ ကုသလာ၊(နိဂုံး) ယသ္မိံ သမယေ၊ပေ၊ဘာဝေတိ၊ တသ္မိံ သမယေ ဣမေ ဓမ္မာ ကုသလာ။ [ဤသို့ စိတ်တိုင်း၌ နိဂုံးဝါကျ ရှိပါစေ။]

---

**လောကုတ္တရံ ဈာနံ**။ ။ဤ၌ အသစ်ဖြစ်သော ပုဒ်တို့၏အနက်ကို အဋ္ဌကထာ နိဿယ၌ရှုပါ၊ ခက်မည်စိုး၍ ခပ်ကျဉ်းကျဉ်းသာ ပေးထားပါသည်၊ "ပဌမာယ ဘူမိယာ ပတ္တိယာတိုင်အောင် "ဈာနံ ဘာဝေတိ"၌ လှည့်၍ စပ်စေခြင်းမှာ ရူပစိတ် ဈာနံ၌ "ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ"ကို နည်းမှီ၍ စပ်စေခြင်းဖြစ်ပါသည်၊ "ထို၌ ပတ္တိယာ သည် ဘာဝေတိ၌ စပ်ရသကဲ့သို့ ဤ၌ ပတ္တိယာလည်း ဘာဝေတိ၌ စပ်ရသည်"ဟူလို။

**ဝိတက္ကနိဒ္ဒေသ၌**။ ။(ယံ)မဂ္ဂင်္ဂ-အကြင် အင်္ဂါကမင်္ဂ၏ အစိတ်အပိုင်း ဖြစ်သော တစ်ဖို့တစ်စုသည်၊ (အတ္ထိ)၊ (ယံ) မဂ္ဂပရိယာပန္န-အကြင် အင်္ဂါကမင်္ဂ၌ အကျုံးဝင်သောသဘောသည်၊ (အတ္ထိ)၊ ဤမျှသာ ထူး၏။

**ပီတိနိဒ္ဒေသ၌**။ ။(ယော) ပီတိသမ္ဗောဇ္ဈင်္ဂေါ-အကြင် ပီတိသမ္ဗောဇ္ဈင် သည်၊ (အတ္ထိ)။

**အနညာတညဿာမိတိန္ဒြိယနိဒ္ဒေသ၌**။ ။အနညာတာနံ-ဉာဏ်ဖြင့် မသိအပ်ဘူးကုန်သေးသော၊ တေသံ ဓမ္မာနံ-ထို သစ္စာ ၄ ပါးတရားတို့ကို၊ (ညာဏာယ-သိခြင်းငှာ၊) အဒိဋ္ဌာနံ-ဉာဏ်စက္ခုဖြင့် မမြင်အပ်ဘူးကုန်သေး သော၊ တေသံ ဓမ္မာနံ-တို့ကို၊ (ဒဿနာယ-ဉာဏ်စက္ခုဖြင့် မြင်ခြင်းငှာ၊) အပတ္တာနံ-ဉာဏ်ဖြင့် မရောက်အပ် မရအပ်ဘူးကုန်သေးသော၊ တေသံ ဓမ္မာနံ-တို့ကို၊ (ပတ္တိယာ-ရောက်ခြင်း ရခြင်းငှာ၊) အဝိဒိတာနံ-ဉာဏ်ဖြင့်ထင်ထင်, မသိမြင်အပ်ဘူးကုန်သေးသော၊ တေသံ ဓမ္မာနံ-တို့ကို၊ (ဝေဒါယ-သိခြင်းငှာ၊) အသစ္ဆိကတာနံ-ဉာဏ်ဖြင့် မျက်မှောက်မပြုအပ်ဖူးကုန်သေးသော၊ တေသံ ဓမ္မာနံ-ထိုသစ္စာလေးပါးတရားတို့သို့၊ သစ္ဆိကိရိယာယ-မျက်မှောက်ပြုခြင်းငှာ၊ ယာ ပညာ-အကြင် အပြားအားဖြင့် သိတတ်သောသဘောသည်၊ (အတ္ထိ)။ပေ၊ ဣဒံ တသ္မိံ သမယေ အနညာတညဿာမိတိန္ဒြိယံ ဟောတိ။

**သမ္မာဝါစာနိဒ္ဒေသ**။ ။တသ္မိံ သမယေ-၌၊ စတူဟိ-လေးပါးကုန်သော၊ ဝစီဒုစ္စရိတေဟိ-ဝစီဒုစ္စရိုက်တို့မှ၊ ဝါ-တို့နှင့်၊ ယာ အာရတိ-အကြင် ဝေးစွာ မွေ့လျော်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယာ ဝိရတိ-အကြင် ကင်း၍ မွေ့လျော်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယာ ပဋိဝိရတိ-အကြင်ဆုတ်နစ် လျက်သာလျှင် ကင်း၍ မွေ့လျော်တတ်သောသဘောသည်၊ (အတ္ထိ)၊ [(တစ်နည်း) ယာ အာရတိ-အကြင် ရှောင်ကြဉ်ခြင်းသဘောသည်၊ပေ၊ ယာ ပဋိဝိရတိ-အကြင် ရှောင်ကြဉ်ခြင်းသဘောသည်၊ (အတ္ထိ)၊ ဤသို့လည်း တစ်နည်းပေးပါ၊] ယာ ဝေရမဏီ-အကြင် ဝစီဒုစရိုက်ရန်ကို ဖျက်ဆီးတတ် သောသဘောသည်၊ ဝါ-ရှောင်ကြဉ်တတ်သောသဘောသည်၊ ယာ အကိရိယာ-အကြင် ဝစီဒုစရိုက်တို့ကို မပြုတတ်သောသဘောသည်၊ (အတ္ထိ)၊ ယံ အကရဏံ-သည်၊ (အတ္ထိ)၊[နည်းတူပေး၊] ယာ အနဇ္ဈာပတ္တိ-အကြင် လွမ်းမိုး၍ မရောက်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယော ဝေလာအနတိက္ကမော-အကြင်သုစရိုက်တည်းဟူသောကမ်းကို မလွန်တတ်သောသဘောသည်၊(အတ္ထိ)၊ (တစ်နည်း) ယာ ဝေလာ-အကြင် ဝစီဒုစရိုက်ကို လှုပ်ရှားစေတတ် ဖျက်ဆီး တတ်သောသဘောသည်၊ (အတ္ထိ)၊ [ဝစီဒုစရိုက်ကို သူ့ဘာသာမနေစေဘဲ ပြုကျင့်သည်ကို "လှုပ်ရှားစေ"ဟု ဆိုသည်၊] ယော အနတိက္ကမော-အကြင် မိမိကိန်းရာ သတ္တဝါ၏ ဟိတသုခကို မလွန်တတ်သောသဘောသည်၊(အတ္ထိ)၊

ယော သေတုဃာတော–အကြင် ဒုစရိုက်တို့၏အကြောင်းဖြစ်သော ရာဂ စသည်ကို သတ်တတ်သောသဘောသည်၊ (အတ္ထိ)၊ [အာရတိမှစ၍ အနက်ပေးပုံကို အင်္ဂုတ္တရနိဿယ၌ ရှုပါ။] သမ္မာဝါစာ–ဝါစာဟူသော၊ ယံ မဂ္ဂင်္ဂ–အကြင် အင်္ဂါကမဂ်၏ အစိတ်အပိုင်းဖြစ်သော အဖို့အစုသည်၊ (အတ္ထိ)၊ ယံ မဂ္ဂပရိယာပန္နံ–အကြင် အင်္ဂါကမဂ်၌ အကျုံးဝင်သောသဘောသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ သမ္မာဝါစာ ဟောတိ၊ [သမ္မာကမ္မန္တ, သမ္မာအာဇီဝ နိဒ္ဒေသတို့၌လည်း နည်းတူ၊ ကြွင်းသော နိဒ္ဒေသပုဒ်များနှင့် သင်္ဂဟဝါရ သုညတဝါရတို့၌လည်း လွယ်ပြီ၊ ဤကား သုညတစသည်မဖက် ပဋိပဒါ သက်သက်ဖြင့် ဟောတော်မူအပ်သော သောတာပတ္တိမဂ်တည်း။]

**သုဒ္ဓိကပဋိပဒါ–သည်၊ နိဋ္ဌိတာ–ပြီးပြီ။**

## သုဒ္ဓိကသုညတဝါရ

## [ပဋိပဒါနှင့် မရောသော သုညတကိုပြရာ ဝါရ။]

ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ၊ပေ၊ဘာဝေတိ၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊ သုညတံ–သုညတမည်သော၊ ဝါ–အတ္တမှ ကင်းဆိတ်သော၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ (နိဂုံးလည်း ထည့်ပါ။) [ဒုတိယဈာန်စသော စတုက္ကနည်း ပဉ္စကနည်းများ၌လည်း နည်းတူ။]

**သုညတမူလကပဋိပဒါဝါရ။** ။ကတမေ၊ ပေ၊ ဒုက္ခပ္ပဋိပဒံ–သော၊ ဒန္ဓာဘိညံ–သော၊ သုညတံ–သော၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ [ဒုက္ခပ္ပဋိပဒံ ခိပ္ပာဘိညံ စသည်နှင့် သုညတံ တွဲ၍လည်း နည်းတူ၊ ဒုတိယဈာန်မှစ၍ စတုက္ကနည်း ပဉ္စကနည်းများလည်း တူပြီ။]

**သုဒ္ဓိကအပ္ပဏိဟိတဝါရ။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ၊ပေ၊ အပ္ပဏိဟိတံ–အပ္ပဏိဟိတမည်သော၊ ဝါ–တောင့်တတတ်သော ရာဂ ဒေါသ မောဟမရှိသော၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ပေ၊ ဣမေ ဓမ္မာ ကုသလာ၊ [ဒုတိယဈာန်စသော စတုက္ကနည်း ပဉ္စကနည်းများ၌လည်း နည်းတူ။]

**အပ္ပဏိဟိတမူလကပဋိပဒါ။** ။[သုညတနေရာဝယ် အပ္ပဏိဟိတသွင်း၍ "ဒုက္ခပဋိပဒံ ဒန္ဓာဘိညံ အပ္ပဏိဟိတံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"ဟု ဆိုရုံသာ ထူးသည်။

**ဝီသတိမဟာနယ။** ။"ဈာနံ ဘာဝေတိ"နေရာဝယ် "မဂ္ဂံ ဘာဝေတိ, သတိပဋ္ဌာနံ ဘာဝေတိ, သမ္မပ္ပဓာနံ ဘာဝေတိ, ဣဒ္ဓိပါဒံ ဘာဝေတိ, ဣန္ဒြိယံ ဘာဝေတိ, ဗလံ ဘာဝေတိ, ဗောဇ္ဈင်္ဂံ ဘာဝေတိ, သစ္စံ ဘာဝေတိ သမထံ

ဘာဝေတိ, ဓမ္မံ ဘာဝေတိ, ခန္ဓံ ဘာဝေတိ, အာယတနံ ဘာဝေတိ, ဓာတုံ ဘာဝေတိ, အာဟာရံ ဘာဝေတိ, ဖဿံ ဘာဝေတိ, ဝေဒနံ ဘာဝေတိ, သညံ ဘာဝေတိ, စေတနံ ဘာဝေတိ, စိတ္တံ ဘာဝေတိ"ဟူသော ၁၉ ပုဒ်တို့ကို လဲလှယ်ထည့်သွင်း၍ "ဈာနံ ဘာဝေတိနှင့်တကွ သောတာပတ္တိမဂ်၌ နည်းပေါင်း ၂၀ ဖြစ်သည်။

**အဓိပတိဘောဒဝါရ။** ။လောကုတ္တရာဈာန်များ၌ ဒုက္ခပ္ပဋိပဒါစသော ပဋိပဒါ ၄ ပါးတွင် တစ်ပါးပါးနှင့် အမြဲတွဲ၍ ဟောတော်မူ၏၊ ထို ဝါရကို "သုဒ္ဓိကပဋိပဒါ"ဟု ခေါ်သည်၊ ထိုပဋိပဒါ ၄ ပါးကို မူတည်, ဆန္ဒာဓိပတိ စသော အဓိပတိ ၄ ပါးကို မူလီသွတ်၍လည်း ဟောတော်မူ၏၊ ထို့ကြောင့် ပဋိပဒါအဓိပတိမိဿကဝါရ၌ သောဠသက္ခတ္တုကမဂ်များ ဖြစ်ကြ၏၊ ဈာနံ ဘာဝေတိကဲ့သို့ မဂ္ဂံ ဘာဝေတိ စသည်ဖြင့်လည်း နည်းတူဖြစ်သည်။

**အဋ္ဌမော–သော၊ မဂ္ဂေါ–မဂ်သည်၊ နိဋ္ဌိတော–ပြီးပြီ။**

**သကဒါဂါမိမဂ်။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော) ကာမရာဂဗျာပါဒါနံ–ကာမရာဂဗျာပါဒတို့၏၊ တနုဘာဝါယ–နည်းပါးကုန်သည်၏အဖြစ်ဟူသော အကျိုးငှာ၊ ဒုတိယာယ–ဒုတိယဖြစ်သော၊ ဝါ–နှစ်ကြိမ်မြောက်ရအပ်သော၊ ဘူမိယာ–သကဒါဂါမိဖိုလ်တည်းဟူသောဘုံသို့၊ ပတ္တိယာ–ရောက်ခြင်းငှာ။ နိယျာနိကံ အပစယဂါမိံ လောကုတ္တရံ ဈာနံ ဘာဝေတိ၊ ကာမေဟိ ဝိဝိစ္စေဝ၊ပေ၊ ဒုက္ခပ္ပဋိပဒံ–သော၊ ဒန္ဓာဘိညံ–သော၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ပေ၊ ဖဿော ဟောတိ၊ပေ၊ အညိန္ဒြိယံ–သောတာပတ္တိမဂ် သိအပ်ပြီးသော သစ္စာလေးပါး အပိုင်းအခြားကို မကျော်လွန်မူ၍ သိတတ်သော ဣန္ဒြေသည်၊ ဟောတိ၊ ပ၊ ဣမေ ဓမ္မာ ကုသလာ။ [သောတာပတ္တိမဂ်နှင့် အားလုံးတူပြီ။]

**ဒုတိယော–သော၊ မဂ္ဂေါ–မဂ်သည်၊ နိဋ္ဌိတော–ပြီးပြီ။**

**အနာဂါမိမဂ်။** ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ (ယောဂါဝစရော) ကာမရာဂဗျာပါဒါနံ–တို့ကို၊ အနဝသေသပ္ပဟာနာယ–အကြွင်းမရှိအောင် ပယ်ခြင်းငှာ၊ တတိယာယ–တတိယဖြစ်သော၊ ဝါ–သုံးကြိမ်မြောက်ရအပ်သော၊ ဘူမိယာ–အနာဂါမိဖိုလ်တည်းဟူသောဘုံသို့၊ ပတ္တိယာ–ငှာ၊ ဤသို့ စသည်ဖြင့် နည်းတူပေးပါ။

**တတိယော–သော၊ မဂ္ဂေါ–မဂ်သည်၊ နိဋ္ဌိတော–ပြီးပြီ။**

**အရဟတ္တမဂ်**။ ။ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ၊ပေ၊ ရူပရာဂ၊ပေ၊ အဝိဇ္ဇာယ–ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာကို၊ အနဝသေသပ္ပဟာနာယ–ငှာ၊ စသည်နည်းတူ။...စတုတ္ထော–သော၊ မဂ္ဂေါ–သည်၊ နိဋ္ဌိတော–ပြီ။

**အညိန္ဒြိယနိဒ္ဒေသ**။ ။ကတမံ၊ပေ၊အညိန္ဒြိယံ ဟောတိ၊ ဉာတာနံ–သိအပ်ပြီးကုန်သော၊ တေသံ ဓမ္မာနံ–ထိုသစ္စာလေးပါးတရားတို့ကို၊ ဉာဏာယ–သိခြင်းငှာ၊ ဒိဋ္ဌာနံ၊ပေ၊ဒဿနာယ၊ ပတ္တာနံ၊ပေ၊ ပတ္တိယာ၊ ဝိဒိတာနံ၊ပေ၊ ဝေဒါယ၊ သစ္ဆိကတာနံ၊ပေ၊ သစ္ဆိကိရိယာယ၊ ယာ ပညာ၊ စသည်တူပြီ။

**ကုသလာဓမ္မဟူသော မာတိကာ၏ပဒဘာဇနီ ပြီးပြီ။**

## အကုသလပဒဘာဇနီ
## ပဌမ အကုသိုလ်

**ဥဒ္ဒေသဝါရ**။ ။ကတမေ ဓမ္မာ အကုသလာ၊ ယသ္မိံ သမယေ အကုသလံ သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ–မိစ္ဆာဒိဋ္ဌိနှင့်အညီအမျှ ကြေပွာဒတာအစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ စိတ္တံ–သည်၊ ရူပါရမဏံ–ကို၊ အာရဗ္ဘ ဝါ–အာရုံပြု၍သော်လည်းကောင်း၊ပေ၊ဓမ္မာရမဏံ–ဓမ္မာရုံကို၊ အာရဗ္ဘ ဝါ–သော်လည်းကောင်း၊ ယံ ယံ ဝါ ပန–အမှတ်မထား, တစ်ပါးပါးသောအာရုံကို၊ အာရဗ္ဘ–အာရုံပြု၍၊ ဥပ္ပန္နံ–ဖြစ်ဆဲသည်၊ [အတီတ်စိတ်၏ ဘင်ခဏမှ အထက်ဖြစ်သော နောက်ကာလ၌ ခဏတ္တယသို့ရောက်သည်၊(သဒ္ဒတ္ထ)] ဟောတိ၊ [(တစ်နည်း) ဒိဋ္ဌိဂတသမ္ပယုတ္တံ–သော၊ ရူပါရမဏံ ဝါ–ရူပါရုံဟူသော အာရုံရှိသည်မူလည်းဖြစ်သော၊ပေ၊ ဓမ္မာရမဏံ ဝါ–ဓမ္မရုံဟူသော အာရုံရှိသည်မူလည်းဖြစ်သော၊ စိတ္တံ–သည်၊ ယံ ယံ ဝါ ပန–အမှတ်မထား တစ်ပါးပါးသောအာရုံကို၊ အာရဗ္ဘ–၍၊ ဥပ္ပန္နံ ဟောတိ၊] တသ္မိံ သမယေ–၌၊ ဖဿော ဟောတိ၊ပေ၊မိစ္ဆာဒိဋ္ဌိ–မိစ္ဆာဒိဋ္ဌိသည်၊ ဟောတိ၊ မိစ္ဆာသင်္ကပ္ပော–မိစ္ဆာသင်္ကပ္ပသည်၊ ဟောတိ၊ အဘိဇ္ဈာ–အဘိဇ္ဈာသည်၊ ဟောတိ၊ စသည်ဖြင့် နာမည်မျှသာ ပေးပါ၊...ဣမေ ဓမ္မာ အကုသလာ၊ (နိဂုံး)၊ ယသ္မိံ၊ပေ၊ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ ဣမေ ဓမ္မာ အကုသလာ၊ ဤသို့ နိဂုံးဝါကျ အမြဲပါ,ပါစေ။

---

**ယသ္မိံ သမယေ**။ ။သမယသဒ္ဒါ၏ သမဝါယစသော အနက်ငါးပါးတို့တွင် အကုသိုလ်အရာ၌ နဝမခဏ စတုစက္ကသမ္ပတ္တိခဏနှင့် မဆိုင်သောကြောင့် ခဏအနက် မရနိုင်၊ ကြွင်းလေးနက်ကား ရနိုင်၏၊ ကုသိုလ်အစ၌ ပေးခဲ့သောအနက်များကို နည်းမှီး၍ ဤ၌ ထိုလေးနက်ကို ပေးကြပါလေ။

## ပဌမအကုသိုလ်နိဒ္ဒေသဝဏ္ဏနာ
## [ပုဒ်အသစ်နိဒ္ဒေသများ၏ နိဿယ]

**ကေဂ္ဂတာနိဒ္ဒေသ**။ ။ယော အဝိသာဟာရော–အကြင် တကွဖြစ်ဖက် တရားတို့ကို အထူးထူးအပြားပြား, ထက်ဝန်းကျင်သို့ မဆောင်တတ်သော သဘောသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ ကေဂ္ဂတာ ဟောတိ၊[ဤသို့ အနိယမတစ်ခုလျှင် နိယမဝါကျတစ်ခု ထည့်၍ တွဲစပ်ပါ၊] ယာ အဝိသာဟဋ္ဌ မာနသတာ–အကြင် အထူးထူးအပြားပြား, ထက်ဝန်းကျင်သို့ မဆောင်အပ် သော စိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊(အတ္ထိ)၊ ယံ သမာဓိဗလံ–အကြင် တကွ ဖြစ်ဖက် တရားတို့၌ မတုန်လှုပ်တတ်သော သမာဓိသည်၊(အတ္ထိ)၊ယော မိစ္ဆာ သမာဓိ–အကြင် မမှန်မကန်, ဖောက်ပြန်မှားယွင်းသော သမာဓိသည်၊(အတ္ထိ)။

**မိစ္ဆာဒိဋ္ဌိနိဒ္ဒေသ**။ ။ကတမာ–သော၊ မိစ္ဆာဒိဋ္ဌိ–မိစ္ဆာဒိဋ္ဌိသည်၊ ဝါ–မမှန် ဖောက်ပြား, မှားယွင်းစွာ မြင်တတ်သောသဘောသည်၊ ဟောတိ–နည်း၊ တသ္မိံ သမယေ–၌၊ ယာ ဒိဋ္ဌိ–အကြင် ဒိဋ္ဌိသည်၊ (အတ္ထိ)၊ ယံ ဒိဋ္ဌိဂတံ–အကြင် ၆၂ ဖြာ, မိစ္ဆာအယူတို့၌ ပါဝင်သောသဘောသည်၊ (အတ္ထိ)၊ ယံ ဒိဋ္ဌိဂဟနံ– အကြင် လွန်မြောက်ဖို့ရာ, ခဲယဉ်းစွာသော မိစ္ဆာအယူတည်းဟူသော တောရှုပ် သည်၊ (အတ္ထိ)၊ ယော ဒိဋ္ဌိကန္တာရော–အကြင် မိစ္ဆာအယူတည်းဟူသော ခရီးခဲ သည်၊ ယံ ဒိဋ္ဌိဝိသူကာယိကံ–အကြင် သမ္မာဒိဋ္ဌိကို ထိုးဆွတတ်, ဆန့်ကျင်ဘက် အားဖြင့်လည်း ဖြစ်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယံ ဒိဋ္ဌိဝိပ္ဖန္ဒိတံ–အကြင် အထူးထူး အဖုံဖုံ, တုန်လှုပ်တတ်သော မိစ္ဆာအယူသည်၊(အတ္ထိ)၊ ယံ ဒိဋ္ဌိ သညောဇနံ–အကြင် မိစ္ဆာအယူတည်းဟူသော သံယောဇဉ်သည်၊ (အတ္ထိ)၊ ယော ဂါဟော–အကြင် အာရုံကို မြဲစွာဖမ်းယူတတ်သောသဘောသည်၊ (အတ္ထိ)၊ ယော ပတိဋ္ဌာဟော–အကြင် မြဲစွာတည်လျက် ဖမ်းယူတတ်သောသဘော သည်၊ (အတ္ထိ)၊ ["ပတိဂ္ဂါဟော"ဟု ရှိလျှင်လည်း အနက်တူ။]

ယော အဘိနိဝေသော–အကြင် နိစ္စစသောအားဖြင့် စွဲမြဲစွာနှလုံးသွင်းတတ် သော သဘောသည်၊(အတ္ထိ)၊ ယော ပရာမာသော–အကြင် မှန်သည်မှတစ်ပါး များသောအားဖြင့် သုံးသပ်တတ်သောသဘောသည်၊(အတ္ထိ)၊ ယော ကုမဂ္ဂေါ– အကြင် စက်စုပ်အပ်သောလမ်းသည်၊ ဝါ–အကြင် စက်ဆုပ်ရွံဖွယ် အပါယ် လေးပါးတို့၏လမ်းသည်၊(အတ္ထိ)၊ ယော မိစ္ဆာပထော–အကြင် မမှန်ဖောက်ပြား, မှားယွင်းသောလမ်းသည်၊(အတ္ထိ)၊ ယံ မိစ္ဆတ္တံ–အကြင် မှားယွင်းသောသဘော ရှိသော အယူသည်၊(အတ္ထိ)၊ ယံ တိတ္ထာယတနံ–အကြင် ရေဆိပ်ပမာ, အကျိုးမဲ့ တို့၏ တည်ရာသည်၊ ဝါ–တိတ္ထိတို့၏ ပေါက်ပွားရာ, တည်နေရာသည်၊(အတ္ထိ)၊ ယော ဝိပရိယာသဂ္ဂါဟော–အကြင် ဖောက်ပြန်သော ယူခြင်းသည်၊ ဝါ–

ဖောက်ပြန်သောအားဖြင့် ယူခြင်းသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ မိစ္ဆာဒိဋ္ဌိ ဟောတိ၊ (နိဂုံး) ယသ္မိံ၊ပေ၊ ဟောတိ၊ တသ္မိံ သမယေ အယံ-ဤသို့သော ("ဒိဋ္ဌိ ဒိဋ္ဌိဂတံ ဒိဋ္ဌိဂဟနံ ဒိဋ္ဌိကန္တာရော"စသည်ဖြင့် ဆိုအပ်ပြီးသော သဘောရှိသော၊) မိစ္ဆာဒိဋ္ဌိ ဟောတိ။

**လောဘနိဒ္ဒေသ**။ ။ယော လောဘော-အကြင် လိုချင်တတ်သောသဘောသည်၊(အတ္ထိ)၊ ယာ လုဗ္ဘနာ-အကြင်လိုချင်ခြင်းသည်၊(အတ္ထိ)၊ ယံ လုဗ္ဘိတတ္တံ-အကြင် လိုချင်တတ်သောစိတ်၏ (ပုဂ္ဂိုလ်၏) ဖြစ်ကြောင်းဖြစ်ရာသည်၊(အတ္ထိ)၊ ယော သာရာဂေါ-အကြင် လွန်စွာတပ်မက်တတ်သောသဘောသည်၊(အတ္ထိ)၊ ယာ သာရဇ္ဇနာ-အကြင် လွန်စွာတပ်မက်ခြင်းသည်၊(အတ္ထိ)၊ ယံ သာရဇ္ဇိတတ္တံ-အကြင် လွန်စွာတပ်မက်တတ်သော စိတ်၏ (ပုဂ္ဂိုလ်၏)ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယာ အဘိဇ္ဈာ-အကြင်ရှေးရှုကြံတတ်သောသဘောသည်၊ (အတ္ထိ)၊ လောဘော-လောဘဟူသော၊ ယံ အကုသလမူလံ-အကြင် အကုသိုလ်ဟူသော မူလသည်၊ ဝါ-အကုသိုလ်တို့၏ မူလသည်၊ (အတ္ထိ)၊ အယံ တသ္မိံ သမယေ လောဘော ဟောတိ၊ (နိဂုံး) ယသ္မိံ သမယေ၊ပေ၊ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ အယံ လောဘော ဟောတိ။

**မောဟနိဒ္ဒေသ**။ ။ယံ အညာဏံ-အကြင် သိတတ်သော ဉာဏ်၏ ဆန့်ကျင်ဘက်သည်၊ (အတ္ထိ)၊ ယံ အဒဿနံ-အကြင် မြင်တတ်သောဉာဏ်၏ ဆန့်ကျင်ဘက်သည်၊(အတ္ထိ)၊ ယော အနဘိသမယော-အကြင် ရှေးရှုဖြစ်၍ သစ္စာလေးပါးတရားတို့ကို ကောင်းစွာမသိတတ်သောသဘောသည်၊[တစ်နည်း၊ ရှေးရှုဖြစ်၍ သစ္စာလေးပါးတရားနှင့် ပေါင်းဆုံတတ်သောသဘောသည်၊အတ္ထိ၊] ယော အနနုဗောဓော-အကြင် လျော်စွာ သစ္စာလေးပါးတရားတို့ကို သိတတ်သော ဉာဏ်၏ ဆန့်ကျင်ဘက်သည်၊ (အတ္ထိ)၊ ယော အသမ္ဗောဓော-အကြင် အနိစ္စအစရှိသော သဘောတို့နှင့်တကွ ယှဉ်စပ်၍ မသိတတ်သောသဘောသည်၊ (တစ်နည်း) ယော အသမ္ဗောဓော-အကြင် ထင်ရှားမရှိသော ပကတိ၊ အတ္တ စသည်ကို သိတတ်သောသဘောသည်၊ (တစ်နည်း) ယော အသမ္ဗောဓော-အကြင် မညီမျှသော သညာစိတ္တဒိဋ္ဌိဝိပလ္လာသကို သိတတ်သောသဘောသည်၊ (အတ္ထိ)၊ ယော အပ္ပဋိဝေဓော-အကြင် သစ္စာလေးပါးတရားကို ထိုးထွင်း၍ မသိတတ်သောသဘောသည်၊ (အတ္ထိ)၊ ယာ အသံဂါဟနာ-အကြင် တစ်ခုသော တရားကိုလည်း အနိစ္စစသော သာမညလက္ခဏာအားဖြင့် ကောင်းစွာ မယူတတ်သောသဘောသည်၊ ဝါ-မချီးမြှောက်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယာ အပရိယောဂါဟနာ-အကြင် ခန္ဓာစသည်တို့တွင် တစ်ခုသောတရားသို့ပင် အနိစ္စစသော သာမညလက္ခဏာအားဖြင့် မသက်ဝင်တတ်သောသဘောသည်၊ (အတ္ထိ)၊ယာ အသမပေက္ခဏာ-အကြင် အညီအမျှ မရှုတတ်သောသဘောသည်၊

ယာ အပစ္စဝေက္ခဏာ–အကြင် ဟုတ်မှန်သောသဲဘောကို စွဲ၍ မရှုတတ်သော သဘောသည်၊ (အတ္ထိ)၊ ယံ အပစ္စက္ခကမ္မံ–အကြင် မျက်မှောက်ဖြစ်သော တစ်ခုသော ကံမှုမရှိသောသဘောသည်၊ (တစ်နည်း)၊ ယံ အပစ္စက္ခကမ္မံ–အကြင် မျက်မှောက်ပြုအပ်သော တစ်ခုသောကံမှု မရှိသောသဘောသည်၊ ယံ ဒုမ္မေဓ္မံ–အကြင် စင်ကြယ်သောစိတ်အစဉ်ကို ဖျက်ဆီးတတ်သောသဘောသည်၊ (အတ္ထိ)၊ ယံ ဗာလျံ–အကြင် ဗာလ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယံ အသမ္ပဇညံ–အကြင် ကောင်းစွာအပြားအားဖြင့် မသိတတ်သူ၏ဖြစ်ကြောင်း ဖြစ်ရာသည်၊ (အတ္ထိ)၊ ယော မောဟော–အကြင် တွေဝေခြင်းသဘောသည်၊ (အတ္ထိ)၊ ယော ပမောဟော–အကြင် အားကြီးသောမောဟသည်၊ (အတ္ထိ)၊ ယော သံမောဟော–အကြင် ထက်ဝန်းကျင် တွေဝေတတ်သောသဘောသည်၊(အတ္ထိ)၊ ယာ အဝိဇ္ဇာ–ဝိဇ္ဇာဉာဏ်၏ ဆန့်ကျင်ဘက်သဘောသည်၊ (အတ္ထိ)၊ ယော အဝိဇ္ဇောဃော–အကြင် အဝိဇ္ဇာဟူသောသြဃသည်၊ (အတ္ထိ)၊ ယော အဝိဇ္ဇာ ယောဂေါ-အကြင် အဝိဇ္ဇာဟူသောယောဂသည်(အတ္ထိ)၊ ယော အဝိဇ္ဇာနုသယော–အကြင် အဝိဇ္ဇာဟူသော အနုသယသည်၊ (အတ္ထိ)၊ ယံ အဝိဇ္ဇာပရိယုဋ္ဌာနံ–အကြင် စိတ်ကို လွှမ်းမိုးလုယက်တတ်သော အဝိဇ္ဇာသည်၊ (အတ္ထိ)၊ ယာ အဝိဇ္ဇာလင်္ဂီ–အကြင် စီးပွားသို့ ရှေးရှုသွားဖို့ရာ လွဲချော်ခွင်နေတတ်သော အဝိဇ္ဇာသည်၊ (တစ်နည်း) ယာ အဝိဇ္ဇာလင်္ဂီ–အကြင် တံခါးချင် မင်းတုပ်နှင့် တူစွာ, ခဲခဲယဉ်းယဉ်း ဖွင့်ခွာအပ်သော အဝိဇ္ဇာသည်၊ (အတ္ထိ)၊ မောဟော–မောဟဟူသော၊ ယံ အကုသလမူလံ–သည်၊ (အတ္ထိ)၊ တသ္မိံ သမယေ အယံ မောဟော ဟောတိ၊ [နိဂုံးဝါကျလည်း ထည့်ပါ။]

**အမှာ**။ ။နောက်နောက်ပုဒ်များ၏ နိဒ္ဒေသတို့၌ အထူးမရှိတော့ပြီ၊ ကောဋ္ဌာသဝါရ, သုညတဝါရတို့လည်း ကုသိုလ်ကို နည်းမှီ၍ သိလောက်ပါပြီ၊ ဒုတိယစိတ်မှစ၍ လောဘမူစိတ်များ၌ အထူးမရှိတော့ပါ။

**နဝမစိတ်(ဒေါသမူစိတ်)**။ ။ယသ္မိံ သမယေ အကုသလံ, ဒေါမနဿ သဟဂတံ–ဒေါမနဿသဟဂုတ်ဖြစ်သော၊ ပဋိဃသမ္ပယုတ္တံ–ဒေါသနှင့်အညီ အမျှ ကျေပွာဒတာ အစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ ရူပါရမဏံ အာရဗ္ဘ ဝါ၊ပေ၊စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ ဖဿော–သည်၊ ဟောတိ–၏၊ပေ၊ ဒေါသော–ဒေါသသည်၊ ဟောတိ–၏၊ပေ၊ ဗျာပါဒေါ–ဗျာပါဒသည်၊ ဟောတိ၊ပေ၊ ဣမေ ဓမ္မာ အကုသလာ။

**ဝေဒနာနိဒ္ဒေသ**။ ။တတ္ထ၊ပေ၊သမ္ဖဿဇံ–သော၊ စေတသိကံ–သော၊ ယံ အသာတံ–အကြင် သာယာတတ်သော သုခ၏ ဆန့်ကျင်ဘက်သဘောသည်၊ (အတ္ထိ)၊ ဤတစ်ပုဒ်သာ ထူး၏။

**ဒေါသနိဒ္ဒေသ**။ ။ယော ဒေါသော–အကြင် ပျက်စီးတတ်သောသဘော သည်၊ ဝါ–အကြင် ပျက်စီးခြင်းသဘောသည်၊ (အတ္ထိ)၊ ယာ ဒုဿနာ–အကြင် ပျက်စီးခြင်းသည်၊ (အတ္ထိ)၊ ယံ ဒုဿိတတ္တံ–အကြင် ပျက်စီးတတ်သော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယာ ဗျာပတ္တိ–အကြင် ပင်ကိုသဘောမှ ဖောက်ပြန်ခြင်းသို့ရောက်သောသဘောသည်၊ (အတ္ထိ)၊ ယာ ဗျာပဇ္ဇနာ–အကြင် ပင်ကိုသဘောမှ ဖောက်ပြန်ခြင်းသို့ရောက်ခြင်းသည်၊(အတ္ထိ)၊ ယံ ဗျာပဇ္ဇိတတ္တံ–အကြင် ပင်ကိုသဘောမှ ဖောက်ပြန်ခြင်းသို့ရောက်သောစိတ်၏ ဖြစ်ကြောင်း ဖြစ်ရာသည်၊ (အတ္ထိ)၊ ယော ဝိရောဓော–အကြင် ဆန့်ကျင်တတ်သော သဘောသည်၊ (အတ္ထိ)၊ ယော ပဋိဝိရောဓော–အကြင် အဖန်ဖန် ဆန့်ကျင် တတ်သောသဘောသည်၊(အတ္ထိ)၊...[တစ်နည်း၊ ယော ဝိရောဓော–အကြင် ဆန့်ကျင်ခြင်းသည်၊ (အတ္ထိ)၊ ယော ပဋိဝိရောဓော–အကြင် အဖန်ဖန်ဆန့်ကျင် ခြင်းသည်၊ (အတ္ထိ)၊] ယံ စဏ္ဍိက္ကံ–အကြင် ကြမ်းတမ်းသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယော အသုရောပေါ–အကြင် ကောင်းစွာ ဖြစ်စေအပ်သောစကား၏ မရှိကြောင်းသဘောသည်၊ ဝါ–အကြင်ကောင်းစွာ ဖြစ်စေအပ်သော အမှန်မရှိကြောင်း မရှိကြောင်းသဘောသည်၊(အတ္ထိ)၊ ["အသု ရောပေါ–မျက်ရည်ကို ဖြစ်စေတတ်သောသဘောသည်"ဟု အပရေဝါဒ ရှိ၏၊] စိတ္တဿ–၏၊ ယာ အနတ္တမနတာ–အကြင် အတ္တမနတာ၏ ဆန့်ကျင်ဘက် သည်၊ ဝါ–အကြင် မိမိစိတ်မဟုတ်သည်၏ အဖြစ်သည်၊ (အတ္ထိ)။

**ကောဒသမ(ဝိစိကိစ္ဆာသဟဂုတ်စိတ်)**။ ။"ဝိစိကိစ္ဆာသမ္ပယုတ္တံ–ဝိစိကိစ္ဆာနှင့် အညီအမျှ ကေုပ္ပာဒတာ အစရှိသော အပြားတို့ဖြင့်ယှဉ်သော" တစ်ပုဒ်သာ ထူး၏။

**ဝိစိကိစ္ဆာနိဒ္ဒေသ**။ ။ယာ ကင်္ခါ–အကြင် ယုံမှားတတ်သော သဘောသည်၊ (အတ္ထိ)၊ ယာ ကင်္ခါယနာ–အကြင် နောက်ယုံမှားခြင်းကို ဖြစ်စေတတ်သော ရှေ့ယုံမှားခြင်းသည်၊ (အတ္ထိ၊) [တစ်နည်း၊ ယာ ကင်္ခါယနာ–အကြင် ယုံမှားခြင်း သည်၊ (အတ္ထိ)၊] ယံ ကင်္ခါယိတတ္တံ–အကြင် ယုံမှားခြင်းသည် ဖြစ်စေအပ်သော စိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊(အတ္ထိ)၊ ယာ ဝိမတိ–အကြင် မသိခြင်းသဘော သည်၊ (အတ္ထိ)၊ ယာ ဝိစိကိစ္ဆာ–အကြင် ဉာဏ်တည်းဟူသော ဆေးကုခြင်းမှ ကင်းသောသဘောသည်၊(တစ်နည်း) ယာ ဝိစိကိစ္ဆာ–အကြင် သဘောအမှန်ကို စူးစမ်းရှာဖွေလတ်သော်၊ ပင်ပန်းကြောင်းသဘောသည်၊ (အတ္ထိ)၊ယံ ဒွေဠှကံ–အကြင် ဟုတ်လေသလား, မဟုတ်လားဟု နှစ်ပါးအပြားအားဖြင့် စိတ်ကို တုန်လှုပ်စေတတ်သောသဘောသည်၊ (အတ္ထိ)၊ ယော ဒွေဓာပထော–အကြင် နှစ်ဖြာကွဲသော လမ်းနှင့်တူသောသဘောသည်၊ (အတ္ထိ)၊ ယော သံသယော–အကြင် တစ်ခုတည်းသော အခြင်းအရာ၌ မတည်နိုင်ဘဲ ထက်ဝန်းကျင်

ဖြစ်တတ်သောသဘောသည်၊ (ဝါ–ယုံမှားခြင်းသဘောသည်၊) (အတ္ထိ)၊... ယော အနေကံသဂ္ဂါဟော–အကြင် တစ်ခုသောအဖို့ကိုယူခြင်း၏ဆန့်ကျင်ဘက်သဘောသည်၊ ယာ အာသပ္ပနာ–အကြင်အာရုံ၏ တစ်ခုသောအခြင်းအရာသို့ မသွားနိုင်ဘဲ မိမိသို့ ရှေးရှုနေသကဲ့သို့ဖြစ်သောသဘောသည်၊ (အတ္ထိ)၊ ယာ ပရိသပ္ပနာ–အကြင် ဉာဏ်ဖြင့် သက်ဝင်ခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ ထက်ဝန်းကျင် ဖြစ်တတ်သောသဘောသည်၊ (အတ္ထိ)၊ ယာ အပရိယောဂါဟနာ–အကြင် ဉာဏ်ဖြင့် ထက်ဝန်းကျင် မသက်ဝင်နိုင်သောသဘောသည်၊ (အတ္ထိ)၊ စိတ္တဿ–၏၊ ယံ ထမ္ဘိတတ္တံ–အကြင် ခက်ထန်သည်၏အဖြစ်သည်၊ (အတ္ထိ)၊ ယော မနောဝိလေခေါ–အကြင် စိတ်ကို ရေးခြစ်သကဲ့သို့ဖြစ်သောသဘောသည်၊ (အတ္ထိ)။

**ဥဒ္ဓစ္စနိဒ္ဒေသ**။ ။ယသ္မိံ သမယေ၊ပေ၊ ဥဒ္ဓစ္စသမ္ပယုတ္တံ–သော၊ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ၊ပေ၊ကတမံ–သော၊ ဥဒ္ဓစ္စံ–သည်၊ ဟောတိ–နည်း၊ တသ္မိံ သမယေ–၌၊ စိတ္တဿ–၏၊ ယံ ဥဒ္ဓစ္စံ–အကြင် အထက်အထက်၌ လွင့်တက်တုန်လှုပ်တတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယော အဝူပသမော–အကြင် မငြိမ်းအေးခြင်းသည်၊ (အတ္ထိ)၊ ယော စေတောဝိက္ခေပေါ–အကြင် စိတ်ကို အထူးထူးအပြားပြား ပစ်လွှင့်တတ်သောသဘောသည်၊ (အတ္ထိ)၊ [စာအုပ်တို့၌ "စေတသော+ဝိက္ခေပေါ"ဟု ဝါကျရှိ၏။] စိတ္တဿ–၏၊ ယံ ဘန္တတ္တံ–အကြင် တုန်လှုပ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ တသ္မိံ သမယေ–၌၊ ဣဒံ–ဤသို့သော၊ ဝါ–ဤသို့သဘောရှိသော၊ ဥဒ္ဓစ္စံ–သည်၊ ဟောတိ၊ (နိဂုံး) ယသ္မိံ၊ပေ၊ ဟောတိ၊ တသ္မိံ သမယေ–၌၊ ဣဒံ–ဤသို့သော၊ ဥဒ္ဓစ္စံ ဟောတိ၊ပေ၊ ဣမေ ဓမ္မာ အကုသလာ၊...ဒွါဒသ–န်သော၊ အကုသလစိတ္တာနိ–တို့သည်၊ နိဋ္ဌိတာနိ–ကုန်ပြီ။

**အကုသလာ ဓမ္မာဟူသော မာတိကာ၏**
**ပဒဘာဇနီ ပြီးပြီ။**

## အဗျာကတာ ဓမ္မာ၏ ပဒဘာဇနီ

**ကုသလဝိပါက် ပဉ္စဝိညာဉ်**။ ။ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ–၌၊ ကာမာဝစရဿ–ကာမာဝစရဖြစ်သော၊ ကုသလဿ–သော၊ ကမ္မဿ–ကံ၏၊ ဝါ–ကံကို၊ ကတတ္တာ–ပြုအပ်ပြီး၏အဖြစ်ကြောင့်၊ ဥပစိတတ္တာ–ဆည်းပူးအပ်ပြီး၏အဖြစ်ကြောင့်၊ ဝိပါကံ–ဝိပါက်ဖြစ်သော၊ ဝါ–အကျိုးဖြစ်သော၊ ဥပေက္ခာသဟဂတံ–သော၊ ရူပါရမ္မဏံ–ရူပါရုံဟူသော အာရုံရှိသော၊ စက္ခုဝိညာဏံ–စက္ခုဝိညာဉ်သည်၊ ဝါ–စက္ခုပသာဒ၏ ဝိညာဉ်သည်၊ ဝါ–အကြင် စက္ခုပသာဒကြောင့်ဖြစ်သော ဝိညာဉ်သည်၊ ဝါ–စက္ခုပသာဒ၌မှီသော

ဝိညာဉ်သည်၊ ဥပ္ပန္နံ ဟောတိ၊ တသ္မိံ သမယေ ဖဿော ဟောတိ၊ပေ၊ မိဝိတိန္ဒြိယံ ဟောတိ၊ပေ၊လ္လမေ ဓမ္မာ အဗျာကတာ၊ [နိဒ္ဒေသဝါရ၊ သင်္ဂဟဝါရ၊ သုညတဝါရတို့လည်း တူပြီ၊ သောတဝိညာဏနိဒ္ဒေသစသည်၌ နည်းတူ။]

**ကုသလဝိပါကာနိ-န်သော၊ ပဉ္စဝိညာဏာနိ-တို့သည်၊ နိဋ္ဌိတာနိ-န်ပြီ။**

**ကုသလဝိပါက် မနောဓာတ်။** ။[သမ္ပဋိစ္ဆိုန်းစိတ်ကို ဆိုသည်၊] "မနော ဓာတု-မနောဓာတ်သည်၊ ဝါ-သိကာမတ္တ သိရုံမျှဖြစ်သော ဓာတ်သည်၊ ဥပ္ပန္နာ ဟောတိ"ဟု ပေးပါ၊ ဤစိတ်၌ စေတသိက်ပိုသည်မှတစ်ပါး အားလုံးတူပြီ။

**မနောဝိညာဏဓာတ်။** ။[သန္တီရဏကို ဆိုသည်၊]သောမနဿသဟဂတာ ဟု လာရာ၌ သောမနဿသဟဂုတ်သန္တီရဏဟုလည်းကောင်း၊ ဥပေက္ခာ သဟဂတာဟု လာရာ၌ ဥပေက္ခာသဟဂုတ်သန္တီရဏဟုလည်းကောင်း သိပါ၊ "မနောဝိညာဏဓာတု-မနောဝိညာဏဓာတ်သည်၊ ဝါ-သိတတ်သည်၏အဖြစ် ကြောင့် မနလည်းမည်, သညာ ပညာတို့ သိပုံမှ တစ်မျိုးတစ်ဖုံ သိတတ်သည်၏ အဖြစ်ကြောင့် ဝိညာဏလည်းမည်သော ဓာတ်သည်၊ ဥပ္ပန္နာ ဟောတိ"ဟု ပေးပါ။

**မဟာဝိပါက်ရှစ်ပါး။** ။ဤစိတ်များလည်း အားလုံးကုသိုလ်နှင့် တူပြီ။

**ရူပါဝစရဝိပါက်။** ။ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ ရူပူပ ပတ္တိယာ မဂ္ဂံ ဘာဝေတိ၊ပေ၊လ္လမေ ဓမ္မာ ကုသလာ၊ ရူပါဝစရဿ-ရူပါဝစရ ဖြစ်သော၊ ကုသလဿ-သော၊ တဿေဝ ကမ္မဿ-ထိုကံ၏ပင်၊ ဝါ-ထိုကံကို ပင်၊ ကတတ္တာ-ကြောင့်၊ ဥပစိတတ္တာ-ကြောင့်၊ ဝိပါကံ-သော၊ ဝိဝိစ္စေဝ ကာမေဟိ ပဌမံ ဈာနံ၊ပေ၊ပထဝီကသိဏံ၊ တသ္မိံ သမယေ ဖဿော ဟောတိ ၊ပေ၊ ဣမေ ဓမ္မာ အဗျာကတာ၊ [ဒုတိယဈာန်မှစ၍ စတုက္ကနည်း ပဉ္စကနည်း အားလုံးပင် ကုသိုလ်နှင့်တူပြီ၊ "ကုသိုလ်က ဒုက္ခပ္ပဋိပဒါဒန္ဓာဘိညဈာန်ဖြစ်လျှင် ဒုက္ခပ္ပဋိပဒဒန္ဓာဘိညဈာနဝိပါက်ဖြစ်၏"စသည်ဖြင့် သိပါ၊ ဝိပါက်က အဓိပတိ မတပ်သောကြောင့် အဓိပတိစတုက္ကကား မရနိုင်တော့။]

**အရူပါဝစရဝိပါက်။** ။ဤဝိပါက်ကိုလည်း ကုသိုလ်နှင့် သဘောတူပင် ဟောတော်မူအပ်သည်၊ မဟဂ္ဂုတ်ဈာန်ဝိပါက်တို့သည် ကုသိုလ်နှင့် တစ်ထပ် တည်း တူသောကြောင့် ကုသိုလ်ကို ရှေးဦးစွာ ဟောတော်မူပြီးမှ ဝိပါက်ကို ဆက်၍ ဟောတော်မူပုံကိုလည်း သတိပြုပါ။

**လောကုတ္တရာဝိပါက်။** ။ဤလောကုတ္တရာဝိပါက်များကိုလည်း ကုသိုလ်ကို ရှေးဦးစွာ ဟောတော်မူပြီးမှ ဟောတော်မူပုံ, ဒုက္ခပ္ပဋိပဒါဒန္ဓာဘိညစသည်ဖြစ်ပုံ, သုဒ္ဓိကသုညတ, သုဒ္ဓိကပဋိပဒါမှစ၍ ဝီသတိမဟာနယနှင့်တကွ အဓိပတိ မိဿကတိုင်အောင် ဟောတော်မူပုံကို သိပါ။

**အကုသလဝိပါက် အဗျာကတ**။ ။ပဉ္စဝိညာဉ်, မနောဓာတ်, မနော ဝိညာဏဓာတ်တို့ကို ကုသလဝိပါက်အတိုင်း သိပါ။

**အဟိတ်ကြိယာ အဗျာကတ**။ ။ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ–၌၊ ကိရိယာ–ကိရိယာဖြစ်သော၊ နေဝ ကုသလာ–ကုသိုလ်လည်း မဟုတ်သော၊ နာကုသလာ–အကုသိုလ်လည်းမဟုတ်သော၊ န စ ကမ္မဝိပါကာ– ကံ၏အကျိုးလည်းမဟုတ်သော၊ ဥပေက္ခာသဟဂတာ–သော၊ ရူပါရမဏာ ဝါ– ရူပါရုံဟူသော အာရုံရှိသည်မူလည်းဖြစ်သော၊ပေ၊ ဖောဋ္ဌဗ္ဗာရမဏာ ဝါ–သော၊ မနောဓာတု–မနောဓာတ်သည်၊ ယံ ယံ ဝါ ပန–ကို၊ အာရဗ္ဘ–၍၊ ဥပ္ပန္နာ ဟောတိ၊ ဤသို့ စသည်ဖြင့် အနက်ပေးပါ။

**ကိရိယာမနောဝိညာဏဓာတု**။ ။သောမနဿသဟဂတာဟု ဟောတော် မူရာ၌ ဟသိတုပ္ပာဒ်စိတ်ဟု မှတ်၍, ဥပေက္ခာသဟဂတာဟု ဟောတော်မူ ရာ၌ အာဝဇ္ဇန်းဒွေးဟု မှတ်ပါ။

**သဟိတ်ကာမာဝစရကိရိယာ**။ ။ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ–၌၊ ကိရိယာ–သော၊ နေဝ ကုသလာ–သော၊ နာကုသလာ–သော၊ န စ ကမ္မဝိပါကာ–သော၊ သောမနဿသဟဂတာ–သော၊ ဉာဏသမ္ပယုတ္တာ– သော၊ ရူပါရမဏာ ဝါ–ရူပါရုံဟူသော အာရုံရှိသည်မူလည်းဖြစ်သော၊ပေ၊ ဖောဋ္ဌဗ္ဗာရမဏာ ဝါ–သော၊ မနောဝိညာဏဓာတု–မနောဝိညာဏဓာတ်သည်၊ ယံ ယံ ဝါ ပန–အမှတ်မထား တစ်ပါးပါးသောအာရုံကို၊ အာရဗ္ဘ–၍၊ ဥပ္ပန္နာ ဟောတိ၊ တသ္မိံ သမယေ ဖဿော ဟောတိ၊ပေ၊ ဣမေ ဓမ္မာ အဗျာကတာ။

**ရူပါဝစရကိရိယာ**။ ။ကတမေ ဓမ္မာ အဗျာကတာ၊ ယသ္မိံ သမယေ ကိရိယံ၊ပေ၊ န စ ကမ္မဝိပါကံ–သော၊ ဒိဋ္ဌဓမ္မသုခဝိဟာရံ–မျက်မှောက်ထင်ထင် တွေ့မြင်အပ်သောသဘောဟု ဆိုအပ်သော ပစ္စက္ခအတ္တဘော၌ ချမ်းသာစွာ နေရကြောင်းဖြစ်သော၊ ရူပါဝစရံ–သော၊ ဈာနံ ဘာဝေတိ၊ ဝိဝိစ္စေဝ ၊ပေ၊ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ။[ဤမှနောက်၌ ကုသိုလ်နှင့်စာသွား တူပြီ။]

**အရူပါဝစရကိရိယာ**။ ။ကတမေ၊ပေ၊ ယသ္မိံ သမယေ ကိရိယံ၊ပေ၊ န စ ကမ္မဝိပါကံ ဒိဋ္ဌဓမ္မသုခဝိဟာရံ အရူပါဝစရံ ဈာနံ ဘာဝေတိ။ [ဤမှ နောက်၌ ကုသိုလ်နှင့် စာသွားတူပြီ။]... ကိရိယာ–ကိရိယာဖြစ်ကုန်သော၊ အဗျာကတာ–တို့သည်၊ နိဋ္ဌိတာ–န်ပြီ။

**စိတ္တုပ္ပာဒကဏ္ဍံ–စိတ္တုပ္ပာဒကဏ္ဍသည်၊**
**နိဋ္ဌိတံ–ပြီးပြီ။**

# ရူပကဏ္ဍနိဿယ

**ဥဒ္ဒေသ**။ ။ကတမေ ဓမ္မာ အဗျာကတာ၊ ကုသလာကုသလာနံ–ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–တရားတို့၏၊ ဝိပါကာ–အကျိုးဖြစ်ကုန်သော၊ ကာမာဝစရာ–ကာမာဝစရသော်လည်းဖြစ်ကုန်သော၊ ရူပါဝစရာ–သော်လည်း ဖြစ်ကုန်သော၊ပေ၊ အပရိယာပန္နာ–အပရိယာပန္နသော်လည်းဖြစ်ကုန်သော၊ ဝေဒနာက္ခန္ဓော–သည်လည်းကောင်း၊ပေ၊ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊ (အတ္ထိ–ရှိကုန်၏၊) ကိရိယာ–ကိရိယာဖြစ်ကုန်သော၊ နေဝကုသလာ–ကုသိုလ် လည်းမဟုတ်ကုန်သော၊ နာကုသလာ–အကုသိုလ်လည်းမဟုတ်ကုန်သော၊ န စ ကမ္မဝိပါကာ–ကံ၏အကျိုးလည်း မဟုတ်ကုန်သော၊ ယေ စ ဓမ္မာ–အကြင် တရားတို့သည်လည်း၊ (အတ္ထိ–နိ၏၊) သဗ္ဗံ–အလုံးစုံသော၊ ရူပံ စ–ရုပ်သည် လည်းကောင်း၊ အသင်္ခတာ–အကြောင်းတရားတို့သည် ကောင်းစွာရောက်၍ မပြုအပ်သော၊ ဓာတု စ–ဓာတ်သည်လည်းကောင်း၊ (အတ္ထိ–ရှိ၏၊) ဣမေ ဓမ္မာ အဗျာကတာ–တို့တည်း။

## မာတိကာ

**ကေက**။ ။တတ္ထ–ထို"သဗ္ဗဉ္စ ရူပံ, အသင်္ခတာ စ ဓာတု"ဟူသောပုဒ် ၂ ပါး အပေါင်း၌၊ ကတမံ–အဘယ်တရားသည်၊ သဗ္ဗံရူပံ–အလုံးစုံသောရုပ် မည် သနည်း၊ စတ္တာရော–ကုန်သော၊ မဟာဘူတာ စ–မဟာဘုတ်တို့သည်လည်း ကောင်း၊ စတုန္နံ–န်သော၊ မဟာဘူတာနံ–တို့ကို၊ ဥပါဒါယ–ကပ်ယူ၍၊ ဝါ– မှီ၍၊(ပဝတ္တံ–ဖြစ်သော၊) ရူပံ စ–ရုပ်သည်လည်းကောင်း၊ (အတ္ထိ–ရှိ၏၊) ဣဒံ– ဤ မဟာဘုတ်, ဥပါဒါရုပ်ကို၊ သဗ္ဗံရူပံ–အလုံးစုံသောရုပ်ဟူ၍၊ ဝုစ္စတိ။

သဗ္ဗံရူပံ–အလုံးစုံသောရုပ်သည်၊ န ဟေတု–ဟိတ် မမည်၊ ["ဟေတူ ဓမ္မာ, န ဟေတူ ဓမ္မာ"ဟူသော ဒုကမာတိကာပုဒ်မှ န ဟေတူ ပုဒ်ကို ယူသည်၊] အဟေတုကံ–သမ္ပယုတ်ဟိတ် မရှိ၊["သဟေတုကာ ဓမ္မာ, အဟေတုကာ ဓမ္မာ" ဟူသော ဒုကမာတိကာပုဒ်မှ ဟေတုကာပုဒ်ကို ယူသည်၊ ဤသို့ စသည်ဖြင့် အနိယတံ အနိယျာနိကံတိုင်အောင် ပုဒ်ပေါင်း ၄၀ ကို တိကမာတိကာ ဒုက မာတိကာတို့မှ ယူထားအပ်သည်ဟု မှတ်ပါ၊ နိဿယအနက်ကိုလည်း ထိုမာတိကာအတိုင်း ပေးပါ၊] ဥပ္ပန္နံ–အတိတ်ရုပ်၏ ဘင်ခဏမှ အထက်ဖြစ် သော နောက်ကာလ၌ ခဏတ္တယသို့ရောက်သည်၊ (သမာနံ–ဖြစ်လတ်သော်၊) ဆဟိ– ၆ ပါးကုန်သော၊ ဝိညာဏေဟိ–တို့သည်၊ ဝိညေယျံ–သိထိုက်၏၊ အနိစ္စံ– မမြဲ၊ ဇရာဘိဘူတံ–ဇရာသည် လွှမ်းမိုးနှိပ်စက်အပ်၏၊...ဧဝံ–ဤသို့လျှင်၊ ဧက ဝိဓာနေန–တစ်ပါးသောအဖို့အားဖြင့်၊ ရူပသင်္ဂဟော–ရုပ်တို့ကို သင်္ဂြိုဟ် ရေတွက်ခြင်းသည်၊ (ဟောတိ–၏၊)...ဧကကံ–ဧကကသည်၊ နိဋ္ဌိတံ–ပြီ။

**ဒုက**။ ။ဒုဝိဓေန–အားဖြင့်၊ ရူပသင်္ဂဟော–သည်၊ (ဟောတိ–၏၊) ဥပါဒါ–ဥပါဒါမည်သော၊ ရူပံ–ရုပ်သည်၊ အတ္ထိ–ရှိ၏၊ နော ဥပါဒါ–ဥပါဒါမမည်သော၊ ရူပံ–သည်၊ အတ္ထိ–၏၊ပေ၊စက္ခုသမ္ဖဿဿ–စက္ခုသမ္ဖဿ၏၊ ဝတ္ထု–တည်ရာဖြစ်သော၊ ရူပံ–ရုပ်သည်၊ အတ္ထိ၊ စက္ခုသမ္ဖဿဿ–၏၊ န ဝတ္ထု–တည်ရာမဟုတ်သော၊ ရူပံ အတ္ထိ၊ ရူပဿလဟုတာ–ရူပဿလဟုတာဖြစ်သော၊ပေ၊ရူပဿဥပစယော–ရူပဿဥပစယဖြစ်သော၊ပေ၊ကဗဠီကာရောအာဟာရော–ကဗဠီကာရအာဟာရဟူသော၊ပေ၊ န ကဗဠီကာရောအာဟာရော–ကဗဠီကာရအာဟာရမဟုတ်သော၊ ရူပံ အတ္ထိ၊ ဧဝံ–ဤသို့လျှင်၊ ဒုဝိဓေန–နှစ်ပါးအပြားအားဖြင့်၊ ရူပသင်္ဂဟော–သည်၊ (ဟောတိ)၊...ဒုကံ–သည်၊ (နိဋ္ဌိတံ–ပြီ။

**တိက**။ ။တိဝိဓေန–အားဖြင့်၊ ရူပသင်္ဂဟော–သည်၊ (ဟောတိ)၊ ယံ တံ ရူပံ–အကြင်ရုပ်သည်၊ အဇ္ဈတ္တိကံ–အဇ္ဈတ္တသန္တာန်၌ ဖြစ်၏၊ တံ ရူပံ–ထိုရုပ်သည်၊ ဥပါဒါ–ဥပါဒါရုပ်တည်း၊ [မိမိကိုယ်၌ဖြစ်လျှင် တဏှာ မာန ဒိဋ္ဌိတို့ဖြင့် "ငါ၏ရုပ်"ဟု စွဲလမ်းအပ်သောကြောင့် ရုပ်ဟူသမျှ ဥပါဒါအမည် ရ၏၊] ယံ တံ ရူပံ–သည်၊ ဗာဟိရံ–အပသန္တာန်၌ ဖြစ်၏၊ တံ–ထိုရုပ်သည်၊ ဥပါဒါ–ဥပါဒါရုပ်သည်လည်း၊ အတ္ထိ၊ နော ဥပါဒါ–ဥပါဒါမဟုတ်သောရုပ်သည်လည်း၊ အတ္ထိ၊ ဤသို့ စသည်ဖြင့် အနက်ပေးပါ။... တိကံ (နိဋ္ဌိတံ)။

**စတုက္က**။ ။စတုဗ္ဗိဓေန ရူပသင်္ဂဟော (ဟောတိ)၊ ယံ တံ ရူပံ–အကြင်ရုပ်သည်၊ ဥပါဒါဥပါဒါရုပ်တည်း၊ တံ ရူပံ–ထိုရုပ်သည်၊ ဥပါဒိန္နံ–ဥပါဒိန္နရုပ်သည်လည်း၊ အတ္ထိ၊ အနုပါဒိန္နံ–အနုပါဒိန္နရုပ်သည်လည်း၊ အတ္ထိ၊ ယံ တံ ရူပံ–အကြင်ရုပ်သည်၊ နော ဥပါဒါ–ဥပါဒါရုပ် မဟုတ်၊ တံ(ရူပံ)–သည်၊ ဥပါဒိန္နံ–ဥပါဒိန္နရုပ်သည်လည်း၊ အတ္ထိ၊ အနုပါဒိန္နံ–အနုပါဒိန္နရုပ်သည်လည်း၊ အတ္ထိ၊ ၊ပေ၊ ဒိဋ္ဌံ–စက္ခုဝိညာဉ်သည် မြင်ထိုက်သော၊ (ရူပံ အတ္ထိ)၊ သုတံ–သောတဝိညာဉ်သည် ကြားထိုက်သော၊ (ရူပံ အတ္ထိ)၊ မုတံ–ဃာန ဇိဝှာ ကာယဝိညာဉ် ၃ ပါးသည် ရောက်၍သိထိုက်သော၊ (ရူပံ အတ္ထိ)၊ ဝိညာတံ–မနောဝိညာဉ်သည် သိထိုက်သော၊ ရူပံ–သည်၊ (အတ္ထိ)၊ ဧဝံ စတုဗ္ဗိဓေန ရူပသင်္ဂဟော၊...စတုက္ကံ–သည်၊ (နိဋ္ဌိတံ)။ [ပဥ္စကမှစ၍ ကောဒသကတိုင်အောင် လွယ်ပြီ။]

**မာတိကာ–သည်၊ (နိဋ္ဌိတာ–ပြီ)။**

**ဧကကနိဒ္ဒေသ**။ ။သဗ္ဗံ–အလုံးစုံသော၊ ရူပံ–ကို၊ ဝါ–သည်၊ န ဟေတုက မေဝ–ဟိတ် မမည်သည်သာ၊ [ဧဝဖြင့် ဟေတုကို ကန့်၊ ဤနည်းအတိုင်း တွဲဖက်အနက်များကို ဧဝဖြင့် ကန့်သည်ဟု မှတ်ပါ၊]ပေ၊ဥပ္ပန္နံ–အတိတ်ရုပ်၏

ဘင်ခဏမှ အထက်ဖြစ်သော နောက်ကာလ၌ ခဏတ္တယသို့ ရောက်သည်၊ (သမာန်-လတ်သော်၊) ဆဟိ-န်သော၊ ဝိညာဏေဟိ-တို့သည်၊ ဝိညေယျမေဝ-သိထိုက်သည်သာတည်း၊ အနိစ္စမေဝ-အနိစ္စသာတည်း၊ ဇရာတိဘူတမေဝ-ဇရာသည် လွှမ်းမိုးအပ်သည်သာတည်း၊...ကေကနိဒ္ဒေသော-သည်၊(နိဋ္ဌိတော-ပြီ။)

## ဒုကနိဒ္ဒေသ
## (ဥပါဒါဘာဇနီယ)
### [အောက်ပါဂဏန်းများသည် ဆဋ္ဌသံဂါယနာမူ ပါဠိတော် ပုဒ်ရေနံပါတ် ဖြစ်ပါသည်။]

၅၉၅။ ကတမံ-သော၊ တံ ရူပံ-သည်၊ ဥပါဒါ-ဥပါဒါ မည်သနည်း၊ စက္ခာယတနံ-စက္ခာယတနသည်လည်းကောင်း၊ပေ၊ရူပဿအနိစ္စတာ-ရူပဿအနိစ္စတာသည်လည်းကောင်း၊၊ကဗဠီကာရအာဟာရော-ကဗဠီကာရအာဟာရသည်လည်းကောင်း၊(ဥပါဒါ-ဥပါဒါမည်၏၊) [ဤ၌ ဟဒယဝတ္ထု မပါခြင်းကို သတိပြုခဲ့ပါ။]

၅၉၆။ ကတမံ တံ ရူပံ စက္ခာယတနံ-နမည်သနည်း၊ ယံ စက္ခု-အကြင် စက္ခုသည်၊(အတ္ထိ)၊ ဣဒံ-ဤစက္ခုဟူသော၊ တံရူပံ-ထိုရုပ်သည်၊ စက္ခာယတနံ-နမည်၏၊ စတုန္နံ-န်သော၊ မဟာဘူတာနံ-တို့ကို၊ ဥပါဒါယ-ကပ်ယှဉ်၊ ဝါ-စွဲမှီ၍၊ အတ္တဘာဝပရိယာပန္နော-အတ္တဘော၌ အကျုံးဝင်သော၊ အနိဒဿနော-စက္ခုဝိညာဉ်သည် မမြင်အပ် မမြင်နိုင်သော၊ သပ္ပဋိဃော-ထိပါးခြင်းနှင့်တကွ ဖြစ်သော၊ (ယော) ပသာဒေါ-အကြင်ပဲသာဒသည်၊ ဝါ-အကြင် ကြည်လင်ခြင်းသဘောသည်၊ (အတ္ထိ)၊ အနိဒဿနေန-သော၊ သပ္ပဋိဃေန-သော၊ ယေန စက္ခုနာ-အကြင်စက္ခုဖြင့်၊ သနိဒဿနံ-မြင်အပ်သည်၏ အဖြစ်နှင့်တကွဖြစ်သော၊ သပ္ပဋိဃံ-ထိပါးတတ်သည်၏အဖြစ်နှင့်တကွဖြစ်သော၊ ရူပံ-ရူပါရုံကို၊ ပဿိ ဝါ-အတိတ်၌လည်း မြင်ဖူးပြီ၊ ပဿတိ ဝါ-ပစ္စုပ္ပန်၌လည်း မြင်ရ၏၊ ပဿိဿတိ ဝါ-အနာဂတ်၌လည်း မြင်ရလတ္တံ့၊ ပဿေ ဝါ-အကြောင်း ညီညွတ်လျှင်လည်း မြင်ရာ၏။

တေ-ဤသဘောသည်၊ စက္ခုံပိ-မြင်ခြင်းကိုစွဲ၍ ရှေ့ဆောင်အကြီးအကဲ၏ အဖြစ်ကြောင့် စက္ခုလည်းမည်၏၊ [စက္ခုံ၌ ဝါစာသိလိဋ္ဌ နိဂ္ဂဟိတ်၊] တေ-ဤသဘောသည်၊ စက္ခာယတနံပိ-ဖဿစသော တရားတို့၏ ပေါက်ဖွားရာ၏ အဖြစ်, ပေါင်းဆုံရာ၏အဖြစ်ကြောင့် စက္ခာယတနလည်းမည်၏၊ သော-ဤသဘောသည်၊ စက္ခုဓာတုပိ-အတ္တမှကင်းဆိတ်သည်၏အဖြစ်, ပရမတ္ထ သဘာဝ၏အဖြစ်, သတ္တဝါမဟုတ်သည်၏အဖြစ်ကြောင့် စက္ခုဓာတ်လည်း မည်၏၊ တေ-ဤသဘောသည်၊ စက္ခုန္ဒြိယံပိ-မြင်ခြင်းလက္ခဏာဝယ် မိမိ၏

အစိုးရအဖြစ်ကို စက္ခုသမ္ဖဿစသော တရားတို့ကို ပြုစေတတ်သည်၏အဖြစ်ကြောင့် စက္ခုန္ဒြေလည်း မည်၏၊ သော–သည်၊ လောကောပိ–ပျက်တတ်၊ အပြားအားဖြင့် ပျက်တတ်သည်၏အဖြစ်ကြောင့် လောကလည်းမည်၏။

သော–ဤသဘောသည်၊ ဒွါရာပိ–အထွက်အဝင်, အစဉ်အမြဲ သုံးစွဲကြောင်း၏ အဖြစ်ကြောင့် တံခါးလည်း မည်၏၊ သော–ဤသဘောသည်၊ သမုဒ္ဒေါပိ–ရူပါရုံအတန်တန်, မပြည့်မလျှံသည်၏အဖြစ်ကြောင့် သမုဒ္ဒရာလည်း မည်၏၊ တံ–ဤသဘောသည်၊ ပဏ္ဍရံပိ–ထက်ဝန်းကျင် ဖြူစင်သောတရားလည်း ဟုတ်၏၊ တံ–သည်၊ ခေတ္တံပိ–ဖဿစသောမျိုးစေ့တို့၏ ပေါက်ဖွားရာလယ်နှင့်လည်း တူ၏၊ တံ–သည်၊ .ဝတ္ထုံပိ–ဖဿစသောမျိုးစေ့တို့၏ ပေါက်ဖွားရာ ယာနှင့်လည်း တူ၏၊ တံ–သည်၊ နေတ္တံပိ–သမ,ဝိသမကို ပြလျက် အတ္တဘောကို ဆောင်တတ်သည်၏အဖြစ်ကြောင့် နေတ္တမည်သော မျက်လုံးနှင့်လည်းတူ၏၊ တံ–ဤသည်၊ နယနံပိ–နယနမည်သောမျက်လုံးနှင့်လည်း တူ၏၊ တံ–သည်၊ ဩရိမံတီရံပိ–သက္ကာယဋ္ဌ အကျုံးဝင်သည်၏အဖြစ်ကြောင့် ဤဘက်ကမ်းနှင့်လည်း တူ၏၊ သော–ဤသဘောသည်၊ သုညော ဂါမောပိ–အများနှင့် ဆက်ဆံသည်၏အဖြစ်, ပိုင်ရှင်မရှိသည်၏အဖြစ်ကြောင့် လူတို့မှ ကင်းဆိတ်သော ရွာနှင့်လည်း တူ၏၊ ဣဒံ–ဤသို့သော၊ တံ ရူပံ–သည်၊ စက္ခာယတနံ–စက္ခာယတန မည်၏။

**၅၉၇**။ ကတမံ တံ ရူပံ စက္ခာယတနံ၊ပေ၊အနိဒဿနမှိ–သော၊ သပ္ပဋိဃမှိ–သော၊ ယမှိ စက္ခုမှိ–၌၊ သနိဒဿနံ–သော၊ သပ္ပဋိဃံ–သော၊ ရူပံ–ရူပါရုံသည်၊ ပဋိဟညိ ဝါ–အတိတ်၌လည်း ထိခိုက်ဖူးပြီ၊ ပဋိဟညတိ ဝါ–ပစ္စုပ္ပန်၌လည်း ထိခိုက်၏၊ ပဋိဟညိဿတိ ဝါ–အနာဂတ်၌လည်း ထိခိုက်လတ္တံ့၊ ပဋိဟညေ ဝါ–အကြောင်း ညီညွတ်လျှင်လည်း ထိခိုက်ရာ၏၊ပေ၊ ဣဒံ တံ ရူပံ–သည်၊ စက္ခာယတနံ–မည်၏။ [၅၉၈–အနက်လွယ်ပြီ။]

**၅၉၉**။ ကတမံ တံ ရူပံ စက္ခာယတနံ၊ ယံ စက္ခုံ–အကြင် စက္ခုကို၊ နိဿာယ–မှီ၍၊ ရူပံ–ရူပါရုံကို၊ အာရဗ္ဘ–အာရုံပြု၍၊ စက္ခုသမ္ဖဿော–စက္ခုသမ္ဖဿသည်၊ ဥပ္ပဇ္ဇိ ဝါ–အတိတ်၌လည်း ဖြစ်ဖူးပြီ” စသည်ဖြင့် ပေးပါ။

**၆၀၀**။ ကတမံ တံ ရူပံ သောတာယတနံ၊ပေ၊“တံ–ဤသဘောသည်၊ သောတံ ပိ–ကြားတတ်သည်၏အဖြစ်ကြောင့် သောတလည်း မည်၏”စသည် ပေးပါ။

**၆၀၄**။ ကတမံ တံ ရူပံ ဃာနာယတနံ၊ပေ၊ဃာနံပိ–အနံ့ကို ယူတတ်သည်၏ အဖြစ်ကြောင့် ဃာနလည်း မည်၏၊...စသည် ပေးပါ။

**၆၁၈။** ကတမံ တံ ရူပံ ဓိဝှာယတနံ၊ပေ၊ဓိဝှာပိ–အရသာကို သာယာတတ်သည်၏အဖြစ်ကြောင့် ဓိဝှာလည်း မည်၏၊...စသည် ပေးပါ။

**၆၁၂။** ကတမံ တံ ရူပံ ကာယာယတနံ၊ပေ၊သော–သည်၊ ကာယောပိ–တစ်ကိုယ်လုံး၌ ပျံ့နှံ့သည်၏အဖြစ်ကြောင့် ကာယလည်း မည်၏၊...စသည်။

**၆၁၆။** ကတမံ တံ ရူပံ ရူပါယတနံ၊ စတုန္န မဟာဘူတာနံ ဥပါဒါယ–၍၊ (ပဝတ္တာ–သော၊) ဝဏ္ဏနိဘာ–တောက်ပတတ်သော အဆင်းအရောင်ဖြစ်သော၊ သနိဒဿနံ–မြင်အပ်သည်၏အဖြစ်နှင့်တကွဖြစ်သော၊ သပ္ပဋိဃံ–ထိပါးတတ်သည်၏အဖြစ်နှင့်တကွဖြစ်သော၊ နီလံ–အညိုမူလည်းဖြစ်သော၊ ပီတကံ–အရွှေမူလည်းဖြစ်သော၊ လောဟိတကံ–အနီမူလည်းဖြစ်သော၊ ဩဒါတံ–အဖြူမူလည်းဖြစ်သော၊ ကာဠကံ–အမည်းအနက်မူလည်းဖြစ်သော၊ မဉ္ဇိဋ္ဌကံ–မောင်းသောအရောင်မူလည်းဖြစ်သော၊ ဟရိ–ဝါသောအဆင်းမူလည်းဖြစ်သော၊ ဟရိဝဏ္ဏံ–စိမ်းသောမြက်တော၏အဆင်းမူလည်းဖြစ်သော၊ အမ္ဗင်္ကုရဝဏ္ဏံ–သရက်ညွန့်၏အဆင်းနှင့်တူသော အဆင်းမူလည်းဖြစ်သော၊ ဒီဃံ–ရှည်သောအဆင်းမူလည်းဖြစ်သော၊ ရဿံ–တိုသော(ပုသော)အဆင်းမူလည်းဖြစ်သော၊ အဏုံ–သေးငယ်သောအဆင်းမူလည်းဖြစ်သော၊ ထူလံ–တုတ်သော(ဝသော) အဆင်းမူလည်းဖြစ်သော၊ ဝဋ္ဋံ–လုံးသောအဆင်းမူလည်းဖြစ်သော၊ ပရိမဏ္ဍလံ–ဝန်းဝိုင်းသောအဆင်းမူလည်းဖြစ်သော၊ စတုရံသံ(စတုရဿံ)–လေးထောင့်(၄ မြှောင့်)အဆင်းမူလည်းဖြစ်သော၊ ဆဠံသံ–၆ ထောင့် (၆ မြှောင့်)အဆင်းမူလည်းဖြစ်သော၊ အဋ္ဌံသံ–ရှစ်ထောင့်(၈ မြှောင့်)အဆင်းမူလည်းဖြစ်သော၊ သောဠသံသံ–တစ်ဆယ်ခြောက်ထောင့်(၁၆ မြှောင့်)အဆင်းမူလည်းဖြစ်သော၊ နိန္နံ–နိမ့်သော(ဝှမ်းသော)အဆင်းမူလည်းဖြစ်သော၊ ထလံ–ကုန်းမြင့်အဆင်းမူလည်းဖြစ်သော၊ ["ဒီဃံ"စသည်ဖြင့် ပုံသဏ္ဌာန်ကို ပြသော်လည်း ရူပါရုံကို ပြသော အရာဌာနဖြစ်သောကြောင့် ထိုပုံသဏ္ဌာန်၌တည်သောအဆင်းတိုင်အောင် ယူရသည်။]

ဆာယာ–အရိပ်အဆင်းမူလည်းဖြစ်သော၊ အာတပေါ–နေပူအဆင်းမူလည်းဖြစ်သော၊ အာလောကော–အရောင်အလင်းအဆင်းမူလည်းဖြစ်သော၊ အန္ဓကာရော–အမိုက်မှောင်အဆင်းမူလည်းဖြစ်သော၊ အဗ္ဘာ–တိမ်တိုက်အဆင်းမူလည်းဖြစ်သော၊ မဟိကာ–ဆီးနှင်းအဆင်းမူလည်းဖြစ်သော၊ ဓူမော–မီးခိုးအဆင်းမူလည်းဖြစ်သော၊ ရဇော–မြူအဆင်းမူလည်းဖြစ်သော၊ စန္ဒမဏ္ဍလဿ–လဝန်း၏၊ ဝဏ္ဏနိဘာ–တောက်ပထင်ရှားသောအဆင်းမူလည်းဖြစ်သော၊ သူရိယမဏ္ဍလဿ–နေဝန်း၏၊ ဝဏ္ဏနိဘာ–တောက်ပထင်ရှားသောအဆင်းမူလည်းဖြစ်သော၊ တာရကရူပါနံ–ကြယ်တာရာအပေါင်းတို့၏၊ ဝဏ္ဏနိဘာ–

တောက်ပထင်ရှားသောအဆင်းမူလည်းဖြစ်သော၊ အာဒါသမဏ္ဍလသ–ကြေးမုံမှန်ဝိုင်း၏၊ ဝဏ္ဏနိဘာ–တောက်ပထင်ရှားသောအဆင်းမူလည်းဖြစ်သော၊ မဏိသင်္ခမုတ္တာဝေဠုရိယသ–ပတ္တမြား, ခရုသင်း, ပုလဲ, ကြောင်မျက်ရွဲ၏၊ ဝဏ္ဏနိဘာ–တောက်ပထင်ရှားသောအဆင်းမူလည်းဖြစ်သော၊ ဇာတရူပရဇတသ–ရွှေ,ငွေ၏၊ ဝဏ္ဏနိဘာ–တောက်ပထင်ရှားသောအဆင်းမူလည်းဖြစ်သော၊ ယံ ရူပံ–အကြင် ရူပါရုံသည်၊ ဝါ–အကြင်ရုပ်သည်၊ (အတ္ထိ)။

ဝါ ပန–သည်သာမကသေး၊ စတုန္နံ–နံ့သော၊ မဟာဘူတာနံ–တို့ကို၊ ဥပါဒါယ–၍၊ (ပဝတ္တာ–သော၊) ဝဏ္ဏနိဘာ–တောက်ပတတ်သောအဆင်းဖြစ်သော၊ သနိဒဿနံ–သော၊ သပ္ပဋိဃံ–သော၊ အညမ္ပိ–အခြားလည်းဖြစ်သော၊ ယံ ရူပံ–အကြင်ရုပ်သည်၊ အတ္ထိ–ရှိ၏၊ အနိဒဿနံ–သော၊ သပ္ပဋိဃံ–သော၊ ယံ ရူပံ–အကြင်ရုပ်ကို၊ အနိဒဿနေန–မြင်အပ်သည်၏အဖြစ် မရှိသော၊ သပ္ပဋိဃေန–ထိပါးတတ်သည်၏အဖြစ်နှင့်တကွဖြစ်သော၊ စက္ခုနာ–စက္ခုပသာဒဖြင့်၊ ပဿိ ဝါ၊ပေ၊ပဿေ ဝါ၊[ရှေ့အတိုင်းပေးပါ၊] တံ–ဤရုပ်သည်၊ ရူပံပိ–ထင်ရှားပြတတ်သည်၏အဖြစ်ကြောင့် ရူပလည်းမည်၏၊ တံ–သည်၊ ရူပါယတနံပိ–ဖဿစသောတရားတို့၏ ပေါက်ဖွားရာ,စုဝေးရာ၏အဖြစ်ကြောင့် ရူပါယတနလည်း မည်၏၊ သော–ဤရုပ်သည်၊ ရူပဓာတုပိ–သတ္တဇီဝမဟုတ်, မိမိသဘောကိုဆောင်တတ်သောကြောင့် ရူပဓာတ်လည်းမည်၏၊ ဣဒံ–ဤသို့သော၊ တံ ရူပံ–သည်၊ ရူပါယတနံ–မည်၏။[၆၁၇,၆၁၈,၆၁၉တို့၌လွယ်ပြီ။]

**၆၂၀။** ကတမံ ရူပံ သဒ္ဒါယတနံ–မည်သနည်း၊ စတုန္နံ မဟာဘူတာနံ ဥပါဒါယ(ပဝတ္တော) အနိဒဿနော–သော၊ သပ္ပဋိဃော–သော၊ ဘေရိသဒ္ဒေါ–စည်ကြီးသံမူလည်းဖြစ်သော၊ မုဒိင်္ဂသဒ္ဒေါ–မရိုးစည်သံမူလည်းဖြစ်သော၊ သင်္ခသဒ္ဒေါ–ခရုသင်းသံမူလည်းဖြစ်သော၊ ပဏဝသဒ္ဒေါ–ထက်စည်သံမူလည်းဖြစ်သော၊ ဂီတသဒ္ဒေါ–သီချင်းသံမူလည်းဖြစ်သော၊ ဝါဒိတသဒ္ဒေါ–တီးမှုတ်သံမူလည်းဖြစ်သော၊ သမ္မသဒ္ဒေါ–ကြေးမောင်း,ကြေးနှောင်, သစ်သားချပ်တို့၏အသံမူလည်းဖြစ်သော၊ ပါဏိသဒ္ဒေါ–လက်ခုတ်တီးသံမူလည်းဖြစ်သော၊ သတ္တာနံ–သတ္တဝါတို့၏၊ နိဂ္ဃောသသဒ္ဒေါ–ကြွေးကြော်သံမူလည်းဖြစ်သော၊ ဓာတူနံ–သစ်ပင်စသောဓာတ်တို့၏၊ သန္နိဃာတသဒ္ဒေါ–ပေါင်းဆုံ၍ပွတ်တိုက်သံမူလည်းဖြစ်သော၊ ဝါတသဒ္ဒေါ–လေသံမူလည်းဖြစ်သော၊ ဥဒကသဒ္ဒေါ–စီးသွားသောရေသံမူလည်းဖြစ်သော၊ ဝါ–လေတိုက်ခတ်အပ်သောရေ၏အသံမူလည်းဖြစ်သော၊ မနုဿသဒ္ဒေါ–လူ၏အသံမူလည်းဖြစ်သော၊ အမနုဿသဒ္ဒေါ–လူ၏အသံမှတစ်ပါးသောအသံမူလည်းဖြစ်သော၊ ယော သဒ္ဒေါ–အကြင် အသံသည်၊ (အတ္ထိ)၊[ယော ဝါ ပနသောပိစသော ပုဒ်များ၏အနက်လွယ်ပြီ။]

**၆၂၄။** ကတမံ တံ ရူပံ ဂန္ဓာယတနံ၊ စတုန္နံ၊ပေ၊သပ္ပဋိဃော–သော၊ မူလဂန္ဓော–အမြစ်၏အနံ့မူလည်းဖြစ်သော၊ သာရဂန္ဓော–အနှစ်၏အနံ့မူလည်းဖြစ်သော၊ တစဂန္ဓော–အခွံ,အခေါက်၏အနံ့မူလည်းဖြစ်သော၊ ပတ္တဂန္ဓော–အရွက်၏အနံ့မူလည်းဖြစ်သော၊ ပုပ္ဖဂန္ဓော–အပွင့်၏အနံ့မူလည်းဖြစ်သော၊ ဖလဂန္ဓော–အသီး၏အနံ့မူလည်းဖြစ်သော၊ အာမကဂန္ဓော–ဟင်းရွက်စသည်တို့၏စိမ်းသောအနံ့မူလည်းဖြစ်သော၊ ဝိဿဂန္ဓော–ညှီစော်အနံ့မူလည်းဖြစ်သော၊ သုဂန္ဓော–ကောင်းသောအနံ့မူလည်းဖြစ်သော၊ ဒုဂ္ဂန္ဓော–မကောင်းသောအနံ့မူလည်းဖြစ်သော၊ ယော ဂန္ဓော–အကြင် အနံ့သည်၊ (အတ္ထိ)၊ [ယော ဝါ ပနညောပိ စသည်အနက် လွယ်ပြီ။]

**၆၂၈။** ကတမံ၊ပေ၊ရသာယတနံ၊ပေ၊မူလရသော–အမြစ်၏အရသာမူလည်းဖြစ်သော၊ပေ၊ ဖလရသော–အသီး၏အရသာမူလည်းဖြစ်သော၊ အမ္ဗိလံ–ချဉ်သောအရသာမူလည်းဖြစ်သော၊ မဓုရံ–ချိုသောအရသာမူလည်းဖြစ်သော၊ တိတ္တကံ–ခါးသောအရသာမူလည်းဖြစ်သော၊ ကဋုကံ–စပ်သောအရသာမူလည်းဖြစ်သော၊ လောဏိကံ–ငန်သောအရသာမူလည်းဖြစ်သော၊ ခါရိကံ–ငန်ခါးသော အရသာမူလည်းဖြစ်သော၊ လမ္ဗိလံ–ချိုချဉ်အရသာမူလည်းဖြစ်သော၊ ကသာဝေါ–ဖန်ရည်အရသာမူလည်းဖြစ်သော၊ သာဒု–သာယာအပ်သော, ကောင်းမြတ်သောအရသာမူလည်းဖြစ်သော၊ အသာဒု–မသာယာအပ်သော, မကောင်းမြတ်သောအရသာမူလည်းဖြစ်သော၊ ယော ရသော–သည်၊ (အတ္ထိ)၊ [ယော ဝါ ပနညောပိ စသည်လွယ်ပြီ။]

**၆၃၂။** ကတမံ တံ ရူပံ ဣတ္ထိန္ဒြိယံ–နည်း၊ ယံ(ယေန ကာရဏေန)–အကြင်အကြောင်းကြောင့်၊(ဟောတိဉ္စပ်၊) ဣတ္ထိယာ–မိန်းမ၏၊ ဣတ္ထိလိင်္ဂံ –မိန်းမ၏အသွင်သဏ္ဍာန်သည်လည်းကောင်း၊ ဣတ္ထိနိမိတ္တံ–မိန်းမ၏အမှတ်အသားသည်လည်းကောင်း၊ ဣတ္ထိကုတ္တံ–မိန်းမ၏ပြုအပ်သောအမူသည်လည်းကောင်း၊ ဣတ္ထာကပ္ပော–မိန်းမ၏အခြင်းအရာသည်လည်းကောင်း၊ ဣတ္ထတ္တံ–မိန်းမ၏ဖြစ်ကြောင်းဖြစ်ရာသည်လည်းကောင်း၊ ဣတ္ထိဘာဝေါ–မိန်းမ၏ဖြစ်ကြောင်းဖြစ်ရာဘာဝရုပ်သည်လည်းကောင်း၊(ဟောတိ–ဖြစ်၏၊) ဣဒံ–ဤသို့သဘောရှိသော၊ တံ ရူပံ–ထိုရုပ်သည်၊ ဣတ္ထိန္ဒြိယံ–ဣတ္ထိန္ဒြိယမည်၏၊ [ပုရိသိန္ဒြိယ၌လည်း နည်းတူပေးပါ။]

**၆၃၄။** ကတမံ တံ ရူပံ ရူပဇီဝိတိန္ဒြိယံ၊ ရူပီနံ–ဖောက်ပြန်ခြင်းရှိကုန်သော၊ တေသံ ဓမ္မာနံ–ထိုတရားတို့၏၊ ယော အာယု–အကြင်အသက်သည်၊(အတ္ထိ)၊ ဣဒံ–ဤသို့သော၊ ဝါ–ဤသို့သဘောရှိသော၊ တံ ရူပံ–သည်၊ ဇီဝိတိန္ဒြိယံ–မည်၏၊ ....ဤသို့စသည်ဖြင့် အနိယမရှိတိုင်း နိယမဝါကျတွဲ၍ ကာမာဝစရကုသိုလ်ပဌမစိတ် နာမ်ဇီဝိတိန္ဒြိယနိဒ္ဒေသအတိုင်း ပေးပါ။

**၆၃၅။** ကတမံ တံ ရူပံ ကာယဝိညတ္တိ၊ ကုသလစိတ္တဿ ဝါ–ကုသိုလ်စိတ် ရှိသည်မှုလည်းဖြစ်သော၊ အကုသလစိတ္တဿ ဝါ–သော၊ အဗျာကတစိတ္တဿ ဝါ–သော၊ အဘိက္ကမန္တဿ ဝါ–ရှေ့သို့သွားသောပုဂ္ဂိုလ်၏လည်းကောင်း၊ ၁ပဋိက္ကမန္တဿ ဝါ–ပြန်သောပုဂ္ဂိုလ်၏လည်းကောင်း၊ ဝါ–နောက်ဆုတ်သော ပုဂ္ဂိုလ်၏လည်းကောင်း၊ အာလောကေန္တဿ ဝါ–ရှေးရှုဖြောင့်ဖြောင့် ကြည့်သော ပုဂ္ဂိုလ်၏လည်းကောင်း၊ ဝိလောကေန္တဿ ဝါ–ဟိုဟိုဒီဒီ ကြည့်သောပုဂ္ဂိုလ်၏ သော်လည်းကောင်း၊ သမိဉ္ဇေန္တဿ ဝါ–လက်ခြေစသည်တို့ကို ကွေးသောပုဂ္ဂိုလ် ၏သော်လည်းလည်းကောင်း၊ ပသာရေန္တဿ ဝါ–လက်ခြေစသည်တို့ကို ဆန့်သောပုဂ္ဂိုလ်၏သော်လည်းကောင်း၊ ကာယဿ–ကိုယ်ကို၊ ယာ ထမ္ဘနာ– အကြင် ထောက်ပံ့ခြင်းသည်၊ ယာ သံထမ္ဘနာ–အကြင် အားကြီးစွာထောက်ပံ့ ခြင်းသည်၊ ယံ သံထမ္ဘိတတ္တံ–အကြင် ထောက်ပံ့အပ်သောကိုယ်၏ဖြစ်ကြောင်း ဖြစ်ရာသည်၊ ယာ ဝိညတ္တိ–အကြင် မိမိအလိုဆန္ဒကို သိစေတတ်သောသဘော သည်၊ ယာ ဝိညာပနာ–အကြင်အလိုဆန္ဒကို သိစေခြင်းသည်၊ ယံ ဝိညာပိတတ္တံ– အကြင် သိစေအပ်သောအလိုဆန္ဒ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ ကာယဝိညတ္တိ။ ["ယာ ဝိညတ္တိ အတ္ထိ၊ ဣဒံ တံ ရူပံ ကာယဝိညတ္တိ"ဟု နိယမ အနိယမ အသီးအသီးတွဲ၍ ပေးပါ၊ နောက်၌လည်း နည်းတူ။]

**၆၃၆။** ကတမံ တံ ရူပံ ဝစီဝိညတ္တိ၊ ကုသလစိတ္တဿ ဝါ–ကုသိုလ်စိတ်ရှိ သော ပုဂ္ဂိုလ်သော်၏လည်းကောင်း၊ပေ၊ အဗျာကတစိတ္တဿဝါ–၏သော်လည်း ကောင်း၊ ယာ ဝါစာ–အကြင် ပြောဆိုအပ်သော စကားသံသည်၊ ယာ ဂိရာ– အကြင် မြွက်ဆိုအပ်သော စကားသံသည်၊ ယော ဗျပ္ပထော–အကြင် သိလို သောသူ,သိစေလိုသောသူတို့၏အကြောင်းဖြစ်သော စကားသံသည်၊ ယံ ဥဒီရဏံ– အကြင်မြွက်ဆိုအပ်သော စကားသံသည်၊ ယော ဃောသော–အကြင် ကျယ်ကျယ်လောင်လောင် ပြောဆိုအပ်သော စကားသံသည်၊ ယံ ဃောသကမ္မံ– အကြင် ကျယ်ကျယ်လောင်လောင် ပြောဆိုအပ်, အမျိုးမျိုးပြုအပ်သော စကား သံသည်၊ ဝါစာ–ဝါစာဟုဆိုအပ်သော၊ ယော ဝစီဘေဒေါ–အကြင် အမျိုးမျိုး အစားစား, ကွဲပြားသော စကားလုံးသည်၊(အတ္ထိ)၊ အယံ–ဤစကားသံကို၊ ဝါစာ–ဝါစာဟူ၍၊ ဝုစ္စတိ–အပ်၏၊ တာယ ဝါစာယ–ထိုစကားသံဖြင့်၊ ယာ ဝိညတ္တိ၊ပေ၊ယံ ဝိညာပိတတ္တံ (အတ္ထိ)၊ ဣဒံ တံ ရူပံ ဝစီဝိညတ္တိ။

**၆၃၇။** ကတမံ တံ ရူပံ အာကာသဓာတု၊ ယော အာကာသော–အကြင် မရေးမခြစ်အပ်သောအရပ်သည်၊ ယံ အာကာသဂတံ–အကြင် မရေးမခြစ်အပ် သော အရပ်သည်၊[ဂတ အနက်မရှိ၊] ဝါ–အာကာသဟု အသိအမှတ်ပြုအပ် သောအရပ်သည်၊[ဂတသဒ္ဒါ သိခြင်းအနက်ဟော၊] ယံ အဃံ–အကြင်မထိ မခိုက်အပ်သောအရပ်သည်၊ ယံ အဃဂတံ–သည်၊ ဝါ–အကြင်မထိမခိုက်အပ်ဟု

အသိအမှတ်ပြုအပ်သောအရပ်သည်၊ ယော ဝိဝရော–အကြင် အပေါက်အကြားသည်၊ ယံ ဝိဝရဂတံ–သည်၊ စတူဟိ–န်သော၊ မဟာဘူတေဟိ–တို့သည်၊ ယံ အသံဖုဋ္ဌံ–အကြင် မတွေ့မထိအပ်သောအရပ်သည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ အာကာသဓာတု။

**၆၃၈။** ကတမံ တံ ရူပံ ရူပဿ လဟုတာ၊ ရူပဿ–တိဒေနိပ္ဖန္နရုပ်၏၊ ယာ လဟုတာ စသည်ကို ကာယလဟုတာနိဒ္ဒေသအတိုင်း ပေးပါ၊ မုဒုတာ ကမ္မညတာတို့၌လည်း နည်းတူ။

**၆၄၁။** ကတမံ တံ ရူပံ, ရူပဿ ဥပစယော–ရူပဿ ဥပစယ မည်သနည်း၊ အာယတနာနံ–အခွဲအားဖြင့် တစ်ဆယ့်တစ်ပါးကုန်သော ရုပ်အာယတနတို့၏၊ ယော အာစယော–အကြင်ဖြစ်ခြင်းသည်၊ (အတ္ထိ–ရှိ၏၊ ပုနပ္ပုနံ–အဖန်ဖန်၊ နိဗ္ဗတ္တမာနာနံ–ဖြစ်ကုန်သော၊ အာယတနာနံ–တို့၏၊) သော–ထိုဖြစ်ခြင်းသည်၊ ရူပဿ ဥပစယော–ရူပဿ ဥပစယ မည်၏၊ ဣဒံ တံ ရူပံ, ရူပဿ ဥပစယော–ရူပဿ ဥပစယ မည်၏။

**၆၄၂။** ကတမံ တံ ရူပံ ရူပဿ သန္တတိ၊ ရူပဿ–ရုပ်၏၊ ယော ဥပစယော–အကြင် အထက်အထက်၌ဖြစ်ခြင်းသည်၊ (အတ္ထိ)၊ သာ–ထိုအထက်အထက်၌ ဖြစ်ခြင်းသည်၊ ရူပဿ သန္တတိ–မည်၏၊ ဣဒံ တံ ရူပံ ရူပဿ သန္တတိ။

**၆၄၃။** ကတမံ တံ ရူပံ ရူပဿ ဇရတာ–မည်သနည်း၊ ရူပဿ–ရုပ်၏၊ ယာ ဇရာ–အကြင်ဆွေးမြေ့ ယိုယွင်း, အိုမင်းခြင်းသည်၊ ယာ ဇီရဏာ–အကြင် ဆွေးမြေ့ ယိုယွင်း, အိုမင်းခြင်းသည်၊ ယံ ခဏ္ဍိစ္စံ–အကြင် ကျိုးသောသွားရှိသူ၏ အဖြစ်သည်၊ ယံ ပါလိစ္စံ–အကြင် ဖြူသောဆံရှိသူ၏အဖြစ်သည်၊ ယာဝလိတ္တစတာ–အကြင် တွန့်သောအရေရှိသူ၏အဖြစ်သည်၊ အာယုနော–အသက်၏၊ ယံ သံဟာနိ–အကြင် ဆုတ်ယုတ်ခြင်းသဘောသည်၊ ဣန္ဒြိယာနံ–စက္ခုစသော ဣန္ဒြေတို့၏၊ ယော ပရိပါကော–အကြင် ရင့်ကျက်ခြင်းသဘောသည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ ရူပဿ ဇရတာ–မည်၏။

**၆၄၄။** ကတမံ တံ ရူပံ ရူပဿ အနိစ္စတာ၊ ရူပဿ–၏၊ ယော ခယော–အကြင် ကုန်ခြင်းသည်၊ ယော ဝယော–အကြင် ကင်းခြင်းသည်၊ ယော ဘေဒေါ–အကြင် ပျက်ခြင်းသည်၊ (တစ်နည်း) ယော ခယော–အကြင် ကုန်ရာသည်၊ ဝါ–ကုန်ကြောင်းသည်၊ ယော ဝယော–အကြင် ကင်းရာသည်၊ ဝါ–အကြင် ကင်းကြောင်းသည်၊ ယော ဘေဒေါ–အကြင် ပျက်ရာသည်၊ ဝါ–ပျက်ကြောင်းသည်၊ [ပရိ အနက်မရှိ၊] ယာ အနိစ္စတာ–အကြင် မမြဲသည်၏အဖြစ်သည်၊ ယံ အန္တရဓာနံ–အကြင် ကွယ်ပျောက်ခြင်းသည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ, ရူပဿ အနိစ္စတာ–ရူပဿ အနိစ္စတာ မည်၏။

၆၄၅။ ကတမံ–အဘယ်သို့သော၊ တံ ရူပံ–ထိုရုပ်သည်၊ ကဗဠီကာရော–အလုတ်အလွေးကို ပြုအပ်သော၊ အာဟာရော–အာဟာရ မည်သနည်း၊ ဩဒနော–ထမင်းသည်လည်းကောင်း၊ ကုမ္မာသော–တစ်ဝက်ကျက်ပြုတ်အပ်သောအစာသည်လည်းကောင်း၊ သတ္တု–မုန့်မှုန့်သည်လည်းကောင်း၊ မစ္ဆော–ငါးသည်လည်းကောင်း၊ မံသံ–အသားသည်လည်းကောင်း၊ပေ၊ဖာဏိတံ–တင်လဲသည်လည်းကောင်း၊(အတ္ထိ)၊ ဝါ ပန–သည်သာမကသေး၊ ယမှိ ယမှိ ဇနပဒေ–အကြင် အကြင် ဇနပုဒ်၌၊ တေသံ တေသံ သတ္တာနံ–ထိုထို သတ္တဝါတို့၏၊ မုခါသိယံ–ခံတွင်းဖြင့် စားထိုက်သော၊ ဒန္တဝိခါဒနံ–သွားတို့ဖြင့် ခဲထိုက်သော၊ ဂလဇ္ဈောဟရဏီယံ–လည်မျိုဖြင့် ရှေ့ရှုဆောင်ထိုက်သော၊ ဝါ–လည်းပင်းဖြင့် မျိုထိုက်သော၊ ကုစ္ဆိဝိတ္ထမ္ဘနံ–ဝမ်းကို တောင့်တင်းစေနိုင်သော၊ အညမ္ပိ–အခြားလည်းဖြစ်သော၊ ယံ ရူပံ–အကြင်ရုပ်သည်၊ အတ္ထိ–၏၊ ယာယ ဩဇာယ–အကြင် ဩဇာဖြင့်၊ သတ္တာ–သတ္တဝါတို့သည်၊ ယာပေန္တိ–ရှည်သောအခွန့်သို့ ရောက်စေကြရကုန်၏၊(မျှတကြရကုန်၏၊) ဣဒံ–ဤသို့သော၊(ဤသို့သဘောရှိသော)၊တံ ရူပံ–သည်၊ကဗဠီကာရော–သော၊ အာဟာရော–အာဟာရမည်၏။

ဣဒံ–ဤဆိုအပ်ပြီးသော၊ တံ ရူပံ–ထိုစက္ခာယတနအစ ကဗဠီကာရအာဟာရအဆုံးရှိသောရုပ်သည်၊ ဥပါဒါ–ဥပါဒါရုပ် မည်၏၊... ဥပါဒါဘာဇနီယံ–ဥပါဒါရုပ်တို့ကို ဝေဖန်ရာ ပဒဘာဇနီသည်၊ (နိဋ္ဌိတံ)။

## ရူပကဏ္ဍေ–၌၊ ပဌမဘာဏဝါရော–တည်း။

၆၄၆။ ကတမံ တံ ရူပံ, နော ဥပါဒါ–ဥပါဒါ မမည်သနည်း၊ ဖောဋ္ဌဗ္ဗာယတနံ–ဖောဋ္ဌဗ္ဗာယတနသည်လည်းကောင်း၊အာပေါဓာတု–အာပေါဓာတ်သည်လည်းကောင်း၊ ဣဒံ–ဤသို့သော၊ တံ ရူပံ–သည်၊ နော ဥပါဒါ–ဥပါဒါမမည်၊... [ဤသို့ထည့်၍စပ်ပါ၊ မဟာဘုတ် ၄ ပါးကို "နော ဥပါဒါ"ဟု ဆိုသည်။]

၆၄၇။ ကတမံ တံ ရူပံ ဖောဋ္ဌဗ္ဗာယတနံ၊ ကက္ခဠံ–ခက်မာသည်မှုလည်းဖြစ်သော၊ မုဒုကံ–နူးညံ့သည်မှုလည်းဖြစ်သော၊ သဏှံ–သိမ်မွေ့ညက်ညောသည်မှုလည်းဖြစ်သော၊ ဖရုသံ–ကြမ်းတမ်းသည်မှုလည်းဖြစ်သော၊ သုခသမ္ဖဿံ–သုခဝေဒနာ၏အကြောင်း ကောင်းသောအတွေ့မှုလည်းဖြစ်သော၊ ဒုက္ခသမ္ဖဿံ–ဒုက္ခဝေဒနာ၏အကြောင်း မကောင်းသော အတွေ့မှုလည်းဖြစ်သော၊ ဂရုကံ–လေးလံသည်မှုလည်းဖြစ်သော၊ လဟုကံ–ပေါ့သည်မှုလည်းဖြစ်သော၊ ပထဝီဓာတု–ပထဝီဓာတ်သည်လည်းကောင်း၊ တေဇောဓာတု–သည်လည်းကောင်း၊ ဝါယောဓာတု–သည်လည်းကောင်း၊(ဖောဋ္ဌဗ္ဗာယတနံ–နမည်၏၊) အနိဒဿနံ–သော၊ သပ္ပဋိဃံ–သော၊ ယံ ဖောဋ္ဌဗ္ဗံ–ကို၊ပေ၊ဖုသေ ဝါ၊ ... စသည်ပေးပါ။

**၆၄၈။** ကတမံ တံ ရူပံ ဖောဋ္ဌဗ္ဗာယတနံ၊ပေ၊အနိဒဿနမ္ပိ-သော၊သပ္ပဋိဃမ္ပိ-သော၊ ယမ္ပိ ဖောဋ္ဌဗ္ဗမ္ပိ-အကြင် ဖောဋ္ဌဗ္ဗရုပ်၌၊ပေ၊ ဣဒံ တံ ရူပံ ဖောဋ္ဌဗ္ဗာယတနံ။

**၆၅၁။** ကတမံ တံ ရူပံ အာပေါဓာတု၊ ယံ အာပေါ-အကြင်တကွဖြစ်ဖက် ရုပ်တို့ကို ပျံ့နှံ့တတ်သောရေသည်၊ ယံ အာပေါဂတံ-အကြင်တကွဖြစ်ဖက် ရုပ်တို့ကို ပျံ့နှံ့တတ်သောရေသည်၊ [ဂတ အနက်မရှိ] ဝါ-ရေဟုသိအပ်သော သဘောသည်၊ ယော သိနေဟော-အကြင် စေးကပ် စိုစွတ်တတ်သောသဘော သည်၊ ယံ သိနေဟဂတံ-သည်၊ ရူပဿ-ဘူတရုပ်ကို၊ ယံ ဗန္ဓနတ္တံ-အကြင် ဖွဲ့စည်းတတ်သောရုပ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ အာပေါဓာတု၊ ဣဒံ-ဤသို့သော၊ တံ ရူပံ-ထိုဖောဋ္ဌဗ္ဗာယတနနှင့်အာပေါဓာတ် သည်၊ နော ဥပါဒါ-ဥပါဒါ မမည်။

**၆၅၂။** ကတမံ တံ ရူပံ ဥပါဒိန္နံစသောပုဒ်တို့၏ အနက်များကို မာတိကာ အတိုင်း သိပါ၊ ဒုကနိဒ္ဒေသကုန်အောင် အနက်ထူး မရှိ၊ တိကနိဒ္ဒေသ၌လည်း မထူးပြီ။

**စတုက္ကနိဒ္ဒေသ**။ ။ကတမံ-အဘယ်သို့သော၊ တံ ရူပံ-ထိုရုပ်သည်၊ ဥပါဒါ-ဥပါဒါမည်သည်၊(ဟုတွာ-၍၊) ဥပါဒိန္နံ-နမည်သနည်း၊ နော ဥပါဒါ-ဥပါဒါ မမည်သည်၊ (ဟုတွာ-၍၊) ဥပါဒိန္နံ-နမည်သနည်း၊...ဤသို့ စသည်ဖြင့် အနက်ပေးပါ။

**၉၀၃။** ဥပါဒိန္နံ-ဥပါဒိန္နမည်သည်၊ (ဟုတွာ-၍၊) သနိဒဿနံ-သနိဒဿန မည်သနည်း၊...ဤသို့ စသည်ဖြင့် အနက်ပေးပါ။

**၉၆၅။** န မဟာဘူတံ-မဟာဘုတ် မမည်သည်၊ (ဟုတွာ-၍၊) သန္တိကေ- သန္တိကေ မည်သနည်း။

**၉၆၆။** ရူပါယတနံ-ရူပါယတနသည်၊ ဒိဋ္ဌံ-စက္ခုဝိညာဉ်သည် မြင်ထိုက် သော၊ (ရူပံ-ရုပ်တည်း၊) သဒ္ဒါယတနံ-သည်၊ သုတံ-သောတဝိညာဉ်သည် ကြားထိုက်သော၊ (ရူပံ-ရုပ်တည်း၊) ဂန္ဓာယတနံ-သည်လည်းကောင်း၊ ရသာ ယတနံ-သည်လည်းကောင်း၊ ဖောဋ္ဌဗ္ဗာယတနံ-သည်လည်းကောင်း၊ မုတံ- ဃာနဝိညာဉ်, ဇိဝှာဝိညာဉ်, ကာယဝိညာဉ်ဟူသော သုံးပါးသောဝိညာဉ်သည် ရောက်၍ သိထိုက်သော၊ (ရူပံ-တည်း၊) သဗ္ဗံ-အလုံးစုံသော၊ ရူပံ-သည်၊ မနသာ-စိတ်သည်၊ ဝိညာတံ-သိထိုက်သော၊ ရူပံ-ရုပ်တည်း။

ဝေံ-ဤသို့လျှင်၊ စတုဗ္ဗိဓေန-၄ ပါးအပြားအားဖြင့်၊ ရူပသင်္ဂဟော-ရုပ်တို့ကို သိမ်းယူရေတွက်ခြင်းသည်၊ (ဟောတိ-၏၊)...စတုက္ကံ-သည်၊ (နိဋ္ဌိတံ)။

**ပဒ္ဒက**။ ။**၉၆၇**။ ကတမံ တံ ရူပံ ပထဝီဓာတု၊ အဇ္ဈတ္တံ ဝါ-မိမိသန္တာန်၌ ဖြစ်သည်မူလည်းဖြစ်သော၊ ဗဟိဒ္ဓါ-အပသန္တာန်၌ဖြစ်သည်မူလည်းဖြစ်သော၊ ဥပါဒိန္နံ ဝါ-တဏှာ မာန ဒိဋ္ဌိတို့ဖြင့် ကပ်၍ယူအပ် စွဲလမ်းအပ်သည်မူလည်းဖြစ်သော၊[အဇ္ဈတ္တရုပ်ဟူသမျှကို "ဥပါဒိန္န"ဟု ဟောတော်မူသည်၊] အနုပါဒိန္နံ ဝါ-ငါ,ငါ့ဥစ္စာဟု ကပ်၍မယူအပ် မစွဲလမ်းအပ်သည်မူလည်းဖြစ်သော၊ [ဗဟိဒ္ဓ ရုပ်ဟူသမျှကို "အနုပါဒိန္န"ဟု ဟောတော်မူသည်၊] ယံ ကက္ခဠံ-အကြင် ခက်မာသောသဘောသည်၊ ယံ ခရဂတံ-အကြင် ကြမ်းတမ်းသောသဘော သည်၊ ဝါ-ကြမ်းတမ်းသောရုပ်ဟု သိအပ်သောသဘောသည်၊ ယံ ကက္ခဠတ္တံ-အကြင် ခက်မာသောရုပ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယော ကက္ခဠဘာဝေါ-သည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ ပထဝီဓာတု။ [**၉၆၈** လွယ်ပြီ။]

**၉၆၉**။ အဇ္ဈတ္တံ ဝါ၊ပေ၊ အနုပါဒိန္နံ ဝါ, ယံ တေဇော-အကြင်တကွဖြစ်ဖက် ရုပ်တို့ကို ကျက်စေတတ်သောသဘောသည်၊ ယံ တေဇောဂတံ-သည်၊ ယော ဥသ္မာ-အကြင် အငွေ့သည်၊ ယံ ဥသ္မာဂတံ-သည်၊ ယံ ဥသုမံ-အကြင် အားရှိသော အငွေ့သည်၊ ယံ ဥသုမဂတံ-သည်၊ (အတ္ထိ)။

**၉၇၀**။ အဇ္ဈတ္တံ ဝါ၊ပေ၊ အနုပါဒိန္နံ ဝါ, ယော ဝါယော-အကြင် အရပ်တစ်ပါး သို့ သွားတတ် ရောက်တတ်သောသဘောသည်၊ ယံ ဝါယောဂတံ-သည်၊ ရူပဿ-ရုပ်၏၊ ယံ ထမ္ဘိတတ္တံ-အကြင် တောင့်မာသောရုပ်၏ ဖြစ်ကြောင်း ဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ တံ ရူပံ ဝါယောဓာတု၊ပေ၊ ပဒ္ဒကံ (နိဋ္ဌိတံ)။

**ဆက္က(၉၇၂)**။ ။ရူပါယတနံ-ရူပါယတနသည်၊ စက္ခုဝိညေယျံ-သော၊ ရူပံ-ရုပ်တည်း၊ပေ၊ ဆက္ကံ (နိဋ္ဌိတံ)။ ... သတ္တက လွယ်ပြီ။

**အဋ္ဌက**။ ။မာနပိယော-စိတ်ဖြင့် ရောက်ထိုက်သော၊ ဝါ-မြတ်နိုးထိုက် သော၊ ဖောဋ္ဌဗ္ဗော-တွေ့ထိထိုက်သော၊ သုခသမ္ဖဿော-သုခဝေဒနာ၏ အကြောင်း ကောင်းသောအတွေ့ရှိသောရုပ်သည်၊ ကာယဝိညေယျံ-သော၊ ရူပံ-တည်း၊ [အမနာပိယော ဖောဋ္ဌဗ္ဗော ဒုက္ခသမ္ဖဿောလည်း နည်းတူ။]

**နဝက**။ ။သော-ဤမဟာဘုတ် ၄ ပါးကို ကြည်စေတတ်သော စက္ခု ပသာဒသည်၊ သုညော ဂါမောပိ-(အများနှင့်ဆက်ဆံသည်၏အဖြစ်, ပိုင်ရှင် မရှိသည်၏အဖြစ်ကြောင့်) ရွာနေသူ လူတို့မှ ကင်းဆိတ်သော ရွာပျက်နှင့် လည်း တူ၏၊...စသည် ပေးပါ။ [ဒသက, ဧကာဒသကတို့၌ အထူးမရှိ၊] အဋ္ဌမောဘာဏဝါရော-တည်း၊...ရူပဝိဘတ္တိ-ရုပ်တို့ကို အကျယ်ဝေဖန်ရာ ပါဠိရပ်သည်၊ (နိဋ္ဌိတာ)။

**ရူပကဏ္ဍံ-ရူပကဏ္ဍသည်၊ နိဋ္ဌိတံ-ပြီးပြီ။**

# နိက္ခေပကဏ္ဍ

**တိကနိက္ခေပ**။ ။ရူပကဏ္ဍကို ဟောတော်မူပြီး၍ နိက္ခေပကဏ္ဍကို ဟောတော်မူလိုသောကြောင့် "ကတမေ ဓမ္မာ ကုသလာ၊ တီဏိ ကုသလမူလာနိ" စသည်ကို ဟောတော်မူသည်။

**၉၈၅**။ ကတမေ ဓမ္မာ ကုသလာ၊ တီဏိ–ကုန်သော၊ ကုသလမူလာနိ–ကုသိုလ်ဖြစ်သောမူလတို့သည်၊ ဝါ–ကုသိုလ်ဖြစ်သော စိတ်စေတသိက်တရားတို့၏ မူလတို့သည်၊ အလောဘော–အလောဘသည်းကောင်း၊ပေ၊အမောဟော–လည်းကောင်းတည်း၊ တံသမ္ပယုတ္တော–ထိုအလောဘစသည်တို့နှင့် အညီအမျှ ကေပ္ပာဒတာ အစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ ဝေဒနာက္ခန္ဓော–ဝေဒနက္ခန္ဓာသည်လည်းကောင်း၊ပေ၊ ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊ (အတ္ထိ)၊ တံသမုဋ္ဌာနံ–ထိုအလောဘအစရှိသည်လျှင် ဖြစ်ကြောင်းရှိသော၊ ဝါ–ထိုအလောဘအစရှိသည်တို့ကြောင့်ဖြစ်သော၊ ကာယကမ္မံ–ကာယကံသည်လည်းကောင်း၊ ဝစီကမ္မံ–သည်လည်းကောင်း၊ မနောကမ္မံ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ–ဤတရားတို့သည်၊(ကုသလမူလ ၃ ပါး,တံသမ္ပယုတ္တက္ခန္ဓာ ၄ ပါး, တံသမုဋ္ဌာနကံ ၃ ပါးဟူသော ဤတရားတို့သည်၊) ကုသလာ–ကုသိုလ်တို့တည်း။

**၉၈၆**။ ကတမေ ဓမ္မာ အကုသလာ၊ တီဏိ အကုသလမူလာနိ,လောဘော ဒေါသော မောဟော၊ တဒေကဋ္ဌာ–ထိုလောဘစသည်တို့နှင့်တကွ တစ်ခုတည်းသော စိတ်၌ တည်ကုန်သော၊ ဝါ–ထိုလောဘစသည်တို့နှင့်တကွ တစ်ဦးတည်းသောပုဂ္ဂိုလ်၌ တည်ကုန်သော၊ ကိလေသာစ–ကိလေသာတို့သည်လည်းကောင်း၊ (အတ္ထိ–ရှိကုန်၏၊) တံသမ္ပယုတ္တော–ထိုလောဘအစရှိသည်တို့နှင့်၊ပေ၊သော ဝေဒနာက္ခန္ဓော–သည်လည်းကောင်း၊ပေ၊ မနောကမ္မံ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အကုသလာ။

**၉၈၇**။ ကတမေ ဓမ္မာ အဗျာကတာ၊ ကုသလာကုသလာနံ ဓမ္မာနံ–တို့၏၊ ဝိပါကာ–အကျိုးဖြစ်ကုန်သော၊ ကာမာဝစရာ–ကာမာဝစရသော်လည်းဖြစ်ကုန်သော၊ အပရိယာပန္နာ–ဝဋ္ဋဒုက္ခ၌ အကျုံးမဝင်သော လောကုတ္တရာသော်လည်းဖြစ်ကုန်သော၊ပေ၊ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊ (အတ္ထိ–ရှိကုန်၏၊) ကိရိယာ–ကိရိယာဖြစ်ကုန်သော၊ပေ၊ န စ ကမ္မဝိပါကာ–ကံ၏အကျိုးလည်း မဟုတ်ကုန်သော၊ ယေ စ ဓမ္မာ–တို့သည်လည်း၊ (အတ္ထိ–န်၏၊) သဗ္ဗံ–သော၊ ရူပံ စ–သည်လည်းကောင်း၊ အသင်္ခတာ–အကြောင်းတရား ၄ ပါးတို့သည် ကောင်းစွာရောက်၍ မပြုပြင်အပ်သော၊ ဓာတု စ–နိဗ္ဗာနဓာတ်သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အဗျာကတာ။

**၉၈၈**။ ကတမေ ဓမ္မာ သုခါယ ဝေဒနာယ သမ္ပယုတ္တာ၊ သုခဘူမိယံ–စိတ် စေတသိက်တို့၏ဖြစ်ရာ သုခဝေဒနာဟူသောဘုံ၌၊ ဝါ–သုခဝေဒနာ၏ ဖြစ်ရာစိတ္တုပ္ပာဒ်ဟူသောဘုံ၌၊ ကာမာဝစရေ–ကာမာဝစရစိတ္တုပ္ပာဒ်၌လည်း ကောင်း၊ ရူပါဝစရေ–၌လည်းကောင်း၊ အပရိယာပန္နေ–လောကုတ္တရာစိတ္တုပ္ပာဒ်၌ လည်းကောင်း၊ သုခံဝေဒနံ–သုခဝေဒနာကို၊ ဌပေတွာ–ထား၍၊ တံသမ္ပယုတ္တော–တကွအညီအမျှ၊ပေ၊ဝိညာဏက္ခန္ဓော–သည်လည်း ကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ သုခါယ ဝေဒနာယ သမ္ပယုတ္တာ။ [၉၉၃ တိုင်အောင် ပုဒ်ထူးမရှိ။]

**၉၉၄**။ ကတမေ ဓမ္မာ ဥပါဒိန္နုပါဒါနိယာ၊ သာသဝါ–အာသဝေါတရားတို့ နှင့် တကွဖြစ်ကုန်သော၊ပေ၊ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊(အတ္ထိ)၊ ကမ္မဿ–ကံ၏၊ ဝါ–ကံကို၊ ကတတ္တာ–ပြုအပ်ပြီး၏အဖြစ်ကြောင့်၊ (ပဝတ္တံ–သော၊) ယဥ္စ ရူပံ–အကြင်ရုပ်သည်လည်း၊(အတ္ထိ)၊ဣမေ ဓမ္မာဥပါဒိန္နုပါဒါနိယာ။

**၉၉၅**။ သာသဝါ၊ပေ၊ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊(အတ္ထိ)၊ကိရိယာ၊ပေ၊န စ ကမ္မဝိပါကာ–န်သော၊ ယေ စ ဓမ္မာ–တို့သည်လည်း၊(အတ္ထိ)၊ကမ္မဿ–၏၊ဝါ–ကို၊ န ကတတ္တာ–မပြုအပ်သည်၏အဖြစ်ကြောင့်၊ ယဥ္စ ရူပံ(အတ္ထိ)၊ပေ။

**၉၉၆**။ အပရိယာပန္နာ–ဝဋ်ဆင်းရဲ၌ အကျုံးမဝင်ကုန်သော၊ မဂ္ဂါ စ–မဂ် တို့သည်လည်းကောင်း၊ မဂ္ဂဖလာနိ စ–မဂ်၏အကျိုးဖြစ်သော ဖိုလ်တို့သည် လည်းကောင်း၊ အသင်္ခတာ–သော၊ ဓာတု စ–သည်လည်းကောင်း၊(အတ္ထိ)၊ပေ။

**၉၉၇**။ တဒေကဋ္ဌာ–ထိုလောဘစသည်တို့နှင့်တကွ တစ်ခုတည်းသောစိတ်၌ တည်ကုန်သော၊ ကိလေသာ စ–တို့သည်လည်း၊ (အတ္ထိ)၊…ဤမျှသာထူး၏။ [၉၉၈၊ ၉၉၉ တို့၌ အထူးမရှိ။]

**၁၀၀၀**။ သဝိတက္ကသဝိစာရဘူမိယံ–ဝိတက်နှင့်လည်းတကွ ဝိစာရနှင့် လည်း တကွဖြစ်သောဘုံ၌၊ ဝါ–သဝိတက္ကသဝိစာရတရားတို့၏ဖြစ်ရာ စိတ်၌၊ ကာမာဝစရေ–ကာမာဝစရစိတ္တုပ္ပာဒ်၌လည်းကောင်း၊…စသည်ပေးပါ။ [၁၀၀၁ မှ ၍ ၁၀၀၆ တိုင်အောင် မထူးပါ။]

**၁၀၀၇**။ တတ္ထ–ထို သက္ကာယဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသတို့တွင်၊ ကတမာ–အဘယ်သဘောသည်၊ သက္ကာယဒိဋ္ဌိ–သက္ကာယဒိဋ္ဌိနည်း၊ ဝါ–ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း၌ အာရုံပြုသောအားဖြင့် ဖြစ်သော ဒိဋ္ဌိမည်သနည်း၊ ဝါ–မိမိကိုယ်တိုင်ပင် ထင်ရှားရှိသော ခန္ဓာငါးပါး အပေါင်း၌ဖြစ်သောဒိဋ္ဌိ မည်သနည်း၊ ဣဓ–ဤလောက၌၊ အဿုတဝါ–ကြားနာ အပ်ပြီးသော အာဂမ အဓိဂမ မရှိသော၊ အရိယာနံ–ဘုရား၊ပစ္စေကဗုဒ္ဓါ၊ဗုဒ္ဓ သာဝက ဖြစ်တော်မူကြသော အရိယာပုဂ္ဂိုလ်တို့ကို၊ အဒဿာဝီ–ဉာဏ်စက္ခု ဖြင့် ဖူးမြင်လေ့ မရှိသော၊ ဝါ–ဉာဏ်စက္ခုဖြင့် ဖူးမြင်မှု၌ ဂရုပြုခြင်းမရှိသော၊

အရိယဓမ္မဿ–အရိယာတို့၏ သတိပဋ္ဌာန်စသော တရား၌၊ အကောဝိဒေါ–မကျွမ်းကျင်သော၊ အရိယဓမ္မေ–အရိယာတို့၏ သတိပဋ္ဌာန်စသော တရား၌၊ အဝိနီတော–ဆုံးမအပ်ပြီးသူ မဟုတ်သော၊ သပ္ပုရိသာနံ–သူတော်ကောင်းတို့ကို၊ ဝါ–ဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာသာဝကတို့သည် ချီးမွမ်းအပ်သော ယောကျ်ားတို့ကို၊ အဒဿာဝီ–သော၊ သပ္ပုရိသဓမ္မဿ–သူတော်ကောင်းတို့၏ သတိပဋ္ဌာန်စသော တရား၌၊ အကောဝိဒေါ–သော၊ သပ္ပုရိသဓမ္မေ–၌၊ အဝိနီတော–သော၊ ပုထုဇ္ဇနော–ပုထုဇဉ်သည်၊ ဝါ–များစွာသော ကိလေသာတို့ကို ဖြစ်စေတတ်သော သတ္တဝါသည်၊ ဝါ–များစွာသောလူတို့၌ အတွင်းဝင်သော သတ္တဝါသည်၊ ဝါ–အရိယာတို့မှ သီးခြားဖြစ်သောသတ္တဝါသည်။...

**(က)** ရူပံ–ရူပက္ခန္ဓာကို၊ အတ္တတော–အတ္တ၏အဖြစ်အားဖြင့်၊ ဝါ–အတ္တဟူ၍၊ သမနုပဿတိ–အဖန်ဖန်ရှု၏၊ ဝါ–တစ်နည်း၊ အတ္တာနံ–နာမ်ဖြစ်သောအတ္တကို၊ ရူပဝန္တံ–ရုပ်ရှိ၏ဟူ၍၊ သမနုပဿတိ–၏၊ ဝါ–တစ်နည်း၊ အတ္တနိ–နာမ်ဖြစ်သောအတ္တ၌၊ ရူပံ–ရုပ်ကို၊ သမနုပဿတိ–၏၊ ဝါ–တစ်နည်း၊ ရူပသ္မိံ–ရုပ်၌၊ အတ္တာနံ–နာမ်ဖြစ်သောအတ္တကို၊ သမနုပဿတိ–၏။

**(ခ)** ဝေဒနံ–ဝေဒနာကို၊ အတ္တတော–အားဖြင့်၊ ဝါ–ဟူ၍၊ သမနုပဿတိ–၏၊ ဝါ–တစ်နည်း၊ အတ္တာနံ–သညာ သင်္ခါရ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ ဝေဒနာဝန္တံ–ဝေဒနာရှိ၏ဟူ၍၊ သမနုပဿတိ–၏၊ ဝါ–တစ်နည်း၊ အတ္တနိ–သညာ သင်္ခါရ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တ၌၊ ဝေဒနံ–ဝေဒနာကို၊ သမနုပဿတိ–၏၊ ဝါ–တစ်နည်း၊ ဝေဒနာယ–ဝေဒနာ၌၊ အတ္တာနံ–ဝေဒနာ သင်္ခါရ,ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ သမနုပဿတိ–၏။

**(ဂ)** သညံ–သညာကို၊ အတ္တတော သမနုပဿတိ၊ ဝါ–တစ်နည်း၊ အတ္တာနံ–ဝေဒနာ သင်္ခါရ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ သညာဝန္တံ–သညာရှိ၏ဟူ၍၊ သမနုပဿတိ၊ အတ္တနိ–ဝေဒနာသင်္ခါရ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တ၌၊ သညံ–သညာကို၊ သမနုပဿတိ၊ ဝါ–တစ်နည်း၊ သညာယ–၌၊ အတ္တာနံ–သညာသင်္ခါရ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ သမနုပဿတိ။

**(ဃ)** သင်္ခါရေ–ဖဿ စေတနာစသော သင်္ခါရတို့ကို၊ အတ္တတော သမနုပဿတိ၊ ဝါ–တစ်နည်း၊ အတ္တာနံ–ဝေဒနာ သညာ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ သင်္ခါရဝန္တံ–သင်္ခါရရှိ၏ဟူ၍၊ သမနုပဿတိ၊ ဝါ–တစ်နည်း၊ အတ္တနိ–ဝေဒနာ သညာ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တ၌၊ သင်္ခါရေ–ဖဿ စေတနာ စသော သင်္ခါရတို့ကို၊ သမနုပဿတိ၊ ဝါ–

တစ်နည်း၊ သင်္ခါရေသု–ဖဿ စေတနာစသော သင်္ခါရတို့၌၊ အတ္တာနံ–ဝေဒနာ သညာ, ဝိညာဏနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ သမနုပဿတိ။

(င) ဝိညာဏံ–ဝိညာဉ်ကို၊ အတ္တတော သမနုပဿတိ၊ ဝါ–တစ်နည်း၊ အတ္တာနံ–ဝေဒနာ သညာ, သင်္ခါရနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ ဝိညာဏဝန္တံ–ဝိညာဉ်ရှိ၏ဟူ၍၊ သမနုပဿတိ၊ ဝါ–တစ်နည်း၊ အတ္တနိ–ဝေဒနာ သညာ, သင်္ခါရနှင့်, ရူပရောပြန်, လေးတန်သောအတ္တ၌၊ ဝိညာဏံ–ဝိညာဉ်ကို၊ သမနုပဿတိ၊ ဝါ–တစ်နည်း၊ ဝိညာဏသ္မိံ–၌၊ အတ္တာနံ–ဝေဒနာ သညာ, သင်္ခါရနှင့်, ရူပရောပြန်, လေးတန်သောအတ္တကို၊ သမနုပဿတိ၊[ခန္ဓာငါးပါး၌ တစ်ပါးလျှင် သက္ကာယဒိဋ္ဌိ လေးပါး စီရှိသောကြောင့် အားလုံးပေါင်းလျှင် သက္ကာယဒိဋ္ဌိ ၂၀ ဖြစ်သည်။]...ဝေရူပါ–ဤသို့သဘောရှိသော၊ ယာ ဒိဋ္ဌိ–အကြင် ဒိဋ္ဌိသည်၊(အတ္ထိ)၊ အယံ ဒိဋ္ဌိ–ဤဒိဋ္ဌိကို၊ သက္ကာယဒိဋ္ဌိ–သက္ကာယဒိဋ္ဌိဟူ၍၊ ဝုစ္စတိ၊ ယံ ဒိဋ္ဌိဂတံ–အကြင်မိစ္ဆာအယူသည်၊ (အတ္ထိ)၊ အယံ သက္ကာယဒိဋ္ဌိ ဝုစ္စတိ၊ [ဤသို့ စသည်ဖြင့် ပေးပါ၊ ဒိဋ္ဌိဂတံ စသောပုဒ်တို့၏ အနက်ကို အကုသလာ ဓမ္မာ၏ ပဒဘာဇနီ မိစ္ဆာဒိဋ္ဌိနိဒ္ဒေသ၌ ပြခဲ့ပြီ။]

**၁၀၀၈**။ တတ္ထ ကတမာ ဝိစိကိစ္ဆာ၊ သတ္ထရိ–မြတ်စွာဘုရား၌၊ ကင်္ခတိ–ယုံမှား၏၊ ဝိစိကိစ္ဆတိ–တွေးတော၏၊ ဝါ–စူးစမ်းဆင်ခြင်လတ်သော် မဆုံးဖြတ်နိုင်သည်ဖြစ်၍ ပင်ပန်း၏၊ ဓမ္မေ–မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်တန်သော တရားတော်၌၊ ကင်္ခတိ၊ ဝိစိကိစ္ဆတိ၊ သံဃေ–အရိယာသံဃာတော်၌၊ ကင်္ခတိ ဝိစိကိစ္ဆတိ၊ သိက္ခာယ–အဓိသီလ, အဓိစိတ္တ, အဓိပညာ, သုံးဖြာသောသိက္ခာ၌၊ ၊ပေ၊ပုဗ္ဗန္တေ–ရှေးအတိတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်အဖို့၌၊ပေ၊အပရန္တေ–နောက်အနာဂတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်အဖို့၌၊ပေ၊ပုဗ္ဗန္တာပရန္တေ–ရှေးအတိတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်အဖို့, နောက်အနာဂတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်အဖို့၌၊ပေ၊ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေ–ဤသင်္ခါရ စသည်တို့၏အကြောင်းဖြစ်သော အဝိဇ္ဇာစသောအကြောင်းတရား, အကြောင်းကို စွဲ၍ဖြစ်သော သင်္ခါရစသော အကျိုးတရားဟူကုန်သော၊ ဓမ္မေသု–အကြောင်းအကျိုးတရားတို့၌၊ ကင်္ခတိ ဝိစိကိစ္ဆတိ၊ [ဝေရူပါ ကင်္ခါစသည်ကို အကုသလပဒဘာဇနီ, ဝိစိကိစ္ဆာနိဒ္ဒေသအတိုင်း သိပါ။]

**၁၀၀၉**။ တတ္ထ–ထိုသက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသတို့တွင်၊ ကတမော–အဘယ်သည်၊ သီလဗ္ဗတပရာမာသော–မည်သနည်း၊ ဣတော–ဤ သာသနာတော်မှ၊ ဗဟိဒ္ဓါ–အပ၌၊ ဝါ–အပဖြစ်ကုန်သော၊ သမဏဗြာဟ္မဏာနံ–သမဏဗြာဟ္မဏ အမည်ရသောပုဂ္ဂိုလ်တို့၏၊ (“ယာဒိဋ္ဌိ”စသည်တို့၌ စပ်၊) သီလေန – နွားတို့၏အလေ့ အစရှိသောအလေ့ဖြင့်၊ သုဒ္ဓိ – ကိလေသာမှ

စင်ကြယ်ခြင်းသည်၊ ဝါ–အမြတ်ဆုံးစင်ကြယ်ခြင်းဟူသော နိဗ္ဗာန်သည်၊ (ဟောတိ)၊ ဝတေန–နွားတို့၏အကျင့် အစရှိသောအကျင့်ဖြင့်၊ သုဒ္ဓိ (ဟောတိ)၊ သီလဗ္ဗတေန–နွားတို့၏အလေ့, နွားတို့၏အကျင့် အစရှိသော အလေ့အကျင့်ဖြင့်၊ သုဒ္ဓိ (ဟောတိ)၊ ဣတိ ဝေရူပါ–ဤသို့ သဘောရှိသော၊ ယာ ဒိဋ္ဌိ–သည်၊ (အတ္ထိ)၊ ဤသို့ စသည်ဖြင့် ပေးပါ။

**၁၀၁၀။** တီဏိ–သုံးပါးကုန်သော၊ ဣမာနိ သံယောဇနာနိ–ဤသံယောဇဉ်တို့သည်လည်းကောင်း၊ တဒေကဋ္ဌာ–ထိုသံယောဇဉ်တို့နှင့်တကွ ပယ်ထိုက်သည်၏အဖြစ်ဖြင့် တစ်ဦးတည်းသောပုဂ္ဂိုလ်၌ တည်ကုန်သော၊ ကိလေသာ စ–ကိလေသာတို့သည်လည်းကောင်း၊ (အတ္ထိ–န်၏၊) တံ သမ္ပယုတ္တော–ထိုကိလေသာတို့နှင့်၊ပေ၊သော၊ ဝေဒနာက္ခန္ဓော၊ပေ၊ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊ အတ္ထိ၊ တံသမုဋ္ဌာနံ–ထိုကိလေသာဟူသော ဖြစ်ကြောင်းရှိသော၊ ကာယကမ္မံ၊ပေ၊ မနောကမ္မံ အတ္ထိ၊ ဣမေ ဓမ္မာ ဒဿနေနပဟာတဗ္ဗာ။

**၁၀၁၁။** အဝသေသော–သုံးပါးသော သံယောဇဉ်, တဒေကဋ္ဌကိလေသာတို့မှကြွင်းသော၊ပေ၊တဒေကဋ္ဌာ–ထိုလောဘ,ဒေါသ,မောဟတို့နှင့်အတူတကွ သမ္ပယောဂ,ပဟာနအားဖြင့် တစ်ခုတည်းသောစိတ်, တစ်ဦးတည်းသော ပုဂ္ဂိုလ်၌ တည်ကုန်သော၊ ကိလေသာ စ–ကိလေသာတို့သည်လည်းကောင်း၊ အတ္ထိ၊ပေ၊ ပဟာတဗ္ဗာ။

**၁၀၁၂။** ကုသလာဗျာကတာ–ကုသိုလ် အဗျာကတဖြစ်ကုန်သော၊ ကာမာဝစရာ–ကုန်သော၊ပေ၊ အပရိယာပန္နာ–ကုန်သော၊ ဓမ္မာ (အတ္ထိ)၊ပေ၊ ဣမေ၊ပေ၊ နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ၊ [ဒဿနေနပဟာတဗ္ဗ ဟေတုကတိက် အနက်လွယ်ပြီ။]

**၁၀၂၃။** ကတမေ ဓမ္မာ သေက္ခာ၊ အပရိယာပန္နာ–ကုန်သော၊ စတ္တာရော မဂ္ဂါ–တို့သည်လည်းကောင်း၊ ဟေဋ္ဌိမာနိ တီဏိ သာမညဖလာနိ စ–သမဏ၏ ဖြစ်ကြောင်းဖြစ်ရာ မဂ်၏အကျိုးဖြစ်သောဖိုလ်တို့သည်လည်းကောင်း, ပေးပါ။

**၁၀၂၄။** ကတမေ ဓမ္မာ အသေက္ခာ၊ ဥပရိဋ္ဌိမံ–အထက်ဆုံး၌တည်သော ရဟန္တာ၌ဖြစ်သော၊ အရဟတ္တဖလံ–အရဟတ္တဖိုလ်သည်၊ အတ္ထိ၊ ["ဥပရိမံ" ဟုလည်း မူကွဲရှိ၏၊ "အထက်၌ဖြစ်သော"ဟု ပေး။]

**၁၀၃၅။** ကတမေ ဓမ္မာ မိစ္ဆတ္တနိယတာ၊ ပဉ္စ–ငါးပါးကုန်သော၊ အာနန္တရိကာနိ–စုတိ၏အခြားမဲ့အကျိုး၌ ယှဉ်ကုန်သော၊ ဝါ–အကျိုးပေးဖို့ရန် အန္တရာယ်မရှိကုန်သော၊ ကမ္မာနိ–ကံတို့သည်လည်းကောင်း၊ နိယတာ–မြဲသော၊ ယာ မိစ္ဆာဒိဋ္ဌိ–သည်လည်းကောင်း၊ (အတ္ထိ–န်၏၊) ဣမေ ဓမ္မာ–ဤတရားတို့သည်၊ မိစ္ဆတ္တနိယတာ–မိစ္ဆတ္တနိယတတရားတို့တည်း။

**၁၀၃၉။** ကတမေ ဓမ္မာ မဂ္ဂဟေတုကာ၊ (က)အရိယမဂ္ဂသမင်္ဂိဿ– အရိယာမဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏၊ မဂ္ဂင်္ဂါနိ–မဂ္ဂင်တို့ကို၊ ထပေတွာ–ထား၍၊ တံသမ္ပယုတ္တော–ထိုမဂ္ဂင်တို့နှင့်ယှဉ်သော၊ပေ၊ဣမေ ဓမ္မာ မဂ္ဂဟေတုကာ၊(ခ) အရိယမဂ္ဂသမင်္ဂိဿ–၏၊ သမ္မာဒိဋ္ဌိ–သမ္မာဒိဋ္ဌိသည်၊ မဂ္ဂေါ စေဝ–မဂ္ဂင်ရှစ်ပါး တွင် ပါဝင်သောကြောင့် မဂ်လည်းဟုတ်၏၊ ဟေတု စ–အမောဟဟိတ်လည်း ဟုတ်၏၊ သမ္မာဒိဋ္ဌိံ–သမ္မာဒိဋ္ဌိကို၊ ထပေတွာ–ထား၍၊ပေ၊ဝိညာဏက္ခန္ဓော၊ ဣမေ ဓမ္မာ မဂ္ဂဟေတုကာ၊ (ဂ)အရိယမဂ္ဂသမင်္ဂိဿ–၏၊ အလောဘော– အလောဘသည်လည်းကောင်း၊ အဒေါသော–သည်လည်းကောင်း၊ အမောဟော– သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ–တို့သည်၊ မဂ္ဂဟေတူ–မဂ်၌ဖြစ်သော ဟိတ်တို့တည်း၊ တံသမ္ပယုတ္တော–ထိုဟိတ်တို့နှင့်၊ပေ၊ဣမေ ဓမ္မာ မဂ္ဂဟေတုကာ။

**၁၀၄၀။** (က)အရိယမဂ္ဂံ–အရိယာမဂ်ကို၊ အဓိပတိံ–အာရမ္မဏာဓိပတိကို၊ ကရိတွာ–ပြု၍၊ စိတ္တစေတသိကာ–စိတ် စေတသိက်ဖြစ်ကုန်သော၊ ယေ ဓမ္မာ– တို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဣမေ ဓမ္မာ မဂ္ဂါဓိပတိနော–မဂ်ဟူသော အာရမ္မဏာဓိပတိ ရှိသောတရားတို့တည်း၊...(ခ)အရိယမဂ္ဂသမင်္ဂိဿ–၏၊ ဝါ–သည်၊ ဝီမံသာ ဓိပတေယျံ–ဝီမံသာဓိပတိမှလာသော၊ မဂ္ဂံ–မဂ်ကို၊ ဘာဝယန္တဿ–ဖြစ်စေလတ် သော်၊ ဝီမံသံ–ဝီမံသာကို၊ ထပေတွာ–၍၊ပေ၊ ဣမေ ဓမ္မာ မဂ္ဂါဓိပတိနော– မဂ်ဟူသော သဟဇာတာဓိပတိရှိသော တရားတို့တည်း၊ [ဝီမံသနေရာ၌ ဝီရိယသွင်း၍လည်း မဂ္ဂါဓိပတိ ရနိုင်၏၊ ဆန္ဒ စိတ္တ သွင်း၍ကား မရနိုင်။]

**၁၀၄၁။** ကတမေ ဓမ္မာ ဥပ္ပန္နာ၊ ဇာတာ–ဖြစ်ကုန်သော၊ ဝါ–ပေါက်ဖွား ကုန် သော၊ ဘူတာ–အထည်ကိုယ်သဘောအားဖြင့် ထင်ရှားဖြစ်ကုန်သော၊ သဉ္ဇာတာ–အဝိဇ္ဇာ, တဏှာ, ကံစသော အကြောင်းတို့နှင့်ပေါင်းမိလတ်သော် ပေါက်ဖွားကုန်သော၊ နိဗ္ဗတ္တာ–အထည်ကိုယ်သဘောအားဖြင့် ဖြစ်ကုန်သော၊ အဘိနိဗ္ဗတ္တာ–ကုန်သော၊ [အဘိအနက် မရှိ၊] ပါတုဘူတာ–အထည်ကိုယ် သဘောအားဖြင့် ထင်ရှားဖြစ်ကုန်သော၊ ဥပ္ပန္နာ–အတိတ်တရား၏ဘင်ခဏမှ အထက်ဖြစ်သော နောက်ကာလ၌ဖြစ်ကုန်သော၊ သမုပ္ပန္နာ–ကုန်သော၊ [သံ အနက်မရှိ၊] ဥဋ္ဌိတာ–အတိတ်တရား၏ဘင်ခဏမှ အထက်ဖြစ်သော နောက် ကာလ၌ တည်ကုန်သော၊ သမုဋ္ဌိတာ–အဝိဇ္ဇာ တဏှာ ကံစသော အကြောင်းတို့ နှင့် ပေါင်းမိလတ်သော် အတိတ်တရား၏ ဘင်ခဏမှ အထက်ဖြစ်သော နောက်ကာလ၌ တည်ကုန်သော၊ ဥပ္ပန္နာ–ဥပ္ပန္နတို့သည်၊ (ဟုတွာ–၍၊) ဥပ္ပန္နံသေန–ဥပ္ပန္နအဖို့အစုဖြင့်၊ သင်္ဂဟိတာ–သိမ်းယူရေတွက်အပ်ကုန်သော၊ ရူပံ–ရုပ်လည်းဖြစ်သော၊ [အဋ္ဌကထာ၌ ရူပါဟု မူကွဲရှိ၏။] ဝေဒနာ–ဝေဒနာ လည်းဖြစ်သော၊ပေ၊ သင်္ခါရာ–သင်္ခါရတို့လည်း ဖြစ်ကုန်သော၊ ဝိညာဏံ–

ဝိညာဉ်လည်းဖြစ်သော၊ ယေ ဓမ္မာ–အကြင် တရားတို့သည်၊ အတ္ထိ–နိ်၏၊ ဣမေ ဓမ္မာ ဥပ္ပန္နာ၊ [အနုပ္ပန္နာဘ်၌ အ–၏ ပဋိသေဓအနက်သာ ထူးသည်၊ “အဇာတာ–မဖြစ်ကုန်သော၊ပေ၊ အနုပ္ပန္နာ–ဥပ္ပန္န မဟုတ်ကုန်သော” စသည်ဖြင့် ပေးပါ။]

**၁၀၄၃**။ ကတမေ ဓမ္မာ ဥပ္ပါဒိနော၊ ကုသလာကုသလာနံ–ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော၊ အဝိပက္ကဝိပါကာနံ–မရင့်ကျက်သေးသောအကျိုး ရှိကုန်သော၊ ဝါ–အကျိုးမပေးရကုန်သေးသော၊ ဓမ္မာနံ–တရားတို့၏၊ပေ၊ ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊ အတ္ထိ–ရှိ၏၊ ကမ္မဿ–၏၊ ဝါ–ကို၊ ကတတ္တာ–ကြောင့်၊ (ပဝတ္တံ) ယဉ္စ ရူပံ–အကြင်ရုပ်သည်လည်း၊ ဥပ္ပဇ္ဇိဿတိ–ဖြစ်လတ္တံ့၊ ဣမေ ဓမ္မာ ဥပ္ပါဒိနော။

**၁၀၄၄**။ ကတမေ ဓမ္မာ အတီတာ၊ အတီတာ–ခဏတ္တယကို လွန်ပြီးကုန်သော၊ နိရုဒ္ဓါ–ချုပ်ပြီးကုန်သော၊ ဝိဂတာ–မဖြစ်ခြင်းသို့ ရောက်ပြီးကုန်သော၊ ဝါ–ကင်းပြီးကုန်သော၊ ဝိပရိဏတာ–ဖောက်ပြန်ပြီးကုန်သော၊ အတ္ထင်္ဂတာ–ချုပ်ခြင်းသို့ ရောက်ပြီးကုန်သော၊ အဗ္ဘတ္ထင်္ဂတာ–ကုန်သော၊[အဘိအနက်မရှိ၊] ဥပ္ပဇ္ဇိတွာ–ဖြစ်ပြီး၍၊ ဝိဂတာ–ကင်းပြီးကုန်သော၊ အတီတာ–အတိတ်တို့သည်၊ (ဟုတွာ–၍၊) အတီတံသေန–အတိတ်အဖို့ဖြင့်၊ သင်္ဂဟိတာ–သိမ်းယူအပ်ကုန်သော၊ ရူပံ၊ပေ၊ဝိညာဏံ၊ ဣမေ ဓမ္မာ အတီတာ၊ [အနာဂတာ, ပစ္စုပ္ပန္နာတို့၌ အနုပ္ပန္နာ ဥပ္ပန္နာပုဒ်အတိုင်း သိပါ။]

**၁၀၅၀**။ ကတမေ ဓမ္မာ အဇ္ဈတ္တာ၊ တေသံ တေသံ သတ္တာနံ–ထိုထိုသတ္တဝါတို့၏၊ အဇ္ဈတ္တာ–မိမိသန္တာန်၌ ဖြစ်ကုန်သော၊ ပစ္စတ္တံ–မိမိကို စွဲ၍ ဖြစ်ကုန်သော၊ နိယတာ–မိမိကို မှီ၍ ဖြစ်ကုန်သော၊ ဝါ–မိမိ၌ ဖြစ်ကုန်သော၊ ပါဋိပုဂ္ဂလိကာ–အသီးအသီးသော ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်သော၊ ဥပါဒိန္နာ–ငါ၏ဥစ္စာဟု စွဲမြဲစွာ ယူအပ်ကုန်သော၊ ရူပံ–ရုပ်လည်းဖြစ်သော၊ပေ၊ ဣမေ ဓမ္မာ–တို့သည်၊ အဇ္ဈတ္တာ–အဇ္ဈတ္တတရားတို့တည်း၊ [ဗဟိဒ္ဓါအရလည်း နည်းတူ၊ အဇ္ဈတ္တဗဟိဒ္ဓါအရ၌ “တဒုဘယံ–ထိုနှစ်ပါးစုံသော အဇ္ဈတ္တ ဗဟိဒ္ဓတရားသည်၊ အတ္ထိ–၏၊ ဣမေ ဓမ္မာ အဇ္ဈတ္တဗဟိဒ္ဓါ”။]

**၁၀၅၃**။ “အဇ္ဈတ္တော ဓမ္မေ”ဟု စာအုပ်တို့၌ တွေ့ရ၏၊ အဇ္ဈတ္တံပုဒ်က အဗျယီဘောသမာသ်ဖြစ်သောကြောင့် “အဇ္ဈတ္တံ ဓမ္မေ”ဟုလည်း ရှိနိုင်သည်ဟု မှတ်ပါ၊ “အဇ္ဈတ္တံ–မိမိသန္တာန်၌ဖြစ်ကုန်သော၊ ဓမ္မေ–တရားတို့ကို”ဟုလည်း ပေးပါ။

**၁၀၅၄**။ သနိဒဿနသပ္ပဋိဃတိက်၌လည်း လွယ်ပြီ။

**တိကံ–တိက်သည်၊ (နိဋ္ဌိတံ–ပြီ။)**

## ဒုကနိက္ခေပ, ဟေတုဂေါစ္ဆက

**၁၀၅၉။** ကတမေ ဓမ္မာ ဟေတူ၊ ကုသလာဟေတူ–ကုသိုလ်ဟိတ်တို့သည်၊ တယော–သုံးပါးတို့တည်း၊ပေ၊ ကာမာဝစရဟေတူ–ကာမာဝစရဟိတ်တို့သည်၊ နဝ–ကိုးပါးတို့တည်း၊ အပရိယာပန္နဟေတူ–ဝဋ်ဒုက္ခ၌ အကျုံးမဝင်ကုန်သော လောကုတ္တရာဟိတ်တို့သည်၊ ဆ–ခြောက်ပါးတို့တည်း၊ပေ။

**၁၀၆၂။** ["အဒေါသော အဒုဿနာ အဒုဿိတတ္တံ"တို့၏ အနက်ကို ကာမာဝစရကုသိုလ် အဒေါသနိဒ္ဒေသ၌ ပြခဲ့ပြီ၊] ယာ မေတ္တိ–အကြင် ချစ်ခြင်း သည်၊ (အတ္ထိ)၊ ယာ မေတ္တာယနာ–အကြင် မေတ္တာ၏ဖြစ်ခြင်းသည်၊(အတ္ထိ)၊ ယံ မေတ္တာယိတတ္တံ–အကြင် မေတ္တာဖြင့်ဖြစ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာ သည်၊(အတ္ထိ)၊ ယာ အနုဒါ–အကြင်အဖန်ဖန်စောင့်ရှောက်တတ်သောသဘော သည်၊(အတ္ထိ)၊ [ဒွေးတော်ဖြင့်"အနုဒ္ဒါ"ဟုလည်း ရှိ၏၊] ယာ အနုဒါယနာ– အကြင်အဖန်ဖန်စောင့်ရှောက်ခြင်းဖြင့်ဖြစ်ခြင်းသည်၊ (အတ္ထိ)၊ ယံ အနုဒါယိ တတ္တံ–အကြင်အဖန်ဖန်စောင့်ရှောက်ခြင်းဖြင့်ဖြစ်သော စိတ်၏ဖြစ်ကြောင်း ဖြစ်ရာသည်၊ (အတ္ထိ)၊ ယာ ဟိတေသိတာ–အကြင် သူတစ်ပါး၏စီးပွားကို ရှာလေ့ရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ယာ အနုကမ္ပာ–အကြင် လျော်စွာတုန်လှုပ် တတ်သောသဘောသည်၊ ဝါ–သနားတတ်သောသဘော သည်၊(အတ္ထိ)၊ ယော အဗျာပါဒေါ–အကြင် ဗျာပါဒ၏ဆန့်ကျင်ဘက်သဘော သည်၊ (အတ္ထိ)၊ ယော အဗျာပဇ္ဇော–အကြင် ကောဓဒုက္ခ၏ဆန့်ကျင်ဘက် သဘောသည်၊(အတ္ထိ)၊ အဒေါသော–အဒေါသဟူသော၊ ယံ ကုသလမူလံ– သည်၊ ဝါ–သည်၊ (အတ္ထိ)၊ အယံ ဝုစ္စတိ အဒေါသော။

**၁၀၆၃။** တတ္ထ ကတမော အမောဟော၊ ဒုက္ခေ–ဒုက္ခသစ္စာ၌၊ ဉာဏံ– သိတတ်သောဉာဏ်သည်၊(အတ္ထိ)၊ ဒုက္ခသမုဒယေ–ကြွင်းသောအကြောင်းနှင့် ပေါင်းမိလတ်သော် ဒုက္ခ၏ဖြစ်ကြောင်းသမုဒယသစ္စာ၌၊ ဉာဏံ–သည်၊(အတ္ထိ)၊ ဒုက္ခနိရောဓေ–ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာ၌၊ ဉာဏံ(အတ္ထိ)၊ ဒုက္ခနိရောဓ ဂါမိနိယာ–ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော၊ ပဋိပဒါယ– အကျင့်ဟူသော မဂ္ဂသစ္စာ၌၊ ဉာဏံ (အတ္ထိ)၊ [ပုဗ္ဗန္တေ ဉာဏံ စသည်တို့၏ အနက်ကို တိကနိက္ခေပ, ဝိစိကိစ္ဆာနိဒ္ဒေသ၌ ပြခဲ့ပြီ၊ ယာ ဝေရူပါ ပညာစသည် တို့၏ အနက်ကို ပဌမကာမာဝစရကုသိုလ် သမ္မာဒိဋ္ဌိနိဒ္ဒေသ၌ ပြခဲ့ပြီ၊] အယံ ဝုစ္စတိ အမောဟော၊ ဣမေ တယော ကုသလဟေတူ။

**၁၀၆၅။** တတ္ထ–ထိုလောဘ ဒေါသ မောဟတို့တွင်၊ ကတမော–သည်၊ လောဘော–နည်း၊ ယော ရာဂေါ–အကြင် တပ်မက်ခြင်းသဘောသည်၊ (အတ္ထိ)၊ [နောက်၌လည်း ပုဒ်တိုင်းလိုက်ပါ၊] ယော သာရာဂေါ–အကြင် လွန်စွာ

တပ်မက်ခြင်းသဘောသည်၊ ယော အနုနယော–အကြင်အာရုံတို့၌ သတ္တဝါတို့ကို အဖန်ဖန်ဆောင်တတ်သောသဘောသည်၊ ယော အနုရောဓော–အကြင် လိုလားတတ် ချစ်ခင်တတ်သောသဘောသည်၊ ယာ နန္ဒီ–အကြင်ဘဝ၌ နှစ်သက်ကြောင်း တဏှာသည်၊ ဝါ–အကြင် ဘဝ၌ နှစ်သက်တတ်သောတဏှာသည်၊ ယော နန္ဒိရာဂေါ–အကြင်နှစ်သက်တတ်, တပ်မက်တတ်သောတဏှာသည်၊ စိတ္တဿ–၏၊ ယော သာရာဂေါ–အကြင် လွန်စွာတပ်မက်တတ်သောသဘောသည်၊ ယာ ဣစ္ဆာ–အကြင် ရူပါရုံ စသည်ကို လိုလားကြောင်းတဏှာသည်၊ ယာ မုစ္ဆာ–အကြင် တွေဝေကြောင်း တဏှာသည်၊ ယံ အဇ္ဈောသာနံ–အကြင် မျိုမျို၍ပြီးဆုံးကြောင်း တဏှာသည်၊ ယော ဂေဓော–အကြင် မက်မောကြောင်းလောဘသည်၊ ယော ပလိဂေဓော–အကြင် ထက်ဝန်းကျင် လွန်စွာ မက်မောတတ်သောလောဘသည်၊ ယော သင်္ဂေါ–အကြင် အာရုံတို့၌ ငြိကပ်ကြောင်း လောဘသည်၊ ဝါ–ငြိကပ်တတ်(ဆွဲချိတ်တတ်)သော လောဘသည်၊ ယော ပင်္ကော–အကြင် ညွန်ကဲ့သို့ နှစ်မြုပ်တတ်သော လောဘသည်၊ ယာ ဧဇာ–အကြင် ထိုထိုဘဝသို့ ဆွဲငင်တတ်သော တဏှာသည်၊ ယာ မာယာ–အကြင် လှည့်ပတ်တတ်သောတဏှာသည်။

ယာဇနိကာ–အကြင် ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကိုဖြစ်စေတတ်သော တဏှာသည်၊ ယာ သဉ္ဇနနီ–အကြင် ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို ဒုက္ခနှင့် ယှဉ်စေလျက် ဖြစ်စေတတ်သောတဏှာသည်၊ ယာ သိဗ္ဗိနီ–အကြင် ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို စုတိပဋိသန္ဓေ၏အစွမ်းဖြင့် ချုပ်စပ်တတ်သောတဏှာသည်၊ ယာ ဇာလိနီ–အကြင် များပြားဘိတုံ့, အာရုံတည်းဟူသော ပိုက်ကွန်ရှိသော တဏှာသည်၊ ယာ သရိတာ–အကြင် လျင်မြန်သော ရေအယဉ်ရှိသော မြစ်နှင့်တူသောတဏှာသည်၊ ဝါ–စိုစွပ်သောတဏှာသည်၊ ယာ ဝိသတ္တိကာ–အကြင် ကျယ်ပြန့်သော တဏှာသည်၊ ဝါ–အာရုံတို့၌ အထူးထူး အပြားပြား သွားတတ်သောတဏှာသည်၊ ဝါ–သတ္တဝါတို့ကို ချွတ်ယွင်းစေတတ်သော တဏှာသည်၊ ဝါ–အထူးထူး အပြားပြားအားဖြင့် နေကွဲမှသို့ ရှေးရှုဖြစ်ခြင်းမှ စိတ်ကို ရုပ်သိမ်းထားတတ်, ချုံးထားတတ်သောတဏှာသည်၊ ဝါ–ဒုက္ခသို့ ဆောင်တတ်သောတဏှာသည်၊ ဝါ–ဒုက္ခ၏အကြောင်းရင်းဖြစ်သောတဏှာသည်၊ ဝါ–ဒုက္ခဝေဒနာဟူသော

---

**အနုနယာစသည်**။ ။ဝိသယေသု သတ္တာနံ အနုနယနယော အနုနယော၊ အနုရုဇ္ဈတီတိ အနုရောဓော၊ ကာမေတီတိ အတ္တော၊ ယတ္ထ ကတ္ထစိ ဘဝေ သတ္တာ တောယ နန္ဒတိ, သယံ ဝါ နန္ဒတီတိ နန္ဒီ၊ ဣစ္ဆန္တိ တောယ အာရမဏာနီတိ ဣစ္ဆာ၊ အာကမုနဝသေန ဧဇာ။

**ဝိသတ္တိကာ**။ ။ဝိသတာတိ ဝိသတ္တိကာ၊ ဝိသက္ကတီတိ ဝိသတ္တိကာ၊ ဝိသံဝါဒိကာတိ ဝိသတ္တိကာ၊ ဝိသံဟရတီတိ ဝိသတ္တိကာ၊ ဝိသမူလာတိ ဝိသတ္တိကာ၊ ဝိသပရိဘောဂါတိ ဝိသတ္တိကာ။

အကြောင်းရင်းရှိသော တဏှာသည်၊ ဝါ-ဒုက္ခဟူသော အကျိုးရှိသောတဏှာသည်၊ ဝါ-ရူပါရုံစသော အာရုံတို့သို့ ဆောင်ခြင်းရှိသောတဏှာသည်၊(အတ္ထိ)။

ယံ သုတ္တံ-အကြင် လိပ်၏နောက်သို့ လိုက်သောကြိုးငယ်နှင့်တူသော သဘောသည်၊ ယာ ဝိသဋ္ဌာ-အကြင် ရူပါရုံစသည်တို့၌ ကျယ်ပြန့်သောတဏှာသည်၊ ယာ အာယူဟိနီ-အကြင် ထိုထိုအာရုံကို ရဖို့ရာ သတ္တဝါတို့ကို အားထုတ်စေတတ်သောတဏှာသည်၊ ယာ ဒုတိယာ-အကြင်နှစ်ယောက်မြောက်အဖော်နှင့် တူသောတဏှာသည်၊ ယာ ပဏိဓိ-အကြင်အာရုံသို့ ရှေးရှုထားတတ်၊ တောင့်တတတ်သော တဏှာသည်၊ ယာ ဘဝနေတ္တိ-အကြင် ဘဝသို့ ဆောင်ကြောင်းဖြစ်သော တဏှာကြိုးသည်၊ ယံ ဝနံ-အကြင် ထိုထိုအာရုံသို့ ကပ်တတ်သောလောဘသည်၊ ဝါ-အကြင် တောင့်တတတ်သောတဏှာသည်၊ ဝါ-အကြင် တောနှင့်တူသောတဏှာသည်၊ ယော ဝနထော-အကြင် ကြီးစွာသော တောရှုပ်နှင့်တူသောတဏှာသည်၊ ယော သန္ထဝေါ-အကြင် ကောင်းစွာ ချီးမွမ်းတတ်(ပေါင်းသင်းတတ်)သောတဏှာသည်၊ ယော သိနေဟော-အကြင် ချစ်တတ် သောတဏှာသည်၊ ယာ အပေက္ခာ-အကြင် ရှုငဲ့တတ်သော တဏှာသည်၊ ယော ပဋိဗန္ဓု-အကြင် အသီးအသီးအာရုံ၌ နှောင်ဖွဲ့တတ်သော တဏှာသည်၊ ဝါ-အသီးအခြား ဆွေမျိုးဖြစ်သောတဏှာသည်၊ ယာ အာသာ-အကြင် အာရုံတို့သို့ ပျံ့နှံ့တတ်သောတဏှာသည်၊ ဝါ-အကြင် အာရုံတို့ကို ခံစားတတ်သော တဏှာသည်၊ ယာ အာသိသနာ-အကြင် လိုချင်တောင့်တတတ်သောတဏှာသည်၊ ယံ အာသိသိတ္တံ-အကြင် လိုချင်တောင့်တတ်သော စိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)။

ယာ ရူပါသာ-အကြင် ရူပါရုံ၌ လိုချင်တောင့်တတတ်သောတဏှာသည်၊ပေ၊ ယာ ဖောဋ္ဌဗ္ဗာသာ-အကြင် ဖောဋ္ဌဗ္ဗာရုံ၌ လိုချင်တောင့်တတတ်သောတဏှာသည်၊ ယာ လာဘာသာ-အကြင် ပရိက္ခရာလာဘ်တို့၌ လိုချင်တောင့်တတတ်သော တဏှာသည်၊ ယာ ဓနာသာ-အကြင်ဥစ္စာ၌၊ ပေ၊ ယာ ပုတ္တာသာ-အကြင် သားသမီး၌၊ပေ၊ ယာ ဇီဝိတာသာ-အကြင် အသက်၌၊ပေ၊ ယာ ဇပ္ပာ-အကြင် သတ္တဝါတို့ကို ပြောဆိုစေတတ်သောတဏှာသည်၊ ယာ ပဇပ္ပာ-အကြင် ပြောဆိုစေတတ်သောတဏှာသည်၊ [ပ အနက်မရှိ] ယာ အဘိဇပ္ပာ-သည်၊[အဘိ အနက်မရှိ] ဇပ္ပာ-ဇပ္ပာဟူသော၊ ယာ ဇပ္ပနာ-အကြင် ပြောဆိုစေခြင်းသည်၊

---

**သုတ္တံစသည်**။ ။ကုမ္မာနုဗန္ဓသုတ္တကံ ဝိယာတိ သုတ္တံ၊ ရူပါဒီသု ဝိတ္ထတဋ္ဌေန ဝိသဋ္ဌာ၊ တဿ တဿ ပဋိလာဘတ္ထာယ သတ္တေ အာယူဟာပေတီတိ အာယူဟိနီ၊ သဟာယဋ္ဌေန ဒုတိယာ၊ တံ တံ အာရမဏံ ဝနတိ ဘဇတိ အလ္လီယတီတိ ဝနံ၊ ဝနတိ ယာစတီတိဝါ ဝနံ၊ ဝနံဝိယာတိ ဝနံ၊ အာရမဏာနံ အသနတော အာသာ။

ယံ ဇပ္ပိတတ္တံ–အကြောင်း ပြောဆိုတတ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယံ လောလုပ္ပံ–အကြောင်း အာရုံ၌ ဆွဲငင်တတ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ လောလုပ္ပာယနာ–အကြောင်း အာရုံ၌ ဆွဲငင်တတ်သောပုဂ္ဂိုလ်၏ ဖြစ်ခြင်းသည်၊ ယံ လောလုပ္ပာယိတတ္တံ–အကြောင်း လောလုပ္ပဖြင့်ဖြစ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ ပုစ္ဆဉ္ဇိကတာ–အကြောင်း အမြီးကို လှုပ်ပြခြင်းရှိသောခွေးနှင့်တူသော ပုဂ္ဂိုလ်တို့၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ဝါ–အမြီးနံ့သောခွေးနှင့်တူသောပုဂ္ဂိုလ်တို့၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ["ယာ ပုစ္ဆဉ္ဇိကတာ–အကြောင်း အမြီးနံ့သောခွေးနှင့်တူသော ပုဂ္ဂိုလ်တို့၏ဖြစ်ကြောင်းဖြစ်ရာသည်" ဟုလည်း ရှိ၏၊] ယာ သာဓုကမျတာ–အကြောင်း အကောင်းကို အလိုရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)။

ယော အဓမ္မရာဂေါ–အကြောင်း မတရားသောရာဂသည်၊ ဝါ–အကြောင်း မတရားသဖြင့် ဖြစ်သောရာဂသည်၊ ယော ဝိသမလောဘော–အကြောင်း မညီမမျှသောလောဘသည်၊ ယာ နိကန္တိ–အကြောင်း အာရုံတို့ကို လိုလားနှစ်သက်တတ်သောတဏှာသည်၊ ယာ နိကာမနာ–အကြောင်းလိုလားနှစ်သက်ခြင်းသည်၊ ယာ ပတ္ထနာ–အကြောင်း တောင့်တခြင်းသည်၊ ယာ ပိဟနာ–အကြောင်းချစ်ခင်မြတ်နိုးခြင်သည်၊ ယာ သမ္ပတ္ထနာ–အကြောင်းလွန်စွာတောင့်တခြင်းသည်၊ ယာ ကာမတဏှာ–အကြောင်း ကာမဂုဏ်တို့၌ တပ်မက်တတ်သော တဏှာသည်၊ ယာ ဘဝတဏှာ–အကြောင်း ရူပဘဝ အရူပဘဝတို့၌ တပ်မက်တတ်သောတဏှာသည်၊ ယာ ဝိဘဝတဏှာ–အကြောင်း ဥစ္ဆေဒဟူသော ဝိဘဝ၌ တပ်မက်တတ်သောတဏှာသည်၊ ယာ ရူပတဏှာ–အကြောင်း ရူပဘဝ၌ တပ်မက်တတ်သောတဏှာသည်၊ ယာ အရူပတဏှာ–အကြောင်း အရူပဘဝ၌ တပ်မက်တတ်သောတဏှာသည်၊ ယာ နိရောဓတဏှာ–အကြောင်း ဘဝ၏ချုပ်ခြင်း၌ဖြစ်သော တဏှာသည်၊ ယာ ရူပတဏှာ–အကြောင်း ရူပါရုံ၌ဖြစ်သောတဏှာသည်၊ပေ၊ ယာ ဓမ္မတဏှာ–အကြောင်း ဓမ္မာရုံ၌ဖြစ်သော တဏှာသည်၊ (အတ္ထိ)။

ယော ဩဃော–အကြောင်း သတ္တဝါတို့ကို ဝင်္ဆင်းရဲ၌ နှစ်မြုပ်တတ်သောလောဘသည်၊ ယော ယောဂေါ–အကြောင်း သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သောလောဘသည်၊ ယော ဂန္ထော–အကြောင်း သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ စုတိ ပဋိသန္ဓေအားဖြင့် ဖွဲ့နှောင်တတ်သော လောဘသည်၊ ယံ ဥပါဒါနံ–

---

**ဇပ္ပာစသည်**။ ။ဇတံ မယှံ၊ပေ၊ ဇဝံ သတ္တေ ဇပ္ပာပေတီတိ ဇပ္ပာ၊ ဝိသယေ လုပတိ အာကမုတီတိ လောလုပေါ၊ လောလုပ္ပဿ ဘာဝေါ လောလုပ္ပံ၊ ပုစ္ဆဉ္ဇိကတာတိ ယာယ တဏှာယ လာဘဋ္ဌာနေသု ပုစ္ဆံ စာလယမာနာ သုနခါဝိယ ကမ္ပမာနာ ဝိစရန္တိ၊ တံ တဿာ ကမ္ပနတဏှာယ နာမံ။

အကြင် အာရုံကို မြဲစွာယူတတ်သော လောဘသည်၊ ယံ အာဝရဏံ-အကြင် ကုသိုလ်တရားကို ပိတ်ဆို့တတ်သော လောဘသည်၊ ယံ နိဝရဏံ-အကြင် ကုသိုလ်တရားကို တားမြစ်တတ်သော လောဘသည်၊ ယံ ဆာဒနံ-အကြင် ကုသိုလ်တရားကို ဖုံးလွှမ်းတတ်သော လောဘသည်၊ ယံ ဗန္ဓနံ-အကြင် သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ နှောင်ဖွဲ့တတ်သော လောဘသည်၊ ယော ဥပက္ကိလေသော-အကြင် စိတ်ကို ကပ်၍ နှိပ်စက်တတ်သော လောဘသည်၊ ယော အနုသယော-အကြင် အစွမ်းသတ္တိအထူးရှိ၍ အဖန်ဖန်ကိန်းတတ်သော လောဘသည်၊ ယံ ပရိယုဋ္ဌာနံ-အကြင် ကုသိုလ်စိတ်ကို လုယူတတ်သော လောဘသည်၊(အတ္ထိ)။

ယာ လတာ-အကြင် ရစ်ပတ်တတ်သည်၏အဖြစ်ကြောင့် နွယ်နှင့်တူသော လောဘသည်၊ ယံ ဝေဝိစ္ဆံ-အကြင် အထူးထူးအပြားပြား၊ များသောဝတ္ထုတို့ကို အလိုရှိတတ်သော လောဘသည်၊ ယံ ဒုက္ခမူလံ-အကြင် ဝဋ်ဒုက္ခ၏အခြေ အမြစ်ဖြစ်သော လောဘသည်၊ ယံ ဒုက္ခနိဒါနံ-အကြင် ဝဋ်ဒုက္ခ၏ အကြောင်းရင်းဖြစ်သော လောဘသည်၊ ယော ဒုက္ခပ္ပဘဝေါ-အကြင် ဝဋ်ဒုက္ခ၏ စ၍ဖြစ်ရာဖြစ်သော လောဘသည်၊ ယော မာရပါသော-အကြင် မာရ်မင်း၏ ကျော့ကွင်းနှင့်တူသော လောဘသည်၊ ယံ မာရဗဠိသံ-အကြင် မာရ်မင်း၏ ငါးမျှားချိပ်နှင့်တူသော လောဘသည်၊ ယော မာရဝိသယော-အကြင် မာရ်မင်း၏ နိုင်ငံဖြစ်သော လောဘသည်၊ ယာ တဏှာနဒီ-အကြင် တဏှာတည်းဟူသော မြစ်သည်၊ ဝါ-အကြင် မြစ်နှင့်တူသော တဏှာသည်၊ ယံ တဏှာဇာလံ-အကြင် တဏှာတည်း ဟူသော ပိုက်ကွန်သည်၊ ဝါ-ပိုက်ကွန်နှင့်တူသော တဏှာသည်၊ ယံ တဏှာဂဒ္ဒုလံ-အကြင် တဏှာတည်းဟူသော တောက်သည်၊ ဝါ-တောက်နှင့်တူသော တဏှာသည်၊ ယော တဏှာသမုဒ္ဒေါ-အကြင် တဏှာတည်းဟူသော သမုဒ္ဒရာသည်၊ ဝါ-သမုဒ္ဒရာနှင့်တူသော တဏှာသည်၊ ယာ အဘိဇ္ဈာ-အကြင် အာရုံကို ရှေးရှုကြံတတ်သော လောဘသည်၊ လောဘော-လောဘဟူသော၊ ယံ အကုသလမူလံ-သည်၊ ဝါ-သည်၊ (အတ္ထိ)၊ အယံ-ဤသဘောတရားကို၊ လောဘော-လောဘဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

**၁၀၆၆**။ တတ္ထ-ထို လောဘ,ဒေါသ,မောဟတို့တွင်၊ ကတမော-အဘယ် သည်၊ ဒေါသော-ဒေါသမည်သနည်း၊ (အယံ-ဤသူသည်၊ ဝါ-ဤအကောင် သည်၊ မေ-ငါ၏၊ အနတ္ထံ-စီးပွား၏ဆန့်ကျင်ဘက်အလုပ်ကို၊ အစရီ-ရှေးက ပြုကျင့်ဖူးပြီ၊ ဣတိ-ဤသို့တွေး၍၊ အာဃာတော-လွန်စွာထိပါးတတ်သော ဒေါသသည်၊ ဝါ-ရန်ငြိုးသည်၊ ဇာယတိ-ဖြစ်၏၊ပေ၊ စရတိ-ယခုပြုကျင့်ဆဲ၊ ၊ပေ၊ စရိဿတိ-နောင်အခါပြုကျင့်လတ္တံ့၊ပေ၊(အယံ-ဤအကောင်သည်၊) မေ-၏၊ ပိယဿ-ချစ်အပ်သူ၏၊ မနာပဿ-မြတ်နိုးအပ်သူ၏၊ အနတ္ထံ-စီးပွား၏ ဆန့်ကျင်ဘက်အလုပ်ကို၊ အစရီ-ပြုကျင့်ဖူးပြီ၊ပေ၊(အယံ-ဤသူသည်၊ ဝါ-

ဤအကောင်သည်၊) မေ–၏၊ အပ္ပိယဿ–မချစ်အပ်သူ၏၊(မုန်းအပ်သူ၏၊) အမနာပဿ–မမြတ်နိုးအပ်သူ၏၊ အတ္ထံ–စီးပွားကို၊ အစရိ–ပြုံ၊ ဣတိ–ဤသို့ တွေး၍၊ အာဃာတော ဇာယတိ၊ပေ၊ဝါ ပန–သည်သာမကသေး၊ အဋ္ဌာနေ– ဒေါသဖြစ်ခြင်း၏ အကြောင်းမဟုတ်သောအရာ၌၊ အာဃာတော–လွန်စွာ ထိပါးတတ်သော ဒေါသသည်၊ ဝါ–စိတ်ဆိုးခြင်းသည်၊ ဇာယတိ–ဖြစ်၏။

ဝေရူပေါ–ဤသို့ သဘောရှိသော၊ စိတ္တဿ–စိတ်၏၊ ယော အာဃာတော– အကြင် ညှဉ်းပန်းနှိပ်စက်တတ်သောဒေါသသည်၊ ယော ပဋိဃာတော–အကြင် အဖန်ဖန်စိတ်ကို နှိပ်စက်တတ်သောဒေါသသည်၊ ယံ ပဋိဃံ–အကြင် အဖန်ဖန် ညှဉ်းဆဲတတ်သောဒေါသသည်၊ ယော ပဋိဝိရောဓော–အကြင် ဆန့်ကျင်တတ် သော ဒေါသသည်၊ ယော ကောပေါ–အကြင်စိတ်၏ ပျက်စီးခြင်းသဘောသည်၊ ["ပကောပေါ, သမ္ပကောပေါ"တို့လည်း နည်းတူ၊ သံ+ပဥပသာရတို့ အနက် မရှိ၊] ယော ဒေါသော–အကြင် စိတ်ကို ဖျက်စီးတတ်သောဒေါသသည်၊ ["ပဒေါသော, သမ္ပဒေါသော"၌လည်း နည်းတူ၊] စိတ္တဿ–၏၊ ယာ ဗျာပတ္တိ– အကြင်ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းသည်၊ ယော မနောပဒေါသော–အကြင် စိတ်ကို ဖျက်ဆီးတတ်သောဒေါသသည်၊ ယော ကောဓော–အကြင် အမျက် ထွက်တတ်သော ဒေါသည်၊ ယာ ကုဇ္ဈနာ–အကြင် အမျက်ထွက်ခြင်းသည်၊ ယံ ကုဇ္ဈိတတ္တံ–အကြင် အမျက်ထွက်တတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာ သည်၊ [ဒေါသော, ဒုဿနာ စသည်တို့ကို အကုသလနိဒ္ဒေသအတိုင်း ထပ်၍ ဟောတော်မူသောကြောင့် နိဿယအနက်ကိုလည်း ထိုအတိုင်းမှတ်ပါ၊] အယံ "ယော ဝေရူပေါ စိတ္တဿ အာဃာတော"စသည်ဖြင့် ဤနိက္ခေပကဏ္ဍ၌ ဟောတော်မူအပ်သည်လည်းဖြစ်သော, ဒေါသော ဒုဿနာ ဒုဿိတတ္တံ စသည်ဖြင့် ဟောတော်မူအပ်သည်လည်းဖြစ်သော ဤသဘောကို၊ ဒေါသော– ဟူ၍၊ ဝုစ္စတိ။

**၁ဝ၆၇**။ တတ္ထ ကတမော မောဟော၊ ဒုက္ခေ–ဒုက္ခသစ္စာ၌၊ အညာဏံ– သိတတ်သောဉာဏ်၏ ဆန့်ကျင်ဘက်မောဟသည်၊(အတ္ထိ)၊ပေ၊ ဝေရူပံ–ဤသို့ သဘောရှိသော၊ ယံ အညာဏံ–အကြင် သိတတ်သောဉာဏ်၏ဆန့်ကျင်ဘက် သဘောသည်၊ ယံ အဒဿနံ–အကြင် မြင်တတ်သောဉာဏ်၏ဆန့်ကျင်ဘက် သဘောသည်၊…စသည်ဖြင့် အကုသလနိဒ္ဒေသ၌ ပြအပ်ခဲ့သည့်အတိုင်း သိပါ၊ အယံ ဝုစ္စတိ မောဟော၊ ဣမေ–ဤတရားတို့သည်၊ တယော–သုံးပါးကုန်သော၊ အကုသလဟေတူ–တို့တည်း။

**၁ဝ၆၈**။ တတ္ထ–ထို ကုသိုလ် အကုသိုလ် အဗျာကတတို့တွင်၊ ကတမေ– အဘယ်တရားတို့သည်၊ အဗျာကတဟေတူ–အဗျာကတဟိတ်တို့နည်း၊ ကုသလာနံ–ကုသိုလ် ဖြစ်ကုန်သော၊ ဓမ္မာနံ–တို့၏၊ ဝိပါကတော ဝါ–

ဝိပါက်မှုလည်း၊ ဝါ–ဝိပါက်မှုလည်းဖြစ်သော၊ (“အလောဘော”စသည့်၌ စပ်၊) ကိရိယာဗျာကတေသု–ကိရိယာအဗျာကတဖြစ်ကုန်သော၊ ဓမ္မေသု ဝါ–တရားတို့တွင်မှုလည်း၊ အလောဘော–အလောဘသည်လည်းကောင်း၊ (အတ္ထိ)၊ပေ၊ ဣမေ–ဤတရားတို့သည်၊ တယော–နှ်သော၊ အဗျာကတဟေတူ–တို့တည်း။ [ဣမေ တယော ကုသလဟေတူတိုင်အောင် ရှေ့၌ ပါခဲ့ပြီ။]

**၁၀၇၉။** ကတမေ ဓမ္မာ သဟေတုကာ၊ ဝေဒနာက္ခန္ဓော–သည်လည်းကောင်း၊ ၊ပေ၊ ဝိညာဏက္ခန္ဓော–သည်လည်းကောင်း၊ တေဟိ ဓမ္မေဟိ–ထိုဟိတ်တရားတို့ဖြင့်၊ ယေ ဓမ္မာ–အကြင်တရားတို့သည်၊ သဟေတုကာ–ဟိတ်နှင့်တကွ ဖြစ်ကုန်၏၊ ဣမေ ဓမ္မာ–တို့သည်၊ သဟေတုကာ–သဟေတုကတို့တည်း။

**၁၀၈၃။** ကတမေ ဓမ္မာ–တို့သည်၊ ဟေတူစေဝ–ဟိတ်တို့သည်လည်းကောင်း၊ သဟေတုကာ စ–ဟိတ်နှင့်တကွ ဖြစ်ကုန်သည်လည်းကောင်း၊(ဟောန္တိ–ကုန်သနည်း၊) လောဘော–သည်၊ မောဟေန–မောဟအားဖြင့်၊ ဟေတု စေဝ–ဟိတ်လည်း မည်၏၊ သဟေတုကော စ–ဟိတ်နှင့်တကွလည်း ဖြစ်၏၊ပေ၊ အလောဘော–အလောဘသည်လည်းကောင်း၊ အဒေါသော–သည်လည်းကောင်း၊ အမောဟော–သည်လည်းကောင်း၊ တေ–ထို တရားတို့သည်၊ အညမညံ–အချင်းချင်း၊ ဟေတူ စေဝ–ဟိတ်တို့လည်း မည်၏၊ သဟေတုကာ စ–ဟိတ်နှင့်တကွလည်း ဖြစ်ကုန်၏၊ ဣမေ ဓမ္မာ–တို့သည်၊ ဟေတူ စေဝ သဟေတုကာ စ။

**၁၀၈၈။** ကတမေ ဓမ္မာ–တို့သည်၊ န ဟေတူ–ဟိတ်လည်း မမည်ကုန်သနည်း၊ အဟေတုကာ–သမ္ပယုတ်ဟိတ်လည်း မရှိကုန်သနည်း၊ပေ၊ ဣမေ ဓမ္မာ န ဟေတူ သဟေတုကာ။

**ဟေတုဂေါစ္ဆကပြီးပြီ။**

## စူဠန္တရဒုက

**၁၀၉၁။** ကတမေ ဓမ္မာ သပ္ပစ္စယာ၊ ယေဝ တေ ဓမ္မာ–ထိုဆိုအပ်ပြီးသော အကြင်တရားတို့သည်ပင်၊ သပ္ပစ္စယာ–သပ္ပစ္စယတရားတို့သည်၊ (ဟောန္တိ)၊ တေဝ တေ ဓမ္မာ–ထို ဆိုအပ်ပြီးသော ထို သပ္ပစ္စယတရားတို့သည်ပင်၊ သင်္ခတာ–သင်္ခတတို့တည်း။

**၁၀၉၂။** ကတမေ ဓမ္မာ အသင်္ခတာ၊ ယော ဧဝ သော ဓမ္မော–ထိုဆိုအပ်ပြီးသော အကြင် အသင်္ခတဓာတ်တရားသည်ပင်၊ အပ္ပစ္စယော–အပစ္စယတရားသည်၊(ဟောတိ)၊ သော ဧဝ သော ဓမ္မော–ထို ဆိုအပ်ပြီးသော ထိုအပ္ပစ္စယတရားသည်ပင်၊ အသင်္ခတော–အသင်္ခတတည်း။ [၁၁၀၀အထိ လွယ်ပြီ။]

**၁၁၀၁။** ကတမေ ဓမ္မာ–အဘယ်တရားတို့ကို၊ ကေနစိ–တစ်စုံတစ်ခုသော တရားသည်၊ ဝိညေယျာ–သိထိုက်ကုန်သနည်း၊ ကေနစိ–တစ်စုံတစ်ခုသော တရားသည်၊ န ဝိညေယျာ–မသိထိုက်ကုန်သနည်း၊ ယေ တေ ဓမ္မာ–အကြင်ရူပါရုံတရားတို့ကို၊ စက္ခုဝိညေယျာ–စက္ခုဝိညာဉ်သည် သိထိုက်ကုန်၏၊ တေ ဓမ္မာ–ထိုရူပါရုံတရားတို့ကို၊ န သောတဝိညေယျာ–သောတဝိညာဉ်သည် မသိထိုက်ကုန်၊ ဝါ ပန–တစ်နည်းကား၊ ယေ တေ ဓမ္မာ–အကြင်သဒ္ဒါရုံ တရားတို့ကို၊ သောတဝိညေယျာ–န်၏၊ တေ ဓမ္မာ–ထိုသဒ္ဒါရုံတရားတို့ကို၊ န စက္ခုဝိညေယျာ–န်၊ [ဤအတိုင်း အနက်ပေးပါ၊ အဆုံး၌] ယေ တေ ဓမ္မာ–အကြင် ဖောဋ္ဌဗ္ဗာရုံတရားတို့ကို၊ ကာယဝိညေယျာ–န်၏၊ န တေ ဓမ္မာ–ဇိဝှာဝိညေယျာ–ကုန်၊ ဝါ ပန–တစ်နည်းကား၊ ယေ တေ ဓမ္မာ–အကြင် ရသာရုံတရားတို့ကို၊ ဇိဝှာဝိညေယျာ–န်၏၊ န တေ ဓမ္မာ ကာယဝိညေယျာ၊ ဣမေ ဓမ္မာ–တို့ကို၊ ကေနစိ–တစ်စုံတစ်ခုသော တရားသည်၊ ဝိညေယျာ–သိထိုက်ကုန်၏၊ ကေနစိ–သည်၊ န ဝိညေယျာ–မသိထိုက်ကုန်။

## စူဠန္တရဒုက်ပြီးပြီ။

## အာသဝဂေါစ္ဆက

**၁၁၀၂။** တတ္ထ–ထိုလေးပါးသော အာသဝတို့တွင်၊ ကတမော ကာမာသဝေါ၊ ကာမေသု–ငါးပါးအာရုံ, ကာမဂုဏ်တို့၌၊ ယော ကာမစ္ဆန္ဒော–အကြင်လိုလားတတ်သော တဏှာဆန္ဒသည်၊ (အတ္ထိ)၊ အယံ ဝုစ္စတိ ကာမာသဝေါ၊ [နောက်၌လည်း ဤအတိုင်းပေးပါ၊] ယော ကာမရာဂေါ–အကြင်လိုလားတတ်သောရာဂသည်၊ ယာ ကာမနန္ဒီ–အကြင်လိုလားတတ်, နှစ်သက်တတ်သောတဏှာသည်၊ ယာ ကာမတဏှာ–အကြင်လိုလားတတ်, တပ်မက်တတ်သောတဏှာသည်၊ ယော ကာမသိနေဟော–အကြင်လိုလားတတ်, ချစ်တတ်သောလောဘသည်၊ ယော ကာမပရိဠာဟော–အကြင်လိုလားတတ်, ပူလောင်တတ်သောလောဘသည်၊ ယာ ကာမမုစ္ဆာ–အကြင်လိုလားတတ်, တွေဝေတတ်သောတဏှာသည်၊ ယံ ကာမဇ္ဈောသာနံ–အကြင်လိုလားတတ်, မျို၍ပြီးဆုံးစေတတ်သောတဏှာသည်၊ (အတ္ထိ)၊ အယံ–ဤတဏှာလောဘကို၊ ကာမာသဝေါ–ဟူ၍၊ ဝုစ္စတိ–၏။

**၁၁၀၃။** ဘဝေသု–ရူပဘဝ အရူပဘဝတို့၌၊ ယော ဘဝစ္ဆန္ဒော–အကြင် ဘဝကို တောင့်တတတ်သောလောဘသည်၊ ယော ဘဝရာဂေါ–အကြင် ဘဝကို တပ်မက်တတ်သောလောဘသည်၊ (အတ္ထိ)၊ပေ၊ အယံ–ဤ ဘဝဆန္ဒစသည်ကို၊ ဘဝါသဝေါ–ဟူ၍၊ ဝုစ္စတိ–၏။

**၁၁၀၅။** တတ္ထ ကတမော ဒိဋ္ဌာသဝေါ၊ လောကော–(ခန္ဓာငါးပါးဟူသော) လောကသည်၊ သဿတော–အခါခပ်သိမ်း ထင်ရှားရှိ၏၊ ဝါ–မြဲ၏၊ ဣတိ ဝါ–ဤသို့သော်လည်းကောင်း၊ လောကော–သည်၊ အသဿတော–အခါခပ်သိမ်း ထင်ရှား မရှိ၊ ဝါ–မမြဲ ၊ ဣတိ ဝါ–သော်လည်းကောင်း၊ လောကော–သည်၊ အန္တဝါ–အဆုံးအပိုင်းအခြားရှိ၏၊ ဣတိ ဝါ–သော်လည်းကောင်း၊ လောကော–သည်၊ အနန္တဝါ–အဆုံးအပိုင်းအခြား မရှိ၊ ဣတိ ဝါ–သော်လည်း ကောင်း၊ တံ–ထို အထည်ကိုယ်သည်၊ ဇီဝံ–အသက်ကောင်တည်း၊ ဣတိ ဝါ–သော်လည်းကောင်း၊ တံ–ထိုအသက်ကောင်သည်၊ သရီရံ–အထည်ကိုယ်တည်း၊ ဣတိ ဝါ–သော်လည်းကောင်း၊ ဇီဝံ–အသက်ကောင်သည်၊ အညံ–အထည် ကိုယ်မှ တစ်မျိုးတခြားတည်း၊ ဣတိ ဝါ–သော်လည်းကောင်း၊ သရီရံ–အထည် ကိုယ်သည်၊ အညံ–အသက်ကောင်မှ တစ်မျိုးတခြားတည်း၊ ဣတိ ဝါ–သော် လည်းကောင်း၊ တထာဂတော–သတ္တဝါသည်၊ မရဏာ–သေရာအခါမှ၊ ပရံ–နောက်၌၊ ဟောတိ–ရှိသေး၏၊ ဣတိ ဝါ–သော်လည်းကောင်း၊ တထာဂတော–သတ္တဝါသည်၊ မရဏာ, ပရံ–၌၊ န ဟောတိ–မရှိတော့၊ ဣတိ ဝါ–သော် လည်းကောင်း၊ တထာဂတော မရဏာ, ပရံ ဟောတိစ–အချို့လည်း ရှိသေး၏၊ န စ ဟောတိ–အချို့လည်း မရှိတော့၊ ဣတိ ဝါ–သော်လည်းကောင်း၊ တထာ ဂတော–သည်၊ မရဏာ–မှ၊ ပရံ–၌၊ နေဝ ဟောတိ–ရှိသည်လည်းမဟုတ်၊ န န ဟောတိ–မရှိ သည်လည်းမဟုတ်၊ ဣတိ ဝါ–သော်လည်းကောင်း၊ ဧဝရူပါ– သော၊ [ယာ ဒိဋ္ဌိ စသည်တို့၏အနက်ကို အကုသိုလ်စိတ် မိစ္ဆာဒိဋ္ဌိနိဒ္ဒေသ၌ ပြခဲ့ပြီ၊] အယံ ဝုစ္စတိ ဒိဋ္ဌာသဝေါ။...[အဝိဇ္ဇာသဝ၌ ဒုက္ခေ အညာဏံ စသည် တို့၏ အနက်ကို ဤ နိက္ခေပကဏ္ဍ ဟေတုဂေါစ္ဆက မောဟဟိတ်၌ ပြခဲ့ပြီ။]

**နိက္ခေပကဏ္ဍေ–၌၊ ပဌမဘာဏဝါရော–တည်း။**

## သညောဇနဂေါစ္ဆက

[အခြား သံယောဇဉ်များ၏အနက်ကို ရှေး၌ ပေးခဲ့ပြီ။]

**၁၁၂၁။** တတ္ထ–ထို သံယောဇဉ်တို့တွင်၊ ကတမံ–သည်၊ မာနသံယောဇနံ– နည်း၊ အဟံ–ငါသည်၊ သေယျော–သူတစ်ပါးထက် မြတ်သူသည်၊ အသ္မိ–ဖြစ်၏၊ ဣတိ–ဤသို့၊ မာနော–မှတ်ထင်ခြင်းသည်၊(ဟောတိ)၊ အဟံ သဒိသော– သူတစ်ပါးနှင့် တန်းတူသူသည်၊ အသ္မိ–၏၊ ဣတိ မာနော (ဟောတိ)၊ အဟံ ဟီနော–သူတစ်ပါးအောက် ယုတ်ညံ့သူသည်၊ အသ္မိ ဣတိ, မာနော (ဟောတိ)၊ ဧဝရူပေါ–ဤသို့ သဘောရှိသော၊ ယော မာနော–အကြင် မှတ်ထင်တတ်သော သဘောသည်၊ ယာ မညနာ–အကြင် မှတ်ထင်ခြင်းသည်၊ ယံ မညိတတ္တံ–အကြင် မှတ်ထင်တတ်သော စိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ ဥန္နတိ–အကြင် အထက်၌ညွတ်ခြင်းသည်၊ ဝါ–ထောင်လွှားတက်ကြွခြင်းသည်၊ ယော ဥန္နာမော-

အကြောင်း မိမိကိန်းရာ သတ္တဝါကို ထောင်လွှားတက်ကြွစေတတ်သောသဘော သည်၊ ယော ဓဇော–အကြောင်း တံခွန်အလံနှင့်တူသောသဘောသည်၊ ယော– သမ္ပဂ္ဂါဟော–အကြောင်းစိတ်ကို ချီးမြှောက်တတ်သောသဘောသည်၊ စိတ္တဿ– ၏၊ ယာ ကေတုကမျတာ–အကြောင်း အမြင့်ဆုံးအလံကဲ့သို့ မိမိ၏ အမြင့်ဆုံး၏ အဖြစ်ကို လိုလားသော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ ဝုစ္စတိ မာနသံယောဇနံ။

**၁၁၂၆**။ တတ္ထ ကတမံ ဣဿာသံယောဇနံ၊ ပရလာဘသက္ကာရဂရုကာရ မာနနဝန္ဒနပူဇနာသု–သူတစ်ပါးတို့၏ သာမညလာဘ်, အထူးပြုအပ်သော လာဘ်, အလေးဂရုပြုခြင်း, မြတ်နိုးခြင်း, ရှိခိုးခြင်း, ပူဇော်ခြင်းတို့၌၊ ယာ ဣဿာ– အကြောင်းငြူစူတတ်သောသဘောသည်၊ ယာ ဣဿာယနာ–အကြောင်းငြူစူခြင်းဖြင့် ဖြစ်ခြင်းသည်၊ ယံ ဣဿာယိတတ္တံ–အကြောင်းငြူစူခြင်းဖြင့်ဖြစ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ ဥဿူယာ–အကြောင်း အပြစ်ပြောတတ်သော သဘောသည်၊ ယာ ဥဿူယနာ–အကြောင်း အပြစ်ပြောခြင်းဖြင့်ဖြစ်ခြင်းသည်၊ ယံ ဥဿူယိတတ္တံ–အကြောင်းအပြစ်ပြောတတ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ သည်၊ (အတ္ထိ)၊ ဣဒံ ဝုစ္စတိ ဣဿာသံယောဇနံ။

**၁၁၂၇**။ တတ္ထ ကတမံ မစ္ဆရိယသံယောဇနံ၊ မစ္ဆရိယာနိ–မစ္ဆရိယတို့သည်၊ ဝါ–ဝန်တိုခြင်းတို့သည်၊ အာဝါသမစ္ဆရိယံ–အာဝါသ၌ ဝန်တိုခြင်းလည်း ကောင်း၊ ကုလမစ္ဆရိယံ–အမျိုး၌ ဝန်တိုခြင်းလည်းကောင်း၊ လာဘမစ္ဆရိယံ– ပစ္စည်းလေးပါးဟူသော လာဘ်၌ ဝန်တိုခြင်းလည်းကောင်း၊ ဝဏ္ဏမစ္ဆရိယံ– ကိုယ်အဆင်း, ဂုဏ်သတင်း၌ ဝန်တိုခြင်းလည်းကောင်း၊ ဓမ္မမစ္ဆရိယံ–ပရိယတ် ဓမ္မ၌ ဝန်တိုခြင်းလည်းကောင်း၊ (ဣတိ–သို့၊) ပဉ္စ–ငါးပါးတို့တည်း၊ ဝေရူပံ– သော၊ ယံ မစ္ဆေရံ–အကြောင်းဝန်တိုတတ်သောသဘောသည်၊ ယာ မစ္ဆရာယနာ– အကြောင်း ဝန်တိုခြင်းဖြင့်ဖြစ်ခြင်းသည်၊ ယံ မစ္ဆရာယိတတ္တံ–အကြောင်း ဝန်တိုခြင်း ဖြင့် ဖြစ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယံ ဝေဝိစ္ဆံ–အကြောင်း အခြားသူ၌ နှံ့စေခြင်းငှာ အလိုမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယံ ကဒရိယံ– အကြောင်းပေးကမ်းမှု၌ လေးစားခြင်းမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ ကဋုကဉ္စုကတာ–အကြောင်း တောင်းရမ်းသူကိုမြင်လျှင် ခါးစပ်သည်၏ အဖြစ် ကြောင့် စိတ်ကို တွန့်စေတတ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (တစ်နည်း) ယာ ကဋုကဉ္စုကတာ–အကြောင်း ကုတ်နေသောဇွန်းဖြင့် ထမင်းရူး ခြင်းကဲ့သို့ အာဝါသ စသည်တို့၌ ပြန့်ပြန့်ပြူးပြူး မရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ သည်၊ စိတ္တဿ–၏၊ ယံ အဂ္ဂဟိတတ္တံ–အကြောင်း ပိတ်ချုပ်၍ယူအပ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ ဝုစ္စတိ မစ္ဆရိယသံယောဇနံ၊ပေ။

**သဉ္ဉောဇနဂေါစ္ဆကပြီးပြီ။**

## နီဝရဏဂေါစ္ဆက

**၁၁၆၂။** တတ္ထ–ထို ထိနမိဒ္ဓတို့တွင်၊ ကတမံ ထိနံ၊ စိတ္တဿ–၏၊ ယာ အကလ္လတာ–အကြင် မကျန်းမာသည်၏အဖြစ်သည်၊ ယာ အကမ္မညတာ–အကြင် ထိုထိုအမှု၌ မကောင်းသည်၏အဖြစ်သည်၊ ယာ ဩလီယနာ–အကြင် တွဲရရွဲဆွဲသကဲ့သို့ ဖြစ်ခြင်းသည်၊ ယာ သလ္လီယနာ–အကြင် တွဲရရွဲဆွဲသကဲ့သို့ ဖြစ်ခြင်းသည်၊ [သံ အနက်မရှိ၊ "သမောလီယနာ"ဟု ရှိလျှင် ကောင်း၏၊] ယံ လီနံ–အကြင် တွန့်ဆုတ်ခြင်းသဘောသည်၊ ယာ လီယနာ–အကြင် တွန့်ဆုတ်ခြင်းသဘောသည်၊ ယံ လီယိတတ္တံ–အကြင် တွန့်ဆုတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယံ ထိနံ–အကြင့် တစ်ခဲနက်အဖြစ်ဖြင့် တည်တတ်သော သဘောသည်၊ ယာ ထိယနာ–အကြင် တစ်ခဲနက်အဖြစ်ဖြင့် တည်ခြင်းသည်၊ စိတ္တဿ–၏၊ ယံ ထိယိတတ္တံ–အကြင် တစ်ခဲနက်တည်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ ဝုစ္စတိ ထိနံ။

**၁၁၆၃။** တတ္ထ ကတမံ မိဒ္ဓံ၊ ကာယဿ–နာမကာယ၏၊ ဝါ–စေတသိက်အပေါင်း၏၊ ယာ အကလ္လတာ–အကြင် မကျန်းမာသည်၏အဖြစ်သည်၊ ယာ အကမ္မညတာ–အကြင် ထိုထိုအမှု၌ မကောင်းသည်၏အဖြစ်သည်၊ ယော ဩနာဟော–အကြင် နာမကာယကို ဖုံးထားတတ်သောသဘောသည်၊ ယော ပရိယောနာဟော–အကြင် နာမကာယကို ထက်ဝန်းကျင်ဖုံးထားတတ်သော သဘောသည်၊ ယော အန္တောသမောရောဓော–အကြင် အတွင်းဖြစ်သောစိတ်၌ ထက်ဝန်းကျင်ပိတ်ချုပ်ထားတတ်သောသဘောသည်၊ ယံ မိဒ္ဓံ–အကြင် ညှဉ်းဆဲတတ်သောသဘောသည်၊ ယံ သောပ္ပံ–အကြင် အိပ်ပိုက်ကြောင်းသဘောသည်၊ ယာ ပစလာယိကာ–အကြင် အထက်အောက် မျက်လွှာစသည်တို့၏ တလှုပ်လှုပ်အဖြစ်ကို ပြုတတ်သောသဘောသည်၊ သောပ္ပံ–သောပ္ပဟူသော၊ ယာ သုပနာ–အကြင် အိပ်ပိုက်ကြောင်းသဘောသည်၊ ယံ သုပိတတ္တံ–အကြင် အိပ်ပိုက်သော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထ)၊ ဣဒံ ဝုစ္စတိ မိဒ္ဓံ၊ ဣတိ–ဤသို့လျှင်၊ ဣဒဥ္စ ထိနံ–ဤထိနသည်လည်းကောင်း၊ ဣဒဥ္စ မိဒံ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣဒံ–ဤ ထိနမိဒ္ဓ နှစ်ပါးပေါင်းကို၊ ထိနမိဒ္ဓနီဝရဏံ–ဟူ၍၊ ဝုစ္စတိ၊ [ဥဒ္ဒေစ္စကို အကုသိုလ်စိတ် ဥဒ္ဒစ္စနိဒ္ဒေသ၌ ပြခဲ့ပြီ။]

**၁၁၆၆။** တတ္ထ ကတမံ ကုက္ကုစ္စံ၊ အကပ္ပိယေ–မအပ်သောအရာ၌၊ ကပ္ပိယသညိတာ–အပ်၏ဟု အမှတ်ရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်လည်းကောင်း၊ ကပ္ပိယေ–အပ်သောအရာ၌၊ အကပ္ပိယသညိတာ–မအပ်ဟု အမှတ်ရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်လည်းကောင်း၊ အဝဇ္ဇေ–အပြစ်မဟုတ်သည်၌၊ ဝဇ္ဇသညိတာ–အပြစ်ဟု အမှတ်ရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်လည်းကောင်း၊ ဝဇ္ဇေ–

အပြစ်၌ အဝဇ္ဇသညိတာ–အပြစ်မဟုတ်ဟု အမှတ်ရှိသည်၏ဖြစ်ကြောင်း ဖြစ်ရာသည်လည်းကောင်း၊ (အတ္ထိ၊) ဝေရူပံ–သော၊ ယံ ကုက္ကုစ္စံ–အကြင် စက်ဆုပ်အပ်စွာ ပြုအပ်သော အမှုအရာသည်၊ ယာ ကုက္ကုစ္စာယနာ–အကြင် ကုက္ကုစ္စဖြင့် ဖြစ်ခြင်းသည်၊ ဝါ–အကြင် ကုက္ကုစ္စကို ပြုခြင်းသည်၊ ယံ ကုက္ကုစ္စာယိတတ္တံ–အကြင် ကုက္ကုစ္စဖြင့်ဖြစ်သော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာ သည်၊ စေတသော–၏၊ ယော ဝိပ္ပဋိသာရော–အကြင် ပြုအပ်ပြီးသော မကောင်းမှု၊ မပြုအပ်သေးသော ကောင်းမှုသို့ ဖောက်ဖောက်ပြန်ပြန် ရှေ့ရှု ဖြစ်ခြင်းသည်၊ ဝါ–နလုံးမသာ မယာခြင်းသည်၊ ယော မနောဝိလေခေါ– အကြင် စိတ်ကို ရေးခြစ်ခြင်းကဲ့သို့ ဖြစ်ခြင်းသည်၊ (အတ္ထိ၊) ဣဒံ ဝုစ္စတိ ကုက္ကုစ္စံ၊ ဣတိ–လျှင်၊ ဣဒဉ္စ ဥဒ္ဓစ္စံ–သည်လည်းကောင်း၊ ဣဒဉ္စ ကုက္ကုစ္စံ– သည်လည်းကောင်း၊ (အတ္ထိ၊) ဣဒံ–ဤ ဥဒ္ဓစ္စ ကုက္ကုစ္စနှစ်ပါးအပေါင်းကို၊ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏံ–ဟူ၍၊ ဝုစ္စတိ–၏။ **နီဝရဏဂေါစ္ဆကပြီး၏။**

**ပရာမာသဂေါစ္ဆက**

**၁၁၈၀။** ဒိဋ္ဌိပရာမာသော–ဒိဋ္ဌိဟူသော ပရာမာသတည်း၊ [သဿတော လောကောစသည်တို့၏ အနက်ကို ဤ ဒုကနိက္ခေပ ဒိဋ္ဌိသံယောဇနနိဒ္ဒေသ၌ ပြခဲ့ပြီ၊ မဟန္တရဒုက်၌ ပုဒ်ထူးမရှိ။

**ဥပါဒါနဂေါစ္ဆက**

**၁၂၁၉။** စတ္တာရိ ဥပါဒါနာနိ၊ ကာမုပါဒါနံ–ကာမုပါဒါန်လည်းကောင်း၊ ဝါ–ဝတ္ထုကာမကို စွဲလမ်းတတ်သော လောဘလည်းကောင်း၊ ဝါ–ကာမဂုဏ် ကို လိုလားတတ် စွဲလမ်းတတ်သော လောဘလည်းကောင်း၊ ဒိဋ္ဌုပါဒါနံ– စွဲလမ်းတတ်သော ဒိဋ္ဌိလည်းကောင်း၊ ဝါ–ရှေးရှေးဒိဋ္ဌိကို စွဲလမ်းတတ်သော နောက်နောက်ဒိဋ္ဌိလည်းကောင်း၊ သီလဗ္ဗတုပါဒါနံ–လည်းကောင်း၊ ဝါ– နွားတို့၏ အလေ့အကျင့်စသည်ကို စွဲလမ်းတတ်သော ဒိဋ္ဌိလည်းကောင်း၊ ဝါ–နွားတို့၏ အလေ့အကျင့်စသည်ကိုပင် ကိလေသာမှ စင်ကြယ်ကြောင်း ဟု စွဲလမ်းတတ်သော ဒိဋ္ဌိလည်းကောင်း၊ အတ္တဝါဒုပါဒါနံ–အတ္တဝါဒုပါဒါန် လည်းကောင်း၊ ဝါ–အတ္တကို ပြောဆိုကြောင်း, စွဲလမ်းကြောင်းဖြစ်သောဒိဋ္ဌိ လည်းကောင်း၊ ဝါ–အတ္တဟု ပြောဆိုကြောင်းစကားမျှကို အတ္တဟု စွဲလမ်း ကြောင်းဒိဋ္ဌိလည်းကောင်းတည်း။

**၁၂၂၀။** တတ္ထ ကတမံ ကာမုပါဒါနံ၊ ကာမေသု–ဝတ္ထုအာရုံကာမဂုဏ် တို့၌၊ ယော ကာမစ္ဆန္ဒော–အကြင်လိုလားတတ်, နှစ်သက်တတ်သော လောဘ သည်၊ (အတ္ထိ၊) ဤသို့စသည်ဖြင့် အာသဝဂေါစ္ဆက ကာမာသဝနိဒ္ဒေသ၌ ပြခဲ့သည့်အတိုင်း အနက်ပေးပါ။

**၁၂၂၁။** တတ္ထ ကတမံ ဒိဋ္ဌုပါဒါနံ၊ ဒိန္နံ–ပေးလှူကြောင်း ဒါနစေတနာ သည်၊ ဝါ–ပေးလှူကြောင်း ဒါနစေတနာ၏အကျိုးရင်း အကျိုးဆက်သည်၊ နတ္ထိ–မရှိ၊ ယိဋ္ဌံ–အကြီးအကျယ် ပူဇော်ကြောင်းစေတနာ၏ အကျိုးရင်း အကျိုးဆက်သည်၊ နတ္ထိ၊ ဟုတံ–အနည်းငယ် ပူဇော်ကြောင်းစေတနာ၏ အကျိုးရင်းအကျိုးဆက်သည်၊ နတ္ထိ၊ သုကတဒုက္ကဋာနံ–ကောင်းစွာပြုအပ်, မကောင်းသဖြင့် ပြုအပ်ကုန်သော၊ ကမ္မာနံ–ကုသိုလ်ကံ, အကုသိုလ်ကံတို့၏၊ ဖလံ–အကျိုးဆက်သည်လည်းကောင်း၊ ဝိပါကော–အကျိုးရင်းသည်လည်း ကောင်း၊ နတ္ထိ၊ အယံ လောကော–ဤလောကသည်၊ နတ္ထိ–(တစ်ပါးသော လောက၌ တည်သူအတွက်) မရှိ၊ ပရောလောကော–တစ်ပါးသော လောက သည်၊ နတ္ထိ–(ဤလောက၌ တည်သူအတွက်)မရှိ၊ မာတာ–အမိ၌ ကောင်းစွာ ပြုခြင်း, မကောင်းသဖြင့် ပြုခြင်း၏အကျိုးရင်း အကျိုးဆက်သည်၊ နတ္ထိ၊ ပိတာ–အဘ၌ ကောင်းစွာပြုခြင်း, မကောင်းသဖြင့်ပြုခြင်း၏ အကျိုးရင်း အကျိုးဆက်သည်၊ နတ္ထိ၊ ဩပပါတိကာ–အဟောင်းဘဝမှ အသစ်ဘဝ၌ ကျရောက်ခြင်းအလေ့ရှိကုန်သော၊ သတ္တာ–သတ္တဝါတို့သည်၊ နတ္ထိ–မရှိကုန်။

ယေ–အကြင် သမဏဗြာဟ္မဏ အမည်ရှိသူတို့သည်၊ ဣမဉ္စ လောကံ– ဤလောကကိုလည်းကောင်း၊ ပရဉ္စလောကံ–တစ်ပါးသောလောကကိုလည်း ကောင်း၊ သယံ–ကိုယ်တိုင်၊ အဘိညာ–ထူးသောဉာဏ်ဖြင့် သိ၍၊ သစ္ဆိကတွာ– မျက်မှောက်ပြု၍၊ ပဝေဒေန္တိ–သူတစ်ပါးကို ဟောပြသိစေနိုင်ကြကုန်၏၊ သမဂ္ဂတာ(သမ်+ဂတာ)–ပဋိပတ်ကျင့်စဉ်အားဖြင့် အညီအမျှသွားကြကုန်သော၊ သမ္မာပဋိပန္နာ–ကောင်းစွာကျင့်ကြကုန်သော၊ (တေ)သမဏဗြာဟ္မဏာ–ထို သမဏဗြာဟ္မဏ အမည်ရသူတို့သည်၊ လောကေ–၌၊ နတ္ထိ–မရှိကုန်၊ ဣတိ ဧဝရူပါ–ဤသို့သဘောရှိသော၊ ယာ ဒိဋ္ဌိ–အကြင် မိစ္ဆာအယူသည်၊(အတ္ထိ) ။ပေ၊ ဣဒံ ဝုစ္စတိ ဒိဋ္ဌုပါဒါနံ၊ သီလဗ္ဗတုပါဒါနဉ္စ–သီလဗ္ဗတုပါဒါန်ကိုလည်း ကောင်း၊ အတ္တဝါဒုပါဒါနဉ္စ–ကိုလည်းကောင်း၊ ထပေတွာ–ချန်ထား၍၊ သဗ္ဗာပိ– အလုံးစုံလည်းဖြစ်သော၊ မိစ္ဆာဒိဋ္ဌိ–မိစ္ဆာအယူသည်၊ ဒိဋ္ဌုပါဒါနံ–ဒိဋ္ဌိပါဒါန်တည်း၊ [သီလဗ္ဗတုပါဒါန်ကို တိကနိက္ခေပ သီလဗ္ဗတပရာမာသနိဒ္ဒေသ၌လည်း ကောင်း, အတ္တဝါဒုပါဒါန်ကို တိကနိက္ခေပသက္ကာယဒိဋ္ဌိနိဒ္ဒေသ၌လည်းကောင်း အနက်ပေးခဲ့ပြီ။]

## နိက္ခေပကဏ္ဍေ–၌၊ ဒုတိယဘာဏဝါရော–တည်း။

---

**ဩပပါတိကာ။** ။ပုရိမဘဝတော ပစ္ဆိမဘဝေ ဥပပတနံ ဥပပါတော၊ သော ယေသံ သီလံ၊ တေ ဩပပါတတိကာ၊–မူလဋီကာ၊ ဤနေရာ၌ ဤဋီကာအတိုင်းသာ အနက်ဖြစ်၏၊ ဥပပတ်ပဋိသန္ဓေနေသူတို့ကို ဟောရာ၌ကား "ဘဝဟောင်းမှ ခုန်လွှား ကျရောက်သကဲ့သို့ဖြစ်ခြင်းရှိသူများ"ဟု အနက်ဆိုရသည်၊ ထိုအနက်ကို ဤ၌ မရထိုက်။

## ကိလေသဂေါစ္ဆက

၁၂၃၅။ ကိလေသဝတ္ထူနိ–နောက်နောက်ကိလေသာတို့၏ တည်ရာ ဖြစ်သော ရှေးရှေးကိလေသာတို့သည်၊ ဝါ–ဒီဏာသဝမဟုတ်သော သတ္တဝါတို့၏ တည်နေရာ ကိလေသာတို့သည်၊ ဝါ–အနန္တ ရာဒိပစ္စယဖြင့် နောက်နောက် ကိလေသာတို့၏တည်ရာ ရှေးရှေးကိလေသာတို့သည်၊ ဒသ–၁၀ပါးတို့တည်း၊ လောဘော–လောဘလည်းကောင်း၊ပေ၊အနောတ္တပ္ပံ–အနောတပ္ပလည်းကောင်း တည်း၊ [ကြွင်းသောပုဒ်များ၏ အနက်ကို ရှေး၌ ပေးခဲ့ပြီ။]

## ပိဋ္ဌိဒုက်

၁၂၈၇။ ကတမေ ဓမ္မာ ကာမာဝစရာ၊ ဟေဋ္ဌတော–အောက်အဖို့အားဖြင့်၊ အဝီစိနိရယံ–အဝီစိငရဲကို၊ ပရိယန္တံ–အဆုံးအပိုင်းအခြားကို၊ ကရိတွာ–ပြု၍ လည်းကောင်း၊ ဥပရိတော–အထက်အဖို့အားဖြင့်၊ ပရနိမ္မိတဝသဝတ္တိဒေဝေ–ပရနိမ္မိတဝသဝတ္တိနတ်တို့ကို၊ အန္တောကရိတွာ–အတွင်း၌ပြု၍လည်းကောင်း၊ ဧတသ္မိံ အန္တရေ–ဤအရပ်၌၊ ဧတ္ထ–ဤအရပ်၌၊ အဝစရာ–သက်ဝင်၍ဖြစ်ကုန်သော၊ ဧတ္ထ–ဤအရပ်၌၊ ပရိယာပန္နာ–အကျုံးဝင်ကုန်သော၊ ယံ(ယေ) ခန္ဓဓာတု အာယတနာ–အကြင် ခန္ဓာ, ဓာတ်, အာယတနတို့သည်၊ ရူပံ–ရုပ်သည်လည်းကောင်း၊ ဝေဒနာ–သည်လည်းကောင်း၊ သညာ–သည်လည်းကောင်း၊ သင်္ခါရာ–တို့သည်လည်းကောင်း၊ ဝိညာဏံ–တို့သည်လည်းကောင်း၊(သန္တိ–ရှိကုန်၏၊) ဣမေ ဓမ္မာ ကာမာဝစရာ။

၁၂၈၉။ ကတမေ ဓမ္မာ ရူပါဝစရာ၊ ဟေဋ္ဌတော–အားဖြင့်၊ ဗြဟ္မလောကံ–ဗြဟ္မာတို့၏နေရာ ဩကာသလောကကို၊ ပရိယန္တံ ကရိတွာ–၍၊ ဥပရိတော–အားဖြင့်၊ အကနိဋ္ဌေ–အကနိဋ္ဌဘုံ၌ နေကုန်သော၊ ဒေဝေ–ဗြဟ္မာတို့ကို၊ အန္တော ကရိတွာ–၍၊ ဧတသ္မိံ အန္တရေ–ဤအရပ်၌၊ ဧတ္ထ–၌၊ အဝစရာ–န်သော၊ ဧတ္ထ–၌၊ ပရိယာပန္နာ–န်သော၊ သမာပန္နဿဝါ–သမာပတ်ဝင်စားသော ပုထုဇ္ဇန် သေက္ခပုဂ္ဂိုလ်၏သော်လည်းကောင်း၊ ဥပပန္နဿဝါ–ပဋိသန္ဓေနေသောပုဂ္ဂိုလ်၏ သော်လည်းကောင်း၊ ဒိဋ္ဌဓမ္မသုခဝိဟာရိဿဝါ–မျက်မှောက်ထင်ထင် ရှုမြင်အပ်သော သဘောဟူသော ပစ္စက္ခအတ္တဘော၌ ချမ်းသာစွာနေရခြင်းရှိသောရဟန္တာ ပုဂ္ဂိုလ်၏သော်လည်းကောင်း၊ စိတ္တစေတသိကာ–စိတ် စေတသိက်ဖြစ်ကုန်သော၊ ယံ(ယေ)ဓမ္မာ–တို့သည်၊ (သန္တိ)၊ ဣမေ ဓမ္မာ ရူပါဝစရာ၊ [အရူပါဝစရာ၌ လည်း ဤနည်းမှီ၍ အနက်ပေးပါ။]

**အဘိဓမ္မဒုက်–အဘိဓမ္မာဒုက်သည်၊**

**(နိဋ္ဌိတံ–ပြီးပြီ။)**

xxxxx

## သုတ္တန္တိကဒုကနိက္ခေပ

**၁၃၁၃။** ကတမေ ဓမ္မာ, အဓိဝစနာ–သဒ္ဒါကို စွဲမှီရည်စူး၍ဖြစ်သော နာမည်ပညတ် ဖြစ်ကုန်သနည်း၊ တောသံ တောသံ ဓမ္မာနံ–ထိုထိုတရားတို့၏၊ ယာ သင်္ခါ–အကြင် ကောင်းစွာပြောဆိုအပ်သောအမည်သည်၊ (အတ္ထိ)၊ ယာ သမညာ–အကြင် အထူးသဖြင့် သိအပ်သော အမည်သည်၊ (အတ္ထိ)၊ ယာ ပညတ္တိ–အကြင် အပြားအားဖြင့် သိစေအပ်သောအမည်သည်၊ (တစ်နည်း) ယာ ပညတ္တိ–အကြင် အပြားအားဖြင့် ထားအပ်သောအမည်သည်၊ (အတ္ထိ)၊ ယော ဝေါဟာရော–အကြင် ခေါ်ဝေါ်ပြောဆိုအပ်သောအမည်သည်၊ (အတ္ထိ)၊ ယံ နာမံ–အကြင် အနက်သို့ ညွတ်တတ်သောနာမည်သည်၊ (အတ္ထိ)၊ ယံ နာမကမ္မံ–အကြင်ပြုအပ် မှည့်ခေါ်အပ်သောနာမည်သည်၊ ဝါ–အကြင် ပြုကြောင်း(မှည့်ခေါ်ကြောင်း) နာမည်သည်၊ ဝါ–အကြင် နာမည်ကို ပြုလုပ်ထားခြင်းသည်၊ (အတ္ထိ)၊ ယံ နာမဓေယျံ–အကြင် ထားအပ်သောနာမည်သည်၊ ဝါ–အကြင်ထားကြောင်းဖြစ်သော နာမည်သည်၊ ဝါ–နာမည်ကို ပညတ်ထားခြင်းသည်၊ (အတ္ထိ)၊ ယာ နိရုတ္တိ–အကြင် အနက်ကို ထုတ်ဖော်၍ ဟောတတ်သောနာမည်သည်၊ (အတ္ထိ)၊ ယံ ဗျဉ္ဇနံ–အကြင်အနက်ကို ထင်ရှားပြတတ်သောနာမည်သည်၊ (အတ္ထိ)၊ ယော အဘိလာပေါ–အကြင် အနက်သို့ ရှေ့ရှုရွတ်ဆိုအပ်သောနာမည်သည်၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အဓိဝစနာ၊...သဗ္ဗေဝ–အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ဓမ္မာ–တို့သည်၊ အဓိဝစနပထာ–သဒ္ဒါကို စွဲမှီရည်စူး၍ဖြစ်သော နာမည်ပညတ်၏ အကြောင်းဖြစ်သောတရားတို့တည်း။...[နိရုတ္တိဒုက်, ပညတ္တိဒုက်တို့၌လည်း နည်းတူ။]

**၁၃၁၄။** ကတမေ ဓမ္မာ နိရုတ္တိ–ထိုထိုအနက်ကို ဖော်ထုတ်၍ ဟောပြတတ်သော သဒ္ဒါဖြစ်သနည်း၊ ပေ သဗ္ဗေဝ ဓမ္မာ နိရုတ္တိပထာ။

**၁၃၁၅။** ကတမေ ဓမ္မာ, ပညတ္တိ–အနက်ကို အပြားအားဖြင့် သိစေတတ်သော နာမည်ပညတ် ဖြစ်သနည်း၊ ဝါ–အပြားအားဖြင့် ထားအပ်သော နာမည်ပညတ်ဖြစ်သနည်း၊ပေ၊ သဗ္ဗေဝ ဓမ္မာ ပညတ္တိပထာ။

**၁၃၃၂။** တတ္ထ–ထို ဒေါဝစဿတာ, သောဝစဿတာ, ပါပမိတ္တတာ, ကလျာဏမိတ္တတာတို့တွင်၊ ကတမာ–အဘယ်သည်၊ ဒေါဝစဿတာ–တာ မည်သနည်း၊ ဝါ–ခဲယဉ်းသောစကားရှိသူ၏ အလုပ်၏ ဖြစ်ကြောင်းဖြစ်ရာ မည်သနည်း၊ သဟဓမ္မိကေ–အတူတကွ ကျင့်ထိုက်သော အဓိသီလ စသည်၌ ဖြစ်သော သိက္ခာပုဒ်ကို၊ ဝုစ္စမာနေ–ပြောဆိုအပ်သော်၊ ဒေါဝစဿာယံ–ခဲယဉ်းစွာ ပြောဆိုအပ်သောစကားရှိသူ၏ အလုပ်သည်၊ ဒေါဝစဿိယံ–ခဲယဉ်းစွာ ပြောဆိုအပ်သောစကားရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ဒေါဝစဿတာ–

ခဲယဉ်းစွာ ပြောဆိုအပ်သောစကားရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ဝိပ္ပဋိကူလဂ္ဂါဟိတာ–ဆန့်ကျင်ဘက်ကို ယူလေ့ရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ဝိပစ္စနီကသာတတာ–ဆန့်ကျင်ဘက်ကို ယူခြင်းအားဖြင့် သာယာခြင်းရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ အနာဒရိယံ–ဩဝါဒကို လေးစားခြင်း မရှိသောပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ အနာဒရတာ–သည်၊ အဂါရဝတာ–ရိုသေလေးစားခြင်းမရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ အပ္ပဋိဿဝတာ–ရှေးရှုနားထောင်ခြင်း မရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ အယံ–ဤသို့သဘောရှိသောတရားကို၊ ဒေါဝစဿတာ–ဟူ၍၊ ဝုစ္စတိ။

**၁၃၃၃။** တတ္ထ ကတမာ ပါပမိတ္တတာ၊ ယေ တေ ပုဂ္ဂလာ–တို့သည်၊ အသဒ္ဓါ–ဘုရားစသော ဝတ္ထုတို့ကို ယုံကြည်တတ်သော သဒ္ဓါမရှိကုန်၊ ဒုဿီလာ–သီလမရှိကုန်၊ အပ္ပဿုတာ–အာဂမ အဓိဂမဖြင့် ကြားနာအပ်ပြီးသော သုတမရှိကုန်၊ [ပိဋကတ်တော်၌လည်းကောင်း, ပဋိဝေဓ(မဂ်ဖိုလ်နိဗ္ဗာန်)၌လည်းကောင်း အကြားအမြင် မရှိကုန်၊] မစ္ဆရိနော–ဝန်တိုခြင်း ရှိကုန်၏၊ ဒုပ္ပညာ–ပညာမရှိကုန်၊ တေသံ–ထို အသဒ္ဓါစသောပုဂ္ဂိုလ်တို့ကို၊ ယာ သေဝနာ–အကြင် မှီဝဲခြင်းသည်၊ (အတ္ထိ)၊ ယာ နိသေဝနာ–အကြင် အားကြီးသောမှီဝဲခြင်းသည်၊ ယာ သံသေဝနာ–အကြင် အလုံးစုံသောအဖို့အားဖြင့် မှီဝဲခြင်းသည်၊ [တစ်နည်း–သုံးပုဒ်လုံး၌ပင် နိ+သံ ပုဒ်တို့ကို အနက်မရှိကြ၍ "မှီဝဲခြင်းသည်"ဟုပေးပါ၊] ယာ ဘဇနာ–အကြင် ချဉ်းကပ်ခြင်းသည်၊ ယာ သံဘဇနာ–အကြင် ထက်ဝန်းကျင် ချဉ်းကပ်ခြင်းသည်၊ [တစ်နည်း–သံအနက်မရှိ၊ "ချဉ်းကပ်ခြင်း"ဟုသာ အနက်ပေးပါ၊] ယာ ဘတ္တိ–အကြင် ခိုင်မြဲသော ဆည်းကပ်ခြင်းသည်၊ ယာ သမ္ဘတ္တိ–အကြင် ထက်ဝန်းကျင်အဖို့အားဖြင့် ဆည်းကပ်ခြင်းသည်၊ [တစ်နည်း–သံအနက်မရှိ၊] ယာ သမ္ပဝင်္ကတာ–အကြင် ထို ပါပမိတ္တတို့၌ ကိုယ်စိတ်အားဖြင့် ညွတ်ကိုင်းသည်၏အဖြစ်သည်၊(အတ္ထိ)၊ အယံ ဝုစ္စတိ ပါပမိတ္တတာ။ [သောဝစဿတာ, ကလျာဏမိတ္တတာတို့ကို ပြောင်းပြန်အားဖြင့် သိပါ။]

**၁၃၃၆။** တတ္ထ ကတမာ၊ အာပတ္တိကုသလတာ–အာပတ်တို့၌ ကျွမ်းကျင်သူ၏အဖြစ်မည်သနည်း၊ ပဉ္စပိ–ငါးပါးလည်းဖြစ်ကုန်သော၊ အပတ္တိက္ခန္ဓာ–ဒွေမာတိကာ၌လာသော အာပတ်အစုတို့သည်၊ အာပတ္တိယော–အာပတ်တို့မည်၏၊ သတ္တပိ–၇ ပါးလည်းဖြစ်ကုန်သော၊ အာပတ္တိက္ခန္ဓာ–ဥဘတောဝိဘင်း, ခန္ဓကတို့၌လာသော အာပတ်အစုတို့သည်၊ အာပတ္တိယော–တို့မည်၏၊ တာသံ အာပတ္တီနံ–ထို အာပတ်တို့၏၊ ယာ အာပတ္တိကုသလတာ–အကြင်အာပတ် အပိုင်းအခြား၌ ကျွမ်းကျင်သူ၏အဖြစ်သည်၊ ယာ ပညာ–အကြင် အပြားအားဖြင့် သိတတ်သော ဉာဏ်သည်၊ပေ၊ ယာ သမ္မာဒိဋ္ဌိ (အတ္ထိ)၊ အယံ ဝုစ္စတိ အာပတ္တိကုသလတာ။

**၁၃၃၇။** တတ္ထ ကတမာ၊ အာပတ္တိဝုဋ္ဌာနကုသလတာ–အာပတ်မှ ထခြင်း၌ ကျွမ်းကျင်သူ၏အဖြစ် မည်သနည်း၊ တာဟိ အာပတ္တိဟိ–တို့မှ၊ ယာ ဝုဋ္ဌာန ကုသလတာ–အကြင် ထခြင်း၌ ကျွမ်းကျင်သူ၏အဖြစ်သည်၊ (အတ္ထိ)၊ပေ၊ အယံ ဝုစ္စတိ အာပတ္တိဝုဋ္ဌာနကုသလတာ။

**၁၃၃၈။** တတ္ထ ကတမာ၊ သမာပတ္တိကုသလတာ–သမာပတ်၌ကျွမ်းကျင်သူ၏ အဖြစ်မည်သနည်း။[နောက်ဝါကျ၌"သမာပတ္တိဝုဋ္ဌာနကုသလတာ–သမာပတ်မှ ထခြင်း၌ ကျွမ်းကျင်သူ၏အဖြစ် မည်သနည်း၊ ဓာတုကုသလတာ–ဓာတ်တို့၌ ကျွမ်းကျင်သူ၏အဖြစ် မည်သနည်း၊ မနသိကာရကုသလတာ–ဓာတ်တို့ကို နှလုံးသွင်းခြင်း၌ ကျွမ်းကျင်သူ၏အဖြစ် မည်သနည်း"စသည်ဖြင့် ပေးပါ။]

**၁၃၄၄။** တတ္ထ ကတမာ၊ ဌာနကုသလတာ–အကြောင်း၌ ကျွမ်းကျင်သူ၏ အဖြစ် မည်သနည်း၊ ယေ ယေ ဓမ္မာ–အကြင် အကြင် တရားတို့သည်၊ ယေသံ ယေသံ ဓမ္မာနံ–တို့၏၊ ဥပ္ပာဒါယ–ဖြစ်ခြင်းငှာ၊ ဟေတူ–ဟိတ်ဖြစ်သောအကြောင်း တို့သည်၊ ပစ္စယာ–ပစ္စည်းဖြစ်သော အကြောင်းတို့သည်၊ (ဟောန္တိ)၊ တံ တံ– ထိုထို အကျိုးတရားတို့၏ ထိုထိုအကြောင်းသည်၊ ဌာနံ–ဌာနတည်း၊ ဣတိ– သို့၊ တတ္ထ–ထိုအကျိုးတရား,အကြောင်းတရားတို့၌၊ ယာ ပညာ(အတ္ထိ)၊ပေ၊ အယံ ဝုစ္စတိ ဌာနကုသလတာ။ [အဋ္ဌာနကုသလတာလည်း နည်းတူသိပါ။]

**၁၃၄၇။** တတ္ထ ကတမော မဒ္ဒဝေါ၊ ယာ နီစ စိတ္တတာ–အကြင် နိမ့်ကျသော စိတ်ရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဤတစ်ပုဒ်သာ ထူး၏၊ ကြွင်းပုဒ် များသည် စိတ္တမုဒုတာနိဒ္ဒေသအတိုင်းပင်တည်း။

**၁၃၄၈။** တတ္ထ ကတမာ ခန္တိ၊ ယာ ခန္တိ–အကြင် သည်းခံခြင်းသည်၊ (အတ္ထိ)၊ ယာ ခမနတာ–အကြင် သည်းခံခြင်းသည်၊ တာပစ္စည်း အနက်မရှိ၊] ယာ အဓိဝါသနတာ–အကြင် မိမိအထက်၌ တက်ရောက်နေစေကြောင်းသဘော သည်၊ [တာပစ္စည်း အနက်မရှိ၊] ယံ အစဏ္ဍိက္ကံ–အကြင် မကြမ်းတမ်းသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယော အနသုရောပေါ–ကောင်းစွာ မတက်ရောက်စေ အပ်သော စကား၏ဆန့်ကျင်ဘက်သည်၊ စိတ္တဿ–၏၊ ယာ အတ္တမနတာ– အကြင် မိမိစိတ်၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ အယံ ဝုစ္စတိ ခန္တိ။

**၁၃၅၀။** တတ္ထ–ထိုမာတိကာပုဒ်တို့တွင်၊ ကတမံ–သည်၊ သာခလျံ–ပြေပြစ် သူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ (ဟောတိ–နည်း၊) ယာ သာ ဝါစာ–အကြင် စကားသည်၊ အဏ္ဍကာ–ခုံသန ဝမ္ဘနစသောစကားတို့ဖြင့် သစ်ပင်၏ အမှုန့်, အဖု,အဥနှင့်တူသည်၊ ကက္ကသာ–ကြမ်းတမ်းသည်၊ ပရကဋုကာ–သူတစ်ပါး တို့အတွက် ခါးစပ်သောအရသာနှင့် တူသည်၊ ပရာဘိသဇ္ဇနီ–သူတစ်ပါးတို့၏ စိတ်၌ ထိုးဆွ၍ ထိုးဆွ၍ လွန်စွာငြိကပ်တတ်သည်၊ ကောဓသာမန္တာ–ဒေါသ၏ အနီးအပါးဖြစ်သည်၊အသမာဓိသံဝတ္တနိကာ–ဥပစာရသမာဓိ,အပ္ပနာသမာဓိကို

မဖြစ်စေတတ်သည်၊ (ဟောတိ)၊ တထာရူပိံ–ထိုသို့ သဘောရှိသော၊ ဝါစံ–စကားကို၊ ပဟာယ–ပယ်စွန့်၍၊ ယာ သာ ဝါစာ–သည်၊ နေလာ–ဒေါသတည်းဟူသောအပြစ်မရှိသည်၊ ကဏ္ဏသုခါ–နားတို့၏ချမ်းသာကြောင်းသည်၊ (နားဝင်ချိုသည်၊) ဟဒယင်္ဂမာ–စိတ်နှလုံးသို့ သက်ရောက်သည်၊ ပေါရီ–မြို့ကြီးပြည်ကြီး၌ ဖြစ်သည်၊ ဝါ–မြို့သူသဖွယ်, နူနယ်သည်၊ ဝါ–မြို့သူမြို့သားလူအများ၏ ဥစ္စာသည်၊ ဗဟုဇနကန္တာ–များစွာသောလူအပေါင်းသည် နှစ်သက်အပ်သည်၊ ဗဟုဇနမနာပါ–များစွာသောလူအပေါင်း၏စိတ်ကို တိုးပွားစေတတ်သည်၊(များစွာသောလူအပေါင်းသည် မြတ်နိုးအပ်သည်၊)(ဟောတိ)၊ တထာရူပိံ ဝါစံ, ဘာသိတာ–ပြောဆိုလေ့ရှိသည်၊ ဟောတိ၊ တတ္ထ–ထိုပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်၌၊ ယာ သဏှဝါစတာ–အကြင်သိမ်မွေ့သော စကားရှိသူ၏ဖြစ်ကြောင်း ဖြစ်ရာသည်၊ ယာ သခိလဝါစတာ–အကြင် ပြေပြစ်သောစကားရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ အဖရုသဝါစတာ–အကြင် မကြမ်းတမ်းသော စကားရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣဒံ–ဤသိမ်မွေ့ညက်ညော, ချောမောသောစကားရှိသူ၏ဖြစ်ကြောင်းဖြစ်ရာကို၊ သာခလျံ ဝုစ္စတိ။

**၁၃၅၁။** တတ္ထ ကတမော ပဋိသန္ထာရော၊ ပဋိသန္ထာရာ–ပဋိသန္ထာရတို့သည်၊ ဝါ–အပေါက်အကြားမရှိအောင် ပိတ်ဆို့ဖာထေးခြင်းတို့သည်၊ အာမိသပဋိသန္ထာရော စ–အာမိသဖြင့် ပိတ်ဆို့ ဖာထေးခြင်းလည်းကောင်း၊ ဓမ္မပဋိသန္ထာရော စ–ဓမ္မဖြင့် ပိတ်ဆို့ ဖာထေးခြင်းလည်းကောင်း၊ (ဣတိ–သို့၊) ဒွေ–နှစ်ပါးတို့တည်း၊ ဣဓ–ဤလောက၌၊ ကေစ္စော–အချို့ပုဂ္ဂိုလ်သည်၊ အာမိသပဋိသန္ထာရေန ဝါ–အာမိသဖြင့် ပိတ်ဆို့ဖာထေးခြင်းအားဖြင့်သော်လည်းကောင်း၊ ဝါ–ပိတ်ဆို့ဖာထေးကြောင်းဖြစ်သော အာမိသဖြင့်သော်လည်းကောင်း၊ ဓမ္မပဋိသန္ထာရေန ဝါ–ဓမ္မဖြင့် ပိတ်ဆို့ ဖာထေးခြင်းအားဖြင့်သော်လည်းကောင်း၊ ဝါ–ပိတ်ဆို့ဖာထေးကြောင်းဖြစ်သော ဓမ္မဖြင့်သော်လည်းကောင်း၊ ပဋိသန္ထာရကော–အပေါက်အကြားမရှိအောင် ပိတ်ဆို့ ဖာထေးတတ်သည်၊ ဟောတိ၊ အယံ–ဤပိတ်ဆို့ ဖာထေးခြင်းကို၊ ပဋိသန္ထာရော–ရဟူ၍၊ ဝုစ္စတိ။

**၁၃၅၂။** တတ္ထ ကတမာ ဣန္ဒြိယေသု အဂုတ္တဒွါရတာ (ဟောတိ–နည်း၊) (က) ဣဓ–ဤလောက၌၊ ကေစ္စော–အချို့ပုဂ္ဂိုလ်သည်၊ စက္ခုနာ–စက္ခုပသာဒဖြင့်၊ ဝါ–အကြောင်းစက္ခု, တင်စားပြုသည့်, စက္ခုဝိညာဉ်ဖြင့်၊ ရူပံ–ရူပါရုံကို၊ ဒိသွာ–မြင်ရ၍၊ ဝါ–မြင်ရသည်ရှိသော်၊ ဝါ–မြင်ရခြင်းကြောင့်၊ နိမိတ္တဂ္ဂါဟီ–ယောကျ်ားဟုလည်းကောင်း, မိန်းမဟုလည်းကောင်း သိမှတ်ကြောင်းဖြစ်သော ပုံသဏ္ဌာန်နိမိတ်ကို ကိလေသာစိတ်ဖြင့် ယူလေ့ရှိသည်၊ အနုဗျဉ္ဇနဂ္ဂါဟီ–ကိလေသာတို့ကို ထင်စွာဖြစ်စေတတ်သော လက်ခြေသဏ္ဌာန်, စကားပြောသံ, ပြုံးရယ်ဟန်စသော အခြင်းအရာကို ကိလေသာစိတ်ဖြင့်ယူလေ့ရှိသည်၊ဟောတိ၊

ယတ္ထာဓိကရဏံ–အကြင် မစောင့်စည်းအပ်သော စက္ခုန္ဒြေဟူသောအကြောင်းကြောင့်၊ စက္ခုန္ဒြိယံ–ကို၊အသံဝုတံ–မစောင့်စည်းသည်ဖြစ်၍၊ ဝိဟရန္တံ–နေသော၊ နံ–ထိုပုဂ္ဂိုလ်ကို၊ အဘိဇ္ဈာဒေါမနဿာ–အဘိဇ္ဈာ ဒေါမနဿဟူကုန်သော၊ ပါပကာ–ယုတ်မာကုန်သော၊ ဝါ–မိမိကိန်းရာ,သတ္တဝါကို, အပါယ်လေးရွာသို့ ကျရောက်စေတတ်ကုန်သော၊ အကုသလာ–အကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာ–တရားတို့သည်၊ အန္ဝာဿဝေယျုံ–အစဉ်တစိုက်, လိုက်ကုန်ရာ၏၊ ဝါ–လွှမ်းမိုးကုန်ရာ၏၊ တဿ–ထိုစက္ခုန္ဒြေကို၊ သံဝရာယ–စောင့်စည်းခြင်းငှာ၊ န ပဋိပဇ္ဇတိ–မကျင့်၊စက္ခုန္ဒြိယံ–ကို၊ န ရက္ခတိ–မစောင့်ရှောက်၊ စက္ခုန္ဒြိယေ–၌၊ သံဝရံ–စောင့်စည်းခြင်းသို့၊ န အာပဇ္ဇတိ–မရောက်။

(ခ) သောတေန–သောတပသာဒဖြင့်၊ ဝါ–အကြောင်းသောတ, တင်စားရသည့်, သောတဝိညာဉ်ဖြင့်၊ပေ၊ (ဂ) ဃာနေန–ဃာနပသာဒဖြင့်၊ ဝါ–အကြောင်းဃာန, တင်စားရသည့်, ဃာနဝိညာဉ်ဖြင့်၊ပေ၊ ဂန္ဓံ–ဂန္ဓာရုံကို၊ ဃာယိတွာ–နမ်းရှူ၍၊ ဝါ–နမ်းရှူရခြင်းကြောင့်၊ပေ၊ (ဃ) ဇိဝှာယ–ဇိဝှာပသာဒဖြင့်၊ ဝါ–အကြောင်းဇိဝှာ, တင်စားရာသည့်, ဇိဝှာဝိညာဉ်ဖြင့်၊ ရသံ–အရသာကို၊ သာယိတွာ–သာယာ၍၊ (င) ကာယေန–ကာယပသာဒဖြင့်၊ ဝါ–အကြောင်းကာယ, တင်စားရသည့်, ကာယဝိညာဉ်ဖြင့်၊ ဖောဋ္ဌဗ္ဗံ–ဖောဋ္ဌဗ္ဗာရုံကို၊ ဖုသိတွာ–တွေ့ထိ၍၊ ဝါ–တွေ့ထိရသည်ရှိသော်၊ ဝါ–တွေ့ထိရခြင်းကြောင့်၊ပေ၊ (စ) မနသာ–မနောဒွါရဖြင့်၊ ဝါ–အကြောင်းမနော, တင်စားပြောသည့်, မနောဝိညာဉ်ဖြင့်၊ ဓမ္မံ–ဓမ္မာရုံကို၊ ဝိညာယ–သိ၍၊ ဝါ–သိသည်ရှိသော်၊ ဝါ–သိခြင်းကြောင့်၊ပေ၊ သံဝရံ န အာပဇ္ဇတိ၊ ဆန္နံ–၆ပါးကုန်သော၊ ဣမေ သံဣန္ဒြိယာနံ–၌ ဣန္ဒြေတို့ကို၊ ယာ အဂုတ္တိ–အကြင် မစောင့်ရှောက်ခြင်းသည်၊ ယာ အဂေါပနာ–အကြင် မလုံခြုံစေခြင်းသည်၊ ယော အနာရက္ခော–အကြင် မစောင့်ရှောက်ခြင်းသည်၊ ယော အသံဝရော–အကြင် မစောင့်စည်းခြင်းသည်၊ (အတ္ထိ)၊ အယံ–ဤ ဣန္ဒြေ ၆ ပါးတို့ကို မစောင့်စည်းခြင်းကို၊ ဣန္ဒြိယေသု အဂုတ္တဒွါရတာ–ဟူ၍၊ ဝုစ္စတိ။

**၁၃၅၃**။ တတ္ထ ကတမာ, ဘောဇနေ–ဘောဇဉ်၌၊ အမတ္တညုတာ–အတိုင်းအရှည် မသိသူ၏အဖြစ်သည်၊ (ဟောတိ–နည်း၊) ဣဓ–ဤ သတ္တလောက၌၊ ဧကစ္စော–အချို့သောပုဂ္ဂိုလ်သည်၊ အပ္ပဋိသင်္ခါ–ဆင်ခြင်တတ်သောပညာဖြင့် မစူးစမ်း မဆင်ခြင်မူ၍၊ အယောနိသော–မသင့်သောအကြောင်းအားဖြင့်၊ အာဟာရံ–အာဟာရကို၊ ဝါ–စားမျိုထိုက်သော စားဖွယ်သောက်ဖွယ်ကို၊ အာဟာရေတိ–အာဟာရကို ပြု၏၊ ဝါ–စားသောက်၏၊ ဒဝါယ–ရွှင်လန်းခြင်းအကျိုးငှာ၊ (အာဟာရေတိ–၏၊ ဝါ–၏၊) မဒါယ–မာနမဒ, ပုရိသမဒအကျိုးငှာ၊ (အာဟာရေတိ)၊ မဏ္ဍနာယ–ပြေပြစ်ပြည့်ဝင်း, အဆင်းလှခြင်းအကျိုးငှာ၊

(အာဟာရေတိ)၊ ဝိဘူသနာယ–အသား ပြည့်ဖြိုး, ပွားတိုးခြင်း အကျိုးငှာ၊ (အာဟာရေတိ–အာဟာရကို ပြု၍၊ ဝါ–စားသောက်၍၊) တတ္ထ–ထိုသို့ စားသောက်ရာ၌၊ ဝါ–ထိုသို့ စားသောက်သောပုဂ္ဂိုလ်၌၊ ယာ အသန္တုဋ္ဌိတာ–အကြင် တင်းတိမ်ရောင့်ရဲခြင်း မရှိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ အမတ္တညုတာ–အကြင် အတိုင်းအရှည်မသိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ဘောဇနေ–ဘောဇဉ်၌၊ ယာ အပ္ပဋိသင်္ခါ–အကြင် ပညာဖြင့် မဆင်ခြင်ခြင်းသည်၊ (အတ္ထိ)၊ အယံ–ဤအသန္တုဋ္ဌိတာစသည်ကို၊ ဘောဇနေ အမတ္တညုတာ–ဘောဇနေ အမတ္တညုတာဟူ၍၊ ဝုစ္စတိ၊ [ဣန္ဒြိယေသု ဂုတ္တဒွါရတာနိဒ္ဒေသကို ဆိုအပ်ပြီးသောနည်းမှ ပြောင်းပြန်အားဖြင့် သိပါ။]

**၁၃၅၅**။ [နေဝ ဒဝါယ စသည်ကို ဆိုအပ်ပြီးသောနည်းမှ ပြောင်းပြန်အားဖြင့် သိပါ၊] ဝိဘူသနာယ–ငှာ၊ နေဝ အာဟာရေတိ–အာဟာရကို ပြုသည် မဟုတ်၊ ဝါ–စားသောက်သည်မဟုတ်၊ ဣမဿ ကာယဿ–ဤ ကရဇကာယ၏၊ ဝါ–ခန္ဓာကိုယ်၏၊ ယာဝ ဋ္ဌိတိယာဝေ–တည်တံ့ခြင်းတိုင်အောင်အကျိုးငှာသာ၊ ယာဝ ယာပနာယဝေ–ဇီဝိတိန္ဒြေကို ရှည်သောအစွန့်သို့ ရောက်စေခြင်းတိုင်အောင်သော အကျိုးငှာသာ၊ ယာဝ ဝိဟိံသူပရတိယာဝေ–ပင်ပန်းခြင်း၏ ကင်းခြင်းတိုင်အောင်သော အကျိုးငှာသာ၊ ယာဝ ဗြဟ္မစရိယာနုဂ္ဂဟာယဝေ–သိက္ခာသုံးဝ, သာသနဗြဟ္မစရိယကို ချီးမြှောက်ခြင်းတိုင်အောင်သောအကျိုးငှာသာ၊ (အာဟာရံ အာဟာရေတိ)၊ ဣတိ–ဤ ပြဆိုအပ်ခဲ့သော အကျိုးတည်းဟူသောအကြောင်းကြောင့်၊ (အာဟာရံ အာဟာရေတိ)၊ ပုရာဏံ–အဟောင်းဖြစ်သော၊ ဝေဒနဉ္စ–မစားရခြင်းအကြောင်းရင်းရှိသော ဝေဒနာကိုလည်း၊ ပဋိဟင်္ခါမိ–ပယ်ဖျောက်အံ့၊ နဝံ–အသစ်ဖြစ်သော၊ ဝေဒနဉ္စ–အလွန်စားခြင်းကြောင့်ဖြစ်သော ဝေဒနာကိုလည်း၊ န ဥပ္ပာဒေဿာမိ–မဖြစ်စေအံ့၊[အဋ္ဌကထာ၌ နောက်တစ်နည်း၌လည်း ဖွင့်သေး၏၊] မေ–ငါ၏၊ ယတြာစ–ဣရိယာပုထ် လေးပါး, ပြတ်မသွားဘဲ, ရှည်လျားသောကာလသို့ ရောက်စေခြင်းသည်လည်း ကောင်း၊ ဝါ–မျှတခြင်းသည်လည်းကောင်း၊ အနဝဇ္ဇတာစ–အပြစ်မရှိသူ၏ အဖြစ်သည်လည်းကောင်း၊ ဖာသု ဝိဟာရောစ–ချမ်းသာစွာ နေရကြောင်းသည် လည်းကောင်း၊ ဘဝိဿတိ–ဖြစ်လတ္တံ့၊ (ဣတိ–ဤသို့နှလုံးသွင်း၍၊ အာဟာရံ အာဟာရေတိ၊) တတ္ထ–ထိုသို့စားသောက်ရာ၌၊ ဝါ–ထိုပုဂ္ဂိုလ်၌၊ ယာ သန္တုဋ္ဌိတာ–အကြင် ရောင့်ရဲတင်းတိမ်ခြင်းရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ယာ မတ္တညုတာ–အကြင် အတိုင်းအရှည်ကို သိသူ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ဘောဇနေ–၌၊ ယာ ပဋိသင်္ခါ–အကြင် ပညာဖြင့် ဆင်ခြင်ခြင်းသည်၊(အတ္ထိ)၊ အယံ–ဤ သန္တုဋ္ဌိတာစသည်ကို၊ ဘောဇနေမတ္တညုတာ–ဟူ၍၊ ဝုစ္စတိ[မုဋ္ဌဿစ္စကို သတိနိဒ္ဒေသ၏ပြောင်းပြန်အားဖြင့် သိပါ၊ အသမ္ပဇဉ်စသည်လွယ်ပြီ။]

**၁၃၆၁။** တတ္ထ ကတမံ ဘာဝနာဗလံ၊ ကုသလာနံ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–ဗောဓိပက္ခိယတရားတို့ကို၊ ယာ သေဝနာ–အကြင် အစဉ်မှီဝဲခြင်းသည်၊ ယာ ဘာဝနာ–အကြင် တိုးပွားစေခြင်းသည်၊ ယံ ဗဟုလီကမ္မံ–အကြင် မများသော်လည်း များသကဲ့သို့ ပြုခြင်းသည်၊ ဝါ–အကြင် ကြိမ်ဖန်များစွာ အလေ့အလာ ပြုခြင်းသည်၊ (အတ္ထိ)၊ပေ။

**၁၃၇၃။** တတ္ထ ကတမာ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကမ္မဿကတာဉာဏံ–ကမ္မဿကတာဉာဏ်သည်လည်းကောင်း၊ ဝါ–ကုသိုလ်ကံ၏ မိမိဉစ္စာ၏အဖြစ်, အကုသိုလ်ကံ၏ မိမိဉစ္စာ မဟုတ်သည်၏အဖြစ်ကို သိတတ်သောဉာဏ်သည်လည်းကောင်း၊ သစ္စာနုလောမိကံ–လေးပါးသော သစ္စာတို့အား လျော်သောဝိပဿနာဉာဏ်သည်လည်းကောင်း၊ မဂ္ဂသမင်္ဂိဿ–မဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏၊ ဉာဏံ–မဂ်ဉာဏ်သည်လည်းကောင်း၊ ဖလသမင်္ဂိဿ–ဖိုလ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏၊ ဉာဏံ–ဖိုလ်ဉာဏ်သည်လည်းကောင်း၊ (ဒိဋ္ဌိဝိသုဒ္ဓိ–မည်၏၊ ဝါ–စင်ကြယ်သော အသိဉာဏ်မည်၏။)

**၁၃၇၄။** ဒိဋ္ဌိဝိသုဒ္ဓိ ခေါ ပနာတိ–ဒိဋ္ဌိဝိသုဒ္ဓိ ခေါပနဟူသည်ကား၊ ယာ ပညာ–အကြင် အပြားအားဖြင့် သိတတ်သောဉာဏ်သည်၊ပေ၊ယာ သမ္မာဒိဋ္ဌိ–သည်၊ (အတ္ထိ)၊ အယံ–ဤဉာဏ်ပညာသည်၊ ဒိဋ္ဌိဝိသုဒ္ဓိ ခေါပန–ဒိဋ္ဌိဝိသုဒ္ဓိ ခေါပန မည်၏။

**၁၃၇၅။** ယထာဒိဋ္ဌိဿစ ပဓာနံတိ–ယထာဒိဋ္ဌိဿစ ပဓာန်ဟူသည်ကား၊ စေတသိကော–စိတ်၌ဖြစ်သော၊ ယော ဝီရိယာရမ္ဘော–အကြင် ဝီရိယကို အားထုတ်ခြင်းသည်၊ပေ၊ယော သမ္မာဝါယာမော–အကြင် သမ္မာဝါယာမသည်၊ (အတ္ထိ)၊ အယံ–ဤဝီရိယသည်၊ ယထာဒိဋ္ဌိဿ–အကြင် အကြင် မှန်ကန်သော ဉာဏ်ရှိသူ၏၊ ပဓာနံစ–အားထုတ်ကြောင်း လုံ့လလည်း မည်၏။

**၁၃၇၆။** သံဝေဂေါတိ–သံဝေဂေါဟူသည်ကား၊ ဇာတိဘယ–ဇာတိကို ဘေးဟု ရှုတတ်သောဉာဏ်သည်လည်းကောင်း၊ ဇရာဘယံ–သည်လည်းကောင်း၊ ဗျာဓိဘယံ–သည်လည်းကောင်း၊ မရဏဘယံ–သည်လည်းကောင်း၊ (သံဝေဂေါ–သံဝေဂမည်၏၊) သံဝေဇနီယံ ဌာနံတိ–သံဝေဇနီယံ ဌာန်ဟူသည်ကား၊ ဇာတိ–သည်လည်းကောင်း၊ပေ၊မရဏံ–မရဏသည်လည်းကောင်း၊ (သံဝေဇနီယံ–ထိတ်လန့်ခြင်း၏အကြောင်းဖြစ်သော၊ ဌာနံ–ဌာနတည်း။)

**၁၃၇၇။** သံဝိဂ္ဂဿစ ယောနိသော ပဓာနံတိ–ဟူသည်ကား၊ ဣဓ–ဤ သာသနာတော်၌၊ ဘိက္ခု–ရဟန်းသည်၊ အနုပ္ပန္နာနံ–ဤဘဝ၌ လုံးဝမဖြစ်ဖူးကုန်သေးသော၊ ဝါ–အာရုံသစ်ကြောင့် မဖြစ်ဖူးကုန်သေးသော၊ ပါပကာနံ–န်သော၊ အကုသလာနံ–န်သော၊ ဓမ္မာနံ–တို့၏၊ အနုပ္ပာဒါယ–မဖြစ်ခြင်းငှာ၊

ဆန္ဒံ–ဆန္ဒကို၊ ဇနေတိ–ဖြစ်စေ၏၊ ဝါယမတိ–လုံ့လပြု၏၊ ဝီရိယံ–ဝီရိယကို၊ အာရဘတိ–အားထုတ်၏၊ စိတ္တံ–ကို၊ ပဂ္ဂဏှာတိ–ချီးမြှောက်၏၊ ပဒဟတိ–အားထုတ်၏၊ ဥပ္ပန္နာနံ–ဖြစ်ပြီးကုန်သော၊ ဝါ–ဖြစ်ပြီးအကုသိုလ်နှင့်တူကုန်သော၊ ပါပကာနံ အကုသလာနံ, ဓမ္မာနံ–တို့ကို၊ ပဟာနာယ၊ပေ၊ပဒဟတိ၊ အနုပ္ပန္နာနံ–ဤဘဝ၌ မဖြစ်ဖူးကုန်သေးသော၊ ကုသလာနံ–လောကီကုသိုလ်ဖြစ်ကုန်သော၊ (တစ်နည်း) အနုပ္ပန္နာနံ–သံသရာ၌ တစ်ရံတစ်ခါမျှ မဖြစ်ဖူးကုန်သေးသော၊ ကုသလာနံ–လောကုတ္တရာကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ ဥပ္ပာဒါယ၊ပေ၊ ပဒဟတိ၊ ဥပ္ပန္နာနံ–ဤဘဝ ထိုဘဝ၌ ဖြစ်ကုန်ပြီးသော၊ ကုသလာနံ–လောကီကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–တို့၏၊ ဌိတိယာ–တည်တံ့ခြင်းငှာလည်းကောင်း၊ အသမ္မောသာယ–မပျောက်ပျက်ခြင်းငှာလည်းကောင်း၊ ဘိယျောဘာဝါယ–လွန်စွာတိုးပွားခြင်းငှာလည်းကောင်း၊ ဝေပုလ္လာယ–ပြန့်ပြောကုန်သည်၏အဖြစ်ဟူသော အကျိုးငှာလည်းကောင်း၊ ဘာဝနာယ–ဘာဝနာ၏၊ ပါရိပူရိယာ–ပြည့်စုံသည်၏အဖြစ်ဟူသော အကျိုးငှာလည်းကောင်း၊ ဆန္ဒံ၊ပေ၊ ပဒဟတိ။

**၁၃၇၈။** အသန္တုဋ္ဌိတာ စ ကုသလေသု ဓမ္မေသူတိ–သုဟူသည်ကား၊ ကုသလာနံ–န်သော၊ ဓမ္မာနံ–တို့ကို၊ ဘာဝနာယ–တိုးပွားစေခြင်း၌၊ အသန္တုဋ္ဌဿ–မတင်းတိမ် မရောင့်ရဲသောပုဂ္ဂိုလ်၏၊ ယာ ဘိယျောကမျတာ–အကြင် များပြားခြင်းကို အလိုရှိသူ၏အဖြစ်သည်၊ (အတ္ထိ)၊ အယံ–ဤကုသိုလ်တရားတို့၏ များပြားခြင်းကို အလိုရှိသူ၏အဖြစ်သည်၊ (ကုသလေသု ဓမ္မေသု–တို့၌၊ အသန္တုဋ္ဌိတာ–တင်းတိမ်ရောင့်ရဲခြင်း မရှိသူ၏အဖြစ်မည်၏။)

**၁၃၇၉။** အပ္ပဋိဝါနိတာစ ပဓာနသ္မိံတိ–ဟူသည်ကား၊ ကုသလာနံ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–ဗောဓိပက္ခိယတရားတို့ကို၊ ဘာဝနာယ–မိမိသန္တာန်၌ဖြစ်စေခြင်းငှာ၊ ယာ သက္ကစ္စကိရိယတာ–အကြင် ရိုရိုသေသေပြုခြင်းရှိသူ၏အဖြစ်သည်၊ ယာ သာတစ္စကိရိယတာ–အကြင် အမြဲမပြတ်, ပြုခြင်းရှိသူ၏အဖြစ်သည်၊ ယာ အဋ္ဌိတကိရိယတာ–အကြင် မရပ်မနား ပြုခြင်းရှိသူ၏အဖြစ်သည်၊ ယာ အနောလီနဝုတ္တိတာ–အကြင် မတွန့်မဆုတ်ဖြစ်ခြင်းရှိသူ၏အဖြစ်သည်၊ ယာ အနိက္ခိတ္တဆန္ဒတာ–အကြင် မချအပ်သောဆန္ဒရှိသူ၏အဖြစ်သည်၊ ယာ အနိက္ခိတ္တဓုရတာ–အကြင် မချအပ်သောတာဝန်ရှိသူ၏ အဖြစ်သည်၊ ယာ အာသေဝနာ–အကြင် အစဉ်မှီဝဲခြင်းသည်၊ ယာ ဘာဝနာ–အကြင် တိုးပွားစေခြင်းသည်၊ ယံ ဗဟုလီကမ္မံ–အကြင် မများသော်လည်း များသကဲ့သို့ ပြုခြင်းသည်၊ ဝါ–ကြိမ်ဖန်များစွာ အလေ့အလာပြုခြင်းသည်၊ (အတ္ထိ)၊ အယံ–ဤသဘောတရားသည်၊ ပဓာနသ္မိံ–အားထုတ်ခြင်း၌၊ အပ္ပဋိဝါနိတာ–ဆုတ်နစ်စေခြင်း မရှိသူ၏အဖြစ်မည်၏။

**၁၃၈၀။** ဝိဇ္ဇာတိ–ဝိဇ္ဇာဟူသည်ကား၊ ဝိဇ္ဇာ–တို့သည်၊ ဝါ–သိတတ်သော ဉာဏ်တို့သည်၊ တိဿော–သုံးပါးတို့တည်း၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ–ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဟူသော၊ ဝါ–ရှေး၌ နေအပ်ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော သတိနှင့်ယှဉ်သော ဉာဏ်ဟူသော၊ ဝိဇ္ဇာ–ဝိဇ္ဇာလည်း ကောင်း၊ သတ္တာနံ–သတ္တဝါတို့၏၊ စုတူပပါတေ–စုတုပဋိသန္ဓေ၌၊ ဉာဏံ–သိတတ်သော၊ ဝိဇ္ဇာ–လည်းကောင်း၊ အာသဝါနံ–ကိလေသာအာသဝေါတို့၏၊ ခယေ–ကုန်ရာမဂ်ခဏ၌၊ ဝါ–ကုန်ကြောင်းတရားအပေါင်း၌၊ ဉာဏံ–ဉာဏ်ဟူသော၊ ဝိဇ္ဇာ–ဝိဇ္ဇာလည်းကောင်းတည်း။ [ဒိဗ္ဗစက္ခုဉာဏ်ကို ရပြီးမှ စုတူပပါတဉာဏ်ကို ရနိုင်၏၊ ထို့ကြောင့် တချို့ပါဠိတော်၌ ဒိဗ္ဗစက္ခုကို ဝိဇ္ဇာဟု ဟောတော်မူသည်။]

**၁၃၈၁။** ဝိမုတ္တီတိ–ဝိမုတ္တိဟူသည်ကား၊ ဝိမုတ္တိယော–တို့သည်၊ ဒွေ–နှစ်ပါးတို့တည်း၊ စိတ္တဿ–၏၊ အဓိမုတ္တိ–အာရုံ၌ ကျွတ်ကျွတ်လွတ်လွတ် သက်ဝင်တတ်သော သမာပတ်တရားသည်လည်းကောင်း၊ ဝါ–ဆန့်ကျင်ဘက်တို့မှ ကောင်းစွာလွတ်မြောက်တတ်သော သမာပတ်တရားသည်လည်းကောင်း၊ နိဗ္ဗာနဉ္စ–အလုံးစုံသော ကိလေသာတို့မှ လွတ်မြောက်တတ်သော နိဗ္ဗာန်သည် လည်းကောင်းတည်း။

**၁၃၈၂။** ခယေဉာဏန္တိ–ခယေ ဉာဏံဟူသည်ကား၊ မဂ္ဂသမင်္ဂိဿ–မဂ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏၊ ဉာဏံ–မဂ်ဉာဏ်သည်၊ (ခယေ–ကိလေသာတို့၏ ကုန်ကြောင်းဖြစ်သောမဂ်၌၊ ဉာဏံ–ဉာဏ်မည်၏။)

**၁၃၈၃။** အနုပ္ပာဒေ ဉာဏန္တိ–ကား၊ ဖလသမင်္ဂိဿ–ဖိုလ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏၊ ဉာဏံ–ဖိုလ်ဉာဏ်သည်၊(အနုပ္ပာဒေ–ကိလေသာတို့၏မဖြစ်ကြောင်း မဂ်၏အဆုံး၌၊ ဉာဏံ–ဉာဏ်မည်၏။)

**နိက္ခေပကဏ္ဍော–နိက္ခေပကဏ္ဍသည်၊ နိဋ္ဌိတော–ပြီးပြီ။**

## အဋ္ဌကထာကဏ္ဍ
## တိကအတ္ထုဒ္ဓါရ

**၁၃၈၄။** စတူသု–၄ ပါးကုန်သော၊ဘူမိသု–ဘုံတို့၌၊ ကုသလံ–ဖဿစသော ကုသိုလ်သည်၊(အတ္ထိ)၊ ဣမေ ဓမ္မာ–ဤ ၄ ပါးသောဘုံတို့၌ ဟောတော်မူအပ်သော ဖဿစသောတရားတို့သည်၊ ကုသလာ–ကုသိုလ်တို့တည်း။

**၁၃၈၅။** ဒွါဒသ–၁၂ ပါးကုန်သော၊ အကုသလစိတ္တုပ္ပါဒါ–အကုသိုလ် စိတ္တုပ္ပါဒ်တို့သည်၊ ဝါ–အကုသိုလ်ဟူသော ဖြစ်သောစိတ်, ဖြစ်သောစိတ်နှင့်

တကွ သမ္ပယုတ္တဓမ္မတို့သည်၊ (အတ္ထိ–ရှိကုန်၏၊) ဣမေ ဓမ္မာ အကုသလာ။

**၁၃၈၆**။ စတုသု–န်သော၊ ဘူမိသု–တို့၌၊ ဝိပါကော–ဝိပါက်သည်လည်းကောင်း၊ တီသု,ဘူမိသု–တို့၌၊ ကြိယာဗျာကတံ–ကြိယာဗျာကတသည်လည်းကောင်း၊ ရူပဉ္စ–သည်လည်းကောင်း၊ နိဗ္ဗာနဉ္စ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ–ဤ ဝိပါက်, ကိရိယာ, ရုပ်, နိဗ္ဗာန်တို့သည်၊ အဗျာကတာ–အဗျာကတာတို့တည်း။

**၁၃၈၇**။ ကာမာဝစရကုသလတော–ကာမာဝစရကုသိုလ်မှ၊ ဝါ–ကာမာဝစရကုသိုလ်ဖြစ်ကုန်သော၊ စတ္တာရော–၄ ပါးကုန်သော၊ သောမနဿသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊ အကုသလတော–အကုသိုလ်မှ၊ ဝါ–န်သော၊ စတ္တာရော–န်သော၊(သောမနဿသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊) ကာမာဝစရကုသလဿ–၏၊ ဝိပါကတောစ–ဝိပါက်မှလည်းကောင်း၊ ဝါ–ဝိပါက်လည်းဖြစ်ကုန်သော၊ ကိရိယတောစ–ကိရိယာမှလည်းကောင်း၊ ဝါ–ကိရိယာလည်းဖြစ်ကုန်သော၊ ပဉ္စ–ငါးပါးစီကုန်သော၊(သောမနဿသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊) [သုခသဟဂုတ်ကာယဝိညာဉ်နှင့် မဟာဝိပါက် သောမနဿ ၄ ပါး ဟသိတုပ္ပာဒ်နှင့် မဟာကြိယာ သောမနဿ ၄ ပါး အားဖြင့် ၅ ပါးစီ ဖြစ်သည်၊] ကုသလတောစ၊ပေ၊ ကိရိယတောစ–မှလည်းကောင်း၊ ဝါ–န်သော၊ ရူပါဝစရတိကစတုက္ကဇ္ဈာနာ–ရူပါဝစရတိကဈာန် စတုက္ကဈာန်တို့သည်လည်းကောင်း၊ ကုသလတောစ–မှလည်းကောင်း၊ ဝါ–န်သော၊ ဝိပါကတောစ–မှလည်းကောင်း၊ ဝါ–န်သော၊ လောကုတ္တရတိကစတုက္ကဇ္ဈာနာ–တို့သည်လည်းကောင်း၊(အတ္ထိ–ရှိကုန်၏၊) ဧတ္ထ–ဤစိတ္တုပ္ပာဒ်တို့၌၊ ဥပ္ပန္နံ–ဖြစ်သော၊ သုခံ–သုခဖြစ်သော၊ ဝေဒနံ–ဝေဒနာကို၊ ထပေတွာ–ထား၍၊ ဣမေ ဓမ္မာ–တို့သည်၊ သုခါယ ဝေဒနာယ ,သမ္ပယုတ္တာ–တို့တည်း။

**၁၃၈၈**။ ဒွေ–၂ ပါးကုန်သော၊ ဒေါမနဿသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊ ဒုက္ခသဟဂတံ–သော၊ ကာယဝိညာဏံ–သည်လည်းကောင်း၊ (အတ္ထိ–န်၏၊) ဧတ္ထ–ဤဒေါမနဿသဟဂုတ်စိတ္တုပ္ပာဒ်, ဒုက္ခသဟဂုတ် ကာယဝိညာဉ်တို့၌၊ ဥပ္ပန္နံ၊ပေ၊ ဣမေ ဓမ္မာ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ။

**၁၃၈၉**။ ကာမာဝစရကုသလတော စတ္တာရော ဥပေက္ခာသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊ အကုသလတော ဆ (ဥပေက္ခာသဟဂတစိတ္တုပ္ပာဒါ–လည်းကောင်း၊) ကာမာဝစရကုသလဿ ဝိပါကတော ဒသ (ဥပေက္ခာသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း)၊ပေ၊ကိရိယတော ဆ (ဥပေက္ခာသဟဂတစိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊) ကုသလတောစ ဝိပါကာတောစ, ကိရိယတောစ–မှလည်းကောင်း၊ ဝါ–ကိရိယာလည်းဖြစ်သော၊

ရူပါဝစရံ–ရူပါဝစရလည်းဖြစ်သော၊ စတုတ္ထံ ဈာနံ–စတုတ္ထဈာန်သည်လည်းကောင်း၊ ကုသလတော စ ဝိပါကတော စ ကိရိယတော စ စတ္တာရော, အရူပါဝစရော–တို့သည်လည်းကောင်း၊ ကုသလတော စ ဝိပါကတော စ လောကုတ္တရံ–သော၊ စတုတ္ထံ–သော၊ ဈာနံ–ဈာန်သည်လည်းကောင်း၊ (အတ္ထိ–န်၏၊) ဧတ္ထ–ဤစိတ္တုပ္ပာဒ်တို့၌၊ ဥပ္ပန္နံ ၊ပေ၊ ဣမေ ဓမ္မာ သဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာ၊ တိသော–န်သော၊ ဝေဒနာ စ–တို့သည်လည်းကောင်း၊ ရူပဥ္စ–ရုပ်သည်လည်းကောင်း၊ နိဗ္ဗာနဥ္စ–သည်လည်းကောင်း၊ (အတ္ထိ–န်၏၊) ဣမေ ဓမ္မာ–ဤတရားတို့ကို၊ သုခါယ ဝေဒနာယ သမ္ပယုတ္တာတိပိ–တို့ဟူ၍လည်းကောင်း၊ပေ၊ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တာတိပိ–တို့ဟူ၍လည်းကောင်း၊ န ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်၊ [ဝေဒနာတိက်၏ တိက်မုတ်ဖြစ်ကြသည်–ဟူလို။]

**၁၄၀၀။** ရူပါဝစရပဉ္စကနယေ–ရူပါဝစရပဉ္စကနည်း၌၊ ကုသလတောစ–မှလည်းကောင်း၊ ဝါ–ကုသိုလ်လည်းဖြစ်သော၊ ကိရိယတောစ–မှလည်းကောင်း၊ ဝါ–ကိရိယာလည်းဖြစ်သော၊ ဒုတိယံ ဈာနံ–ဒုတိယဈာန်သည်လည်းကောင်း၊ လောကုတ္တရပဉ္စကနယေ–၌၊ ကုသလတောစ ဝိပါကောစ, ဒုတိယံ ဈာနံ–သည်လည်းကောင်း၊ ဧတ္ထ–ဤ ဒုတိယဈာန်တို့၌၊ ဥပ္ပန္နံ–သော၊ ဝိစာရံ–ကို၊ ထပေတွာ–၍၊ ဝိတက္ကော စ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အဝိတက္ကဝိစာရမတ္တာ။

**၁၄၀၁။** ဒွေပဉ္စဝိညာဏာနိ–ဒွေပဉ္စဝိညာဉ်တစ်ဆယ်တို့သည်လည်းကောင်း၊ ကုသလတောစ ဝိပါကောစ ကိရိယတောစ ရူပါဝစရတိကတိကဈာနာ–ရူပါဝစရတိက, တိကဈာန်တို့သည်လည်းကောင်း၊ [စတုက္ကနည်းလည်း တိက ပဉ္စက နည်းလည်း တိကအထက်ဈာန်များဖြစ်၍ "တိကတိက"ဟု ဆိုသည်၊ လောကုတ္တရာတိကတိကဈာန်၌လည်း နည်းတူ၊] ပေ၊ ပဉ္စကနယေ–၌၊ ဒုတိယဈာနေ–၌၊ ဥပ္ပန္နော–သော၊ ဝိစာရောစ–သည်လည်းကောင်း၊ ရူပဉ္စ–သည်လည်းကောင်း၊ နိဗ္ဗာနဉ္စ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အဝိတက္ကအဝိစာရာ၊ ဝိတက္ကသဟဇာတော-ဝိတက်နှင့်တကွဖြစ်သော၊ ဝိစာရော-ကို၊ သဝိတက္ကသဝိစာရောတိပိ–ဟူ၍လည်းကောင်း၊ပေ၊န ဝတ္တဗ္ဗော–မဆိုထိုက်။

**၁၄၂၂။** ကတမေ ဓမ္မာ အပ္ပမာဏာရမဏာ ဓမ္မာ၊ပေ၊ ဣမေ ဓမ္မာ အပ္ပမာဏာရမဏာ ဓမ္မာ၊ ကာမာဝစရကုသလတော၊ပေ၊ သဗ္ဗံ အကုသလံ–သည်၊ (အတ္ထိ)၊ ဣမေ ဓမ္မာ–တို့သည်၊ သိယာ–ရံခါ၊ ပရိတ္တာရမဏာ–ပရိတ္တတရားဟူသော အာရုံရှိကုန်၏၊ သိယာ–ရံခါ၊ မဟဂ္ဂတာရမဏာ–မဟဂ္ဂုတ်

တရားဟူသော အာရုံရှိကုန်၏၊ န အပ္ပမာဏာရမဏာ–အပ္ပမာဏတရားဟူ
သော အာရုံ မရှိကုန်၊ သိယာ–ရံခါ၊ ပရိတ္တာရမဏာတိပိ–ပရိတ္တာရမဏာတို့
ဟူ၍လည်းကောင်း၊ မဟဂ္ဂတာရမဏာတိပိ–တို့ဟူ၍လည်းကောင်း၊ န
ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်၊ [နောက်ပုဒ်များ၌လည်း ဤနည်းမှီ၍ ပေးပါ၊]
၊ပေ၊ စတုတ္ထဿ ဈာနဿ–၏၊ ဝိပါကော–ဝိပါက်သည်လည်းကောင်း၊
အာကာသာနဉ္စာယတနံ–အာကာသာနဉ္စာယတနဈာန်သည်လည်းကောင်း၊
အာကိဉ္စညာယတနံ–သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ–တို့ကို၊
ပရိတ္တာရမဏာတိပိ–တို့ဟူ၍လည်းကောင်း၊ ပေ၊ န ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်၊
ရူပဉ္စ–သည်လည်းကောင်း၊ နိဗ္ဗာနဉ္စ–သည်လည်းကောင်း၊ အနာရမဏာ–
အာရုံမရှိသောတရားတို့တည်း။

**၁၄၂၉။** ကတမေ ဓမ္မာ မဂ္ဂါရမဏာ၊ပေ၊ ဣမေ ဓမ္မာ–တို့သည်၊ သိယာ–
ရံခါ၊ မဂ္ဂါရမဏာ–မဂ်ဟူသောအာရုံ ရှိကုန်၏၊ န မဂ္ဂဟေတုကာ–မဂ္ဂဟေတုက
မဟုတ်ကုန်၊ သိယာ–ရံခါ၊ မဂ္ဂါဓိပတိနော–မဂ်ဟုဆိုအပ်သောအာရမဏာဓိပတိ
ပစ္စည်း ရှိကုန်၏၊ သိယာ–ရံခါ၊ မဂ္ဂါရမဏာတိပိ–တို့ဟူ၍လည်းကောင်း၊ မဂ္ဂါ
ဓိပတိနောတိပိ–တို့ဟူ၍လည်းကောင်း၊ န ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်၊ စတ္တာရော၊
အရိယာမဂ္ဂါ–တို့သည်၊ န မဂ္ဂါရမဏာ–မဂ်ဟူသောအာရုံ မရှိကုန်၊ မဂ္ဂ
ဟေတုကာ–မဂ်ဟုဆိုအပ်သောဟိတ် ရှိကုန်၏၊ ဝါ–မဂ်၌တည်သောဟိတ်
ရှိကုန်၏၊ သိယာ–ရံခါ၊ မဂ္ဂါဓိပတိနော–မဂ်ဟုဆိုအပ်သောသဟဇာတာဓိပတိ
ရှိကုန်၏၊ သိယာ–ရံခါ၊ မဂ္ဂါဓိပတိနောတိ–ဟူ၍၊ န ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်၊
ကုသလတော စ,ကိရိယတော စ, ရူပါဝစရံ, စတုတ္ထံ ဈာနံ–သည်လည်းကောင်း၊
ဥပေက္ခာသဟဂတာ–ဥပေက္ခာသဟဂုတ်ဖြစ်သော၊ ကိရိယာဟေတုကမနော
ဝိညာဏဓာတု–ကိရိယာအဟိတ်မနောဝိညာဏဓာတ်သည်လည်းကောင်း၊
(အတ္ထိ)၊ဣမေ ဓမ္မာ,သိယာ–ရံခါ၊ မဂ္ဂါရမဏာ–မဂ်ဟူသောအာရုံ ရှိကုန်၏၊
န မဂ္ဂဟေတုကာ–မဂ္ဂဟေတုက မဟုတ်ကုန်၊ န မဂ္ဂါဓိပတိနော–မဂ္ဂါဓိပတိ
လည်းမဟုတ်ကုန်၊ သိယာ–ရံခါ၊ မဂ္ဂါရမဏာတိ–မဂ္ဂါရမဏာတို့ဟူ၍၊
န ဝတ္တဗ္ဗာ–န်၊ပေ၊ရူပဉ္စ, နိဗ္ဗာနဉ္စ,အနာရမဏာ–အာရုံမရှိသောတရားတို့တည်း။

**၁၄၃၀။** ကတမေ ဓမ္မာ ဥပ္ပန္နာ၊ စတူသု–န်သော၊ ဘူမိသု–ဘုံတို့၌၊ ဝိပါကော–
ဝိပါက်သည်လည်းကောင်း၊ ကမ္မဿ–၏၊ ဝါ–ကို၊ ကတတ္တာ–ကြောင့်၊(ပဝတ္တံ–
သော၊) ယဉ္စ ရူပံ–အကြင် ရုပ်သည်လည်းကောင်း၊(အတ္ထိ)၊ ဣမေ ဓမ္မာ–တို့ကို၊
ဝါ–တို့သည်၊ သိယာ–အချို့တို့သည်၊ ဥပ္ပန္နာ–ဥပ္ပန္နတို့တည်း၊ သိယာ–အချို့တို့
သည်၊ ဥပ္ပါဒိနော–ဥပ္ပါဒိတို့တည်း၊ အနုပ္ပန္နာတိ–တို့ဟူ၍၊ န ဝတ္တဗ္ဗာ–

မဆိုထိုက်ကုန်၊ စတုသု ဘူမိသု၊ပေ၊ ကိရိယာဗျာကတံ–ကိရိယာဗျာကတသည် လည်းကောင်း၊ ကမ္မဿ–၏၊ ဝါ–ကို၊ န ကတတ္တာ–မပြုအပ်သည်၏ အဖြစ် ကြောင့်၊ ယဉ္စ ရူပံ–သည်လည်းကောင်း၊(အတ္ထိ)၊ ဣမေ ဓမ္မာ၊ပေ၊ န ဝတ္တဗ္ဗာ၊ နိဗ္ဗာနံ–ကို၊ ဥပ္ပန္နံတိပိ–ဟူ၍လည်းကောင်း၊ အနုပ္ပန္နံတိပိ–ဟူ၍လည်းကောင်း၊ ဥပ္ပာဒီတိပိ–ဥပ္ပာဒီဟူ၍လည်းကောင်း၊န ဝတ္တဗ္ဗံ။ [စာအုပ်တို့၌“ဥပ္ပာဒိနောတိပိ” ဟု ဗဟုဝုစ်ရှိသည်ကို စဉ်းစားပါ။]

**၁၄၃၃။** နိယောဂါ–မြဲသောအားဖြင့်၊ အနာဂတာရမဏာ–အနာဂတ်အာရုံ ရှိသော တရားတို့သည်၊ နတ္ထိ–မရှိကုန်။

**၁၄၃၄။** ကတမေ ဓမ္မာ ပစ္စုပ္ပန္နာရမဏာ ဓမ္မာ၊ ဒွေပဉ္စဝိညာဏာနိ–တို့သည် လည်းကောင်း၊ တိဿော–န်သော၊ မနောဓာတုယော စ–တို့သည်လည်းကောင်း၊ ဣမေ ဓမ္မာ ပစ္စုပ္ပန္နာရမဏာ၊ ကာမာဝစရကုသလဿ–၏၊ ဝိပါကတော– ဝိပါက်ဖြစ်သော၊ ဒသ–ဆယ်ပါးကုန်သော၊ စိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊ အကုသလဿ–၏၊ ဝိပါကတော–သော၊ ဥပေက္ခာသဟဂတာ–ဥပေက္ခာ သဟဂုတ်ဖြစ်သော၊ မနောဝိညာဏဓာတု–သည်လည်းကောင်း၊သောမနဿ သဟဂတာ–သော၊ ကိရိယာဟေတုကမနောဝိညာဏဓာတု–သည်လည်း ကောင်း၊(အတ္ထိ)၊ ဣမေ ဓမ္မာ–တို့သည်၊ သိယာ–အချို့တို့သည်၊ပေ၊ ပစ္စုပ္ပန္နာ ရမဏာ–ပစ္စုပ္ပန်အာရုံ ရှိကုန်၏၊ ကာမာဝစရကုသလံ–သည်လည်းကောင်း၊ အကုသလံ–သည်လည်းကောင်း၊ ကိရိယတော–ကိရိယာဖြစ်ကုန်သော၊ နဝ– န်သော၊ စိတ္တုပ္ပာဒါ–တို့သည်လည်းကောင်း၊ ရူပါဝစရံ–ရူပါဝစရဖြစ်သော၊ ကုသလတော စ–ကုသိုလ်လည်းဖြစ်သော၊ ကိရိယတော စ–ကိရိယာလည်းဖြစ် သော၊ စတုတ္ထံ ဈာနံ–သည်လည်းကောင်း၊ ဣမေ ဓမ္မာ၊ပေ၊ပစ္စုပ္ပန္နာရမဏာ– န်၏၊ သိယာ–အချို့တို့ကား၊ အတီတာရမဏာတိပိ–တို့ဟူ၍လည်းကောင်း၊ပေ၊ န ဝတ္တဗ္ဗာ–မဆိုထိုက်ကုန်၊ ကုသလတော စ–ကုသိုလ်လည်းဖြစ်ကုန်သော၊ပေ၊ ကိရိယတော စ–ကိရိယာလည်းဖြစ်ကုန်သော၊ ရူပါဝစရတိကစတုက္ကဇ္ဈာနာ– တို့သည်လည်းကောင်း၊ စတုတ္ထဿ ဈာနဿ–၏၊ ဝိပါကော–သည်လည်း ကောင်း၊ အာကာသာနဉ္စာယတနံ–အာကာသာနဉ္စာယတနဈာန်သည်လည်း ကောင်း၊ အာကိဉ္စညာယတနံ–သည်လည်းကောင်း၊ ပေ၊ စတ္တာရိ–န်သော၊ သာမညဖလာနိ–သမဏ၏ဖြစ်ကြောင်း မဂ်၏အကျိုးဖြစ်သော ဖိုလ်တို့သည် လည်းကောင်း၊ ဣမေ ဓမ္မာ၊ပေ၊ ပစ္စုပ္ပန္နာရမဏာတိပိ နဝတ္တဗ္ဗာ၊ ရူပဉ္စ– ရုပ်သည်လည်းကောင်း၊ နိဗ္ဗာနဉ္စ–သည်လည်းကောင်း၊ အနာရမဏာ–အာရုံ မရှိသောတရားတို့တည်း။

**၁၄၃၅။** အနိန္ဒြိယဗဒ္ဓရူပဥ္စ–ဣန္ဒြေနှင့်မစပ်သော သက်မဲ့ရုပ်ကိုလည်းကောင်း၊ [သက်မဲ့ရုပ်၌ စက္ခုစသော ဣန္ဒြေတစ်ခုမျှမစပ်၊] နိဗ္ဗာနဉ္စ–ကိုလည်းကောင်း၊ ထပေတွာ–၍၊ သဗ္ဗေ–အလုံးစုံကုန်သော၊ ဓမ္မာ–တို့သည်၊ သိယာ–အချို့တို့သည်၊ အဇ္ဈတ္တာ–အဇ္ဈတ္တတို့တည်း၊ပေ၊ အဇ္ဈတ္တဗဟိဒ္ဓါ–တို့တည်း၊ အနိန္ဒြိယဗဒ္ဓရူပဥ္စ–သည်လည်းကောင်း၊ နိဗ္ဗာနဉ္စ–သည်လည်းကောင်း၊ ဗဟိဒ္ဓါ–ဗဟိဒ္ဓတရား တို့တည်း။

**၁၄၃၇။** ကတမေ ဓမ္မာ ဗဟိဒ္ဓါရမဏာ ၊ပေ၊ အာကိဉ္စညာယတနံ–အာကိဉ္စညာယတနစျာန်ကို၊ အဇ္ဈတ္တာရမဏာတိပိ–အဇ္ဈတ္တာရမဏာဟူ၍လည်း ကောင်း၊ပေ၊ ႇနု ဝတ္တဗ္ဗံ–မဆိုထိုက်၊ ရူပဉ္စ နိဗ္ဗာနဉ္စ အနာရမဏာ။

**၁၄၄၀။** ကတမေ ဓမ္မာ အနိဒဿန အပ္ပဋိဃာ၊ စတူသု ဘူမိသု–တို့၌၊ ကုသလံ–သည်လည်းကောင်း၊ပေ၊ တီသု ဘူမိသု–တို့၌၊ ကိရိယာဗျာကတံ–ကိရိယာအဗျာကတသည်လည်းကောင်း၊ အနိဒဿနံ–မြင်ထိုက်သည်၏အဖြစ်လည်း မရှိသော၊ အပ္ပဋိဃံ–ထိပါးတတ်သည်၏အဖြစ်လည်း မရှိသော၊ ဓမ္မာယတနပရိယာပန္နံ–ဓမ္မာယတန၌ အကျုံးဝင်သော၊ ယဉ္စ ရူပံ–အကြင် ရုပ်သည်လည်းကောင်း၊ (ဓမ္မာယတနပရိယာပန္နံ–သော၊) နိဗ္ဗာနဉ္စ–သည်လည်း ကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အနိဒဿနအပ္ပဋိဃာ၊ [“ဓမ္မာယတန ပရိယာပန္နံ”ကို ကာကောလောကနည်းကြံ၍ အနက်ပေးလိုက်ပါသည်။]

**တိကံ–သည်၊ (နိဋ္ဌိတံ–ပြီ။)**

◆◆–◆◆

## ဒုကအတ္ထုဒ္ဓါရ(ဟေတုဂေါစ္ဆက)

**၁၄၄၁။** ကတမေ ဓမ္မာ ဟေတူ၊ တယော–၃ ပါးကုန်သော၊ ကုသလဟေတူ–ကုသိုလ်ဟိတ်တို့သည်လည်းကောင်း၊ပေ၊ အဗျာကတာဟေတူ–တို့သည်လည်း ကောင်း၊ (ဟေတူ–ဟိတ်တို့ မည်၏၊) အလောဘော–အလောဘဟူသော၊ ကုသလဟေတု–ကုသလဟိတ်သည်လည်းကောင်း၊ အဒေါသော, ကုသလ ဟေတု–သည်လည်းကောင်း၊ စတူသု–၄ ပါးကုန်သော၊ ကုသလေသု–ကုသိုလ် ဖြစ်ကုန်သော၊ ဘူမိသု–ဘုံတို့၌၊ ဥပ္ပန္နော်–ဖြစ်ကုန်၏၊ အမောဟော, ကုသလ ဟေတု–သည်၊ ကာမာဝစရကုသလတော–မှ၊ ဝါ–န်သော၊ စတ္တာရော–န်သော၊ ဉာဏဝိပ္ပယုတ္တေ စိတ္တုပ္ပာဒေ–တို့ကို၊ ထပေတွာ–၍၊ စတူသု ဘူမိသု ကုသလေသု ဥပ္ပန္နတိ၊ ပေ။

**၁၄၄၂။** ကတမေ ဓမ္မာ န ဟေတူ၊ ဟေတူ-ဟိတ်တို့ကို၊ ထပေတွာ-ချ၍၊ စတူသု ဘူမိသု-တို့၌၊ ကုသလ်-ကုသိုလ်သည်လည်းကောင်း၊ အကုသလ်-သည်လည်းကောင်း၊ စတူသု ဘူမိသု-တို့၌၊ ဝိပါကော-သည်လည်းကောင်း၊ တီသု ဘူမိသု-တို့၌၊ ကိရိယာဗျာကတံ-သည်လည်းကောင်း၊ ရူပဉ္စ နိဗ္ဗာနဉ္စ-သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ န ဟေတူ။

## အာသဝဂေါစ္ဆက

**၁၄၆၉။** ကတမေ ဓမ္မာ အာသဝသမ္ပယုတ္တာ၊ ဒွေ-နှစ်ပါးကုန်သော၊ ဒေါမနဿသဟဂတစိတ္တုပ္ပာဒါ-တို့သည်လည်းကောင်း၊ ဧတ္ထ-ဤဒေါမနဿ သဟဂုတ်စိတ္တုပ္ပာဒ်၌၊ ဥပ္ပန္နံ-သော၊ မောဟံ-မောဟကို၊ ထပေတွာ-ထား၍လည်းကောင်း၊ ဝိစိကိစ္ဆာသဟဂတံ-သော၊ ဥဒ္ဓစ္စသဟဂတံ-သော၊ မောဟံ-ကို၊ ထပေတွာ-၍လည်းကောင်း၊ အဝသေသံ-ကြွင်းသော၊ အကုသလံ သည်လည်းကောင်း၊ (အတ္ထိ)၊ ဣမေ ဓမ္မာ အာသဝသမ္ပယုတ္တာ။ [ဧတ္ထ ဥပ္ပန္နံ မောဟံ ထပေတွာ ဒွေ ဒေါမနဿ သဟဂတစိတ္တုပ္ပာဒါ-တို့သည် လည်းကောင်း၊ ဤသို့ ပေးလျှင်လည်း ဖြစ်နိုင်ပါ၏။]

**၁၄၇၃။** ယတ္ထ-အကြင် စိတ္တုပ္ပာဒ်၌၊ ဒွေ တယော-နှစ်ပါးသော်လည်း ဖြစ်ကုန်၊ သုံးပါးသော်လည်းဖြစ်ကုန်သော၊ [ဝါသဒ္ဒါ အကြေကြံပါ၊ သို့မဟုတ် "ဒွတ္တဲယော"ဟုသော်လည်း ဗဟုဗ္ဗီဟိသမာသ် ရှိပါစေ၊ ဒွေ တိဏ္ဏိ၌လည်း နည်းတူ၊] ဧကတော-တပေါင်းတည်း၊ ဥပ္ပဇ္ဇန္တိ-နိ၏၊ တတ္ထ-ထိုစိတ္တုပ္ပာဒ်၌၊ ဣမေ ဓမ္မာ-ဤ အာသဝေါတရားတို့သည်၊ အာသဝါ စေဝ-အာသဝတို့သည် လည်းကောင်း၊ အာသဝသမ္ပယုတ္တာ စ-အာသဝသမ္ပယုတ်တို့သည်လည်း ကောင်း၊ (ဟောန္တိ)၊ [နောက်နောက် ဂေါစ္ဆက, နောက်နောက်ဒုက်တို့၌လည်း လွယ်ပြီ။] အတ္ထုဒ္ဓါရော-အနက်အရကောက်တို့ကို ထုတ်ပြရာ အဋ္ဌကထာ ကဏ္ဍသည်၊ နိဋ္ဌိတော-ပြီ။

**ဓမ္မသင်္ဂဏီပကရဏ-ဓမ္မသင်္ဂဏီပါဠိတော်ကျမ်းဂန်သည်၊**
**နိဋ္ဌိတံ-ပြီးပြီ။**

## နိဂမနနိဂုံး

ကုသလာဒ္ယရဏန္တာနံ, ဓမ္မာနံ ယတ္ထ သင်္ဂဟော၊
ဓမ္မသင်္ဂဏိယာ သိဒ္ဓါ, နိဿယော သောတုသာဝိတော။

ယတ္ထ – အဘိဓမ္မာ, ဒေသနာဝယ်, ဦးစွာထုတ်ဖော်, အကြင်ပါဠိတော်၌၊ ကုသလာဒိအရဏန္တာနံ-ကုသလဓမ္မာ,အစဖြာ၍,အရဏာ အဆုံး, ပေါင်းရုံး ကျဉ်းကျယ်, အသွယ်သွယ်ကုန်သော၊ ဓမ္မာနံ–သတ္တဇီဝါ,သူငါမစပ်, ပရမတ် စစ်စစ်,တရားအနှစ်တို့ကို၊ သင်္ဂဟော – မကျန်မှုကြွင်း, သိမ်းယူရေတွက်တော် မူခြင်းသည်၊ ဟောတိ-စင်စစ်မသွေ,ဖြစ်ပါပေ၏၊တဿာ ဓမ္မသင်္ဂဏိယာ – ဓမ္မ သင်္ဂဏီ, ကိုယ့်နာမည်ဖြင့်, ဂုဏ်ရည်ထင်ပေါ်, ထိုပါဠိတော်၏၊ သောတုသာဝိ တော–ဆရာအများ, စာသင်သားကို, သင်ကြားထပ်ထပ်, ပို့ချတော်မူအပ် သော၊ နိဿယော–အဋ္ဌကထာ အဖွင့် လျှော်ကန်ချင့်၍, အသင့်ညီစွာ, မှီရာ သိပ်သည်း,နိဿယည်းသည်၊ သိဒ္ဓါ – မိမိ၏ကံ,ပဋိဘာန်ကြောင့်, လျင်မြန် ထုတ်ချောက်, ပြီးမြောက်ပြန်ပြီတကား။

ဓမ္မသင်္ဂဏီ။ ။သင်္ဂယှ ဂဏီယန္တိ ဧတ္ထာတိ သင်္ဂဏီ၊ ဓမ္မာနံ–ကုသိုလ် စသောတရားတို့ကို+သင်္ဂဏီ-သိမ်းယူရေတွက်ရာပါဠိတော်တည်း၊ဓမ္မသင်္ဂဏီ- တော်။[‘၊ကုသလာဒယော ဓမ္မာ သင်္ဂယှန္တိ ဧတ္ထာတိ ဓမ္မသင်္ဂဏီ’’ဟုယောဇနာ ၌ ဝိဂ္ဂဟပြုလေသည်။]

သောတုသာဝိတော။ ။ပခုက္ကူမြို့ မဟာ ဝိသုတာရာမ တိုက်ကြီးကို တည်တော်မူသော ရေစကြိုဆရာတော်ဘုရားကြီးနှင့် မိမိ၏ ကျေးဇူးတော်ရှင် ဆရာရှင်များသည် နိကာယ် ၅ ရပ်လုံး၌ပင် ပါဠိတော်ကိုသာ ပဓာနထား၍ ပို့ချတော်မူကြ၏၊ထို့ကြောင့်ပါဠိတော်နိဿယသည်ပခုက္ကူ – မဟာဝိသုတာ ရာမတိုက်ကြီးအတွက် သောတုတို့အား နေ့စဉ်ကြားသိစေအပ်,ပို့ချအပ်သော ကျမ်းစာဖြစ်ပါပေသည်၊ထိုဆရာတော်များကို ဤပါဠိတော်နိဿ ယဖြင့်လည်း ပူဇော်ပါသည်။

သမ္ပုဇယာမိ ထေရာနံ,ယေသာဟံ သမ္ပဂ္ဂဟိတော၊
သိက္ခိတော ပါဠိစနေ့ပိ, ပဋ္ဌောမှိ ပကာတညုတံ။

[‘‘ပါဠိစနေ့ပိ–ဆရာများလျှင်, နေ့နေ့စဉ်၌, တွင်တွင်ပို့ချ, ဘုရား မြွက် ဖော်,ပါဠိတော်၌လည်း’’ဟူသော ဤတပုဒ်သာ ထူးပါသည်၊ ကြွင်းသောပုဒ် များ၏ အနက်ကို ရှေ့ဘာသာဋီကာနိဂုံး၌ပြခဲ့ပြီ။]

စတုစက္ကံ ဝတ္တိယာနံ,ယာနံ ဗုလပရိဂ္ဂဟံ၊
ယာနာယာ အမတံ ပါရိံ,တာယံ ပုရိသကာရိယံ။